
www.burmeseclassic.com

# မြဝတီ

မဂ္ဂဇင်း

အမှတ်-၂၇၇ ၂၀၁၇-ခုနှစ်၊ ဇူလိုင်လ



www.burmeseclassic.com



# မာတိကာ


စဉ် အကြောင်းအရာ စာမျက်နှာ

၁။ ထူးခြားထင်ရှား ကရင်ပြည်နယ်မှ
စေတီဘုရား လိုဏ်ဂူတော်များ ................ မင်းဂုဏ် ၅

၂။ မအူပင်မြို့ ကျောင်းရွာရှိ ရှေးဟောင်းဆုတောင်းပြည့်
ကျိုန်[illegible]တော်ကြီးနှင့် ဗုဒ္ဓဂယာ သံဝေဇနိယ
ဝေ[illegible]ပြည်ညိုစရာ မြေမြတ်ဖဟာ .... တက္ကသိုလ်မျိုး ၁၅

၃။ လောကသုံးပါး မြတ်ဘုရား၏ ပထမဆုံး ဒေသနာတရား . စံကေတု ၃၁

၄။ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့မှ မဟာလောကဦးသျှောင်
ကျောက်တော်ကြီးရုပ်ရှင်တော်မြတ် ......... မနင်းဝေ(ဟင်္သာတ) ၃၄

၅။ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော
ဉာဏ်ကလေးနဲ့ ခေါင်းညိတ်စမ်းပါ................ ဓမ္မဒါန ၄၃

၆။ မြန်မာ+ကိုရီးယားဆရာတော် မနာပဒါယီ အရှင်ဝိစိတ္တ ဟောကြားသော
မှန်ကြည့်လိုက်ပါ ........................... ဓမ္မဒါန ၅၀

၇။ သမိုင်းက စကားပြောသော သန်လျင် (သိဿဟုတ်) သောက်တော်တွင်း
ရပ်ကွက်မှ ဘုရားနီစေတီတော်မြတ်ကြီး . မောင်လေးအောင်(သန်လျင်) ၅၈

၈။ ဓမ္မနှင့် လိမ္မာသူတစ်ယောက် အကြောင်း... ဗေဒသုတေသီ ဆရာမျိုး ၆၅

၉။ လယ်တီဇာတိမာန် နိမိတ်ထူးများ .......... ယောနကဘိုးထောင် ၆၈

၁၀။ စလင်းကန်လယ်ဆရာတော်ဘုရား..... ပထမံဆရာကြီး ဦးအောင်သူ ၇၂

၁၁။ ဘုရားရှင်၏ ဓမ္မတရားသည်သာ.............. မေလတ်ဟန် ၇၅

၁၂။ စစ်မှန်ရတနာ မြတ်လှစွာ၏ .............. ကိုမောင်သန်းဝင်း ၈၁

၁၃။ အဘိဓမ္မာကို တုပ၍ ပဝါရဏာကို ပြုကြမည် ကျော်သူရနိုင်(အဝေရာ) ၈၄

၁၄။ တစ်လုတ်စားဖူး သူကျေးဇူးကို
လက်တွေ့ကျကျဆပ်တတ်သူ ............ သန်လျင် ရှင်လေး ၈၉

၁၅။ အောင်ဆန်းတို့ ရတနာရွှေမြေ ............ လင်းဦးရဲခေါင် ၉၂

၁၆။ ကျွမ်းရစ်လေနှင် ...................... အောင်သာကျော် ၁၀၃

၁၇။ ယိုးဒယားနိုင် မြန်မာမင်းများ .............. အောင်သိမ်းမြတ် ၁၀၉


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၈။ | လူကိုစွဲတဲ့ တစ္ဆေ ........ တော်မြင့်(ငှက်ပျား) | ၁၁၈ |
| ၁၉။ | မုဒိမ်းမှုဆိုတာ ........ မောင်ဝင်းထိန်(အင်းစိန်) | ၁၂၄ |
| ၂၀။ | အလွမ်းပြေ အနမ်းဝေလေရဲ့ သံမှုဒယမန်းအကြွေ ........ ရေနံ့သာအောင်ချမ်းဇော် | ၁၂၇ |
| ၂၁။ | 6. JUNE 2015 ........ တွင်းကြီးသား တင်ဝင်းဦး | ၁၃၇ |
| ၂၂။ | အစစ်အမှန်နှင့် အတုအယောင် ........ သစ္စာဦး(ဧယျာမြေ) | ၁၄၄ |
| ၂၃။ | အင်တာနက်ကပေးသော အသက် ........ လင်းယဉ်ဉာဏ် | ၁၅၆ |
| ၂၄။ | မေတ္တာမိုးရေ ........ မကျေးဥ | ၁၆၅ |
| ၂၅။ | ဘီလူးတစ်ထောင် ........ နေလင်းအောင်(လှိုင်သာယာ) | ၁၇၁ |
| ၂၆။ | ဟိုအဝေးမှုမှုန်ရီ သခင်မတောင်တော်မဟီ ........ [illegible] | ၁၇၆ |
| ၂၇။ | ကိုးတန်းဆောင်က တစ္ဆေပုံပြင် ........ [illegible] | ၁၈၉ |
| ၂၈။ | ဂျပန်နိုင်ငံ၏ အမှတ်သင်္ကေတ ဖူဂျီတောင်ကြီး ........ ကိုအေးမြင့်(မဟာဝိဇ္ဇာရေး/သု) | ၁၉၄ |
| ၂၉။ | ဒဏ္ဍာရီပုံရိပ်နှင့် သိုက်စောင့်မြွေ ........ ကောင်းစံဟိန်း(ပန်နေဝန်း) | ၂၀၆ |
| ၃၀။ | ၂၀ ရာခိုင်နှုန်းလောက် ကြိုးစားလိုက်ပါ ........ မင်းလှမင်းခေါင် | ၂၁၄ |
| ၃၁။ | အသည်းနှလုံးမှာ အပြုံးခြယ်လိုလျှင် ........ လှတိုး(စိတ်ပညာ) | ၂၂၀ |
| ၃၂။ | သစ္စာဆိုသည်မှာရယ် ........ တိမ်တမန်(ရွှေပြည်သာ) | ၂၂၅ |
| ၃၃။ | ဂမ္ဘီရကျောက်လိပ် ........ ဆရာကြီးဦးအောင်မြိုင် | ၂၃၃ |
| ၃၄။ | ဂမ္ဘီရကျောက်မျက်နှာ ........ ဆရာကြီးဦးအောင်မြိုင် | ၂၃၅ |
| ၃၅။ | ဆေးစွမ်းထက်သောရှောက်နွယ်ဝင်အသီးများ အောင်ဘုန်းမြင့်(ကချင်မြေ) | ၂၃၇ |
| ၃၆။ | အွန်လိုင်းပေါ်မှ ဆေးသုတ ........ ဟေမန်နှင်း | ၂၄၁ |
| ၃၇။ | ကင်ဆာရောဂါကို ခုခံသော အစားအစာများ .. တော်မြင့်(ငှက်ပျား) | ၂၄၈ |
| ၃၈။ | နွယ်မြက်သစ်ပင် ဆေးဖက်ဝင် ... သမားတော်ကြီး ဒေါက်တာသက်ဆွေ | ၂၅၃ |
| ၃၉။ | အညာဒေသ၏ ဆေးဖက်ဝင် တမာပင် တမာရွက် ... သန်းတင်စိုး | ၂၅၇ |
| ၄၀။ | မြေပြင်ကအပင် ဆေးဖက်ဝင် ........ စိုးယဉ်ထွန်း | ၂၆၀ |








www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၄၁။ | တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် လိုချိုစိတ်ချရတဲ့ အစားအစာ ............ ဒေါက်တာလွင်သန့် | ၂၆၈ |
| ၄၂။ | ဖြိုးရယ်ရယ်တား ဟာသများ .................. ညွန့်လွင် | ၂၇၂ |
| ၄၃။ | ကာတွန်းကဏ္ဍ ... ကျော်ဖြိုးလွင်၊ဒဂီး(ရွှေရင်မေအေး)၊အီကေ [illegible] | ၂၇၄ |
| ၄၄။ | စီးပွားလုပ်ငန်း တိုးတက်အောင်မြင်စေရန် တံခွန်ဓာတ်ယတြာ ကပ်လျှပါ ...... အောင်ကြည်သန်း(ဗေဒင်တော်သီ) | ၂၇၈ |
| ၄၅။ | အဓိဋ္ဌာန်ပီပသသနာ့ပုတီးနှင့် သူမြတ်ကျင့်စဉ် . ဦးသန်းရွှေ(မြဟွစရိယ) | ၂၈၀ |
| ၄၆။ | ကံထမ်းလာသော မိစ္ဆာ............... ရန်ကုန် ကြည်မင်းစန် | ၂၉၀ |
| ၄၇။ | ပစ္စည်းပျောက်နှင့် မဟာဘုတ် ...... ဆရာအောင်ကျော်ခိုင်(ရွှေစေတီ) | ၂၉၄ |
| ၄၈။ | ကြီးပွားချမ်းသာ ခေအာင်ကြောင်းဖြာ ..... ကိုမာတိ(ပန်းတောကြီး) | ၂၉၇ |
| ၄၉။ | လျှပ်တစ်ပြက် လက္ခဏာဖတ်ကြားခြင်း ........ ဆရာဦးခန့်ကျော် | ၂၉၉ |
| ၅၀။ | ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ခုနစ်ရက်သားသမီးများအတွက် ဟောစာတမ်းနှင့် ယတြာ ........... ဦးညွန့်လှိုင်(ကြို့ပင်ကောက်) | ၃၀၄ |
| ၅၁။ | ၂၀၁၇ ခုနှစ်၊ ရာသီခွင်နှင့် ဇူလိုင်လ ဟောကိန်းများ ............... ဆရာဦးခန့်ကျော် | ၃၀၇ |


○


နာယက
ဆင်ဖြူကျွန်းအောင်သိန်း
မင်းဂုဏ်

အကြံပေး
ဦးစိုးပိုင်
ဒေါ်ခင်ငြိမ်း

အယ်ဒီတာချုပ်
ညဏ်ပွင့် (စက်မှု)

တာဝန်ခံအယ်ဒီတာ
တက္ကသိုလ်တင်ယာန်ကျော်

ခရီးသွားအယ်ဒီတာ
စောင်းကောင်းမြတ်

အယ်ဒီတာအဖွဲ့
ခင်သက်နိုင်

မျက်နှာဖုံးဒီဇိုင်း
ကျော်မင်းမောင်

ကွန်ပျူတာ
လပြည့်ဝန်းအဖွဲ့

ပန်းချီပညာရှင်များ
အောင်နိုင်လတ်၊ လှသစ်အောင်၊
တောင်ငူစိုးမြင့်လေး၊ စောတင်မောင်၊
ဖိုးအောင်၊ ဆွေမြင့်

အထွေထွေ
ကိုဦး

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
မာ့ကျူရီအော့ဖ်ဆက်၊ ဦးစွန့်ကော်ယူ (၀၀၃၈၇)
အမှတ်(၄၉)၊ ရေကျော်လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဒေါ်ခင်ငြိမ်း [မှတ်ပုံတင်အမှတ်-၀၀၅၃၀]
အမှတ်-၄၄၊ ၅၅-လမ်း၊ (၂)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

မဂ္ဂဇင်းတိုက်နှင့် ဖြန့်ချိရေး
တိုက်အမှတ် (၇၂၄)၊ အခန်း ၁၈ (ပထပ်)
(၁၇ × ၁၈ လမ်း)ကြား၊ မဟာဗန္ဓုလလမ်း၊
လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၅၂၂၂၈၅၀၈

ကြော်ငြာနှင့် ဖြန့်ချိရေး
နန္ဒာအောင် (၀၉-၃၁၀၆၆၀၇၄)

အထွေထွေ
အောင်ဝင်းသန့်

မန္တလေး
ထွန်းဦးစာပေ၊ နဂါးစာပေ

ရောင်းဈေး
၂၄၀ ကျပ်

အုပ်ရေ
၁၀၀၀



ကိုယ်စားလှယ်ဖြင့် လာရောက်ထုတ်ယူသူများအတွက် အသိပေးအကြောင်းကြားခြင်း

စာမူရွေးချယ် ဖော်ပြခံရသော ဆရာ၊ ဆရာမတို့သည် မိမိတို့ စာမူအတွက် ညဏ်ပူဇော်ခ ထုတ်ယူရန် ကိုယ်တိုင် မလာရောက်နိုင်၍ ကိုယ်စားလွှတ်သောအခါ ကိုယ်စားလှယ်လွှဲစာ ရေးသားပေးပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါသည်။

အယ်ဒီတာချုပ်
လပြည့်ဝန်းမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com




ထူးခြားထင်ရှား

# ကရင်ပြည်နယ်မှ စေတီဘုရားလိုဏ်ဂူတော်များ

မင်းဂုဏ်

www.burmeseclassic.com

www.burmeseclassic.com



နှစ်ကျိပ်ရှစ်ဆူစေတီတော်များ

**(ယခင်လမှ အဆက်)**

နောင်တော် သီဟကုမာရစေတီ ဖြစ်ကြောင်း သိရသည်။ ထိုစေတီတော်သည်လည်း ရှေးဟောင်းစေတီတော် ဖြစ်ရာ အောက်ခံတွင် ဂဝံကျောက်များ စီထားပြီး ကိုယ်လုံးတော်တွင် လက်ရေးစင်း အမှတ်အသားပါ ရှေးဟောင်းအုတ်ချပ်ကြီးများ တွေ့ရသည်ဟုဆိုသည်။

ပျက်စီးယိုယွင်းလျက် ရှိသော ထိုစေတီဟောင်းကို ရွှေပေါ် ကုန်းဆရာတော်က ဉာဏ်တော် ခုနစ်တောင်မြင့်သော စေတီအဖြစ် ပြုပြင်ခဲ့ပြီး ၁၂၉၆ ခုနှစ်တွင် ထီးတော်တင်လှူခဲ့သည်။ စေတီတော် ဘွဲ့မည်ကိုလည်း သီဟကုမာရစေတီဟု ဘွဲ့မည်တော်ပေးခဲ့သည်။

သက္ကရာဇ် ၁၃၂၈ ခုနှစ်တွင် ထိုစေတီတော်မှာ ယိုယွင်းပျက်စီးကာ ငုတ်တိုအဖြစ်သာ ကျန်တော့သဖြင့် ထိုစေတီငုတ်တိုကိုငုံကာ ကိုးတောင်ပြည့် စေတီတော်အဖြစ် ပြန်လည်ပြုပြင်တော်မူကာ ထိုနှစ် တပို့တွဲလပြည့်နေ့တွင် ထီးတော်တင်လှူပူဇော်ခဲ့သည်။နှစ်ပေါင်း ၃၀ ကျော် ကြာခဲ့ပြီးနောက် ထိုစေတီ




နောင်တော် သီဟကုမာရစေတီ




www.burmeseclassic.com

www.burmeseclassic.com



မင်းသားညီနောင် ရုပ်တု

တော်၏အောက်ခြေတွင် အက်ကြောင်းများ ပေါ်လာပြီး ထီးတော်မှာလည်း မြေခ ပျက်စီးနေသဖြင့် ဆရာတော် ဦးပညာဝံသသည် ထိုစေတီတော်ကို ဖြိုဖျက်ပြီး မူလပုံစံအတိုင်း အသစ်ပြန်လည် တည်ထားတော်မူကာ သက္ကရာဇ် ၁၃၆၄ ခုနှစ် သီတင်းကျွတ် လပြည့်ကျော် ၁၁ ရက်နေ့တွင် ထီးတော်အသစ် တင်လှူ ပူဇော်တော်မူခဲ့သည်။



မဟာပုဒ္ဓဝင် သရုပ်ဖော်ရုပ်တုများ

စေတီတော်နှင့်ထီးတော် အလှူရှင်မှာ ဗိုလ်မှူးဆွေဝင်း(ငြိမ်း)နှင့်ဇနီး ဒေါ်နုနုဇော် မိသားစုဖြစ်ကြောင်း သိရသည်။


လှေကား၏ လက်ယာဘက်ခြမ်း ကျောက်လိုဏ်ဂူတောင်ကမ်းပါးယံကပ်လျက်တွင် ရွှေရောင်အုတ်တိုက်အောက်ခံစေတီငယ်လေးများ အစီအရီတည်ထားသည်ကို ဖူးတွေ့ရပြီး နှစ်ကျိပ်ရှစ်ဆူစေတီတော်များဖြစ်ကြောင်း သိရသည်။

ဂူဝင်ပေါက်ရှေ့သို့ရောက်သည်တွင် အလှူခံဌာနတစ်ခုကို ထပ်မံတွေ့ရှိရပြီး ထိုအလှူခံဌာနတွင် လိုဏ်ဂူတော်သမိုင်းစာအုပ်ကို တွေ့လိုက်သဖြင့် ဝယ်ယူလှူဒါန်း ပူဇော်ဖြစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းအံ့ဩဖွယ် ကျောက်ဆောင် ကျောက်တုံးကြီးများ

လိုဏ်ဂူတော်အဝင် ဝဲယာ တစ်ဖက်တစ်ချက်တွင် ရုပ်ပွားတော်အများအပြားကို ဖူးတွေ့ရသည်။ လက်ဝဲဘက် ရုပ်ပွားတော်များ၏ ကျောဘက်လိုဏ်အတွင်း၌ ဤလိုဏ်ဂူတော်သမိုင်းတွင် ပါဝင်သည့် မင်းသားညီနောင်ရုပ်တုတို့ကို တွေ့ရသည်။

လိုဏ်ဂူတော်အတွင်းသို့ ဝင်ရောက်နိုင်ရန် အကျယ် သုံးပေခန့်ရှိ ကွန်ကရစ်စကြံလမ်း ခင်းပေးထားသည်။ ကျောက်စက်ရေများ ကျနေသဖြင့် အချို့နေရာများတွင် ချော်မလဲစေရန် သတိထားကာ ဝင်ရောက်ကြရသည်။ လိုဏ်ဂူတော်၏ အလျားသည် ပေ ၆၀၀ ရှိရာ ထိုလူသွားစင်္ကြံအတွက် ကုန်ကျစရိတ် ကျပ်ငွေ ခုနစ်သောင်း (၇၀၀၀၀)ကို ဦးသိန်းထွန်း+ဒေါ်ခင်စန်းရီ ပဲခူးမြို့ မဏိရတနာ သာသနာပြုအဖွဲ့က ၁၃၅၈ ခုနှစ် (၁၂-၁၂-၉၆)တွင် လှူဒါန်းခဲ့ကြောင်း သိရသည်။

လိုဏ်ဂူတော် အတွင်း၌လည်း ရုပ်ပွားဆင်းတုတော်များ၊ မဟာဗုဒ္ဓဝင် သရုပ်ဖော်ရုပ်တုများ ထားရှိသည်ကို ဖူးတွေ့ရသည်။ လိုဏ်ဂူတော်အတွင်းသို့ ဆက်လက်ဝင်သွားသည်တွင် ထူးဆန်းအံ့ဩဖွယ်ကောင်းသောကျောက်တောင်၊ ကျောက်ဆောင်၊ ကျောက်ပန်းခက်၊ ကျောက်ပန်းနွယ်များ၊ လုံးဝန်းချောမွတ်နေသော ကျောက်ဆောင်ကျောက်တုံးကြီးများ၊ အဆင်းသဏ္ဌာန် အရောင်အသွေးအလိုက် စိန်တောင်၊ ကျောက်လက်ဝါး-စသည်ဖြင့် အမည်ပေးထားသည့် ကျောက်တုံး၊ ကျောက်ချပ်၊ ကျောက်လွှာကြီးများကို ရင်သပ်ရှုမောအံ့ဩဖွယ်ရာ မြင်တွေ့ရသည်။ အချို့နေရာများတွင် လိုဏ်ဂူအမြင့် ၁၀ ပေ၊ အကျယ် ၅ ပေခန့်ရှိပြီး အချို့နေရာများတွင် အကျယ် ၄ ပေနှင့် အမြင့် ၅ ပေခန့်သာ ရှိသည်။ ရှေ့ဆက်သွားလျှင် စိတ်ဝင်စားဖွယ်များ ရှိနိုင်သေးသော်လည်း အချိန်ကို ငဲ့ကွက်ရသဖြင့် ပြန်ထွက်ခဲ့ကြသည်။


ပြန်ထွက်လာခဲ့ပြီးနောက် ဂူပေါက်ဝသို့ ရောက်သည်တွင် လက်ယာဘက် ဂူနံရံကပ်လျက် အမြင့် ၃ ပေခန့်ရှိ ပလ္လင်တော်ထက်တွင် ဉာဏ်တော်အမြင့် ၃ ပေခန့်ရှိသော မုနိထိပ်ချွန်ရှေးဟောင်း တင်ပျဉ်ခွေရုပ်ပွားတော်နှစ်ဆူကို ဖူးတွေ့ရသည်။

အခြားသောရုပ်ပွားတော်များနှင့်မတူ တစ်မူထူးခြားသော ထိုရုပ်ပွား



www.burmeseclassic.com

www.burmeseclassic.com



ဂူနံရံပေါ်ရှိ အုတ်ခွက်စေတီနှင့် ရုပ်ပွားဆင်းတုတော်များ

တော် နှစ်ဆူတို့၏ ပလ္လင်တော်များတွင် ပုံစံမတူသော ညောင်ရွက်တံကဲတော် တစ်ခုစီရှိသည်ကိုလည်းတွေ့မြင်ရသည်။

လိုဏ်ဂူတော်အဝင်ဝရှိ မဟာဗုဒ္ဓဝင် ရုပ်လုံးဖော်ပုံများ အနီးတွင် မြန်မာ-ကရင် နှစ်ဘာသာဖြင့် ရေးထိုးထားသည့် ဘုရင်ညီနောင်ဂူ သာသနာဝင် မော်ကွန်းကျောက်စာကို တွေ့ရသည်။ ထိုကျောက်စာရှိ စာလုံးအချို့မှာ မှေးမှိန်လျက်ရှိနေပေပြီ။

ထိုမော်ကွန်းကျောက်စာအရ ဤဂူကြီးတွင် စေတီဘုရား ရုပ်ပွားတော်များကို စတင်တည်ထားကိုးကွယ်ခဲ့သူမှာ ဘာရဏ္ဏကတိုင်း သုဓမ္မဝတီပြည့်ရှင် မဟာသရာဇာမင်းကြီးဖြစ်ကြောင်း သိရသည်။ မဟာသရာဇာမင်းကြီးသည် ဝါသနာအလျောက် ကျွဲများကို အမြောက်အမြား မွေးမြူထားပြီး ကျွဲထိန်းများ ခန့်ထားခဲ့သည်။ သို့ရာတွင် မင်းကြီး မွေးမြူထားသည့် များပြားလှစွာသော ကျွဲများကို ကျွဲထိန်းများမှာ နိုင်နင်းစွာ မထိန်းသိမ်းနိုင်ကြပေ။

ဆိုးသွမ်းသောင်းကျန်းလျက်ရှိသော ကျွဲအုပ်ကြီးသည် ရွာသူရွာသားများ၏ တောင်ယာ၊လယ်ခင်းနှင့်ဉယျာဉ်များအတွင်းရှိ သီးနှံများကို ဝင်ရောက်စားသောက် ဖျက်ဆီးကြသဖြင့် ရွာသူရွာသားများက ဘုရင်ကြီးအား လျှောက်ထားတိုင်တန်းကြသည်။

ထိုအဖြစ်အပျက်များကို ဘုရင်ကြီး ကြားသိရသဖြင့် များစွာ စိတ်မကောင်းဖြစ်မိသော်လည်း ဤကျွဲနွားများကို မွေးမြူသည့်ဝါသနာကိုမူ မစွန့်လွှတ်နိုင်ခဲ့ပေ။ သို့ဖြစ်၍ ထိုကျွဲအုပ်ကြီးကို ထိန်းသိမ်းစောင့်ရှောက်နိုင်မည့် ကျွဲထိန်းကို ရှာဖွေရန် မင်းချင်းများအား စေခိုင်းခဲ့သည်။


မင်းချင်းများလည်း ကျွဲထိန်း ရှာဖွေရန် မောင်းကြေးနင်းခတ်ကာ လှည့်လည် ရှာဖွေရင်း 'စပါးလှမ်းတောင်' အမည်ရှိ ရွာလေးသို့ ရောက်ခဲ့ကြသည်။ ထိုရွာလေးတွင် မိဘမျိုးရိုးစဉ်ဆက် တောင်ယာလုပ်ကိုင် စားသောက်လျက်ရှိသော ဆင်းရဲသားလုလင်ပျိုတစ်ဦး တောင်ကုန်းပေါ်၌ စပါးများ နေလှန်းလျက်ရှိသည်ကို မင်းချင်းများ တွေ့ရှိခဲ့ကြသည်။ ထိုလုလင်ပျို၏ ရုပ်ရည်ရူပကာယ ခွန်အားဗလတို့ကို အကဲခတ်မိကြသဖြင့် လုလင်ပျိုအား ကျွဲအုပ်ထိန်းကျောင်းခြင်းအလုပ် လုပ်နိုင်မှု ရှိ-မရှိ မင်းချင်းတို့က မေးမြန်းခဲ့ကြသည်။





www.burmeseclassic.com

www.burmeseclassic.com



ကျောက်စက်ရေ စိမ့်ကျလျက်ရှိသော ကျောက်ပန်းဆွဲများ

ထိုအခါ လုလင်ပျိုက ထိုအလုပ်ကို ကောင်းစွာလုပ်ကိုင်နိုင်ကြောင်းနှင့် တာဝန်ပေး ခန့်အပ်ပါက အမှုတော်ကို ကျေပွန်စွာထမ်းရွက်လိုကြောင်းလျှောက်တင်ခဲ့သည်။

ထိုလုလင်ပျိုသည် နဂါးမြုံတောင်တွင် နေထိုင်သော နဂါးမင်းထံမှ တန်ခိုးသိဒ္ဓိနှင့်ပြည့်စုံသော ပြဒါးရှင်လုံး ရရှိထားသူဖြစ်သည်။

တစ်ချိန်က နဂါးမင်းသည် နဂါးမြုံတောင်တွင် ပြဒါးရှင်လုံးငုံလျက် မြူးထူးပျော်ပါးနေစဉ် ဂဠုန်မင်းရောက်ရှိလာကာ နဂါးမင်းအားလိုက်ဖမ်းခဲ့သည်။ နဂါးမင်းလည်း အသက်ဘေးမှ လွတ်မြောက်ရန် ထွက်ပြေးသည်ကို ထိုဆင်းရဲသား လုလင်ပျို တွေ့ရှိသဖြင့် ဂဠုန်မင်းအား လေးနှင့် ခွင်းခဲ့ရာ ဂဠုန်မင်း သေဆုံးခဲ့သည်။

ထိုအခါ နဂါးမင်းသည် လူအသွင် ဖန်ဆင်းကာ အသက်သခင်ကျေးဇူးရှင် ဆင်းရဲသား လုလင်ပျိုအား တန်ခိုးသိဒ္ဓိနှင့် ပြည့်စုံသော ပြဒါးရှင်လုံးကို ပေးအပ်ခဲ့ပြီး ထိုပြဒါးရှင်လုံးကို ဆောင်ထားသူသည် အဟိတ်တိရစ္ဆာန်တို့၏ အမူအကျင့်နှင့် ပြောစကားတို့ကို သိနိုင်စွမ်းရှိကြောင်းကိုလည်း ပြောကြားခဲ့သည်။

သို့ဖြစ်၍ လုလင်ပျိုသည် ကျွဲထိန်းအလုပ်ကို ဆောင်ရွက်ရန် ရဲဝံ့စွာ လျှောက်တင်ခဲ့ခြင်းဖြစ်သည်။ မင်းချင်းတို့ကလည်း လုလင်ပျို၏ ရဲရင့်သွက်လက်မှုကို သဘောကျကြသဖြင့် လုလင်ပျိုကို ခေါ်ဆောင်ကာ ဘုရင်ကြီးရှေ့တော်မှောက်သို့ ဝင်ရောက်ခဲ့ကြသည်။


ဘုရင်ကြီးက လုလင်ပျိုအား ကျွဲအုပ်ကြီးကို ထိန်းကျောင်းနိုင်မှုရှိ မရှိ မေးမြန်းရာ ထိန်းကျောင်းနိုင်ကြောင်းနှင့် အမှုတော်ကို ကျေပွန်စွာထမ်းရွက်လိုပါကြောင်း ရဲဝံ့စွာ ပြန်လည်လျှောက်တင်လေသည်။

ဘုရင်ကြီးလည်း ဆင်းရဲသား လုလင်ပျို၏ ရဲရင့်တည်ကြည်မှုကို သဘောကျတော်မူသဖြင့် ကျွဲထိန်းအလုပ်ကို ခန့်အပ်တော်မူလိုက်လေရာ လုလင်ပျိုသည် ပြဒါးရှင်လုံး၏အစွမ်းကြောင့် ကျွဲများ၏ အမူအကျင့်သဘာဝနှင့်တကွ ကျွဲများ ပြောဆိုကြသော စကားကိုပါ ကောင်းစွာသိကျွမ်း နားလည်သဖြင့် ကျွဲအုပ်ကြီးကို ကောင်းစွာ ထိန်းကျောင်းနိုင်ခဲ့သည်။


ထိုအချိန်မှစကာ ကျွဲများသည်လည်း ရွာသူ ရွာသားများ၏ ဥယျာဉ်တောင်ယာ လယ်မြေများရှိ သီးနှံခင်းများကို ဝင်ရောက်စားသောက် ဖျက်ဆီးခြင်းမပြုကြတော့ပေ။ သို့ဖြစ်၍ မင်းကြီးလည်း အထူးအားရကျေနပ်တော်မူကာ ကျွဲထိန်းလုလင်အား ဆုတော် လာဘ်တော်များ ချီးမြှင့်တော်မူလေသည်။

တစ်နေ့တွင် ဘုရင်ကြီးသည် သားတော်အိမ်ရှေ့မင်းနှင့် ကျွဲထိန်း

www.burmeseclassic.com



လိုဏ်ဂူတော်အတွင်းပိုင်းရှိ ရုပ်ပွားဆင်းတုတော်များ



ဘုရင်ညီနောင်ဂူ သာသနာဝင် မော်ကွန်းကျောက်စာ

လုလင်တို့အား စီးတော်မြင်းတစ်ကောင်စီ ရှာဖွေဝယ်ယူရန် စေခိုင်းတော်မူခဲ့သည်။ ထိုအခါ အိမ်ရှေ့မင်းသားသည် အပင်ပန်းမခံနိုင်သဖြင့် နီးစပ်ရာနေရာတွင် လွယ်လင့်တကူ တွေ့ရှိသည့် မြင်းတစ်ကောင်ကိုသာ ဝယ်ယူပြီး ပြန်ခဲ့သည်။

ကျွဲထိန်းလုလင်မှာမူ မိမိစိတ်ကြိုက် မြင်း မရမချင်း တစ်ရွာဝင် တစ်ရွာထွက် လှည့်လည်ရှာဖွေခဲ့ရာမှ ရွာငယ်တစ်ခုသို့ ရောက်သည်တွင် မုဆိုးမတစ်ဦး မွေးမြူထားသော မြင်းတစ်ကောင်ကို တွေ့ရှိလေသည်။ ထိုမြင်းသည် သိန္ဓောမြင်းဖြစ်ကြောင်း ကျွဲထိန်းလုလင် သိလိုက်သဖြင့် မြင်းပိုင်ရှင်အား တောင်းဆိုသော အဖိုးအခကို ထိုက်တန်စွာပေး၍ ဝယ်ယူကာ နေပြည်တော်သို့ ပြန်ခဲ့သည်။

မင်းကြီးသည် သားတော် အိမ်ရှေ့မင်းနှင့် ကျွဲထိန်းလုလင်တို့အား မြင်းတစ်ကောင်စီ ရှာဖွေဝယ်ယူခိုင်းခြင်းမှာ မိမိတို့ တိုင်းပြည်အတွင်း၌ မြင်းပွဲသဘင်ပြိုင်ပွဲကြီး ဆင်ယင်ကျင်းပရန် ဝယ်ယူခိုင်းခြင်းပင် ဖြစ်သည်။

သို့ဖြစ်၍ မင်းကြီးသည် အိမ်ရှေ့မင်းနှင့် ကျွဲထိန်းလုလင်တို့ မြင်းများ ဝယ်ယူပြီးသည်တွင် မိမိနိုင်ငံတွင်း၌ရှိသော မြင်းသည်တော်များကို ခေါ်တော်မူပြီး မြင်းပွဲသဘင်ပြိုင်ပွဲကြီးကို ကျင်းပလေသည်။ ထိုပြိုင်ပွဲတွင် မင်းကြီး မွေးမြူထားသော မြင်းများ အပါအဝင် သားတော် အိမ်ရှေ့မင်းနှင့် မှူးမတ်သေနာပတိ၊ သူဌေး၊ သူကြွယ်၊ ကုန်သည်လယ်လုပ်၊ ဆင်းရဲသားတို့၏ မြင်းများပါမကျန် ပါဝင်ဆင်နွှဲကာ ပြိုင်ပွဲဝင်စေလေသည်။

ထိုပြိုင်ပွဲတွင် ကျွဲထိန်းလုလင်၏ သိန္ဓောမြင်းသည် အခြားသောမြင်းများထက် သာလွန်ကာ အံ့ဩဘနန်းအစွမ်းပြနိုင်ခဲ့သဖြင့် အပြတ်အသတ် အနိုင်ရခဲ့ရာ မင်းကြီးလည်း များစွာနှစ်ထောင်းအားရဖြစ်တော်မူလေသည်။

ဤသို့ဖြင့် မင်းကြီးသည် ကျွဲထိန်းလုလင်အား ဆုတော် လာဘ်တော်များ ချီးမြှင့်ခဲ့ပြီး ယ ဖတော်နှင့်ထိမ်းမြားပေးကာ စုလျားရစ်ပတ် လက်ထပ်မင်္ဂလာပွဲကြီး ကျင်းပခဲ့လေသည်။

ထိုအခါ ကျွဲထိန်းလုလင်သည် မိမိအား ထိုက်တန်စွာ သူကောင်းပြုတော်မူခဲ့သော မင်းကြီးအား မိမိရရှိထားသည့် သိဒ္ဓိဝင်ပြဒါးရှင်လုံးကို ဆက်သခဲ့လေသည်။

အမှတ်မထင် ကြုံတွေ့လိုက်ရသည့် ထိုဖြစ်ရပ်ကြောင့် မင်းကြီးနှင့်တကွ မှူးမတ်သေနာပတိ နန်းတွင်းသူနန်းတွင်းသားများ အံ့ဩဝမ်းမြောက်ဂုဏ်ယူစွာ ကောင်းချီးဩဘာ ပေးကြကုန်သည်။

မင်းကြီးသည် မိမိ၏ အရိုက်အရာကို ဆက်ခံမည့် သားတော်နှင့်



www.burmeseclassic.com

www.burmeseclassic.com



လိုဏ်ဂူအတွင်းပိုင်းတွင် ဖူးတွေ့ရသည့် ရုပ်ပွားတော်များနှင့်
ကျောက်တုံး၊ ကျောက်ဆောင်၊ ကျောက်ပန်းဆွဲများ



ဂူဝတွင် ဖူးတွေ့ရသည့် မုနိထိပ်ချွန်ရှေးဟောင်းရုပ်ပွားတော်နှစ်ဆူ

မိမိအားကိုးရသည့် သမက်တော်တို့ကို ရရှိထားသဖြင့် များစွာကျေနပ်အားရ နှစ်သက်တော်မူလျက်ရှိသည်။ မိမိသည်လည်း အသက်အရွယ်တော် ကြီးရင့်လာပြီဖြစ်၍ ထီးနန်းစည်းစိမ်ကို စွန့်ပြီး တောရပ်မှီကာ တစ်ကိုယ်တည်း တရားဘာဝနာ ပွားများအားထုတ်ရန် ဆုံးဖြတ်တော်မူလေသည်။

သို့ဖြစ်၍ မင်းကြီးသည် သားတော်၊ သမီးတော်၊ သမက်တော်တို့ကို ခေါ်တော်မူပြီး မှူးမတ် သေနာပတိ အစုံအလင် ပါဝင်သည့် ညီလာခံတွင် မိမိ၏ ဆုံးဖြတ်ချက်ကို မိန့်မှတ်ကြေညာတော်မူလေသည်။

မိမိ မရှိသည့်နောက် သားတော် အိမ်ရှေ့မင်းကို ထီးနန်းအရိုက်အရာ လွှဲအပ်မည်ဖြစ်ပြီး သမက်တော်ကျွဲထိန်းလုလင်အား အိမ်ရှေ့မင်းအရာ အပ်နှင်းကြောင်းကိုလည်း မိန့်မှတ်တော်မူခဲ့သည်။ထိုသို့ မိန့်မှတ်တော်မူခဲ့ပြီးနောက် မင်းကြီးသည် ရှေးသူတော်စင် မင်းမြတ်တို့၏ ထုံးကို နှလုံးမူကာ အဖော်မမှီး တစ်ကိုယ်တည်းဖြင့် တောမြိုင်ဂူများအတွင်းသို့ ချင်းနင်းဝင်ရောက်၍ တရားဘာဝနာ ပွားများအားထုတ်ရန် ထွက်ခွာခဲ့ရာမှ မဟာပါသာဏလိုဏ်ဂူတော်ကြီးသို့ ရောက်ခဲ့လေသည်။

ထိုလိုဏ်ဂူတော်ကြီးသည် တရားဘာဝနာ ပွားများအားထုတ်ရန် လျော်ကန်သင့်မြတ်လှသည်ဖြစ်ရာ မင်းကြီးသည် ထိုလိုဏ်ဂူတော်ကြီးတွင် စေတီပုထိုးရုပ်ပွားတော်များကိုလည်း တည်ထားကိုးကွယ်တော်မူခဲ့ပြီး အသက်ထက်ဆုံး တရားဘာဝနာများ ပွားများအားထုတ်ကာ နေထိုင်သွားခဲ့သည်။

မိမိလက်ဝယ် ရရှိထားသော သိဒ္ဓိပြီးစီးသည့် ပြဒါးရှင်လုံးကိုမူ ကံအား၊ ဉာဏ်အား၊ ပါရမီအားရှိသော နောင်လာနောက်သား ရသင့်ရထိုက်သူများအတွက် ဤမဟာပါသဏရတနာလိုဏ်ဂူတော်စောင့် နတ်မင်းကြီးက အပြီးအပိုင် ထုတ်ပေးစေသတည်းဟု သစ္စာအဓိဋ္ဌာန်ပြုကာ ရန်သူမျိုးငါးပါး မဖျက်ဆီးနိုင်စေရန် ဂူအတွင်း တစ်နေရာတွင် ဌာပနာသွင်း၍ မြှုပ်နှံခဲ့သည်ဟုဆိုသည်။

မဟိသဘုရင်ကြီးသည် သက်ဆုံးတိုင် နေထိုင်ကာ တရားဘာဝနာ ပွားများအားထုတ်ခဲ့သည်ကို အကြောင်းပြုကာ မဟာပါသဏလိုဏ်ဂူတော်ကြီးသည် 'ဘုရင်ကြီးဂူ'ဟု အမည်တွင်ခဲ့ပြီး နောင်ကာလရွေ့လျောလာသည်တွင် 'ဘုရင်ဂျီဂူ'ဟု ခေါ်တွင်ခဲ့ကြောင်း သိရသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုမှ နောက်ပိုင်း ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးလက်ထက် ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူခဲ့သည့် ပိဋကတ်တော်များ ပင့်ဆောင်ရန် သထုံပြည်ကို တိုက်ခိုက်သိမ်းပိုက်ခဲ့သဖြင့် သထုံပြည်ကြီး မငြိမ်မသက်ဖြစ်နေစဉ် သထုံပြည့်ရှင် မနူဟာမင်း၏ သားတော်များဖြစ်ကြသော သီဟကုမာရနှင့် စိတ္တကုမာရမင်းသား ညီနောင်တို့သည် သထုံနေပြည်တော်မှ တိမ်းရှောင်ကာ နေပြည်တော်အရှေ့ဘက် တောင်ကုန်းတစ်နေရာတွင် ပုန်းအောင်းနေခဲ့ကြသည်။

ကာလ ကြာရှည်လာသည်တွင် ထိုနေရာသည် လုံခြုံစိတ်ချရခြင်းမရှိတော့သဖြင့် ထိုမှ အတန်ငယ်ဝေးသော ဘုရင်ကြီးဂူသို့ ရောက်ရှိလာခဲ့ကြသည်။ ထိုဂူကြီးမှာ လုံခြုံကောင်းမွန်သည့်အပြင် မဟာသဘုရင်ကြီး တည်ထားကိုးကွယ်တော်မူခဲ့သော စေတီဘုရားရုပ်ပွားတော်များကိုလည်း ဖူးတွေ့ကြရသဖြင့် ထိုဂူတွင်ပင် စခန်းချနားခိုကာ တရားအားထုတ်၍ နေခဲ့ကြသည်။

ကာလ အတန်ကြာသည်တွင် ဤဂူကြီး၌မင်းသားညီနောင်တို့ ခိုအောင်းနေကြကြောင်း တောလိုက်မုဆိုးများမှတစ်ဆင့် သထုံမင်းဆက်တို့ သိရှိသွားသဖြင့် မင်းသားညီနောင်တို့အား ဖမ်းဆီးရန် စစ်သည်ဗိုလ်ပါများကို စေလွှတ်လိုက်လေသည်။

ထိုသတင်းကို သိရှိသဖြင့် ညီတော် စိတ္တကုမာရက နောင်တော်အား စစ်သည်ဗိုလ်ပါများ ရောက်မလာမီ ရှောင်တိမ်းကြရန် တိုက်တွန်းခဲ့သည်။ သို့ရာတွင် နောင်တော်သီဟကုမာရက မိမိတို့သည် ထီးနန်းစည်းစိမ်ကို အလိုမရှိသဖြင့် တရားအားထုတ်နေကြသူများဖြစ်၍ ရှောင်တိမ်းခြင်းမပြုဘဲ ရဲမက်များအား တွေ့ဆုံကာ ရှင်းပြရန် ဆုံးဖြတ်ခဲ့လေသည်။






ထူးထွေဆန်းပြားသည့် ကျောက်ပန်းဆွဲများ

ထိုသို့ဆုံးဖြတ်ပြီးနောက် နောင်တော် သီဟကုမာရသည် တောင်ခြေသို့ ဆင်းခဲ့ပြီး ရဲမက်များအား တွေ့ဆုံကာ မိမိတို့သည် ထီးနန်းစည်းစိမ်ကို အလိုမရှိတော့သဖြင့် ငြိမ်းအေးချမ်းသာစွာ တရားအားထုတ်နေကြခြင်းသာ ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သို့ရာတွင် ရဲမက်များက မင်းသား ပြောကြားသည်ကို လက်မခံဘဲ ချက်ချင်းပင် မင်းသားအား ဖမ်းဆီးချုပ်နှောင်ကာ ကွပ်မျက်ရန် စီစဉ်ကြလေသည်။ ထိုအခါ သီဟကုမာရမင်းသားက -

“ငါသည် အေးချမ်းခြင်းကို နှစ်သက် အလိုရှိ၍ တရားဓမ္မကို ရှာဖွေအားထုတ်နေခြင်း ဖြစ်ပါ၏၊ ဤစစ်သည်ရဲမက်တို့သည်ကား အေးချမ်းခြင်းကို အလိုမရှိကြကုန်၊ နှစ်သက်ခြင်းလည်း မရှိကြကုန်၊ ဆင်းရဲခြင်း၏ ပူလောင်ခြင်းကိုသာ အလိုရှိကြ၏၊ နှစ်သက်ကြကုန်၏၊ ဤစကားသည် မချွတ်ဧကန် အမြဲ





www.burmeseclassic.com

www.burmeseclassic.com

မှန်၏၊ ငါ့အား ညှဉ်းဆဲသတ်ဖြတ်၍ သေဆုံးလျှင် ငါလည်း မုချမသွေ အေးချမ်းသော ဘုံဌာနသို့ ဆိုက်ရောက်ပါစေသား၊ ဤစစ်သည်ရဲမက်တို့သည် ပူလောင်ခြင်းကို လိုလား၍ ဒိဋ္ဌဓမ္မ ပူလောင်သောအမှုနှင့် ကြုံတွေ့ကြပါစေသား” ဟု သစ္စာအဓိဋ္ဌာန်ပြုလေသည်။

စစ်သည်ရဲမက်တို့သည်လည်း မင်းသား၏ ဆုတောင်းစကားဆုံးသည်နှင့် မင်းသားကြီးအား ခေါင်းဖြတ်ကာ ကွပ်မျက်လိုက်ကြလေသည်။ ထိုသို့ ကွပ်မျက်ပြီးသည်နှင့် တစ်ပြိုင်နက် ရေပူရေတံခွန်လုံးကြီးသည် ကျောက်တုံးကျောက်ဆောင်များကြားမှ တစ်ရှိန်ထိုး စီးဆင်းထွက်ပေါ်လာခဲ့ရာ ရဲမက်အချို့မှာ ရေပူလှိုင်းလုံးကြီးများ၏ ဝါးမျိုခြင်းခံရကာ သေဆုံးခဲ့ကြပြီး အချို့မှာမူ ကိုယ်လွတ်ရုန်းကာ ထွက်ပြေးလွတ်မြောက်ခဲ့ကြသည်။

ထိုအဖြစ်အပျက်များကို မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ကြသော စစ်ကဲအကြီးအမှူးများက 'ငါတို့သည် သူတော်ကောင်းကို သတ်ဖြတ်ပြစ်မှားမိခဲ့ကြချေပြီ' ဟု နောင်တကြီးစွာရလျက် နေပြည်တော်သို့ ပြန်ခဲ့ကြသည်။

စစ်သည်ရဲမက်များ သံဝေဂရကာ နေပြည်တော်သို့ ပြန်လည်ထွက်ခွာသွားပြီးသည်တွင် လိုဏ်ဂူတွင်း၌ ပုန်းအောင်းကာ ကျန်ရစ်ခဲ့သော ညီတော် စိတ္တကုမာရမင်းသားသည် နောင်တော်၏ ရုပ်အလောင်းကို ကောင်းစွာ မီးသဂြိုဟ်ခဲ့ပြီး ဤဂူ၌ပင် တရားအားထုတ်ကာ သက်ဆုံးတိုင် နေထိုင်ခဲ့သည်။

ဘုရင်ကြီး နေထိုင်ခဲ့သဖြင့် “ဘုရင်ကြီးဂူ” ဟု ခေါ်တွင်ရာမှ ကာလရွေ့လျောလာသည်တွင် “ဘုရင်ဂိုဂူ”ဟု ခေါ်တွင်ခဲ့ပြီး မင်းသားညီနောင်တို့ လာရောက်နေထိုင်ခဲ့သဖြင့် “ဘုရင်ညီနောင်ဂူ” ဟု ခေါ်တွင်ခဲ့ပြန်သည်။ ထိုမှတစ်ဖန် နောင်တော် သီဟကုမာရမင်းသား ကွယ်လွန်ပြီးနောက် ညီတော် စိတ္တကုမာရမင်းသား တစ်ပါးတည်း ဆက်လက်နေထိုင်ခဲ့သဖြင့် “ဘုရင်ညီဂူ” ဟု ခေါ်တွင်ခဲ့သည်။

ညီတော် စိတ္တကုမာရမင်းသား ကွယ်လွန်ခဲ့ပြီးနောက်တွင် လိုဏ်ဂူတော်ကြီးသည် စောင့်ရှောက်ပြုပြင်ထိန်းသိမ်းမည့်သူ ကင်းမဲ့စွာ ကာလအတန်ကြာ တည်ရှိခဲ့လေသည်။

တောင်ခြေပတ်ဝန်းကျင်သည် အနိမ့်ပိုင်းကျသဖြင့် မိုးကာလတွင် ရေလျှံလေ့ရှိသည်။ ဆောင်းကာလ၊ နွေကာလတို့တွင်ပင် တောင်ခြေရောက်ရန် လှေ ဖောင်တို့ဖြင့် လည်းကောင်း၊ ရေကူး၍ လည်းကောင်း သွားကြရသည်။ တောင်ခြေတွင် သစ်တော၊ ဝါးရုံတောကြီးများ ထူထပ်စွာ ပေါက်ရောက်နေပြီး သားရဲတိရစ္ဆာန်များ ခိုအောင်းနေသဖြင့် တစ်ကြောင်း၊ တောကြမ်းသည်ဟူသော တစ်ဆင့်စကား ပြောသံများ ကြားကြရသဖြင့် တစ်ကြောင်း တစ်ဦးတည်း တစ်ယောက်တည်း မသွားဝံ့ကြချေ။ လူစုလူဝေးဖြင့်သာ သွားရဲကြသည်။ ရံဖန်ရံခါ တောလိုက်မုဆိုးများနှင့် မှိုရှာ မျှစ်ရှာသူ အချို့သာ တောင်ခြေအနီးအပါးသို့ ရောက်ရှိတတ်ကြသည်။

လိုဏ်ဂူတော် တောင်ခြေသို့ ရောက်ရှိသူအချို့က လိုဏ်ဂူတော်ကို စူးစမ်းလေ့လာကြရာမှ လိုဏ်ဂူတော်ပတ်ဝန်းကျင်၊ တောင်ခါးပန်းတို့တွင် လည်းကောင်း၊ လိုဏ်ဂူတော်အတွင်း၌ လည်းကောင်း ဗုဒ္ဓရုပ်ပွားတော်များ၊ စေတီပျက်များကို မြင်တွေ့ခဲ့ကြပြီး ကျေးရွာများအထိ သတင်းစကား ပြန့်ပွားလာကာ တရားအားထုတ်သော ရသေ့ရဟန်းများ၊ သူတော်စင်များ လိုဏ်ဂူတော်အတွင်းသို့ ရောက်ရှိလာခဲ့ကြပြီး လိုဏ်ဂူတော်ကို တဖြည်းဖြည်း လူသိများလာခဲ့သည်။

ဤသို့ဖြင့် နယ်လှည့်ဓမ္မကထိက ဖြစ်တော်မူသော ရွှေပေါက်ကန်ဆရာတော် ဦးကဥ္စနအရှင်မြတ်သည် သထုံနှင့် သံလွင်မြစ် အနောက်ဘက်ခြမ်းဒေသများတွင် တရားဓမ္မများ လှည့်လည်ဟောကြားရာမှ ဘုရင်ညီနောင်လိုဏ်ဂူတော် တောင်ခြေသို့ ရောက်ဖြစ်ခဲ့သည်။

ထို့နောက် လိုဏ်ဂူတော်သို့ တက်ရောက်တော်မူခဲ့ပြီး ကြည့်ရှုခဲ့ရာ လိုဏ်ဂူတော်ပတ်ဝန်းကျင်တွင် စေတီငုတ်တိုများကို တွေ့ရှိရပြီး လိုဏ်ဂူတော်အတွင်း၌ ဗုဒ္ဓရုပ်ပွားတော်များကိုဖူးတွေ့ရလေသည်။ ထိုမှစကာ ဆရာတော်သည် ဤလိုဏ်ဂူတော်သို့ အကြိမ်ကြိမ် ကြွရောက်တော်မူဖြစ်ခဲ့ပြီး ဤလိုဏ်ဂူတော်ကို ပြုပြင်ထိန်းသိမ်း စောင့်ရှောက်လိုသော စိတ်စေတနာများလည်း ကိန်းအောင်း၍ လာခဲ့ကာ ဆုံးဖြတ်ချက်ချခဲ့ပြီး အဓိဋ္ဌာန်ပြုတော်မူခဲ့သည်။

ထို့နောက် ဆရာတော်သည် ပတ်ဝန်းကျင် ကျေးရွာများ၌ ကျင်းပသည့် တရားပွဲများတွင် လိုဏ်ဂူတော် ပြုပြင်ရေးအတွက် ကုသိုလ်ပါဝင်ကြရန် တိုက်တွန်းနှိုးဆော် ဟောကြားတော်မူခဲ့သည်။

(ဆက်ရန်)

**မင်းဂုဏ်**

**စာကိုး**

ကရင်ပြည်နယ် သမိုင်းဝင်ဘုရင်ညီနောင် လိုဏ်ဂူတော်နှင့် ဆရာတော် ဘဒ္ဒန္တပညာဝံသ ထေရုပ္ပတ္တိ၊ မင်းသင့်နောင် (ကော့ကရိတ်)။

□



www.burmeseclassic.com


www.burmeseclassic.com



ကျိုက်မွန်လုစေတီတော်ကြီးနှင့် တံခွန်တိုင်အား
ကြည်ညိုဖွယ် ယှဉ်တွဲ ဖူးမြော်ရပုံ



ကျိုက်မွန်လုစေတီတော်မြတ်ကြီးအား အနီးကပ်ဖူးမြော်ရပုံ



ကျိုက်မွန်လု ဆုတောင်းပြည့်စေတီတော်ကြီးအား မူလစေတီတော်တည်ရှိရာမှ ဖူးမြော်ရပုံ

www.burmeseclassic.com

www.burmeseclassic.com



ဝန်ကြီး ဦးသိန်းညွန့် ကောင်းမှု မဟာဗောဓိရုပ်ပွားတော်



ဒေါ်စိန်ငွေးမိသားစုကောင်းမှု စျာနမုဒြာဟန် ကြေးဆင်းတုတေ



မြတ်စွာဘုရားရှင် ရုပ်တုတော်



ဒေါ်စိန်ငွေးမိသားစုကောင်းမှု တရားဦးဓမ္မစကြာ
ဟောတော်မူဟန် ကြေးဆင်းတုတော်



www.burmeseclassic.com


www.burmeseclassic.com



မူလရွှေသိမ်တော်ကျောင်းဆရာတော်ကြီး(ဂျွန်ဆရာစံ၏အဘိုးတော်စပ်သည်)



စာရေးသူမှ ဆရာတော်ဦးဇနိဿရအား မေးမြန်းလျှောက်ထားနေပုံ



လက်ရှိ ရွှေသိမ်တော်ကျောင်းဆရာတော် ဦးဇနိဿရ

မအူပင်မြို့၊ ကျောင်းရွာရှိ ရှေးဟောင်းဆုတောင်းပြည့်

# ကျိုက်မွန်လှုစေတီတော်ကြီးနှင့်

## ဗုဒ္ဓဂယာ သံဝေဇနီယ လေးဌာန ဖူးမြော်ကြည်ညိုစရာ မြေမြတ်မဟာ

**တက္ကသိုလ်မျိုး**

**(ယခင်လမှ အဆက်)**

ဆုတောင်းပြည့် ကျိုက်မွန်လှုစေတီတော်မြတ်ကြီးနှင့် ထိုစေတီတော်မြတ်ကြီး၏ ထီးတော်ရိပ် သာသနာမြေမြတ်အတွင်း၌ တည်ထားသော အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသရှိ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သံဝေဇနီယလေးဌာနနှင့် ပုံစံတူ တည်ထားသော ဗုဒ္ဓဂယာသာသနာတော်နှင့် သက်ဆိုင်သော မြတ်စွာဘုရားရှင်၏ ရုပ်ပွားတော်၊ ရုပ်တုတော်များနှင့် ပတ်သက်၍ ပြီးခဲ့သောလက အသေးစိတ် ရေးသားတင်ပြခဲ့ပြီး ဖြစ်ပေသည်။

ယခုလ၌ကား ဗုဒ္ဓဂယာမြေမြတ်နှင့် ပတ်သက်၍ ကျန်ရှိသေးသော ဖူးမြော်စရာအကြောင်း အနည်းငယ် ဆက်လက်တင်ပြပြီး ရှေးခေတ်ဟောင်း သမိုင်းဝင် ဆုတောင်းပြည့် ကျိုက်မွန်လှုစေတီတော်မြတ်ကြီးအကြောင်းကို အပြည့်အစုံ တင်ပြပါမည်။

သေသေသပ်သပ်နှင့် ညီညီညာညာ တည်ဆောက်ထားသော အာရုံခံတန်ဆောင်းများကို သဲသောင်ပြင် ဖြူဖွေးဖွေးနှင့် အဝေးမှမြင်ရသော ရှုခင်းသည် သဲကန္တာရအလယ် အိုအေစစ်စခန်းတစ်ခုကို မြင်တွေ့ရသည့်အလား အေးချမ်းလှသည်။ ယခု ရောက်ရှိနေသောနေရာသည် မအူပင်မြို့နှင့် ခုနစ်မိုင်ခန့်သာဝေးသော အိမ်ခြေ လေးထောင်ကျော်ရှိ ကျောင်းရွာကြီးဖြစ်သည်။ ထိုရွာကြီးသည် ပင်လယ်ကမ်းခြေ၌ တည်ရှိသော ရွာတစ်ရွာ မဟုတ်ဘဲ သဲသောင်ပြင်၊ သဲကန္တာရ

www.burmeseclassic.com



ဒေါ်စိန်ငွေမိသားစု ပထမဦးဆုံး ကိုးကွယ်လှူဒါန်းခဲ့သည့် ဗုဒ္ဓသုံးဆူ

အလယ်၌ရောက်ရှိတည်ရှိနေသည့်အလား အာရုံခံတန်ဆောင်းများသည် ဖွေးဖွေးဖြူနေသော သဲပြင်ကြီး၌ တည်ထားဟန်မှာ ထူးခြားနေ၍ စာရေးသူသည် ကိုဝင်းဆန်းအား -

"ကိုဝင်းဆန်းရေ၊ ဆရာတို့ အခုဖြတ်လာတဲ့ ကျယ်ဝန်းလှတဲ့ ဗုဒ္ဓဂယာ သာသနာမြေဟာ ပင်လယ်ကမ်းခြေဒေသမှ မဟုတ်ဘဲ သဲပြင်ကြီး ဖုံးလွှမ်းနေတဲ့အကြောင်းလေး ရှင်းပြပေးပါလား"

"ဟုတ်တယ် ဆရာ၊ ဒီနေရာဟာ တိုးမြစ်ကမ်းခြေမှာ တည်ရှိတာပါ၊ ဒီသာသနာ ထွန်းကားမယ့်မြေဟာ အရင်က



ဗုဒ္ဓဂယာသာသနာမြေနှင့် သံဝေဇနီယပုံတူရုပ်ပွားတော်များ တည်ထားပူဇော် လှူဒါန်းထားသည့် ကုသိုလ်ရှင်ဒေါ်စိန်ငွေ

လယ်ယာစိုက်ပျိုးတဲ့ လယ်မြေ၊ မြစ်ရေကြီးချိန်က ရေလွှမ်းမိုးပြီး မြစ်ရေကျချိန်မှာ နုံးမြေတွေ ဖုံးလွှမ်းတဲ့နေရာပါ။ အခု ဗုဒ္ဓဂယာ မြတ်စွာဘုရား သာသနာတော်ထွန်းကားအောင် တည် ထားလှူဒါန်းတဲ့ သာသနာ့ဒါယိကာမကြီး ဒေါ်စိန်ငွေ အနေနဲ့ သူ့ရဲ့ဇာတိဖြစ်တဲ့ ကျောင်းရွာအနီး ရွှေသိမ်တော်ကျောင်းဘေး ကျိုက်မွန်လှစေတီတော်ကြီးရဲ့ အရိပ်အာဝါသအောက်မှာရှိတဲ့ ဒီသာသနာမြေကို ဝယ်ယူပြီး အခုလို အာရုံခံတန်ဆောင်းတွေ၊ ဗုဒ္ဓမြတ်စွာဘုရားရှင်ရဲ့ ရုပ်တုတော်တွေကို တည်ထားတဲ့အခါ နွှံ့နွံတောအလယ်မှာဖြစ်လို့ ဒီနေရာကို မြစ်ထဲက သဲတွေကို ပိုက်နဲ့စုပ်တင်ပြီး သဲပြင်ကြီးဖြစ်အောင် ငွေသိန်းပေါင်း ရာပေါင်းများစွာ အကုန်အကျခံပြီး မြေသား ပြုပြင်ခဲ့တာပါ။

ကျွန်တော်တို့ MORE CNC ကုမ္ပဏီက ထုလုပ်ပြီး ရုပ်တုတော်များကို စတင်လာရောက်ပို့စဉ်က နွံ့တော၊ နွံတောထဲမှာ ခဲရာခဲဆစ်နဲ့ ပင့်ဆောင်ခဲ့ရပါတယ်၊ အခု သဲထုလေးငါးပေကျော် မြစ်ထဲက စုပ်တင်ဖြည့်ဆည်းလိုက်လို့ အခုလို သွားရေးလာရေး လွယ်ကူသွားတာပါ"

ကိုဝင်းဆန်း ရှင်းပြသည်ကို ကြားရသောအခါ ဤနေရာ ဤဒေသ၌ ကြီးမားလှစွာသော သာသနာပြုလုပ်ငန်းကြီးကို တော်ရုံသဒ္ဓါတရားရှိရုံနှင့် ဖြစ်မြောက်နိုင်မည်မဟုတ်ကြောင်းကိုလည်း စာရေးသူ တွေးဆင်ခြင်ရင်း မုဒိတာပွားများနေမိသည်။ ကိုဝင်းဆန်းက ဆက်၍ -

"အလှူဒါယိကာမ ဒေါ်စိန်ငွေ မကြာမီရောက်လာမှာပါ၊ ဒေါ်စိန်ငွေရောက်မှ ဆရာ သိလိုတာတွေ ထပ်မေးပေါ့"

စာရေးသူအနေနှင့် ကျိုက်မွန်လှစေတီမြတ်ကြီးထံ သွားရောက် မဖူးမြော်မီ ဗုဒ္ဓဂယာဘုရားများအား နောက်ဆုံး လှေ့လာဖူးမြော်နေစဉ် ကိုဝင်းဆန်းနှင့် စကားလက်ဆုံကျမိခြင်းဖြစ်သည်။

ထိုအချိန်၌ MORE C.N.C ကုမ္ပဏီပိုင်ရှင် ဦးမျိုးဦးနှင့် MD ဖြစ်သူ သား Dr ဦးရဲဇင်မိုးတို့သည် ဘုရား ဒါယကာ ဒေါ်စိန်ငွေ၏ တူတော်သူနှင့် မြောင်းငယ်လေးကို ဖြတ်၍ ဖောက်လုပ်မည့် သံကူကွန်ကရစ်တံတားဖောက်မည့် လမ်းကြောင်းရှာခြင်း၊ နေရာရွေးချယ်ပြီး ပေကြိုးဖြင့် တိုင်းတာခြင်းများ ပြုလုပ်နေကြ၍ အလုပ်ရှုပ်လျက်ရှိသည်။

စာရေးသူအနေနှင့်လည်း စာဖတ်သူတို့ထံ ပြည့်ပြည့်စုံစုံ တင်ပြနိုင်ရန် ကျိုက်မွန်လှစေတီတော်မြတ်ထံ မထွက်ခွာမီ ဗုဒ္ဓဂယာမြတ်စွာဘုရား ရုပ်တုတော်နှင့် သတ္တဋ္ဌာန (၇)ဌာန၌



www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓမြတ်စွာဘုရားရှင် ဖလသမာပတ်ဝင်စားနေပုံ ရုပ်တုတော်မြတ်များကို ခေတ်ပုံမှတ်တမ်းများ ပြည့်ပြည့်စုံစုံဖြစ်ရန် ဆက်၍ရိုက်ကူးခဲ့ရာ သဲဖြူလွင်ပြင်အလယ်၌ စိုက်ပျိုးထားသော ဗောဓိပင်ပျိုကို ဖူးမြော်ရသည်။

ထိုဗောဓိပင်ပျို အနီး၌ စိုက်ထူထားသော ကမ္ပည်းကျောက်စာအရ သီရိလင်္ကာနိုင်ငံမှ ပေးပို့လှူဒါန်းသော ဗုဒ္ဓဂယာ မဟာဗောဓိပင်အစစ်မှ ကိုင်းစည်းမျိုးပွားထားသော ဗောဓိပင်ဖြစ်ကြောင်း၊ ၁၃၇၅ ခုနှစ် ကဆုန်လပြည့် (၂၄-၅-၂၀၁၃) ရက်၌ နံနက် ၇ နာရီ မိနစ် ၂၀ တိတိတွင် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့် (အလှူဒါယိကာမ ဒေါ်စိန်ငွေး၏အစ်ကိုကြီး) ၏ ကြီးကြပ်မှုဖြင့် စိုက်ပျိုးပူဇော်ခဲ့ကြောင်း ပြည့်ပြည့်စုံစုံ ဖော်ပြထားသည်ကို တွေ့ရသည်။

သဲပြင်ဖွေးဖွေး ကွင်းပြင်ကျယ်အလယ်၌ ခေါင်မိုးစိမ်းစိမ်းနှင့် အာရုံခံတန်ဆောင်းများကို အစီအရီ တွေ့မြင်ရပြီး သဲပြင်အလယ်၌ မြေနေရာ ကွက်လပ်ကျယ်ကြီးကို မြင်တွေ့ရသောအခါ စာရေးသူ၏စိတ်အစဉ်၌ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာမြို့၌ တည်ထားသော ဗုဒ္ဓဂယာစေတီတော်မြတ်ကြီးအား သတိရ မြင်ယောင်နေမိသည်။

သံဝေဇနိယ လေးဌာနအပြင် မြတ်စွာဘုရားရှင် ဘုရားစင်စစ်ဖြစ်တော်မူပြီးနောက် ၄၉ ရက်ကာလပတ်လုံး ခုနစ်ရက်စီ ဖလသမာပတ်ဝင်စားရာ သတ္တဋ္ဌာန ခုနစ်ဌာနကိုပါ ပြည့်ပြည့်စုံစုံတည်ထားပြီးဖြစ်၍ သဲဖြူလွင်ပြင်အလယ်၌ ဉာဏ်တော်မြင့်မြင့်မားမားနှင့် ဗုဒ္ဓဂယာစေတီတော်မြတ်ကြီးနှင့်ပုံစံတူ စေတီတော်ကြီးတစ်ဆူကိုသာ တည်ထား လှူဒါန်းပူဇော်နိုင်ခဲ့သော်-ဘုရားဖူးအပေါင်း၏ စိတ်အာရုံ၌ အတိုင်းထက်အလွန် တံခွန်နှင့်ကုက္ကား၊ ရေနှင့်ကြာပမာ လိုက်ဖက်ကြည်ညို သဒ္ဓါတရားပွားများထက်သန်လာပေမည်ဟု အာရုံ၌ ဖြစ်ပေါ်နေမိသည်။

*


စာရေးသူတို့သည် ရွှေသိမ်တော်ကျောင်းတိုက်သို့ ဦးတည်ခဲ့ပြီး၊ ကျောင်းတိုက်ကြီး၏ဘေးမှဖြတ်၍ ရှေးဟောင်းစေတီတော်ဖြစ်သော ကျိုက်မွန်လှစေတီတော်မြတ်ကြီးထံသို့ ထွက်ခွာလာခဲ့သည်။

ကိုဝင်းဆန်းအပြင် ကျောင်းရွာအုပ်ချုပ်ရေးမှူးလည်း လိုက်ပါလာ၍ အဖွဲ့အင်အားတိုးခဲ့သည်။ ကျောင်းတိုက်ကြီးနှင့်တိုက်ကြားမှ အထွက်တွင် ကျိုက်မွန်လှစေတီတော်ကြီး၏



မူလပထမ ကောင်းမှုတော် ရုပ်ပွားတော်သုံးဆူ စံပယ်တော်မူရာ ဂန္ဓကုဋိတိုက်

ရင်ပြင်တော်အဝင်သို့ ရောက်လေသည်။ စေတီတော်ကြီးကိုလည်း အနီးကပ် ထင်ထင်ရှားရှားဖူးမြော်စဉ်က ရွှေသိမ်တော်ကျောင်းတိုက်ကြီးများ ကြားခံနေ၍ ဉာဏ်တော်ကို မခန့်မှန်းနိုင်သော်လည်း အနီးကပ်ဖူးမြော်ရသောအခါတွင် မြင့်မားလှသော ဉာဏ်တော်၊ လက်ရာမြောက်လှပြီး ပုံစံထူးခြားသော ထီးတော်၊ ရွှေတိဂုံစေတီတော်၏ပုံစံအတိုင်း တည်ထားသော စေတီတော်၊ ရွှေရောင်ဝင်းလျက် လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူထားသော စေတီတော်ကြီး ဖြစ်နေ၍



ကျိုက်မွန်လှစေတီတော်အကြောင်း ရေးထိုးထားသော
ကမ္ပည်းမော်ကွန်းကျောက်စာ

www.burmeseclassic.com



သဲပြင်ဖြူလွလွပေါ်တွင် စိုက်ပျိုးထားသော သီရိလင်္ကာနိုင်ငံမှ ဗောဓိပင်ပျို

ကြည်ညိုဖွယ်အလွန်ကောင်းလှသည့် စေတီတော်ကြီး တစ်ဆူဖြစ်နေကြောင်း မှတ်တမ်းတင်ရင်း ရင်ပြင်တော်အစပ်၌ ထိုင်ကာ ဦးသုံးကြိမ်ချမိပေသည်။

စေတီတော်၌ ရင်ပြင်နှစ်ထပ် ရှိကြောင်း တွေ့ရသည်။ အောက်ဘက်ရင်ပြင်တော်သည် ကျယ်ပြန့်လှသည်။ ပန်းတောင်၊ ပန်းဆွဲများဖြင့် တည်ဆောက်ထားသော အာရုံခံတန်ဆောင်းအရှည်ကြီးကိုလည်း တွေ့ရသည်။ စောင်းတန်းရှည်ကြီးရှေ့၌ စေတီတော်ဘက် မျက်နှာမူလျက် စောင်းတန်းကြီးနှင့် သက်ဆိုင်သော ကမ္ပည်းကျောက်စာတိုင်တစ်ခုကိုလည်း တွေ့ရသည်။ စာရေးသူအနေနှင့် အာရုံခံတန်ဆောင်းအတွင်း ဝင်ရောက်ဖူးမြော်လိုသော်လည်း သော့များ ခတ်ထား၍ အပြင်မှပင် ကြည့်ရှုခဲ့ရသည်။

စေတီတော်၏ အထက်ပစ္စယာသို့ တက်ရောက်ရန် ရှေးဟောင်းပုံ လှေကားမှတစ်ဆင့် အထက်ပစ္စယာသို့ တက်ရောက်ခဲ့သည်။ အထက်ပစ္စယာ ရင်ပြင်တော်၌ ကျောက်ပြားခင်းထားပြီး၊ နတ်မင်းကြီးလေးပါး ခြံရံသော တံခွန်တိုင်ကိုလည်း တွေ့ရသည်။ တံခွန်တိုင်ထိပ်၌ ဟင်္သာရုပ်တုထားရှိသည်။ တံခွန်တိုင်မှာ မြင့်မားလှ၍ စေတီတော်နှင့်အပြိုင် ခန့်ငြားနေသည်။



မူလ ကျိုက်မွန်လှစေတီတော် အဝင်မုခ်ဦးဟောင်း

စာရေးသူ သတိပြုမိသည်မှာ အထက်ပစ္စယာရင်ပြင်ပန်းတင်ခုံ ပတ်လည်တွင် ညောင်ရွက်သဏ္ဌာန် အင်္ဂတေပန်းတောင်များ ထွင်းထုထားသော အင်္ဂတေရွှေရောင်တိုင်များဖြင့် ကာရံထားရာ စေတီတော်ကြီးကို ပိုမိုကြည်ညိုဖွယ်ဖြစ်စေသည်။

စေတီတော်ကြီး၏ အထက်ပစ္စယာ ရင်ပြင်ပေါ်သို့ တက်ရောက်ရန် လှေကားလေးစင်းကို မုခ်အလိုက် တပ်ဆင်ထားသည်။ အထူးသဖြင့် တိုးမြစ်ဘက် မုခ်ဝ၌ ကြီးမားသော အဝင်မုခ်ဦးတန်ဆောင်းကို ခံ့ညားလှပစွာ တည်ထားသလို ဘုရားရင်ပြင်သို့ တက်ရောက်ရန် လှေကားကိုလည်း ကျယ်ကျယ်ပြန့်ပြန့်နှင့် လှလှပပ တည်ဆောက်ထားသည်။

ပြန်လည်တည်ဆောက်ထားသည့် ကျိုက်မွန်လှစေတီတော်ကြီး၏ ဉာဏ်တော်မှာ ၇၀ ပေဖြစ်ပြီး မူလရေတိုက်စား၍ ပြိုကျခဲ့ရသော စေတီတော်၏ ဉာဏ်တော်မှာ ၇၂ ပေဖြစ်ရာ မူလထက် နှစ်ပေလျော့နည်းသည်ကို တွေ့ရသည်။

ကျိုက်မွန်လှစေတီတော်ကြီးသည် မြင့်မားသော နတ်မင်းကြီး လေးပါး ခြံရံထားသည့် တံခွန်တိုင်၊ စေတီတော်ကြီးအား ရံ၍တည်ထားသော စေတီရံများနှင့် ၄ထောင့်လေးထောင့်ရှိ ဂြိုဟ်တိုင်များကြောင့် ဘုရားဖူးအပေါင်း၏ စိတ်အာရုံ၌ ကြည်ညိုသဒ္ဓါတရားကို ထက်သန်စေခဲ့သည်။

စာရေးသူတို့အား လိုက်ပါပို့ဆောင်ပေးသော ကျောင်းရွာအုပ်ချုပ်ရေးမှူး ဦးသိန်းထိုက်က -

"မူလ ကျိုက်မွန်လှစေတီတော်ကြီးက တိုးမြစ်ကမ်းနဖူးမှာ တည်ထားတာပါ။ ရေတိုက်စားလို့ ပြိုပျက်သွားတဲ့အတွက် အခု ရွှေသိမ်တော်ကျောင်းဝင်းကို ပြောင်းရွှေ့ပြီး မူလဌာပနာတွေနဲ့ မူလဆုတောင်းပြည့် ကျိုက်မွန်လှစေတီတော်ကြီးကို အခုလို ပြောင်းရွှေ့တည်ထားခဲ့တာပါ။

မူလကလည်း ဉာဏ်တော်မြင့်မားလှတဲ့ ရှေးဟောင်းစေတီတော်ကြီးပါ။ ဆရာတို့ကို မူလစေတီတော် တည်ရှိတဲ့နေရာကို လိုက်ပြပါမယ်၊ အဲဒီမှာ မူလစေတီတော်နေရာထောင့်လေးထောင့်မှာ ပြုလုပ်ထားတဲ့ ခြင်္သေ့ရုပ်၊ သာသနိကအာရုံခံတန်ဆောင်း၊ မူလ မဟာဗောဓိပင်ကြီး၊ မူလ မုခ်ဦးတို့ကို တွေ့ရမှာပါ၊ အခု ရင်ပြင်ပေါ်ကနေ ကြည့်ရင်တောင် တွေ့နိုင်ပါတယ်၊ ကားလမ်းပဲခြားတာပါ၊ ကျွန်တော် လိုက်ပြပါမယ်"

အုပ်ချုပ်ရေးမှူး ဦးသိန်းထိုက်ခေါ်ဆောင်ရာနောက်သို့ တိုးမြစ်ဘက် မျက်နှာမူထားသော မုခ်ဦးလှေကားမှဆင်းပြီး



www.burmeseclassic.com

www.burmeseclassic.com

အတ္တရာလမ်းငယ်လေးကို ဖြတ်ကျော်လိုက်ရာ **"ဆုတောင်းပြည့် ကျိုက်မွန်လှစေတီတော်မြတ်ကြီး"**ဟု ကမ္ပည်းရေးထိုးထားသော မူလစေတီတော်ကြီး၏မုခ်ဦးကို တွေ့လိုက်ရသည်။

ထိုမုခ်ဦးမှ ဝင်ရောက်ခဲ့ရာ လက်ဝဲဘက်၌ ကြီးမားလှသော မဟာဗောဓိပင်ကြီးကို ဖူးမြော်ရလေသည်။ ဗောဓိပင်၏ခြေ၌ မြေပြင်မှထွက်ပေါ်နေသော နဂါးရုပ်ကြီး ပါးပျဉ်းထောင်၍ မြတ်စွာဘုရား ဓမ္မစကြာဟောကြားနေဟန် ရုပ်တုတော်အား ပူဇော်နေပံုကြို တွေ့ရသည်။

မြတ်စွာဘုရားရှင်၏ရှေ့၌ ရှိသေစွာဖြင့် တရားနာနေကြကုန် တရားနာပရိသတ်များကို လည်းကောင်း၊ မြတ်စွာဘုရားရှင်အား မဟုတ်မတရား စွပ်စွဲနေသော စိဉ္စမာနရုပ်တုကို လည်းကောင်း တွေ့ရသည်။ ထိုမှ ဆက်လျှောက်ရာ လက်ဝဲဘက်၌ပင် သုမေဓာရသေ့ ဘုရားဆုပန်နေပံုကိုလည်း မြင်ရသည်။

မြတ်စွာဘုရားရှင်သည် နောက်ပါ သံဃာတော်များနှင့် ဆွမ်းခံကြွတော်မူရာ သုမေဓာရသေ့နှင့် သုမိတ္တာတို့ ပူဇော်နေဟန်၊ သုမေဓာရသေ့သည် မြေပြင်၌ ဝမ်းလျားထိုး၍ ဘုရားဆုပန်နေပံုတို့ကို သဘာဝကျကျ ထုလုပ်ထားခြင်းကို တွေ့မြင်ရခြင်းအားဖြင့် မူလရေတိုက်စားခြင်း မခံရမီက တည်ရှိသော ကျိုက်မွန်လှစေတီတော်ကြီး၏ သာသနာသည် အလွန်ပင် တိုးတက်လှမည်ကို ခန့်မှန်းနိုင်လေသည်။

ထို့ပြင် ပင်စည်ကြီးကြီးမားမား အကိုင်းအခက်မြင့်မြင့်မားမားဖြင့် စိမ်းလန်းလှစွာ စိုက်ပျိုးထားသော မဟာဗောဓိပင်ကြီး၏ သက်တမ်းမှာ ရာကျော်မည်ဟု ခန့်မှန်းရ၍ ကျိုက်မွန်လှစေတီတော်ကြီးသည် ရှေးဟောင်းဆုတောင်းပြည့်စေတီတော်တစ်ဆူ ဖြစ်ကြောင်းကိုလည်း သက်သေပြလျက်ရှိပေသည်။

ထိုနေရာမှလွန်သော် တိုးမြစ်ကမ်းခြေ ကမ်းနဖူးသို့ရောက်လေတော့သည်။

အုပ်ချုပ်ရေးမှူးက -

"ဆရာတို့ အခုမြင်နေရတဲ့ နဂါးရုံဘုရားတည်ထားရာနေရာဟာ မူလစေတီတော်ကြီးရဲ့ နေရာတစ်စိတ်တစ်ဒေသပါပဲ၊ စေတီတော်ကြီး ကမ်းပြိုရာမှ ပါသွားတဲ့မြေပြင်ကလည်း အတော်ကျယ်ပါတယ်၊ ဆရာတို့ လှမ်းမြင်နေရတဲ့ ခြင်္သေ့ရုပ်ကတော့ ကမ်းပြိုစဉ်က ကျန်ခဲ့တဲ့ ခြင်္သေ့ရုပ်ပါပဲ၊ မြစ်ဘက်က ခြင်္သေ့ကတော့ ကမ်းပြိုတဲ့အထဲမှာ ပါသွားကြပြီး မူလစေတီတော်ကြီးဟာ ဉာဏ်တော်မြင့်မားတဲ့အတွက် မအူပင်ကို



ကျိုက်မွန်လှ မူလစေတီတော် ရေခတော်မူရာနေရာဟောင်း၌ တည်ထားသော နဂါးရုံဘုရား

ရန်ကုန်ဘက်ကလာလည်း တော်တော်ဝေးဝေးက ဖူးမြော်ရတယ်၊ ပုသိမ်-မြောင်းမြ-ဝါးခယ်မဘက်က သင်္ဘောနဲ့လာလည်း လေးငါးဆယ်မိုင်လောက်က ဖူးမြင်ရတယ်"


အုပ်ချုပ်ရေးမှူး ရှင်းပြသည့်စကားကို နားထောင်ရင်း ၁၉၇၈ ခုနှစ်မှ ၁၉၈၁ ခုနှစ်အတွင်း ပုသိမ်ကောလိပ်၌ နည်းပြဆရာအဖြစ် တာဝန်ထမ်းဆောင်စဉ်ကာလကို ပြန်လည်မြင်ယောင်လာသည်။ ပြီးခဲ့သည့်လက ရေးသားတင်ပြခဲ့သည့် ဆောင်းပါး၌ ရေးသားခဲ့ပြီးသော်လည်း ယခု မြစ်ကမ်းနဖူးမှ တိုးမြစ်အား ကြည့်နေရင်း နှစ်ပေါင်းလေးဆယ်နီးပါးကာလက အတိတ်သမိုင်းကို ပြန်၍သတိရနေမိသည်။

စာရေးသူ ပုသိမ်ကောလိပ်သို့ ပြောင်းရွှေ့ရန် အမိန့်ရရှိသောအခါ တစ်ကြိမ်တစ်ခါမှ မရောက်ဖူးသေးသည့်မြို့ဖြစ်၍ လည်းကောင်း၊ ရေကြောင်းခရီးတစ်ခုတည်းဖြင့် သွားလာရမည်ဖြစ်၍ လည်းကောင်း (စာရေးသူသည် ရေမကူးတတ်၍ ရေလမ်းခရီးဖြင့် သွားရမည်ကို စိုးရိမ်ခြင်းဖြစ်) စာရေးသူသည် ၁၉၇၈ ခုနှစ်ကာလ၌ သားသမီးနှစ်ယောက်ထွန်းကားနေပြီး တတိယမြောက် ကလေးကို ဇနီးသည်ဒေါက်တာညွန့်ညွန့်ရီမှာ ကိုယ်ဝန်ဆောင်ထားရချိန်ဖြစ်၍



နဂါးရုံဘုရားနှင့် မူလစေတီတော်မှ ကျန်ရစ်သော ခြင်္သေ့ရုပ်တု နှစ်ရုပ်

www.burmeseclassic.com



မူလကျိုက်မွန်လုစေတီတော် ရင်ပြင်ရှိ အရံစေတီငယ်တစ်ဆူ

လည်းကောင်း၊ ပုသိမ်ကောလိပ်သို့ ပြောင်းရွှေ့ရန် အမိန့်ရပြီး ချိန်၌ လက်ရှိအလုပ်က နုတ်ထွက်ရန်ပင် စိတ်ကူးမိသည်။

ဇနီးဖြစ်သူက အလုပ်မှ မထွက်ရန်နှင့် သူလည်း ပုသိမ် ဆေးရုံကြီးသို့ ပြောင်းရွှေ့လုပ်ကိုင်ရန် ကြိုးစားမည်ဖြစ်၍ လောလောဆယ် အလုပ်မထွက်ရန် အကြံပေးသောကြောင့် အလုပ်မထွက်တော့ဘဲ ပုသိမ်ကောလိပ်သို့ ပြောင်းရွှေ့ရန် ဆုံးဖြတ်လိုက်သည်။

စာရေးသူအနေနှင့် ပုသိမ် သို့ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့သည့် နောက်အကြောင်းတစ်ရပ်မှာ စာရေးသူတို့၏ ဆရာ



မူလ ကျိုက်မွန်လုစေတီတော်၏ အာရုံခံတန်ဆောင်း

ဖြစ်ခဲ့ဖူးသူများ၊ စာရေးသူနှင့် ခင်မင်ပေါင်းသင်းခဲ့သော လုပ်ဖော်ကိုင်ဖက်များသည် ပုသိမ်ကောလိပ်၌ လက်ရှိတာဝန် ထမ်းဆောင်လျက်ရှိရာ တစ်ကြိမ်တစ်ခါမှ မရောက်ဖူးသော ပုသိမ်ကောလိပ်နှင့် စာရေးသူမှာ အစိမ်းသက်သက်မဟုတ်၍လည်း ပုသိမ်ကောလိပ်သို့ ပြောင်းရွှေ့ရေးကို လက်ခံပြီး စာရေးသူ ပြောင်းရွှေ့ခဲ့လေသည်။

စာရေးသူ၏ ဆရာရင်းဖြစ်သည့် ဦးတင်မောင်ရင်သည် ပုသိမ်ကောလိပ်သမိုင်းဌာန ဌာနမှူးဖြစ်၍ အဆင်ပြေသလို၊ ဖောင်ကြီးသင်တန်းအတူတက်ခဲ့သော ရွှေကျော်စေး၊ သင်္ချာဌာနမှ ဦးယောင်းရှိန်တို့ရှိနေ၍ အကူအညီများစွာရခဲ့သည်။ သမိုင်းဌာန၌ ကထိကတာဝန်ယူထားသည့် ဒေါ်တင်ထွေးမှာလည်း စာရေးသူ၏ ဆရာရင်းဖြစ်၍ အစစအရာရာ ကူညီစောင့်ရှောက်ပေးသည်။

ရောက်စက ဇနီးသည် ပါမလာ၍ သီဟဆောင်၌ အဆောင်နည်းပြအဖြစ် ဝင်ရောက်တာဝန်ယူရခြင်းကြောင့် နေစရာ ပူစရာမလို၊ စားသောက်စရာလည်း ဝယ်စားစရာ မလို၍ အဆင်ပြေရုံသာမက အဆောင်နည်းပြ လစာလည်း ရ၍ အပိုသုံးနိုင်သောကြောင့် ငွေရေးကြေးရေး ပိုလျှံစုဆောင်းမိသည်။

တစ်ခုပဲ သောကရောက်ရသည်မှာ ကိုယ်ဝန်ဆောင် ဇနီးဖြစ်သူသည် ကလေးနှစ်ယောက်နှင့် ပင်ပန်းနေသည်ကို တွေးမိတိုင်း စိတ်ပူလျက်ရှိလေသည်။ ထို့ကြောင့် စာရေးသူသည် တစ်ပတ် တစ်ကြိမ် ရန်ကုန်ကို ပုံမှန် ပြန်ရလေသည်။ ၁၉၇၈ ခုနှစ်ကာလ၌ စနေနေ့ နေ့ဝက်သာ ရုံးတက်၍ စာရေးသူ ရန်ကုန်ပြန်ရန် ပုံမှန်အတိုင်းဆိုလျှင် စနေနေ့ ညနေ သင်္ဘောစီးပြီး တနင်္ဂနွေနေ့ မနက် ၉ နာရီကျော် ရန်ကုန် ရောက်သည်။ ရန်ကုန်၌ ကြာကြာမနေရဘဲ နေ့ချင်းပြန် တနင်္ဂနွေ ညနေ သင်္ဘောပြန်စီးပြီး ပုသိမ်ပြန်ရလေသည်။ ဇနီးသည်နှင့် ၁၂ နာရီ ပြည့်အောင်ပင် အတူမနေရဘဲ ပုသိမ်ပြန်ရတော့သည်။

ထိုအဖြစ်ကို ဆရာရင်းဖြစ်သည့် ဌာနမှူး ဦးတင်မောင်ရင် မကြည့်ရက်၍ တနင်္လာနေ့ တစ်ရက် ခွင့်စာရေးတင်ခိုင်းပြီး ခွင့်တစ်ရက်ပေးသောကြောင့် ရန်ကုန်၌ တစ်ညနေခွင့်ရလေသည်။ ရေကြောင်းခရီးသည် နွေရာသီ၊ မိုးရာသီ၌ ပြဿနာသိပ်မရှိသော်လည်း ဆောင်းရာသီ၌ အခက်အခဲတွေ့ရသည်။ ဆောင်းကုန်ကာလ၌ နှင်းပိတ်တတ်ရာ သင်္ဘော မောင်းမရတော့ဘဲ ရောက်ရာရေလယ်၌ ကျောက်ချရပ်နား



www.burmeseclassic.com

www.burmeseclassic.com

ထားရာ နံနက်စောစောမှ တစ်ခါတစ်ရံ ၉ နာရီကျော်၊ ၁၀ နာရီပင် နှင်းမကွဲ၍ ရန်ကုန်ရောက်ချိန် နောက်ကျလေတော့သည်။ ပုံမှန် မနက် ၉ နာရီ ရောက်ရမည်ဖြစ်သော်လည်း ၁၂ နာရီကျော်ပင် မရောက်တော့ပေ။ အထူးသဖြင့် ဗန္ဓုလ၊ ဗန္ဓက အစိုးရနှစ်ထပ်သင်္ဘောကြီးများနှင့် ရန်ကုန်ပြန်လျှင် နံနက်စောစော အရုဏ်တက်ချိန်၌ မအူပင်မြို့ ဆိပ်ကမ်းသို့ ကပ်တတ်သည်။ လူတင်လူချ၊ ကုန်တင်ကုန်ချ လုပ်ပြီး ပြန်ထွက်လျှင် ရန်ကုန်သို့ နံနက် ၉ နာရီခန့်တွင် ရောက်ရှိလေသည်။

တစ်ပတ်တစ်ရက် ခွင့်ယူပြီး ပြန်ရရာ ရန်ကုန်ကို အမြန်ဆုံး အချိန်မှန်ရောက်ချင်သည်။ မအူပင်ရောက်လျှင် ရန်ကုန်ရောက်ရန် နီးလာပြီဖြစ်၍ ဝမ်းသာမိသည်က မအူပင်မြို့ကိုဖြတ်တိုင်း အကြိမ်ကြိမ် ခံစားနေကျဖြစ်သည်။

ထိုအဖြစ်ကို အကျယ်ရေးပြနေခြင်းသည် ကျိုက်မွန်လှ စေတီတော်ကြီးနှင့် သက်ဆိုင်ခဲ့ဖူး၍ စာရှုသူတို့အနေနှင့် ရှင်းရှင်းလင်းလင်း သိရှိစေချင်၍ ဖြစ်သည်။

ထိုစဉ်ကာလက မအူပင်မြို့မရောက်မီ ဖူးတွေ့ရသော ဉာဏ်တော်မြင့်မြင့်မားမားနှင့် တိုးမြစ်ကမ်းနဖူး၌ တည်ထားသော စေတီတော်ကြီးကို ဖူးမြင်ရသော် မကြာမီ မအူပင်မြို့သို့ ရောက်မည်။ မအူပင်မြို့ရောက်ပြီး သုံးနာရီခန့် ခရီးဆက်၍ တွံ့တေးတူးမြောင်း ဖြတ်ကျော်ပြီးက ရန်ကုန်ဆိပ်ကမ်းရောက်သည်ဟု ပုံသေမှတ်သားထားရာ ကျိုက်မွန်လှစေတီတော်မြတ်ကြီးကို အဝေးမှဖူးမြင်ရသောအခါ ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ရလေသည်။ ထိုစဉ်က ကျိုက်မွန်လှစေတီတော်ဟု ဘွဲ့အမည် မသိခဲ့ပေ။

မှတ်မှတ်ရရ စာရေးသူ ရန်ကုန်ကို စောစောရောက်ချင်၍ အစိုးရပိုင် ဗန္ဓုလ၊ ဗန္ဓက သင်္ဘောကြီးများ မစီးဘဲ ပုဂ္ဂလိကပိုင် မင်းဆွေသင်္ဘောစီး၍ ပုသိမ်မှ ရန်ကုန် ပြန်ခဲ့သည်။ အစိုးရသင်္ဘောက ၄ နာရီကျော်မှထွက်သော်လည်း ကြီးသင်္ဘောဟု အများခေါ်သည့် ပုဂ္ဂလိကပိုင် မင်းဆွေသင်္ဘောက ညနေ ၃ နာရီထွက်၍ ရန်ကုန်ကို ပုံမှန်အားဖြင့် မနက် ၇ နာရီကျော်လောက် ရောက်တတ်သည်။ မအူပင်မြို့ကို မိုးမလင်းခင် ဖြတ်သန်းတတ်သည်။

တစ်နေ့ စာရေးသူ အိပ်ပျော်နေစဉ် သင်္ဘောစက်သံ ရပ်သွား၍ အိပ်ရာမှနိုးခဲ့သည်။ သင်္ဘောပြင်ပ၌ နှင်းမှုန်တွေ ပိတ်နေပြီး ပတ်ဝန်းကျင်ကို မမြင်ရလောက်အောင် နှင်းတွေ ထူထူထပ်ထပ် ကျနေသည်။ မင်းဆွေသင်္ဘောက



စေတီတော်ပြိုကျသောအခါ စေတီတော်နှင့်အတူ ခြင်္သေ့နှစ်ကောင် မြစ်အတွင်းပါသွားသော်လည်း ကျန်ရှိသော ခြင်္သေ့ရုပ်

တိုးမြစ်အလယ်၌ ကျောက်ချရပ်နားထားသည်မှာ တစ်နာရီကျော်မျှပင်ရှိကြောင်း ခရီးသည်များပြောမှ သိရသည်။ နာရီကြည့်လိုက်သောအခါ နံနက် ၅ နာရီကျော်ကျော်သာ ရှိသေး၍ နှင်းမကွဲမချင်း ဤနေရာမှ သင်္ဘောထွက်ခွာတော့မည်မဟုတ်ပေ။ သင်္ဘော ဘယ်မြို့၊ ဘယ်နေရာ၌ ရပ်ထားသည်ကိုလည်း မသိရပေ။ ခရီးသည်တချို့ ပြောစကားအရ မအူပင်မြို့ မရောက်ခင်ဟု အကြမ်းအားဖြင့်သိရသည်။



မူလကျိုက်မွန်လှစေတီတော် ရင်ပြင်မှ တသွင်သွင်စီးနေသော တိုးမြစ်အား မြင်တွေ့ရပုံ

www.burmeseclassic.com



မဟာဗောဓိပင်အောက်၌ရှိစေယ ဗုဒ္ဓရုပ်ပွားတော်အား
နတ်နဂါးအပေါင်းတို့ ပူဇော်နေဟန်

နံနက် ၇ နာရီကျော်ပြီး ၈ နာရီထိုးခါးနီးမှ နှင်း စတင်ကွဲစပြုလာသည်။ ဘေးဘယ်ညာ ကမ်းနှစ်ဖက်ကို နှင်းမြူများကြားမှ ဝိုးတိုးဝါးတား မထင်မရှား စတင်မြင်လာရသည်။ မအူပင်မြို့သားတချို့ ခရီးသည်အဖြစ် လိုက်ပါလာရာ -

"အခု မြင်နေရတဲ့ ညာဘက်ကမ်းပေါ်က ရွာကြီးက မလက်တိုရွာပဲ၊ ဒါဆို မအူပင် ရောက်ခါနီးနေပြီ"

ဟု ပြောသံကြား၍ နံနက် ၈ နာရီပင်ထိုးနေပြီ ရန်ကုန်ရောက်ရမည့်အချိန် ဖြစ်သော်လည်း နှင်းပိတ်၍ မအူပင်မြို့ပင်



၁၂၈၄ ခုနှစ်၌ ဗုဒ္ဓဂယာမှ ပင့်ဆောင်ခဲ့သော မူလမဟာဗောဓိပင်

မရောက်သေးပါလားဟု စိုးရိမ်သောကစိတ် ဖြစ်ခဲ့ရသည်။ နှင်း ထပ်၍ကွဲလာသောအခါမှ ဘယ်ဘက်ကမ်းကိုလှမ်းမျှော်ကြည့်လိုက်သောအခါ ကမ်းနဖူး၌ တည်ထားသော ညာဏ်တော်မြင့်မားသည့် စေတီတော်ကြီးအနီး၌ သင်္ဘော နှင်းပိတ်၍ ရပ်နားနေခြင်းဖြစ်ပါတကားဟု ဆင်ခြင်မိသည်။ ယခုအတိုင်းဆိုလျှင် မင်းဆွေသင်္ဘောသည် ရန်ကုန်မြို့ကို ၁၁ နာရီကျော်မှ ရောက်ပေတော့မည်ဟု တွက်ချက်ရင်း နှင်းမှုန်များကြားမှ မထင်မရှား တည်နေတော်မူသော စေတီတော်မြတ်ကြီးအား ဦးချကန်တော့နေမိသည်။ ထိုစဉ်က ဘွဲ့အမည် မသိခဲ့ရသော်လည်း ယခုအခါအခွင့်သင့်၍ ဘွဲ့အမည်သိခဲ့ရပေပြီ။ သို့သော် လွန်ခဲ့သောနှစ်ပေါင်းလေးဆယ်ကျော်က ဖူးမြော်ခဲ့ရသော ကျိုက်မွန်လှစေတီတော်ကြီးသည် မတည်မြဲသော သဘောအရ ရေတိုက်စားပြီး တိုးမြစ်အတွင်းပြိုကျခဲ့ရသည်ကို ယခုမှ သိရသည်။

ယနေ့ ဖူးမြော်နေမိသော ကျိုက်မွန်လှစေတီတော်ကား အသစ်တစ်ဖန်တည်ထားတော်မူသော ကျိုက်မွန်လှစေတီတော်ကြီး ဖြစ်ကြောင်းကိုလည်း အုပ်ချုပ်ရေးမှူး ပြောကြားချက်အရ သိခဲ့ရသည်။

မြတ်ဘုရား၏ ဖြစ်ပျက်တရားသဘောသည် မှန်လှပါတကားဟု တွေးရင်း နှစ်ပေါင်းလေးဆယ်ကာလသို့ ပြန်လည်ရောက်ရှိသွားသော စိတ်အစဉ်သည် ကျိုက်မွန်လှစေတီတော်ကြီး ကမ်းပြိုရာ ဆိပ်ကမ်းနား၌ရပ်လျက် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဟောကြားတော်မူခဲ့သော "အနိစ္စ" သဘောကို ဆင်ခြင်မိသည်။ လောက၌ ဖြစ်လာသမျှသည် နောင်အခါ ပျက်ရမည့်သဘောကိုလည်း သိရှိလာခဲ့သည်။

မိမိခန္ဓာကိုယ်ပင် လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်ကျော်ကာလ ဤကျိုက်မွန်လှစေတီတော်ကြီး၏ တည်ရှိရာ တိုးမြစ်အတွင်း ပုသိမ်-ရန်ကုန် ကူးတို့သင်္ဘောပေါ်၌ လိုက်ပါစီးနင်းစဉ်ကာလ အသက်သုံးဆယ်အရွယ်နှင့် ယခုဤစေတီတော်ကြီးတည်ရှိခဲ့ရာ မြစ်ကမ်းနဖူး၌ ရပ်နေသော အသက်ခုနစ်ဆယ်ကျော်အရွယ် ရုပ်ခန္ဓာနှင့် စိတ်နာမ်သဘောတို့မှာ မတည်မြဲဘဲ အိုမင်းရင့်ရော်ကာ ဇရာအိုဘဝတို့မှာ အနိစ္စသဘောကို လက်တွေ့ ပြသနေသည့်ပမာဟု တွေးတောဆင်ခြင်နေမိပေသည်။

✻

စာရေးသူသည် ကျိုက်မွန်လှစေတီတော်ကြီး မူလတည်ရှိရာ တိုးမြစ်ကမ်းနဖူးမှ အသစ်တည်ထားသော ရွှေသိမ်

www.burmeseclassic.com

တော် ကျောင်းဝင်းရှိ ရွှေရောင်ဝင်းလျက် ကြည်ညိုဖွယ် ကောင်းလှသော ကျိုက်မွန်လှစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်သို့ မြစ်ကမ်းဘက် မျက်နှာပြုတည်ဆောက်ထားသော မုခ်ဦးမှ ပြန်လည်တက်ရောက်ခဲ့သည်။

စေတီတော်ကြီးနှင့်ပတ်သက်၍ မျက်မြင် လေ့လာကြည့်ရှုစရာများကို အသေးစိတ် လေ့လာခဲ့ပြီးနောက် ကျောင်းရွာ ရွှေသိမ်တော်ကျောင်းဆရာတော် ဦးဇာနိသရကို ဖူးမြော်ပြီး ကျိုက်မွန်လှစေတီတော်ကြီးနှင့်ပတ်သက်၍ သိလိုသမျှ မေးမြန်းနိုင်ရန် စေတီတော်ကြီးနှင့်ကပ်လျက်တည်ရှိသော ဆရာတော် သီတင်းသုံးတော်မူရာကျောင်းသို့ အုပ်ချုပ်ရေးမှူး၏ ခေါ်ဆောင်မှုဖြင့် သွားရောက်ခဲ့သည်။ ကျောင်းအပေါ်ထပ်သို့ တက်ရောက်ခဲ့ရာ ရွှေသိမ်တော်ကျောင်းဆရာတော်အား အဆင်သင့်ပင် ဖူးမြော်ခွင့်ရသည်။

ဆရာတော်ဘုရားသည် စာရေးသူတို့အား ဖော်ရွေစွာပင် လက်ခံတွေ့ဆုံသည်။ စာရေးသူ သိလိုသမျှ မေးမြန်းသမျှကိုလည်း စိတ်ရှည်စွာမိန့်ကြား၊ ဖြေကြားတော်မူသည်။

စာရေးသူအနေနှင့် ကျိုက်မွန်လှစေတီတော်ကြီးနှင့်ပတ်သက်၍ သိလိုသမျှကို မေးမြန်းလျှောက်ထားသည်။ ဆရာတော်ကလည်း ရှေ့မှီနောက်မှီ ပုဂ္ဂိုလ်တစ်ပါးဖြစ်၍ ကျိုက်မွန်လှစေတီတော်ကြီးနှင့် ပတ်သက်သမျှကို စိတ်ရှည်




မူလ ကျိုက်မွန်လှစေတီတော် ရင်ပြင်၌ ကျန်ရစ်ခဲ့သည့် သုမေဓာရှင်ရသေ့ ဘုရားဆုပန်နေပုံ

လက်ရှည် စာရေးသူမေးသမျှကို ဖြေကြားပေးတော်မူသည်။

ဆရာတော်ကြီးနှင့် စာရေးသူမေးမြန်းလျှောက်ထားပုံ၊ ပြန်လည်ဖြေကြားပုံတို့ကို အမေးအဖြေပုံစံမျိုး မတင်ပြတော့ဘဲ ကျိုက်မွန်လှစေတီတော်ကြီးနှင့် ပတ်သက်သမျှကို စေတီတော်ကြီး၏ သမိုင်းအကျဉ်းပေါ် အခြေခံ၍ စာရှုသူများ သဘောပေါက် သိရှိစေရန် ရေးသားတင်ပြလိုက်ရပေသည်။

※

တိုးမြစ်ကမ်းနဖူး၌ မူလတည်ထားသော ကျိုက်မွန်လှစေတီတော်ကြီးသည် ရှေးခေတ်ဟောင်းသမိုင်းဝင်စေတီတော်



အသစ်တည်ထားသော ကျိုက်မွန်လှစေတီတော် အောက်ရင်ပြင်ရှိ အာရုံခံတန်ဆောင်း

www.burmeseclassic.com

တစ်ဆူဖြစ်လေသည်။ ကုန်းဘောင်မင်းဆက်များ အုပ်စိုးစဉ်ကာလက တည်ထားတော်မူခဲ့ကြောင်း သမိုင်းအရသိရသည်။ အထူးသဖြင့် ကုန်းဘောင်မင်းဆက်တွင် ထင်ရှားသော ရွှေဘိုမင်းခေါ် သာယာဝတီမင်းသည် မြန်မာသက္ကရာဇ် ၁၁၈၃ ခု၊ ခရစ်နှစ် ၁၈၂၁ ခုနှစ်တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရေကြောင်းခရီးဖြင့် ကြွရောက်ဖူးမြော်ပြီး အပြန်ခရီး၌ တိုးမြစ်မှ ဧရာဝတီမြစ်ကျယ်ထဲ ကြွချီတော်မူစဉ် မအူပင်မြို့အနီး တိုးမြစ်ကမ်းနဖူး၌ စေတီငုတ်တိုနှစ်ဆူကို ဖောင်တော်ပေါ်မှ ဖူးမြင်ရလေသည်။

သာယာဝတီ ရွှေဘိုမင်းသည် စေတီ ငုတ်တိုဟောင်းနှစ်ဆူကို ဖူးမြင်ရပြီး ကြည်ညိုစိတ်ပြင်းပျ၍ ဖောင်တော်ကို ကမ်းကပ်စေပြီး ထိုစေတီနှစ်ဆူနှင့် ပတ်သက်၍ လေ့လာစေသည်။ ထိုစေတီနှစ်ဆူသည် ရှေးဟောင်းစေတီတော်နှစ်ဆူဖြစ်ကြောင်း သိတော်မူသောအခါ မင်းကြီးနှင့် အတူလိုက်ပါလာသော် ဗိုင်းဝန်အမတ်ကြီး ဦးအောင်အား စေတီတော်ကို အသစ်ပြုပြင်တည်ထားစေရန် တာဝန်ပေးပြီး နောက်ချန်ထားခဲ့သည်။

အမတ်ကြီးဦးအောင်သည် စေတီတော်အား အသစ်ပြုပြင်တည်ထားတော်မူပြီးနောက် "ဆုတောင်းပြည့်ကျိုက်မွန်လှ" ဟူသော ဘွဲ့တော်ပေးခဲ့သည်။ သာယာဝတီမင်းခေါ် ရွှေဘိုမင်းတရား ပြုပြင်တည်ထားတော်မူသော ကျိုက်မွန်လှစေတီတော်ကြီးအား ၁၃၃၄ ခုနှစ်တွင် ဆရာတော် ဦးဉာဏောဘာသနှင့် တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့က ထပ်မံပြုပြင် မွမ်းမံခဲ့သည်။

၁၃၆၇ ခုနှစ်တွင် ဆရာတော် ဦးဉာဏောဘာသ ပျံလွန်တော်မူပြီးနောက် ဆရာတော် ဦးဇာနိသရနှင့် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့က စေတီတော်ကြီးကို ဆက်လက် ထိန်းသိမ်းတော်မူခဲ့၍ ကျိုက်မွန်လှစေတီတော်ကြီး၏ သာသနာတော်သည် တည်တံ့ခိုင်မြဲ ထွန်းလင်းတောက်ပခဲ့သည်။

အနိစ္စသဘောအရ မည်မျှပင်ပြုပြင် ထိန်းသိမ်းစောင့်ရှောက်ကြသော်လည်း မမြဲသော နိယာမသဘောကြောင့် ၁၃၆၉ ခုနှစ် ခရစ်နှစ် ၂၀၀၇ ခုနှစ် နိုဝင်ဘာ ၃၀ ရက်၊ သောကြာနေ့ ည ၁၀ နာရီ ၅၃ မိနစ်တွင် တိုးမြစ်ရေတိုက်စားမှုကြောင့် စေတီတော်ကြီး၏ ဖောင်းရစ်သုံးရစ် (ငှက်ပျောဖူးအောက်မှ) စတင်ပြိုကျတော်မူရာ ထီးတော်၊ စိန်ဖူးတော်တို့ တိုးမြစ်ရေအတွင်း ရေခပျက်စီးတော်မူလေသည်။

စေတီတော်ကြီး ပြိုကျရေခပျက်စီးမီ ရွှေသိမ်တော်ဆရာတော် ဦးဇာနိသရသည် စေတီတော်ပြိုကျပျက်စီးမည်ကို အိပ်မက်အရ ကြိုတင်သိမြင်တော်မူခဲ့သည်။ ဆရာတော် ဦးဇာနိသရ မိန့်ကြားချက်အရ ရာဟုထောင့်မှစ၍ ပြိုကျခဲ့ကြောင်းသိရသည်။

ကျိုက်မွန်လှစေတီတော်ကြီးသည် ရှေးဟောင်းသမိုင်းဝင် စေတီတော်ကြီးတစ်ဆူဖြစ်ကြောင်းကို ဗုဒ္ဓပူဇနီယပွဲတော်ကို ၁၉၃ ကြိမ်မြောက်တိုင်အောင် ကျင်းပခဲ့သည်ကိုကြည့်ခြင်းဖြင့် နှစ်ပေါင်း ၂၀၀ ခန့်က တည်ထားသော ရှေးဟောင်းသမိုင်းဝင်စေတီတော်မြတ်ကြီးတစ်ဆူဖြစ်ကြောင်း သက်သေအခိုင်အမာအဖြစ် တွေ့မြင်နိုင်သည်။

ထိုနှစ်ပေါင်း ၂၀၀ ကျော်ကာလကပင် တည်ထားတော်မူသော စေတီတော်ဖြစ်ကြောင်းကိုလည်း စေတီတော်သမိုင်း၌ ရွှေဘိုမင်း (သာယာဝတီမင်း)ဖူးမြင်ခဲ့သော ရှေးဟောင်း စေတီငုတ်တိုနှစ်ဆူက ဖော်ညွှန်းခဲ့သည်။

ကျိုက်မွန်လှစေတီတော်မြတ်ကြီးသည် ထိုရှေးဟောင်းစေတီတော်ငုတ်တိုနှစ်ဆူကို ပြုပြင်တည်ထားသော စေတီတော်ဖြစ်၍ နှစ်ပေါင်း ၂၀၀ ကျော်မက ကာလရှည်ကြာသော ရှေးဟောင်းစေတီတော် တစ်ဆူဖြစ်ကြောင်း ပေါ်လွင်ထင်ရှားလှပေသည်။

*

ကျိုက်မွန်လှစေတီတော်ကြီး တိုးမြစ်ရေတိုက်စားမှုကြောင့် ပြိုကျရေခပျက်စီးပြီးနောက် အသစ် ပြန်လည်တည်ထားကိုးကွယ်ရန် ဘုရားဒါယကာ၊ ဒါယိကာမအပေါင်းတို့ က ကြိုးပမ်းခဲ့ကြသည်။

ကြီးကျယ်ခမ်းနားလှသော မူလက ကျိုက်မွန်လှစေတီတော်ကြီးကဲ့သို့ သပ္ပာယ်ကြည်ညိုဖွယ်ရာ စေတီတော်ကြီး ပြန်လည်တည်ထား ကိုးကွယ်ရန်မှာ အလှူ့ဒါယကာဒါယိကာများအနေနှင့် ငွေကြေးအားဖြင့် စွမ်းဆောင်နိုင်ရန်မှာ လွယ်ကူလှသော ကိစ္စမဟုတ်ပေ။ ငွေကုန်ကြေးကျ များလှသော ဘုရားစေတီတော်ကြီး ပြန်လည်တည်ထားရေးအတွက် ဦးစီးဦးဆောင်ပြုမည့်ပုဂ္ဂိုလ်၊ စေတီတော်ကြီး ပြန်လည်တည်ဆောက်ရေးအတွက် လိုအပ်သော အလှူငွေထည့်ဝင်ရှာဖွေနိုင်သော ပုဂ္ဂိုလ်တစ်ဦး ပေါ်ထွန်းလာခဲ့သည်။

ထိုပုဂ္ဂိုလ်သည် မအူပင်မြို့ ကျောင်းရွာဇာတိလည်းဖြစ်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး၊ နေပြည်တော်

www.burmeseclassic.com

www.burmeseclassic.com

မြို့တော်ဝန်ဗိုလ်မှူးကြီး သိန်းညွန့်ပင်ဖြစ်သည်။ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ကျိုက်မွန်လှစေတီတော်ကြီး အသစ်တစ်ဖန် ပြန်လည်တည်ထားနိုင်ရေးအတွက် ဦးစီး ဦးဆောင်၍ စီမံသလို၊ ဘုရား ဒါယကာ၊ ဘုရား ဒါယိကာမ များ၊ ဗိသုကာပညာရှင်များ၊ အင်ဂျင်နီယာပညာရှင်များသည် ဆရာတော်၊ သံဃာတော် အရှင်မြတ်များ၏ ဩဝါဒကို ခံယူခဲ့ ကာ ကျိုက်မွန်လှစေတီတော်ကြီး ပြန်လည်တည်ဆောက်ခဲ့ ကြသည်။

စေတီတော်ကြီး၏ ဉာဏ်တော်အမြင့် ၆၃ ပေ၊ ပန်းတင်ခုံအမြင့် ၇ ပေ၊ ပန်းတင်ခုံအောက်ခြေပတ်လည် ၂၂၆ ပေဖြစ်ပြီး သံကူကွန်ကရစ်ဖြင့် အခိုင်အမာတည်ထားခဲ့သည်။ ထီးတော်မှာ ဘုံခုနစ်ဆင့်ရှိပြီး ထီးတော်အမြင့်မှာ ၆ ပေ ၁၁ လက်မဖြစ်ပြီး သံမဏိဖြင့် တည်ထားခဲ့သည်။

စေတီတော်ကြီး ပြန်လည်တည်ဆောက်ပြီးနောက် ၁၃၇၁ ခုနှစ် ပြာသိုလဆန်း ၁၃ ရက်၊ တနင်္လာနေ့ နံနက် နေတက်ကာလ ၁၁ နာရီ ၂၈ မိနစ်အချိန်တွင် မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့ ဥက္ကဋ္ဌ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ၊ ရွှေသုဝဏ်ဆရာတော် ဘဒ္ဒန္တသဒ္ဓိယ၏ ဩဝါဒကို ခံယူလျက် နယ်စပ်ဝန်ကြီး၊ နေပြည်တော် မြို့တော် ဝန် ဗိုလ်မှူးကြီး သိန်းညွန့်ဦးဆောင်ပြီး ဘုရားဒါယကာ၊ ဒါယိကာမ အပေါင်းတို့သည် သတ္တ ၄၊ မူလ ၄၊ ဌာပနာ တော်သွင်းလှူခြင်း၊ အလယ် ၄ ဌာပနာတော်သွင်းလှူခြင်း၊ ပန်းလယ်တိုင်စိုက်ထူခြင်း၊ ရွှေထီးတော်ကြီးနှင့် စိန်ဖူးတော် မြတ်တင်လှူခြင်းတို့ကို အောင်မြင်စွာ လှူဒါန်းပူဇော်ခြင်းဖြင့် ယနေ့ဖူးမြော်နေရသည့် ကျိုက်မွန်လှ ရွှေဟောင်းဆုတောင်း ပြည့်စေတီတော်မြတ်ကြီးအား တည်ထားနိုင်ခဲ့ကြသည်။

ထိုစေတီတော်ကြီးအား ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်၏ ဦးဆောင်မှုဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနမှ စတည်အလှူငွေ ကျပ်သိန်းပေါင်း ၂၀၄၆. ၄၉ နှင့် အများ ပြည်သူဒါယကာ၊ ဒါယိကာမအပေါင်းတို့၏ ထည့်ဝင်လှူဒါန်း ငွေ ကျပ်သိန်း ၈၉၀. ၁၀ စုစုပေါင်း ကျပ်သိန်း ၂၉၃၇. ၀၉ ဖြင့် တည်ထားခဲ့ခြင်းဖြစ်သည်။

စံပြကျောင်းရွာ၊ ရွှေသိမ်တော်ဆရာ ဦးဇာနိသာရ၏ မြေကြားမိန့်တော်မူချက်၊ ဘုရားသမိုင်းအကျဉ်းတို့ကိုအခြေခံ၍ ကျိုက်မွန်လှစေတီတော်မြတ်ကြီး၏ သမိုင်းကြောင်းကို အကျဉ်းမျှ တင်ပြရခြင်းဖြစ်သည်။

ဤကျိုက်မွန်လှစေတီတော်မြတ်ကြီး တည်ထားတော်မူရာ တိုးမြစ်ကမ်းခြေနေရာသည် ဂမ္ဘီရဆန်လှသော နေရာ ဒေသတစ်ခုဖြစ်သည်။ ရွှေဂျိုးဖြူ မူလခဲတိုက်နန်းနှင့်လည်း ဆက်စပ်နေသော နေရာဒေသတစ်ခု ဖြစ်ကြောင်းကိုလည်း ပတ်ဝန်းကျင်ရှိ ဒေသခံတို့၏ ပြောကြားချက်အရ သိရသည်။ မြင်အပ် မမြင်အပ် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့ ကျက်စားရာ ဒေသတစ်ခုဟုလည်း သိခဲ့ရသည်။

စေတီတော် ထီးတင်ပွဲ၌ ချိုးငှက်နား၍ အတိတ်နိမိတ် ပြခဲ့သည်ဟုလည်း သိရသည်။ ရွှေဟောင်းစေတီတော်တိုင်း၌ သက်ဆိုင်ရာ အစောင့်ပုဂ္ဂိုလ်များရှိတတ်သည်မှာ ဓမ္မတာပင် ဖြစ်သည်။

စာရေးသူသည် ရွှေသိမ်တော်ကျောင်းဆရာတော် ဦးဇာနိသာရအား သိလိုသမျှ လျှောက်ထားမေးမြန်းပြီးသော အခါ ရောက်ရှိနေသော ကျောင်းကြီး၏ အနေအထားကို အကဲခတ်ကြည့်မိသည်။ ကျောင်းကြီး၏ မှန်တံခါးများ ယခု မျက်မှောက်ခေတ်ပုံစံမဟုတ်ဘဲ ရှေးခေတ်သုံး မှန်ချပ်များ ဖြစ်နေ၍ ဆရာတော်အား -

"ဆရာတော်သီတင်းသုံးတော်မူတဲ့ ဒီကျောင်းကြီးဟာ ရှေးဟောင်းကျောင်းကြီးပါလား ဘုရား"

"သိပ်တော့ ရှေးဟောင်းခေတ်မကျပါဘူး ဒကာကြီး၊ လွတ်လပ်ရေးနောက်ပိုင်းလောက်တော့ဖြစ်မယ်"

စာရေးသူအနေနှင့် အောက်ခံအုတ်တိုက်တွင် သစ်သားများဖြင့် တည်ဆောက်ထားသော ကျယ်ဝန်းလှသည့် ဘုန်းကြီးကျောင်းကြီးကိုကြည့်ပြီး ရှေးဟောင်းကျောင်းကြီးဟု ထင်မှတ်မိခြင်းဖြစ်သည်။ ဘုရားခန်းရှေ့ရှိ သစ်သားတိုင်၌ ခန့်ငြားလှသော ဆရာတော်ကြီးတစ်ပါး၏ ဓာတ်ပုံကိုလည်း မြင်ရ၍ ဤကျောင်းတိုက်၏ ရှေးခေတ်ကျောင်းထိုင်ဆရာ တော်ကြီး၏ ပုံတော်ဟု မှတ်ယူမိသည်။

ဆရာတော် ဦးဇာနိသာရကို မေးမြန်းလျှောက်ထား ကြည့်သောအခါ -

"ဟုတ်တယ် ဒကာကြီး၊ ဒီရွှေသိမ်တော်ကျောင်းတိုက် ကြီးရဲ့ ဆရာတော်ကြီးပါ၊ ဆရာစံရဲ့အဘိုးလည်း တော်စပ်ပါ တယ်၊ ဒီကျောင်းမှာ ဆရာစံရာဇဝင်မှုသင့်စဉ်က လာရောက် ခိုလှုံဖူးပါ "

စာရေးသူအနေနှင့် ဆရာတော်ကြီး၏ ဓာတ်ပုံကို မှတ်တမ်းတင်နိုင်ရန်နှင့် ဆောင်းပါး၌ ထည့်သွင်းရေးသားနိုင် ရန် ဓာတ်ပုံရိုက်ကူးယူခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူအနေနှင့် ရွှေသိမ်တော်ဆရာတော်ဘုရားအား သိလိုသမျှ လျှောက်ထားမေးမြန်းပြီးနောက် ကျောင်းကြီးပေါ်မှ ကိုဝင်းဆန်း၊ အုပ်ချုပ်ရေးမှူး ဦးသိန်းထိုက်တို့နှင့်အတူ အုတ်လှေကားအတိုင်း ကျောင်းအောက်သို့ ဆင်းခဲ့သည်။

ဆရာတော်အနေနှင့် ကျိုက်မွန်လှစေတီတော်ကြီးနှင့်ပတ်သက်သော ဂမ္ဘီရဆန်ဆန် ဖြစ်ရပ်တချို့ ကြုံတွေ့ပုံကို မိန့်ကြားခဲ့သော်လည်း စာရှုရေးသားရာ၌ ထည့်သွင်း မရေးသားရန် မိန့်မှာလိုက်၍ စာရေးသူအနေနှင့် ဤရွေ့ဤမျှလောက်သာ ရေးသား တင်ပြလိုက်ရပေသည်။

※

ဆရာတော် ဦးဇာနိဿရကျောင်းမှ ဆင်းသက်ပြီး လှေကားအဆုံးသို့ အရောက်တွင် အသက်သုံးဆယ်အရွယ်ခန့် အမျိုးသမီးတစ်ဦးအား နောက်ပါ တူညီဝတ်စုံဝတ်ထားသော ဝန်ထမ်းအသွင်ပေါ် လွင်နေသည့် သမီးငယ်နှစ်ဦးနှင့်အတူ တိုက်တိုက်ဆိုင်ဆိုင် စုံတွေ့လိုက်ရသည်။

ကိုဝင်းဆန်းက -

"ဆရာ ဒါ ဒေါ်စိန်ငွေးပါ" ဟု မိတ်ဆက်ပေးသောအခါ စာရေးသူ အနေနှင့် တအံ့တဩ ဖြစ်သွားမိသည်။ ဗုဒ္ဓဂယာ သာသနာမြေကို ဖန်တီးလှူဒါန်းခြင်း၊ သာသနိကအဆောက်အအုံပေါင်းများစွာ ဆောက်လုပ်လှူဒါန်းခြင်း၊ သံဝေဇနိယ လေးဌာနနှင့် သက်ဆိုင်သော ကျောက်ဆင်းတုတော်ပုံစံတူများကို လှူဒါန်းပူဇော်ခြင်း၊ မြတ်စွာဘုရားရှင် မဟာဗောဓိပင်၌ ဘုရားစင်စစ် ဖြစ်တော်မူပြီးနောက် သတ္တဌာန ခုနစ်ဌာနနှင့် ဆက်နွှယ်သော ရုပ်တုတော်များကို ခမ်းခမ်းနားနား တည်ထားပူဇော်ထားခြင်း၊ နဂါးရုံဘုရားကြီးနှင့် မြတ်စွာဘုရားရှင် တရားဦး ဓမ္မစကြာဟောကြားတော်မူပုံ ရုပ်ပွားရုပ်တုတော်များ ထုလုပ်ပူဇော်လှူဒါန်းခြင်းစသည့် ကြီးကျယ်ခမ်းနားလှသော ကောင်းမှုအစုစုတို့အား ငွေကြေးမြောက်မြားစွာ အကုန်အကျခံ၍ လှူဒါန်းပူဇော်ထားသော ကောင်းမှုရှင်ကို စာရေးသူအနေနှင့် အသက်အရွယ်ကြီးကြီးတစ်ယောက် ဖြစ်လိမ့်မည်ဟု စိတ်၌ မှန်းဆတွေးဆခဲ့ရာမှ ယခုလက်တွေ့ တွေ့မြင်ရသူကား စာရေးသူ၏ အတွေးမှန်းဆချက်နှင့်လွဲ၍ ငယ်ရွယ်သော ကောင်းမှုရှင်ဖြစ်နေ၍ အံ့အားသင့်မိခြင်း ဖြစ်သည်။

စာရေးသူနှင့် ကိုဝင်းဆန်းက မိတ်ဆက်ပေးပြီးနောက် ဒေါ်စိန်ငွေးအား သိလိုသမျှ မေးမြန်းနိုင်ရန် ကျိုက်မွန်လှစေတီတော်ကြီး၏ အောက်ခြေရင်ပြင်တော်သို့ ဝင်ရောက်ပြီး အသင့်တွေ့ရသော ထိုင်ခုံရှည်၌ ထိုင်ကြရင်း ဗုဒ္ဓဂယာ သာသနာ့မြေ ဖြစ်ထွန်းပေါ်ပေါက်ပုံနှင့် သံဝေဇနိယလေးဌာန ပုံတူရုပ်တု ရုပ်ပွားတော်များ ထုလုပ်ပူဇော်ခဲ့ပုံကို မေးမြန်းစုံစမ်းခဲ့သည်။ ဒေါ်စိန်ငွေးသည် စိတ်အားထက်သန်စွာဖြင့် စာရေးသူ သိလိုသမျှကို ဖြေကြားပေးခဲ့သည်။

စာရေးသူသည် ဤသို့ ဘုရားဒါယိကာမနှင့် မေးမြန်းရမည် ကြိုတင်သိထားပါက အသံဖမ်းစက် ယူလာမည် ဖြစ်သော်လည်း ကိုဝင်းဆန်းအနေနှင့် ထိုအစီအစဉ်ကို ကြိုတင်ပြောကြားထားခြင်းမရှိ၍ အသံဖမ်းစက် မယူလာမိခြင်းကြောင့် ဒေါ်စိန်ငွေးပြောသမျှကို လက်ရေးနှင့် အကျဉ်းလိုက်မှတ်ခဲ့ရသည်။ ထို့ကြောင့် အမေး၊ အဖြေပုံစံမျိုး မရေးသားတော့ဘဲ ရွှေသိမ်တော်ဆရာတော်နှင့် တွေ့ဆုံမေးမြန်းခဲ့သည့်ပုံစံအတိုင်း ရေးသားတင်ပြလိုက်ရပေသည်။

※

ဒေါ်စိန်ငွေးသည် ဗုဒ္ဓဂယာ သာသနာတော်ကောင်းမှုပြုလုပ်ရာ အရပ်ဖြစ်သည့် ကျောင်းရွာဇာတိ ဖြစ်သည်။ ကျောင်းရွာသည် မအူပင်မြို့နှင့် ခုနစ်မိုင်ခန့်ကွာဝေးသော အရပ်၌ တည်ရှိသည်။ ဒေါ်စိန်ငွေးတွင် မွေးချင်း ခုနစ်ယောက်ရှိသည်။ ဒေါ်စိန်ငွေး၏ အစ်ကိုအကြီးဆုံးဖြစ်သူမှာ နယ်စပ်ဝန်ကြီး၊ နေပြည်တော်မြို့တော်ဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ရဖူးသည့် ဗိုလ်မှူးကြီးသိန်းညွှန့်ဖြစ်သည်။ ကျိုက်မွန်လှစေတီတော်ကြီးအား အသစ်ပြန်လည်တည်ထားရာတွင် ဦးဆောင်စီမံခဲ့သည့် ဘုရားဒါယကာကြီး ဖြစ်သည်။ ဒေါ်စိန်ငွေး မိသားစုသည် ယခုအခါ မအူပင်မြို့၌ နေထိုင်ကြောင်း သိရသည်။ ရတနာကုန်သည်အဖြစ် လုပ်ကိုင်ကြောင်းလည်း ကိုဝင်းဆန်းတို့ ပြောစကားအရ သိရသည်။

ဒေါ်စိန်ငွေးသည် ကျောင်းရွာဇာတိဖြစ်၍ ကျိုက်မွန်လှစေတီ သာသနာ့မြေနှင့် ငယ်စဉ်ကလေးဘဝကပင် ရင်းနှီးပြီးသားဖြစ်သည်။ ဒေါ်စိန်ငွေး ဆယ့်ငါးနှစ်အရွယ်ကပင် ရွှေသိမ်တော်ကျောင်းမြေနှင့် ဆက်စပ်ကပ်နေသော ယခု ဗုဒ္ဓဂယာ သာသနာမြေဖြစ်လာမည့် ခြံမြေကို ဝယ်ယူပြီး သာသနာနယ်မြေအဖြစ် လှူဒါန်းလိုသောဆန္ဒ သန္ဓေတည်ခဲ့သည်။ ထိုမြေသည် ခြံမြေဖြစ်ပြီး ရေဝပ်သော မြေနိမ့်ပိုင်းဖြစ်သည်။

ငယ်စဉ်ကပင် မြေကွက်အား ဝယ်ယူပြီး လှူဒါန်းလိုသော စိတ်ဆန္ဒဖြစ်တည် စိတ်ကူးမိသော်လည်း ရှုမည်



www.burmeseclassic.com

www.burmeseclassic.com

ဘဝဖြစ်၍ စိတ်ကူးယဉ်မိရုံမျှလွဲ၍ မည်သို့မျှ အကောင်အထည် မဖော်နိုင်ခဲ့ပေ။

အသက် နှစ်ဆယ့်ငါးနှစ်ကျော် ကာလ၌ ငယ်စဉ်က စိတ်ကူးယဉ်ခဲ့၊ ဆုံးဖြတ်ခဲ့သည့် နေပြည်တော် ဗုဒ္ဓဂယာ သံဝေဇနီယ လေးဌာနနှင့်ဆိုင်သော ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များအတိုင်း စကျင်ကျောက်ဖြင့် ထုလုပ်ကိုးကွယ်ရန် အစ်ကိုကြီး ဗိုလ်မှူးကြီးသိန်းညွန့်တို့ တာဝန်ပေး စေခိုင်းခဲ့သော ကွန်ပျူတာနှင့် ကျောက်ဆစ်ထုလုပ်သော C.N.C ကုမ္ပဏီနှင့် ဆက်သွယ်မိခဲ့သည်။

ထိုကုမ္ပဏီသည် ဗုဒ္ဓဂယာရှိ မဟာဗောဓိရုပ်ပွားတော် ပုံစံတူ၊ ကုသိနာရုံရှိ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူဟန် ပရိနိဗ္ဗာနရုပ်တုတော်၊ ပဉ္စဝဂ္ဂီငါးဦးအား ဘုရားရှင် တရားဦး ဓမ္မစကြာတရား ဟောတော်မူဟန် ရုပ်တုတော်များကို 3D တင်မရာဖြင့် ရိုက်ကူးပုံဖော်ပြီး C.N.C နည်းပညာဖြင့် ပုံစံတူ ရုပ်တုတော်များကို ထပ်တူ၊ ထပ်မျှ တူညီအောင် ကွန်ပျူတာ အစွမ်းဖြင့် ထုလုပ်နိုင်သော ကုမ္ပဏီဖြစ်သည်။

ကုမ္ပဏီပိုင်ရှင် ဦးမျိုးဦး၊ ကုမ္ပဏီ MD ဦးရဲဇင်မိုးနှင့် ညာရှင် ဦးဆန်းဝင်းတို့ ကြိုးပမ်းမှုဖြင့် နေပြည်တော်၌ သံဝေဇနီယ လေးဌာနရှိ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို အရွယ်တူ၊ ပုံစံတူများအဖြစ် စကျင်ကျောက်ဖြင့် ထုလုပ်ခဲ့သည်။ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်ဖြင့် သိန်းဆယ်ဂဏန်းမက အကုန်အကျခံ၍ သွားရောက် ဖူးမြော်ရန် စွမ်းဆောင်နိုင်သူများ အနေဖြင့် အချိန်ကုန် ငွေကုန်မခံရဘဲ နေပြည်တော်၌ တစ်နေ့တာအတွင်း သံဝေဇနီယလေးဌာနကို အပြည့်အစုံ ဖူးမြော်နိုင်ရန် ထိုစဉ်က နေပြည်တော်ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် C.N.C ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်ခဲ့၍ ယနေ့ဘုရားဖူးများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိသည်။

ထိုသို့ C.N.C ကုမ္ပဏီနှင့် ဗိုလ်မှူးကြီးသိန်းညွန့် အနေဖြင့် ညီမငယ် ဒေါ်စိန်ငွေးကို ဆက်သွယ်ပေးချိန်မှစပြီး ကျိုက်မွန်လှသာသနာ့နယ်မြေတွင် ဗုဒ္ဓဂယာသာသနာတော် ဖွင့်လင်းလာခဲ့ခြင်း ဖြစ်သည်။ ဒေါ်စိန်ငွေး၏ အစ်မ ဒေါ်မြင့်မြင့် ကြီး၏ အလှူကမ္ပည်းကျောက်စာတွင် -

"အဘိုး အဘွား၊ ကျေးဇူးရှင် မိဘနှစ်ပါး ဦးမောင်ဆံနှင့် ဒေါ်ကျင်ရန်နှင့်တကွ မောင်လေး ကိုမင်းလွင်တို့အား ရည်စူး၍ ဒေါ်မြင့်မြင့်၊ ဒေါ်စိန်ငွေး (ပါဝါ- မင်းစိုးမင်း) မိသားစု ကောင်းမှု မအူပင်မြို့" ဟု ရေးထိုးကာ ဤသာသနာ့နယ်မြေ၌ သံဝေဇနီယလေးဌာနနှင့် ဗုဒ္ဓရုပ်ပွားတော်၊ အဆူဆူကို တည်ထားပူဇော်ခဲ့ခြင်း ဖြစ်သည်။

ဒေါ်စိန်ငွေး ရှင်းလင်းပြောကြားချက်များအရ ကျောင်းရွာ၊ ရွှေသိမ်တော်ကျောင်း ဝတ္တကမြေနှင့် ဆက်စပ်နေသည့် ကျိုက်မွန်လှစေတီတော်ကြီး၏ ထီးရိပ်အောက်၌ ဗုဒ္ဓဂယာ သာသနာတော်ကြီး ဖြစ်ထွန်းလာပုံကို အသေးစိတ်ရေးသား တင်ပြလိုက်ရပေသည်။

ဗုဒ္ဓဂယာသာသနာတော် ဖြစ်ထွန်း တည်ထားပုံကို ပြီးခဲ့သောလထုတ် မဂ္ဂဇင်း၌ အပြည့်အစုံ ရေးသားတင်ပြပြီး ဖြစ်သည်။

စာရေးသူအနေနှင့် ဒေါ်စိန်ငွေးအား -

"ဒေါ်စိန်ငွေးတို့ မိသားစုအနေနဲ့ ဗုဒ္ဓဂယာ့သာသနာတော်နဲ့ ဆက်နွယ်တဲ့ ကောင်းမှုအလှူတော်တွေကို စတင်လှူဒါန်းပူဇော်ခဲ့ကြရာမှ ဤသာသနာနယ်မြေ ဖြစ်ထွန်းပေါ်ပေါက်ခဲ့တာလား"

"ကျွန်မတို့ မောင်နှမတွေအနေနဲ့ ပထမဆုံး စတင်ကောင်းမှုပြုလုပ်တာကတော့ မဟာဗောဓိရုပ်ပွားတော် ဆင်းတုတော်နဲ့ ဓမ္မစကြာဟောတော်မူဟန် ကြေးဆင်းတု၊ ဗုဒ္ဓမြတ်စွာဘုရားရှင် ဈာန်သမာပတ်ဝင်စားတော်မူဟန် ဈာနမုဒြာကြေးဆင်းတုစတဲ့ သုံးဆူကို ပထမစတင်လှူဒါန်းခဲ့ပါတယ်၊ ဆရာကို အဲဒီရုပ်ပွားတော်သုံးဆူ သီတင်းသုံးစံပယ်တော်မူရာ ဂန္ဓကုဋိတန်ဆောင်းကို ကျွန်မ လိုက်ပို့ပေးပါမယ်"

ဒေါ်စိန်ငွေး ခေါ်ရာနောက်သို့ လိုက်ပါလာခဲ့ရာ ပန်းတောင်၊ ပန်းဆွဲများဖြင့် တည်ထားသော မြတ်စွာဘုရား ရုပ်ပွားတော်သုံးဆူ သီတင်းသုံး စံပယ်တော်မူရာ ဂန္ဓကုဋိ အာရုံခံ ကျောင်းတိုက်တစ်ခုသို့ ရောက်ရှိခဲ့သည်။ သံပန်းတံခါးကို သော့ပိတ်ထားရာမှ သော့ဖွင့်ပြီး အတွင်းသို့ ဝင်ရောက်ခဲ့သည်။

ကြေးဆင်းတု ရုပ်ပွားတော်နှစ်ဆူခြံရံလျက် အလယ်၌ သက်န်းအညိုရောင် ဆင်မြန်းဝတ်ဆင်ထားသည့် ရုပ်ပွားတော် တစ်ဆူကို ကြည်ညိုဖွယ် ဖူးမြော်ရသည်။ အလယ်၌ စံပယ်သော ရုပ်ပွားတော်မှာ အိန္ဒိယနိုင်ငံ မဟာဗောဓိစေတီတော် မြတ်ကြီးအတွင်း၌ စံပယ်တော်မူသော မဟာဗောဓိစေတီတော်နှင့် ပုံစံတူရုပ်ပွားတော်တစ်ဆူဖြစ်သည်၊

ထို မဟာဗောဓိရုပ်ပွားတော်၏ ကောင်းမှုရှင်မှာ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်ဖြစ်ကြောင်း သိရသည်၊ ကျန် ဘေးဝဲယာဘက်ရှိ ကြေးဆင်းတုတော် နှစ်ဆူ၏ ကောင်းမှု



www.burmeseclassic.com

www.burmeseclassic.com

ရှင်မှာ ဒေါ်စိန်ငွေးတို့ ဆွေမျိုးမောင်နှမ မိသားစုကောင်းမှု ဖြစ်ကြောင်း သိရသည်။

ကြေးဆင်းတုတော်များမှာ ရွှေဝါရောင် ပိုးသက်န်း များ လွှမ်းခြုံထား၍ ရုပ်ပွားတော်မုဒြာဟန်ကို ခန့်မှန်းရန် မလွယ်သော်လည်း ဒေါ်စိန်ငွေး ပြောပြချက်အရ အလယ် ရုပ်ပွားတော်ကြီး၏ ညာဘက်ရှိ ကြေးဆင်းတုတော်၏ဟန်မှာ ဗုဒ္ဓမြတ်စွာဘုရားရှင် ဘုရားစင်စစ်ဖြစ်တော်မူပြီးနောက် ဗုဒ္ဓဂယာအရပ်မှာ ဗာရာဏသီ မိဂဒါဝုန်တောအရပ်သို့ ကြွတော်မူပြီးနောက် တရားဦးဓမ္မ စကြာဟောတော်မူဟန် ဖြစ်ကြောင်း သိရသည်။

လောက၌ ဘုရားပေါ်ထွန်းပြီးနောက် တရားပေါ် ထွန်းရာ အလွန်အရေးပါသော တရားဦး ဓမ္မစကြာဟောကြား ဟန်ကို ထုလုပ်ပူဇော်ခြင်းဖြစ်ကြောင်း ဒေါ်စိန်ငွေး ရှင်းပြချက် အရ သိရသည်။

အလယ်ရုပ်ပွားတော်မြတ်ကြီး၏ ဘယ်ဘက်(လက်ဝဲ ဘက်)ရှိ ကြေးဆင်းတုတော်မှာ မြတ်စွာဘုရားရှင် ဈာန်သမာ ပတ်ဝင်စားတော်မူဟန် ဈာနမုဒြာဟန်ပင်ဖြစ်သည်။ တရားဦး ဓမ္မစကြာဟောဟန်နှင့် ဘုရားရှင် ကမ္မဋ္ဌာန်းတရားပွားများပြီး ဈာန်ဝင်စားဟန်တို့မှာ လွန်စွာ သာသနာတော်၌ အရေးပါလှ ၍ ထိုရုပ်တုနှစ်ဆူကို မဟာဗောဓိရုပ်ပွားတော်မြတ်ကြီး (ဘုရားစင်စစ် စတင်ဖြစ်ပေါ်ဟန်)၏ လက်ဝဲလက်ယာတို့၌ အမိပွာယ်ရှိရှိ တည်ထားခြင်းဖြစ်ကြောင်း သိရ၏။

ဒေါ်စိန်ငွေးတို့သည် တရားဦးဓမ္မစကြာဟောဟန် ရုပ်တုတော်ကို အလွန်ပင် အလေးထား၍တည်ထားကြောင်း တွေ့ရသည်။ ဤဘုရားသုံးဆူကိန်းဝပ်စံပွာယ်တော်မူရာ ဂန္ဓ ကုဋီတိုက်တန်ဆောင်းအနီး၌ပင် အလွန်ကြီးမားလှသော ဓမ္မ စက္ကိန္ဒဘုရားကြီး (ပဥ္စဝဂ္ဂီငါးဦးအား တရားဦးဓမ္မစကြာ ဟော ကြားဟန်ရုပ်တုတော်ကြီးကို ကြီးမားလှသော အာရုံခံတန် ဆောင်းကြီးဖြင့်)ကို တည်ထားခဲ့သည်။ ထိုဓမ္မစကြာ တရားဦး ဟောကြားတော်မူဟန် ရုပ်တုတော်ကြီးနှင့်ပတ်သက်၍ ပြီးခဲ့ သောလ၌ ရေးသားခဲ့ပြီးဖြစ်သည်။ ထိုဓမ္မစကြာတရားဦး ဟောကြားဟန်ရုပ်တုတော်ကြီးနှင့် ပဥ္စဝဂ္ဂီငါးဦးတို့၏ရုပ်တုများ သည် မူလတည်ထားရာမှ နာဂစ်မုန်တိုင်းဒဏ်ကြောင့် (၄- ၅-၂၀၀၈)ရက်၌ ပျက်စီးခဲ့သည်။

ထိုစဉ်က ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ နေပြည်တော်မြို့တော်ဝန်ကြီး ဦးသိန်းညွန့် မိသားစု ဦးဆောင်မှုဖြင့် စတီးအဆောက်အအုံ ဂန္ဓကုဋီတိုက်ကြီးအား အသစ်ပြန်လည်တည်ဆောက်ခြင်း၊ ပဥ္စဝဂ္ဂီငါးပါးအား ပြုပြင် မွမ်းမံခြင်း၊ ဓမ္မစက္ကိန်ဘုရားကြီး၏ နောက်ခံ မဟာဗောဓိပင် ပုံစံတူပြုလုပ်ခြင်း စသည်ဖြင့် ပြန်လည်ပြုပြင်မွမ်းမံခဲ့ရာ ယခု ဖူးမြင်နေရသည့် ကြည်ညိုဖွယ်အသွင်ဖြင့် သပ္ပာယ်တော်မူလှ သော တရားဦးဓမ္မစကြာဟောတော်မူဟန်ရုပ်ပွားတော်ကြီး အား ကြီးမားလှသော အာရုံခံတန်ဆောင်းကြီးအတွင်း သပ္ပာယ်လှစွာ ဖူးမြော်ရခြင်းဖြစ်သည်။

ဒေါ်စိန်ငွေးမိသားစုသည် စေတနာသဒ္ဓါတရားထက် သန်စွာဖြင့် ဘုရားဖူးများအနေနှင့် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာသို့ ဘုရားဖူးသွားရောက်ရသည့်အလား ကုသိုလ်ထူးများခံစားနိုင် ရန် ရည်သန်၍ ဤရွှေသိမ်တော်ကျောင်းနံဘေး ရှေးဟောင်း ဆုတောင်းပြည့် ကျိုက်မွန်လှစေတီတော်မြတ်ကြီး၏ထီးတော် ရိပ်အောက်၌ ဗုဒ္ဓဂယာသံဝေဇနီယလေးဌာနအား အလွယ် တကူ ဖူးမြော်ကြည်ညို ကုသိုလ်ယူနိုင်ရန် ဤဗုဒ္ဓဂယာ သာသနာမြေမြတ်ကို ဖန်တီးတည်ထားပူဇော်ခဲ့ခြင်းဖြစ်ကေပ သည်။ စာရေးသူ အကြံပြုခဲ့သလို ဗုဒ္ဓဂယာသာသနာမြေ အလယ်၌ ဗုဒ္ဓဂယာရှိ မဟာဗောဓိစေတီတော်ကြီး၏ပုံစံတူ စေတီတော်ငယ်တစ်ဆူကိုသာ တည်ထား၍ ကုသိုလ်ထပ်မံ ပြုတော်မူခဲ့သော် ပြီးပြည့်စုံသော သံဝေဇနီယလေးဌာန အဖြစ် ဖြစ်ထွန်းပေါ်ပေါက်လာနိုင်ပေသည်။

မည်သို့ပင်ဆိုစေကာမူ ယခုပြုလုပ်ပြီးသော ကုသိုလ် ကောင်းမှုများပင် ပြီးပြည့်စုံပြီးဖြစ်ရာကား နတ်လူအပေါင်း၏ ကောင်းချီးသြဘာသာဓုအနုမောဒနာကို ခံယူ၍ ဤကောင်းမှု ကုသိုလ်အစုစုကြောင့် လိုအင်ဆန္ဒပြည့်ဝသော မြတ်နိဗ္ဗာန်သို့ ရောက်ရာရောက်ကြောင်း အထောက်အပံ့သည် ဖြစ်ကြပါစေ သတည်း။

**တက္ကသိုလ်မျိုး**

မှီငြမ်း

၁။ ရွှေသိမ်တော်ဆရာတော် ဦးဇာနိဿရ၏မိန့်ကြား ချက်။

၂။ ကုသိုလ်ရှင် ဒေါ်စိန်ငွေး၏ပြောကြားချက်။

၃။ ကျိုက်မွန်လှစေတီတော်သမိုင်းကျောက်စာ။

၄။ ဓမ္မစက္ကိန္ဒဘုရားအာရုံခံတန်ဆောင်းအတွင်းရှိ ကမ္ပည်း မော်ကွန်း။

၅။ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာဘုရားဖူးအတွေ့အကြုံ။

၆။ ကိုယ်တိုင်သွားရောက်လေ့လာဖူးမြော်ခြင်း။

❑



www.burmeseclassic.com

www.burmeseclassic.com



# လောကသုံးပါး မြတ်ဘုရား၏ ပထမဆုံး ဒေသနာတရား

**စံ-ကေတု**

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဗုဒ္ဓါနုဿတိ၊ ဗုဒ္ဓါနုဿတိ၊ ဗုဒ္ဓါနုဿတိ။

စိတ်နှလုံးအတွင်း အကုသိုလ်ကင်းအောင် ဗုဒ္ဓါနုဿတိ ဘာဝနာပွားရင်း မြတ်ဘုရား၏ ပထမဆုံးတရားကို သတိတရ ဖြစ်လာရသည်မှာ ကျွန်ုပ်တို့ လူအများ သိထား မှတ်သား ကြားနာထားရာ ဓမ္မစက္ကပဝတ္တနသုတ် မဟုတ်မူ၍ မိဂဒါဝုန်တောနေ ပဉ္စဝဂ္ဂီရဟန်း ငါးဦးအား ဓမ္မစကြာတရားဦး ဟောရန် ခြေကျင်ခရီးဖြင့် ကြွချီတော်မူသည့်ကာလ၊ မဟာဗောဓိနှင့် ဗုဒ္ဓဂယာ၏အကြား၌ ဥပကတက္ကတွန်းနှင့် ဆုံတွေ့ပြောကြားခဲ့သည့် ပထမဝစနာ၊ ဒေသနာတရား စကားများပင် ဖြစ်ပါသည်။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် ၁၈ ယူဇနာ ဝေးကွာရာကို ဈာန်အဘိဖြင့် မကြွသွားဘဲ ခြေကျင် ကြွသွားရသည်မှာ လမ်းခရီး၌ ဥပကတက္ကတွန်းနှင့် တွေ့ကြုံ၍ မိန့်ဆိုသော စကားပြောခြင်းဖြင့် နောင်သောကာလ အခါသမယ၌ မြတ်ဗုဒ္ဓထံမှောက် လာရောက်တရားနာပြီးလျှင် အနာဂါမ် အရိယာဖြစ်၍ ဒုတိယဘဝ၌ အဝိဟာဘုံသို့ ကပ်ရောက်ကာ ရဟန္တာဖြစ်လိမ့်မည်ကို သိမြင်တော်မူသည့် မဟာကရုဏာ တော်ကြောင့်ပင် ဖြစ်ပါသည်။

မဟာဗောဓိနှင့် ဗုဒ္ဓဂယာအကြား ခရီးသွားနေဆဲ ဖြစ်သည့် ဥပကတက္ကတွန်း (အဝတ်မဝတ်ဘဲ ကျင့်နေသည့် ရသေ့) သည် မြတ်ဗုဒ္ဓအားမြင်လေသော် အနီးသို့ချဉ်းကပ်၍ သုံးသပ်ကြည့်ရှုပြီး -

"ငါ့ရှင်၊ သင်၏ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဟူသော ဣန္ဒြေခြောက်ပါးတို့သည် ကြည်လင်လှကုန်၏၊ ကိုယ်ရေအဆင်းသည်လည်း သန့်ရှင်းစင်ကြယ်လျက် ပြိုးပြိုး ပြက်ပြက်ရှိပေ၏၊ ငါ့ရှင်၊ သင်သည် အဘယ်ဆရာကို ရည်မှန်း၍ ရဟန်းပြုခဲ့ပါသနည်း၊ သင်၏ ဆရာကား အဘယ်သူနည်း၊ အဘယ်သူ၏ တရားကို သင်နှစ်သက်ပါသနည်း" ဟူ၍ မြတ်ဗုဒ္ဓအား မေးမြန်းစုံစမ်းလေတော့၏။

မြတ်ဗုဒ္ဓက -



www.burmeseclassic.com

www.burmeseclassic.com

၁။ သဗ္ဗာဘိဘူ သဗ္ဗဝိဒူဟ မသ္မိ၊
သဗ္ဗေသု ဓမ္မေသု အနူပလိတ္တော။
သဗ္ဗံ ဇဟော တဏှာက္ခယေ ဝိမုတ္တော၊
သယံ အဘိညာယ ကမုဒ္ဒိသေယျံ။ ။

"ဥပက၊ ငါဘုရားသည် ဘုံသုံးပါး၌ဖြစ်သော တရားအားလုံးကို လွှမ်းမိုးအုပ်စိုး၍ တည်သူဖြစ်၏၊ တရားအလုံးစုံကို အကုန်အစင် အကြွင်းမဲ့သိမြင်သူလည်း ဖြစ်၏၊ ခပ်သိမ်းသော တေဘူမက တရားတို့၌ တပ်မက်ခြင်း၊ ပြစ်မှားခြင်း၊ တွေဝေခြင်း အစရှိသည့် ကိလေသာတည်းဟူသော လိမ်းကျံခြင်းမှလည်း ကင်းစင်သူဖြစ်၏၊ ခပ်သိမ်းသော တေဘူမက တရားကို ပယ်ရှားစွန့်ပစ်ပြီးသူလည်းဖြစ်၏၊ တဏှာ၏ကုန်ရာ နိဗ္ဗာန်၌ စိတ်ချည္ဆတ်ညွှတ် ကျွတ်လွတ်သက်ဝင်၍ တည်သူလည်းဖြစ်၏၊ တရားအလုံးစုံကို ဆရာမရှိ မိမိအလိုလို ထိုးထွင်းသိသူဖြစ်သောကြောင့် အဘယ်မည်သောသူတစ်ယောက်ကို ဤသူကား ငါ၏ဆရာတည်းဟု ညွှန်ပြဖွယ်ရာ ရှိအံ့နည်း၊ မရှိသည်သာ"

၂။ န မေ အာစရိယော အတ္ထိ၊
သဒိသော မေ န ဝိဇ္ဇတိ။
သဒေဝကသ္မိံ လောကသ္မိံ
နတ္ထိမေ ပဋိပုဂ္ဂလော။ ။

"ဥပက၊ ငါဘုရားအား ဆရာဟူ၍ မရှိ၊ ငါနှင့်တူသော သူပင် မရှိ၊ နတ်နှင့်တကွသော သတ္တလောက၌ သီလအစ ရှိသော ဂုဏ်ကျေးဇူးတို့ဖြင့် ငါဘုရား၏ ကိုယ်စားပြုလောက်သူပင် မရှိ"

၃။ အဟံ ဟိ အရဟာ လောကေ၊
အဟံ သတ္ထာ အနုတ္တရော။
ဧကောမှိ သမ္မာသမ္ဗုဒ္ဓေါ၊
သီတိဘူတော သ္မိ နိဗ္ဗုတော။ ။

"ဥပက၊ ငါသည် လောက၌ ပူဇော်အထူးကို ခံထိုက်သော အရဟံဂုဏ်ရှင် ဖြစ်ပေ၏။ ငါသည် လောက၌ အတုမရှိ လွန်ကဲမြင့်မြတ်သော လူနတ်တို့၏ ဆရာလည်းဖြစ်ပေ၏။ ငါသည် တရားအလုံးစုံကို မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် ထိုးထွင်းသိမြင်နိုင်သည်ဖြစ်၍ ပြိုင်ဘက်မပြူ တစ်ဆူတည်းသာဖြစ်၏။ ကိလေသာမီး အေးငြိမ်းပြီးသူလည်း ဖြစ်၏။

၄။ ဓမ္မစက္ကံ ပဝတ္တေတုံ၊
ဂစ္ဆာမိ ကာသိနံပုရံ။
အန္ဓီဘူတသ္မိံ လောကသ္မိံ
အာဟဉ္ဆံ အမတဒုန္ဒုဘိံ။ ။

"ဥပက၊ ငါဘုရားသည် ဓမ္မစကြာတရားကို ဟောကြားခြင်းငှာ ကာသိတိုင်း ဗာရာဏသီပြည် ဣသိပတနမိဂဒါဝုန်တောသို့ သွားပေအံ့၊ ပညာမျက်စိ မရှိစမ်းတန်း သူကန်းသဖွယ်ဖြစ်သော နတ်လူအပေါင်း၌ တရားဒေသနာတည်းဟူသော အမြိုက်စည်ကြီးကို ရိုက်တီးဆော်ရွှမ်းပေအံ့"

ထိုအခါ ဥပကတက္ကတွန်းမှ -

"ငါ့ရှင်၊ သင်ဝန်ခံသည့်အတိုင်းသာဆိုလျှင် သင်သည် အနန္တဉာဏ်ရှင် မာရ်ငါးပါးကို အောင်မြင်ပြီးသူ ဖြစ်မှာပဲ" ဟူ၍ မြတ်စွာဘုရားရှင်ကို ပြောဆိုလေသည်။

မြတ်ဗုဒ္ဓကလည်း -

၅။ မာဒိသာ ဝေဇိနာ ဟောန္တိ၊
ယေပတ္တာ အာသဝက္ခယံ။
ဇိတာ မေ ပါပကာ ဓမ္မာ၊
တသ္မာ ဟမုပက ဇိနော။ ။

"ဥပက၊ ငါကဲ့သို့သဘောရှိကုန်သော မြတ်စွာဘုရားတို့သည် အာသဝေါတရားလေးပါးတို့၏ကုန်ရာ အရဟတ္တမဂ်ဉာဏ်သို့ ရောက်တော်မူကုန်လျက် ယုတ်မာဆိုးဝါးအကုသိုလ်တရားတို့ကို ပယ်ရှားအောင်မြင်တော်မူကြသော ဇိနအမည်တော် ရှိကုန်၏၊ ငါသည်လည်း ထိုဘုရားတို့နည်းတူ အာသဝက္ခယဉာဏ်သို့ရောက်လျက် ယုတ်မာဆိုးဝါး အကုသိုလ်တရားတို့ကို ပယ်ရှားအောင်မြင်ပြီး ဖြစ်သောကြောင့် ဇိနအမည်တော်ရှိ၏"ဟူ၍ ဥပကတက္ကတွန်းကို မိန့်တော်မူသည်။

ဥပကတက္ကတွန်းသည် "ငါ့ရှင်၊ သင်ပြောသည့်အတိုင်း ဟုတ်တန်ရာ၏" ဟုပြောဆိုလျက် ဦးခေါင်းကို ညိတ်ပြီးလျှင် လမ်းခရီးကိုဖယ်လွှဲ၍ ဝင်္ကဟာရဇနပုဒ်သို့ သွားလေတော့သည်။ မြတ်ဗုဒ္ဓသည်လည်း မိဂဒါဝုန်တောသို့ ဒေသစာရီခရီး ဆက်လက်ကြွချီတော်မူလေသည်။

ဤသို့ မြတ်ဗုဒ္ဓနှင့် စကားနှီးနှော၊ အမေးအဖြေ အပြန်အလှန်ပြောလိုက်ရသော ကုသိုလ်အဖို့ကြောင့် နောက် အခါ၌ ရဟန်းပြုဖို့ရန် အားကိုးရန်အကြောင်းတစ်ခု ဖြစ်လေ တော့၏။ ဥပကသည် အမိကာရ ကောင်းမှုကုသိုလ်ထူး ရှိသောသူတည်း။ ထို့ကြောင့်ပင် မြတ်ဗုဒ္ဓနှင့် ဆုံတွေ့ဖို့ ခြေကျင်ခရီးကြမ်းဖြင့် ကြွမြန်းခဲ့ရခြင်းဖြစ်ပေသည်။ ဓမ္မစကြာ တရား မဟောကြားမီ မြတ်ဗုဒ္ဓ၏ တရားစကားကို နာကြား သူတို့မှာ မဂ်ဖိုလ်မရ၊ တရားအထုံ ဝါသနာပါရုံမျှသာ အကျိုး ခံစားရမြဲ ဓမ္မတာ ဖြစ်သတည်း။



www.burmeseclassic.com

www.burmeseclassic.com

ဥပကတက္ကတွန်းသည် ဝင်္ကဟာရဇနပုဒ်၌ မုဆိုးအကြီးအကဲ၏ ကိုးကွယ်လုပ်ကျွေးခြင်းကို ခံယူလျက် တောကျောင်းငယ်လေး တစ်ခုဖြင့် နေလေသည်။ တစ်နေ့သော် မုဆိုးကြီးသည် သမင်ရှိရာတောထဲသို့ အမဲလိုက်ထွက်သွားသဖြင့် ဆွမ်းအလို့ငှာ မုဆိုးကြီး၏အိမ်သို့ လာလတ်သော် ဆွမ်းကျွေးရန် အနီးသို့ကပ်လာသည့် ရှုချင်စဖွယ် ချောမောလှပတင့်တယ်လှစွာသော မုဆိုးကြီး၏သမီး စာပါကို မြင်လိုက်ရ၏။ ရာဂစိတ် နှိပ်စက်အပ်သောကြောင့် ဆွမ်းကိုပင်စားနိုင်တော့ဘဲ မိမိနေရာ ကျောင်းသို့ ပြန်သွားပြီးလျှင် -

"စာပါကိုရမှ ငါအသက်ရှင်တော့မည်၊ မရလျှင် ငါသေတော့မည်"ဟု အောက်မေ့ကာ အစာမစားဘဲ လဲလျောင်းအိပ်စက်၍သာ နေလေတော့၏။

ခုနစ်ရက်မြောက်နေ့၌ မုဆိုးကြီး အိမ်ပြန်ရောက်ပြီး သူ့ဆရာဥပကသည် တစ်နေ့သာ အိမ်သို့လာ၍ နောက်ထပ်မလာတော့ကြောင်း သမီးဖြစ်သူ စာပါ ပြောပြ၍ သိရ၏။ မုဆိုးကြီးလည်း သူ့ဆရာဥပက၏ တောကျောင်းသို့ သွားရောက်ကာ မေးမြန်းသော် ဥပကတက္ကတွန်းက -

"စာပါကိုရမှ ငါအသက်ရှင်မည်၊ မရလျှင် ဤနေရာမှပင် သေရခြင်းကသာ မြတ်၏" ဟုဆိုလေ၏။ မုဆိုးကြီးက-

"အရှင်ဘုရား၊ တစ်စုံတစ်ခုသော အတတ်ပညာကို တတ်သိပါလော၏" ဟုမေးရာ ဥပကတက္ကတွန်းက -

"တစ်စုံတစ်ခုသော အတတ်ပညာကို မတတ်သိပါ၊ ငါသည် သင်တို့ရရှိသော အသားများကို ထမ်းပိုးသယ်ဆောင်ပါမည်၊ အသားများကိုလည်း ရောင်းချပေးပါမည်"ဟု ပြောဆိုလေသည်။ မုဆိုးကြီးလည်း ကြည်ညိုရင်းစွဲစိတ် ရှိသည်ဖြစ်၍ မိမိ၏ အပေါ်ရုံအဝတ်ကိုပေးကာ လူဝတ်လဲစေပြီး အိမ်သို့ခေါ်ဆောင်သွားကာ သမီးစာပါနှင့် ထိမ်းမြားပေးလိုက်လေသည်။ ဥပကနှင့် စာပါတို့ ဇနီးမောင်နှံ၌ သားတစ်ယောက် မွေးဖွားခဲ့ရာ 'သုဘဒ္ဒ'ဟု အမည်မှည့်ခေါ်လေသည်။ စာပါသည် အတတ်ပညာမရှိရှာသည့် ဥပကအား ထိပါးစောင်းချိတ် ပြက်ရယ်လှောင်ပြောင်သည့် သားချော့သီချင်းတို့ကို အဖန်ဖန် သီဆိုလေ့ရှိ၏။

"အမဲသားထမ်း တက္ကတွန်း၊ ရဟန်းလူထွက်သား၊ [illegible]နောက်လိုက် ငါ့ကိုကြိုက်၊ အမိုက်လူထွက်သား၊ မိခင် [illegible] အငိုတိတ်၊ မောင်အိပ်ပါတော့လား"

"မြကြိုးလိမ် စိန်ပုခက်ရယ်နှင့် ခက်ပါတော့သား [illegible] ပျော်ကြောင်းငယ်မာယာနှင့် ဖွဲ့ဆိုကာအမေလွှဲမယ် ရွှေခဲအငိုတိတ် မင်းအိပ်စေချင်၊ မောင့်ဖခင် လူတွင်နောက်ဆုံး၊ သည့်နှယ်ကိုရှောင်ခွာလို့ နောက်နောင်ခါ လွတ်အောင်ရှားပါတော့၊ မွေးမယ်တော် ခုမှာထားလိုက်မယ် သားရွှေလှတုံး"

ဤသို့ စသည် မြည်တွန်တောက်တီး ပြောဆိုကာ သားချော့သီချင်းဖြင့် ဥပကကို ထိပါးစောင်းချိတ်ကာ ပြက်ရယ်ပြောင်လှောင်မှုများကြောင့် ဥပကမှာ ငြီးငွေ့စိတ်ပျက်လျက် စာပါအား အသိမပေး မပြောကြားဘဲ မဇ္ဈိမဒေသသို့ ထွက်ခွာခဲ့တော့၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေထိုင်တော်မူသော မြတ်ဗုဒ္ဓထံတော်ပါးသို့ ဝပ်တွားရောက်ရှိ ရဟန်းအဖြစ် ခံယူလေတော့၏။ ဥပကသည် မြတ်ဗုဒ္ဓ၏ ပေးသနားတော်မူအပ်သော ကမ္မဋ္ဌာန်းအလုပ်ကို ကြိုးစားအားထုတ်လျက် အနာဂါမိဖိုလ်၌ တည်ပြီးလျှင် ထိုဘဝမှ စုတေခဲ့၍ သုဒ္ဓါဝါသ်ပြဟ္မာဘုံ ငါးဘုံတို့တွင် အဝိဟာဘုံ၌ ဖြစ်ပြီးလျှင် မကြာမီပင် အရဟတ္တဖိုလ်သို့ ရောက်လေသည်။

စာပါသည်လည်း ဥပကတက္ကတွန်း လူထွက်စွန့်ခွာဖဲကြဉ်ချက်ကြောင့် လူ့ဘောင်၌ ငြီးငွေ့ကာ သုဘဒ္ဒသားငယ်ကို အဖိုးဖြစ်သူမုဆိုးကြီးထံ အပ်နှင်းခဲ့ပြီးလျှင် ဥပကသွားရာလမ်းခရီးအတိုင်း လိုက်၍ သာဝတ္ထိပြည်သို့ ရောက်လေ၏။ ဘိက္ခုနီမတို့အထံ၌ ရဟန်းမိန်းမပြု၍ ဝိပဿနာတရား ပွားများကြိုးကုတ် အားထုတ်လေရာ လေးပါးသောမဂ်အစဉ်ဖြင့် အရဟတ္တဖိုလ်၌တည်၍ အာသဝေါကုန်ခန်း ရဟန္တာထေရ်ရီဖြစ်ပြီး စာပါထေရီ ဟူ၍ အမည်တွင်လေသတည်း။

မြတ်ဗုဒ္ဓ၏ ပထမဆုံး ဒေသစာရီ ကြွချီတော်မူရာ မိဂဒါဝုန်ခရီးမှာ တစ်ဆယ့်ရှစ်ယူဇနာ ဝေးကွာလှသော်လည်း ဈာန်ယာဉ်မစီးဘဲ ခြေကျင်ခရီးဖြင့်သာ ကြွသွားခဲ့ခြင်းသည်ကား ဥပကတက္ကတွန်း၏ ယခုဘဝ အနာဂါမ်ဖြစ် အရိယာမဂ်အစစ်ဖြင့် တည်လျက် ဒုတိယဘဝ၌ အဝိဟာဘုံသို့ ကပ်ရောက်ကာ ရဟန္တာဖြစ်လိမ့်မည်ကို မြင်တော်မူသည့် အကြောင်းရင်းဖြစ်ပေသည်။ လမ်းခရီး၌ပင် စကားနှီးနှော၊ အမေး၊ အဖြေ အပြန်အလှန် ပြောလိုက်ခြင်းသည်ပင်လျှင် မြတ်ဗုဒ္ဓ၏ ပထမဆုံး ဒေသနာ တရားစကားဖြစ်ပါကြောင်း ရေးသားပူဇော်အပ်ပါသတည်း။

**စံ-ကေတု**

❑



www.burmeseclassic.com

www.burmeseclassic.com



မဟာလောကဥသျှောင် ကျောက်တော်ကြီးရုပ်ရှင်တော်မြတ်စေတီတော်








ကျောက်တော်ကြီးရုပ်ပွားဆင်းတုတော်မြတ်

မုန်ခန်းတော်အတွင်း စံပယ်တော်မူ

www.burmeseclassic.com

www.burmeseclassic.com



အရှေ့ဘက်စောင်းတန်းမှ တွေ့မြင်ရသော စေတီတော်၊ တံခွန်တိုင်နှင့် ဓမ္မာရုံ

# ရောဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့မှ

# မဟာလောကဦးသျှောင်ကျောက်တော်ကြီးရုပ်ရှင်တော်မြတ်

မနဝ်းဝေ (ဟင်္သာတ)

ဟင်္သာတမြို့ရှိ ကြီးလေးကြီး ဘုရားလေးဆူအနက် ကျောက်တော်ကြီးဘုရား၏ တည်နေရာမှာ ပဉ္စမုခမာရဇိန် ...မျက်နှာစေတီတော်မြတ်၏ တောင်ဘက်ယွန်းယွန်း၌ ...ည်ရှိပါသည်။ ဟင်္သာတမြို့မဈေးကြီးနှင့်လည်း နှစ်ဖာလုံ ...နီးသော ကွာဝေးပါသည်။

ဘုရားကြီး၏ အရှေ့ဘက်မုခ်မှ တောင်ဘက်သို့ ...လှတာအတိုင်း သွားရောက်လျှင် ဟင်္သာတမြို့ဖေါ်ရှိ ...သင်သားသံဃာတော် အများအပြား သီတင်းသုံးနေထိုင် ...တော်မူသော မိုးကောင်းပရိယတ္တိစာသင်တိုက်နှင့် ရတနာ ...စာသင်တိုက်များကို ဆက်လက်၍ တွေ့နိုင်ပါသည်။

ဘုရားကြီး၏ မြောက်ဘက်နှင့် အနောက်ဘက်ယွန်း ...ရှိ မုခ်ဝများမှလည်း အလွယ်တကူ ဝင်ရောက်နိုင်သဖြင့် ... တနင်္ဂနွေနှင့် အခြားရုံးပိတ်ရက်များတွင် ဘုရားဖူးများ လာရောက်ကြသည်ဟု သိရှိရပါသည်။ စာရေးသူ ရောက်ရှိချိန်သည် ကြားရက်ဖြစ်သဖြင့် ဘုရားဝင်းအတွင်း လူရှင်းနေပြီး ဘုရားစောင်းတန်းများအား ဆေးသုတ်ပြုပြင်နေသူများကို တွေ့ရှိခဲ့ရသည်။ မြောက်ဘက်မုခ်မှအဝင် လက်ဝဲဘက်၌ ညောင်ရေသွန်းလောင်းလှူရာ ဗောဓိညောင်ပင်ကြီးကို နွေရာသီပင်ဖြစ်သော်လည်း အကိုင်းအခက် အရွက်များ ဝေဆာစွာဖြင့် ဘုရား၏အရှေ့ဘက် အုတ်တံတိုင်းနံဘေး၌ကပ်လျက် တွေ့မြင်ခဲ့ရသည်။

ဦးစွာ နွကုဋ္ဌိတိုက် မှန်သက်န်းတော်အတွင်း၌ ကိန်းဝပ်စံပယ်တော်မူနေသော ဘုမိဖသဃမုဒြာ ကျောက်ဆင်းတုရုပ်ပွားတော်မြတ်ကြီးအား ရည်စူး၍ အလှူငွေများ ထည့်ဝင်လှူဒါန်းပြီးနောက် ရိုသေစွာ ရှိခိုးပူဇော်ပါသည်။ ရွှေသင်္ကန်းတော် ဝင်းလက်တောက်ပစွာဖြင့် ရွှေပလ္လင်ထက်ဝယ် သပ္ပာယ်




www.burmeseclassic.com

www.burmeseclassic.com



ကျောက်တော်ကြီးရုပ်ရှင်တော်မြတ်အား ၁၃၂၀ ပြည့်နှစ်တွင် ရိုက်ကူးထားသောပုံတော်



ကျောက်တော်ကြီး ရုပ်ရှင်တော်မြတ် လေးဆူ

စွာ စံပယ်တော်မူနေသော ရုပ်ရှင်တော်မြတ်ကြီးမှာ ဖူးမြော်၍မဝနိုင်အောင်ပင် ရှိလှသည်။

ဘုရားကြီး၏ လက်ယာဘက် ဂန္ဓကုဋီတိုက်တော်အတွင်းဝယ် ဘုရားရှင်လက်ထက်တော်အခါ၌ ထင်ရှားခဲ့သော ဧတဒဂ်ဘွဲ့တော်ရ ရဟန္တာမထေရ်မြတ်တို့နှင့် လက်ဝဲဘက် ဂန္ဓကုဋီတိုက်တော်အတွင်းဝယ် ဧတဒဂ်ဘွဲ့တော်ရ ထေရီနှင့် ဥပါသိကာ အမျိုးသမီးများ၏ ရုပ်တုတော်များကို မှန်ကျောင်းဆောင်ငယ်များအတွင်း ပြတိုက်သဖွယ် စီတန်းလျက် တွေ့မြင်ရပါသည်။

ဘုရားရှင်၏ လက်ယာရံ မထေရ်ပေါင်း ၄၀ ဦးရှိသည့် အနက် ဧတဒဂ်ရ ရဟန္တာမထေရ်မှာ ၂၂ ပါးဖြစ်ပြီး လက်ဝဲရံ မထေရ်ပေါင်း ၄၀ ဦးရှိသည့်အနက် ဧတဒဂ်ရ ရဟန္တာမထေရ်မှာ ၁၆ ပါးရှိသည်။

ထင်ရှားသော ဧတဒဂ်ရ လက်ယာရံ ရဟန္တာမထေရ် ဆယ်ဦးမှာ-

(၁) အရှင်သာရိပုတ္တရာ - ပညာဉာဏ်ကြီးသော အရာ၌ ဧတဒဂ်ဘွဲ့ရ

(၂) အရှင်ကောဏ္ဍည - တရားဦးရ၍ ရတ္တညူအရာ၌ ဧတဒဂ်ဘွဲ့ရ

(၃) အရှင်ဥရုဝေဠကဿပ- အခြံအရံများသောအရာ၌ ဧတဒဂ်ဘွဲ့ရ

(၄) အရှင်မဟာကဿပ - ဓုတင်ကျင့်ဆောင် ဟောပြောရာ၌ ဧတဒဂ်ဘွဲ့ရ

(၅) အရှင်ဥပါလိ - ဝိနည်းကို ဆောင်သော အရာ၌ ဧတဒဂ်ဘွဲ့ရ

(၆) အရှင်အနုရုဒ္ဓါ - ဒိဗ္ဗစက္ခုအဘိညာဉ် အရာ၌ ဧတဒဂ်ဘွဲ့ရ

(၇) အရှင်ကင်္ခါရေဝတ - ဈာန်များစွာ ဝင်စားသော အရာ၌ ဧတဒဂ်ဘွဲ့ရ

(၈) အရှင်အာနန္ဒာ - ဗဟုသုတ၊ သတိမန္တ၊ ဂတိမန္တ၊ ဓိတိမန္တ၊ ဥပဋ္ဌာက (၅) ဌာန၌ ဧတဒဂ်ဘွဲ့ရ

(၉) အရှင်ရာဟုလာ - သိက္ခာကာမအရာ၌ ဧတဒဂ်ဘွဲ့ရ

(၁၀) အရှင်သီဝလိ - လာဘ်များသော အရာ၌ ဧတဒဂ်ဘွဲ့ရ

◆





www.burmeseclassic.com

www.burmeseclassic.com

ထင်ရှားသော ဧတဒဂ်ရ လက်ဝဲရံ ရဟန္တာမထေရ် ဆယ်ဦးမှာ-

(၁) အရှင်မဟာမောဂ္ဂလာန် - တန်ခိုးကြီးသော အရာ၌ ဧတဒဂ်ဘွဲ့ရ

(၂) အရှင်ဝက္ကလိ - သဒ္ဓါလွန်ကဲသော အရာ၌ ဧတဒဂ်ဘွဲ့ရ

(၃) အရှင်ကာဠုဒါယီ - ဆွေတော် မျိုးတော်တို့ကို ကြည်ညိုစေသော အရာ၌ ဧတဒဂ်ဘွဲ့ရ

(၄) အရှင်သောဘိတ - ပုဗ္ဗေနိဝါသ အဘိညာဉ် အရာ၌ ဧတဒဂ်ဘွဲ့ရ

(၅) အရှင်ကုမာရကဿပ - ဆန်းကြယ်သော တရားစကားပြောရာ၌ဧတဒဂ်ဘွဲ့ရ

(၆) အရှင်သာဂတ - တေဇောဓာတ်ဝင်စားသော အရာ၌ ဧတဒဂ်ဘွဲ့ရ

(၇) အရှင်သကုဏ္ဍကဘဒ္ဒိယ -အသံသာယာသောအရာ၌ ဧတဒဂ်ဘွဲ့ရ

(၈) အရှင်ဗာကုလ - အနာကင်းသော အရာ၌ ဧတဒဂ်ဘွဲ့ရ

(၉) အရှင်နန္ဒ - ဣန္ဒြေကိုစောင့်စည်းသော အရာ၌ ဧတဒဂ်ဘွဲ့ရ

(၁၀) အရှင်မောဃရာဇ - ခေါင်းပါးသောသင်္ကန်းကို ဆောင်သောအရာ၌ဧတဒဂ်ဘွဲ့ရ

ထင်ရှားသော ဧတဒဂ်ရ ဥပါသိကာမများမှာ

(၁) သုဇာတာသူဌေးကတော် - ဦးစွာသရဏဂုံဆောက်တည်ရာ၌ ဧတဒဂ်ဘွဲ့ရ


(၂) ဝိသာခါကျောင်းအမ - အလှူအတန်းပေးကမ်းရာ၌ ဧတဒဂ်ဘွဲ့ရ

(၃) ခုဇ္ဇုတ္တရာဥပါသိကာ - ဗဟုသုတ အကြားအမြင်များသောအရာ၌ဧတဒဂ်ဘွဲ့ရ

(၄) သာမာဝတီမိဖုရား - မေတ္တာဖြင့် နေလေ့ရှိသောအရာ၌ဧတဒဂ်ဘွဲ့ရ

(၅) ဥတ္တရာနန္ဒမာတာ - ဈာန်တရားဖြင့်နေရာ၌ ဧတဒဂ်ဘွဲ့ရ

(၆) ကာဠီဥပါသိကာ - ကိုယ်တိုင် ဘုရားရှင်အား



ကျောက်တော်ကြီးစေတီတော်မြတ် စိန်ဖူးတော်

မဖူးတွေ့ရဘဲ တစ်ဆင့် စကားကြားရုံဖြင့် ဘုရားရှင်၏ ဂုဏ်ကို သက်ဝင် ယုံကြည်ရာ၌ဧတဒဂ်ဘွဲ့ရ

တို့ ဖြစ်ကြပါသည်။

ဂန္ဓကုဋိတိုက်တော်အတွင်း လှည့်လည်ကြည့်ရှုရင်းဖြင့် မြန်မာပြည်တွင် တတိယအကြိမ်မြောက် ပေါ်ထွန်းလာခဲ့သည့် ဤကျောက်တော်ကြီးရုပ်ရှင်တော်မြတ် သမိုင်းကြောင်းအား



အလှူရှင် ဝဲအောင်ဆန်းဆရာတော်နှင့် ဗိုလ်ချုပ်တင်ဋွေ(ငြိမ်း)+ဒေါ်လှလှသိန်း မိသားစု



www.burmeseclassic.com

www.burmeseclassic.com



မှန်ကျောင်းဆောင်အတွင်း ဖူးတွေ့ရသော တေဒဂ်ရ ရဟန္တာမထေရ်များ

သိလိုသဖြင့် ဂေါပကရုံးခန်းတွင် စုံစမ်းရာမှ တာဝန်ရှိသူ ဦးသိန်းဦးထံမှ ဓမ္မဒါနအဖြစ် ဘုရားသမိုင်းစာအုပ်အား ဝမ်းသာစွာဖြင့် လက်ခံရရှိခဲ့ပါသည်။

သက်တော်ထင်ရှား ဘုရားရှင်အား ရည်စူး၍ ဗုဒ္ဓကိုယ်စား ညောင်ပင်၊ စက်ဝိုင်း၊ တံခွန်တိုင်၊ ထီး၊ စာအုပ် စသည့် သင်္ကေတ တစ်ခုခုအား ဘုရားအမှတ်ပြုကာ ကိုးကွယ်ခဲ့ကြကြောင်းကို သုတေသီတို့ လေ့လာတွေ့ရှိခဲ့ကြသည်။

အိန္ဒိယပန်းပု ပညာရပ်ကို ခရစ်မပေါ်မီ သုံးရာစုမှစ၍ ထွန်းကားခဲ့သည်ဟု မှတ်ယူခဲ့ကြသည်။ ဗုဒ္ဓဘုရားရှင်အား လူသားပုံစံ ထုလုပ်ကိုးကွယ်မှုသည် ခရစ်နှစ် (အေဒီ နှစ်ရာစု) တွင် စတင်ခဲ့ကြောင်း မှတ်တမ်းတင်ခဲ့ကြသည်။ ထို့ကြောင့် ဗုဒ္ဓဆင်းတုတော်များသည် ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီး နှစ်ပေါင်း ခုနစ်ရာကျော်ခန့် အေဒီ နှစ်ရာစုနှောင်းပိုင်းတွင် ပေါ်ထွန်းလာခဲ့သည်ဟု မှတ်ယူကြသည်။

အိန္ဒိယနိုင်ငံ မထုရာနယ်မှ စတင်လာခဲ့သော ဗုဒ္ဓရုပ်ပွားဆင်းတုတော် ထုဆစ်ကိုးကွယ်မှုသည် မြန်မာ၊ တရုတ်၊ ဂျပန် စသည့်အာရှနိုင်ငံများသို့ ပျံ့နှံ့ရောက်ရှိပြီး ပန်းပုဆရာများမှ စိတ်ကြိုက်ထုဆစ် ပုံဖော်ခဲ့ကြ၏။ ခုနစ်ရာစုနှောင်းပိုင်း ရောက်ရှိချိန်တွင် အိန္ဒိယနိုင်ငံမှ ဘုရားဖူးပြန် ဗိသုကာပညာရှင်များ၏ ချမှတ်ပေးသော ပဋိမာ(ဆင်းတု)ဆိုင်ရာ စီရင်နည်းများကို တိကျစွာ လိုက်နာခဲ့ကြ၏။



မှန်ကျောင်းဆောင်အတွင်း တွေ့မြင်ရသော တေဒဂ်ရ ထေရီ ဉပါသိကာနှင့် ဉပါသိကာမများ

မြန်မာနိုင်ငံတွင် အေဒီ ၇ ရာစုခန့်၌ ထွန်းကားခဲ့သော တကောင်း၊ သရေခေတ္တရာ၊ ဗိဿနိုး-ဟန်လင်းခေတ်များမှပင် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ ထုဆစ်ကိုးကွယ်ခဲ့ကြကြောင်းကို ထိုဒေသများတွင် တူးဖော်တွေ့ရှိရသည့် သမိုင်းဆိုင်ရာ အထောက်အထားများအရ သိရှိရသည်။ ထိုခေတ်များမှသည် ပုဂံ၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင် စသည့် ယနေ့မျက်မှောက်ခေတ်အထိ ထုဆစ်ကိုးကွယ်ခဲ့ကြခြင်း ဖြစ်ပါသည်။

ထိုကဲ့သို့ ရုပ်ပွားဆင်းတုတော်များ ထုဆစ်ကိုးကွယ်ရာတွင် ရွှေ၊ ငွေ၊ သံ၊ ကြေး၊ ဘော် စသော တွင်းထွက်ပစ္စည်းများ၊ သက်န်းနက်၊ ပိတောက်၊ ယမနေ၊ ကျွန်း စသည့် သစ်တောထွက်ပစ္စည်းများ၊ ဂဝံကျောက်၊ [illegible]သဲကျောက်၊ စကျင်ကျောက်များအပြင် အုတ်၊ အင်္ဂတေများဖြင့်လည်း ထုဆစ်ကိုးကွယ်ခဲ့ကြသည်။

အထက်ပါ ရုပ်ပွားတော်များ ထုဆစ်ရာတွင် စကျင်ကျောက်သည် ကျောက်သားမာကျောမှု၊ အပြစ်အနာအဆာနည်းပါးမှု၊ ပြောင်လက်ချောမွေ့မှု စသည့် အရည်အသွေးများရှိသောကြောင့် ရုပ်ပွားဆင်းတုတော်များ ထုဆစ်ရာတွင် အထူးသပ္ပာယ်ကြည်ညိုဖွယ် ကောင်းလှသည်။

စကျင်ကျောက် အထူးထွက်ရှိရာဒေသမှာ မန္တလေးတိုင်း မတ္တရာမြို့အနီးရှိ စကျင်ကျောက်တောင်တော်ကြီးဖြစ်၏။ ကုန်းဘောင်ခေတ်မှ စတင်ကာ စကျင်ကျောက်တုံးကြီးများ တူးဖော်ရရှိသဖြင့် ရုပ်ပွားဆင်းတုတော်များ ထုဆစ်ကိုးကွယ်လာခဲ့ရာ ယခုအချိန်ထိ ရုပ်ရှင်တော်မြတ် လေးဆူပေါ်ထွန်းလာခဲ့ပြီ ဖြစ်ပါသည်။ တည်ထားခဲ့ပြီးသော ကျောက်တော်ကြီးရုပ်ရှင်တော်မြတ် လေးဆူမှာ -

(၁) မြန်မာသက္ကရာဇ် ၁၁၉၂ ခုနှစ် နယုန်လမှစ၍ တည်ထားခဲ့သော ရတနာပူရ စတုတ္ထ မြို့တည် နန်းတည် စစ်ကိုင်းဖန်နန်းရှင် ခေါ် ဘကြီးတော်မင်းတရား၏ ကောင်းမှုတော် အမရပူရမြို့ရှိ မဟာသကျရံသီ ဘွဲ့တော်ခံသော ပထမကျောက်တော်ကြီး ရုပ်ရှင်တော်မြတ်။

(၂) မြန်မာသက္ကရာဇ် ၁၂၂၆ ခုနှစ် တော်သလင်းလတွင် စတင်တည်ထားခဲ့သော ရတနာပုံ မန္တလေးမြို့တည် နန်းတည် ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရား၏ ကောင်းမှုတော်



www.burmeseclassic.com

www.burmeseclassic.com

မန္တလေးမြို့ရှိ မဟာသကျမာရဇိန် ဘွဲ့တော်ချီသော ဒုတိယကျောက်တော်ကြီး ရုပ်ရှင်တော်မြတ်။

(၃) မြန်မာသက္ကရာဇ် ၁၂၇၅ ခုနှစ် သီတင်းကျွတ်လတွင် စတင်တည်ထားခဲ့သော ဧရာဝတီတိုင်း ဟင်္သာတမြို့ မဟာစေတျာရာမ ဘုရားကြီးတိုက် ဒုတိယဘုရားကြီး ဆရာတော် ဘဒ္ဒန္တရာဇညသဒ္ဓမ္မနန္ဒီမထေရ်မြတ်၏ ဩဝါဒဖြင့် မြို့သူမြို့သား အလှူရှင်များ၏ ကောင်းမှုတော်၊ ဟင်္သာတမြို့ရှိ မဟာလောကဦးသျှောင် ဘွဲ့တော်ချီသော တတိယကျောက်တော်ကြီး ရုပ်ရှင်တော်မြတ်။

(၄) မြန်မာသက္ကရာဇ် ၁၃၆၃ ခုနှစ်၊ ခရစ်နှစ် ၂၀၀၂ ခုနှစ်တွင် တည်ထားကိုးကွယ်ခဲ့သည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရ၏ ဦးဆောင်မှုဖြင့် အလှူရှင်များ၏ ကောင်းမှုတော်၊ ရန်ကုန်မြို့ရှိ လောကချမ်းသာ အဘယလာဘမုနိ ဘွဲ့တော်ချီသော စတုတ္ထကျောက်တော်ကြီး ရုပ်ရှင်တော်မြတ်။



ဒွါရဂိုဏ်းကို စတင်တည်ထောင်ခဲ့သည့် အုတ်ဖိုဆရာတော်ဘုရားကြီး (၁၁၇၉-၁၂၆၇)

## မဟာလောကဦးသျှောင် တတိယကျောက်တော်ကြီးရုပ်ရှင်တော်မြတ်သမိုင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့ရှိ မဟာလောကဥသျှောင် ဘွဲ့အမည်ရှိ တတိယကျောက်တော်ကြီး ရုပ်ရှင်တော်မြတ်ကို စတင်ပူဇော်သူမှာ မဟာစေတျာရာမ ဘုရားကြီးတိုက် ဒုတိယဘုရားကြီးဆရာတော် ဘဒ္ဒန္တရာဇညသဒ္ဓမ္မနန္ဒီမထေရ်မြတ် (၁၂၂၃-၁၂၇၉) ခုနှစ် ဖြစ်ပါသည်။

သက္ကရာဇ် ၁၂၁၇ ခုနှစ်တွင် ဒွါရဂိုဏ်းကြီးကို စတင်တည်ထောင်ခဲ့သော အုတ်ဖိုဆရာတော်ဘုရားကြီး (၁၁၇၉-၁၂၆၇) ၏အနွယ်တော် သိဿာနုသိဿတပည့်ဖြစ်ပါ သည်။

ပထမဘုရားကြီးဆရာတော် အရှင်သာဂရဗုဒ္ဓိ (၁၂၁၀-၁၂၇၃)ခုနှစ် ပျံလွန်တော်မူပြီးနောက် ဘုရားကြီးကျောင်းတိုက် (ပဥ္စမုခမာရဇိန် ငါးမျက်နှာ စေတီတော်အတွင်းရှိ မဟာစေတျာရာမ ဘုရားကြီးကျောင်းတိုက်) ကို တပည့်ဖြစ်သူ ဒုတိယဘုရားကြီးဆရာတော်မှ ဆက်လက်ဦးဆောင်သာသနာပြုပါသည်။




ကျောက်တော်ကြီးဘုရားအား စတင်တည်ထားခဲ့သော ဘဒ္ဒန္တရာဇညသဒ္ဓမ္မနန္ဒီမထေရ်မြတ် (၁၂၂၃-၁၂၇၉)

ထိုအချိန်တွင် တတိယမြောက် ကျောက်တော်ကြီး ထုဆစ် ပေါ်တော်မူကြောင်း သစာင်းကောင်းကြားရသဖြင့် ဆရာတော်သည် တပည့်ဖြစ်သူ တတိယဘုရားကြီးဆရာတော် ဦးနန္ဒသဘ အမှူးပြုသော တပည့်ဒါယကာ၊ ဒါယိကာမ များနှင့်တိုင်ပင်၍ မန္တလေးမြို့ရှိ ကျောက်ဆစ်ဆရာကြီး ဦးဘိုး



www.burmeseclassic.com

www.burmeseclassic.com



ဘုရားကြီး၏အပြင်ဘက်မှ တွေ့မြင်ရသည့် နတ်မင်းကြီးနတ်နန်း

ဆိုင်နှင့် ဦးဘတို့အား တာဝန်ပေးကာ ပင့်ဆောင်စေပါသည်။

ကျောက်ဆစ်ဆရာကြီး နှစ်ဦးနှင့် လုပ်သားများသည် စကျင်တောင်ပေါ်သို့ တက်ရောက်ကာ တောစောင့်နတ်၊ တောင်စောင့်နတ်၊ သာသနာစောင့်နတ်များကို တိုင်တည်ခြင်း၊ ဗလိနတ်စာကျွေးခြင်း၊ သက်ဆိုင်ရာ အုပ်ချုပ်ရေး အာဏာပိုင်များကို အကြောင်းကြားခြင်းများ ပြုလုပ်ကာ နယ်သူနယ်သားတို့၏ အကူအညီဖြင့် စကျင်တောင်ခြေမှတစ်ဆင့် မင်္ဂလာမြောင်းတော်ရှိ မင်္ဂလာဖောင်တော်ပေါ်သို့ ပင့်ဆောင်ကြပါသည်။



ဘုရားကြီး၏ အနောက်ဘက်စောင်းတန်း

ရေနန်းယဉ်သာ မင်္ဂလာဖောင်တော်ကြီးတွင် ရာဇမတ်များ ကာရံခြင်း၊ တံခွန်၊ ကုက္ကား၊ မုလေးပွား၊ ကြက်လျှာများ ကပ်လှူခြင်း၊ ငှက်ပျောပင်ရှင်၊ ကြံပင်ရှင်များ စိုက်ထူပူဇော်ခြင်းများ ပြုလုပ်ကြပါသည်။

မြန်မာသက္ကရာဇ် ၁၂၇၅ ခုနှစ် ဝါခေါင်လပြည့်ကျော် ၃ ရက် အင်္ဂါနေ့တွင် ရေကြောင်းကျွမ်းကျင်သူများ ဦးစီးလျက် မင်္ဂလာမြောင်းတော်မှ ဧရာဝတီမြစ်သို့ ထွက်ကာ အောက်ပြည်၊ အောက်ရွာသို့ စုန်ဆင်းခဲ့ပါသည်။ ခရီးစဉ်အတွင်း ဧရာဝတီမြစ်ကမ်း ဝဲယာတစ်လျှောက်ရှိ မြို့ရွာများ၌ သုံးလေးရက် စသည်ဖြင့် အပူဇော်ခံ၍ ၁၂၇၅ ခုနှစ် တော်သလင်းလပြည့်ကျော် ၄ ရက်နေ့ တစ်လအကြာတွင် ဟင်္သာတမြို့နှင့် လေးမိုင်အကွာ မင်္ဂလာဆိပ်ကမ်းသို့ ဖောင်တော်ဆိုက်ရောက်ပါသည်။

ဖောင်တော်ဆိုက်ရာ ဆိပ်ကမ်း၌ နှစ်ရက်ခန့် ရပ်တန့်သီတင်းသုံးတော်မူပြီးနောက် ဟင်္သာတမြို့နယ်ရှိ ဆရာတော်၊ သံဃာတော်များနှင့် လူထုပရိသတ်ကြီးမှ မင်္ဂလာဖောင်တော်အား လှေ၊ သင်္ဘောများဖြင့်ဆွဲကာ ရွှေပြောင်ပြောင်ဆိပ်ကမ်းသို့ ၁၂၇၅ ခုနှစ် တော်သလင်းလဆုတ် ၇ ရက် တနင်္ဂနွေနေ့ ညနေ ၄ နာရီအချိန်တွင် ရောက်ရှိတော်မူသည်။

မင်္ဂလာဖောင်တော်ပေါ်မှ ကုန်းမြင့်တော်ပေါ်သို့ ပင့်ဆောင်ရာတွင် တံတား၊ စောင်းတန်း၊ လမ်းများ ပြုပြင်ကာ လူအား၊ စက်ယန္တရားအားဖြင့် ၁၂၇၅ ခုနှစ် သီတင်းကျွတ်လဆုတ် ၅ ရက် တနင်္ဂနွေနေ့တွင် ရောက်ရှိတော်မူသည်။

ရောက်ရှိတော်မူရာ ကုန်းမြင့်တော်၌ ယာယီစံကျောင်းတော်ကြီး ဆောက်လုပ်ပြီး ကျောက်တော်ကြီးရုပ်ရှင်တော်မြတ်သည် ရဟန်းရှင်လူ ပြည်သူအပေါင်း၏ ကြည်ညိုပူဇော်မှုကို ခုနှစ်လတိုင်တိုင် ခံယူတော်မူခဲ့ပါသည်။

◆

## ကျောက်တော်ကြီးရုပ်ရှင်တော်မြတ်၏ အံ့ဖွယ်တော် ငါးပါး

(၁) စကျင်ကျောက်တောင်ပေါ်မှ ဖောင်တော်ပေါ်သို့ ပင့်ဆောင်ရာတွင် မိုးမရွာ နေမပူဘဲ အလင်းဓာတ်ဖြင့်သာ ကျေးဇူးပြုခြင်း။

(၂) ဖောင်တော်ဖြင့် ပင့်ဆောင်လာစဉ် မိုးအခါ ဝါခေါင်လပင်ဖြစ်သော်လည်း မြစ်အတွင်း လှိုင်းလေကြမ်းတမ်းခြင်း မရှိဘဲ မြစ်ရေမှာ ပကတိငြိမ်သက်စွာရှိခြင်း။



www.burmeseclassic.com

www.burmeseclassic.com

(၃) ဖောင်တော် ပင့်ဆောင်လာစဉ်အတွင်း (တစ်လခန့်)၌ မိုးမရွာ၊ နေမပူ၊ လေပြင်းမတိုက် ရာသီဥတု သာယာစွာရှိခြင်း၊ ဖောင်တော် ဆိုက်ရောက်တော်မူသည့် အချိန်၌ ဟင်္သာတမြို့တွင် ကျရောက်နေသည့် ကပ်ရောဂါ (ပလိပ်ဖျား) ငြိမ်းအေးသွားခြင်း။

(၄) သီတင်းကျွတ်ကာလ ရေကျချိန် ကုန်းမြင့်တောပေါ်သို့ ပင့်ဆောင်ရန် စောင့်ဆိုင်းနေစဉ် ဧရာဝတီမြစ်ရေများ တရိပ်ရိပ်တက်ကာ ကုန်းထိပ်နှင့် နီးကပ်လာခြင်း။

(၅) အပူဇော်ခံနေစဉ်အတွင်း ပူဇော်သူများ လက်တွေ့ကောင်းကျိုးများ ရရှိပြီး အနိဋ္ဌဖလ ဘေးရန်များ မကြုံတွေ့ရခြင်း။

ဤသည်တို့မှာ ရုပ်ရှင်တော်မြတ်ကြီး၏ အံ့ဖွယ်ငါးသွယ်ပင် ဖြစ်သည်။

## အပရာဇိတပလ္လင်တော်မြတ် တည်ထားတော်မူခြင်း


ကျောက်တော်ကြီးရုပ်ရှင်တော်မြတ် ယာယီစံကျောင်းတော်ဖြင့် သီတင်းသုံး အပူဇော်ခံနေစဉ်အတွင်း ရုပ်ရှင်တော်မြတ်ကြီး ထာဝရသီတင်းသုံးရန် အပရာဇိတ ပလ္လင်တော်မြတ်နန်းတော်တင် မင်္ဂလာအခမ်းအနားကို သက္ကရာဇ် ၁၂၇၅ ခုနှစ် တပို့တွဲလဆန်း ၈ ရက် တနင်္လာနေ့တွင် ကျင်းပခဲ့ပါသည်။

အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကို သက္ကရာဇ် ၁၂၇၅ ခုနှစ် နှောင်းတန်ခူးလဆန်း ၂ ရက် သောကြာနေ့ နံနက် ၈ နာရီ ၂၇ မိနစ် ၃၅ စက္ကန့် မင်္ဂလာအချိန်၌ ကျင်းပခဲ့ပါသည်။

ပလ္လင်တော်မြတ် အတွင်း၌ ရွှေ၊ ငွေ၊ ပုလဲ၊ မြ၊ သန္တာ၊ ကျောက်သား၊ ပတ္တမြား ရတနာခုနစ်ပါးကို မြှုပ်နှံပြီး ရတနာရွှေအုတ်၊ ငွေအုတ်တို့ဖြင့် ဌာပနာသွင်း တည်ထားပါသည်။

ဘုရားဝတ္ထုကံမြေ အာရာမ်အတွင်း၌ နာနာဘာဝ၊ မကောင်းဆိုးဝါး၊ တစ္ဆေများ မကပ်စေရန် ဘုရားရှင်၏ အမိန့်တော်နှင့်ညီ၍ သေနတ်များ ပစ်ဖောက်နိုင်ထုတ်ကြပြီး သံဃာတော်များက ရတနသုတ်၊ မေတ္တာသုတ်၊ အာဋာနာဋိယသုတ် စသည့် ပရိတ်တော်များ ရွတ်ဖတ်ခြင်း၊ သိမ်နှုတ်ကမ္မဝါ၊ ပဗ္ဗာဇနီယ (နှင်ထုတ်ခြင်း) ကမ္မဝါစာများ ရွတ်ဖတ်တော်မူကြပါသည်။

ထို့နောက် အပရာဇိတ ပလ္လင်တော်မြတ်ကြီးအား အလှူတော်ပန်းအမျိုးမျိုးတို့ဖြင့် ပူဇော်ပြီးသောအခါ ၁၂၇၅ ခု နှောင်းတန်ခူးလဆန်း ၁၁ ရက် တနင်္ဂနွေနေ့တွင် အပရာဇိတ ပလ္လင်တော်မြတ်ကြီး အလုံးစုံပြီးမြောက်ခြင်းသို့ ရောက်ရှိတော်မူခဲ့ပါသည်။



ဘုရားရှေ့မျက်နှာစာရှိ ဗောဓိညောင်ပင်

## ကျောက်တော်ကြီးရုပ်ရှင်တော်မြတ်အား ပလ္လင်တော်ပေါ်သို့ ပင့်ဆောင်ခြင်း

ကောဇာသက္ကရာဇ် ၁၂၇၆ ခုနှစ် နယုန်လပြည့်နေ့၌ ကျောက်တော်ကြီးရုပ်ပွားတော်မြတ်ကြီးသည် အပရာဇိတ ပလ္လင်တော်ပေါ်၌ တင့်တယ်စွာဖြင့် အပြီးတိုင်ရောက်ရှိတော်မူခဲ့သည်။ မန္တလေးမြို့မှ ကျောက်ဆစ်ဆရာကြီး ဦးဘိုးဆိုင်နှင့် အဖွဲ့မှ ရုပ်ပွားတော်မြတ်ကြီးအား အပြီးတိုင် ရောင်တော်ဖွင့်ကာ မဟာလောကဥသျှောင် ဟူသောဘွဲ့တော်ကို ဆက်ကပ်ပူဇော်ကြပါသည်။

သာသနာတော်နှစ် ၂၄၅၅ ခု မြန်မာသက္ကရာဇ် ၁၂၇၆ ခု သီတင်းကျွတ်လပြည့် စနေနေ့တွင် ပူဇော်ပွဲကြီး ဆင်ယင်ကျင်းပကာ ရုပ်ပွားတော်မြတ်ကြီး ရွှေမျက်နှာတော် ဖွင့်သဖြင့် မဟာလောကဥသျှောင် ရုပ်ရှင်တော်မြတ်ကြီး တည်ထားပူဇော်ခြင်း ဆုံးခန်းတိုင်မြောက် အပြီးသို့ရောက်ရှိခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

### မဟာလောကဦးသျှောင် ကျောက်တော်ကြီးဘုရား၏ အတိုင်းအတာပမာဏ

၁။ စမ္မခဏ်တော်မှ အထက်ရောင်လျှံတော်အထိ (ဉာဏ်တော်အမြင့်) - ၁၁ တောင် ၂ မိုက်
၂။ နဖူးသင်းကျစ်တော်အလျား - ၃ တောင် ၄ သစ်
၃။ နဖူးသင်းကျစ်တော်အပြန့် - ၈ လက်မ
၄။ ဝဲယာလက်တော်အရှည် - ၆ တောင် ၇ လက်မ
၅။ လက်ညှိုးတော်အရှည် - ၁ တောင် ၆ လက်မ
၆။ လက်သန်းတော်အရှည် - ၁ တောင် ၂ လက်မ
၇။ ဖဝါးတော်အလျား - ၂ တောင် ၇ လက်မ
၈။ ဖဝါးတော်အပြန့် (အနံ) - ၁ တောင်
၉။ ဒူးစွန်းနှစ်ဖက်တော် အကွာအဝေး - ၆ တောင်
၁၀။ စမ္မခဏ်လုံးပတ်တော် - ၁၇ တောင်

### ကျောက်တော်ကြီးရုပ်ပွားတော်မြတ် နှစ်ပေါင်းရှည်ကြာ တင့်တယ်သပ္ပာယ်စွာ စံပယ်နိုင်ရန် တည်ဆောက်ခြင်းလုပ်ငန်းများ

(၁) သက္ကရာဇ် ၁၂၈၁ ခုနှစ် တပို့တွဲလတွင် အလျား ၃၃ ပေ × အနံ ၃၃ ပေ × အမြင့် ၃၈ ပေရှိ ဂန္ဓကုဋိတိုက်တော်ကြီးကို လည်းကောင်း။

(၂) သက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ခူးလတွင် ဂန္ဓကုဋိတိုက်တော်အထက်၌ ပစ္စယာတစ်ထပ်ခံလျက် ဉာဏ်တော်အမြင့် ၂၂ ပေ ၆ လက်မရှိ သစ်သားစေတီတော်ကြီးကို ရွှေထီးတော်တင်လှူပူဇော်၍ လည်းကောင်း။

(၃) သက္ကရာဇ် ၁၂၈၃ ခုနှစ် ဆောင်းဦးတွင် အလျား၊ အနံ ၁၂၇ ပေ ၆ လက်မ၊ အမြင့် ၂၁ ပေ ၆ လက်မရှိ သက်လယ်တော်ကြီးကို ဂန္ဓကုဋိတိုက်တော်၏ ပတ်ပတ်လည်၌ အာရုံခံတန်ဆောင်းနှင့် စောင်းတန်းများ ခြံရံ၍ လည်းကောင်း။

(၄) သက္ကရာဇ် ၁၂၈၄ ခုနှစ် ဝါဆိုလတွင် မန္တလေးမြို့ ရသေ့ကြီးဦးခန္တီထံတွင် သံဖြင့်ပြီးသော နတ်မင်းကြီးရုပ်တုအား အပ်နှံသွန်းလုပ်ပြီးနောက် နတ်ကွန်းနတ်နန်းများဖြင့် ဆောက်လုပ်ပူဇော်ခြင်းကို လည်းကောင်း။

(၅) သက္ကရာဇ် ၁၂၈၆ ခုနှစ် ပြာသိုလတွင် သဒ္ဓမ္မဝိလာသိနီ သိမ်တော်ကြီးနှင့်အတူ သက္ကရာဇ် ၁၂၉၂ ခုနှစ် ကဆုန်လတွင် သံတန်ဆောင်းတော်ကြီးကို လည်းကောင်း။

(၆) သက္ကရာဇ် ၁၃၀၂ ခုနှစ် တပေါင်းလတွင် ဆွေးမြည့်နေသော သစ်သားစေတီကြီးအား သံကူကွန်ကရစ်ကျောက်စေတီဖြင့် အစားထိုးကာ ထီးတော်တင်လှူပူဇော်ခြင်းကို လည်းကောင်း တည်ဆောက်နိုင်ခဲ့ကြောင်း သိရှိရပါသည်။

• စာရေးသူတို့ လက်ရှိဖူးမြင်ရသော ကျောက်စေတီကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်မှာ သက္ကရာဇ် ၁၃၇၂ ခုနှစ် တပေါင်းလ ၁၀-၃-၂၀၁၁ ခုတွင် အသစ်ထပ်မံ ပူဇော်ထားခြင်း ဖြစ်ပါသည်။

ရွှေထီးတော်အထွတ်ဖြစ်သည့် စိန်ဖူးတော်အတွင်း၌ ပြည်တွင်းပြည်ပ သာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မ ကိတ္တိသာရ (မဟာကမ္မဋ္ဌာနာစရိယ)ကိုယ်တော်တိုင် တရုတ်ပြည်သို့ သာသနာပြုခရီး သွားရောက်စဉ်၌ မြတ်ဗုဒ္ဓဘုရားရှင်၏ စွယ်တော်စစ်မှ ဓာတ်တန်ခိုးတော်များ ပေါင်းကူးတော်မူခဲ့သည့် စွယ်တော်ပွားတစ်ဆူ၊ သစ်တောရေးရာဝန်ကြီးဌာနမှ လှူဒါန်းသည့် သီရိလင်္ကာနိုင်ငံရှိ မြတ်ဗုဒ္ဓစွယ်တော်စစ် (သီဟိုဠ်စွယ်တော်)နှင့်အတူ ကိန်းဝပ်စံပယ်ကာ ဓာတ်တန်ခိုးတော်များ ပေါင်းကူးခဲ့သည့် စွယ်တော်ပွားတစ်ဆူ ပေါင်းနှစ်ဆူနှင့်အတူ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန် အဂ္ဂသာဝကကြီးနှစ်ပါးနှင့် အသီတိမဟာသာဝကများ၏ သရီရဓာတ်တော်စစ်များအပြင် ကာလတန်ဖိုး (သိန်းသုံးရာ)ကျော် တန်ဖိုးရှိ ရတနာပစ္စည်းများ ပါဝင်သည်။

မဟာလောကဦးသျှောင် ကျောက်တော်ကြီး စေတီတော်မြတ်၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်နှင့် စေတီတော်သမိုင်းစာအုပ် အလှူရှင်မှာ ပြည်တွင်းပြည်ပ သာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မ ကိတ္တိသာရ (မဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) နှင့် ဗိုလ်ချုပ်တင်ဌေ (ငြိမ်း) + ဒေါ်လှလှသိန်း မိသားတစ်စု ဖြစ်ပါသည်။

မှတ်ချက် - စေတီတော်သမိုင်းစာအုပ်အား ကိုရွှေသောင်းဝင်းမှ စီစဉ်ပူဇော်ပါသည်။

ကိုယ်ကျန်းမာ၍ စိတ်ချမ်းသာကြပါစေ။

**မနင်းဝေ(ဟသာင်္တ)**

**စာကိုး** - ဟင်္သာတမြို့ မဟာလောကဦးသျှောင် ကျောက်တော်ကြီး ရုပ်ရှင်တော်မြတ်သမိုင်း။

❑



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူခဲ့သော တရားတော်

# ညာလက်ကလေးနဲ့ ခေါင်းသိုက်စမ်းပါ

(အနတ္တလက္ခဏာဉာဏ်)



www.burmeseclassic.com

www.burmeseclassic.com



## နဂိုက အနတ္တ မသိခဲ့လို့

အနတ္တကို မသိခဲ့လို့ (လက္ခဏာပြတော့ အပါယ်သွားပါတယ် ဘုရား)။ ကိုင်း- ဒီဥစ္စာ ဆုံးဖြတ်ချက်ကျပြီ ဒကာ၊ ဒကာမတို့ ဆုံးဖြတ်ချက်ကျပြီ၊ မကျသေးဘူးလား (ကျပါတယ် ဘုရား)။

နဂိုကိုက ဘာမသိခဲ့တုံး (အနတ္တမသိခဲ့ပါဘူး ဘုရား)။ ဘယ်သိမတုံးဗျ ဒီလိုဆရာသမားကောင်းနဲ့ ရုပ်မှာ အကြောင်းတရားလေးပါးက ပြုပြင်ထားတာ၊ မင်းတို့ဟာ မဟုတ်ဘူး အစောကြီးက မသိဘူး (မှန်ပါ့)။

နာမ်မှာ အကြောင်းတရား နှစ်ပါးက ပြုပြင်ထားတာ မင်းတို့ဟာ မဟုတ်ဘူးလို့ ဒီလိုက သိမထားတော့ကို ဒီလို ပင်ကိုပေါ်လာတာလေးကို ကံကောင်းလို့ သားကောင်းလေး ထွန်းကားလာတယ်၊ သမီးကောင်းလေး ထွန်းကားလာတယ်။

## ကမ္ဘဝါဒီ ဒိဋ္ဌိဖြစ်နေတယ်

ကံပေါ်မှာချည်း ယူချလိုက်တယ် (မှန်လှပါ ဘုရား)။ သဘောကျပလား (ကျပါတယ် ဘုရား)။ ကံပေါ်မှာချည်း ယူချလိုက်တဲ့အခါကျတော့ ကမ္မဝါဒီဒိဋ္ဌိ ဖြစ်သွားတယ် (မှန်ပါ့)။ ဒီကံချည်း ပြုပြင်လို့ရတာလားဆိုတော့ ဒီကလေး၏ ရုပ်နာမ်မှာ ဦးဘတင် လေးပါးမနေလားဗျာ (လေးပါးပါ ဘုရား)။ လေးပါး တစ်ပါးယူတော့ သူဒိဋ္ဌိ ဟုတ်၊ မဟုတ် (ဟုတ်ပါတယ် ဘုရား)။ သဘောကျပလား (ကျပါတယ် ဘုရား)။

လေးပါး တစ်ပါးတည်းယူတော့ (ဒိဋ္ဌိပါ ဘုရား)။ ဒိဋ္ဌိပဲ၊ ဒိဋ္ဌိဖြစ်ရတာ အကြောင်းမစုံလို့ ဖြစ်ရတာချည့်မှတ် (မှန်ပါ့ ဘုရား)။ ကောင်းပြီ ဒါဖြင့် ဒကာ၊ ဒကာမတို့ ဘုရားအဆူဆူနဲ့ လွှဲခဲ့တာ အနတ္တလည်း မသိခဲ့လို့ပါ ဘုရား၊ လက္ခဏာပြတော့လည်း ဘုရားနဲ့ရန်ဖြစ်ပါတယ် ဘုရား။ ရိပ်မိပလား (ရိပ်မိပါတယ် ဘုရား)။ ဒါ ကျပ်ကျပ်စဉ်းစားပါ ခင်ဗျားတို့၊ သေချာစဉ်းစား၊ သေချာစဉ်းစား၊ ဘုန်းကြီးက ဒကာ၊ ဒကာမတွေ ဝမ်းထဲမှာ ဒီအတိုင်းရှိတယ်ဆိုတဲ့ ဥစ္စာကိုပဲ တစ်သံသရာလုံးက ဒီအတိုင်း ရှိတယ်ဆိုတော့ ဦးဘတင် ရှင်းအောင် ပြောနေတာ (မှန်လှပါ ဘုရား)။

အနတ္တကော သူတို့သိရဲ့လား (မသိပါဘူး ဘုရား)။ ကဲ- အနတ္တမသိတဲ့အတွက် လက္ခဏာပြလိုက်သည်နဲ့ တစ်ပြိုင်နက်တည်း ဒကာ၊ ဒကာမတွေ ဘုရားနဲ့ ရန်ဖြစ်၊ တရားနဲ့ ရန်ဖြစ်တယ် (မှန်လှပါ ဘုရား)။ မဖြစ်သေးဘူးလား၊ ဖြစ်လား (ဖြစ်ပါတယ် ဘုရား)။ ဘာကြောင့်၊ လက္ခဏာပြတော့ တရားနဲ့ ရန်ဖြစ်ပါလိမ့်မတုံး၊ ဘုရားနဲ့ ရန်ဖြစ်ပါလိမ့်မတုံး မေးကြည့်စမ်း ဦးဘတင်။

အနတ္တ မသိလို့၊ မူလ အနတ္တကို မသိလို့ (မှန်ပါ့)။ ရှင်းပလား (ရှင်းပါပြီ ဘုရား)။ ဘာမသိတာပါလိမ့် (မူလ အနတ္တကို မသိတာပါ ဘုရား)။

## အတ္တဒိဋ္ဌိနဲ့ အမြဲနေခဲ့တယ်

ဒါဖြင့် ခင်ဗျားဘို့သည် အနတ္တလည်း မသိ၊ လက္ခဏာလည်း မသိဘဲ ဖြစ်ပြီးနေခဲ့တော့ အတ္တဒိဋ္ဌိနဲ့ အမြဲနေခဲ့လေရဲ့ (မှန်လှပါ ဘုရား)။

သတ္တုချပြီ ဦးဘတင် (မှန်လှပါ)။ သတ္တုချပြီဆိုတော့ ဒီမရောက်ဘူးလား (ရောက်ပါတယ် ဘုရား)။ သေသေချာချာ ရောက်ပြီနော် ဒကာ၊ ဒကာမတို့ (မှန်လှပါ)။ အသေအချာ မရောက်သေးဘူးလား (ရောက်ပါတယ် ဘုရား)။ ကောင်းပြီ။ ဒါဖြင့် ယနေ့ရှင်းရတာ ဝိပဿနာရှုတဲ့နေရာမှာဖြင့် ခင်ဗျားတို့ ချက်ချင်းပဲ မဂ်ဖိုလ်ဆိုက်အောင်လို့ ဒီဉာဏ်ကို ရှေ့က ပြောနေတာ (မှန်လှပါ ဘုရား)။ ဒီဉာဏ်ကို ရှေ့က ပြောနေတာ၊ တစ်လုံးတည်း မိလိုက်ရင် ကိစ္စပြီးအောင်လို့ ဦးခင်မောင်ရဲ့ အရေးတကြီး ပြောနေတာနော် (မှန်လှပါ ဘုရား)။

ကိုင်း- ဒါဖြင့် ဒကာ၊ ဒကာမတို့ ခန္ဓာငါးပါးဟာ ရှိနေတုန်း ဘာတရား ခေါ်ကြမယ် (အနတ္တပါ ဘုရား)။ ဖောက်ပြန်ပျက်စီးသွားရင် (လက္ခဏာပါ ဘုရား)။ ကောင်းပြီ၊ ဒါဖြင့် အနတ္တနဲ့ လက္ခဏာဆိုတာကော ရှင်းသွားပလား (ရှင်းပါပြီ ဘုရား)။

အဲဒီ လက္ခဏာအနတ္တကိုလည်းသိ၊ လက္ခဏာကိုလည်းသိတဲ့ ဉာဏ်မှသာလျှင် ဘာဉာဏ်ခေါ်ကြမယ် (အနတ္တလက္ခဏာဉာဏ်ပါ ဘုရား)။ အောင်မယ်လေး ဦးဘတင်တို့ မနည်းပြောရပါလား (မှန်လှပါ ဘုရား)။ အနတ္တလက္ခဏာဉာဏ်ကလေးဖြစ်ဖို့ကို အနတ္တကို မသိတုန်းကလည်း ဉာဏ်မလာနိုင်ဘူးဗျ (မှန်လှပါ)။

လက္ခဏာကိုမပြရင်လည်း (ဉာဏ်မလာပါဘူးဘုရား)။ ဉာဏ်မလာနိုင်ဘူးဆိုတော့ အနတ္တလက္ခဏာဉာဏ်ဆိုတဲ့ဥစ္စာ အနတ္တလည်း သိဦးမှ၊ လက္ခဏာလည်း (သိဦးမှပါ ဘုရား)။ ဒါမှ ဘာဉာဏ်ဖြစ်မတုံး (အနတ္တလက္ခဏာဉာဏ်ပါ ဘုရား)။





www.burmeseclassic.com

www.burmeseclassic.com

အဲဒီဉာဏ်ကမှလည်း ခုနက အတ္တဒိဋ္ဌိ ဖြုတ်နိုင်တာကိုးဗျ (မှန်လှပါ)။ နို့မဟုတ်ရင် ဖြုတ်နိုင်ပါ့မလား (မဖြုတ်နိုင်ပါဘူး ဘုရား)။

ဩော်- ဒကာ၊ ဒကာမတွေ နားကြီးကြီးနဲ့ ထောင်ပြီး ဒီတရားတစ်လုံးတည်းနဲ့ ခင်ဗျားတို့ လိုရာခရီး ဆိုက်တော့မယ် ဆိုတာ ဆုံးဖြတ်ချက်ချပါ (မှန်လှပါ ဘုရား)။ ရှင်းပြီလား ဉာဏ်ထဲမှာ (ရှင်းပါပြီ ဘုရား)။

အသေအချာ ရှင်းကြပါ၊ အသေအချာ ရှင်းကြပါ။ မရှင်း ပြန်ပြောနေမှာပဲ (မှန်ပါ့)။ မရှင်းရင်တော့ ရှင်းသထက် ရှင်းအောင် ပြောရမှာပဲ (မှန်လှပါ)။

## ခန္ဓာငါးပါး တစ်ပါးပါးပေါ်ရင် အနတ္တာ

ခုတော့ သေချာပလား (သေချာပါပြီ ဘုရား)။ တရားဓမ္မကလေးတွေ ခန္ဓာကိုယ်ထဲမှာ ခန္ဓာငါးပါး တစ်ပါးပါးပေါ်ရင် ဘာဆိုကြမယ် (အနတ္တပါ ဘုရား)။

အင်း- အဲဒါလေးသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ဒကာ၊ ဒကာမတို့ ရှေ့ဉာဏ်အောက်မှာပဲ ပျောက်သွားပါလိမ့်မယ် (မှန်လှပါ ဘုရား)။ ဟုတ်ဘူးလား (မှန်လှပါ)။

## ပျောက်သွားတဲ့အခါ လက္ခဏာ

ဉာဏ်အောက်မှာပဲ ပျောက်သွားတဲ့အခါကျတော့ သူက ဘာပြောသွားတုံး (လက္ခဏာ ပြောသွားပါတယ် ဘုရား)။ လက္ခဏာပြောသွားတော့ ခင်ဗျားတို့ ဉာဏ်ထဲမှာ ဘယ်ဉာဏ် ရလိုက်သတုံးလို့မေးရင် ဘယ့်နှယ်ပြောမတုံး (အနတ္တလက္ခဏာဉာဏ်ပါ ဘုရား)။

အနတ္တသိတဲ့ ဉာဏ်လည်း ရတယ် (မှန်လှပါ)။ လက္ခဏာ (သိတဲ့ဉာဏ်လည်း ရပါတယ် ဘုရား)။ ဒါဖြင့် ပေါင်းလိုက်တော့ (အနတ္တလက္ခဏာဉာဏ်ပါ ဘုရား)။ အနတ္တလက္ခဏာဉာဏ် သေသေချာချာ ရတယ် (မှန်လှပါ)။ ရှင်းပြီလား (ရှင်းပါပြီ ဘုရား)။

## ဘာဉာဏ် ရပါလိမ့်

ဘာဉာဏ် ရပါလိမ့် (အနတ္တလက္ခဏာဉာဏ် ရပါတယ် ဘုရား)။ အင်း- ပေါ်တာသိတုန်းက ဘာရတုံး (အနတ္တပါ ဘုရား)။ ပျက်တာသိတော့ (လက္ခဏာပါ ဘုရား)။

ဩော်- ပေါင်းလိုက်တော့ (အနတ္တလက္ခဏာဉာဏ်ပါ ဘုရား)။ ဒါဖြင့် အနတ္တလက္ခဏာဉာဏ် ရောက်ချင်လို့ရှိရင် အနည်း ခန္ဓာတစ်ပါးပါး၏ ဖြစ်မှုနဲ့ ပျက်မှုဟာ မပါရင် မပြီးသေးဘူးပေါ့ဗျာ (မှန်လှပါ)။

## ဖြစ်မှု ပျက်မှုပဲ

ဦးဘတင် ပြီးပါ့မလား (မပြီးပါဘူး ဘုရား)။ မပြီးဘူးဆိုတာ သဘောကျပလား (ကျပါတယ် ဘုရား)။ ကဲ- နောက်ဆုံးပိတ်ကျတော့ ဖြစ်ပျက်သာပြန်ဝင်တာပဲ (မှန်လှပါ ဘုရား)။ ဦးဝကြီး ကျေနပ်ပလား (ကျေနပ်ပါတယ် ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒီထက်ရှင်းအောင် ဘုန်းကြီးက ပြောပါဦးမယ်။ ခုတော့ဖြင့် ဒကာ၊ ဒကာမတွေ အနတ္တ လက္ခဏာဉာဏ်ကလေး တစ်ခု ဝေဒနာလေး ကြည့်လိုက်ပြန်လည်း ဝေဒနာပေါ်လာရင် အနတ္တ၊ ပျောက်သွားရင် (လက္ခဏာပါ ဘုရား)။

မြင်လိုက်တာလေးက (ဉာဏ်ပါ ဘုရား)။ ဉာဏ် ဘာဉာဏ် ခေါ်ကြမယ် (အနတ္တလက္ခဏာဉာဏ်ပါ ဘုရား)။ အနတ္တလက္ခဏာဉာဏ် ဖြစ်သွားပြီဆိုတာ သေချာပလား (သေချာပါပြီ ဘုရား)။

ကောင်းပြီ၊ ဒါက ဆရာဘုန်းကြီးက ရှင်းသထက်ရှင်းအောင် ပြောတာ (မှန်လှပါ)။ ဘုရားက မင်းတို့ ဒီထက်ရှင်းအောင် ငါပြောမယ်ဆိုပြီး ဆဆက္ကသုတ်ကျပြန်တော့ ဦးခင်မောင် လာပြန်ပြီ (မှန်လှပါ)။

ဆဆက္ကသုတ်က ဘယ်လိုများ လာလိုက်သတုံးဆိုတော့ ဟောဒီကံဆိုတာလည်း စေတနာမဟုတ်လား ဒကာ၊ ဒကာမတို့ (မှန်လှပါ ဘုရား)။ သူ့ကိုယ်တိုင်က နာမ်ဓမ္မဖြစ်နေသောကြောင့် အတိတ်က နာမ်ဓမ္မအဖြစ်နဲ့ သူ့ကိုယ်တိုင်က အနတ္တမို့ သူက ပြုပြင်တာ ဘယ်လိုဆိုကြမယ် (အနတ္တပါ ဘုရား)။ ဩော်- ဒါက ပိုရှင်းသေး (မှန်ပါ့)။ မရှင်းဘူးလား (ရှင်းပါတယ် ဘုရား)။

## အကြောင်းအနတ္တာမို့ အကျိုးအနတ္တာ

အကြောင်း အနတ္တမို့ ဘယ်လိုဆိုကြမယ် (အကျိုး အနတ္တပါ ဘုရား)။ ဩော်- သဘောကျပြီနော် (ကျပါတယ် ဘုရား)။ အကြောင်း အနတ္တမို့ (အကျိုး အနတ္တပါ ဘုရား)။ ဒါဖြင့် ဒကာ၊ ဒကာမတို့ ခင်ဗျားတို့က သူ့ပြုပြင်တဲ့ ခု တရား နာနေကြတဲ့ ခန္ဓာငါးပါး ရှိပါတယ် (မှန်လှပါ)။

သူ့ပြုပြင်တဲ့ အကြောင်းကိုက ဘာတွေတုံး (အနတ္တပါ ဘုရား)။ ဩော်- ဒါဖြင့် အကျိုးတရားက ခိုင်ချင်၊ မြဲချင်

www.burmeseclassic.com

တည်တံ့ချင်လို့တော့ ရပါ့မလား (မရပါဘူး ဘုရား)။ ဘယ့်နှယ် ဆိုမတုံး ဒါဖြင့် အကျိုးတရားကို (အနတ္တပါ ဘုရား)။ ဒါဖြင့် ဒီသင်္ခါရတရားကြီး ဘယ့်နှယ်ဆိုကြမယ် (အနတ္တပါ ဘုရား)။ သဘောကျပလား (ကျပါတယ် ဘုရား)။

တော်တော် ပေါ်သွားပြီ (မှန်ပါ့)။ ဦးခင်မောင် ပေါ်ပလား (ပေါ်ပါပြီ ဘုရား)။ ဦးဘတင် ပေါ်ပလား (ပေါ်ပါပြီ ဘုရား)။ အကြောင်းကိုက ဘာပါလိမ့် (အနတ္တပါ ဘုရား)။ ဒါဖြင့် ကျုပ်တို့ ခုထိုင်နေတဲ့ ရုပ်နာမ်ကြီး ဘာခေါ်ကြပါ့ (အနတ္တပါ ဘုရား)။ အနတ္တပဲ ဆိုတာ သေချာပလား (သေချာပါပြီ ဘုရား)။

ကိုင်း- ဒါဖြင့် အနတ္တ ဟုတ်တယ်၊ မဟုတ်တယ် ခဏလေး စောင့်ကြည့်လိုက်ရင် ဘာတွေများ ပြောမယ်ထင်တုံး (လက္ခဏာ ပြောမှာပါ ဘုရား)။

လက္ခဏာ အသေအချာ ပြောတော့မယ် (မှန်လှပါ)။ မပြောပေဘူးလား (ပြောမှာပါ ဘုရား)။ ယားတဲ့နေရာလေး ဒကာ၊ ဒကာမတွေက အင်း- ယားတဲ့နေရာ ဝေဒနာက္ခန္ဓာလေး ပေါ်တယ်။ စောင့်ကြည့်နေစမ်း၊ ဖျတ်ဆို ပျောက်သွားတယ် (မှန်လှပါ ဘုရား)။ မပျောက်ဘူးလား (ပျောက်ပါတယ် ဘုရား)။ အင်း ယားတာက အနတ္တ (မှန်ပါ့)။ ယားတာက သူ ယားချင်လို့ ယားတာလား၊ အကြောင်းက တိုက်ဆိုင်လို့ ယားတာလား (အကြောင်းက တိုက်ဆိုင်လို့ ယားတာပါ ဘုရား)။

အင်း- ဟိုက ဖော့ဋ္ဌဗ္ဗာရုံဆိုတဲ့ ယားတတ်တဲ့ မြေမှုန့်တို့ ဘာတို့နဲ့ ထိလို့ ယားတတ်တဲ့ ဝေဒနာလေး ပေါ်လာတာ (မှန်ပါ့)။ ကိုယ်လုပ်တဲ့ဝေဒနာ ဟုတ်ပါရဲ့လား (မဟုတ်ပါဘူး ဘုရား)။

အင်း- စောင့်ကြည့်နေတော့လည်း ပျောက်သွားတယ် (မှန်ပါ့)။ ပျောက်သွားတော့ နဂိုပေါ်တုန်းက အနတ္တ၊ ပျောက်သွားတော့ လက္ခဏာ သဘောကျပလား (ကျပါတယ်ဘုရား)။ ဒါဖြင့် ခင်ဗျားတို့မှာ ဘယ်ဉာဏ်ရပါလိမ့် (အနတ္တလက္ခဏာဉာဏ် ရပါတယ် ဘုရား)။

အနတ္တလက္ခဏာဉာဏ် ရလိုက်တော့ကို ဒကာ၊ ဒကာမတို့ ပဋိစ္စသမုပ္ပါဒ် ပြတ်ထွက်သွားတယ် (မှန်လှပါ ဘုရား)။ ကဲ- ရှေ့ကြည့်ကြပါ၊ ပဋိစ္စသမုပ္ပါဒ်ပြတ်ပုံ ရှင်းပြလိုက်မယ်နော်။ ဟောဒီ ခန္ဓာငါးပါးကို ဘာခေါ်ကြမယ် ဒကာ၊ ဒကာမတို့ (အနတ္တပါ ဘုရား)။ အနတ္တ ပျက်သွားရင် (လက္ခဏာပါ ဘုရား)။ လက္ခဏာ။

## အနတ္တလက္ခဏာဉာဏ်ဆိုတာ မဂ္ဂင်ငါးပါး

အဲဒီ အနတ္တနဲ့ လက္ခဏာကို နှစ်ခုစလုံးသိတာလေးကို ဘာခေါ်ကြမယ် (အနတ္တလက္ခဏာဉာဏ်ပါ ဘုရား)။ အနတ္တလက္ခဏာဉာဏ်ဆိုပြီး ဒီက အနတ္တလက္ခဏာဉာဏ်ဆိုတာ ဒကာ၊ ဒကာမတွေက မှတ်လိုက်ပါတော့ မဂ္ဂင်ငါးပါးပါပဲ (မှန်ပါ့)။

ဒီခန္ဓာငါးပါး တစ်ပါးပါးကို အနတ္တလက္ခဏာဉာဏ် ပေါ်အောင် လုပ်ရမယ်ဆိုတာက မဂ္ဂင်ပေါ်လာတာ (မှန်လှပါ)။ သဘောကျပလား (ကျပါတယ် ဘုရား)။ ဘာပေါ်လာတုံး (မဂ္ဂင်ပေါ်လာပါတယ် ဘုရား)။ မဂ္ဂင်ပေါ်လာတယ်ဆိုတာ ကောင်းကောင်းသေချာပလား (သေချာပါတယ် ဘုရား)။

## သမ္မာဒိဋ္ဌိ ခေါင်းဆောင်နေတယ်

ဩော်- ဒါသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် မဂ္ဂင်ထဲမှာလည်း ဦးဘတင်က ကြည့်လိုက်စမ်း၊ မဂ္ဂင်ထဲ ဘယ်သူ ခေါင်းဆောင်နေတုံးဆိုတော့ သမ္မာဒိဋ္ဌိ ခေါင်းဆောင်နေတယ် (မှန်ပါ့)။ သမ္မာဒိဋ္ဌိ ခေါင်းဆောင်နေတော့ ခုနင်က အနတ္တလက္ခဏာဉာဏ်ထဲမှာ သမ္မာဒိဋ္ဌိက ခေါင်းဆောင်နေတယ်ဆိုတာ မသေချာဘူးလား (သေချာပါတယ် ဘုရား)။ နဂိုက ငါ့ကိုယ် ငါ့ဟာ လုပ်နေတာ မိစ္ဆာဒိဋ္ဌိက ခေါင်းဆောင်တယ် (မှန်လှပါ ဘုရား)။

အင်း- နဂိုတုန်းကတော့ ခန္ဓာငါးပါး ငါ့ကိုယ် ငါ့ဟာ လုပ်တုန်းက (မိစ္ဆာဒိဋ္ဌိက ခေါင်းဆောင်နေပါတယ် ဘုရား)။ ခုတော့ သမ္မာဒိဋ္ဌိ ခေါင်းဆောင်တယ်ဆိုကတည်းက မိစ္ဆာဒိဋ္ဌိဟာ လောဘနဲ့ တွဲနေတော့ လောဘနဲ့ တွဲနေတဲ့ ဒိဋ္ဌိဟာ ဒီနေရာမှာ ဒိဋ္ဌိတဏှာ မပြတ်ဘူးလား (ပြတ်ပါတယ်ဘုရား)။

## တဏှာပြတ်တယ်

ဒါဖြင့် တဏှာပြတ်တော့ တဏှာနောက်က လိုက်တဲ့ ဥပါဒါန် (ပြတ်ပါတယ် ဘုရား)။ ကံတွေ (ပြတ်ပါတယ် ဘုရား)။ အင်း- ဘယ့်နှယ်ကြောင့် ပြတ်ပါလိမ့်မတုံးဆိုတော့ အို- သမ္မာဒိဋ္ဌိမဂ္ဂင်ငါးပါး ပေါ်လာလို့ (မှန်လှပါ ဘုရား)။ ဝိပဿနာမဂ္ဂင် ပေါ်လာလို့ (မှန်လှပါ ဘုရား)။ ရှင်းကြပလား (ရှင်းပါပြီ ဘုရား)။

ဘာပေါ်လာပါလိမ့် (ဝိပဿနာမဂ္ဂင် ပေါ်လာလို့ပါ ဘုရား)။ ဒါဖြင့် ပဋိစ္စသမုပ္ပါဒ် ပြတ်၊ မပြတ် (ပြတ်ပါတယ် ဘုရား)။



www.burmeseclassic.com

www.burmeseclassic.com

## ပဋိစ္စသမုပ္ပာဒ် ပြတ်တယ်

ဘယ်က စပြတ်သတုံးဆိုတော့ ဒိဋ္ဌိနဲ့ရောနေတဲ့တဏှာက စပြတ်တယ် (မှန်လှပါ ဘုရား)။ ဦးခင်မောင် ဘယ်က စပြတ်တုံး (ဒိဋ္ဌိနဲ့ ရောနေတဲ့ တဏှာက စပြတ်ပါတယ် ဘုရား)။ ဒိဋ္ဌိနဲ့ တဏှာနဲ့ကလည်း တွဲရက်မို့လား (တွဲရ... ဘုရား)။ သဂြိုဟ်ရတဲ့ ပုဂ္ဂိုလ်များ လူတိုင်း သိပါတယ် (မှန်လှပါ ဘုရား)။

လောဘနဲ့ ဒိဋ္ဌိက တွဲရက်ပါကွာ။ အဲတော့ ဒီလောဘ ဒိဋ္ဌိက ပြတ်မသွားဘူးလား (ပြတ်သွားပါတယ် ဘုရား)။ ပြတ်သွားတော့ ဥပါဒါန်ကကော (ပြတ်ပါတယ် ဘုရား)။ အင်း- ဥပါဒါန်ရှိမှ လာမယ့်ကံကကော (မလာပါဘူး ဘုရား)။ မလာတော့ဘူးဆိုတော့ ဩော်- အနတ္တလက္ခဏာဉာဏ်သည် ဒိဋ္ဌိကို ဖြတ်တယ်လို့ ဆိုတာကော သဘောပေါက်လား (သဘောပေါက်ပါတယ် ဘုရား)။ တဏှာလည်း ရောပါသွားလေရဲ့ကော (ဆိုနိုင်ပါတယ် ဘုရား)။ ဆိုနိုင်ကြပြီမို့လား (ဆိုနိုင်ပါတယ် ဘုရား)။

ဩော်- ဒါဖြင့် သာမညမဟုတ်ပါလား ဆိုတဲ့ဥစ္စာ ဒကာ၊ ဒကာမတွေ ရှင်းသွားတယ် (ရှင်းပါတယ် ဘုရား)။

ဩော်- တကယ့် ပဋိစ္စသမုပ္ပာဒ် တကယ်ပြတ်ပါလား ဆိုတော့ ကိုယ်သွားရာ လမ်းခရီးကြီး၊ ကိုယ့်စိတ်စဉ်တန်းကြီး ဒါကြီးကိုပင်လျှင် ဒီအစဉ်တိုင်းသာ ဒိဋ္ဌိမပြုတ်ရင် ဒီအစဉ်တိုင်း သွားပြီးသကာလ အပါယ်လေးပါးကျအောင်ပဲ၊ ခန္ဓာတွေပေါ်ပြီး ဆင်းရမှာ ဖြစ်နေတာကြီး၊ ယခုတော့ဖြင့် အရှင်းကြီး ရှင်းသွားပြီလို့ ဒကာ၊ ဒကာမတွေ ဆိုနိုင်ကြပါလား (ဆိုနိုင်ပါတယ် ဘုရား)။

## ပဋိစ္စသမုပ္ပာဒ် ပြတ်၊ မပြတ် ချိန်ကြစမ်းပါ

ကိုင်း- ဒါဖြင့် ဦးခင်မောင်ရေ၊ ပဋိစ္စသမုပ္ပာဒ် ပြတ်၊ မပြတ် ချိန်ကြစမ်းပါဦး (ပြတ်ပါတယ် ဘုရား)။

ဘယ်ဉာဏ်က ဖြတ်လိုက်ပါလိမ့် (အနတ္တလက္ခဏာဉာဏ်ကပါ ဘုရား)။ ကိုင်း- ဒကာ၊ ဒကာမတို့ အနတ္တ တစ်လုံးပေါ်ရင် နိဗ္ဗာန်ရောက်ပါတယ်ကွလို့ ပြောတော့ အပေါ်ယံဖြစ်နေတယ် (မှန်လှပါ ဘုရား)။

ခုတော့ အနတ္တလက္ခဏာဉာဏ်က ပဋိစ္စသမုပ္ပာဒ်ဖြတ်လိုက်တယ်ကွဆိုမှ ဩော်- သံသရာပြတ်ပါပေါ့ဆိုတာ ပျောက်သွားတယ် (မှန်လှပါ ဘုရား)။

မသေချာဘူးလား (သေချာပါတယ် ဘုရား)။ အင်း... အဖိုးတန်သွားပြီ ဒကာ၊ ဒကာမတို့ (မှန်လှပါ ဘုရား)။

မတန်သေးဘူးလား (တန်ပါတယ် ဘုရား)။ ကောင်းပြီ၊ ဒါဖြင့် ပဋိစ္စသမုပ္ပာဒ်ပြတ်အောင် လုပ်နိုင်တာဖြင့် အနတ္တလက္ခဏာဉာဏ် ဆိုတာဖြင့် ဦးဝ သေချာပလား (သေချာပါပြီ ဘုရား)။

ဒါဖြင့် ဒါ သစ္စာရတရား၊ ရွှေပိုင်းက ငါးပါးဟာ ဘာတရားတွေတုံး (သစ္စာရတရားပါ ဘုရား)။ အဲဒီ သစ္စာရတရားတွေဟာ ဘယ်တော့မှ မြဲတယ်မရှိဘူးဆိုတော့ ပျက်စီးတာချည်းပဲ မနေဘူးလား (နေပါတယ် ဘုရား)။

အဲဒီတော့ သစ္စာရတရားလို့ သိထားတုန်းက အနတ္တဉာဏ် ရပြီ၊ အနတ္တ ရသွားပြီ (မှန်လှပါ)။ ပျက်တာလေး သိလိုက်တော့ အနတ္တလက္ခဏာဉာဏ် ရသွားပြီ (မှန်လှပါ)။ ဒါဖြင့် အနတ္တ သိတာလည်း ဉာဏ် (မှန်ပါ)။ လက္ခဏာ သိတာလည်း (ဉာဏ်ပါ ဘုရား)။ ဉာဏ်ပဲတဲ့။

## ဒီဉာဏ်သည် ပဋိစ္စသမုပ္ပာဒ် အလယ်က ဖြတ်တယ်

ဒကာ၊ ဒကာမတို့၊ အဲဒီဉာဏ်သည် ဘာကို နှိမ်နင်းဖျက်ဆီးလိုက်ပါလိမ့်မလဲ မေးလိုက်တဲ့အခါကျတော့မှ ပဋိစ္စသမုပ္ပာဒ် အလယ်က ဖြတ်ပါတယ်ဘုရားလို့ ဆုံးဖြတ်ချက်ချ (မှန်လှပါ ဘုရား)။ ဘယ်လို ဆုံးဖြတ်ချက်ချမတုံး (ပဋိစ္စသမုပ္ပာဒ် အလယ်က ဖြတ်ပါတယ် ဘုရား)။ အင်း- ဒိဋ္ဌိတဏှာက စဖြတ်လိုက်တယ် (မှန်ပါ)။ သဘောကျပလား (ကျပါတယ် ဘုရား)။

## အစကလည်း ပြတ်တယ်

တစ်ခါ ပဋိစ္စသမုပ္ပာဒ် အစကလည်း ဖြတ်ပါတယ်ဘုရားလို့ဆိုရင်လည်း သမ္မာဒိဋ္ဌိက ဝိဇ္ဇာဖြစ်သွားပြန်တယ် (မှန်လှပါ ဘုရား)။ ဒါဖြင့် ပဋိစ္စသမုပ္ပာဒ် အစကလည်းပြတ်၊ အလယ်ကလည်း ပြတ်သည် ဖြစ်လေသောကြောင့် ဒကာ၊ ဒကာမတို့ နိဗ္ဗာန်ဆု မတောင်းလည်း ရှုသာနေ၊ ရတယ် (မှန်ပါ ဘုရား)။

ဆုမတောင်းနဲ့တော့ (မှန်လှပါ)။ ဦးဘတင် ဆုတောင်းချင်ရင် (မလိုပါဘူး ဘုရား)။ မလိုပါဘူးတဲ့ အဝိဇ္ဇာချုပ်လို့ရှိရင် ဝိဇ္ဇာဥဒပါဒိ ဖြစ်တာပဲ (မှန်လှပါ)။ သဘောကျပလား (သဘောကျပါတယ် ဘုရား)။

ကောင်းပြီ၊ ဒကာ၊ ဒကာမတို့ ဒါဖြင့် အနတ္တလက္ခဏာဉာဏ်ဟာဖြင့် သစ္စာရတရားကို သိမှ အနတ္တလက္ခဏာဉာဏ်ဟာ ပေါ်မယ် (မှန်လှပါ ဘုရား)။





www.burmeseclassic.com

www.burmeseclassic.com

သင်္ခါရတရား မသိရင် (အနတ္တလက္ခဏာဉာဏ်ဟာ မပေါ်ပါဘူး ဘုရား)။ အဲ- သင်္ခါရတရား သိတော့မှ သူများ လုပ်ထားတာကိုးလို့ နဂိုက သိထားတော့မှ ဩော်- အဲဒီက အနတ္တ သိတယ် (မှန်လှပါ ဘုရား)။ နောက် သင်္ခါရတရားက သူများလုပ်ထားတာမို့ မခိုင်လို့ ပျက်သွားတဲ့အခါကျတော့မှ လက္ခဏာသိတယ် (မှန်လှပါ ဘုရား)။

## သင်္ခါရ သိမှ အနတ္တလက္ခဏာ သိမယ်

ဒါဖြင့် သင်္ခါရကို မသိဘဲနဲ့ အနတ္တလက္ခဏာ သိဖို့ အရေးဟာဖြင့် မရှိဘူးလို့ မှတ်လိုက် (မှန်လှပါ ဘုရား)။ ပေါ်ကြပလား (ပေါ်ပါပြီ ဘုရား)။

သင်္ခါရ သိမှနော် (မှန်လှပါ ဘုရား)။ အနတ္တလက္ခဏာ သိနိုင်တယ် (မှန်လှပါ ဘုရား)။ စကားကတော့ဖြင့် တခြားစီ ပဲလို့ ထင်ချင်ထင်ကြမယ်ပေါ့ဗျာ (မှန်လှပါ)။

သို့သော်လည်း ကိုမြရွှေတို့၊ ဒကာသစ်တို့က စဉ်းစား လိုက်၊ သင်္ခါရ မသိဘဲနဲ့ အနတ္တ သိပါတယ်ဆိုရင် အလကား ပြောတာ (မှန်လှပါ ဘုရား)။ ဦးခင်မောင် ဘယ်လိုဆုံးဖြတ် ချက်ချ (သင်္ခါရ မသိဘဲနဲ့ အနတ္တ သိပါတယ်ဆိုရင် အလကား ပြောတာပါ ဘုရား)။ ယုံကော ယုံပလား (မယုံပါဘူး ဘုရား)။

ကဲ- ဒါဖြင့် သင်္ခါရတရားဆိုတာ သူများ ပြုပြင်ထား တာ သိတော့မှ အနတ္တက အဲဒီအချိန်မှ စပေါ်တာဗျ (မှန်လှ ပါ)။ သူများပြုပြင်ထားတဲ့ တရားမှန်းသိတော့ ဘာလာပေါ် တုံး (အနတ္တ ပေါ်ပါတယ် ဘုရား)။

သူများပြုပြင်ထားတဲ့ တရားလေးဟာ ပြုပြင်တဲ့ အတိုင်း မခိုင်တာလေး မြင်တော့မှ ဘာပေါ်လာတုံး (လက္ခ ဏာ ပေါ်လာပါတယ် ဘုရား)။ ဒါဖြင့် 'သင်္ခါရာသဿတာ နတ္ထိ' ဆိုတာ ပေါ်လာတယ် (မှန်လှပါ ဘုရား)။

သင်္ခါရာ = သင်္ခါရ တို့သည်၊ သဿတာ = ခိုင်မြဲကုန် သည်၊ နတ္ထိ = ဘယ်တော့မှ မရှိဘူးလို့ မင်းတို့ ဆုံးဖြတ်ချက်ချ (မှန်လှပါ ဘုရား)။ သဘောကျပြီလား (ကျပါတယ် ဘုရား)။ သင်္ခါရဆိုတာ ဘယ်တော့မှ မခိုင်မြဲဘူးလို့ မင်းတို့ရှုရမယ် (မှန်လှပါ ဘုရား)။ ရှင်းပလား (ရှင်းပါပြီ ဘုရား)။

သင်္ခါရဟာ (ဘယ်တော့မှ မခိုင်မြဲပါဘူး ဘုရား)။ အဲ - ခင်ဗျားတို့ တစ်ကိုယ်လုံးကလည်း သင်္ခါရခန္ဓာကိုယ် (မှန် လှပါ ဘုရား)။

ပေါ်လာတာလေးတွေ ဘယ်တော့မှ မခိုင်ဘူးလို့သာ ရှုနေလို့ရှိရင် ပဋိစ္စသမုပ္ပါဒ် ပြတ်၊ မပြတ် (ပြတ်ပါတယ် ဘုရား)။ အစကလည်း (ပြတ်ပါတယ် ဘုရား)။ အလယ်က လည်း (ပြတ်ပါတယ် ဘုရား)။ နိဗ္ဗာန်မှ ရောက်ပါ့မလား (ရောက်ပါတယ် ဘုရား)။ နိဗ္ဗာန်ဆိုတာ တခြားလား၊ ပဋိစ္စ သမုပ္ပါဒ် နောက်ဆက်မလာတာ ဆိုတာလား (ပဋိစ္စသမုပ္ပါဒ် နောက်ဆက်မလာတာ ဆိုတာပါ ဘုရား)။

နောက်ဆက်လာရင် ဘာသစ္စာ(ဒုက္ခသစ္စာပါ ဘုရား)။ အဲဒီ နောက်ဆက်မလာတော့ ဒုက္ခချုပ်တာ (မှန်ပါ့)။ ဒုက္ခ ချုပ်တာ ဘာခေါ်ကြ (နိဗ္ဗာန်ပါ ဘုရား)။

## ဒုက္ခချုပ်သွားတာ နိဗ္ဗာန်

ဩော်- နိဗ္ဗာန်ဆိုတာ မြို့ကြီး ပြကြီးလား မှတ်နေ တယ်၊ စင်စစ်တော့ ဒုက္ခချုပ်သွားတာကိုး (မှန်လှပါ ဘုရား)။ ဘယ်လိုဆုံးဖြတ်ချက်ချ (ဒုက္ခ ချုပ်သွားတာပါ ဘုရား)။ ဒုက္ခ ချုပ်သွားတာကိုးဆိုတာ ကောင်းကောင်းကျေနပ်ပလား (ကျေနပ်ပါတယ် ဘုရား)။

ဩော်- ဒကာ၊ ဒကာမတို့ တယ်နေရာကျပါလား။ ဒါဖြင့် အခု ဆရာဘုန်းကြီး ဟောလိုက်တော့ အနတ္တလည်း သိတယ် ယနေ့ (မှန်လှပါ)။ အနတ္တ လက္ခဏာလည်း (သိပါ တယ် ဘုရား)။

ဉာဏ်လည်း ရပြီ (မှန်ပါ့)။ ဒီဉာဏ်က ဘာကိုဖြတ် တယ်ဆိုတာလဲ ဦးခင်မောင်တို့ ရပြီ (ရပါတယ် ဘုရား)။ ဒီဠ တဏှာကို ဘယ့်နှယ်နေတုံး (ဖြတ်ပါတယ် ဘုရား)။ ဩော်- ပဋိစ္စသမုပ္ပါဒ် အစကလည်းပြတ်၊ အလယ်ကလည်း ပြတ် တယ်ဆိုတာ မသေချာလား (သေချာပါတယ် ဘုရား)။

## သုဘဒ်ရဟန်းက မေးတယ်

ဒါကြောင့် မနေ့က သုဘဒ်ကို ပြတ်ဆက်လိုက် (မှန် လှပါ ဘုရား)။ သုဘဒ်ရဟန်းက မေးလိုက်တယ်၊ အရှင်ဘုရား မရှိသည့်နောက် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်တွေ ဟာ အရှင်ဘုရားလည်း ပရိနိဗ္ဗာန်စံရော အားလုံးကွယ်တော့ မှာပဲလားဆိုတာ မေးတယ် (မှန်လှပါ ဘုရား)။

ဟေး- သုဘဒ်၊ ဘုရားက ဖြေပြီ (မှန်လှပါ)။ **"ဣမေစ သုဘဒ္ဒ ဘိက္ခူ သမ္မာဝိဟရေယျုံ အသုညော လောကော အရဟန္တေဟိအဿ"**

သုဘဒ္ဒ = သုဘဒ်ရဟန်း၊ ဣမေ = ဤလောကမှာနေ တဲ့ ပုဂ္ဂိုလ်အပေါင်းတို့သည်၊ သမ္မာ = မဖောက်မပြန် အနတ္တ လက္ခဏာကို သိနေသည် ဖြစ်ပါအံ့။ မဖောက်မပြန်ကို



www.burmeseclassic.com

www.burmeseclassic.com

မယ်နော် (မှန်လှပါ ဘုရား)။ အနတ္တလည်းသိ၊ လက္ခဏာလည်း သိပေါ့ဗျာ (မှန်လှပါ ဘုရား)။ သမ္မာ = ကောင်းစွာ၊ ဝိပဿရေယျုံ = အနတ္တလက္ခဏာကို ကျင့်ကြံပြီးနေခဲ့ကြကုန်သည်ဖြစ်ပါအံ့၊ အရဟန္တေဟိ = ရဟန္တာတို့မှ၊ အသုညော = မဆိတ်သည်၊ အသာ = ဖြစ်ရာ၏ (မှန်လှပါ)။

## ဆရာကောင်းနဲ့တွေ့လို့ ကျင့်ရင် ရဟန္တာတောင် မဆိတ်သုဉ်းဘူး

ငါမရှိတာ ဘာမှ မဆိုင်ဘူးကွ (မှန်လှပါ)။ ဒီခုပြောတတ်တဲ့ ဆရာနဲ့ ပြောပြီးသကာလ မင်းတို့ သူပြောတဲ့အတိုင်း ကျင့်လိုက်လို့ရှိရင် ဘယ်အချိန်မဆို ရဟန္တာ မဆိတ်ဘူးဆိုသဖြင့် သောတာပန်၊ သကဒါဂါမ် မလိုတော့ဘူး (မှန်လှပါ ဘုရား)။ သဘောကျပြီလား (ကျပါတယ် ဘုရား)။

## ဘယ်သူပြောတာမှမယုံနဲ့ ဘုရားပြောတာကိုယုံ

ဒါဖြင့် ဒကာ၊ ဒကာမတို့ ဘယ်သူပြောတာမှ မယုံနဲ့ ဘုရား ခု ပရိနိဗ္ဗာန်စံခါနီးပြောတာ တစ်ထစ်ချ မှတ်လိုက်တော့ (မှန်လှပါ ဘုရား)။

သုဘဒ်ရဟန်းက မေးတာလည်း ဦးခင်မောင် သေချာပြီလား (သေချာပါတယ် ဘုရား)။ အရှင်ဘုရား ပရိနိဗ္ဗာန်စံတော့မှာ၊ အရှင်ဘုရားမရှိရင် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာကွယ်ရတော့မှာလား။

ဒါ နောင်လာနောက်သားတွေ ဆင်ခြေတက်မှာစိုးလို့ ...ဘော (မှန်လှပါ ဘုရား)။ ဟေ့- ဘယ်တော့မှ မကွယ်ဘူးကွ၊ ...ကောင်းအောင်သာကျင့်ပြီး အနတ္တ၏ လက္ခဏာ၊ အနတ္တနဲ့ ...က္ခဏာကို ရှင်းအောင်သာ မင်းတို့ကကြည့်ပြီး ဟောတတ်... ဆရာနဲ့ပေါင်း။

ပေါင်းပြီးသကာလ မင်းတို့ ဒီဉာဏ်ရပစေ (မှန်လှပါ)။ ...ဉာဏ်ရရင် ဒီပဋိစ္စသမုပ္ပာဒ် ပြတ်တာဟာ နိဗ္ဗာန်ပဲ (မှန်ပါ့)။ ...မ ပြတ်ရင် သောတာပန် ဖြစ်မှာပဲ (မှန်ပါ့)။ ဒုတိယ ...ရင် (သကဒါဂါမ်ပါ ဘုရား)။ နောက် တတိယ ပြတ် ...ရင် (အနာဂါမ်ပါ ဘုရား)။ အဲ- ပဋိစ္စသမုပ္ပာဒ်က ...မျိုး ရှိတာကိုး (မှန်လှပါ)။

သောတာပန် ဖြတ်နိုင်တဲ့ဥစ္စာက ဒိဋ္ဌိဝိစိကိစ္ဆာ ပဋိစ္စ...ပ္ပာဒ်သာ ဖြတ်နိုင်တာ (မှန်လှပါ ဘုရား)။

သကဒါဂါမ်၊ အနာဂါမ် ဖြတ်နိုင်တာက ကာမရာဂ ...နဲ့ဖြတ်တဲ့ ပဋိစ္စသမုပ္ပာဒ် အစအဆုံး ဒါကိုသာ ဖြတ်နိုင်တာကိုး (မှန်လှပါ ဘုရား)။ ရဟန္တာကတော့ ပဋိစ္စသမုပ္ပာဒ်ဆိုလို့ရှိရင် လုံးလုံးကို ဖြတ်ချလိုက်တာ (မှန်လှပါ ဘုရား)။ သဘောကျပလား (ကျပါတယ် ဘုရား)။

အဲဒီတော့ ပဋိစ္စသမုပ္ပာဒ်က လေးမျိုးရှိတော့ကို ပထမအမျိုးကနေပြီး ဒိဋ္ဌိဖြတ်တာက ဒီအနတ္တနဲ့ ဖြတ်ယူကြပါ (မှန်လှပါ)။ သဘောကျပလား (ကျပါတယ် ဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတွေ ဘယ်တရားလေးပေါ်လာပေါ်လာ ပေါ်လာတာ ဘာခေါ်ကြမတုံး (အနတ္တပါ ဘုရား)။ ပျက်သွားတာကတော့ (လက္ခဏာပါ ဘုရား)။ မသိဘူးလား (သိပါတယ် ဘုရား)။ သိတာလေးက ဘာဆိုကြမယ် (အနတ္တလက္ခဏာဉာဏ်ပါ ဘုရား)။

## ဒီဉာဏ်က ပဋိစ္စသမုပ္ပာဒ် ဖြတ်တယ်

အဲဒီဉာဏ်လေးဟာ ဘာဖြတ်ပါလိမ့် (ပဋိစ္စသမုပ္ပာဒ် အစရော၊ အလယ်ရော ဖြတ်ပါတယ် ဘုရား)။ အစရော၊ အလယ်ရော ဖြတ်တယ် (မှန်လှပါ ဘုရား)။

အစက ဖြတ်လိုက်တော့ ဝိဇ္ဇာဥဒပါဒိဖြစ်တယ် (မှန်လှပါ ဘုရား)။ သဘောကျပလား (မှန်လှပါ ဘုရား)။ အစဖြတ်လိုက်တော့ (ဝိဇ္ဇာဥဒပါဒိပါ ဘုရား)။ ဝိဇ္ဇာဥဒပါဒိ ဖြစ်ပြီဆိုတာ မသေချာဘူးလား (သေချာပါတယ် ဘုရား)။

အလယ်က ဖြတ်လိုက်တော့ တဏှာနိရောဓော သွားဖြစ်တယ် (မှန်လှပါ ဘုရား)။ သဘောကျပလား (ကျပါတယ် ဘုရား)။ အစက ဖြတ်လိုက်တော့ (ဝိဇ္ဇာဥဒပါဒိပါ ဘုရား)။ အလယ်က ဖြတ်လိုက်တော့ (တဏှာနိရောဓောပါ ဘုရား)။

ဒါဖြင့် တဏှာနိရောဓော နိဗ္ဗာန်ပဲ (မှန်လှပါ)။ ဝိဇ္ဇာဥဒပါဒိ ဆိုတာလည်း နိဗ္ဗာန်မြင်တဲ့ဉာဏ်ဖြစ်ပေ့လို့ ပြောတာပဲ (မှန်လှပါ ဘုရား)။ ထူးသေးရဲ့လား (မထူးပါဘူး ဘုရား)။

## ဘယ်အချိန်လုပ်လုပ် ရဟန္တာ ဖြစ်နိုင်တယ်

အဲဒါ အသေအချာ မပိုင်သေးဘူးလား (ပိုင်ပါတယ် ဘုရား)။ အဲတော့ ဘယ်အချိန်လုပ်လုပ် ခင်ဗျားတို့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဖြစ်နိုင်တယ်ဆိုတာ ဆုံးဖြတ်ချက်ချလုပ်ပါ (မှန်လှပါ ဘုရား)။ ရှင်းပလား (ရှင်းပါပြီ ဘုရား)။

တဲ- ယနေ့ ဒီတွင် တော်ပါဦး။

သာဓု . . . သာဓု . . . သာဓု။

ဓမ္မဒါန

□





www.burmeseclassic.com

www.burmeseclassic.com



မြန်မာ+ကိုရီးယား သာသနာပြုဆရာတော်

# ဓမ္မာစရိယ ဒေါက်တာ အရှင်ဝိစိတ္တ (မိုးကုတ်ဦး)

ဟောကြားတော်မူသော တရားတော်

# မှန်ကြည့်လိုက်ပါ

## မှန်ကြည့်လိုက်ပါ

'ကံမသိ မှန်ကြည့်' ဟူသော စကားရှိ၏။ ကြည်လင်ပြတ်သား ရှင်းလင်းသည့် မှန်သည် ကြည့်သူများကို မျက်နှာလိုက်ခြင်းမရှိ အရှိအတိုင်း ထင်ရှားစေ၏။ မည်သူကြည့်ကြည့် ကြည့်သူ၏ အမူအရာအတိုင်း တစ်ထပ်တည်း ပေါ်လွင်စေ၏။

မှန်သည် ရာထူးကြီးသူ ကြည့်လျှင်လည်း အရှိအတိုင်း ပေါ်လွင်စေ၏။ ရာထူးမရှိသူ ကြည့်လျှင်လည်း အရှိအတိုင်း ဖော်ပြ၏။ ထို့အတူ ရုပ်ဆိုးသူ၊ ရုပ်လှသူ၊ ပိုက်ဆံရှိသူ၊ မရှိသူ၊ နာမည်ကြီးသူ၊ မကြီးသူ၊ အသားဖြူသူ၊ မဖြူသူ စသည့် မည်သည့်ပုဂ္ဂိုလ်ကပင် ကြည့်ကြည့် အရှိအတိုင်း ထင်ရှားစေ၏။ 'မျက်နှာကြီးရာ ဟင်းဖတ်ပါ' ဆိုသကဲ့သို့ မျက်နှာလိုက်၍





www.burmeseclassic.com

www.burmeseclassic.com

လှအောင် ကောင်းအောင် ထင်ရှားပေါ်လွင်စေခြင်းသည် မှန်၌မရှိပေ။ မှန်သည် မျက်နှာလိုက်တတ်သည့်အရာ မဟုတ်ပေ။

ထို့အတူ ကံတရားသည်လည် မျက်နှာလိုက်၍ အကျိုးပေးသည်ဟူ၍ မရှိ။ မည်သူမဆို ကောင်းသည့်အလုပ် လုပ်လျှင် ကောင်းကျိုးဖြစ်ပေါ်စေပြီး မကောင်းသည့်အလုပ် လုပ်လျှင် မကောင်းပြစ်ကို ဖြစ်ပေါ်စေ၏။ ရာထူးဌာနန္တရ၊ ပညာဂုဏ် စသည်ကြီးမား၍ ကောင်းကျိုးကိုဖြစ်စေ၊ အသက်သိက္ခာ ဂုဏ်ဝါ နိမ့်ကျ၍ မကောင်းကျိုးကိုဖြစ်စေ၊ အသားဖြူ၍ ချမ်းသာ၍ ကောင်းကျိုးကိုဖြစ်စေ၊ အသားမည်း၍ ဆင်းရဲ၍ မကောင်းကျိုးကိုဖြစ်စေ စသည်ဖြင့် မျက်နှာလိုက်ပြီး အကျိုးပေးမှုမျိုးသည် ကံတရား၌ လုံးဝမရှိပေ။ ထို့ကြောင့် ကံကိုမသိ၊ ကံကိုမယုံသူများသည် မှန်ကိုသာ ကြည့်ကြည့်ပါဟု ဆိုခြင်းဖြစ်ပါသည်။

ဓမ္မနီတိတွင် ကံနှင့်ပတ်သက်၍ ဖော်ပြထားသည့် ဂါထာတစ်ခုရှိ၏။

"ပုညပါပဖလံ ယော စေ၊ နသဒ္ဒဟတိ သစ္စတော။

သော ဝေ သကနာ နံ ခိပ္ပံ၊ အာဒါသတလ မာနယေ"

ဟူသော ဤဓမ္မနီတိစကား၏ ဆိုလိုရင်းမှာ "အကြင်သူသည် ကုသိုလ်ကံ၊ အကုသိုလ်ကံတို့၏ အကျိုးအပြစ်ကို အမှန်အတိုင်း မယုံကြည်ငြားအံ့၊ စင်စစ် ထိုသူသည် မိမိ၏မျက်နှာကို အလျင်အမြန် မှန်ရှေ့သို့ ဆောင်ယူ၍ ကြည့်ရှုရာ၏" ဟူ၍ ဖြစ်၏။

ဆိုလိုသည်မှာ ကံ ကံ၏အကျိုးကို မယုံကြည်သူသည် မှန်ကိုယူပြီး မိမိမျက်နှာကို မှန်ဖြင့်ကြည့်ကြရန် ဆိုလို၏။ မိမိ၏ မျက်နှာသည် လှပပြီး မိမိတစ်ကိုယ်လုံးသည်လည်း ကိုယ်လက်အင်္ဂါ စုံလင်စွာဖြင့် တင့်တယ်နေလျှင် မိမိ၏ အတိတ်ကပြုခဲ့သည့် ကောင်းကံ၏ အကျိုးဆက်အဖြစ် မြင်နိုင်မည်ဖြစ်ပြီး မှန်ကြည့်သည့်အခါ မိမိ၏မျက်နှာသည် မလှမပ၊ ကိုယ်လက်အင်္ဂါလည်း မစုံမလင်၊ မိမိကိုယ်မိမိ ပြန်ကြည့်၍မှ မကျေနပ် မနှစ်သက်နိုင်သည့် အနေအထားကို တွေ့ရလျှင် မိမိ အတိတ်ကပြုခဲ့သည့် အကုသိုလ်ကံတစ်ခုခု၏ အကျိုးဆက်အဖြစ် မြင်နိုင်မည်ဖြစ်၏။

ထို့ကြောင့် အတိတ်က မိမိဘာဖြစ်ခဲ့သည်၊ ဘာလုပ်ခဲ့သည်ဆိုသည်ကို သိလိုသူများသည် မိမိကိုယ်ကို မှန်ဖြင့်ကြည့်ပြီး လက်ရှိရရှိထားသည့် အခြေအနေကိုကြည့်ကာ သိနိုင်ကြောင်း ဆိုခြင်းဖြစ်၏။

မှန်၏။ လူချင်းတူသော်လည်း အကျိုးပေးကွာသည်မှာ အခြားသူလုပ်၍ ဖြစ်သည်မဟုတ်။ မိမိကိုယ်တိုင် ပြုလုပ်ခဲ့၍သာ ဖြစ်ပါ၏။ ထို့ကြောင့် လောကကြီးတစ်ခုလုံးကို ကြည့်လိုက်လျှင် လူအမျိုးမျိုး၊ စရိုက်အမျိုးမျိုး၊ ဘဝအမျိုးမျိုး ဖြစ်နေကြသည်ကို တွေ့နေရခြင်းဖြစ်၏။ ဗုဒ္ဓဘာသာ၏ ကမ္မဝါဒသဘောအရ လူအမျိုးမျိုးအဖုံဖုံ ဖြစ်နေခြင်းသည် မိမိတို့ပြုလုပ်ခဲ့သည့် ကောင်းကံ၊ မကောင်းကံများ၏ အကျိုးဆက်ကြောင့်ဖြစ်ကြောင်း နားလည်သဘောပေါက်နိုင်ကြ၏။

ဗုဒ္ဓမြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်အခါ သုဘအမည်ရှိသော လုလင်ငယ်တစ်ယောက်က ဘုရားရှင်အား လူအမျိုးမျိုးဖြစ်နေရခြင်း၊ ကွဲပြားနေရခြင်းအကြောင်းကို မေးလျှောက်ဖူး၏။

သုဘလုလင်က - "အရှင်ဘုရား၊ လောက၌ အချို့သောသူများသည် အသက်တိုပြီး အချို့သည် အသက်ရှည်ကြသည်ကို တွေ့ရပါသည်၊ ထိုသို့ဖြစ်ခြင်းမှာ မည်သို့သော ကံများကို ပြုလုပ်ခဲ့၍ ဖြစ်ပါသနည်း" ဟု မေးလျှောက်၏။

ထိုအခါ မြတ်စွာဘုရားရှင်က - "ချစ်သား သုဘ၊ လောက၌ အချို့သောသူများသည် သတ္တဝါတို့အပေါ်တွင် သနားခြင်းကင်းလျက် ရက်ရက်စက်စက် သတ်ဖြတ်ကြ၏၊ ထိုသူတို့သေလျှင် ငရဲသို့ကျရောက်တတ်ပြီး ရှေးကုသိုလ်တစ်ခုခုကြောင့် ငရဲသို့မကျဘဲ လူ့ဘဝ ရလာပါက ကြာရှည်စွာ မနေရဘဲ အသက်တိုတတ်၏၊ အချို့သောသူများသည်ကား သတ္တဝါတို့အပေါ်တွင် ကရုဏာတရားထားကာ သူ့အသက်ကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ကြ၏၊ ထိုသူများသေလျှင် အထက်နတ်ပြည်သို့ ရောက်ရတတ်ပြီး လူ့ပြည်သို့ရောက်လာလျှင်လည်း အသက်ရှည်စွာ နေကြရ၏" ဟု ဖြေတော်မူ၏။

ဆက်လက်၍ သုဘလုလင်က - "အရှင်ဘုရား၊ လောက၌ အချို့သူတို့သည် အနာရောဂါထူပြောပြီး အချို့မှာ အနာရောဂါ ကင်းရှင်းကြသည်ကို တွေ့ရပါသည်၊ ထိုသူတို့သည် မည်သို့သော ကံများကြောင့် ကွဲပြားမှု ဖြစ်ပါသနည်း ဘုရား" ဟု လျှောက်၏။

"ချစ်သား၊ လောက၌ အချို့သူတို့သည် သတ္တတို့အပေါ် သနားညှာတာခြင်း ကင်းမဲ့ပြီး တုတ်၊ ဓား၊ လက်နက် စသည်ဖြင့် ညှဉ်းဆဲနှိပ်စက်လေ့ ရှိ၏၊ ထိုသူတို့သေလျှင် ငရဲသို့ကျရောက်တတ်ပြီး ရှေးကုသိုလ်တစ်ခုခုကြောင့် ငရဲသို့ မကျရောက်ဘဲ လူ့ဘဝ ရလာပါက အနာရောဂါအမျိုးမျိုးဖြင့်သာ ခံစားနေထိုင်ကြရ၏။





www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပေါ်သကဲ့သို့ ကံတရားသည်လည်း မည်သည့်နိုင်ငံ၊ မည်သည့်လူမျိုးက မည်သည့်အလုပ်ကို လုပ်သည်ဖြစ်စေ တန်ပြန်အကျိုးသက်ရောက်မှုကား ထိုသူတို့ပြုသည့်အတိုင်း၊ ထိုသူတို့စိတ်စေတနာအတိုင်းသာ ဖြစ်ပါ၏။ ကံတရား၏ အကျိုးပေးမှုသည် ဂုဏ်ပကာသနမရှိ ရာထူးဌာနန္တရမရှိ ပစ္စည်းဥစ္စာမရှိ သတ္တဝါမှန်သမျှ တစ်ပြေးညီတည်းသာ ဖြစ်ပါ၏။ ထို့ကြောင့် "ကံမသိ မှန်ကြည့်" ဟု ဆိုကြခြင်းဖြစ်၏။

အချုပ်အားဖြင့် ပြောလိုသည်မှာ သတ္တဝါတို့သည် လူ့ဘုံဟူသည့် မနုဿဘုံဌာနတွင် အတူတကွ လာဖြစ်ကြသော်လည်း လူအမျိုးမျိုး၊ အကျင့်စရိုက်အမျိုးမျိုး၊ အခြေအနေအမျိုးမျိုး ဖြစ်နေကြပြီး ထိုအမျိုးမျိုးသော ပုဂ္ဂိုလ်သတ္တဝါတို့၏ မျက်မှောက်အခြေအနေများသည် မည်သူတစ်ဦးတစ်ယောက်၏ ပြုလုပ်ဖန်တီးပေးမှုများကြောင့် ဖြစ်သည်မဟုတ်ဘဲ မိမိကိုယ်တိုင် ပြုလုပ်ဖန်တီးမှုများကြောင့် ဖြစ်သည်ဟူသည့် အချက်ပင် ဖြစ်ပါ၏။

ထိုသဘောကို အမှန်တကယ် နားလည်သဘောပေါက်မှု မရှိပါက မှန်ရှေ့သွားပြီး မိမိကိုယ်ကို မှန်ကြည့်ကြည့်ပါက သိနိုင်၏။ မှန်သည် အရှိကို အရှိအတိုင်း ထင်ပေါ်စေ၏။ ထို့အတူ ကံသည်လည်း ပြုလုပ်သူ၏ လုပ်ဆောင်ချက် စိတ်စေတနာအတိုင်း အကျိုးရလဒ်ကို ဖြစ်ပေါ်စေ၏။ ပြုလုပ်သူသည် ကောင်းသည့်အကျိုးကို အလိုရှိပါက ကောင်းသည့်အလုပ်ကိုသာ လုပ်ရန်ရှိပြီး မကောင်းသည့်အလုပ်ကို လုပ်ပါက မကောင်းသည့်ရလဒ်ကိုသာ ရရှိမည်ဖြစ်ပေ၏။

ထို့ကြောင့်ပင် ဘဝလွတ်မြောက်မှုကို မရသေးသူများသည် ကျင်လည်ရမည့် ဘဝသံသရာတွင် မိမိတို့အလိုရှိသည့် အကျိုးရလဒ်ကို အတိတ်က မိမိတို့ပြုလုပ်ခဲ့သည့် အကျိုးရလဒ်အဖြစ် ရရှိနေရသည့် ယခုလက်ရှိ ရုပ်နာမ်အစုကြီးကို မှန်ကြည့်သကဲ့သို့ မြင်အောင်ကြည့်ပြီး အနာဂတ်အတွက် စဉ်းစားဆင်ခြင် သတိဝင်လျက် ပြုမူနေထိုင် ပြောဆိုကြဲစည်သင့်ပါကြောင်း "ကံမသိ မှန်ကြည့်ကြဖို့" စေတနာစကားဖြင့် အသိပါးလိုက်ရပေတော့၏။

❖

## သိကြား မှ,မည့်သူ

ဘဝရှေးက၊ ပုညအားကြီး၊ ကြမ္မာမျိုးနှင့်
ကောင်းကျိုးပေးလို၊ ဤလူ့ကိုယ်၌
ကုသိုလ်ဥပထံ၊ အခံတရား၊ ကံကြီးမား၍
ကောင်းစားမည့်သူ၊ ဖြစ်ဘိမူကား
ထိုသူထင်ရှား၊ မကောင်းစားဘဲ၊ မသေမြဲတည့်။
ဆင်းရဲတစ်ဆစ်၊ ခိုက်တန့်ဖြစ်လည်း
မနစ်မနာ၊ ဒုက္ခကွာ၍
ချမ်းသာစေငြား၊ ထိုယောက်ျားကို
သိကြားမှရမည်သာတည်း။ (မဃဒေဝလင်္ကာ၊ ၈၀)

စာရေးသူ စာအင်သားဘဝ ခရမ်းမြို့၊ ပါဠိတက္ကသိုလ်ကိုင်းကုန်းကျောင်းတိုက်တွင် စာသင်ခဲ့စဉ်က စာသင်သားများ စုပေါင်းဘုရားဝတ်တတ်သည့် ကျောင်းဆောင်ကြီး၏ နံရံတစ်နေရာရှိ ပန်းချီကားချပ်ပေါ်တွင် ရေးသားထားသည့် မန်လည်ဆရာတော်ကြီး၏ အထက်ပါ လင်္ကာလေးကို ဖတ်မှတ်ခဲ့ရဖူးပါ၏။ ယခုအချိန်ထိလည်း ထိုလင်္ကာလေးကို မကြာမကြာ သတိတရ ဖြစ်နေခဲ့ပါ၏။

ဘဝအဆက်ဆက် ပြုလုပ်ခဲ့သည့် ရှေးအတိတ်ကံရှိပြီး ဘုန်းကံကြီးမား၍ တိုးတက်ထွန်းကားမည့်သူ ဖြစ်ပါက မည်သည့်နေရာ၊ မည်သို့သောအသိုင်းအဝိုင်းတွင် မွေးဖွားသူ ဖြစ်ပါစေ အချိန်တန်လျှင် စင်ပေါ်သို့ ရောက်လာတတ်ကြောင်း၊ ထိုသူများသည် အကျိုးမပြီး အချည်းနှီးဖြင့် ဘဝကို အဆုံးသတ်သွားရမည့်သူများ မဟုတ်ဘဲ နောက်ဆုံးတွင် သိကြားမင်းပင် မနေနိုင်ဘဲ မ,စပေးရမည့်သူများဖြစ်ကြောင်း ဖော်ညွှန်းထားခြင်း ဖြစ်ပါ၏။ ကောင်းမှုကုသိုလ်ရှိသူကို သိကြားမင်းပင် လျစ်လျူရှုထား၍ မရဘဲ မ,စပေးရမြဲဖြစ်ကြောင်း ဆိုလိုပေ၏။

မြန်မာစကားပုံတွင် "လူမင်း ဘုန်းကြီးလျှင် နတ်မင်း မနေနိုင်" ဟူသော စကားရှိသကဲ့သို့ "လူမစွမ်း နတ်မ" ဟူသော စကားလည်းရှိ၏။ စင်စစ် "လူမစွမ်း နတ်မ" ဟူသော စကားသည် လူမစွမ်း၍မဟုတ်၊ နတ်ကပင် မ,ပေးရသည်ဆိုကတည်းက အစွမ်းတစ်ခုခု ရှိနေ၍သာ ဖြစ်ပေ၏။ ထိုအစွမ်းသည် အခြားအစွမ်းမဟုတ်။ ပုညဟူသည့် ကုသိုလ်အစွမ်းပင် ဖြစ်ပါ၏။ ကုသိုလ်အားကြီးလျှင် လူလည်းမနေနိုင်သကဲ့သို့ နတ်လည်း မနေနိုင်ပေ။ ကုသိုလ်ရှိသူကို လူလည်း စောင့်ရှောက်သကဲ့သို့ နတ်လည်း စောင့်ရှောက်ပေ၏။ ထို့ထက် တစ်ဆင့်တက်၍ ပါရမီရှိသည့် ကုသိုလ်များသူ ဖြစ်လျှင်ကား ဘုရားရှင်များပင် ရောက်၍ ချီးမြှောက်ပေးရ၏။ ဤသည်မှာ ထိုသူကိုယ်တိုင် ပြုလုပ်ခဲ့သည့် ကုသိုလ်အစုများကြောင့်ပင် ဖြစ်ပါ၏။ ထို့ကြောင့် နတ်မ,သည်ဟူသည်မှာ ကုသိုလ်အားကြီးသူများကိုသာ နတ်မ,လေ့ရှိသဖြင့် နတ်မ,လိုက ကုသိုလ်ကောင်းမှု များများပြုကြဟု ဆိုကြခြင်းဖြစ်ပါ၏။

www.burmeseclassic.com

အချို့ကား သတ္တဝါတို့အပေါ် သနားညှာတာစိတ်ထားကာ ညှဉ်းပန်းနှိပ်စက်ခြင်းမှ ရှောင်ကြဉ်ကြ၏။ ထိုသူများ သေလျှင် အထက်နတ်ပြည်သို့ ရောက်ရတတ်ပြီး လူ့ပြည်သို့ ရောက်လာပါကလည်း အနာရောဂါကင်း၍ ကျန်းမာစွာနေရ၏" ဟု ဘုရားမြတ်စွာ ဖြေကြားတော်မူ၏။

ထို့အပြင် လုလင်ငယ်မှ ဆက်လက်၍ -

"လောက၌ အချို့သူများမှာ ရုပ်အဆင်းအင်္ဂါ ဆိုးရွားလှပြီး အချို့မှာ ရုပ်အဆင်းအင်္ဂါ လှပတင့်တယ်ကြကြောင်း၊ အချို့မှာ အခြံအရံ မိတ်ဆွေအပေါင်းအသင်းမရှိဘဲ အထီးကျန်လှပြီး အချို့မှာ အခြံအရံ မိတ်ဆွေအပေါင်းအသင်း ပေါများလှကြောင်း၊ အချို့မှာ ဥစ္စာမရှိ အလွန်ဆင်းရဲလှပြီး အချို့မှာ စည်းစိမ်ဥစ္စာ အပြည့်ဖြင့် အလွန်ချမ်းသာလှပါကြောင်း၊ အချို့မှာ အမျိုးဇာတ် ယုတ်နိမ့်ပြီး အချို့မှာ အမျိုးဇာတ် မြင့်မြတ်လှပါကြောင်း၊ အချို့မှာ အသိအလိမ္မာ ဉာဏ်ပညာ အလွန်နည်းပါးပြီး အချို့မှာ ဉာဏ်ပညာ အလွန်ကြီးမားပါကြောင်း၊ ထိုသို့ ဖြစ်ရခြင်းမှာ အဘယ်သို့သော အကြောင်းကံများကြောင့် ဖြစ်ရပါသနည်း ဘုရား" ဟု မေးလျှောက်ပြန်၏။

ထိုလုလင်၏ အမေးများကို မြတ်စွာဘုရားရှင်က -

"ဒေါသအလွန်ကြီးပြီး သူတစ်ပါးကို ပုတ်ခတ်ပြောဆိုလေ့ရှိသောသူတို့သည် ရုပ်အဆင်းအင်္ဂါ မလှမပဖြစ်တတ်ပြီး ဒေါသမထွက် သူတစ်ပါးအပြစ်ကို ပြောလေ့မရှိ စိတ်ကြည်လင် အေးမြသူတို့သည် ဖြစ်လေရာ ဘဝတိုင်းတွင် ရုပ်အဆင်းအင်္ဂါ လှပတင့်တယ်တတ်ကြောင်း။

သူတစ်ပါးအပေါ် မနာလိုခြင်း၊ ငြူစူခြင်း ဣဿာ အားကြီးသူများသည် အခြံအရံ မိတ်ဆွေအပေါင်းအသင်းမရှိ အထီးကျန်တတ်ပြီး ဣဿာနည်းပြီး ဝမ်းမြောက်ခြင်းမုဒိတာ အားကောင်းသူများသည် အခြံအရံ မိတ်ဆွေအပေါင်းအသင်း ပေါများတတ်ကြောင်း။

စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းမရှိဘဲ ဝန်တိုမှု မစ္ဆေရ အားကြီးသောသူများသည် ဥစ္စာမရှိ ဆင်းရဲမွဲတေတတ်ပြီး ဝန်တိုမှု မစ္ဆေရ မရှိဘဲ လှူဒါန်းပေးကမ်း စွန့်ကြဲလေ့ရှိသော သူတို့သည် စည်းစိမ်ဥစ္စာ ပြည့်စုံကာ ချမ်းသာတတ်ကြောင်း။

ခေါင်းလွှားတက်ကြွပြီး မောက်မာသည့် မာန်မာန ရှိသူများသည် အမျိုးဇာတ် ယုတ်ညံ့တတ်ပြီး မာနမရှိဘဲ မိမိကိုယ်ကို နှိမ့်ချလေ့ရှိသည့်အပြင် ရိုသေထိုက်သူကို ရိုသေတတ်သူများသည် အမျိုးဇာတ် အလွန်မြင့်မြတ်တတ်ကြောင်း။

ပညာရှိ သူတော်ကောင်းတို့ထံ ချဉ်းကပ်၍ ကုသိုလ်၊ အကုသိုလ်ကိုလည်းကောင်း၊ အပြစ်ရှိ၊ မရှိကိုလည်းကောင်း၊ မှီဝဲသင့်၊ မမှီဝဲသင့်ကိုလည်းကောင်း၊ သံသရာကောင်းစေမည့် တရားအနှစ်သာရတို့ကိုလည်းကောင်း မေးမြန်းလေ့မရှိဘဲ ထင်မိထင်ရာ ဒုစရိုက်များဖြင့်သာ ကျင်လည်နေကြသူများ သည် အသိဉာဏ်ပညာမရှိ ဖြစ်တတ်ပြီး ပညာရှိသူတော်ကောင်းတို့ထံ ကြည်ဖြူနှစ်သက် လေးမြတ်စွာ ဆည်းကပ်လျက် ဓမ္မအနှစ်သာရများကို မေးမြန်းစိစစ် နာကြားလေ့ရှိသူတို့သည် အသိဉာဏ်ပညာ အလွန်အားကြီးတတ်ကြောင်း" စသည်ဖြင့် တစ်ခုချင်း ဖြေကြားပေးတော်မူခဲ့လေ၏။ (စူဠကမ္မဝိဘင်္ဂသုတ်)

အထက်ပါ အမေး၊ အဖြေများကား သုဘလုလင် မေးသဖြင့် ဘုရားရှင် ဖြေကြားပေးတော်မူသည့် ကံအကျိုးပေးမှုများ အကြောင်းပင်ဖြစ်ပါ၏။ ဤအမေး၊ အဖြေများသည် ဗုဒ္ဓဘာသာ၏ ကမ္မဝါဒကို မီးမောင်းထိုးပြပေးတော်မူထား၏။ မည်သူမဆို ယခုလက်ရှိ မိမိရရှိထားသည့် အနေအထားများသည် အတိတ်က မိမိလုပ်ခဲ့သည့် လုပ်ရပ်များ၏ အကျိုးရလဒ်များအဖြစ် မှန်ကြည့်သကဲ့သို့ ထင်ရှားစွာတွေ့မြင်နိုင်၏။

ရုပ်ဆိုးခြင်း၊ ရုပ်လှခြင်း၊ အမျိုးယုတ်ခြင်း၊ အမျိုးမြတ်ခြင်း၊ ဉာဏ်ကောင်းခြင်း၊ မကောင်းခြင်း စသည့် ကွဲပြားခြားနားမှုများ၏ အဓိကအကြောင်းရင်းမှာ မိမိကိုယ်တိုင် ပြုလုပ်ခဲ့ခြင်းများသာ ဖြစ်ပါ၏။ မိမိမျက်နှာကိုမိမိ မှန်ဖြင့်ပြန်ကြည့် နေရသကဲ့သို့ ကံတရားများ၏ အကျိုးပေးမှုများက တန်ပြန်သက်ရောက်မှုကို ဖြစ်စေ၏။ အချုပ်ကြည့်လျှင် မိမိကိုယ်တိုင်၏ ဖန်တီးမှုများပင် ဖြစ်၏။ ထို့ကြောင့်လည်း မြန်မာစကားတွင် 'ဘယ်သူမပြု မိမိမှု'ဟု ဆိုကြခြင်းဖြစ်၏။

ဘုရားရှင်က "မိမိမကောင်းမှု ပြုမိလျှင် မိမိသည်သာ ထိုမကောင်းမှု၏ အကျိုးကို ခံစားရမည်ဖြစ်ပြီး မိမိကောင်းမှု ပြုလျှင်လည်း မိမိကိုယ်တိုင်ပင် ထိုကောင်းမှု၏ အကျိုးကို ခံစားရမည်ဖြစ်ကြောင်း" မိန့်ကြားတော်မူ၏။ ဤစကားသည် ကံတရား၏ မျက်နှာလိုက်ခြင်း၊ မျက်နှာသာပေးခြင်း မရှိသည်ကို ထင်ရှားသိမြင်စေ၏။

မှန်ကြည့်သည့်အခါ မြန်မာပဲကြည့်ကြည့်၊ ကိုရီးယားပဲကြည့်ကြည့်၊ အမေရိကန်ပဲကြည့်ကြည့်၊ ဂျပန်ပဲကြည့်ကြည့်၊ ဖြူသူပဲကြည့်ကြည့်၊ မဲသူပဲကြည့်ကြည့် မည်သူပင်ကြည့်ပါစေ မှန်တွင်ပေါ်လာသည့် ထင်ဟပ်မှုသည်ကား အရှိအတိုင်း

www.burmeseclassic.com

မှန်၏။ ကုသိုလ်ကောင်းမှု ရှိသူများသည် လူအများ၏ ပူဇော်မှုကို ခံယူထိုက်သကဲ့သို့ နတ်တို့၏ ပူဇော်အထူးကိုလည်း ခံယူထိုက်ပါ၏။ ကုသိုလ်ရှိသူများသည် တစ်ခါတစ်ရံ အခိုက်အတန့်အားဖြင့် အဆင်မပြေမှု၊ ဆင်းရဲမှုများ ရှိနိုင်သော်လည်း အချိန်တန်လျှင် ထိုကုသိုလ်၏ အကျိုးသက်ရောက်မှုကို ပြန်လည်ရရှိနိုင်ပေ၏။ ထိုအကျိုးသက်ရောက်မှုများတွင် သိကြားစသည့် တန်ခိုးကြီးနတ်များ၏ ကူညီမစမှုများလည်း ပါဝင်၏။ သိကြားမင်းသည် လူပုဂ္ဂိုလ်များကို စောင့်ရှောက်ရာတွင် ကုသိုလ်ကောင်းမှု ပြုလုပ်လေ့ရှိသူများကိုသာ စောင့်ရှောက်လေ့ရှိ၏။ ရှိခိုးပူဇော်သည့်အခါတွင်လည်း ကောင်းမှုအစုရှိသူများကိုသာ ရှိခိုးပူဇော်လေ့ရှိ၏။

- တစ်ခါက သိကြားမင်းအား မာတလိနတ်သားက မေးခွန်းတစ်ခု မေးဖူး၏။ မာတလိနတ်သားက -

"သိကြားမင်း၊ ဗေဒင်သုံးပုံတတ်သူ ဗြဟ္မဏတို့သည် လည်းကောင်း၊ မြေ၌နေသူ အားလုံးတို့သည် လည်းကောင်း၊ မင်းတို့သည်လည်းကောင်း၊ နတ်မင်းကြီးလေးယောက်တို့သည် လည်းကောင်း၊ များသောအခြံအရံရှိသော တာဝတိံသာနတ်တို့သည် လည်းကောင်း အရှင်သိကြားမင်းကို ရှိခိုးကုန်၏၊ သိကြားမင်း ထိုသို့ဖြစ်ပါလျက် အရှင်သိကြားမင်းသည်ကား အဘယ်သို့သောသူတို့ကို ရှိခိုးပါသနည်း"ဟု မေးလျှောက်၏။

ထိုအခါ သိကြားမင်းက - "မာတလိ၊ ဗေဒင်သုံးပုံတတ်သူ ဗြဟ္မဏတို့သည် လည်းကောင်း၊ မြေ၌နေသူ အားလုံးတို့သည် လည်းကောင်း၊ မင်းတို့သည် လည်းကောင်း၊ နတ်မင်းကြီးလေးယောက်တို့သည် လည်းကောင်း၊ များသောအခြံအရံရှိသော တာဝတိံသာနတ်တို့သည် လည်းကောင်း ငါ့ကို ရှိခိုးကြသည်မှာ မှန်ပေ၏။

သို့သော် ငါသည်ကား သီလနှင့်ပြည့်စုံကုန်သော၊ မြတ်သောအကျင့်လျှင် လဲလျောင်းရာရှိကုန်သော ရဟန်းတို့ကို ကောင်းစွာရှိခိုး၏၊ မာတလိ အကြင်သူတို့သည် အိမ်၌တည်ကုန်၍ ကောင်းမှုကို ပြုကုန်၏၊ သီလ ရှိကုန်၏၊ ရတနာသုံးပါးကို ဆည်းကပ်ကုန်၏၊ တရားနှင့်အညီ သားမယားကို မွေးမြူကုန်၏၊ ထိုသူတို့ကို ငါသည် ရှိခိုး၏" ဟု ပြန်လည်ဖြေကြားလေ၏။ (သံယုတ်ပါဠိတော်၊ ဂဟဋ္ဌဝန္ဒနာသုတ်)

ဤကား သိကြားမင်း ရှိခိုးလေ့ရှိ ပူဇော်လေ့ရှိ မစလေ့ရှိသည့် ရဟန်းနှင့် လူပုဂ္ဂိုလ်များပင် ဖြစ်ပါ၏။

ဤသုတ်တော်အရ သိကြားမင်း မသည့်သူများ၊ သိကြားမင်း ရှိခိုးသည့်သူများမှာ ကုသိုလ်ကောင်းမှုရှိသူများ၊ တရားသဖြင့် နေလေ့ရှိသူများ၊ သီလရှိသူများ စသူတို့ဖြစ်ကြောင်း ကောင်းစွာသိရှိနိုင်မည်ဖြစ်၏။ အတိတ်က မိမိတို့ပြုလုပ်ခဲ့သည့် ကောင်းမှုကံများ၊ ယခုဘဝတွင် မိမိတို့ပြုလုပ်နေကြသည့် ကောင်းမှုကံများသည် သိကြားမင်းကိုပင် တုန်လှုပ်စေပြီး မိမိတို့ကို စောင့်ရှောက်စေ၏။ မ,စစေ၏။

ကောင်းမှုကုသိုလ်ရှိသူသည် စင်စစ် သိကြားမသည် ဆိုသည်ထက် မိမိ၏ကောင်းမှုကုသိုလ်များက မိမိကို မ,စပေးခြင်းသာ ဖြစ်၏။ ကောင်းမှုရှိသဖြင့် ယင်းကောင်းမှုက သိကြားမင်းကို တစ်ဆင့် မ,စစေခြင်းဖြစ်၏။ ကောင်းမှုကုသိုလ် မရှိလျှင် သိကြားမင်းသည် မိမိတို့ကို သိမည်မဟုတ်သကဲ့သို့ မနိုင်မည်လည်း မဟုတ်ပေ။ အရင်းစစ်လျှင် ကောင်းမှုကုသိုလ်ကပင် မိမိတို့ကို ကြီးပွားတိုးတက်စေခြင်းပင် ဖြစ်ပေ၏။

အသေအချာ တွေးကြည့်လျှင် သိကြားမင်း မ,စသည်ဖြစ်စေ၊ မ,မသည်ဖြစ်စေ မိမိတို့ကိုယ်တိုင် မိမိတို့ဘဝကို မနိုင်ကြသည်ကား အမှန်ပင်ဖြစ်၏။ မိမိတို့၏ ကံ၊ ဉာဏ်၊ ဝီရိယတရားများဖြင့် မိမိတို့ကိုယ်တိုင် ဘဝမှတ်တိုင် စိုက်ထူနိုင်ကြမည်ဖြစ်၏။ မိမိတို့၏ ကိုယ်ပိုင်ဝီရိယနှင့် ဉာဏ်ကို အရင်းတည်ကာ ကောင်းသည့်ကံများဖြင့် ဘဝကို လှံအောင် မနိုင်ကြမည်ဖြစ်၏။

သို့သော် ဝီရိယနှင့်ဉာဏ်တို့သည် မကောင်းသည့်ကံများ၊ မကောင်းသည့် အလုပ်များတွင် ပျော်ပါးအားစိုက်သွားလျှင်ကား မိမိတို့၏ဘဝကို မ,မနိုင်ဘဲ ဘဝကို ချသွားစေနိုင်၏။ စင်စစ် မိမိတို့၏ဘဝ လှရန်၊ ဘဝကို မရန်မှာကား ကုသိုလ်ကံသည်သာ အမှန်ဖြစ်ပါပေ၏။ ထို့ကြောင့် သိကြားမင်း မ,သည်ဖြစ်စေ၊ မ,မသည်ဖြစ်စေ မိမိတို့၏ဘဝကို ကုသိုလ်ကောင်းမှုများဖြင့် မိမိတို့ကိုယ်တိုင် မ,နိုင်အောင် ကြိုးစားကြဖို့ တိုက်တွန်းကြခြင်း ဖြစ်ပါ၏။

သို့သော် ယနေ့ခေတ် လူအတော်များများကား ဘဝတွင် အဆင်မပြေမှုများ၊ ဆင်းရဲဒုက္ခများ ကြုံကြသည့်အခါ မိမိတို့၏ဘဝကို ကုသိုလ်ကောင်းမှုများဖြင့် မ,ရန်မကြိုးစားကြဘဲ သူများအားကို ယူရန်သာ ကြိုးစားတတ်ကြ၏။ ဗေဒင်ဆရာ၊ ဂိုဏ်းဆရာ၊ အထက်လမ်း၊ အောက်လမ်းဆရာ စသူများကို အားကိုးကာ ထိုသူများအား မ,ခိုင်းတတ်ကြ၏။ စင်စစ် မိမိတို့ အားကိုးကြသည့် ထိုဆရာများသည်ပင် ကိုယ်တိုင် မ,မနိုင်ကြသဖြင့် မိမိတို့ကို တစ်ဖန်ပြန်ခိုင်းသည်ကို သတိပြုကြည့်လျှင် သိနိုင်မည်ဖြစ်၏။ မည်သူမဆို အဆင်မပြေဖြစ်သဖြင့် ဗေဒင်လက္ခဏာ စသည့် လောကဓာတ်ဆရာများသို့

www.burmeseclassic.com

သွားမေးကြသည့်အခါ ထိုဆရာများ ညွှန်ကြားလိုက်သည်အား ကုသိုလ်ကောင်းမှုများ လုပ်ရန်သာဖြစ်၏။ မည်သည့်နေရာတွင်၊ မည်သူ့ကို၊ မည်သည့်အရာလေး လှူလိုက်ပါသည်ဖြင့် ကုသိုလ်ကောင်းမှုတစ်ခုခုကို ပြုလုပ်စေပြီး ဘဝကို မြှင့်ခိုင်းကြမည်သာဖြစ်၏။ မည်သည့်ဂိုဏ်းဆရာကမှ မည်ဘုံ ဆံမှ မည်သည့်ဥစ္စာ ခိုးယူပြီး မည်မျှသော သတ္တဝါတို့ကို သတ်လိုက်ပါဟု ခိုင်းကြမည်ကို တွေ့ဖူးကြမည် မဟုတ်ပေ။ ဤသည်မှာ မိမိတို့ အားကိုးပါသည်ဆိုသည့် လောကဓာတ်ဆရာများပင် ၎င်းတို့ကိုယ်တိုင် မ,မနိုင်သဖြင့် ကုသိုလ်ကောင်းမှုများဖြင့် မိမိတို့ဘဝကို မိမိတို့ကိုယ်တိုင် မ,စေကြခြင်းဖြစ်ပါ၏။

သို့ဆိုလျှင် ဘဝတွင် အမှန်တကယ် အားကိုးနိုင်သည့်အရာမှာ ကုသိုလ်ကောင်းမှုမှတစ်ပါး အခြားမရှိသည်မှာ အထင်အရှားပင် ဖြစ်ပါ၏။ အတက်၊ အကျ၊ အနိမ့်၊ အမြင့် အမြဲရှိသည့် လောကတွင် အကျများနှင့် ကြုံကြသည့်အခါ ကုသိုလ်ကောင်းမှုကို များများပြုလုပ်ပေးခြင်းဖြင့် မိမိဘဝကို မိမိ မ,ကြရမည်သာ ဖြစ်ပါ၏။ ကုသိုလ်ကောင်းမှုများ ပြည့်နေလျှင် အခိုက်အတန့် အဆင်မပြေ ဖြစ်နေသော်လည်း အဆိုးဆုံးသို့ ရောက်မသွားနိုင်ပေ။ ထိုသို့ ကောင်းမှုရှိသူများ အဆင်မပြေဖြစ်နေလျှင်လည်း အဆိုးဆုံးသို့ မရောက်မီ သိကြားစသည့် သူတော်ကောင်းနတ်များက မ,စပေးကြမည်မှာ အမှန်ပင် ဖြစ်ပါ၏။

ကောင်းမှုကုသိုလ်ရှိနေလျှင် ထိုကောင်းမှုက မိမိကို မ,ပေးနေမည်ဖြစ်ပြီး ထိုကောင်းမှုကုသိုလ် အရှိန်ကြောင့်ပင် သိကြားကလည်း မိမိကို မ,ပေးနေမည်သာ ဖြစ်၏။ ထို့ကြောင့် မည်သို့ဆိုစေ ကုသိုလ်ကောင်းမှုဖြင့် ဘဝကို မ,နိုင်အောင် ကြိုးစားခြင်းသာ အကောင်းဆုံးဖြစ်ကြောင်း ဆိုခြင်းဖြစ်ပါ၏။

အချုပ်အားဖြင့် သိစေလိုသည်မှာ ဘဝတွင် အကျဟူသည် ရှိတတ်မြဲဖြစ်သဖြင့် ကျသည့်အခါ ထနိုင်မည့်နည်းမှာ ကုသိုလ်ကောင်းမှုဖြင့် မ,ခြင်းသာ အကောင်းဆုံးဖြစ်ကြောင်း၊ ထိုကုသိုလ်ကောင်းမှု ရှိသူများကိုသာ သိကြားသည့် သူတော်ကောင်းနတ်များက ဆောင်မ,တတ်ကြောင်း သတိပြုဆင်ခြင်ကာ သိကြားမ,သည်ဖြစ်စေ၊ မ,မသည်ဖြစ်စေ မိမိတို့၏ဘဝကို မိမိတို့ကိုယ်တိုင်သာ ကုသိုလ်ကောင်းမှုများ ပြုလုပ်ခြင်းဖြင့် မ,နိုင်အောင် ကြိုးစားကြရမည်ကို သိစေလိုရင်း ဖြစ်၏။ ထို့ကြောင့် မည်သူမဆို ဘဝတွင် အားကိုးရမည့်အရာ၊ ကူညီစောင်မပေးမည့်အရာများ လိုအပ်ကြသည်ဖြစ်ရာ ထိုအရာများတွင် ကုသိုလ်ကောင်းမှုကို အားကိုးခြင်းသည် အကောင်းဆုံး အားကိုးရာဖြစ်ပြီး ကုသိုလ်ကောင်းမှုလုပ်ခြင်းဖြင့် မိမိဘဝကို မိမိစောင်ခြင်း၊ မြှင့်တင်ခြင်းသည်သာ အကောင်းဆုံးဖြစ်ပါသဖြင့် သိကြားစသည့် နတ်ကောင်းနတ်မြတ်များ၊ သူတော်ကောင်းများ၏ မစစောင့်ရှောက်မှုကို ခံယူနိုင်ရန် ကုသိုလ်ရှိသူများ ဖြစ်အောင်သာ ကြိုးစားလျက် သိကြားမ,မည့်သူအဖြစ် ခံယူကြပါဟု စေတနာထား မေတ္တာအားဖြင့် တိုက်တွန်းသမှု ပြုလိုက်ရပါတော့၏။

❖

## လု လူ လူး

'မနုဿ' ဟူသော ပါဠိစကားလုံးကို 'လူ' ဟု မြန်မာပြန်ဆိုကြ၏။ လူသည် ရုပ်နာမ်နှစ်ပါးဖြင့် ဖွဲ့စည်းထားသည့် သတ္တဝါများတွင် ပါဝင်သည့် သတ္တဝါတစ်မျိုးဖြစ်၏။ သို့သော် သာမန်သတ္တဝါကား မဟုတ်၊ ဘုန်းကံကြီးမားသည့် သတ္တဝါ၊ တန်ဖိုးရှိသည့် သတ္တဝါ၊ အသိဉာဏ်ရှိသည့် သတ္တဝါ၊ အရာရာကို ရအောင်လုပ်နိုင်သည့် သတ္တဝါ ဖြစ်၏။

ထို့ကြောင့် ရုပ်နာမ်နှစ်ပါး ပိုင်ဆိုင်ထားသော သတ္တဝါချင်း တူသော်လည်း လူဟူသော သတ္တဝါ၏ ဘဝသည် အမြင့်မြတ်ဆုံး ဘဝ၊ ရခဲသည့် ဘဝ၊ ကိုယ်ပိုင်အစွမ်းဖြင့် အစစအရာရာ ရယူနိုင်သည့်ဘဝ၊ အမြင့်ဆုံးသို့ တက်လှမ်းနိုင်သည့်ဘဝဟု ဆိုကြခြင်းဖြစ်၏။

ဗုဒ္ဓစာပေတွင် လူ့ဘဝသည် ရခဲသည့် ဒုလ္လဘတစ်ခုဖြစ်ကြောင်း၊ အကောင်းဆုံး သုဂတိဘဝတစ်ခု ဖြစ်ကြောင်း၊ စကြဝတေးမင်း အဖြစ်မှသည် အနှိုင်းမဲ့ သဗ္ဗညုတဘုရားအဖြစ်အထိ လူ့ဘဝဖြင့် ရယူနိုင်ကြောင်း၊ ကံ ဉာဏ် ဝီရိယ သုံးမျိုးလုံး ညီညွတ်စွာဖြင့် ကြိုးစားနိုင်ပါက လူသည် မဖြစ်နိုင်သည့်အရာ မရှိကြောင်း စသည်ဖြင့် ဖော်ပြထားချက်များ ရှိ၏။ ဆိုလိုသည်မှာ လူသည် သတ္တဝါများထဲတွင် အမြင့်မြတ်ဆုံးနှင့် စွမ်းအားအရှိဆုံး သတ္တဝါဖြစ်ပြီး လူ့ဘဝသည်လည်း အဖိုးတန်ဆုံး ဘဝတစ်ခု ဖြစ်သည်ဟု ဆိုလိုခြင်း ဖြစ်၏။

မှန်၏။ လူ့ဘဝကို ရလာကြသည့် လူများသည် ကံကောင်းသည့်သူများ ဖြစ်၏။ မိမိဘဝကို ကြိုးစားမှု၊ စူးစမ်းဆင်ခြင်မှုနှင့် လုပ်ဆောင်မှုတို့ကို အရင်းတည်၍ မိမိလိုသလို ဖန်တီးတည်ဆောက်နိုင်သဖြင့်လည်း လူ့ဘဝသည် တန်ဖိုးရှိသည့်ဘဝ၊ မြင့်မြတ်သည့်ဘဝဟု ဆိုခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

လူနှင့် တိရစ္ဆာန်တို့သည် သတ္တဝါပဲဖြစ်သော အခေါ် အဝေါ်ချင်း တူသော်လည်း အကျိုးပေးချင်း ကွာခြား၏။ ဘဝ တည်ဆောက်ပုံချင်း ကွာခြား၏။ လူနှင့် တိရစ္ဆာန်ကို မဆို ထားလင့်၊ လူလူချင်းပင်လျှင် အကျိုးပေးချင်း ကွာခြား၏။ ဘဝရရှိလာပုံချင်း ကွာခြား၏။ အတိတ်ကံ၏ အကျိုးပေး ကြောင့် အချို့လူများသည် ချမ်းသာသည့်နိုင်ငံ၊ ချမ်းသာသည့် မိသားစု၊ ချမ်းသာသည့် မိဘ ညီအစ်ကို မောင်နှမ ဆွေမျိုး မိတ်သင်္ဂဟ အသိုင်းအဝိုင်းတွင် လူလာဖြစ်ကြ၏။ သို့သော် လူနှင့်မတူသည့်လူ၊ အသိဉာဏ်မရှိသည့်လူအဖြစ် မွေးဖွား လာခဲ့ရ၏။

အချို့ကား ဆင်းရဲသည့်နိုင်ငံ၊ မိသားစု၊ မိဘဆွေမျိုး ညီအစ်ကို မိတ်ဆွေအပေါင်းအသင်းများတွင် လူလာဖြစ်ကြ ၏။ သို့သော် လူပီသသည့်လူ၊ အသိဉာဏ်ရှိသည့်လူအဖြစ် မွေးဖွားလာခဲ့၏။ အချို့ကား ချမ်းသာသည့်နိုင်ငံ၊ မိသားစု၊ အသိုင်းအဝိုင်း စသည်တို့နှင့် ပြည့်စုံသည့်အပြင် အသိပညာ နှင့် ပြည့်စုံသည့်လူအဖြစ် မွေးဖွားခဲ့ကြ၏။ နှစ်ဖက်စုံသည့် လူအဖြစ် မွေးဖွားလာခဲ့၏။ အချို့သည်ကား နှစ်ဖက်လုံးချို့ သည့်လူအဖြစ် မွေးဖွားခဲ့ကြ၏။ ဤသည်မှာ လူချင်းတူသော် လည်း အကျိုးပေးချင်း ကွာခြားမှု၏ သက်သေပင်ဖြစ်၏။ တစ်နည်းဆိုရသော် အတိတ်ကံ ဖန်တီးပေးမှု၏ ရလဒ်ပင် ဖြစ်၏။ အတိတ်အကျိုးသည် ထိုမျှလောက်ဖြစ်၏။

အတိတ်ကံ၏ အကျိုးပေးမှုသည် လူတစ်ဦး မွေးဖွား လာသည့် ရုပ်လက္ခဏာ အသွင်အပြင်၊ အသိုင်းအဝိုင်း၊ နေရာ ဒေသ ကောင်း၊ မကောင်းမျှလောက်သာ ဖြစ်၏။ ထိုသူ၏ ဘဝအဆင့်အတန်းမြင့်မှု၊ အသိပညာ တိုးပွားမှု၊ ပစ္စုပ္ပန် သံသရာ ကြီးပွားမှုတို့အတွက်ကား ထိုသူ၏ ယခုဘဝ လုပ် ဆောင်နေသည့် အလုပ်၊ အသိဉာဏ်ပညာနှင့် ကြိုးစားအား ထုတ်မှုအပေါ်တွင် မူတည်သွားတော့၏။

ဆိုလိုသည်မှာ လူ့ဘဝကို ရရှိလာခြင်းသည် အတိတ် ကံ၏ အကျိုးပေးမှုနှင့် သက်ဆိုင်သွားပြီး ရရှိလာသည့် လူ့ဘဝတွင် လူပီသစေရန်နှင့် ပစ္စုပ္ပန် သံသရာ ကောင်းစေ ရန်၊ ဘဝတိုးတက်မှု ရရှိစေရန်တို့ အတွက်ကား ထိုသူ၏ လက်ရှိ ကံ၊ ဉာဏ်၊ ဝီရိယ သုံးမျိုးအပေါ်တွင်သာ ပဓာနဖြစ် ကြောင်း ဆိုလို၏။ ရရှိလာသည့် လူ့ဘဝကို ဉာဏ်၊ ဝီရိယ တို့နှင့် ပေါင်းစပ်ပြီး စေတနာကောင်းဖြင့် အလုပ်လုပ်မှုသည် သာ လူပီသသည့်လူဖြစ်ရန် အဓိကကျကြောင်း ဆိုလိုရင်း ဖြစ်ပါ၏။

လူသည် ဘုန်းကံကြီးမားပြီး အရာရာကို ဖန်တီးနိုင် သည့်သူ ဖြစ်သော်လည်း ကံ၊ ဉာဏ်၊ ဝီရိယတို့ကို အသုံးပြုပြီး ရရှိလာသည့် ဘဝကို တန်ဖိုးရှိအောင် အသုံးမပြုနိုင်လျှင် လူပီသသည့်လူဟု မဆိုနိုင်ပေ။ အချို့ လူ့ဘဝကို ရလာသော် လည်း ရရှိလာသည့်ဘဝကို ဖြစ်သလို နေပစ်လိုက်ကြ၏။ ကြိုးစားလျှင် ဖြစ်နိုင်သည့်ဘဝကို မကြိုးစားဘဲ ကံကိုသာ အပြစ်ပုံချလိုက်ကြ၏။ ကံမကောင်းပါဘူးဟုဆိုကာ မိမိ၏ ပစ္စုပ္ပန်အစွမ်းကို မေ့ထားလိုက်ကြ၏။ ဉာဏ်နှင့် ဝီရိယကို ပယ်ကာ အတိတ်ကံ မကောင်းလို့သာ ဒီလိုဘဝမျိုး ဖြစ်နေ ရတာဟု ဘာမှမလုပ်ဘဲ မခိုင်လုံသည့် အကြောင်းပြချက်များ ကိုသာ အဖော်ပြုနေကြတော့၏။

စင်စစ် လူအဖြစ် မွေးဖွားပေးလိုက်မှုသည်ပင် အတိတ် ကံ၏ အကျိုးပေးမှု ပြီးဆုံးသွား၏။ ပစ္စုပ္ပန်တိုးတက်ရန်အတွက် ကား ပစ္စုပ္ပန်မှာ လုပ်ရမည့်လူ၏ တာဝန်သာဖြစ်၏။ အမှန် အားဖြင့် ကံဟူသည်မှာ အလုပ်ကိုပင် ဆိုခြင်းဖြစ်၏။ အလုပ် ကောင်းလျှင် ကံကောင်းမည်ဖြစ်ပြီး အလုပ်ဆိုးလျှင် ကံဆိုး မည်သာ ဖြစ်၏။

ထို့ကြောင့် ကံ၏အကျိုးပေးကောင်းကို လိုချင်လျှင် ဉာဏ် ဝီရိယနှင့်သာ ကြိုးစားရယူရန် လိုအပ်ပေ၏။ ဉာဏ်၊ ဝီရိယ ရှိပါမှ ကံက ကူညီမည်ဟု ဆိုသည့်အတိုင်း စေတနာ ကောင်းပါသည့် ဉာဏ် ဝီရိယနှင့် ကြိုးစားလျှင် ကံလည်း ကောင်းလာမည်သာ ဖြစ်ပါ၏။ ထိုသဘောကို မေ့နေကြ သဖြင့် အချို့လူများသည် လူဖြစ်လာသော်လည်း လူနှင့်မတူ သည့်အပြင် ရရှိလာသည့်ဘဝတွင်လည်း စားဝတ်နေရေး အဆင်ပြေစေရန်အတွက် အစစအရာရာ လုနေကြရတော့ ၏။ ထို့ကြောင့် ထိုသူများကို လူဟုမခေါ်ကြဘဲ 'လု' ဟုသာ ခေါ်ကြလေ၏။ ဘဝမှာ လုနေရသည့် အမှုအရာများဖြင့်သာ အချိန်ကုန်နေကြရသောကြောင့် လူဖြစ်သော်လည်း လူမပီသ သည့်လူ၊ တစ်နည်းအားဖြင့် လုနေရသည့်လူဟု ခေါ်ကြခြင်း ဖြစ်၏။

သို့ဆိုလျှင် ထိုသူများသည် ပစ္စုပ္ပန်ဘဝမှာပင် လုနေ ကြရလျှင် သံသရာအတွက်ကား မည်သို့ ဖန်တီးကြမည်နည်း။ ယခုဘဝမှာပင် ဘဝကို ဖြစ်သလိုနေကာ အချည်းနှီးကုန်ဆုံး သွားသူများသည် သေပြီးနောက် ဘဝများတွင်လည်း ဘဝကူး ကောင်းမည် မဟုတ်လှပေ။ အစစအရာရာ လုနေကြရသည့် ဘဝတွင် ကုသိုလ်ကောင်းမှုအတွက်လည်း လုနေကြရမည် သာဖြစ်၏။

လပြည့်ဝန်းမဂ္ဂဇင်း (ဇူလိုင်လ၊ ၂၀၁၇)



www.burmeseclassic.com

www.burmeseclassic.com

ဉာဏ်နှင့်ယှဉ်သည့် ကြိုးစားအားထုတ်မှု အလုပ်မပါသည့်သူများသည် စားဝတ်နေရေးများတွင်လည်း အဆင်ပြေမှု မရှိနိုင်သည့်အပြင် မည်သူနှင့်ယှဉ်ယှဉ် အမြဲနောက်ကျတတ်ကာ အရာအားလုံးအတွက် လု၍သာ နေကြရတတ်၏။ ထိုသို့ ဘုန်းကံကြီးမားသည့် လူ့ဘဝတွင် လုနေကြရသည့်သူများသည် ကုသိုလ်ကောင်းမှုအတွက်လည်း လုနေကြရသဖြင့် နောင်ဘဝသံသရာတွင်လည်း လူးနေရတတ်ပေ၏။

လူးသည်ဟူသည် ဘဝတွင် မည်သည့်အရာမျှအတည်အကျမရှိဘဲ ဟိုရောက်ဒီရောက်၊ ဟိုဖြစ်ဒီဖြစ်၊ ဟိုကျဒီကျဘဝများဖြင့် ဘဝသံသရာ အောက်အောက်ဘုံများတွင်သာ လူးလွင့်နေတတ်သည်ကို ဆိုခြင်းဖြစ်၏။ ထို့ကြောင့် လူဖြစ်သော်လည်း ကံ ဉာဏ် ဝီရိယကို အရင်းတည်ကာ လူပီသအောင် မလုပ်နိုင်သဖြင့် စားဝတ်နေရေး၊ ကုသိုလ်ရေးများတွင် လုနေကြရသည့်သူများသည် နောင်ဘဝသံသရာတွင်လည်း အောက်အောက်ဘုံဘဝများတွင်သာ လူးလွင့်နေတတ်သဖြင့် ထိုသူများကို လူ့ပီသသည့် လူဟု မခေါ်နိုင်ဘဲ 'လူး' ဟူသာ ခေါ်ကြခြင်းဖြစ်၏။

အမှန်စင်စစ် လူဟူသည် ကံ၊ ဉာဏ်၊ ဝီရိယကို အရင်းတည်ကာ အကြောင်းအကျိုး အကောင်းအဆိုးကို ပိုင်းခြားဝေဖန် စိစစ်နိုင်သူကို လူဟုခေါ်၏။ တစ်နည်းအားဖြင့် ကုသိုလ်၊ အကုသိုလ်ကို သိသူကိုသာ လူဟုခေါ်ဆိုနိုင်၏။ ကုသိုလ်၊ အကုသိုလ် အကျိုးအကြောင်းကို သိရန်မှာလည်း အသိပညာရှိမှသာ ဖြစ်၏။

အသိဉာဏ်ပညာ မရှိလျှင် စူးစမ်းဆင်ခြင်နိုင်မှုလည်း မရှိနိုင်သည့်အပြင် အကောင်းအဆိုးကိုလည်း ခွဲခြားနိုင်စွမ်း မရှိနိုင်ပေ။ ထိုသို့ လူဖြစ်လာပြီး အသိဉာဏ် မရှိပါလျှင် တိရစ္ဆာန်များအတိုင်းပင် ဖြစ်နေတတ်ပေသည်။ တိရစ္ဆာန်များသည်ကား အိပ်ကြ၊ စားကြ၊ ကာမဂုဏ်မှီဝဲကြသည်များကိုသာ ပြုလုပ်ကြသကဲ့သို့ အသိဉာဏ်ပညာ မရှိသည့်လူများသည်လည်း ထိုသုံးမျိုးနှင့်သာ အချိန်ကုန်နေတတ်သဖြင့် ထိုသူများကို လူဖြစ်နေသော်လည်း လူမပီသသည့်သူ၊ တစ်နည်းအားဖြင့် 'လူ့တိရစ္ဆာန်' ဟု ခေါ်ဆိုကြ၏။

ဤသဘောကို လယ်တီဆရာတော်ဘုရားကြီးက -

"မေထုန်မှီ အိပ်စားလို့၊ ယောကျ်ားနှင့်နွားမှာ၊ ပြည့်စုံကုံလုံရှိပါ၏၊ သိပညာတတ်တပါး၊ နွားထက်ပိုသာ၊ တတ်ပညာ ချို့ရှာချေက၊ လူမိုက်ခေါင် ထိုယောကျ်ားကို၊ နွားဟုဆိုရ" ဟု စပ်ဆိုကာ သတိပေးတော်မူ၏။

မှန်၏။ မေထုန်မှီဝဲခြင်း၊ အိပ်ခြင်း၊ စားခြင်းများကို လူများလည်း လုပ်ကြသကဲ့သို့ တိရစ္ဆာန်များလည်း လုပ်ကြ၏။ လူသည်ကား အသိပညာရှိခြင်း တစ်ခုသာ တိရစ္ဆာန်ထက်သာသည့် အချက်ဖြစ်၏။ ထိုသာသည့် အသိပညာပါ မရှိလျှင်ကား ထိုလူသည် အထည်ကိုယ်အားဖြင့် လူဟုဆိုနိုင်သော်လည်း လူမပီသသည့်လူ၊ တစ်နည်းအားဖြင့် အသိဉာဏ်မရှိသည့် သတ္တဝါ၊ တစ်နည်းအားဖြင့် လူ့တိရစ္ဆာန်ပင် ဖြစ်လေတော့၏။

ထို့ကြောင့် အကောင်းဆုံး၊ အမြတ်ဆုံးဖြစ်သည့် လူ့ဘဝကို ရရှိနေကြသည့် လူများသည် လူပီသသည့် လူများဖြစ်စေရန် ဉာဏ်နှင့်ယှဉ်သည့် ကြိုးစားအားထုတ်မှုဖြင့် စေတနာကောင်းပါသည့် အလုပ်များကိုသာ လုပ်ဆောင်နေထိုင်ရန်လိုကြောင်း ဆိုခြင်းဖြစ်၏။ ဆိုလိုသည်မှာ ကံ၊ ဉာဏ်၊ ဝီရိယကို လက်ကိုင်ထားသည့် လူအဖြစ် နေထိုင်မှသာ လူဟုဆိုကြောင်း ဆိုလိုရင်းဖြစ်ပါ၏။

အချုပ်အားဖြင့် လူ့ဘဝသည် အရာရာကို ဖန်တီးနိုင်စွမ်းရှိသည့် ဘဝ၊ အမြင့်မြတ်ဆုံးသော ဘဝ၊ တန်ဖိုးအရှိဆုံးသော ဘဝဖြစ်သော်လည်း ထိုဘဝကို အချည်းနှီးသောဘဝ၊ ပစ္စုပ္ပန်သံသရာ အစစ အရာရာတွင် လုနေရသည့်ဘဝ၊ မကောင်းသည့် လုပ်ရပ်များကြောင့် မကောင်းသည့် ဘုံဘဝများတွင်သာ လူးနေရသည့်ဘဝများအဖြစ် ပြောင်းလဲပစ်နိုင်သည်မှာလည်း လူသာလျှင်ဖြစ်သဖြင့် လူသားများသည် လူပီသသည့် လူများဖြစ်စေရန်၊ လုနေရသည့် လူများမဖြစ်စေရန်နှင့် လူးနေရသည့် လူများမဖြစ်စေရန် အသိဉာဏ်ပညာပါသည့် ကြိုးစားအားထုတ်မှုကို လက်ကိုင်ထားကာ စေတနာကောင်းဖြင့် မိမိလိုချင်သည့်အရာကို ရအောင်ကြိုးစားရန်သာ ဖြစ်သည်ဟူသည့် အချက်ပင်ဖြစ်၏။

ထို့ကြောင့် ရရှိလာသည့်၊ တန်ဖိုးရှိသည့် လူအဖြစ်ကို လုရင်း၊ လူးရင်းဖြင့် အချိန်မကုန်ကြစေဘဲ အကြောင်းအကျိုး၊ အကောင်းအဆိုး၊ ကုသိုလ် အကုသိုလ်ကို သိရှိကာ လိုက်နာကျင့်သုံးပြီး စေတနာကောင်းပါရှိသည့် လုပ်ရပ်များဖြင့် လူပီသသည့် လူများဖြစ်အောင်သာ ကြိုးစားကြရန် ဖြစ်ပါကြောင်း စေတနာကောင်းဖြင့် အသိပေး တိုက်တွန်းလိုက်ရပါသည်။

အားလုံး လူပီသသည့် လူများ ဖြစ်ကြပါစေ။


**ဓမ္မဒါန**

❑



www.burmeseclassic.com

www.burmeseclassic.com



ဘုရားနီဘုရား (ခေါ်) ပတ္တမြားမာန်အောင်သိဒ္ဓိရှင်စေတီတော်မြတ်ကြီး

# သမိုင်းကစကားပြောသော သေန်လျှင်

သို့မဟုတ်

# သောက်တော်တွင်းရပ်ကွက်မှ ဘုရားနီစေတီတော်မြတ်ကြီး

မောင်လေးအောင်(သန်လျင်)

ဘုရားနီ ဘုရားသမိုင်းသည် ဘုရားနီ ဘုရား၏ အကြောင်းခြင်းရာတို့ကို စေ့စေ့ငုငု ပြည့်ပြည့်စုံစုံ သမိုင်းက ထောက်ပြနေသည်။ ဖော်ပြနေသည်။ တစ်နည်းအားဖြင့် သမိုင်းက စကားပြောနေသည်။

သန်လျင်မြို့သည် "ဝိညာဉ်ရှိသောမြို့"ဟူ၍ ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ တင်စားရေးသားချက်ကို တွေ့ရှိ ဖတ်ရှုရပါသည်။ အမှန်တင်စားထိုက်ပါ၏။ ဆိုသည့်အတိုင်း သန်လျင်သည် ခိုင်ခံ့ရှည်ကြာသော သမိုင်းစဉ်ရှိသည်။

သန်လျင်မြို့သည် လွမ်းမော တသဖွယ်ကောင်းသော၊ သာယာတင့်မောဖွယ်ကောင်းသော၊ ကြည်နူးချမ်းမြေ့ဖွယ် ကောင်းသော မြို့တစ်မြို့ဖြစ်သည်။

လျို့ဝှက်ဆန်းကြယ်သော၊ နက်နဲသိမ်မွေ့သော ဂမ္ဘီရ ဖြစ်ရပ်ဆန်းကြယ် ဖြစ်ရပ်မှန်တို့သည် သန်လျင်မြို့လေးတွင် ရှိနေသည်။ အချို့နေရာများတွင် ဒဏ္ဍာရီဆန်နေသည်။ ပုံပြင်ဆန်နေသည်။


ပုံပြင်ဆန်ဆန် ဒဏ္ဍာရီဆန်ဆန် ရှိငြားသော်လည်း အမှန်ဖြစ်သည်။ အမှန်တကယ် ရှိ၏။ အမှန်ဖြစ်သော၊ အမှန်တကယ်ရှိသော ဖြစ်ရပ်မှန် ဖြစ်ရပ်ဆန်းတို့သည် သူ့နေရာနှင့်သူ ခိုင်လုံသော အထောက်အထား ပြယုဂ်များဖြင့် သူ့ရာဇဝင်နှင့်သူ၊ သူ့သမိုင်းနှင့်သူ ရှိနေလေ၏။

ခိုင်ခံ့ရှည်ကြာသော သမိုင်းစဉ်ရှိသည့်မြို့ သန်လျင်သည် အထက်ဆိုခဲ့သည့်အတိုင်း လွမ်းမောဖွယ်ရာ ကြေကွဲဖွယ်ရာ ကြည်နူးချမ်းမြေ့ဖွယ်ရာ အတိရှိနေသော၊ နက်နဲသိမ်မွေ့ပြီး လျို့ဝှက်ဆန်းကြယ်နေသော၊ ဒဏ္ဍာရီဆန်သော မြို့ (သို့မဟုတ်) ဒဏ္ဍာရီမြို့တော်လေးဟု ထပ်ဆင့်ဆိုခဲ့ပါလျှင် ထိုမြို့ သန်လျင်သည်ကား ငါးမည်ရ သန်လျင်မြို့ ဖြစ်သည် ဟု -

(က) မြို့တည်မင်း သေန်လျင်ကို အစွဲပြု၍ သန်လျင်မြို့၊

(ခ) သလင်၊ သခါး၊ မွန်၊ ကရင်၊ စကားအခြေခံ၊ ယင်းမှ အရပ်အခေါ် တည်င(တချို့က သန်လျင်မြို့တည်ရာ

www.burmeseclassic.com



သပ္ပသိဒ္ဓိရုပ်ပွားတော်မြတ်ကြီး

အရပ်၌ ကြက်တညင်လေးများ ပေါများ၍ တညင်ဟု ခေါ်ကြသည် ဟုဆိုသည်)။

(ဂ) တုံစလင်၊ ဋွင်သလင်၊ သမိုင်းစကား (သမိုင်းသကား) ကျွန်း၊ မွန်အခြေခံ၊ ယင်းမှဲ့၊ စံကားရွာ၊ စံကားမြို့။ (အချို့က မြို့တည်ရာအရပ်၌ စံကားပင်များ ပေါများ၍ စံကားရွာ စံကားမြို့ဟု ခေါ်သည်ဟုဆိုကြ၏)

(ဃ) ကျောက်ဂဝံ၊ ကုန်းတန်းပေါ်တွင် မြို့တည်ရှိ၍ ကျောက်ဖျာရွာ။

(င) ခြင်္သေ့ပုံသဏ္ဌာန်ရှိသော မြို့ကို တည်သောကြောင့် သီဟဒီပကျွန်း။

သို့ဖြစ်ရကား သန်လျင်မြို့သည် -

(၁) သန့်လျင် (၂) တည င် (၃) စံကား (၄) ကျောက်ဗျာ (၅) သီဟဒီပဟူ၍ ငါးမည်ရ မြို့ဖြစ်သည်ဟု ဆိုပါသည်။

သန်လျင်သည် ပါဒမင်း၊ သုံးဦးသောရသေ့နှင့် ဝက်ကြီးကို သတ်မိသည့်အတွက် ငါးဆူသော စေတီတော်တို့ကို တည်ထားကိုးကွယ်ခဲ့လေ၏။

ထိုငါးဆူတွင် -

ဘုရားနီဘုရား တစ်ဆူအပါအဝင် ဖြစ်သည်။

ထိုအရပ်ကိုလည်း ငါးဆူကွက်ဟု ခေါ်သည်။

၎င်း ဘုရားငါးဆူမှာ -

(၁) ကျိုက်ဖရိုအုံ (ဘုရားနီစေတီ) သန်လျင် ဝက်ကို ဆွဲခုတ်ရာအရပ်၌ "ကျိုက်ဖရို့အုံ" ခေါ် (ဘုရားနီစေတီကို တည်ထား ကိုးကွယ်ခဲ့သည်။)

ယခု ပတ္တမြားမာန်အောင်ဘွဲ့အမည်ဖြင့် သောက်တော်တွင်းရပ်ကွက် သန်လျင်-ရန်(...) မီးရထားလမ်းဘေး၌ တည်ရှိသည်။

(၂) ကျိုက်ဝိသုံမနီ (ရန်အောင်မြင်စေတီ) သန်လျင်မားမတိုရရာအရပ်၌ "ကျိုက်ဝိသုံမနီ"ခေါ် ရန်အောင်မြင်စေတီကို တည်ထားခဲ့သည်။

ယခု မြို့ဟောင်းအလယ်ရပ်ကွက် ဆင်းကျုံးပိုင်းတွင် တည်ရှိသည်။

(၃) ကျိုက်ဒေးပရင်း (ရေအလျင်စေတီ) သန်လျင်မြူတာအိုးရရာအရပ်၌ "ကျိုက်ဒေးပရင်း" ရေအလျင်စေတီ တည်ထားခဲ့သည်။

ယခုအောင်ချမ်းသာရပ်ကွက် ခရိုင်ပြည်ခိုင်ဖြိုးရုံး၏ အနောက် ဘည့်တည့်တွင် တည်ရှိသည်။ (ယခု သီဟိုဠ်ကျောင်းဘုရားဟုခေါ်သည်။)

(၄) ကျိုက်မဃဇေ (စည်တိုစေတီ) သန်လျင် စည်ငယ်ရရာအရပ်၌ "ကျိုက်မဃဇေ"ခေါ် စည်တိုစေတီကို တည်ခဲ့သည်။




www.burmeseclassic.com

www.burmeseclassic.com



သန်လျင်မင်းရုပ်တုနှင့် တည်ဆောက်ပြီးစအဆောင်



သိဒ္ဓိရှင်ဝက်

ယခု ကျိုက်ဒေးဝဘွဲ့အမည်ဖြင့် သန်လျင်မြို့ ကျိုက်ခေါက်စေတီအနီး၌ တည်ရှိသည်။

(၅) ကျိုက်ပြတ်စပ်တနော် (ပြာသာဒ်စေတီ) သေန်လျင်ပါဒမင်းဦးခေါင်းရရာအရပ်၌ ကျိုက်ပြတ်စပ်တနော် ခေါ် ပြာသာဒ်စေတီကို တည်ထားခဲ့သည်။

ယခု ကျောက်တန်းမြို့ မင်းကျောင်းစာသင်တိုက်အနီး၌ တည်ရှိသည်။ ကျိုက်ပြာသာဒ်တန္တ ဟူသော ဘွဲ့အမည်ဖြင့် တည်ရှိသည်။

(၆) ဇကျိုက်ဖရိုရမ္မာစေတီ သေန်လျင် မင်းစဖြစ်ဖြစ်ချင်း တည်သောဇေတီ ဖြစ်သည်။

ယခုဘုရားကုန်းဈေး၏ တောင်ဘက်အနီးတွင်ရှိသည်။

သေန်လျင် တည်ထားကိုးကွယ်ခဲ့သော ဘုရားများဖြစ်ပါသည်။

သန်လျင်ရာဇဝင်တွင် အောက်ပါအတိုင်း အကျယ်တဝင့် ဖော်ပြပါရှိသည်။

ရှေးပါဒမြို့ စည်ပင်ဖွံ့ဖြိုးသည့်ကာလ အရိန္ဒရာဇာမင်း လက်ထက်တွင် ပါဒမြို့ အရှေ့ဘုရားကြီးရွာ၌ တောင်သူခင်ပွန်းနှစ်ယောက် ရှိသည်။ ၎င်းတို့တွင် သားတစ်ယောက်တည်း ထွန်းကားသည်။ ထိုသူသည် ဘုန်းသမ္ဘာနှင့် ပြည့်စုံ၏။ ငယ်စဉ်ကပင် သန်မာထွားကျိုင်း၏။

ပဋိသန္ဓေတည်၍ မွေးဖွားသည့်အချိန်မှစ၍ ထမင်းတစ်ယောက်မကုန် စား၏။ တစ်စနှင့်တစ်စ ကြီးပြင်းလာသော် တိုး၍ တိုး၍ စားလာ၏။ စားနိုင်၏။ နှစ်ကြာလာသော် တစ်နေ့ တစ်နေ့လျှင် နှစ်တင်းခွဲ၊ သုံးတင်း ကုန်အောင်စားလာသည်။

ခွန်အားဗလကြီး၍ သန်မာထွားကျိုင်းလွန်းသောကြောင့် သစ်ပင်ကြီး၊ အုန်းပင်ကြီး၊ ထန်းပင်ကြီးတို့ကို နုတ်နိုင်၏။ လှဲနိုင်၏။ ခွမ်းရည်သတ္တိနှင့် ပြည့်စုံကာ လျင်မြန်ဖျတ်လတ်လွန်းသ ဖြင့် ၎င်း၏အမည်ကို "သေန်လျင်"ဟု ခေါ်ဝေါ်ကြလေ၏။

သေန်လျင်၏ အမိ၊ အဖများသည်

"ငါတို့၏သားသည် ဤမျှ စားနိုင် သောက်နိုင်၏၊ ကုန်၏၊ စပါးဆန် အဘယ်မှာရနိုင်အံ့နည်း၊ ခွန်အားဗလလည်း လွန်စွာကြီး၏၊ ဖျတ်လတ်၏၊ ပေါ့ပါး၏၊ နောင် မင်းစိုးရာဇာတို့ကြားသိခဲ့သော် မင်းပြစ် မင်းဒဏ်ဘေးမှ မလွတ်မကင်းဖြစ်နိုင်၏" ဟု နှစ်ယောက်သား တိုင်ပင်ပြောဆိုပြီးလျှင် သားကို ခေါ်၍ ဤသို့ဆို၏။

"ချစ်သား၊ ငါတို့မှာ သူများနည်းတူ ကူးသန်းရန်အတွက် စီးနင်းရန် လှေလည်းမရှိ၊ တက်လည်းမရှိ၊ ဒါကြောင့် ငါတို့သားအဖနှစ်ယောက် တောတွင်းသို့ လှေထွင်းရန် သစ်ခုတ်သွားကြအံ့" ဟု ဖခင်ဖြစ်သူမှ အကြံအစည်ဖြင့် သားသေန်လျင်အား လှည့်ဖြားပြောဆို၍ သူတစ်ပါး၏ လှေငယ်တစ်စီးအား ငှားရမ်းပြီး စားနပ်ရိက္ခာအချို့ တင်ဆောင်ကာ သားအဖနှစ်ဦး သီဟဒီပကျွန်းသို့ ထွက်ခွာသွားကြလေ၏။

ရောက်ရောက်ချင်းပင် လှေထွင်းရန် သစ်ပင်ကို ရှာဖွေကြရာ လုံးပတ်အတောင် ၂၀ ခန့်ရှိ ယမနေပင်ကြီးတစ်ပင်ကို တွေ့ရှိသဖြင့် သားအဖနှစ်ယောက် အတူတူခုတ်လှဲကြလေ၏။

လဲကျလုဆဲဆဲအချိန်သို့ ရောက်သည့်အခါတွင် ဖခင်ဖြစ်သူမှ သားဖြစ်သူအား ဥပါယ်တံမျဉ်ဖြင့် ဤသို့ဆိုလေ၏။

"ချစ်သား၊ သစ်ပင်လဲ၍ ရွေ့သည့်အချိန်တွင် သယ်နိုင်မည် မှန်သော်လည်း သစ်ပင်ကြီး လဲသွားသည့်အခါတွင် ငါသည် ပခုံးထက်သို့ မချီ၍ ပင့်နိုင်မည်မဟုတ်၊ ဒါကြောင့် သစ်ပင်မလဲကျမီကပင် အမောင် ပခုံးဖြင့် အသင့်ခံ၍ နေပါလော့"ဟု ဆိုလေ၏။



www.burmeseclassic.com

www.burmeseclassic.com

အဖ ဆိုသည့်အတိုင်း သေန်လျှင်လည်း သစ်ပင်ကြီးအား ပခုံးဖြင့်အသင့်ခံ၍ ထမ်းထားစဉ် ဖခင်ဖြစ်သူမှ သစ်ပင်ကို ဓားဖြင့် ဆက်ခုတ်လေရာ မကြာမီ သစ်ပင်ကြီးမှာ သေန်လျှင်ပေါ်သို့ လဲကျလေ၏။

ဖခင်ဖြစ်သူသည် သူကြံစည်ထားသည့်အတိုင်း သားဖြစ်သူမှာ သစ်ပင်ပိ၍ သေမြဲပြီဟုထင်မှတ်ကာ လှေရှိရာသို့ အမြန်ဆုံးသွားရောက်ကာ မိမိနေထိုင်ရာ အရပ်သို့ လှော်ခတ်၍ ပြန်ခဲ့လေတော့၏။

သားဖြစ်သူ သေန်လျှင်သည် ဘုန်းသမ္ဘာရှင်တစ်ဦးဖြစ်သည်နှင့်အညီ သစ်ပင်ပိ၍ မသေဘဲ ထိုသစ်ပင်ကြီးကို ထမ်းကာ လှေဆိုက်ကပ်ထားရာ ကမ်းနားသို့ လာခဲ့လေ၏။ ကမ်းနားသို့ရောက်သောအခါ ဖခင်မှာ ထွက်ခွာသွားပြီဖြစ်သောကြောင့် မတွေ့ရ မမြင်ရတော့သည့်အတွက် ဖခင်ကို လွမ်းဆွတ်သဖြင့် တရှုပ်ရှုပ်ငိုကြွေးနေတော့သည်။

၎င်းဖခင်အား လွမ်းဆွတ်၍ ငိုကြွေးသည့်နေရာကို အလွမ်းဆွတ်ရွာဟု ခေါ်တွင်ကြလေ၏။ ကာလရွေ့လျော၍ နောင်တွင် အလွမ်းသုပ်ကျေးရွာဟု ယနေ့တိုင် ခေါ်တွင်လျက်ရှိပေသည်။ သေန်လျှင်သည် ဖခင်အား မတွေ့တော့သဖြင့် ထိုသီဟဒီပကျွန်း၌ပင် တစ်ယောက်တည်း လှည့်လည်ရှာဖွေ စားသောက်နေလေ၏။

တစ်နေ့၌ တောဝက်ကြီး တစ်ကောင်သည် ပတ္တမြားကြီးကို ငုံလျက် ကောင်းကင်ခရီးဖြင့် ပျံလာပြီး ၎င်းစားသောက်နေကျဖြစ်သော သဖန်းပင်ခြေရင်းရှိ သဖန်းမြစ်များအကြားတွင် ပတ္တမြားကြီးကိုချထားပြီး သဖန်းသီးများကို အားပါးတရ လိုက်လံစားသောက်ပြီးနောက် ပြန်ချိန်ရောက်လာသောအခါတွင် ပတ္တမြားကိုငုံ၍ ကောင်းကင်ခရီးဖြင့် ပြန်လေ့ရှိသည်ကို သေန်လျှင် မြင်တွေ့လေတော့၏။

နောက်တစ်နေ့တွင် သေန်လျှင်သည် ဝက်ကြီးမလာမီ သဖန်းပင်ပေါ်မှ စောင့်ဆိုင်းနေလေ၏။ မကြာမီ ဝက်ကြီးသည် သဖန်းပင်ခြေရင်း၌ ပတ္တမြားကြီးကို ချထားခဲ့ပြီး သဖန်းသီးများကို ကိုက်ချီစားသောက်နေလေ၏။

သေန်လျှင်သည် သဖန်းသီးမှည့်များကို ဆွတ်ခူး၍ အရှေ့အရပ်သို့ ဝေးအောင်ပစ်လေ၏။ ဝက်ကြီးသည် လိုက်၍ ကောက်စားသည်။ ထိုအချိန်တွင် အနောက်ဘက်သို့လည်းကောင်း၊ မြောက်ဘက်သို့လည်းကောင်း ဝေးသည်ထက် ဝေးအောင်ပစ်ပြန်သည်။ ဝက်ကြီးလည်း အနောက်ဘက်သို့လည်းကောင်း၊ မြောက်ဘက်သို့လည်းကောင်း သဖန်းသီးမှည့်



ဘုရားနီဘုရား ကိုးနှစ်မြောက် နီတွန်ဈေးပွဲတော် ဖွင့်ပွဲအခမ်းအနား

ရှိရာ ဝေးသောနေရာသို့ လိုက်၍ ကောက်စားပြန်သည်။

တဖြည်းဖြည်း ဝေးသည်ထက် ဝေးရာအရပ်သို့ ထပ်၍ ထပ်၍ပစ်ပြန်ရာ ဝက်ကြီးသည် သဖန်းသီးမှည့်ရှိရာ ဝေးသည်ထက်ဝေးသော နေရာတွင် လိုက်လံကောက်ယူ စားသောက်နေစဉ် သေန်လျှင်သည် သဖန်းပင်ပေါ်မှ လျှင်မြန်စွာဆင်းပြီး သဖန်းပင်ခြေရင်းရှိ ပတ္တမြားကို လျှင်မြန်စွာကောက်ယူပြီး အာခံတွင်း၌ ငုံထားလေ၏။

ဝက်ကြီးသည် ပြန်ချိန်တန်၍ ၎င်းပတ္တမြားရှိရာသို့ လာသော် ပတ္တမြားကိုရှာမတွေ့သဖြင့် အမျက်ဒေါသဖြစ်ကာ သဖန်းမြစ်ကို အစွယ်ဖြင့် တူးဆွရှာဖွေလေတော့၏။

ထိုအချိန်၌ ပတ္တမြားကို ငုံထားသော သေန်လျှင်သည် ပတ္တမြားတန်ခိုးဖြင့် စွမ်းအားထက်မြက်မှုကြောင့် လည်းကောင်း၊ ပင်ကို ဘုန်းသမ္ဘာနှင့်ပြည့်စုံခြင်း၊ ခွန်အားဗလကြီးခြင်းတို့ကြောင့် သဖန်းပင်ကို နုတ်သည်။ ၎င်းသဖန်းပင်လုံးဖြင့် ဝက်ကြီးကို ရိုက်သတ်လိုက်လေ၏။ ဝက်ကြီးသေလေသည်။ သေန်လျှင်သည် ဝက်ကြီးအားထမ်း၍ တောထဲသို့ဝင်ခဲ့လေ၏။ ဝက်ကြီးကို သေန်လျှင် သယ်ဆောင်ရာလမ်းကို နောင်တွင် ဝက်သတ်တံခါးဟု အမည်တွင်လေတော့သည်။

ဝက်ကိုဖျက်၍ သွေးများမြင်ရာအရပ်ကိုမူ မွန်ဘာသာဖြင့် ကျိုက်ဖရို့အုံ ဖြစ်သည်။ မြန်မာဘာသာဖြင့် ဘုရားနီကုန်းဟု ခေါ်တွင်လေ၏။ ဝက်ကြီးအား မီးကင်စားရာအရပ်ကို မွန်ဘာသာဖြင့် အထင်ကလိတ်ဟုခေါ်သည်။ မြန်မာ ဘာသာအားဖြင့် ဝက်ကင်ရာအရပ်ဟု ခေါ်လေ၏။

သေန်လျှင်သည် ပတ္တမြားပျံ [illegible]

"ငါ [illegible] လူသားဖြစ်သည်၊ တောအရပ်တွင် အမြဲနေထိုင်နိုင်မည်မဟုတ်၊ လူများနေထိုင်ရာအရပ်သို့ သွားမှသင့်တော်မည်" ဟု စိတ်ကူးနေလေ၏။

တစ်နေ့တွင် ရန်အောင်မြင်ကုန်းပေါ်မှ တလူလူထွက်နေသော မီးခိုးများကို သေန်လျှင် မြင်တွေ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုကာလတွင် သီဟဒီပကျွန်း၌ (၁) ရန်အောင်မြင်ကုန်း (၂) ကျိုက်ဒေးပရင်းကုန်း (၃) ကျိုက်ဒေးဝန်းကုန်း ဟူ၍ ကုန်းသုံး လုံးရှိပြီး ရသေ့ညီနောင် သုံးပါးတို့သည် ထိုကုန်းသုံးကုန်း၌ တစ်နေရာစီ အသီးသီး သီတင်းသုံးနေထိုင်လျက်ရှိကြသည်။

ထိုအချိန်တွင် သိကြားဘုံရှိ သိကြားမင်းသည် -

"ငါသည် ပုဏ္ဏားမျိုးဖြစ်စဉ်ကာလတွင် တော်စပ်ခဲ့သောငါ၏ ညီငယ်သုံးဦးတို့သည် ယခုအခါ ဘယ်အရပ် ဘယ်ဒေသတွင် ရောက်ရှိ၍ ဘာတွေဖြစ်နေကြသနည်း" ဟု သိကြားဘုံမှ လှမ်းမျှော်ကြည့်ရှုသော် အထက်ပါ ရသေ့ညီနောင်သုံးပါး ဖြစ်နေကြောင်းကို တွေ့မြင်ရလေ၏။

သို့ဖြစ်၍ လူယောင်ဖန်ဆင်းကာ ပထမဦးစွာ ရန်အောင်မြင်ကုန်း၌နေသော အသက်(၈၀)ကျော်ပြီဖြစ်သည့် ရသေ့ကြီးထံသွားရောက်၍ "အရှင်ရသေ့ ဤတောအရပ်၌ နေရသည်မှာ စိတ်ချမ်းသာပါ၏လော၊ အဘယ်ကဲ့သို့သော အလိုဆန္ဒများ မပြည့်စုံဘဲရှိနေပါသနည်း"ဟု မေးမြန်းလေ၏။

ထိုအခါ ရှင်ရသေ့မှ "ငါသည် မီးအလိုရှိတိုင်း ထင်းကိစ္စအတွက် ဆင်းရဲပင်ပန်းခြင်းဖြစ်ရ၏" ဟုဆိုသော် သိကြားမင်းမှ "ရှင်ရသေ့ ထင်းအလိုရှိပါက ဤဓားမကို စေခိုင်းလော့"ဟုဆိုကာ ဓားမကို ပေးလှူပြီး သိကြားဘုံသို့ ပြန်သွားခဲ့သည်။

ထို့နောက် ဒုတိယအကြိမ် ကျိုက်ဒေးပရင်းကုန်း၌ သီတင်းသုံးနေသော ရှင်ရသေ့ထံသွားရောက်ကာ ရှေးနည်းတူ မေးမြန်းသည့်အခါတွင် ရှင်ရသေ့မှ "ငါကား ကုတ်ဟီးချောင်းဆိုးရောဂါသည်ဖြစ်၍ ထိုရောဂါအတွက် နွားနို့၊ ထောပတ်တို့ကို အလိုရှိသည်" ဟုဆိုလေ၏

ထိုအခါ သိကြားမင်းမှ "ဤမြူတာအိုးသည် နွားနို့၊ ထောပတ်တို့ကို အလိုရှိသမျှ ရနိုင်၏၊ ရန်သူနှင့်ကြုံတွေ့ပါကလည်း မြူတာအိုးကို မှောက်လိုက်သည်ရှိသော် မြစ်ကြီးပင်ဖြစ်နိုင်၏" ဟုဆိုကာ မြူတာအိုးကို ပေးလှူခဲ့လေ၏။

၎င်းနောက် တတိယအကြိမ်မြောက် ကျိုက်ဒေးဝန်းကုန်း၌ သီတင်းသုံးနေသော ရှင်ရသေ့ထံသွားရောက်၍ ရှေးနည်းတူ မေးမြန်းလေ၏။

ထိုအခါ ရှင်ရသေ့သည် "ငါ့မှာ အခြားသော ဘေးအန္တရာယ်မရှိ၊ အနောက်မြောက်ထောင့် ဝါးရုံ၌နေထိုင်သော ဆင်တို့သည် ငါ့အား အမြဲတမ်း လာရောက်နှောင့်ယှက်သဖြင့် ကောင်းစွာ မအိပ်စက်ရဘဲ ဆင်းရဲပင်ပန်းလှ၏" ဟုဆိုလေ၏။

ထိုအခါ သိကြားမင်းမှ "ရှင်ရသေ့၊ ဤစည်ငယ်ကို တီးခတ်လိုက်လျှင် စစ်သည်ဗိုလ်ပါ အမြောက်အမြား ထွက်ပေါ်လာလိမ့်မည်၊ ရန်သူဟူသမျှ ပြေပျောက်အောင်တိုက်ခိုက်နှိမ်နင်းပေးလိမ့်မည်၊ ဤစည်ငယ်ကို အသုံးပြုလော့"ဟုဆိုကာ စည်ငယ်ကို ရသေ့ကြီးအား ပေးလှူပြီး သိကြားမင်းသည် သိကြားဘုံဗိမာန်သို့ ပြန်သွားလေတော့သည်။

သေန်လျှင်သည် တလူလူထွက်နေသော မီးခိုးများကို မြင်တွေ့သောကြောင့် ပတ္တမြားကိုငုံ၍ ကောင်းကင်ခရီးဖြင့်လာခဲ့ရာ ပထမဦးစွာ ရန်အောင်မြင်ကုန်းရှိ ရှင်ရသေ့ထံသို့ ရောက်ရှိလေ၏။ ကောင်းကင်မှ ပျံသန်းလာသော သေန်လျှင်ကို မြင်သော် ရှင်ရသေ့မှ "အသင်ကား လူလော၊ နတ်လော၊ ဘီလူးလော"ဟု မေးမြန်းလေ၏။

"ကျွန်ုပ်သည် လူသားစစ်စစ်ဖြစ်ပါ၏"

ရှင်ရသေ့ထံတွင် ဆည်းကပ်နေထိုင်လို၍ ခွင့်ပြုပါရန် သေန်လျှင် လျှောက်ထားလေ၏။ ထိုအခါ ရှင်ရသေ့သည် သေန်လျှင်အား နေထိုင်ခွင့်ပြုလိုက်လေ၏။ အနေကြာသော် သေန်လျှင်သည် ရှင်ရသေ့ထံ၌ရှိသော ဓားမအစွမ်းကို ကောင်းစွာသိမြင်၍ လိုချင်တပ်မက်စိတ်ဖြစ်ကာ "ရှင်ရသေ့ ကောင်းကင်သို့ ပျံသန်းနိုင်ပါ၏လော"ဟု မေးမြန်းလေ၏။

ထိုအခါ ရှင်ရသေ့မှ "ငါသည် ဈာန်မရသေး၍ ကောင်းကင်သို့ မပျံနိုင်"ဟုဆိုသော် သေန်လျှင်သည် ပတ္တမြားကိုငုံ၍ ကောင်းကင်ကို ပျံပြလေ၏။ ရှင်ရသေ့သည် ပတ္တမြား၏ အစွမ်းကို သိမြင်လျှင် "ငါ့အား ပတ္တမြားကို ပေးပါလော့၊ ရှင်ရသေ့နှင့်သာထိုက်တန်၏"ဟုဆို၏။ ထိုအခါ သေန်လျှင်မှ "ပတ္တမြားကို အလိုရှိပါက ဓားမနှင့်လဲမည်" ဟုဆို၏။ ရှင်ရသေ့သည် သဘောတူပြီး ပတ္တမြားနှင့် ဓားမကို လဲလှယ်လိုက်လေ၏။ သေန်လျှင်သည် ဓားမကိုရသည်နှင့် တစ်ပြိုင်နက် "ရသေ့၏ လည်ကိုဖြတ်ချေ" ဟု ဓားမကို စေခိုင်းလိုက်သည့်အတွက် ရှင်ရသေ့ သေရှာလေတော့၏။

ရှင်ရသေ့သေသော် သေန်လျှင်သည် ပတ္တမြားနှင့် ဓားမကိုပိုင်ဆိုင်ပြီဖြစ်၍ ပတ္တမြားကို ငုံကာ ကျိုက်ဒေးပရင်းကုန်းအရပ်ဆီသို့ ကောင်းကင်ခရီးဖြင့် ပျံခဲ့လေ၏။

ကျိုက်ဒေးပရင်းကုန်းသို့ရောက်သောအခါ ထိုကုန်းရှိ ရသေ့ကြီးထံ၌ ရှေးယခင်နည်းတူ ချဉ်းကပ်ပြီး နေထိုင်ခွင့်ပြုပါရန် လျှောက်ထားပြီး အနေကြာလာသော် ရှင်ရသေ့ထံ၌ရှိသော မြူတာအိုးအကြောင်းကိုသိရပြန်၍ ရှေးနည်းတူ ပတ္တမြားနှင့် လဲလှယ်ကာ ရသေ့ကို သတ်ပြီးသော် ပတ္တမြားကို



www.burmeseclassic.com

www.burmeseclassic.com

မြင်သူပြီး ကျိုက်ဒေးဝန်း၌ သီတင်းသုံးနေသော ရှင်ရသေ့ထံသို့ သွားလေ၏။

ကျိုက်ဒေးဝန်းကုန်းသို့ရောက်ပြန်သော် ရှင်ရသေ့ထံ၌ ရှိသော စည်ငယ်၏ တန်ခိုးသတ္တိကို သိလေသော် ရှေးနန်းတူ မှူးများနှင့်လဲလှယ်၍ ရသေ့ကိုသတ်၏။

ရှင်ရသေ့ သုံးဦးတို့၏အသုံးအဆောင်များဖြစ်သော (၁) ဓားမ (၂) မြူတာအိုး (၃) စည်ငယ်တို့ကို သယ်ဆောင်ကာ ခိုမွေးဖွားရာ ဇာတိအရပ်ဖြစ်သော မိဘများရှိရာ ဘုရားကြီး ရွာသို့ ပြန်ခဲ့လေတော့၏။

သန်လျင်ရာဇဝင်တွင် ပါဒမြို့၌ စိုးစံတော်မူနေသော အရိန္ဒရာဇာမင်းသည် မင်းကျင့်တရားဆယ်ပါးနှင့် မညီညွတ်၊ သာသနာတော်ကိုလည်း မချီးမြှောက် မစောင့်ရှောက်၊ ရှေးမင်းတို့၏ ထုံးစံကိုလည်း မကျင့်ကြံဘဲရှိ၏။ သမ္မာဒေဝနတ်တို့ကိုလည်း ပူဇော်ပသခြင်းမပြု။ သို့ဖြစ်၍ ထီးဖြူစောင့်နတ်သည် လူအသွင်ဖန်တီး၍ သေန်လျင်ရှိရာအရပ်သို့ ရောက်လာပြီးလျှင် -

"အသင်သည် ဘုန်းသမ္ဘာနှင့်ပြည့်စုံ၍ ပါရမီ အတတ်ပညာများနှင့် ပြည့်စုံပြည့်ဝသည်၊ မင်းပြုနိုင်သော စွမ်းရည်သတ္တိရှိသည်၊ သို့ဖြစ်ပါ၍ ပါဒမြို့ကို သိမ်းပိုက်အုပ်ချုပ်မင်းလုပ်ပါလော့"ဟု တိုက်တွန်းပြောဆိုလေ၏။

သေန်လျင်သည် ထီးဖြူစောင့်နတ်မင်းပြောကြားသော စကားကိုကြားသော် ၎င်း၏ အမိ၊ အဖတို့အား ပါဒမင်းထံ စေလွှတ်၍ ထီးနန်းကို တောင်းစေ၏။

သေန်လျင်၏ အမိ၊ အဖတို့သည် သားဖြစ်သူ သေန်လျင် စေခိုင်းသည့်အတိုင်း မလွန်ဆန်ရဲ၍ ပါဒမြို့သို့ သွားရောက်ခဲ့သော်လည်း နန်းတွင်းသို့ မဝင်ရဲသဖြင့် နန်းတော်တံခါးဝမှနေပြီးလျှင် မိမိတို့၏သား မှာထားသည့်အတိုင်း ဟစ်အော်ကြွေးကြော်နေလေ၏။

ပါဒမင်းကြားသော် မှူးမတ်ဗိုလ်ပါများအား သေန်လျင်၏ မိဘနှစ်ပါးကို ရိုက်ပုတ်နှင်ထုတ်စေလေ၏။ သေန်လျင်၏ မိဘများသည် ရိုက်ပုတ်နှင်ထုတ်လိုက်သဖြင့် ငိုယို၍ ပြန်လာပြီးလျှင် သားဖြစ်သူအား ပြောကြားသောအခါ သေန်လျင်သည် ဒေါသအမျက်ဖြစ်ရကား သူကိုယ်တိုင် ပါဒမင်းအား စစ်တိုက်ရန် ထွက်ခဲ့လေ၏။

ပါဒမြို့တံခါးသို့ ရောက်သည့်အခါတွင် "ထီးနန်းကို ပေးအပ်မည်လော၊ စစ်ကို တိုက်မည်လော"ဟု သေန်လျင်မှ ပါဒမင်းအား ကြွေးကြော်လေ၏။

ပါဒမင်း ကြားလေသော် အမတ်ကြီးတစ်ဦးအား စစ်သည်ဗိုလ်ပါ ငါးရာနှင့်တကွ စေလွှတ်၍ သေန်လျင်အား ဖမ်းဆီးသတ်ဖြတ်ရန် အမိန့်ပေးလေ၏။ အမတ်ကြီးသည် ဘုရင်မင်းမြတ် စေခိုင်းသည့်အတိုင်း မြို့ပြင်ထွက်၍ ဖမ်းဆီးလေတော့သည်။ ဤတွင် သေန်လျင်မှ အသင့်ဆောင်လာသော စည်ငယ်ကို တီးခတ်လိုက်ရာ စစ်သည်ဗိုလ်ပါများစွာတို့ ထွက်လာပြီး တစ်ဖက်ရန်သူများကို ချေမှုန်းတိုက်ခိုက်လေတော့၏။

ထိုအကြောင်းကို ပါဒမင်းကြားသော် ဒေါသအမျက်ထွက်ကာ ၎င်းကိုယ်တိုင် စစ်သည်အင်အားများစွာတို့ကို စုစည်း၍ သေန်လျင်ကို တိုက်ခိုက်စေတော့သည်။ ထိုအခါ သေန်လျင်သည် ပါဒစစ်သည်များရှိရာသို့ မြူတာအိုးကို သွန်မှောက်လိုက်ရာ မြစ်ကြီးတစ်စင်း ချက်ချင်းဖြစ်သွားပြီး ထိုမြစ်ကြီးက တစ်ဖက်ရန်သူများအား တားဆီးထားလေတော့သည်။

ထို့နောက် သေန်လျင်သည် "ငါ သတိမေ့လျော့ချေသည်" ဟုဆိုကာ အသိဝင်လာပြီး ၎င်းထံ၌ကျန်ရှိနေသော ဓားမတို့ကို ရန်သူများထံ စေလွှတ်လိုက်ပြီး ပါဒမင်း၏ဦးခေါင်းကို ဖြတ်စေသည်။ ပါဒမင်းကျဆုံးပြီး သေန်လျင်ထီးနန်းကို ရပြီးသော် ဤသို့ကြံစည်၏။

"ငါသည် ဤပါဒမြို့၌ နေသည်ထက် ပတ္တမြားရရာအရပ်၌ မြို့တည်ထောင်၍နေလျှင် သင့်တော်မည်"ဟုတွေးပြီး တွေးတောကြံစည်သည့်အတိုင်း သီဟဒီပကျွန်းရှိ ပတ္တမြားရရာအရပ်၌ ခြသေ့်သဏ္ဌာန်ကဲ့သို့ မြို့တည်ထောင်ပြီးလျှင် ထီးနန်းစိုက်ထူ အုပ်ချုပ်မင်းလုပ်တော်မူသည်။ ထိုနေ့မှစ၍ ၎င်းအမည်ကိုလည်း သန်လျင်မင်းဟု ခေါ်ထွင်ကြလေ၏။ ၎င်းမြို့ကို သန်လျင်မင်း တည်ထောင်သည်ကို အစွဲပြု၍ သန်လျင်မြို့ဟု ခေါ်ဝေါ်သမုတ်ကြလေ၏။ ထို့နောက် ကာလရွေ့လျောသဖြင့် (တညင်)ကို ခေါ်ဝေါ်ကြလေ၏။

သန်လျင်မြို့ကို သေန်လျင် စတင်တည်ထောင်အုပ်စိုးခဲ့ရာ ဘောဂသေနမင်း လက်ထက်တွင် မင်းဆက်ပြတ်ခဲ့သည်။ သန်လျင်မင်းဆက်သည် နောက်ဆုံး ဘောဂသေနမင်းအထိ မင်းဆက်(၁၃)ဆက်ရှိသည်။ ပါဒမြို့နှင့် သန်လျင်မြို့နှစ်ရပ်ပေါင်းသည်ရှိသော် မင်းဆက် (၃၆)ဆက်ရှိသည်။

သေန်လျင်သည် ပါဒမြို့ကိုချီတက်သိမ်းပိုက်၍ စကားမြို့ခေါ် သန်လျင်မြို့တည်ပြီး မင်းအဖြစ်ခံယူ၏။ ၎င်းအချိန်တွင် ဘုရားနီဘုရား ယခုအခေါ် ပတ္တမြားမာန်အောင်စေတီ



www.burmeseclassic.com

www.burmeseclassic.com

မြတ်ကြီးကို တည်ထား ကိုးကွယ်ခဲ့လေ၏။ သန်လျင်မင်း တည်ထားကိုးကွယ်တော်မူသော ဘုရားနီဘုရားသည် နှစ်ပေါင်း ကြာလာသည်နှင့်အမျှ သက်တမ်းကြာလာသောအခါ ရာသီဥတုဒဏ်ကြောင့် ပြိုပျက်ယိုယွင်းပျက်စီးခြင်းကို ရောက်လေ၏။ ဘုရားနီဘုရားပျက်ကြီးဆီသို့ ပထမဦးဆုံး ရောက်ရှိလာသူသည် လွယ်အိတ်တစ်လုံးဖြင့် ဘုန်းကြီးတစ်ပါး ရောက်ရှိလာသည်။ ပျက်စီးယိုယွင်းနေသော ဘုရားနီဘုရားပျက်ကြီးကို သောက်တော်တွင်းရှိ ရပ်ကွက်သူ ရပ်ကွက်သားများဖြင့်စုပေါင်း၍ အုတ်တစ်ချပ် သဲတစ်ပွင့်ပမာ နိုင်ရာတာဝန်ယူ၍ စည်းလုံးညီညွတ်စွာဖြင့် ဘုရားတည်ခွင့်ရကြသည်။

ပြီးစီးအောင်မြင်သည်အထိ ဘုရားတည်ပြီးသွားသောအခါ ဘုန်းကြီးမရှိတော့ပါ။ ပျောက်ခြင်းမလှ ပျောက်သွား၏၊ မူရင်းနေရာသို့ ပြန်ကြွသွားသည်လား၊ အခြားနေရာသို့ သာသနာပြုရန် ကြွသွားသည်လား မပြောတတ်တော့ပါ၊ အချိန်တို့သည်ကား ကြာခဲ့ပါပြီ။

ရွှေဘိုကျောင်းဆရာတော် ဦးကုန္ဒကနှင့် မင်းကျောင်းဆရာတော် အရှင်ဦးဝဏ္ဏသီရိတို့ တိုင်ပင်ပြောဆိုပြီး ဆရာကြီးဦးဘဒွေးကို ဘုရားနီဘုရားတွင် သာသနာ့အကျိုးများ ဆောင်ရွက်နိုင်ရန် ထားရှိခဲ့သည်။ ဆရာကြီးဦးဘဒွေးသည် ဘုရားနီဘုရားတွင်နေစဉ်ကာလ မကွယ်လွန်မီအချိန်ထိ တစ်ပိုင်တစ်နိုင် သာသနာပြုလုပ်ငန်းများ နှစ်ပေါင်း (၃၀)နီးပါးမျှ လုပ်ကိုင်ခဲ့လေ၏။

ဆရာကြီး ဦးဘဒွေးမကွယ်လွန်မီ ဦးဘဒွေးနှင့်အတူ ရ. ယ. က ဥက္ကဋ္ဌဦးကျော်သူနှင့် ရွှေဘိုကျောင်းဆရာတော် ဦးသုမနတို့၏ ရှေ့မှောက်တွင် လက်ရှိ (ဘုရားဖြူ ဘုရားဂေါပကဥက္ကဋ္ဌ)ဖြစ်သူ ဦးတင့်လွင်ကို ဘုရားနီဘုရားကြီးဆက်လက်၍ သာသနာ့အကျိုးဆောင်ရွက်နိုင်ရန် (၃. ၁၂. ၂၀၀၇)ရက်တွင် လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

(၂၇. ၁၂. ၂၀၀၇)ရက်တွင် အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊ စာရင်းစစ်အပါအဝင် အဖွဲ့ဝင်ပေါင်း ၃၀ ဖြင့် အသစ်ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။

ဂေါပကဥက္ကဋ္ဌ ဦးတင့်လွင်နှင့်အဖွဲ့သည် ဘုရားနီဘုရားကြီးတိုးတက်ဖွံ့ဖြိုးမှုကို ရည်သန်၍ အားကြိုးမာန်တက်သာသနာပြုလုပ်ငန်းများ အစဉ်မပြတ်ဆောင်ရွက်ခဲ့ကြသည်။ ပျက်စီးယိုယွင်းနေသော အုတ်တံတိုင်းကြီးများ၊ ရင်ပြင်တော်များ၊ သာသနိက အဆောက်အအုံများကို အလှူရှင်များ၏ ကောင်းမှုဖြင့် အသစ်တစ်ဖန်ပြန်လည်ပြုပြင် မွမ်းမံနိုင်ခဲ့သည်။

ရာဇသောက်ရေသန့်မှ ဘုရားနီချောင်းကြီးကို ဖြတ်ကူးသော တံတားသစ်ကြီးကို တစ်ဦးတည်းအလှူရှင်အဖြစ် လှူဒါန်းခဲ့လေ၏။

သဗ္ဗသိဒ္ဓိမုနိ ဘုရားတန်ဆောင်းတော်ကြီးနှင့် ဆန်းစတားပြက္ခဒိန်မှ တစ်ဦးတည်းအလှူရှင်အဖြစ် လှူဒါန်းသော တန်ဆောင်းတော်ကြီး နှစ်လုံး ပေါ်ထွက်ခဲ့၏။ ယခုလက်ရှိအချိန်တွင် သဗ္ဗသိဒ္ဓိမုနိ ဘုရားရုပ်ပွားတော်ကြီးကို လည်းကောင်း၊ သန်လျင်မင်းတရားကြီးရုပ်တုတော်ကိုလည်းကောင်း၊ ဝက်ကြီးကိုလည်းကောင်း၊ သာသနာ့အလံစိုက်ထူမည့် ကြာပွင့်ကြီးကိုလည်းကောင်း၊ ထီးကျစေတီကိုလည်းကောင်း အလှူရှင်များ၏ စေတနာသဒ္ဓါအား လှူဒါန်းမှုဖြင့် ပြီးစီးအောင်မြင်ခဲ့ပါသည်။

ပေ ၅၀ ပေ ၂၀ အကျယ်ရှိသော တန်ဆောင်းတော်ကြီး အသစ်တစ်လုံးကို အလှူရှင်များ၏ စေတနာ၊ သဒ္ဓါအား စုပေါင်း၍ စတင်အကောင်အထည်ဖော် ဆောက်လုပ်နေပြီဖြစ်ပါသည်။

ဘုရားဖြူ ဘုရားနီဘုရားဂေါပကဦးတင့်လွင်လက်ထက်တွင် (၅. ၄. ၂၀၀၈) ခုနှစ်မှစ၍ ဘုရားနီဘုရားခေါ် ပတ္တမြားမာန်အောင်သိဒ္ဓိရှင်စေတီတော်မြတ်ကြီးကို စည်ကားသိုက်မြိုက်စွာဘုရားပွဲတော်ကို နှစ်စဉ်ကျင်းပခဲ့သည်။ ယခုနှစ်ပါဆိုလျှင် ပွဲတော်ကျင်းပခဲ့သည်မှာ လေးနှစ်တိုင်တိုင်ရှိခဲ့ပြီဖြစ်ပါသည်။ ဇာတ်ပွဲ ရုပ်ရှင်ပွဲများထည့်သွင်း၍ ပျော်ပွဲရွှင်ပွဲများ ကျင်းပခဲ့ပါသည်။ နိဗ္ဗာန်ဈေးပွဲတော်ကိုလည်း ပွဲတော်ရက်ကာလတွင် ထူးထူးခြားခြား ကျင်းပခဲ့ပါသည်။

ဘုရားနီ ဘုရားကြီးအတွက်လည်းကောင်း၊ ဘုရားနီဘုရားပွဲတော်ဖြစ်မြောက်ရေးအတွက် ထိပ်ဆုံးမှနေ၍ အဘက်ဘက်မှ အများဆုံး အကူအညီပေးပြီး လှူဒါန်းကြသော အလှူရှင်ကြီးများသည် ရာဇသောက်ရေသန့်နှင့် ဦးမြင့်လွင်မိသားစုဖြစ်ကြောင်း လေးစားစွာဖြင့် ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း တင်ပြရင်း. . .။

**မောင်လေးအောင်(သန်လျင်)**

ကျမ်းကိုး

၁။ သန်လျင်မော်ကွန်း စာအုပ်

၂။ မြန်မာ့အလင်းဦးဘရွှေရေး ကျိုက်ခေါက်စေတီတော်သမိုင်း၊ သန်လျင်မြို့ ရာဇဝင်ထီးလွတ် မင်္ဂလာဩဘာစာတမ်း၊ ရန်ကုန်မြို့ လမ်း(၅၀)နေ မြေပိုင်ရှင်သူဌေး ဦးဘရှင်နှင့် သူဌေးကတော် ဒေါ်ခင်ညွန့် မိသားစုကောင်းမှု စာအုပ်။

❑





www.burmeseclassic.com

www.burmeseclassic.com

# ပေဒသာတေးသီဆရာမျိုး
# ဓမ္မနှင့် လိမ္မာသူတစ်ယောက်အကြောင်း



ကျွန်တော် ငယ်ငယ်က တော်တော်ဆိုးပါတယ်။ သောက်စားမူးယစ်ရမ်းကားနေခဲ့တယ်။ လက်ကလည်း ဆဉ်သလား မမေးနဲ့။ ထစ်ခနဲဆိုရင် လှိုင်ရှေ့ဝင်းပဲ။ စီခနဲဆိုရင် လှိုင်ရှေ့ဝင်းပဲ။ ကျွန်တော့်ကြောင့် မိဘညီအစ်ကို မောင်နှမတွေ စိတ်ဆင်းရဲခဲ့ကြရတယ်။ ရပ်ရွာကိုလည်းကောင်းကျိုးမပြုခဲ့ဘူး။ မိသားစုကိုလည်း ကောင်းကျိုးမပြုခဲ့ဘူး။

ကျွန်တော့်ဇာတိက မင်္ဂလာဒုံမြို့နယ် အနမ်းပင်ရပ်ကွက်က လယ်သမားကြီး ဦးထွန်းခင် + ဒေါ်လှကျင် တို့ရဲ့ သားသမီး ခုနစ်ယောက်မှာ သားယောကျ်ားလေးဆိုလို့ ကျွန်တော်တစ်ဦးသာ ပါခဲ့တဲ့အတွက် ဆိုးချင်တိုင်း ဆိုးခဲ့တာပေါ့။

အဖေက "ဒီလောက် ဆိုးတဲ့ အကောင် စစ်ထဲသွားနေ" ဆိုပြီး တပ်ထဲကိုသွင်းပေးလိုက်တာ မြင်းကို ချုံတပ်ပေးလိုက်သလိုပဲ။ မိဘ ညီအစ်ကို မောင်နှမတွေရဲ့ အဆုံးအမ လက်က လွတ်ပြီး ဆိုးချင်တိုင်းဆိုး၊ သောင်းကျန်းချင်တိုင်း သောင်းကျန်း၊ မူးချင်တိုင်းမူးပေတော့တာပေါ့။

အရာရှိတွေကလည်း ပြောမရတော့ ထိတ်တုံးမကြာခဏ၊ ကွာတားမကြာခဏချနဲ့ ရာထူးတက်တယ်လို့ကို မရှိပေတော့ဘူး။ အဲဒါနဲ့ တောနယ်ဘက်ကို ပြောင်းပေးလိုက်ပါတယ်။

ဒီမှာ ကျွန်တော့်ဘဝ ပထမဆုံး စတင် တစ်ဆစ်ချိုး ပြောင်းလဲခဲ့ပါတယ်။ ကျွန်တော် တာဝန်ကျရာ ဒေသကတော့ အင်းလေး အရှေ့ခြမ်းဒေသ နယ်မြေ လုံခြုံရေးပါတဲ့။ အဲဒီတော့မှ ကျွန်တော့်အနေနဲ့ မျောက်သစ်ကိုင်းလွတ်သလို အုပ်ထိန်းမယ့်သူမရှိ၊ ဆုံးမပဲ့ပြင်သူမရှိ၊ ယခင်ထက် နှစ်ဆတိုးပြီး ဆိုးချင်တိုင်းဆိုး၊ မိုက်ချင်တိုင်းမိုက်၊ မူးချင်တိုင်းမူး၊





www.burmeseclassic.com

www.burmeseclassic.com

ရမ်းချင်တိုင်းရမ်းနဲ့ ထင်တိုင်းကြဲနေတော့တာပေါ့။ ဒါပေမဲ့လေ ဒါပေမဲ့ရယ်ပေါ့။

ဘီးတွေတောင် လည်ပတ်ရာက နေ အရှိန်ကုန်ရင် ရပ်တန့်ရတာပဲလေ။

ကျေးလက်တောရွာတွေရဲ့ ထုံးစံအရ ရွာသူရွာသားတွေဟာ ရွာဦးကျောင်း ဆရာတော်ရဲ့ အဆုံးအမကို နာယူကြရတယ်။ ဆရာတော်က လူဆိုးလူမိုက်တွေကို ဆုံးမတဲ့နေရာမှာ လက်နဲ့ဆုံးမလေ့မရှိဘူး၊ နှုတ်နဲ့ပဲ လိမ္မာယဉ်ကျေးအောင် ဖန်တီးနိုင်တဲ့ စွမ်းရည်ရှိတယ်။ ဘယ်လူမိုက်ကို ဘယ်လိုလမ်းကြောင်းနဲ့ ဆုံးမရင် ကျွတ်နိုင်တယ်ဆိုတာကို ဆရာတော်က ခွဲခြမ်းစိတ်ဖြာနိုင်တယ်။ ဒါကြောင့်လည်း သလဲဦးခွဲခြမ်း ဝက်သားကင်ဆရာတော်ရယ်လို့ တွင်ရစ်ပေတာပဲ။ ကျွန်တော့်ကို ဆရာတော် ဆုံးမပုံက ထူးဆန်းတယ်။

"လှိုင်ရွှေဝင်း၊ မင်း ရပ်သူရွာသားတွေကို ဒုက္ခမပေးနဲ့၊ မင်း အရက်ဖိုးမရှိရင် ငါ့ဆီမှာ နေ့တိုင်းလာယူ"

ဆရာတော်က ကျွန်တော့်ကို ထောက်ပံ့တဲ့နေရာမှာ မလောက်မငမစို့မပို့ မဟုတ်ဘူး၊ ပိုပိုသာသာလေး မုန့်ဖိုး ပေးလေ့ရှိတယ်။ အဲဒီအတွက်လည်း ကျောင်းဝေယျာဝစ္စကို ဘာမှခိုင်းစေလေ့မရှိဘူး၊ အသားလွှတ်ပေးတာ။

"မင်းသောက်စားလို့ ပိုလို့ရှိရင် မင်းသူငယ်ချင်း ရဲဘော်တွေကို ခွဲဝေပေးလိုက်၊ နောက်နေ့ သောက်စရာမရှိရင် ငါ့ဆီက ထပ်လာယူ" တဲ့။

ဒီလိုနဲ့ ပထမဦးဆုံး ကျွန်တော့်ရဲ့ဒုက္ခကို ကင်းလွတ်လာတာကတော့ ကျွန်တော် အရက်ဖိုးမရှိရင် အမြဲအနိုင်ကျင့်ခံရတဲ့ ဘဝတူရဲဘော်တွေနဲ့ ရွာသူရွာသားတွေရယ်ပဲပေါ့။

ဒီလိုနဲ့ နည်းနည်းကြာလာတော့ ဆရာတော်က နောက်ထပ် စကားတစ်ခွန်း မိန့်တယ်။

"လှိုင်ရွှေဝင်း၊ မင်းသောက်စားသုံးဖြုန်းနေတာတွေဟာ သံဃာဝတ္ထုတွေနော်၊ မင်း ဒီဝတ္ထုတွေနဲ့ မူးယစ်သောက်စားပြီး ရွာထဲမှာ ရမ်းကားရင် သံဃာကို စော်ကားတာနဲ့ အတူတူပဲ၊ အဲ့ဒါဆိုရင် မင်း ကံကြီးထိုက်လိမ့်မယ်၊

မင်း ကြိုက်လို့ သောက်တာသောက်ပါ၊ ဒါပေမဲ့ ပတ်ဝန်းကျင်ကို အနှောင့်အယှက် မဖြစ်စေနဲ့၊ မင်းကြောင့် ပတ်ဝန်းကျင် စိတ်ဆင်းရဲရမယ်ဆိုရင် ဘုန်းကြီးကို စိတ်ဆင်းရဲအောင် လုပ်တာနဲ့အတူတူပဲ။

အဲဒီတော့ မင်းနောက်ရက်တွေလည်း ငါ့ဆီမှာ အရက်ဖိုး လာယူ၊ ဒါပေမဲ့ ရွာထဲမှာ မရမ်းပါနဲ့၊ မင်းတို့ပြည်သူ့တပ်မတော်သားတွေ ဆိုတာ ပြည်သူကြားက ပေါက်ဖွားတာ၊ ဒီမြေမှာနေ၊ ဒီရေကိုသောက်၊ ဒီမြေကြီးက ဆန်ကိုစား၊ ဒီပြည်သူတွေရဲ့ အထောက်အပံ့ လစာကိုယူပြီး ပြည်သူကို အနိုင်ကျင့် စော်ကားတာမျိုး မလုပ်သင့်ဘူး၊ မင်းတို့ကို နိုင်ငံတော်က ပေးတဲ့တာဝန်ဟာ ရပ်ရွာအေးချမ်းသာယာလုံခြုံရေး ဆောင်ရွက်ဖို့သာလျှင် ဖြစ်တယ်။

အဲဒီတော့ မင်း မသောက်လို့ ပိုတဲ့ပိုက်ဆံကို လမ်းမှာတွေ့တဲ့ ကလေးတွေကို မုန့်ဖိုးပေးပါ၊ မရှိဆင်းရဲတဲ့သူတွေကို ထောက်ပံ့ပေး၊ ပိုတာကို မင်း မိသားစုကို ပြန်ပေးပါ"

ဆရာတော်က အရက်ဖိုးကို အရင်ထက် နှစ်ဆတိုးပြီး ပေးပါတယ်။ ကျွန်တော် ဘယ်လောက်ဆိုးဆိုး ဆရာတော်ကိုတော့ ချစ်ကြောက် ရိုသေရတယ် မဟုတ်လား။

ဆရာတော်မှာ ကျွန်တော့်လိုမျိုး အခြားမုန့်ဖိုးပေးရတဲ့ သူတွေလည်း ရှိသေးတယ်။ အဲဒီလူတွေ အားလုံးထဲမှာ ဆရာတော်က ကျွန်တော့်ကို အများဆုံး ပေးတာပါ။ ကျွန်တော် ဆရာတော် စကားအတိုင်း နားထောင်လိုက်တဲ့အခါမှာ တစ်ရွာလုံးက လူ့အော့ကြောလန်ဖြစ်ခဲ့တဲ့ လူဆိုးလူမိုက် စစ်သားကလေး ကျွန်တော်ဟာ လူချစ်လူခင် ပေါများလာခဲ့ပါတယ်။ အဲ- သောက်တတ်တာ ကလေးတစ်ခုက လွဲရင်ပေါ့။

အချိန်နည်းနည်း ကြာလာတော့ ဆရာတော်က နောက်ထပ်စကား တစ်ခွန်း မိန့်ပြန်တယ်။

"လှိုင်ရွှေဝင်း၊ မင်း ငါ့ဆီမှာ အရက်ဖိုးလာယူရင် ငါ့ဆီက တရားတစ်ပုဒ် နာယူရမယ်၊ အဲဒီလို တရားနာတဲ့အတွက် ငါက မင်းကို အရင်ကထက် နှစ်ဆပိုပေးမယ်၊ အဲဒါကို မင်းက ရပ်ရွာနဲ့ မိသားစု အကျိုးရှိမယ့် နေရာတွေမှာ သုံးပေါ့"

ဆရာတော်က ဒါပဲပြောတယ်။ အရက်မသောက်ပါနဲ့လို့ တစ်ခွန်းမှ မမိန့်ဘူး။ နေ့စဉ် တရားတစ်ပုဒ် တစ်ပုဒ် ဟောတယ်။ အရက်ဖိုးလည်း တိုးပြီး စွန့်ကြတယ်။ ဒီလိုနဲ့ ကျွန်တော်လည်း မိရိုးဖလာ ဗုဒ္ဓဘာသာဝင် အဖြစ်နဲ့ တည်ရှိနေရာကနေ ဗုဒ္ဓရဲ့ တရားတော်တွေကို ပထမ နားထဲမှာ စွဲမြဲလာခဲ့တယ်။ ဒုတိယ ရင်ထဲမှာ စွဲမြဲလာခဲ့တယ်။ ကုသိုလ်နဲ့ အကုသိုလ်ကို ခွဲခြားသိလာခဲ့တယ်။

မကောင်းမှု ကျူးလွန်ရမှာကို ရှက်တတ်၊ ကြောက်တတ်လာခဲ့တယ်။ ဟီရိဩတ္တပ္ပတရားတွေ ကိန်းအောင်းလာခဲ့တယ်။ အမှားနဲ့ အမှန်ကို ခွဲခြမ်းပိုင်းခြားနိုင်လာခဲ့တယ်။ ဘယ်သူ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com

တိုက်တွန်း နှိုးဆော်ချက်မှ မပါဘဲနဲ့ သုရာမေရိယကံကို အလိုလို စောင့်ထိန်းလာခဲ့တယ်။ ဒါနဲ့ ဆရာတော်ကို လျှောက်ထားဖြစ်ခဲ့တယ်။

"ဘုန်းဘုန်းဘုရား၊ တပည့်တော်ကို အရက်ဖိုး မပေးပါနဲ့တော့ ဘုရား၊ တပည့်တော် အရက်မသောက်တော့ပါဘူး နေ့တိုင်းလည်း တရားလာနာပါ့မယ် ဘုရား၊ အဲဒီအတွက်လည်း တပည့်တော်ကို မုန့်ဖိုးမပေးပါနဲ့တော့ဘုရား၊ သံယောစျည်း အဆိပ်သီးဆိုတာကို တပည့်တော် နားလည်ပါပြီ ဘုရား"

ဆရာတော်မှ ပြုံးရွှင်စွာ ခေါင်းညိတ်လို့ သာဓုသုံးကြိမ်ခေါ်ဆိုတော်မူပါတယ်။ သူပုံသွင်းလိုက်တဲ့ ဖယောင်းတိုင်လေးဟာ ပြည်သူကို အလင်းဆောင်မယ့်နေရာကို ရောက်ပြီဆိုတာကို ဉာဏ်နဲ့ သိမြင်တော်မူပုံရပါတယ်။

ကျွန်တော့်ရင်ထဲမှာ ပြည်သူကို ပြစ်မှားပြီး မိသားစုအပေါ် တစ်သက်လုံးဆိုးခဲ့ မိုက်ခဲ့သမျှ ပြစ်မှုကြွေးကို ချွေးနဲ့ ဆပ်မယ်။ တစ်မျိုးသားလုံးရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်မယ်။ ပြည်သူ့တပ်မတော်သား ပီသစွာ ရန်သူတွေနဲ့ တွေ့တော့ မီးလို၊ ပြည်သူနဲ့တွေ့တော့ သားလို ကျင့်သုံးနိုင်ရမယ်လို့ သန္နိဋ္ဌာန် သံမဏိစိတ်ဓာတ် ခိုင်မာလာပါတယ်။

အဲဒါနဲ့ သလဲဦးခွဲခြမ်းအင်းလေး အရှေ့ပိုင်းဒေသ တစ်ဝိုက်ကို ရပ်ရွာအေးချမ်းသာယာအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အမိတပ်မတော်ကြီးသည် သူရင်ခွင်မှာ မွေးဖွားသန့်စင်လိုက်တဲ့ စစ်သားတစ်ယောက်ကို တော်ရင်တော်သလို ချီးမြှောက်တတ်တဲ့ အစဉ်အလာအတိုင်း ကျွန်တော့်ကို ရာထူးတစ်ရစ်တိုးလို့ တောင်ကြီးမြို့ တ. စ. သ (၅) သတင်းတပ်ဖွဲ့ကို လွှဲပြောင်းတာဝန်ချထားလိုက်ပါတယ်။

၁၉၉၉ ခုနှစ်မှာ နဂါးပွက်ကျောင်းကို စခန်းထောက်ယူပြီး တပ်မတော်သား သတင်းတပ်ဖွဲ့တာဝန်နဲ့ သံယောစောင့်ကြည့်ရေးတာဝန်ကို ထမ်းဆောင်ခဲ့ရပါတယ်။ ဒီမှာ ကျွန်တော့်ကို ဒုတိယပုံပိုးတဲ့ ကျေးဇူးရှင် ဆရာတော်ကြီးဟာ နဂါးပွက်ကျောင်း ဆရာတော်ကြီး ဖြစ်လာခဲ့ပါတယ်။

နဂါးပွက်ကျောင်း ဆရာတော်ကြီးဟာ ကျွန်တော့်ကို စားဝတ်နေရေး အစစအရာရာ တာဝန်ယူထောက်ပံ့ပေးခဲ့ပါတယ်။ မေတ္တာရှင်ဆရာတော် ဖြစ်တာကြောင့် မေတ္တာပွားများတတ်အောင် သင်ပေးခဲ့ပါတယ်။ တောင်ကြီးမှာ ကျွန်တော် အိမ်ထောင်ကျပြီး သားသမီးရတဲ့ အထိပါ။

တောင်ကြီးမှာ ရှစ်နှစ် တာဝန်ထမ်းဆောင်ပြီး တပ်ကြပ်ကြီးအဆင့်နဲ့ ကျိုင်းတုံမှာ တာဝန်ကျပါတယ်။ အဲဒီမှာ ကျွန်တော့်ဘဝရဲ့ ကြီးမားတဲ့ အပြောင်းအလဲကြီးတစ်ခု ထပ်မံ ဖြစ်ပေါ်လာခဲ့ပါတယ်။ အဲဒါကတော့ ကျိုင်းတုံ မုံလယ်ဆရာတော်ဘုရားကြီးနဲ့ တွေ့ဆုံခဲ့ရတာပါပဲ။

ကျိုင်းတုံမုံလယ် ဆရာတော်ကြီးရဲ့ အဆုံးအမတရားတော်တွေ၊ သမထ ဝိပဿနာကျင့်စဉ်တွေ၊ ခန္ဓာဉာဏ်ရောက် ဒိဋ္ဌိပြုတ်ကျင့်စဉ်တရားတော်တွေဟာ ကျွန်တော့်ဘဝကို ပြုပြင်ပြောင်းလဲနိုင်ခဲ့တယ်။ ကျွန်တော့်ရဲ့ စိတ်နှလုံးကို နူးညံ့ပျော့ပျောင်းစေခဲ့တယ်။

ကျွန်တော်ဟာ အခုချိန်ဆိုရင် ဒုတိယအရွယ်နဲ့ တတိယပိုင်းကို ရောက်ရှိလို့ လာခဲ့ပါပြီ။ နောက်ဆိုရင် ကျွန်တော် တတိယအရွယ်ကို ကူးပြောင်းပါတော့မယ်။ နောင်သံသရာမှာ ဘဝကူးမှန်ကန်ဖို့အတွက်ရာမှာ အခုဘဝမှာကတည်းက ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကို ကောင်းစွာ ပယ်သတ်နိုင်အောင် ကြိုးစားရမှာ ဖြစ်ပါတယ်။

တပ်တွင်းရဲဘော်မိသားစုတွေကိုလည်း အသောက်အစားလျှော့ပြီး ဘာသာတရားလိုက်စားဖို့၊ ကျွန်တော့်ဘဝကို နမူနာယူဖို့ အမြဲသွန်သင် ဆုံးမပါတယ်။ ကျိုင်းတုံမှာ တရားပွဲရှိတိုင်း ရဲဘော်မိသားစုတွေရော၊ ကလေးတွေရော အကုန်ခေါ်ပြီး လိမ္မာယဉ်ကျေးအောင် တရားနာယူစေပါတယ်။

ဗုဒ္ဓရဲ့ တရားတော်တွေဟာ ကျွန်တော့်ရင်ထဲမှာထာဝရကိန်းအောင်းစီးမျောနေတဲ့အတွက် ဗုဒ္ဓဘာသာဝင်စစ်စစ် တစ်ယောက် ဖြစ်လာပြီမို့လို့ စစ်သားဖြစ်သော်လည်း စိတ်နှလုံး နူးညံ့ပျော့ပျောင်းပြီး ရဲဘော်တွေကိုလည်း မေတ္တာနဲ့အညီ အုပ်ချုပ်နိုင်ခဲ့ပါတယ်။

ဒီလိုမျိုး တအားဆိုးမိုက်ခဲ့တဲ့သူ တစ်ဦးကို တအားနူးညံ့သိမ်မွေ့သွားအောင် လမ်းညွှန်တော်မူခဲ့ကြတဲ့ ကျေးဇူးရှင် ဆရာတော်များဖြစ်ကြတဲ့ သလဲဦးခွဲခြမ်း ဝက်သားကင်ဆရာတော်၊ နဂါးပွက် ဆရာတော်နဲ့ မုံလယ်ဆရာတော်ကြီးများရဲ့ အဆုံးအမတို့အား အမြဲထာဝရ ဦးထိပ်ပန်ဆင်လျက်ပါ။ ဓမ္မက ကျွန်တော့်ကို လူလိမ္မာတစ်ယောက် ဖြစ်စေခဲ့ပါပြီ။


**ငွေသုတေသီဆရာမျိုး**

□



www.burmeseclassic.com

www.burmeseclassic.com




# လယ်တီဇာတိမာန် နိမိတ်ထူးများ

## ယောနကဘိုးထောင်

ဒီပဲယင်းနယ် စိုင်ပြင်ရွာသည် လယ်တီဆရာတော် ချက်ကြွေ အောင်ရပ်မြေဖြစ်သည်။

သာသနာ့သမိုင်းဝင် ပညာရှင်အကျော်အမော် ထွန်းကားရာ အံရပ်ဒေသကြီးလည်း ဖြစ်၏။ သာယောင့်သာယာ မြစိမ်းရောင်သစ်ပင်များ ရစ်သိုင်းအုံ့မှိုင်း စိုင်ပြင်ရွာကြီးသည် လှပသော ပန်းချီကားချပ်သဖွယ် ဖြစ်နေသည်။ ရွာ၏ပတ်ဝန်းကျင်တွင် လယ်ကွင်းများသည် မြစိမ်းရောင် အသွင်ဆောင်နေသည်။

လယ်တီဆရာတော် လောင်းလျာ သားကောင်းရတနာပေါ် ထွက်မည့် ဇာတိမာန် နယ်မြေထူးဖြစ်သည်။

နတ်တော်လတွင် ကမ္ဘာ့အလင်းရောင် ထွန်းပြောင်မည့် ပုဂ္ဂိုလ်ထူး၏ မျှော်တလင့်လင့် ခရီးဦးကြိုဆိုနေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆောင်းလအခါသမယ နတ်တော်လသည် အေးမြချမ်းတုံရာသီဘုံကို ဆောင်လျက်ရှိသည်။ ဆီနှင်းရည်တို့မှာ ငွေရည်ပုလဲဥသဏ္ဍာန် သွန်းလောင်းနေ၏။ မြောက်ပြန်လေ ဆော်သွေးချိန် လယ်ကွင်းထဲမှ စပါးပင်များက ယိမ်းကာ၍ စိမ်းမြနေလေပြီ။

သစ်ပင်၊ သစ်တောဆီမှ ချိုးကူသံ၊ ခါတုတ်သံ၊ ငှက်မြည်သံတို့က မြည်သံစွဲ အလင်္ကာမြောက် ဂုဏ်ရောင်တောက်လျက် ရှိတော့သည်။ တစ်ခါတစ်ရံ ရွှေဘုတ်၏ အိုအီသံကိုလည်း ကြားနေရသည်။ ခပ်ဝေးဝေး တောမြိုင်ခင်တန်းမြိုင်ယံဆီက နေခြည်ဖျဖျတွင် အိုးဝေဒေါင်းတွန်သံကို သာယာနာပျော်ဖွယ် ကြားနေရသည်။

စိုင်ပြင်ကြီးရွာသည် တောင်ပိုင်းနှင့်မြောက်ပိုင်း နှစ်ပိုင်းရှိရာ အိမ်ခြေပေါင်း ၆၀၀ ကျော်ရှိသည်။ ရပ်ကွက်ခုနစ် ရပ်ကွက်ရှိရာ ဦးထွန်းသာနှင့် ဒေါ်ကျူးတို့နေထိုင်ရာအရပ်မှာ ကတိုးရပ်ဖြစ်သည်။ ကတိုးရပ်ကွက်တွင် အိမ်ခြေ ၁၂ အိမ်သာရှိပြီး၊ ရွာကို ဖြတ်သန်းစီးဆင်းနေသော ချောင်းငယ်ဘက်သို့ မျက်နှာမူလျက်ရှိသည်။

ဦးထွန်းသာနှင့် ဒေါ်ကျူးတို့မှာ စိုင်ပြင်ကြီးရွာသူ၊ ရွာသား စစ်စစ်ဖြစ်ကြသည်။ တောင်သူရိုးရာဓလေ့ အလုပ်အကိုင်ဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြရသည်။ သူရိယ သိဒ္ဓန္တဝေဒကျမ်းအရ မနကာရက ခေါ် တနင်္လာစန်းသည် ပုဏ္ဏစန်းဖြစ်သည်။

စန်းအားကောင်းသော နတ်တော်လဆန်း ၁၃ ရက် အင်္ဂါနေ့ တစ်ချက်တီးကျော်အချိန် လယ်တီလောင်းလျာလေးသည် မယ်တော်ကြီး ဒေါ်ကျူး၏ရင်ခွင်ဝယ် ပိုက်ထွေးလျက်ရှိနေလေသည်။ မီးရှူးသန့်စင်ဖွားမြင်ခါစ သတို့သား လယ်တီကလေးကို သာယာအေးမြသော နတ်တော်လသည် မိမိ၏ ချမ်းမြေ့သောဂုဏ်ဖြင့် လွှမ်းခြုံထားသည်။

လယ်တီသတို့သားမှာ နောင်သောအခါ မြန်မာနှင့် ကမ္ဘာလောကတစ်ခုလုံး တရားရေအေး အမြိုက်ဆေးနှင့် အေးချမ်းအောင်ပြုမည့် ရှေ့ပြေးနိမိတ်ပင်ဖြစ်သည်။

"မြမြမှေး၍၊ ဆီးသေးနှင်းဖြူ မြူလည်းကြွေလင့်၊မပွင့်နေခြည်၊ မကြည်ကောင်းကင်၊ ထွက်ခွင်အုံ့ပျ၊ ငြိမ့်မျှကိုယ်တွင်း၊ ဆီးနှင်းကျရွှမ်း၊ ချမ်းတို့စလည်း၊ ရင်မြကျညောင်း၊ ချမ်းဆောင်းရက်ကျူး၊ မဖူးရက်လေ၊ ဟေမန်ရာသီ၊ နာရီပွားတိုး၊ သောက်မိုးညဥ့်ရှည်၊ ဆောင်းခါလည်သည်"

နတ်ရှင်နောင်ရတု စာသားကဲ့သို့ ချမ်းမြရာသီဦးတွင် နိမိတ်ထူးထင်ခဲ့လေသည်။

"နှင်းသာထန်၍၊ ဟေမန်မာသ၊ ချီလေစက၊ ရွှမ်းမျှနေရေ၊ မှိုင်းဝေဝေမျှ၊ မြောက်လေဖြည်းဆောင်၊ မွန်းတည့်အောင်လျှင်၊ နေရောင်မကြောက်၊ နှင်းမပျောက်တည့်" နဝဒေးရတုလင်္ကာ ကဗျာကလို အတိတ်နိမိတ်ထူး ပေါ်လွင်နေသည်။

ဤနတ်တော်လတွင် လယ်တီဖခမည်းတော် လယ်သမားကြီး ဦးထွန်းသာသည် တပည့်သူရင်းငှားတို့နှင့်အတူ မိမိလယ်ကွင်းများဆီသို့ သွားနေချိန်ဖြစ်သည်။ ထိုနေ့တွင် မိခင် ဒေါ်ကျူး အိမ်တွင် တစ်ဦးတည်းရှိနေလေသည်။ ဒေါ်ကျူးသည် မိန်းမမြတ်တို့အကျင့်နှင့် ပြည့်စုံ၍ ကိုယ်ဝန်နေ့စေ့ကို စောင့်ထိန်းနေလေသည်။

ဦးထွန်းသာမှာ တပည့်များနှင့်အတူ လယ်တောသို့ သွားရသော်လည်း မိမိဇနီးကို စိတ်မချနိုင်ရှာပါပေ။

နတ်တော်လဆန်း ၁၃ ရက်နေ့တွင် အညာဒေသ၌ ဆင်ရာတိမ်မိုးရွာချမည့်ဟန် အထက်ကောင်းကင်ယံမှ တိမ်လွှာတိမ်ဆိုင်များ ရစ်သိုင်းပြေးလွှားနေကြလေသည်။ မိုးသားသည် ထူထပ်၍ လျှပ်ရောင်ခြည်သန်းလျက် ထစ်ချုန်းသံများ ဆူညံနေလေသည်။

မိခင် ဒေါ်ကျူးမှာမူ ထိုနေ့နံနက်တွင် ကိုယ်ဝန်နေ့စေ့ ရက်စေ့ရှိသော်လည်း မဖွားနိုင်သေးဟု ယူဆထားလေသည်။ ဆွမ်းကပ်ရန် အိမ်ဦးရှိ ဘုရားခန်းဆောင်သို့သွားလေသည်။ နောက်ရေချမ်း ဆက်ကပ်မည်အပြု ရင်ထဲမှ အောင့်၍ မူးဝေသကဲ့သို့ ရှိလေ၏။ ရုပ်ပွားဆင်းတုထော်ကို ဆွမ်း၊ ရေချမ်းကပ်လှူပြီးနောက် ဝတ်ပြု၍ ထသွားမည်ပြုရာ ရုတ်တရက် မေ့မြောသွားရှာလေသည်။

မေ့နေ...ဲ အချိန်အနည်းငယ်ပိုင်းတွင် သားဖွားရခြင်း ဆင်းရဲကို မခံစားရတော့။ အိမ်ဦးခန်း ဘုရားအဆောင်အတွင်းမှာပင် "လယ်တီလောင်းလျာ"သတို့သားကို မိခင်တစ်ဦးတည်း ချမ်းမြေ့လွယ်ကူစွာ ဖွားလာရပေသည်။ နောက်မှ ဆွေရင်းမျိုးချာ ဉာတကာများ သိကြ၍ ဒေါ်ကျူးကို ပြုစုကြရလေသည်။

ဒေါ်ကျူး ဖွားမြင်ခြင်းကိစ္စပြီးသော် ဦးထွန်းသာသည် လယ်တောမှ ပြန်ရောက်လာပေသည်။ ထိုအခါ နေအိမ်တွင် လှုပ်ရှားဆူညံနေကြသည်ကို မြင်ရလျှင် တုန်လှုပ်သောစိတ်ဖြစ်၍ မှင်တက် အံ့အားသင့်နေလေသည်။ နောက် မိမိနှင့် အတူပါလာသော





www.burmeseclassic.com

www.burmeseclassic.com

တူးရှင်းပေါက်ပြားကို ပခုံးပေါ်မှပစ်ချ၍ အိမ်ပေါ်သို့ အပြေးတက်သွားလေ၏။ မိမိ ဇနီးနှင့်အတူ အခြားဆွေမျိုးများ ဝန်းရံလျက်၊ ရင်သွေးကလေးကို မြင်ရသောအခါ ဝမ်းမြောက်လျက်ရှိပြီးလျှင် "ဘာလေးလဲ"ဟု ခရီးမဆိုက် မေးလိုက်လေတော့သည်။

"ယောကျ်ားလေး ကိုရင်ရေ"

ဟု ဖြေသံ ကြားရသောအခါ ဦးထွန်းသာသည် လယ်တောမှ ပြန်လာရသော်လည်း မောရမှန်းရမှန်း မသိနိုင်ဘဲ အူမြူး၍နေလေသည်။

အိမ်နံရံကြားတွင် ညှပ်ထားသော ထန်းရွက်ပေဖူးကလေးပေါ်ဝယ် သတို့သားဦးကလေး၏ နေ့ရက်အချိန် ပြက္ခဒိန်အချုပ်ကိုလည်း ရေးထိုးထားလိုက်လေတော့သည်။

"အဋ္ဌသုညဒွယေ ကမ္မိ၊ မာဂသိရဿဇဏှကေ၊ ရေဝတသ မေဒိနေဘောမ၊ ဝါရေထေရော ဝိဇာယိတော"

သက္ကရာဇ် ၁၂၀၈ ခုနှစ် နတ်တော်လဆန်း ၁၃ ရက် အင်္ဂါနေ့ နံနက်တစ်ချက်တီးကျော်အချိန် သတို့သားကို မီးရှူးသန့်စင် ဖွားမြင်ခဲ့လေသည်။

လောကတွင် ဘုန်းကံပါရမီစုံညီ ပြည့်ဝသော ပုဂ္ဂိုလ်ထူးကြီးများ မွေးဖွားရာတွင် လူတို့ သိမှတ်နိုင်သော နိမိတ်ထူးကြီးများ ထွက်ပေါ်လာသည်။

ထူးခြားသော လောက အစဉ်အလာ တစ်ရပ်ရှိပေသည်။ လယ်တီလောင်းလျာ မွေးဖွားစဉ်အခါတွင် စိုင်ပြင်ကြီးရွာ၌ နိမိတ်ထူး လေးသွယ် ထွက်ပေါ်လာခဲ့သည်။

လယ်တီ ဇာတိမာန် နိမိတ်ထူး အသွယ်သွယ်ကို

(၁) ပထမနိမိတ် မိုးသည်းထန်စွာ ရွာခြင်း။

(၂) ဒုတိယနိမိတ် အရောင်အနွယ်ကြီးတစ်ခု မြေမှ တက်ထွက်လာခြင်း။

(၃) တတိယနိမိတ် မန်ကျည်းပင်၌ ထောင်ထားသော ဝါးလုံးဝါးစည်းများ မြည်ဟိန်းခြင်း။

(၄) စတုတ္ထနိမိတ် လူသူတော်တစ်ဦးကို တွေ့လိုက်မြင်လိုက်ရခြင်း ဖြစ်သည်။

လယ်တီဆရာတော်ဘုရားကြီး ဖွားမြင်ချိန် ပထမနိမိတ် မိုးသည်းထန်စွာ ရွာသွန်းခြင်းမှာ အံ့သြဖွယ်ရာဖြစ်သည်။ လယ်တီသတို့သားကို ဖွားမြင်သည့်အခါ အထက်မိုးကောင်းကင်မှ မိုးတိမ်တိုက် မိုးသားတို့သည် ရှစ်ခွင်ပတ်ဝိုက် အမိုက်မှောင်ထုချည်းသန်းလာ၏။ မိုးဦးကျမိုးကဲ့သို့ အခါမဟုတ်ဘဲ ရုတ်ခနဲဆင်၍ ရွာချ၏။ လျှပ်စစ်လျှပ်ပန်း အဆန်းတကြယ် လက်၏။ ပေါက္ခရဝဿမိုးကဲ့သို့ တစ်ကိုယ်ရွှဲရုံမျှ အေးမြစွာရွာခြင်းလည်း မဆိုနိုင်ပေ။ အခါမဟုတ်ဘဲ ရုတ်ခနဲရွာသောမိုးကို ဆင်ရာတိမ်မိုးဟူ၍ ထိုဒေသတွင် ယခုတိုင် ပြောဆိုနေကြပါသည်။

လယ်တီဇာတိမာန် နိမိတ်ထူး ဒုတိယနိမိတ် အရောင်အနွယ်ကြီးတစ်ခု မြေမှတက်လာခြင်းဖြစ်သည်။ လယ်တီဖွားစဉ် အိမ်ခေါင်းရင်း ခေါင်တိုင်မှ ဝင်းခနဲ ထွက်ပေါ်လာသောအရောင်အညွန့်သည် 'သိကြားမင်းလေး သက်တံ့ရေး'သလို တစ်ခဲနက်အရောင်ဖြင့် အိမ်မိုးခေါင်ကို ဖြတ်ကျော်၍ တစ်ဟုန်ထိုးတက်လာသည်။ အိမ်ခေါင်းရင်းရှိ မန်ကျည်းပင်ကိုလည်း အရောင်နွယ်စပ်ဟပ်လျက် လက်ခနဲဝင်းကာ အရောင်ချင်း လူးလာကူးခပ်နေသည်ဟု ထင်ရလေသည်။ တစ်အိမ်လုံးကို အရောင်မျိုးစုံဖြင့် ရစ်ပတ်ထား၍ လောင်မီးကျလေရော့သလားဟု ထင်မှတ်ယူရပေသည်။

လယ်တီလောင်းလျာ မွေးဖွားချိန် တတိယနိမိတ် မန်ကျည်းပင်၌ ထောင်ထားသော ဝါးလုံးဝါးစည်းများ မြည်ဟိန်းခြင်း ဖြစ်သည်။ ထိုစဉ်က အရောင်နွယ်တန်းကြီးပျံတက်၍ ထိန်တောက်နေဆဲမှာပင် မိုးကြိုးထစ်ချုန်းသံများဆူညံနေသည်။ အိမ်၏အနောက်တောင်ဘက်ရှိ မန်ကျည်းပင်၌ စုပုံထားသော ဝါးစည်းကြီးသည် မိုးသံလေသံနှင့်ရောကာ ရှူးရှူးရှဲရှဲ မြည်ဟိန်းလေသည်။ ထိုဝါးစည်းထဲမှ ဝါးလုံးတစ်လုံးသည် ကောင်းကင်ထက် ပျံတက်သွားလေသည်။

လယ်တီဇာတိမာန် နိမိတ်ထူး စတုတ္ထနိမိတ် လူသူတော်တစ်ဦးကို တွေ့မြင်လိုက်ရခြင်း ဖြစ်သည်။ ထိုအချိန်က မိခင်တစ်ဦးတည်း ဖွားနေစဉ် ဝတ်ဖြူစင်ကြယ် အသက်ငါးဆယ်ကျော်ခန့် လူသူတော်တစ်ဦး အိမ်ဦးဘုရားခန်း၌ တွေ့မြင်ကြရသောဟူ၏။ ထိုလူသူတော်သည် သတိလစ်နေသော မိခင်နှင့် ကလေးကို စောင့်ရှောက်နေရာ ဆွေမျိုးများ လာရောက်သောအခါမှ သာ ပျောက်ကွယ်သွားလေသည်။

ဤသို့ လယ်တီလောင်းလျာမှာ တိတ်နိမိတ် ထူးခြားစွာ မွေးဖွားလာရာ အညစ်အကြေးကင်းစင်၍ ဖြူဖြူဝဝ တုတ်တုတ်ခဲခဲရှိလေသည်။ အထူးသဖြင့် ကလေးအရွယ် ငိုယိုခြင်းမရှိသည်မှာ အံ့သြဖွယ်ကောင်း၍ ကလေးသူငယ်တို့ သဘာဝကို ပထမဦးဆုံး တော်လှန်လိုက်ခြင်းဖြစ်သည်။

လယ်တီသူငယ်လေး ဖွားမြင်ပြီးနောက် မိဘနှစ်ပါးတို့မှာ "ချမ်းရာတွင် အေးမြ၊ နှင်းကျရာရေစိမ်" သဖွယ်သို့



www.burmeseclassic.com

www.burmeseclassic.com

ဝိတိဖြစ်နေကြသည်။ မိမိတို့ သားထူး သမီးဦးကလေးတစ်ယောက် ထွန်းပေါက်လာခြင်းသည် နောင်အခါ မည်သို့ အကျိုးပေးမည်။ မည်သို့ကြီးပွားမည် စသော အချက်ကို တွေးလျက် ကြည်နူးနေကြသည်။ တစ်ဦးအပေါ်မှ တစ်ဦးအပေါ်သို့ အားမရ တင်းမတိမ် ပွေ့ချီကြလျက် သူငယ်လေး၏ "သုခေမိတ" အတွက်လုပ်ငန်းအစဉ်ကိုလည်း ဆောင်ရွက်မဆုံး ရှိကြလေသည်။

"ရင်သွေးဟူက၊ ချစ်မဝတည့်၊ မိဘတ်ထွာ၊ သားတကာနှင့် တစ်ရာသက်ကဲ၊ လည်ချင်းနွဲ့လျက်၊ ရောင့်ရဲမထင်၊ စုံမက်ကြင်လျက်၊ ဖြုတ်ခြင်ကိုက်နာ၊ မြူရှိမာမျှ၊ ရံခါတရစ်၊ မဖြစ်စေလျက်၊ အသက်ရှည်ကြောင်း၊ ဆုတောင်းဆုယူ၊ အလှူကောင်းမှု၊ ကိုယ်စားပြုလျက်၊ ဝတ်တုစံပ၊ ဆောင်ရွက်စသား၊ ကုံဖြည့်တင်း၊ ဖြန့်ဖြူးခြင်းဖြင့်၊ မကင်းရေမိုး၊ ဥယျာဉ်ပျိုးသို့" စတုဓမ္မသာရ ကိုးခန်းပျို့ကို မြင်ယောင်နေမိသည်။

လယ်တီဇာတိမာန် နိမိတ်ထူးများသည် ပုဗ္ဗနိမိတ်များကို အကြောင်းပြု၍ ဝေဒကျမ်းတတ်ပညာရှိကြီးများ အတပ်ထင်ထင် သိမြင်ကြလေလိမ့်မည်။ ဘုန်းရှင်ကံရှင်များ မမွေးမီကဖြစ်စေ၊ မွေးပြီးစ မွေးစဉ်ဖြစ်စေ၊ မွေးပြီးနောက်ဖြစ်စေ အတိတ် နိမိတ်ထူးများ ပေါ်ပေါက်လာစမြဲဖြစ်သည်။ အစဉ်အလာ ဖြစ်စဉ်ဖြစ်မြဲတရားလည်းဖြစ်၏။

နိပါတ်ရာဇဝင်များကို လေ့လာကြည့်ရှုသောအခါ အလွန်ထင်ရှားသိသာလှသည်။ ခိုင်မာမြင့်မြတ်သော အထောက် အထားများကို တွေ့ရသည်။

ပုဂံရာဇဝင်၌ အလောင်းစည်သူမင်း ဖွားမြင်သောအခါ စည်တော်ကြီး အလိုလို သူ့ဘာသာသူ မတီးဘဲ မြည်လာခြင်း၊ နန်းတော်တံခါး မည်သူမျှ မဖွင့်ရဘဲ ပွင့်လာခြင်း နိမိတ်များရှိခဲ့ပါသည်။

ထီးလှိုင်ရှင် ကျန်စစ်မင်းသား မွေးစဉ် မြေငလျင် အကြိမ်ကြိမ် လှုပ်ခြင်း၊ လက်နက်တိုက်မှ လက်နက်များ အရောင်တိုက်ခြင်း၊ တော်လည်းခြင်း၊ ဥပွါပျံ့ခြင်းတို့ဖြစ်၏။ တောင်ငူဘုရင် တပင်ရွှေထီး မွေးစဉ်ကလည်း မိုးကြိုးပစ်ခြင်း၊ မိုးကြိုးရွာခြင်း ဖြစ်ခဲ့ဖူးသည်။

ပုဂံခေတ် မိဖုရားစောမွေးပြီးနောက် ကလေးအရွယ်တွင် ငန်းမြွေကြီး တစ်ကောင် ရစ်ပတ်ခဲ့ဖူးသည်။

လယ်တီဇာတိမာန် အတိတ်နိမိတ်ကြီး လေးပါးအတိုင်း မြန်မာတွင် သာမက ကမ္ဘာအထိ စာပေပညာ သတင်းကြီးခဲ့သည်။ တရားဓမ္မ ကျမ်းပေါင်းများစွာ ထွက်ပေါ်ပြုစုရေးသားနိုင်ခဲ့သည်။ လူထူးလူဆန်း ပုဂ္ဂိုလ်ထူးကြီးဖြစ်ကြောင်း အကျော်ဇေယျဖြစ်ခဲ့သည်။

ထိုအချိန်က ဒီပဲရင်းနယ်မြေ စိုင်ပြင်ရွာတွင် ထူးခြားစွာ ဖွားမြင်လာသော လယ်တီလောင်းလျာဂုဏ်သတင်း ရုတ်ခြည်း ဂယက်ရိုက်ခဲ့လေသည်။ ပန်းသတင်း လေညင်းဆောင်သကဲ့သို့ သားရတနာအရှိန်အဝါ မျက်နှာပွင့်လန်းနေသည်။ လယ်တီဆရာတော်မြတ်ကြီးမှာ နောင်တွင် မြန်မာ့ပတ္တမြားဆန်ကျိုး အဖိုးပြည့်တန်ခဲ့လေသည်။

ဤ သားမြတ်သတိုး အဖိုးပြည့်တန်ကို ရရှိပိုင်ဆိုင်လိုက်ပြီး လယ်တီဇာတိမာန်နိမိတ်ထူးများကို နိဂုံးချုပ်လိုက်ရပါတော့သတည်း။

နှလုံးစိတ်ဝမ်းအေး ချမ်းကြပါစေ။

**ယောနကဘိုးထောင်**

□

## စာမူများ ပေးပို့နိုင်ပါသည်

စာပေ ဝါသနာရှင်များ မိမိ၏စာမူကို မိတ္တူကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်းတိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ မရွေးချယ်သော စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်း ပေးပို့ခြင်းမျိုး မပြုလုပ်ကြပါရန် မေတ္တာရပ်ခံပါသည်။

ရှေးဟောင်းဘုရားသမိုင်းကြောင်းများ၊ ဘာသာရေး ဆောင်းပါးများ၊ ဂန္ထဝင်ဝတ္ထုများ၊ မှဆိုးဝတ္ထုများ၊ ရသဝတ္ထုများ၊ ဟာသများ၊ အရှေ့တိုင်းအနောက်တိုင်း ဆေးပညာရပ်များ၊ ထူးခြားဆန်းကြယ်သောဖြစ်ရပ်များ စသည်ဖြင့် ပေးပို့နိုင်ပါသည်။

■■■■■■■■■■■■■■■■

စီးပွားရေးလုပ်ငန်းရှင်များ

မိမိလုပ်ငန်း

ပို့မိုတိုးတက်

အောင်မြင်စေရန်

လပြည့်ဝန်းမဂ္ဂဇင်းတွင်

ကြော်ငြာများ

ထည့်သွင်းနိုင်ပါသည်။

■■■■■■■■■■■■■■■■

အဖြူအမည်း

**တစ်မျက်နှာ**

ကျပ်တစ်သောင်းငါးထောင်တိတိ ဖြစ်ပါသည်။

အဖြူအမည်း

**မျက်နှာဝက်**

ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

**ဆက် သွယ် ရန်**


အယ်ဒီတာအဖွဲ့

လပြည့်ဝန်းမဂ္ဂဇင်း

တိုက်အမှတ် (၇၂၄)၊

အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း

(၁၇×၁၈)လမ်းကြား၊

လသာမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉ ၄၅၂၂၂၈၅၀၈




www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းအံ့ဖွယ်ရာရဟန္တာရဟန်းထူးများ

# စလင်းကန်လယ်ဆရာတော်ဘုရား

**ပထမံဆရာကြီး ဦးအောင်သူ**

စလင်းဆရာတော်ကြီးသည် ရှေးအခါက အထက် ရွှေစက်တော်ဘုရားမှ ပဲ့ကျသွားသော ခြေမတော့်ကို တောင်ဝှေးတွင် တည်ထား ကိုးကွယ်ကြောင်း တစ်စွန်းတစ်စ ကြားဖူးသည် ဆို၏။

### ဆရာတော်၏ ဇာတိနှင့် ဖွားသက္ကရာဇ်

ဆရာတော်ဘုရားကြီးသည် မကွေးတိုင်း၊ စလင်းမြို့နယ်၊ မအူအလယ်ရွာမှ ခမည်းတော်ဦးစံအုပ် + မယ်တော် ဒေါ်ဆပ်တို့မှ အေဒီ ၁၉၀၁ ခု၊ ဒီဇင်ဘာ ၅ ရက်၊ ၁၂၆၃ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့တွင် စတုတ္ထမြောက် သားရတနာကို ဖွားမြင်လေ၏။

ဆရာတော်၏ မွေးဇာတိဖြစ်သော မအူရွာသည် တစ်ရွာတည်း တည်ရှိခြင်း မဟုတ်ဘဲ လေးရွာရှိ၏။ ၎င်းတို့မှာ မအူမြောက်ရွာ၊ မအူအလယ်ရွာ၊ မအူတောင်ရွာနှင့် ဈေးရွာခေါ် မအူအရှေ့ရွာတို့ ဖြစ်ကြ၏။

ထိုမအူလေးရွာမှာ ရေစကြိုမြို့ အရှေ့မြောက်ဘက်၊ ချင်းတွင်းမြစ်ကမ်းဘေးတွင် တည်ရှိပြီး ရေစကြိုနှင့် ရှစ်မိုင်မျှဝေး၏။ ကျည်းကန်ရှင်ကြီးသည် မအူလေးရွာ၏ အနောက်ဘက်၌ တည်ရှိသော ဇာတိကျည်းကန်ရွာကို အစွဲပြု၍ ကျည်းကန်ရှင်ကြီးဟု ခေါ်တွင်၍ ကျော်ကြားခြင်းဖြစ်၏။ ကျည်းကန်ရှင်ကြီးသည် ဆရာတော်၏ ဦးလေးတော်စပ်သည်။

### မအူရွာဟူသည့်ကား

ဆရာတော်၏ မွေးရပ်ဌာနေဖြစ်သော မအူရွာကို ခေါ်ရခြင်းမှာ ကုန်းဘောင်ခေတ် စဥ့်ကူးမင်း၏ မိဖုရား မအူမှာ ထိုဇာတိဖြစ်သောကြောင့် ထိုရွာကလေးကို မအူကိုအစွဲပြု၍ မအူရွာဟု အမည်တွင်လာပြီး ကာလကြာညောင်း ခေတ်ပြောင်းရွှေ့သော် မအူရွာ ဟုခေါ်ကြသည်။

### ဆရာတော်၏အံ့ဖွယ်ရာ

အေဒီ ၁၉၀၈ ခု ၁၂၇၀ ခု၌ ဆရာတော်လောင်းလျာသည် အသက် (၇)နှစ်ရှိသောအခါ အထက်သွားအစွယ်နှစ်ချောင်းမှာ ထူးဆန်းအံ့ဖွယ်ရာ နေ့ချင်း ညချင်း ရှည်ထွက်လာပြီး အောက်နှုတ်ခမ်းကိုပင် ကျော်လွန်သွားသဖြင့် စာကျက်ရာတွင်လည်းကောင်း၊ စကားပြောရာတွင်လည်းကောင်း၊ အစား စားရာတွင်လည်းကောင်း အခက်အခဲတွေ့နေရာ လူကြီးမိဘကို အသိမပေးဘဲ ရွာထဲ၌ရှိသော ပန်းထိမ်ဖိုမှ ရွှေဖြတ်လွှနှင့်ဖြတ်ရာ အတွင်းခံအကြောမကြီးမှာ ဖြတ်မရ၍ ရွှေဆစ်သောတူဖြင့် ဆတ်ရိုက်လိုက်ရာ ကျိုးသွားတော့၏။

အေဒီ ၁၉၂၂ ခု (၁၂၈၃ ခုနှစ်)တွင် အသက် (၁၉) နှစ်ပြည့်ပြီး သုံးလအလွန်တွင် မိဘတို့ကပဥ္စင်းဒကာအဖြစ် ခံယူပြီး ဦးလေးတော်သူ ဦးသောမကို ဥပဇ္ဈာယ်ပြုလျက် မအူရွာ ခဏ္ဍာသိမ်

www.burmeseclassic.com

တော်ကြီးတွင် ပထမကမ္ဘာ့ဝါဆရာတော် အလုံသာသနာ့ပိုင် ဆရာတော် မဟာဝဏ္ဏိတ ဝိဇ္ဇာလင်္ကာရ မဒရဆရာတော်တို့နှင့် မြတ်သောရဟန်းဘဝသို့ပင် သွတ်သွင်းချီးမြှင့်ပေးကြ၏။

ဝါဆို ဦးတွင် မန္တလေးမြို့ အနောက်ဘက်ဝိသုဒ္ဓါရုံကျောင်းတိုက်သို့ ပို့ဆောင်အပ်နှင်းပေးသဖြင့် လောကီ၊ လောကုတ္တရာစာပေများကို ဆက်လက်သင်ကြားလေ၏။

ဂါထာသုံးရာကို နှုတ်တိုက်ရ

ဆရာတော်သည် မော်လမြိုင်မြို့တွင် လှည့်လည်၍ သာသနာပြုရန် အလို့ငှာ အင်္ဂလိပ်စာကို ဆက်လက်ဆည်းပူးသည်။ ထို့ပြင် ဦးလေးဘုန်းကြီး ညွှန်ကြားသော ဘင်္ဂလီ၊ နာဂလီမှ ထုတ်နုတ်ထားသော တွတ္တသင်္ဂြိုဟ်ကျမ်းမှ ဂါထာပေါင်း ၃၀၀ ကျော်ကို နှုတ်တိုက်ရသည်။

တောထွက်တော်မူခြင်း

ဆရာတော်သည် လူအရောက်အပေါက်နည်းသော မအူရွာ၏ မြောက်ဘက် ချင်းတွင်းမြစ်ကမ်းနားတွင်ရှိသော သပြေပင်မောင်နှမဂူသို့ သီးတင်းသုံးနေထိုင်ရန် ကြွတော်မူ၏။ ထိုအခါ ဆရာတော်အား ထိုဂူ၌ နေထိုင်သီတင်းသုံးခြင်းမပြုရန် ဆွေမျိုးများက ဝိုင်း၍ တားကြ၏။

အဘယ်ကြောင့် တားမြစ်သည်ကို ဖခင်ကြီးကမေးကြည့်ရာ ထိုနေရာမှာ အလွန်ကြမ်းတမ်း၍ လူအများကို အန္တရာယ်ပြုကြောင်း၊ သက်ဆိုင်ရာ မကြိုက်သည်ကို ပြုလုပ်မိလျှင်သော်လည်းကောင်း၊ သစ်ပင်၊ ဝါးပင်များ ခုတ်မိလျှင်သော်လည်းကောင်း အိမ်သို့ပြန်မရောက်မီ သေကြ၊ ဖျားနာကြသောကြောင့် မည်သူမျှ မသွားရဲကြောင်း ပြောပြ၏။ ထိုသပြေပင်မောင်နှမဂူ၏ အောက်ထဲတွင် ငါးကြီးများမှာ လှေလောက်နီးနီး ရှိကြောင်း၊ ဒါကြောင့် ထိုနေရာမှာ သီတင်းသုံးရန် မသင့်ကြောင်း ပြောပြ၏။

ဆရာတော်သည် လူအများတားသည့်ကြားမှပင် မေတ္တာဘာဝနာများ ပွားများကာ အမျှပေးဝေပြီး သပြေပင်မောင်နှမဂူအတွင်းသို့ ဝင်သွားရာ ဆရာတော်မရောက်မီ မကြာခင်ကပင် အမှိုက်သရိုက်များ လှည်းထားသကဲ့သို့ သန့်ရှင်းစွာတွေ့ရသည်။ ထို့ပြင် မြေပေါ်၌ ထက်ဝက်မျှပေါ်နေပြီး မြေ၌ စိုက်ထားသော မိုးကြိုးသွားကို ဂူတွင်း၌ တွေ့ရပြန်၏။

ထိုအခါ ဆရာတော်သည် 'ငါ ဘွဲ့တော်ကလည်း ဝဇီရာဝုဓ၊ ယခု တွေ့ရပြန်သော်လည်း မိုးကြိုးသွားဒါကြောင့် ငါသည် မုချ ဤဂူ၌ပင် တရားထူးများ ရအံ့' ဟု ရွှင်လန်း ဝမ်းမြောက်တော်မူလေသည်ဆို၏။

ဆရာတော်သည် ဂူမှအပြင် အထွက်တွင် ဂူအပေါက်ဝရှိ မိကျောင်းပင် တစ်ပင်၌ ပေစာထုပ်ချိတ်ဆွဲထားသည်ကိုတွေ့ရာ ပေထုပ်ကိုယူပြီး ကြည့်ရှုရာ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာမှ ဝိပဿနာအခန်းများကိုသာ ထုတ်နုတ်ရေးထားသော ပေစာဖြစ်နေပြန်၏။

ဆရာတော်သည် အထူးအံ့သြလျက် ငါသည် ဤနေရာ၌ မဂ်တရား၊ ဖိုလ်တရားများ ဧကန်ရမည်ဟု စိတ်အားတက်တော်မူကာ ဤဂူ၌ အနှောင့်အယှက်ရှိ၍ လူပင်သေသေ တရားအားထုတ်အံ့ဟု ယတိပြတ် ဆုံးဖြတ်ချက် ချလိုက်၏။

ထို သပြေပင်မောင်နှမဂူတွင် ဗိမာန်ပြု၍နေသော မောင်နှမသည် ဆရာတော်အား ကြည်ညိုလေးစားကြ၍ ညစဉ် ဆရာတော်၏ တရားကို လာရောက် နာယူကြသည်။ နှမမှာ ရိုသေလေးစားစွာ ကျုံ့ကျုံ့ထိုင်ပြီး တရားကို နာယူလျက်ရှိသော်လည်း မောင်ဖြစ်သူမှာ တင်ပျဉ်ခွေပြီး ရှိခိုးကန်တော့ခြင်းမပြုဘဲ တရားကို နာယူ၏။

ဆရာတော်သည် သပြေပင်မောင်နှမဂူမှ ပေါ်တော်မူကုန်းသို့ ပြောင်းရွှေ့သီတင်းသုံးနေတော်မူလျက် ဒါယကာ၊ ဒါယိကာမများအား တရားဘာဝနာ ဟောကြား ပြသပါသည်။ ဆရာတော်သည် သပြေပင်မောင်နှမဂူကို သောတာပန်ဂူဟု ကမ္ပည်းထိုးခဲ့ကြောင်း မိန့်ကြားပါသည်။

ထူးဆန်းသော ကျားနှင့် လင်းဖက်ငှက်

ခေတ်ပျက်စဉ်ကာလ အေဒီ ၁၉၅၇ ခု၊ နိုဝင်ဘာ ၇ ရက်၊ ကြာသပတေးနေ့ ၁၃၁၉ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်တွင် ရှင်မတောင်မှ ဖိုးဝင်းတောင်သို့ လှည်း ၁၄ စီးဖြင့် ဘုရားဖူးကြစဉ် ထူးဆန်းသော အဖြစ်အပျက်များမှာ ဆရာတော်နှင့်တကွ တပည့်များသည် ဖိုးဝင်းတောင်၌ နေကြစဉ် ညအခါ ကြောက်စရာကောင်းသော ကျားဟိန်းဟောက်သံကြီးကို ကြားကြ၍ ပရိသတ်တို့သည် ကြောက်လန့်ကြ၏။ ထိုကျားသည် တကယ့်ကျား သတ္တဝါ မဟုတ်ပါ။ တပည့်ပရိသတ်စုံ၍ နာမည်ကြီးသော ဆရာတော်အား မားပြတိုက်ရန်လာသောလူဆိုးတို့ကို ဟိန်းဟောက်မောင်းထုတ်သည့် သာသနာစောင့်သော နတ်ပင် ဖြစ်ပေသည်။ ဓားပြများက ထွက်ပြေးကြတော့၏။ ဆရာတော်၏ သီလ၊ သမာဓိသည် ကြီးမားကြောင်း သိရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အံ့ဩဖွယ်ရာ

ဆရာတော် နောက်နေ့တွင် ဖိုးဝင်းတောင်မှ ငါးခုန်ရွာသို့ ပြန်လာကြရာ ညမိုးမှောင်ကျနေသဖြင့် ဟိုဟိုဒီဒီကို မမြင်ရအောင်ရှိ၏။ ထိုအချိန်တွင် လင်းဖက်တစ်ကောင်သည် ဆရာတော်၏ ရင်ဘတ်သို့ တိုးဝင်လာ၏။ ဆရာတော်လည်း ထိုငှက်ကလေးကို အသာပင် ဖမ်းယူထားလိုက်၏။ ဆရာတော်သည် အကြောင်းထူးရှိမည်ဟု ရှေ့သို့ မာတ်မီးဖြင့် ထိုးကြည့်ရာ ရှေ့ဝါးနှစ်ပြန်လောက်တွင် နက်စောက်သောချောက်ကြီးတစ်ခုကို တွေ့မြင်ရ၏။ လှည်းအားလုံး လမ်းမှားနေကြ၏။

ဆရာတော်၏ သီလ၊ သမာဓိ၊ ပညာအားကား ကြီးမားလှ၏။သာသနာစောင့်နတ်က ဖန်ဆင်းသော ကျားနှင့် ငှက်တို့ဖြစ်တော့၏။ ဤသို့ဖြင့် လမ်းမှန်သို့ရောက်အောင် စောင့်ရှောက်၍ ပို့ပေးကြောင်းဆို၏။

ဆရာတော်သည် ရှင်မတောင်မှ ထွက်ခွာလာပြီး ပခုက္ကူခရိုင်မြို့၊ မြို့ပတ်ဝန်းကျင်မှာရှိသော သနပ်ခါးတောကြီးထဲတွင် သစ်တစ်ပင်ရင်း ဝါးတစ်ပင်အောက် နေထိုင်သီတင်းသုံးပြီး ဆွမ်းခံစားကာ တရားဘာဝနာများကို အားထုတ်ပြန်ရသည်။ ၎င်းမြိုင်တောကြီးထဲ၌ သုံးလမျှ နေထိုင်ခဲ့ပြီး မြိုင်တောကြီးမှ လောင်းရှည်ကိုဖြတ်ကာ စေတုတ္တရာသို့လည်းကောင်း၊ ထိုမှတစ်ဖန် နွားမတောင်သို့လည်းကောင်း၊ နွားမတောင်မှ ပဒါန်းသို့လည်းကောင်း၊ ပဒါန်းမှရွှေစက်တော်သို့ ဝါဆိုအမီ တောလမ်းအတိုင်း ခြေကျင်ကြွတော်မူသည်ဟု ဆို၏။

ဆရာတော်သည် အထက်စက်တော်ရာဘေးတွင် ယခု ဝဇီရာရာမကျောင်းနေရာ သစ်ပင်တစ်ပင်ရင်း၌ နေထိုင်ကာ ဓူတင်ကမ္မဋ္ဌာန်းဆောက်တည်၏။ ဆရာတော်သည် တောရဆောက်တည်သည်မှစ၍ ဓူတင်ဆယ်ပါးကို အမြဲဆောက်တည်ပြီး ဝါတွင်းသုံးလတို့၌ အဓိဋ္ဌာန်ဖြင့် ပိုင်းဖြတ်ကာ ဓူတင် ၁၃ ပါးကို ဆောက်တည်တော်မူသည်ဆို၏။

ဆရာတော်သည် ရွှေစက်တော်ပတ်ဝန်းကျင်တောတောင်ဂူ ကျောင်းများ၌ လှည့်လည်၍ တရားအားထုတ်ကာ နှစ်ဝါတိတိဆိုခဲ့၏။ ထိုမှတစ်ဖန် ကျောင်းတော်ရာသို့ ခြေကျင်ကြွတော်မူခဲ့၏။

## အထက်စက်တော်ရာမှ ရရှိသော ခြေမတော်

ဆရာတော်၏ လက်ဝယ်၌ ရှိတော်မူသော ဘုရားသခင်၏ ခြေမတော်သည် အထက်စက်တော်ရာ တည်ရှိတော်မူသော တောင်ကမ်းပါးများ ပဲ့ကျသဖြင့် မြေပြိုကျသောဘေးမှ လွတ်ကင်းရန် စိုးရိမ်တော်မူသဖြင့် လယ်ကိုင်းဆရာတော်ကြီး ဦးဆောင်၍ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရာ ခြေမတော်လေး ပဲ့ပါလာခဲ့သည်။

ထိုအဖြစ်အပျက်ကြောင့် လယ်ကိုင်းဆရာတော်ကြီးသည် ခြေတော်ရာ ရွှေ့မှုဖြင့် မျက်စိနှစ်ကွင်း ကွယ်သွားတော့၏။ ထိုအခါ လယ်ကိုင်းဆရာတော်ကြီးသည် မိမိသည် ခြေရာပျက်စီးမှာ စိုးရိမ်၍ တစ်ကြောင်း၊ ဘုရားဖူးများ အန္တရာယ် မရှိစေရန် တစ်ကြောင်း စေတနာကောင်းဖြင့် ပြုလုပ်ခြင်းသာ ဖြစ်ကြောင်း နတ်သိကြားတို့သည် ဆရာတော်ကြီးအား မျက်စိနှစ်ကွင်းအလင်းရစေရန် ကျောင်းတော်ရာ၌နေသော ဆရာတော်၏ နှမ မယ်ဝ အိမ်ခြံထဲမှ သစ်မြစ်ကို သွေးပြီး မျက်စိကို ကွင်းလိုက်လျှင် အလင်းရမည်ဟု အိပ်မက်ပေးလာ၏။ ဆရာတော်သည် အိပ်မက်အတိုင်း ဆောင်ရွက်ရာ တကယ်ပင် မျက်စိနှစ်ကွင်း အလင်းရတော့၏။

## ဘုရားရှင်၏ ခြေမတော်ကို ရရှိခြင်း

ထိုခြေမတော်ကလေးမှာ လယ်ကိုင်းဆရာတော်ထံသို့ ရောက်ရှိလာခြင်းဖြစ်သည်ဟု သိရ၏။ ထိုမှတစ်ဆင့် ထိုခြေမတော်မှာ စလင်းဆရာတော်၏ လက်ဝယ်သို့ရောက်ရှိလာခြင်းဖြစ်သည်ဟု သိရပါသည်။

ဆရာတော်သည် စလင်းဘေးမဲ့ကန်လယ်၌ နေထိုင်၍ ညအခါတွင် ပတ်ဝန်းကျင်၌ရှိသော (၁)မောဂ္ဂလာန်၊ (၂) ဆင်မလမ်း၊ (၃) စေတီလှ၊ (၄)ရွှေလေ၊ (၅) မင်းရစ်ကုန်း၊ (၆) ပန်းပဲစု၊ (၇) တဲကြီးစု၊ (၈) ရွာသစ်၊ (၉) တမာချောင်၊ (၁၀) ချောင်မကြီးနှင့် သုသာန်များကို တစ်လှည့်စီ ကြွရောက်ကာ ဓူတင်ဆောက်တည်တော်မူ၏။

ထို့ပြင် သုညဂါရဖြစ်သော ကျောက်တံခါးမကြီးတစ်ထောင် အစရှိသော နေရာများတွင်လည်း သီတင်းသုံးမွေ့လျော်တော်မူလေ၏။

## ပရိနိဗ္ဗာန်ပြုတော်မူခြင်း

အေဒီ ၁၉၉၁ ခု၊ ၁၃၅၃ ခု ပြာသိုလပြည့်ကျော် ၁၃ ရက်နေ့၊ သက်တော် (၈၇) နှစ်၊ သိက္ခာတော် (၆၇)ဝါ အရတွင် ပရိနိဗ္ဗာန် ပြုတော်မူလေသတည်း။

**ပထမံဆရာကြီး ဦးအောင်သူ**

❑




www.burmeseclassic.com

www.burmeseclassic.com

# ဘုရားရှင်၏ ဓမ္မတရားသည်သာ

မေလတ်တန်



ဗုဒ္ဓဘာသာဝင်တို့အတွက် ဘုရား၊ တရား၊ သံဃာတည်း ဟူသော ရတနာမြတ်သုံးပါးသည် အနှိုင်းမဲ့ ကျေးဇူးကြီးမားလှသော ကျေးဇူးရှင်များ ဖြစ်သည်။

ထို့ကြောင့် ကျွန်မ၏ အဘိုးဖြစ်သူ (ဖခင်၏ဘကြီး) ဦးဖေသင်သည် ကျွန်မတို့ ညီအစ်ကိုမောင်နှမ၊ ဆွေမျိုးသားချင်းများမှ ကလေးငယ်များအားလုံးအား ဘာသာ၊ သာသနာ အခြေခံအသိလေးများကို ငယ်စဉ်ကလေးဘဝမှစ၍ စိတ်ဝင်စားလာအောင် စည်းရုံးခဲ့ပေသည်။ ဘုရားရှိခိုး၊ ပန်း၊ ရေချမ်းကပ်မှုများကို ဗုဒ္ဓါ ဓမ္မ၌ စိတ်ဝင်တရှိအောင် ပြောဆိုကာ ကျွန်မတို့အား အပြိုင်အဆိုင် လေ့ကျင့်ပျိုးထောင်စေခဲ့ပါသည်။ ကျက်ခိုင်းထားသည့် ဘုရားရှိခိုးခြင်းကို အလွတ်ဆိုပြနိုင်လျှင် ငွေတစ်ဆယ်ကျပ် ဆုပေးမြဲ ဖြစ်၏။ ဤသို့ ကျက်မှတ်စေခြင်းဖြင့် ကုသိုလ်ကောင်းမှုအလုပ်များအကြောင်းများလည်း ရှင်းပြသည်။ ကျွန်မတို့မှာလည်း ကလေးပီပီ ဆုငွေကို လိုချင်စိတ်ဖြင့် ဘုရားရှိခိုး၊ ဆီမီး၊ ပန်း၊ ရေချမ်း ကပ်ပုံများကို ကြိုးစားကျက်မှတ် ရွတ်ဆိုခဲ့ကြပါသည်။

မြတ်ဗုဒ္ဓ စာပေများကိုလည်းဖတ်ရှုခိုင်းပြီး ကာယကံ၊ ဝစီကံ၊ မနောကံ ယဉ်ကျေးစေရန်လည်း အမြဲဆုံးမလေ့ရှိခဲ့ပါသည်။ ဆရာတော်များ၏ အဆုံးအမကိုနာယူရမည့်အကြောင်းလည်း ပြောပြပါသည်။

ထိုသို့သော ဘုရားရှင်၏ အဆုံးအမများကို ငယ်စဉ်ကတည်းက သင်ကြားခြင်း ခံခဲ့ရသော ကျွန်မ၏စိတ်မှာ နူးညံ့သိမ်မွေ့စွာ ရှိနေခဲ့ပါတော့သည်။ ကြမ်းတမ်းသော စကားများ၊ သတင်းစကားဆိုခြင်းများ၊ မနာလိုဝန်တိုခြင်းများကင်း၍ စိတ်သန့်ရှင်းစွာ နေတတ်ထိုင်တတ်သည့် အကျိုးတရားများကို

www.burmeseclassic.com

ရခဲ့ပေသည်။ ဆုံးမသွန်သင်ပေးခဲ့သော အဘိုးဖြစ်သူကို ယနေ့တိုင် မမေ့နိုင်အောင် ကျေးဇူးတရားများကို အောက်မေ့နေမိပါတော့သည်။

အဘိုးဖြစ်သူသည် ဗုဒ္ဓ၏ အဆုံးအမများကို တစ်ပိုင်တစ်နိုင် စိတ်ဝင်စားအောင် ပြောဆိုခဲ့သဖြင့် ကျွန်မတို့အတွက် ယဉ်ကျေးလိမ္မာမှု အသိများ တိုးပွားခဲ့ရပါသည်။ တန်ဖိုးလည်း ကြီးလှပေသည်။

ထို့ပြင် အဘိုးဖြစ်သူသည် မဟာစည်ဆရာတော်ဘုရားကြီးရှိစဉ်က နိုင်ငံခြားသားများအား တရားဓမ္မများကို ဘာသာပြန် ပြောဆိုပေးပါသည်။ ထို့ကြောင့် ဥပုသ်နေ့တိုင်း မဟာစည်ဆရာတော်ဘုရားကြီးက အဘိုးအား ကားဖြင့်ကြိုခိုင်းလေ့ရှိ၏။ ထိုအခါ အဘိုးဖြစ်သူမှာ ဥပုသ်သည် ဆွေမျိုးမိတ်ဆွေများကိုခေါ်ဆောင်၍ တရားနာ၊ တရားထိုင်စေခဲ့ပါသည်။

ထိုလူကြီးများထဲတွင် ကိုးနှစ်ခန့်မျှသာ ရှိသေးသော ကျွန်မသည်လည်း ပါဝင်ဖြစ်သည်။ တရားဟောသည့် ဓမ္မာရုံထဲတွင် ဆရာတော်၏ တရားများကို ကလေးအသိစိတ်ဖြင့် နာယူခဲ့ပါသည်။ တရားထိုင်ခိုင်းသည့် အချိန်တွင် တရား၏သဘောကို နားမလည်နိုင်သေးသည့် အရွယ်ပင်ဖြစ်သော်လည်း လူကြီးများ၏ အတုကိုယူကာ ငြိမ်သက်စွာ နေလေ့ရှိခဲ့ပါသည်။ သို့သော် အသက်အရွယ်လေး ရလာသောအခါ တရားအသိလေးများ နုရာမှရင့် ဆိုသကဲ့သို့ အသိလေးများ တိုးလာခဲ့ရပါသည်။

မြန်မာနိုင်ငံသားအများစုမှာ ဗုဒ္ဓဘာသာဝင်များဟုဆိုသော်လည်း မိရိုးဖလာ ဗုဒ္ဓဘာသာဝင်နှင့် ဗုဒ္ဓဘာသာဝင်စစ်စစ်ဟူသည့် နှစ်မျိုးအနက် အများအားဖြင့် မိရိုးဖလားဗုဒ္ဓဘာသာဝင်သာများပေသည်။ မိရိုးဖလာအရ ဗုဒ္ဓဘာသာဝင် ဖြစ်နေ၍လည်း ဗုဒ္ဓညွှန်ကြားသည့်အတိုင်း မလိုက်နာ၊ ဝိပဿနာဟူသည် မသိ၊ ရုပ်နာမ်ဟူ၍ နားမလည်၊ ဝါဆို၊ ကထိန် အချိန်တန်လျှင် ကပ်ကြသည်။ ဒါန၊ သီလ၊ ပရိတ်နာယူခြင်းဘာဝနာဖြင့်သာ ဝတ်ကျေတမ်းကျေသဘောပြုကြ၍ လောကချမ်းသာမှုအတွက်သာ လုံးပန်းနေကြပေသည်။ မသေခင် ဝိပဿနာလုပ်ရမည်ကို မေ့လျော့နေတတ်ကြသည်။

လူများသည် တစ်နေ့သေကြရမည်ကို မေ့လျော့နေတတ်ကြသည်။ သို့သော် မကြောက်ကြပါ။ ဘုရားရှင်သည် ဝိပဿနာအားထုတ်ဖို့ တိုက်တွန်းသည်။ မသေခင် မရဏာသန္နဇောမှာ လားရာဂတိနိမိတ်ပေါ်သည်ကို မသိကြ၊ ဘဝတစ်လျှောက်လုံး တဏှာခိုင်းသည့် အလုပ်ဖြင့်သာ အချိန်များကို ကုန်ဆုံးစေလျှင် အသေဆိုးဘဝသို့ ကျရောက်သွားဖွယ်သာ ရှိပေတော့မည်။

ကျွန်မ၏ သူငယ်ချင်းလင်မယားသည် အလွန်အမင်း စီးပွားဖြစ်လိုကြပေသည်။ ထို့ကြောင့်လည်း ဖြတ်လမ်းနည်းဖြင့် တိုးတက်ရာ တိုးတက်ကြောင်းများကို ရှာကြသည်။ တစ်ဘဝ ကောင်းစားရေးကိုသာ ဂရုစိုက်ပြီး နေတတ်ကြသည်။ ဗုဒ္ဓ၏ အဆုံးအမကို သေချာဝေဖန်ပိုင်းခြားနားမလည်ဘဲ နတ်များကို ကိုးကွယ်အားထားလာကြသည်။ စီးပွားရေး တိုးတက်လိုမှုအတွက် အားထားမိကြပေသည်။ စီးပွားရေး ကျဆင်းသူများမှာလည်း လောက အကျပ်အတည်းကြုံကြိုက်လာပြီး အားကိုးရှာကြခြင်းဖြစ်သည်။ ရေနစ်သူသည် မြက်တစ်ပင်ကို အားထားမိကြသည် မဟုတ်ပါလား။

ကာမဂုဏ်ဆိုတာ ခွေးအမဲရိုးကိုက်သကဲ့သို့ ပင်ပန်းသည်နှင့် မောသည်သာအဖတ်တင်ပေမည်။ လောဘဇောတွေကြောင့် မရခင်မှာ ပင်ပန်း၊ ရပြန်တော့လည်း ဆုံးရှုံးမှာ ကြောင့်ကြစိတ်ဖြင့် ပူပန်နေကြရပြန်သည်။ မရလည်းပူ၊ ရလည်းပူဖြင့် အပူဇာတ်သိမ်းရန်သာ ရှိတော့ပေမည်။

သို့သော် ထိုအဓမ္မဝါဒ၏ ကိုးကွယ် အားကိုးမှုများကို ကာကွယ်ရန်ကြိုးစားသင့်ကြပေသည်။ အဓမ္မဝါဒကို ဘာသာရေး အခြေခံအားနည်းသူများအနေဖြင့် ဟုတ်လိမ့်နိုးဖြင့် မျှော်ကိုးရင်း ယုံကြည်မိကြပေသည်။ အဓမ္မဝါဒများ မည်မျှပင် ပြောစေဆိုစေကာမူ အသိဉာဏ်တရားဖြင့် ဆင်ခြင်ကြရပေမည်။ အမှားနှင့်အမှန်၊ ဓမ္မနှင့်အဓမ္မ၊ အဖြူနှင့်အမည်း၊ အနှစ်သာရစစ်စစ်နှင့် အနှစ်သာရမဲ့မှုတို့ကို ဗုဒ္ဓဘာသာစစ်စစ်တို့ အဖြေရှာနိုင်ကြရမည် ဖြစ်ပါသည်။

ဤသို့ပင် ကျွန်မငယ်စဉ်မှာပင် မိဘများမှာ မိရိုးဖလာရိုးရာဆိုသည်မှာ လူတိုင်းမှာရှိသည်ဟုဆို၏။ ထိုသို့ ဆိုကြသည့်အတိုင်းလည်း ရှေးရိုးစဉ်လာအရ မုန့်ဖြူ မုန့်နီ၊ ငါးကြော် စသည်များ ပြင်ဆင်လျက် နှစ်စဉ်ပူဇော်ကြလေ့ရှိပါသည်။ ကျွန်မသည် ဘုရားမှတစ်ပါး ကိုးကွယ်ရာအစစ်မရှိဟု စိတ်တွင်ထင်နေမိခဲ့၏။ မိရိုးဖလာ နတ်ပသမှုသည် ကိုးကွယ်မှုမဟုတ်ဟု ငယ်စဉ်ကပင် ထင်မှတ်ထားပါသည်။ ကိုးကွယ်မှုနှင့် ပသမှုသည် မတူပါ။ ယခု ပသမှုနှင့် ကိုးကွယ်မှုကို ရောထွေးနေကြသည့်အခါ ဓမ္မနှင့် အဓမ္မကို မခွဲခြားနိုင်ဖြစ်နေကြပါသည်။

မိဘများ နှစ်စဉ် ပြုလုပ်လေ့ရှိသော ရိုးရာပူဇော်ပွဲကို ကြည့်၍ စိတ်မသက်မသာ ဖြစ်ခဲ့မိပါသည်။





www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ၏ စိတ်ထဲတွင် မိဘများ ကွယ်လွန်ခဲ့သည်ရှိသော် ထိုသို့ နှစ်စဉ် ပြုလုပ်နေကျ လုပ်ရိုးလုပ်စဉ်ကို လုပ်တော့မည် မဟုတ်။ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကိုသာ ယုံကြည်အားကိုးမှု ကြောင့် အဓမ္မဝါဒများအပေါ် စိတ်ပင်ပန်းနေမိခဲ့ပါသည်။ အိမ်တွင်းနန်းဆွဲ၍ ယပ်ခတ်ပြီး မိမိတို့ဘဝ ချမ်းသာရေးကို မျှော်ကိုးပြီး ဆုတောင်းကြ၏။

အသိတရားသည် အလွန်အရေးကြီး၏။ အသိမှန်ဖြင့် သိမှသာ ဓမ္မဝါဒ၏ကျင့်စဉ်အမှန်ကို သိပေမည်။ ရိုးရာဆိုသည်မှာ အကန်းနှင့်တူနေပေသည်။ တစ်ခဏတာ စိတ်ချမ်းသာမှုကိုသာ ဖြစ်စေပါသည်။ ချမ်းသာမှုအစစ်အမှန် မဟုတ်ပါ။ ကိုယ့်ခန္ဓာ ဒုက္ခသစ္စာမသိသောကြောင့် အဝိဇ္ဇာသည် အကန်းနှင့်ပင် တူသည်မဟုတ်ပါလား။

ပူဇော်ပသမှုသည် အကန်းသဘောမျိုးဖြစ်၍ ဓမ္မအစစ်ကို ဘယ်သောအခါမျှ တွေ့နိုင်မည် မဟုတ်ပေ။ ဓမ္မအစစ်ကသာ အနှစ်သာရအစစ်ကို ရနိုင်မည်ဖြစ်သည်။

တစ်နေ့ ကျွန်မ၏ စိတ်တွေ ပေါ့ပါးသွက်လက်လာမိပါသည်။ မိဘများမှာ ဆရာကောင်း ဆရာမြတ်နှင့် တွေ့သွားသည့်အခါ၌ တရားဓမ္မအစစ်အမှန်ကို တွေ့သွားပြီး ဘုရားကျောင်းဆောင်မှ ဘိုးတော်၊ မယ်တော်၊ အင်းအိုင်များကို စွန့်နိုင်ခဲ့ပေသည်။ အိမ်တွင်းအုန်းကိုလည်း ရဲဝံ့စွာပင် ဖြုတ်ချခဲ့ပေပြီ။

ထို့ကြောင့်လည်း မိဘများ၏ အစဉ်အလာ လုပ်ဆောင်မှုများ ပယ်ဖျက်ပြီး ဓမ္မလမ်းစဉ်ကို ဆိုက်ဆိုက်မြိုက်မြိုက် လုပ်ဆောင်လာ၍ စိတ်ပေါ့ပါးမိခဲ့ခြင်းပင် ဖြစ်ပါသည်။ စိတ်ပေါ့ပါးမှုနှင့်အတူ' အမှား၊ အမှန်ကို ပိုင်းခြားဝေခွဲမိသည့်အခါ တကယ်ဓမ္မအစစ်၏ ဖြူစင်မှုကို လက်ခံလိုက်ရာ၌ အဓမ္မအပေါ် မျက်ကွယ်ပြုနိုင်ခဲ့သဖြင့် ပေါ့ပါးရွှင်လန်းမိခြင်းလည်း ဖြစ်နေမိပါသည်။

ထို့နောက် ပရိယတ္တိအကျင့်မြတ်ကျင့်ကြံပွားများ အားထုတ်နေကုန်သော သံဃာတော်များအား ထောက်ပံ့လှူဒါန်းမှုအစုစုကို အမြဲမပြတ် လုပ်ဆောင်လာခဲ့ပေသည်။

ပရိယတ္တိသာသနာတော် တည်တံ့နေသမျှ ကာလပတ်လုံး ထေရဝါဒ ဗုဒ္ဓသာသနာတော်မြတ် တည်တံ့နေမည်သာဖြစ်သည်။ ပရိယတ္တိ ကျင့်ကြံနေသော သံဃာတော်အရှင်မြတ်များသည် ဝိပဿနာဘာဝနာများအားထုတ်နည်းကို သင်ကြားညွှန်ပြခြင်းမရှိလျှင် သာသနာတော်လည်း တည်တံ့ ပြန့်ပွားမည်မဟုတ်ပေ။

ဗုဒ္ဓဘာသာဝင်များသည် အယူမှန်ကန်၍ သီလ၊ သမာဓိ ပြည့်စုံပြီး ဝိပဿနာကျင့်စဉ်ကို ကျင့်ကြံပွားများလျှင် ပညာဉာဏ် ရလွယ်ပေသည်။ ထို့ကြောင့် ဆရာတော်၊ သံဃာတော်များသည် မိမိတို့နိုင်ငံအတွက် သာသနာအကျိုးကို ပံ့ပိုးကြိုးစား၍ လက်ဆင့်ကမ်းပေးနေသည့် ဘုရားသားတော်များဟု ကျွန်မ အကြွင်းမဲ့ပင် ယုံကြည်မိပါတော့သည်။

ထိုယုံကြည်မှုသည် ကျွန်မငယ်စဉ်ဘဝကတည်းက အသည်း၌ အသွေးအသား၌ စွဲမြဲပြီးသား ဖြစ်နေခဲ့၍ အသက်အရွယ် ရလာသည့်အခါ ထိုယုံကြည်မှုသည် ပို၍ပင် ဖြ ...ခဲ့ပါတော့သည်။ ထိုဘုရားသားတော် ရဟန်းတော်မြတ်များ၏ ပို့ချအပ်သော သာသနာတော် နှစ်ရပ်ကို အသက်ရှင်နေသမျှ ကာလပတ်လုံး ယုံကြည်ကိုးစားအားကိုးတော့မည်ဟု ဆုံးဖြတ်မိပါသည်။ သို့မှသာ ဗုဒ္ဓသာသနာမြတ်အပေါ် ကြည်ညိုစိတ် ထက်သန်ပြီး သာသနာ ထွန်းကားပြန့်ပွားစေရန် ဆောင်ရွက်ကြရမည် မဟုတ်ပါလား။

ဘုရားဟော တရားနဲ့အညီ ဆောင်ရွက်ကြကုန်သော သံဃာတော်မြတ်အပေါ် ကြည်ညိုအားကိုးကြရမည် မဟုတ်ပါလား။ တရားတော်များကို နာယူခြင်းဖြင့် မြတ်စွာဘုရားမိန့်ကြားခဲ့သည်များကို နာကြားမှတ်ယူ၍ ဓမ္မစစ်စစ်ဖြင့် လွတ်မြောက်နိုင်မည်မဟုတ်ပါလား။

ဗုဒ္ဓဓမ္မဒေသနာတွင် အင်္ဂုတ္တိုရ်ပါဠိတော်မှလာသော စကားတော်မှာ-

ပုဏ္ဏားတစ်ဦးက မြတ်စွာဘုရားကို မေးမြန်းသည်။

"အရှင်ဘုရား၊ လောကကြီးမှာ သေရမယ့်ဘေးကို မကြောက်တဲ့သူမရှိ၊ သေဘေးကို ကြောက်တဲ့သူချည်းပဲလား ဘုရာ" ဟု လျှောက်သည်။

ထိုအခါ ဘုရားရှင်က -

"အို ပုဏ္ဏား၊ သေသေချာချာမှတ်၊ လောကမှာ သေရမှာကြောက်တဲ့သူ တစ်မျိုး၊ မကြောက်တဲ့သူ တစ်မျိုး နှစ်မျိုးရှိတယ်" ဟု ဖြေကြားတော်မူ၏။

ပုဏ္ဏားက "အကျယ်တဝင့်ကို ရှင်းလင်း မိန့်ကြားတော်မူပါ"

ဟု လျှောက်ပြန်ရော့ ဘုရားရှင်က အကျယ်ရှင်းကာ မိန့်ကြားဖြေဆိုတော်မူလိုက်သည်။

"အို-ပုဏ္ဏား၊ သစ္စာမမြင်တဲ့သူမှာ သေဘေးကိုကြောက်တယ်၊ သစ္စာမြင်တဲ့သူကတော့ သေခြင်းတရားကို ရင်ဆိုင်ဝံ့တယ်၊ ဘာကြောင့်လဲဆိုတော့ ရုပ်၊ နာမ်၊ သင်္ခါရတို့ရဲ့ ဖြစ်တတ်ပျက်တတ်တဲ့ သဘောအမှန်ကို သိလို့ပါ၊



www.burmeseclassic.com

www.burmeseclassic.com

သစ္စာသိတဲ့သူက ဪ- စုတေပြီး ပဋိသန္ဓေလာမှာပဲ၊ စုတေစိတ်ဖြစ်ပြီး ပျက်သွားတဲ့နောက် ပဋိသန္ဓေစိတ်ဖြစ်တာပဲ၊ စုတိ ဒုက္ခနောက် ပဋိသန္ဓေဒုက္ခ ရောက်တာပဲ၊ သဘောသည် သင်္ခါရ ရုပ်၊ နာမ်တို့၏ အမှန်ဖြစ်ပျက်နေတဲ့ သဘောဖြစ်ရ ပျက်ရမယ့် သဘာဝပဲ" လို့ ဉာဏ်နဲ့ သုံးသပ်ဆင်ခြင်နိုင်သည်။

ဉာဏ်နှင့်သဘာဝ အမှန်သစ္စာတရားကို မြင်ပြီးနေတော့ မကြောက်တော့ပေ။ အမှန်တရားကို မြင်နေသော သူ့စိတ်အစဉ် သူ့ဉာဏ်အမြင်မှာ ပုဂ္ဂိုလ်ပဲ၊ သတ္တဝါ ငါသူတစ်ပါး မမြင်၊ ခင်မင်စရာ၊ တွယ်တာ နှစ်သက်စရာ၊ စွဲလမ်းစရာဟူ၍ မမြင်တော့ပေ။

အားလုံးသော ရုပ်၊ နာမ်၊ ဓမ္မ သင်္ခါရတွေသည် သူ့သဘာဝ ဓမ္မတာ ဖြစ်ရိုးဖြစ်စဉ်အတိုင်းသာ "ဖြစ်ပြီးပျက်၊ ဖြစ်ပြီးပျက်" နှင့် အစဉ်မပြတ် ဖြစ်ပြီးပျက်နေသည့် သဘောသဘာဝမျှသာ ဖြစ်သည်ဟု ကိုယ်ပိုင်ဉာဏ်နဲ့ ကိုယ်ပိုင်ဇကန် ဆုံးဖြတ်နိုင်တဲ့ သစ္စာဉာဏ်ရထားသည့်အတွက် ကြောက်စိတ်ကင်းခြင်း ဖြစ်သည်။

သစ္စာ မသိသောသူများမှာ ကြောက်ပြီးသေရသည်။ ကြောက်သေလျှင် သေခြင်းဆိုးပဲ ဖြစ်ပါသည်။ သစ္စာမသိတော့ သက္ကာယဒိဋ္ဌိမကွာပေ။ လက်ရှိနေရာ စွန့်ရတော့မည်ကို သိနေသောအခါ သံယောဇဉ်တွယ်တာနေသည့် သား၊ သမီး၊ ပစ္စည်း၊ အိုး၊ အိမ် စွန့်ရတော့မည်ဟူသော အသိသည် အပူကြီး ပူရပြီးဖြစ်သည်။ သစ္စာမသိသည့် မောဟအဝိဇ္ဇာ အရင်းခံများပင် ဖြစ်တော့သည်။

တစ်နေ့ထက်တစ်နေ့ သေမည့်အချိန်ဆီသို့ သွားနေကြပေသည်။ သည်လိုနှင့်ပင် ဘဝသံသရာ အဆက်ဆက် သေရပေါင်းကများလှပေပြီ။ ခန္ဓာရထားရလျှင် အသေက မလွတ်ပေ။ ဘယ်နည်းနဲ့မျှ တားဆီး၍မရနိုင်ပေ။ အတိတ်က မည်မျှ အသေများသနည်းဆိုလျှင် သည်မြေတွေသည် အရိုးအသားတွေက ဖြစ်တဲ့မြေတွေ ဖြစ်ကြသည်ကို မသိကြလို့သာ ဖြစ်ချင်တိုင်းဖြစ်နေကြပါသည်။ မေ့ချင်တိုင်း မေ့နေကြသည်။ ဓမ္မအစစ်ကို မရှာဖွေနိုင်ဘဲ အဓမ္မ၌သာ မွေ့လျော်နေကြသည် မဟုတ်ပါလား။

မဟာကရုဏာတော်ရှင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် တရားမပေါက်ခင်သေလျှင် မည်သို့သေရမည်ဆိုသည့် သေနည်းကို "သုတ္တနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်" ၌ ဟောထားတော်မူ၏။

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးနေတော်မူသောအခါ ဇေတဝန်ကျောင်းမနီးမဝေးတွင်ရှိသည့် ကျောင်းတစ်ဆောင်၌ ဖဂ္ဂုဏ အမည်ရှိသည့် ရဟန်းတစ်ပါး နေထိုင်လျက်ရှိသည်။

ထို ဖဂ္ဂုဏ ရဟန်းတော်သည် မမာမကျန်းဖြစ်လာပေသည်။ အတန်ကြာသည်အထိ သက်သာသည် ဟူ၍ မရှိပေ။ အသည်းအထန် ဝေဒနာဖိစီးလာသည်။ ထိုအခါ အရှင်အာနန္ဒာမထေရ်က -

"သည် ဖဂ္ဂုဏမထေရ်သည် ယခုအခါ အားကိုးအားထားစရာမရသေး၊ မရဏအသေဝကလည်း နီးနေပြီ၊ သည်ဒုက္ခဝေဒနာနဲ့သာ စုတိကျရင် ဒုက္ခမှောက်ပေတော့မည်၊ ထိုအခါ မိတ်ဆွေကောင်းအဖြစ်နှင့် ဆောင်ရွက်ဦးမှပဲ"ဟု စဉ်းစားပြီး ဘုရားရှင်ထံသွားကာ အကြောင်းစုံ လျှောက်ထားသည်။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးကလည်း မဟာကရုဏာတော်ရှင် တစ်ဆူဖြစ်တော်မူသည့်အလျောက် ကိုယ်တော်တိုင် ကြွချီတော်မူပြီး ဖဂ္ဂုဏမထေရ်နေသည့်ကျောင်းကို လိုက်လာတော်မူသည်။ ဘုရားရှင်ကြွလာလျှင် ဖဂ္ဂုဏမထေရ်ကြီးသည် နေရာမှထပြီး ဝတ်ကြီးဝတ်ငယ်ပြုမည့် အမူအရာကို မြင်ရသည်။ ထိုအခါ ဘုရားရှင်က -

"ချစ်သား၊ ချမ်းသာသလိုနေပါ" ဟု ခွင့်ပြုမိန့်တော်မူပြီး "ချစ်သား၊ ရောဂါမည်သို့ နေပါသေးသလဲ" ဟုမေးတော့ ဖဂ္ဂုဏသည် "မှန်လှပါ၊ ဝေဒနာတိုးပါတယ် ဘုရား" လို့ လျှောက်သည်။

ထိုအခါ ဘုရားရှင်သည် တရားဟောကြားမိန့်မြွက်တော်မူသည်။

"ချစ်သား ဖဂ္ဂုဏ၊ ခန္ဓာရှိလို့သာ ဝေဒနာရှိပေတာပဲ၊ ခန္ဓာရှိလျှင် ဝေဒနာရှိမည်၊ ခန္ဓာမရှိလျှင် ဝေဒနာမရှိ၊ ခန္ဓာချုပ်လျှင် ဝေဒနာချုပ်တာပါပဲ။

ခန္ဓာသည် ဒုက္ခဟူသမျှကို ခံယူတတ်သည့် သဘောရှိသည်၊ ခန္ဓာသည် ဒုက္ခ၏ စုဝေးရာပဲ၊ ခန္ဓာသည် ဒုက္ခစုဝေးရာ ဆင်းရဲအမှန်ဖြစ်သည့် ဒုက္ခသစ္စာပဲလို့ သိရမယ်။

သည် ဒုက္ခအချက်၊ ဆင်းရဲနက်ကို မပြတ်ရှု နှလုံးသွင်း၊ ဉာဏ်နဲ့ရှင်းအောင်ကြည့်လေတော့ ချစ်သား၊ ခန္ဓာမရှိလျှင် ဒုက္ခဟူသမျှ မလာနိုင်၊ ခန္ဓာချုပ်ရင် ဒုက္ခအစုချုပ်တာပဲ၊ ခန္ဓာရှိသမျှ ဒုက္ခရမှာပဲ၊ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် ဆိုသည့် ခန္ဓာအပြစ်ကို မပြတ်ရှု ဆင်ခြင်လော့။

ချစ်သား ဖဂ္ဂုဏ၊ ကောင်းစွာ နှလုံးသွင်းလော့၊ သည်ခန္ဓာအစုသည် အပူကပေးသော ဒုက္ခကိုလည်း ခံယူတတ်သည်၊ အအေးကပေးလည်း ခံယူ



www.burmeseclassic.com

www.burmeseclassic.com

တတ်သည်၊ အခါးကပေး၊ အစပ်ကပေး၊ ပေးသမျှဒုက္ခအစုကို ခံယူတတ်တယ်။

ဒါကြောင့် ဒီခန္ဓာကို ဆင်းရဲ အမှန်တရား ဒုက္ခသစ္စာလို့ ခေါ်တယ်၊ မိမိက မကြိုက်တာ မနှစ်သက်တာ ဟူသရွေ့ သူက အကုန်လက်ခံတတ်တဲ့ သဘောရှိတယ်၊ သူနဲ့ ကြာရှည်နေရလေ မကောင်းလေပဲ ဆိုတဲ့အချက်ကို ဉာဏ်သက်ရောက်အောင် အမြဲနှလုံး သွင်းလေလော့။

ခန္ဓာချုပ်ရာ နိဗ္ဗာန်တရားဟာ အချမ်းသာဆုံးဖြစ်ပေတယ်၊ ခန္ဓာချုပ်ရာ ဒုက္ခအပေါင်း၏ ချုပ်ဆုံးရာဖြစ်တဲ့ အတွက် နိဗ္ဗာန်ဟာ အလွန်အေးမြချမ်း သာလှပေတယ်၊ ချမ်းသာစစ်၊ ချမ်းသာမှန် ကေန်မှန်လှပေသည် ချစ်သား”

စသည်အားဖြင့် ဟောကြားဆုံးမတော်မူ၏။ ဤသို့ဟောကြားပြီး အတန်ကြာသော် ဖဂ္ဂုဏမထေရ်ဟာ စုတိကမ္မဇ ချုပ်သွားရှာသည်။

ထိုအခါ အရှင်အာနန္ဒာက ကြည့်ရှုအကဲခတ်ပြီး ဘုရားရှင်ထံ ပြောဆိုလျှောက်ထားလေသည်။

“အရှင်ဘုရား၊ ဖဂ္ဂုဏမထေရ်ဟာ ဣန္ဒြေကြည်လင်လှပါတယ်၊ဣန္ဒြေကြည်လင်သလောက် ချို့ယွင်း ဖောက်ပြန်ချက် မတွေ့ရဘူး၊ ချို့ယွင်း ဖောက်ပြန်ခြင်း လုံးဝကင်းစင်ပြီး အေးဆေးတည်ငြိမ်တဲ့ အသွင်လက္ခဏာ ရှိပါတယ် ဘုရား”ဟု လျှောက်ထားသည်။

ထိုအခါ ဘုရားရှင်ကအကြောင်းအခြင်းအရာကို ဖွင့်ဟမိန့်ကြားတော်မူသည်။

“ချစ်သား အာနန္ဒာ၊ ဖဂ္ဂုဏရဟန်းဟာ ဣန္ဒြေအမူအရာ ကြည်လင်မှာပေါ့၊ ဘုရားရဲ့ တရားတော် အစ၊ အလယ်၊ အဆုံး ကောင်းမွန်စွာနာကြားရပေတယ်၊ ဒါကြောင့် ဖဂ္ဂုဏဟာ မဂ်သုံးပါးကို မျက်မှောက်ပြု၍သွားနိုင်ခဲ့ပေတယ် အာနန္ဒာ။

ဒါကြောင့် ဖဂ္ဂုဏဟာ ကောင်းမြတ်သော သေခြင်းနဲ့သေသွားတယ်လို့ ဆိုရတယ်၊ ဒီနည်းနဲ့ သေရင် ချို့ယွင်း ဖောက်ပြန်ရှိုး ထုံးစံမရှိပေ၊ ကြည်လင်သန့်ရှင်းစွာ ဣန္ဒြေမူရာမျိုးရရှိမြဲ ဓမ္မတာပေပဲ ချစ်သားအာနန္ဒာ”

ဟု မိန့်ကြား ဖြေဆိုတော်မူသည်။

ကျွန်မတို့သည် လောဘဇောများတိုက်၍ အဓမ္မ ကိုးကွယ်အားထားနေမည့်အစား ကိုယ့်ကိုယ်ကိုယ် ဆင်ခြင်နှလုံးသွင်းပြီး၊ ကိုယ့်သစ္စာကိုယ် ရှုပွား၍ သေနိုင်ကြလျှင် အကောင်းဆုံးဖြစ်မည် ယုံကြည်မိပါသည်။

လူ့လောက၌ ကာမဂုဏ်အာရုံအတွက်နှင့်ပင် သူ့ထက်ငါ အပြိုင်အဆိုင်လုပ်ကြ၊ အမှုကိစ္စ မများ များအောင်၊ မကြီးကျယ် ကြီးကျယ်အောင် လုပ်ကြ၍ အမိုက်မှာ ကမ်းကုန်နေကြပေသည်။

မြန်မာ ဗုဒ္ဓဘာသာဝင်များအဖို့ ဘဝလမ်းမှာ အတက်လမ်းသည် စင်းစင်းကြီး ပေါ်လျက်ရှိသည်။ ဘဝလမ်းပျောက်သူ၊ ဘဝပန်းတိုင်ပျောက်သူ မဖြစ်သင့်ပါ။ ဤဘဝ၌ လူလည်းဖြစ်၊ ဗုဒ္ဓဘာသာဝင်လည်းဖြစ်၍ လူဖြစ်ရကျိုးနပ်သော ဘဝမရှိတော့ပါ။

လမ်းမတွေ့၍ လမ်းမလျှောက်တတ်ဆိုလျှင် အပြစ်တင်ဖွယ် မရှိ၊ လမ်းဖြောင့်လမ်းမှန် တွေ့နေပါလျက် မလျှောက်လိုလျှင်မူကား ထိုသူ၏အပြစ်သာ ဖြစ်ပေမည်။

ကျွန်မသည် ရိပ်သာသို့ဝင်သည့်အခါတွင် ယောဂီတွေ သဘောအမျိုးမျိုး ကွဲလွဲပြောဆိုနေသည်ကို တွေ့နေရပါသည်။

“ငါတို့က မိုးကုတ်တရား”

“ငါတို့က မဟာစည်တရား”

“ငါတို့က သဲအင်းဂူ”

အမျိုးမျိုးသော စိတ်အစွဲဖြင့် အတ္တသဘော မစောကြောဘဲ ပြောချင်ရာ ပြောနေကြသည်ကို တွေ့ရသောအခါ စိတ်မသက်မသာခံစားမိပါသည်။ ကျွန်မ၏ စိတ်အစဉ်သည် မည်သူ့ကိုမျှ အငြင်းမပွားလိုပေ။ အဓိကအရေးကြီးသည်က ကိုယ့်ကိုယ်ကိုယ် ဒိဋ္ဌိပြုတ်အောင် ကြိုးစားဖို့သာ အရေးကြီးသည်ဟု ထင်မိပါသည်။ ဗုဒ္ဓ၏တရားတော် အဆုံးအမများကိုသာ ကျင့်ကြံပွားများရမည် မဟုတ်ပါလား။

“မိုးက လေးမျိုးရှိသည်” ဟူ၍ ရှင်တော်မြတ်ဘုရား ဟောကြားထားသည်။ (အင်္ဂုတ္တိုရ်ပါဠိတော်စတုက္က)

၁။ ချုန်းထစ် ဟိန်းဟောက်ပြီးမှ မရွာသောမိုး။

၂။ သဲသဲမဲမဲ ရွာသော်လည်း မထစ်ချုန်းသောမိုး။

၃။ မချုန်းလည်းမချုန်း မရွာလည်း မရွာသောမိုး။

၄။ ချုန်းလည်းချုန်း၍ ရွာလည်းရွာသောမိုး တို့ဖြစ်သည်။

ယခုရွာသောမိုးကား ချုန်းလည်း ထစ်ချုန်း၏။ သဲသဲမဲမဲလည်း ရွာ၏။ မိုးကုပ်စက်ဝိုင်းအတွင်းမှာ နေရာအနှံ့ စကြဝဠာဖြန့်၍ အေးစိမ့်ပြန့်သွားအောင် ရွာသောမိုးဖြစ်သည်။ မိုးကုတ်ဝိပဿနာ ဓမ္မဒေသနာမိုးကို ဆိုလိုသည်။ မိုးဆိုမှမိုး၊ အပူတွေ အကုန်ဝေးဖို့ အေးအောင်၊ စိမ့်အောင် ရွာသည့်မိုး။

သို့ဖြစ်၍ ရွာတုန်းရွာခိုက် အခွင့်ကောင်းကြုံတုန်းမှာ မိုးရေတွေကိုခံယူ



www.burmeseclassic.com

www.burmeseclassic.com

ထားကြ၊ အမိဝမ်းမှာ နှလုံးသားဖြင့် အေးမြသော မေတ္တာဓမ္မသနာတရား မိုးရေတို့ကို ခံယူထားကြပါသည်ဟု ဆိုလိုသည်။

အခု မိုးတွေ ရွာလာပြီ။

မိုးရွာလျှင် ရေလာချိုးကြပေတော့၊ အကျိုးမကြာခင် အသရေဟာ တိုးမည်ကြောင်း၊ တန်ခိုးပြာလွင် ကမ္ဘောကမ္ဘာတောင်မညှိုးနိုင်ဘူး၊ ခေမာအကျိုးကို သိမှတ်စရာ လမ်းတွေကွဲ့၊ ဝိပဿနာ စခန်းတွေနဲ့ အခြေအနေမှန်သာ ဗွေသံသရာမှာပဲ အဟိုဟိုပြေး။

နေရဗန်လျာတဲ့ သို့မို့ကလေး (အမယ်မင်း) အမေ မြန်မြန်လာပါလို့ မမှာနို့ချိုကိုကျွေး . . . ။

(လယ်တီပဏ္ဍိတရေး)

မိုးကုတ်ဆရာတော်ဘုရားကြီးသည် တရားဟောသည့်အခါ စုပြုံပြွတ်သိပ်၍ မဟော၊ အရေးကြီးသည် တစ်ချက်နှစ်ချက်မျှသာ ထပ်ပြန်တလဲလဲနှင့် စွဲသွားအောင်ပြော၍ နှလုံးသားတွင် ထည့်ပြီး ပေးလိုက်တတ်သည်။ လုပ်ငန်းခွင်တွင် သစ္စာသဘောတရားတို့ကိုလည်း ထင်ဟပ်ပြသည်။ "သစ္စာတရား ဆိုတာ ဒါပဲ" ဟူ၍ ထောက်ပြသည်။ "သစ္စာတရား ဆိုတာ စာအုပ်ထဲမှာ ရှိတာ မဟုတ်၊ ခန္ဓာထဲမှာသာ ရှိတာ" ဟူ၍ ဖော်ပြပေးသည်။ ဤသို့ သစ္စာဆိုက်စေ၏။

အဓိကမှာ မိမိ၏အတွင်းသန္တာန်၌ သာသနာကိန်းအောင် အားထုတ်ကြိုးပမ်းရန်သာဖြစ်သည်။ အသိအကျင့်ဖြင့်သာ သာသနာတည်အောင် ဆောင်ရွက်ကြရပေမည်။တစ်ယောက်မှတစ်ရာ အဆုံး၊ တစ်မျိုးသားလုံး ဓမ္မနှင့် အဓမ္မ အသိ၊ အမှား၊ အမှန် ခွဲခြားတတ်စွာဖြင့် ဗုဒ္ဓသာသနာတော်ကြီး တည်တံ့ခိုင်မြဲရေးအတွက် ဗုဒ္ဓဘာသာဝင်တိုင်း ကြိုးစားပွားများ အားထုတ်ကြရပေမည်။

လောဘ၊ ဒေါသ၊ မောဟအကုသိုလ်တရားများကို ကင်းစင်စေရန် အဓမ္မဝါဒီများအား သွေဖယ်၍ ဓမ္မဝိပဿနာကျင့်စဉ်ကိုသာ တွင်တွင်ကျင့်ကြံပွားများ၍ အေးချမ်းစေရပေမည်။ မိမိတို့ကိုးကွယ်ရာ ရတနာသုံးပါး ဂုဏ်ကျေးဇူးကို မသိလျှင်မူကား ဗုဒ္ဓဘာသာဝင်အစစ်ဟု မခေါ်ဆိုထိုက်ပေ။

ဗုဒ္ဓဘာသာဝင် မဟုတ်သည့် ကျွန်မ၏သူငယ်ချင်း မိသားစုမှာ သူတို့၏ အယူအဆများကို စွန့်ပယ်၍ ထေရဝါဒ ဗုဒ္ဓအစစ်ကို စူးစမ်း၍ ယုံကြည်ကာ ဗုဒ္ဓဘာသာ၏အရိပ်အောက်သို့ ရောက်ရှိခဲ့သည်ကို တွေ့ရပေသည်။

ထိုမိသားစုသည် ဗုဒ္ဓ၏အရိပ်အောက်တွင် ဗုဒ္ဓရှင်အား ရိုကျိုး၍ နေ့စဉ်နေ့တိုင်း ဆွမ်း၊ ဟင်း၊ သောက်တော်ရေခွက်၊ လက်ဆေးဖုရေ၊ လက်သုတ်ပုဝါ၊ အချိုပွဲများ ပြင်ဆင်လျက် နေ့စဉ် ဆက်ကပ် လှူဒါန်းသည်ကို အံ့ဩဖွယ်တွေ့မြင်ရပေသည်။ မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ကြွရောက်ဘုဉ်းပေးမည့် အပြင်အဆင်မျိုးတည်း။ သဒ္ဓါတရားများစွာဖြင့် နေ့စဉ် ဆက်ကပ်သည်မှာ ဗုဒ္ဓဘာသာဝင်များပင် ချီးကျူးရလောက်ပေသည်။

ဗုဒ္ဓဘာသာဝင် အတော်များများသည် ဘာသာရေးအသိ ခေါင်းပါး၍ သစ္စာလေးပါးကို မသိဘဲ ဆိုင်းဘုတ်ဗုဒ္ဓဘာသာဝင်များသာဖြစ်နေပေသည်။ သူငယ်ချင်း မိသားစု၏ ဗုဒ္ဓဘုရားရှင်အပေါ် ယုံကြည်ကိုးကွယ်မှုကို အံ့အားသင့်မိပါတော့သည်။ ဤသည်မှာလည်း ဓမ္မနှင့် အဓမ္မ ခွဲခြားသိမြင်မှု ဉာဏ်အလင်း အသိကြောင့်ပင် ဖြစ်ပါမည်။

အဝိဇ္ဇာသည် ၃၁ဘုံ၏ လူသတ်စင်ကြီးသာ ဖြစ်နေပေသည်။ အဝိဇ္ဇာ၏ စွမ်းရည်သတ္တိသည် ဉာဏ်ညွန့်တုံးဖို့သာ ဖြစ်ပေသည်။

အဝိဇ္ဇာကို လိုချင်၊ ခင်မင်ချင်၍ မိတ်ဆွေဖွဲ့နေလျှင် နွားသတ်သမားကို နွားက မိတ်ဆွေလုပ်ပြီး ကျေးဇူးရှင်ထင်သကဲ့သို့ ဖြစ်နေပြီ။ သတ်သူက အဝိဇ္ဇာနှင့်တဏှာ၊ အဝိဇ္ဇာနားမှ မခွာနိုင်သူများမှာ ဗုထုဇဉ် ငမိုက်သားများပင် ဖြစ်သည် မဟုတ်ပါလား။

တီကောင် တစ်ကောင်သည် မျက်လုံးမပါ၍ အမှောင်ထဲမှာမွေး၊ အမှောင်ထဲမှာသေသလို ၃၁ ဘုံသားများသည်လည်း မှားတာ၊ မှန်တာ မသိ၊ ပြင်မည့်စိတ်လည်း မပေါ်ဟုဆိုလျှင် ရာဂရှုးစေခိုင်းသမျှသာ လုပ်ဆောင်နေကြမည် မဟုတ်ပါလား။ တစ်သံသရာလုံးတွင် ကိုယ့်ဟာ မဟုတ်တာကို ကိုယ့်ဟာထင်တဲ့ စုံလုံးကန်းမျက်လုံးနှင့်သာ နေကြလျှင် မှားပြီးရင်း မှားနေပေတော့မည်။

ထို့ကြောင့် အမှားနှင့်ပတ်သက်ပြီး အမှားဒဏ်၊ အမျှားနှင့်ပတ်သက်ပြီး အမျှားဒဏ်၊ အကောင်းနှင့်ပတ်သက်ပြီး အကောင်းဒဏ်၊ အဆိုးနှင့်ပတ်သက်ပြီး အဆိုးဒဏ် သိမြင်စေနိုင်ရန် ဓမ္မနှင့် အဓမ္မကို ခွဲခွဲခြားခြား သိနားလည်စေရန် ကြိုးစားကြရပေမည်။

**မေလတ်ဟန်**

❑



www.burmeseclassic.com

www.burmeseclassic.com



# စစ်မှန်ရတနာ မြတ်လှစွာပေါ်

ကိုမောင်သန်းဝင်း

ရတနာဆိုတာ တန်ဖိုးရှိသော အရာ မွန်မြတ်သောအရာ လို့ပြောရင် ရမယ်။

ရတနာ ဆိုတာကို အမျိုးမျိုး ခွဲခြားဆိုကြတယ်။ တန်ဖိုးထားရှိမှုသည် ကလည်း စုံစီနဖာရှိတယ်။

ဘုရား၊တရား၊သံဃာကို ရတနာ သုံးပါးအဖြစ် ကိုးကွယ်ဆည်းကပ်မှု ရှိကြသလို ကျောက်မျက်ရတနာမျိုးစုံ တွေကိုလည်း တန်ဖိုးထားဆင်မြန်း သိမ်းဆည်းကြတယ်။

ဒါတင်မဟုတ် ဆင်ရတနာ၊ မြင်း ရတနာ၊ သားသမီးရတနာ ဆိုတာတွေ လည်း ရှိတယ်။ ကျန်တာတွေလည်း ရတနာအဖြစ် သတ်မှတ်ကောင်း သတ်မှတ်ကြပါလိမ့်မယ်။ ထားပါတော့။

ရတနာဆိုတာ သုံးသပ်ကြည့် ရင် သက်ရှိ၊ သက်မဲ့ပေါ့နော်။

သက်မဲ့ဖြစ်တဲ့ ရတနာဆိုတာက ပမာအားဖြင့် ပြောရရင် စိန်ကို ကာရက်၊ ကာလာ၊ အမျိုးအစားသန့်စင်မှု၊ ဖြတ်တောက်မှု၊ သွေးမှု၊ သန့်ရှင်းမှု ဆိုတာ တွေနဲ့ သတ်မှတ် ဆုံးဖြတ် ကြည့်ရှုလို့ ဒါဟာ ဘယ်လောက်တန်၏၊ မတန်၏



www.burmeseclassic.com

www.burmeseclassic.com

ဆိုပြီး တန်ဖိုးထား သတ်မှတ်ကြပါတယ်။

သက်ရှိရတနာကိုတော့ သတ်မှတ်ချက်က တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း ဆိုသလို ထွေပြားလှပါတယ်။

တချို့က ဘုရား အမည်ခံပြီး အပူဇော်ခံကြသူတွေရှိတယ်။ တက္ကတွန်းတို့၊ သိဠည်းဆရာကြီးတို့လို ပုဂ္ဂိုလ်ကြီးတွေပေါ့။ တချို့ကျတော့လည်း အမျိုးအနွယ်ဇာတ်တွေ ခွဲခြားပြီး ဘယ်သူတွေက ဘယ်လိုမြင့်တယ်၊ တန်ဖိုးရှိတယ်၊ အကိုးကွယ်ခံဖြစ်တယ် ဆိုပြီး လုပ်ကြတာတွေလည်း ရှိတယ်။

သဘောအားဖြင့် ပြောရရင် ဗြာဟ္မဏမျိုးနွယ်တို့ဟာ မဟာဗြဟ္မာကြီးရဲ့ ခံတွင်းက ပေါက်ပွားလာကြတယ်။ သူတို့ဟာ ဝေဒလေးကျမ်းကို ဆောင်ပြီး လူတို့ရဲ့ အကိုးအကွယ်၊ မင်းတို့ရဲ့ အပူဇော်ခံပြီး ပညာရှိပုရောဟိတ်ဆိုပြီး လုပ်ကြတယ်။

ခတ္တိယတို့က ဗြဟ္မာကြီးရဲ့ လက်ရုံး၊ လက်မောင်းကနေပြီး ပေါက်ဖွားလာကြတယ်။ အဲဒီ အမျိုးအနွယ်က ဘုရင်သော်လည်းကောင်း၊ စစ်သူကြီးသော်လည်းကောင်း လုပ်ကြပါတယ်။ အကိုးကွယ် ခံကြရတယ်ပေါ့။

ဝေဿအနွယ်တွေက ဗြဟ္မာကြီးရဲ့ ရင်ဘတ်ကနေပြီး ပေါက်ဖွားလာကြတယ်၊ ကုန်သွယ်လယ်ယာအမှု ပြုနေကြသူတွေလေ။

သုဒ္ဒတို့က ဗြဟ္မာကြီးရဲ့ ခြေထောက်ကနေပြီး ဖွားတာ။ သူတို့က အောက်ခြေအညံ့စား လုပ်နေကြသူတွေ ဖြစ်ကြပါတယ်တဲ့။

အဲဒီလို အမျိုးအနွယ်တွေ၊ဇာတ်တွေခွဲပြီး အပူဇော်ခံ၊ အကိုးကွယ်ခံကြတာတွေ ရှိခဲ့ကြပါတယ်။ ဆိုပါတော့ အဲဒါတွေဟာ အကိုးကွယ်ခံ အစစ်လား။ ရတနာ အစစ်လား။ မဟုတ်ရေးချ မဟုတ်ပါတဲ့။

အဲဒီဇာတ်ခွဲခြားမှုတွေကို၊ ဗြဟ္မာကြီးက ပေါက်ဖွားလာမှုကို ဗုဒ္ဓရှင်တော်မြတ် ကိုယ်တော်တိုင်က ရှုတ်ချထားတော်မူခဲ့ပါတယ်။

အဂ္ဂညသုတ်မှာ ဝါသေဋ္ဌပုဏ္ဏား နဲ့ ဘာရဒွါဇပုဏ္ဏားတို့ကို ဗုဒ္ဓရှင်တော်မြတ်က မိန့်တော်မူပါတယ်။

"အို. . . ဝါသေဋ္ဌ၊ ပုဏ္ဏားတို့၏ ပုဏ္ဏေးမတို့သည် ဥတုပန်းပွင့်ကြသည်ကိုလည်း တွေ့မြင်ကြရ၏၊ ကိုယ်ဝန်ဆောင်ကြသည်ကိုလည်း တွေ့မြင်ကြရ၏၊ သားဖွားကြသည်ကိုလည်း တွေ့မြင်ကြရ၏၊ သူငယ်တို့အား နို့ချိုတိုက်ကျွေးကြသည်ကိုလည်း တွေ့မြင်ကြရ၏။

ထိုသို့ လူမိန်းမ ယောနိမှ ပေါက်ဖွားကြသူတို့သာလျှင် ဖြစ်ကုန်ပါလျက် (ပေါက်ဖွားကြသူချင်း တူပါလျက်) ပုဏ္ဏား ဗြာဟ္မဏမျိုးသည်သာလျှင် မြတ်၏၊ တစ်ပါးသောအမျိုးသည် မည်းညစ်ကုန်၏။

ပုဏ္ဏားသည်သာလျှင် စင်ကြယ်ကုန်၏၊ ပုဏ္ဏားမဟုတ်သူတို့သည် မစင်ကြယ်ကုန်၊ ပုဏ္ဏားတို့သည်သာလျှင် ဗြဟ္မာ၏ ခံတွင်းမှ ပေါက်ဖွားသော ဩရသား ဖြစ်ကုန်၏၊ ဗြဟ္မာမင်းမှ ဖန်ဆင်းထားသော ဗြဟ္မာမင်း၏ အမွေခံဖြစ်ကုန်၏ ဟုဆိုကြသည်မှာ ဗြဟ္မာကိုလည်း စွပ်စွဲရာရောက်ကုန်၏၊ မဟုတ်မမှန်ကိုလည်း ပြောဆိုကြကုန်၏၊ များစွာသော မကောင်းမှုတို့ကိုလည်း ပွားစေကုန်၏"

အဲသလို ချေချွတ်တော်မူခဲ့ပါတယ်။

ဆိုခဲ့သလိုပေါ့လေ။ ဗြဟ္မာတွေက ဖွားတယ်။ နေမင်းက ဖွားတယ်။ နတ်သမီး၊ နတ်သားက မွေးတယ်ဆိုပြီးလည်း ခေတ်အဆက်ဆက်က လက်ခံယုံကြည်ခဲ့ကြသူတွေ မရှိမဟုတ်၊ ရှိပါတယ်။

ဤသို့ဆိုလျှင် ကိုးကွယ်မှုအစစ်က ဘာလဲ၊ ရတနာအစစ်က ဘာလဲဆိုတာ သုံးသပ်ကြည့်ဖို့ မလိုပေဘူးလား။ အဇာတသတ်မင်းလို အကိုးအကွယ် မှားလို့ ငရဲကို ဇောက်ထိုးကျွမ်းပြန်မကျဖို့ သတိမချပ်သင့်ပေဘူးလား။ သတိမူဖို့ လိုတာပေါ့နော်။

ရတနာတော့ ရတနာပေါ့လေ။ အဲဒီရတနာတွေထဲက အမွန်မြတ်ဆုံးရတနာကို သိကြဖို့လိုပါတယ်။ အဲဒီအမွန်မြတ်ဆုံးရတနာနဲ့ ပတ်သက်လို့ မဟာဗုဒ္ဓဝင်မှာ ဆိုထားတာရှိတယ်။ ကြည့်ကြရအောင်ပါ။

လောက၌ နှစ်သက်ဖွယ်ရာ ရတနာမည်သည်မှာ-

(၁) သဝိညာဏက= သက်ရှိရတနာ။
(၂) အဝိညာဏက= သက်မဲ့ရတနာ
ဟူ၍ နှစ်မျိုးရှိလေ၏။

ထိုနှစ်မျိုးတွင် သက်မဲ့ရတနာဖြစ်သည့် ရွှေငွေ အစရှိသော အဝိညာဏက ရတနာသည် သက်ရှိရတနာ၏ အဆင်တန်ဆာ စသည်အားဖြင့် အသုံးအဆောင်သာ ဖြစ်ရလေ၏။ သို့ရကား ဤ သဝိညာဏက ရတနာ၊ အဝိညာဏက ရတနာနှစ်မျိုးတို့တွင် သဝိညာဏက ရတနာသည်သာလျှင် ချီးမွမ်းအပ်၊ မြတ်လှပေ၏။

သဝိညာဏက(သက်ရှိ) ရတနာသည်လည်း -

(၁) တိရစ္ဆာန်ရတနာ
(၂) လူရတနာ



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ နှစ်မျိုးနှစ်စား ရှိပြန်ရာ ဆင်ရတနာ၊ မြင်းရတနာ အစရှိသော တိရစ္ဆာန်ရတနာသည် လူတို့သုံးဆောင်ရန်သာလျှင် ဖြစ်ရှိလာ၏။ သို့ရကား ဤတိရစ္ဆာန် ရတနာ၊ လူရတနာ နှစ်ပါးတို့တွင်လည်း လူရတနာသည်သာလျှင် ချီးမွမ်းအပ်၊ မြတ်လှပေ၏။

တစ်ဖန် လူရတနာသည်လည်း

(၁) မိန်းမရတနာ

(၂) ယောကျ်ား ရတနာ

ဟူ၍နှစ်မျိုးရှိပြန်ရာ စကြဝတေးမင်း၏ မိဖုရားရတနာပင် ဖြစ်လင့်ကစား မိန်းမရတနာသည် ယောကျ်ား၏ အသုံးအဆောင်သာလျှင် ဖြစ်ချေ၏။ သို့ဖြစ်ရကား ဤမိန်းမရတနာ၊ ယောကျ်ားရတနာ နှစ်မျိုးတို့တွင်လည်း ယောကျ်ားရတနာသည်သာလျှင်ချီးမွမ်းအပ်၊ မြတ်လှပေ၏။

တစ်ဖန် ယောကျ်ားရတနာသည်လည်း -

(၁) အာဂါရိကရတနာ - အိမ်ရာအစီးအပွား၌ အားထုတ်ယှဉ်သူ လူ့ဝတ်ကြောင် ရတနာ

(၂) အနာဂါရိကရတနာ - အိမ်ရာအစီးအပွား၌ အားမထုတ် မယှဉ်သူ ရဟန်းသာမဏေရတနာ

ဟူ၍ နှစ်မျိုး နှစ်စားပင် ရှိလေရာ အာဂါရိကရတနာတို့တွင် စကြဝတေးမင်းပင် ဖြစ်လင့်ကစား ယနေ့ ရှင်ပြုသစ်စ သာမဏေငယ်ကို တည်ခြင်းငါးမျိုးဖြင့် ပူဇော်ရလေ၏။ သို့ရကား ဤ အာဂါရိကရတနာ၊ အနာဂါရိကရတနာနှစ်မျိုးတွင်လည်း အနာဂါရိကရတနာသည်သာလျှင် ချီးမွမ်းအပ်၊ မြတ်လှပေ၏။

တစ်ဖန် အနာဂါရိက ရတနာသည်လည်း -

(၁) သေက္ခရတနာ - သိက္ခာ သုံးပါးကျင့်နေဆဲ (ကျင့်၍မပြီးသေး) ဖြစ်သည့် ပုထုဇဉ်နှင့် အောက်အရိယာ ပုဂ္ဂိုလ်ရတနာ

(၂) အသေက္ခရတနာ - ရဟန္တာရတနာ

ဟူ၍ နှစ်မျိုးပင် ရှိပြန်လေရာ သေက္ခရတနာ တစ်သိန်းပင် ဖြစ်လင့်ကစား အသေက္ခရတနာ ရဟန္တာတစ်ပါးကို (ဂုဏ်ကျေးဇူး -ကြီးမြင့်မြတ်သောအရာ၌) လိုက်၍မမီနိုင်ချေ။ သို့ရကား ဤ သေက္ခရတနာ နှစ်မျိုးတွင်လည်း အသေက္ခရတနာ ရဟန္တာသည်သာလျှင် ချီးမွမ်းအပ်၊ မြတ်လှပေ၏။

ထိုအသေက္ခရတနာသည်လည်း

(၁) ဗုဒ္ဓရတနာ

(၂) သာဝကရတနာ

ဟူ၍ နှစ်မျိုးနှစ်စားပင် ရှိပြန်လေရာ သာဝကရဟန္တာပေါင်းတစ်သိန်းပင် ဖြစ်လင့်ကစား ဗုဒ္ဓရတနာ ဘုရားတစ်ဆူကို (ဂုဏ်ကျေးဇူးကြီးမြတ်သောအရာ၌) လိုက်၍မမီချေ။ သို့ရကား ဤ ဗုဒ္ဓရတနာ၊ သာဝကရတနာ နှစ်မျိုးတို့တွင်လည်း ဗုဒ္ဓရတနာသည်သာလျှင် ချီးမွမ်းအပ်၊ မြတ်လှပေ၏။

တစ်ဖန် ဗုဒ္ဓရတနာသည်လည်း

(၁) ပစ္စေကဗုဒ္ဓရတနာ - သီးခြားပွင့်တော်မူသော ဘုရားငယ်၊ ပစ္စေကဗုဒ္ဓ အရှင်မြတ်ရတနာ

(၂) သဗ္ဗညုတဗုဒ္ဓရတနာ - သဗ္ဗညုတဉာဏ်ရှင် သမ္မာသမ္ဗုဒ္ဓ ဘုရားရတနာ

ဟူ၍ နှစ်မျိုးနှစ်စားပင် ရှိပြန်လေရာ ပစ္စေကဗုဒ္ဓါ အရှင်တစ်သိန်းပင်ဖြစ်လင့်ကစား သဗ္ဗညုတ ဘုရားတစ်ဆူကို (ဂုဏ်ကျေးဇူးကြီးမြတ်သောအရာ၌) တစ်စိတ်တစ်ဒေသပင် လိုက်၍မမီနိုင်ချေ။ သို့ရကား ဤ ပစ္စေကဗုဒ္ဓရတနာ၊ သဗ္ဗညုတ ဗုဒ္ဓရတနာ နှစ်မျိုးတို့တွင်လည်း သဗ္ဗညုတ ဗုဒ္ဓဘုရားရတနာသည်သာလျှင် ချီးမွမ်းအပ်၊ မြတ်လှပေ၏။

မှန်၏။ နတ်၊ ပြဟ္မာနှင့်တကွသော သတ္တလောကကြီး တစ်ခုလုံး၌ သဗ္ဗညုတမြတ်စွာဘုရား ရတနာနှင့်တူသော ရတနာမည်သည် မရှိပါချေ။

ဤသို့ဆိုလျှင် . . .

**ကိုမောင်သန်းဝင်း**

❑



www.burmeseclassic.com

www.burmeseclassic.com

# အဘိဓမ္မာကို တုပ၍ ပဝါရဏာကို ပြုကြမည်



ကျော်သူရနိုင်
(အဝေရာ)

"ဟိုဘက်ကမ်းက မီးထိန်ထိန်
ဒီဘက်ကမ်းက မီးထိန်ထိန်
ဆီမီးထိန်ထိန်လင်းပါတဲ့
မနှင်းတို့အိမ်"

စာရေးသူတို့ငယ်စဉ် မူလတန်းကျောင်းသားဘဝ သင်ယူကျက်မှတ်သီဆိုခဲ့လေသော ထိုကဗျာလေးသည် သီတင်းကျွတ်မီးထွန်းပွဲတော် ရောက်လေတိုင်း ကျယ်လောင်စွာ ဆော်ဟစ်



www.burmeseclassic.com

www.burmeseclassic.com

တွေ့ကြုံမှတ်ခဲ့ဖူးသည်များကို အမှတ်ရနေမိသည်။

သုမေဓာရှင်ရသေ့ ဘဝမှစ၍ ဒီပင်္ကရာမြတ်စွာဘုရား ခြေတော်ရင်း၌ နိယတဗျာဒိတ် ခံယူတော်မူခဲ့လေသော ဂေါတမမြတ်စွာဘုရား လောင်းလျာ သိဒ္ဓတ္ထမင်းသားသည် (၂၉)နှစ်အရွယ် ရောက်လေသောအခါ သူအို၊ သူနာ၊ သူသေ၊ ရဟန်း ဟူသော နိမိတ်ကြီး လေးပါးကို အစဉ်အတိုင်း မြင်တော်မူသဖြင့် အနော်မာသောင်ကမ်းသို့ တောထွက် ရဟန်းပြုလေသည်။

ဘုရားအလောင်းတော်သည် အလွန်ပြုနိုင်ခဲလေသော ဒုက္ကရစရိယာ အကျင့်ကို ရဟန်းအဖြစ်နှင့် (၆)နှစ်ပတ်လုံး ကျင့်တော်မူခဲ့လေသည်။

ဥရုဝေလတောသည် ဘုရားရှင်တိုင်း ပွင့်တော်မူရာအရပ် ဖြစ်သည်။ ဥရုဝေလတောထဲတွင် အဇပါလညောင်ပင်ကြီးရှိ၏။ ထိုညောင်ပင်သို့ သုဇာတာ အမည်ရှိ သူဌေးသမီးသည် လာရောက်၍ဆုပန်လေ့ရှိသည်။ ၎င်း၏ကျေးကျွန်မတို့ကို ထိုညောင်ပင်ပတ်ဝန်းကျင် သန့်ရှင်းစေရန်အတွက် အမှိုက်များ ရှင်းလင်းရန် စေလွှတ်လေ့ရှိလေသည်။

တစ်နေ့သော် ထိုညောင်ပင်ခြေရင်း၌ ဘုရားအလောင်းတော်သည် ထက်ဝက်ဖွဲ့ခွေထိုင်တော်မူလျက် ရဟန်းတရားအားထုတ်နေလေ၏။

ညောင်ပင်ပတ်ဝန်းကျင် သန့်ရှင်းရေးပြုလုပ်ရန် လာကြသော သုဇာတာ သူဌေးသမီး၏ ကျေးကျွန်မတို့ ဘုရားအလောင်းတော်ကိုမြင်လေသောအခါ ၎င်းတို့၏ သခင်မ ဆုပန်လေ့ရှိသော ရုက္ခစိုးနတ်ပင်း ကိုယ်ထင်ပြသည် ထင်မှတ်ပြီး သူဌေးသမီးထံသို့ ဒုံးပြေး အလွှား လျှောက်တင်လေသည်။

သုဇာတာ သူဌေးသမီးသည် အားရဝမ်းသာစွာဖြင့် ယနာနို့ဆွမ်းကို ကျိုချက်ပြီး အဖိုးတစ်သိန်းထိုက်တန်သော ရွှေခွက်ဖြင့်ထည့်ယူပြီး ဘုရားအလောင်းတော်အား လာရောက်ဆက်ကပ် လှူဒါန်းလေသည်။

ဘုရားအလောင်းတော်သည် ထိုလှူဒါန်းမှုအား အလှူခံယူ၍ (၄၉) လုတ် ဘုဉ်းတော်ပေးတော်မူသည်။ ထို့နောက်အနီးအနားရှိ နေရဉ္ဇရာမြစ်အတွင်းသို့ အဓိဋ္ဌာန်၍ ရွှေခွက်ကို မျှောလိုက်လေသည်။ ပြီးနောက် ဘုရားအလောင်းတော်သည် မဟာဗောဓိ ညောင်ပင်ရှိရာသို့ ကြွလှမ်းတော်မူသည်။

လမ်း၌ သုဒ္ဓိယငစင် အမည်ရှိ မြက်ထမ်းသမား လှူဒါန်းသော မြက်ရှစ်ဆုပ်ကို လက်ခံတော်မူလေသည်။ မဟာဗောဓိပင်ခြေရင်းသို့ ရောက်သောအခါ အရှေ့အရပ်သို့ကြွလှမ်း၍ မြက်ရှစ်ဆုပ်ကို ကြဲဖြန့်လိုက်လေသော ထိုခဏ၌ မဟာဗောဓိပင်ခြေရင်းတွင် မြက်ရှစ်ဆုပ်မှ အပရာဇိတရွှေပလ္လင်တော်သည် မြက်ရိပ်အသွင်သဏ္ဌာန်ဖြင့် ဖြစ်ပေါ်လာလေသည်။

ထိုပလ္လင်တော်ထက်၌ ထက်ဝယ်ဖွဲ့ခွေ၍ "ဘုရားမဖြစ်သမျှ ငါမထ" ဟု သန္နိဋ္ဌာန်ပြုလျက် ဘုရားအလောင်းတော်သည် အာနာပါနအကျင့်ဖြင့် နေတော်မူလေသည်။

ထိုနေ့ နေမဝင်မီအချိန်၌ မာရ်နတ်မင်းသည် လက်ရုံးတစ်ထောင်ဖန်ဆင်းပြီး ဂီရိမေခလာဆင်ကြီးကိုစီး၍ မကောင်းဆိုးဝါးစစ်သည် လေ ဖြင့် ဘုရားအလောင်းတော်ကို လာရောက်တိုက်ခိုက်လေသည်။

ထိုအခါ အလောင်းတော်သည်-

"ငါ့မှာ သီးခြားသက်သေပြစရာ မရှိဘူး၊ ဗောဓိပင်နှင့် ရွှေပလ္လင်အတွက် ပါရမီဖြည့်ကျင့်ခဲ့တုန်းက ဟောဒီမြေကြီးပေါ်မှာ ရေစက်သွန်းချခဲ့တယ်၊ ဟောဒီမြေကြီး သိပါတယ်" ဟုပြောပြီး မြေကြီးကို လက်ညှိုးညွှန်ပြလိုက်လေသည်။

ထိုခဏ မဟာပထဝီမြေကြီးသည် အိုးထိန်းစက်ကဲ့သို့ သွက်သွက်ခါ တုန်ဟည်းခြင်းဖြင့် မာရ်နတ်ရန်ကို အောင်နိုင်ခဲ့လေသည်။

ထိုမှ ညဉ့်ဦးယံအချိန်တွင် ရှေ့နောက်ဘဝများကို အောက်မေ့သိမြင်နိုင်သော ပုဗ္ဗေနိဝါသနုဿတိဉာဏ်ကို ရရှိတော်မူသည်။ ညဉ့်လယ်ယံ၌ သုံးဆယ့်တစ်ဘုံစလုံးကို ထိုးထွင်းသိမြင်နိုင်သော ဒိဗ္ဗစက္ခုဉာဏ်တော်ကို ရရှိတော်မူပြီး မိုးသောက်ယံ၌ အာသဝေါတရား လေးပါးတို့၏ ကုန်ခြင်းကိုပြုတတ်သော အာသဝက္ခယဉာဏ်ကို ရရှိတော်မူပြီး လောကသုံးပါးတွင် အတုမရှိသော သဗ္ဗညုတရွှေဉာဏ်တော်ရှင် သမ္မာသမ္ဗုဒ္ဓ ဘုရားအဖြစ်သို့ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ရောက်ရှိတော်မူခဲ့လေသည။

ဘုရားအဖြစ်သို့ ရောက်ရှိပြီး ခုနစ်နှစ်မြောက်သော သတ္တမ ဝါကို တာဝတိံသာနတ်ပြည်တွင် ဝါကပ်တော်မူသည်။ အကြောင်းရင်းမှာ မယ်တော်မိနတ်သားအား အဘိဓမ္မာဒေသနာတော် ဟောကြားရန် ဖြစ်လေသည်။

ထို့ကြောင့် တာဝတိံသာနတ်ပြည်ရှိ ပင်လယ်ကသစ်ပင်အောက် ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာထက်၌ ထက်ဝယ်ဖွဲ့ခွေ စံပယ်တော်မူလေသည်။ မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားကို အမှူးပြု၍ စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်း





www.burmeseclassic.com

www.burmeseclassic.com

တို့အား အဘိဓမ္မာဒေသနာ ခုနစ်ကျမ်းကို ဟောတော်မူလေသည်။ ဝါတွင်းသုံးလပတ်လုံး ဟောတော်မူလေသော အသံမစဲ ရက်ဆက် တရားပွဲတော်ကြီး ဖြစ်နေလေတော့သည်။

ထိုကျမ်း ခုနစ်ကျမ်းမှာ -

၁။ ဓမ္မသင်္ဂဏီကျမ်း (၁၂) ရက်
၂။ ဝိဘင်းကျမ်း (၁၂) ရက်
၃။ ဓာတုကထာကျမ်း (၆) ရက်
၄။ ပုဂ္ဂလပညတ်ကျမ်း (၇) ရက်
၅။ ကထာဝတ္ထုကျမ်း (၈) ရက်
၆။ ယမိုက်ကျမ်း (၂၀) ရက်
၇။ ပဋ္ဌာန်းကျမ်း (၂၅) ရက်

ရက်ပေါင်း (၉၀)ကြာ ဟောတော်မူခဲ့လေသည်။

ထို့နောက် ဒေသနာတော်မြတ်ကြီးကို ဟောကြားရာတွင် နည်း သုံးနည်းဖြင့် ဟောတော်မူခဲ့လေသည်။

(၁) အကျယ်နည်း
(၂) အကျဉ်းနည်း
(၃) မကျဉ်းမကျယ်နည်း

**၁။ အကျယ်နည်း (အတိဝိတ္ထာရဒေသနာ)**

"မယ်တော် မိနတ်၊ ကျေးဇူးဆပ်၊ ဟောလတ်ဘိဓမ္မာ" ဆိုသည့်အတိုင်း မယ်တော်ကို ကျေးဇူးဆပ်လိုခြင်း၊ မိဘဂုဏ်ကျေးဇူးကို သတ္တဝါအများ နားလည်စေလိုခြင်း၊ အဘိဓမ္မာတရားကို အစမှ အဆုံးထိ တစ်ထိုင်တည်းဟောကြားလိုခြင်း၊ အစအဆုံးတစ်ထိုင်တည်း ဟောမှသာ တရားနာသူတို့ အကျိုးထူးရရှိနိုင်ခြင်း၊ အဘိဓမ္မာ၏ ကျယ်ဝန်းနက်နဲမှုကို သိစေလိုခြင်း၊ လူ့သက်တမ်းသုံးလခန့်ဟောမှ ကုန်နိုင်မည့်တရားဖြစ်၍ လူတို့၏ ကြိယာပုတ်ဖြင့် ဟောသူ၊ နာယူသူ နှစ်ဦးစလုံးအတွက် မဖြစ်နိုင်ချေ။ ထို့ကြောင့် အကျယ်နည်းကို တာဝတိံသာနတ်ပြည်၌ မြတ်စွာဘုရားသည် ဟောရခြင်း ဖြစ်လေသည်။

**၂။ အကျဉ်းနည်း (အတိသခေ်ပဒေသနာ)**

ဆွမ်းခံ၊ ဆွမ်းစား၊ ရေချိုးသန့်စင်စသည့် ပြုလုပ်ရန်အတွက်ဘုရားရှင်သည် လူ့ပြည်သို့ကြွတော်မူရ၏။ ထိုအခိုက် နိမ္မိတရုပ်ပွားတော်ကို အဓိဋ္ဌာန်ဖြင့် ဖန်ဆင်းခဲ့ရ၏။ ဟိမဝန္တာစန္ဒကူးတော၌ နေ့သန့်စင်တော်မူစဉ် အရှင်သာရိပုတ္တရာမထေရ်သည် ဘုရားရှင်အား ဝတ်ပြု၏။ ထိုအခါ ဘုရားရှင်ရှင်သာရိပုတ္တရာအား အဘိဓမ္မာတရားကို အကျဉ်းနည်းဖြင့် ဟောတော်မူလေသည်။

**၃။ မကျဉ်းမကျယ်နည်း (နာတိဝိတ္ထာရ၊ နာတိသခေ်ပဒေသနာ)**

ဘုရားရှင်၏ အကျဉ်းနည်းကို ရှင်သာရိပုတ္တရာမထေရ်သည် တပည့်ရဟန်း ငါးရာတို့အား တစ်ဆင့်ပြန်လည် မကျဉ်းမကျယ်နည်းဖြင့် ဟောတော်မူလေသည်။ ထိုသို့ တစ်ဆင့်ဟောသော အဘိဓမ္မာတရားကို နောက်တစ်နေ့တွင် ဘုရားထံမှောက်ပြန်လည့်တင်လျှောက်ကာ အတည်ပြုတော်မူလေသည်။

ဤနည်းဖြင့် အဘိဓမ္မာဒေသနာတော်မြတ်ကြီးသည် မဟာသက္ကရာဇ် ၁၀၉ နှစ်၊ ခုနစ်ဝါမြောက် ဖြစ်သော ဝါတွင်းသုံးလအတွင်း နတ်ပြည်နှင့် လူ့ပြည်တို့တွင်တစ်ပြိုင်နက်ပေါ် ထွန်းလျက် ထွန်းကားပြန့်ပွားလာခဲ့လေသည်။

မြတ်စွာဘုရားသည် အဘိဓမ္မာဒေသနာတော်ကိုဟောကြားပြီး သီတင်းကျွတ်လပြည့်နေ့တွင် တာဝတိံသာနတ်ပြည်မှ လူ့ပြည် သင်္ကာသနဂိုရ်မြို့သို့ ပြန်လည် ကြွဆင်းတော်မူလေ၏။

ဤတွင် သိကြားမင်းသည် ရွှေ၊ ငွေ၊ ပတ္တမြား စောင်းတန်းသုံးသွယ်ကို ဖန်ဆင်း လျှုဒါန်းလေသည်။ ဘုရားရှင်၏ လက်ယာဘက်၌ နတ်တို့က ရွှေစောင်းတန်းဖြင့်၊ လက်ဝဲဘက်၌ ဗြဟ္မာများက ငွေစောင်းတန်းဖြင့် ခြံရံလျက် အရှင်မြတ်ဘုရားက ဗဟို ပတ္တမြားစောင်းတန်းဖြင့် ကြွဆင်းတော်မူလေသည်။

ပဉ္စသိခ်နတ်သားသည် ဗေဠုဝနတ်စောင်းတီးလျက် မာတလိနတ်သားသည် ပန်း၊ နံ့သာ အမွှေးအကြိုင်တို့ကို စွဲလျက်၊ သုယာမနတ်မင်းသည် စာမရီသားမြီးယပ်ကိုခတ်လျက်၊ သန္တုသိတနတ်မင်းသည် ပတ္တမြားယပ်ဝန်းကို ခတ်လျက်၊ သိကြားမင်းသည် ဝိဇယုတ္တရခရုသင်းကို မှုတ်လျက်၊ လက်ဝဲဘက်တွင် သဟံပတိဗြဟ္မာကြီးသည်ထီးဖြူဆောင်းမိုး ပူဇော်လျက် အသီးသီးပူဇော်ကာ သက်ဆင်း လိုက်ပါလာကြလေသည်။

လူ့ပြည်အရောက် စောင်းတန်းဦး၌ လက်ယာခြေတော်မချမီပင် အရှင်သာရိပုတ္တရာမထေရ်သည် ဗုဒ္ဓမြတ်စွာကို ဦးစွာရှိခိုးပူဇော်လေသည်။

ထို့နောက် ပရိသတ်တို့က မြတ်စွာဘုရားကို ပူဇော်ဖူးမြော်ကန်တော့ကြကုန်သည်။ စောင်းတန်းတော်ဦး ခြေတော်ချရာသည် နောင်အခါ အစလစေတီယဋ္ဌာနဟု အမည်တွင်လေသည်။

အဘိဓမ္မာတရား ဟောကြားတော်မူခဲ့သည်ကို အကြောင်းပြု၍ သီတင်းကျွတ်လပြည့်နေ့ကို 'အဘိဓမ္မာအခါတော်နေ့' ဟု သတ်မှတ်ခေါ်ဆိုကြလေသည်။ အဘိဓမ္မာရွတ်ဖက်ပူဇော်ပွဲများလည်း ပြုလုပ်ကျင်းပကြသည်။





www.burmeseclassic.com

www.burmeseclassic.com

တို့အား အဘိဓမ္မာဒေသနာ ခုနစ်ကျမ်းတို့ ဟောတော်မူလေသည်။ ဝါတွင်းသုံးလပတ်လုံး ဟောတော်မူလေသော အသံမစဲ ရက်ဆက် တရားပွဲတော်ကြီး ဖြစ်နေလေတော့သည်။

ထိုကျမ်း ခုနစ်ကျမ်းမှာ -

၁။ ဓမ္မသင်္ဂဏီကျမ်း (၁၂) ရက်
၂။ ဝိဘင်းကျမ်း (၁၂) ရက်
၃။ ဓာတုကထာကျမ်း (၆) ရက်
၄။ ပုဂ္ဂလပညတ်ကျမ်း (၇) ရက်
၅။ ကထာဝတ္ထုကျမ်း (၈) ရက်
၆။ ယမိုက်ကျမ်း (၂၀) ရက်
၇။ ပဋ္ဌာန်းကျမ်း (၂၅) ရက်

ရက်ပေါင်း (၉၀)ကြာ ဟောတော်မူခဲ့လေသည်။

ထို့နောက် ဒေသနာတော်မြတ်ကြီးကို ဟောကြားရာတွင် နည်း သုံးနည်းဖြင့် ဟောတော်မူခဲ့လေသည်။

(၁) အကျယ်နည်း
(၂) အကျဉ်းနည်း
(၃) မကျဉ်းမကျယ်နည်း

**၁။ အကျယ်နည်း (အတိဝိတ္ထာရဒေသနာ)**

"မယ်တော် မိနတ်၊ ကျေးဇူးဆပ်၊ ဟောလတ်ဘိဓမ္မာ" ဆိုသည့်အတိုင်း မယ်တော်ကို ကျေးဇူးဆပ်လိုခြင်း၊ မိဘဂုဏ်ကျေးဇူးကို သတ္တဝါအများ နားလည်စေလိုခြင်း၊ အဘိဓမ္မာတရားကို အစမှ အဆုံးထိ တစ်ထိုင်တည်းဟောကြားလိုခြင်း၊ အစအဆုံးတစ်ထိုင်တည်း ဟောမှသာ တရားနာသူတို့ အကျိုးထူးရရှိနိုင်ခြင်း၊ အဘိဓမ္မာ၏ ကျယ်ဝန်းနက်နဲမှုကို သိစေလိုခြင်း၊ လူ့သက်တမ်းသုံးလခန့်ဟောမှ ကုန်နိုင်မည့်တရားဖြစ်၍ လူတို့၏ ကြိယာပုတ်ဖြင့် ဟောသူ၊ နာယူသူ နှစ်ဦးစလုံးအတွက် မဖြစ်နိုင်ချေ။ ထို့ကြောင့် အကျယ်နည်းကို တာဝတိံသာနတ်ပြည်၌ မြတ်စွာဘုရားသည် ဟောရခြင်း ဖြစ်လေသည်။

**၂။ အကျဉ်းနည်း (အတိသင်္ခေပဒေသနာ)**

ဆွမ်းခံ၊ ဆွမ်းစား၊ ရေချိုးသန့်စင်စသည့် ပြုလုပ်ရန်အတွက်ဘုရားရှင်သည် လူ့ပြည်သို့ကြွတော်မူရ၏။ ထိုအခိုက် နိမ္မိတရုပ်ပွားတော်ကို အဓိဋ္ဌာန်ဖြင့် ဖန်ဆင်းခဲ့ရ၏။ ဟိမဝန္တာစန္ဒကူးတော၌ နေ့သန့်စင်တော်မူစဉ် အရှင်သာရိပုတ္တရာမထေရ်သည် ဘုရားရှင်အား ဝတ်ပြု၏။ ထိုအခါ ဘုရားရှင် ရှင်သာရိပုတ္တရာအား အဘိဓမ္မာတရားကို အကျဉ်းနည်းဖြင့် ဟောတော်မူလေသည်။

**၃။ မကျဉ်းမကျယ်နည်း (နာတိဝိတ္ထာရ၊ နာတိသင်္ခေပဒေသနာ)**

ဘုရားရှင်၏ အကျဉ်းနည်းကို ရှင်သာရိပုတ္တရာမထေရ်သည် တပည့်ရဟန်း ငါးရာတို့အား တစ်ဆင့်ပြန်လည် မကျဉ်းမကျယ်နည်းဖြင့် ဟောတော်မူလေသည်။ ထိုသို့ တစ်ဆင့်ဟောသော အဘိဓမ္မာတရားကို နောက်တစ်နေ့တွင် ဘုရားထံမှောက်ပြန်လည်တင်လျှောက်ကာ အတည်ပြုတော်မူလေသည်။

ဤနည်းဖြင့် အဘိဓမ္မာဒေသနာတော်မြတ်ကြီးသည် မဟာသက္ကရာဇ် ၁၀၉ နှစ်၊ ခုနစ်ဝါမြောက် ဖြစ်သော ဝါတွင်းသုံးလအတွင်း နတ်ပြည်နှင့် လူ့ပြည်တို့တွင်တစ်ပြိုင်နက်ပေါ် ထွန်းလျက် ထွန်းကားပြန့်ပွားလာခဲ့လေသည်။

မြတ်စွာဘုရားသည် အဘိဓမ္မာဒေသနာတော်ကိုဟောကြားပြီး သီတင်းကျွတ်လပြည့်နေ့တွင် တာဝတိံသာနတ်ပြည်မှ လူ့ပြည် သင်္ကာသနဂိုရ်မြို့သို့ ပြန်လည် ကြွဆင်းတော်မူလေ၏။

ဤတွင် သိကြားမင်းသည် ရွှေ၊ ငွေ၊ ပတ္တမြား စောင်းတန်းသုံးသွယ်ကို ဖန်ဆင်း လျှုဒါန်းလေသည်။ ဘုရားရှင်၏ လက်ယာဘက်၌ နတ်တို့က ရွှေစောင်းတန်းဖြင့်၊ လက်ဝဲဘက်၌ ဗြဟ္မာများက ငွေစောင်းတန်းဖြင့် ခြံရံလျက် အရှင်မြတ်ဘုရားက ဗဟို ပတ္တမြားစောင်းတန်းဖြင့် ကြွဆင်းတော်မူလေသည်။

ပဉ္စသိခ်နတ်သားသည် ဗေဠုဝ နတ်စောင်းတီးလျက် မာတလိနတ်သားသည် ပန်း၊ နံ့သာ အမွှေးအကြိုင်တို့ကို စွဲလျက်၊ သုယာမနတ်မင်းသည် စာမရီသားမြီးယပ်ကိုခတ်လျက်၊ သန္တုသိတနတ်မင်းသည် ပတ္တမြားယပ်ဝန်းကို ခတ်လျက်၊ သိကြားမင်းသည် ဝိဇယုတ္တရခရုသင်းကို မှုတ်လျက်၊ လက်ဝဲဘက်တွင် သဟံပတိဗြဟ္မာကြီးသည်ထီးဖြူဆောင်းမိုး ပူဇော်လျက် အသီးသီးပူဇော်ကာ သက်ဆင်း လိုက်ပါလာကြလေသည်။

လူ့ပြည်အရောက် စောင်းတန်းဦး၌ လက်ယာခြေတော်မချမီပင် အရှင်သာရိပုတ္တရာမထေရ်သည် ဗုဒ္ဓမြတ်စွာကို ဦးစွာရှိခိုးပူဇော်လေသည်။

ထို့နောက် ပရိသတ်တို့က မြတ်စွာဘုရားကို ပူဇော်ဖူးမြော်ကန်တော့ကြကုန်သည်။ စောင်းတန်းတော်ဦး ခြေတော်ချရာသည် နောင်အခါ အစလစေတီယဋ္ဌာနဟု အမည်တွင်လေသည်။

အဘိဓမ္မာတရား ဟောကြားတော်မူခဲ့သည်ကို အကြောင်းပြု၍ သီတင်းကျွတ်လပြည့်နေ့ကို 'အဘိဓမ္မာအခါတော်နေ့' ဟု သတ်မှတ်ခေါ်ဆိုကြလေသည်။ အဘိဓမ္မာရွတ်ဖက်ပူဇော်ပွဲများလည်း ပြုလုပ်ကျင်းပကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ဘုရားရှင်အား ဆီမီးထွန်း၍ ပူဇော်ကြသည်။ ထိုပူဇော်ပွဲများကိုအစွဲပြု၍ မြန်မာ့ရိုးရာဆွမ်းကျွေးမှုရာသီပွဲတော်အဖြစ် သီတင်းကျွတ် လပြည့်နေ့ညတွင် ဘုရားရှင်ကို ရည်ညွှန်းပြီး မီးရှူး၊ မီးပန်းများ၊ မီးပုံး၊ ဆီမီးခွက်စုံတို့ဖြင့် နှစ်စဉ် ပူဇော်မှုပြုခဲ့ကြလေသည်။

ဗုဒ္ဓမြတ်စွာဘုရားသည် တာဝတိံသာမှ ဆင်းသက်တော်မူသည်ကို အကြောင်းပြု၍ "တာဝတိံသာပွဲတော်" တာဝတိံသာနတ်ပြည်ရှိရာ မြင်းမိုရ်တောင်ထိပ်မှ ဆင်းသက်တော်မူသည်ကို အကြောင်းပြု၍ "မီးမြင်းမိုရ်ပွဲတော်"ဟု ခေါ်ဝေါ်ကြကုန်၏။

ထိုအခါမှစ၍ သီတင်းကျွတ် မီးထွန်းပွဲတော် ကျင်းပသော အစဉ်အလာသည် ယနေ့လူငယ်တို့အတွက် ကောင်းမှုအမွေတစ်ရပ်ဖြစ်ရလေသည်။

သီတင်းကျွတ်လသည် မြန်မာလများ၏ ခုနစ်လမြောက်ဖြစ်လေသည်။ မိုးရာသီကုန်လုချိန်ဖြစ်သော အောက်တိုဘာလတွင် ကျရောက်လေ့ရှိသည်။

ရဟန်းတော်များသည် သီတင်းကျွတ်လပြည့်နေ့တွင် ဝိနည်းဒေသနာတော်အရ ဥပုသ်အစား 'ဖိတ်ကြားခြင်း၊ တောင်းပန်တိုက်တွန်းခြင်း'ဟု အဓိပ္ပာယ်ရသည့် 'ပဝါရဏာ'ပြုကြကုန်၏။ ထိုပဝါရဏာပြုခြင်းသည် ဘုရားရှင်လက်ထက်တော်၌ပင် ပေါ်ပေါက်ခဲ့ခြင်း ဖြစ်၏။

သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးဖော် ရဟန်းတစ်စုအချင်းချင်း မခေါ်မပြော နေထိုင်ကြသည်ကို အကြောင်းပြုပြီး ဖြစ်ပေါ်လာခြင်းဖြစ်လေ၏။ ပဝါရဏာပြုကြပုံကို သံယုတ္တနိကာယ်(၁၂)ဒေသနာ နာကြားပုံတွင် ဤကဲ့သို့ တွေ့ရလေသည်။

ရဟန်းငယ်က ရဟန်းအကြီးထံတွင် "အရှင်ဘုရား၊ တပည့်တော်သင့်ရောက်သော အာပတ်အားလုံးကို ထင်စွာ ပြုပါ၏" ဟု လျှောက်တင်ရ၏။

ရဟန်း ခကြီးမှ "ကောင်းပြီ ကောင်းပြီ ကောင်းပြီ"ဟုပြောကြား၏။

တစ်ဖန် ရဟန်းအငယ်မှ "တပည့်တော်သည် အကြောင်းအမျိုးမျိုးရှိသော အာပတ် အားလုံးကို သင့်ရောက်ခဲ့ပါပြီ၊ ထိုအာပတ်အားလုံးကို အရှင်ဘုရားထံ၌ ဖြောကြားပါ၏" ဟု လျှောက်ထားတောင်းပန်လေ၏။

ရဟန်းအကြီးမှ "ငါ့ရှင်၊ ထို အာပတ်အားလုံးကို အပြစ်ဟု ရှုမှတ်ပါ၏လော" ဟု မေးလေ၏။

ရဟန်းအငယ်မှ "မှန်ပါ့ဘုရား၊ အပြစ်ဟုရှုပါသည် အရှင်ဘုရား" ဟု ဖြေကြား၏။

ရဟန်းအကြီးမှ "ငါ့ရှင်၊ နောင်ကိုစောင့်ထိန်းပါလော့"ဟု တိုက်တွန်း၏။

ရဟန်းအငယ်မှ "မှန်လှပါဘုရား၊ နောင်ကို စောင့်ထိန်းပါမည်"ဟုဝန်ခံ၏။

ရဟန်းအကြီးမှ "ကောင်းပြီ၊ ကောင်းပြီ ကောင်းပြီ"ဟု ထောမနာပြုလေ၏။

ထိုကဲ့သို့ပင် ရဟန်းအကြီးမှလည်း "ငါ့ရှင် တပည့်တော် သင့်ရောက်သော အာပတ်အားလုံးကို ထင်ရှားစွာပြုပါ၏" ဟု ပန်ကြားလေ၏။

ရဟန်းအငယ်မှ "ကောင်းပါပြီ အရှင်ဘုရား၊ ကောင်းပါပြီ ကောင်းပါပြီ" ဟု သိမှတ်ပြု၏။

ရဟန်းအကြီးမှ "တပည့်တော်သည် အကြောင်းအမျိုးမျိုး ရှိသော အာပတ်အားလုံးကို သင့်ရောက်ခဲ့ပါပြီ၊ ထိုအာပတ်အားလုံးကို ငါ့ရှင်ထံ၌ ပြောကြားပါ၏"ဟု ဝန်ချပန်ကြားလေ၏။

ရဟန်းအငယ်မှ "အရှင်ဘုရား ထိုအာပတ်အားလုံးကို အပြစ်ဟုရှုမှတ်ပါ၏လော"ဟု မေးလေ၏။

ရဟန်းအကြီးမှ "မှန်ပါ၏ ငါ့ရှင်၊ အပြစ်ဟုရှုမှတ်ပါ၏" ဟု ဝန်ခံလေ၏။

ရဟန်းအငယ်မှ "အရှင်ဘုရား နောင်ကို စောင့်ထိန်းပါဘုရား"ဟု နှိုးဆော် တိုက်တွန်း၏။

ရဟန်းအကြီးမှ "ကောင်းပါပြီ ငါ့ရှင်၊ နောင်ကို စောင့်ထိန်းပါမည်"ဟု ဝန်ခံပြန်ကြားလေ၏။

ရဟန်းအငယ်မှ "ကောင်းပါပြီ အရှင်ဘုရား၊ ကောင်းပါပြီ ကောင်းပါပြီ" ဟု ဝမ်းမြောက်ဝမ်းသာချီးမွမ်းလေ၏။

ဤကဲ့သို့ အပြန်အလှန် ဝိနယ (သို့မဟုတ်) ဝိနည်းစည်းကမ်းကို ကျင့်သုံးရခြင်းသည် "ပဝါရဏာ"ပြုလုပ်ခြင်း ဖြစ်လေသည်။ ဤကဲ့သို့ ဝိနည်းစည်းကမ်းကို မကျင့်သုံးပါလျှင် ရဟန်းကောင်း မဖြစ်နိုင်ဟု ဒေသနာ၌ ပြဆိုထားလေသည်။

ဝေဘူဆရာတော်ဘုရားကြီး၏ အပြစ်များ ပြေပျောက်စေရန် တောင်းပန်ခြင်း၌ -

"အရှင်ဘုရား၊ တပည့်တော်သည် ဘဝအဆက်ဆက်မှစ၍ ယခုဘဝထိတိုင်အောင် မပြစ်မှားထိုက်သည့် အရိယာအစရှိသော ပုဂ္ဂိုလ်တို့ကို ပြစ်မှားမိသည်ရှိသော် ထိုအပြစ်တို့မှ ပြေပျောက်စေခြင်းအကျိုးငှာ အရှင်ဘုရားရှေ့မှောက်၌ တောင်းပန်ကန်တော့ပါ၏ ဘုရား" ဟု ပဝါရဏာပြုလုပ်ခြင်းအကြောင်း သိမှတ်ဖူးပါ၏။

"ပဝါရဏာ"ဆိုသည်မှာ မိမိ၏ ချို့ယွင်းချက်အပြစ်များကို မြင်လျှင်ဖြစ်စေ၊ ကြားလျှင်ဖြစ်စေ၊ မယုံသင်္ကာရှိလျှင်ဖြစ်စေ ပြောဆိုဆုံးမပေးဖို့ရန်





www.burmeseclassic.com

www.burmeseclassic.com

ဖိတ်မန္တကပြု ပန်ကြားခြင်းဖြစ်သည်။ ထိုသို့ ဖိတ်ခေါ်ပန်ကြားခြင်းသည် မိမိအပြစ်များကို တစ်ပါးသူမှ ပို၍သိပြီး မိမိကိုယ်တိုင်သတိမထားမိ၊ မသိရှိခဲ့သည်များကိုလည်း ဖော်ပြပေးနိုင်စေရန် ဖြစ်လေသည်။

ထိုသို့ ဖော်ပြလို့ အပြစ်ကို သိလေလျှင် အပြစ်ကင်းစင်အောင် ပြုမူကျင့်ကြံနိုင်စေရန်စသည်ဖြင့် ကုစားဖို့ရန် ဖြစ်လေသည်။ ထိုသို့ကုစားပြီး သီလစင်ကြယ်ရန်၊ သီလဝိသုဒ္ဓိ ပြည့်စုံရန် ဖြစ်လေ၏။ သီလဝိသုဒ္ဓိ ပြည့်စုံပြီး တရားအားထုတ်ရာ၌ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ စသည်တို့ ပြည့်စုံရန်ဖြစ်လေ၏။

ထိုဝိနည်းစည်းကမ်းသည် ဗုဒ္ဓသာသနာတော် သန့်ရှင်းစင်ကြယ်စေရေး၊ မဂ်ဖိုလ်တရားထူး ရရှိစေရေးများအတွက် အလွန်သင့်တော် ကောင်းမွန်သော အစီအစဉ်ဖြစ်လေသည်။ တရားထူး ရရှိစေရေးများအတွက် အလွန်သင့်တော်ကောင်းမွန်သောအစီအစဉ်ဖြစ်လေသည်။

အလွန်ကောင်းမွန်သော အစီအစဉ်ဖြစ်သည့်အတွက် သီတင်းကျွတ်လပြည့်နေ့မှာ သံဃာငါးပါး ရှိလျှင် ငါးပါးဖိတ်ခေါ် ပန်ကြားရန်၊ ငါးပါးမရှိလျှင်လည်း အချင်းချင်းဖိတ်ခေါ် ပန်ကြားကြစေနိုင်ခြင်းငှာ မြတ်စွာဘုရားသည် သိက္ခာပုဒ်အဖြစ်နှင့် ပညတ်ထားတော်မူခဲ့လေသည်။ သဒ္ဓါတရားကောင်းမွန်လေသည့် ရဟန်းတော်များအတွက် အလွန် အလေးအမြတ်ပြုထိုက်သည့် သိက္ခာပုဒ် ဖြစ်လေသည်။

တလေးတစားနှင့် စိတ်စေတနာထက်သန်စွာဖြင့် ဖိတ်ခေါ်ပန်ကြားသင့်လေ၏။ ပန်ကြားသည့်အတိုင်း သူတစ်ပါးမှ ပြောဆိုသည်များကို ဝမ်းမြောက်ဝမ်းသာဖြင့် မိမိတို့၏ အပြစ်များကို ကုစားပြုပြင်ရန် လိုအပ်လေသည်။

ဥပမာဆိုရမည်ဆိုသော် ပွဲနေ့ပွဲထိုင် လူထုအစည်းအဝေးပွဲသို့သွားမည့်လူ၏ မျက်နှာ၌ အမည်းကွက်ရှိနေသည်ကို ရင်းနှီးသည့် မိတ်ဆွေသူငယ်ချင်းမှ ထိုအမည်းကွက်ရှိနေကြောင်း ပြောကြားလာလေလျှင် ဝမ်းမြောက်စွာဖြင့် လက်ခံပြီး ထိုအမည်းကွက်ကို အခါမဆိုင်း သုတ်သင်ရှင်းလင်းသန့်စင်လိုက်မည်ဖြစ်သည်။ ပြောသည့်သူကိုလည်း ကျေးဇူးတင်မိမည်လည်း ဖြစ်သည်။ ထိုကဲ့သို့ ပြောကြားမည့်သူ မရှိလေသော် ထိုအမည်းကွက်ကြီးနှင့် လူထုပရိသတ် ကြားထဲသို့ သွားမိလေလျှင် တစ်ပါးသူတို့ ရယ်သွေးသွမ်းခြင်းကိုခံရ၍ အရှက်ရလိမ့်မည်ဖြစ်သည်။

သို့ဖြစ်ပါ၍ မိမိအပြစ်ကို ပြောကြား ဆိုဆုံးမမည့်သူအား ကျေးဇူးဥပကာရ တင်ထိုက်လေသည်။ ကျေးဇူးတင်ရမည်ဖြစ်သည်။ မိမိအပြစ်များကိုလည်း သန့်စင်အောင်၊ စင်ကြယ်အောင် အချိန်မီ ဆေးကြောကုစားနိုင်ပေလိမ့်မည် ဖြစ်သည်။

ထိုကဲ့သို့ မိမိအပြစ်ကို ပြောပြထောက်ပြလျှင် ဝမ်းမြောက်စွာဖြင့် ခံယူလိုက်နာပြီး စင်ကြယ်အောင် ပြုပြင်ကုစားသွားနိုင်စေရန်၊ ကျင့်ကြံနိုင်စေရန် သဘောထားပြီး မြတ်စွာဘုရားရှင်က ထိုပဝါရဏာကို ပညတ်တော်မူခဲ့လေသည်။

ထိုနည်းတူစွာ ဘုရားရှင်အား ဖူးမြော်ကန်တော့သည့် အစဉ်အလာ၊ ပဝါရဏာ သိက္ခာပုဒ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း အစဉ်အလာကို အစွဲပြုပြီး မြန်မာဗုဒ္ဓဘာသာဝင်တို့သည် မိမိတို့၏ သက်ကြီးဝါကြီးများကို သီတင်းကျွတ်ချိန်ခါ၌ ပူဇော်ကန်တော့သည့် မလေ့ထုံးစံကောင်းတစ်ရပ် ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။

ထိုပဝါရဏာသည် သာသနာတော် သန့်ရှင်းစင်ကြယ်စေရန်အတွက် ကောင်းမွန်သလို မိမိတို့လောကီလူသားတို့အနေဖြင့်လည်း မိမိတို့ဖြစ်ပွား ကျူးလွန်မိခဲ့သည့် ကံသုံးပါးအပြစ်များကို တစ်ဦးတစ်ယောက်မှ ညွှန်ပြပြောဆိုထောက်ပြလေလျှင် ကြည်ဖြူစွာ ခံယူကြပြီး လိုက်နာဆင်ခြင် ကျင့်ကြံမည်ဆိုလေလျှင် ယခုပစ္စုပ္ပန်တွင်မက နောင်သံသရာ ခရီးတစ်လျှောက် အကျိုးကျေးဇူးများ ရရှိလိမ့်မည်ဖြစ်လေသည်။

အတုမဲ့၊ အနှိုင်းမဲ့တော်မူသော မြတ်စွာဘုရားပညတ်ထားတော်မူခဲ့သော ထိုပဝါရဏာသိက္ခာပုဒ်အကျင့်သည် လောကုတ္တရာတရား အားထုတ်နေကြသော ရဟန်းတို့တွင်မက လောကီလူသားအပေါင်းတို့လည်း လိုက်နာကျင့်ကြံသင့်လှပါကြောင်းကို ဆင်ခြင်မိလျက် မြတ်ဘုရားရှင်အား ရည်မျှော်ဦးခိုက်ပူဇော်မိပါ၏။

**ကျော်သူရနိုင်(အဝေရာ)**

❑



www.burmeseclassic.com

www.burmeseclassic.com

# တစ်လုတ်စားဖူး သူ့ကျေးဇူးကို လက်တွေ့ကျကျ ဆပ်တတ်သူ

**သန်လျှင် ရှင်လေး**



အခန်း (၁)

စာရေးရန် ကုန်ကြမ်းရှာနေသူ

"ကျွီ . . ."

ကျွန်ုပ်တို့ ဘုရားဖူးခရီးသည်များ စီးနင်းလိုက်ပါလာကြသည့် ဘုရားဖူးခရီးသည်တင် ဘတ်(စ်)ကားသည် ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့အထွက် ငါးမိုင်လောက်အလွန် တောတောင်များ ထူထပ်ရာ တောင်နှစ်လုံးကြား လူသူ ပြတ်လပ်သည့်နေရာတွင် ရုတ်တရက် ရပ်တန့်သွားသည်။

ကျွန်ုပ်သည် ဘုရားဖူးဘတ်(စ်)ကား ရုတ်တရက် ရပ်တန့်သွားရခြင်း အကြောင်းစုံကို သိရှိရန် ထိုင်ခုံတွင် ထိုင်နေရာမှ ကားခေါင်းရှေ့သို့ ခေါင်းမော်ကြည့်လိုက်မိသည်။ ကျွန်ုပ်တို့ စီးနင်းလိုက်ပါလာကြသည့် ဘုရားဖူးဘတ်(စ်)ကား ရှေ့တည့်တည့်တွင် လူခုနစ်ယောက်သည် ပြောက်ကျားဝတ်စုံ အစိမ်းရောင် ယူနီဖောင်း ကိုယ်စီဝတ်ဆင်ကြလျက် သေနတ်မျိုးစုံ လက်နက်ကိုယ်စီတို့ဖြင့် ချိန်ရွယ်နေကြပြီး ကျွန်ုပ်တို့ စီးနင်းလိုက်ပါလာကြသည့် ဘုရားဖူး ဘတ်(စ်)ကားကို ရပ်ခိုင်းနေကြသည့် မြင်ကွင်းကို တွေ့လိုက်ရလေသည်။

ကျွန်ုပ်လည်း ထိုမြင်ကွင်းကို မြင်မိလိုက်သဖြင့် ကြောက်ကြောက်လန့်လန့်ဖြစ်မိ၍ လက်မှနာရီကို ကြည့်လိုက်မိသည်။ အချိန်သည် မွန်းလွဲ ၂ နာရီ ထိုးသွားပြီးဖြစ်သည်။

ဤအချိန်အထိ နှင်းများကား မကွဲသေးချေ။ အအေးဓာတ်ပိုကဲသော ရှမ်းပြည်နယ်မြောက်ပိုင်းဖြစ်၍ ယခုအချိန်ထိ နေရောင်ကို မတွေ့ရသေးဘဲ စိတ်ထဲတွင် မိုးအုံ့နေဘိသကဲ့သို့ ခံစားရသည်။

"ဟဲ့- ကားဆရာလေး၊ ကားကို ဘာကြောင့်ရပ်လိုက်တာလဲ၊ ဒီတောင်နှစ်လုံးကြားက ဓားပြတွေ မကြာမကြာ တိုက်နေကြတာ၊ နင်တို့ကားသမားတွေ မသိကြဘူးလား"

"ရှူး . . ."

ဤရှမ်းပြည်နယ်မြောက်ပိုင်း၏ အကြောင်းကို သိထားဟန်ရှိသော အသက် ၅၀ ကျော် အမျိုးသမီးကြီး တစ်ဦးက ကားဆရာအား အပြစ်ဆိုနေသည်။ သို့သော် ယခုအချိန်တွင် ထို အသက် ၅၀ ကျော် အမျိုးသမီးကြီး၏ စကားကို ဆက်မပြောရန် ကားဆရာသည် ရှူးဟူသော သတိပေး၍ ကား

www.burmeseclassic.com

ရှေ့တည့်တည့်ဆီသို့ လက်ညှိုးထိုးပြနေလေသည်။ ကားဆရာ လက်ညှိုးထိုးပြရာ ကားရှေ့တည့်တည့်ဆီသို့ ကျွန်ုပ်၏မျက်လုံးနှစ်စုံသည် သူ့အလိုလို ရောက်ရှိသွားလေတော့သည်။

မှန်ပေသည်။ ကျွန်ုပ်တို့ စီးနင်းလိုက်ပါလာကြသည့် ဘုရားဖူးကား ရှေ့တည့်တည့်တွင်တော့ ဓားပြ ခုနစ်ယောက်သည် သေနတ်မျိုးစုံ၊ လက်နက်မျိုးစုံ ကိုယ်စီတို့ဖြင့် ချိန်ရွယ်နေကြပြီး ဓားပြတိုက်နေကြလေပြီ။

ကျွန်ုပ်လည်း ယခုမှ ဓားပြတိုက်နေမှန်း သိလိုက်ရ၍ ကျွန်ုပ်နှင့်အတူ ဘုရားဖူးလိုက်ပါလာသော ကျွန်ုပ်၏ ဆရာ စာရေးဆရာသန်လျင်-မင်းကြည်လှိုင်ကို ပခုံးဖြင့်တွန်း၍ သတိပေးလိုက်လေသည်။ သို့သော် ကျွန်ုပ်၏ ဆရာ စာရေးဆရာ သန်လျင်-မင်းကြည်လှိုင်သည် ဓားပြတိုက်နေမှုကို မမှုနိုင်ဘဲ ပင်ကိုက စာရေးသားမှုကိုသာ အလေးထားသူဖြစ်၍ ထိုဓားပြ ခုနစ်ယောက်တို့၏ လှုပ်ရှားမှုတို့ကို ကြည့်လျက် စာရေးရန် ကုန်ကြမ်းရှာနေလေသည်။

## အခန်း (၂)

### ကံဆိုးကျရောက်သူ ကျွန်ုပ်တို့ ဆရာတပည့်

"ဟေ့- ကားပေါ်က လူတွေ အားလုံး ကားပေါ်က အမြန်ဆင်းကြ၊ ဒါ ဓားပြတိုက်နေတာ၊ အလှူခံနေတာ မဟုတ်ဘူး"

အသက် ၃၀ ကျော် အသားဖြူဖြူ ဓားပြဗိုလ်ဟုထင်ရသူက ခြောက်လုံးပြူးဖြင့်ချိန်၍ ဘတ်(စ်)ကားပေါ်ဝယ် ပါလာသော ဘုရားဖူးခရီးသည် အားလုံးကို ကားပေါ်မှ အတင်းအဓမ္မ ဆင်းခိုင်းနေလေသည်။ ကျွန်ုပ်နှင့်အတူ စာရေးဆရာ သန်လျင်-မင်းကြည်လှိုင်လည်း တုန်လှုပ်ချောက်ချားစွာဖြင့် ကားပေါ်မှ ဆင်းရန် ဟန်ပြင်လိုက်ကြလေသည်။

"ဟေ့ ဟို ဟို ဟိုလူ ကျုပ်ကို ဘာရည်ရွယ်ချက်နဲ့ စိုက်ကြည့်နေတာလဲ"

ဓားပြဗိုလ်ဖြစ်သူသည် ဘတ်(စ်)ကားပေါ်မှ အောက်သို့ဆင်းကြရန် ဟန်ပြင်နေကြသော ကျွန်ုပ်တို့ ဆရာတပည့် ရှိကြသည့်အနက် သူ၏ ခြောက်လုံးပြူးခလုတ်ကို နှိပ်ကွေးထားသော လက်ညှိုးအား စိုက်ကြည့်နေသော ကျွန်ုပ်၏ ဆရာ သန်လျင်-မင်းကြည်လှိုင်အား ငေါက်ငမ်း၍ အပြစ်ဆိုနေခြင်းဖြစ်သည်။

အမှန်မှာ ကျွန်ုပ်၏ဆရာ သန်လျင် မင်းကြည်လှိုင် စိုက်ကြည့်နေသော ခြောက်လုံးပြူးခလုတ်ကို နှိပ်ကွေးထားသည့် ထိုဓားပြဗိုလ်၏ လက်ညှိုးသည် လက်တစ်ဆစ်ခန့် ပြတ်နေပေသည်။ သို့ဖြစ်၍ စာရေးဆရာပီပီ စာရေးရန် ကုန်ကြမ်းကို ဆက်လက်ရှာဖွေနေသည့် အနေအားဖြင့် ထိုဓားပြဗိုလ်၏ လက်ညှိုးကို ကျွန်ုပ်၏ဆရာ သန်လျင် မင်းကြည်လှိုင်သည် အငမ်းမရ လိုက်ကြည့်နေလေသည်။

"မဟုတ် ဟုတ်ပါဘူး ဆရာ၊ အဲ ဗိုလ်ကြီး ဆရာ၊ အဲ- ဗိုလ်ကြီးရဲ့ ဒီလက်ညှိုးကလေးကို ကျွန်တော် ဘယ်နေရာမှာ မြင်ဖူးထားမှန်း မသိလို့ စိုက်စိုက်ကြည့်နေမိတာပါ"

ကျွန်ုပ်၏ဆရာ သန်လျင်-မင်းကြည်လှိုင်က သူသည် ဓားပြဗိုလ်၏ လက်ညှိုးကို စိုက်ကြည့်ရခြင်းအကြောင်းကို ရှင်းပြသည်။ ဓားပြဗိုလ်ဖြစ်သူလည်း ကျွန်ုပ်၏ဆရာ သန်လျင် မင်းကြည်လှိုင်၏ ရှင်းပြချက် စကားကြောင့် မျက်နှာ အနည်းငယ်ညှိုးသွားပြီးမှ သူ၏ လက်အောက်ငယ်သားတို့ကို ကြည့်ပြီး မျက်နှာကို ပြန်လည် တည်သွားလေတော့သည်။

"ဟေ့ကောင်တွေ၊ ဒီလူ နှစ်ယောက်ကို ကြိုးတုပ်လိုက်ကြ၊ ဒီလူ နှစ်ယောက်က ငါတို့ ဓားပြတိုက်နေတဲ့ ကြားမှာ ငါ့ရဲ့အားနည်းချက်ကို ဟောဒီ ခရီးသည်တွေရှေ့မှာ အရှက်ရအောင် ကဲ့ရဲ့ရဲတဲ့ပုံကို ထောက်ရင် ဒီလူ နှစ်ယောက်ဟာ သာမန်လူတွေမဖြစ်နိုင်ဘူး အစိုးရရဲ့ စစ်ဘက်က ဖြစ်နိုင်တယ်၊ ဒါကြောင့် ဒီလူနှစ်ယောက်ကို ဒီနေရာမှာ ထားခဲ့ကြ၊ ဒီလူနှစ်ယောက်ကို ငါ ဒီနေရာမှာ သတ်ပစ်လိုက်တဲ့အကြောင်း မင်းတို့ အထက်ကို တင်ပြလိုက်ကြ၊ ကျန်တဲ့လူအားလုံးကို မင်းတို့ တောထဲက စခန်းကို ခေါ်သွားကြ၊ ကဲ ကဲ အချိန်သိပ်မရှိတော့ဘူး၊ အမြန်လုပ်ကြ"

ဓားပြဗိုလ်၏ အမိန့်ပေးသံနှင့်အတူ ကျွန်ုပ်တို့ ဆရာတပည့်နှစ်ဦးလည်း ကံဆိုးကျရောက်ခြင်းသို့ ရောက်သွားသူ နှစ်ဦးပါလားဟု တွေးထင်နေရုံမှအပ ဘာမျှမတတ်နိုင်တော့ပေ။

## အခန်း (၃)

### တစ်လုတ်စားဖူး သူ့ကျေးဇူးကို လက်တွေ့ကျကျဆပ်တတ်သူ

"အား နာ နာတယ်၊ သက်သက်ညှာညှာ လုပ်ကြပါခင်ဗျာ၊ ကျွန်တော်တို့ ဆရာ တပည့် နှစ်ယောက်က အစိုးရဘက်ကလည်း မဟုတ်ပါဘူး၊ စစ်ဘက်ကလည်း မဟုတ်ကြပါဘူး၊ ကျွန်တော်က စာရေးဆရာ သန်လျင်- မင်းကြည်လှိုင်ပါ၊ ဟောဒီ ကျွန်တော့်ရဲ့ တပည့် မောင်မောင်တိုးကတော့ စာပေဝါသနာပါတဲ့ လူငယ်ကလေးပါ၊ အခု ကျွန်တော်နဲ့အတူ ဒီရှမ်းပြည်မြောက်ပိုင်းကို ဘုရား



www.burmeseclassic.com

www.burmeseclassic.com

နားလိုက်ခဲ့တာပါခင်ဗျာ၊ ကျွန်တော်တို့ ဆရာတပည့်နှစ်ယောက်ကို ယုံပါဗျာ"

အသင့်ပါလာသော နိုင်လွန်ကြိုးဖြင့် ကျွန်ုပ်တို့ ဆရာတပည့်နှစ်ဦးကို အတင်းအဓမ္မ ချည်နှောင်နေကြသော ဓားပြငယ်သား ခြောက်ယောက်တို့၏ ရက်စက်မှုဒဏ်ကို မခံမရပ်နိုင်ဖြစ်၍ ကျွန်ုပ်၏ဆရာ သန်လျင်မင်းကြည်လှိုင်သည် သနားညှာတာလာအောင် ပြောဆိုနေရှာသည်။ ကျွန်ုပ်၏ စိတ်ထဲကမူ ယခုမှ သနားညှာတာလာအောင် ဘယ်လိုပင် ပြောနေသော်လည်း မရနိုင်ကြောင်း အလိုလိုသိရှိနေလေသည်။

"ကဲ- ဟေ့ကောင်တွေ ဒီလူနှစ်ယောက်ကို ဒီမှာထားခဲ့၊ စောစောက ငါပြောတဲ့အတိုင်း အထက်ကို တင်ပြချန်တဲ့လူတွေ တောထဲခေါ်သွားကြ"

ဓားပြဗိုလ်၏ အမိန့်ကြောင့် ဓားပြငယ်သား ခြောက်ယောက်တို့သည် ကျန်သည့် ဘုရားဖူးခရီးသည်တို့ကို လက်နက်ကိုယ်စီတို့ဖြင့် ချိန်ရွယ်၍ တောထဲသို့ ခေါ်ဆောင်သွားကြလေသည်။ ဤအချိန်တွင် ဓားပြဗိုလ်သည် ကျွန်ုပ်တို့ ဆရာ တပည့်နှစ်ယောက် အနားသို့ တိုးကပ်လာသည်။ ကျွန်ုပ်တို့ ဆရာတပည့်နှစ်ဦးလည်း တိုးကပ်လာသော ဓားပြဗိုလ်၏ အမူအရာကို ကြည့်ပြီး သေရမည့်အကြောင်းကို တွေးတွေးပြီး ကြောက်နေမိကြသည်။

"ဆရာ၊ ကျွန်တော့်ကို မှတ်မိနေတယ်ပေါ့၊ ဆရာ သန်လျင်က မဟုတ်လား"

ဓားပြဗိုလ်သည် ကျွန်ုပ်၏ဆရာ သန်လျင်မင်းကြည်လှိုင်ကို ရုတ်တရက် မေးချက်ထုတ်နေသည်။ ကျွန်ုပ်သည် ဓားပြဗိုလ်၏ မေးချက်ထုတ်မှုအပေါ်ကို မူတည်ပြီး အံ့ဩစိတ်တို့သည် တဖွားဖွားဖြစ်ပေါ်၍ လာနေသည်။ ကျွန်ုပ်၏ ဆရာ သန်လျင်မင်းကြည်လှိုင်နှင့် ဓားပြဗိုလ်တို့သည် ဘယ်အချိန် ဘယ်အခါက သိကျွမ်းခဲ့ကြမှန်းလည်း မသိပေ။

"ဟုတ် ဟုတ်ပါတယ်၊ ကျွန်တော်တို့ဆရာတပည့်နှစ်ယောက်က သန်လျင်ကပါ"

ကျွန်ုပ်၏ဆရာ သန်လျင် မင်းကြည်လှိုင်သည် ဝမ်းမြောက်ဝမ်းသာ ဖြစ်လာသည့် အမူအရာဖြင့် ဓားပြဗိုလ် မေးချက်ထုတ်ခြင်းကို အဖြေပေးလိုက်လေသည်။

"ဒါဆိုရင်ဖြင့် ဆရာ ကျွန်တော့်ရဲ့ ဟောဒီလက်ညှိုးကလေးကို မှတ်မိလို့ စိုက်ကြည့်နေတာပေါ့"

ဓားပြဗိုလ်သည် ခြောက်လုံးပြူးသေနတ်ကို ခါးကြားထဲသို့ ထိုးထားပြီး လက်တစ်ဆစ်ခန့် ပြတ်နေသည့်လက်ကို ကွေးလိုက်ဆန့်လိုက် လုပ်ပြနေရင်း သူ့အကြောင်းကို မိတ်ဆက်ပေးနေသည်။ နောက်ပြီး ကျွန်ုပ်တို့ ဆရာတပည့်နှစ်ဦးကိုလည်း ကြိုးဖြည်ပေးနေလေသည်။

"ဟဲ ဟဲ မင်းကို ငါသိပ်မှတ်မိတာပေါ့ကွာ၊ မင်းကို ငါကိုယ်တိုင် ငါတို့နေတဲ့ သန်လျင်သဘော်ဆိပ်ကမ်းနားမှာရှိတဲ့ သန်းသီတာ ထမင်းဆိုင်မှာ ထမင်းတစ်နပ်အဝကျွေးခဲ့ဖူးတဲ့ ကျေးဇူးရှင်လေ၊ အခုတော့ မင်းက ဓားပြဗိုလ်ကြီးလုပ်ပြီး ငါတို့ ဆရာတပည့် နှစ်ယောက်ကို စစ်ဘက်က လူတွေဆိုပြီး သတ်တော့မယ်ပေါ့"

ကျွန်ုပ်၏ဆရာ သန်လျင် မင်းကြည်လှိုင်သည် ရဲဝံ့စွာ ပြောဆိုနေတော့သည်။

"မဟုတ်ရပါဘူး ဆရာ၊ စောစောက ကျွန်တော့်တပည့်တွေ ယုံကြည်လာအောင် ပြောဆိုမိတာပါ ဆရာ၊ ဆရာက ကျွန်တော့်အပေါ် တကယ်ကျေးဇူးပြုခဲ့ဖူးပါတယ်၊ စောစောက ဆရာပြောတဲ့ ဇာတ်ကြောင်းတွေကို ကျွန်တော် အားလုံး မှတ်မိပါပြီဆရာ၊ အစက ကျွန်တော် သူတောင်းစားပါ၊ သူတောင်းစားဘဝကနေ ဒီရှမ်းပြည်နယ်ဘက်ကို ရောက်လာပြီး ဒီရှမ်းပြည်နယ်က သူပုန်အဖွဲ့နဲ့တွေ့လို့ စားစရာ၊ သောက်စရာ မရှိတာနဲ့ သူပုန်အဖွဲ့ထဲဝင်ပြီး အခုလို တပ်စိတ်တစ်စိတ်ကို ကိုင်တွယ်ရတဲ့ သူပုန်ဗိုလ်အထိ ဖြစ်လာတာပါ ဆရာ၊ ကျွန်တော့်ကို နားလည်ပေးပါဆရာ။

အခုတော့ ကျွန်တော်ဆရာ့ကို ကျေးဇူးဆပ်ခွင့်ရပြီပေါ့၊ ရော့ ဒီငွေငါးသောင်းတိတိ ယူသွားပြီး ဒီတောင်နှစ်လုံးကြားကနေ အမြန်ထွက်ပါ၊ ကျွန်တော်က ခြောက်လုံးပြူးသေနတ်နဲ့ ဘေးကိုလွှဲပြီး ပစ်ပေးပါ့မယ်၊ ဆရာတို့ ဆရာတပည့်နှစ်ယောက်က အမူအရာကောင်းကောင်းနဲ့ အော်ပေးပါ ဆရာ"

"ဒိုင်း ဒိုင်း ဒိုင်း. . ."

"အောင်မယ်လေး သေပါပြီဗျ၊ အား အား. . ."

ကျွန်ုပ်သည် ကျွန်ုပ်၏ ဆရာ သန်လျင် မင်းကြည်လှိုင်နှင့်အတူ တစ်လုတ်စားဖူး သူ့ကျေးဇူးကို လက်တွေ့ကျကျ ဆပ်တတ်သော ဓားပြဗိုလ်၏ လမ်းညွှန်ချက်အတိုင်း တောင်နှစ်လုံးကြားမှ ကားလမ်းဆီသို့ ထွက်လာခဲ့လေတော့သည်။

**ဝန်ခံချက်**- ဤဝတ္ထုတိုသည် ဆရာမင်းကြည်လှိုင်၏ ကိုယ်တွေ့ဖြစ်ရပ်အပေါ် မူတည်၍ ရေးသားထားသော ဝတ္ထုတိုဖြစ်သည်။

**သန်လျင် ရှင်လေး**

❑






www.burmeseclassic.com

www.burmeseclassic.com

# အောင်ဆန်းတို့ ရတနာရွှေမြေ



လင်းဦးရဲခေါင်



www.burmeseclassic.com

www.burmeseclassic.com



ကဗျာဆရာမကြီး 'နုယဉ်' က 'အမိဌာန်' ကဗျာတွင်- (ဗိုလ်ချုပ်အောင်ဆန်းသို့ ဦးညွတ်လျက်)၊ တိတိကျကျ သတ်သတ်မှတ်မှတ် ဖြစ်စေရန် ထိုသို့ လက်သည်းကွင်းထဲမှာ ဖော်ပြညွှန်းဆိုပြီး -

'မိုးနှင့်ပြိုင်၍
ဖြိုင်ဖြိုင်မျက်ရည်၊ သွန်းခဲ့သည်မှ
ခါလည်ကုန်ရွေ့၊ သည်ယနေ့လည်း
အောက်မေ့တရှူ၊ ရှေ့ပြည်သူတို့
ညီတူနှလုံး၊ ညှိုးချုံးမရှင်
တုန်ယင်ရှိုက်မောလျှက်သာတည့်'

မှာ၍ 'မြတ်သောကျဆုံး၊ ဇာနည်ထုံးကို၊ နှလုံးပိုက်ယူ၊ သိပါမူလည်း၊ လိုက်ဆူရင်မှာ၊ မဖြေသာရှင့်' အလွမ်းကုဋေ ဆင့်ဝေခဲ့ရသည်။

ကဗျာဆရာကြီး 'ထွဏ်းနေနွယ်' ကလည်း 'တစ်ခေတ်၏ တစ်ယောက်' ကဗျာထဲမှာ -

'ဆင်သေပါက
ဆင်မှဆင်စွယ်၊ ကျန်ရှိနှယ်သို့
လူ့နယ်လူသား၊ သေဆုံးသွားမူ
လူသားနာမည်၊ ကျန်ရစ်တည်အောင်
အညီကြိုးစား၊ ထမ်းရွက်သွားသည့်
လူသား 'အောင်ဆန်း'၊ တာဝန်ခန်းလျှင်
တဝှမ်းပြည်လုံး၊ ပြောမဆုံးအောင်
လွမ်းဖုံးခုတိုင် မမေ့နိုင်
ဇူလိုင် ဆယ့်ကိုး တိုင်လေတိုင်း'

ဟူ၍ 'ပြောာ် . . . သို့လိုလူသား၊ ရှာမှရှားမို့ လေးစားဂုဏ်ပြု' ခဲ့လေသည်။

၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်၊ အင်္ဂါနေ့ မြန်မာနိုင်ငံတော် တိုင်းပြုပြည်ပြုလွှတ်တော် ဒုတိယညီလာခံတွင် ဝန်ကြီးချုပ် သခင်နု မိန့်ခွန်းပြောကြားရာ၌ -

'. . . . . ဗိုလ်ချုပ် အသက်ရှင်စဉ် အခါကနေပြီး အသက်သေဆုံးသွားတဲ့ အခါတောင်မှ မြန်မာပြည်ရဲ့ လူထုအကျိုး၊ တိုင်းပြည်ရဲ့အကျိုးကို ဆောင်ရွက်နေပါသေးတယ်ဆိုတာ ကျွန်တော်တို့ ထင်ထင်ရှားရှား တွေ့ရပါတယ်။

ဒါပေမဲ့ ကျွန်တော်တို့ အင်မတန်ဝမ်းနည်းစရာကောင်းတဲ့ အချက်တစ်ခုက ဘာလဲဆိုရင် ကျွန်တော်တို့ ခေါင်းဆောင်ကြီးဖြစ်တဲ့ ဗိုလ်ချုပ်ဟာ သူလုပ်သွားတဲ့ အလုပ်ကြီး ပြီးခါနီး၊ ပန်းတိုင်ရောက်ခါနီး ဖြစ်နေတာကို သူကိုယ်တိုင် မတွေ့ရဘဲ မသမာတဲ့ ရန်သူတွေရဲ့ လက်ချက်နဲ့ ကျဆုံးသွားတာ အင်မတန် အသည်းနာစရာ ကောင်းပါတယ်။ အမှန်စင်စစ် ပြောရမည်ဆိုလျှင် တိုင်းပြည်ကြီး တာဝန်ကို ဗိုလ်ချုပ် မရှိတဲ့နောက် ကျွန်တော်တို့တစ်တွေ ထမ်းမထားဘူး၊ လုပ်ချင်တာ လုပ်နိုင်တဲ့ အခြေအနေမျိုး ထပ်ရောက်နေမယ်ဆိုရင် သည်အချိန် သည်အခါဟာ ဘာတွေဖြစ်နေမယ်ဆိုတာ မတွေးရဲ၊ မကြံစည်ရဲလောက်အောင် ဖြစ်နေပါတယ်။

အမတ်မင်းများလည်း သိတော်မူကြတဲ့အတိုင်း သည်လောက်အထိ ဗိုလ်ချုပ်ဟာ သူ့အလုပ်ကို လုပ်ပြီးသွားတယ်ဆိုတာ မြင်မသွားရတဲ့အတွက် သူချတဲ့လမ်းစဉ်ဟာ ပန်းတိုင်ရောက်သွားတာ မြင်မသွားရဘဲ မသမာတဲ့ ရန်သူ့လက်ချက်နဲ့ ကျဆုံးသွားရတာကို ကျွန်တော်တို့ အင်မတန် နစ်နာစရာကောင်းတဲ့အချက် ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ ဗိုလ်ချုပ်အပေါ်မှာ တကယ် သစ္စာရှိတယ်၊ တကယ် ချေးဇူး



www.burmeseclassic.com

www.burmeseclassic.com

ဆပ်ချင်တယ်၊ တကယ် တိုင်းပြည်လူထုအတွက် လုပ်ချင်တယ်၊ ကျေးဇူးတွေ ပြန်ဆပ်ချင်တယ် ဆိုရင်. . . . .'

ဟူ၍ ပြည့်ပြည့်စုံစုံ ခြေခြေမြစ်မြစ် မိန့်ခွန်းစကား ပြောကြားခဲ့သည်။

ထိုအခမ်းအနားမှာပင် ဦးကျော်ငြိမ်းကလည်း သခင်နုရဲ့ အဆိုကို ယခုလို ထောက်ခံသွားသည်။

'ဥက္ကဋ္ဌကြီးခင်ဗျာ၊ သခင်နု တင်သွင်းသွားတဲ့အဆိုကို ကျွန်တော် ထောက်ခံပါတယ်။ ကျွန်တော် ထောက်ခံရင်း ပြောရမည့်စကားက အားလုံး လွတ်တော်အမတ်မင်းများ ဝမ်းနည်းနေတဲ့ အချိန်အခါမှာ ကျွန်တော်ကိုယ်တိုင်လည်း စိတ်အင်မတန် ထိခိုက်နေတဲ့အတွက် ကျွန်တော် အနည်းငယ်ပဲ အစီရင်ခံလိုပါတယ်။. . . . .။

ကမ္ဘာ့ရာဇဝင်မှာ ကြည့်လို့ရှိရင် အခြားတိုင်းပြည်ကြီးတွေမှာလည်း တိုင်းပြည်ရဲ့အကျိုးအတွက် အသက်စွန့်ပြီးတော့ ဆောင်ရွက်နေရင်းမှာ၊ မိမိရဲ့ ရည်ရွယ်ချက် အောင်မြင်ခါနီးမှာ ဒုက္ခအမျိုးမျိုး၊ ဘေးရန်အမျိုးမျိုး၊ အန္တရာယ်အမျိုးမျိုး လွတ်လာပြီးမှ မမျှော်လင့်တဲ့ နေရာက၊ မမျှော်လင့်တဲ့ ရန်သူက၊ မမျှော်လင့်တဲ့ လူယုတ်မာလူဆိုးတွေက ပစ်သတ်လို့ သေရတဲ့ ထုံးတမ်းတွေ ရှိပါတယ်။. . . . .။

အဲသည်လို အမေရိကန်ပြည်မှာ အီဗရာဟမ်လင်ကွန်း သေတဲ့အတွက် နစ်နာခဲ့တာတွေ၊ အိုင်ယာလန်ပြည်မှာ လွတ်လပ်ရေးပန်းတိုင်ကို ရပြီးလို့ လွတ်လပ်ရေးနှင့်တိုင်းပြည်တည်ဆောက်ခါနီးမှာ ခေါင်းဆောင်ကြီး မိုက်ကယ်ကောလင်း သေရတဲ့အချက်တွေဟာ အဲသည်လို သေခဲ့ရတာကို သူတို့တိုင်းပြည်က နစ်နာတာတွေဟာ ကျွန်တော်တို့ တိုင်းပြည်မှာ ယခုလို ရုတ်တရက် ရှောင်တခင် ခေါင်းဆောင်ကြီး တစ်ဦးတည်း မဟုတ်ဘဲနှင့် ခေါင်းဆောင်ကြီးအမြောက်အမြား ရာဇဝင်မှာ မကြားစဖူး၊ မမြင်စဖူး ရက်ရက်စက်စက် အသေခံရတဲ့အတွက် ကျွန်တော်တို့ တိုင်းပြည် ဘယ်လောက်နစ်နာတယ်ဆိုတာ ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာတဲ့ အမတ်မင်းများသာ



မက တစ်ပြည်လုံး၊ တစ်နိုင်ငံလုံး၊ တစ်ကမ္ဘာလုံးက အသိ ဖြစ်ပါတယ်။

ယခုလို ကျွန်တော်တို့ ဆုံးရှုံးနစ်နာရတာဟာ၊ ရုတ်တရက် ရှောင်တခင်အားဖြင့် သည်လိုဖြစ်ရတာဟာ သဝဏ်လွှာတစ်စောင်မှာပါတဲ့ အတိုင်းပဲ မိုးကြိုးပစ်လိုက်သလိုပါ ကျွန်တော် အောက်မေ့မိပါတယ်။

အထူးသဖြင့် ဗိုလ်ချုပ်အောင်ဆန်း အမှူးရှိတဲ့ ကွယ်လွန်သွားတဲ့ ပုဂ္ဂိုလ်ကြီးတွေရဲ့ အကြောင်းကို ပိုပြီးတော့ သိရှိတဲ့၊ ပိုပြီးတော့ ရင်းရင်းနှီးနှီး လုပ်ခဲ့ဖူးတဲ့ လူတွေအတွက်မှာ သာပြီးတော့ စိတ်ထိခိုက်စရာ ရှိပါတယ်။. . .။

ကျွန်တော် မှတ်မိသေးတယ်၊ မနက်ဖြန်ခါကို ကျွန်တော်တို့ လူစုပြီး သန်ဘက်ခါကို ကျွန်တော်တို့ ဗမာတစ်ပြည်လုံးမ ဂျပန်စစ်တပ်တွေကို တိုက်ဖို့ ကြံစည်တယ်။ သန်ဘက်ခါလိုမှာ ဝ[illegible]အောင် မနက်ဖြန် မနက် လူစုခွဲ၍ သည်နေ့ ညနေလိုမှာ ကျွန်တော်တို့ နောက်ဆုံး တွေ့ကြတယ်။ ကျွန်တော် မှတ်မိသေးတယ်၊ ဗမာ့တပ်မတော်ထဲမှာ စစ်ဗိုလ်မှူးတစ်ဦး ဖြစ်နေတဲ့၊



www.burmeseclassic.com

www.burmeseclassic.com

ကရင်လူငယ်ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ ကာနယ် စောကြာဒိုးလည်း ရှိတယ်။ ဗိုလ်ဇေယျလည်း ရှိတယ်။

'ခင်ဗျားတို့၊ ကျုပ်တို့ မနက်ဖြန်ခါ ထွက်မယ်၊ အခု နောက်ဆုံး နှုတ်ဆက်တာပဲ၊ သည်တစ်ခါတော့ သေလျှင်လည်းသေ၊ မသေလျှင် ဗမာပြည်ကြီး လွတ်လပ်ဖို့ သေချာအောင် လုပ်ရမယ်' ဆိုပြီး မျက်နှာပြုံးပြုံးနဲ့ ပြောသွားတယ်။

သည်အချိန်အခါတုန်းက မသေရဘဲ ယခုလို အချိန်အခါမှ ပြန်းခနဲ သေရတာ အင်မတန် စိတ်နာစရာ ကောင်းတယ်။ အင်အားကြီးတဲ့ တစ်ဖက်ရန်သူတွေကို အမျိုးမျိုး မလျှော့တဲ့ လုံ့လ၊ အတိုင်းမသိတဲ့ စိတ်ဓာတ် အမျိုးမျိုးနဲ့ တိုက်ပြီးတော့ သည်အမြောက်တွေကြား၊ ဗုံးဆန်တွေကြား၊ သေနတ်တွေကြားထဲမှာ မသေဘဲနဲ့ ကိုယ့်နေရာဟောင်းဖြစ်ခဲ့တဲ့ နှစ်ပေါင်းငါးဆယ်ကျော် ခြောက်ဆယ် ဆုံးနေတဲ့ ကိုယ့်ခံတပ်ဟောင်းကို ကိုယ်ပြန်သိမ်းပြီးတော့ကာ အောင်ပွဲခံခါနီး အောင်လံလွှင့်ထူဖို့ ပြင်ဆင်နေတဲ့ အချိန်အခါမှာ ကိုယ့်လူမျိုးထဲက၊ မမျှော်လင့်တဲ့ နေရာက၊ ယုတ်မာတဲ့ သစ္စာဖောက် သုံးလေးယောက်ကနေပြီး လက်ပစ်ဗုံးနဲ့ပစ်တဲ့အတွက် စစ်ဌာနချုပ် တစ်ခုလုံး Headquarters ပျက်သွားရတာ အင်မတန် စိတ်နာစရာကောင်းတယ်။

ဗိုလ်ချုပ်အောင်ဆန်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် မှတ်မိသလောက်၊ ကျွန်တော် ပြောနိုင်သလောက်၊ ကျွန်တော် စိတ်နိုင်သလောက် အစီရင်ခံပြီးပါပြီ'

အထက်တစ်နေရာတွင် ရေးခဲ့ပါသည်။ 'ဆိုမြည်ငိုတမ်းခဲ့ကြသော မြန်မာပြည်သူလူထု၏ ဝမ်းနည်းကြေကွဲသံများကို အသံသွင်းထားမည် ဆိုပါက စကြဝဠာကြီးပင် ဆုံ့ပါမည်လား' ဟူ၍ ရေးခဲ့သည်။

ဟုတ်ပါသည်။ ထို အဆိုကို 'တည်'စေခြင်းငှာ လက်လှမ်းမီသလောက် အကိုးအထောက်ပြုကာ ကောက်နုတ်ဖော်ပြလိုက်ခြင်းပင် ဖြစ်ပါသည်။ ဆက်လက်၍ နေ့ပေါင်းများစွာ၊ ညပေါင်းများစွာ မနားတမ်း ရေးနေမည် ဆိုပါလျှင်လည်း နိဂုံးကမ္ပတ် အဆုံးသတ်နိုင်ဖွယ် မရှိပါချေ။

ဟုတ်ပါပြီ၊ ဤသို့ ဆိုလျှင် ဤမျှ လွမ်းဆွတ်တမ်းတဖွယ် ကောင်းလောက်အောင် မြန်မာနိုင်ငံနှင့် မြန်မာလူထုကြီးအတွက် ကျေးဇူးကြီးလှသော အမျိုးသားခေါင်းဆောင်ကြီး ဦးအောင်ဆန်း (ဗိုလ်ချုပ်အောင်ဆန်း)နှင့် ခေါင်းဆောင်ကြီးများကို ဘာကြောင့် ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ကြပါသနည်း" ဟူသော အမေးပြဿနာတစ်ရပ် ဤနေရာတွင် ပေါ်ပေါက်ခဲ့လေပြီ။

အကြောင်းဆက်စပ်လာ၍ ကမ္ဘာ့ရာဇဝင်နှင့် မြန်မာ့ရာဇဝင်ကို သုံးသပ်ကြည့်သောအခါ လုပ်ကြံသတ်ဖြတ်သော ဇာတ်လမ်းတို့သည် ကြောက်ဖွယ် အံ့မခန်း တင်းကျမ်းပြည့်နေကြောင်း တွေ့ရသည်။ စိတ်စက်မကြည်သာဖွယ်ရာ အနိဋ္ဌာရုံ ထိုဇာတ်လမ်းတို့ကို ထပ်ဆင့်မှတ်တမ်း မထိုးလိုပါချေ။ အများသူငါတို့သည်လည်း သိကြပြီးသားပင်ဖြစ်ပါသည်။ ပြောရမည်ဆိုလျှင် လောကီထုပ္ပတ် လူတို့ဇာတ်တွင်သာမက လောကုတ္တရာ သာသနာရေး၊ ဘာသာရေးဖြစ်သော ကမ္ဘာ့ဘာသာကြီး အသီးသီး၌ပင် လုပ်ကြံသတ်ဖြတ်ခြင်း အနိဋ္ဌာရုံဖြစ်ရပ်များ အားကြီးလှကြောင်း တွေ့ရမည် ဖြစ်ပါသည်။

လုပ်ကြံသတ်ဖြတ်ခြင်း အကြောင်းတရားတို့သည် ရှုပ်ထွေးပွေလီ ရှိလှသည်နှင့်အမျှ လုပ်ကြံသတ်ဖြတ်ခြင်း နည်းလမ်းတို့သည်လည်း အမျိုးမျိုး အဖုံဖုံ စုံလှသည်။ အကြောင်းတရား မည်မျှ ရှုပ်ထွေးပွေလီ၍ နည်းလမ်းတို့ မည်မျှ စုံလှသည်ဖြစ်စေ အကျိုးတရားသည်ကား တစ်ခုတည်းဖြစ်ကြောင်း လုပ်ကြံသတ်ဖြတ်ခြင်းတို့ကို လေ့လာသောအခါ အံ့ဩတုန်လှုပ်ဖွယ် တွေ့ရမည်သာ ဖြစ်သည်။ ထိုတစ်ခုတည်းသော အကျိုးတရားသည်ကား 'အကျိုးနည်းခြင်း' ဖြစ်ပါသည်။

ဤနေရာတွင် မကြာမီက အမှတ်မထင် ကြည့်မိလိုက်သော ရုပ်ရှင်ကားတစ်ကားကို သတိရမိလေသည်။ နိုင်ငံခြားရုပ်ရှင်ကား ဖြစ်ပါ၏။ အမှတ်မထင် ကြည့်မိသောကြောင့် ရုပ်ရှင်ကား နာမည်ကို အမှတ်မရတော့ပါ။ ဇာတ်ကား၏ ဆိုလိုရင်းအချက်မှာ မာယာတစ်သိန်း အပလိန်းအနန္တဖြင့် ညို့အားကောင်းလှသော မိန်းမတစ်ဦး၏ မာယာကွန်ရက်မှ ရုန်းမထွက်သာ ရှုံးချက်နာရသည့် ယောကျာ်းတစ်ဦး ကိုယ်ကျိုးနည်း (အကျိုးနည်း) ရပုံကို သင်ခန်းစာပေးလိုခြင်း ဖြစ်သည်။

လိုရင်းကို ပြောရသော် ထိုယောကျာ်းသည် ထိုမိန်းမ၏ တိုက်တွန်း လှုံ့ဆော်မှုကြောင့် ဘုရင်ကို လုပ်ကြံသတ်ဖြတ်





www.burmeseclassic.com

www.burmeseclassic.com

ထိုက်သည်။ ထိုယောက်ျားသည် ဘုရင်ကို သတ်နိုင်သောကြောင့် ဘုရင် ဖြစ်ရပေတော့မည်။ ထို့ကြောင့် 'အောင်ပြီ' ဟု ထိုသူ ကြွေးကြော်လိမ့်မည်ဟု ထင်မိပါက မှားပါသည်။

ကတ္တိယအဆိပ် မွှန်သောကြောင့်သာ လူသတ်မိသော်လည်း ထိုယောက်ျားသည် နဂိုအရင်းခံစိတ်ထား ကောင်းမွန်သူဖြစ်သည်။ ထို့ကြောင့်ပင် ထိုသူသည် ဘုရင်ကြီးကို သတ်ပြီးသောအခါ (တိတ်တဆိတ် လုပ်ကြံပြီးသောအခါ) 'ငါ့ဘဝရွှေရောင်အိပ်မက်များ နေရာ၌ အမှိုက်ပုံကြီး ဇနရာယူချေပြီတကား' ဟု မြည်တမ်းလေသည်။

လုပ်ကြံသတ်ဖြတ်ခြင်း၏ တစ်ခုတည်းသော အကျိုးတရားမှာ 'ရွှေရောင်အိပ်မက်များ ပျောက်ကွယ်ပြီး အမှိုက်ပုံကြီး ရောက်လာခြင်းသာ ဖြစ်ကြောင်း' ထိုရုပ်ရှင်က သင်ခန်းစာပေးခြင်း ဖြစ်ပါသည်။

ထိုရုပ်ရှင်မှပေးသော သင်ခန်းစာသည် အင်မတန်မှတ်သား သတိဆောင်စရာ ဖြစ်ပါသည်။ ကြားသိ ဖတ်ရှုရသမျှ လုပ်ကြံသတ်ဖြတ်ခြင်း ဇာတ်လမ်းတို့သည် တစ်ခုမျှ ဇာတ်သိမ်း မကောင်းကြပါ။ ဥပဒေအရ ပြင်းပြင်းထန်ထန် အာဏာကုန် အပြစ်ပေးခံကြရသည်။ ဘဝဇာတ်သိမ်း မလှကြပါ။ တချို့ အဖြစ်အပျက်များတွင် လောကီဥပဒေထက် သာလွန်သော၊ တစ်နည်းအားဖြင့် သာမန်ဉာဏ်ဖြင့် မသိမြင်နိုင်သော စီရင်ခံရခြင်းများ ရှိသေးသည်။ မြေမျိုခံရခြင်း၊ ကျိန်စာမိခြင်း၊ စိမ်ရေသင့်ခြင်း စသည် အမျိုးမျိုးရှိလေသည်။ (ဤနေရာတွင် အကျယ်ချဲ့ရန် မလိုအပ်၍ သိသာရုံ ဖော်ပြလိုက်သည်။)

တချို့က စောဒက တက်နိုင်ပါသည်။ ထိုသို့ ကျူးလွန်သူတချို့ လွတ်မြောက်သွားသည်မျိုး မရှိနိုင်ဘူးလား ဟူ၍။ အကြောင်းကြောင်းသော အကြောင်းကြောင်းများကြောင့် ထိုသို့လည်း ရှိနိုင်သည်။ သို့သော် အလွန်နည်းမည် ဖြစ်ပါသည်။ တစ်ခုတော့ ရှိသည်။ ထိုသို့ လွတ်မြောက်နေသူများသည် 'ရာဇဝတ်ဘေး ပြေး၍လွတ်' ဆိုစကားနှင့်အညီ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ပြစ်ဒဏ်ခံရမည်မှာ မလွဲပါပေ။ နောက်ဆုံး ပြစ်ဒဏ်မခံရဘဲ ကွယ်လွန်သွားသော် တမလွန်ဘဝတွင် 'ငရဲအကျဉ်းထောင်' ရှိနေသေးသည်ကို မမေ့အပ်ပါချေ။

ရှေးသရောအခါတွင် တစ်သက်လုံး မုဆိုးလုပ်စားလာသော မုဆိုးကြီး ကွယ်လွန်မည်ရှိသောအခါ ငရဲခွေးကြီးများကို အာရုံနိမိတ်၌ ထင်မြင်ကာ အော်အော်ဟစ်ဟစ် ညည်းညည်းညူညူ ဖြစ်ကြရပုံကို စာပေများတွင် ဖတ်ဖူးကြပါလိမ့်မည်။ မယုံ မရှိကြပါနှင့်ဟူ၍သာ စေတနာကောင်းဖြင့် အသိပေးပါရစေ။ အဟိတ်တိရစ္ဆာန်ကို သတ်ဖြတ်သူသည်ပင် ထိုသို့ အကုသိုလ်အကျိုးပေးသေးသည် ဆိုပါလျှင် လူသားစင်စစ် လူဇာတ်ဖြစ်သူအား (မတော်မတရား)သတ်ဖြတ်ခဲ့ပါမူ စဉ်းစားကြည့်ကြပါတော့ ဟူ၍သာ ပြောလိုပါသည်။

ထိုသို့ မကောင်းကျိုးကိုသာ ပေးမည်မှန်း သိပါလျက် လုပ်ကြံသတ်ဖြတ်သော အကုသိုလ်ဒုစရိုက်အမှုကို မည်သည့် အကြောင်းကြောင့် လုပ်ကြပါသနည်း။ မင်္ဂလာတရားတော်၌ ပြဋ္ဌာန်းထားသော 'အတ္တသမာပဏိဓိ' မင်္ဂလာကြီး ပျက်ယွင်းသောကြောင့် ဖြစ်ရလေသည်ဟူ၍သာ ပြောရမည်။ ဤမင်္ဂလာသည် မိမိကိုယ်နှင့်စိတ်ကို ကောင်းစွာ ပြုပြင်ဆောက်တည် နေထိုင်ခြင်းဖြစ်သည်။ ဤမင်္ဂလာနှင့် ပြည့်စုံသူသည် မင်္ဂလာအတော်များများ ပြည့်စုံပြီးဖြစ်ကြောင်း ဘုရားအစရှိသော သူတော်ကောင်းတို့ မိန့်ဆိုတော်မူကြပါသည်။

အမျိုးသားခေါင်းဆောင်ကြီး၊ လူထုခေါင်းဆောင်ကြီး ဦးအောင်ဆန်း (ဗိုလ်ချုပ်အောင်ဆန်း) နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အတွင်းဝန်နှင့် သက်တော်စောင့်တို့အား ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်ရန် စီစဉ်ညွှန်ကြားခဲ့သော ဂဠုန်ဦးစောနှင့် တပည့်လက်သား အပေါင်းပါများတို့သည် ထိုအတ္တသမာပဏိဓိ မင်္ဂလာတရားတော်ကြီး ဆိတ်သုဉ်းပျောက်ကွယ်ခဲ့သောကြောင့် မကြံအပ် မစည်ရာ လုပ်ကြံသတ်ဖြတ်မှုကြီးကို မျက်ကန်း တစ္ဆေမကြောက် ကျူးလွန်ခဲ့ကြခြင်း ဖြစ်လေသည်။

မည်သည့်အတွက်ကြောင့် မျက်ကန်းတစ္ဆေမကြောက် ပြောရပါသလဲ။ မျက်စိနှစ်ကွင်း အလင်းမရသောသူသည် ရှေ့တွင် မားမားကြီးရပ်နေသော တစ္ဆေကောင်ကြီးထံ ဦးတည်၍ ရင်ဆိုင်သွားနေခြင်းသည် သတ္တိရှိသောကြောင့် မဟုတ်ပေ။ ကြောက်မက်ဖွယ်ရာ အင်မတန် ကြီးမားသော တစ္ဆေကောင်ကြီးကို မမြင်သောကြောင့် ဆန်ကန်းတောတိုး သွားနေခြင်းသာ ဖြစ်သည်။ ထို့အတူ အသိဉာဏ်ပညာ ဆင်ခြင်တုံတရား ကင်းမဲ့သွားသော၊ အတ္တသမာပဏိဓိ မင်္ဂလာစက်ကြီး ပျက်ယွင်းသွားသော လူ့ဘဝသည် ကျရောက်လာမည့် ဘေးအန္တရာယ်ကို မြင်နိုင်စွမ်းမရှိတော့ဘဲ ဒုက္ခတွင်းနက်ထဲသို့ ဆင်းသက်ကြလေသည်။ တစ္ဆေကောင်ကို မမြင်မူ၍ ရှေ့တိုးသွားသောသူသည် တစ္ဆေကောင်၏ ဖမ်းဆီးစားသောက်ခြင်းကို ခံရသကဲ့သို့ ကျရောက်လာမည့် ဘေးအန္တရာယ်ကို မြင်နိုင်စွမ်းမရှိသော လူ့ဘဝသည်လည်း ဘေးအန္တရာယ်၏



www.burmeseclassic.com

www.burmeseclassic.com

ဝါးမျိုးစားသောက်ခြင်းကို ဆင်းရဲပင်ပန်းစွာ ခံစားရလေတော့သည်။ မိုက်တွင်းနက်လေလေ ဆင်းရဲတွင်းလည်း နက်လေလေဖြစ်ကြောင်း မှတ်သားကြရာသည်။

ယခု ဂဠုန်ဦးစောကို ကြည့်ပါလေ။ အကယ်စင်စင် ဦးစောသည် လူတော်တစ်ဦးဖြစ်သည်။ အတန်းပညာ ငါးတန်းမျှနှင့် အောက်တန်းရှေ့နေ စာမေးပွဲမျှကိုသာ အောင်ခဲ့သော ဦးစောသည် နန်းရင်းဝန်ရာထူးအာဏာကို ရယူနိုင်ခဲ့ပုံအား ထောက်ဆခြင်းဖြင့် ဦးစော တော်၊ မတော် ခန့်မှန်းနိုင်သည်။ ဦးစောလိုလူတော်တစ်ယောက်သည် လူကောင်းတစ်ယောက်လည်း ဖြစ်ခဲ့မည်ဆိုပါမူ အတိုင်းထက်အလွန် တံခွန်နှင့်ကုက္ကား ဆိုသကဲ့သို့ လျှမ်းလျှမ်းတောက် အောင်မြင်ကျော်ကြားမည်မှာ သေချာလှပေသည်။

သို့သော် ဦးစောသည် မိမိကိုယ်မိမိ ကောင်းစွာဆောက်တည်ခြင်း ဟူသော အတ္တသမာပဏိဓိမင်္ဂလာ ပျက်ယွင်းခြင်း၊ ပညာရှိသူတော်ကောင်းတို့၏ အမှီသဟဲကို မရရှိခြင်း ဟူသော သပ္ပုရိသူပနိဿယစက် ပျက်စီးခြင်းတို့ကြောင့် ငါးပါးတင်မက သံယာစင်ပါ မှောက်ခဲ့ရှာလေသည်။

အမျိုးသားခေါင်းဆောင်ကြီး ဦးအောင်ဆန်း (ဗိုလ်ချုပ်အောင်ဆန်း) နှင့် ဝန်ကြီးများ၊ အတွင်းဝန်၊ သက်တော်စောင့်တို့သည် မြန်မာနိုင်ငံတော်ကြီး လုံးဝ လွတ်လပ်ရေးရရှိရန် ကြိုးပမ်းအားထုတ်နေကြသော နိုင်ငံ့သားကောင်းများ ဖြစ်ကြသည်။ မြန်မာ့နိုင်ငံရေးလောကတွင် ထူးချွန်ထက်မြက်သူများ ဖြစ်ကြသည်။ ထိုပုဂ္ဂိုလ်ကြီးများ လုပ်ကြံသတ်ဖြတ်ခံရခြင်းသည် လှေလှော်ရင်း တက်ကျိုးရုံသာမဟုတ်၊ လှေလှော်ရင်း မီးလောင်သကဲ့သို့ မြန်မာပြည်အတွက် ကံဆိုးမိုးမှောင်ကျကာ ပြန်လည်ကုစားခွင့် မရနိုင်သော ဆုံးရှုံးနစ်နာမှုကြီး ဖြစ်လေသည်။ ထိုဆုံးရှုံးနစ်နာမှုကြီးသည် ယနေ့ထက်တိုင် မြန်မာပြည်ကို ကုပ်ခွစီးနေဆဲပင် ဖြစ်သည်။ အမျိုးသားခေါင်းဆောင်ကြီး ဦးအောင်ဆန်း(ဗိုလ်ချုပ်အောင်ဆန်း) တို့ လုပ်ကြံသတ်ဖြတ်ခံရခြင်းသည် ကမ္ဘာ့ရာဇဝင်တွင် အရက်စက် အကြမ်းကြုတ်ဆုံး လုပ်ကြံမှုကြီးအဖြစ် ကမ္ဘာ့မှတ်တမ်း အရေးထိုးခံခဲ့ရပါသည်။ မြန်မာပြည်လူထုကြီးသည်လည်း ထို လုပ်ကြံသတ်ဖြတ်မှုကြီးကို ပြန်ပြောင်းအောက်မေ့လေတိုင်း အသည်းစိုင်ကို ဆွဲကိုင်လှုပ်ယမ်းခံရဘိသကဲ့သို့ ယနေ့တိုင် တမြည့်မြည့် ခံစားနေရဆဲပင် ဖြစ်သည်။

အမျိုးသားခေါင်းဆောင်ကြီး ဦးအောင်ဆန်း (ဗိုလ်ချုပ်အောင်ဆန်း)တို့ လုပ်ကြံသတ်ဖြတ်ခံရခြင်းသည် တိုင်းပြည်ကိုပါ လုပ်ကြံသတ်ဖြတ်ခြင်း ဖြစ်လေသည်။ မစားရသည့်အမဲ သဲနှင့်ပက် ဆိုသကဲ့သို့ ဖျက်လိုဖျက်ဆီး အလုပ်ခံရခြင်း ဖြစ်လေသည်။

ထိုအချိန်၌ နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံအား မဖြစ်မနေ လွတ်လပ်ရေး ပေးရပေတော့မည်။ မြန်မာနိုင်ငံမှ ထွက်ရှိ ရရှိ ခံစားနေရသမျှ အကျိုးအမြတ် အဆီအနှစ်တို့ကို လက်လွှတ်ရပေတော့မည်။ နယ်ချဲ့အင်္ဂလိပ်တို့သည် အဆီတစ်ထပ်၊ အသားတစ်ထပ် စားမျိုနေရသော အမဲတုံးကြီးကို မိမိတို့ မစားရသောအခါ သူတစ်ပါး ကောင်းကောင်းမွန်မွန် စားပါစေဟူသော စေတနာဖြင့် တည်ခင်းကျွေးမွေးခဲ့သည် မဟုတ်ပါ။ မစားရသည့် အမဲအား သဲနှင့် ပက်ခဲ့ကြလေသည်။

ထိုအဆိုနှင့် ပတ်သက်၍ 'ဗိုလ်ချုပ်အောင်ဆန်းကို ဘယ်သူ သတ်သလဲ' စာအုပ်၊ စာမျက်နှာ ၃၆၀ တွင် ဤသို့ ရေးသားထားသည်။

'၁၉၄၈ ခုနှစ်၊ မေလအတွင်း ကြိုးပေးတဲ့နေ့က ရန်ကုန်မှာရှိတဲ့ ဗြိတိန်သံအမတ်က ဝိုက်ဟောသို့ လျှို့ဝှက်ကြေးနန်းစာတစ်စောင် ရေးခဲ့ပါတယ်။ အဲဒီ ကြေးနန်းစာဟာ နှစ်ပေါင်း ငါးဆယ်ခန့် မပေါက်ကြားသင့်သည့် စာအဖြစ် ထိန်းသိမ်းထားခံခဲ့ရပါတယ်။ လအနည်းငယ် အကြာမှာ နိုင်ငံခြားရေးရုံးက ဒီအစီအစဉ်ရဲ့ သုတေသနမှူးထံ ၎င်းစာအား ထုတ်ပေးရန် ဆုံးဖြတ်ခဲ့ပါတယ်။ ယင်းကြေးနန်းစာက ရဲအကြီးအကဲက သံအမတ်ကို ပြောပြချက်အား ထုတ်ဖော်ထားပါတယ်။ ကျွန်တော် ကိုးကားပြပါ့မယ်။

"လုပ်ကြံ သတ်ဖြတ်မှုမှာ ဗြိတိသျှတို့ ပူးပေါင်းကြံစည်မှုရှိတယ်ဆိုတာ ကျွန်တော်တို့ တကယ့်ကို ယုံကြည်နေကြောင်း၊ ရဲအကြီးအကဲက ဆာရယ်ဂျီနယ်ဒေါ်မန်စမစ်ကို သံသယရှိသူအဖြစ် ထောက်ပြခဲ့ကြောင်း၊ ကြားတွင် လှုပ်ရှားသူမှာ ရန်ကုန်ရှိ ဗြိတိသျှကောင်စီမှ ဘင်ဂလေ (Bingley) ဟု ခေါ်သည့်လူ ဖြစ်သည်ဟု သူ ယုံကြည်ကြောင်း"

အထက်ဖော်ပြပါ စကားရပ်များသည် ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရသည့် အနှစ်ငါးဆယ်မြောက်အဖြစ် ယူကေ (UK) တွင် ထုတ်လွှင့်ပြသခဲ့သော 'အောင်ဆန်းကို အမှန်တကယ် ဘယ်သူ သတ်သလဲ' မှတ်တမ်းရုပ်ရှင်ကားတွင်



www.burmeseclassic.com

www.burmeseclassic.com

အတ်ကြောင်းပြန်သူ ပြောကြားခဲ့သော စကားရပ်များ ဖြစ်သည်။

ထိုရုပ်ရှင်ကို ပြသရာ၌ မိနစ်ငါးဆယ် ကြာသည်။ သို့သော် ထိုရုပ်ရှင်ကို ပြသချိန်၌ သက်ဆိုင်ရာ ကာယကံရှင်များသည် ကောင်းကင်ဘုံ၌ ဘုရားသခင်ထံပါးတွင် အိပ်ပျော်နေကြပြီ ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းသည်ပင် သက်ရှိထင်ရှား ရှိနေသေးပါလျှင် အသက် ၈၂ နှစ် ရှိပေမည်။ ထိုရုပ်ရှင် ရိုက်ကူးရာတွင် မှိုင်းမြိုင်းကိုးကားသော အထောက်အထားတို့သည် 'ထိပ်တန်းလျှို့ဝှက်မှတ်တမ်း' အဖြစ် ထိပ်တန်းလျှို့ဝှက်ဌာန တစ်နေရာ၌ နှစ်ပေါင်းငါးဆယ် အိပ်မောကျနေခဲ့ပါသည်။

မည်သို့ပင်ဖြစ်စေ အမျိုးသားခေါင်းဆောင်ကြီး ဦးအောင်ဆန်း (ဗိုလ်ချုပ်အောင်ဆန်း)နှင့် ဦးဘဝင်း၊ မန်းဘခိုင်၊ စဝ်စံထွန်း၊ ဦးရာဇတ်၊ ဒီးဒုတ်ဦးဘချို၊ သခင်မြ၊ ဦးအုန်းမောင်၊ ရဲဘော်ကိုထွေးတို့အား လုပ်ကြံသတ်ဖြတ်သူ တရားခံများအဖြစ် ဂဠုန်ဦးစော၊ မောင်စိုး၊ မှုန်ကြီး၊ သက်နှင်း၊ စိန်ကြီး၊ ရန်ကြီးအောင်တို့ ခြောက်ဦးအား မသေမချင်း ကြိုးဒဏ်ပေးခဲ့သည်။ ဂဠုန်ဦးစော၊ မောင်စိုး၊ မှုန်ကြီး၊ သက်နှင်းတို့ လေးဦးကို ၁၉၄၈ ခု မေလ ရှစ်ရက် အရုဏ်တက်အချိန်တွင် အင်းစိန်အကျဉ်းထောင်၌ ကြိုးပေးခဲ့သည်။ စိန်ကြီးနှင့် ရန်ကြီးအောင်တို့ကို ရန်ကုန် ဗဟိုအကျဉ်းထောင်၌ တစ်နေ့တည်း တစ်ချိန်တည်း တစ်ပြိုင်နက် ကြိုးပေးသည်။ ခင်မောင်ရင်၊ သုခ၊ မောင်နီ (ဘိုနီ) တို့ကို သေဒဏ်မှ တစ်သက်တစ်ကျွန်းသို့ ပြင်ဆင်သတ်မှတ်သည်။ အစိုးရသက်သေ ဘညွန့် (ဖော်တောင် ဘညွန့်) ကို လွှတ်ပေးသည်။ 'အောင်ဆန်း' ဟူသော 'ကောင်ကလေး' သာ မရှိလျှင် ငါသာ နန်းရင်းဝန် ပြန်ဖြစ်ရမည် ဟူ၍ အလွန်အံ့ဩစရာကောင်းသော ရွှေရောင်အိပ်မက်ကြီး မက်ခဲ့သည့် ဂဠုန်ဦးစော၏ အာဏာပလ္လင်ထက်၌ အမှိုက်သရိုက်တို့ဖြင့် မုန်တိုင်းထန်ခဲ့လေပြီတကား။

အမျိုးသားခေါင်းဆောင်ကြီး ဦးအောင်ဆန်း (ဗိုလ်ချုပ်အောင်ဆန်း)တို့ ကျဆုံးပြီး ခြောက်ရက်အကြာတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဦးဘဝင်းတို့၏ မိခင် 'အမေစု' က ရေဒီယိုမှတစ်ဆင့် ဤသို့ ပြောကြားခဲ့ပါသည်။

> 'သားနှစ်ယောက်ကို မသမာသူ လူတစ်စုက လုပ်ကြံသတ်ဖြတ်သွားသည့် သတင်းကို ကြားသိရချိန်တွင် များစွာ အံ့ဩဝမ်းနည်းခြင်း ဖြစ်မိပါတယ်။ သားဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်းသည် သတ္တိမကောင်းသော ဤအမြုအမှုမျိုးကို ငယ်စဉ်အခါကပင် မလိုလား၍ များစွာ ရှုတ်ချလေ့ရှိတယ်။ လွန်ခဲ့သည့်နှစ်က မျိုးချစ်ခေါင်းဆောင်ကြီး ဦးစောကို သူခိုးကျင့် သူခိုးကြံ လူမသမာတစ်စုက ချောင်းမြောင်း၍ လုပ်ကြံပစ်ခတ်ခံခဲ့ရစဉ်က များစွာ ရှုတ်ချကဲ့ရဲ့စကားများ ပြောခဲ့တယ်။

မိမိထံကိုနယ်လှည့်လာရင်း ဝင်ကန်တော့စဉ်အခါက မိမိက စိုးရိမ်ကာ "လူဆိုတာ အထက်ရောက်နေလျှင် မနာလိုဖြစ်ပြီး မလိုသူများက မကောင်းကြံစည်တတ်တယ်၊ အစစ အရာရာ သတိထားပါ" ဟု ပြောမိသေးတော့ သူက "ဗျာ . . . ဘုရားတောင်မှ အတိုက်အခံ ရှိသေးတာပဲ၊ အမှန်မှာတော့ ကိုယ်ကသာ လမ်းမှန်ဘက်က နေပြီး အကြောင်းမှန်ကို ကိုယ်က လက်ကိုင်ထားရင် ဘာမှ ကြောက်စရာ မရှိပါဘူး၊ စစ်တိုက်တုန်းကတောင် မသေခဲ့သေးတာ၊ မစိုးရိမ်ပါနှင့်၊ တိုင်းပြည်လူထုဟာ အရင်လို မဟုတ်ဘူး၊ အခု ဝေဖန်တတ်လာပါပြီ" ဟု အားရပါးရ ရယ်မော၍ ပြန်ပြောခဲ့ပါသေးတယ်။

အောင်ဆန်းဟာ ငယ်ငယ်လေးကစပြီး မှန်တေတေနှင့် ဘာလေးပဲလုပ်လုပ် စိတ်ပါလက်ပါ လုပ်လေ့ရှိတယ်။ ဘဝင်းကတော့ သူ့လို မဟုတ်ဘူး၊ အမြဲ အေးစက်စက်နှင့် စကားပြောနည်းတယ်။ အခုတော့ အောင်ဆန်းဟာ သူအလွန်မုန်းတီးရွံရှာတဲ့ ချောင်းမြောင်း လုပ်ကြံတဲ့နည်းနဲ့ပဲ သေလွန်သွားရှာတယ်။ တိုင်းပြည်တစ်ခုလုံး ပူဆွေးတာတွေ ကြားရ၊ မြင်ရတော့ သားနှစ်ယောက် ဆုံးရတဲ့ စိတ်မချမ်းသာမှုနဲ့ အတူ ကျဆုံးကြသူ အပေါင်းပါ သူ့လုပ်ဖော်ကိုင်ဖက်တွေရဲ့ ကျန်ရစ်ခဲ့တဲ့ ဆွေမျိုးတစ်စုဟာ အဒေါ်နဲ့ ကံတူအကျိုးပေးပေါ့။

တိုင်းပြည်က ဒါလောက် အားထားလေးစားကြည်ညိုတဲ့ သားတွေကို မွေးထုတ်ရလို့ ဂုဏ်ယူမိပေမယ့် ငယ်ငယ်ရွယ်ရွယ် အသေဆိုးနဲ့ သေသွားကြတာကိုတော့ သနားပြီး ယူကျုံးမရဖြစ်မိတယ်။





www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံး မှာကြားလိုတာကတော့ သေတဲ့လူတွေလည်း သေကုန်ကြပြီ၊ လူဆုံးရုံမက တိုင်းပြည်ရဲ့ အခွင့်အရေးတွေလည်း မဆုံးရှုံးဖို့နှင့် သူ့ကို အားကိုးပြီး လေးစားကြသလို နောက်တက်လာတဲ့ ခေါင်းဆောင်များရဲ့ ညွှန်ကြားချက်ကို လေးလေးစားစားနှင့် လိုက်နာပြီး'လိုလားတဲ့ ခရီးကို ရောက်ရင်ဖြင့် အဒေါ်မှာ ခံစားရတဲ့ သားနှစ်ယောက် ဆုံးရတဲ့ အပူမီးဟာ ငြိမ်းတန်သလောက် ငြိမ်းပါလိမ့်မယ်လို့ မျှော်လင့်ပါတယ်'

အမေစု (ဗိုလ်ချုပ်အောင်ဆန်း၏မိခင်) ၏ စကားသံကို ပြန်လည်ကြားယောင်ရင်း ယခုအခါမှာသာ အမေစု ရှိခဲ့ပါလျှင် မည်သည့်စကားတို့ကို ပြောကြား ဆုံးမလိမ့်ဦးမည်နည်းဟု တွေးမိရလေသည်။

၁၉၄၇ ခုနှစ်၊ ဩဂုတ် နှစ်ရက်နေ့တွင် ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်က လူထုထံ ပန်ကြားလွှာ ထုတ်ပြန်ခဲ့ပါသည်။

'ကျွန်မရဲ့ ခင်ပွန်းသည်ဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းဟာ တိုင်းပြည်နဲ့လူမျိုးအတွက် ကြိုးပမ်းရင်း လမ်းခုလတ်တွင် ကျဆုံးခဲ့ရပါတယ်။ အခု သူ့ ကွယ်လွန်သွားတော့ သူ့ကို ပြုစုရမယ့်အစား သူချခဲ့တဲ့ လမ်းစဉ်မှ ပါဝင်နိုင်တဲ့ဘက်တွင် ပါဝင်ပြီး သူချန်ခဲ့တဲ့ သူ့သွေး သူ့သား မိမိရဲ့ ရင်သွေးကလေးတွေကို အဖေ့သားပီပီ ခြေရာနင်းနိုင်အောင် ပျိုးထောင်ပေးတော့မယ်လို့ ဆုံးဖြတ်ပါတယ်။ လူထုကို ကျွန်မ ပြောလိုတာကတော့ မိမိတို့ အားကိုးယုံကြည် လေးစားတဲ့ ခေါင်းဆောင်ကြီးကို ရက်စက်စွာ လုပ်ကြံမှုကြောင့် ဒေါသထွက် စိတ်ဆိုး၍ စိတ်လိုက်မာန်ပါလုပ်မှုကို ရှောင်ကြဉ်၍ သူချခဲ့သော လမ်းစဉ်အတိုင်း တစ်သဝေမတိမ်း လိုက်နာကျင့်ဆောင်ကြပါ' စသည်ဖြင့် ထည့်သွင်း ပန်ကြားခဲ့လေသည်။

အမျိုးသားခေါင်းဆောင်ကြီး ဦးအောင်ဆန်း (ဗိုလ်ချုပ်အောင်ဆန်း)တို့ လုပ်ကြံခံရသောအခါ 'ရန်ကုန်သတင်းစာ'က ဤသို့ ဖော်ပြလိုက်လေသည်။

'ယနေ့ကား ဗမာ့ရာဇဝင်တွင် အရိုင်းဆုံးသော နေ့တည်း။ ငါတို့၏ နှလုံးကား ကြိမ်မီးအုံးသို့ ညှိုးချုံးပင်ပန်း စိတ်မချမ်း ရှိလှချေတော့သည်။ ဗမာ တစ်မျိုးသားလုံး အရှုံးကြီး ရှုံးရလေတော့သည်တကား။'

၁၉၄၇ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်ထုတ် ဒီးဒုတ်ဂျာနယ် အတွဲ ၂၁၊ နံပါတ် ၈ ၌ ဖော်ပြခဲ့သည့် 'အို . . . ဗိုလ်ချုပ်၊ အသင့်အား ဘယ်သောအခါမှ မေ့နိုင်ပါမည်နည်း' ခေါင်းစဉ်တပ်ထားသော စာတမ်းသည် အလွန် ထူးခြားသော တန်ဖိုးများ ပါဝင်နေပါသည်။ ရေးသားသူ နေရာ၌ 'တောင်တန်းနယ် မြန်မာဂျင်းဖောလူထု' ဟု ဖော်ပြထားသည်။

'အို . . မြန်မာပြည်မကြီးနှင့် တောင်တန်းနယ်သားများကို ကျွန်သက်ရှည်ရေး အဖြစ်မှ ကယ်ဆယ်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်းအား တောင်တန်းနယ်သူ နယ်သားများနှင့် ဂျင်းဖောတို့၏ စိတ်နှလုံးထဲတွင် ဓကန်တစ်ခုတည်းသာလျှင် ပုဂ္ဂိုလ်စွဲ ချစ်ကြည်လေးစား အားထားကာ လွတ်လပ်ရေးပွန်းတိုင်သို့ ပျော်ရွှင်ကခုန်လျက် တိုက်လာရဘိအလား ယူဆခဲ့ကြပါသည်။

ဦးအောင်ဆန်းအား ကျေးဇူးတင်လှသဖြင့် ဤလွတ်လပ်ရေးကိစ္စ အဝဝများ ဆုံးခန်းရောက်ခဲ့လျှင် တောင်တန်းနယ်တွင် အလှအပဆုံး မြေလွတ်တောင်ကုန်းမြင့် တစ်ခုကို ရွေးချယ်ထားလျက် တောင်တန်းနယ်ရှိ ကျောက်လုံးအိမ်ဖြင့် တည်ဆောက်သော တင့်တယ်လှပသည့် အိမ်ဖြူတော်နှင့် ဗိုလ်ချုပ်ကို ကျေးဇူးဆပ်ရန် လျာထားခဲ့ပါ၏။

အမေရိကန် ဝါရှင်တန်မြို့တို့လို မြင့်မောက်စွာရှိသော တောင်ကုန်းမြင့်တွင် အိမ်ဖြူတော်နှင့် စံပယ်သည့်အလား ဗိုလ်ချုပ်ဦးအောင်ဆန်းကိုလည်း တောင်တန်း တောင်ကုန်းမြင့်ပေါ်တွင် အိမ်ဖြူတော်နှင့်သာ နေလိမ့်နိုးနှင့် မျှော်ကိုးခဲ့လေသမျှ သဲရေကျ ဖြစ်ရလေပြီ။ မျှော်လင့်ချက်ဆုံးရလေပြီ။ တောင်တန်းနယ်သား ဂျင်းဖောများ အသည်းကား ကွဲရလေပြီ။ 'အနှစ်တစ်ထောင်တိုင်သော်လည်း မမေ့နိုင်ပြီ။ တောင်တန်းနယ်ရှိ ကျောက်စိမ်း၊ ကျောက်နီ၊ ပယင်း၊ ရွှေစီခြယ်သည့် ကမ္ဗာသိ ဖြစ်ရမည့်အားကို ပေးဆက်ရန် လျာထားခဲ့ပါ၏။ ဤအားကို ဘယ်သူလာ၍ ကိုင်မည်နည်း။

www.burmeseclassic.com

တောင်တန်းနယ်ကို အရေးပေးခဲ့သော ဦးအောင်ဆန်းကို တရင်း ငိုရင်းနှင့် ဤစာကို ရေးသည်မှာကား မင်ရည်မထင်၊ နှလုံးသွေးနှင့် မျက်ရည်ရော၍ ရေးရပါသည်။

လွတ်လပ်ရေး ရပြီးလျှင် တောင်တန်းနယ်တွင် မြေပိုင်ရှင်၊ သတ္တုတွင်းရှင် တောင်တန်းသားများက ခေါ်ထားပါသည်။ ဗိုလ်ချုပ်က "ကျွန်တော် ယခုလို ရက်တိုတိုတွင်း နေရတာ စိတ်မကျေသေးပါ၊ တောင်တန်းနယ်၌ ကြာကြာလာနေပါမည်၊ တောင်ကြိုတောင်ကြား လျှောက်သွားပါဦးမည်" ဟု ရွှင်ရွှင်ပြုံးပြုံး ပုလဲလုံးသဖွယ် စီတန်းပြီး သွားကလေးများပေါ်အောင် ချိုသာသော မိန့်ခွန်း ပြောသွားခဲ့ပါသည်။

ဗိုလ်ချုပ်အချစ်တော် စောထောင်လှမောင်ကလည်း ဝမ်းနည်း လှိုက်လှဲတသ ငိုယိုနေပါတော့သည်။ တောင်တန်းက ဗိုလ်ချုပ်ကို ဘယ်မျှ အားကိုးအားထား ချစ်ကြည်လေးစားကြောင်း ဗိုလ်ချုပ်ဝိညာဉ်နှင့် လဲစေချင်ပါသည်။ တောင်တန်းသားတွေ၏ ကျေးဇူးရှင် ဗိုလ်ချုပ်ကို သတ်သောသူသည် ဘယ်အမျိုးမှ ပေါက်ဖွားပါသနည်း။ မြန်မာပြည် ချက်မြှုပ်မှ ဟုတ်ပါရဲ့လား၊ မြန်မာပြည်ထွက် ဆန်စပါးကို စားဖူးပါရဲ့လား၊ မြန်မာ့ရေကို သောက်ဖူးပါရဲ့လား၊ ကျေးဇူးကန်းလှချေတကား။'

ပြောခဲ့ပါသည်၊ ရေးခဲ့ပါသည်၊ အထက် တစ်နေရာတွင် ပြောခဲ့၊ ရေးခဲ့ပါသည်။ 'ဆိုမြည်ငိုတမ်းခဲ့ကြသော မြန်မာပြည်သူ လူထု၏ ဝမ်းနည်းကြေကွဲသံများကို အသံသွင်းထားမည် ဆိုပါက စကြဝဠာကြီးပင် ဆံ့ပါမည်လား' ဟူ၍ ပြောခဲ့ ရေးခဲ့ပါသည်။

ဆရာ မောင်ထင် ရေးသားသော 'ဗမာ့အောင်ဆန်း (ပထမပိုင်း)' တွင် ရေးသားထားချက်များထဲမှ ကောက်နုတ်ချက် တစ်ရပ်ကို ဖော်ပြလိုသည်။ ဤသို့ ဖြစ်ပါသည်။

'သူသည် အခြေခံ သဘောတရားအားဖြင့် စိတ်ကူးယဉ်သမား ဖြစ်၏။ အောင်ဆန်းကို နိုင်ငံရေးကြိုးပမ်းမှု အဖြစ်ဖြင့် ပက်ပင်းပါ တွေ့လိုက်ရသူများအဖို့ သူသည် အရိုင်းပကတိနှင့် တူကောင်း တူပေလိမ့်မည်။ ဥပမာ- ဒဂုန်တာရာ၏ အောင်ဆန်းအရိုင်း သံဒိပ်ကိုကြည့်၍ ရိုင်းသည်မှာ မှန်ပေလိမ့်မည်။ တိုက်ခြင်း ခိုက်ခြင်းသည် အရိုင်းဘဝ၏ လုပ်ငန်းစဉ် ဖြစ်၏။ မလွတ်လပ်သေးသော ဘဝ၌ ကျွန်ုပ်တို့ တိုက်ရ ခိုက်ရဦးမည် သာဖြစ်၏။ ထိုတိုက်ခိုက်နေသော အခိုက်အတန့်၌ ကျွန်တော့်အား 'လူယဉ်ကျေး' ဟု ထောမနာပြုလျှင် ကျွန်တော်သည် ဆဲသည်ထက် နာမည်ဖြစ်၏။ ကျွန်တော် ထင်သည်။ အောင်ဆန်း တိုက်ပွဲဝင်နေစဉ် သူ့အား 'လူယဉ်ကျေး' ဟု ကျွန်ုပ်တို့က ခေါ်ဝေါ်လျှင် သူလည်း ဒေါဖောင်းမည် ဖြစ်၏။ သို့သော် သူ၏ ပဋိသန္ဓေစိတ်ကို အကဲခတ်ကြည့်လျှင် အနုပညာ၌ မွေ့လျော်လိုသော စိတ်ကူးယဉ်သမားတစ်ယောက် ဖြစ်ကြောင်း တွေ့ရှိကြပေလိမ့်မည်။'

ဟုတ်ပါသည်။ အမျိုးသားခေါင်းဆောင်ကြီး ဦးအောင်ဆန်း (ဗိုလ်ချုပ်အောင်ဆန်း)သည် မြန်မာနိုင်ငံ လွတ်လပ်ရေး ရပြီးလျှင် နိုင်ငံရေးလောကမှ အနားယူကာ 'စာရေးမည်' ဟု စိတ်ကူးယဉ်ခဲ့သူ ဖြစ်ပါသည်။ ဂျင်းဖော့တို့ ဆောက်လုပ်ပေးမည့် တောင်တန်းပေါ်ရှိ တောင်ကုန်းမြင့်ပေါ်မှ ကျောက်တုံးအိမ်ကလေးတွင် အေးအေးချမ်းချမ်း နေထိုင်ကာ ဘဝတစ်လျှောက် ဖြတ်သန်းလာရသော ဘဝအတွေ့အကြုံများကို ရေးသားမည်ဟု စိတ်ကူးအယဉ်ကြီး ယဉ်ခဲ့လေသော 'စာရေးဆရာ ကိုအောင်ဆန်း' သည် ယခု မသမာသူ လူသတ်သမားတို့၏ ဆန်ကောလောက်မှ ဖောက်မနက်သည့် အကြံဆိုးအကြံယုတ်ကြောင့် ကြေကွဲဖွယ်ရာ ရေတိမ်တွင် နစ်ခဲ့ရပေပြီ။ လွမ်းတပူဆွေးနေသော နိုင်ငံတော်သည် လည်ပင်းပြတ်သော ကြက်ပမာ သွေးရူးသွေးတန်း ချာလပတ်ယမ်းခဲ့လေပြီ။

'စာဖတ်သူ စိတ်ပျက်မသွားပါနှင့်၊ အနိမ့်ဆုံး သူလို လူဆန်တဲ့ လူတစ်ယောက်တော့ ဖြစ်လာမှာပါ။ သူ မသေပါဘူး။ လူတွေ ရှိနေသေးသရွေ့ သူ ရှင်နေမှာပါ။ စာဖတ်သူ နောက်တစ်ယောက် စုကာ ဆွေးနွေးကြပါ။ သူနှင့်တူတာတွေ ချိန်ထိုး (Compare) လုပ်၊ မတူတာ နှိုင်းယှဉ် (Con-trast) နိုင်ဖို့ သူနှင့်ခေတ်ပြိုင် နိုင်ငံရေးသမားတစ်ယောက်ချင်း မှတ်ချက်အတိုလေးတွေ လက်ဆောင် ထည့်ပေးလိုက်တယ်။ ရွာထဲ၊ ရပ်ကွက်ထဲ သို့မဟုတ် လမ်းထိပ်တစ်နေရာရာမှာ သူ ရှိနေပါ



www.burmeseclassic.com

www.burmeseclassic.com

လိမ့်မယ်။ စုပြီး၊ ခွဲပြီး၊ တွဲပြီး ရှာ၊ ဇွဲကောင်း
ကောင်းနှင့် ရှာ၊ တစ်နေ့ မဟုတ် တစ်နေ့၊
တစ်နှစ် မဟုတ် တစ်နှစ်၊ တစ်ခေတ် မဟုတ်
တစ်ခေတ် တွေ့မှာ မုချ။ လူတွေကြားက လူ
အောင်ဆန်း၊ လူတွေကြားမှာသာ သူရှိ၏။'

(ဝင်းအောင်ကြီး၊ 'လူတွေကြားက
လူအောင်ဆန်း'မှ)

ဟုတ်ပါသည်။ ကျွန်တော်တို့ တစ်ယောက်ချင်း တစ်ယောက်ချင်းသည် 'အောင်ဆန်း' ဖြစ်ရမည်။ ဖြစ်ခွင့် ရှိသည်။ အောင်ဆန်းအတု မဟုတ်၊ အောင်ဆန်း အစစ်။ အမျိုးသား ခေါင်းဆောင်ကြီး ဦးအောင်ဆန်း (ဗိုလ်ချုပ်အောင်ဆန်း)၏ အန္တိမ ရည်မှန်းချက်မှာလည်း ကျွန်တော်တို့ကို 'အောင်ဆန်း' တွေ ဖြစ်စေချင်ခဲ့ပါ၏။ ကျွန်တော်တို့အားလုံး 'အောင်ဆန်း' (စစ်စစ်) ဖြစ်ခဲ့ပြီဆိုလျှင် မြန်မာပြည်၌ ရွှေမိုး၊ ငွေမိုး၊ ရတနာမိုး တွေ ရွာသွန်းဖြိုးစေရမည် ဧကန် မုချ။

ဆရာ 'မင်းသုဝဏ်' သည် ၁၉၆၄ ခုနှစ်၊ အာဇာနည်နေ့တွင် 'ဗိုလ်ချုပ်အောင်ဆန်း (အတိတ်နှင့် ပစ္စုပ္ပန်)' ကဗျာကို ဤသို့ ရေးဖွဲ့ခဲ့လေ၏။

'မသိ၍ ဆို
မလို၍ ပြော။
သူ့စိတ်မှာ အလွန်ယဉ်လို့
သူ့ဉာဉ်မှာ အလွန်သန့်တယ်
ထူးချွန်သဘော။
မသိ၍ ထင်
မမြင်၍ ပြော။
သူ့ဝိညာဉ် မသေပျောက်ပါဘူး
မိုးပေါက်လို အစဉ်ကြည်လို့
နေခြည်လို အစဉ်လန်းကာ
ဖျန်းဆွတ်စိတ်စော။'

အမျိုးသားစာဆိုကြီး ဆရာ'ဇော်ဂျီ'ကလည်း 'သခင်အောင်ဆန်းတရား' ကဗျာအမွှန်အမြတ်ကို ဤသို့ ရေးသားစပ်ဆိုခဲ့ပါ၏။

'ငါ့ညီပြောင်ဝင်း မောင်သစ်ဆင်း
မင်း၏သားငယ်၊ မင့်သက်လှယ်ကို
အဘယ်တရား ဟောမည်နည်း။
ဆန်း၏သတ္တိ၊ ဆန်း၏သမာဓိ၊ ဆန်း၏ပညာ
ဟောစရာကား၊ အလွန်များ၏
မင့်သားအရွယ်၊ သက်နှစ်ဆယ်တွင်
လူငယ်အောင်ဆန်း၊ သူ့အစွမ်းကို
ပန်းကောင်းတစ်ပွင့်၊ ပန်ဆင်တင့်သို့
မင့်သား သိစေချင်လှ၏။
သူ့အစွမ်းကား၊ အခြေမဟုတ်
အအုပ်ချုပ်ခံ၊ မျိုးခြားဒဏ်မှ
မြန်မာ့လွတ်လမ်း၊ ခရီးကြမ်းဝယ်
ဗန်းပြအလှ၊ ဝကာသနကို
ပြာချလောင်မြိုက်၊ သူမီးတိုက်၏
ခေတ်လိုက်ခါညီ၊ ခေတ်မီပညာ
ကြုံရာဘဝ၊ ဇတလုံလောက်
ခံမြို့ဆောက်၏။
ထို့နောက်တစ်ဆင့်၊ မိုးထိလွင့်အောင်
ရိုးကျင့်မြင့်ကြဲ၊ သူ့အလံတည့်
ပျံတလူလူ၊ သူထူခဲ့ကြောင်း
ခေါင်းဆောင်သဘော၊ မင့်သားချောကို
ပြောလိုက်ပါဘိ၊ ဟောပါဘိ။'

'အောင်ဆန်း' ဟူသည် ထို'အောင်ဆန်း' ဖြစ်ပါ၏။ ထို'အောင်ဆန်း'တွေသာ မြန်မာနိုင်ငံတော်မှာ ရှင်သန်နိုးကြားလာကြလျှင် -

တရားမျှတ လွတ်လပ်သော တိုင်းပြည်
အေးအတူ ပူအမျှ ဝါဒဖြူစင်သော တိုင်းပြည်
များလူခပ်သိမ်း ငြိမ်းချမ်းသာယာသော တိုင်းပြည်
ဒါ ဒို့မြေ ဒါ ဒို့ပြည် ဒို့ပိုင်တဲ့ပြည်
'အောင်ဆန်း' တို့ ရတနာရွှေမြေ။
'အောင်ဆန်း' ဘယ်တော့မှ မသေ။

အမျိုးသားခေါင်းဆောင်ကြီး ဦးအောင်ဆန်း
(ဗိုလ်ချုပ်အောင်ဆန်း)နှင့်တကွ အာဇာနည်
ခေါင်းဆောင်ကြီးများအား ရိုသေစွာဦးညွှတ်လျက်

**လင်းဦးရဲခေါင်**

❑





www.burmeseclassic.com

www.burmeseclassic.com

# ကျွမ်းရော်သေနင်

အောင်သာကျော်



မဟူရာညသည် တိတ်ဆိတ် ငြိမ်သက်ခြင်း ဇာပဝါကို လွှမ်းခြုံလို့ ထားသည်။ လူနေအိမ်ခြေများနှင့် အတော်လေး အလှမ်းကွာဝေးလျက်ရှိသည့် နေရာပင် ဖြစ်သည်။

လူနေအိမ်ခြေများ စိပ်လှသည့် ရွာ၏တောင်ဘက်ဆုံးတွင် ပျဉ်ထောင်အိမ်ကြီးတစ်လုံး ထီးထီးမားမား ရှိနေသည်။ အိမ်ကြီးက ကြီးမားကျယ်ပြန့်ကာ ခမ်းနားထည်ဝါလွန်းလှသည်။အောက်ခံတိုက်ဖြစ်သဖြင့် အောက်ထပ်က နီရဲသော အရောင်ရှိပြီး အပေါ်ထပ်မှာ ရေနံချေးဝလွန်းလှသည့် သရုပ်အဖြစ်နက်မှောင်လို့နေသည်။

ရွာထဲမှာ လူအတော်များများကမူ အိမ်မည်းကြီးဟု သုံးနှုန်းပြောဆိုလေ့ရှိကြသည်။ အိမ်ကြီးကို မြင်လိုက်ရသည်နှင့် ကျွန်တော်နှင့် ကျွန်တော့်တပည့်ကျော်ယဉ်ထွေးတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိရင်း ယဉ်ထွေးက -

"ဆရာရေ၊ ကျွန်တော်တို့ တည်းရမယ့် အိမ်ကြီးကတော့ အပျံစားပဲနော်"ဟု စကားစလာသဖြင့် ကျွန်တော်ပြုံးလိုက်မိရင်း -

"ရွာက လူကြီးတွေက ပြောတာတော့ ဒီတိုက်ကြီးက ဗြိတိသျှ လက်ထက်ကတည်းက ရန်ကုန်က တာဝန်ရဲ



www.burmeseclassic.com

www.burmeseclassic.com

လာကြတဲ့ ဌာနဆိုင်ရာ အရာရှိတွေ တည်းခိုဖို့အတွက် ဆောက်ထားတာတဲ့" ဟု ပြောဖြစ်မိသည်။

လျှပ်စစ်မီးကလည်း လင်းနေသည်။ ယိုအိမ်ကြီးတွင် သုံးပတ်ကြာ တည်းခိုနေထိုင်ရမည် ဖြစ်သည်။

ညနေစောင်းကမှ ရန်ကုန်က ရောက်လာခဲ့ကြသည့် ကျွန်တော်နှင့် ကျွန်တော့်တပည့်ကျော် ယဉ်ထွေးတို့ကို ရွာခံလူကြီးများက လိုက်ပို့ပေးသဖြင့် ရောက်လာဖြစ်ကြခြင်း ဖြစ်သည်။

ကျွန်တော်တို့ အိမ်ကြီး၏တံခါးဝသို့ ရောက်သည်နှင့် ရွာလူကြီးတစ်ဦးဖြစ်သည့် ဦးဘဟန်က -

"ကဲ ကဲ ဆရာတို့၊ အေးအေးဆေးဆေး အနားယူလိုက်ကြပါဦး၊ ရေမီး အစုံအလင်ရှိပါတယ်၊ တခြားလိုအပ်တာတွေ မရှိရင်တော့ ဟိုးမှာ လှမ်းမြင်နေရတဲ့ သပြေပင်အုပ်စုဘက်ကို လှမ်းအော်ခေါ်လိုက်ပါနော်"

ဟုပြောရင်း သော့တွဲ တစ်တွဲကို လှမ်းပေးသည်။ ပြီးတော့ ဆက်မှာသည်မှာ -

"ဆရာတို့ အိပ်ရင် အပေါ်ထပ်မှာအိပ်၊ အောက်ထပ်မှာလည်း အိပ်ခန်းတော့ရှိတယ်၊ ဒါပေမဲ့ ကားလမ်းမကြီးက တစ်ညလုံးလိုလို အဝေးပြေးကုန်ကားကြီးတွေ ဥဒဟို သွားလာနေကြတော့ နားခံနိုင်မှာ မဟုတ်ဘူး" ဟုပင်။

လူကြီးများ ပြန်လှည့်ထွက်သွားသည်နှင့် တပည့်ကျော် ယဉ်ထွေးက လက်ထဲသို့ သော့တွဲကို ကမ်းပေးလိုက်သည်။ သံဘာဂျာတံခါးကို ဆွဲဖွင့်၍ အတွင်းမှ နောက်တစ်ထပ်ခံထားသည့် ကျွန်းတံခါးကို တွန်းဖွင့်လိုက်မိသည်တွင် ကျွန်တော်နှင့်ယဉ်ထွေးတို့ အံ့အားတသင့် ဖြစ်သွားသည်။

ဖုန်မှုန့်များ၊ ပင့်ကူအိမ်များ ရှိမနေဘဲ သန့်ရှင်းသပ်ရပ်စွာ ရှိနေသည်ကို တွေ့လိုက်ရသဖြင့်ပင် ဖြစ်သည်။ အပေါ်ထပ်သို့ တက်သွားကြကာ ဖိုင်တွဲများ စစ်တမ်းပုံစံများကို ခုတင်နှစ်လုံး အလယ်တွင် ထားရှိသည့် စားပွဲပေါ်သို့ တင်ထားလိုက်ပြီး ခုတင်ပေါ် ပက်လက်လှန်ကာ အနားယူနေလိုက်ကြသည်။

ကျွန်တော်တို့ ရောက်နေသည့် ရွာမှာ ရန်ကုန်-ပြည်ကားလမ်းမကြီးဘေးတွင် တည်ရှိနေခြင်းပင် ဖြစ်သဖြင့် ကျွန်တော်တို့တည်းခိုရာအိမ်သည်လည်း ကားလမ်းနံဘေးတွင်ပင် ရှိနေသည် ဆိုတော့လည်း တစ်ချက်တစ်ချက် ဖြတ်သန်းသွားသည့် အဝေးပြေးကားကြီးများ၏ ပြေးလွှားသံများက တုန်ခါလျက် ရှိနေပေသည်။

ကျွန်တော် အိမ်ဘေးပတ်ဝန်းကျင်ကို အကဲခတ်လိုသဖြင့် ပြတင်းပေါက်ရှိရာသို့ လျှောက်သွားဖြစ်ကာ ပြတင်းပေါက်ကို ဖွင့်လိုက်သည်။ ခြံဝင်းတစ်ခွင်သို့ အနှံ့ လက်နှိပ်ဓာတ်မီးဖြင့် ဟိုဘက်ထိုး သည်ဘက်ထိုး လိုက်လံကြည့်နေမိသည်။

မဟူရာညကတော့ မှောင်မည်းလျက်ပင်ရှိနေသည်။ အမွှေးရနံ့ သင်းသင်းလေးက လေညင်းနှင့်အတူ ရောနှောပါလာသည်။ ပတ်ဝန်းကျင်တစ်ခွင်လုံးကလည်း အိပ်မောကျနေသည့် အလား။ တိတ်ဆိတ်ငြိမ်သက်လို့ နေသည်။

အိမ်ခြံဝင်းထဲတွင်ကား ပန်းပင်အတော်များများ ရှိနေသည်ကို တွေ့လိုက်ရသည်။ နှင်းဆီပွင့်ငယ်ကလေးများနီးပါးပွင့်အာထွက်နေသည့် ဖြူလွလွပန်းပွင့်ငယ်များ စုစည်းတည်ရှိရာ အဖြူရောင် ခြုံလွှာကြီးထံမှ လွင့်ပျံတက်လာသည့် စံပယ်ပန်းရနံ့တို့က တစ်ချက်တစ်ချက် ဝေ့ဝိုက်ကာ လွင့်ပျံရောက်ရှိလာသည့် လေပြည်လေညင်းကို လှိုင်းစီးကာ ရောက်ရောက်လာ့လို့ နေသည်။

ကျွန်တော် ပတ်ဝန်းကျင်ကို လေ့လာနေမိစဉ်မှာပင် ခြံဝင်းထဲသို့ လူတစ်ယောက် ဝင်လာသည်ကို တွေ့ရသဖြင့် သေသေချာချာ အကဲခတ်ကြည့်နေမိဖြစ်သည်။ အပေါ်ထပ်မှ ခြံဝင်းထဲသို့ ဓာတ်မီးထိုးကာ လှမ်းကြည့်နေမိသည့် ကျွန်တော့်ကို မြင်သည်နှင့် -

"ဆရာတို့၊ အိပ်တော့မလား ဆရာတို့၊ ဒီမှာ လွတ်လွတ်လပ်လပ်သာနေ၊ လိုအပ်တာရှိရင် လှမ်းသာအော်လိုက်၊ ကျွန်တော်က တစ်ရွာလုံးက သိနေတဲ့ အိမ်ကြီးအနီးနားမှာနေတဲ့သူပါ၊ အိမ်မည်းကြီးရဲ့ မူလနာမည်က နှင်းဆီမြိုင်စံအိမ်လို့ တွင်ခဲ့တာ၊ ဟော ဟိုက လှမ်းမြင်နေရတဲ့ တဲကလေးနဲ့ ခြံဝိုင်း၊ ဟိုသပြေပင်တွေ ဝိုင်းနေတဲ့ အိမ်ပဲ" ဟုပြောသည်။

ရွာခံသားတစ်ဦး ဖြစ်သည့် မောင်အေးဆောင်က လက်ညှိုးညွှန်ပြရာသို့ ကျွန်တော်လှမ်းကြည့်လိုက်မိသည်။

ကျွန်တော်တို့ တည်းခိုနေသည့် အိမ်မည်းကြီး ခေါ် နှင်းဆီမြိုင်စံအိမ်နှင့် သိပ်မဝေးလှ၊ ခပ်ကျယ်ကျယ်လေး လှမ်းခေါ်မည်ဆိုပါက ကြားလောက်သည့် အနေအထားတွင် ရှိနေသည်။

ကျွန်တော် နှင်းဆီမြိုင်စံအိမ်ဆိုသည့် ဝေါဟာရကို စိတ်ဝင်တစားဖြစ်သွားမိသဖြင့် မောင်အေးဆောင်ကိုခေါ်ပြီး မေးမြန်းကြည့်မည် ကြံကာရှိသေး၊ မောင်အေးဆောင် တစ်ယောက် ကျွန်တော့်အပါးမှ လှည့်ထွက်သွားပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

တော်သေးသည်က မဟူရာည သင်ဖြစ်သော်လည်း နှင်းဆီမြိုင်စံအိမ်တွင် လျှပ်စစ်မီးရှိနေခြင်းပင် ဖြစ်သည်။

မဟူရာညသည် ပိန်းပိန်းနက်မှောင်လို့ နေပြီ။ တစ်ချက် တစ်ချက် မြတ်သွား ဖြတ်လာရှိနေသည့် အဝေးမြေးကုန်ကားကြီးများ အသံက တုန်ခါ ယှက် ပေါ်လာနေသည်။

ဆောင်အေးဆောင် ပြောပြသဖြင့် သိရသည်မှာ နှင်းဆီမြိုင်စံအိမ်သည် လွန်ခဲ့သည့် ဗြိတိသျှလက်ထက်တတည်းက တည်ရှိခဲ့ပြီး ဌာနဆိုင်ရာ တာဝန်ဖြင့် ရောက်လာလေ့ရှိသည့် ကျွန်တော်တို့ကဲ့သို့သော အရာထမ်းများကို တည်းခိုရန် သတ်မှတ်ထားသည့် အိမ်ဟုပင်။

တာဝန်ဖြင့် ရောက်လာကြသည့် အရာထမ်းများ အများဆုံးတည်းဖြစ်ကြသည်မှာ တစ်ညအိပ်၊ နှစ်ညအိပ်ပင်။ ယခုမူ ကျွန်တော်တို့ နှင်းဆီမြိုင်တွင် သုံးပတ်ကြာမျှ နေထိုင်ရင်း အလုပ်တာဝန်များကို ထမ်းဆောင်ရဦးမည်ပင် ဖြစ်သည်။

နေ့လယ်က အနီးအပါးရွာများတွင် စစ်တမ်းဆင်းကောက်ရသည် ဖြစ်ရာ တပည့်ကျော်ယဉ်ထွေး အဲတော်လေး ပင်ပန်းလာသည်ထင့်။ ခုတင်ပေါ်တွင် ပက်လက်လှန်ရင်း အိပ်ပျော်လို့ နေပြီဖြစ်သည်။

ကျွန်တော် ပျင်းပျင်းရှိသည်နှင့် ခုတင်ခြေရင်းဘက်တွင်ရှိနေသည့် စားပွဲပုပုလေးပေါ်တွင် တင်ထားသည့် တီဗွီနှင့် ဗွီစီဒီစက်ရှိရာသို့ လှမ်းလိုက်မိသည်။ စားပွဲပေါ်တွင် တင်ထားသည့် ဗွီစီဒီပြားများကို လှန်လှောရှာဖွေမိရာ ကျွန်တော် လွန်စွာသဘောကျသည့် တိုက်တန်းနစ်ဇာတ်ကား စီဒီခွေကို တွေ့လိုက်ရသည်။ စီဒီခွေကို လက်ကိုင်ပဝါဖြင့် ပွတ်သပ်ပြီး စက်များအတွက် ဆက်သွယ်ထားသော မီးပလတ်ကို ထိုးထားသည့် ခလုတ်ကို ဖွင့်လိုက်မိသည်။ အပေါ်စက် ဘက်စက် ရီမု အဝေးထိန်းကိရိယာတို့ဖြင့် ဖွင့်လိုက်ပြီးမှ အောက်စက်ထဲသို့ စီဒီခွေကို ထည့်လိုက်သည်။

စက္ကန့်သုံးဆယ် အကြာတွင် ဖန်သားပြင်ပေါ်၌ လှုပ်လှုပ်ရှားရှား ရုပ်အသွင်ပေါ်လာသည်။ ရုပ်အသွင်က လှပချောမောသည့် အငြိမ့်မင်းသမီးလေးတစ်ဦးပင် ဖြစ်သည်။ ကျွန်တော် အံ့အားသင့်သွားသည်။ အောက်စက် ရီမုကို အသုံးပြုကာ အခွေကို ပြန်ထုတ်လိုက်သည်။

ထွက်ပေါ်လာသည့် အခွေပေါ်တွင်ရှိနေသည့် ပုံများနှင့် စာသားများကို ကြည့်မိသည်။ တိုက်တန်းနစ်ဇာတ်ကားဟု ဖော်ညွှန်းထားသည့် ပုံများနှင့် စာသားများက အထင်အရှားရှိနေသည်ကို တွေ့လိုက်ရသည်။

မကျေနပ်နိုင်သေးဘဲ • စီဒီခွေထည့်သည့်ဘူးကို လှမ်းယူကာ အထဲတွင် ကျန်နေသည့် ဘီဆိုက်အခွေကို ထုတ်ယူလိုက်မိသည်။ ဘီဆိုက်ပေါ်တွင်လည်း တိုက်တန်းနစ်ဇာတ်ကားမှ ဇာတ်ဝင်ခန်းပုံများနှင့် စာသားများကို တွေ့ရပြန်သည်။

တိုက်တန်းနစ်ဇာတ်ကား၏ အခွေဖြစ်သည်မှာ သေချာသွားပြီ။ အတွေးထဲ ဝင်လာမိသည်က အခွေသွင်းနေစဉ် ကွန်ပျူတာထဲ ထည့်ထားမိသည့် အငြိမ့်ခန်းများ လမ်းကြောင်းများကာ ဝင်လာလေသလားဟုပင်။

ဖြစ်တတ်သည်မှာ အခွေကူးစဉ် ဂျက်ပင်မှားထိုးကာ ကူးမိလျှင်လည်း မူလချိန်းထားသော ဇာတ်ကားမဟုတ်ဘဲ ကွန်ပျူတာထဲ မှတ်သိမ်းထားပြီးသား အခြားကား တစ်ကားကား ကူးပြီးသား ဖြစ်သွားတတ်သည်။ ကူးခွေတော်တော်များများက ဖြစ်ကတတ်ဆန်း ကူးကြသည်က များသည်။

မထူးတော့ပြီဖြစ်သဖြင့် စီဒီကို စက်ထဲ ပြန်ထည့်လိုက်ပြီး ကြည့်နေမိသည်။ အစ ဘယ်ကစသည် ပြောရခက်လှသည်။ စဖွင့်လိုက်သည်နှင့် အငြိမ့်မင်းသမီးလေးတစ်ဦး ကနေသည့်အခန်းမှစလို့ ဖန်သားပြင်ပေါ်တွင် ပြက်ပြက်ထင်ထင် ပေါ်လာသည်။

မင်းသမီးလေးမှာ ချိတ်ထဘီအနီရောင်၊ ထိုင်မသိမ်းအကျီပန်းနုရောင် ဝတ်ဆင်ထားပြီး ပဝါအစိမ်းကို စလွယ်သိုင်းကာ ကနေခြင်း ဖြစ်သည်။ ထူးခြားနေသည်မှာ လူရှင်တော်ပုံစာစ်ကွက်မှ မပါလာခြင်းပင်။ မင်းသမီး ကကြိုးဆုံးသွားသည်နှင့် စကားပြောရန် ပရိသတ်ဘက် လှမ်းကြည့်သည့်အကွက်ရောက်လာသည်။ မင်းသမီးလေး၏ နှစ်လိုဖွယ်ပါးချိုင့်လေးများနှင့် စံပယ်တင်မဲ့တို့က အနီးကပ် ရိုက်ချက်တွင် ထင်ထင်ရှားရှား ပေါ်လာသည်။

မင်းသမီးလေး၏ အပြုံးကို စေ့စေ့ ငေးနေမိစဉ်မှာပင် -

"ဟာ ဆရာကလည်းဗျာ၊ တိုက်တန်းနစ်ကြည့်တာတောင် ကျွန်တော့်ကို မခေါ်ဘူး၊ သဘောတောင် ရေနစ်နေပြီ"

ကျွန်တော် ယဉ်ထွေးကို အံ့အားတသင့် ပြန်ကြည့်လိုက်မိသည်။ ပြီးတော့မှ တီဗွီဖန်သားပြင်ဘက်ကို ပြန်ကြည့်မိသည်။ ကျွန်တော် နားမလည်လောက်အောင် ဖြစ်သွားရသည်။ ယဉ်ထွေး ပြောလိုက်သည့် အတိုင်းပင်

www.burmeseclassic.com

တိုက်တန်းနစ်သင်္ဘောကြီး မြုပ်သည့်အခန်း ရောက်လို့နေပြီ ဖြစ်သည်။

ကျွန်တော့်အတွေးတို့ ပျံ့လွင့်မိရပြီ။ အငြိမ့်မင်းသမီးလေး အပြုံးကအတွေးထဲမှာ နေရာယူထားပြီဖြစ်သည်။ ထိုအစဉ်မှာပင် ကျွန်ုပ်သာမက တပည့်ကျော်ယဉ်ထွေးပါ ပြတင်းပေါက်ဆီသို့ လှမ်းကြည့်မိသည်။ ပြီးတော့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြပြန်သည်။

နှင်းဆီပန်းရနံ့များက ကျွန်တော်တို့ ဝန်းကျင်သို့ လွှမ်းခြုံလို့ လာသောကြောင့်ပင်။ စီဒီနှစ်ချက်လုံး ဆုံးအောင်ကြည့်မိကြပြီးသည်နှင့် ယဉ်ထွေးကိုကျွန်တော် ဆိုက်အေကို စကြည့်မိစဉ်ကမြင်တွေ့ခဲ့ရသည်များကို ပြောပြနေမိသည်။ ယဉ်ထွေးက ပြန်ကြည့်လိုကြောင်း ပြောသည်။

ကျွန်တော့်စိတ်ထဲတွင်လည်း စကြည့်မိသည့် အပိုင်းကို ပြန်ကြည့်ချင်စိတ်ပေါ်လာသည်။ စီဒီချပ်ကို ပြန်ထုတ်ရင်း ဆိုက်အေဟု ရေးထားသည့် အချပ်ကို စက်ထဲ ပြန်ထည့်လိုက်သည်။

စက္ကန့်သုံးဆယ်အကြာတွင် ဖန်သားပြင်ပေါ် ထင်လာသည့် ရုပ်အသွင်များကို မြင်တွေ့လိုက်ရရာ ကျွန်တော်အလွန်အမင်း အံ့အားသင့်သွားရတော့သည်။ တိုက်တန်းနစ်ကား၏ မူလအစအတိုင်း ဇာတ်လမ်းစထွက်လာသဖြင့်တပည့်ကျော် ယဉ်ထွေးက -

"ဆရာ စိတ်ထင်လို့ ဖြစ်မှာပါ"

ဟု ဆိုပါသည်။

ကျွန်တော် မည်သို့မျှ ပြောပြမနေတော့ဘဲ အိပ်ဖို့သာပြင်ရင်း အိပ်ရာဝင်လိုက်မိသည်။

အိပ်မက်တို့သည် ဆန်းကြယ်လှသည်။ သွေးလေချောက်ချား၍ပဲလား အိပ်မက်တို့သည် စိတ်ကို လှုပ်ခတ်စေသည်ကတော့ အမှန်ပင် ဖြစ်သည်။

မဟူရာညတွင် ကျွန်တော့်အိပ်မက် ကမ္ဘာထဲသို့ ညအိပ်မဝင်မီက ဖန်သားပြင်ပေါ်က ပုံဖော်ပြခဲ့သည့် မင်းသမီးချောလေး ရောက်လာသည်။ ကျွန်တော့်အနားရောက်ရောက်ချင်းပင် ပါးချိုင့်လေးများကို ခွက်သွားအောင် ပြုံးလိုက်ရင်း -

"မောင်တော်ရယ်၊ ညီမတော်က သဋ္ဌာဝေပါ၊ ညီမတော်အတွက် ရွာလယ်လမ်းအတိုင်းသွားရင် ဖူးတွေ့ရမယ့် စေတီတော်မှာ ကုသိုလ်ကောင်းမှုပြုပြီး အမျှဝေပေးပါ၊ ညီမတော် သင်္ချိုင်းဝေကတော့ ရွာမှာပဲ လူ့ဘဝ ပြန်ရောက်နေပြီ၊ ညီမတော်အတွက် ကုသိုလ်ပြုပေးပါနော်"

ဟု အကြိမ်ကြိမ်မှာကြားကာ ကျွန်တော့်အပါးမှ ထွက်သွားသည်။

"ဟော့ ဟော့ မိန်းကလေး၊ မိန်းကလေး"

ကျွန်တော် လှမ်းခေါ်ဖြစ်သည်။ ကျွန်တော့်ဘက်သို့ သမင်လည်ပြန်ကြည့်ရင်း ပြုံးပြရှာသည်။ ပါးပေါ်မှာချိုင့်ခွက်နေသည့် ပါးချိုင့်လေးနှစ်ဖက်၊ ပြီးတော့ မှဲ့နက်ကလေး။ ပြီးတော့ အားကိုးတကြီး ကြည့်နေရှာတဲ့ ကရုဏာသက်စရာအကြည့်လေး စသည်တို့က ကျွန်တော့်ရင်ကို လှိုက်ဖိုသွားရသည်။

ကျွန်တော် သူရှိရာသို့ လှမ်းမိသည်တွင် ချာခနဲလှည့်ကာ ကတ္တရာလမ်းမကြီးအတိုင်း ရွာဘက်သို့ အပြေးလေး လျှောက်သွားတော့သည်။ ရှည်လျားနက်မှောင်လွန်းသည့် ဆံပင်တို့က ခြေသလုံးထိတိုင် ကျနေသဖြင့် ဝှေ့ကာယမ်းကာ လှုပ်ခတ်လျက်ရှိနေသည်ကို တွေ့ရသည်။

အိပ်မက်သည် အိပ်မက်သာဖြစ်သည်ဟု သဘောထားမိခဲ့သော်လည်း နံနက်လင်းသည်နှင့် အံ့အားသင့်စရာ ကြုံရပြန်ပါသည်။ နံနက်လင်းသည်နှင့် ရွာခံသားဖြစ်သူ အေးဆောင်ရောက်လာကာ -

"ဆရာတို့ ဆရာတို့ နိုးနေကြပြီလား၊ ဆရာတို့ကို ခင်မောင်စိုးက နံနက်စာ ထမင်းကြော်နဲ့ ညှော်ခံချင်တယ် ဆိုလို့ ကျွန်တော် လာခေါ်တာပါ"

ဟု ပြောသဖြင့် -

"အေး အေး၊ ခဏလေးနော် ထမင်းကြော်စားပြီးတာနဲ့ အလုပ်တစ်ဆက်တည်း လုပ်ရအောင် ပွဲစ်တွေ ထပ်နေလို့" ဟု ပြောလိုက်ရသည်။

ခဏအကြာတွင် ပုံစံ အထပ်တစ်ထပ်ကို ဖိုင်ထဲတွင် ထည့်ပြီးသွားသဖြင့် တပည့်ကျော် ယဉ်ထွေးအားကိုင်စေကာ ရွာဘက်ဆီသို့ ကတ္တရာလမ်းမပေါ်ရောက်သည်နှင့် အိပ်မက်တွင် ထင်ဟပ်ခဲ့သည့် ပုံရိပ်တို့ က ရင်ထဲဝင်လာသည်။

ဆယ်ငါးမိနစ် သာသာခန့် လျှောက်မိသည်တွင် ခင်မောင်စိုး ခြံဝိုင်းထဲဝင်သည့် မြေနီလမ်းကြောလေးပေါ် ရောက်တော့သည်။

ခင်မောင်စိုး အိမ်ပေါ်သို့ အရောက်တွင် ခင်မောင်စိုးက အိမ်၏ ခေါင်းရင်းဘက်တွင် အသင့်ပြင်ထားသည့် ထမင်းစားပွဲဝိုင်းလေးဆီသို့ နေရာချထားပေးရင်း -

"သမီးရေ၊ ဧည့်သည်တွေ ရောက်နေပြီဟေ့၊ အားလုံး လင်ပန်းနဲ့ သယ်ထုတ်လာခဲ့တော့" ဟု အိမ်အတွင်းဘက်သို့ လှမ်းပြောလိုက်သည်။

ကျွန်တော်လည်း ဟိုဟိုသည်သည် အကဲခတ်သလိုကြည့်မိရာက-





www.burmeseclassic.com

www.burmeseclassic.com

"ကိုအေးဆောင်၊ ရွာလယ်လမ်းအတိုင်းလေးသွားရင် စေတီတော်လေးတစ်ဆူရှိတယ်လို့ ကြားမိတယ်၊ ဒီကပြီးရင် ခဏလောက်လိုက်ပြပေးပါလား" ဟုပြောဖြစ်သည်တွင် ခင်မောင်စိုးက -

"ဆရာက သစ္စာတိုင်စေတီကိုသွားချင်တာထင်တယ်၊ ကိုအေးဆောင်ရယ် လိုက်ပို့ပေးလိုက်ပါ၊ ဒါပေမဲ့ ဆရာတစ်ခုတော့သတိထား၊ အဲဒီစေတီလေးက ကြာခဲ့တာမှ အတော့်ကို ကြာခဲ့ပြီ၊ ဒီရွာမတိုင်ခင်ကတည်းက ဆိုပါတော့။

ကျွန်တော်တို့ မီသလောက် ဘီသလောက် ပြောရမယ်ဆိုရင် နှစ်ပေါင်းရာကျော်နေပြီ၊ နှစ်နှစ်ရာနီးပါးလောက်ရှိလိမ့်မယ်၊ ကျွန်တော်တို့ ရွာတည်တာတောင် နှစ်ပေါင်း တစ်ရာလေးဆယ်ကျော်နေပြီ။

ဒါတွေက အဓိက မဟုတ်ဘူးဆရာ၊ သတိထားရမှာက ဒီစေတီမှာသစ္စာဆိုမိ၊ သစ္စာတိုင်မိပြီဆိုရင် မဖောက်ချက်လေနဲ့၊ ဖောက်ဖျက်ရင် တစ်နည်းမဟုတ် တစ်နည်း ဒုက္ခတွေ့ရတတ်သလို ဆိုမိတဲ့သစ္စာ တည်ပြီဆိုရင်လည်းကောင်းကျိုးအမှန်ပေးတယ် ဆိုတာကိုပါ" ဟု ရှင်းပြသည်။

ကျွန်တော် တော်တော်လေးစိတ်ဝင်တစားဖြစ်သွားမိသည်။

အိပ်မက်ထဲက မိန်းမချောလေးက ဘာကြောင့် ဒီစေတီမှာမှ ကုသိုလ်ကောင်းမှုပြုပြီး အမျှပေးဝေခိုင်းသည်ကိုပင်။

ထိုအတွေးဝင်မိစဉ်မှာပင် -

"လာ လာ သမီး၊ ဒီဘက်နားကထပ်ပြီး ချပေး"

ဆိုသည့် အသံကြောင့် မော့ကြည့်မိလိုက်သည်။ ကျွန်တော် တုန်သွားမိရပြီပင်။

ထမင်းကြော်ပန်းကန်များ လာချပေးသည့် မိန်းမချောလေး ပါးလေးနှစ်ဖက် ခွက်အောင် ပြုံးလိုက်သည့်အပြုံး။ ပြီးတော့ စံပယ်တင်မှဲ့တို့အပြင် မျက်နှာတစ်ပြင် ပုံးသည် အိပ်မက်ထဲတွင် ဆုံတွေ့လိုက်သည့် မိန်းကလေးနှင့် ခွဲမရအောင် တူနေသည်။ အိပ်မက်တွင် မိန်းမချောလေး ပြောခဲ့သည့် စကားပြန်လည်မြင်ယောင်နေမိသည်။

အိပ်မက်တွင် -

"ညီမတော် သင်္ချိုင်းဝေကတော့ ရွာမှာပဲ လူ့ဘဝကို ပြန်ရောက်နေပြီ၊ ညီမတော်အတွက် ကုသိုလ်ပြုပေးပါနော်" ဟု ပြောခဲ့စဉ်က ညှိုးကျသွားသည့် မျက်နှာလေးကို မြင်ယောင်နေမိခြင်းပင် ဖြစ်သည်။

ကျွန်တော့် အိပ်မက်အကြောင်းမည်သူ့ကိုမျှ မပြောဖြစ်ပါ။ တပည့်ကျော် ယဉ်ထွေးကိုပင် ပြောမပြဘဲထားဖြစ်ပါသည်။

ယခုမူ တိုက်ဆိုင်မှုက ထူးခြားဆန်းကြယ်လို့နေပြီ။ မတတ်သာတော့နံနက်စာ အဆာပြေအဖြစ် ထမင်းကြော်ကို စားပြီးသည်နှင့် မောင်အေးဆောင်ကိုခေါ်ကာ သစ္စာတိုင်စေတီရှိရာ လျှောက်လာမိသည်။

စေတီတော်မြတ်မှာ ဉာဏ်တော်နှစ်ဆယ့်ခုနစ်တောင်ခန့်ရှိပြီး ဖောင်းရစ်တွင် ဘီလူးခေါင်းများရှိနေသည်ကို ဖူးတွေ့ရသည်။

စေတီတော် ဝန်းကျင်သည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိပြီး တစ်ချက်တစ်ချက် ဝေ့ဝိုက်တိုက်ခတ်လာသည့်လေပြည်လေညင်းကြောင့် လွင့်ပျံ့ထွက်လာသည့် ဆည်းလည်းသံလေးသာကြားလိုက်ပျောက်လိုက် ဖြစ်နေသည်။ စေတီတော်တွင် ကျွန်တော် ငယ်စဉ်ကတည်းက ယနေ့တိုင် ပြုထားပြီးသမျှကုသိုလ်တို့ကို တိုင်တည်သစ္စာဆိုရင်း အိပ်မက်နယ်သို့ ဝင်ရောက်လာကာ တောင်းဆိုသမျှ ပြုခဲ့သူလေးကို ရည်မှန်းကာ -

"သဒ္ဓါဝေရေ. . . ပြုပြုသမျှကုသိုလ် အမျှ အမျှ အမျှ ရောက်ရာဘုံဌာနက သာဓုခေါ်ပါ" ဟု အမျှပေးဝေလိုက်မိသည်။ တစ်ခဏလေးအတွင်းမှာပင် စေတီတော်ဝန်းကျင်တစ်ခွင်လုံး နှင်းဆီရနံ့တို့ လွှမ်းခြုံလျက်သား ရှိနေတော့သည်။

ညနေစောင်းသည်နှင့် စေတီတော်ဘက် လမ်းလျှောက်ရင်း အမျှဝေနေမိသည်မှာ ငါးရက်ကြာခဲ့ပြီ ဖြစ်သည်။ စေတီတော်မှ အပြန်တွင် -

"ကိုအေးဆောင်ရေ၊ နှင်းဆီမြိုင်စံအိမ်ကြီးက တစ်ခုခုတော့ ထူးခြားနေသလိုပဲဗျ၊ နှင်းဆီမြိုင်စံအိမ်ကြီးနဲ့ ပတ်သက်လို့ ခင်ဗျား သိထားတာလေးတွေ ကျွန်တော့်ကို ပြောပြပေးပါလား" ဟု မေးဖြစ်သည်။

ကိုအေးဆောင် တွေဝေသွားသည်။

ကျွန်တော့်ကို စေ့စေ့စပ်စပ် ပြန်ကြည့်ရင်း -

"ဆရာ မေးလာမှတော့ ကျွန်တော် ပြောပြပါမယ်၊ အခု တစ်ရွာလုံးက ဆရာတို့တည်းခိုနေတဲ့ နှင်းဆီမြိုင်စံအိမ်ကြီးကို အိမ်မည်းကြီး၊ မဟူရာစံအိမ်ကြီးလို့ သိထားကြတယ်၊ ဆရာသတိထားမိမှာပေါ့၊ ညနေ နေလေးဝင်ပြီ နည်းနည်းလေး အမှောင်လွှမ်းပြီဆိုတာနဲ့ ဖြတ်သွားဖြတ်လာတွေ မရှိသလောက်ပါပဲလေ" ဟု အစချီကာ နှင်းဆီမြိုင်စံအိမ်ကြီးအကြောင်း ပြောပြပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

နှင်းဆီမြိုင်စံအိမ်ကြီးသည် ဗြိတိသျှလက်ထက်တွင် ထိုရွာပတ်ဝန်းကျင်ရှိ ရွာများနှင့်ပတ်သက်၍ ကိစ္စကြီးငယ်ဆောင်ရွက်ရန် လာကြသည့် အရာရှိအရာခံများ တည်းခိုနားနေရန်အတွက် ဆောက်လုပ်ခဲ့ခြင်းပင် ဖြစ်သည်။

ထိုအိမ်ကြီးတွင် ထူးထူးခြားခြား ဖြစ်ပျက်ခဲ့သော အကြောင်းအရာမရှိခဲ့သော်လည်း လွန်ခဲ့သည့် နှစ်ပေါင်းသုံးဆယ်ကျော်ခန့်က နှင်းဆီမြိုင်ခြံကြီးရှေ့တွင်ရှိသည့် ကတ္တရာလမ်းမကြီးပေါ်တွင် အငြိမ့်ကားတစ်စီး မှောက်ခဲ့သည်။

ထိုကားတွင်ပါလာသည့် အငြိမ့်မင်းသမီး အမြွှာညီအစ်မ၏ ဝိညာဉ်များ တွယ်ကပ်နေသယောင် ပြောလာကြသည်။ နောက်ပိုင်းတွင် ရွာလယ်ပိုင်းရှိ ခင်မောင်စိုး မွေးလာသည့် သမီးလေးမှာ အငြိမ့်မင်းသမီးအမြွှာညီအစ်မ နှစ်ယောက်အနက်မှ တစ်ယောက် ဝင်စားတာဆိုသည့် အချက်ကို လက်ခံလာကြသည်။

ကိုအေးဆောင် ပြောပြတော့မှ နှင်းဆီမြိုင်စံအိမ်၏ အတိတ်ဇာတ်ကြောင်းကို သိခွင့်ရတော့သည်။

ကျွန်တော် နှင်းဆီမြိုင်စံအိမ်ကြီးတွင် သုံးပတ်ကျော် နေထိုင်ဖြစ်ခဲ့သော်လည်း ထိုကြုံတွေ့မှုမှတစ်ပါး အခြားခြောက်လှန့်မှုမျိုး မတွေ့ခဲ့ရပါ။ ဝိညာဉ်တို့သည် တွယ်ကပ်ရာ တွယ်ကပ်နေတတ်သလို လွင့်မျောရာသို့လည်း လွင့်မျောနေတတ်ပါသည်။

ကျွန်တော် ညစဉ်မေတ္တာပို့ကာ အမျှဝေနေမိ၍လား မသိပါ။ အိပ်မက်ရှင်၏ ပြုံးတုံ့တုံ့မျက်နှာသည်သာ မဟုတ်ရာည၏ လင်းလက်မှု ဖန်သားပြင်ပေါ်လာရောက်ထင်ဟပ်ခြင်းသာ ဖြစ်မည်ဟု ယုံကြည်နေမိခဲ့ရပါတော့သည်။ ထိုအကြောင်းကို တပည့်ကျော်ယဉ်ထွေးအား ပြောမိသည်တွင် ယဉ်ထွေးက -

- "ဆန်းတော့ ဆန်းတယ်ဆရာ၊ စိတ်တို့ ဝိညာဉ်တို့ဆိုတာက နားလည်ရခက်တယ် ဆရာ" ဟု ဆိုပါသည်။

မည်သို့ဆိုစေ ဆန်းကြယ်ခြင်းတို့သည် စိတ်ကူးလိုက်မမီနိုင်သော အကြောင်းများသာ ဖြစ်ပါသည်။

(၁၉၈၆ ခုနှစ် ဝန်းကျင်က ဌာနဆိုင်ရာ တာဝန်ဖြင့် မကွေးတိုင်းသို့ သွားခဲ့စဉ်က အဖြစ်အပျက်ကို ခံစားရေးဖွဲ့ထားခြင်း ဖြစ်ပါသည်။)

**အောင်သာကျော်**

❑


# အကြောပြင်ဆရာကြီး ဦးအေးထွန်း

## (အကြောပြင်ပညာရှင်)

အကြောပြင်ပညာဆိုတာ ဝေဒနာခံစားနေရတဲ့ အကြောကို အားသုံးဖိနှိပ်ပြီး နာကျင်တဲ့ဝေဒနာအဖြစ် အာရုံပြောင်းကုသရတဲ့ပညာ မဟုတ်သလို မလိုအပ်ဘဲ ဆေးပူတွေလိမ်း၊ ပတ်တီးစည်းပြီး လူနာရဲ့စိတ်ကို လှည့်စားရတဲ့ပညာလည်း မဟုတ်ပါဘူး။ ဝေဒနာရှင်ရဲ့ ခံစားရတဲ့ အကြောလေးတွေကို မနာကျင်စေဘဲ အချိန်တိုမိနစ်ပိုင်းအတွင်း သက်သာအောင် ပြုပြင်ပေးတဲ့ပညာ ဖြစ်ပါသည်။

ကျွန်တော် ဒီနည်းတွေကို အသုံးချပြီး

- ခါးနာ၊ ဒူးနာ၊ ကျီးပေါင်းတက်၊ လက်ကိုက်၊ လက်ကပ်နဲ့ ထုံနာကျဉ်နာတွေကို (၁၅)မိနစ်အတွင်း၊
- အခြားအကြောရောဂါတွေကို မိနစ်ပိုင်းအတွင်း၊
- လေဖြတ်စ ( ၂၄ နာရီအတွင်း ) လူနာတွေကို တစ်ပတ်အတွင်း ကောင်းအောင် ကူညီနေပါသည်။
- လေဖြတ်ခံရပြီး ပုံမှန်ခြေ, လက် မလှုပ်ရှားနိုင်သူများအား အမြန်ဆုံးကောင်းမွန်အောင် ပြုပြင်ပေးသည်။
- ဝေဒနာကို ပျောက်ကင်းနိုင်ခြင်း ရှိ/မရှိ၊ ပျောက်ကင်းမည့်အချိန်ကိုပါ တစ်ပါတည်း ခန့်မှန်းပေးပါမည်။


**တွေ့ချိန်** ➻ နံနက် (၉)နာရီမှ ညနေ (၅)နာရီအတွင်း

အမှတ် (၅၇)၊ (၄) လမ်း၊ မာလာမြိုင်၊ အုတ်ကျင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
( ပါရမီလမ်းမကြီးနဲ့ ကျောချင်းကပ်လမ်း ) **ဖုန်း** - ၀၉-၇၃၂၄၂၄၄၂၊ ၀၉-၂၅၀ ၁၅၄၇၁၈




www.burmeseclassic.com

www.burmeseclassic.com



အောင်သိပ်းမြတ်

# ယိုးဒယားနိုင်ငံ မြန်မာမင်းများ

www.burmeseclassic.com

www.burmeseclassic.com

**(ယခင်လမှ အဆက်)**

ဒဝယ်မြို့သို့ ရောက်တော်မူလျှင် ဒဝယ်မြို့တွင် ခုနစ်ရက် ဗိုလ်ပါဆင်မြင်း ဖြည့်တင်းရပ်ဆိုင်းတော်မူ၍ ရန်ကုန်မြို့မှ ပင်လယ်ကြောင်းချီစေသော သင်္ဘောတပ်၊ မုတ္တမမှချီစေသော မုက္ကတူးသမွန်တပ် အရောက်ညီကြလျှင် မင်းခေါင်နော်ရထာမှာ မြင်း သုံးရာ၊ သေနတ်စွဲသူရဲ သုံးထောင်၊ မင်းလှနော်ရထာမှာ မြင်း သုံးရာ၊ သေနတ်စွဲသူရဲ သုံးထောင်၊ သားတော် မြေဒူးမင်းသီရိဓမ္မရာဇာမှာ မြင်း ငါးထောင် သေနတ်စွဲသူရဲ ငါးထောင်ကို ရှေ့တပ်ဦး ချီစေပြီးလျှင် ဘဝရှင်အလောင်းမင်းတရားကြီးဘုရား ဒဝယ်မြို့မှ ချီတော်မူသည်။

ထိုကချီတော်မူသည့်နေ့ ကျောက်မြောင်းတွင် ချတော်မူသည်။ ထိုကမှ တောင်မြောက်တွင် ချတော်မူသည်။ ထိုကမှ တိန်းညင်းချောင်းတွင် ချတော်မူသည်။ထိုကမှ ပလောင်ရွာတွင်ချတော်မူသည်။ ထိုကမှ ပလောရွာတွင်ချတော်မူသည်။

ထိုကမှ ပလောချောင်းဖျားတွင် ချတော်မူသည်။ ထိုကမှ ဘဝတ်ရွာတွင် ချတော်မူသည်။ ထိုကမှ သက်ကောရွာတွင် ချတော်မူသည်။ ထိုကမှ တမုတ်ရွာတွင် ချတော်မူသည်။ ထိုက ချီတော်မူသည့်နေ့ မြိတ်မြို့ကို သိမ်းယူတော်မူသည်။ အောင်မြင်တော်မူလျှင် ယင်းတွင်ပင် တပ်ချတော်မူသည်။ ထိုကမှ ကင်းရွာတွင် ချတော်မူသည်။ ထိုက ချီတော်မူသည့်နေ့ ယိုးဒယားမြို့ သင်္ဘောဆိပ်ဖြစ်သော တနင်္သာရီမြို့ကို သိမ်းယူတော်မူသည်။

ယင်းသို့ ဘဝရှင်အလောင်းမင်းတရားကြီးဘုရား တနင်္သာရီကြောင်းလှည့်၍ ချီလာတော်မူကြောင်းကို ယိုးဒယားမင်းက ထားသည့် အလံကင်းသားတို့က လျှောက်၍ ယိုးဒယားမင်းကြားသိလေသော် မြင်းသုံးရာကျော်၊ စစ်သည်သူရဲ ခုနစ်ထောင်ကျော်နှင့် တပ်ပေါင်း ငါးတပ်ကို အမတ်ကြီးဗတောဇော တပ်ချုပ်၊ ဆင် နှစ်ရာကျော်၊ မြင်း တစ်ထောင်ကျော်၊ စစ်သည်သူရဲ နှစ်သောင်းကျော်နှင့် တပေါင်းတစ်ဆယ့်ငါးတပ်ကို စစ်သူကြီး အောက်ပြဝံသံတပ်ချုပ် ဆီးကြိုတိုက်ရမည် ယိုးဒယားမင်းကခန့်၍ ချီလာ၏။

ဘဝရှင်အလောင်းမင်းတရားကြီးဘုရားလည်း တနင်္သာရီမြို့မှချီတော်မူလျှင် ခဲပေါင်တွင် ချတော်မူသည်။ ထိုကမှ တုံနဲရွာတွင် ချတော်မူသည်။ ထိုကမှ ကံနီရွာတွင် ချတော်မူသည်။ ထိုကမှ ကွီးဘောင်တွင် ချတော်မူသည်။ ထိုက ချီတော်မူသည့်နေ့ ကွီးမြို့သို့ မရောက်မီ တောင်ကြီးနှစ်လုံးအကြား ခရီးအကျဉ်းတွင် ယိုးဒယားဗိုလ်မှူး ဗြတေဇော၊ တပ်ကြီး ငါးတပ်၊ လူ ခုနစ်ထောင်ကျော်၊ မြင်း သုံးရာကျော်နှင့် ခံသည်ကို တပ်ဦးချသော မင်းခေါင်နော်ရထာ၊ မင်းလှနော်ရထာတို့နှင့် တွေ့၍ တိုက်သည်။ ယိုးဒယားဗိုလ်မှူး ဗြတေဇောတို့ ငါးတပ်လုံး ဆုတ်သည်။ ယိုးဒယားတို့ ဆုတ်လေလျှင် စခန်းထောက်မချ အပြင်းချီ၍ ကွီးမြို့ကို သိမ်းယူတော်မူသည်။

တစ်မြို့လုံးကို ရတော်မူ၍ ကွီးမြို့တွင် ချတော်မူသည်။ ထိုကမှ ကောကမိရွာတွင် ချတော်မူသည်။ ထိုကမှ ဗျမ်ရွာတွင် ချတော်မူသည်။ ထိုကမှ ဘောင်သကယီရွာတွင် ချတော်မူသည်။ ထိုကမှ သင်မန်းရွာတွင် ချတော်မူသည်။ ထိုကမှ နောင်ကျောက်ရွာတွင် ချတော်မူသည်။ ထိုက ချီတော်မူသည့်နေ့ အတည်းအကွပ် အရပ်အဆိုင်းမရှိ ဖြတ်ဘီးမြို့ကို သိမ်းယူတော်မူ၏။

ဖြတ်ဘီးမြို့ကို ရတော်မူလျှင် ထိုတွင် သုံးရက် ရပ်ဆိုင်းတော်မူ၍ ဆင်မြင်းဖြည့်တင်းတော်မူသည်။ ဖြတ်ဘီးမြို့ကမှ ချီတော်မူလျှင် ပန်မော်ရွာတွင် ချတော်မူသည်။ ထိုက ချီတော်မူသည့်နေ့ တစ်ဟုန်တည်း ရပ်ဘီးမြို့ကို သိမ်းယူတော်မူသည်။ တစ်မြို့လုံးကို ရတော်မူ၏။

ထိုရပ်ဘီးမြို့တွင် လေးရက် နေတော်မူ၍ ဆင်မြင်း ဖြည့်တင်းတော်မူသည်။ ရပ်ဘီးမြို့က ချီတော်မူပြန်လျှင် ဘန်လွင်ရွာတွင် ချတော်မူသည်။ ထိုမှ ချီတော်မူသည့်နေ့ ဘန်လွင်အလွန် ပင်လယ်နားတွင် ယိုးဒယားစစ်သူကြီး အောက်ဗရာဇဝံသံ တပ်ပေါင်း ၁၅ တပ်၊ စစ်သည် နှစ်သောင်းကျော်၊ ဆင် နှစ်ရာကျော်၊ မြင်း တစ်ထောင်ကျော် အလုံးအရင်းအများနှင့် ဆီးကြိုခံနှင့်သည်ကို ရှေ့ဖျားချီသည့် မင်းခေါင်နော်ရထာ၊ မင်းလှနော်ရထာတို့နှင့် တွေ့၍ တိုက်သည်။

ယိုးဒယားတို့တပ် အားကြီးလှသောကြောင့် ရဲမက်တော်တို့ မတိုးမဆုတ်တည့်နိုင်။ အထိအပါး အရှုံအနများလှသည်နှင့် မနည်းကြာ တိုက်ကြရလေလျှင် သားတော်မြေဒူးမင်း သီရိဓမ္မရာဇာ ချီတော်မူလာသည်နှင့် ကိုယ်တော်တိုင်ကွပ်၍ ရှုပ်ရှုပ်ချုံချုံ တိုက်တော်မူသည်။

ယိုးဒယားစစ်သူကြီး အောက်ဗြရာဇဝံသံတို့ ယိုးဒယားတပ်ပေါင်း တစ်ဆယ်ကျော်ပျက်၍သေနတ်တစ်ထောင်ကျော်၊ ဆင် တစ်ရာကျော်၊ အမြောက်တစ်ရာ့ရှစ်ဆယ်ကျော်၊ သို့ပန်း လူသူနှစ်ထောင်လောက်ရတော်မူလိုက်သည်။

www.burmeseclassic.com

စစ်သူကြီး အောက်ပြရာဇဝံသမူကား ဆင်ကသည် မြင်းစီး၍ပြေးသောကြောင့် လွတ်လေ၏။

ထိုနေ့ ဘန်ကျင်းရွာတွင် ချတော်မူသည်။ ထိုကမှ ဘန်တွန့်ရွာတွင် ချတော်မူသည်။ ထိုကမှ ဘန်ကျောက်ရွာတွင် ချတော်မူသည်။ ထိုက ချီတော်မူသည့်နေ့ အရပ်အဆိုင်းမရှိ သဖန်းပုံမြို့ကို သိမ်းယူတော်မူသည်။

သဖန်းပုံမြို့ကို ရတော်မူလျှင် ထိုတွင် ငါးရက်ဆင်မြင်း ဖြည့်တင်းတော်မူသည်။ ရွေးလက်ဝဲ ရွေးလက်ယာ သေနတ်အစုတွင် ရဲရောင်မြန်မာသူတို့ကို ရွေးကောက်တော်မူ၍ ရသည့်လူ ပေါင်း ၈၃ ကိုလည်း နတ်စုအမည်ပေးတော်မူပြီးလျှင် မဏိစက်နှင့် ရည်တူ လူပေါင်း ၈၃ ကို မဏိစက်ကို သွေးသောက်ကြီးခန့်တော်မူ၍ နတ်စုလက်ဝဲ သေနတ်အစု ဖွဲ့တော်မူသည်။

ယိုး :မင်းလည်း ဘဝရှင် အလောင်းမင်းတရားကြီး ဖြိတ်ကြောင်း ချီတော်မူလာသည် ကြားစကာလကပင် ဆင်ကောင်း၊ မြင်းကောင်း၊ သူရဲကောင်း ရွေးကောက်၍ ဗိုလ်မှူး၊ တပ်မှူး၊ စစ်သူကြီးမြူသူတို့ကို အလုံးအရင်း ပေးအပ် ဆီးဆို့ ရပ်ခံစေသမျှ တပ်ဆိုသမျှလည်း ပျက်သည်။

ဖြတ်တီးမြို့၊ရပ်တီးမြို့ များလည်း ပျက်၍ သဖန်းပုံမြို့တိုင်အောင် သိမ်းယူ ကြောင်း ကြားလေသော် မြို့ပြကျုံး မြောင်း၊ မီးတားမီးကာ၊ ဆင်ခလုတ် မြင်းခလုတ်၊ ကတုတ်ဆူးငြောင့်၊ မြို့စီးပြစီး အမြောက်စိန်ပြောင်း အထပ်ထပ် တိုးပွားစီရသည်။ မြို့ပြင်၌ရှိသော ဆင်၊ မြင်း၊ မျိုးရိက္ခာ၊ လက်နက်လူသူတို့ကို လည်း အကုန်အစင် မြို့တွင်းသို့ချည်း သွင်းသည်။

"မြို့ပြင်သို့ထွက်၍ ဆီးကြိုတိုက်ရမည်" ဟုလည်း ဆင်ကောင်း၊ မြင်းကောင်း၊ သူရဲကောင်း ရွေးကောက်ပြီးလျှင် ပြတေဇောတစ်တပ်၊ ပြစိန္တာမဏိ တစ်တပ်၊ ပြအိန္ဒသူရတစ်တပ်၊ ပြဂါမဏိ တစ်တပ်၊ အောက်ပြရာဇဝံသ တစ်တပ်၊ စစ်သူကြီး အောက်ပြကလဟုန်း တစ်တပ်၊ သည်ခြောက်တပ်တွင်ပါသည့် ဆင် သုံးရာကျော်၊ မြင်း သုံးထောင်ကျော်၊ စစ်သည် သုံးသောင်းကျော်ကို စစ်သူကြီး အောက်ပြကလဟုန်းကို ဗိုလ်ချုပ်ခန့်၍ တာလံချောင်းကူးတစ်ဖက်က ဆီးကြိုရပ်ခံစေ၏။

ဘဝရှင် အလောင်းမင်းတရားကြီးဘုရားလည်း သဖန်းပုံမြို့မှ ချီတော်မူသည်။ ထိုနေ့ တာလံချောင်းတစ်ဖက်သို့ မကူးနိုင်အောင် ယိုးဒယားစစ်သူကြီး အောက်ပြကလဟုန်းတို့ ခြောက်တပ် ချောင်းတစ်ဖက်ကမ်းက ဆင်လုံးမြင်းရင်းနှင့် ပိတ်အောင်ခံသည်ကို ရှေ့တပ်ဦး ချီစေသော မင်းခေါင်နော်ရထာ၊ မင်းလှနော်ရထာတို့နှင့်တွေ့ကြလျှင် ယိုးဒယားတို့က ဆင်ပါ မြင်းပါ စစ်အားကြီးလှ၍ ရဲမက်တော်တို့လည်း မှထိပါး၀့်၊ ချောင်းတစ်ဖက်ကသာ တပ်စွဲ၍ နေရချေသည်။

ယင်းသို့စင်တွင် သားတော် မြေဒူးမင်း သီရိဓမ္မရာဇာတပ် ဆိုက်လာ၍ ယခုပင် ယိုးဒယားတို့ ခံနှင့်သည်ကို တိုက်မည်ဟု အမိန့်တော်ရှိသည်ကို မင်းခေါင်နော်ရထာက ဤသို့နားတော်လျှောက်၏။

"ယခု သည်အရပ်သည် ယိုးဒယားမြို့နှင့် နီးလှပြီ၊ ယခု စံနှင့်သည့် တပ်လည်း ရှေးအခါကာလ တွေ့သည့် တပ်နှင့် တူဟန်မရှိ၊ ယိုးဒယားမင်းတွင် ရှိသမျှ ဆင်ကောင်း မြင်းကောင်း သူရဲကောင်း စသူတို့ကို ရွေးကောက်၍ ယိုးဒယားမင်းက လွှတ်သည့်အဟန်ရှိသည်၊ လူသူဆင်မြင်းလည်း စစ်အင်ကြီးလှသည်၊ သည်တပ်ကို တစ်ခါတည်းပျက်အောင် တိုက်မှကောင်းမည်။ သည်တပ် ပျက်လျှင် ယိုးဒယားတစ်မြို့လုံး ရွံ့နှင့်လိမ့်မည်၊ သို့ဖြစ်သောကြောင့် ယခု ခမည်းတော်ဘုရား ချီလာသည်လည်း ဝေးသေးသည်၊ တပ်တော်နီးမှ တိုက်ရလျှင် သင့်မည်"

ယင်းသို့ စိုင်းပြင်းခင်းကျင်းသည့် အတွင်း တပ်ဆော်ကလည်း -

"သူ့လူကိုတွေ့လျှင် မတိုက်နှင့်ဦး၊ ငါရောက်တော်မူမှ စစ်အင်ကိုကြည့်၍ တိုက်တော်မူမည်" ဟု မြင်းသည်တို့ကို စေလွှတ်တော်မူသည်။ မြင်းသည်တို့ ရောက်၍ အတန်ကြာလျှင် ဘဝရှင်မင်းတရားကြီးဘုရား တပ်တော်ချီလာသည့် ဆင်တံခွန်များကို မြင်သည်။

ယင်းနှင့်တစ်ပြိုင်နက်တည်းပင် စည်သံ မောင်းသံလည်း ကြားသည်နှင့် ဆင်မြင်း ကစေပြီးလျှင် မင်းခေါင်နော်ရထာကို လက်ဝဲကြောင်း၊ မင်းလှနော်ရထာကို လက်ယာကြောင်း၊ မင်းလှသီရိကို အလယ်ကြောင်း ထားတော်မူ၍ သားတော်မြေဒူးမင်း ကိုယ်တော်တိုင် ကွပ်ပြီးလျှင် စစ်သုံးကြောင်းလုံး မရပ်မဆိုင်း ချောင်းကိုကူး၍ ရွပ်ရွပ်ချွံချွံ တစ်ဟုန်တည်း ယိုးဒယားတို့တပ်ကို အပြင်း တိုက်တော်မူသည်။

ယိုးဒယားဗိုလ်မှူး ငါးဦးနှင့် စစ်သူကြီး အောက်ပြလဟုန်းတို့လည်း ကြီးကြီးကြပ်ကြပ်ကွပ်၍ ချောင်းကို ဆင်းကူးလာသမျှကို ပြောင်းလက်နက်ဖြင့် ဆီး၍လွှတ်သည်။ ရဲမက်တော်အများ သေချေ၏။ ယင်းသို့ တိုက်ကြသည့် အတွင်း တပ်တော်က ထပ်မီလာသည်



www.burmeseclassic.com

www.burmeseclassic.com

နှင့် ရဲမက်တော်အပေါင်းတို့ မရပ်မဆိုင်း ချောင်းတစ်ဖက်သို့ချည်း ကူး၍တိုက်ကြသည်။

မြေဒူးမင်း သီရိမဟာဇေယျလည်း ရဲမက်တော်တို့ ထိပါးသေဆုံးသည်ကို ငဲ့စောင်းမကြည့် ကိုယ်တော်တိုင်ကွပ်၍ တိုက်တော်မူသည်။ မင်းခေါင်နော်ရထာ၊ မင်းလှနော်ရထာ၊ မင်းလှသီရိတို့ စစ်သုံးကြောင်းလည်း ယိုးဒယားတပ်သို့ဝင်မိ၍ ရှုပ်ရှုပ်သိသိ လိုက်လံပစ်ခတ် ထိုးခုတ်သည်။

မနည်းကြာလျှင် ယိုးဒယားတပ်မှူး ငါးဦးတို့နှင့် စစ်သူကြီး အောက်ပြလဟုန်းတို့ မချုပ်မအုပ် မခုမခံနိုင်လေလျှင် ယိုးဒယား ခြောက်တပ်လုံးကို ဆင်မြင်းနှင့်တကွ ရတော်မူလိုက်လေသည်။ ဗိုလ်မှူး အောက်ပြရာဇဝံသ၊ ပြစိန္တမဏိ၊ ပြတေဇော၊ ပြအိန္ဒသူရ၊ ပြဂါမဏိတို့ ငါးဦးကိုလည်း မိမိတို့စီးသည့်ဆင် အဝန်ကြီး၊ ပကျစ်ကြီး၊ သပြေသား၊ ရတနာကွဲဆော်၊ ပဝရဇရာ အမည်တပ်သော ဆင်ငါးစီးနှင့်တကွ ရလိုက်သည်။

စစ်သူကြီး အောက်ပြကလဟုန်းမှကား ဆင်ကသည် မြင်းစီး၍ အပြေးခွာလေသောကြောင့် လွတ်လေ၏။ ယိုးဒယားတို့ စံနှင့်သည့်တပ်ကို ရတော်မူလျှင် တာလံရွာတွင် ဆင်မြင်းဖြည့်တင်း၍ သုံးရက်နေတော်မူသည်။ ယိုးဒယားတို့လည်း တာလံတပ်ပျက်သည့်နောက် မြို့ပြင်သို့ မထွက်လာ မြို့တွင်းကသာ အခိုင်နေလေ၏။

တာလံတပ်တော်က ချီတော်မူသည့် တံခူးလပြည့်ကျော် ၁၁ ရက် သောကြာနေ့တွင် ယိုးဒယား ဒွါရာဝတီမြို့သို့ ရောက်တော်မူသည်။ ဒဝယ်မြို့ကသည် ယိုးဒယားမြို့ရောက် ၃၆ စခန်း ချီတော်မူသည်။ နေပြည်တော်ကသည် စခန်းပေါင်း ရှစ်ဆယ်နှင့် ယိုးဒယားမြို့သို့ ရောက်တော်မူလျှင် မြို့မြောက် ဘားနောင်ဘန်တွန်း ဟူသော အရပ်၌ တပ်ကြီးတည်၍ ရပ်နေတော်မူသည်။ တပ်တော်များကိုလည်း ထောက်မှီ လှမ်းမှီ တည်စေ၍ တပ်စဉ်အတိုင်း ယိုးဒယားမြို့ကို ရံကြ၏။ ယင်းသောအခါ ဗိုလ်မှူး၊ တပ်မှူးတို့က ယိုးဒယားမင်း အမတ်တို့သို့ စာဖြင့် စေလွှတ်သည်မှာ ဤသို့ဖြစ်၏။

"ငါတို့အရှင် ဘဝရှင်အလောင်းမင်းတရားကြီးဘုရားသည် ယိုးဒယားပြည်မှာ သာသနာတော်မပွင့်လင်းသည်ကို ပွင့်လင်းစေလို၍ ဘုရားလောင်းတို့ထမ်း တိုင်းခွင်လှည့်သည်ကို ယိုးဒယားမင်းသည် ခရီးဦးသော်လည်း မကြိုဆို၊ ဆင်ကြီး မြင်းကြီး သားသမီးသော်လည်း မဆက်၊ ထွက်၍သော်လည်း မတိုက်၊ ငါတို့ အလောင်းမင်းတရားသည် ဘုရားဆုကိုပန်တော်မူသည်နှင့်အညီ သဖန်းပုံတွင် ရခဲ့သည့် အမတ်ကြီးကိုလည်း လွှတ်တော်မူလိုက်သည်"

ထိုစကားကို ယိုးဒယားအမတ်တို့ကြားလျှင် ဤသို့ဆို၍ မှာလိုက်သည်။

"ငါတို့ ကမ္ဘာတွင် ဘုရားငါးဆူသာ ပွင့်သည်၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ ဟူသော ဘုရားလေးဆူသည် နိဗ္ဗာန်ဝင်ကြလေပြီ၊ မိတည်းဘုရားသာ ကြွင်းတော့သည်၊ မိတည်းအလောင်းလည်း ယခု တုသိတာနတ်ပြည်မှာရှိသေးသည်၊ ကိုယ်တို့အလောင်းကား အဘယ်ဘုရားလောင်းပေတုံး၊ ဘုရားပွင့်ရိုးလည်း အလွန်အားဖြင့် တစ်ကမ္ဘာလျှင် ငါးဆူသာပွင့်မြဲ၊ ခြောက်ဆူဖွင့်ထုံး မရှိ"

ယိုးဒယားမင်းလည်း စစ်သူကြီး အပြရာဇာ၊ အပြမွန်တရိ စသော သားသမက် ဗိုလ်မှူး တပ်မှူး အပေါင်းတို့ကို ခေါ်ပြီးလျှင် တိုင်ပင်တော်မူသည်။

"ယခု မြန်မာမင်း ငါတို့မြို့ရင်းတိုင်အောင် ချီလာ၍ တပ်တည်တပ်ရံနေသည်၊ မြန်မာမင်း ပြန်လည်အောင်မည်သို့ စီရင်ရသော် သင့်မည်"

ယင်းသောအခါ ယိုးဒယားစစ်သူကြီး အပြရာဇာက ဤသို့ နားတော်လျှောက်သည်။

"ယခု မြန်မာမင်းချီလာ၍ မြို့ရင်းတိုင်အောင် ချဉ်း၍နေလေသည့်အရေးမှာ တန်ခူး ကဆုန်သို့ရောက်ပြီး မကြာမတင် မိုးပြင်းလေစွေကျတော့မည်၊ ထိုအခါ ကျွန်တော်တို့ မြို့ပတ်လည် ရေပြည့်လျှမ်း၍ ဆင်မြင်းများကို မဆိုထားဦး ရဲမက်လူသူတို့ပင်သော်လည်း ချက်ပြုတ်စားသောက် ရပ်နေရန် အလွန်ခဲယဉ်းမည်။

ယင်းသို့ နေရာမထင် မမြင်နိုင်အောင်ရှိလျှင် မြန်မာမင်းအစုံကိုဖြုတ်၍ ပြန်ရလိမ့်မည်၊ ယင်းသို့ မြန်မာမင်း ပြန်သည့်ကာလ ကျွန်တော်တို့ မြို့ကထွက်၍ တိုက်လိုလျှင်လည်း လက်ဝါးခတ်ကာ လိုက်၍တိုက်မည်၊ မလိုက် မတိုက်လိုလျှင်လည်း ကျွန်တော်တို့မြို့တွင်ပင် နေမည်၊ ယခု ကျွန်တော်တို့ ဆင်မြင်းလူသူ ပင်ပန်းလေအောင် ထွက်၍တိုက်မည်ကို ကြိုးကြိုးပမ်းပမ်း မစီရင်သင့်။

ကျွန်တော်တို့မြို့ကိုသာ ကြည်းဘက် ရေဘက် အခိုင်နေမည်၊ ကျွန်တော်တို့ အရံမြို့စားပြစားတို့ကိုလည်း အသီးသီး မြို့ကိုသာ အခိုင်နေစိမ့်မည်၊ မြန်မာမင်းသို့လည်း အခိုက်အတန့်ကို သာယာချောင်စွာ ထွက်၍ စေပါပြောဆိုမည်"

စစ်သူကြီးအပြရာဇာ၏ စကားကို မင်းညီမင်းသား မှူးမတ်အပေါင်းတို့





www.burmeseclassic.com

www.burmeseclassic.com

ကြားလျှင် အောက်ပါအတိုင်း ယိုးဒယားမင်းကို တညီတညွတ်တည်း နားတော်လျှောက်ကြသည်။

"ကျွန်တော်တို့ စစ်သူကြီး အဖြာအဖ နားတော်လျှောက်သည့်အရေးသည် သင့်လှပေသည်"

ယိုးဒယားမင်းလည်း အကြိုက်ညီသည်ဖြစ်၍ မြို့ထိပ် ပြထိပ်သို့ အမြောက်လက်နက် သူရဲသူခက် ရွေးချယ်ထပ်လောင်းသည်။ရေတပ်သင်္ဘောသမ္ဗန်များသို့လည်း လူသူလက်နက်ထပ်ဖြည့်သည်၊ အရံမြို့ကြီးပြကြီးများသို့လည်း မြို့ပြကျုံးမြောင်း ခလုတ်ဆူးခြောင့်ကိုသာ တိုးပွားလုပ်ဆောင် ပြင်ဆင်၍ မြို့ကိုသာ နေနိုင်အောင်နေလေမှာထား၍ မြို့စားပြစားတို့လည်း ကိုယ်စီတိုယ့်မြို့နှင့် အခိုင်ချည်းနေလေ၏။

ဘဝရှင်အလောင်းမင်းတရားကြီးဘုရားသို့လည်း ဆင်ကြီး၊ မြင်းကြီးလက်ဆောင်တော်ဆက်သ၍ "စည်းစိမ်မပျက် နေလုပ. ..ည်" ဟု ယိုးဒယားမင်းက အမတ်ကြီး ဖြသိဒ္ဓိ၊ ဖြသုဘာဝတီ၊ ဖြသူရကမ္မ အမတ်သုံးဦးကို လွှတ်လိုက်၍ တပ်တော်သို့ ရောက်လာသည်ကို တပ်ဦးကင်းသားတို့က မင်းခေါင်နော်ရထာတပ်သို့ ပို့သည်။

မင်းခေါင်နော်ရထာက အမတ်သုံးဦးတို့ကို စုံစမ်းမေးမြန်းပြီးလျှင် မြေဒူးမင်း သီရိဓမ္မရာဇာတပ်သို့ ပို့ရသည်။ မြေဒူးမင်း သီရိဓမ္မရာဇာကလည်း ယိုးဒယားအမတ်တို့ ထွက်လာရသည့်အကြောင်းမျိုးတို့ စုံစေ့စွာ မေးတော်မူသည်တွင် ယိုးဒယားအမတ် သုံးဦးတို့က

"နေထွက်ဘုရင်မင်းတရားကြီးကို မင်းတို့ထိုက်တန်သည့် ဆင်ကြီး မြင်းကြီး လက်ဆောင်လက်နက်များစွာ ဆက်သပြီးလျှင် မြို့ပြထီးနန်း စည်းစိမ်မပျက် ဘုန်းတော်ကို အမှီပြု၍ စိုးအုပ်မြဲစိုးအုပ်နေရပါမည့်အကြောင်း"လျှောက်ထားသည်။ဘဝရှင်မင်းတရားကြီးဘုရားလည်း ဤသို့ အမိန့်တော်ရှိသည်။

"ဒွါရာဝတီအမည်ရှိသော ယိုးဒယားမြို့ကို ယခု ငါချီတော်မူလာသည့်အကြောင်းလည်း ယိုးဒယားမင်းစည်းစိမ်ထီးနန်းကို ဖျက်ဆီးလို၍ ချီလာသည်မဟုတ်၊ ယိုးဒယားတို့နေသည့် တိုင်းပြည်သည် သာသနာတော်တည်ရာဖြစ်လျက် ဘုရားရှင်သာသနာတော် ပွင့်ပွင့်လင်းလင်းမရှိလေသည်ကို အတိုင်းထက်အလွန် တိုးပွား၍ ပွင့်လင်းထွန်းတောက်အောင် ချီးမြှင့်ပြုစုတော်မူလိုသောကြောင့် ငါချီတော်မူလာခြင်းဖြစ်သည်"

သေနာပတိ စစ်သူကြီးမင်းများကအမိန့်တော်အတိုင်း ယိုးဒယားအမတ်ကြီး သုံးဦးတို့ကို ပြန်ဆိုပြီးလျှင် စားဖွယ်သောက်ဖွယ် ပေးကမ်းကျွေးမွေး၍ မြို့တွင်းသို့ ဝင်စေ၏။

ဘဝရှင်အလောင်းမင်းတရားကြီးဘုရားလည်း ယိုးဒယားမင်းက စေလွှတ် ထွက်လာစေသည့် အမတ်ကြီးသုံးဦးကို ပြန်စေသည့်နောက် ဆယ်ရက်ကျော်ခန့်ရှိလျှင် ကိုယ်တော်မအီမသာရှိတော်မူသည်နှင့် သားတော်မြေဒူးမင်း သီရိဓမ္မရာဇာ စသော စစ်သူကြီး၊ ဗိုလ်မှူး တပ်မှူးအပေါင်းကို ခေါ်တော်မူ၍ ဤသို့ အမိန့်တော်ရှိ၏။

"ယခု ယိုးဒယားမင်းသည် ထွက်၍သော်လည်း မတိုက်၊ အမှူး အမတ်တို့ကို တစ်ကြိမ် တစ်ခေါက် ထွက်လာစေပြီးလျှင် အရေးသော်လည်းပြီးအောင်ဆက်လက်၍ မပြောမဆိုနေလေသည်။ ယခုလည်း မိုးကျတော့မည်။ လုပ်ရေးကြံရေးများကို မည်သို့စီရင်မှ သင့်မည်နည်း။

ယင်းသောအခါ သားတော် မြေဒူးမင်း သီရိဓမ္မရာဇာ လျှောက်တင်သည်မှာ ဤသို့ဖြစ်၏။

"ယမန်ကာလ ယိုးဒယားမင်းကမင်းဇကရာဇ်တို့နှင့် ထိုက်တန်သည့်လက်ဆောင်တော် ဆင်ကြီး မြင်းကြီးဆက်သပြီးလျှင် စည်းစိမ်မပျက် နေပါရမည့်အကြောင်းနှင့် ယိုးဒယားအမတ်သုံးဦးတို့ကို ခြေတော်ရင်းသို့အလျှောက်အထား စေလွှတ်လာရောက်သည့်အရာများသည် ကျွန်တော့်စိတ်တွင်ကားဖြောင့်ဖြောင့်ရိုးရိုး ဟုတ်မည်မထင်၊ ရှေ့တစ်လနှစ်လရှိလျှင် မိုးလည်းကျတော့မည်၊ ကိုယ်တော်လည်း မအီမသာရှိချေသည်၊ သည်တစ်ကြိမ်တစ်ခါကိုနေပြည်တော်သို့ ပြန်တော်မူပြီးလျှင် ရှေ့မိုးစဲလင်းပွင့်ကိုချီ၍ လုပ်ကြံရသည်ရှိသော် ယိုးဒယားမြို့မှ မဆိုနှင့်ဦး၊ ဇမ္ဗူဒိပ်အပြင်ဝယ် ထီးဆောင်းမင်းအပေါင်းတို့ ရုံး၍ခံသော်လည်း လက်တော်ကလွတ်နိုင်မည်မဟုတ်"

သားတော်မြေဒူးမင်း လျှောက်သည့်စကားကို မင်းခေါင်နော်ရထာကြားလျှင် ဤသို့ နားတော်လျှောက်ပြန်၏။

"ယခု သားတော်သခင် နားတော် လျှောက်သည့်အရေးသည် သင့်မြတ်လှပေသည်၊ယုတ္တြာယာယီပရိယာယ်ဝေဝုစ် အကြံအစည်အရာ၌ အလွန်လေ့လာစဉ်းလဲသည့်လူများ ဖြစ်ချေသည်၊ သို့ကြောင့် သည်တစ်ကြိမ်တစ်ခါကို ရှိစေဦး၊ ရှေ့သို့ မိုးရေစဲလျှင်စဲချင်းရှာပိုင်းရွာက စစ်တစ်ကြောင်း၊ ထားရိုက်က စစ်တစ်ကြောင်း၊ ဒဝယ်၊ သစ်ကနက်က စစ်တစ်ကြောင်း၊ ယင်းသို့စစ်သုံးကြောင်း တညီတညွတ်တည်းချီတက်ပြီးလျှင် အရံမြို့ကြီးပြကြီး





www.burmeseclassic.com

www.burmeseclassic.com

ဆိုသမျှကို နတ်တော်၊ ပြာသိုလအတွင်းက အကုန်အစင်ရအောင် လုပ်ကြံမည်၊ ယင်းသို့ မြို့ရဲ့ ပြရံများကို သိမ်းယူပြီးလျှင် ယိုးဒယားမြို့သည် အတောင်ကျွတ်သော ငှက်ကဲ့သို့ ရှိသည့်ကာလမှ သိမ်းယူရသည်ရှိသော် ယိုးဒယားမြို့သည် လက်တော်က လွတ်မည့်အကြောင်းမရှိ"

ဘဝရှင် အလောင်းမင်းတရားကြီးဘုရားလည်း ကိုယ်တော်ကျန်းကျန်းရှိတော်မမူသည်နှင့် သားတော်မြေဒူးမင်းသီရိမမ္မရာဇာ. စစ်သူကြီးမင်းခေါင်နော်ရထာတို့ လျှောက်သည့်အရေးကိုကြိုက်တော်မူသောကြောင့် -

"ရသည့် ယိုးဒယားအမတ်တို့ကို သတ်သည်ဟူ၍ ယိုးဒယားမြို့ကို အလိုတော် ပြည့်မည်မဟုတ်၊ ကိုယ်တို့သားမယားနှင့် တွေ့ကြပါစေလော၊ လွှတ်ခဲ့ရမည်"

အမိန့်တော်ချ၍ တိုက်ပွဲတွင် ဆင်နှင့်တကွ ရတော်မူလိုက်သည့် ရွှေထီးဆောင်း ယိုးဒယားဗိုလ်မှူး ပြရာဇဝံသ၊ ပြစိန္တာမဏိ၊ ပြတေဇော၊ ပြဂါမဏိ၊ ပြအိန္ဒသူရတို့ ငါးဦးကို အဝတ်အစားပေးကမ်း၍ လွှတ်လိုက်ရ၏။

ယင်းသို့မှ ဒေဝဟာစာရီမြင်းတပ်၊ ရာဇဟာစာရီမြင်းတပ်၊ နန္ဒဟာစာရီမြင်းတပ်၊ သိဒ္ဓိဟာစာရီမြင်းတပ်၊ သီဟဟာစာရီမြင်းတပ်၊ သည်မြင်းတပ် ငါးတပ်၊ မြင်း ငါးရာ၊ ခံတော့ဗိုလ်တုရင်သိပ္ပ တစ်တပ်၊ တုရင်သစ် တစ်တပ်၊ ယောဗိုလ်ငမျောက် တစ်တပ်၊ နတ်စက်မှန်ကင်း တစ်တပ်၊ ဒီပစက်ရန်ခွဲ တစ်တပ်၊ ကျောက်တံခါးဗိုလ် သောမှန် တစ်တပ်၊ သေနရာဇာ တစ်တပ်၊ ဝဿပုံချိ တစ်တပ်၊ နတ်စက်ပ တစ်တပ်၊ ဒီပစက်ရန်နင်း တစ်တပ်၊ သိပ္ပစက် တစ်တပ်၊ ဇီဝပုံချိ တစ်တပ်၊ သည်တစ်ဆယ့်နှစ်တပ်၊ သေနတ်စွဲသူရဲ ခြောက်ထောင်၊ ကသည်းမြင်း ငါးတပ်နှင့် တပ်ပေါင်းတစ်ဆယ့်ခုနစ်တပ်တွင် မြင်း ငါးရာ၊ သေနတ်စွဲသူရဲ ခြောက်ထောင်နှင့် မင်းခေါင်နော်ရထာကို နောက်ခံတပ်ထားခဲ့၍ ယိုးဒယားမြို့မှ ခွာတော်မူသည်။

တစ်စခန်းရောက်လျှင် မင်းလှနော်ရထာကို မြင်းနှစ်ရာ၊ သေနတ်စွဲသူရဲ သုံးထောင်နှင့် မင်းခေါင်နော်ရထာကို ထောက်လှမ်းရမည်ဟုထားခဲ့ပြီးလျှင် သားတော် မြေဒူးမင်းသီရိမမ္မရာဇာ နောက်တော်ကအုပ်၍ တပ်စဉ်အတိုင်း သက္ကရာဇ် ၁၁၂၂ တစ်ထောင့်တစ်ရာနှစ်ဆယ့်နှစ်ခု ကဆုန်လဆန်း ၃ ရက်ကြာသပတေးနေ့ ယိုးဒယားမြို့မှ နေပြည်တော်သို့ ပြန်တော်မူ၏။ ယင်းသောအခါ ယိုးဒယားမင်းသည် ဘဝရှင်အလောင်းမင်းတရားကြီးဘုရား ဆုတ်ခွာတော်မူကြောင်းကို သိလေလျှင် -

"ယခု မြန်မာမင်းသည် ငါတို့မြို့တွင်းတိုင်အောင် ပေါက်ရောက်၍ စစ်ဦးစစ်စ ကောင်းလှပေသည်ဖြစ်လျက် ဆုတ်ခွာလေသည်မှာ အကြောင်းမဲ့ပဲ ဆုတ်ခွာမည် မဟုတ်၊ တစ်စုံတစ်ခု အကြောင်းရှိမည်၊ ငါတို့က သိရအောင် စုံစမ်းသင့်သည်" ဟု ထွက်၍စုံစမ်းသည်။

စုံစမ်းသူတို့လည်း အထူးအခြားအရိပ်အရောင်မထင် မြန်မာမင်းနှင့် မြန်မာတပ်အများ ဆုတ်ခွာကြောင်း၊ မြန်မာတပ်တစ်တပ်သာ ကျန်ရှိကြောင်းကို စုံစမ်းသူတို့ သိမြင်ခဲ့၍ ယိုးဒယားမင်းတွင် လျှောက်သည်ကို --

"မြန်မာမင်း ဆုတ်ခွာ၍ ရှိလေပြီးသည်ကို ငါ့မြို့ရင်းတွင် တပ်ငယ် တခုနှင့် မြန်မာတို့ မင်းလုံးမစား နေပြန်သည်၊ နေထွက်ရှိသလော မထေမဲ့မြင်နေသည့် မြန်မာတို့ကို တစ်ယောက်မကျန် ဖမ်းယူပြီးလျှင် မြန်မာမင်း ဆုတ်ခွာလေရာ တပ်ခြေကြွကို လိုက်၍တိုက်ရမည်" ဟု ယိုးဒယားဗိုလ်မှူး တပ်မှူးတို့ကို လူလေးသောင်းကျော်၊ ဆင်လေးရာကျော်၊ မြင်းလေးထောင်ကျော်နှင့် မြို့တွင်းက ထွက်စေသည်။

မင်းခေါင်နော်ရထာလည်း ယိုးဒယားမြို့က အလုံးအရင်းများနှင့် ထွက်လာသည်ကိုမြင်လျှင် တပ်နှင့် ကြံ့ကြံ့ခံနေသည်။ ယိုးဒယားတို့လည်း မင်းခေါင်နော်ရထာတို့ မထွက်မခွာ တပ်နှင့်နေသည်ကို တွေ့လျှင် အထပ်ထပ်ဝန်းရံကြ၏။ ယင်းသောအခါ တပ်မှူး၊ စစ်ကဲအပေါင်းတို့က ဤသို့ဆိုကြသည်။

"ယခု ကျွန်တော်တို့တပ်ကို သူက ရံသည်၊ အင်အားကြီးလှသည်၊ သူတို့တိုင်းလယ် ပြည်လယ်မှာဖြစ်၍ နောက်ကိုလည်း ထပ်ကာ ထပ်ကာ ရောက်ချေဦးမည်၊ ကျွန်တော်တို့ကား နွားဦးချိုကဲ့သို့သာ ဖြစ်ချေသည်၊ ယိုးဒယားတို့က နွားမွေးကဲ့သို့ အလွန် :လှချေသည်၊ နေ့ရက် ဆက်၍ အရံကိုခံချေသော် မထွက်မခွာနိုင်အောင် ရှိမြိမ့်မည်၊ ယခုက မြောက်မျက်နှာ ရံတပ်စုကို နင်း၍ ထွက်ရမှ ထွက်ခွာနိုင်ချိမ့်မည်"

ထိုအခါ မင်းခေါင်နော်ရထာက ပြန်လည်မိန့်ကြား၏။

"ကိုယ်တော်လည်း ခန့်သာတော်မမူ၊ ဆုတ်ခွာတော်မူသည်လည်း နှစ်စခန်း သုံးစခန်းမျှသာ ရောက်ဦးမည်၊ ယခု ငါတို့ သည်ကခွာလွှယ်လျှင် သူတို့ မလိုက်နေဘိမည်မဟုတ်၊ စစ်အားကြီး လိုက်ယင်၍ တစ်စခန်းအကွာတွင် အပန်းတကြီး တိုက်ကြသည့်ကာလ ပြောင်းသေနတ်သံကို ကြားတော်မူလျှင် ငါတို့ကို ကြောင့်ကြငဲ့ကွက်တော်မူ၍ ခရီးချုပ်တော်မူချိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

ယင်းသို့ဖြစ်သောကြောင့် ယိုးဒယားတိုင်း အလုံးပင် ထွက်၍ရှိသော်လည်း ငါတို့ ခန့်ညားသာမည်မဟုတ်၊ နိုးသမျှတပ်ကို ယခုပင် ထွက်၍တိုက်မည်၊ ခံတောဗိုလ်တုရင်သိပ္ပ၊ နတ်စက်မှန်ကင်း၊ ဒိဗ္ဗစက်ရန်ခွဲ၊ ဒေဝဟာစာရီတို့လေးတပ်မှာ မြင်းတစ်ရာ၊ သေနတ်စွဲသူရဲ တစ်ထောင့်ငါးရာနှင့် တောင်မျက်နှာရံတပ်စုကို ထွက်၍တိုက်ရမည်။

ဤသို့လျှင် တုရင်သစ်၊ ဒိဗ္ဗရန်နင်း၊ သိပ္ပစက်၊ ရာဇဟာစာရီတို့ လေးတပ်မှာ မြင်းတစ်ရာ၊ သေနတ်စွဲသူရဲ တစ်ထောင့်ငါးရာနှင့် မြောက်မျက်နှာ ယောဗိုလ်ငမျောက်၊ ကျောက်တံခါးဗိုလ် သောမှန်၊ ဗိုလ်သောမှန်၊ ဝဿပုံချို၊ နန္ဒယောစာရီတို့ လေးတပ်မှာ မြင်းတစ်ရာ၊ သေနတ်စွဲသူရဲ တစ်ထောင့်ငါးရာနှင့် အနောက်မျက်နှာရံ တပ်စုများကို ထွက်၍တိုက်ကြကာ မင်းခေါင်နော်ရထာကား ဒီပပုံချို၊ သေနရာဇာ၊ နတ်စက်ပ၊ သဒ္ဒိတစာရီ၊ သီဟဟာစာရီတို့ မြင်းနှစ်ရာ၊ သေနတ်စွဲသူရဲ တစ်ထောင့်ငါးရာနှင့် အရှေ့မျက်နှာက စစ်အားကြီးရှိလာသည့်ရွှေထီးဆောင်းလေးဦးကို ရအောင်တိုက်မည်ဟု ထွက်၍တိုက်တော့သည်။

မင်းခေါင်နော်ရထာ ထွက်၍တိုက်သည်ကို မြင်လျှင် ခံတောဗိုလ်တုရင်သိပ္ပ၊ နတ်စက်မှန်ကင်း၊ ဒိဗ္ဗစက်ရန်ခွဲ၊ ဒေဝဟာစာရီတို့လည်း မြင်းတစ်ရာ၊ သေနတ်စွဲသူရဲ တစ်ထောင့်ငါးရာနှင့် တောင်မျက်နှာရံတပ်ကို ထွက်၍တိုက်သည်။ အလားတူပင် အခြားမျက်နှာများကလည်း တစ်ချက်တည်း တစ်ပြိုင်နက်တည်း ထွက်၍တိုက်ကြသည်။

ယိုးဒယားတို့ မခံရပ်နိုင် အဆီးအတားမရှိ ပျက်၍ ဆုတ်ခွာထွက်ပြေးသည်။ သေလေသည်လည်း များ၏။ မင်းခေါင်နော်ရထာလည်း ယိုးဒယားတို့ ဆုတ်ခွာထွက်ပြေးလေရာ မြို့ရင်းတိုင်အောင် မြင်းနှင့်လိုက်၍ ထထိုးသည်။ ရွှေထီးဆောင်းတစ်ယောက်၏ ခေါင်းကို ရလိုက်၏။ ယိုးဒယားတို့ တပ်ဆိုသမျှ ပျက်လျှင် မင်းခေါင်နော်ရထာ တပ်သို့ ဝင်မြဲဝင်၍နေ၏။

မင်းခေါင်နော်ရထာ ယိုးဒယားတပ်ကို ထွက်၍တိုက်သည့် သေနတ်စိန်ပြောင်းသံကို မင်းလှနော်ရထာတပ်က ကြားလေလျှင် မင်းခေါင်နော်ရထာတို့တပ်ကို ယိုးဒယားတစ်မြို့လုံးထွက်၍ တိုက်ချေပြီဟု အလျှင်ပြန်၍ချီလာသည်တွင် မင်းခေါင်နော်ရထာက မင်းလှနော်ရထာကို ဆိုသည်ကား ဤသို့ဖြစ်၏။

"သွေးသောက်မှာ ဘဝရှင် မင်းတရားကြီးဘုရားကိုသာ မှီအောင်လိုက်လေ၊ နောက်က အရေးအကြောင်းမှာ ငါ့တာဖြစ်စေ"

"သူတို့ငါးလယ် ပြည်လယ်မှာ ဖြစ်သည်၊ သွေးသောက်မကြာလွန်းစေနှင့်၊ ငါလည်း သွေးသောက်ကို ဆိုင်းငံ့၍ သွားမည်"

ထိုသို့ဆိုပြီး မင်းလှနော်ရထာ ပြန်လည်ဆုတ်ခွာ၏။ မင်းခေါင်နော်ရထာလည်း ယိုးဒယားတို့ မြို့တွင်းမှ ထွက်အလာကို စောင့်သည်။ လေးငါးရက်နေ၍ မထွက်မလာဘဲ ရှိသည်နှင့် သေနတ်အမြောက် အသံမစဲပစ်ဖောက်လျက် ယိုးဒယားမြို့ ဘန်တွန်းအရပ်မှ ဆုတ်ခွာခဲ့၏။

ရှေ့ကချီနှင့်သော ဘဝရှင် အလောင်းမင်းတရားကြီး ဘုရားမှာ ကဆုန်လဆန်း ၃ ရက် ကြာသပတေးနေ့တွင် ဆုတ်ခွာခဲ့ရာ ၂၄ စခန်းဖြင့် မုတ္တမမြို့ကျေး ကင်းရွာသို့ ရောက်တော်မူသည်။ ထိုစခန်းတွင် သက္ကရာဇ် ၁၁၂၂ ကဆုန်လပြည့်ကျော် ၁၂ ရက် တနင်္ဂနွေနေ့ မိုးသောက်ယံအချိန်တွင် နတ်ပြည်စံတော်မူ၏။

### သားတော် ဒီပဲယင်းမင်း

ဘဝရှင်အလောင်းမင်းတရားကြီးဘုရား နတ်ပြည်စံတော်မူလျှင် သားတော် ဒီပဲယင်းမင်း သီရိသုဓမ္မရာဇာသည် သက္ကရာဇ် ၁၁၂၂ နယုန်လပြည့်ကျော် ၉ ရက် အင်္ဂါနေ့တွင် ခမည်းတော်၏ အရိုက်အရာတော်ဖြစ်သော ရွှေထီးရွှေနန်းကို သိမ်းမြန်းစိုးအုပ်တော်မူသည်။

ထိုမင်းသည် မင်းခေါင်နော်ရထာကို လည်းကောင်း၊ ဘထွေးတော် တောင်ငူမင်းကို လည်းကောင်း အောင်မြင်တော်မူပြီးနောက် ဇင်းမယ် ၅၇ ခရိုင်ကို သိမ်းရုံးရန် စီမံတော်မူ၏။

ဘယဂါမဏိ တစ်တပ်၊ မင်းလှသီရိ တစ်တပ်၊ နေမျိုးလက်ဝဲကျော်ခေါင် တစ်တပ်၊ သည်လေးတပ်ကို မြင်း ၅၀၊ စစ်သည်သူရဲ ၇၅၀၀ နှင့် ဇင်းမယ်သို့ ချီစေသည်။ မုတ္တမမြစ် အရှေ့ဘက် ကော့ကွန်းအရပ်တွင် ဒလပန်း အလုံးအရင်းနှင့် ရှိနေသည်ကိုလည်း သိမ်းယူရမည်ဟု လမိုင်းဝန် တစ်တပ်၊ စည်ပုတ္တရာဗိုလ် တစ်တပ်၊ ငရနဲဗိုလ် တစ်တပ် ခေါ် သန္တိဗိုလ် တစ်တပ်၊ ထန်းတပင်ဗိုလ် တစ်တပ်၊ သည်ငါးတပ်တွင် လမိုင်းဝန်ကို အချုပ်ခန့်တော်မူ၍ စစ်သည်သူရဲ ၃၅၀၀နှင့် ရဲကြောင်းချီရ၏။

ဒလပန်းကို အသိမ်းအရုံး ခန့်တော်မူသည့် လမိုင်းဝန်၊ စည်ပုတ္တရာဗိုလ်၊ ငရနဲဗိုလ် ခေါ် သန္တိဗိုလ်၊ ထန်းတပင်ဗိုလ်တို့သည် ဒလပန်းရှိနေရာ ကော့ကွန်းအရပ်သို့သွား၍ ဝိုင်းဝန်းကြ



www.burmeseclassic.com

www.burmeseclassic.com

ရာ ဒလပန်း လက်မတုံ့ဝံ့လေလျှင် ဒလပန်းကို သားမယားဆွေမျိုး သင်းပင်းနှင့်တကွ သိမ်းယူခဲ့၍ မြေရင်းတော်သို့ ရောက်လာလျှင် ဒလပန်းကို အထူး အမျက်တော်မရှိ၊ ကိုယ်နှင့်တကွ သားမယား အသက်စည်းစိမ်ကို လွှတ်တော်မူ၍ အမှုတော်ကို ထမ်းစေသည်။

ထိုနှစ် မဟာနန္ဒာကန်တွင်းတွင် တည်လုပ်တော်မူသည့် ရွှေစေတီတော်နှင့်တကွ သုမဂ္ဂါအရပ် လုပ်ဆောင်ပြီးပြေလျှင် စေတီတော်ကို ရွှေထီးအထွတ်တင်တော်မူ၍ ထီး ချယားသီးကသည် မြေတိုင်အောင် ရွှေထည့်တော်မူသည်။

သုမဂ္ဂါဇရပ်တော်ကြီးကိုလည်း အတွင်းအပြင် ရွှေပိန်းထည့်တော်မူပြီးလျှင် အရညာဝါသီပုဂ္ဂိုလ်၊ ဂါမဝါသီပုဂ္ဂိုလ်၊ အရိယာသယ်ာတော်တို့အား ပရိက္ခရာရှစ်ပါးနှင့်တကွ များစွာသော ရဟန်းတို့ အသုံးအဆောင်ကို လှူတော်မူသည်။ ပြည်သူပြည်သားတို့နှင့် သက်ကြီးရွယ်ရင့်သူ၊ အတီးကျန်သသူ၊ မစားရတတ် မဝတ်ရတတ်သသူ လူတို့အားလည်း အဝတ်အစား များစွာပေးသည်။ ပွဲသဘင် ကြီးစွာခံတော်မူသည်။

ဤသို့ ပစ္စုပ္ပန်စီးပွား၊ သံသရာစီးပွားကို များစွာဆောင်ရွက် ဆည်းပူးတော်မူပြီးလျှင် သီရိပဝရ မဟာဓမ္မရာဇာ တံဆိပ်နာမံတော်ရှိသော ဘဝရှင်မင်းတရားကြီးဘုရားသည် သက္ကရာဇ် ၁၁၂၅ နတ်တော်လပြည့်ကျော် ၉ ရက် အင်္ဂါနေ့တွင် လူ့ပြည်ငြီး၍ နတ်ထီးစံတော်မူသည်။

## ညီတော်
## ဆင်ဖြူရှင်မင်းတရားကြီး

ဘဝရှင်မင်းတရားကြီးဘုရား နတ်ပြည်စံတော်မူလျှင် အတွင်းဝန်တို့က "နောင်တော်ဘုရား နတ်ရွာစံတော်မူကြောင်းကို ညီတော် မြေဒူးမင်း သီရိဓမ္မရာဇာကို လျှောက်ထားလျှင် လပြည့်ကျော် ၁၀ ရက် ဗုဒ္ဓဟူးနေ့နံနက် နေဝန်းပေါ်တွင် နောင်တော်ဘုရား အရိုက်အရာ ရွှေထီးရွှေနန်းကို သိမ်းမြန်းစိုးအုပ်တော်မူသည်။

နောင်တော်ဘုရား အလောင်းတော်ကိုလည်း လပြည့်ကျော် ၁၁ ရက် ကြာသပတေးနေ့တွင် စကြဝတေးမန္တတ်မင်းတို့ကို သဂြိုဟ်သကဲ့သို့ သားတော်၊ ညီတော်၊ ဆွေတော်မျိုးတော်၊ မှူးတော်မတ်တော် အပေါင်းခြံရံလျက် ရွှေဝေါနှင့်ထွက်တော်မူ၍ လွှတ်တော်အရှေ့မြောက် နန်းမြို့တွင်းဝယ် သဂြိုဟ်တော်မူသည်။

သီရိဓမ္မရာဇာ မြေဒူးမင်းသည် ထိုနှစ် တော်သလင်းလပြည့်ကျော် ၂ ရက် သောကြာနေ့တွင် နောင်တော်ဘုရား လက်ထက်တော်က ဇင်းမယ်မြို့ကို အသိမ်းအရုံးခန့်သူ အဘယဂါမဏိ၊ မင်းလှသီရိတို့လည်း ဇင်းမယ် ၅၇ ခရိုင် အလုံးကို အလိုတော်ပြည့်၍ မင်းရဲသီရိကို ဇင်းမယ်မှာ အစောင့်အနေ စည်းကြပ်ခန့်ထားခဲ့ပြီးလျှင် အင်းဝမြို့ပျက်သည့်ကာလ ထွက်ရှောင်၍ ဇင်းမယ်မြို့သို့ရောက်သည့် အင်းဝမင်းသား ရွှေတောင်စားမယား မင်းထိပ်ပန်း၊ သမီး မင်းစီစီ၊ မင်းစာစာတို့နှင့် ပဲကူးမြို့က ထွက်ရှောင်သည့် ဆင်ကျားရှင်ဆိုသူတို့ကို သင်းပင်းကျေးကျွန်များနှင့်တကွ ဇင်းမယ်ပျက်တွင် ရသည့်လက်နက်၊ ဆင်ကြီး၊ မြင်းကြီး၊ ဘဏ္ဍာတော်၊ အရာတော်၊ မင်းထိုက်မင်းတန် လက်ဆောင်တော်များကို သိမ်းရုံးဆောင်ယူခဲ့သည်။

ဤသို့ဖြင့် ထိုနှစ် တပို့တွဲလဆန်း ၁၃ ရက် အင်္ဂါနေ့ မြေတော်ရင်းသို့ ရောက်လာလျှင် အဘယဂါမဏိကို ဇင်းမယ်မြို့ဝန် ခန့်တော်မူသည်။ မင်းလှသီရိကိုလည်း မဟာနော်ရထာဘွဲ့ကို ပေးတော်မူသည်။ မြင်းဝန်လည်း ခန့်တော်မူသည်။ ဇင်းမယ်မြို့မှာလည်း မင်းလှသီရိ၊ အဘယဂါမဏိတို့ ပြန်သည့်နောက် နွဲ့မနိုး၊ ငစံစိုတို့သည် မိုင်းယွန်းကြီးသမက် ဘားပေါင်း၊ လကွန်း၊ လွယ်လွန်၊ မိုင်းသတ်၊ မိုင်းပုမြို့စားတို့နှင့် ညီညွတ်တိုင်ပင်၍ ထောင်ထားရိုင်းပျလေသည်။

ထိုအကြောင်းကို ဇင်းမယ်မြို့မှာ အစောင့်အနေထားခဲ့သူ မင်းသီရိက အလျှောက်အထားရောက်၍ ဘဝရှင်မင်းတရားကြီးဘုရား ကြားတော်မူလျှင် ဇင်းမယ် ၅၇ ခရိုင်တွင် မငြိမ်မဝပ်သည့် မြို့စားပြစားတို့ကို အနေအထားကျအောင် သိမ်းရုံးစီရင်၍ မိုင်းလုံခပင် စသော လင်းဇင်းပြည်အလုံးကို သိမ်းရုံးပြီးလျှင် ဇင်းမယ် ၅၇ ခရိုင်အား လင်းဇင်းအားနှင့် ယိုးဒယားမြို့ကို သိမ်းယူရမည်။ သို့ဖြစ်သဖြင့် တပ်ပေါင်း ၂၈ တပ် ခန့်ရန်တော်မူသည်။

နေမျိုးသီဟပတေ့ တစ်တပ်၊ သတိုးမင်းထင် တစ်တပ်၊ ကျော်ခေါင်သူ တစ်တပ်၊ သီရိရာဇသင်္ကြံ တစ်တပ်၊ သီရိနန္ဒသင်္ကြံ တစ်တပ်၊ ဆပ်ပြာတုန်းဗိုလ် တစ်တပ်၊ သစ်ဆိမ့်ကုန်းဗိုလ် တစ်တပ်၊ ပြင်ဦးဗိုလ် တစ်တပ်၊ ဥဒိန်နန္ဒကျော် တစ်တပ်၊ စက္ကသိဒ္ဓိကျော် တစ်တပ်၊ တုရင်ဗလကျော် တစ်တပ်၊ တုရင်သာရကျော် တစ်တပ်၊ တုရင်ရွှေတောင် တစ်တပ်၊ ရွှေတောင်နန္ဒကျော် တစ်တပ်၊ ရွှေတောင်သိင်္ခကျော် တစ်တပ်၊ ရွှေတောင်အိန္ဒသူ တစ်တပ်၊ ရွှေတောင်ဥဒိန် တစ်တပ်၊ ဗညားလော တစ်တပ်၊ ဒီပရဲထွတ်ကျော် မြင်းတပ်၊ ရဲခေါင်ကျော်



www.burmeseclassic.com

www.burmeseclassic.com

ရွာ မြင်းတပ်၊ နရာရွှေတောင် မြင်းတပ်၊ နရာပေါ်စ မြင်းတပ်၊ ခေတ္တနရာ မြင်းတပ်၊ ရဲထင်အာကာ မြင်းတပ်၊ နန္ဒရာဇာ မြင်းတပ်၊ ဒင်္ဂသမန်း မြင်းတပ်၊ လက်ဝဲကြော မြင်းတပ်၊ ရုံးစားစာ မြင်းတပ်။

သည်တပ်ပေါင်း ၂၈ တပ်တွင် ပါဝင်သည့် တိုက်ဆင် တစ်ရာ၊ မြင်းတစ်ထောင်၊ စစ်သည်သူရဲ နှစ်သောင်းနှင့် ကျော်ထင်သီဟသူ၊ တုရင်ရာမကျော်တို့ကို စစ်ကဲ၊ နေမျိုးသီဟပတေ့တို့ အချုပ်ခန့်တော်မူ၍ သက္ကရာဇ် ၁၁၂၅ တပေါင်းလဆန်း ၆ ရက် အင်္ဂါနေ့ ဇင်းမယ်ကြောင်း ချီစေ၏။

ထိုအခါ အမိန့်တော်ရှိသည်ကား ရတနာပူရ အင်းဝရာဇဌာနီ မင်းနေပြည်တော်ကြီးသည် ဘုန်းတန်ခိုးကြီးသော မင်းတို့ နေရာဌာနဖြစ်သည်။ မြောက်မျက်နှာက ဧရာဝတီမြစ်၊ အရှေ့မျက်နှာကလည်း ပန်းလောင်၊ စမုံ၊ စမာ၊ မက္ခရာ ဒုတ္ထာဝတီ ဟူသော မြစ်ငါးစင်းတို့ ပေါင်းဆုံဝန်းရစ် စီးဆင်းသည်။

မြစ်အပေါင်းတို့၏အစုံ မြေခုံသန်လျက်စွန်းတွင်ဖြစ်၍လည်း -

"ငါမင်းသားလက်ထက်က သူရဲဗိုလ်ပါ အနည်းနှင့် အင်းဝမြို့မှာ ရပ်နေသည်ကို ဟံသာဝတီသားတို့ ဗိုလ်ပါသူရဲခြုံရွက်ကဲ့သို့ မရေမတွက်နိုင်အောင် ကြည်းကြောင်း ရေကြောင်း အပိတ်ခန်းရံ လုပ်ကြံသော်လည်း လှုပ်ရှားနိုင်သည် မဟုတ်၊ တစ်ဖက်ရန်သူတို့ အလုပ်အကြံ အလွန်ခဲခက်သည်၊ အောင်မြေအောင်ရပ် မြတ်သောဌာန ထာဝရမင်းနေပြည်တော်ကြီး ဖြစ်သည်၊ ရတနာပူရ အင်းဝပြည်ကြီးကို ရွှေထီးရွှေနန်းတည်၍ ငါ စိုးစံတော်မူမည်"

ဟု အမိန့်တော်ရှိပြီးလျှင် မင်းလှနော်ရထာကို ကံကျွေးလက်ခ ပေးအပ်တော်မူ၍ သက္ကရာဇ် ၁၁၂၅ နှောင်းတန်ခူးလဆန်း ၂ ရက် စနေနေ့အဝင်ညဥ့် နှစ်ချက်တီးကျော် မကာရတွင် လဂ်နှင့်သောကြာ၊ မိန်တွင် စန်းနှင့် တနင်္ဂနွေ အင်္ဂါ ဗုဒ္ဓဟူး စနေ, ရာဟု။ မိဿတွင်ကြာသပတေး၊ သွာတိနက္ခတ်မွန်းတည်၊ ဗုဒ္ဓဟူးမြေခံ နက္ခတ် ၂၆ လုံး၊ စဉ်နက္ခတ်၊ အမြိတ္တစုတ်။ ကောင်းမြတ်သော မင်္ဂလာအခါတော့်တွင် ရတနာပူရ အင်းဝမြို့တော်ကို စ၍ တည်လုပ်စေသည်။

သက္ကရာဇ် ၁၁၂၆ခု တန်ဆောင်မုန်း လပြည့်ကျော် ၂ ရက် ဗုဒ္ဓဟူးနေ့ နံတော်၏ ဂဟပတိအရပ်ဖြစ်သော ရွှေနန်းတော်၏အနောက်တောင်ထောင့်တွင် သကြိန်နန်းတော်ရာကို တင်းတိမ်သမုတ်တော်မူပြီးလျှင် မဟာသကြိန်တော် ခေါ်တော်မူ၍ ရာဇဘိသေကခံတော်မူပြီးလျှင် ထီးဆောင်းမင်္ဂလာ ဥကင် ဖွင့်တော်မူသည်။ သီရိသုဓမ္မမဟာရာဇာဓိပတိ တံဆိပ်နာမံတော်ကိုလည်း ခံတော်မူသည်။ ရှင်မိဖုရားခေါင်ကြီးကိုလည်း သီရိအတုလမဟာဒေဝီ ဟူသော တံဆိပ်နာမံတော်ကို ခံစေသည်။

ဒုတ္ထာဝတီ မြစ်ငယ်ကိုလည်း ဘာလဲ့ဘအရပ်က တူးဖောက်၍ မြို့တော်တောင်ကို လက်ယာရစ်လှည့်ပြီးလျှင် အနောက်ကို လုံးတော်ပေါက်နှင့်ပေါင်း၍ မြောက်ဧရာဝတီမြစ်ကို စီးဆင်းစေသည်။ ယင်းသည့်မြစ်ကိုလည်း 'မြစ်သာ' ဟု သမုတ်တော်မူ၏။

ယင်းသောအခါ ရတနာပူရ အင်းဝမဟာရာဇဌာနီ မင်းနေပြည်တော်ကြီးသည် ဝပြောစည်ပင်လှသည်ဖြစ်၍ ပြည်တွင်းပြည်ပ၌ နေကုန်သော သူဌေး၊ သူကြွယ်၊ ပုဏ္ဏား၊ ဇော်ဂျီ၊ တပသီ တစ်ရာ့တစ်ပါးသော လူမျိုးအပေါင်းတို့သည် မြေပြင်မလပ် အထပ်ထပ်အပြည့်အနှက် မရေတွက်နိုင် များပြားလှလေလျှင် ဆင်သံ၊ မြင်းသံ၊ ရထားသံ၊ စည်ကြီးပတ်သာသံ၊ ခရုတံပိုးသံ၊ စားလှည့်ကုန်ဆိုသော အသံ၊ သောက်လှည့်ကုန်ဆိုသော အသံတို့သည် သဲသဲရုတ်ရုတ် အုတ်အုတ်ကျက်ကျက် နေ့ညဥ့်မဆိတ်မည် ဖြစ်လေသည်။

ဇင်းမယ်ကြောင်း ချီလာသော နေမျိုးသီဟပတေ့တို့ တပ်စုလည်း မိုးနဲမြို့သို့ ရောက်လျှင် မြေလတ်စော်ဘွားမြို့စားတို့ကို လူသုံးထောင် စည်းကြပ်စေ၍ မိုးနဲစော်ဘွား တစ်တပ်၊ ညောင်ရွှေစော်ဘွား တစ်တပ်၊ ရပ်စောက်မြို့စား တစ်တပ်၊ မိုင်းခိုင်းမြို့စား တစ်တပ်၊ လဲချားမြို့စား တစ်တပ်၊ မိုင်းစိတ်မြို့စား တစ်တပ်၊ မိုင်းပွန်မြို့စား တစ်တပ်။ သည် ခုနစ်တပ်ကို ရှေ့ထား၍ နေမျိုးသီဟပတေ့တို့တပ်စု မိုးနဲကချီ၍ ကျိုင်းတောင်းမြို့သို့ရောက်လျှင် ဇင်းမယ်မြို့စောင့်ထားသူ မင်းရဲသီရိက "တပ်တော်များအလျှင်ချီတက်လာမည့်အကြောင်း" နှင့် မြင်းလျင်စေလွှတ်သူတို့ ရောက်လာ၏။

ဇင်းမယ် ၅၇ ခရိုင် စသော သံလွင်အရှေ့ဘက် မြို့ပြအကြောင်းအရာများကို အကုန်အစင် သိရလျှင် သံလွင်အနောက်ဘက် စော်ဘွားမြို့စား ခုနစ်တပ် ကျော်ခေါင်ကျော်သူ တစ်တပ်၊ သီရိရာဇသကြီ တစ်တပ်၊ စစ်ကဲကြီး တုရင်ရာမကျော် တစ်တပ်၊ သည်တပ်ပေါင်း ဆယ်တပ်ကို မိုင်းပု မိုင်းသတ်ကြောင်း ချီစေသည်။

(ဆက်ရန်)

**အောင်သိမ်းမြတ်**

□



www.burmeseclassic.com

www.burmeseclassic.com

"စိုးအောင်ရယ် ငါ့ကို ချစ်တယ်ဆိုရင် မနှောင့်ယှက်ပါနဲ့ဟယ်"

မာလာနွယ်၏ အသံမှာ တုန်ရီလှိုက်မောနေပါသည်။ ပြောရန်ရှိ၍သာ ပြောရသည်။ ရင်ထဲက မကောင်းလှပါ။ မည်သို့ပင် စိတ်ကို ထိန်းသော်လည်း မျက်ဝန်းအစုံမှ ပုလဲငွေရည်မျက်ရည်ဥတို့သည် အိခနဲ ပြိုဆင်းလာပေသည်။

သူမ ရပ်နေသော နေရာမှာ သာယာလှပလွန်းသော မွေးရပ်ဌာနေ တောင်စခန်းမြို့ကလေး၏ အလွန် တောတန်းအစ တောင်ကမူလေးပေါ်တွင် ဖြစ်သည်။

အချိန်မှာ ညနေခင်း နေမှိန်မှိန်ကာလဖြစ်ပြီး တရှိန်ရှိန်ပူပြင်းခဲ့သော နေလုံးကြီးသည် တောင်စွယ်တွင် ငုပ်လျှိုးရန်အတွက် မေးတင်လျက်ရှိပေသည်။

ထိုနေရာ ထိုအချိန်ကာလသည် မိန်းကလေး တစ်ဦးတည်း ရှိနေရန် မသင့်တော်သလို ဖြစ်နေပါသည်။

သို့ရာတွင် ထိုဒေသသည် သူမ ငယ်စဉ်တောင်ကျေး ကလေးလေးဘဝကတည်းကပင် ကျင်လည်ခဲ့ရသည်မို့ ကြောက်စရာ မလိုပါ။ တောထဲတွင် ထင်းခြောက်ရှာသွားလျှင်လည်း ဤနေရာမှ ဖြတ်သွားရပါသည်။ မိဘနှင့် စိတ်အလိုမကျတိုင်းလည်း ဒီနေရာမှာ လာငိုမိပါသည်။

ယခုအခါ မရောက်တာကြာပြီဖြစ်သော ဒီနေရာကိုပင် ဆက်ဆက်လာခဲ့ခြင်း ဖြစ်ပါသည်။



# လူကိုစွဲတဲ့တစ္ဆေ
# တော်မြိုင်(ငှက်ဖျား)

"ငါ့ဘဝမှာ ငါ့မိသားစုက အရေးကြီးတယ်၊ အဖေကလည်း နေမကောင်းဘူး၊ အမေ တစ်ယောက်တည်း ရှုန်းကန်နေရရှာတယ်၊ ညီမလေးကိုလည်း ကျောင်းထားပေးရဦးမယ်၊ ငါ့ဘဝကို နားလည်ပေးပါ စိုးအောင်ရယ်



www.burmeseclassic.com

www.burmeseclassic.com

အနီးအပါးမှ လူတစ်စု ဖြတ်သွားသည်။ တစ်ယောက်တည်း စကားပြောနေသော သူမအား စိတ်မမှန်သူတဲ့သို့ ကွက်ကြည့် ကွက်ကြည့်လုပ်သွားသည်။

မာလာနွယ် မျက်ရည်သုတ်၍ ချွတ်တရက် ဣန္ဒြေဆည်လိုက်သည်။

စင်စစ် ရွှေပေး၍မရဟု ဆိုရိုးစကား ရှိခဲ့သော မိန်းကလေးတို့၏ ဣန္ဒြေကို လှုပ်ခတ်စေခဲ့သည်မှာ ဤနေရာပင်ဖြစ်သည်။

တစ်နည်းဆိုသော် သူမ တဝဲဝဲ ဝင်ရောက်လာသည့် သူမ၏ ချစ်သူ စိုးအောင်နှင့် တွေ့ဆုံခဲ့သည့် နေရာဖြစ်ပေသည်။

ထိုစဉ်က မာလာနွယ်မှာ စိတ်ကစားခါစ သစ်ရွက်ကြွေသည်ကိုပင် ရယ်ချင်သော အရွယ်ဖြစ်သည်။ တောထဲတွင် ထင်းခြောက်ကောက်ပြီး အဖော်များနှင့် လမ်းခွဲ၍ တစ်ယောက်တည်း ရှိနေစဉ် လူတစ်ယောက် သူ့ထံ တည့်တည့်လျှောက်လာသည်ကိုတွေ့ရသည်။

သူစိမ်းယောကျ်ားတစ်ဦး အနားရောက်လာသည်မှာ သိပ်မှုစရာမလိုပါ။ သူမ ဇန်ခတ်တတ်ပါသည်။ ရိုးရာသိုင်းပညာဖြစ်သော ဇန်တိုကစားခြင်းကို ဒေသအခေါ် ဇန်ခတ်သည်ဟု သုံးနှုန်းပါသည်။

ထိုလူ အနားရောက်လာသောအခါ တပ်မတော်ယူနီဖောင်း ဝတ်ထားသော လူငယ်တစ်ယောက် ဖြစ်ကြောင်း တွေ့လိုက်ရသည်။ သင်တန်းပြီးခါစ ခပ်ကြွကြွပုံ ပေါက်နေသည်။ ကြမ်းတမ်းပင်ပန်းသော စစ်သင်တန်းက ငယ်ရွယ်နုပျိုမှုကို မပျောက်ကွယ်စေခဲ့ပါ။

"ခစ်"

မသင့်လျော်မှန်းသိ၍ ထိန်းထားသည့်ကြားက ရယ်သံထွက်သွားသည်။ မိန်းကလေး၏ လှောင်ပြောင်မှုဟုထင်ကာ သူ့မျက်နှာ နီရဲသွားသည်။

"ဒီမှာ အမိ ကျုပ်မှာ ဘာရယ်စရာတွေ့လို့လဲ"

သူမကလည်း အားကျမခံ ခွန်းတုံ့ပြန်လိုက်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com

"အဝေးက ကြည့်တော့ စစ်သားကြီးလို့ ထင်နေတာ၊ ရှင်က ငယ်သေးတာပဲ"

"ဟော့- ဒီမှာ ကျုပ်က အသက် (၁၈)နှစ်ပြည့်လို့ တပ်ထဲဝင်တာ အမှိရဲ့"

မာလာနွယ်ထက် အသက် (၂) နှစ်၊ (၃)နှစ် ကြီးပေလိမ့်မည်။ သို့သော် ပြောလက်စ စကားအတိုင်း ရွယ်တူ တန်းတူကဲ့သို့ ပြောရပေဦးမည်။

"ဒီမှာ ဒီမှာ ရဲဘော်ကြီး၊ ကျွန်မနာမည်က အမှိ မဟုတ်ဘူး"

"ဒါဖြင့်ရင် နာမည် ဘယ်သူလဲ၊ ပြောပြပါလား"

"အို- ကျွန်မနာမည် မာလာနွယ် ဆိုတာ ပြောရမှာလား"

"ဟား ဟား ဟား"

လူရွှင်တော်တို့၏ ပြက်လုံး မဟုတ်သော်လည်း ရယ်စရာ ဖြစ်နေသဖြင့် ရယ်လိုက်ပါသည်။

ထို့နောက်တွင် မာလာနွယ်နှင့် ထိုလူငယ် မကြာမကြာ ဆုံဖြစ်ပါသည်။

သူ့နာမည်မှာ စိုးအောင်ဖြစ်ပြီး သူမကဲ့သို့ပင် ရှမ်းတိုင်းရင်းသား တောင်ရိုးလူငယ် ဖြစ်ပါသည်။ အခြေခံ ပညာအထက်တန်းအထိ သင်ယူခဲ့သဖြင့် ရဲဘော်ဘဝမှ ရှေ့သို့ တိုးတက်ရန် မျှော်မှန်းချက်ရှိသူ ဖြစ်ကြောင်း သိခဲ့ရပါသည်။

မာလာနွယ် ဘဝတွင် စိတ်သောကရောက်စရာရှိလျှင် တိုင်ပင်ဖော် အဆင့်မှ ချစ်သူဖြစ်သွားခဲ့ပါသည်။

မာလာနွယ် စိတ်ကူးဖြင့် ရှုကာ ကြည်နူးရသည့်ကာလမှာ မကြာလိုက်ပါ။ ကျန်းမာသန်စွမ်း၍ အလုပ်အကိုင် ကောင်းသော တောခေါင်းဖြစ်သည့် သူမ၏ဖခင် ရုတ်တရက် လေဖြတ်သွားပါသည်။ အလုပ်ပင်ပန်းသောအခါ တောအရက်ဖြင့် အပန်းဖြေရာမှ ထိုသို့ ဖြစ်ရသည်ဟု လူကြီးများက ပြောပါသည်။ မာလာနွယ်ကတော့ မည်သို့မျှ မစဉ်းစားတတ်ပါ။

မာလာနွယ်၏ မိခင်ကလည်း ဘာမှ ဟုတ်တိပတ်တိ လုပ်တတ်သည် မဟုတ်ချေ။ ကြုံရာကျပန်းအလုပ်နှင့်သာ မိသားစု စားဝတ်နေရေး ဖြေရှင်းရပေသည်။ အစ်ကိုတွေ မောင်တွေကလည်း သူ့အိမ်ထောင်နှင့်သူ ဖြစ်နေပေပြီ။ အစ်မကြီး အမိအရာဆိုသလိုပင် မိခင်ကို ကူညီပေးရမည်မှာ သူမ တာဝန် ဖြစ်လာပေမည်။

ဖခင်မှာ ခေတ်ပညာ အဆင့်အတန်း မမြင့်မားသော်လည်း စာပေဝါသနာပါသူ ဖြစ်သည်။

မာလာဆိုသည်မှာ အနွယ်တက်သော ပန်းဟု မြန်မာစာတွင် သင်ကြားခဲ့ဖူးသည်။ နွယ်ဆိုသည်မှာ ပျော့ပျောင်းသော်လည်း သစ်ပင်ကြီးများနှင့် အုတ်တံတိုင်းအမြင့်ကြီးများကိုပင် တွယ်တက်နိုင်သည်။ ဘဝ၏ အခက်အခဲ အတားအဆီးများ ကျော်လွှားနိုင်ရန် မာလာနွယ်ဟု အမည် မှည့်ခဲ့ပါသည်။ ယခုသော် အဖေ့သမီး အဖေမျှော်မှန်းသလို မဖြစ်ခဲ့ချေပြီ။

ဘဝအမောများကြား ချစ်သူကို တမ်းတမိပါသည်။ တစ်ခါတရံ စာရောက်လာတတ်သည်။ ထိုစာများအရ နယ်စပ်ဒေသ တာဝန်များအကြောင်း၊ သက်ဆိုင်ရာတပ်ရင်း တပ်ဖွဲ့က အကြပ်အဆင့်တိုးမြှင့်ပေးကြောင်းများ သိရပါသည်။

သို့ရာတွင် အလွမ်းနှင့် အဆွေး ရောထွေး၍ တွေးနေချိန်မရှိပါ။ လွမ်းရေးထက် ဝမ်းရေးခက်နေပါသည်။ ထို့ပြင် မိမိက ပညာပါရမီ မရှိသော်လည်း ညီမငယ်ကိုတော့ တက္ကသိုလ်ပညာ သင်ပေးချင်သေးသည်။ ထိုဆန္ဒမှာလည်း လက်ရှိပစ္စက္ခဘဝတွင် ရေပေါ်အရုပ်ရေးရသလို ဖြစ်နေပေသည်။

ဆန္ဒရှိလျှင် ဖြစ်သည်ဟု ဆိုရမလား မသိ။ မာလာနွယ်အတွက် အခွင့်အလမ်း ပေါ်လာသည်။ ဆွေတစ်စ မျိုးတစ်စ တော်စပ်သူ ပါမောက္ခဦးအောင်မင်း၏ ကမ်းလှမ်းချက် ဖြစ်ပါသည်။

ဦးအောင်မင်းသည် တောင်ကြီးတက္ကသိုလ် သတ္တဗေဒဌာနမှ အငြိမ်းစားယူကာ ရန်ကုန်တွင် အခြေချမည်ဖြစ်သည်။ ၎င်းနေထိုင်ရန် အိမ်ကြီး တည်ဆောက်နေစဉ် အကူအညီရရန် ခေါ်ယူခြင်း ဖြစ်ပါသည်။

မာလာနွယ်၏ မိခင်က -

"သမီးကို သူများအိမ်မှာ အိမ်ဖော်လုပ်ခိုင်းတာ မဟုတ်ပါဘူး၊ ဆရာကြီးတို့ကလည်း သူတို့ သမီးလို ထားမှာပါ၊ အိမ်ဆောက်ပြီးရင် သမီးဘဝ ရှေ့ရေးအတွက် နာ[illegible]ကြီးတဲ့ နေရာတွေမှာ စက်ချုပ်သင်ပေးမှာ၊ ပြီးတော့ အမေတို့နဲ့ ပြန်နေပြီး ဆိုင်ဖွင့်ဖို့လည်း စီစဉ်ပေးဦးမှာ၊ ခဏဖြစ်ဖြစ် လိုက်သွားလိုက်ပါ"

မာလာနွယ် မသွားချင်လှပါ။ မွေးရပ်မြေကို အလွန် ခင်တွယ်တတ်သည့် မျိုးနွယ်စုမှ ဆင်းသက်လာသူ ဖြစ်ပါသည်။ မိသားစုနှင့်လည်း တစ်ခါမျှ မခွဲဘူးပါ။

မသွားမဖြစ် သွားရမည်ဆိုလျှင်လည်း ချစ်သူ စိုးအောင်အား နှုတ်ဆက်သွားချင်ပါသေးသည်။ တစ်လောကရှေ့တန်းထွက်သည်မှာ ကြာပြီဖြစ်သဖြင့် ပြန်ရောက်နေနိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ သူ့ကိုတော့ အသိပေးမှ ဖြစ်ပေမည်။



www.burmeseclassic.com

www.burmeseclassic.com

စိုးအောင်နှင့် တွေ့နေကျနေရာ တွင်ပင် ရှေ့တန်းပြန် ရဲဘော်များနှင့် ဆုံမိပေသည်။ သူတို့ထံမှ ကြားရသော သတင်းအရ သူမ၏ရင်တွင်း မိုးကြိုး ဆယ်စင်း ပစ်ခွင်းသလို ခံစားလိုက်ရ ပါသည်။

ရဲဘော်တစ်ဦးက -

"ဆရာစိုးအောင် ကံဆိုးပါတယ် ဗျာ၊ ဒီစစ်ဆင်ရေးပြီးရင် သူ့ကို တပ်မှူး က အရာရှိသင်တန်း လွှတ်တော့မှာ၊ တော်မရှင်ရတော့မယ်ဆိုတော့ ကျွန် တော်တို့ ဝမ်းသာနေတာ၊ ဒါပေမဲ့ မထင် မှတ်ဘဲ မိုင်းထိသွားတယ်၊ ပလတ်စတစ် ဘူးနဲ့ လုပ်ထားတဲ့ တရုတ်မိုင်းဟာ အင်္ဂါရပ်ရဲရတာ များပါတယ်၊ ဆရာ စိုးအောင်ကျမှ ကျဆုံးရတယ်လို့ဗျာ"

မာလာနွယ် ငိုချင်လှပါသည်။ သို့သော် ငို၍ မရပါ။

ဆို့နင့်သော ခံစားချက်ဖြင့် အိမ်သို့ ပြန်ခဲ့သည်။ မည်သို့ မည်ပုံ ရောက်ခဲ့သည်ကိုပင် စဉ်းစားမရတော့ ပါ။ သူ့ကို ဆုံးရှုံးရသော အသိက ဒီမြေ ဒီရေတွင် မနေချင်တော့ပါ။ တွေ့နေကျ နေရာကိုလည်း ထပ်မလာရဲတော့ပါ။ အပြောင်းအလဲအဖြစ် ရန်ကုန်ကို သွား ရတော့မည်။

မိခင်စကား နားထောင်မည် ဖြစ်ကြောင်း ချစ်သမီး အလိမ္မာက ခေါင်းညိတ်ပြလိုက်ပါတော့သည်။

ထို့နောက်တွင် ရန်ကုန်မြို့ရှိ ဦးမောင်ဦးအောင်မင်း ငှားရမ်းနေထိုင် သော အိမ်သို့ ရောက်ရှိခဲ့ပါသည်။ မိသားစုအသွင် ဝိုင်းလုပ်ဝိုင်းစားဖြစ် သဖြင့် ပျော်ရွှင်စရာကောင်းပါသည်။ အိမ်သစ်ဆောက်သောနေရာနှင့်လည်း ဝေးလှပါ။ အိမ်အသစ်သည်လည်း ပြီးခါနီး ဖြစ်နေပါသည်။

ဦးအောင်မင်းသည် စနစ်ဇယား ကြီးသူ ဖြစ်သည်။ အိမ်သားများ ပြော ကြားချက်အရ အိမ်မဆောက်မီ မြေ သန့် မင်္ဂလာလုပ်ပါသည်။ အိမ်ဆောက် ပန္နက်ချခြင်းကိုလည်း နိုင်ငံကျော်နက္ခတ် ဗေဒင်ပညာရှင်ကြီးတစ်ဦး ပေးသော အချိန်အခါနှင့် တစ်သဝေမတိမ်း ဆောင်ရွက်ခဲ့ပါသည်။

နဂါးလှည့်ကို ကြည့်၍ နဂါး ဦးကင်း ဂဠုန်နင်း ဆိုသလို ဦးခေါင်း ကျရာအရပ်၌ တနင်္ဂနွေသားကို လည်း ကောင်း၊ မြီးရင်း ဟိုင်းစီး ဆိုသလို အမြီး ဘက်ကျရာအရပ်၌ ရာဟုသားကိုလည်း ကောင်း၊ ကြွက်ကြီး ဝမ်းဖောက် ဆိုသလို နဂါးဝမ်းပိုက်ရာ၌ ကြာသပတေးသား ကို တွင်းတူးစေပါသည်။

ခေတ်ပညာတတ် ဆရာကြီး များလည်း ရှေးထုံးမပယ်ပါလားဟု တွေးမိသည်။

အိမ်ကြီး ပြီးစီးသွားသောအခါ မိသားစုလိုက်ပြောင်းရွှေ့ပြီး အိမ်သစ် တက်မင်္ဂလာကို ခမ်းနားစွာ ကျင်းပပါ သည်။ သံဃာတော်များကလည်း ပရိတ် တရားတော်များနှင့် ကမ္မဝါများ ရွတ် ဖတ်ကြပါသည်။

ဆရာကြီးမိသားစု ပျော်ရွှင်နေ သလို မာလာနွယ်၏ နှလုံးသားဝေဒနာ မှာလည်း အပြောင်းအလဲများကြောင့် အနည်ကျသလိုရှိပါသည်။ မာလာနွယ် စက်ချုပ်သင်တန်း တက်ရောက်ရန် လည်း စီစဉ်ရပေတော့မည်။

◆

အားလုံး အေးဆေးသွားပြီဆိုမှ ပြဿနာက စပေသည်။

မိသားစုဝင် အားလုံးသည် တစ်ခါတစ်ရံ အိမ်ထဲ လူစိမ်းဝင်သလိုလို ခံစားမိကြပါသည်။ နေ့နေ့ညည ရိုးခနဲ ရိပ်ခနဲ ဖြတ်သွားသည်ကို တွေ့လာရပါ သည်။ ပထမသော် ကလေးများက စမြင်ပြီး ကြောက်ကြပါသည်။

မာလာနွယ် အပါအဝင် လူကြီး များက မဟုတ်ကြောင်းပြော၍ အား ပေးသော်လည်း သူတို့ကိုယ်တိုင် တွေ့ မြင်လာရပါသည်။ ငှေ့ချမလှုပ် လေ မတိုက်ဘဲ စားပွဲပေါ်မှ ဖန်ခွက်များ၊ ပန်းကန်များ လျှောကျသည်ကိုလည်း ကြုံရပြန်ပါသည်။

ထိုအကြောင်းကို ဦးအောင်မင်း က လက်မခံလိုပါ။ သံဃာတော်များ ကမ္မဝါဖတ်အပြီး သူ့အိမ်တွင် မည်သည့် သရဲတစ္ဆေမှ စွဲမနေနိုင်ပါ။ သူကိုယ်တိုင် ကလည်း နေ့စဉ် ဂုဏ်တော်တစ်ထောင် ပွားသည့် ပုတီးသမား ဖြစ်ပေသည်။

သို့ရာတွင် ထိုအဖြစ်များ ဆက် ကာ ဆက်ကာ ဖြစ်ပွားခြင်းနှင့် သူ ကိုယ်တိုင် ကြုံရသောအခါ လက်မခံ၍ မရတော့ပါ။

နောက်ဆုံးတွင် မနေ့မယိဒ္ဒိ ဝိဇ္ဇာဓိုရ်ဂိုဏ်းမှ ဆရာကြီး ဦးထွန်းတင် အား ပင့်ဖိတ်ရပါတော့သည်။ ဦးထွန်း တင်ကလည်း အထက်ဝိဇ္ဇာကြီးများအား ကန်တော့ပွဲ လှူဒါန်းပြီး အိမ်သား အားလုံးကို စစ်ဆေးသောအခါ မာလာ နွယ်တွင် ပယောဂ ပူးဝင်နေသည်ကို တွေ့ရပါသည်။

ဦးထွန်းတင်က -

"မောင်စိုးအောင် တစ္ဆေဟာ သူ့ကိုစွဲတဲ့ တစ္ဆေပဲ၊ အဆောက်အအုံကို မစွဲပါဘူး၊ မာလာနွယ် ရှိရင်တော့ သူ ရှိနေမှာပေါ့"

မာလာနွယ် မျက်လုံးပြူးသွား သည်။ ဆရာကြီးတို့ မိသားစုကို ဒုက္ခ ပေးမိပြီဟု စဉ်းစားမိသဖြင့် ရှက်ရွံ့ အားနာမိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့အတူ သူမချစ်သူစိုးအောင် နာကျင်ခံစားရမည်ကိုလည်း မလိုလားပါ။ အချို့ ပယောဂဆရာများက သရဲတစ္ဆေကို မှတ်အောင် ရိုက်နှက်သည်ဟု ကြားဖူးပါသည်။

"ဆရာကြီး"

"ပြောလေ ကလေးမ"

"ဆရာကြီးတို့က ပယောဂဆိုရင် ရိုက်မှာလား"

ဆရာကြီး ဦးထွန်းတင်က ပြုံးသည်။ ပြီးမှ စိတ်ရှည်လက်ရှည် ရှင်းပြသည်။

"ဆရာကြီးတို့ အထက်ဂိုဏ်းဆိုတာ မေတ္တာအခြေခံတယ်၊ တစ်ဖက်သားကို မေတ္တာရပ်ခံပြီး ဆောင်ရွက်ရတယ်၊ အများအားဖြင့် အဆင်ပြေသွားတယ်၊ တစ်ခါတလေ ခေါင်းမာပြီး သူတို့ ပညာတွေ စက်တွေ မလျှော့နိုင်ဘူးဆိုမှ သတ္တဝါကယ်တဲ့ အနေနဲ့ ရိုက်နှက်ပြီး ပယောဂ ထုတ်ရတယ်"

"ဒီလိုဆိုရင် သမီးက သူ့ကို တွေ့နေကျ နေရာမှာ သွားပြီး မနှောင့်ယှက်ဖို့ ပြောချင်တယ်၊ ဒါမှ သူလည်း အရိုက်မခံရမှာ"

ထို့နောက် ပါမောက္ခဦးအောင်မင်းအား ခေတ္တအိမ်ပြန်ခွင့်ပြုရန် ခွင့်တောင်းသည်။

ဦးအောင်မင်းက -

"သမီးကို စက်ချုပ်သင်တန်း ပို့ပေးမယ်လို့ သမီးမိဘတွေကို ကတိပေးထားတယ်လေ၊ ဆရာကြီးတို့က ကတိမတည်သလို ဖြစ်နေမှာပေါ့"

ထိုအခါ ဆရာကြီး ဦးထွန်းတင်က -

"မိန်းကလေး ဆန္ဒရှိရင်လည်း ခေတ္တပြန်ခွင့်ပြုလိုက်ပါ၊ ဒါမှ ပါမောက္ခကြီးတို့ မိသားစုလည်း ဒီတစ္ဆေက လူကိုစွဲတာ နေအိမ်နဲ့ ခြံမြေမှာ မစွဲဘူးဆိုတာ သံသယ ရှင်းသွားမယ်၊ ပြီးတော့ သူမ ပြန်လာရင်လည်း သေချာစစ်ဆေးပြီး အထက်ဆရာကြီးတွေ အမိန့်နဲ့ အစွဲချွတ်ပေးလိမ့်မယ်"

မိမိဆန္ဒနှင့် မနောမယိဒ္ဓိဆရာကြီး ဦးထွန်းတင်၏ အကြံပေးချက်အရ မာလာနွယ် အိမ်ပြန်ခဲ့ပါသည်။

သူနှင့် တွေ့နေကျနေရာတွင် သူမဘဝကို မနှောင့်ယှက်ရန် လာပြောရခြင်း ဖြစ်သည်။ ပြောမည့်သာ ပြောရသည်။ ချစ်သူ့ဘဝ ကတိပျက်တတ်သည်မှာ သူမသာ ဖြစ်သည်။ မိဘမောင်ဖွားများ ကြောက်ရ၍ ချိန်းသည့်အခါတိုင်း မလာလျှင် စိုးအောင်က သူမကို အညာမဟု ခေါ်တတ်လေသည်။ မည်သို့ပင်ဖြစ်စေ ကောင်းမွန်စွာ ဖျောင်းဖျပြောဆိုလျှင် ရနိုင်ကောင်းရဲ့ဟု ယုံကြည်မိပေသည်။

ပရလောက၏ သဘောတရားကို မာလာနွယ် နားမလည်ပါ။ သို့သော် ကိုယ့်ဆန္ဒအတိုင်း ပြောဆိုအပြီး စိတ်လက်ပေါ့ပါးသည်မှာ အမှန်ဖြစ်သည်။ မိခင်အားလည်း စိတ်မပူရန်ပြောပြီး ပါမောက္ခကြီး ဦးအောင်မင်းနေအိမ်သို့ ပြန်သွားခဲ့ပါသည်။

သူမ မရှိသည့်နောက်တွင် သံဃာတော်များနှင့် ပရိတ်တရားနာခြင်း သို့မဟုတ် လောကီအစီအရင် ပြုလုပ်ခြင်း တစ်စုံတစ်ရာ မဆောင်ရွက်ရဘဲ အေးဆေးသွားကြောင်း သိရပါသည်။

သို့ဖြစ်ပါ၍ သူမတွင် အစွဲရှိမရှိ သေချာစေရန် ဆရာကြီး ဦးထွန်းတင်နှင့် ပြန်လည်စစ်ဆေးရပါသည်။

ဆရာကြီးက သူမအား ဘုရားရှေ့တွင် ကျုံ့ကျုံ့ထိုင်စေပြီး ဘယ်ဘက်လက်ဖဝါးကို ပလက်အနေအထားတွင် လက်ချောင်းများ စုထားစေပါသည်။

"ကဲ- ကလေးမ ဘုရားသာ အာရုံပြုထား၊ ဆရာကြီးပြောတာ လိုက်မလုပ်နဲ့"

"ဟုတ်ကဲ့ပါရှင့်"

ဆရာကြီး ဦးထွန်းတင်သည် သီလ သမာဓိအားကောင်းသူဖြစ်သည်။ မိုးကုတ်ဆရာတော်ဘုရားကြီး၏ နည်းနာအတိုင်း ဝိပဿနာတရားလည်း အားထုတ်သူ ဖြစ်သည်။

"ကဲ- ကြာသပတေးသမီးရဲ့ခန္ဓာကိုယ်မှာ စွဲကပ်ပူးဝင်နေတဲ့ အမှောင့်ပယောဂဓာတ်တွေ ဆရာခေါ်နေတယ် အမြန်ရောက်စေ"

ဆရာကြီးက သုံးကြိမ် သုံးခါ အမိန့်ပေးပါသည်။

"ရောက်ရင် လက်ချောင်းတွေ ခွဲပြ"

မာလာနွယ်က မှာကြားထားသဖြင့် ခိုင်းသည့်အတိုင်း လိုက်မလုပ်ပါ။ ပုံမှန်နေပါသည်။ သို့သော် အံ့သြစရာကောင်းအောင် လက်ချောင်းများမှာ အလိုလိုကွဲထွက်ပါသည်။ မာလာနွယ် မျက်လုံးပြူးရပြီ။ သူမ ပြောဆိုခဲ့သည့်တိုင် စိုးအောင်တစ္ဆေက လိုက်ကပ်နေပါလား။ ထို့နောက် သူမ မနောလွတ်သွားသည်။

မနောလွတ်သည် ဆိုသည်မှာ ဝေဒနာရှင်အား ပြင်ပ ပရလောကသားက ပူးဝင်ပြောဆိုပြီး ဝေဒနာရှင်က ဘာမှ မမှတ်မိသော အခြေအနေဖြစ်သည်။ ဆရာကြီး ဆက်လက်ပြောသော စကားများ သူမ မကြားတော့ပါ။

ဆရာကြီးက -

"ဒီမှာ မောင်စိုးအောင်၊ အရင်ကတည်းက ဆရာကြီးတို့ မေတ္တာရပ်ခံ



www.burmeseclassic.com

www.burmeseclassic.com

ပြီးပြီ၊ ချစ်သူတွေဆိုပေမယ့် အခုအခါ ဘဝခြားသွားပြီ၊ မာလာနွယ်ရဲ့ ကိုယ်ပကိုယ်တွင်းမှာ ပူးဝင်စွဲကပ်နေတဲ့ဝေဒနာတွေကိုလည်း အလျှုခံပြီးပြီ၊ ဘာဖြစ်လို့ ဆက်နှောင့်ယှက်ချင်တာလဲ"

စိုးအောင် တစ္ဆေ ပူးဝင်နေသော မာလာနွယ်၏ ခန္ဓာကိုယ်သည် ယိမ်းထိုးလှုပ်ရှားလာပြီး ရှိုက်ကြီးတငင် ငိုကြွေးပါတော့သည်။

"ကျွန်တော်တို့ ဘဝခြားသွားပြီဆိုတာ ကျွန်တော် နားလည်ပါတယ် ဆရာကြီး၊ ကျွန်တော်တို့ တွေ့နေကျနေရာမှာ မာလာနွယ်လာပြောကတည်းက ကျွန်တော်သနားမိပါတယ်၊ ပြီးတော့ ဆရာကြီးတို့ ပညာရှင်နဲ့တွေ့ရင် စွဲကပ်နှောင့်ယှက်တာတွေ အားလုံး လျှုရတော့မယ်ဆိုတာလည်း သိပါတယ်"

"ဆရာကြီးတို့ကတော့ မေတ္တာပဲ အဓိကထားပါတယ် မောင်စိုးအောင်၊ ဒီကလေးမကို အစွဲချွတ်ပြီးရင် ဘဝတစ်သက်တာ အကာအကွယ် ဖြစ်အောင် ကံထိန်းပေးရဦးမယ်၊ ကံထိန်းတယ်ဆိုတာ သီလကို နိုင်သလောက် စောင့်ရှောက် ထိန်းသိမ်းရမယ်ဆိုတဲ့ သဘောပဲ၊ အဲဒီအခါ ဆရာကြီးတို့က ဒဏ်မပေးလည်း သက်ဆိုင်ရာ အထက်ပုဂ္ဂိုလ်တွေက လက်ခံမှာ မဟုတ်ဘူး၊ ဘာဖြစ်လို့ ဆက်နှောင့်ယှက်ချင်ရတာလဲ"

မာလာနွယ် မျက်ရည် သုတ်လိုက်သည်။ မျက်နှာ ပြင်လိုက်သည်။ စင်စစ် သူမ၏ အမူအယာ မဟုတ်။ စွဲကပ်နေသော တစ္ဆေ၏ ဟန်ပန်ဖြစ်သည်။

"ကျွန်တော် နှောင့်ယှက်ချင်လို့ မဟုတ်ပါဘူး၊ မာလာနွယ်ကိုလည်း ဘာရောဂါဝေဒနာမှလည်း မပေးထားပါဘူး၊ နောက်ဆုံးအကြိမ် နှုတ်ဆက်ချင်လို့ပါ၊ လူငယ်တို့ရဲ့ မေတ္တာကို ဆရာကြီး နားလည်ပေးပါ"

"ကောင်းပြီလေ၊ အခု ဆရာကြီး ခေါ်တော့ လာနှုတ်ဆက်လို့ရပြီ မဟုတ်လား၊ နောက် မပူးဝင်တော့ပါဘူးလို့ ကတိပေး၊ သစ္စာရေ သောက်ပေတော့"

ဆရာကြီး၏ ဆောင်ရွက်ဖွယ်များ ပြီးစီးသောအခါ မာလာနွယ် သတိပြန်ဝင်လာပါသည်။

အိမ်သား အားလုံးလည်း အံ့သြဝမ်းသာသွားပါသည်။

ထိုအချိန်တွင် ခြံဝင်းအပြင်ဘက်မှ လူတစ်ယောက်၏ ဝမ်းခေါင်းသံနှင့် အော်လိုက်သော အသံကြီးကို အားလုံးကြားလိုက်ရပါတော့သည်။

"အညာ. . ."

**တော်မြင့်(ဇွက်ဖျား)**

❑



ဦး အရဟံ မေတ္တာ လာဘ်

**နတ်မျက်စိ** ဆရာဦးအောင်စိုး (B.Sc) မော်လမြိုင်

• • • • • • • • • • • • • • • • • • • • •

ခနစ်ရက်သားသမီးများအတွက် ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး ကိစ္စရပ်များ၊ ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာများကို မိုက်ထဲမှာ ပုဏ္ဏားလေး ဝင်စားနေသကဲ့သို့ မှန်ကန်သောဟောချက်များ၊ ထိရောက်သော ယတြာများဖြင့် (၂၅)နှစ်တိုင်တိုင် ကူညီ ဆောင်ရွက်ပေးလျက် ရှိသည်။

**အောင်မြင်သူတို့ ဆုံကြရာ**

ဟောခန်းတည်နေရာ ➠ အမှတ်-၁၃၁၊ အောင်တံခွန် သ/မ ပရိဝုဏ်၊ ၁၀-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။
လမ်းညွှန် ➠ အဓိပတိ (အပြာ)၊ တိုက်ကြီး-ဆူးလေ၊ (၅၁)၊ (၂၃၁)၊ (၅၃)၊ (၇၉)၊ (၂၀၂) ကားစီး၍ ဆယ်မိုင်ကုန်းဈေးမှတ်တိုင်တွင် ဆင်းပါ။
ဟောပြောချိန် ➠ နံနက် (၉) နာရီမှ ည (၉) နာရီ အထိ ။
ဆက်သွယ်ရန် ဖုန်း ➠ ဟောခန်း - ၀၉-၇၃၁၀၉၅၅၆၊ အိမ် - ၀၉-၇၃၂၄၄၈၉၇ ။
မှတ်ချက် ➠ *ဖုန်းဖြင့် ကြိုတင်တိုကင်ယူပါ။* ကျေးဇူးတင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# မုဒိမ်းမှုဆိုတာ

မောင်ဝင်းထိန်
(အင်းစိန်)



တစ်နေ့သ၌ အငြိမ်းစားရဲအရာရှိ ဖြစ်သူ ဦးတင်မောင်သည် ကျွန်တော့် ရုံးခန်းသို့ အလည်လာခဲ့လေသည်။ ကျွန်တော်သည် စာရေးသားရာတွင် သိရန်လိုအပ်သော ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မများကို အခါအားလျော်စွာ ဆရာ ဦးတင်မောင်ထံတွင် မေးမြန်းလေ့ရှိရာ ယခုလည်း မေးမြန်းစရာများရှိသဖြင့် ဝမ်းသာသွားသည်။

"ဟာ- ဆရာ ဦးတင်မောင်၊ လာဗျို့ အတော်ပဲ၊ ကျွန်တော်လည်း မေးစရာတွေ ရှိတာနဲ့"

"လာပြီဗျို့၊ ဖြေချင်လို့ကို လာတာပဲ ဆရာရေ့"

ဦးတင်မောင်သည် ရခိုင်အမျိုးသား တစ်ဦးဖြစ်ပြီး စကားပြောလျှင် တဲ့တိုးပြောတတ်သော ဝသီရှိသူတစ်ဦး ဖြစ်သည်။ ရဲအရာရှိ အလောင်းအလျာများကို ဥပဒေဆိုင်ရာ သင်တန်းများ ပေးနေသူဖြစ်ပြီး DVD Debate အစီအစဉ်တွင်လည်း မေးခွန်းများ မေးမြန်းဆွေးနွေးဖူးသူတစ်ယောက် ဖြစ်သည်။

"ဆရာ ဘာသိချင်သလဲ"

"ဒီတစ်ပတ်တော့ ကျွန်တော် သိချင်တာ မုဒိမ်းမှုအကြောင်းဗျာ"

"ဟုတ်ပြီ၊ ဆရာ မုဒိမ်းမှုဆိုတာ ဘယ်လိုသိထားသလဲ၊ သိထားသလို အရင်ပြောပြဗျာ"

"အာ- မသိလို့ မေးခါမှ ပြန်မေးခွန်းထုတ်နေပြန်ပြီ"

"သိသလောက် ပြောကြည့်ဗျာ"

"ကဲ- ဒါဖြင့် ကျွန်တော်သိတာကတော့ မုဒိမ်းမှုဆိုတာ အလိုမတူဘဲ

www.burmeseclassic.com

သားမယားအဖြစ် ပြုကျင့်ဆက်ဆံတာ ဗျာ"

"အဲ- ဒါဖြင့် အလိုတူရင် မုဒိမ်းမှု မမြောက်ဘူးပေါ့၊ ဒီလိုလား"

"သိဘူးလေ၊ အလိုတူမှတော့ ဘယ်သူ သွားတိုင်မှာလဲ ဟုတ်ဘူးလား"

"ဆက်ဆံနေတုန်း အလိုတူပြီး ပြီးတော့မှ ကယ်ကြပါဦးဆိုရင်ကော"

"အာ- မသိတော့ဘူး၊ ရှုပ်နေတာပဲ ဆရာရယ်၊ မသိလို့ မေးပါတယ် ဆိုခါမှ"

"ဟဲဟဲ . . . ပြောပြမှာပေါ့ဆရာရယ်၊ ဒီလိုလုပ်"

"ဘယ်လိုလုပ်ရမလဲ"

"စာအုပ်နဲ့ လိုက်မှတ်လိုက်၊ ကျွန်တော် လက်ာလေး ရွတ်ပြမယ်"

"အဲ- ကောင်းတယ်၊ ကောင်းတယ်"

ကျွန်တော်သည် အံဆွဲထဲမှ မှတ်စုစာအုပ်ကိုထုတ်ပြီး ဘောပင်ကိုလည်း ကိုင်လိုက်သည်။

"ရပြီလား"

"ရပြီ ဆရာ"

"ဒါဖြင့် သေချာလိုက်ရေးနော်၊ အလိုမတူ၊ ခွင့်မူမပေး၊ နာရေးထင်မှတ်၊ ၁၄ ရပ်တဲ့"

"အလိုမတူ၊ ခွင့်မူမပေး၊ နာရေးထင်မှတ်၊ ၁၄ ရပ်"

ကျွန်တော်လည်း တစ်လုံးမကျန် လိုက်မှတ်လိုက်သည်။

"အဓိပ္ပာယ်လည်း ရှင်းပြပါဦး ဆရာရဲ့"

"လာမယ်လေ၊ ကိုယ့်ဆရာက သိပ်လောတာကိုး၊ ဒီလင်္ကာလေးက မုဒိမ်းမှုအင်္ဂါ ငါးရပ်ပဲ၊ ဒီထဲက တစ်ရပ်ရပ်နဲ့ ငြိစွန်းတာနဲ့ မုဒိမ်းမှုမြောက်တယ်"

"ဩော်- ဂလိုလား"

"ဟုတ်ပါ့၊ အရင်ဆုံး အလိုမတူဆိုတာ နံပါတ် ၁ ပဲ၊ အလိုမတူရင် မုဒိမ်းမှုပဲ"

"ဒါတော့ သိတာပေါ့ဗျာ"

"ကဲ- သိရင် နောက်တစ်ခုက နံပါတ် ၂ ခွင့်မူမပေး၊ ခွင့်ပြုချက်မရရင် မုဒိမ်းမှုပဲ"

"စောစောက အလိုမတူတာနဲ့ အခု ခွင့်မပြုတာနဲ့ မတူဘူးလား"

"အဲ အဲဒါပဲ ကိုယ့်ဆရာ၊ ကိုယ့်မိန်းမတောင်မှ ခွင့်မပြုဘဲ ဆက်ဆံလို့ အမှုသွားဖွင့်ရင် ကိုယ့်ကို မုဒိမ်းမှုနဲ့ ဖမ်းလို့ရတယ်၊ ဒါပြောတာ"

"ဗျာ- တကယ်လား"

"အိုး- ဥပဒေကိစ္စ နောက်စရာလား"

"ဒုက္ခပဲ၊ ဒီကိစ္စ အိမ်ကမိန်းမ သိလို့မဖြစ်ဘူး"

"ဒါတင်မကသေးဘူး၊ ခွင့်မူမပေးဆိုတာ ဓမ္မတာမဟုတ်သော လိင်ဆက်ဆံခြင်းဆိုတာကိုလည်း ရည်ညွှန်းတယ်"

"ဩော်- အသစ်အဆန်းတွေ မထွင်ရဘူးပေါ့"

"ဒါပေါ့၊ ဒါနဲ့ပတ်သက်ပြီး ရယ်စရာတစ်ခု ပြောပြဦးမယ်၊ ကျွန်တော့်ကိုယ်တွေ့ပေါ့နော်"

"ဟာ- ဆရာ မုဒိမ်းမှုဖြစ်ဖူးတယ် ဟုတ်လား၊ မထင်ရဘူးနော်"

"အာ- ဘယ်ကလာ ဟုတ်ရမှာလဲ၊ ဖွဟဲ့၊ ကျွန်တော် ကိုယ်တွေ့ကြုံရတဲ့ အမှုပါဗျ"

"ဩော်-သိဘူးလေ၊ စကတည်းက အဲလိုပြောပါလား ဆရာရဲ့"

"အရေးထဲ အထအနကောက်တတ်တဲ့ စာရေးဆရာနဲ့ လာတွေ့နေတယ်"

"နောက်တာပါ ဆရာရဲ့"

"ဒီလိုဗျို့၊ ကျွန်တော် တာဝန်ကျတဲ့ မြို့တစ်ခုမှာ တစ်နေ့တော့ အမျိုးသမီး တစ်ယောက် အမှုလာဖွင့်တယ်၊ သူက ဥပဒေကို သိလို့တော့မဟုတ်ဘူး၊ သူ့ကို နာကျင်အောင်လုပ်တယ်ဆိုပြီး လာတာ"

"ဘယ်သူက နာကျင်အောင် လုပ်လိုက်တာလဲ"

"သူ့ယောကျ်ားကတဲ့လေ၊ သူ့ယောကျ်ားက တရုတ်၊ ပေါက်ဖော်ဆိုပါတော့လေ၊ ငွေကြေးချမ်းသာတယ်၊ မိန်းမပုံကလည်း ခပ်လည်လည်၊ ပေါ့ပြက်ပြက်ပုံစံပေါ့"

"ပေါက်ဖော်က ဘာလုပ်လိုက်လို့လဲ"

"လာမယ်လေ၊ ပေါက်ဖော်က သူ့ကို ဆရာ့စကားယူသုံးရရင် အသစ်အဆန်း ထွင်လိုက်တာ၊ စအိုကွဲသွားလို့ ဆေးရုံမှာ ချုပ်လိုက်ရတယ်တဲ့၊ အဲဒါ မကျေနပ်လို့ လာတိုင်တာ"

"ဗျာ၊ အဲလိုကြီးလား"

"အဲလိုကြီးပေါ့၊ ဒါနဲ့ပဲ ဥပဒေကြောင်းအရ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မတွေ ရှင်းပြပြီး ပြစ်မှုဆိုင်ရာဥပဒေ ၃၇၆ အရ ထောင်ဒဏ် ၁၀ နှစ်အထိ ချနိုင်ကြောင်း ပြောပြတော့ တရုတ်က ဘာပြောတယ်မှတ်လဲ"

"ဘာပြောလဲ ဆရာ"

"ဆရာတို့ရယ်တဲ့၊ ကျွန်တော်က ရှေ့ပေါက်တော့ပိုင်တယ်၊ နောက်ပေါက်တော့ အစိုးရပိုင်တယ်ဆိုတာ အခုမှ သိပါတယ်တဲ့ဗျာ"

"ဟား ဟား. . . သိပ်ပြောတတ်တဲ့ တရုတ်ပဲ"

"ဒါနဲ့ပဲ မိန်းမကိုလည်း ရှင်းပြပြီး အချင်းချင်းပဲ ကျေအေးဖို့ ညှိနှိုင်းပေးလိုက်ရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"နောက်မလုပ်တော့ပါဘူးလို့ ခံဝန်ကတိ မထိုးခိုင်းလိုက်ဘူးလားဆရာ"

"ခံဝန်ကတိကို ဘယ်လိုရေးရမှာလဲ ကိုယ့်ဆရာကလည်း"

"ဩော်- နောက်မလုပ်တော့ မယ့်ဟာပဲ၊ နောက်ကို မလုပ်တော့ပါဘူး လို့ပဲ ရေးခိုင်းပေါ့ဗျ"

"တော်ပါပြီ၊ ဆရာ့ နောက်လုပ်ရေး မလုပ်ရေးနဲ့တင် ရှေ့ဆက်မရဖြစ် နေပြီ"

"ဟုတ်ပါပြီ၊ ဆက်ပြောပါ ဆရာ"

"နောက်တစ်ခု နံပါတ် ၃ က နာရေး"

"နာရေးဆိုတော့ အသုဘပေါ့၊ အသုဘအိမ်မှာ မဆက်ဆံရဘူးလို့ ဆိုလိုတာလား"

"အာ- ဟုတ်ပါဘူး၊ ကိုယ့်ဆရာက ပေါက်ကရတွေ ပြောရှော့မယ်"

"ဩော်-သိပြီ၊ လူသေအလောင်းကို ဆက်ဆံရင်လည်း မုဒိမ်းမှုမြောက်တယ်၊ ဒါပြောတာနေမှာ ဟုတ်တယ်ဟုတ်လား"

"ဘယ်ကလာ ဟုတ်ရမှာလဲ၊ နာရေးဆိုတာ နာကျင်အောင်ပြုမယ်လို့ ခြိမ်းခြောက်ပြီး ဆက်ဆံရင် မုဒိမ်းမှု မြောက်ပြီ၊ ဒါပြောတာ"

"ဩော်- သိပါဘူးဗျာ၊ ဒါများ ခြိမ်းခြောက်ထင်မှတ်လို့ ပြောရသား"

"ကာရန်မကိုက်ဘူးလေဗျာ"

"ထားပါတော့၊ ထားပါတော့၊ နောက်တစ်ခုက"

"နောက်တစ်ခုက နံပါတ် ၄ ထင်မှတ်"

"အဲဒါကျ ဘာတုံး"

"ထင်မှတ်ဆိုတာက လွယ်လွယ် ပြောရရင် ပုံမှားရိုက်တာဗျ၊ ဥပမာပေး ရရင် ဒါလည်း ဖြစ်ရပ်မှန်ရှိတယ်"

"ကိုယ်တွေ့ပဲလား ဆရာ"

"အာ- ကျွန်တော် ကိုင်တွယ်ခဲ့တဲ့ အမှုဗျ"

"အင်းလေ၊ အဲဒါ ပြောတာပဲ ဟာ ဆရာကလည်း"

"ဒီအမှုကျတော့ ခံရတဲ့ အမျိုးသမီးက ဥပဒေကို မသိတော့ နစ်နာသွားတာ၊ ဒီလိုဗျ၊ တစ်ညမှာ အမျိုးသမီးတစ်ယောက်က သူ့အိမ်မှာ သူအိပ်နေတယ်၊ သူ့ယောကျ်ားက အပြင်သွားနေတာ ပြန်မလာသေးဘူး၊ အဲဒီအချိန်မှာ အကြံသမားက သူ့ယောကျ်ားလိုလို ဘာလိုလိုနဲ့ အသံမပေးဘဲ ခြင်ထောင်ထဲဝင်ပြီး ဆက်ဆံတယ်၊ မှောင်နေတော့လည်း အမျိုးသမီးက သူ့ယောကျ်ားပဲ မှတ်တယ်ပေါ့၊ အိပ်ချင်မူးတူး ဖြစ်နေတာလည်း ပါမှာပေါ့၊ ဒါကြောင့် မငြင်းဆန်ဘဲ ပြီးမြောက်သွားတယ်ဆိုပါတော့၊ နောက်တော့ စမ်းကြည့်တော့မှ အမွေးမရှိတော့ သူ့ယောကျ်ားမဟုတ်မှန်း သိသွားတယ်"

"ဘာကို စမ်းကြည့်တာလဲ ဆရာ"

"မေးစေ့ကို စမ်းတာဗျ၊ အကြံသမားက မုတ်ဆိတ်မွေး မရှိဘူးလေ၊ ယောကျ်ားက မုတ်ဆိတ်မွေးငုတ်စိရှိတယ်၊ ဒါကြောင့် အမျိုးသမီးက ရှင်ဘယ်တုန်းက မုတ်ဆိတ်တွေ ရိတ်လိုက်တာလဲဆိုပြီး မေးတာ၊ အကြံသမားက အဲတော့မှ ထပြေးတာ၊ မိန်းမကလည်း သူခိုး သူခိုးဆိုပြီးအော်တော့ အရပ်က ဝိုင်းဖမ်းလို့ မိတာ"

"ဘာလို့ သူခိုးလို့ အော်တာလဲ"

"အမျိုးသမီးက သူ အလိုတူ လိုက်မိတော့ မုဒိမ်းမှုမမြောက်ဘူးထင်ပြီး သူခိုးလို့အော်တာ၊ အဲဒီတော့ အမှုဖွင့်တော့လည်း ခိုးမှုနဲ့ဖွင့်ပြီး ခိုးရာပါပစ္စည်းလည်း မတွေ့တော့ အမှုက ပလပ်လိုက်ရတယ်"

"ဩော်- ဒါဆို ပုံမှားရိုက်တာလည်း မုဒိမ်းမှုပဲပေါ့"

"ဒါပေါ့ဆရာ၊ ဒါကိုသိမှ အမျိုးသမီးတွေ မနစ်နာမှာ"

"နောက်ဆုံးတစ်ခု ၁၄ ရပ်ဆိုတာက"

"ဒါက လွယ်တယ်၊ ၁၄ နှစ်အောက် ကလေးကို ကျူးလွန်ရင် မုဒိမ်းမှုပဲ"

"၁၈ နှစ်အောက် မဟုတ်ဘူးလား"

"မဟုတ်ဘူး၊ ၁၄ နှစ်အောက်ဆိုရင် အလိုတူတူ မတူတူ မုဒိမ်းမှုပဲ၊ တိုင်တဲ့လူ မရှိရင်တောင် စခန်းမှူး တာဝန်မှူးက တရားလိုလုပ်ပြီး အမှုဖွင့်ရတယ်"

"ဩော်- ဂလိုကိုး၊ ဒီလိုဆိုတော့ အလိုမတူ၊ ခွင့်မူမပေး၊ နာရေးထင်မှတ်၊ ၁၄ ရပ်ဆိုတာ စုံသွားပြီ"

"အင်း- ဟုတ်တယ်၊ ဒီထဲက တစ်ချက်နဲ့ငြိတာနဲ့ ထောင် ဆယ်နှစ်အထိ ချလို့ရတယ်"

"ကျေးဇူးတင်ပါတယ် ဆရာ"

"ရပါတယ်၊ နောက် ဘာသိချင်သေးလဲ"

"ဒီတစ်ပတ်တော့ အချိန်လင့်နေပြီ၊ နောက်တစ်ပတ်မှ မုဒိမ်းမှုမမြောက်ပေမယ့် လိင်အကြမ်းဖက်မှုဆိုင်ရာ ပြစ်မှုဆိုင်ရာ ဥပဒေတွေကို ရှင်းပြပေးပါနော် ဆရာ"

"ကောင်းပါပြီ၊ ဒါဖြင့် ကျွန်တော် သွားမယ် ဆရာ"

"ဟုတ်ကဲ့၊ ဖြည်းဖြည်းသွားပါ ဆရာ"

**မောင်ဝင်းထိန်(အင်းစိန်)**

❑

လပြည့်ဝန်းမဂ္ဂဇင်း (ဇူလိုင်လ၊ ၂၀၁၇)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

**(ယခင်လမှ အဆက်)**

ဘာပဲပြောပြော အစောကို ငယ်ချစ်ဦးမို့ မေ့မရနိုင်သည်က အမှန်၊ အစောအနေနှင့်လည်း လွင်မောင်ဟာ ငယ်ချစ်ဦးပါပဲ။ ဒါပေမဲ့လည်း မေ့လေပြီလားလို့တော့ မသိနိုင်ပါချေ။ ယခု မမျှော်လင့် မထင်မှတ်ဘဲ ဘဝသံသရာကြီးထဲက ဘဝကံကြမ္မာကြောင့် အစောရဲ့သမီးလေး မေစောနွယ်ဆိုတဲ့ ရခိုင်သူလေးကို တွေ့ရ မြင်ရ ကြုံရပါပြီ။

လွင်မောင့်အနေနဲ့ အစောရဲ့ သမီးလေးဟာ သူ့သမီးလေးလိုပါပဲ။ မြင်မြင်ချင်း သံယောဇဉ်ဖြစ်မိပါတော့တယ်။ လွင်မောင့်မှာ တာဝန်ရှိလာတယ်။ အစောရဲ့သမီးလေး တစ်နယ်တစ်ကျေး မိဝေးဖဝေး ပညာလာသင်ချိန် သူလေးရဲ့ ကျန်းမာရေး၊ ပညာရေး၊ စားဝတ်နေရေး၊ စိတ်ချမ်းသာ အဆင်ပြေရေး အစစ လွင်မောင့်မှာ တာဝန်ရှိတယ်လို့ ရင်ထဲက သိထားတယ်။

ဒါကြောင့်လည်း လွင်မောင် ရခိုင်သူလေး မေစောနွယ်ကို သမီးလေးလို မျက်ခြည်မပြတ်ကြည့်ပြီး ဂရုတစိုက် ပြုစုကျွေးမွေး ယုယတယ်။ ဒီနွေအလွမ်းရိပ် ဘော်ဒါဆောင်ဟာ ဒီနှစ်မှ အသစ်ဖွင့်တဲ့ ဘော်ဒါဖြစ်ပြီး ခြံဝင်းနှင့်၊ အခန်းများ ကျယ်ဝန်းသန့်ရှင်း သပ်ရပ်မှု၊ ဧည့်ခန်းနှင့်ပန်းခြံ သာယာလှပ ပြည့်စုံခြင်း၊ တီဗွီ၊ တယ်လီဖုန်းနှင့် ထမင်းစားခန်း သီးသန့်၊ ရေချိုးခန်း၊ ရေလောင်းအိမ်သာများ ခေတ်မီလုံလောက်ခြင်းတို့ကြောင့် လူသိများ ရေပန်းစားလှတယ်။

ဘော်ဒါဆောင်မှာ တိုင်းဆေးရုံကြီးက ဆရာဝန်မ အပျိုကြီးတစ်ဦး ကိုယ်တိုင် နေထိုင်တဲ့အတွက် အဆောင်နေ ဆေးကျောင်းသူတို့အဖို့ အားကိုးအားထား ခင်မင်တွယ်တာစရာလည်း ရှိနေကြတယ်။ အဆောင်နေသူတို့က မမဒေါက်တာကို ဆိုးတိုင်ပင် ကောင်းတိုင်ပင် ရင်းနှီးမှုလည်း ရှိကြတယ်။

မမဒေါက်တာက အရင်ကလို အားလပ်ချိန် သိပ်မရှိတော့ပါဘူး။ လူသိများ နာမည်ရလာတဲ့ ဆရာဝန်မကြီးဖြစ်တဲ့အတွက် တိုင်းဆေးရုံကြီးရဲ့ ပင်မတာဝန်ကြီးကတစ်ဖက်၊ ကောင်းမွန်အထူးကုဆေးရုံကြီးနဲ့ ပသာဒအထူးကုဆေးရုံကြီးတွေမှာ အချိန်ပိုင်းတာဝန်ယူထားလို့လည်း လိုအပ်ရင် လိုအပ်သလို နေ့ရောညပါ ဆေးရုံကို သွားရတယ်။

လွင်မောင်ကတော့ ယခင်တလို သူငယ်ချင်းတွေ လာမကူနိုင်ကြတော့တဲ့အတွက် ဘော်ဒါဆောင်မှာ နေ့ရောညပါ အချိန်ပြည့်မအားမလပ်နိုင်အောင်ပါပဲ။ မေစောနွယ်နဲ့ လွင်မောင်လည်း တစ်နေ့ထက်တစ်နေ့ ပိုမိုခင်မင်ရင်းနှီး သံယောဇဉ်ကြီးလာကြတယ်။

လွင်မောင့်အနေနဲ့ မေစောနွယ်လေးအပေါ် အခြားသောအဆောင်နေကျောင်းသူများနဲ့မတူ အထူးဂရုစိုက်ပြုစုကျွေးမွေး အလေးပေးတာလည်း မေစောနွယ် နားမလည်နိုင်အောင် ခံစားရပါတယ်။ ဒါကိုပဲ အဖေမရှိတော့တဲ့ မေစောနွယ်အဖို့ ကြည်နူးသာယာဝမ်းသာနေမိတာ အမှန်ပါပဲ။ ဖခင် တစ်ယောက်ဆီက ကြင်နာယုယပြုစုမှုမျိုးကို မရခဲ့တာ ကြာခဲ့လေတဲ့ သမီးလေးတစ်ယောက်အနေနဲ့ ကြည်နူးဝမ်းသာ ခံစားရတာလည်း အမှန်ပါပဲ။ ဒါကြောင့်လည်း ဖခင်မရှိတော့တဲ့ မေစောနွယ် တစ်ယောက် လွင်မောင့်အပေါ် နွဲ့ဆိုးလေး ဆိုးနွဲ့ခဲ့တယ်။

ကြာတော့လည်း လွင်မောင်နဲ့ မေစောနွယ်တို့ရဲ့ အနေအထိုင် အပြောအဆို ဆက်ဆံရေးကို မမဒေါက်တာ သတိထားမိလာတော့တယ်။ ဘာကို ဘယ်လို အဓိပ္ပာယ်ဖွင့်ဆိုရမှန်းမသိတဲ့ ခံစားချက်လေးတွေ ရင်ထဲမှာ ဝင်လာတယ်။ အနေ အထိုင် အပြောအဆို သတိထား ဆင်ခြင်ဖို့ လွင်မောင့်ကို ဘယ်လိုသတိပေးရမလဲ။ ဘာကြောင့် သတိပေးတာလဲလို့ မေးလာရင် အဖြေ ဘယ်လိုပေးရမလဲ။

ဒီတော့လည်း မေစောနွယ်ကိုပဲ ချော့ချော့မော့မော့ သတိပေးဖြစ်တယ်။ ဆရာမတစ်ယောက်လို တစ်မျိုး၊ မိခင်တစ်ယောက်လို တစ်ဖုံ ဥပမာပုံပြင်တွေနဲ့ ဆုံးမပြောပြတော့ မျက်လုံးလေးကလယ်ကလယ်နဲ့ နားထောင်နေရှာပါတယ်။ ဆရာဝန်မကြီးရဲ့ အပြောဆိုတော့လည်း ဆေးကျောင်းသူလေးအနေနဲ့ ချစ်ခင်တာ လေးစားတာ ယုံကြည်တာ အားကိုးတာတွေကြောင့် ဘာကြောင့်လဲ ဆိုတဲ့ မေးခွန်းတွေ ရှိမလာတော့ပါဘူး။ ရင်မှာကျိတ်လို့ သက်ပြင်းချမိသူက မမဒေါက်တာရယ်ပါ။

တနင်္ဂနွေတစ်ရက် နံနက်စောစော မမဒေါက်တာက ဆင်တောင်တောရမှာ ရဟန်းခံရှင်ပြုဖိတ်ကြားထားတာရှိလို့ လွင်မောင့်ကိုလိုက်ပို့ခိုင်းတယ်။ လွင်မောင့်ဆိုင်ကယ်နောက်မှာ မမဒေါက်တာကိုတင်ပြီး မကွေးမြို့အစွန် မြသလွန်စေတီကြီးမြောက်ဘက် ဧရာဝတီမြစ်ကမ်း ချောက်ကမ်းပါးထိပ်က ဆင်တောင်တောရကို သွားခဲ့ကြတယ်။ အပြန်မှာတော့ မြို့ရှောင်လမ်းသစ် အေးမြသာယာ(အောင်ဘုံ)ဘက်လမ်းက ပြန်လာရင်း -

"မမတာ ဒီနေ့ အားတယ်မဟုတ်လား၊ အချိန်ရရင် ဟိုရွှေနားမှာ နွားနို့ ဝင်သောက်ရအောင်၊ အဲဒီမှာက နွားနို့

www.burmeseclassic.com

www.burmeseclassic.com

စစ်စစ်ရတယ်၊ ဖန်ခွက်ကြီးနဲ့တစ်ခွက်မှ ၃၅၀ ရယ်၊ သိပ်ကောင်းတာပဲ"

"ဝင်လိုက်လေ၊ မမတာ တိုက်ပါ့မယ်၊ အတာက ဘယ်တုန်းက ရောက်ဖူးလို့လဲ"

"ဟိုကောင်တွေ ကြည်ဝင်း၊ မြင့်သိန်းတို့နဲ့ ရောက်ဖူးတာ၊ သိပ်သာယာတာပဲ၊ ကုန်းမြင့်လေးပေါ်က ပန်းခြံကြီးထဲမှာ ဖွင့်ထားတာ၊ ဟိုးတစ်ချိန်တုန်းကတော့ မကွေးမြို့ မြောက်ဘက်ဆုံး လူသူအရောက်အပေါက်နည်းပြီး သိပ်ခေါင်တဲ့နေရာမို့ နို့စားနွားတွေမွေးတဲ့ခြံကြီးတဲ့၊ နောက်တော့ တက္ကသိုလ်ပေါင်းစုံဖွင့်လာတော့ ကျောင်းသူ ကျောင်းသားတွေက ညနေပိုင်း ညဦးပိုင်း လေညင်းခံထွက်ကြဒီဘက်တွေမှာ ချိန်းတွေ့ကြနဲ့ နွားခြံကြီးထဲနွားနို့ဝင်သောက်ကြရင်း စားသောက်ဆိုင်ကြီး ဖြစ်လာတာတဲ့၊ မြို့ထဲမှာ ဘယ်လောက်ပူအိုက်နေနေ အဲဒီခြံကြီးထဲမှာလေတဝူးဝူးနဲ့ အေးနေတာပဲ၊ ပန်းခြံထဲမှာ ဩစတေးလျမြက်ခင်းစိမ်းတွေ ခင်းထားပြီး ပန်းမျိုးစုံ စိုက်ထားတယ်၊ နှစ်ယောက်ထိုင်စာ ကောက်ရိုးအမိုးလေးတွေနဲ့ တဲလေးတွေလည်း ဆောက်ထားတယ်၊ နွားနို့သောက်ရင်း အပန်းဖြေလို့ကောင်းတယ်"

ကုန်းအတက်လေးက ပန်းခြံကြီးထဲကို ဝင်လိုက်ရင်ပဲ မမတာက စားသောက်ဆိုင် ဆိုင်းဘုတ်ကို အမှတ်တမဲ့မော့ကြည့်ရင်းက တအံ့တသြ အော်လိုက်ပါတယ်။

"ဟယ်- အချစ်ရွာ ဆိုပါ့လား"

"မမတာ အံ့သြသွားသလား"

"အံ့သြတာထက် တို့ ဒီမှာ ဝင်ထိုင်လို့ ကောင်းပါ့မလား"

"ချစ်သူ အတွဲ မဟုတ်လည်း ဒီဆိုင်မှာဝင်ပြီးစားလို့ရပါတယ်၊ မိသားစုတွေ မိတ်ဆွေတွေလည်း လာကြပါတယ်"

"မမတို့အနေနဲ့ သင့်တော်ပါ့မလား"

"မမတာကလည်း အပျိုကြီးပီပီ သိပ်စိုးရိမ်တတ်တာပဲနော်၊ ကဲ- အချစ်ရွာရောက်တုန်း မမတာကို ကျွန်တော်တစ်ခုမေးမယ်၊ မမတာ ရင်ထဲရှိတာ အမှန်အတိုင်းဖြေနော်"

"ကဲ- ဘာမေးမှာလဲ မေးမေး"

"အခု အချစ်ရွာမှာထိုင်နေကြတဲ့ မမတာနဲ့ ကျွန်တော်ဟာ ချစ်သူ နှစ်ယောက် ဆိုပါတော့"

"ဟောတော့ . . . ဘယ်တုန်းက ချစ်သူတွေ ဖြစ်သွားကြရတာလဲ"

"ဩော် - အကယ်၍သာလို့ ကျွန်တော်ပြောတာပါ။ ကဲကဲ အခုဖြစ်သွားကြတာ ဆိုပါတော့၊ ကျွန်တော်ကလည်း မမတာကိုသိပ်ချစ်တယ်၊ မမတာကလည်း ကျွန်တော့်ကို သိပ်ချစ်တဲ့ ချစ်သူတွေဆိုပါတော့၊ ကျွန်တော်က မမတာကို လက်ထပ်ချင်ပြီလို့ ပူဆာရင် မမတာ ဘယ်လိုဆုံးဖြတ်မလဲ"

မမတာ စကားမပြောနိုင်တော့ဘဲ ငေးငိုင်ထွေဝေတိတ်ဆိတ်သွားတယ်။ မျက်နှာကလည်း ညှိုးငယ်သွားတယ်။

"မမတာနဲ့ ကျွန်တော် တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ကြတဲ့ ချစ်သူတွေ ဆိုပါတော့နော်၊ လက်ထပ်ဖို့ကိစ္စ မမတာအဖြေခက်နေတယ်မဟုတ်လား၊ ဟိုးတစ်ခါက မမတာ ရင်ဖွင့်ပြောပြဖူးတယ်၊ မမတာရဲ့ချစ်သူ ဒေါက်တာအောင်ကျော်နဲ့ မမတာတို့ အသက်အရွယ်လည်းတူကြတယ်၊ ဆေးကျောင်းလည်း အတူတက်လို့ ဘွဲ့တွေရ အလုပ်ခွင်တွေလည်း ဝင်ခဲ့ကြပြီ၊ လက်ထပ်ကြဖို့ကိစ္စ နှစ်ဖက်မိဘတွေလည်း သဘောတူကြပြီး ဒေါက်တာအောင်ကျော်ဖခင်ဟာ အစိုးရအဖွဲ့ဝင်လူကြီး ဗိုလ်ချုပ်ကြီးတစ်ဦး၊ မမတာ ဖခင်က ညွှန်ကြားရေးမှူး၊ မမတာအမေက အထက်တန်းကျောင်းအုပ်ဆရာမကြီး ဆိုတော့ကာ နှစ်ဖက် မိဘတွေ အဆင်ပြေမလိုလိုနဲ့ မထင်မှတ်တဲ့ ပြဿနာကြုံရတာက မမတာဟာ တစ်ဦးတည်းသောသမီးဆိုတော့ မမတာမိဘတွေဟာတစ်သက်လုံး ဒီသမီးလေးနဲ့ အတူနေလာတာ မမတာ ဆရာဝန်မကြီး ဖြစ်တဲ့အထိပဲ၊ သူတို့သေတဲ့အထိလည်း ဒီသမီးလေးနဲ့အတူနေမယ် အားခဲဆုံးဖြတ်ထားတာပေါ့။

အဲဒီမှာ ပြဿနာဖြစ်ကြတာပဲ မဟုတ်လား၊ အမွေပေးစရာဆိုလို့လည်း ဒီသမီးလေးပဲရှိတာ၊ ဒီတော့ လက်ထပ်ပြီးရင် မမတာတို့ မိဘပိုင် ခြံကြီး တိုက်ကြီးထဲမှာပဲ မိဘတွေနဲ့ အတူနေစေချင်တာပေါ့နော်။

ဒေါက်တာအောင်ကျော်တို့ဘက်ကလည်း သူတို့မိဘအသိုင်းအဝိုင်း အဆင့်အတန်းနဲ့ လိုက်လျောညီထွေ မင်္ဂလာဆောင်ကို ခြံနဲ့တိုက်နဲ့ပရိဘောဂ အပြည့်အစုံ လက်ဖွဲ့ပြီး အဲဒီမှာ သီးခြားနေစေချင်ကြတယ်၊ ဒါလည်း မှန်ပါတယ်၊ ဟိုဘက် ဒီဘက် လွန်ဆွဲကြတဲ့ အခါ စကားသံလေးတွေ ထွက်လာတာပေါ့နော်၊ ဒေါက်တာအောင်ကျော် မိဘမောင်နှမတွေက သူတို့စီမံတာ၊ကို မနာခံရကောင်းလားဆိုပြီး . . .။

တကယ်ဆို ဒေါက်တာအောင်ကျော်ဟာ သူတို့မိဘအဆင့်အတန်းအရ မမတာထက်သာတဲ့ ပညာတတ်ဥစ္စာပေါ့ရုပ်ချော လူကြီးသားသမီးထဲက ရနိုင်ကြောင်း ပြောတဲ့အခါ မမတာတော်တော်ကို စိတ်နာကြည်းသွားတယ်။ ချစ်သူဖြစ်တဲ့ ဒေါက်တာအောင်ကျော်



www.burmeseclassic.com

www.burmeseclassic.com

ကလည်း မမတာ တောင်းဆိုတဲ့ဘက်ကို ပါမလာတော့ အဲဒီမှာ မင်္ဂလာ အစီအစဉ်ရော စေ့စပ်ပွဲပါ ပျက်ပါလေရော။

တကယ်တော့ ချစ်သူချင်း မုန်းကြ နာကြတာ မဟုတ်ဘူး၊ အသိုင်းအဝိုင်း ဂယက်ကြောင့် ပျက်ကြရတာ၊ မမတာ စိတ်ထိခိုက်ကြေကွဲရတာကို မကြည့်ရက်တဲ့ မမတာ အဖေဟာ တစ်ဦးတည်းသော သမီးလေး စိတ်ဆင်းရဲရတာ အရှက်တကွဲဖြစ်ရတာကို ယူကျုံးမရ ခံစားရပြီး နှလုံးရောဂါအခံနဲ့ ကွယ်လွန်ခဲ့တယ်နော်၊ အဲဒီနောက် မမတာရဲ့ အဖေနဲ့အမေ ဟသာမောင်နှံလိုပဲ သိပ်ချစ်ကြ သိပ်သံယောဇဉ်ကြီးကြတော့ မမတာအဖေ ကွယ်လွန်ပြီး ၄၅ရက်အကွာမှာ မမတာရဲ့အမေလည်း ကွယ်လွန်သွားပြန်တယ်။

ဒါဟာ အင်မတန်မှ ကြေကွဲစရာကောင်းတဲ့ အဖြစ်ပဲ၊ မမျှော်လင့် မထင်မှတ်စရာတွေပဲနော်၊ မမတာ ဒီအဖြစ်ဒီအချစ်ကို သိပ်စိတ်နာသွားခဲ့ရတယ်၊ ဒါကြောင့်လည်း အထီးကျန်ဘဝမှာ လွမ်းစရာ နာစရာတွေနဲ့ ဝေးအောင် မကွေးကို တာဝန်နဲ့ပြောင်းလာခဲ့တာ မဟုတ်လား၊ မမတာ ပြောပြခဲ့ဖူးလို့ မမတာ့ရဲ့ အလွမ်းဝေဒနာတွေကို ကျွန်တော် သိထားပါတယ်။

ကျွန်တော်လည်း မမတာလို အလွမ်းဝေဒနာ ခံစားရသူ တစ်ဦးပါ၊ ကြာတော့ကြာခဲ့ပါပြီ၊ ကျောင်းသားဘဝကပါ၊ အစောဆိုတဲ့ မိန်းကလေးဟာ ကျွန်တော့်ရဲ့ ငယ်ချစ်ဦးဖြစ်ခဲ့သလို ကျွန်တော်ဟာလည်း အစောရဲ့ငယ်ချစ်ဦးပါ၊ ကျွန်တော်တို့ တစ်ယောက်ကို တစ်ယောက် သိပ်ချစ်ခဲ့ကြပါတယ်။

ကျွန်တော်က တက္ကသိုလ် ဆက်မတက်နိုင်ခဲ့ဘူး၊ အစော ဘွဲ့ရတဲ့အခါ သူ့မိဘတွေက အိမ်ထောင်ပြုဖို့ နေရာချထားပေးတယ်၊ အစော မငြင်းသာပါဘူး၊ ကျွန်တော်နဲ့ မေတ္တာမျှနေလို့ လက်ထပ်ချင်ကြောင်းလည်း မိဘတွေကို မပြောရဲဘူး။

ဒါပေမဲ့ ကျွန်တော့်ကို အခွင့်အရေး တစ်ခု ပေးတယ်၊ ကျွန်တော် ခေါ်ရာနောက် လိုက်မယ်၊ လာခေါ်ဖို့ ပြောရှာတယ်၊ ကျွန်တော်လည်း ငယ်သေးတော့ ချစ်သူကို အဆုံးမခံနိုင်ဘူး၊ အစောကို ခေါ်ဖို့ ဆုံးဖြတ်စီစဉ်တယ်၊ ချိန်းဆိုပြီးမှ အဲဒီနေ့မှာ အမေ ရုတ်တရက် ဆေးရုံတက်ရတယ်၊ ခွဲစိတ်ကုသရတယ်၊ အဖေက ခရီးထွက်နေတယ်၊ သားသမီးတွေထဲမှာလည်း ကျွန်တော်က အစ်ကိုအကြီးဆုံးလေ။

အမေ့ကို ဆေးရုံပေါ်မှာ ပြုစုနေတာ တစ်ပတ် ကြာသွားတယ်၊ အဲဒီအချိန်အခါတုန်းက အခုလိုလည်း တယ်လီဖုန်းတွေက မပေါ်သေးသလို လမ်းပန်းဆက်သွယ်ရေး သွားလာရေးတွေကလည်း လွယ်တာမဟုတ်ဘူး၊ မင်းဘူးနဲ့ မကွေး ဧရာဝတီမြစ်ပဲခြားတာ၊ တစ်နေကုန်တယ်၊ အမေ ဆေးရုံကဆင်းတော့ သူငယ်ချင်းတွေနဲ့ တိုင်ပင်ပြီး အစောဆီ ဆက်သွယ်တဲ့အခါ အားလုံးလွန်ကုန်ပြီ၊ အစောကလည်း အထင်လွဲသွားပြီ၊ ဖြေရှင်းခွင့် မရတော့ဘူး၊ လွဲခဲ့ရပြီ။

မမတာနဲ့ မမတာချစ်သူ ဒေါက်တာအောင်ကျော်တို့ လွဲခဲ့ကြ ခွဲခွာခဲ့ကြရတာက တစ်မျိုး၊ မမတာ အနေနဲ့က ချစ်တဲ့သူအပေါ် အမုန်းအပြစ်တွေက ခွင့်လွှတ်မယ်ဆိုရင် ခွင့်လွှတ်နိုင်တဲ့အခြေအနေမျိုးပါ၊ သူက မိဘအသိုင်းအဝိုင်းအပေါ် မလွန်ဆန်နိုင်တဲ့ အားနည်းချက်သာရှိတာပါ၊ မမတာအပေါ် သံယောဇဉ်ကြီးသလို မမတာကလည်း သူ့ကို မုန်းမေ့လို့ရမှာ မဟုတ်ပါဘူး။

ကျွန်တော့်ချစ်သူ အစောက ကျွန်တော့်ကို အထင်လွဲ မုန်းသွားခဲ့ပြီ၊ မမတာ နာကြည်းတယ် ဆိုတာက အသိုင်းအဝိုင်းနဲ့ ခွဲခြားဆက်ဆံမှု လွန်ဆွဲမှုကို နာကြည်းတာပါ၊ ဒါကလည်း တရားပါတယ်လေ၊ ချစ်သူ ဆုံးရှုံးတင် မဟုတ်ဘူး၊ မိဘနှစ်ပါးလုံးပါ ကွယ်လွန်ခဲ့ရတဲ့အဖြစ်ဆိုတော့လည်း ခံစားထိုက်ပါတယ်၊ အင်း- မေးလက်စနဲ့ မမတာကို မေးချင်သေးတယ်၊ မေစောနဲ့ပတ်သက်လို့ မမတာ ဘယ်လိုမြင်လဲ"

"ဒီကလေးဟာ ပညာရေးကလွဲပြီး ဘာမှစိတ်ဝင်စားခဲ့သူ မဟုတ်သလို အတွေ့အကြုံလည်း ရှိရှာတာ မဟုတ်ဘူး၊ အတာက သူ့ကို ဘယ်သူနဲ့မှမတူအောင် အရေးပေး ဂရုစိုက် ပြုစုယုယ ကြင်နာမှုတွေပေးတော့ အတာ့အပေါ် သူ သံယောဇဉ်ကြီးနေပုံရတယ်၊ မိန်းကလေးတစ်ယောက်အနေနဲ့ အနေအထိုင် သတိထားဖို့ မမတာ သူ့ကို သတိပေးဖူးသေးတယ်"

"ဟုတ်တယ်မမတာ၊ ကျွန်တော် မေစောလေးအပေါ် အလိုလိုက် အရေးပေး ဂရုစိုက် ပြုစုယုယခဲ့တာ အမှန်ပါ၊ မမတာက သူ့ကို ဆုံးမတာလည်း ပြောပြပါတယ်၊ မမတာ မသိသေးတဲ့နောက်ကွယ်က ဇာတ်လမ်းကြောင့်ပါ၊ မေစောဟာ တခြားသူမဟုတ်ဘူး မမတာ၊ ကျွန်တော် ပြောပြခဲ့တဲ့ ကျွန်တော့်ချစ်သူ အစောရဲ့ တစ်ဦးတည်းသောသမီးလေးပါ၊ ဘော်ဒါဆောင်ကို သူရောက်လာလာချင်း ကိုယ်ရေးအချက်အလက်တွေ ဖြည့်ကတည်းက သိခဲ့တာပါ။

ဒါထက် ခိုင်လုံတာကတော့ သူ့အမေ အစောနဲ့ သူဟာ အသက်





www.burmeseclassic.com

www.burmeseclassic.com

အရွယ် ကွာခြားတာကလွဲပြီး ရုပ်ချင်းက အမြွှာမွေးညီအစ်မလို ခွဲမရလောက်အောင်တူတယ်၊ မြင်မြင်ချင်း ကျွန်တော် တုန်လှုပ်ခဲ့ရသေးတယ်၊ သံယောဇဉ်ဆိုတာကလည်း မှန်တာကို ဝန်ခံရရင် အစောရဲ့ကိုယ်စား သံယောဇဉ်ထားပြီး ပြုစုယုယခဲ့တာပါ"

"အေးလေ၊ ဒါပေမဲ့ နောက်ကြောင်းကို လုံးဝမသိရှာတဲ့ ကလေးတစ်ယောက်အနေနဲ့ ဒီယုယကြင်နာမှုတွေကို တစ်သက် မေ့မရနိုင်အောင် ခံစားရမှာပေါ့ကွယ်"

"ဟုတ်တယ်မမတာ၊ ကျွန်တော်လည်း သတိထားမိပါတယ်၊ အချိန်မတန်သေးလို့ ကျွန်တော်တို့ နောက်ကြောင်းတွေကို ဖွင့်မပြောသေးတာပါ၊ မေစောက ပြောဖူးတယ်၊ သူအိမ်ထောင်ပြုရင်တဲ့ သူနဲ့ သက်တူရွယ်တူ ဆရာဝန်ကို အိမ်ထောင်မပြုဘူးတဲ့၊ ဘာလို့လဲလို့ ကျွန်တော်က မေးတော့ သူက ဟာသလုပ်ပစ်တယ်၊ ဆရာဝန်အချင်းချင်း အိမ်ထောင်ပြုရင် တစ်ယောက်ကို တစ်ယောက် သူ့ကို ကိုယ်က လူနာထင်၊ သူက ကိုယ့်ကို လူနာထင်နဲ့ ဆေးကုဖို့ပဲ မြင်နေတတ်လို့ပါတဲ့။

ဦးဦးမောင် မကြားဖူးဘူးလား စစ်ဗိုလ်နဲ့ ကျောင်းဆရာမ အိမ်ထောင်ကျတော့ စစ်ဗိုလ်က အမိန့်ပေးပြီး ထမင်းစားမယ် အဆင်သင့်လုပ်၊ ပြင်ပြီးရင် သတင်းပို့လို့ပြောတော့ ကျောင်းဆရာမက ထမင်းပြင်ပြီးပြီ၊ အသင့်ပြင်ပြီးပြီ၊ ထမင်းလုံး အောက်မကျစေနဲ့လို့ ဆရာလုပ်သတဲ့၊ ဒီတော့ စစ်ဗိုလ်က ငါက စစ်ဗိုလ်စည်းကမ်းနဲ့နေလာတာ သိတယ်လို့ ပြန်ပြောတယ်၊ ဆရာမကလည်း ဘယ်လျှော့ပေးမလဲ လက်ဆေးပြီးပြီလားလို့ ထပ်ပြီးဆရာလုပ်တော့ စစ်ဗိုလ်က ဟုတ်လို့ တစ်ချက်ပြန်အော်သတဲ့၊ တော်တော်ရယ်စရာပြောတတ်တယ်။

မေစောက ပြောသေးတယ်၊ သူ အိမ်ထောင်ပြုရင် သူ့ထက် အသက်တော်တော်ကြီးတဲ့သူကို ယူမယ်တဲ့၊ ဘာလို့လဲလို့မေးတော့ အသက်ကြီးတဲ့သူဟာ စိတ်ရှည်တယ်၊ သည်းခံတယ်၊ အလိုလိုက်တယ်၊ အတွေ့အကြုံ ရင့်ကျက်တယ်၊ ရှေ့ရေးကိုကြိုပြီး မြော်မြင်တတ်တယ်၊ ပြုစုတတ်တယ်၊ ယုယကြင်နာတတ်တယ်တဲ့"

"အဲဒါ သူ့ရင်ထဲရှိတာကို ပြောတာပဲ၊ မမစိတ်ထင်တော့ အတော့ကို ရည်ရွယ်ပြီး ပြောတယ်ထင်တယ်"

"ဟာ-မမကလည်းဗျာ ဒီကလေးက ကျွန်တော့်လိုလူကို သံယောဇဉ်ဖြစ်မတဲ့လား"

မမတာနှင့် လွင်မောင်တို့ ထိုနေ့က အချစ်ရွာတွင် အတော်လေး ရင်ဖွင့်စကားတွေ ပြောဖြစ်ကြတယ်။ နောက်နေ့ တနင်္လာနေ့နံနက်မှာ ထုံးစံအတိုင်း အဆောင်နေကျောင်းသူတို့ ဖယ်ရီကားဖြင့် ဆေးတက္ကသိုလ်ထွက်သွားကြသောအခါ အဆောင်ကို ဒေါ်လေးငယ်နှင့် ထားခဲ့ပြီး မမတာကို ဆေးရုံသို့ လွင်မောင် လိုက်ပို့ပေးရတယ်။

ဆေးရုံက ပြန်အထွက် လမ်းမှာပင် လွင်မောင်ရဲ့ လက်ကိုင်ဖုန်း မြည်လာတယ်။

"ဟော့ကောင် လွင်မောင်၊ မေစော ကျောင်းမှာမူးလဲလို့ သင်ကြားရေးဆေးရုံကြီးပေါ် တင်ထားရတယ်တဲ့၊ အခု ငါက မင်းဘော်ဒါဆောင်က ပြောနေတာ"

"ဟာ- မင်းတို့ ရန်ကုန်သွားတယ်ဆို၊ ဘယ်တုန်းက ပြန်ရောက်တာလဲ"

"ငါနဲ့ ကြည်ဝင်း ဒီမနက်ပဲ ရန်ကုန်ကပြန်ရောက်တာ၊မင်းအဆောင်မှာ ပြန်ဆုံရအောင်ဆိုပြီး ကြည်ဝင်းနဲ့ ချိန်းထားတာ ဒီကောင်ရောက်မလာသေးဘူး၊ ငါအဆောင်ရောက်တော့ ဒေါ်လေးငယ်က မင်း မမတာကို ဆေးရုံလိုက်ပို့တယ်ပြောတုန်း ဆေးတက္ကသိုလ်ကနေ ဘော်ဒါဆောင်ကို ဖုန်းဆက်တာကွ၊ မေစောတို့ဆရာ ဒေါက်တာဗိုလ်လက်ရုံးက သူ့တပည့်ဆေးရုံတင်ထားရတဲ့ အခြေအနေကို သတင်းပို့တာပဲ၊ အသက်ရှူကျပ်တယ် မောတယ်ပြောပြီး မူးလဲသွားတယ်တဲ့၊ အခု သင်ကြားရေးဆေးရုံကြီးမှာ တင်ထားတယ်တဲ့၊ မင်းဆေးရုံကို မမတာပါခေါ်ပြီး လိုက်ခဲ့၊ ငါ ကြည်ဝင်းလာတာနဲ့ ဆေးရုံလိုက်ခဲ့မယ်"

"အေးအေး၊ မင်းတို့သွားနှင့်၊ ငါက မမတာကို ဆေးရုံထဲဝင်ပြီး ပြန်ရှာရဦးမယ်၊ လိုက်မှ လိုက်နိုင်ပါ့မလား မသိဘူး"

ထင်သည့်အတိုင်းပင် မမတာက ဆရာဝန်ကြီးများနှင့် ရောင်းလှည့်နေရ၍ ရုတ်တရက် မလိုက်နိုင်သေး။ နောက်မှ လိုက်လာမယ်လို့ပြောတယ်။ လွင်မောင် ခြောက်မိုင်နီးပါးဝေးတဲ့ သင်ကြားရေးဆေးရုံကြီးကို ရောက်တော့ ကြည်ဝင်းနဲ့မြင့်သိန်းတို့ ရောက်နှင့်နေကြတယ်။ မျက်နှာတွေ မကောင်းကြ။ လွင်မောင် သင်ကြားရေးဆေးရုံကြီးပေါ် တက်မည်ပြုတော့ မြင့်သိန်းက လှမ်းဆွဲထားတယ်။

"ဟော့ကောင် နေဦး၊ မေစောကို အပြင်လူ တွေ့ခွင့်မရဘူး၊ အိုင်စီယူအခန်းထဲမှာ အောက်ဆီဂျင်ပေးထားတယ်၊ နှလုံးနှိုးစက်တွေလည်း တပ်ထားတယ်၊ ဘယ်လက်ရော ညာလက်ပါ ဆေးပုလင်းတွေချိတ်ထားတယ်၊ငါလည်း



www.burmeseclassic.com

www.burmeseclassic.com

ဆေးရုံအုပ်ကြီး ဒေါက်တာမြသောင်းရှိတုန်း ခဏလေးကြည့်ခွင့်ရလိုက်တာ၊ မေစောတို့ဆရာ ဒေါက်တာဗိုလ်လက်ရုံးပြောတာတော့ စိုးရိမ်ရတယ်၊ နှလုံးနဲ့ ပတ်သက်တယ်တဲ့၊ သူတို့ ဆရာဝန်ကြီးတွေနဲ့ တိုင်ပင်ပြီး ကြိုးစားနေကြတယ်"

"ဟော့ကောင် အိုင်စီယူအခန်းဆိုတာ ဘာလဲ၊ ဘယ်နားမှာလဲ"

"အထူးကြပ်မတ်ကုသဆောင်ကို အိုင်စီယူလို့ခေါ်တယ်၊ အရပ်အခေါ်တော့အရေးပေါ်အသည်းအသန်အခန်းပေါ့ကွာ"

"စိုးရိမ်ရတယ်ဆိုရင် သူ့အမေဆီ ငါအကြောင်းကြားလိုက်မယ်"

"မင်းပြောလို့ မဖြစ်ပါဘူး၊ ငါတို့စောစောက ငပလီကို လှမ်းဖုန်းဆက်ပြီးပြီ၊ သူ့အမေ အစောတို့ ချက်ချင်းထွက်လာကြပြီတဲ့၊ ကိုယ့်ကားနဲ့ကိုယ်ဆိုရင် ဒီနေ့ည ပြည်ရောက်မယ်၊ မနက်မိုးမလင်းခင် မကွေးရောက်မှာပဲကွ၊ မေစော သတိရမှာနဲ့ အတော်လောက်ကျမှာပါကွာ။

ဟော- ဟိုမှာလွင်မောင်၊ မင်းမမတာ ဆေးရုံပေါ် ပြေးတက်သွားပြီ၊ ငါတို့ကို လက်ပြသွားတယ်၊ သူက ဆရာဝန်ဆိုတော့ ဝင်လို့ ထွက်လို့ရတယ်၊ တို့က သွားလို့ရတာမဟုတ်ဘူး၊ ဟော့ကောင် လွင်မောင် လာ၊ ဟိုသစ်ပင်အောက်က အရိပ်ကိုသွားရအောင်၊ မင်းကို ငါတို့ ပြောစရာတွေ အများကြီးပဲ"

ကြည်ဝင်းနဲ့မြင့်သိန်းတို့က လွင်မောင့်ကို သစ်ပင်အောက်ဆွဲခေါ်သွားတယ်။ သစ်ပင်ရိပ်အောက်ရောက်တော့ လွင်မောင်က -

"ဟော့ကောင် မင်းတို့ ရန်ကုန်သွားတယ်ဆိုပြီး ကြာလိုက်တာကွာ၊ ဆယ်ရက်မကဘူး ထင်တယ်"

"ငါတို့ ရန်ကုန်သွားတာမဟုတ်ဘူးကွ၊ အဲ ဒါပေမဲ့ ရန်ကုန်က ပြန်လာတာ"

"မင်း ပြောတာကြီးကလည်း ဘယ်လိုကြီးလဲ၊ ရန်ကုန်သွားတာမဟုတ်ဘူး၊ ရန်ကုန်က ပြန်လာတယ်ဆိုတာ ဘယ်လိုလဲ"

"ဒီလိုကွ၊ ငါတို့ ရန်ကုန်သွားတယ်ဆိုတာ မင်းကို ညာပြောတာ၊ ငါတို့ ငပလီက မိစောဆီသွားတာ၊ မင်း မသိစေချင်လို့ ရန်ကုန်သွားတယ် ညာပြောတာကွ၊ ငါတို့ သွားတာကတော့ တစ်ချက်ခုတ်၊ နှစ်ချက်ပြတ်သဘော သွားတာကွ၊ မိစောက ငပလီမှာ ဟိုတယ်ကြီးကိုယ်ပိုင်ဖွင့်ထားတယ်ဆိုတော့ ငါတို့ မိစောကို သွားညှဉ်းတာကွ၊ ဟိုတယ်မှာ ဘီယာတွေအဝသောက်၊ မရောက်ဖူးတဲ့နေရာတွေလည်း လျှောက်လည်နဲ့ တော်တော်ဇိမ်ကျသကွ၊ ငါတို့ကို လည်ဖို့ ပတ်ဖို့ ကားတစ်စီးပေးထားတယ်။

ဟိုတယ်မှာလည်း ကြိုက်တာမှာစား၊ ဂျိတ်တော၊ သပြေချိုင်၊ လုံးသာလျှောက်လည်၊ ပင်လယ်ထဲရေချိုး၊ ဘီယာတွေသောက်၊ အိပ်လိုက် စားလိုက်နဲ့ပေါ့ကွာ၊ ငါတို့ ရည်ရွယ်ချက်က မင်းအတွက်လည်းပါတယ်၊ မေတ္တာစေတမန်မြားနတ်မောင်လုပ်ဖို့လည်း ရည်ရွယ်တယ်။

ငါတို့ကို မိစော ရက်တရက်တွေ့လိုက်ရင် သိပ်အံ့ဩမယ်ထင်ထားတာ၊ တို့တွက်ကိန်းတွေ အကုန်လွဲတယ်ဟေ့။

သူ့သမီး မေစောက စောစောစီးစီး ဘော်ဒါဆောင်စရောက်ကတည်းက ငါတို့နဲ့ တွေ့ဆုံခင်မင်ရပုံအကြောင်းတွေ သူ့အမေ မိစောကို ပြောဖြစ်ခဲ့ရင်လည်း ကောင်းသားကွ၊ အခုတော့ မေစောက ကျောင်းပိတ်ရက်အပြန်မှ သူ့အမေကို ဓာတ်ပုံအယ်လ်ဘမ်ကြီးထုတ်ပြပြီး ဒီနှစ် မကွေးမှာ သူနေတဲ့ ဘော်ဒါဆောင်သစ်က ဒီဟာ၊ ဒါက သူနေတဲ့အခန်း၊ သူ့သူငယ်ချင်းတွေပုံပြရင်း ငါတို့သုံးယောက်နဲ့ မေစောတို့ မကွေးမြသလွန်ဘုရားပေါ်မှာ ရိုက်ထားတဲ့ ဓာတ်ပုံကိုပြပြီး ဒါက ဦးဦးကြည်ဝင်း၊ ဒါက ဦးဦးမြင့်သိန်း၊ ဒါက ဘော်ဒါဆောင်ပိုင်ရှင် ဦးဦးလွင်မောင်လို့ ပြောပြသတဲ့။

ငါတို့က မိစော နင့်သမီးကို လွင်မောင်က ဂရုတစိုက် ပြုစုစောင့်ရှောက်တယ်လို့ မပြောရတော့ဘူး၊ မေစောက သူ့အမေကို အားလုံးပြောပြလို့ သိထားပြီးနေပြီ၊ မိစော မသိသေးတဲ့ တစ်ချိန်က မင်းတို့ချိန်းပြီးမှ မင်းအမေ ဆေးရုံတက်ရက်တရက် ခွဲစိတ်ရတာတွေ၊ ဆေးရုံက ဆင်းပြန်တော့ ခရီးထွက်ရာက ပြန်လာတဲ့ မင်းအဖေနဲ့ အိမ်ထောင်ရေးကိစ္စစကားများကြရာက ရန်ကုန်ကိုချက်ချင်းပြောင်းသွားရတာတွေ၊ နောက် မင်း ရန်ကုန်က ပြန်လာတော့ မိစော မင်္ဂလာဆောင်ပြီးနေလို့ ခေါင်းငိုက်စိုက်ချပြီး ပြန်သွားပုံတွေ ငါ ရှင်းပြ ပြောပြလိုက်တယ်။

ဒီတော့လည်း မိစော ငိုလိုက်တာကွာ၊ ရှိုက်ကြီးတငင်ပါပဲ၊ မင်းအပေါ် အထင်လွဲမိတာ သူ့အမှားဖြစ်ကြောင်း ငါလည်း မင်းအဖေ မကွေးမှာ ဆေးရုံတက်ရလို့ မင်း မကွေးကို ရောက်လာတာကစပြီး မင်းအဖေ ဆုံးသွားတော့ မကွေးမှာ ငါတို့ကြောင့် ဘော်ဒါဆောင်ဖွင့်ဖြစ်တာ၊ မေစောနွယ်လေး ဘော်ဒါဆောင်ကိုရောက်လာပုံ၊ မင်းက မေစောကို သံယောဇဉ်ကြီးကြီးနဲ့ ပြုစုစောင့်ရှောက်တာတွေ ပြောပြတော့ ပိုပြီး ရှိုက်လို့ ရှိုက်လို့ ငိုပါလေရောကွာ။





www.burmeseclassic.com

www.burmeseclassic.com

ငါတို့ မိစောကို တွေ့လိုက်တော့ စပ်အပေါင်းသားနဲ့ အံ့အားသင့်သွားကြရသေးတယ်၊ မိစောက အသက်ကြီးသွားတာလေး တစ်ခုပဲ ပြောစရာရှိတယ်၊ ငယ်ငယ်ကရုပ်ထက်တောင် နေ ဝနေလိုက်တာ၊ ပင်လယ်လေ ချမ်းချမ်းသာသာ နေရလို့လားမသိဘူး ဟော့ကောင်ရေ၊ မင်းမြင်ရင် ပြစ်မှား မိလောက်တယ်၊ သိပ်လှနေတာ၊ အရင်ထက်တောင် သာတယ်။

ဒါပေမဲ့ကွာ ငါတို့အလာကောင်းဆေမယ့် အခါနှောင်းပြီထင်ပါရဲ့၊ သံတွဲက ဆရာဝန်လေးနဲ့က နေ့တတွဲတွဲ ညတတွဲတွဲပဲ၊ သူလည်း အသက်လေး ရလာတော့ သွေးတိုးတို့ ဆီးချိုတို့ စစ်ဆေးပြသရင်း ဆရာဝန်လေးနဲ့ တရင်းတနှီး ခင်မင်ကြရာက ဆရာဝန်လေးကလည်း ညနေနဲ့ ညဘက် ငပလီက ဟိုတယ်ကိုလာတယ်၊ မိစောက ဧည့်ခံတွေ့ဆွေးတယ်၊ ဟိုတယ်က ဝန်ထမ်းတွေ ဧည့်သည်တွေကိုလည်း ဆရာဝန်က ကျန်းမာရေးကိစ္စတွေ လုပ်ကိုင်ပေးနဲ့ သူတို့ကြည့်ရတာ သာမန်ခင်မင်ရင်းနှီးမှုထက်တော့ ပိုနေပြီ။

ငါ စပ်စုကြည့်ရသလောက် အဲဒီဆရာဝန်လေးက ဆွေကြီးမျိုးကြီးထဲကပဲ တွ သူ့အဖေက အစိုးရအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တစ်ဦးဆိုပဲ၊ ဒါပေမဲ့ အခုတော့ ကွယ်လွန်သွားပြီတဲ့၊ သူတို့မိသားစုလည်း သာမန်မိသားစုထဲက သာမန်မိသားစုတွေ အရပ်သားတွေ ဖြစ်ကုန်ကြပြီတဲ့၊အဲဒီဆရာဝန်ကလည်း ရန်ကုန်ကနေ စိတ်ညစ်စရာ တစ်ခုခုကြောင့် နေမှာပေါ့ကွာ၊ သံတွဲကိုပြောင်းလာရင်း မိစောနဲ့ ဆုံဖြစ်ကြတာလို့ အကြမ်းဖျင်း သိရတယ်ကွ၊ ဆရာဝန်က ရည်ရည်မွန်မွန်လေးပါ၊ မိစောထက်တော့ အသက်နည်းနည်းလေးကြီးတယ်၊ ဆရာဝန်နာမည်က ဒေါက်တာအောင်ကျော်တဲ့”

“ဟာ”

မြင့်သိန်းစကားအဆုံးမှာ လွင်မောင် တအံ့တသြ ဟာခနဲ ထအော်ပါတော့တယ်။

“မင်းကလည်း လန့်လိုက်တာကွာ၊ ဘာဖြစ်သွားရတာလဲ၊ မင်းနဲ့သိလို့လား၊ မိစောကပြောတာတော့ အဲဒီ ဒေါက်တာအောင်ကျော်နဲ့ ရင်းနှီးတာတော့ ကြာပါပြီတဲ့၊ သူက သံယောဇဉ်ဖြစ်နေတာကိုလည်း ဖွင့်ပြောလာတာ မိစောက မဆုံးဖြတ်နိုင်သေးလို့ပါလို့ မိတ်မပျက် ဆက်ဆံနေခဲ့သတဲ့။

မကြာသေးခင်ကမှ ဒေါက်တာအောင်ကျော် အမေနဲ့ မိသားစုတွေ ငပလီကို လာလည်ကြပြီး ဒေါက်တာ့မေတ္တာကို လက်ခံဖို့၊ မိစောအနေနဲ့ မုဆိုးမလေး ဖြစ်ပေမယ့် အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦး ဖြစ်နေတာကို သူတို့ လေးစားကြကြောင်း၊ အရွယ်လည်း ရှိပါသေးကြောင်း၊ သမီးလေးရဲ့ ပညာရေးကလည်း စိတ်အေးရတဲ့ အခြေအနေရောက်ပြီး အရွယ်ရောက်ပြီဖြစ်တဲ့အတွက် ဒေါက်တာနဲ့ လက်ထပ်ဖို့ မေတ္တာရပ်ခံလာကြသတဲ့၊ မေစောလေး ကျောင်းပိတ်ရက် ပြန်မလာခင်မှာဘဲ မိစောက ခေါင်းညိတ်လက်ခံလိုက်တယ်တဲ့။

ငါတို့သုံးယောက်နဲ့ မေစောတို့ မကွေးမှာ ဆုံနေကြတယ်ဆိုတာက မေစော ကျောင်းပိတ်ရက် ပြန်လာမှ ပြောပြတော့ မိစော မထွေးနိုင် မအန်နိုင် မချိတင်ကဲ ခံစားရတဲ့ အကြောင်းနဲ့ ဒါပေမဲ့လည်း စကားတွေ အခြေအနေတွေက လွန်ကုန်ပြီမဟုတ်လား၊ သမီးကို မိစော ဖွင့်ပြောအသိပေးလိုက်တယ်တဲ့၊ ငါတို့အထင်တော့ မေစော အနည်းနဲ့ အများတော့ စိတ်ထိခိုက် အားငယ်သွားမယ် ထင်တယ်”

“အင်း ဒီတစ်ခေါက် ကျောင်းပိတ်ရက် ငပလီကအပြန် မျက်နှာမကောင်းဘူး၊ တနင်္ဂနွေနေ့ကလည်း ငါ့ကို ဘယ်သွားနေတာလဲ မေးတော့ ငါကလည်း အမှတ်တမဲ့ ပေါ့ပေါ့ဆဆနဲ့ အချစ်ရွာ နွားနို့သွားသောက်ကြတာလို့ ပြောလိုက်တော့ အဲဒီကတည်းက ငါ့ကို စကားမပြောတော့ဘူးကွ။

မင်းတို့ကို ငါ တစ်ခုပြောစရာ ရှိသေးတယ်၊ တောင်းပန်ချင်တယ် ဆိုပါတော့ကွာ၊ ငါတို့ သုံးယောက်ဟာ ငယ်ငယ်ကတည်းက အတူနေလာကြတဲ့ သူငယ်ချင်းတွေဆိုတော့ တစ်ယောက်အကြောင်း တစ်ယောက် အားလုံးသိကြပြီးသားတွေပေါ့ကွာ၊ အနေဝေးနေရတဲ့ အချိန်တွေသာ အဆက်အသွယ်ပြတ်ပြီး မသိကြရတာ၊ ကျန်တာတွေတော့ မခြွင်းမချန် အားလုံးသိကြပြီးသားတွေပါ၊ ဒါပေမဲ့ မမတာနဲ့ ပတ်သက်လို့ မင်းတို့ကို ငါမပြောပြတာတွေရှိတယ်၊ ဒါကလည်း မမတာနဲ့ တွေ့ရ ဆုံရတာ မင်းတို့ ငါတို့လောက် မကြာသေးဘူး၊ ဒီတော့ မမတာနဲ့ပတ်သက်လို့ ငါ့အနေနဲ့ မမတာ့ရဲ့ ဂုဏ်သိက္ခာ၊ မေတ္တာ စေတနာတွေကို ထိန်းသိမ်းစောင့်ရှောက်တဲ့ အနေနဲ့ မင်းတို့ကို ဖွင့်မပြော အသိမပေးတာတွေ ရှိတယ်၊ ဒါတော့ မင်းတို့က သဘောပေါက် နားလည်ပေးပါ။

မမတာမှာ တစ်ချိန်က ချစ်သူရှိခဲ့ဖူးတယ်၊ လက်ထပ်ကြဖို့အတွက် စေ့စပ်ကြောင်းလမ်းတဲ့အဆင့်ထိရောက်ခဲ့ပြီးမှ မမျှော်လင့်တဲ့ အဆင်မပြေမှုတွေကြောင့် ချစ်သူချင်းပါ ကွဲကြရတယ်၊ ပိုဆိုးတာက အဲဒီဂယက်ကြောင့် မမတာ

www.burmeseclassic.com

မိဘတွေ စိတ်ဆင်းရဲရာက ကွယ်လွန်ကြရတဲ့အဖြစ်ထိ ရောက်ခဲ့ရတယ်။

အဲဒီ မမတာရဲ့ ချစ်သူဆိုတာ မင်းတို့ ပေလီမှာ တွေ့ခဲ့တဲ့ အစောနဲ့ မေတ္တာမျှပြီး လက်ထပ်ကြမယ်ဆိုတဲ့ ဒေါက်တာအောင်ကျော်ပဲ၊ လောကကြီးမှာ တိုက်ဆိုင်မှုတွေ ကြုံဆုံရပုံတွေက ဘယ်လောက် အံ့ဩစရာကောင်းသလဲ၊

အစောရဲ့သမီးလေး မေစောနွယ်နဲ့မှလည်း ငါကလာပြီး မကွေးမှာ ဆုံရတယ်၊ မမတာ ငါ့အပေါ် ဘယ်လိုသဘောရှိသလဲ၊ ငါကရော မမတာအပေါ် ဘယ်လိုခံစားနေသလဲ၊ မေစောနွယ်အပေါ် ငါထားတဲ့သံယောဇဉ်ရယ်၊ အဲဒီကလေးမက ငါ့အပေါ် တွယ်တာနေတဲ့ သံယောဇဉ်ရယ် မင်းတို့ ဘယ်လိုခံစား နားလည်မိကြသလဲ။

အင်း- ခက်တာက သမီးမေစောလေး အခု ရုတ်တရက် ဆေးရုံတင်ထားရတယ်၊ အခြေအနေက ဘာမှန်းမသိရသေးဘူး၊ မမတာကတော့ ဆရာဝန်ဆိုတော့ သိတန်သရွေ့ သိနေမယ်၊ ဒါပေမဲ့ မမတာ မသိတာက ဒီည မိုးမလင်းခင် သူ့ချစ်သူ ဒေါက်တာအောင်ကျော်နဲ့ ငါ့ရဲ့ချစ်သူ အစောတို့ ချစ်သူတွေအဖြစ် လက်ထပ်ကြတော့မယ်သူတွေအဖြစ် မကြာခင် သူ့ရှေ့ကို ရောက်လာကြတော့မယ်၊ ဒါကို မမတာ မသိရှာဘူး၊ မှန်တာကို ပြောရရင် လောလောဆယ် ငါ့ရင်ထဲမှာ မမတာလည်းမရှိဘူး၊ အစောလည်း မရှိဘူး၊ ငါ့ရင်ထဲ ပူလောင်နေတာက သမီးလေး မေစောရဲ့ ကျန်းမာရေးကိုပဲ ငါစိုးရိမ်နေတယ်"

"ဒီမယ် လွင်မောင်၊ မမတာရဲ့ ချစ်သူဟာ မင်းချစ်သူ အစောနဲ့ လက်ထပ်တော့မယ့် ဒေါက်တာအောင်ကျော်ဆိုတာတော့ အခုမင်းပြောပြမှသိရတာ၊ ဒါပေမဲ့ တို့သိထားတာတွေက မင်းရဲ့ မမတာဟာ မင်းအပေါ် သံယောဇဉ်ဖြစ်နေတယ်၊ အစောက မင်းအပေါ် တစ်ချိန်ကအထင်လွဲမှုနဲ့မေ့ခဲ့တာလည်း မှန်မယ်၊ ငါတို့ မင်းရဲ့အဖြစ်မှန် ပြောပြခွင့်ရလို့ သူသိသွားတဲ့အခါ အစောယူကျုံးမရ ခံစားရတယ်၊ ဒေါက်တာအောင်ကျော်အပေါ်က သံယောဇဉ်တွယ်စပဲ ရှိပါသေးတယ်၊ ဒါပေမဲ့ နှုတ်ကတိတွေက လွန်နေပြီ။

မင်းအနေနဲ့က အစောအပေါ် အချစ်ကြီးချစ်နေခဲ့တယ်၊ မမတာကြောင့် မင်း မမတာအပေါ် တွယ်တာမယ်ရှိသေးတယ် အစောရဲ့သမီးလေး မေစောကိုတွေ့တော့ ငါတို့အထင် မင်း မေစောကို အစောကိုယ်စား သံယောဇဉ်ကြီးနေပြန်တယ်၊ ဘာမှ မသိရှာတဲ့ မေစောလေးဟာ မင်းကို သိပ်ပြီးသံယောဇဉ်ကြီး မျှော်လင့်နေရှာတယ်၊ သူ့မှာ စိတ်ထိခိုက်စရာ နှစ်ခု ခံစားလိုက်ရတယ်ထင်တယ်၊ အင်း ငါတို့တော့ ဒီည မိုးမလင်းခင် အရုဏ်ဦးဝေလီဝေလင်းမှာ မင်းတို့ရဲ့ ထူးထူးဆန်းဆန်း မေတ္တာဝက်ပါဇာတ်လမ်းကြီးကို မကြည့်ရဲ မမြင်ရဲလောက်အောင် ဖြစ်နေပြီကွာ"

"ဟော့- ဟိုမှာ မမတာ မင်းကို လှမ်းခေါ်နေတယ်၊ မေစောလေး သတိရလာပြီလား မသိဘူး သွားသွား"

အိုင်စီယူ အခန်းပေါက်ဝမှ လှမ်းခေါ်နေတဲ့ မမတာဆီကို လွင်မောင် အပြေးသွားတယ်။ မမတာနားရောက်တော့ မမတာက လွင်မောင့်ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ပြီး -

"အတာ၊ မေစောလေး သတိရလာပြီ၊ မမတာ အိုင်စီယူအခန်းထဲက မှန်ခန်းထဲမှာ ဆရာမတစ်ယောက်နဲ့ မေစောကို စောင့်ကြည့်ပေးနေတယ်၊ အတာ မေစောကို ဝင်တွေ့ပြီး စကားပြောလိုက်ပါ၊ဘာတွေပြောရမယ်ဆိုတာ အတာ အသိဆုံးပါနော်၊ မမတာ မှန်ခန်းထဲမှာ ရှိနေတယ်ဆိုပြီး မလွတ်မလပ်မဖြစ်ပါနဲ့၊ ဒီအချိန်ဟာ မေစောအတွက် သိပ်အရေးကြီးလို့ပါ"

မမတာနဲ့ လွင်မောင်တို့ လေအေးစက် တပ်ထားတဲ့ အိုင်စီယူအခန်းထဲ ရောက်တော့ မမတာက မေစောခုတင်နဲ့ ခပ်လှမ်းလှမ်းမှန်ခန်းထဲဝင်သွားပြီး မေစောကို လှမ်းကြည့်နေတယ်။

မေစောခုတင်နား လွင်မောင်ရောက်တော့ မေစောက ယဲ့ယဲ့လေး အားယူပြုံးပြနေတယ်။ မေစောရဲ့ လက်ဖဝါးလေးကို လွင်မောင် လက်တစ်ဖက်နဲ့ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်တယ်။ မေစောက လွင်မောင့်ကိုပြုံးပြီး မော့ကြည့်နေရာက လက်တစ်ဖက်နဲ့ သူ့မျက်နှာနား တိုးလာဖို့ လက်ယပ်ခေါ်တယ်။ လွင်မောင် သိလိုက်တာက မေစော တိုးတိုးလေးပြောချင်လို့ လက်ယပ်ခေါ်တယ်ဆိုပြီး မေစော နှုတ်ခမ်းနားကို နားနဲ့ကပ်လိုက်တဲ့အခါ မေစောက သူ့ခေါင်းကို အားယူထောင်လိုက်ပြီး လွင်မောင့်ပါးကို ဖွဖွလေး နမ်းလိုက်တယ်။ လွင်မောင်က မေစောကို တအံ့တဩ ငုံ့ကြည့်မိတဲ့အခါ မေစောက သူ့ပါးပြင်ကို လက်ညှိုးလေးနဲ့ ထောက်ထောက်ပြတယ်။

လွင်မောင် မျက်ရည်တွေ ဝေ့ဝဲရင်း မေစောပါးပြင်ကို နှစ်နှစ်ကာကာလေး နမ်းလိုက်ချိန် မေစော ပြုံးနေရာက မျက်လုံးအစုံ ပိတ်သွားပြီး ခေါင်းတငွဲစောင်းကျသွားတယ်။

မမတာနဲ့ သူနာပြုဆရာမတို့ ပြေးလာကြပြီး လွင်မောင့်ကို တွန်းဖယ်လိုက်တယ်။





www.burmeseclassic.com

www.burmeseclassic.com

ခုတင်ခေါင်းရင်းက အရေးပေါ် ...နှိပ်စက်နဲ့ မေစောရင်ဘတ်ပေါ် ...ကြတယ်။ နှစ်ကြိမ်၊ သုံးကြိမ် မေစော ...တတ်လာပြီး ပြန်ငြိမ်ကျသွားတော့ ...မတာက မေစောရင်ဘတ်ကို နားကျပ် ...ရင်း မေစောအပေါ် မှောက်ရက် ...ကြီးတငင် ငိုတော့တယ်။

လွင်မောင် အသက်မဲ့နေတဲ့ ...ရုပ်ပမာငေးငိုင်ကြည့်နေတယ်။ ... မေစောကို ဘာမှမပြောလိုက်ရသေး ...လို မေစောကလည်း ဘာမှ မပြော၊ ...မ်းတွေဖြင့်သာ အဆုံးသတ်သွား ...မို့ လွင်မောင် တအံ့တဩ ငေးငိုင် ...တော့တယ်။ မမတာက လွင်မောင့် ...နှစ်ဖက်ကို ဆုပ်ကိုင်လှုပ်ယမ်းပြီး -

"အတာ၊ ငိုလိုက်လေ ငိုလိုက်၊ ...ရအောင် ငိုလိုက်၊ ရင်ထဲမှာ အောင့် ...နဲ့၊ ငိုချလိုက်"

မမတာ အခန်းထဲက ထွက်သွား ...နဲ့ အိုင်စီယူအခန်းဆီကို အစောနဲ့ ...ကတ်တာအောင်ကျော်တို့ စိုးရိမ်တကြီး ...ပြေးဝင်လာကြတယ်။ အစောကို ... ဘယ်သူ ဘယ်ဝါမှန်း မမတာ ...လိုက်လို့ မတားလိုက်နိုင်ပါဘူး။ ...တ်တာအောင်ကျော်ကို မမျှော်လင့် ... မေတာ ရုတ်တရက် တွေ့လိုက်ရလို့ ...သွားတယ်။ တစ်ယောက်ကို တစ် ...ယောက် စကားမပြောနိုင်ကြဘဲ အတန် ... ငေးငိုင်နေခဲ့ကြပြီးမှ ဒေါက်တာ ...အောင်ကျော်က -

"သီတာ ဒီသင်ကြားရေးဆေးရုံ ...သလား"လို့ မေးဖြစ်တယ်။

"မဟုတ်ပါဘူး၊ ရင်းနှီးတဲ့လူနာ ...ယောက် လာကြည့်တာပါ"

အဲဒီအချိန်မှာ ဆေးရုံပေါ် ပြေး ...လာကြတဲ့ ကြည်ဝင်းနဲ့မြင့်သိန်းတို့ ... အိုင်စီယူအခန်းရှေ့မှာ မမတာနဲ့ ဒေါက်တာအောင်ကျော်တို့ စကားပြော နေတာ တွေ့ရပြီး အခန်းထဲ ဝင်လိုက် တော့ ငြိမ်သက်နေတဲ့ မေစောခုတင် ဘေးမှာ အစောနဲ့ လွင်မောင်တို့ ရှိုက် ကြီးတငင် ငိုကြွေးနေကြတယ်။ အစော က လှုပ်ရှားမှုမရှိ ဘာမှမသိတော့တဲ့ သမီးမေစော ခန္ဓာကိုယ်ပေါ် ဖက်လို့ ငိုနေရင်းက ရပ်နေတဲ့ လွင်မောင့်ရင်ခွင် ထဲ မျက်နှာအပ်လို့ ငိုရှိုက်နေပါတော့ တယ်။ လွင်မောင်က အစောရဲ့ ဆံစ လေးတွေကို ဖွဖွလေးပွတ်သပ်ရင်း သူ လည်း ငိုပွဲဆင်နေတယ်။

အခန်းအပြင်ဘက်က မမတာနဲ့ ဒေါက်တာအောင်ကျော်တို့လည်း တစ် ယောက်ကို တစ်ယောက် တင်းကျပ်စွာ ဖက်ထားကြရင်း ငိုနေကြတယ်။ အခန်း ထဲက လွင်မောင်နဲ့ အစောတို့လည်း တစ်ယောက်ကို တစ်ယောက်ဖက်လို့ ငိုကြွေးနေကြတယ်။

ဒီမြင်ကွင်းနှစ်ခုကို ကြည်ဝင်းနဲ့ မြင့်သိန်းတို့မြင်ရပြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အဖြေမသိစွာ ခေါင်းကို ခါယမ်းနေကြတယ်။

အစောက ငြိမ်သက်နေတဲ့ မေစောခန္ဓာကိုယ်ပေါ် မှောက်ရင်း-

"သမီးလေးရယ် မေ့မေ့အလာ ကိုတောင် မစောင့်တော့ဘူးလားကွယ်၊ သမီးကို မေမေ ပြောပြချင်တာတွေကို မပြောရတော့ဘူးပေါ့"

အခန်းအပြင်မှာ မမတာနဲ့ ဒေါက်တာအောင်ကျော်တို့ စကားတွေ ပြောဖြစ်နေကြတယ်။

တာဝန်ကျ သူနာပြုဆရာမလေး နဲ့ ဆေးရုံလုပ်သားနှစ်ဦးက မေစော ခန္ဓာကိုယ်တစ်ခုလုံးကို အဝတ်ဖြူကြီး အုပ်လိုက်ပြီး တွန်းလှည်းခုတင်ပေါ်ကို ပြောင်းရွှေ့တင်ကြတယ်။ အားလုံး ငို ရှိုက်သံတွေတိတ်သွားကြတဲ့အခါ ဆေးရုံ လုပ်သားနှစ်ဦး ဦးဆောင်ဆွဲယူသွားတဲ့ မေစောရဲ့ ရုပ်ခန္ဓာပါ တွန်းလှည်းခုတင် တစ်ဖက်ဆီမှာ အစောနဲ့ ဒေါက်တာ အောင်ကျော်တို့က တစ်ဖက်၊ မမတာနဲ့ လွင်မောင်တို့က တစ်ဖက်၊ ခြေရင်းမှာက ကြည်ဝင်းနဲ့မြင့်သိန်းတို့ မျက်ရည်ဝဲစွာ လိုက်ပါရင်း ငြိမ်သက်နေတဲ့ မေစော ရုပ်ခန္ဓာလေး တင်ထားတဲ့ တွန်းလှည်း ခုတင်ဟာ တရွေ့ရွေ့ ထွက်ခွာသွားပါ တော့တယ်။

မကွေးမြို့ အစွန် မိုင်တိုင်အမှတ် ၃၃၃ အနီးက သင်္ချိုင်းသုသာန်မှာ အုတ် ဂူဖြူဖြူလေးတစ်ခု ယခုတိုင် တည်ရှိနေ ပါသေးတယ်။ အုတ်ဂူတစ်ဖက်မှာ မေ စော၊ အမည်၊ အသက်၊ ကွယ်လွန်ရက် တွေ ကမ္ပည်းရေးထိုးထားပြီး အုတ်ဂူ တစ်ဖက်မှာတော့ -

"ဆုံယခင် ခွဲရလို့
ကျွမ်းလု တသနေ၊
ရင်ခုန်အသည်းက နွမ်းဆု
အမျှမျှဝေ၊
ယုံရင်လည်း မှန်းဆ
အနမ်းက မပြေ၊
ပုံပြင်ထဲက လွမ်းသမုဒယန္ဒွေ၊
သည်အလွမ်း နွေရိပ်မှာ
နမ်းဖြေသိမ့်စရာ မမြင်၊
အလွမ်းပြေ အနမ်းဝေလေရဲ့၊
ဩော်-အခုတော့
သမုဒယပန်းအကြွေ"

ဆိုတဲ့ ကမ္ပည်းစာလေးကိုလည်း ယခုတိုင် ဖတ်ရှု မြင်တွေ့နိုင်ပါသေး တယ်။ အလွမ်းပြေ အနမ်းဝေလေရဲ့ ဩော်- သမုဒယပန်းအကြွေ။

(ပြီးပါပြီ)

**ရေနံ့သာ အောင်ချမ်းဇော်**

❑

www.burmeseclassic.com

# စာမူများ ပေးပို့နိုင်ပါသည်

ရှေးဟောင်းဘုရားသမိုင်းကြောင်းများ၊ ဘာသာရေးဆောင်းပါးများ၊ ဂမ္ဘီရ ဝတ္ထုများ၊ သရဲဝတ္ထုများ၊ မုဆိုးဝတ္ထုများ၊ ရသဝတ္ထုများ၊ ဟာသများ၊ အရှေ့တိုင်း အနောက်တိုင်း ဆေးပညာရပ်များ၊ စီးပွားရေးဆောင်းပါးများ၊ နိုင်ငံတကာ သုတအဖြာဖြာကဏ္ဍ၊ ထူးခြားဆန်းကြယ်သော ဖြစ်ရပ်များ စသည်ဖြင့် ပေးပို့နိုင်ပါသည်။

ဆောင်းပါးစာမူများ ပေးပို့လျှင် မဂ္ဂဇင်း စာမျက်နှာ သုံးမျက်နှာမှ လေးမျက်နှာခန့်အထိ၊ ဝတ္ထုစာမူများပေးပို့လျှင် မဂ္ဂဇင်းစာမျက်နှာ ငါးမျက်နှာမှ ရှစ်မျက်နှာခန့်အထိ မှန်းဆ၍ ရေးသားပေးပို့စေလိုပါသည်။

ဘုရားစာ၊ ဂါထာများနှင့် ပတ်သက်၍ ပါဠိဘာသာကို တိကျသေချာစွာ ရေးသားပေးပို့စေလိုပါသည်။ မတိမကျရေးသားထားပါက ရွေးချယ်လိမ့်မည် မဟုတ်ပါ။

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်း ပေးပို့ခြင်းမျိုးမပြုလုပ်ကြပါရန် မေတ္တာရပ်ခံပါသည်။

စာမူဝါသနာရှင်များ မိမိ၏စာမူကို မိတ္တူကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်းတိုက်သို့ လက်ရေးမူရင်းစာမူအား ဆက်သွယ်ပေးပို့နိုင်ပါသည်။ မရွေးချယ်သော စာမူများကို ပြန်လည်ပေးပို့မည် မဟုတ်ပါ။

ဖုန်းဖြင့် တစ်သွယ်၊ စာဖြင့်တစ်နည်းပေးပို့ထားသော စာမူများကို ပြန်လည်ရယူလိုသော စာမူရှင်များ သတိပြုစေအပ်ပါသည်။ အယ်ဒီတာအဖွဲ့အနေဖြင့် စာအုပ်အချိန်မီ ထုတ်ဝေဖြန့်ချိနိုင်ရန် စီစဉ်နေရသောကြောင့် နားလည်ပေးစေလိုပါသည်။

---

**ဆက် သွယ် ရန်**

---

**အယ်ဒီတာအဖွဲ့**

**လပြည့်ဝန်းမဂ္ဂဇင်း**

တိုက်အမှတ် (၇၂၄)၊ အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း၊ (၁၇×၁၈)လမ်းကြား၊

လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၅၂၂၂၈၅၀၈



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

-ပြေးပြေးလွှားလွှားနဲ့ ကျောင်းအလုပ်တွေပြီးအောင် လုပ်အပြီး ရေမိုးချိုး ကျောင်းပေါ် အပြေးတက် အဝတ်အစားလဲ။ နောက် လွယ်အိတ်ထဲက နေ့စဉ်မှတ်စုစာအုပ်ထုတ်ပြီး မှတ်တမ်းရေးဖို့ စာအုပ်နဲ့ ဘောလ်ပင်ကိုထုတ်။ ရက်စွဲကို ကြည့်တော့ ၂၀၁၅ ခုနှစ်၊ ဇွန်လ (၅)ရက်နေ့။

၅. ၆. ၂၀၁၅(သောကြာနေ့) လို့ မှတ်စုစာအုပ်မှာ ရေးအပြီး လွယ်အိတ်ကို လွယ်။ ကျောင်းပေါ်က ဘုရားစင်မှာ ဦးသုံးကြိမ်ချ။ အပြေးဆင်း။ ကျောင်းအောက်ထပ်မှာရှိတဲ့ ဆရာတော်ကို ဦးသုံးကြိမ်ချ။ နှုတ်ဆက်ပြီး စံပြမှတ်တိုင် အပြေးသွား။ မှတ်တိုင်ကနေ မြို့ထဲလိုက်။ မွန်းကျပ်မှုဝေဒနာ ခံစားရင်းနဲ့လေ။

ပန်းဆိုးတန်းမှတ်တိုင်မရောက်ခင်မှာ သိမ်ကြီးဈေးထိပ်မှာရှိတဲ့ သိမ်တော်ကြီး ကျောင်းတိုက်ထဲကို မှန်းပြီး ဗုဒ္ဓရုပ်ပွားတွေဆီ စိတ်နဲ့မှန်းဆုတောင်း။ ပြီး ဆူးလေစေတီတော်အနား ရောက်တော့ လူကြားထဲ လက်အုပ်ချီ ဦးချ။ မကြာမီ ပန်းဆိုးတန်းမှတ်တိုင်ရောက်။ စပယ်ရာရဲ့ အဆူအငေါက်ခံပြီး မှတ်တိုင် မရောက်ခင် ပန်းဆိုးတန်းလမ်းထောင့်မှာ အပြေးဆင်း။ ဈေးဆိုင်တွေ အကြား မာရသွန်နှင်ရင်း (၃၈)လမ်းဘက်ကနေ အပြေးသွား။

မနေ့က စိတ်ကြိုက်စာပေ ဆရာဦးမျိုးညွန့်(ကွယ်လွန်)ရဲ့သား ရဲကို ကျုပ်ဆီဖုန်းဆက်တယ်။ ဆရာဦးအေးကို (ယမုံနာ)ရဲ့ လုံးချင်းစာအုပ်ရိုက်ပြီးပြီတဲ့။ လာယူပါတဲ့။ ငွေကျန်လည်း ယူခဲ့ပါတဲ့။

— ဒါနဲ့ စိတ်ကြိုက်စာပေဝင်။ ရဲကိုနဲ့ တွေ့ပြီး လုံးချင်းစာအုပ် ငါးရာယူ။ တက္ကစီငှား။ ပြီးတော့ သမိုင်းလမ်းဆုံမှာ နေတဲ့ ဆရာဦးအေးကိုရဲ့တိုက် လာခဲ့တယ်။ ဆရာနဲ့တွေ့ ငွေအကျန်ရှင်း။ မြို့ထဲ တစ်ဆင့်ပြန်ပြေးခဲ့။

ဒီတစ်ခါ တက္ကစီနဲ့ မဟုတ်ပါဘူး။ လိုင်းကားနဲ့။ ဒီဆရာဦးအေးကိုရဲ့ ဘာသာရေးဝတ္ထုတိုပေါင်းချုပ် စီစဉ်တည်းဖြတ်ပြီး ထုတ်ဝေဖို့ လုပ်နေတာ တစ်နှစ်နီးပါး ကြာပြီ။ အခါမသင့်လို့ အခုမှ အပြီးရိုက်ရတာကိုး။ တွေးရင်းနဲ့ ကားပေါ်မှာ နေရာရတော့ ထိုင်လိုက်လာရင်း ကွမ်းမြုံ့နေမိတယ်။ ဝန်းကျင်ကို မျက်လုံးတွေက ကြည့်နေမိပေမယ့် အမြင်အာရုံတွေက ဝေဝါးလို့။

အပြေးနဲ့ အပြိုင်မောင်းနေတဲ့ လိုင်းကားတွေအငှားယာဉ်တွေအကြောင်း ကျုပ်စိတ်ထဲ မရှိပါဘူး။ မျက်လုံးတွေ ပိတ်ရင်းနဲ့ ကျနေတဲ့ ချွေးတွေကိုသုတ်။ မကြာပါဘူး။ လမ်း(၃၀)မှတ်တိုင်ရောက်တော့ ဖျတ်ခနဲ သတိရမိတယ်။ ဟုတ်တယ်။ ဆရာမောင်ညိုအေး(ပန်းတော)ဆီကို ဆောင်းပါးယူမယ်။ နိုင်ငံရေး-ဆောင်းပါးတစ်ပုဒ် တောင်းထားတာ။ ဆရာညိုက အင်္ဂါနေ့မှာ ချိန်းတယ်။ မအားလို့မယူဖြစ်။ အခုတော့ လမ်းသင့်ပန်းသင့်။ မှတ်တိုင်ဆင်း။ ၃၂လမ်း အထက်ဘလောက် အပြေးလာခဲ့။ ဆရာညိုရှိတဲ့ ဂမ္ဘီရဆန်းကြယ် ပထမထပ်ကိုတက်။ ဆရာက စာမူအရန်သင့်။ စကားပြောပြီး စာမူယူ။

"သွားတော့မယ်ဆရာ၊ ဟိုဆရာနန္ဒာမိုးကြယ်ဆီ စာမူ ဝင်ယူရဦးမှာ၊ လေအန်ကုန်းမှာ ချိန်းထားလို့"

"ဒီပြင် ဆရာတွေဆီကကော ဆောင်းပါးတွေရပြီလား" လို့ ဆရာညိုက မေးတော့ အချို့တစ်ဝက်ရကြောင်း ဖြေရင်း မဂ္ဂဇင်းတိုက်ပေါ်က အပြေးဆင်း။ စာပေဗိမာန်အနားက လေအန်ကုန်းဆီကို ခြေကျင်အပြေးလာ။ ပန်းဆိုးတန်း ခုံးကျော်တံတားပေါ်က မဖြတ်ဘဲ သူများတွေ အခြေအနေ ကြည့်ပြီး လမ်းဆုံမှအပြေးဖြတ်။ မြို့တော်ခန်းမ ဘေးကနေ ပန်းဆိုးတန်းကိုဖြတ်။ (၃၇) လမ်းထဲကနေချိုး။ လေအန်ကုန်းဆီလာ။

တကယ်တော့ သူငယ်ချင်း အောင်ပိုင်တို့လင်မယားက နိုင်ငံရေး ဆောင်းပါးပေါင်းချုပ် ထုတ်ချင်တယ်တဲ့၊ ဆရာတွေဆီ စာမူတောင်းပေးပါဆိုလို့ တတ်နိုင်သလောက် တောင်းပေးခဲ့တယ်။ ဆရာမောင်လှမျိုး(ချင်းချောင်းခြံ)၊ ဆရာမောင်ညိုအေး (ပန်းတော)၊ ဆရာနန္ဒာမိုးကြယ်၊ ဆရာမ မနှင်းမွှေး၊ ဆရာဦးစိုးတင့် (ညီမေတ္တာ)၊ ဆရာဦး[illegible]မြင့် (မေတ္တာရှင်-ရွှေပြည်သာ)။

ပြီးတော့ ဆရာမျိုးကိုမျိုး၊ ဆရာဦးခင်ဇော်(မရမ်းကုန်း)၊ နောက် ဆရာကောင်းသန့်၊ ဆရာမ မသီတာ (စမ်းချောင်း)။ ဆရာကောင်းသန့်နဲ့ ဆရာမ မသီတာဆီက ဆောင်းပါးမရ။ မအားလပ်လို့ မရေးနိုင်ကြဆိုတော့ မတောင်းတော့။ ဆရာ ဒေါက်တာနေဇင်လတ်ဆီကတော့ ရပြီးပြီ။ ဆရာအောင်ပေါ်ထွန်း (သီဟနွယ်)ဆီကလည်း ရပြီးပြီ။ အခု ဆရာညိုဆီက ရပြီ။ ဆရာနန္ဒာမိုးကြယ်ဆီက ရပြီးရင် တာဝန်ကျေပြီ။

လေအန်ကုန်း ရောက်တော့ စာရေးဆရာအဖွဲ့ စုံပြီ။ ဆရာနန္ဒာမိုးကြယ်ဆီက စာမူယူ၊ ခဏထိုင်၊ ပြီးတော့ ဆရာ့ကို နှုတ်ဆက်။

"ဆရာ ကျွန်တော် ဂျာနယ်တိုက် သွားတော့မယ်၊ စာမူရေးပေးလို့ ကျေးဇူးပါ ဆရာ"

ပြောရင်းနဲ့ နာရီကြည့်တော့ (၁၂)နာရီ ထိုးပြီးပြီ။ ဒီတော့ ဗိုလ်ချုပ်



www.burmeseclassic.com

www.burmeseclassic.com

ဆင်အထက်ဘလောက်၊ Ruby Mart ဝန်းဆိုးတန်းမှတ်တိုင်ကနေ (၃၈) ဘတ်စ်စီးပြီး လာခဲ့တယ်။ သုဝဏ္ဏ ဆုံးရောက်တော့ ဝယ်နေကျ ကွမ်းဆိုင်မှာ ကွမ်းဝယ်။

ပြီးတော့ ကားလမ်းတစ်ဖက်ကူး။ ချပ်ရွာ ဆိုတဲ့ အိမ်ရာအတွင်း ပြေးလာ။ နေကပူ။ ချွေးကထွက်။ လုံးတွေပြာ။ မျက်ရည်ပူတွေကျ။ နေတဲ့ချွေးတွေ ပါးစပ်ထဲ ငန်ပျပျနဲ့။ မထုတ်ဘဲ တံတွေးနဲ့ရောပြီး မျိုချ အပြေးတစ်ပိုင်းနဲ့ ရုံးထဲဝင်။

ကျုပ် ဂျာနယ်မှာလုပ်တာ လေး ပြည့်ပြီ။ ဂျာနယ်တိုက်က မြို့ထဲ တ်။ ကိုယ်ပိုင်တိုက်ထဲမှာလုပ်တာ။ နာ၊ ကွန်ပျူတာ၊ သတင်းထောက်၊ စစ် အယ်ဒီတာ။ ဝန်ထမ်းတွေက နည်းမနော။ ကားသမားနဲ့ အဇော့တွေ သားတွေပါ ပေါင်းရင် အင်အား ဆယ်ဝန်းကျင်။

ထားတော့၊ ရုံးရောက်၊အပေါ်ကို ။ လက်မှတ်ထိုးစာအုပ် လက်မှတ် ။ ထမင်းဘူးယူ။ ထမင်းဟင်းထည့်။ ပြန်တက်။ အဆာပြေစား။ အဲဒီ အချိန် မြို့ပေါ်သတင်းတွေနဲ့ နယ် သတင်းတွေတက်။ ကွန်ပျူတာစီ၊ စီပြီး ဖွဲ့။ အချောထုတ်။ အချောထွက် တော့ ကျုပ်နဲ့ ဆရာမ မြတ်လေးမြင့် ဖတ်။ ဖတ်ပြီး ကွန်ပျူတာပြန်ပို့။ ကျုပ်တို့ ပြင်ချက်ကို ပြင်။ နောက် တစ်ခါ ထပ်ဖတ်။ ပြီးမှ တာဝန်ခံ အယ်ဒီတာ ဆရာအောင်ပေါ်ထွန်း (ဆရာ သီဟနွယ်)က ဖိုင်နယ်ဖတ်။

အတော်ကြာတော့ ဖတ်စရာ မရှိ။ အဲဒီအချိန် မြန်မာလူငယ် အသင်းနဲ့ နယူးဇီလန်အသင်း ဘောလုံး ကြည့်ဖို့ တီဗွီဖွင့်။ စိတ်မပါတာတော့ မဟုတ်။ ကြီးကြား ကြီးကြားကြည့်ရင်းနဲ့ မြန်မာအသင်း (၄ း ၁)နဲ့ ရှုံး။

နာရီကြည့်တော့ ညဆယ်နာရီ ထိုးပြီးပြီ။ နေ့စဉ်ထုတ် သတင်းစာ အတွက်ကတော့ ပြီးပြီ။ ဖလင်အပ်ပြီး ပြီ။ အပတ်စဉ်ထုတ် ဂျာနယ်အတွက် သတင်းတွေ၊ ဆောင်းပါးတွေ ဆက် လုပ်။

"မနက်ဖြန် ဆယ်တန်းစာမေးပွဲ အောင်စာရင်းထွက်မှာနော်"

ဒီစကားက သတင်းထောက်ချုပ် ဆရာသန်းထိုက်အောင် (ဦးမေးကြီး) ဆီက အသံ။

"ဟင်"

ကျုပ်ရင်ထဲ အတင်းတိုးဝင်လာ တဲ့ ဝေဒနာတစ်ခု။ ဘယ်လို ဝေဒနာ ရယ်တော့ မသိ။ ဆယ်တန်း အောင် စာရင်းထွက်မှာဆိုတော့ သားအကြီး ကောင်ကို ဖျတ်ခနဲ သတိရမိတယ်။ မျှော်လင့်သလိုမျိုး။ ဟု[illegible]တယ်။ သား အကြီး ဒီနှစ်၊ ဆယ်တန်းကို နှစ်နှစ်ကျ ထားလို့ အပြင်ကနေ သုံးနှစ်မြောက် ဆက်ဖြေတဲ့နှစ်။

'ဒီကောင် အောင်လောက်ပါရဲ့ ကျများကျခဲ့ရင်'

မချင့်မရဲ တွေးမိတဲ့ ကျုပ်။ စာမေးပွဲဆိုတာ သေကောင်ပေါင်းလဲ ကြိုးစားမှအောင်တာ။ ကျုပ် အကြီး ကောင်ကို အောင်စေချင်တယ်။ သူများ နည်းတူ ဂုဏ်ယူဝင့်ကြွားချင်တယ်။ နှစ်နှစ်ဆက်ကျလို့ အပြစ်ပြောကဲ့ရဲ့တဲ့ အသံတွေကို အောင်တယ်ဆိုတဲ့ ဂုဏ်နဲ့ နင်းခြေပစ်လိုက်ချင်တယ်။

ကျုပ် ဟိုဟိုဒီဒီတွေးရင်း ၁စ် ရင်း။

ညဉ့်နက်ပြီ။ နာရီကြည့်တော့ (၂)နာရီ ထိုးနေပြီ။ သတင်းစာရော၊ ဂျာနယ်ပါ ပြီးတော့ ရုံးဖယ်ရီကားနဲ့ပြန်။ ဘုန်းကြီးလမ်း သရက်တောကျောင်း အပေါက်ဝရောက်တော့ ဆင်း။ ကျောင်း ဆီလာ။ ကျောင်းပေါက်ဝဖွင့်။ ကျောင်း ပေါ်တက်၊ ခြင်ထောင်ထောင်။

ကျုပ် အိပ်ပျော်သွား။

တကယ့် သောကကင်းတဲ့ အရ သာကို အိပ်ပျော်မှ ရတော့တယ်။

■

ကျုပ် အတွေး ခြေဆန့်မိပါ တယ်။ ရွာကနေ မိသားစုကို ပစ်ပယ်ပြီး ရန်ကုန်စာပေနယ်ကို ခြေချနယ်ချဲ့ခဲ့တာ အနှစ်နှစ်ဆယ် ကြာခဲ့ပြီ။ ကျုပ်မှာ သား သမီး သုံးယောက်ရှိ။ သမီးကြီးက ၂၀၀၆ ခုနှစ်က ဆယ်တန်းအောင်တယ်။ အဲဒီ တုန်းက ရန်ကုန်ကို မလာဖြစ်သေးဘူး။ ကျုပ်က အခွင်းရေသွင်း၊ ကန်သင်းတင်၊ ပေါင်းပေါက်၊ ဂျုံနုတ်၊ ပဲရိတ်လိုက်နေရ တဲ့အချိန် ဇနီးဖြစ်သူက ရက်ကန်းရက်။

တစ်နေ့မှ ငါးရာလောက်ရတဲ့ ကျုပ်တို့ဘဝ ရက်ကန်းရက်တာကလည်း ဘာမျှရေရေရာရာ ဝင်ငွေရတာ မဟုတ် တော့ သမီးကြီးကို အဝေးသင် မထား နိုင်။ ကံဆိုးတဲ့ သမီးကြီး။

နောက်တော့ စာပေနယ်မှာ ဝတ္ထုတိုတစ်ပုဒ်ပါ စာပေဆုအချို့ ရပြီး တဲ့နောက် ရန်ကုန်စာပေနယ်ကို ခြေချ။ သရက်တော မြိတ်ကျောင်းရဲ့ အရိပ် ကိုခို၊ ဝင်ငွေလေးက မဆိုး။ ရန်ကုန်နဲ့ ရွာကို တစ်နှစ်တစ်ခါ နှစ်ခါလောက် ပြန်။ နောက် သားအလတ်၊ နောက် သားအငယ်မွေး။

အခု သမီးကြီးက မြေနီကုန်း ဂျေဒိုးနတ်မှာ။ သားလတ်ဖြစ်သူ ဆယ် တန်း သုံးနှစ်ကျက ရန်ကုန်မှာ။ သား အငယ်ဆုံးလေးက ဒုတိယတန်း ရောက် နေပြီ။



www.burmeseclassic.com

www.burmeseclassic.com

ပြောရရင် ကျုပ်ဝင်ငွေလေးနဲ့ သမီးကြီးဝင်ငွေ မဆိုစလောက်လေးရဲ့ အပေါ် အမှီပြုနေရတဲ့ဘဝ။

ပြောရရင် သားကြီးဆယ်တန်း ပထမနှစ် မတိုင်ခင်ကတည်းက ကြိုးစားဖို့ ဘွဲ့ရအောင်လုပ်ဖို့ တပင်တပန်း လုပ်ရမှာစိုးလို့ ဆုံးမခဲ့ရတာ အမော။ ကျုပ်လေ ကျုပ်ကျောင်းသားဘဝ ကတည်းက ဆိုးပေတေလာခဲ့တာ။ ကျုပ်လိုဖြစ်မှာစိုးလို့ ကျုပ်သားကိုလည်း လိမ္မာစေချင်တာ။ သားကြီးကတော့ ဟုတ်ကဲ့ ဟုတ်ကဲ့နဲ့ဖြေ။ ခေါင်းညိတ်ရင်းနဲ့ ကျုပ်နဲ့ သူ့အမေကို စိတ်ချမ်းသာအောင်၊ သူ့အစ်မဖြစ်သူ ဝမ်းသာအောင် ဓနေခဲ့တယ်။ တကယ်တော့ ဒီကောင်က ကျုပ်ကို လိမ်နေတာ။

ကျုပ်က အဝေးမှာနေရတာ ဆိုတော့ ဒီကောင်က မိခင်ဖြစ်သူကို မကြောက်ဘူး။ ကြောက်တာက ကျုပ်ပဲ ကြောက်။ ကြောက်တဲ့သူက အဝေးမှာ ဆိုတော့ ဒီကောင်လွတ်ချင်တိုင်း လွတ်လို့။ မိဘရှိ ထမင်းရှိ၊ မိဘရှိ ဝတ်စရာရှိ၊ မိဘရှိ ပိုက်ဆံရှိတာပဲလို့ ထင်နေတဲ့ အကောင်။ အဲသလိုနဲ့ ဒီကောင် ဆယ်တန်း ပထမနှစ်ကျ။

"နင့်သား ဆယ်တန်းကျတယ်"

ဇနီးက ဖုန်းဆက် ပြောလာတယ်။ နောက်နှစ်ဆက်ထား။ ကျုရှင်လည်းအပ်၊ အရင်နှစ်ကလည်း ကျောင်းရော၊ ကျူရှင်ပါထား။ ငွေကုန်တာပဲ အဖတ်တင်။ ကျောင်းမဖွင့်ခင် ရွာပြန်ပြီး အဲဒီအကောင်ကို ဆုံးမဖို့ ပြန်ခဲ့သေးတယ်။ ပြန်မပြော နားမထောင်ဆိုတာ ကျုပ်သိပေမယ့် ဒုတိယနှစ်ဆက်ထား။ ကျခဲ့တယ်။

ကျုပ် ဒေါသ ထွက်တာပေါ့။ ဒါနဲ့ ကျောင်းမထားတော့ဘူး၊ ရဲ ဒါမှ မဟုတ် တပ်မတော်ထဲထည့်ဖို့။ ဒါပေမဲ့ ဇနီးဖြစ်သူက သူ့သားကြီးကို ဆယ်တန်း ဆက်ထားချင်တဲ့ပုံ။ မျှော်လင့်ထားသေးတဲ့ပုံ။ လိမ္မာမယ်၊ ကြိုးစားမယ်လို့ ထင်နေတဲ့ပုံ။

"အပြင်ကနေ ဖြေခိုင်းကြည့်ရအောင်၊ ကံတရားပေါ့"

"အင်း၊ နင့်သဘော"

အဲသလိုနဲ့ ကျုပ်ဇနီးရယ်၊ သမီးကြီးရယ် တိုင်ပင်ပြီး အပြင်ကနေ ဆက်ဖြေခိုင်းတယ်။ စကားလုံး အကြောင်းအရာအမျိုးမျိုးနဲ့ဆုံးမပြီး ဒီနှစ်အောင်အောင်ဖြေဖို့ ဆုံးမခဲ့ရတာ။ ရင်ထဲအမောကိုဆို့လို့။ အာခေါင်တွေခြောက်။ ရေတောင်ငတ်တဲ့အထိ။

ကျုပ်ကတော့ ကျုပ်ငယ်ငယ်က အခြေအနေပေးခဲ့ပုံ၊ မကြိုးစားခဲ့တော့ ပေးတဲ့ အခြေအနေတွေ ဆုံးရှုံးခဲ့ရပုံ။ ဒါတွေလောက်ပဲပြောရင်း ရန်ကုန်ကို ပြန်။ ဂျာနယ်တိုက်ပြောင်းလုပ်။ အပို အလျှံလေးရရင် ရွာကို ပြန်ဖို့။ သားကြီးအတွက်မကဘူး။ သားငယ်အတွက်ပါ တာဝန်က ကျုပ်ခေါင်းပေါ်ကျ။ ဒီတော့ ပိုကြိုးစားရရော။ ဟုတ်တယ်။ ကျုပ်မှာတော့ ကြားပေါက်အလုပ် ရှာရသေး။ သူများစာမူတွေ ယူဖတ်။ တည်းဖြတ်ပေးခဲ့သလို၊ လုံးချင်းထုတ်ချင်သူ ဆရာတွေအပ်ရင် စာအုပ်ဖြစ်တဲ့အထိ လုပ်ပေးနေရတယ်။ ရွှေပြည်သာစာပေက လစဉ်ထုတ်လုံးချင်းတွေ အခြားလုံးချင်းတွေ၊ လတ်တလောကို ရွှေပြည်သာစာပေက အဲဒါ ငါ့အဖေ စာစဉ်(၆)။ ဆရာဦးအေးကိုရဲ့ ဘာသာရေးလုံးချင်း။ ဆရာမ မေလတ်ဟန်ရဲ့ ရင်တွင်းဖြစ် ရသဝတ္ထုနှစ်ပုဒ်။ လတ်တလော အောင်ပိုင်တို့ ထုတ်မယ့် ကလောင်စုံ နိုင်ငံရေး ဆောင်းပါးလုံးချင်း။

အဲသလို အဲသလိုမျိုး ပြေးရင်းလွှားရင်းနဲ့ အမောဆို့။ ဖိနပ်ပါး၊ ထီးဖြူနေပူလောင်ခံရင်း ပြေး၊ ထောက်ပံ့နေတဲ့ကြားက မလိမ္မာတဲ့အကောင်။ မဖြစ်တော့ ဖြစ်သလိုလုပ်ရတော့မည်။

"နင် ဒီကောင့်ကို ရန်ကုန်ခေါ်ပြီး အလုပ်လုပ်ခိုင်းတော့ ဆယ်တန်းအောင်တော့လည်း ကြည့်ထားရုံပဲ၊ ရွာမှာထားရင် အရက်သမား ကလေဘဝဖြစ်မှာ၊ နင့်သားကို ငါ မနိုင်ဘူး၊ ငါ့ကိုလည်း မကြောက်ဘူး၊ ပြောစကားဆိုလုံးဝ နားမထောင်တာ"

ဇနီးဖြစ်သူကပြောတော့ သင်္ကြန်အပြီး ဒီကောင့်ကိုခေါ် သူငယ်ချင်းရဲ့ စားသောက်ဆိုင်မှာ ထားခဲ့တာ။ အခုဆိုင်ကနေထွက်ပြီး ရွာက သူ့သူငယ်ချင်းဆိုင်မှာ ပြောင်းသွားတယ်တဲ့။ ကျုပ်ကတော့ ဒီကောင့်ကို လိုက်လည်းမရှာဘူး။ ဖြစ်ချင်ရာဖြစ်တော့ဆိုပြီး စိတ်ထဲကနေ အပြီးထုတ်လိုက်ပြီ။

ဟုတ်တယ်။ သားသမီးအတွက် စိတ်အဆင်းရဲ မခံချင်တော့ဘူး။ ခံနိုင်ရည်လည်း မရှိတော့ဘူး။ တာဝန်မဲ့တာတော့ မဟုတ်ဘူး။

ဒီကောင်က ရန်ကုန်မှာ။ အိမ်လည်း ဖုန်းမဆက်ရဘူးတဲ့။ အိမ်က သူ့အမေကလည်း မဆက်။ ဟန်ကျလို့။ စိတ်အေး လက်အေး။ နားအေး ပါးအေး။

ဟုတ်တယ်လေ။ သမီးကြီးက ၂၀၀၆ ကတည်းက အောင်ထားတာဆိုတော့ ဒီနှစ်အဝေးသင်တက်ခိုင်း။ ဘွဲ့ရဓာတ်ပုံကြီးကြီးရိုက်။ အိမ်မှာ ချိတ်။ ဘယ်လောက်ကျက်သရေရှိမလဲ။

ပြီးတော့ အငယ်ကောင်။ သားငယ်ကိုတော့ ပီပီပြင်ပြင် ကိုင်တွယ်ရမယ်။ ဒါမှ။

www.burmeseclassic.com

ကျုပ် တွေးရင်းနဲ့ ပြန်အိပ်မိတယ်။ အိပ်ပျော်လို့ နာရီဝက်အကြာ ထန့်နိုးရင်းနဲ့။ ကျုပ်ဘဝ ကျုပ်တွေးနေမိ။ နာရီကြည့်တော့ ငါးနာရီခွဲ။

"ဟင် ခုလောက်ဆို အောင်စာရင်းတွေ ချိတ်လောက်ပြီ၊ ဘယ်သူတွေအောင်၊ ဘယ်သူတွေ ကျတယ်ဆိုတာ သိလောက်ပြီ၊ ဟိုကောင် အောင်ပါ့မလား"

ကျုပ် အကြီးတောင်အတွက် မထင်ထားပေမယ့် မျှော်လင့်ချက်လေးတော့ထားမိသား။ ဒါပေမဲ့ မထင်ပါဘူး။ မအောင်ပါဘူး။ ကျုပ်စိတ်က အလိုလိုသိနေတယ်။ ဒီကောင်က မိခင်အပေါ် အကောင်းမမြင်တဲ့အကောင်၊အကုသိုလ်ကြီးတဲ့အကောင်ဆိုတော့ မိဘအပြစ်တွေသင့်နေတာ ဆိုတော့ ဒီကောင်မအောင်နိုင်ဘူး။ မျှော်လင့်ချက်မထားတာဘဲ ကောင်းတယ်။ စိတ်ဆင်းရဲရတာမျိုး မရှိတော့ဘူးလေ။

တွေးရင်း အိပ်။

နိုးတော့ မနက် ခုနစ်နာရီခွဲပြီးပြီ။

၆. ၆. ၂၀၁၅ (စနေနေ့)

■

စနေနေ့ဆိုတော့ ဂျာနယ်တိုက် မပိတ်ပေမဲ့ ကျုပ်ရဲ့ နားရက်။

တစ်ပတ်တစ်ခါ စနေနေ့တိုင်း နားရတယ်။ အိပ်ရင်းနဲ့ ဖျတ်ခနဲ လန့်နိုးလာတော့ ကျောင်းသားအချို့ အမှိုက်လှည်းသူလှည်း၊ ဘုရားပန်းကပ်သူကပ်၊ ဆရာတော်ကို လက်ဖက်ရည်မုန့်ကပ်သူကပ်။ ကျုပ် ကပျာကယာလူးလဲထ၊ ကျောင်းအောက် အပြေးဆင်း။

"စာရေးဆရာ၊ မင့်သားအောင်သား၊ အောင်စာရင်း သွားကြည့်လေ"

ခေါ်နေကျအတိုင်း ကျုပ်ကို ခေါ်ရင်း ဦးဇင်းလေး လာမေးတော့ မဲ့ပြုံးတစ်ချက်နဲ့အတူ ခေါင်းခါမိတယ်။

"မထင်ပါဘူး ဘုရား၊ အကြည့်လွတ်ပါတယ်၊ သူ့ခွေါတို့ နောက်ကျောတောင် မပါပါဘူး"

ပြောရင်း မျက်နှာသစ်၊ အမှိုက်ကျုံး။ စိတ်ကတော့ ရင်တဖိုဖို။ ဇနီးဖြစ်သူ ဖုန်းဆက်ပြီး သားကြီးအောင်တယ်တော်ရေ့လို့များ ဖုန်းဆက်လေမလား။ အဲသလို တွေးရင်းနဲ့ ကျုပ် မျှော်မိသေးရဲ့။ လူဆိုတာ မျှော်လင့်ချက်ရဲ့ သားကောင်ဆိုပေမယ့် မျှော်လင့်ထားသူမလိမ္မာလေတော့ ထီမထိုးဘဲနဲ့ ထီပေါက်လေမလားဆိုပြီး မျှော်တဲ့လူလိုဖြစ်နေပြန်ရော။

အဲဒီအချိန် ကျောင်းသားအချို့ရော၊ ဦးဇင်းတွေကပါ သူတို့အမျိုးတွေဆီကို ဖုန်းဆက်၊ ဘယ်သူအောင်တယ်၊ ဘယ်သူကျတယ်၊ ဘယ်သူက ဂုဏ်ထူးပါတယ်။ အဲဒါတွေ ပြောနေကြရဲ့။ အောင်တဲ့သူ၊ ဂုဏ်ထူးပါတဲ့သူတွေအတွက် အဝေးကနေ ချီးကျူးကြ၊ ရယ်မောကြနဲ့၊ ကျုပ်မှာတော့ ကွဲတော့မယ် လက်ပစ်ဗုံးတစ်လုံး ရင်ဘတ်ထဲ မျိုထားရသလိုမျိုး။

'တောက် ခွေးကောင်၊ အသုံးမကျတဲ့အကောင်၊ ထားရာနေ ဆုံးမသလို ကြိုးစားရင် အောင်မှာ၊ ခုတော့ အလုပ်သွင်းပေးထားတာတောင် မိဘစကားပယ်ရှား၊ ထင်ရာစိုင်းတဲ့အကောင် ဆယ်တန်းမအောင်လောက်လို့ ကြိုတင်ရှောင်သွားတာပဲ ဖြစ်မယ်'

ကျုပ် တွေးရင်းနဲ့ အဖြေရှာတယ်။ တကယ်လည်း ဒီကော ယ် တန်း မအောင်မှာသိလို့ ကျုပ်ထားတဲ့ဆိုင်ကနေ သူ့သူငယ်ချင်းရှိတဲ့ဆီ ဝေးရာကို ရှက်လွှင့်ခြေဆန့်သွားတာပဲ ဖြစ်ရမယ်။ တွေးရင်းနဲ့ နားလည်မိတာက ဒီကောင်ဆယ်တန်းကျပြီ။ သုံးထပ်ကွမ်းအကယ်ဒမီဆုရပြီ။ ဘယ်ဆီရောက်နေပြီ မသိတဲ့ အဲဒီအကောင်လည်း သူကျတာ သိရော့မယ်။

"စာရေးဆရာ (၁၂)လမ်းက ဦးချစ်ဆိုင်သွားမယ်"

"အင်း အင်း"

အလုပ်ပြီးတော့ မောင်မင်းက သတိပေး၊ ဒီတော့ ရေမိုးချိုး မြို့ထဲသွားဖို့ ပြင်ဆင်ပြီး မောင်မင်းရယ်၊ ကျောက်ခဲရယ်၊ ၁၂ လမ်းက ဦးချစ်ဆိုင်လာကျောင်းသားတွေနဲ့ ဦးချစ်ဆိုင်မှာ။ စူပါကင်းမှာ တစ်လှည့်စီ ထိုင်နေကျ။ ဆိုင်ထဲရောက်တော့ စားချင်တာမှာ။ ကျုပ်ကတော့ ပုံမှန်တစ်ခွက်နဲ့ နံပြားအလွတ်ပဲ။

အင်း - ပုံမှန် သောက်နေကျအတိုင်း ရင်ထဲ ပူလောင်နေတာတွေ ပုံမှန်ဖြစ်အောင် စိတ်ကိုထိန်းနေရတယ်။ ဒါပေမဲ့ ကျုပ်နှလုံးသားနဲ့ ကျုပ်ရည်ရွယ်ထားတဲ့ အဲဒီအကောင်ရဲ့ ရည်ရွယ်ချက်တွေကတော့ နံပြားတစ်ချပ်လို နံပုပ်သိုးပြီး ပြားသွားပြီ။

ဘွဲ့ရပညာတတ် မောင်မင်းကတော့ နှစ်သိမ့်ပါတယ်။ လူငယ်တွေရဲ့ ပေါ့ဆဆ အတွေးတွေ၊ အလုပ်တွေ၊ ဦးတည်ရာ မဲ့နေပုံတွေကို ပြောပြပါတယ်။ ကျုပ်ကတော့ မခံစားရလေဟန်နဲ့ ဟန်ကိုယ့်ဖို့လုပ်ရင်း မချိသွားဖြဲ။ နာရီဝက်အကြာ ကျုပ် မြို့ထဲထွက်ခဲ့တယ်။

မော်တင်ကနေ ပန်းဆိုးတန်း။ အဲဒီကနေ (၃၈)လမ်းက A7 ကွန်ပျူတာဝင်။ ဆရာဦးအေးကို လုံးချင်းရိုက်ခ ငွေကျန်ကို ရှင်း။ ပြီး မောင်ရဲကိုကို နှုတ်ဆက်။

"ဆရာ ဘယ်သွားဦးမှာလဲ"





www.burmeseclassic.com

www.burmeseclassic.com

"၃၉လမ်းက ဖလင်ကိုဦးဆီ ဝင်ရဦးမှာ၊ ဆရာညီမေတ္တာ အပ်ခိုင်းထားတဲ့၊ အဲဒါ ငါ့အဖေ ကလောင်စုံလုံးချင်း ဖလင်အပ်ထားလို့၊ ရ မရ မေးရဦးမယ်၊ ရရင် ဆရာညီမေတ္တာဆီ ပို့ပေးရမှာ၊ ငွေလည်း ရှင်းရဦးမှာ၊ သွားပြီ"

ရဲကိုကို ပြန်ဖြေရင်း ၃၉ လမ်း အပြေးလာ။ အဲဒီအချိန် လမ်းမှာ မိန်းမသုံးယောက် စကားတွေ ဖောင်ဖွဲ့လို့။ သူတို့သားသမီးတွေ ဆယ်တန်းအောင်လို့။ ဂုဏ်ထူးပါတဲ့ ကျောင်းသားရဲ့ မိခင်ကလည်း ဂုဏ်ထူးပါတဲ့ သားအတွက် ချီးကျူးလို့။ သူတို့ ပျော်နေကြတယ်။

ကျုပ် သူတို့နောက်က အသာလိုက်ရင်း နားထောင်။ ရင်ထဲမှာတော့ ကမ္ဘာပျက်သလို ပူလောင်။ အလယ်ဘလောက် ရောက်တော့ ယောကျ်ားနှစ်ယောက်။ တစ်ယောက်က သူ့သားစာမေးပွဲကျလို့ ဒေါသထွက်။ ငွေကုန်တာတွေ တွက်ပြရင်း နှမြောနေတဲ့ပုံ။ ကျန်တစ်ဦးက နှစ်သိမ့်လို့။

'အင်း ဒီလူလည်း ငါ့လို ခံစားရမှာပဲလေ'

တွေးရင်း အပေါ်ဘလောက် ဖလင်ကိုဦး ရုံးခန်းဝင်။ ကိုဦးနှင့်မတွေ့။ သူ့တပည့်နှင့် တွေ့။

"ဆရာ နောက်တစ်ပတ်မှ အဲဒီဖလင်ရမယ် ဆရာ"

"ဩော် အေး အေး၊ ရပါတယ်ကွာ၊ ဆရာ လာသွားတယ်လို့ ဆရာဦးလာရင် ပြောပေးကွာ"

"ဟုတ်ကဲ့ပါ ဆရာ"

ကျုပ် ပြန်ခဲ့တယ်။ ဒါဆိုရင် ဆရာညီမေတ္တာဆီ ပြီးမှ သွားရတော့မယ်။ ဆရာနှင့်လည်း တွေ့ရဦးမယ်လေ။ ဒါနဲ့ ကျုပ် စမ်းချောင်း၊ ဝေဠုဝန်တိုက်တန်းမှာနေတဲ့ ဆရာမ မနှင်းဖွေးဆီ လာခဲ့တယ်။ ပန်းဆိုးတန်းကနေ နတ်စင်လမ်းမှတ်တိုင်ဆင်း။ သံလမ်းခုံးတံတားကိုကျော်။ ဝေဠုဝန်တိုက်တန်းဆီလာ။ ဆရာမ အခန်းရှေ့ရောက်တော့ ဆရာမအမျိုးသား တွေ့သွားပြီး တံခါးဖွင့်ပေး။

"လာ ထိုင်ပါဆရာ"

ဆရာမ ကျွန်တော့်ကို ကုလားထိုင်မှာ နေရာပေး။ ဆရာမ အမျိုးသားက ကော်ဖီနဲ့ မုန့်တွေချ။

"သောက်ပါဦး၊ မုန့်လည်းစား"

"ဟုတ်ကဲ့"

နောက်တော့ ဆရာမ မနှင်းဖွေးနဲ့ လာရင်းကိစ္စ ပြောဖြစ်တယ်။ ဟုတ်တယ်။ ဆရာမဆီက ဆောင်းပါးယူရမယ်။ ကိုအောင်ပိုင်ထုတ်မယ့် နိုင်ငံရေးကလောင်စုံပေါင်းချုပ်အတွက် ဆရာမဆီကို ဆောင်းပါးတစ်ပုဒ် တောင်းထားတာ။ ဆရာမက ပညာရေးနဲ့ပတ်သက်ပြီး သူ့အမြင်ကို ရေးမယ်တဲ့။ နိုင်ငံရေးကိုတော့ မရေးတော့ဘူးဆိုတော့ အဆင်ပြေလို့။ ဆရာမက ဆောင်းပါးစာမူပေး။ စကားတွေပြော။ ပြောရင်း ကော်ဖီသောက်။ နှုတ်ဆက်ပြီးပြန်။

နတ်စင်လမ်း မှတ်တိုင် ပြန်အထွက်။

"ဟယ်လို တွင်းကြီးသား၊ ကိုယ်ဆရာဦးအေးကိုဆီ ရောက်နေပြီ၊ လာခဲ့တော့လေ၊ ဆရာအေးက ထမင်းဟင်းတွေ ချက်ထားတယ်တဲ့"

"ဟုတ်ကဲ့၊ ခဏတော့လာမယ် ဆရာ၊ ကျွန်တော် ရွှေပြည်သာပြေးရဦးမှာ"

ကျုပ်ဆီ ဖုန်းဆက်တာက ဆရာအောင်သူရိန် (ပုလဲ)။ သူက ရတနာမွန်မဂ္ဂဇင်းနဲ့ ရတနာ့တံခွန် မဂ္ဂဇင်းမှာ တာဝန်ခံ အယ်ဒီတာ။ ဆရာဦးထွန်းလွင် (မြမှာစရိယ-ဘီအေ)နဲ့ တွဲလုပ်နေတာ။ ဒါနဲ့ ဆရာဦးအေးကိုထံ ဝင်ဖို့ဆုံးဖြတ်။ နတ်စင်လမ်းကနေ သမိုင်းလမ်းဆုံရောက်တဲ့ ကားစီး။ လမ်းဆုံရောက်တော့ဆင်း။ ဆရာ့တိုက်ခန်းလာ။ ရောက်ရောက်ချင်း ဆရာဦးအေးကိုရဲ့ မနေ့က ထွက်တဲ့ ဝတ္ထုတိုပေါင်းချုပ် စာအုပ်အကြောင်းပြော။

မိနစ်နှစ်ဆယ်ခန့်အကြာ ဆရာ့သမီး မမော်က ထမင်းပွဲပြင်ပြီးလို့ စားကြဖို့ခေါ်တော့ ဆရာဦးအေးကိုရယ်၊ ကျုပ်ရယ်၊ ဆရာအောင်သူရိန်(ပုလဲ) ရယ် စားကြ။ ဟင်းတွေက အစုံ။ စားပြီး ဧည့်ခန်းမှာ ပြန်ထိုင်။

"တွင်းကြီးသား မောင်ရင့်သားဖိုးချမ်းလေ၊ ဘယ့်နှယ်လဲ"

ဆရာဦးအေးကိုရဲ့စကား။ ဆယ်တန်း အောင်၊ မအောင် မေးတာ။

"မအောင်ဘူး ဆရာ၊ အခုလည်း ဒီကောင် သူ့သူငယ်ချင်းနဲ့ ဘယ်ဆီရောက်နေတယ် မသိဘူး၊ ကျွန်တော်ကတော့ သေလူလို သဘောထားလိုက်ပြီ ဆရာ၊ ဘယ်သောင် ဘယ်ကမ်းရောက်ရောက်"

ကျုပ်အပြောကို ဆရာဦးအေးကို စဉ်းစားနေတုန်း ဆရာအောင်သူရိန် (ပုလဲ)က -

"အင်း . . . ကိုယ့်သားလည်း မအောင်ဘူး တွင်းကြီးသားရဲ့" ဟု စိတ်မကောင်းစွာပြော။

ကျုပ် ပြုံးမိတယ်။ မချိသွားဖြဲသဘော။

"အေးကွာ၊ အဲလို လူမျိုးက မိဘရင်ခွင်ကို စုံကန်ပြီးနေတယ်ဆိုတာ မှားတယ်လို့ ပြောလို့ရပေမယ့် သူ့ ... သူ့လက်နဲ့ ရပ်တည်ပြီး အလုပ်လုပ်တော့

www.burmeseclassic.com

ယ်ဆိုတဲ့ အသိနဲ့ ရှုန်းကန်တတ်ကြ ယ်၊ ကြီးပွားသွားနိုင်တယ်ကွ၊ စိတ် ကောင်း ဖြစ်မနေနဲ့၊ သူ့လမ်း သူ လျှောက်လိမ့်မယ်”

ဒါက ဆရာဦးအေးကိုရဲ့စကား။

တကယ်တော့ ဆရာက ကျုပ် သား ဖိုးချမ်းသာအပေါ် သံယောဇဉ် ရှိတယ်။ ဆယ်တန်း ပထမနှစ် စာမေးပွဲ ပြီး ကျုပ်က အဲဒီအကြောင်းကို ဆရာ ဦးအေးကို အိမ်မှာ နှစ်လလောက် ခဲ့သေးတာကိုး။ ဒီတော့ အကောင်း တ်ကို ဆွဲပြီး ပြောမှာ။ ပြီးတော့ နိုင်တာကို ပြောတာလို့ ထင်တယ်။ ဆရာ့စကားကို ကျုပ်လက်ခံပါတယ်။ နောင်တတွေနဲ့ သူ့ဘဝ သူရှုန်းကန်၊ ဆရာပြောသလို စီးပွားရေးဘက်မှာ ချွန်အောင်လုပ်နိုင်တယ်ဆိုတဲ့ စကား ကျုပ်ရင်ကို ရသေ့စိတ်ဖြေလေး တော့ ရှိသွားရဲ့။ နောက် ဆရာတွေကို နှုတ်ဆက်။ ရွှေပြည်သာက ဆရာ ညီမေတ္တာနဲ့တွေ့။ ဆောင်းပါးယူ၊ တစ် နာရီခန့် စကားပြော။ ပြီးတော့ မြောက် ဥက္ကလာကိုဝင်၊ ကိုအောင်ပိုင်ဆီ မနှင်း ဖွေး၊ ညီမေတ္တာ စာမူပေး။ စကားပြော။

“ကဲ ပြန်မယ်ကွာ၊ အပြန် ဆရာ ဦးခင်ဇော်(မရမ်းကုန်း)ဆီ ဆောင်းပါး ဝင်ယူရဦးမှာ၊ ရရင် နောက်စနေ ပိတ် ရက်မှ လာပို့ပေးမယ်”

ပြောရင်း ပြန်ခဲ့တဲ့ ကျုပ်. . ။

ဆရာဦးခင်ဇော်ဆီဝင်၊ ဆောင်း ပါးယူ။ ဆရာဦးခင်ဇော်က ပုဆိုးအသစ် နှစ်ကွင်းနဲ့ စတစ်ကော်လံအင်္ကျီနှစ်ထည် ပေး။ ယူပြီးပြန်။ အချိန်ကြည့်တော့။ ညနေ (၆)နာရီ ဝင်တော့မယ့်နေမင်းက ကျုပ်ကို နှုတ်ဆက်နေသလိုလို။ တစ်နေ့ တာ အပြေးအလွှား သွားရင်းနဲ့ လှုပ်ရှား နေရတဲ့ ကျုပ်ဘဝရဲ့ခြေလှမ်း၊ ကျနေတဲ့ ချွေးစက်၊ ဖိအားများတဲ့စိတ်၊ အတွေး ထူတဲ့ ဦးနှောက်၊ လည်ပတ်မှု မမှန်တဲ့ သွေးစက်တွေအကြောင်း ကျုပ်သား သိအောင် ဘယ်လိုလုပ်ရင်ကောင်းမလဲ။

နောင်တစ်ချိန် ကျုပ်လို မိဘ နေရာ ရောက်လာတဲ့ တစ်နေ့တော့ ကျုပ်ထက်ပိုတဲ့ ရည်မှန်းချက်တွေနဲ့ သူ့သားသမီးအပေါ် အများကြီး ထား လာနိုင်မယ် ထင်တယ်။

ကျုပ်တွေးရင်း 6, JUNE 2015 ရက်စွဲရဲ့ ဝေဒနာတွေနဲ့ လှုပ်ရှားမှုတွေ ကို ကျောင်းရောက်တော့ ချရေး။ ရင်ထဲ မွန်းကျုပ်။

**တွင်းကြီးသား တင်ဝင်းဦး**

❑




# သင် ဖြစ်ချင်တာနဲ့ ဖြစ်သင့်တာ ကိုက်ညီပြီလား

လှိုင်သာယာမြို့ မြို့ဦးစေတီတော်၊ ပထမဦးဆုံး ဗေဒင်ဆရာကြီး

## စာရေးဆရာ ဆန်းဝင်း(အောင်မြေ)

လက္ခဏာ၊ အင်္ဂဝိဇ္ဇာ၊ ဗေဒင်ပညာ၊ ဓာတ်ဆင်၊ ဓာတ်ရိုက်၊ နာမည်ပေး၊ အခါပေး **တိုစက္ကဇာတာ အထူးဖွဲ့သည်**

● အိမ်ထောင်ရေးဒုက္ခ တွေ့နေသလား ● စီးပွားရေးတွေ အခက်တွေ့နေသလား ● ကျန်းမာရေး ညံ့နေသလား ● အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်း ရောင်းမထွက်ဘူးလား ● ဆုမဲနံပါတ်သေးသေး ရချင်သလား ● အိမ်က အမျိုးသား ခြေလှမ်းမှားနေပြီလား ● အမျိုးသမီးကကော ပုံမှန်ဟုတ်သလား ● သားသမီးတွေ ပြောစကားနားထောင်ချင်သလား ● နိုင်ငံခြားခရီးကိစ္စ မြန်ချင်သလား ● ကြွေးတွေတောင်းမရလို့ စိတ်ညစ်နေသလား ● အတိုက်အခံတွေ ပေါ်နေပြီလား ● အလုပ်မရသေးလို့ စိတ်ညစ်နေသလား ● ဈေးရောင်း ကောင်းချင်သလား. . .

[ဒါတွေ ခက်နေသမျှ လွယ်ဖို့၊ ပိတ်နေသမျှ ပွင့်ဖို့၊ နိမ့်နေသမျှတွေ မြင့်ဖို့ သင် အမြန် ဆရာနဲ့ဆွေးနွေးဖို့ အချိန်တန်ပြီ]

ဟောခန်းတည်နေရာ ➻ ရွှေရင်အေးစေတီတော်ရှိရာ ကျုံစုကျေးရွာ၊ နတ်စင်လမ်း၊ မင်္ဂလာကန်တော်အနီး၊ ရွှေလင်ပန်းကျေးရွာအုပ်စု၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

လမ်းညွှန် ➻ ၄၃၊ ၈၆၊ ၉၆ (ဝါ)၊ ၁၂၅၊ ၁၂၈၊ ၁၂၉ (အထူး)၊ ရိုးကြီး-ရိုးလေး ကားများစီး၍ 'ကျောင်းလမ်းမှတ်တိုင်' ဆင်းပါ။ ငွေကံ့ကော်အထည်ချုပ်စက်ရုံ ဘေးလမ်း။

ဟောပြောချိန် ➻ နံနက် (၆) နာရီမှ ညနေ (၆) နာရီ အထိ ။ ဖုန်း - ၀၉-၃၁၅၇၂၄၅၉




www.burmeseclassic.com

www.burmeseclassic.com

# အစစ်အမှန်နှင့် အတုအယောင်

# သစ္စာဦး

(ဧယျာမြေ)



"မမငြိမ်းရေ၊ ကျွန်မ ရန်ကုန် လာစရာ အကြောင်းရှိလို့လေ၊ အဲဒါ အစ်မအိမ်မှာ တည်းမယ်၊ တခြား ဧည့်သည် မရှိဘူးမဟုတ်လား၊ ကျွန်မကိစ္စက လာမှဖြစ်မှာမို့ အစ်မအိမ်ကိုပဲ တန်းလာခဲ့တော့မယ်နော်၊ ဖြစ်တယ် မဟုတ်လား ဟင်"

တစ်ယောက်တည်း အဆိုတင်သွင်းပြီး သူတင်သွင်းသည့် အဆိုကို သူ့ဘာသာ ဆုံးဖြတ်ချက်တွေ ခိုင်ခိုင်မာမာ ချနေသည့် သူငယ်ချင်းဖြစ်သူ မြင့်မြင့်မော်၏ စကားတို့ကို နားထောင်ကာ ငြိမ်းစုလှိုင်တစ်ယောက် သဘောကျစွာ ပြုံးလိုက်လေသည်။

မြင့်မြင့်မော်က နယ်ရုံးတစ်ရုံးမှ သူငယ်ချင်းဖြစ်၏။ ရုံးကိစ္စနှင့်ပတ်သက်၍ ရန်ကုန်ရုံးချုပ်သို့ နယ်ရုံးများမှ လာရောက် တွေ့ဆုံညှိနှိုင်းကြရလေသည်။ ထိုအခါမျိုးတွင် ရုံးချုပ်တွင် တာဝန်ထမ်းဆောင်ရသော ငြိမ်းစုလှိုင်က ဖြေရှင်းပေးရ၏။

နယ်ရုံး တာဝန်ခံများက တစ်ကျောင်းတည်း အတူတက်ခဲ့ရသည့် သူငယ်ချင်းများရှိသလို လုပ်ငန်းခွင်ရောက်ခါမှ ခင်မင်ရသူများလည်းရှိ၏။ ဘာပဲပြောပြော ငြိမ်းစုလှိုင်အတွက်တော့ လုပ်ဖော်ကိုင်ဖက်သူငယ်ချင်းများ တစ်နှစ်ထက်တစ်နှစ် ပို၍များလာသည်ဟု ဆိုရမည်ပင်။

နယ်ရုံးဝန်ထမ်းများအနေနှင့် ရန်ကုန်တွင် ဆွေမျိုးသားချင်း ရှိသူ အဲတော်ရှား၏။ မရှိသူတို့မှာ အခြေအနေအရ တည်းခိုခန်း၊ ဟိုတယ်စသည်တို့တွင် ငှားရမ်းနေထိုင်ကာ အလုပ်လုပ်ကြရ၏။

ယောကျ်ားလေးများအနေနှင့် ပြဿနာမရှိလှသော်လည်း မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



ဝန်ထမ်းများအတွက်တော့ အဆင်မပြေမှုလေးတွေ ရှိတတ်လေသည်။

ငြိမ်းစုလှိုင်တို့အိမ်မှာ ယောက်ျားသားမရှိ။ မိခင်ကြီးနှင့် သားအမိ နှစ်ယောက်သာရှိသည့်အတွက် လွတ်လွတ်လပ်လပ်ရှိသည်။ ရင်းနှီးခင်မင်လာသည့်နောက် နယ်ရုံးမှ သူငယ်ချင်းများက တည်းခိုခန်း၊ ဟိုတယ်တို့သို့ သွားရောက်တည်းခိုခြင်း မပြုကြတော့ဘဲ မိဘအိမ်ကဲ့သို့ ငြိမ်းအေးချမ်းသာစွာ နေခွင့်ရသည့် ငြိမ်းစုလှိုင်တို့အိမ်တွင် တည်းခိုနေထိုင်ရင်း အလုပ်ကိစ္စတို့ကို ဆောင်ရွက်ကြ၏။ ထိုသူများထဲတွင် မြင့်မြင့်မော်သည်လည်း တစ်ယောက် အပါအဝင်ဖြစ်လေသည်။

မြင့်မြင့်မော်နှင့် ငြိမ်းစုလှိုင်တို့နှစ်ဦးက ကျောင်းနေဖက်သူငယ်ချင်းများတော့ မဟုတ်၊ လုပ်ငန်းခွင်ရောက်မှ ခင်မင်ကြသူများ ဖြစ်၏။ ရင်းနှီးခင်မင်လာသော ကာလကြာတော့ ငြိမ်းစုလှိုင်တို့အိမ်က မြင့်မြင့်မော်အတွက် စားအိမ်သောက်အိမ် ဖြစ်လာသည်။ ငြိမ်းစုလှိုင်မိခင်ကြီးကိုလည်း မိဘကဲ့သို့ ချစ်ခင်လေးစားသူဖြစ်၏။ တည်းခိုခန်း၊ ဟိုတယ်တို့တွင် အဆင့်အတန်းမြင့်မြင့် နေထိုင်ကာ အလုပ်လုပ်နိုင်ရန် ရုံးမှ ငွေကြေးအပြည့်အစုံ ထည့်ပေးလိုက်သည်ကိုပင် သွားရောက်နေထိုင်ခြင်းမပြု။ ငြိမ်းစုလှိုင်တို့အိမ်တွင် တည်းခိုကာ သူကိုယ်တိုင်မီးဖိုခန်းထဲဝင်ပြီး ငါးပိရည် ငရုတ်သီးစပ်စပ် အတို့အမြုပ်စုံ၊ ချဉ်ရည်ဟင်းတို့ကို စိတ်တိုင်းကျ ချက်ပြုတ်ကာစားသောက်တတ်၏။

ထိုသို့သော လူမျိုးက ယခုတစ်ခါတွင် ထုံးစံအတိုင်း မဟုတ်ဘဲ ကြီးကြီးကျယ်ကျယ် စကားများ ဖုန်းဖြင့် ပြောဆိုနေသည့်အတွက် ငြိမ်းစုလှိုင်က သဘောကျကာ ပြုံးလိုက်ခြင်း ဖြစ်လေသည်။

www.burmeseclassic.com

"ဘာအပိုတွေ ပြောနေတာလဲ မော်ရဲ့၊ လာတိုင်း တည်းနေတာပဲ မဟုတ်လား၊ ဘာလုပ်ငန်းအတွက် လာမှာလဲပေါ့၊ ဒီမှာ ကြိုတင်ပြင်ဆင်ထားရအောင်လို့ပါ၊ ဘယ်တော့လာမှာလဲ"

"ဒီတစ်ခါ လာမှာက ရုံးကိစ္စ မဟုတ်ဘူး မမငြိမ်း၊ ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စပါ၊ အစ်မ အကူအညီလည်း ယူရလိမ့်ဦးမယ်၊ ကူညီပါဦး အစ်မရယ်"

"ဟဲ့ ဘာကိစ္စရှိလို့လဲ၊ ပြောပါဦး ညီမရယ်"

"ဖုန်းနဲ့ပြောလို့ အဆင်မပြေဘူး အစ်မရယ်၊ ရောက်မှ ပြောတော့မယ်နော်၊ ကျွန်မ ဒီမှာ အလုပ်လေးတွေ လက်စသတ်ပြီး ခွင့်ယူလာခဲ့မယ်၊ ဒါမှ နောက်ဆံမတင်းရမှာလေ"

"အေးလေ၊ ဘာမှန်းမသိပေမဲ့ တတ်စွမ်းသမျှ ကူညီမှာပေါ့ မော်ရယ်၊ ဘာကိစ္စဆိုတာ မသိတော့ သေချာပေါက် မပြောနိုင်ဘူးပေါ့နော်၊ ရောက်လာမှပဲ တိုင်တိုင်ပင်ပင်လုပ်ကြတာပေါ့"

မိတ်ဆွေ အပေါင်းအသင်းဆိုသော်လည်း ကြာလာတော့ ညီအစ်မရင်းချာကဲ့သို့ ဖြစ်လာသည့်အတွက် လုပ်ငန်းပိုင်းဆိုင်ရာ ကိစ္စများသာမက ကိုယ်ရေးကိုယ်တာကိစ္စများအထိ ယုံယုံကြည်ကြည် နှီးနှောတိုင်ပင်လာကြ၏။

ရန်ကုန်တွင် ဆောင်ရွက်မှုရသည့် ကိစ္စမျိုးကိုတော့ ငြိမ်းစုလှိုင်က သူငယ်ချင်းများအားလုံးကို မငြိုမငြင် ကူညီဆောင်ရွက်ပေးသည်။

သူငယ်ချင်းများအပေါ် ထားသည့် စေတနာမေတ္တာက အလဟဿ မဖြစ်။ ရန်ကုန်မှာ နေသော်လည်း နယ်ပေါင်းစုံမှ အစားအစာ အသုံးအဆောင်များ ငြိမ်းစုလှိုင်တို့အိမ်တွင် စား၍မကုန် သုံး၍မကုန်နိုင်အောင် အလျှံပယ်ရှိ၏။ ထို့ပြင် ငြိမ်းစုလှိုင်သာ ဆန္ဒရှိလျှင် ပြည်နယ်နှင့်တိုင်းအားလုံးတွင် တာဝန်ထမ်းဆောင်နေကြသည့် သူငယ်ချင်းများ၏ ဖိတ်ခေါ်ချက်အရ မြန်မာပြည်အနှံ့ စရိတ်ငြိမ်း ခြေဆန့်ကာ ခရီးထွက်နိုင်သည်။ စေတနာ ရောင်ပြန်ဟပ်သည်ဟု ဆိုရမည်ပင်။

ယခုလည်း ဘာကိစ္စမှန်းတော့ မသိနိုင်သေးသော်လည်း ကူညီ ဖြေရှင်းပေးရမည့် ပြဿနာတစ်ခုရှိနေကြောင်း ကောင်းစွာ သဘောပေါက်လိုက်သည့်အတွက် ငြိမ်းစုလှိုင်က သူငယ်ချင်းဖြစ်သူကို အားပေးနှစ်သိမ့်လိုက်ခြင်း ဖြစ်၏။

◆

"ဘာဖြစ်လို့လဲ မော်ရယ်၊ အကျိုးအကြောင်းလေးတော့ ပြောဦးမှပေါ့ ညီမရဲ့"

"အေးလေ၊ သမီး မပြောဘဲ အမေတို့က ဘယ်လိုလုပ်သိနိုင်မလဲ၊ ငိုချည်းနေလို့ မဖြစ်ဘူးလေ"

ခါတိုင်း မြင့်မြင့်မော် ရောက်လာပြီဆိုလျှင် ပါလာသည့် အထုပ်များကို ပစ်ချပြီး ငြိမ်းစုလှိုင်၏ မီခင်ထံ သွားကာ ဖက်လှဲတကင်း နှုတ်ဆက်၏။ နောက် ရေခဲသေတ္တာဖွင့်ပြီး စားချင်တာ ယူစားတတ်သလို အုပ်ဆောင်းဖွင့်ကာ ဟင်းတစ်ဖတ် နှစ်ဖတ်လောက်ကတော့ နှိုက်စားတတ်၏။

ပြီးမှ ပါလာသမျှ လက်ဆောင်တပွေ့တပိုက်ကို တားမရဆီးမရအတင်းပေးကာ သူကိုယ်တိုင် ထားသင့်သည့် နေရာထား၊ သိမ်းရမည့် ပစ္စည်းကို စနစ်တကျ သိမ်းပေး၏။ ဒါတွေက သူ အမြဲတစေ လုပ်နေကျ လုပ်ရပ်များ ဖြစ်လေသည်။

ယခုတစ်ခါမှာတော့ ရောက်သည်နှင့် အထုပ်များကိုပစ်ချကာ ကြမ်းပြင်ပေါ်သို့ ထိုင်ချလိုက်ပြီး ဘာမပြောညာမပြော ရှိုက်ကြီးတငင် ငိုလေတော့သည်။

ဖြစ်ခဲ့သည့်အကြောင်း သိလိုသောကြောင့် ငြိမ်းစုလှိုင်တို့ သားအမိ အမျိုးမျိုးမေးသော်လည်း တစ်ခွန်းမျှမဖြေ။ ငို၍သာ နေတော့၏။ ဘာမျှမေး၍မရသည့်အဆုံး ငြိမ်းစုလှိုင်တို့သားအမိနှစ်ယောက်လည်း အလိုက်သိစွာဖြင့် ငြိမ်၍သာ နေလိုက်ကြတော့၏။

ဆယ်မိနစ်ကြာလောက် အားရအောင် ငိုပြီးသည့်နောက် မြင့်မြင့်မော်ထံမှ ရှိုက်သံ တဖြည်းဖြည်းစဲလာလေသည်။

"ကဲ- ငိုတာလည်းငိုပေါ့ မော်ရယ်၊ ပြောစရာရှိတာလည်း မငြိမ်းကို ပြောဦးမှပေါ့၊ မငြိမ်းကို ပြောချင်လို့ လာတာပဲ မဟုတ်လား၊ မော်ပြောလို့ အကြောင်းရင်းသိမှ ဖြေရှင်းလို့ ရမှာ မဟုတ်လား"

ငိုသံ တဖြည်းဖြည်းပျောက်လာသည့်အတွက် ငြိမ်းစုလှိုင်က သူငယ်ချင်းဖြစ်သူအား ချော့ချော့မော့မော့လေး ပြောဆို မေးမြန်းလိုက်၏။

မငိုတော့သော်လည်း မေးသည်ကို မဖြေသေးဘဲ ဝရန်တာဘက်ဆီသို့ အဓိပ္ပာယ်မရှိ တွေတွေဝေဝေ စိုက်ကြည့်နေပြန်၏။

အတော်လေးကြာမှ -

"အမေနဲ့ မမငြိမ်း ကျွန်မ ကြာကြာမနေရတော့ဘူး၊ သေရတော့မှာတဲ့"

"ဟေ ဘာဖြစ်လို့လဲ သမီးရဲ့ နိမိတ်မရှိ နမာမရှိကွယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လို ပြောလိုက်တာလဲ မော်၊ သေရတော့မှာဆိုတော့ မော့်မှာ ဘာရောဂါတွေများ ဖြစ်နေလို့လဲ"

"ကျွန်မလေ သူများတွေ သိကုန်မှာစိုးလို့ ဒီအကြောင်း ဘယ်သူ့မှ မပြောခဲ့ဘူး မမငြိမ်း၊ ကျွန်မမှာလေ အခု HIV (+)တဲ့ အစ်မရဲ့"

"ဟေ- မော့်မှာ အဲဒီပိုးတွေ့ရအောင် မော်က ဘာအမှားလုပ်မိလို့လဲ၊ ဖြစ်နိုင်တာ ညီမရယ်"

"ဘာလဲ သမီးရဲ့ HIV(+) ဆိုတာ ဘာရောဂါကို ပြောတာလဲ"

"အဲဒါကလေ မေမေ၊ AIDS ဝေဒနာသည်တွေ သိတယ်မဟုတ်လား၊ သူတို့မှာရှိတဲ့ပိုး တွေ့လို့တဲ့၊ မဖြစ်နိုင်တာ မော်ရာ၊ ကဲ ကဲ မျက်နှာသစ်လိုက်ဦး၊ ပြီးရင် တစ်ခုခုစား၊ နောက်မှ ဒီကိစ္စ အေးအေးဆေးဆေး ပြောကြတာပေါ့နော်"

ငြိမ်းစုလှိုင်တို့အိမ်က ဧည့်သည်ရှိသည်။ လာသမျှဧည့်သည်အပေါင်းကို မိခင်ဖြစ်သူက ဒိုင်ခံပြီး ဧည့်ထောက်ခံ၏။ ဒီကိစ္စမျိုးက မလိုအပ်ဘဲ အများသူငါ သိ၍ကောင်းသော ကိစ္စမျိုးမဟုတ်။ ဟုတ်တာ မဟုတ်တာ အသာထား၊ ကာယကံရှင်၏ ဂုဏ်သိက္ခာကို ထောက်ထားစာနာကာ ငြိမ်းစုလှိုင်က စကားဖြတ်လိုက်ခြင်းဖြစ်၏။

လူအများစုက ဤကဲ့သို့သော ဝေဒနာသည်များကို စာနာကူညီခြင်းထက်ရှုံသာမက ဖယ်ကြဉ်ထားတတ်ကြသောကြောင့် ဖြစ်လေသည်။

"ကဲ- ပြောပါဦးမော်ရယ်၊ မငြိမ်းဖြင့် ရင်တွေတောင်တုန်လို့လေ၊ စောစောက မေမေရှိနေလို့ စကားဖြတ်လိုက်တာ၊ အိမ်မှာကလူစုံတယ်ဟိုအကြောင်း ဒီအကြောင်း ပြောကြဆိုကြရင်း မေမေ့ပါးစပ်က လွှတ်ခနဲ ထွက်သွားမှာစိုးလို့လေ၊ မသိသင့်တဲ့ ကိစ္စမျိုးကိုတော့ မပြောတာပဲ ကောင်းတယ်မဟုတ်လား"

"ဟုတ်တယ် အစ်မ၊ ကျွန်မလည်း လူတွေ သိကုန်မှာစိုးတယ်၊ ရှက်လည်းရှက်၊ ကြောက်လည်းကြောက်ပါပဲ အစ်မရယ်၊ ကျွန်မ ဘယ်လို လုပ်ရပါ့မလဲ ဟင်"

"နေဦးလေ၊ ဒီရောဂါရှိတယ်ဆိုတာ ညီမက ဘယ်လိုလုပ်သိတာလဲ၊ ဘယ်သူ ပြောတာလဲ၊ သေချာလို့လား"

"ဒီလို မမငြိမ်းရဲ့၊ ကျွန်မ အမျိုးသား ဆုံးသွားတာ ခြောက်လရှိပြီလေ၊ မမငြိမ်းလည်း သိတာပဲ၊ ကျွန်မတို့ သိထားတာက အဆုတ်ကင်ဆာနဲ့ ဆုံးသွားတယ်လို့ သိထားတာလေ၊ ဒါပေမဲ့ မဟုတ်ဘူးတဲ့ အစ်မရယ်၊ ကျွန်မ အမျိုးသားက AIDS ရောဂါသည်တဲ့"

"ဟုတ်လား၊ အဲဒါ မော့်ကို ဘယ်သူပြောတာလဲ၊ ဆေးကုတာလည်း မော်ပဲ လိုက်ကုပေးနေတာပဲ မဟုတ်လား၊ ဘာရောဂါလဲဆိုတာ မော်သိမှာပေါ့"

"သူ ဆေးစစ်တာ နှစ်ခါ သုံးခါတောင် အစ်မရဲ့၊ ကျွန်မနဲ့ သွားတဲ့အခါမှာတော့ အဆုတ်ကင်ဆာလို့ ပြောတာပဲ၊ ကျွန်မကလည်း ဆေးပညာနဲ့ ပတ်သက်ပြီး ဘာမှ ဗဟုသုတမရှိဘူး အစ်မ၊ ဆေးခန်းသွားရင်လည်း များသောအားဖြင့် သူ့အစ်မတစ်ဝမ်းကွဲ တစ်ယောက်နဲ့ သွားကြတယ်၊ ကျွန်မက အလုပ်နဲ့ လုံးချာလိုက်နေရတာဆိုတော့လေ။

ဒါပေမဲ့ ကျွန်မ အသုံး‹ တာပါ၊ ကိုယ့်ယောကျ်ားထက် ဒီအလုပ်က အရေးကြီးဦးမှာလား၊ အခုတော့ ကိုယ့်ယောကျ်ားသေတာတောင် ဘာရောဂါနဲ့ သေသွားတယ်ဆိုတာ အတိအကျမသိဘူးလေ၊ ဘယ်လောက်များ အသုံးမကျတဲ့ မိန်းမ ဖြစ်လိုက်သလဲ အစ်မရယ်"

မြင့်မြင့်မော်က ပြောပြီး ယူကျုံးမရ ငိုနေပြန်လေသည်။ ဆေးခန်းတွေမှာကလည်း ယခုကဲ့သို့ ပြဿနာမျိုးမကြာခဏဆိုသလို ကြားနေရ၏။

ဆရာဝန် ဆုံးဖြတ်ချက်ချသည့် ရောဂါက တစ်မျိုး၊ သေတော့မှ ရောဂါက တစ်မျိုး၊ တိကျသေချာစွာ ကုသပေးနိုင်သော ဆေးပညာရှင်နှင့် ညှိနှိုင်းကာ ကုသနိုင်ဖို့တော့ လိုပေသည်။

"နေပါဦး ဒီရောဂါနဲ့ သေတယ်ဆိုတာ ဘယ်သူပြောတာလဲ၊ ညီမမှာရော ရှိနေတယ်လို့ ဘယ်လိုလုပ်သိသလဲ၊ မငြိမ်းကို ဖွင့်ပြောမှတော့ မငြိမ်းက သေချာသိအောင်တော့ မေးရတော့မှာပဲ၊ ဒါမှ ဖြစ်နိုင် မဖြစ်နိုင် စဉ်းစားနိုင်မှာလေ"

"ဒီလို မမငြိမ်းရဲ့၊ ကျွန်မ အမျိုးသားက သူနဲ့ ရင်းနှီးတဲ့ ဆေးခန်းတစ်ခုလည်း ပြသေးတယ်၊ အဲဒီဆေးခန်းက ဆရာက ကျွန်မ အမျိုးသားမှာ ပိုးတွေ့တယ်တဲ့၊ ကျွန်မကိုလည်း သွေးစစ်ကြည့်သင့်တယ်ဆိုလို့ စစ်ကြည့်လိုက်တော့ သူ ထင်ထားသလိုပဲ ကျွန်မမှာလည်း HIV (+) တဲ့ အစ်မရယ်၊ ကျွန်မလေ ကမ္ဘာကြီးတစ်ခုလုံး ချာချာလည်သွားသလို ခံစားလိုက်ရတယ်"

"သေချာလို့လား ညီမရယ်၊ အဲဒါဆို ဒီရောဂါရှိမှန်းသိရက်သားနဲ့ ညီမ အမျိုးသားက ဖြစ်လို့ မပြောတာလဲ၊ နောက်ပြီး အဲဒီဆေးခန်းမှာ ဆက်မကုဘဲ ဘာဖြစ်လို့ တခြားဆေးခန်းမှာ ပြောင်းကုတာလဲ"

"ဘာဖြစ်လို့ ကျွန်မကို မပြောတာလဲဆိုတာ ကျွန်မ မသိဘူး၊ အဲဒီ

www.burmeseclassic.com

ရောဂါရှိနေတယ်လို့ တစ်ခါမှ မပြောဖူးဘူး၊ သူပြောင်းပြတဲ့ ဆေးခန်းက ကျွန်မတို့ မြို့မှာတော့ နာမည်ကြီးပဲ အစ်မရယ်၊ အဲဒါကြောင့်ပဲ ပြောင်းပြတယ် ထင်ပါရဲ့။

ကျွန်မလေး ခေါင်းတွေရှုပ်လွန်းလို့ ဘာမှကို မစဉ်းစားတတ်တော့ပါဘူး၊ ကျွန်မ သေရမှာကို သိနေပြီဆိုတော့ ကြောက်နေလည်း အပိုပါပဲ၊ ဒါပေမဲ့ အစ်မရယ်၊ သားလေးက အခုမှ လေးတန်း ရှိသေးတာ၊ ဟုကယ့် လူမမည် အရွယ်လေး၊ အဖေလည်းမရှိတော့ဘူး။

ဒီကြားထဲ အမေပါ ထပ်သေရင်တော့ ခက်ကုန်တော့မှာပဲ အစ်မရယ်၊ အဲဒါကြောင့် ဒီကလေး ဆယ်တန်း လောက်ရောက်တဲ့အထိ ကျွန်မအသက်ကို ဆွဲဆန့်ထားနိုင်ရင် တော်ပါပြီ၊ ဘယ်လောက်ပဲကုန်ကုန် အစ်မရယ်၊ ကျွန်မလေ လုပ်မှဖြစ်မှာ၊ အစ်မလည်း ကူညီပါဦးနော်၊ အားနာပေမဲ့ ပြောရတော့မှာပဲ အစ်မရယ်"

"အစ်မ ကူညီနိုင်တာ ကူညီမှာပါ၊ ဒါပေမဲ့ ညီမစိတ်ထဲမှာ ဒီရောဂါကြီး ဖြစ်နေပါပြီလို့ ကျိန်းသေကြီး မမှတ်လိုက်ပါနဲ့ဦး၊ မငြိမ်း ဆေးစာအုပ်တွေထဲမှာ ဖတ်ဖူးတာကို ပြောပြမယ်နော်၊ HIV Test တစ်ခါလုပ်ပြီး (-) အဖြေထွက်လည်း စိတ်ချလို့ မရဘူးတဲ့၊ အဲဒီလိုပဲ (+) အဖြေထွက်လို့လည်း သေချာပေါက် ရောဂါဆိုးကြီး ဖြစ်နေပါပြီဆိုပြီး ကြောက်စရာမလိုသေးပါဘူးတဲ့၊ Test ကို အမျိုးမျိုးလုပ်ကြည့်မှ ရှိတယ် မရှိဘူး၊ တပ်အပ်သေချာ ပြောနိုင်မှာပါတဲ့၊ ညီမ စိတ်ဓာတ်ကျမသွားနဲ့၊ ဆေးစစ်ချက်တွေကလည်း မှားတတ်တာပဲလေ"

"ဒါပေမဲ့ အစ်မရယ်၊ ဆေးစစ်တော့ ကျွန်မ သေသေချာချာကို စစ်ခဲ့တာ၊ နောက်ပြီး ရောဂါလက္ခဏာတွေက ကျွန်မ အခုခံစားနေရတာနဲ့ တစ်ထပ်တည်းပဲ မဟုတ်လား၊ အစ်မပဲ ကြည့်လေ၊ ပြီးခဲ့တဲ့ တစ်ခေါက်လာတုန်းကနဲ့ ကျွန်မရဲ့ အခုပုံစံ ယှဉ်ကြည့်ပါဦး တူသေးရဲ့လားလို့လေ"

မြင့်မြင့်မော် ကယောင်ချောက်ချား ဖြစ်မည်ဆိုလည်း ဖြစ်စရာပင်။ ဖျားနေသည်က ကြာပြီ။ အစားအသောက်လည်း ကောင်းကောင်းမဝင်။ ချောမောကျွေးတာတောင် နည်းနည်းပဲ ဝင်၏။ အစားအသောက် ပျက်နေသည့်ပုံပင်။ ဒီကြားထဲ ဝမ်းက ခဏခဏ ပျက်သည်။ ပါးစပ်ဟခိုင်းတော့လည်း မှက်ခရုကဲ့သို့ ဖြူဖြူတွေ တွေ့မြင်နေရ၏။ နဂိုထက် တစ်ဝက်လောက် ပိန်ကျသွားရုံသာမက အသားအရေ ညိုညစ်ခြောက်ကပ်နေသည်ကို သိမြင်လိုက်ရသည့်အတွက် ငြိမ်းစုလှိုင်ပင် တုန်လှုပ်ချောက်ချားသလို ဖြစ်လာ၏။

သို့သော်လည်း အားကိုးတကြီး ရောက်လာသော သူငယ်ချင်း ဖြစ်သူအားငယ်သွားမည်စိုး၍ အတတ်နိုင်ဆုံး ပူပင်သောကတို့ လျော့နည်းသွားစေရန် အားပေးစကားတို့ကို ပြောဆိုလိုက်၏။

"စိတ်သိပ်မပူပါနဲ့ မော်၊ ဒီရောဂါ မဖြစ်နိုင်ပါဘူး၊ နောက်ဆုံးကွာ ဖြစ်တယ်ပဲ ထားလိုက်ပါဦး၊ ဒီခေတ်မှာ ဆေးကောင်း ဝါးကောင်းတွေ ရှိနေပြီလေ၊ တစ်ခါတုန်းက စာစောင်ထဲမှာ ဖတ်လိုက်ရသေးတယ်၊ ဒီရောဂါအတွက် ဆေးတောင် အောင်မြင်နေပြီ ဆိုပဲ၊ အနာသိရင် ဆေးရှိရမှာပေါ့၊ စိတ်ကို အေးအေးထားနော်"

"ကျွန်မ အမျိုးသားက ဒီရောဂါ ရှိနေတာဆိုတော့ ကျွန်မက သူ့ဆီက ကူးတာပေါ့နော်၊ ဖြစ်ပြီးမှတော့ သေသွားတဲ့ လူကိုလည်း အပြစ်မပြောလိုတော့ပါဘူး၊ ကျွန်မ ကံပေါ့၊ ဒါပေမဲ့ အစ်မရယ် ကျွန်မအမျိုးသားမှာ ရှိနေတာ လူတွေသိကြတာ မဟုတ်ဘူးလေ၊ အားလုံးသိနေတာက အဆုတ်ကင်ဆာနဲ့ ဆုံးသွားတာပဲ သိကြတာလေ။

ယောကျ်ားလည်း မရှိ၊ ကျွန်မမှာက ဒီရောဂါကြီး ဖြစ်နေတယ်ဆိုတာများ လူတွေသိရင် ကျွန်မတော့ လူတကာ တံတွေးခွက် ပက်လက်မျောဖို့ပဲ ရှိပါတော့တယ် မမငြိမ်းရယ်"

"အဲဒီလိုလည်း မဟုတ်သေးဘူးလေ မော်ရဲ့၊ ဒီ HIV ပိုးဆိုတာက အပျော်အပါးကိစ္စတွေကြောင့် ကူးတတ်တာ မှန်ပေမယ့် ဒီပိုးကူးခံရတဲ့ လူတိုင်း မဟုတ်တဲ့အလုပ်တွေလုပ်လို့ ဖြစ်ရတာ မှမဟုတ်တာ၊ တခြားသော နည်းလမ်းတွေနဲ့လည်း ကူးစက်ခံရတတ်ပါတယ်၊ လူရိုးလူကောင်းတွေ ဖြစ်ပေမယ့် နေထိုင်မကောင်းလို့ သွေးသွင်းဖို့လိုတဲ့အခါ HIV ပိုးပါတဲ့ သွေးသွင်းမိရင် ကူးနိုင်တာပဲလေ။

နောက်ပြီး အချို့ဆရာဝန်တွေ ဒီရောဂါဖြစ်နေကြတယ်၊ သူတို့ အပျော်အပါး လိုက်စားမိလို့တော့ မထင်ပါနဲ့၊ HIV ရောဂါသည်တွေကို ဆေးကုပေးရင်း ကံဆိုးချင်တော့ ကိုယ့်မှာ အနာဒဏ်ရာတစ်ခုခု ဖြစ်နေတာကို လက်အိတ်တွေမသုံးဘဲ သွေးတို့ ဘာတို့ကနေ တစ်ဆင့် ကူးခံရတာမျိုး ကြားဖူးတယ်လေ၊ စာအုပ်တွေထဲမှာလည်း ဖတ်ဖူးတာပဲ၊ ဒီရောဂါပိုးရှိတဲ့လူတိုင်း အပျော်အပါး လိုက်စားလို့ မဟုတ်ဘူးဆိုတာ ဗဟုသုတရှိတဲ့သူတိုင်း သိကြပါတယ် ညီမရယ်၊ ကိုယ်မဟုတ်တာ လုပ်သလား မလုပ်ဘူးလားဆိုတာ ကိုယ့်ကိုယ်ကို အသိဆုံးပါ"





www.burmeseclassic.com

www.burmeseclassic.com

"မမငြိမ်းစကားတွေ နားထောင်လိုက်ရတာ ရင်ထဲ အတော်ပေါ့သွားသလိုပါပဲ၊ ကျွန်မအဖြစ်တွေ မမငြိမ်းဆီလာပြီး ရင်ဖွင့်လိုက်တာ မှန်သွားတယ်၊ ဒီကိစ္စ သိသိချင်း ကျွန်မဖြင့် ကိုယ့်ကိုယ်ကိုယ် သတ်သေပစ်လိုက်ချင်တာ၊ သားလေးရှိနေလို့ မနည်း အားတင်းထားရတာ အစ်မရဲ့"

"ဘဝဆိုတာ ဒီလိုပါပဲ ညီမရယ် အေးချမ်း သာယာလှချည်ရဲ့လို့တော့ တစ်ဦးတစ်ယောက်မှ မရှိပါဘူး၊ ပူပင်သောကတွေက တစ်ခုမဟုတ် တစ်ခု ရှိနေတာပါပဲ၊ ကဲ- ထားပါတော့ အခု ညီမဆန္ဒက ဘယ်လိုလဲ၊ ဒီရောဂါကိုပဲ ကုတဲ့ ဆေးရုံကိုသွားကုချင်သလား၊ ဒါမှ မဟုတ် အထူးကုဆေးခန်းကြီးတွေမှာ ပြချင်သလား"

"ကျွန်မ စဉ်းစားထားတာရှိတယ်၊ အားနာပေမယ့် မမငြိမ်းကိုပဲ အကူအညီတောင်းရမှာပဲ၊ မမငြိမ်း ကျေးဇူးတွေလည်း မမေ့ပါဘူး၊ ဒီဘဝ မဆပ်နိုင်တောင် နောက်ဘဝ ဆပ်ဖြစ်အောင် ဆပ်မှာပါနော်"

"ဟယ် ပေါက်ကရ ဘာတွေ လျှောက်ပြောနေတာလဲ၊ အမိပ္ပာယ်မရှိတာတွေ မတွေးနဲ့ ညီမ၊ ကဲ- ပြောပါဦး ဘယ်ကရှင် စိတ်ချမ်းသာဖို့ အရေးကြီးတယ်၊ ညီမ ဆန္ဒရှိတဲ့အတိုင်း အဆင်ပြေအောင် လုပ်ကြတာပေါ့"

"ကျွန်မထင်တယ်လေ၊ ဒီရောဂါက ခဏာပန်း ကုရုံနဲ့ ပျောက်နိုင်တာ မဟုတ်ဘူး၊ အချိန်ယူ ကုရလိမ့်မယ် ထင်တယ်၊ ကျွန်မမှာ သူငယ်ချင်း တစ်ယောက်ရှိတယ် အစ်မ၊ အရမ်းခင်တယ်၊ ကျောင်းတုန်းက တစ်ခန်းတည်းအတူ နေခဲ့ကြတာလေ၊ သူ အခု ဆေးရုံကြီးမှာ ရှိတယ်"

"ဘယ်လိုလဲ ညီမ၊ မငြိမ်း နားမလည်တော့ဘူး၊ ညီမနဲ့ ကျောင်းအတူ တက်ခဲ့တဲ့ သူငယ်ချင်းက ဆေးရုံကြီးမှာ ရှိတယ်ဆိုတော့ သူက ဘာလဲ၊ ဘာ အလုပ်လုပ်တာလဲ"

"အလောတကြီးနဲ့ ပြောလိုက်မိတာ ရှုပ်ကုန်ပြီ အစ်မရယ်၊ ဒီလိုပါ ကျွန်မသူငယ်ချင်းက စည်ပင်မှာ လုပ်နေတယ်၊ သူ့အစ်မက ဆေးရုံကြီးက သူနာပြုဆရာမကြီး၊ အဆောင်မှာ နေကြတယ်။

ဒီရောဂါနဲ့ပတ်သက်ပြီး ကျွန်မ သူငယ်ချင်းနဲ့ ပွင့်ပွင့်လင်းလင်း ပြောလိုက်တော့မယ် ရှက်မနေနိုင်တော့ပါဘူး၊ ဆေးဝန်ထမ်းဆိုတော့ အကြံကောင်း ဉာဏ်ကောင်း ပေးမှာပဲ၊ သူ လုပ်ခိုင်းတဲ့အတိုင်း လုပ်လိုက်တော့မယ် အစ်မရယ်၊ ဆေးရုံတက်ဆိုရင်လည်း ကျွန်မ တက်လိုက်တော့မယ်၊ အဲဒီလိုဆို ကောင်းမယ်ထင်တယ် အစ်မ"

"ရင်းနှီးတဲ့ ဆေးဝန်ထမ်း အသိရှိလို့ သွားတယ်ဆိုရင်ကတော့ ညီမ သဘောပါ၊ ဒီအကြံလည်း မဆိုးပါဘူး၊ တခြားဆေးရုံ ဆေးခန်းမှာ အစိမ်းသက်သက်သွားတာထက် အသိမိတ်ဆွေရှိတဲ့ နေရာဆိုတော့ အားပိုရှိတာပေါ့၊ ဒါပေမဲ့ မငြိမ်းကို အားနာပြီး သွားတာမျိုးတော့ မလုပ်နဲ့နော်၊ ကူညီပေးရတာ ဘာမှ အပန်းမကြီးပါဘူး၊ နောက်ပြီး လုပ်ပေးဖို့ သင့်တဲ့ကိစ္စ မဟုတ်လား"

"အဲဒီလိုတော့ မဟုတ်ပါဘူး၊ မမငြိမ်းကို အားနာလို့ မဟုတ်ပါဘူး၊ ဟိုကိုသွားတာ ပိုသင့်တော်မယ် သို့ပါ၊ အဲဒီကိုတော့ မမငြိမ်းပဲ လိုက်ပို့ပေးပါနော်၊ အရင်ဆုံး လူပဲ သွားတိုင်ပင်မယ်၊ ဆေးရုံတက်ဖို့ လိုပြီဆိုမှ ကျွန်မ ပစ္စည်းတွေ ယူမယ်နော် အစ်မ"

"ညီမ သဘောပါ၊ အဆင်ပြေမယ်လို့ထင်ရင် လုပ်ပါ၊ မငြိမ်း လိုအပ်တာ ကူညီပေးမယ်နော်"

ကျန်းမာရေးနှင့် ပတ်သက်လျှင် လူနာဆန္ဒရှိသည့်အတိုင်း လုပ်ကိုင်ပေးခြင်းသည် အကောင်းဆုံးဟု ငြိမ်းစုလှိုင်က ခံယူထား၏။ သူ အကြံကောင်း ဉာဏ်ကောင်းရှိသလောက် ကူညီလုပ်ကိုင်ပေးမည် ဖြစ်သော်လည်း ၎င်းတို့ ကျွမ်း နားလည်သည့် ဆေးဝန်ထမ်းလောက်တော့ အရာဝင်မည် မဟုတ်ကြောင်း ကောင်းစွာ နားလည်သောကြောင့် သူငယ်ချင်း၏ ဆန္ဒအတိုင်း လုပ်ကိုင် ဆောင်ရွက်ပေးရန် သဘောတူလိုက်ခြင်း ဖြစ်၏။

ရုံးပိတ်သည့်တစ်ရက် မြင့်မြင့်မော် သွားလိုသော ဆေးရုံကြီးမှ သူငယ်ချင်း၏ အဆောင်သို့လိုက်ပို့၏။ မေးရင်းမြန်းရင်းနှင့်ပင် သူငယ်ချင်း ဖြစ်သူ၏ အခန်းသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားသော်လည်း တွေ့လိုသူတို့ တစ်ယောက်မျှ မရှိ။ တံခါးသော့ခတ်ထားသည်ကိုသာ တွေ့ရ၏။

"ဒုက္ခပါပဲ အစ်မရယ်၊ သော့ကြီးခတ်ပြီး ဘယ်များသွားနေကြတာပါလိမ့်၊ ဒီနေ့ ရုံးပိတ်ရက်ကြီးဟာကို"

"အလုပ်နားရက်ဆိုတော့ ကိစ္စရှိလို့ အပြင်လေး ဘာလေးသွားတာဖြစ်မှာပေါ့၊ မော့သူငယ်ချင်းကို မနက်ကတောင် တွေ့သေးတယ်လို့ ဆေးခန်းက လူတွေ ပြောတယ်မဟုတ်လား၊ စောင့်လိုက်ပါ၊ ပြန်လာမှာပေါ့၊ မငြိမ်းတို့မှာ တခြားသွားစရာ အရေးတကြီးကိစ္စလည်း ရှိတာမှ မဟုတ်တာ"

"အစ်မကို အားနာလို့ပါ၊ အိမ်မှာ အမေတစ်ယောက်တည်း ကျန်ခဲ့တာဆိုတော့လေ"



www.burmeseclassic.com

www.burmeseclassic.com

"မေမေ နေကောင်းနေတာပဲ ရတယ်၊ မော်ကိစ္စပဲ အဆင်ပြေသွားအောင် စောင့်ပြီး တိုင်ပင်လိုက်ကြတာပေါ့နော်"

မြင့်မြင့်မော် အားနာမည်ဆိုလည်း အားနာချင်စရာ။ အခန်းရှေ့ခုံတန်းလျားလေးတွင် ထိုင်စောင့်၊ ထိုင်တာ ကြာတော့ လမ်းလျှောက်စောင့်နှင့် သုံးနာရီကျော်ကျော်လောက်ကြာမှ မြင့်မြင့်မော်၏ သူငယ်ချင်း စမ်းစမ်းထွေးဆိုသူ ရောက်လာ၏။ မမျှော်လင့်ဘဲ တွေ့လိုက်ကြရသည့် သူငယ်ချင်းနှစ်ယောက် ဝမ်းသာအားရ နှုတ်ဆက်နေလိုက်ကြသည်မှာ သောကမရှိသည့် အချိန်သာဆိုလျှင် အတော်လေးကို ပျော်ရွှင်ကြည်နူးစရာပင်။

ယခုတော့ တစ်ဖက်က အခြေအနေ အရပ်ရပ်ကို မသိသေးသည့်အတွက် ပြုံးပျော်၍ နေနိုင်သော်လည်း တစ်ဖက်မှာတော့ ကုရန် ခက်ခဲလှသော ရောဂါဝေဒနာဆိုးကြီး တွေ့ကြုံခံစားနေရသူပီပီ ပြုံးလို့သာ ပြုံးနေရသည်။ ဟန်ဆောင်ပြုံး၊ မချိတင်ကဲ အပြုံးနှင့်သာ ဖြစ်၏။

မြင့်မြင့်မော်က သူ့သူငယ်ချင်းနှင့် ငြိမ်းစုလှိုင်ကို မိတ်ဆက်ပေး၏။ နောက် သူ့ငြ၂ ၁နာကို ရင်ဖွင့်ကာ ပြောဆိုလေသည်။

"ငါ နင့်ဆီလာတာ ကိစ္စရှိလို့ စမ်းစမ်းရဲ့၊ မစမ်းစမ်းအေးနဲ့လည်း တွေ့မှဖြစ်မှာ၊ ငါ့မှာ အခု. . ."

သူငယ်ချင်းနှစ်ယောက် ပွင့်ပွင့်လင်းလင်း ပြောဆိုနိုင်ကြစေရန် ငြိမ်းစုလှိုင်က လမ်းလျှောက်ရင်း အသာရှောင်ပေး၏။ အတော်လေးကြာအောင် ပြောကြဆိုကြပြီးမှ မြင့်မြင့်မော်တို့ နှစ်ယောက် အပြင်ထွက်လာကြလေသည်။

"ဟော ပြော့ဆိုပြီးကြပြီလား၊ မငြိမ်းကို အားမနာနဲ့နော်၊ ပြောစရာရှိသေးရင် အေးအေးဆေးဆေးပြောကြဦး မငြိမ်း လျှောက်ကြည့်လို့တောင် မဝသေးဘူး"

"ပြီးပါပြီ မမငြိမ်း၊ နောက်နှစ်ရက်လောက်နေမှ ထပ်တွေ့ရမှာလေ၊ အခုတော့ ပြန်ကြစို့ ကြာလည်းအတော်ကြာသွားပြီ"

နှုတ်ဆက်ပြီး နှစ်ယောက်သား အုတ်လမ်းလေးအတိုင်း လျှောက်လာကြ၏။

"အဆင်ပြေလား မော်၊ ဘာပြောလိုက်ကြသလဲ သူတို့က"

"မသိရသေးဘူး အစ်မ၊ မစမ်းစမ်းအေးက ခရီးထွက်သွားလို့တဲ့လေ၊ နောက်နှစ်ရက်လောက်နေမှ ပြန်ရောက်လာမှာတဲ့၊ သူငယ်ချင်းကိုတော့ အားလုံးဖွင့်ပြောလိုက်တယ်၊ ညီမ စီစဉ်ထားတာလည်း ပြောလိုက်တယ်၊ သူ့အစ်မပြန်လာတာနဲ့ ပြောပြပြီး အကြောင်းပြန်မယ်တဲ့လေ"

"ဟုတ်လား အဲဒီ အစ်မနဲ့တွေ့မှ ဒီကိစ္စ ဘာဆက်လုပ်ရမလဲဆိုတာ သိရမှာဆိုတော့ စောင့်ရမှာပေါ့၊ စိတ်အေးအေးထား၊ ဒီနေ့ စနေနေ့ဆိုတော့ ညနေကျ ဘုရားလိုက်ပို့မယ်၊ မနက်ဖြန်လည်း အားတယ်၊ ဘုရားဖူးထွက်မယ်၊ ညီမ ကုသိုလ်ကောင်းမှုတွေလုပ်၊ ကျန်းမာရေး အတွက်လည်း ဆုတောင်းနော်၊ သူတို့နဲ့ ပြန်တွေ့မှာ ဘယ်တော့လဲ၊ ရုံးဖွင့်ရက် ဖြစ်မယ်ထင်တယ်၊ မငြိမ်းက တစ်မျိုးတစ်မည် စီစဉ်ရအောင်လို့လေ"

"နောက် နှစ်ရက်လောက်လို့တော့ ပြောတာပဲ၊ သူတို့ ဖုန်းဆက်မယ်တဲ့၊ ကိုယ့်ကိစ္စဆိုတော့ စောင့်ရမှာပေါ့ အစ်မရယ်၊ ဟုတ်တယ် မဟုတ်လား"

"ဒါဆိုလည်း ရုံးဖွင့်တဲ့နေ့ကျ လိုက်ခဲ့၊ ရုံးမှာဆိုတော့ သူငယ်ချင်းတွေနဲ့ စကားစမြည်ပြောနေရင် စိတ်အပြောင်းအလဲ ဖြစ်တာပေါ့၊ ညီမ တစ်ယောက်တည်းဆို တောင်တွေး မြောက်တွေးနဲ့ ဖြစ်နေမှာစိုးလို့လေ"

"ရုံးတော့ မလိုက်တော့ပါဘူး အစ်မရယ်၊ ဒီကိစ္စကြီးလည်း မပြောချင်ဘူး၊ စကားတွေလည်း ပြောချင်စိတ်မရှိဘူးလေ၊ အစ်မ ဘုရားဖူးလိုက်ပို့ရင် ဘယ်လိုသွားရတယ်ဆိုတာ မှတ်ထားမယ်။

အစ်မ ရုံးသွားရင် ကျွန်မလည်း ဘုရားသွားပြီး ကုသိုလ်ကောင်းမှုတွေ လုပ်မယ်၊ တရားထိုင်မယ်၊ ဒါတွေက ကျွန်မအတွက် အကျိုးရှိလိမ့်မယ် ထင်ပါတယ် အစ်မရယ်"

"ဒါလည်းကောင်းတာပဲ၊ ရတနာမြတ်သုံးပါး ဂုဏ်ကျေးဇူးကြောင့် ငါ့ညီမ အစစအရာရာ အဆင်ပြေသွားပါလိမ့်မယ်၊ ယုံယုံကြည်ကြည်သာ လုပ်ပါ၊ ကောင်းကျိုးခံစားရမှာ သေချာပါတယ် ညီမရယ်"

◆

"ဘယ်လို ညီမ၊ သူတို့ဆီမှာ ကုတာထက် ဒီရောဂါ ထိထိရောက်ရောက် ကုပေးတဲ့ဆီသွားတာ ပိုကောင်းတယ်ဟုတ်လား၊ ညီမ သူတို့နဲ့ တွေ့ပြီးသွားပြီလား"

"မတွေ့ရသေးဘူး အစ်မ၊ သူတို့ ဖုန်းဆက်တာ အစ်မ အိမ်ဖုန်း ကျွန်မ ပေးခဲ့တယ်လေ၊ ဘာအဆက်အသွယ်မှ မရသေးတာနဲ့ ဘုရားသွားမလို့ ပြင်နေတုန်း ဖုန်းဝင်လာတာ၊ အစ်မရုံးကို ဖုန်းလှမ်းဆက်ဖို့တော့ စဉ်းစားသေးတယ်၊ အလုပ်တွေ ရှုပ်နေမယ့်အချိန်ကြီး အားနာလို့၊ ဒီနေ့လည်း ဘုရားသွားပြီး





www.burmeseclassic.com

www.burmeseclassic.com

ဆိုလ်ကောင်းမှုပဲ လုပ်နေလိုက်တယ် အစ်မရယ်"

"သူတို့ဆီမှာ စမ်းသပ်ပြီးလို့ ဒီရောဂါ သေချာပြီဆိုရင်တော့ ထိထိရောက်ရောက် ကုပေးတဲ့ဆီ သွားဆိုလည်း သွားတာပေါ့လေ၊ အဲဒီလို အရင်စစ်ဆေးကြည့်ဖို့ သင့်တယ် မဟုတ်လား၊ ညီမတော ဘာမှ မပြောလိုက်ဘူးလား၊ ရှိတယ်၊ မရှိဘူး သေချာသိရအောင် ဆေးစစ်ကြည့်ချင်တယ်လို့လေ"

"အဲဒီအစ်မက ခရီးပြန်ထွက်ရဦးမယ်တဲ့၊ စမ်းစမ်းကလည်း သူ့ရုံးအလုပ်နဲ့ အဆောင်ပြန်အိပ်ရတဲ့ ညမျိုးတောင် ရှိသလောက်ပဲဆိုတော့ ကျွန်မ ဘာမှ မပြောလိုက်တော့ဘူး အစ်မ၊ နောက်ပြီးတော့လေ ကျွန်မလို ရောဂါမျိုးဖြစ်နေတဲ့ သူနဲ့ ပတ်သက်ရမှာ ဝန်လေးကြတယ်ဆိုတာ သဘာဝပါပဲ၊ ကျွန်မက ဒါကို စဉ်းစားမိရမှာပါ၊ အမေနဲ့ အစ်မကိုတောင် ကျွန်မ အားနာလိုက်တာ"

"ညီမ ဘာလို့ အားနာရမှာလဲ၊ အဲဒါ မှားတာပေါ့၊ ဒီလိုရောဂါဝေဒနာရှင်တွေကို ဘာလို့ မပတ်သက်ပဲ နေရမှာလဲ၊ အတတ်နိုင်ဆုံး ဖေးမကူညီပေးရမှာပေါ့

မသိ နားမလည်တဲ့သူတွေက ဘာ ကူးမှာစိုးလို့ ရှောင်ကြတာ၊ အတူသွားလာရုံ တစ်အိမ်တည်း အတူနေကြရုံနဲ့ ရောဂါကူးနိုင်တာမှ မဟုတ်တာလေ၊ ဆေးတနေ ဒီလိုကူညီစောင့်ရှောက်မှုလေးတောင် မပေးကြရင် ဒီရောဂါသည်တွေ ဘယ်လိုလုပ်ပါ့မလဲ"

"အဲဒါ အစ်မ အတွေးလေ၊ အစ်မလို လူမျိုးကတော့ ရှားပါတယ်၊ ကျွန်မ စမ်းစမ်းတို့ဆီကနေ အကျိုးအကြောင်းသိရပြီးကတည်းက လုပ်သင့်လုပ်ထိုက်တာ လုပ်ဖို့စဉ်းစားထားတယ်၊ ကျွန်မ ဒီရောဂါကုတဲ့ ဆေးရုံပဲ သွားလိုက်တော့မယ်၊ အစ်မ လိုက်မပို့နဲ့၊ ဟိုတစ်နေ့က အစ်မ ဆေးရုံရှိတဲ့နေရာ ပြောလို့ မှတ်ထားပါတယ်၊ ကျွန်မ ကားငှားပြီး သွားလိုက်တော့မယ်၊ ဆေးရုံတက်ခိုင်းရင်လည်း တက်လိုက်မယ်၊ ရေရှည်ကုရမှာမို့ ဆေးစွဲသောက်ရမယ်ဆိုလည်း သူတို့ ပြန်ခိုင်းတဲ့ရက် အိမ်ပြန်ပြီး ဆေးသောက်နေမယ်၊ စိတ်ချ အစ်မ ကျွန်မ မဖြစ်ဖြစ်အောင် ကုမှာပါ၊ အစ်မက အပျိုကလေးဖြစ်နေတော့ မလိုက်ခဲ့နဲ့၊ အစ်မ သိက္ခာကျမှာစိုးလို့လေ"

"အဓိပ္ပာယ်မရှိတာ ညီမရယ်၊ မငြိမ်းက ဘာကိစ္စနဲ့ သိက္ခာကျရမှာလဲ၊ အဲဒီကို သွားချင်တယ်ဆိုလည်း လိုက်ပို့ပေးမယ်၊ ဒါပေမဲ့ မငြိမ်း တစ်ခု စဉ်းစားမိတယ်၊ ညီမလုပ်ချင်စိတ်ရှိမလားတော့ မသိဘူး"

"ဘာလဲ အစ်မ ပြောလေ၊ အစ်မက ကျွန်မ့ထက် ဗဟုသုတရှိတဲ့သူပဲ၊ အစ်မ စီစဉ်တာဆို ကောင်းမှာပါပဲ၊ ကျွန်မ အားနာတာတစ်ခုပါပဲ အစ်မရယ်"

"မငြိမ်း စဉ်းစားမိတာက ဒီလိုပါ၊ ညီမ သွားမယ်ဆိုတဲ့ ဆေးရုံလည်း ကောင်းပါတယ်၊ ဒါပေမဲ့ ညီမမှာ ရောဂါရှိတယ်ပဲ ထားလိုက်ပါဦး၊ ဆေးပဲ စွဲသောက်ပါဆိုပြီး ချက်ချင်းတော့ အိမ်ပြန်လွှတ်မှာ မဟုတ်တာသေချာတယ်၊ ရောဂါအခြေအနေ စောင့်ကြည့်ဖို့ အတွက် ဆေးရုံတက်ခိုင်းမှာပဲလေ။

အမှန်အတိုင်းပြောရရင် ဒီလို ရောဂါသည်ကို တစ်ယောက်တည်း မလွှတ်လိုက်ချင်ဘူး၊ ဘေးမှာ စောင့်ရှောက်ပေးမယ့် အဖော်သဟဲ တစ်ယောက်ကတော့ ပါသင့်တယ်လေ၊ မငြိမ်း အနေအထားကလည်း ညအိပ်ညနေ လိုက်ပေးနိုင်တဲ့ အနေအထား မဟုတ်ဘူးလေ"

"ကျွန်မ နားလည်ပါတယ်၊ ဒါလောက် ကူညီစောင့်ရှောက်ပေးနေတာတောင် ကျေးဇူးတင်လှပါပြီ အစ်မရယ်"

"ဒီလိုလုပ်ရအောင် နီးနီးနားနားဆို မနက်ပိုင်း ရုံးမသွားခင် ညနေပိုင်း ရုံးဆင်းချိန် မငြိမ်းစောင့်ရှောက်လို့ရတယ်၊ အစားအသောက်အတွက်လည်း ရုံးသွား ရုံးပြန် ပို့လို့ရတယ်၊ နောက်ပြီး ကိုယ်သွားနေကျ လာနေကျ ဆေးခန်းဆိုရင် Nurse ကအစ မျက်မှန်းတမ်းမိတဲ့သူတွေဆိုတော့ မငြိမ်း မလာနိုင်တဲ့ အချိန်တွေမှာလည်း ညီမကို စိတ်ချလက်ချ ထားလို့ရတာပေါ့"

"မမငြိမ်းက ကျွန်မကို ဘယ်ဆေးခန်းမှာ ပြစေချင်တာလဲဟင်"

"လမ်းလေးလျှောက်သွားရုံပါပဲ၊ ဒီနားက U.H.C အထူးကုဆေးခန်းမှာ ပြကြည့်မလား၊ အဲဒီမှာ ဆေးစစ်တာကအစ အကုန်ပြန်လုပ်မယ်၊ အကယ်၍ ရောဂါရှိတာ သေချာတယ်ဆိုရင်လည်း သူတို့ရဲ့ လမ်းညွှန်မှုနဲ့ လုပ်သင့်တာလုပ်ကြတာပေါ့၊ ရောဂါအခြေအနေ စောင့်ကြည့်ဖို့ ဆေးရုံ တက်ခိုင်းရင်လည်း အခန်းခအတွက် ပိုက်ဆံတော့ ပိုကုန်မှာပေါ့နော်"

"ပိုက်ဆံအတွက်တော့ ကျွန်မ အတော်များများလေး ယူလာပါတယ်၊ မလောက်ရင်လည်း အိမ်ကို လှမ်းမှာလို့ရပါတယ်၊ ရှိတာရောင်းချပြီး ကုရမှာပဲ အစ်မ။

ဟိုတစ်နေ့က ပြောသလိုလေ၊ သားလေး ဆယ်တန်းအရွယ်လောက် ဆယ်တန်းအောင်ပြီးတဲ့ အရွယ်လောက်

www.burmeseclassic.com

ပေါ့ အစ်မရယ်၊ ကျွန်မ အသက်ကို ဆွဲဆန့်လို့ရရင် တော်ပါပြီလေ"

"ကဲ ဒါဆို ထ၊ အချိန်ဆွဲနေလို့ မဖြစ်ဘူး၊ အချိန်စောပြီး ကုနိုင်လေ ညီအအတွက် ပိုကောင်းလေပဲ၊ အခုပဲ ဆေးခန်းသွားပြမယ်၊ ဆေးစစ်မယ်၊ လုပ်သင့်လုပ်ထိုက်တာ ဆရာဝန်ကြီးတွေနဲ့ တိုင်ပင်လုပ်ကြတာပေါ့"

"အစ်မ ဖြစ်ရဲ့လားဟင်၊ ကျွန်မနဲ့ လိုက်လာလို့ အစ်မ ကိုမှား"

"ဘာမှ ကိစ္စမရှိဘူး၊ လာ သွားကြမယ်၊ အရင်ဆေးမှတ်တမ်းတွေလဲ အားလုံးယူခဲ့နော်၊ မေမေ့ကိုတော့ ပြောမပြနဲ့ဦး၊ ပြောသင့်တဲ့ အချိန်ရောက်မှ ပြောချလိုက်ကြတာပေါ့ဟာ ဟုတ်ဘူးလား"

ငြိမ်းစုလှိုင်က အိမ်နှင့် အလှမ်းမဝေးလှသည့် U.H.C အထူးကုဆေးခန်းကြီးသို့ မြင့်မြင့်မော်ကို ခေါ်သွား၏။ ဒီဆေးခန်းကတော့ နေထိုင်မကောင်းဖြစ်လျှင် ပြနေကျ ဖြစ်၍ ငြိမ်းစုလှိုင်နှင့် အကျွမ်းတဝင်ရှိနေပြီ ဖြစ်လေသည်။ သူရင်းနှီးစင်မင်နေသည့် သူနာပြု ဆရာမလေးများမှ တစ်ဆင့် သင့်တော်သော အထူးကု ဆရာဝန်ကြီးတစ်ဦးနှင့် ချိတ်ဆက်မိ၏။

မြင့်မြင့်မော်နှင့် ပတ်သက်သည့် အခြေအနေအားလုံးကို ဖွင့်ပြောပြီး လူနာကို တစ်ခါတည်း ကြည့်ရှုကုသပေးရန် ဆရာဝန်ကြီးကို ယုံကြည်စွာ အကူအညီတောင်းခံလိုက်၏။ ထင်သည့်အတိုင်း ဆရာဝန်ကြီးက လိုအပ်သည့် ဆေးစစ်မှုများကို ပြုလုပ်ရန် ရေးပေးလေသည်။

"ညီမ အပြင်ကနေ ခဏစောင့်နော်၊ မငြိမ်း ဆရာကြီးနဲ့ စကားလေး နည်းနည်းလောက် ပြောချင်လို့ပါ"

တချို့သော ကိစ္စများက လူနာ မသိလျှင် ပို၍ကောင်းလိမ့်မည်ဖြစ်သည့်အတွက် မြင့်မြင့်မော်ကို အပြင်ကနေ စောင့်နေရန် ပြောလိုက်ခြင်းဖြစ်၏။ လူနာအခြေအနေကို သိနိုင်သလောက် သိထားမှလည်း လူနာရှင်တစ်ယောက်အနေနှင့် လုပ်သင့်လုပ်ထိုက်တာ မှန်သမျှကို စဉ်းစားချင့်ချိန်ကာ လုပ်နိုင်မည် ဖြစ်သောကြောင့်ပင်။

"အားနာပေမယ့် စကားလေး တစ်ခွန်း နှစ်ခွန်းလောက်တော့ ပြောခွင့်ပြုပါ ဆရာ၊ တကယ်တော့ ကျွန်မ သူငယ်ချင်းရဲ့ အဖြစ်ကို လွန်ခဲ့တဲ့ သုံးရက်က သူရောက်လာမှ သိရတာပါ၊ အဖော်ကလည်း မပါလာတော့ ကျွန်မကပဲ လူနာရှင်အနေနဲ့ တာဝန်ယူရတော့တာပါ။

ကျွန်မသိချင်တာက သူငယ်ချင်းရဲ့ အခြေအနေလေးကိုတော့ သိထားမှ ဖြစ်မှာမို့ပါ၊ ဒါမှ ကျွန်မကလည်း လုပ်သင့်လုပ်ထိုက်တာ လုပ်ရမှာပါ၊ နောက်ပြီး သူ့မှာ သားလေးလည်း ရှိတယ်၊ ဆွေမျိုးသားချင်းတွေလည်းရှိသေးတယ် ဆိုတော့ လူနာကို မပြောပေမဲ့ သူတို့တွေကိုတော့ ပြောသင့် ပြောထိုက်တာ ပြောရလိမ့်မယ် ထင်လို့ပါ"

"ဟုတ်ပါတယ် ခင်ဗျားအနေနဲ့ သိထားသင့်ပါတယ်၊ ဆွေမျိုးသားချင်းလည်းမဟုတ်ဘဲ ဒီလိုလူနာကို တာဝန်ယူပြီး ကုသပေးနေတယ်ဆိုတော့လေ၊ မနက်ဖြန် ဆေးစစ်ချက်တွေရဲ့ အဖြေသိရမှ ကျွန်တော်ပြောနိုင်မှာပါ၊ ရောဂါအခြေအနေကို ရမ်းသန်းပြောလို့ရတာ မဟုတ်ဘူးလေ"

"အကယ်၍များ ရောဂါ ဖြစ်နေတာ သေချာပြီဆိုရင်ရော ဆရာ၊ မနက်ဖြန်သိရမယ့် ဆေးစစ်ချက် အဖြေတွေက သူ နယ်ကစစ်လာတဲ့ အဖြေအတိုင်းဆိုရင်တော့ သေချာပြီပေါ့နော်၊ ဒါဆိုရင် သူ့ကို ဘယ်လိုဆက်ပြီး ကုသင့်ပါသလဲ၊ သူ့သားလေးကလည်း ငယ်သေးတော့ သူ တစ်ခုခု ဖြစ်သွားမှာ အရမ်းစိုးရိမ်နေရှာတယ်ဆရာ"

"ဒါကလည်း ဆေးစစ်ချက် အဖြေ သိရပြီဆိုတော့မှ ရောဂါရှိနေပြီဆိုရင် လူနာနဲ့ သေချာပြောဆို တိုင်ပင်ပြီး ကုကြတာပေါ့၊ ဆေးကုသမှုလည်း ခံမယ်၊ နားလည်တတ်ကျွမ်းတဲ့ ဆရာဝန်တွေ နည်းပေး လမ်းညွှန်တဲ့အတိုင်း နေထိုင် စားသောက်သွားမယ်ဆိုရင် တချို့ နှစ်အတော်ကြာတဲ့အထိ နေသွားကြတာ တွေ့ရပါတယ်၊ လူနာရဲ့ စိတ်ဓာတ်ရေးရာပိုင်းနဲ့ ဆိုင်တယ်လို့လည်း ပြောရမှာပေါ့ လေ"

ဆေးစစ်ပြီးသည့်နောက်ပိုင်း မြင့်မြင့်မော် တစ်ယောက် အတော်စိတ်လှုပ်ရှားနေပုံရလေသည်။ ထိုင်လို့လည်း မရ၊ ထပြီး လမ်းလျှောက်ပြန်တော့လည်း ကြာကြာလျှောက်လို့ မရပြန်၊ အခြေအနေကို ကောင်းစွာသိနေသော ငြိမ်းစုလှိုင်က စိတ်တည်ငြိမ်အောင် တရားရှုမှတ်ရန် ပြောသည့်အတွက် ထိုင်၍ တရားမှတ်နေ၏။ သို့သော် ခဏနှင့် ထလာပြန်သည်။ ညလည်း တစ်ညလုံး ကောင်းကောင်းမအိပ်။ ဟိုဘက်လှည့်လိုက် ဒီဘက်လှည့်လိုက်နှင့် ဂနာမငြိမ် ဖြစ်နေ၏။

အပြစ်ပြောလို့တော့မရ။

သူ့နေရာ ကိုယ်စားဝင်ကြည့်မည် ဆိုလျှင်လည်း သူ့ကဲ့သို့ တုန်လှုပ်ချောက်ချား ဖြစ်မိမည်မှာ အမှန်ပင်။ မနက်ဖြန် ရလာမည့် အဖြေက သူ့ဘဝအတွက်၊ သူတို့သားအမိအတွက် အလွန် အရေးကြီးလှသော အပြောင်းအလဲ

www.burmeseclassic.com

www.burmeseclassic.com

...ရောဂါကို ဖြစ်စေနိုင်သည်ဟုဆိုလျှင် ...ည်မထင်ပေ။

◆

"ဟဲ့ ဘာလဲ၊ ဒါက ဘယ်လို ဖြစ်တာလဲ"

"ဆေးစစ်ချက်တွေ ကျွန်မ ကြည့်ရဲဘူး၊ အစ်မပဲ ကြည့်၊ HIV (+) ဆိုတဲ့အဖြေ ထွက်လာရင်တော့ ကျွန်မ သေဆုံးပြီ၊ ကျွန်မ နားမထောင်ရဲဘူး အစ်မရယ်"

ဟု ဆိုကာ ခပ်ဝေးဝေး သွားနေသည့်အတွက် ဆေးစစ်ချက် အဖြေများကို ငြိမ်းစုလှိုင်က သွားယူကာ သိချင်စိတ်ဖြင့် ဖတ်ကြည့်၏။

လူနာနည်းတူ စိတ်လှုပ်ရှားနေသည့်အတွက် နှစ်ခါ သုံးခါ ပြန်ဖတ်ကြည့်သည်ကိုပင် ကြိုတင်ပူပန်ထားသော အဖြေမျိုး မတွေ့ရ။ သေချာအောင် နောက်ထပ်တစ်ခါ ထပ်ဖတ်ကြည့်သည့်တိုင် HIV (+)ဆိုသောအဖြေ လုံးဝမမြင်ခြင်းကြောင့် အံ့သြဝမ်းသာစွာဖြင့် ထအော်လိုက်ခြင်း ဖြစ်၏။

သူငယ်ချင်းဖြစ်သူကို တောင် ကြည့် မြောက်ကြည့် ရှာသော်လည်း တော်တော်နှင့်မတွေ့ပေ။ နောက်မှ ဆေးခန်းအဝင် လှေကားဆင်း၌ ရပ်နေသည်ကို တွေ့လိုက်ရသည့်အတွက် ငြိမ်းစုလှိုင် ခပ်သွက်သွက်လျှောက်သွားကာ ပြောလိုက်၏။

"ဟဲ့ မော်၊ နင် ဘာလုပ်နေတာလဲ အဲဒီမှာ၊ ငါရှာလိုက်ရတာ မောလို့၊ ဒီမှာ နင့် Result နင့်ဘာသာလာကြည့်၊ တော်စတော် ဇာတ်လမ်းရှုပ်တဲ့ကောင်၊ နင်တော့ သေဖို့သာ ပြင်ထား၊ ကောင်စုတ်"

သူ့အိမ်ရောက်လာကတည်းက သနားကြင်နာလှသည့်အတွက် စကားတောင် မာမာမပြောခဲ့သော ငြိမ်းစုလှိုင် တစ်ယောက် ဆေးစစ်ချက် Result ကို ဖတ်ကြည့်ပြီး ဝမ်းသာခြင်း၊ ဒီလိုကိစ္စမျိုးကို တိကျသေချာစွာ မလုပ်ဘဲ ပေါ့ပျက်ပျက် လုပ်လာခဲ့သည့်အတွက် စိတ်တိုခြင်းတို့ ရောထွေးကာ သူငယ်ချင်းဖြစ်သူကို အော်ထည့်လိုက်၏။

မြင့်မြင့်မော် ခမျာမှာတော့ နယ်မှာကတည်းက ဆေးစစ်ချက်အဖြေကိုကြည့်ပြီး ကယောင်ချောက်ချား ဖြစ်နေလေသည်။ ယခု နောက်တစ်ကြိမ် စစ်သည့် အဖြေကိုတောင် မကြည့်ရဲတော့။ ဒီကြားထဲ သူ့ဆီ လျှောက်လာရင်း ပြောဆိုနေသော ငြိမ်းစုလှိုင်၏ စကားတို့ကိုလည်း အလုံးစုံ မကြား။

နောက်ဆုံးပြောလိုက်သည့် သေဖို့သာ ပြင်ထားဆိုသော စကားကိုသာ ကြားကာ မျက်လုံးပြူး မျက်ဆံပြူး ဖြစ်ကုန်၏။ တစ်ကိုယ်လုံးလည်း ကတုန်ကယင် ဖြစ်ကာ -

"ဘာရယ် အစ်မ၊ ကျွန်မ သေဖို့ သေချာသွားပြီလား၊ နယ်မှာတုန်းက အဖြေအတိုင်း HIV (+) တဲ့လား၊ ဒါဆိုရင် ကျွန်မ သေရတော့မှာပေါ့ အစ်မရယ်နော်"

"ဟာ ဘာတွေပြောနေတာလဲ ကောင်စုတ်ရဲ့၊ နင့်ဆေးစစ်ချက် အဖြေတွေ နင့်မျက်လုံးနဲ့ သေချာကြည့်ပြီးမှ ပြော၊ ရော့ မြန်မြန်ယူ၊ ငါ ဖြတ်ရိုက်လိုက်လို့ သေဦးမယ် နင်တော့"

ငြိမ်းစုလှိုင်က အော်လည်းအော်၊ စာရွက်တွေလည်း အတင်းထိုးပေးနေမှ ကတုန်ကယင်ဖြင့် လှမ်းယူကာ မဝံ့မရဲ ဖတ်ကြည့်၏။

"ဟင် အစ်မ ဒါဘာလဲ၊ ဘာကို ပြောတာလဲ၊ HIV (+) မဟုတ်ဘူး၊ ဒါဆို ကျွန်မမှာ အဲဒီပိုး မရှိဘူးပေါ့၊ ကျွန်မမှာ ရောဂါ မရှိဘူးပေါ့နော် ဟုတ်လားဟင် အစ်မ"

"ငါ့ ဘာလာမေးနေတာတုံး၊ နင့်မျက်လုံးနဲ့ မြင်နေရတယ် မဟုတ်လား၊ ဟဲ့ ဘယ်တုန်း အဲဒါ"

ဆေးစစ်ချက် ရလာပြီးမှ အော်လိုက် ဟစ်လိုက်၊ ကန့်လန့်တိုက်လုပ်နေသည့် ငြိမ်းစုလှိုင်ကို ယုံကြည်မှု မရှိတော့၍လားတော့မသိ။ စာရွက်တွေကိုင်ကာ သူ မသွားရဲပါဟု ဆိုခဲ့သော ဆေးစစ်ချက်အဖြေများပေးသည့် ဝန်ထမ်းလေးများထံ ခပ်သွက်သွက်သွားကာ မေး၏။

"ညီမတို့ ဒါ အစ်မရဲ့ ဆေးစစ်ထားတဲ့ အဖြေတွေလေ၊ ကြည့်ပါဦး ဒါဆို အစ်မမှာ ရောဂါမရှိဘူးပေါ့ ဟုတ်လား"

တစ်နေ့ တစ်နေ့ လူနာပေါင်း မြောက်မြားစွာတို့၏ ဆေးစစ်ထားသည့် စာရွက်စာတမ်းများကို တာဝန်ယူပေးနေရသော ဝန်ထမ်းလေးများမှာ ရုတ်တရက်ကြီး မေးလိုက်သည့် မြင့်မြင့်မော်၏ စကားကိုလည်း နားမလည်။ ဘာပြန်ဖြေရမှန်း မသိ ဖြစ်နေကြ၏။

"အစ်မ ဘာဖြစ်လို့လဲ ဘာရောဂါအတွက် စစ်တာလဲ"

"ဒီလိုပါ အစ်မကလေ နယ်မှာ ဆေးစစ်တုန်းက HIV (+) ဆိုလို့ စိတ်တွေဆင်းရဲပြီး အခု ဒီမှာ လာစစ်တာ၊ မတွေ့ပါဘူးနော်၊ (+) ဆိုတာ ပါကို မပါဘူးနော်၊ အစ်မမှာ ရောဂါမရှိဘူးပေါ့ ဟုတ်တယ် မဟုတ်လား"

"အင်း မရှိပါဘူး အစ်မရဲ့၊ ဒီမှာ အားလုံး Clear ပဲလေ"

"ဟုတ်တယ် ဟုတ်တယ် အားလုံး Clear ပဲ၊ အစ်မသိလား၊ ကျွန်မတို့ အလုပ်ဝင်တော့ ဆေးစစ်ရတယ်လေ၊ အခု အဖြေတွေက အဲဒီတုန်းက



www.burmeseclassic.com

www.burmeseclassic.com

**ဘယ်သူ့ကိုမှ စွတ်ရွတ်ပြီး မယုံဖို့၊**
**ဘယ်အရာကိုမှ**
**မစဉ်းစား မဆင်ခြင်ဘဲ**
**အလောတကြီး မလုပ်ဖို့၊**
**ကိစ္စတစ်ခု ဖြစ်ပြီဆိုရင်**
**ခေါင်းအေးအေးထားပြီး**
**ဉာဏ်လေးနဲ့ စဉ်းစား ဆုံးဖြတ်ဖို့၊**

အတိုင်းပါပဲ အစ်မရယ်၊ အောင်မလေး ဘယ်လို ပျော်မှန်းမသိဘူး၊ ဒီရင်ထဲက အလုံးကြီး ဝုန်းခနဲ ပြုတ်ကျသွားသလို ပါပဲ အစ်မရယ်"

ဝန်ထမ်းလေးများကို ပြောချင်ရာပြောပြီး အနားရောက်လာသည့် ငြိမ်းစုလှိုင်လက်ကို အားပါးတရ ဆွဲကိုင်ကာ ပြောပြန်သည်။ သူ့ပုံစံက မသေမချင်း ကြိုးပေးသတ်ရန် အမိန့်ချမှတ်ခြင်း ခံရသည့် အပြစ်သားတစ်ယောက် ကွင်းလုံးကျွတ် လွတ်ငြိမ်းချမ်းသာခွင့် ရသောကြောင့် အတိုင်းမသိဝမ်းမြောက်ဝမ်းသာ ဖြစ်နေသည့်ပုံပင်။

"အော်မနေနဲ့ ကောင်စုတ်၊ ငါ မပြောလိုက်ချင်ဘူး၊ လာခဲ့ ဆရာကြီးဆီကို သွားမယ်"

"ပျော်လွန်းလို့ပါ အစ်မရယ်၊ ကျွန်မ သားလေးနဲ့ မခွဲရတော့ဘူးပေါ့ နော် အစ်မ"

စိတ်ထဲ ရှိသမျှ တတွတ်တွတ် ပြောဆိုရင်း ငြိမ်းစုလှိုင်လက်ကို ဖက်တွယ်ကာ လိုက်ပါလာသည့် မြင့်မြင့်မော် တစ်ယောက် မည်၍ မည်မျှ ဝမ်းသာ ပျော်ရွှင်နေလိမ့်မည် ဆိုသည်ကိုတော့ ကိုယ်ချင်းစာကြည့်လျှင် သိနိုင်ပေမည်။

ယခုကိစ္စနှင့်ပတ်သက်မှ သိလာရသော ဆရာဝန်ကြီးသည်ပင် သူ့လူနာအတွက် အတော်လေး ဝမ်းသာနေပုံရ၏။

"ဝမ်းသာပါတယ်ဗျာ၊ တကယ့်ကို ဝမ်းသာပါတယ်၊ ကာယကံရှင် လူနာတွေသာ ဒီရောဂါနဲ့ပတ်သက်ပြီး ကြောက်ရွံ့ထိတ်လန့်ကြတာ မဟုတ်ပါဘူး၊ ကျွန်တော်တို့ ဆရာဝန်တွေဟာ ကိုယ့်လူနာတွေကို တခြားသော ရောဂါတွေ ဖြစ်နေရင် ဖြစ်နေတဲ့အကြောင်း ပွင့်ပွင့်လင်းလင်း ပြောရဲပေမယ့် သွေးစစ်ကြည့်လို့ HIV(+) အဖြေထွက်နေတဲ့ လူနာမျိုးကိုတော့ ခင်ဗျားမှာ HIV ပိုး ရှိနေပြီလို့ ပြောမထွက်တာ၊ မပြောရက်တာ ကျွန်တော်တို့ဆရာဝန်အချင်းချင်းပဲ သိကြပါတယ်ဗျာ၊ အခုလို Result ထွက်လာတော့ ကာယကံရှင်တွေနဲ့ ထပ်တူထပ်မျှ ကျွန်တော်တို့လည်း ဝမ်းသာပါတယ်၊ တကယ့်ကို မင်္ဂလာသတင်းပါပဲဗျာ"

ဆေးခန်းသို့ အသွားခရီးတုန်းက စိတ်ပင်ပန်းဆင်းရဲရသလောက် အပြန်ခရီးမှာတော့ ထိုကိစ္စနှင့် ပတ်သက်သည့် ပူပင်သောကကို မြူတစ်မှုန်စာမျှ လောက်တောင် မရှိတော့ခြင်းကြောင့် သူငယ်ချင်းနှစ်ယောက် စိတ်အေးချမ်းသာယာစွာဖြင့် တက္ကသိုလ်ရိပ်သာ လမ်းတစ်လျှောက် တဖြည်းဖြည်းချင်း လမ်းလျှောက်ကာ ပြန်လာကြ၏။

"အစ်မ"

"ဟင်"

"အခုဆို ကျွန်မမှာ ဒီရောဂါဆိုးကြီး မရှိဘူးဆိုတာ သေချာသွားပြီနော်၊ နောက်ပြီး ကျွန်မ အမျိုးသားသေသွားတာလဲ ဒီရောဂါရှိလို့ မဟုတ်ပါဘူး၊ အတော်ရက်စက်တဲ့ဟာတွေ၊ သေသွားတဲ့ လူကိုတောင် နာမည်ဆိုးနဲ့ သေသွားသလို လုပ်ရက်ကြတယ်၊ ပြီးတော့ ကျွန်မကိုလည်း ကြည့်ပါဦး၊ သူတို့ လုပ်လိုက်လို့ စိတ်ရော ကိုယ်ရော ချုံးချုံးကျတဲ့အထိ ဖြစ်ရတယ်၊ ကျွန်မ မကျေနပ်ဘူး၊ သွားကို ရှင်းဦးမှာ"

"သွားရှင်းမှ ပိုရှုပ်ကုန်ပါမယ် မော်ရယ်၊ ပြီးတာ ပြီးပါစေတော့၊ ကိုယ့်ဘဝင်ကြွေးကြောင့်ပဲမှတ်လိုက်၊တကယ်တော့ သူတို့ချည်းပဲ အပြစ်ပြောလို့ မရပါဘူး၊ မော်က အကျိုးအကြောင်း မစဉ်းစားဘူး၊ မော့်အမျိုးသားကို အဲဒီ ဆေးခန်းက ဒီရောဂါပိုးရှိတယ်လို့ အဖြေ ထုတ်ပေးလိုက်ပေမယ့် သူ မယုံလို့သာ တခြားဆေးခန်းတစ်ခုကို ပြောင်းပြတာ ပေါ့။

လူဆိုတာ ကိုယ့်အကြောင်း ကိုယ်အသိဆုံးပဲလေ၊ ကိုယ့်မှာ ဒီ ရောဂါ ဖြစ်စေနိုင်တဲ့ အကြောင်းရင်း ဘာရှိ သလဲ၊ မရှိဘူးဆိုရင် သူတို့ ဒီရောဂါ ရှိတယ်ဆိုတိုင်း ယုံစရာမလိုဘူးလေ၊ တခြားဆေးခန်းမှ ထပ်စစ်လိုက်တော့ မော့်အမျိုးသားမှာ ဒီ HIV ပိုး မရှိဘူး ဆိုတာ သိလိုက်ရတယ်လေ။

မရှိလို့သာ သူ မော့်ကို ပထမ ဆေးခန်းက မှားထွက်တဲ့ အဖြေကို ပြောမနေတော့တာ ဖြစ်မှာပေါ့၊ ဒါတွေ က ဖြစ်တတ်ကြတယ် ညီမ။

ဒီရန်ကုန်မှာရှိတဲ့ နာမည်ကြီး ဆေးခန်းကြီးပါပဲ၊ ဆေးလာစစ်တဲ့ မိန်းကလေးတစ်ယောက်ကို C ပိုးရှိတယ် ဆိုပြီး အဖြေထုတ်လိုက်တာ တကယ် မှတ်ပြီး သူ့ခမျာ ပျောက်မယ်ထင်တဲ့ ဆေးတွေ ငွေကုန်ကြေးကျခံပြီး သောက် ရှာတယ်၊ သူ့မှာလည်း သားလေး ငယ်သေးတယ်၊ သားလေးကို ကူး စိုးတာနဲ့ မိဘမောင်နှမတွေကို



www.burmeseclassic.com

www.burmeseclassic.com

...နဲ့ သီးသန့်လေးကို နေထိုင် ...သောက်တော့တာ။

ယောက်ျားကတော့ အခုဝေးမှာ ...ဘော်သေးတာပေါ့၊ တစ်လလောက် ...ပြီးတော့ သူ့ကိုယ်သူ ပြန်စဉ်း ...သုံးသပ်ကြည့်တယ်၊ အစားလည်း ...၊ အအိပ်လည်း မပျက်၊ သူက ...တစ်ခိုင်မာပုံရတယ်၊ ညီမလို ချုံးချုံး ...သွားဘူး၊ အဝမပျက် အလှမပျက် ...တော့ သံသယဖြစ်တာနဲ့ တခြားဆေး ...ကြီးတစ်ခုမှာ ဆေးပြန်စစ်ကြည့် ...ဘာ C ပိုးမှမရှိဘူး၊ တကယ်တမ်း ... ဆေးလေးတစ်လလောက်သောက် ... ပျောက်တာမှမဟုတ်တာ။

အဲဒါကြောင့် ကျန်းမာရေးနဲ့ ...သက်လာရင် မပေါ့ရဘူး၊ ဒါပေမဲ့ ...ရိမ်လွန်ကဲတာမျိုးလည်း မဖြစ်သင့် ... ကိုယ့်ဘာသာအခြေအနေအရပ်ရပ် ... ခေါင်းအေးအေးထားပြီး ဉာဏ်နဲ့ ...စားချင့်ချိန် ...ပ်ကြရမယ်လို့ နား ...တတ်ကျွမ်းတဲ့ လူကြီးသူမတွေက ...ကြတာပေါ့"

"ဟုတ်တယ်၊ အစ်မ ပြောတာ ...တယ်၊ အစ်မဆီလာဖို့ မစဉ်းစားခဲ့ ... အခုချိန် ကျွန်မ ဘယ်လို အခြေ ...နေ ဖြစ်နေမလဲ မသိဘူး၊ တကယ် ...တော့ ဒီကိစ္စကြီး သိသိချင်း သေပစ်ချင် ...တောင် ဖြစ်လာတာ၊ သားလေး ...နေသေးတော့ သေလို့ကလည်း မဖြစ် ...ဘူး၊ ဘာလုပ်လို့ လုပ်ရမှန်းမသိ ...နေတဲ့ အချိန်မှာ အစ်မဆီ လာချင် ... အရမ်းဖြစ်လာတာ။

ကျွန်မ အခက်အခဲကို ဘယ်လို ...ရှင်းပေးမယ်ဆိုတာ မသိပေမယ့် ...စ်မဆီရောက်ရင် ကျွန်မအတွက် ...နည်းတစ်လမ်းနဲ့ အထောက်အကူ ...မယ်၊ ကျွန်မ လုပ်ချင်တာတွေကို လည်း ကူညီပေးလိမ့်မယ်ဆိုတာ သိနေတယ်လေ။

ကျွန်မအတွက်တော့ ဒီကိစ္စကြီးဟာ အရမ်းကို စိတ်ဆင်းရဲခဲ့ရ၊ စိတ်ပင်ပန်းခဲ့ရတဲ့ ကိစ္စကြီးပါပဲ အစ်မရယ်၊ ကျွန်မလေ ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောတတ်တဲ့ လူတော့ မဟုတ်ဘူး၊ အစ်မ ကျေးဇူးတွေ တစ်သက်လုံး မမေ့ဘူးဆိုတာတော့ ပြောချင်ပါတယ်"

"ပြောနေစရာမလိုပါဘူး မော်ရယ်၊ တို့တွေဟာ အရေးကြုံလာရင် တစ်ယောက်ကိုတစ်ယောက်ဖေးမကူညီကြရမယ့် မိတ်ဆွေ အပေါင်းအသင်းတွေလေ"

"အစ်မရာ၊ ဒီကိစ္စကနေ ကျွန်မ သင်ခန်းစာကောင်းကောင်းကြီးရလိုက်ပါတယ်၊ ဘာလဲဆိုရင် ဘယ်သူ့ကိုမှ စွတ်ရွတ်ပြီး မယုံဖို့၊ ဘယ်အရာကိုမှ မစဉ်းစား မဆင်ခြင်ဘဲ အလောတကြီး မလုပ်ဖို့၊ ကိစ္စတစ်ခု ဖြစ်ပြီဆိုရင် ခေါင်းအေးအေးထားပြီး ဉာဏ်လေးနဲ့ စဉ်းစားဆုံးဖြတ်ဖို့၊ ဒါတွေအပြင် မိတ်ဆွေ အပေါင်းအသင်းတွေမှာ ဘယ်သူသည် မိတ်ဆွေ အစစ်အမှန်၊ ဘယ်သူသည် မိတ်ဆွေ အတုအယောင်ဆိုတာ အရေးကြုံလာမှ ဒုက္ခနဲ့ ရင်ဆိုင်ရတဲ့အခါမျိုးကျမှ ကွဲကွဲပြားပြား သိလိုက်ရတော့တယ် ဆိုတာပါပဲ အစ်မရယ်၊ ကျွန်မအတွက်တော့ ငွေကြေးနဲ့ ဝယ်တောင်မရတဲ့ အဖိုးထိုက် အဖိုးတန်အသိတရားတွေပါပဲ အစ်မရဲ့"

"ဒါပေါ့ မော်ရယ်၊ တို့တွေမှာ ဒီလို အသိတရားတွေ အများကြီးရှိဖို့လိုတယ်၊ ဒါမှ တို့လျှောက်လှမ်းကြရမယ့် ဘဝခရီးလမ်းမှာ ရင်ဆိုင်ကြုံတွေ့ရမယ့် အခက်အခဲတွေ အတားအဆီးတွေကို အနိုင်ယူ ကျော်ဖြတ်နိုင်မှာ မော်ရဲ့"

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

**မိတ်ဆွေ အပေါင်းအသင်းတွေမှာ**

**ဘယ်သူသည်**

**မိတ်ဆွေ အစစ်အမှန်၊**

**ဘယ်သူသည်**

**မိတ်ဆွေ အတုအယောင်ဆိုတာ**

**အရေးကြုံလာမှ၊**

**ဒုက္ခနဲ့ ရင်ဆိုင်ရတဲ့အခါမျိုးကျမှ**

**ကွဲကွဲပြားပြား သိလိုက်ရတော့တယ်။**

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

"ဟုတ်တယ်နော် အစ်မ၊ ဒါနဲ့ မနက်ဖြန် သောကြာနေ့ ကျွန်မ ရုံးလိုက်ခဲ့မယ်၊ အစ်မအလုပ်တွေ ကျွန်မ တတ်နိုင်သလောက် ဝိုင်းလုပ်မယ်၊ ဒါမှ စနေနေ့မှာ ရုံးက အစ်မကို Over Time မခေါ်မှာ၊ စနေနေ့တော့ ကျွန်မကို အချိန်ပေးပါနော် အစ်မ"

"စနေနေ့ ဘာလုပ်ချင်လို့လဲ မော်၊ ပြောလေ"

"စိတ်ပင်ပန်းဆင်းရဲရတာ ကြာပြီ စနေနေ့ သမ္ဘတရုံမှာ ဘာကားဖြစ်ဖြစ် သွားကြည့်မယ် အစ်မရာ၊ နောက်ပြီး ကစားကွင်းလိုက်ပို့ဦး၊ ဒီရင်ထဲမှာ အလုံးအခဲကြီးတွေနဲ့ ကျဉ်းကျပ်ခဲ့ရလေသမျှ ပြေပျောက်သွားအောင် ပင်လယ်ဓားပြ လှေကြီးစီးပြီး အသံကုန်အော်ဟစ်မလို့ အစ်မရေ"

"အောင်မယ်လေးတော်"

သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများအား အစဉ်ဂါရဝပြုလျက်-

**သစ္စာဦး(ဧေယျာမြေ)**

❑



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

သေလုမြောပါး အနေအထား
...မိန်းမပျိုလေးတစ်ဦး လဲလျောင်း
...တက္ကသိုလ် ကျောင်းသား
...ဦးသည် ကွန်ပျူတာကွန်ရက်များမှ
...နှင့် ကမ္ဘာတစ်ဝန်းလုံးသို့ အသက်
... အကူအညီပေးကြပါရန် အရေး
... မေတ္တာရပ်ခံပန်ကြားချက် တစ်
...ကို ပေးပို့ခဲ့ကြပါသည်။

▲

ဘေဂျင်းတက္ကသိုလ် (ပီကင်း
...သိုလ်)၌ သိပ္ပံဘာသာရပ်များကို
...ယူသည်။ မူးနေသည့်ကျောင်းသား
...ဦးဖြစ်သော ပေးကျီချန်းသည်
...ထိုင်မှ ထရပ်လိုက်ချိန်တွင်
...လီဖုန်းမြည်သံကို ကြားလိုက်ရ
...။ ဖုန်းကိုင်လိုက်ရာ မိတ်ဆွေ
...ဦးက သူ့ကို အသိပေးပြောကြား
...ခဲ့သည်။

"ဂျူးလင်းကို ခင်ဗျား သွားကြည့်
...ရင်ကောင်းမယ်ဗျာ၊ သူ့အတွက်
...ဆုံးအချိန်ရောက်နေပြီလို့တောင်
...ရမယ့်အနေအထား ဖြစ်နေတာဗျ"

အခြေခံပညာ အလယ်တန်း
...ကျောင်းတက်စဉ်က ပေးကျီချန်း၏
...ကျောင်းနေဖက် သူငယ်ချင်းဖြစ်ခဲ့သော
...လင်းသည် သေလုဆဲဆဲ လူနာ
...ဦးအဖြစ် ဘေဂျင်းဆေးရုံတစ်ခု ဝယ်
...လျောင်းနေခဲ့ရသည်။

လွန်ခဲ့သည့်တစ်လခန့်သာသာ
...၁၉၉၅ ခု မတ်လ(၇)ရက်နေ့တွင်
...တော်ရှိ ဆင်ဟွာတက္ကသိုလ်၌ ဓာတု
...ဘာသာရပ်ကို လေ့လာသင်ယူ
...သော ကျောင်းသူ မိန်းမပျိုလေး
...လင်းသည် မူးဝေခြင်း၊ ဝမ်းဗိုက်
...ဗိုက် ကြွက်သားများ ကျုံ့ဝင်၍
...ထန်စွာ နာကျင်ခြင်း၊ လက်၊ ခြေတို့
... အပူလောင်ဒဏ်ရာကဲ့သို့ အနာများဖြစ်ခြင်း စသည့် ဝေဒနာများကို ခံစားခဲ့ရသည်။

ထို့အပြင် ဂျူးလင်း၏ ဆံပင်များသည် အထွေးလိုက် အပုံလိုက် ကျွတ်ထွက်ခဲ့ကြသည်။ မိဘများက ချက်ချင်းပင် ဂျူးလင်းကို ပီကင်းယူနီယံ ဆေးတက္ကသိုလ်ဆေးရုံ (ပီ-ယူ-အမ်-စီ) သို့ တင်ခဲ့ကြသည်။

ထိုဆေးရုံသည် တရုတ်ပြည်၏ အကောင်းဆုံးသော ဆေးရုံများအနက် တစ်ခုဖြစ်သည်။ သို့ရာတွင် ဆေးရုံသို့ရောက်သော ဂျူးလင်းသည် လုံးဝ တုံ့ပြန်မှုမရှိတော့ဘဲ သတိလစ် မေ့မြောသွားတော့သည်။

ပေးကျီချန်းသည် ဂျူးလင်းနှင့် ပတ်သက်သည့် အကြောင်းများကို သတိရ တွေးနေမိသည်။ ဂျူးလင်းသည် ရွှင်ပြုံးတက်ကြွပြီး လှပသော မိန်းမပျိုလေး တစ်ဦးဖြစ်သည်။ သင်္ချာနှင့် သိပ္ပံဘာသာရပ်တို့တွင် မှော်ဆရာကြီးဟု ညွှန်းရလောက်အောင် ထူးချွန်သော ကျောင်းသူဖြစ်သည်။ ထို့ပြင် ဂီတ အနုပညာဘက်တွင်လည်း ပါရမီရှင် တစ်ဦးဟု ဆိုရလောက်အောင် တော်သူ ဖြစ်သည်။ ထိုသို့သော ဂျူးလင်းသည် ယခုအချိန်တွင် ပင့်ကူအိမ်တွင်းဝယ် မိနေခဲ့သော ပိုးဖလံကလေးကဲ့သို့ ပလတ်စတစ်အသက်ရှူပိုက်များ တပ်ဆင်ပေးထားခံရပြီး အိပ်ရာထက်၌ လဲလျောင်းနေရရှာသည်။

ဂျူးလင်း၏ မိခင်သည် သမီး၏ ပြောင်နေသော ခေါင်းကို ရေမြုပ်စလေးနှင့် ရေဖတ်တိုက်ပေးရင်း ပေးကျီချန်းကို ပြောပြခဲ့ပါသည်။

"ဆရာဝန်တွေကတော့ သူတို့ တတ်နိုင်သမျှ အစွမ်းကုန် ကြိုးစားလုပ်ပေးနေကြပါရဲ့ကွယ်"

မူးဝေခြင်း လက္ခဏာနှင့် လက်ခြေဖျား အဆစ်တို့တွင် မီးလောင်နာကဲ့သို့ ဖြစ်နေသော အနာများသည် ဂျူးလင်း၏ အဓိကကျသောအာရုံကြောနှင့် ဦးနှောက်ဆိုင်ရာ အင်္ဂါအဖွဲ့အစည်းအတွင်း ချို့ယွင်းဖောက်ပြန်ခြင်း ရောဂါတစ်ခုခုဖြစ်နေသောကြောင့် ဖြစ်ရသည်ဟု ဂျူးလင်းအား ကုသပေးနေကြသော ဆရာဝန်များကို လက်ခံယုံကြည် ယူဆစေခဲ့ပါသည်။

သို့သော် ကျောရိုးမကြီးထဲမှ အရည်ကို ဖောက်ထုတ်စစ်ဆေးကြည့်သောအခါ ပုံစံမမှန်ခြင်း၊ ဖောက်ပြန်ချို့ယွင်းခြင်း လက္ခဏာတို့ကို မတွေ့ခဲ့ကြရပါ။ အာဆင်းနစ်အဆိပ်နှင့် ခဲဆိပ်သင့်ခြင်း ဟုတ်၊ မဟုတ်ကိုလည်း စမ်းသပ် စစ်ဆေးခဲ့ကြပါသည်။

ဂျူးလင်းသည် ဓာတုဗေဒ ဘာသာရပ်ကို အဓိက လေ့လာသင်ယူနေသဖြင့် ဓာတ်ခွဲခန်းအတွင်း သတိမပြုမိဘဲ မတော်တဆအနေဖြင့် ထိုအဆိပ်များ သင့်ခဲ့ကောင်း သင့်ခဲ့လိမ့်မည်ဟု ယူဆ၍ ထိုသို့ စမ်းသပ်ခဲ့ခြင်း ဖြစ်သည်။ သို့သော်လည်း မဟုတ်ကြောင်း အဖြေကိုသာ ရခဲ့ပါသည်။

ဂျူးလင်း၏ မိခင်သည် လက်ရှိဆိုးဝါးနေသော အနေအထားမှ သမီးဖြစ်သူသည် ကျော်လွှားလွန်မြောက်ပြီး ပြန်လည် ကျန်းမာလာလိမ့်မည်ဟု ခေါင်းမာစွာနှင့် ယုံကြည်ထားနေခဲ့ပါသည်။ သို့သော် ပေးကျီချန်းကမူ အခြေအနေကို ကောင်းစွာ နားလည်နေခဲ့ပါသည်။ တရုတ်ပြည်ရှိ အကောင်းဆုံး အတော်ဆုံးသော ဆရာဝန်များသည် ဂျူးလင်း၏ အသက်ကို ကယ်တင်ကုသပေးနိုင်သည့် စွမ်းရည်မရှိကြောင်း ထင်ရှားပေါ်လွင်နေခဲ့ပါသည်။


www.burmeseclassic.com

www.burmeseclassic.com

အဆောင်သို့ ပြန်ရောက်သော အခါ သူ၏အခန်းဖော်ဖြစ်သော ချိုင်ချွမ်းချိန်းကို ပေးဂျီချန်း က ပြောခဲ့သည်။

"ဂျူးလင်းကို ကူညီဖို့အတွက် နည်းလမ်းတစ်ခုမဟုတ် တစ်ခုတော့ ရှိနေမှာပါဗျာ"

စဉ်းစား၍ ရလာသော အကြံ တစ်ခုကို ပေးဂျီချန်းက ပြောပါသည်။

"ကျွန်တော်တို့ သည်ကိစ္စကို အင်တာနက်ပေါ် တင်ပြီး ကြိုးစား ရှာဖွေကြည့်ရင် အလုပ်ဖြစ်နိုင်မယ်ထင်တယ်ဗျ"

ချိုင်ချွမ်းချိန်းသည် ဤ တက္ကသိုလ်၌ အင်တာနက်မှ တစ်ဆင့် အီလက်ထရောနစ်စာပို့စနစ်ကို လက်တွေ့ အသုံးပြုခွင့်ရထားသော ဘွဲ့ကြို ကျောင်းသားအနည်းငယ်အနက် တစ်ဦး ဖြစ်သည်။ ကျောင်းသင်ဘာသာရပ်များ အတွက် ပညာရပ်ဆိုင်ရာ သုတေသန ကိစ္စရပ်များတွင် အင်တာနက်ကို အသုံး ပြုခွင့်ရထားသူ ဖြစ်သည်။

ကွန်ပျူတာ သတင်းအဖွဲ့ အစည်းများမှ တစ်ဆင့်သာလျှင် နိုင်ငံခြားရှိ ဆေးပညာကျွမ်းကျင်သူ ပုဂ္ဂိုလ်များကို ဆက်သွယ်၍ရနိုင်သည်ဟူသော အချက်ကို ကျောင်းသားနှစ်ဦးလုံးက သိထားခဲ့ကြပါသည်။

ပုဂ္ဂိုလ် တစ်ဦးချင်းအလိုက် ကိုယ်စီ ကိုယ်စီ စိတ်ပါဝင်စားသည့် ကိစ္စရပ်များအတွက် အီလက်ထရောနစ် သတင်းလွှာစာမျက်နှာများတွင် တင်ပြရင်း သတင်းအချက်အလက်များကို ဖလှယ်ကြ အသိပေးကြပါသည်။ ပေးဂျီချန်းက ယုံကြည်ချက်အပြည့်ဖြင့် အခိုင်အမာ ပြောခဲ့ပါသည်။

"မိတ်ဆွေတစ်ဦးကို ကူညီဖို့ ကြိုးစားတဲ့ကိစ္စပဲဗျာ၊ ဒါကို ခွင့်မပြုမယ့် ဆန့်ကျင့်မယ့် နည်းဥပဒေတွေ ရှိနိုင်လောက်မယ် မထင်ပါဘူးဗျာ"

ဤအဆိုပြုချက်ကို ချိုင်ချွမ်းချိန်းကလည်း လက်ခံသဘောတူပါသည်။ ထို့ကြောင့် ပေးဂျီချန်းသည် ကွန်ပျူတာဖြင့် တိုက်ရိုက်ဆက်သွယ်၍ သတင်းအချက်များကို စုသိမ်းထားသော ဖိုင်များနှင့် လမ်းညွှန်စာရင်းများမှ တစ်ဆင့် ရှာဖွေဆွဲယူ ကြည့်ရှုရင်း အထူးသဖြင့် သိပ္ပံနှင့်ဆေးပညာရပ်ဆိုင်ရာ သတင်းအဖွဲ့အစည်းများကို ပစ်မှတ်ထား ရွေးချယ်ကြည့်ရှုလေ့လာခဲ့သည်။ သူက ပြောခဲ့ပါသည်။

"ဒီဟာတွေနဲ့ ကျွန်တော်တို့ လုပ်စရာရှိတာကို စလို့ ရနိုင်ပြီဗျ"

ဧပြီလ (၁၀)ရက်နေ့ နေ့ခင်းပိုင်းတွင် သူတို့၏ အရေးပေါ် အကူအညီ တောင်းခံလွှာ အက်(စ်)အိုအက်(စ်) အတွက် လူငယ်နှစ်ဦးသည် အင်္ဂလိပ်ဘာသာဖြင့် စာကြမ်းစီ ပုံဖော်ခဲ့ကြပါသည်။ ဤသို့ စထားခဲ့ပါသည်။

"ကျွန်တော်တို့သည် လွတ်လပ်မှုနှင့် ဒီမိုကရေစီအိပ်မက်များရှင်သန်ရာ နေရာတစ်ခုဖြစ်သည့် တရုတ်ပြည်ရှိ ပီကင်းတက္ကသိုလ်မှ ဖြစ်ကြပါသည်။ ယခု ဤတက္ကသိုလ်၌ အသက်နှစ်ဆယ် အရွယ်ရှိကျောင်းသူတစ်ဦးသည် အလွန်နာမကျန်းဖြစ်နေပြီး သေလုနီးပါး ဖြစ်နေပါသည်။ ဖြစ်ပွားသော ရောဂါသည် အလွန်ထူးခြား ရှားပါး ဆန်းကြယ်ပါသည်။

မည်သို့ပင် ကြိုးစား ကုသပေးနေခဲ့ကြသော်လည်း ဘေဂျင်းရှိ အကောင်းဆုံး ဆေးရုံမှ ဆရာဝန်များသည် လူနာကျောင်းသူကို သက်သာပျောက်ကင်းအောင် မကုသပေးနိုင်ခဲ့ပါ။ ဆရာဝန်အများစုသည် ကျောင်းသူ၏ ရောဂါသည် မည်သည့်ရောဂါဖြစ်သည် ကိုပင် မခန့်မှန်းတတ်ကြပါ၊ မသိကြပါ။

ထို့ကြောင့် ယခုကဲ့သို့ အကူ အညီ တောင်းခံ ပန်ကြားချက်ကို တစ်ကမ္ဘာလုံးသို့ဖြန့်၍ တင်ပြ အသိ ပေးအပ်ပါသည်။ စာနာထောက်ထား လျက် ကျွန်တော်တို့အား အကူအညီ ပေးကြပါရန် ပန်ကြားအပ်ပါသည်"

ဂျူးလင်း၏ မိဘများက သူတို့ အား အသိပေး ပြောကြားချက်များ ဂျူးလင်း၏ ရောဂါဖြစ်စဉ် အပြည့်အစုံ ကို အကျဉ်းချုပ်ပြီး ပန်ကြားလွှာတွင် ထည့်သွင်းပေးခဲ့ကြပါသည်။ အရေးပေါ် မေတ္တာရပ်ခံချက်နှင့် ပန်ကြားလွှာ အဆုံးသတ်ထားပါသည်။

"ကျွန်တော်တို့သည် လူနာ ဂျူးလင်း၏ သူငယ်ချင်းများ ဖြစ်ကြ ပါသည်၊ ဂျူးလင်းကို ကူညီရန် မည်သို့ မကြံတတ် မလုပ်တတ်တော့သဖြင့် နောက်ဆုံးမျှော်လင့်ချက်အဖြစ် ဤသို့ တောင်းဆိုပန်ကြားရခြင်း ဖြစ်ပါသည်"

ပေးဂျီချန်းသည် ချိုင်ချွမ်းချိန်း၏ဘေးတွင် ထိုင်နေခဲ့သည်။ ချိုင်သည် နောက်ဆုံးစာလုံးကို ရိုက်ထည့်ပြီး နောက် သတင်းအချက်အလက်များ သွင်းရန် အဝင်ခလုတ်ကို နှိပ်လိုက် သည်။ ပြီးနောက် ပြောခဲ့သည်။

"အခု ဒီဟာ သူ့ပုံမှန် လမ်း ကြောင်းအတိုင်း အစီအစဉ်တကျ သွား နေပြီ"

စက္ကန့်ပိုင်းအတွင်း၌ပင် သူတို့ ပေးပို့လိုက်သော သတင်း အချက် အလက်များသည် တယ်လီဖုန်း ရက်လမ်းကြောင်းများနှင့် ဂြိုဟ်တုများ တစ်ဆင့် ဆေးရုံများနှင့် တက္ကသိုလ် များရှိ အခြားအခြားသော အင် ချိတ်ဆက်ထားသည့် ကွန်ပျူတာ





www.burmeseclassic.com

www.burmeseclassic.com

...ဖို့နဲ့ ရောက်ရှိသွားခဲ့ကြသည်။ ...ောက်ရှိသွားသော နေရာများမှာ ...ရိုတန်ပြည်ထောင်စုမှ ကလီယန်း ... အာကလေမြို့၊ ဂျာမနီရှိ ဗွန်စ ...မြို့၊ အိန္ဒိယမှ နယူးဒေလီမြို့၊ ...တလန်မှ အီဒင်ဘတ်မြို့များ ...ကြသည်။

ထို့ပြင် တစ်ကမ္ဘာလုံးဆိုင်ရာ ...င်းအချက်အလက်များကို အဆင့် ... တွန်ရက်လမ်းကြောင်းများဖြင့် ...ပေးနေသော အခြားအခြားသော ...ခြစိုက်စခန်းများသို့လည်း ရောက်ရှိ ...ခဲ့ပါသည်။

သူတို့ လုပ်ဆောင်ချက်သည် ...ည်သို့သော ရလဒ်များကို ဖြစ်စေခဲ့ ...ည်ကို ထိုလူငယ်နှစ်ဦး သိရှိခဲ့မည် ...တ်ပါ။

သို့သော် သူတို့၏ ထူးခြား ...ပြားသော ကြိုးပမ်းဆောင်ရွက်ချက် ...ည် လူနာတို့၌ ဖြစ်နေသော ရောဂါ ...အမည်ကို ဖော်ထုတ်ကာ အကြောင်း ...ကို ရှာဖွေစစ်ဆေးရာတွင် ဆေး ...ညာရပ်ဆိုင်ရာ အသိပဟုသုတများကို ...စ် တကျ မှန်ကန်စွာ မည်သို့ရယူနိုင် ...ကြောင်း လမ်းညွှန်သဖွယ် ဖြစ်ခဲ့ရ ...ည်။

စိတ်ကူးဖြင့်ပင် မည်သို့မျှ အတိ ...ကျ ပုံဖော်နိုင်ခြင်း မပြုနိုင်လောက် ...အောင် စွမ်းဆောင်ပြုလုပ်ပေးနိုင်သည့် ...ွန်ပျူတာကွန်ရက် ကမ္ဘာတွင် လူနာ ...စ်ဦးကို ကယ်ဆယ်ကူညီရန် ကမ္ဘာ ...နှံ့အပြားမှ အလွန်ကြီးမား များပြား ...စွာ တုံ့ပြန်လှုပ်ရှား ကူညီဆောင်ရွက် ...ပေးသည့် ဖြစ်စဉ်တစ်ခု ပေါ်ပေါက် ...သာသည်အထိ ထိုလူငယ်နှစ်ဦး၏ ဆောင်ရွက်မှုက လှုံ့ဆော်တွန်းအား ပေးလိုက်နိုင်ခဲ့ပါသည်။

ထိုညနေခင်းတွင် ဝါရှင်တန် ဒီစီရှိ စီတန်းဆောက်ထားသော ပုံစံတူ အုတ်တိုက်ခန်းများမှ တစ်ခုအတွင်း၌ အသက်(၄၉)နှစ်အရွယ်ရှိ ဒေါက်တာ ဂွန်ဒဗလျူအောဒစ်သည် သူ၏ ကွန်ပျူ တာကို သုံး၍ သတင်းလွှာများကို ဖတ်ရှု လေ့လာနေသည်။ အပူပိုင်းဆိုင်ရာ ရောဂါများကို ကာကွယ်ကုသရန် သုတေသနပြုနေသည့် အဖွဲ့အစည်း (ထရော့မက်)သည် အပူပိုင်းဆိုင်ရာ ဆေးပညာရပ် ကျွမ်းကျင်သူ ဆရာဝန် ကြီးများအတွက် အဖွဲ့ဝင်များ ရေးသား ပြုစုထားသည့် သတင်းလွှာများကို အမြဲ ထုတ်ပြန်လွှင့်ထုတ်ပေးခဲ့သည်။

သူတို့သည် ကွန်ပျူတာများမှ တစ်ဆင့် အချင်းချင်းဆွေးနွေး တိုင် ပင်ကြကာ အသိချင်း ဖလှယ်နိုင်ကြ သည်။ သတင်းလွှာများကို ဖတ်နေရင်း ရုတ်တရက် အောဒစ်သည် တရုတ် ကျောင်းသားနှစ်ဦးက ပေးပို့သော သတင်းကို သတိထားမိလိုက်သဖြင့် ဂရုတစိုက် ဖတ်ရှုလိုက်သည်။

ထိုသတင်းသည် အလာဘား ဟားပြည်နယ် ဘာမင်ဂမ်မြို့မှ ထရော ပက်အဖွဲ့ကြီး၏ အကြီးအကဲ ဖြစ်သူ ဒေါက်တာဒေးဗစ်ဖရီဒ်မင်းက ထပ် ဆင့်ပေးပို့ တင်ပြပေးထားသည့် သတင်း ဖြစ်သည်။ သူ၏ အကြံပြု တိုက်တွန်း ချက်ကိုလည်း ထည့်သွင်း ဖော်ပြထား သည်။

"မူလ သတင်းပေးပို့သူထံ တိုက် ရိုက် ဆက်သွယ်ပြန်ကြား အသိပေးနိုင် လျှင် အကောင်းဆုံး ဖြစ်ပါသည်"

အောဒစ်သည် အနှစ်(၂၀)ခန့်မျှ အာရှနှင့် အာဖရိကနိုင်ငံများတွင် သက် ဆိုင်ရာ အမေရိကန် သံရုံးများ၌ ကျန်းမာရေးတာဝန်ခံ ဆရာဝန်တစ်ဦး အဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ် သည်။ သူ နောက်ဆုံး တာဝန်ထမ်း ဆောင်ခဲ့သောနေရာမှာ ဘေဂျင်းမြို့ ဖြစ်သည်။

ထို့ကြောင့် သူသည် ပီကင်း ယူနီယမ် ဆေးကောလိပ်ဆေးရုံကြီးမှ ဆရာဝန်များအကြောင်းကို ကောင်းစွာ သိရှိထားသူဖြစ်သည်။ သူတို့၏ ဆေး ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှု၊ အသိ ပညာ ဗဟုသုတကြွယ်ဝမှုတို့ကြောင့် များစွာလေးစားခဲ့သူ ဖြစ်သည်။

ထို့ကြောင့် သူတို့သည် တစ် နည်းမဟုတ် တစ်နည်းနည်းဖြင့် ရောဂါ ဖြစ်မြစ် အကြောင်းရင်းကို ရှာဖွေ တွေ့ရှိကာ လက်ရှိ အခက်အခဲကို လွန်မြောက်စေနိုင်လိမ့်မည်ဟု သူ ယုံကြည်ထားသည်။

နောက်တစ်နေ့ နံနက်ခင်းတွင် ၎င်းအောဒစ်သည် နိုင်ငံခြားရေးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က လုပ်ဖော် ကိုင်ဖက်ဖြစ်ခဲ့သူ ဒေါက်တာမာတင် ဝုဖ်ထံသို့ အင်တာနက်မှတစ်ဆင့် ထို သတင်းအချက်အလက်များကို ရိုက်နှိပ် ပေးပို့ခဲ့ပါသည်။

ဒေါက်တာဝုဖ်က ဤသို့ သုံး သပ် ဆင်ခြင်ခဲ့သည်။ ဓာတုဗေဒကို လေ့လာသင်ယူနေသော ဂျူးလင်း သည် ဆံပင်များ အဆွေးလိုက် ကျွတ် ထွက်နေခြင်း လက္ခဏာကြောင့် ဂျူး လင်းသည် အဆိပ်အတောက်ဖြစ်စေ နိုင်သည့် အက်တမ်အလေးဆများသော သတ္တုအဆိပ်သင့်ခြင်း ဝေဒနာ ခံစား ရနိုင်သည်ဟု သူက ယူဆသည်။ သူက ပြောခဲ့ပါသည်။

"သူတို့အနေနဲ့ သာလီယမ် သတ္တုမဓာတ် ပါဝင်မှု ပမာဏရာနှုန်း ဘယ်လောက်ရှိတယ်ဆိုတာကို သေ

www.burmeseclassic.com

သေချာချာ စမ်းသပ် စစ်ဆေးသင့်တယ်ဗျ”

သာလီယမ်သတ္တုသည် အပြာရောင်သမ်းနေသည့် အဖြူရောင်သတ္တုတစ်မျိုးဖြစ်သည်။ ခဲသတ္တုနှင့် ဆင်သည်။ ရှားပါးပြီး အဆိပ်အတောက်ဖြစ်စေနိုင်သဖြင့် တစ်ခါတစ်ရံ ကြွက်သတ်ဆေးများတွင် ထည့်သွင်းတတ်ကြသည်။

ယင်းသတ္တုဓာတ်သည် လူတို့၏ ခန္ဓာကိုယ်အတွင်းသို့ ရောက်ရှိသွားခဲ့ပါက ယင်းတို့သည် နာဗ်ကြောတစ်ရှူးကြွက်သားများတွင် စုပုံတည်ရှိနေတတ်သည်။ သို့အတွက်ကြောင့် သွက်ချာပါဒဝေဒနာကို ဖြစ်စေနိုင်သည့်အပြင် သေဆုံးသည်အထိ ဆိုးရွားတတ်သည်။ လူ့ခန္ဓာကိုယ်အတွင်း ဤသတ္တုဓာတ်ရောက်ရှိပြီး ထိုသို့ ဝေဒနာခံစားရသည့်ဖြစ်ရပ်မျိုး တစ်ခုတလေမျှကိုပင် ဆရာဝန် အများစုကဲ့သို့ပင် အောဒစ်သည် တွေ့ကြုံခဲ့ရဖူးခြင်း မရှိခဲ့ပါ။

မီချီဂန်ပြည်နယ်ရှိ တက္ကသိုလ်များမှ အင်တာနက်ကောလိပ်များနှင့် နိုင်ငံခြားရေးဌာနတွင် တာဝန် ထမ်းဆောင်နေသော အခြား အခြားသော ဆရာဝန်များထံသို့ တရုတ်ကျောင်းသားနှစ်ဦး၏ အရေးပေါ်ပန်ကြား အကူအညီတောင်းခံလွှာကို အောဒစ်သည် ထပ်ဆင့်ကူးယူပြီး လက်ဆင့်ကမ်းရိုက်နှိပ်ပေးပို့ခဲ့ပါသည်။

ထိုသူတို့အား ရောဂါဇစ်မြစ်အမည်ကို လျင်မြန်စွာ ဖော်ထုတ်ပေးနိုင်မည့် အထူးကျွမ်းကျင်သူ ပုဂ္ဂိုလ်များကို ကူညီပြီး ရှာဖွေပေးကြရန် အောဒစ်က တိုက်တွန်းတောင်းဆိုထားပါသည်။ လူများစွာထံမှ ပြန်လည်တုံ့ပြန်အကြောင်းကြားလာခဲ့ကြပါသည်။

ထိုနေ့ညတွင်ပင် ဘေဂျင်းသို့ အီလက်ထရောနစ် စာပို့စနစ်ဖြင့် သတင်း အချက်အလက် တစ်ခုကို အောဒစ်က ပေးပို့ခဲ့ပါသည်။

အောဒစ်က ရှင်းပြခဲ့ပါသည်။ ဆရာဝန်တစ်ဦးက သူတွေ့ကြုံခဲ့ဖူးသော ရောဂါမျိုးများဖြစ်နေသည်လားဟု စိုးရိမ်ပူပန်မိကြောင်း အောဒစ်ကို ပြောခဲ့သည်ဟု ဆိုသည်။ ထိုရောဂါမှာ လူနာ၏ကိုယ်တွင်းမှ ဖြစ်ပေါ်လာသော ပစ္စည်းကြောင့် အလိုအလျောက်ရောဂါပြီးစေသည့်ဖြစ်စဉ်သည် ဆိုးရွားစွာ ဖောက်လွှဲဖောက်ပြန်ဖြစ်ခြင်း ဝေဒနာဖြစ်သည်။

နာတာရှည် ကြွက်သားအားဆုတ်ရောဂါဟုလည်း ခေါ်ကြသည်။ ထိုရောဂါမျိုး ဖြစ်နေသည်လော။ သို့မဟုတ်လျှင်လည်း ဗိုင်းရပ်ပိုးကြောင့် ဖြစ်ရသော အပူပိုင်းဒေသတွင် တွေ့ရတတ်သည့် ကြွက်သားကျုံ့ အားနည်းကာ သွက်ချာပါဒဆန်ဆန် နာဗ်ကြောတစ်ပိုင်းတစ်စ သေခြင်းရောဂါနှင့် ဆင်သည့် ဝေဒနာမျိုးပေလော။ ယင်းကို ဂီးလန်ဘာရေး ရောဂါလက္ခဏာစုဟု ခေါ်ကြပါသည်။

ယင်းဝေဒနာမျိုးသည် ဗိုင်းရပ်ပိုးတစ်မျိုးမျိုး ကူးစက်ခံရခြင်းကြောင့် ဖြစ်စေ၊ ကာကွယ်ဆေး တစ်မျိုးမျိုး ထိုးပြီးနောက်ဖြစ်စေ ဖြစ်ပွားတတ်သည်။ ဖြစ်ခဲပါသည်။ ယင်းရောဂါ ဖြစ်ရခြင်း၏ အကြောင်းရင်း ဇစ်မြစ်ကိုမူ မသိရသေးဘဲ နာမ်ကြောဆိုင်ရာ အဖွဲ့အစည်းများအတွင်း ပြင်းထန်သော ဖောက်လှဲဖောက်ပြန်ခြင်းဖြစ်ကာ ခန္ဓာကိုယ်အတွင်းရှိ အင်္ဂါများမှ ကြွက်သားစုများ တစ်စိတ်တစ်ဒေသ လေဖြတ်သွားသကဲ့သို့ ကြွက်သားများကို အသုံးပြု

နိုင်စွမ်း မရှိတော့သည့် ရောဂါမျိုးဖြ[...]သည်။

အောဒစ်သည် သူ သိရှိထား[...]ချက်ကိုလည်း ပြောပြခဲ့ပါသည်။

ဂျူးလင်း၌ ဖြစ်ပေါ်နေသော ရောဂါလက္ခဏာမျိုးကို သာလီယမ်[...] အဆိပ်သင့်ခြင်းတွင်လည်း တွေ့ရတ[...]သည်ဟု ဆိုပါသည်။

ဂျူးလင်းနှင့် ပတ်သက်သည့် သမားတော်ကြီးများ၏ သုံးသပ်ချက်များ၊ ကုသချက်များ၊ ရှင်းလင်းချက်များနှင့်ပတ်သက်သော အချက်အလက်များကို ပြည့်စုံစွာထပ်ပို့ပေးရန် အောဒစ်က တောင်းဆိုထားပါသည်။

ပေးကျိချုန်းနှင့် ချိုင်ချွမ်ချိန်းတို့သည် သူတို့၏ အရေးပေါ် ကြ[...] ဆယ်ကူညီပေးရန် တောင်းဆိုချက်[...] ပေးပို့ပြီးနောက် (၂၄)နာရီပင် မကြာ[...] သော အချိန်အတွင်း အောဒစ်[...] ပြန်ကြားချက်ကို လက်ခံရရှိခဲ့ပါသည်။

သို့သော် နောက်နှစ်ပတ်အတွင်း ကမ္ဘာအရပ်ရပ်မှ အီလက်ထရောနစ် စာပို့စနစ်ဖြင့် ပေးပို့လိုက်သော အချက်အလက် သတင်းလွှာပေါင်းခြောက်[...] ကျော်ခန့်သည် ချိုင်း၏ အင်တာနက်ထဲရှိ စာများသိုလှောင်ရာ အပိုင်းတွင် စုပြုံရောက်ရှိနေခဲ့ပါတော့သည်။

• ထိုစာလွှာတို့တွင် သူတို့၏ စိုး[...] ပူပန်ကြောင့်ကြသည့် သဘောထား [...] ထင်မြင်ချက်များကို ဖော်ပြထား[...]သည်။

“လူနာကို သာလီယမ်သ[...] အဆိပ်သင့်ခြင်း ဟုတ်၊ မဟုတ် [...] အလေးအနက်ထားပြီး စမ်းသပ် [...] ဆေးသင့်ပါတယ်”

ဩစတြေးလျနိုင်ငံ ကင်ဘ[...] မြို့မှ ရောဂါစူးစမ်းရှာဖွေရေးဆရာ[...]





www.burmeseclassic.com

www.burmeseclassic.com

(အငြိမ်းစား)ဒေါက်တာ တက်ဒ်မာကာသာက တိုက်တွန်း အကြံပြုခဲ့သည်။

ချီကာဂို အခြေစိုက် ရေအိုင်ကြီးများ ဝန်းကျင်ဒေသဆိုင်ရာ ဆေးပညာဗဟိုဌာနမှ ဗာဂျီးနီးယားရှိ နာဗ်ကြောအဖွဲ့အစည်းဆိုင်ရာ ရောဂါကုသရေးဌာန၏ အကြီးအကဲဖြစ်သူ ဒေါက်တာဂျက်ရီဖန်တယ်သည်လည်း ပါဝင်ကာ ထောက်ခံအကြံပြုခဲ့ပါသည်။

ဂျူးလင်း၏ ဆံပင်၊ ခြေသည်းလက်သည်းများနှင့် ဆီးတို့ကိုလည်း သေချာစွာ ဓာတ်ခွဲစမ်းသပ် စစ်ဆေးသင့်ကြောင်း သူက ထပ်ဆင့် လမ်းညွှန်ပေးခဲ့ပါသည်။

အင်္ဂလန်နိုင်ငံ လိဒ်မြို့မှ ဆေးပညာဆိုင်ရာ ကထိကတစ်ဦးဖြစ်သူ ဒေါက်တာဒေးဗစ်ဘူလီမိုးကလည်း သူသံသယရှိနေသည့်အချက်ကို ပြောပြခဲ့ပါသည်။ တစ်ကြိမ်လျှင် အဆိပ်အနည်းငယ်စီ အနည်းငယ်စီသုံး၍ ဂျူးလင်းကို တဖြည်းဖြည်းချင်း အဆိပ်သင့်အောင် တစ်စုံတစ်ယောက်သောသူက တမင်ရည်ရွယ်ကာ ကြံစည်လုပ်ဆောင်ခြင်းမျိုး ဖြစ်နိုင်သည်ဟု သူက ပြောခဲ့ပါသည်။

အောဒစ်သည် အင်တာနက်ပေါ်တွင် တွေ့ရသော ရောဂါဖြစ်စဉ်များကိုလည်း လေ့လာဖတ်ရှုခဲ့ပါသည်။ ဧပြီလ (၁၈)ရက်နေ့တွင် ပေးဂျီချန်းနှင့် ချိုင်ချွမ်းချိန်းတို့ထံမှ ဆက်သွယ်ချက်တစ်ခုကို လက်ခံရရှိခဲ့သည်။

ပီကင်းယူနီယမ် ဆေးကောလိပ်မှ ဆရာဝန်များသည် ဂျူးလင်း၏ရောဂါသည် အမ်တမ်အလေးဆများသည့်သတ္တုအဆိပ်သင့်ခြင်းဖြစ်ကြောင်းဟူသော အချက်ကို လက်ခံ သဘောတူခြင်းမရှိကြောင်း အသိပေးထားပါသည်။

ထိုသတင်းကြောင့် အောဒစ်သည် အလွန်စိတ်ရှုပ်သွားခဲ့ရသည်။

ဂျူးလင်း၏ ရောဂါကို ကုသရာတွင် နာဗ်ကြောဆိုင်ရာရောဂါကုသရေးအဖွဲ့ အကြီးအကဲဆေးပညာရှင် လီစွန်းဝေနှင့် အရေးပေါ် ကြပ်မတ်ပြုစုကုသရေးဌာနအကြီးအကဲ ချန်တဲ့ချန်းတို့က ကြီးကြပ်လမ်းညွှန်ခဲ့ကြသည်။

ဂျူးလင်း ဆက်လက် အသက်ရှင်သန်နိုင်ရေးအတွက် ဆရာဝန်များသည် အပြင်းအထန်ကြိုးစားလုပ်ဆောင်နေကြရသည်။

သို့အတွက် သူတို့သည် ဂျူးလင်း၏ မိဘများက သူတို့ထံ ယူဆောင်ပေးလာခဲ့သော အီးမေးလ် သတင်းလွှာများတွင် ပါရှိသည့် အကြောင်းအရာအချက်အလက်များကို ဖတ်ရှုကြည့်ရန် အချိန်မပေးနိုင်ခဲ့ကြပါ။ နောက်ဆုံးတွင် အောဒစ်သည် ချန်တဲ့ချန်းထံ ဖုန်းဆက်ခဲ့ရတော့သည်။

တရုတ်ဆရာဝန်က ပေးဂျီချန်းနှင့် ချိုင်ချွမ်းချိန်းတို့အပေါ် အတော်ပင် မကျေမနပ်ဖြစ်နေကာ စိတ်ဆိုးလျက်ရှိသည်။ ထို့ကြောင့် သူက ပြောလာခဲ့ပါသည်။

“သည်ကျောင်းသားတွေက ပြဿနာတော်တော်များများကို ဖန်တီးလုပ်ဆောင်နေကြတာဗျ”

တည်ငြိမ်အေးဆေးစွာပင် အမှန်ကို မြင်အောင် အောဒစ်က ပြန်ပြောခဲ့သည်။

“ဒေါက်တာချန်၊ ကျောင်းသားတွေက ပြဿနာမဟုတ်ကြပါဘူး၊ လူနာမှာက ပြဿနာဖြစ်နေတာပါဗျ”

သူတို့သည် ဂျူးလင်းကို ကယ်တင်နိုင်ရန်အတွက် သူတို့ အစွမ်းရှိသမျှ လုပ်၍ ရနိုင်သမျှ မည်သည့်မျှ မကျန်ရအောင် လုပ်ပေးနေကြပါသည်ဟု ဒေါက်တာချန်က အောဒစ်ကို အလျှော့မပေးဘဲ ယုံကြည်ချက်အပြည့်ဖြင့် ပြောခဲ့ပါသေးသည်။

ထို့နောက် သူက အောဒစ်ကို ဒေါက်တာလီစွန်းဝေနှင့် တိုက်ရိုက်ဆက်သွယ်ကြည့်ရန် အကြံပြုခဲ့ပါသည်။

နာဗ်ကြောဆိုင်ရာ ရောဂါဗေဒဆေးပညာရှင် ဒေါက်တာလီစွန်းဝေထံသို့ အောဒစ်သည် တယ်လီဖုန်းကို သုံး၍ အဝေးမိတ္တူပို့ စနစ်ဖြင့်(ဖက်စ်ဖြင့်) စာတစ်စောင်ကို ပေးပို့လိုက်ပါသည်။

လူနာကို သာလီယမ်သတ္တု အဆိပ်သင့်ခြင်း ဖြစ်၊ မဖြစ်ကို မဖြစ်မနေ အလေးထား စမ်းသပ်စစ်ဆေးစေလိုကြောင်း စာထဲတွင် ထည့်ရေးခဲ့ပါသည်။

သို့သော် ထိုမှ နောက်၌ ဤကိစ္စနှင့်ပတ်သက်၍ အောဒစ်သည် အဆက်ပြတ်သကဲ့သို့ ဖြစ်သွားခဲ့ရသည်။ သူသည် ဝါရှင်တန်သို့ ထွက်သွားခဲ့ရပြီး ထိုမှ ဟာဝိုင်အီတွင် ပြုလုပ်သော ဆေးပညာ ညီလာခံတစ်ခုသို့ တက်ရောက်ခဲ့ရသည်။

ထိုစဉ် သူရောက်နေသောနေရာ၌ အင်တာနက်ဖြင့် သတင်း အချက်အလက်များကို ဆက်သွယ် ရယူသုံးစွဲနိုင်ခြင်း မပြုလုပ်နိုင်သဖြင့် အရေးကြီးသော သုံးသပ်ဆုံးဖြတ် လုပ်ကိုင်ဆောင်ရွက်မှု ပေးရမည့်အချိန် ဖြစ်နေသည့် ဂျူးလင်း၏ ကိစ္စအပေါ်တွင် ရက်အတန်ကြာ အဆက်ပြတ်ခဲ့ရပေသည်။

ပေးဂျီချန်းနှင့် ချိုင်ချွမ်းချိန်းတို့သည် သူတို့ရရှိခဲ့သော သတင်းအချက်အလက်များကို ဂျူးလင်း၏မိဘများထံ ယူသွားခဲ့ကြသည်။ ထို့ကြောင့် ဂျူးလင်း၏ မိဘများသည်လည်း



www.burmeseclassic.com

www.burmeseclassic.com

ဆရာဝန်များအား သမီးဖြစ်သူကို သာလီယမ်သတ္တုအဆိပ်သင့်ခြင်း ဖြစ်၊ မဖြစ် စမ်းသပ်စစ်ဆေးပေးပါရန် ထပ်တလဲလဲ တင်ပြဆောင်းဆိုခဲ့ကြသည်။

သူတို့အတွက် အကြီးအကျယ် ထိတ်လန့်စိုးရိမ်ဖွယ် ဖြစ်သွားရသည်မှာ ပီကင်းယူနီယမ် ဆေးကောလိပ်ဆေးရုံတွင်းရှိ ဓာတ်ခွဲခန်းတွင် ထိုသတ္တုအဆိပ်သင့်ခြင်းကို စမ်းသပ်စစ်ဆေးပေးနိုင်သည့် ကိရိယာပစ္စည်းများ တပ်ဆင်ထားခဲ့ခြင်း မရှိကြောင်း သိလိုက်ရသောကြောင့် ဖြစ်သည်။

ထိုအခါ ဂျူးလင်း၏ မိဘများသည် သူတို့၏ သမီးထံမှ သွေး၊ ဆီး၊ ဆံပင်နှင့် ခြေသည်း လက်သည်း နမူနာများကို ယူဆောင်ကာ ဒေါက်တာ ချန်ဂျန်ယမ်းထံသို့ ပို့ပေးပြီး ဘေဂျင်း ဆေးတက္ကသိုလ်ရှိ အလုပ်သမားများ၏ ကျန်းမာရေးနှင့် လုပ်ငန်းခွင်တွင် ဖြစ်ပေါ်တတ်သော ရောဂါများ ကုသရေးဌာနတွင် စမ်းသပ် စစ်ဆေးပေးရန် တောင်းဆိုခဲ့ကြပါသည်။

ဂျူးလင်း၏မိခင် ဂျူးမင်ရှင်းက ခင်ပွန်းဖြစ်သူကို လှမ်းပြောလိုက်သည်။

"တဲ- အခုတော့ ကျွန်မတို့ အဖြေထွက်လာတာကို စောင့်နေရုံသာ ရှိတော့တာပေါ့"

ဤဖြစ်ရပ်မတိုင်မီ တစ်ပတ်ခန့်က ကယ်လီဖိုးနီးယားတက္ကသိုလ် လော့အင်ဂျလိစ် ဆေးသိပ္ပံကျောင်းမှ ဘွဲ့ရကျောင်းသား တစ်ဦးဖြစ်သော အသက် (၂၇) နှစ်ခန့်ရှိ ရှင်းလီသည် သူ၏ ကွန်ပျူတာတွင် အီလက်ထရောနစ်စာပို့စနစ် အသုံးပြုခြင်း (အီးမေးလ်)ကို ကြည့်ရှုစစ်ဆေးနေစဉ် တရုတ် တက္ကသိုလ် ဘွဲ့ရကျောင်းသားအုပ်စုတစ်ခုက တင်လိုက်သော သတင်းတစ်ခုက သူ့ကို အာရုံစိုက်စေသည်အထိ ဆွဲဆောင်ခဲ့ပါသည်။

"ကျေးဇူးပြု၍ ဖတ်ရှုပြီးလျှင် သင်တတ်နိုင်သမျှ အခြားလူအများထံသို့ ထပ်ဆင့်ပို့ပေးပါ"

ထိုစာနှင့်အတူ ပေးဂျီချုန်း၏ အရေးပေါ် အကူအညီတောင်းခံလွှာကို ဖော်ပြခဲ့သည်။

"ဤ အမျိုးသမီးငယ်သည် အသက်ဆက်ရှင်နိုင်ရန် အရေးပေါ် အကူအညီ အလွန်လိုအပ်နေပါသည်"

တရုတ်တက္ကသိုလ်မှ ဘွဲ့ရလာသော ရှင်းလီသည် ကယ်လီဖိုးနီးယား တက္ကသိုလ်လော့အင်ဂျလိစ် ဆေးသိပ္ပံ၌ ပါရဂူဘွဲ့သင်တန်း အစီအစဉ်တွင် မတက်ရောက်ရသေးမီ အချိန်၌ သူသည် ပညာရပ်ဆိုင်ရာနယ်ပယ်အသစ်တစ်ခုဖြစ်လာသော တယ်လီမက်ဒီစင်ခေါ် ရုပ်မြင်သံကြားဆေးပညာရပ်၏ အစိတ်အပိုင်း တစ်ခုဖြစ်သော အဓိက ဆေးပညာရပ်ဆိုင်ရာ ဗဟိုဌာနများသို့ ရပ်ဝေးဒေသရှိ လုပ်ငန်းခွင် စခန်းဌာနများမှ ဆေးပညာရပ်ဆိုင်ရာ စိတ်ကူးစိတ်သန်း သတင်းအချက်အလက်များကို ကွန်ပျူတာမှတစ်ဆင့် ထုတ်လွှင့်ပေးပို့ရာတွင် အသုံးပြုသည့် ကွန်ပျူတာဆိုင်ရာ နည်းစနစ်များအား အဆင့်မြင့်ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးစားပြုလုပ်နေခဲ့သည်။

ရှင်းလီသည် သတင်းလွှာကို တွေ့ရှိပြီးနောက် ချက်ချင်းပင် ပေးဂျီချုန်းနှင့် ချိုင်ချွမ်ချိန်းထံသို့ အီလက်ထရောနစ်စာပို့စနစ်ဖြင့် စာပို့ခဲ့သည်။

စာထဲတွင် ဂျူးလင်း၏ အခြေအနေများကို သူ့ထံသို့ အဆက်မပြတ် အသိပေး အကြောင်းကြား ပို့ပေးရန် ရှင်းလီက တောင်းဆိုခဲ့ပါသည်။

ဧပြီလ (၂၈)ရက်၊ နံနက်(၆) နာရီအချိန်တွင် တယ်လီဖုန်းမြည်သံကြောင့် ရှင်းလီ အိပ်ရာမှ ထခဲ့ရသည်။ ဖုန်းထဲမှ ပေးဂျီချုန်း၏ အော်ပြောသံကို ကြားလိုက်ရသည်။

"သေချာပြီဗျ၊ ဒါ သာလီယမ်သတ္တုအဆိပ်သင့်ခံရတာပဲ"

များမကြာမီကပင် ဂျူးလင်း၏ မိဘများသည် ဓာတ်ခွဲခန်းမှ အဖြေရလဒ်ကို သိရှိခဲ့ရသည်။ ဂျူးလင်း၏ ခန္ဓာကိုယ်တွင် ရှိနေသော သာလီယမ်ပမာဏသည် အလွန်များပြားသည်ဟု ဆိုရပါမည်။ ပုံမှန်ရှိသင့်သည့် ပမာဏထက် အဆတစ်ထောင်ခန့်အထိပင် ရှိနေပါသည်။

ပေးဂျီချုန်းက ပြောပါသည်။

ပီကင်းယူနီယမ်ဆေးကောလိပ် ဆေးရုံမှ ဆရာဝန်များသည် ဂျူးလင်းကို ကုသရန်အတွက် ဘီ-အေ-အယ်လ်ခေါ် ဗြိတစ်လူးဝစ်ဆိုက် အဆိပ်ဖြေဆေးကို သုံးလိုသည်။

ယင်းဆေးသည် ဒုတိယကမ္ဘာစစ်အတွင်း ပေါ်ပေါက်ခဲ့သော ဆေးဖြစ်သည်။ ဓာတုပုံသေနည်းမှာ $CH_2SH\ CH\ SH\ CH_2\ OH$ ဖြစ်သည်။ စစ်အတွင်းက သုံးခဲ့သော အာဆင်းနစ်အဆိပ်ငွေ့ကို ဖြေသော ဆေးအဖြစ် သုံးခဲ့သည်။ လူးဝစ်ဆိုက်အဆိပ်ဟုလည်း ခေါ်သော ထိုအဆိပ်ဖြေဆေးသည် အာဆင်းနစ်ပါသော ဒြပ်ပေါင်း ဓာတုပုံသေနည်း $CL\ CH = CH\ AS\ CL_2$ ဖြစ်ပြီး အဝါရောင်ဖျော့ဖျော့ အနံ့မရှိ အဆိပ်ဖြစ်သည်။ မျက်စိနှင့် အဆုတ်ကို ဒုက္ခပေးတတ်ပြီး ယားယံစေသည့်ပြင် လောင်ကျွမ်းစေကာ အဖုအပိမ့်များ ဖြစ်ပေါ်စေတတ်သော အဆိပ်မျိုးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

သူက ထပ်ပြောပြသေးသည်။

"ဘေဂျင်းမှာတော့ ဒီ ဘီအေအယ်လ်ဆေးက သိပ်မရှိဘူးတဲ့ဗျ၊ အဲဒီတော့ တခြားမြို့ကြီးတွေဆီကနေ သူတို့ ဆက်သွယ်မှာယူကြရမှာပဲဗျ"

ရှင်းလီသည် ဌာန၏ အကြီးအကဲဖြစ်သူ ဒေါက်တာရစ်ချတ်စတက်ကယ်ကို အကျိုးအကြောင်း ပြောပြ၍ အကြံဉာဏ်တောင်းခံခဲ့ပါသည်။

ထိုပုဂ္ဂိုလ်သည် အမေရိကန်ရှိ ရှုပ်မြင်သံကြား ဆေးပညာရပ်ဆိုင်ရာ နယ်ပယ်တွင် စဦးပါဝင်ကြိုးစား လုပ်ဆောင်ခဲ့ကြသူများအနက် တစ်ဦးဖြစ်သည်။

စတက်ကယ်က ရှင်းလီကို အကြံပြုပြောခဲ့ပါသည်။

"ထိပ်တန်းအရည်အချင်းရှိတဲ့ အဆိပ်ဗေဒပညာရှင် တစ်ယောက်ကို မင်း ရှာဖို့လိုအပ်တယ်၊ အဲဒီတော့ လော့အင်ဂျလိစ်ဒေသဆိုင်ရာ အဆိပ်နှင့် ဆေးဝါးပစ္စည်းဆိုင်ရာ သတင်းဌာနကို မင်းသွားပြီး စုံစမ်းကြည့်ပါ"

ထိုဌာန၏ တွဲဖက်ဆေးပညာရပ်ဆိုင်ရာ ညွှန်ကြားရေးမှူး ဒေါက်တာအရှုတ်ဂျင်းက သူ့ကို ရှင်းပြခဲ့ပါသည်။

"ဘီအေအယ်လ်ဟာ သာလီယမ်သတ္တုအဆိပ်သင့်တဲ့ကိစ္စမှာ သုံးရတဲ့ဆေး မဟုတ်ပါဘူး"

ရှင်းလီကို သူက ဆက်ပြောပြခဲ့သည်။ ထိုရောဂါအတွက် ပုံမှန်ကုထုံးနည်းတွင် စက်မှုလုပ်ငန်းသုံး ဆိုးဆေးတစ်မျိုးဖြစ်သော ပရပ်ရှင်းအလူး ခေါ် ပဲရစ်ပယ်ရီဆိုင်ယနိုဒ်ပါသော ဆေးကို သောက်ဆေးအဖြစ် တွဲစပ် အသုံးပြုပေးရသည်။

ထို့ပြင် အမြေးပါးသုံး ခွဲထုတ်စက်ကို သုံး၍ အဆိပ်ပါသောသွေးကို စစ်ထုတ်ပေးရသည်။ သွေးပြန်ကြောသွင်းဆေးအဖြစ် ပိုတက်ဆီယမ်ကလိုရိုဒ်ကို သွေးပြန်ကြောထဲ ထိုးသွင်းပေးရမည်ဖြစ်သည်။

ဒေါက်တာဂျင်းက ရှင်းလီကို သတိပေး တိုက်တွန်းခဲ့ပါသည်။

"အဲဒီတော့ အဲခုချက်ချင်းဆိုပါတော့ အချိန်မဆိုင်းဘဲ စပြီး လုပ်ကြဖို့ ဆရာဝန်တွေကို မင်း တိုက်တွန်းပါ၊ အခြေအနေက တကယ့်ကို ကျဉ်းထဲကျပ်ထဲ အရေးကြီးတဲ့အလှည့်အပြောင်းဖြစ်နိုင်တဲ့ အနေအထားကို ရောက်နေတာလေကွာ"

ရှင်းလီက သွားရောက်ရှင်းပြပြီး အကူအညီ တောင်းခံခဲ့သော နယူးယောက်မြို့တော် အဆိပ်ဆိုင်ရာဌာနမှ ဒေါက်တာ ရောဘတ်ဟော့မင်းနှင့် ဒေါက်တာ ရစ်ချတ်ဟာမီတန်တို့ကလည်း လက်ခံသဘောတူခဲ့ပြီး ထပ်ဆင့်အကြံပြုချက်များကို ပေးခဲ့ကြပါသည်။

ရှင်းလီသည် ပီကင်းယူနီယမ်ဆေးကောလိပ်ဆေးရုံကြီး၏ အကြီးအကဲဖြစ်သူ၏ ရုံးခန်းသို့ ဆရာဝန်ကြီးများ၏ အကြံပြုထားသော ကုထုံးနည်းစဉ်များကို အဝေးမိတ္တူ ပေးပို့စက်နှင့် ပို့ပေးရန် ကြိုးစားခဲ့ပါသည်။

သို့သော် ဖုန်းဆက်တိုင်း ဖုန်းကို ဖြေကြားခြင်း မရှိခဲ့ပါ။ ထိုစဉ် သူ ရုတ်တရက် သတိရမိလိုက်သည်။

ဩော် - မေဒေးအားလပ်ရက်များတွင် အဝေး မိတ္တူပို့စက်များကို အသုံးပြု၍မရဘဲ ရပ်နားထားသည်ပဲလေ။ ထို့ကြောင့် ရှင်းလီသည် တစ်မျိုးကြိုးစားကြည့်လိုက်သည်။

ဒေါက်တာ အောဒစ်ထံသို့ ရောဂါကုသမှု ကုထုံးစီမံချက်ကို အီလက်ထရောနစ်စာပို့ စနစ်သုံး၍ ပေးပို့လိုက်တော့သည်။ အဆင်သင့်ပင် ထိုအချိန်၌ ဒေါက်တာအောဒစ်သည် ဝါရှင်တန်သို့ ပြန်ရောက်လာခဲ့ပြီဖြစ်သည်။

ဒေါက်တာအောဒစ်ကလည်း ချက်ချင်းပင် ထိုကုထုံးနည်းစဉ် အသေးစိတ်ကို ဘေဂျင်းရှိ အမေရိကန်သံရုံးမှ မိတ်ဆွေထံသို့ ထပ်ဆင့်ပြီး အဝေးမိတ္တူပို့စက်ဖြင့် ပို့လိုက်သည်။ ထိုသူကလည်း ရရချင်း ဆေးရုံသို့ ချက်ချင်း သွားပို့ပေးခဲ့ပါသည်။

ထိုမှ နောက်နေ့ နောက်နေ့တို့၏ ညပိုင်းအချိန်တို့တွင် ရှင်းလီသည် ပီကင်းယူနီယမ်ဆေးကောလိပ်ဆေးရုံမှ ဆရာဝန်များထံမှ အရေးတကြီး ပေးပို့လာခဲ့သော မေးခွန်းများကို အမေရိကန်ရှိ အဆိပ်ဗေဒ ပညာရှင်များထံသို့ တစ်ဆင့် လက်ဆင့်ကမ်း၍ သယ်ယူပို့ပေး ခဲ့ပါသည်။

"ပရပ်ရှင်းတလူးဆေးသည် သန့်စင်မည့် ရာခိုင်နှုန်း မည်မျှရှိရပါမည်နည်း"

"အန္တရာယ်များသော အမြေးပါးသုံး ခွဲထုတ်စက်ကို အသုံးပြုရခြင်းသည် အမှန်တကယ်လိုအပ်ပါသလား"

"ပိုတက်စီယမ်ကလိုရိုဒ်ဆေး သွင်းရာတွင် လွန်မသွားရန် မည်သို့ ကာကွယ် လုပ်ဆောင်ထားရပါမည်နည်း"

အမေရိကန်ရှိ ပညာရှင်များက အကျေအလည် ညှိနှိုင်းဆွေးနွေးပြီး အလေးအနက် အခိုင်အမာ ဆုံးဖြတ်ထားခြင်း ဖြစ်ကြောင်းကို ရှင်းလီက အလေးပေး၍ တရုတ်ဆရာဝန်များထံ ပြန်လည်ရှင်းပြခဲ့ပါသည်။ တညီတညွတ်တည်း ပြုလုပ်ခဲ့သည့် ဆုံးဖြတ်ချက်ဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com

"ပရပ်ရှင်းဘလူး ကုထုံးနည်းစနစ်ကို အသုံးပြု၍ ကုသခြင်းကို ချက်ချင်း စတင်လုပ်ဆောင်ပါ"

အချိန် တစ်ရက်အတွင်း၌ပင် ဂျူးလင်း၌ သာလီယမ်သတ္တုပါဝင်မှု ပမာဏသည် စတင်လျော့နည်းလာပါသည်။ ဆယ်ရက် ကြာပြီးနောက် ဂျူးလင်း၏ ကျောရိုးမအတွင်းရှိ အရည်များတွင် သာလီယမ်ပါဝင်မှုကို စမ်းသပ်ရှာဖွေ၍ မတွေ့ရတော့သည်အထိ ကင်းစင်သွားခဲ့သည်။

သမီးရှိရာ ခုတင်ဘေး၌နေရင်း ဂရုတစိုက် စောင့်ကြပ်ပြုစုပေးနေသော ဂျူးလင်း၏ မိခင်သည် သမီး၏ မျက်နှာပေါ်၌ အပြာရောင် သတ္တုလုံးကလေး သဖွယ် အရောင် တောက်ပြောင်နေသည့် ချွေးသီး ချွေးပေါက်များကို တွေ့လိုက်ရသောအခါ တုန်လှုပ်ချောက်ချားသွားခဲ့သည်။

သို့သော် နယူးယောက်မှအဆိပ်ဗေဒပညာရှင်များက ချက်ချင်းရှင်းပြပေးခဲ့ကြသည်။

ပရပ်ရှင်းဘလူးအဆိပ် အနည်းငယ်စီသည် စစ်ထုတ်ခြင်း ခံရပြီး ဂျူးလင်း၏ ချွေးထဲတွင် ရောနှောပါဝင်နေသောကြောင့် ထိုသို့ ဖြစ်ရသည်ဟု ရှင်းပြခဲ့ပါသည်။

၁၉၉၅ ခု၊ ဩဂုတ်လ (၃၁) ရက်နောက်ဆုံးတွင်မူ ဂျူးလင်းသည် သတိလစ် မေ့မြောနေရာမှ ဖြည်းဖြည်းချင်း ပြန်လည်နိုးထ အသိဝင်လာခဲ့ပါသည်။

ဂျူးလင်း၏ မိခင်သည် သမီးဖြစ်သူ၏ လက်များ မသိမသာလေးမျှ လှုပ်ရှားလာသည်ကို သိရှိခံစားလိုက်ရသည်။

မိခင်ဖြစ်သူသည် စိတ်လှုပ်ရှားမှုကြောင့် အသက်ရှူရပ်သွားမတတ်ဖြစ်သွားကာ အမောတကော မေးပြောပြောခဲ့သည်။

"လင်းလင်း လင်းလင်း၊ သမီး သတိပြန်ရလာပြီလား၊ သတိပြန်ရလာပြီလား"

မိခင်၏ လက်ချောင်းလေးများကို ဂျူးလင်းသည် အသာအယာ ညှစ်လိုက်ပြီး အဖြေပေးခဲ့ပါသည်။

ဂျူးလင်း ပြန်လည်ကျန်းမာလာသည့် သတင်းကို ရုပ်ပုံနှင့်တကွ ရှင်းလီက သူအသုံးပြုနေသော အင်တာနက်ကွန်ရက်ပေါ်တွင် တင်ပေးခဲ့ပါသည်။

ယခုအခါတွင်မူ တရုတ်တာဝန်ရှိပုဂ္ဂိုလ်တို့သည် ဂျူးလင်းကို အဆိပ်သင့်အောင် ကြံစည်လုပ်ဆောင်ခြင်း ဟုတ်၊ မဟုတ် စုံစမ်းဖော်ထုတ်ရန် ကြိုးစားနေကြပါသည်။

(1996 Sept Reader's Digest "Rescue on the internet" by Paleoan Meconell ကို ပြန်ဆိုရေးသားထားပါသည်)

**လင်းယဉ်ဉာဏ်**

❑

**စာမူများ ပေးပို့နိုင်ပါသည်**

စာပေ ဝါသနာရှင်များ မိမိ၏စာမူကို မိတ္တူကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်းတိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ မရွေးချယ်သော စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်း ပေးပို့ခြင်းမျိုး မပြုလုပ်ကြပါရန် မေတ္တာရပ်ခံပါသည်။

ရှေးဟောင်းဘုရားသမိုင်းကြောင်းများ၊ ဘာသာရေး ဆောင်းပါးများ၊ ဂမ္ဘီရဝတ္ထုများ၊ မုဆိုးဝတ္ထုများ၊ ရသဝတ္ထုများ၊ ဟာသများ၊ အံ့ရှေ့တိုင်းအနောက်တိုင်းဆေးပညာရပ်များ၊ ထူးခြားဆန်းကြယ်သောဖြစ်ရပ်များ စသည်ဖြင့် ပေးပို့နိုင်ပါသည်။

■■■■■■■■■■■■■■■■■

စီးပွားရေးလုပ်ငန်းရှင်များ
မိမိလုပ်ငန်း
ပိုမိုတိုးတက်
အောင်မြင်စေရန်
လပြည့်ဝန်းမဂ္ဂဇင်းတွင်
ကြော်ငြာများ
ထည့်သွင်းနိုင်ပါသည်။

■■■■■■■■■■■■■■■■■

အဖြူအမည်း
**တစ်မျက်နှာ**
ကျပ်တစ်သောင်းငါးထောင်တိတိ ဖြစ်ပါသည်။

အဖြူအမည်း
**မျက်နှာဝက်**
ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

**ဆက် သွယ် ရန်**

အယ်ဒီတာအဖွဲ့
လပြည့်ဝန်းမဂ္ဂဇင်း
တိုက်အမှတ် (၇၂၄)၊
အခန်း (၁၀) ပထပ်၊ မဟာဗန္ဓုလလမ်း၊
(၁၇×၁၈)လမ်းကြား၊
လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၅၂၂၂၈၅၀၀



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

မြတ်စွာဘုရားရှင်၏ ဒေသနာတော် များစွာထဲမှ မေတ္တာသုတ်၌ 'မိခင်သည် ရင်၌ဖြစ်သော တစ်ဦးတည်းသော သားကို အသက်ရှင်စေရန် အစဉ်စောင့်ရှောက်ဘိသကဲ့သို့၊ ဤအတူပင် သတ္တဝါခပ်သိမ်းတို့၌ အတိုင်းအရှည်မရှိသော မေတ္တာစိတ်ကို ပွားများရာ၏' လို့ မိခင်မေတ္တာကို စံထားပြီး မေတ္တာပွားများဖို့ ဟောကြားတော်မူခဲ့တဲ့ ဒေသနာကို ကျွန်တော်ကတော့ အသေအချာ အသိဆုံးပါဗျာ။

'မာတာယထာယ နိယံပုတ္တံ၊ မာယုသာ ဧကပုတ္တ မနုရက္ခေ၊ ဧဝမ္ပိ သဗ္ဗဘူတေသု၊ မာနသံ ဘာဝယေ အပရိမာဏံ'

မေတ္တာသုတ်ပရိတ်တော်ထဲက ပါဠိစာသားနဲ့ အနက်အဓိပ္ပာယ်ကိုလည်း အမေ့ဦးလေး 'ဘဘုန်းကြီး'က သေချာပြောပြထားလို့ သိနေတယ်လေ။ မိခင်မေတ္တာ ကြီးမြတ်စွာကို ကျွန်တော်က ပိုသိခဲ့တာပေ့ါ။ ပိုသိခဲ့တဲ့အကြောင်းကလည်း အမေ့မေတ္တာကို ကျွန်တော်က အခြားသူတွေထက် ပိုရခဲ့လို့ပါ။ ရခဲ့တဲ့ အကြောင်းရင်းကို ရှင်းပြရင် ပိုပြီး သဘောပေါက်သွားမှာ။ အကြောင်းရင်းက ဒီလိုဗျ။

အမေ ပြောပြတဲ့ ကျွန်တော့် ငယ်ဘဝတွေက ဇာတိအစမှာကတည်းက မလှဘူးတဲ့ဗျာ။ တစ်နေ့ ၂၄ နာရီထဲက အိပ်ချိန် ရှစ်နာရီ နုတ်ပြီးရင် ကျန်တဲ့ ၁၆ နာရီက အမေနဲ့ ကျွန်တော် လက်ပွန်းတတီးရှိခဲ့တာမို့ ကျွန်တော်တို့ သားအမိအပေါ် ဖြစ်တည်လာတဲ့ ကံကြမ္မာနဲ့ ဝဋ်ကြွေးကို ရှောင်လွှဲလို့မရတဲ့ အဆုံး အမေ့ရဲ့မိခင်စိတ်ဆိုတဲ့ အင်အားနဲ့ ဘယ်လိုတွန်းလှန် ကာကွယ်ခဲ့တယ်ဆိုတာ ပြချင်တာပါ။

ကျွန်တော့်ကို ကိုယ်ဝန်ခုနစ်လနဲ့ အမေ လွယ်ထားရချိန်မှာ အဖေ ငှက်ဖျားပိုး ဦးနှောက်ထဲဝင်ပြီး ဆုံးပါးခဲ့ရတယ်။ ကျွန်တော်တို့နေတဲ့ ငဝန်မြစ်အနောက်ဘက်ကမ်းဒေသက ရှီးမငှက်ဖျားကလည်း သိပ်ကြမ်းတာဆိုပဲ။ တောနဲ့ပတ်သက်အလုပ်လုပ်သူ မှန်သမျှ ငှက်မိကြတာ များပါတယ်။

အဖေဆုံးပြီး ကိုယ်ဝန်နဲ့ကျန်ခဲ့တဲ့ အမေဟာ ဆွေးသားရင်းချာ မရှိခဲ့ပေမဲ့ အဖေရှိစဉ်တုန်းက ရွာရဲ့ သာရေးနာရေးတွေမှာ စေတနာကောင်းခဲ့တဲ့ အကျိုးဆက်တွေကို အမေ တစ်ပြန်တစ်လှည့်ခံစားခဲ့ရတယ်။ ရပ်ဆွေရပ်မျိုး အားကိုးခဲ့ရတယ်။ တောနေလူတန်းစား ဘဝဆိုတာလည်း သိတဲ့အတိုင်းပေ့ါဗျာ။ အထုပ်ဖြေစားတာမှ မဟုတ်ကြတာ။ ရှိးမထဲသွားပြီး အလုပ်လုပ်စားရတာလေ။

အခု ရှိးမထဲသွားပြီး အလုပ်လုပ်တဲ့ အဖေမရှိပေမဲ့ အိမ်နီးနားချင်းတွေရဲ့ ကောင်းမှုနဲ့ အမေ့စားရေးကတော့ မခက်ခဲဘူးဗျ။ ဟိုအိမ်က ဟင်းတစ်ခွက်၊ ဒီအိမ်က ဆန်တစ်ခွက်နဲ့ လည်ပတ်ရင်း ရက်တွေကို ကျော်ဖြတ်ခဲ့ရတာ။

အဖေဆုံးပြီး နှစ်ပတ်မြောက် စနေနေ့တစ်နေ့ရဲ့ ရေတက်၊ နေတက်ချိန်မှာ လမစေ့ဘဲ ကျွန်တော့်ကို မွေးဖွားခဲ့ပါတယ်။ 'သားဦးစနေ' ဖြစ်ခဲ့တဲ့ ကျွန်တော် လူ့လောကကို စရောက်ပြီဆိုကတည်းက အဖေ့အတွက် လောင်မြိုက်ခဲ့ရတဲ့ သောကပရိဒေဝမီးတွေ မငြိမ်းသေးခင် ကျွန်တော်နဲ့ပတ်သက်တဲ့ အပူမီးက အမေ့ကို ထပ်မံလောင်မြိုက်ခဲ့ရပါတယ်။

"အူဝဲ. . . အူဝဲ. . . အူဝဲ"

"မွေးပြီ မွေးပြီ၊ အမယ်လေး ကလေးလေးက ဘီလူးလေးတော့"

ကလေးငိုသံနဲ့ အရပ်လက်သည် အမေတင့်ရဲ့ အသံတွေကို တစ်ပြိုင်နက်ကြားရပြီး အမေဟာ အချိန်နာရီတော်တော်ကြာ သတိလစ်သွားခဲ့ပါတယ်။

အမေတင့်ဆိုတဲ့ အရပ်လက်သည် အဒေါ်ကြီးက ကျွန်တော့်ကို မြင်မြင်ချင်း 'ဘီလူးလေး'လို့ ထင်သွားပုံရပါတယ်။ ထင်တာလည်း မပြောနဲ့လေ။ သူ မြင်လိုက်တာက ပါးစပ်မှာ ထွက်နေတဲ့ အစွယ်လို သွားဖွေးဖွေးကို တွေ့လိုက်တာကိုး။

အမှန်ကတော့ ကျွန်တော့်ရဲ့ အပေါ်နှုတ်ခမ်းက ကွဲပြီး အဲဒီအကွဲကြားက ကန့်လန့်ဖြတ် ထိုးထွက်နေတဲ့ သွားဖြူဖြူကြီး တစ်ချောင်းဟာ နှာခေါင်းနားအထိ ကန့်လန့်ကြီးဗျ။ ကွဲနေတဲ့ ဘေးနှုတ်ခမ်းသားတွေရဲ့ အပေါ်ကို ထင်းထင်းကြီးထွက်နေလို့ အမေတင့် လန့်မယ်ဆိုလည်း လန့်စရာပေ့ါဗျာ။

သူလန့်တာက အရေးမကြီးဘူး။ ကျွန်တော့်အမေက သူ လန့်အော်တဲ့ အသံကြားပြီး သတိလစ်ခဲ့တာ၊ သတိရလာတဲ့အချိန်မှာတော့ နို့လည်သွားခဲ့ပါတယ်။

နို့မစို့ရတော့ ကျွန်တော်ကငို၊ ကျွန်တော်ငိုတာကြည့်ပြီး အမေလည်း ငိုခဲ့ရတာပေ့ါ။ "သနားစရာကောင်းတဲ့ ငါ့သားလေး"ဆိုပြီး လက်ပေါ်က မချတော့ဘူးတဲ့။

ကျွန်တော့်ကို နို့မတိုက်နိုင်တဲ့ အမေဟာ အဖေကိုယ်တိုင် တောထဲမှာ ရှာဖွေဖွပ်ယူထားတဲ့ ပျားရည်ကို အစက်ကလေးတွေ ချချပေးရတယ်။ များသွားရင်လည်း သီးတတ်တယ်။သီးရင်လည်း သေတတ်လို့တဲ့။



www.burmeseclassic.com

www.burmeseclassic.com

ရေကျက်အေးနဲ့ ပျားရည်စက်လေးနဲ့ အဆင်ပြေပြီ မထင်ပါနဲ့။ ရေနဲ့ ပျားရည်စက်တွေ တိုက်ရင် ကွဲနေတဲ့ နှုတ်ခမ်းကြားကနေ နှာခေါင်းထဲအထိ ဆင်းတာများပါတယ်။ အဲဒီလို ဖြစ်ပြီဆိုရင်လည်း တဟွတ်ဟွတ်နဲ့ အသက်ရှူမဝတော့ သီးတတ်ပါတယ်။

အမေ နို့မထွက်တဲ့ပြဿနာရဲ့ နောက်ဆက်တွဲ ပြဿနာများစွာကို အမေက ပိုသိခဲ့တာလေ။ အဲဒါကြောင့် နို့ထွက်ဖို့ အမဲသားမစားတဲ့အမေဟာ ငါးမြီးပြုတ်ကို ဟင်းခါးအဖြစ် သောက်ရတာ နေ့တိုင်းတဲ့။ ကျွန်တော့်ငိုသံကြားတိုင်း သောက်တာတဲ့။ နောက်ဆုံးတော့ အမေ့ဆန္ဒ ပြည့်ရတာပေါ့ဗျာ။

နို့ရည်ကြည်လေးတွေ စထွက်လာနေတာဆိုရင် ကျွန်တော့်ကို ရင်ခွင်ထဲထည့်ပြီး အတင်းနို့စို့စေတာတဲ့။

ကျွန်တော်လည်း ဒါမျိုးမစို့ဖူးတော့ အော်အော်ငိုခဲ့တာ။ နောက်တော့ အမေက သူ့လက်နဲ့ နို့ရည်ကို ညှစ်ချပေးတောင်းမှန်းသိပြီး ကျွန်တော် အာပါးစရ စို့တော့တာ။

ဒါပေမဲ့ နို့ရည်ထွက်လို့စို့ရတဲ့ ကျွန်တော့်မှာ အဆင်ပြေသွားခဲ့ပေမယ့် အမေကတော့ အဆင်မပြေရှာပါဘူး။ ကျွန်တော် စို့လိုက်တိုင်း တကျွတ်ကျွတ်နဲ့ စုတ်သပ်ပြီး အောင့်ခံနေရတဲ့ အမေ့အဖြစ်က သနားစရာပါ။ မွေးရာပါ နှုတ်ခမ်းကွဲကြားက ကန့်လန့်ဖြစ်နေတဲ့ သွားက အမေ့ရဲ့နို့သီးခေါင်းတစ်ဝိုက်ကို ခဲ့တိုက်ရှနေတာလေ၊ နာလွန်းလို့ မျက်ရည်တွေဝိုင်းပြီး အောင့်ခံနေရတဲ့ အမေ့ရဲ့ဝေဒနာကို အမေပဲ ပိုသိမှာပေမယ့် ကျွန်တော် သိတတ်စပြုတဲ့ အထိ အဲဒီသွားကို မြင်ပြီး အမေ့ကို သနားခဲ့တာပါ။

သွေးကနေ ပြောင်းလဲလာတဲ့ နို့ရည်ကို သောက်စို့ခဲ့တာတင်မဟုတ်ဘဲ အမေ့ နို့သီးခေါင်းလေးတွေကိုလည်း ကန့်လန့်ဖြစ်နေတဲ့သွားက တွန်းတိုက်ပွန်းရှယူခဲ့လို့ အမေ့ရဲ့အသားစလေးတွေကလည်း နို့ရည်တွေနဲ့အတူ ကျွန်တော့်ပါးစပ်ကနေတစ်ဆင့် ဝမ်းထဲစီးဆင်းခဲ့တာပါ။

အမေ့ရဲ့ အသွေးအသားအကုန်စားသောက်ခဲ့တာပါဆို။ မိခင် မေတ္တာကို အခြားသူတွေထက် ကျွန်တော်ပိုရခဲ့တယ်ဆိုတဲ့ သက်သေပြချက်တစ်ခုပါ။

ကျွန်တော် နှစ်လသားအရွယ်ရောက်လာတော့ အမေအလုပ်လုပ်ဖို့ စဉ်းစားပြီး ခေါင်းရင်းအိမ်က 'ဘကြီးသာခေါင်'တို့ဆီမှာ တံမြက်စည်းထိုးသင်တော့တယ်။ စားပေါက်ကတိုးလာပြီဆိုတော့ ရပ်ဆွေရပ်မျိုးချည်း အမြဲအားကိုးနေလို့မှ မဖြစ်တာ။

လမစေ့ဘဲ မွေးခဲ့တဲ့ ကျွန်တော်ကလည်း လသားအရွယ်အရောက်မှာ စားလုံးက ကြီးခဲ့တယ်ဆိုပဲ။ အမေ နို့သက်ချိန်မှာတောင် ကျွန်တော်က နိုင်အောင်စို့ခဲ့တာ၊ အမေ့ နို့ကို ကျွန်တော် စို့နေတဲ့အချိန်မှာ အမေက ရေတစ်မှုတ်၊ တစ်ဖလားကို အတင်း သောက်ချရတယ်တဲ့။

ကျွန်တော် စို့ယူလိုက်တဲ့ နို့ရည်တွေက အမေ့ခန္ဓာကိုယ်ထဲက လျော့နည်းသွားတဲ့ သွေးတွေကို အမေက ရေသောက်ပြီး ချက်ချင်းဖြည့်ဆည်းပေးတာလေ။

ကျွန်တော် နှစ်နှစ်သားရောက်မှ နို့ပြတ်တယ်။ကျွန်တော် နို့ပြတ်တဲ့အချိန် အမေ့နို့သီးခေါင်းလည်း မရှိတော့ဘူး။ ခေါင်းရာလေးပဲကျန်တော့တယ်။ သွားနဲ့ ထိတိုက်ပွတ်ရှခဲ့ပေမယ့် နို့စို့နေတဲ့

အာငွေ့နဲ့ အနာမဖြစ်ဘဲ နို့သီးခေါင်းလေးကတော့ ပဲ့ပဲ့သွားခဲ့တာပါ။

မိခင် မေတ္တာကို အခြားသူတွေထက် ကျွန်တော် ပိုရခဲ့တယ် ဆိုတဲ့ သက်သေ ပြချက်တစ်ခုပါ။

ကျွန်တော် သုံးနှစ်သားအရွယ်မှာ တင်ပါးမှာ အနာစာဥတွေ ပေါက်ခဲ့လို့ အနာလုံးတွေဟာ ရောင်ကိုင်းပြီး ပက်လက်လည်းမအိပ်နိုင်၊ ဘေးစောင်းလည်းမလှဲနိုင်၊ ထိုင်လည်းမထိုင်နိုင်ခဲ့လို့ မှောက်လျက် အမေဟာ သူ့ကုပ်ပေါ်မှာ ခွထိုင်ခိုင်းပြီး ခေါင်းပေါ်မှာ ခမောက်ကို ပက်လက်လှန်၊ ခမောက်ထဲကို ထမင်းဇလုံထည့်ပြီး စားစေခဲ့ပါတယ်။ အမေ့လည်ပင်းကို ခြေနှစ်ချောင်းခွပြီးနေရတာက အနာတွေကို ဘာနဲ့မှ မထိရတော့ သက်သောင့်သက်သာရှိတာပေါ့။

အနေကောင်းတော့ ထမင်းစားပြီးလည်း အမေ့ကုပ်ပေါ်က မဆင်းတော့ဘဲ ခမောက်နဲ့ ထမင်းဇလုံဖယ်ပြီး ပျော်ခဲ့ပါတယ်။ သုံးနှစ်သားခန္ဓာကိုယ်ကို ကုပ် ပိုးထားရတဲ့ ညောင်းညာကိုက်ခဲမှုတွေကို အမေတစ်စက်မှ မညည်းညူခဲ့ပါဘူး။ ကျွန်တော့်အတွက် အဆင်ပြေတော့ အနာမပျောက်မချင်း အမေ့ကုတ်ပေါ်ထိုင်ပြီး ခေါင်းပေါ်မှာပဲ ထမင်းစားခဲ့တာပါ။

ကျွန်တော့်အနာတွေ သက်သာလာချိန်မှာတော့ အမေ့လည်ပင်းဟာ ဟိုဘက်ဒီဘက် မလှည့်နိုင်တော့ဘဲ တစ်ပတ်လောက်ဇက်ခိုင်သွားတာတဲ့။ မိခင်မေတ္တာကို အခြားသူတွေထက် ကျွန်တော်ပိုရခဲ့တယ်ဆိုတဲ့ သက်သေပြချက်တစ်ခုပါ။

ကျွန်တော် အသက်ငါးနှစ်ပြည့်လို့ ကျောင်းစတက်နေ့မှာတော့ ရက်မပျက်လုပ်ခဲ့တဲ့ တံမြက်စည်းလုပ်ငန်းကို





www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့ နားပြီး ကျွန်တော်နဲ့အတူ ကျောင်းကို အမေလိုက်ခဲ့ပါတယ်။

ကျွန်တော့်ကို ရွာထဲက တချို့ ကလေးတွေ မမြင်ဖူးလို့အထူးအဆန်းကို လိုက်ကြည့်ကြတဲ့အခါအမေက အဲဒီ ကလေးတွေကို မလိုလားတဲ့မျက်လုံး တွေနဲ့ စူးစူးဝါးဝါး ပြန်ကြည့်လိုက်ရင် ကျွန်တော့်ကို မကြည့်ရဲတော့ဘဲ အမေ့ မျက်လုံးအကြည့်ကနေ ရှောင်လွှဲထွက် သွားတတ်ကြပါတယ်။ ကျောင်းတက် ခေါင်းလောင်းတီးတော့မှ ကျွန်တော့် နားကပ်ပြီး -

"အမေ ကျောင်းရှေ့က သရက် ပင်အောက်မှာ ကျောင်းဆင်းတဲ့အထိ စောင့်နေမှာ"တဲ့။

နေ့လယ်မုန့်စားကျောင်းဆင်း ချိန် သရက်ပင်အောက်မှာ စောင့်နေတဲ့ အမေ့ဆီသွားဖို့ ကျွန်တော် ထွက်လာ တော့ ကျွန်တော်တက်တဲ့ သူငယ်တန်း လေးက ကျောင်းသားတစ်ယောက်က ကျွန်တော့်ကို -

"ဟေ့ကောင် အပဲ့ ဘယ်သွား မလို့လဲ"တဲ့။

ကျွန်တော် ဘာမှပြန်မပြောဘဲ နဲ့အမေ့ဆီပြေးပြီးကျွန်တော့်ကို 'အပဲ့' လို့ခေါ်တဲ့အကြောင်း အမေ့ပြန်ပြောပြ တော့ အမေ အသားတွေတဆတ်ဆတ် တုန်လို့ ကျွန်တော့်လက်ကိုဆွဲပြီး ဆရာ ရှေ့မှာ 'အပဲ့'လို့ခေါ်ကြောင်း ရှိုက်သံ ဗလုံးဗထွေးနဲ့ တိုင်ပြောပြောရင်း အမေ သည်းသည်းထန်ထန်ငိုချလိုက်ပါတယ်။

ဆရာဟာ 'အပဲ့' လို့ ခေါ်တဲ့ ကျောင်းသားကို ခုံပေါ်တက် မတ်တတ် ရပ်ခိုင်းပြီး ဝါးခြမ်းပြားနဲ့ တင်ပါးကို ရိုက်ခဲ့ပါတယ်။ ဆရာရဲ့ ဆုံးမမှုနဲ့ မကျေ နပ်သေးတဲ့ အမေဟာ ညနေကျောင်း ဆင်းချိန်မှာတော့ ရွာလူကြီးဆီသွားပြီး ကျွန်တော့်ကို 'အပဲ့'လို့ခေါ်တဲ့ ကလေးနဲ့ ကလေးမိဘတွေကို ထပ်တိုင်ခဲ့ပါတယ်။

'အပဲ့'လို့အခေါ်ခံရတဲ့ စကားလုံး အတွက် အမေ ယူကျုံးမရဝမ်းနည်းနေ တာကိုသိတဲ့ ကလေးရဲ့ ဖခင်ကလည်း ကလေးကို ရွာလူကြီးနဲ့ အမေ့ရှေ့မှာပဲ ရိုက်ပြီး ထပ်ဆုံးမပေးခဲ့ပါတယ်။

အဲဒီအချိန်ကစပြီး အပေါ်နှုတ် ခမ်းလေး ပဲ့နေတဲ့ ကျွန်တော့်ကို ဘယ် သူကမှ 'အပဲ့'လို့ မစဝံ့တော့ပါဘူး။

ချို့ယွင်းချက်၊ အားနည်းချက် တွေရှိတဲ့ ကျွန်တော့်ကို စိတ်မချနိုင်တဲ့ အမေဟာ နောက်နေ့ ကျွန်တော် ကျောင်းတက်တော့ တံမြက်စည်းလုပ်တဲ့ စူး၊ ဓား၊ ကြိမ်နဲ့ကိုင်းတွေယူပြီး ဘုန်း ကြီးကျောင်းအောက်မှာ အလုပ်လုပ်ရင်း တစ်နေကုန်စောင့်ခဲ့ပါတယ်။

ကျွန်တော် စာသင်ရတဲ့ ကျောင်း ကလည်း ဘုန်းကြီးကျောင်းဝင်းထဲက ဇရပ်မှာဆိုတော့ ကျွန်တော်က အမေ့ကို လှမ်းမြင်နိုင်သလို အမေကလည်း ကျွန်တော့်ကို လှမ်းမြင်နိုင်တာပေါ့။ သူငယ်တန်းလေးကစပြီး လေးတန်း အောင်တဲ့အထိ ကျွန်တော်နဲ့အတူ အလုပ်လုပ်ရင်း ကျောင်းကို လိုက်ခဲ့တဲ့ အမေပါ။ မိခင် မေတ္တာကို အခြားသူ တွေထက် ကျွန်တော် ပိုရခဲ့တယ်ဆိုတဲ့ သက်သေပြချက် တစ်ခုပါ။

ကျွန်တော့်မွေးပြီး တစ်သွေးလှ လာတဲ့ အမေ့ကို လိုချင်လို့ ကမ်းလှမ်း လာကြတဲ့သူတွေကို အမေခါးခါးသီးသီး ငြင်းဆန်ရင်း ကျွန်တော့်အတွက် သူ့ဘဝ တစ်ခုလုံးနှစ်ပြီး ဖြည့်ဆည်းခဲ့တဲ့ အမေ ပါ။ အမေ့ဘဝမှာ 'အလုပ်'နဲ့ 'ကျွန်တော်' ပဲ ရှိခဲ့တာပါ။

အမေ့ရဲ့ ထူးခြားတဲ့ မိခင်စိတ်က ကျွန်တော့်အားနည်းချက်ကို ဘယ်လို ဖြည့်ဆည်း ဆောင်ရွက်နိုင်မှာလဲ... အမြဲတွေးခဲ့တာပါ။

ကျွန်တော့်အမေက ဘုန်းကြီး... ကျောင်းထွက်တစ်ယောက်မို့ စာလည်း... ချောင်းကောင်းတတ်ပါတယ်။ ပါဠိ... ဆင့်တွေကိုလည်း ဖတ်တတ်ပါတယ်... ပြီးတော့ ဗလာစာအုပ်နောက်ကျော... တစ်ကနေ ၁၆ အထိ အလီကိုလည်း... အကုန်အလွတ်ရလို့ အလုပ်လုပ်ရင်း... ကျွန်တော့်ကို စာသင်နိုင်ခဲ့ပါတယ်။

မွေးရာပါ မျက်နှာပေါ်က တွဲ... တဲ့ နှုတ်ခမ်းလေးကြောင့် အားနည်း... ချက်ရှိပေမယ့် အမေ့ရဲ့ လက်ထပ်သင်... ပေးမှုတွေနဲ့ စာတော်တဲ့ ကျွန်တော်... မျက်နှာမငယ်ခဲ့ပါဘူး။

ဘကြီးသာခေါင်ရဲ့ သားနဲ့သမီး... မြို့ကျောင်းက ပြန်လာရင် မဂ္ဂဇင်းတွေ... ဝတ္ထုစာအုပ်တွေ ပါလာတတ်ပါတယ်... အမေက အဲဒါတွေငှားဖတ်ပြီး ကျွန်... တော့်ကို ညအိပ်ရ...င်ရင် စာထဲက... အကြောင်းတွေကို ပုံပြင်ပြောသလို... ပြောတတ်သူပါ။

အမေ့ရဲ့ စာဖတ်တဲ့ အကျိုး... ကျွန်တော့်ဘဝတစ်ဆစ်ချိုးကို ပြောင်း... လဲခဲ့တာလေ။

ရန်ကုန်ဆေးရုံကြီးမှာ နှုတ်ခမ်း... ကွဲတွေချုပ်တဲ့အကြောင်း မဂ္ဂဇင်းထဲမှာ... အမေ ဖတ်မိပြီး ဘကြီးသာခေါင်ဆီ... ပြေးဖော့တာပါပဲ။ ဘကြီးသာခေါင်ရဲ့... ခဏာတွေ့ အမေ့ဦးလေးတော်တဲ့ ရွာ... ကျောင်းက ဘဘုန်းဆီကို ဆက်သွား... ကျွန်တော့်နှုတ်ခမ်းကွဲကို ချုပ်ဖို့ အမေ... တိုင်ပင်ခဲ့ပါတယ်။

ဘဘုန်းက မြို့နယ်ဆရာဝန်... တိုင်ပင်ပြီးမှ ရန်ကုန်သွားတာ ကော... လိမ့်မယ်ဆိုပြီး မြို့ကို တက်သွား... တယ်။





www.burmeseclassic.com

www.burmeseclassic.com

နောက်နေ့မနက် ဘာဘုန်းပြန် ...တော့ မြို့နယ်ဆရာဝန်ကကျွန်တော့် ...ကို သူ အရင် စမ်းသပ်ကြည့်ပါ့မယ်။ ...ကြည့်ပြီးလို့ ခွဲစိတ်ကုသရနိုင်တယ် ...ရင် ရန်ကုန်ဆေးရုံကြီးမှာ ချုပ်ဖို့ ...ကိုယ်တိုင် လိုက်အပ်နှံပေးပါ့မယ်ဆို ...နှင့် ကျွန်တော်တို့သားအမိ မြို့ ...ဆေးရုံကို အရင်သွားစစ်ခဲ့ရပါတယ်။

ကျွန်တော့် နှုတ်ခမ်းကွဲဟာ ...ခေါင်းအထိမရောက်လို့ ကန့်လန့် ...နေတဲ့ သွားကို ခွဲစိတ်ထုတ်လိုက်ရင် ...ဖို့ လွယ်ကူကြောင်း အဆင်ပြေတာ ...တော့ သူ့ထက်ငယ်တဲ့ မြို့ကဆရာဝန် ...ကို ကျေးဇူးရှင်ရယ်လို့ ထိုင်ထိုင်ပြီး ...တော့ရင်း ငိုခဲ့ပါတယ်။ အဲဒီအချိန် ... ငိုတာကတော့ ဝမ်းသာလို့ပေါ့ဗျာ။

ကျွန်တော် လေးတန်းစာမေးပွဲ ...ချိန်မှာတော့ ဘာဘုန်းရယ်၊ မြို့က ...ဆရာဝန်လေးရယ်၊ ကျွန်တော်နဲ့ အမေ ...ယ် ကျွန်တော့်နှုတ်ခမ်းကွဲ ချုပ်ဖို့ ...ကုန်ဆေးရုံ ...ရောက်ခဲ့ပါတယ်။

နှုတ်ခမ်းချုပ်ပြီးလို့ ချုပ်ရိုးဖြေပြီး ...မှာတော့ ရန်ကုန်ဆေးရုံက ဆရာဝန် ...က -

"ရွာကို မပြန်ခင်မှာ ကလေးကို ...ရှင်ရုံမှာ ဟာသကား သွားပြပါ"တဲ့။

အမေက မပြချင်ဘူး၊ မတော် ... နှုတ်ခမ်းပြန်ကွဲမှာစိုးလို့လေ။

"ဆေးရုံမှာ ရှိတုန်း ပြန်ကွဲရင် ... ပြန်ချုပ်လို့ရတာပေါ့၊ ရွာရောက် ...ပြန်လာရင် ပိုဆိုးမှာ"ဆိုတဲ့ သူနာပြု ...တွေရဲ့စကား ထပ်ကြားရတော့မှ ...တော်တို့သားအမိ ဟာသမင်းသား ...နဲ့ ပါတဲ့ကား သွားကြည့်ဖြစ်ပါ ...။

ကျွန်တော်ကတော့ ရုပ်ရှင် ...ပြီး အူလှိုက်သည်းလှိုက် ရယ်လိုက်တာပေါ့ဗျာ။ အမေကတော့ ရုပ်ရှင်ပိတ်ကားကို ကျောပေးပြီး ကျွန်တော့်မျက်နှာက ချုပ်ထားတဲ့ နှုတ်ခမ်းကိုပဲ မမှိတ်မသုန်ကြည့်ပြီး ရင်တထိတ်ထိတ်နဲ့ စိုးရိမ်ခဲ့ရတာလေ။

ဟာသကား ကြည့်ပြီး မရယ်နိုင်တဲ့ အမေဟာ ကျွန်တော်ရယ်တိုင်း ငိုတော့မယ့် မျက်နှာနဲ့ စိုးရိမ်ကြောင့်ကြကြီးခဲ့တာပါ။

ရုပ်ရှင်ကြည့်ပြီး နောက်တစ်နေ့မှာ ဆရာဝန်ကြီးက ကျွန်တော့်နှုတ်ခမ်းချုပ်ရိုးတွေကို စစ်ဆေးရင်း -

"မင်း မနေ့က တော်တော်ရယ်ခဲ့လား၊ ရှေ့လျှောက်လည်း ရယ်လို့ရပါပြီ၊ အားရပါးရသာ ရယ်ပေတော့၊ မင်းနှုတ်ခမ်း ပြန်မကွဲတော့ဘူး"ဆိုတဲ့စကားကြားတော့မှ အမေ့မျက်နှာပြုံးလာတာတွေ့ရတယ်။

သေသပ်လှတဲ့ ခွဲစိတ်မှုကြောင့် ချုပ်ရိုးရာအနည်းငယ်ပဲရှိတဲ့ နှုတ်ခမ်းနဲ့ ချို့ယွင်းချက်မရှိတဲ့ လူတစ်ယောက်ရဲ့ ပြည့်စုံကောင်းမွန်တဲ့ မျက်နှာဖြစ်သွားချိန်မှာတော့ အမေ့ရုပ်နဲ့ ကျွန်တော့်ရုပ်ဟာ သားအမိပါလို့ မပြောဘဲနဲ့ သိသာအောင် ဆင်တူနေခဲ့တာပါ။

ကျွန်တော့်နှုတ်ခမ်းချုပ်ပြီး လေးတန်းအောင်လို့ ငါးတန်းကို ကျောင်းစတက်တော့ အမေ ကျွန်တော့်ကျောင်းကို မလိုက်တော့ပါဘူး။

ငါးတန်းမှာ အင်္ဂလိပ်စာ စသင်ရတာဆိုတော့ နှုတ်ခမ်းအနေအထားမှန်မှ အသံထွက်တဲ့ အင်္ဂလိပ်စာလုံးပေါင်းတွေကို ကောင်းကောင်းဖတ်နိုင်ခဲ့တာပါ။ နှုတ်ခမ်းသာ မချုပ်ဖြစ်ခဲ့ရင် ကွဲနေတဲ့ နှုတ်ခမ်းက လေထွက်တာနဲ့ အင်္ဂလိပ်စာကို ဖတ်ရဖို့ အဆင်ပြေမယ် မဟုတ်ပါဘူး။

အရင်က မူလတန်းကျောင်းပဲရှိခဲ့တဲ့ ကျွန်တော်တို့ရွာမှာ ကျွန်တော် ငါးတန်းတက်တဲ့ နှစ်မှာပဲ တွဲဖက်အလယ်တန်းကျောင်းကိုရလို့ ရွာမှာပဲ အမေနဲ့ မခွဲမခွာ နေထိုင်နိုင်ခဲ့တာပါ။

အမေကတော့ အတန်းရလာတာနဲ့အမျှ မြင့်မားလာတဲ့ ပညာရေးစရိတ်တွေအတွက် အလုပ်ကို ပိုမိုလုပ်ခဲ့ပါတယ်။ တံမြက်စည်းကို ကိုယ်တိုင်လည်းထိုး၊ ရွာထဲက ထိုးတဲ့သူတွေဆီမှာလည်း တစ်ဆင့်ပြန်ဝယ်၊ ပြီးတော့ မြို့ကိုသွားသွင်းလို့ လုပ်ငန်းချဲ့ခဲ့ပါတယ်။

ကျွန်တော် အလယ်တန်းတက်တဲ့အချိန်ကတည်းက မြို့ကျောင်းမှာ အထက်တန်းပညာသင်ဖို့ အမေချွေတာ စုဆောင်းခဲ့ပါတယ်။ ငါးတစ်ကောင်ချက်ရင် အမြီးနဲ့ခေါင်းပဲစားပြီး အလယ်သားကို ကျွန်တော့်ကျွေးခဲ့တဲ့ အမေ၊ အသားဟင်းချက်ရင်တော့ မကြိုက်ချင်ဟန်ဆောင်ပြီး ငါးပိနဲ့ တို့စရာတွေပဲ စားခဲ့တဲ့အမေ၊ 'အမေ ဗိုက်ထဲမှာ အရိုးနဲ့ဟင်းရွက်တွေပဲရှိတဲ့ အမှိုက်ပုံကြီးဖြစ်နေမလား မသိဘူးလို့' တွေးကြည့်ဖူးခဲ့ပါတယ်။

လိုအပ်ချက်တွေ၊ အားနည်းချက်တွေနဲ့ မွေးဖွားလာတဲ့ ကျွန်တော့်ကို အမေဟာ မိန်းမသားတစ်ဦးရဲ့ခွန်အားထက် 'မိခင်'ဆိုတဲ့ ရင့်ကျက်တဲ့ ခွန်အားတွေနဲ့ ဘဝကို ကောင်းမွန်စွာဖြတ်သန်းနိုင်မယ့် စွမ်းပကားတွေ ပေးခဲ့တာပါ။

ကျွန်တော်ဆိုတဲ့ လူသား (သို့မဟုတ်) အမျိုးကောင်းသားတစ်ဦးရဲ့ ရှိသင့်ရှိထိုက်တဲ့ အရည်အချင်းတွေကို အမေ ဖန်တီးပေးခဲ့တာပါ။

အမေ့ရဲ့ ပေးဆပ်နိုင်တဲ့ မေတ္တာတောမှာ ကျွန်တော် တဝကြီးလည်း ပျော်ခဲ့ရပါတယ် အမေ။



www.burmeseclassic.com

www.burmeseclassic.com

ဒေသနာတော်အရ 'ဝင့်ကြွေး မည်သည် မပေးဆပ်ဘဲ ကျေရိုးမရှိချေ' ကျွန်တော်တို့သားအမိနှစ်ဦးရဲ့ ဝင့်ကြွေး ဆပ်ပွဲက ကျေခဲ့ပြီထင်ပါရဲ့။ အတိုင်း အတာတစ်ခုအထိ/ကျွန်တော့်မှာ ပြည့်စုံ ခဲ့ပါပြီ။ ကျွန်တော် ၁၀ တန်းအောင်ပြီး ရန်ကုန်စီးပွားရေးတက္ကသိုလ်မှာ စာရင်း အင်း ပညာနဲ့ ဘွဲ့ရလို့ စာရင်းရုံးရဲ့ ဦးစီးမှူးတစ်ယောက် ဖြစ်မြောက်ခဲ့ပါပြီ။

လောကဓံနိယာမအရ အမေနဲ့ ကျွန်တော့်ဘဝ အမြင့်ပိုင်းကို ရောက် ကာမှ သံသရာကိုကျော်ခိုင်း၊ မေတ္တာ စိတ်နဲ့ အနိုင်ပိုင်းပြီး ကျွန်တော့်ကို ခွဲခွာ လို့ တရားရိပ်သာတစ်ခုမှာ 'ရာသက်ပန် ယောဂီ' အဖြစ် ဝင်သွားခဲ့ပါပြီ။

"ကျွန်တော့်ကို ကျေးဇူးဆပ်ခွင့် မပေးတော့ဘူးလား အမေရယ်" လို့ ပြောတော့ -

"လိမ္မာပြီး ပညာတတ် တစ် ယောက်ဖြစ်အောင် ကြိုးစားခဲ့တာ ငါ့ သား အမေ့ကို ကျေးဇူးဆပ်တာပေါ့"

'ရယူခြင်း' ဆိုတဲ့ 'လောဘ' မှာ ချမ်းသာကို မရှာတော့ဘဲ 'စွန့်လွှတ်ခြင်း' ဆိုတဲ့ 'အလောဘ' မှာ ချမ်းသာကို ရှာ ကြံသွားခဲ့တဲ့ အမေ။

စာရေးဆရာကြီး 'ဆရာဦးရွှေ အောင်'ရေးတဲ့ 'ကုသိုလ်နှင့် အကုသိုလ်' စာအုပ်ထဲမှာ -

"မိဘ၏အချစ်ကို မေတ္တာ အဖြစ် မေတ္တာသုတ်၌ ပုံစံထုတ်ခြင်းဖြစ်သည်။

လောက၌ ထိုအချစ်မျိုးဖြင့် ချစ် ရန် ညွှန်ကြားခြင်းဖြစ်သည်။ အမှန်အား ဖြင့် မေတ္တာဟူသည် ပေးသူဘက်၌ အကွန့်အသတ်မရှိ ခံယူသူဘက်၌သာ အကန့်အသတ်ရှိသည်။ မိုးရေခံယူသကဲ့ သို့ အိုးနှင့်ခံလျှင် အိုး၊ ခွက်နှင့်ခံလျှင် ခွက် အပြည့်ရ၏။ မိုးဘက်ကမူ အကန့် အသတ်မရှိ၊ အပြည့်အဝ ရွာသွန်း၏"

ဘဝမှာ လိုအပ်ချက်တွေများခဲ့ အတွက် အမေ့ မေတ္တာမိုးရေတွေကို ကျွန်တော်ပိုင်ဆိုင်သမျှ ထည့်စရာများ စွာနဲ့ ခံယူထည့်ထားခဲ့ပါတယ်။

တန်ဖိုးကြီး အသုံးဝင်လှတဲ့ မိုး ရေတွေကိုလည်း အဟောသိကံ မဖြစ် စေချင်လို့ပါ အမေ။

လုံလောက်စွာ ရထားတဲ့ မိုးရေ တွေကြောင့် သံသရာရှည်သလောက် ငြိမ်းချမ်းနိုင်လောက်ပြီမို့ အမေ့ကို 'ကျေးဇူးတင်ပါတယ်' လို့။

**မကျေ**

[၂၀၁၃ ခုနှစ်၊ အမေ့မေတ္တာ စာမူပြိုင်ပွဲ၊ ဆယ်စုနှစ်၏ ပထမဆု ဝတ္ထု]

❑


✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျီနီဗာ - ၂၀၁၃) ရွှေတံဆိပ်ဒိုင်းဆုရ
✓ နိုင်ငံတကာ ခေါင်းဆောင်မှု စွမ်းရည်ကြယ်ပွင့်ဆု (ပဲရစ် - ၂၀၁၁) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး စိန်ပွင့်ဆု (ပြင်သစ် - ၂၀၁၃) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး သရဖူစိန်ပွင့်ဆု (လန်ဒန် - ၂၀၁၄) နှင့် Certificate ရ

GENEVA GOLD STAR FOR QUALITY



ဖျံ-၅-ကောင်
အမှတ်တံဆိပ်

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၀၁၇/




သွေးချို-ဆီးချိုကျဆေးနှင့်
သွေးတိုးကျဆေးကို
တစ်ပြည်လုံးသို့
ဖြန့်ချိလိုက်ပါပြီ။



ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ) Ph.D (Alternative Medicines)
ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း။ အမှတ်-၁၂၄၊ ၆၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၃၀၁၀၇




www.burmeseclassic.com

www.burmeseclassic.com

တစ်ချိန်က ကျွန်ုပ်သည် ကြွေဗေဒင်ဖြင့် ဟောပြောကာ အသက်မွေးဝမ်းကျောင်း ပြုဖူး၏။ ဗေဒင်ဟောနည်းမျိုးစုံရှိသည့်အနက် ကြွေဗေဒင် ဟောချက်သည်လည်း လွန်စွာမှန်ကန်လှပါသည်။


ကြွေဗေဒင်တွင် ကတ်ပြားလေးတစ်ခုစီ၌ မေးခွန်းတစ်ခုစီ ရေးထားပါသည်။ ဥပမာ-ထီပေါက်မလား၊ စာမေးပွဲအောင်မှာလား၊ ခရီးသွားရင် ကောင်းမလား၊ ပြောထားတဲ့အလုပ် အဆင်ပြေမလား စသည်ဖြင့် ၎မေးခွန်းပေါင်းတစ်ရာကျော်လောက် ရှိပါသည်။

မေးခွန်းတစ်ခုစီအတွက် အိတ်ကလေးထဲက စာရွက်ထဲတွင် ကြွေတစ်ပွင့်ကျလျှင် ဘာဖြစ်မည်၊ နှစ်ပွင့်ပြလျှင် ဘာဖြစ်မည် စသဖြင့် ကြွေ (၇)လုံးအတွက် အဖြေကတ်ပြား (၇)ခုစီ ထည့်ထားသည်။

သီချင်တာတစ်ခုမေးလျှင် တစ်ဆယ်ကျပ် ယူပါသည်။ ဆယ်ခုမေးလျှင် တစ်ရာကျပ် ကျသည်။

မေးခွန်းတစ်ခုမေးတိုင်း မေးသူက ကြွေပန်းကန်ပြားထဲမှ ကြွေစေ့ (၇) စေ့ကို ညာလက်ဖြင့် ဆုပ်ကိုင်ပြီး လက်ကို နဖူးတွင်ကပ်၍ ကံတရား အဖြေမှန်ကို ပြပါဟု စိတ်ထဲမှ ရေရွတ်လိုက်ရ၏။

ပြီးမှ ကြွေပန်းကန်ပြားထဲသို့ မဖိတ်မစဉ်ရအောင် အသာအယာ ကြွေစေ့များ ပြန်ချရပါသည်။






www.burmeseclassic.com

www.burmeseclassic.com

အပွင့်အရေးအတွက် ကျရာကို ကြည့်၍ ဟောချက်ပေးရ၏။ ပန်းကန် အပြင်သို့ ကြွေစေ့ ဖိတ်စဉ်သွားလျှင် တရားမဝင်ပါ။ ပြန်လုပ်ရပါသည်။

ဉာဏ်ပူဇော်ခန္ဓနီးထားမှာ နည်းသည့်အတွက် အပျော်ဝင်မေးသူများ ရှိသလို အလေးအနက်ထားကာ ယုံကြည်စွာ လာရောက် မေးမြန်းသူများ လည်းရှိသည်။

ပျော်စရာကောင်းပြီး မှန်လည်း အတော်မှန်၏။ မိန်းကလေးအုပ်စုများ ချစ်ရေးချစ်ရာ အိမ်ထောင်ရေးကိစ္စများ အများဆုံး လာမေးတတ်၏။

ကျွန်ုပ်ကိုယ်တိုင်လည်း အထူး မှန်ကန်အောင် သီလ၊ စရဏအား စောင့်ထိန်းမှုများ ကျင့်ကြံအားထုတ်ထားရ၏။ အနည်းဆုံး စောင့်ထိန်းမှုက အရက်သေစာ မသောက်ရခြင်း၊ သူတစ်ပါး သားမယား မပြစ်မှားရခြင်း၊ အမဲသား မစားရခြင်းတို့ ဖြစ်သည်။

ကျွန်ုပ်ဗေဒင်ဟောသောနေရာတွင် စောင်းလျားပင်ကြီးရှိ၏။ အရိပ်ရ၏။ အေးလည်းအေးချမ်း၍ တည်ငြိမ်မှုရှိသည်။ လူသွားလူလာ မကျဲမစိပ် နေရာဖြစ်၏။

ညာဘက်ဘေး ဝါးတစ်ရိုက်ကျော်အကွာလောက်တွင် ကားမှတ်တိုင်ရှိကာ ကျွန်ုပ်ဘက်သို့ လှမ်းမြင်နေရ၏။

လူစုံသလို လာရောက်မေးမြန်းသူများထဲတွင် ပညာစမ်းသူ၊ ရန်ရှာသူများလည်း ဝင်ရောက်လာတတ်၏။

*

တစ်ခုသောနေ့တစ်နေ့ ဖြစ်၏။

တစ်မနက်လုံး ဝင်လာမစဲ တသဲသဲဖြစ်၍ ကျွန်ုပ် အဆင်ပြေနေခဲ့၏။

ဤသို့ဖြင့် နေ့လယ်ပိုင်းသို့ ရောက်လာခဲ့၏။

ကျောင်းသူလေး နှစ်ယောက် ဝင်လာပြီး ပညာရေးမေးခွန်းများ မေးမြန်းသည်။

"ဒီနှစ် ဆယ်တန်း အောင်မှာလား"

"ဂုဏ်ထူး ဘယ်နှခု ရမလဲ"

"ကျောင်းဆရာမ ဖြစ်မလား" စသည်ဖြင့် ကျေနပ်စွာ မေးပြီး ထပြန်သွားကြ၏။

ထို့နောက် ကျွန်ုပ်လည်း ခါးဆန့်၍ ဘေးဘီသို့ လှမ်းကြည့်လိုက်မိ၏။

ခန္ဓာကိုယ်အထက်ပိုင်းတွင် စွပ်ကျယ်သာ ဝတ်ဆင်ထားသော အသားညိုညို ထောင်ထောင်မောင်းမောင်း ဗလကောင်းသည့် လူကြီးနှစ်ယောက်ကို တွေ့ရ၏။ ထိုနှစ်ယောက်သည် တစ်ယောက်ပခုံး တစ်ယောက်ဖက်လျက် ထိန်းထားရင်း ကျွန်ုပ်ဆီသို့ လျှောက်လှမ်းလာနေသည်ကို တွေ့ရ၏။ ထိုသူနှစ်ဦးသည် ကျွန်ုပ်ရှေ့တည့်တည့်သို့ ရောက်လာပြီး ခွေခနဲ ထိုင်ချလိုက်၏။

ပြီးနောက် ကျွန်ုပ်အား မျက်လုံးနီကြီးများဖြင့် ပြူးကြည့်နေပါသည်။ ပြဿနာတော့ စပြီထင်သည်။

လွန်စွာမူးနေသော သူငယ်ချင်းဖြစ်ရမည်ဟု ကျွန်ုပ် အကဲခတ်မိ၏။

ပိုက်ဆံမရဘဲ ဘာတွေဖြစ်လာမည်လဲဟု ကျွန်ုပ် တွေးလိုက်မိ၏။

မကောင်းဆိုးဝါးတော့ ရောက်လာပြီ။ ကျွန်ုပ်အဆောင် ဘီလူးတစ်ထောင်ကို အားကိုးမှဖြစ်မည်ဟု ကျွန်ုပ် တွေးလိုက်မိ၏။

လမ်းသွား လမ်းလာများကလည်း စောင်းငဲ့ကြည့်သွားသလို ကားမှတ်တိုင်မှ လူအချို့ကလည်း လှမ်းကြည့်နေသည်ကို တွေ့ရ၏။ နေ့ခင်းပိုင်းဖြစ်၍ ကားအသွားအလာကျဲနေသည်။

ထိုစဉ် တစ်ယောက်သောသူက ကြွေပန်းကန်ကို လက်ညှိုးထိုးပြရင်း-

"ဒါ ဘာလုပ်တာလဲ" ဟု မေးလေ၏။

"ဗေဒင် ဟောတာပါဗျာ" ဟု ကျွန်ုပ်ကောင်းကောင်းမွန်မွန် ပြန်ဖြေလိုက်၏။

"ဘာဗေဒင်လဲ"

"ကြွေဗေဒင်ပါ"

"တစ်ခါမေး ဘယ်လောက်လဲ"

အင်း- မဟောချင်လည်း ဟောရဦးမယ်ဆိုတဲ့ အတွေးနဲ့။

"တစ်ခု မေးရင် တစ်ဆယ်ပါ ခင်ဗျာ၊ ဒီကတ်ပြားပေါ် ရေးထားတဲ့ အထဲက မေးနိုင်ပါတယ်"

လို့ပြောရင်း အနီးဝန်းကျင်ကို ကြည့်လိုက်ရာ လူအနည်းငယ် ကျွန်ုပ်တို့ သုံးဦးကို ကြည့်နေသည်ကို တွေ့ရ၏။

"ဒီမှာ ခင်ဗျားရေးထားတဲ့ အထဲက မမေးဘူး၊ ကျုပ်မေးချင်တာ တစ်ခု မေးမယ်၊ မှန်ရင် တစ်ဆယ်မကဘူး ငါးဆယ်ပေးမယ်၊ မမှန်ရင် တစ်ပြားမှ မပေးတဲ့အပြင် ပြဿနာပါ ရှာမယ်"

ကျွန်ုပ်အတော်ကြီးပင် သည်းခံနေရ၏။ ဘုပြောလိုက်လျှင် လမ်းဘေးတွင် ရုတ်ရုတ်သဲသဲ ဖြစ်သွားမည်စိုး၍ စိတ်ကိုထိန်းထားရင်း တိုက်ပုံညာဘက်အောက်အိတ်၌ ထည့်ထားသော ဘီလူးတစ်ထောင်ကို လက်ဖြင့် စမ်းလိုက်ကာ-

'ကျုပ်တော့ ရန်ပေါ်နေပြီ ဘီလူးတစ်ထောင်ရေ၊ ညီအစ်ကိုတော်တွေ ကျုပ်ကို အကူအညီပေးကြပါဦး" ဟု စိတ်ထဲမှ အမြန်ဆုံး တိုင်တည်လိုက်၏။

ထိုစဉ် ကျွန်ုပ် ခေါင်းနားပန်းများ ကြီးသွားပြီး ရှိန်းတိန်းဖိန်းတိန်းဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com

"ကဲ မိတ်ဆွေကြီး မေးဗျာ" ဟု ခွင့်ပြုလိုက်ရာ -

"ကျုပ် ဘယ်နေ့ သေမှာလဲ"

"ဟာ အဲဒါမမေးပါနဲ့ မိတ်ဆွေကြီးလည်း မကောင်းဘူး၊ ကျွန်တော်လည်း မကောင်းဘူး" ဟု ကျွန်ုပ်မှ ပြောလိုက်ရာ -

"အဲဒါဆို ကျုပ် ဘာနေ့သားလဲ မှန်အောင်ပြော"

ကဲ အရပ်ကတို့ရေ ကျွန်တော် ဘာနေ့သားပါ၊ ဘာဖြစ်လို့ဆိုပြီး ဗေဒင်ဆရာကို မေးရတာပဲ ရှိတယ်၊ မင်း ဘာနေ့သားပါဆိုပြီး ဟောတဲ့ ဗေဒင်ဆရာ ရှိလား၊ ဒုက္ခတော့ တွေ့ပြီ။ ကျွန်ုပ်က အကြားအမြင်ရ ဗေဒင်ဆရာလည်း မဟုတ်။ ဖြစ်လာမှတော့ စွန့်စားရတော့မှာပဲ။

ကျွန်ုပ်လည်း စိတ်ထဲမှ 'ဘီလူးတစ်ထောင်ရေ ကယ်ပါဦး' လို့ ပြောလိုက်တယ်။

ပြီးတော့မှ ကြွေစေ့ (၇)လုံးကို သူ့လက်ထဲထည့်ပေးပြီး ဒီကြွေပန်းကန်ထဲဝင်အောင် ပစ်ချပါလို့ ပြောရတယ်။

ထိုစဉ် ကျွန်ုပ် နားထဲမှာ ကြာသပတေးလို့ အသံတိုးတိုးလေး ကြားမိသည်။

ဘီလူးတစ်ထောင် ကူညီပြီပေါ့။

သူလည်း ဆုပ်ထားတဲ့ လက်ကို ဖွင့်ပြီးချလိုက်၏။ ကြွေ(၅)လုံး ပွင့်နေသည်။

ထို့ကြောင့် ဘီလူးတစ်ထောင် ပြောချက်အရလည်းကောင်း၊ ကြွေပွင့် (၅)ခု အရေအတွက်ကြောင့် လည်းကောင်း -

"ခင်ဗျား ကြာသပတေးသားပဲ" ဟု ပြောလိုက်၏။

"မှန်တယ်" လို့ သူက ပြောပြီး ခါးပိုက်ထောင်ထဲက ငါးဆယ်တန် တစ်ရွက် လှမ်းပေးသည်။

သူပေးသော ပိုက်ဆံကို လှမ်းယူမည်အလုပ် ကျန်တစ်ယောက်က သူ့သူငယ်ချင်း ပိုက်ဆံကိုင်ထားသောလက်ကို ဖမ်းဆွဲထားပြီး -

"နေဦးကွ မပေးနဲ့ဦး" ဟု တားလိုက်ပါသည်။

ကျွန်ုပ်လည်း ဘာဖြစ်လို့ပါလိမ့်ဆိုပြီး စိတ်ထဲ ခုသွား၏။

"ငါကျန်သေးတယ် မေးဦးမယ်၊ မှန်ရင် ငါးဆယ်ထပ်ရမယ်၊ မမှန်ရင် ဟိုငါးဆယ်ပါ မပေးဘူး"

"ဗုဒ္ဓေါ" ဟု ကျွန်ုပ်လည်း ဘုရားတလိုက်မိ၏။ ပြဿနာတော့ရှာပြီ။

"ကဲ- ဘာမေးမှာလဲ မိတ်ဆွေ" ဟု ကျွန်ုပ်မှ ပြောလိုက်ရာ -

"တို့ နှစ်ယောက်ပေါင်းမှာရှိတဲ့ ပိုက်ဆံကို မှန်အောင်ပြော"

ကဲ- စာရှုသူ၊ ခင်ဗျားဟောမလား၊ ကျွန်ုပ် နေရာဖယ်ပေးမယ်။ ဘယ်လောက်ခွကျတဲ့ မေးခွန်းလဲဗျာ၊ ကြွေပွင့်နဲ့ ဘာမှမဆိုင်ဘူး။

"ကြွေစေ့ကို ခင်ဗျား မကိုင်နဲ့၊ ကျုပ်ကိုင်ပြီး ပိုက်ဆံအရေအတွက် မှန်အောင်ပြောဗယ် ဖြစ်မလား"

"လုပ်လေ" ဟု သူက ဆိုလိုက်၏။

ကျွန်ုပ်သည် ကြွေစေ့ကို လက်ထဲ ဆုပ်ကိုင်လိုက်၏။ လက်ကို နဖူးတွင် ကပ်လိုက်ပြီး -

'ဘီလူးတစ်ထောင် ညီနောင်တို့ သူတို့နှစ်ယောက်တွင်ရှိသော ငွေပေါင်းကို ပြောပြပါလော့" ဟု စိတ်ထဲမှ ဆိုလိုက်ရာ -

"နှစ်ထောင့်ရှစ်ရာငါးဆယ်" ဟု နားထဲ၌ တိုးတိုးလေး ကြားလိုက်ရ၏။

သို့ဖြင့် ကြွေစေ့များ ပန်းကန်ပြားထဲသို့ ချလိုက်ရာ ကြွေ(၇)လုံး ပွင့်လေ၏။ နတ်မလေပြီ။

"ဒီမှာ မိတ်ဆွေကြီး ခင်ဗျားတို့ ပိုက်ဆံ နှစ်ထောင့်ရှစ်ရာငါးဆယ်ရှိတယ် နှစ်ယောက်ပေါင်းနော်" ဟု ပြောလိုက်၏။

"ကဲ ဒီမှာ ငါ့ပိုက်ဆံ အကုန်ပဲ၊ မင်းပိုက်ဆံ ထုတ်လိုက်" ဟုပြောရာ တစ်ယောက်ကလည်း ပုဆိုးခါးပုံစထဲမှ ပိုက်ဆံ အကုန်ထုတ်ချလိုက်၏။

ရေတွက်ကြည့်ရာ အားလုံးပေါင်း နှစ်ထောင့်ရှစ်ရာငါးဆယ်ကျပ် ဖြစ်နေ၏။

"မှန်လိုက်တာကွာ၊ တစ်ခါမှ မကြုံဖူးဘူး၊ ရော့ နှစ်ရာယူ"

"ငါတို့ သွားကြမယ်"

ဟုဆိုကာ ပိုက်ဆံများကောက်ကိုင်လိုက်ရင်း ဖြည်းညင်းစွာ ထသွားကြပါတော့သည်။

ကျွန်ုပ်လည်း ယခုမှ သက်ပြင်းချနိုင်တော့၏။ စိတ်မောလိုက်သည့် ဖြစ်ခြင်း။

စိတ်ဝင်တစား ကြည့်နေသူများက တစ်ယောက် တစ်မျိုး စကားသံထွက်ပေါ်ခဲ့၏။

"မူးရင်လည်း ကိုယ့်ဟာကိုယ် အေးအေးဆေးဆေး မနေဘူး၊ ဗေဒင်ဆရာ ဝင်ခလုတ်တိုက်ရသေးတယ်"

"ကျွန်တော်က အကောင်းကြည့်နေတာ မဟုတ်ဘူး"ဆိုတဲ့လူကတစ်မျိုး။

ကျွန်ုပ်အား လည်းကောင်း၊ ပညာအား လည်းကောင်း လေးစားသူများက မကျေမနပ် တဗျစ်တောက်တောက် ပြောရင်း ထွက်သွားကြရာ အားလုံးရှင်းသွားပြီး ကျွန်ုပ် တစ်ဦးတည်းသာ ကျန်ခဲ့တော့၏။



www.burmeseclassic.com

www.burmeseclassic.com

သည်းခံခြင်းသည် အောင်မြင်ရာ၏။ ဘီလူးတစ်ထောင်ကိုလည်း ကျေးဇူးတင်မိပါ၏။

ကျွန်ုပ် အခြားအခက်များ ကြုံခဲ့စဉ်ကလည်း ဤဘီလူးတစ်ထောင် ကူညီခဲ့ဖူးသည်။

ဘီလူးတစ်ထောင်နှင့် ပတ်သက်ခဲ့ပုံအကြောင်းကို စာဖတ်သူများအား တင်ပြပါဦးမည်။

*

တစ်နေ့သောနံနက်ခင်း ၉ နာရီခန့်လောက်၊ ကျွန်ုပ်တို့ လင်မယား၊ အိမ်ရှေ့ခန်း၌ ပဲပြုတ်နံပြားစားပြီး ရေနွေးကြမ်းသောက်ကာ စကားပြောနေကြ၏။

များမကြာမီ -

"မိန်းမ၊ ခြံဝကို ကြည့်လိုက်စမ်း၊ အရပ်မြင့်မြင့် ရသေ့ကြီးတစ်ပါး အလှူခံရပ်နေတယ် တွေ့လား"

"ဟုတ်ပ၊ ရှင်သွားလှူလိုက်ပါတော့" ဟုဆို၍ ကျွန်ုပ်အား ငွေတစ်ရာ ထုတ်ပေး၏။

ကျွန်ုပ်လည်း ရာတန်လေးကိုင်ကာ ခြံဝသို့ လျှောက်ခဲ့၏။

အနီးရောက်၍ ရသေ့ကြီးအား ကြည့်မိရာ ဦးခေါင်းတွင် ဒေါက်ချာဆောင်းထားပြီး လည်ပင်း၌ အာလူးအသေးစားအလုံးခန့် ပုတီးကြီးကို ဆွဲထား၏။ ယောဂီရောင် လွယ်အိတ်ကြီးကိုလွယ်ပြီး ယာဘက်တွင် ဘီလူးရုပ်ပါသော တောင်ဝှေးကြီးကို ကိုင်ထား၏။

ဘရသေ့ကြီးမှာ ဉပမိရုပ်ခဲ့ညားပြီး ကြည်ညိုစရာ ကောင်းလှသဖြင့် ကျွန်ုပ်မှာ စကားမပြောနိုင်ဘဲ တဒင်ငေးကြည့်နေမိ၏။

ထိုစဉ်မှာပင် ဘရသေ့မှာ ကျွန်ုပ်မျက်စိရှေ့မြင်ကွင်းမှ ပျောက်သွားခဲ့၏။

"ဟာ ဘယ်လိုပါလိမ့်၊ အိပ်မက်လည်း မဟုတ်ပါလား"

ကျွန်ုပ်မှာ မျက်စိများ ဝေဝါးနေသလား၊ အထင်ဖြင့် မျက်စိကို လက်ဖြင့် ပွတ်ကြည့်မိ၏။

"ယောက်ျားရေ ဒီမှာ ဘရသေ့ ရောက်နေတယ်" ဟူသော အသံကြားရသဖြင့် ခြံဝမှ နောက်သို့လှည့်ကြည့်လိုက်၏။ ထိုအခါ အိမ်ဝင်ပေါက်ဝတွင် ရပ်နေသော ဘရသေ့ကို တွေ့ရ၏။

'ထူးဆန်းလှချည်လား၊ ဒီနေရာက ပျောက်ပြီး ဟိုကို ဘယ်လိုရောက်သွားပါလိမ့်' ဟု ကျွန်ုပ် စိတ်ထဲမှ ရေရွတ်မိ၏။

ကျွန်ုပ်သည် ဘရသေ့ရှိရာ အိမ်ပေါက်ဝသို့ လျှောက်လာခဲ့၏။

"ဘရသေ့ အိမ်ထဲကြွပါရှင်"

ဇနီးသည်၏ ဖိတ်မန္တက ပြုသံကြားလိုက်ရပြီး ဘရသေ့အား ကြည့်လိုက်ရာ မြင်ကွင်းမှ ပျောက်သွားပြန်သည်။ ကျွန်ုပ်အိမ်ထဲသို့ လှမ်းဝင်ခဲ့ရာ ဘရသေ့ကို ဘုရားစင်အောက် ဖျာပေါ်တွင် တင်ပျဉ်ခွေလျက် အခံ့သားထိုင်နေသည်ကို တွေ့မြင်ရ၏။

ကျွန်ုပ် အမျိုးသမီးမှာ ဘရသေ့အား ဦးအကြိမ်ကြိမ်ချလျက် ကန်တော့နေသည်ကို တွေ့ရ၏။

"ကဲ- မြတ်ဦး၊ လာထိုင်၊ ငါမင်းတို့လင်မယားကို ချီးမြှင့်ဖို့ လာခဲ့တာကွဲ့၊ မင်းတို့ အဆင်ပြေအောင် စောင့်ရှောက်ရမယ့် တာဝန်လည်းရှိတယ်၊ အချိန်ကျပြီလေ" ဟု ပြောလေ၏။

"မင်းမိန်းမ နှင်းမေဟာ ဘဝဟောင်းက ငါ့သမီး တော်ခဲ့တယ်"

ကျွန်ုပ်မှာ အံ့ဩပြီးရင်း အံ့ဩရပြန်သည်။

အဘယ်ကြောင့်ဆိုသော် ဘရသေ့သည် ကျွန်ုပ်နှင့် ဇနီးနာမည်ကို မပြောပြရဘဲနှင့် သိနေ၏။

ခြံပေါက်ဝမှ အိမ်ရှေ့၊ အိမ်ရှေ့မှ ဘုရားစင်ထိ ကိုယ်ပျောက်ပြီး ရောက်သွား၏။ ထူးဆန်းမှုကား ပြော၍မကုန်ပင် ဖြစ်သည်။ ပုဂ္ဂိုလ်ထူး ဖြစ်ရမည်။

ကျွန်ုပ်သည် ဘရသေ့ရှေ့သို့ သွားရောက်ထိုင်လိုက်ပြီး ဦးသုံးကြိမ်ချကာ ကန်တော့လိုက်၏။

"သာဓု သာဓု သာဓု"

"ကဲ- ငါ့ကို ဆွမ်းနဲ့ ငှက်ပျောသီးကပ်ကြ" ဟု ပြောသဖြင့် အသင့်ရှိနေသော ဖီးကြမ်းငှက်ပျောမှည့် တစ်ဖီး၊ ဆွမ်း တစ်ပွဲ၊ သောက်ရေ တစ်ခွက်၊ လက်သုတ်ပဝါ တစ်ထည်ကို ဘရသေ့ရှေ့တွင် စားပွဲခုံလေးခင်းပြီး ရိုရိုသေသေ ကပ်လိုက်ကြ၏။

ဘရသေ့မှာ ဣန္ဒြေရရ သုံးဆောင်ကာ ခဏအတွင်းပြီးသွားခဲ့၏။

ထို့နောက် စားပွဲကို သိမ်းဆည်းပြီး ပြန်ထိုင်လိုက်ကြ၏။

ဘရသေ့သည် ကတ္တီပါ အနီရောင်အိတ်ရှုံ့လေးထဲမှ လက်ကိုင်ပဝါထုပ်ကို ထုတ်လိုက်၏။ လက်ကိုင်ပဝါအား ဖြေလိုက်ရာ ဝင်းဝင်းတောက်နေသော ဓာတ်လုံးများ၊ အခြားအဆောင်အင်းနှင့် ရုပ်တုများကို တွေ့ရ၏။

ထိုအထဲမှ ပစ္စည်းတစ်ခုအား ယူလိုက်ပြီး -

"ဒါ ဘီလူးတစ်ထောင် ကျောက်ဂမုန်းပဲ၊ အလွန်ရှားတဲ့ ပစ္စည်းပဲ၊ နှစ်ခုတွေ့ဖို့ မလွယ်ဘူး"

"ရော့- ဒါကို မင်းယူ၊ အလုပ်အကိုင် အကြံအစည်တွေမှာ သူတို့နဲ့ပြောလုပ်၊ အောင်မြင်လိမ့်မယ်၊ ထူးဆန်းတာက သူတို့က အသား မစားဘူး၊



www.burmeseclassic.com

www.burmeseclassic.com

သစ်သီး သစ်ဥပဲ စားတယ်၊ သူတို့ကို ဘင်မြှောက်ချင်ရင် သစ်သီးပွဲ တစ်ပွဲနဲ့ ဘင်မြှောက်ပါ၊ နတ်ဘီလူးမျိုးတွေ ဖြစ်တယ်။

အထူးသဖြင့် မင်းတို့ လင်မယား ရာသက်ပန် အမဲသားမစားရဘူး၊ ရှောင်ရမယ်၊ ဝင်ငွေသုံးပုံတစ်ပုံကို အမြဲဘုရားအတွက်ထားပြီး လှူ ပြီးရင် သူတို့ကို အမျှပေးရမယ်၊ သူတို့ပြောတာကိုလည်း နားထဲမှာ မင်းတစ်ယောက်ပဲ ကြားရမယ်။

သူတို့ကို မင်း စိတ်ထဲကနေ တောင်းပြောလို့ရတယ်၊ မင်းက ဗေဒင်ဆရာဆိုတော့လိုအပ်တယ်လေ၊ တစ်ချိန်မှာ မင်းဟာ ကျော်ကြားတဲ့ ဗေဒင်ဆရာကြီး ဖြစ်လာလိမ့်မယ်၊ ချက်ချင်း ကြီးပွားနိုင်ဘူး၊ ကြိုးစားအားထုတ်မှုနဲ့ တဖြည်းဖြည်း အဆင်ပြေလာလိမ့်မယ်၊ တဲ- ညာလက်ဖြန့်၊ ဒါကိုကိုင်ပြီး လက်နဲ့ဆုပ်ထား၊ ဘီလူးတစ်ထောင် မင်းကို အပ်မယ်"

ဟုဆိုကာ ဘရသေ့သည် ကျွန်ုပ်လက်ထဲမှဘီလူးတစ်ထောင်အား စူးစိုက်ကြည့်ပြီး နှုတ်မှ တတွတ်တွတ်ဖြင့် ရွတ်ဆိုနေပါတော့သည်။

ပြီးနောက် လက်ကိုင်ပဝါအား ပြန်လည်ထုပ်စည်းလိုက်ပြီး ကတ္တီပါ အိတ်ထဲသို့ ထည့်လိုက်၏။

"ကဲ ငါသွားပြီဟေ့" လို့ အသံပြုလိုက်ပြီး ပျောက်ကွယ်သွားပါ၏။

ကျွန်ုပ်လည်း လက်ကို ဖြန့်လိုက်တာ ကျောက်ဂမုန်းဥလေးအား သေချာစွာ ကြည့်လိုက်၏။

ဂမုန်းဥလေးမှာ ကျောက်သားတဲ့သို့ မာကျောပြီး လက်နှစ်ဆစ်ခန့် အရွယ်ရှိ၏။ ထူးဆန်းသည်မှာ ကျောက်ဂမုန်း၏ ပတ်ပတ်လည် မျက်နှာပြင် အပြည့် ဘီလူးခေါင်းမျက်နှာများဖြင့် ပြည့်နှက်လျက်ရှိသည်ကို တွေ့ရ၏။

'ကျွန်ုပ် အမျှပေးတိုင်း သင်တို့ သာဓုခေါ်ကြပါ' ဟု စိတ်ထဲမှ ပြောလိုက်ရာ "အင်း" ဟု အသံကြားရသဖြင့် ကျွန်ုပ်မှာ လန့်သွားမိ၏။

အစတွင် ဖော်ပြသကဲ့သို့ ကျွန်ုပ်သည် ကြွေဗေဒင်ဖြင့် ဟောပြောခြင်း၊ နောက်ပိုင်း ကျွန်ုပ်အိမ်မှာပင် ဟောခန်းဖွင့်၍ ဟောပြောခြင်း၊ မနောဖြင့် ဟောခြင်း၊ ခုနစ်နေ့ သားသမီးများ၏ အခက်အခဲ ကိစ္စအဝဝအား ဖြေရှင်းပေးခဲ့ရာ ထိုဘီလူးတစ်ထောင်အဆောင်ကြောင့် အောင်မြင်မှု များစွာရခဲ့၏။

ကျွန်ုပ်ဘဝ အဆင်ပြေလာသည်နှင့်အမျှ ဘဆရာ ရသေ့အား အကြိမ်ကြိမ် ဦးချမိပါတော့သည်။

ဘီလူးတစ်ထောင် အစွမ်းမှာ ပြောပြလျှင် ယုံနိုင်ဖွယ် မရှိပါ။

တစ်ခါက ကျွန်ုပ်အိမ်ခေါင်းရင်း သုံးအိမ်ကျော်မှ စတင်၍ ညကြီးသန်းခေါင် မီးထလောင်လေ၏။ လွန်စွာ နီးကပ်နေသဖြင့် ကျွန်ုပ်တို့ လင်မယား ရရာအထုပ်ဆွဲကာ လွတ်ရာသို့ ထွက်ပြေးခဲ့၏။

ရပ်ကွက်နှင့်မီးသတ် ငြိမ်းသတ်နိုင်သဖြင့် အတန်ကြာတွင် မီးငြိမ်းသွားခဲ့၏။ အားလုံးပြီးစီး၍ ကြည့်လိုက်ရာ ခေါင်းရင်းအိမ်သုံးလုံးနှင့် ခြေရင်းအိမ်လေးလုံး မီးထဲပါသွား၏။ ကျွန်ုပ်တို့အိမ်မှာ အံ့ဩဖွယ်ရာ ထီးထီးကြီးကျန်ခဲ့၏။ ဘာဆို ဘာမျှမဖြစ်ပါ။ ဘယ်လိုကွက်ကျော် ဖြစ်သွားပါလိမ့်ဟု စဉ်းစားမရတော့ပါ။

ထိုမီးလောင်အိမ်များ အသီးသီးပြန်ဆောက်ပြီး (၆)လခန့်အကြာတွင် တစ်ညသ၌ အိမ်ကို သူခိုးကပ်လေ၏။

ကျွန်ုပ်အား ဘီလူးတစ်ထောင်မှ နားထဲအသံပေး၍ နှိုးသဖြင့် မိန်းမအား လက်ဖြင့်ကုတ်၍ လေသံဖြင့် ပြောလိုက်ပြီး နှစ်ယောက်သား သတိထားနေလိုက်၏။

နံနက်လင်းသောအခါ ခြေရင်းအိမ်ကို သူခိုးဖောက်၍ ပစ္စည်းနှင့် ငွေများ ပါသွားကြောင်း သိရ၏။

ဒါတင်လားဆိုတော့ မဟုတ်သေးပါ။

ကျွန်ုပ် အကြွေးရစရာရှိသူကို မည်သူမည်ဝါဟုပြောပြီး ကြွေးတောင်းခိုင်းလျှင် တစ်ရက်၊ နှစ်ရက်အတွင်း ကြာမြင့်ပြီဖြစ်သော ကြွေးကို လာပေးရ၏။

ယခုအခါတွင် ကျွန်ုပ်တို့လည်း အခြေကျပြီဖြစ်၍ အကျိုးဆောင် ဘီလူးတစ်ထောင်ကိုလည်း အနားပေးလိုက်လေတော့၏။ သူတို့အတွက် ကုသိုလ်ကောင်းမှု မြောက်မြားစွာကိုလည်း ပြုလုပ်ပေးပြီး အမျှပေးဝေလိုက်ပါ၏။

**နေလင်းအောင်(လှိုင်သာယာ)**

❑

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

ယခုတင်ပြမယ့် ကျွန်တော့်ဘဝ ...ယ်တွေ့ ဇာတ်ကြောင်းတို့သည်ကား ...ခြားဆန်းကြယ်အံ့ဩဖွယ်ကောင်းလှ ...၏။ လူတိုင်းအဖို့ ယုံနိုင်ရန် ခက်ခဲပါ ...ည်။ လောကတွင် လူပေါင်းများစွာ ...၏ ဘဝဖြစ်စဉ်တို့သည်ကား ရိုးစဉ်း ...လှကာ ပုံစံခွက်ဆန်လွန်းလှပါ၏။

ဥပမာ- အလွှာစုံမှ လူသားတစ် ...တ် လူ့လောကထဲသို့ မွေးဖွား ...တ်ရှိခဲ့သည်ဆိုပါစို့။ အစဉ်အတိုင်း ...အရွယ်၊ ကျောင်းနေအရွယ်တို့ကို ...ဖြတ်သန်းသွားမည်။ ကျောင်းပြီး ...် လုပ်ငန်းခွင်ဝင်မည်။ ထို့နောက် ...ထောင်ပြုမည်။ ထို့နောက် သား ...း မြေးများ ရရှိကာ လုပ်ငန်းခွင်မှ ...းယူမည်။ ထို့နောက် အိုမင်းမစွမ်း၊ ...နောက် မနာမကျန်း၊ ထို့နောက် ကွယ် ...အနိစ္စရောက်ကာ ဘဝတစ်ပါးသို့ ...ပြောင်းသွားတတ်ကြပေသည်။

ကျွန်တော့် ပတ်ဝန်းကျင်တွင် ...မြင်ရသမျှ လူတို့၏ ဘဝများသည် ... အချိန်ဇယားရေးဆွဲထားသကဲ့သို့ ...တစ်ရာ ထူးခြားဆန်းကြယ်မှုများ ...တွေ့ရဘဲ ထိုအတိုင်းသာ ဖြစ်ကြ ...၏။

လူပေါင်းများစွာအတွင်းမှ အချို့ ...ယ်များ၏ ဘဝတို့သည်ကား စိတ် ...ဉ်ဆန်သော၊ ဝတ္ထုဆန်သော ...တ်ဆန်သော အဖြစ်အပျက်တို့ကို ...နိုင်လောက်အောင် တွေ့ကြုံရကြ ... အခြားသူများကို ပြောပြလျှင် ...ည်နိုင်ကြမည် မဟုတ်သော်လည်း ...သက်ရှင်များ အတွက်မူ အမှန် ...ယ် ကြုံတွေ့ကြရခြင်းသာ ဖြစ်ပါ ... ထိုကဲ့သို့ ထူးဆန်းသော လူများထဲ ... ကျွန်တော်သည် ထိပ်ဆုံးမှ ပါဝင်နေသည်ဟုဆိုလျှင် လွန်အံ့မထင်ပါ။ တခြားအရာများနှင့် တိုင်းတာရန် မလိုပါ။

ကျွန်တော်တို့နေအိမ်တွင် တန်ခိုးတော် အထူးထူးတို့နှင့် ပြည့်စုံသော ရွှေကံကူလေပျံသစ်တော် ရုပ်ရှင်တော်မြတ် ပွင့်ထွန်းပေါ်ပေါက်တော်မူနေခြင်း၊ မြန်မာနိုင်ငံအနှံ့အပြားမျှသာမက ကမ္ဘာ့နိုင်ငံများအထိပါ ငွေကြေး အမြောက်အမြား အကုန်အကျခံလျက် ပင့်ဆောင်ပူဇော်၍ နေကြခြင်း၊ ကျွန်တော်တို့မိသားစုဆိုလျှင် မြန်မာနိုင်ငံအတွင်း မည်သည့်မြို့ရွာသို့ သွားရောက်လိုသည်ဖြစ်စေ အရပ်ဒေသတိုင်းတွင် ရှိနေကြသော ရွှေကံကူသာဝကများထံ ဖုန်းဆက် အကြောင်းကြားလိုက်သည်နှင့် တစ်ပြားတစ်ချပ်မျှ ကုန်ကျစရာမလိုဘဲ သွားလာနေထိုင် စားသောက်ရေးတို့ကို စီစဉ်၍ပေးကြခြင်း၊ ရွှေကံကူရုပ်ရှင်တော်မြတ်သည် တစ်နှစ်တာလုံး ဒေသစာရီ ခရီးစဉ်များ ကြွမြန်းတော်မူလျက်ရှိစဉ် ကျွန်တော်နှင့် အစ်မကြီး ဒေါ်နွဲ့ရီတို့သာ အိမ်စောင့်ကျန်ရစ်သော်လည်း နေ့စဉ်နံနက်၊ ည ထမင်းပို့သူ သုံးလေးဦးမျှရှိနေ၍ ချက်ပြုတ်စရာမလိုအပ်ဘဲ ဟင်းလေးငါးဆယ်ခွက်မျှ ပုံမှန်ရောက်ရှိနေခြင်း၊ တစ်နေ့တာလုံး လက်ဖက်ရည်၊ ဆေးလိပ်၊ ကွမ်းယာတို့ကို ရွှေကြယ်စင်ကဖေးမှ နေ့စဉ်ကုသိုလ်ယူပေးပို့နေခြင်း၊ ဆန်ဈေး ဆီဈေး ဟင်းချက်စရာဈေးမျှ မသိတော့သော အနေအထားတွင် ရောက်ရှိနေခြင်း၊ အကျႌ လုံချည်၊ ဖိနပ်၊ ဆပ်ပြာ၊ သွားတိုက်ဆေးတို့ကို ဝယ်ယူသုံးစွဲရခြင်းမရှိဘဲ ပေါများပြည့်လျှံ၍ နေခြင်းတို့သည်ကား ထူးခြားဆန်းကြယ်သော အတိတ်ဘဝ၏ ကံအကြောင်းတရားများပင် ဖြစ်ပါ၏။

သို့သော် ကျွန်တော်တို့သည်လည်း လူထဲက လူများသာမို့ အစောပိုင်းကာလများတွင် ဝဋ်ကြွေးများပါရှိခဲ့သည့်အတိုင်း ကံကြမ္မာ၏ ထုထောင်းမှုအောက်တွင် ဒုက္ခမျိုးစုံတွေ့ကြုံခံစားခဲ့ရပါသေး၏။

ယခင် ကျွန်တော်ရေးသားခဲ့ဖူးသော "ဘယ်ဆီ ဘယ်ဝယ် ဘယ်သို့ရယ်" (သူရဋ္ဌမဂ္ဂဇင်း ၂၀၁၁)၊ "သံသရာတစ်ကွေ့ဝယ်" (ရောင်ပြန် မဂ္ဂဇင်း ၂၀၁၂) တို့တွင် ပါရှိခဲ့သည့်အတိုင်း ၁၉၉၈ ခုတွင် မန္တလေးတိုင်း ဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ် အုန်းတကူးကျေးရွာကလေးရှိ အမှတ် ၁၃ ဘ/က ပညာရေးမူလတန်းကျောင်းတွင် ကျောင်းဆရာသွားရောက်လုပ်ကိုင်ခဲ့ပါသည်။ ထိုစဉ်က အနေဆင်းရဲ၊ အစားဆင်းရဲခြင်းတို့အပြင် ငှက်ဖျားရောဂါဝေဒနာ၏ ဆိုးဝါးလှသော ခံစားမှုတို့ကိုလည်း ကြုံတွေ့ခဲ့ရပါသည်။

ယခင် ဝတ္ထုများတွင် ပါရှိခဲ့သည့်အတိုင်း ကျွန်တော်သည် ရွာဦးကျောင်းဆရာတော် ဦးသုမင်္ဂလ၊ ရ. ယ. က ဥက္ကဋ္ဌ ကိုမြင့်ဦး၊ ကျောင်းကော်မတီများဖြစ်ကြသော ကိုမြင့်ဆွေ၊ ကိုတင်ဝင်း၊ ကိုတင်မောင်ဝင်း၊ မီးသတ်ခေါင်းဆောင် ကိုရွှေမန်း၊ ပြည်သူ့စစ်ခေါင်းဆောင် ဦးညာဏ်စိန်၊ ဂေါပကလူကြီးများဖြစ်ကြသော ဦးသံချောင်း၊ ဦးခင်သောင်း၊ ဦးချစ်ကြွယ်၊ ဦးမောင်သန်း၊ ရွာဆော်ကြီး ဦးသန်းအောင်နှင့် ရွာသူရွာသားများ၊ တပည့် ကျောင်းသူကျောင်းသားများတို့၏ နွေးထွေးလှိုက်လှဲသော မေတ္တာတရားတို့ကြောင့် ဆင်းရဲဒုက္ခ အပေါင်းကို မေ့ပျောက်ကာ ရွာသူရွာသားများနှင့် တစ်သားတည်းကျလျက် ပျော်မွေ့ကျေနပ်လျက်ရှိခဲ့ပါသည်။

...ည့်ဝန်းမဂ္ဂဇင်း (ဇူလိုင်လ၊ ၂၀၁၇)



www.burmeseclassic.com

www.burmeseclassic.com

ဤနေရာတွင် မြွေများနှင့် ပတ်သက်သော ထူးခြားအံ့သြဖွယ်ဖြစ်ရပ်များစွာတို့ကို "ဘယ်ဆီ ဘယ်ဝယ် ဘယ်သို့ရယ်" ဝတ္ထုတွင် ရေးသားဖော်ပြခဲ့ပြီးဖြစ်၍ ချန်လှပ်ခဲ့ပါမည်။

ကျွန်တော်သည် ထိုရွာကလေးတွင် နေသားကျလျက် ပျော်မွေ့၍နေစဉ် ကျွန်တော်တို့နေအိမ်တွင် ရုပ်ရှင်တော်မြတ် ပွင့်ထွန်းပေါ်ပေါက်တော်မူလာ၍ အစ်မများမှ စဉ့်ကိုင်သို့ ပြန်လည်ခေါ်ယူခဲ့ပါသည်။

ကျွန်တော်သည် အုန်းတကူးရွာကလေးကို သံယောဇဉ်ရှိနေ၍ ပြန်မလာချင်သောကြောင့် အစ်မများမှ အတင်းအကျပ်သဘောမျိုး ခေါ်ယူကြရသည်အထိ ဖြစ်ခဲ့ပါသည်။

ကျွန်တော် စဉ့်ကိုင်သို့ ပြန်လည်ရောက်ရှိပြီး မကြာမီ (၃)လခန့်မှာပင် ကျွန်တော့်ဦးခေါင်း ချိုစောင်းတွင် ဒင်္ဂါးစေ့အရွယ်ခန့် ဆံပင်ကျွတ်၍ အဝိုင်းကလေး ဖြစ်ပေါ်လာပါသည်။ ထိုအဝိုင်းကလေးမှာ လျင်မြန်စွာ ကျယ်ပြန့်လာရာ မကြာမီမှာပင် ကျပ်ပြားဝိုင်းခန့်အထိဖြစ်လာပြီး လက်ဖြင့်စမ်းကြည့်လျှင် အနာရွတ်ကဲ့သို့ ပြောင်ချောလျက် ဆံပင်ငုတ်များ မရှိပါ။

ဤအတိုင်းနေလျှင် မကြာမီ အချိန်ကာလအတွင်း တစ်ခေါင်းလုံး ပြောင်သွားဖွယ်ရှိပါသည်။ ကျွန်တော်သည် ကတုံးရိတ်ရန်မဆိုထားနှင့် ဆံပင်အတိုပင် ညှပ်လေ့ရှိသူမဟုတ်၍ ခေါင်းပြောင်သွားမည်ကို စိုးထိတ်မိပါသည်။

ကျောက်ဆည်ခရိုင် ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး ဦးအေးထွန်းဆိုလျှင် အမြဲတမ်း ကတုံးနှင့်သာ မြင်တွေ့ရ၍ ဝါသနာပါ၍ ရိတ်ထားသည်ဟု ထင်မိပါသည်။ နောင်တွင် ၎င်း၏ဇနီး ဒေါ်စန်းရင်မှ ပြောပြသဖြင့် သိရသည်မှာ အလိုလို ဆံပင်များကျွတ်သွား၍ ပြန်မပေါက်တော့သည်မှာ အနှစ်နှစ်ဆယ်မျှပင်ရှိပြီဟု သိရသောအခါ ကျွန်တော်လည်း ထိုသို့ ဖြစ်လေမည်လား ပူပင်သောက ဖြစ်ရပါသည်။

ထိုအချိန်တွင် ကျွန်တော်၏ညီမသည် ရာသက်ပန် နဝင်္ဂသီလ ဆောက်တည်ထားပြီဖြစ်၍ မယ်တော်ကြီးအဖြစ်သို့ ရောက်ရှိကာ အတိတ်ဘဝပါရမီ အထောက်အပံ့ကောင်းမွန်မှု၊ သိဒ္ဓိရှင် မဟိဒ္ဓိရှင်တို့၏ စောင့်ရှောက်မှုကြောင့် လူထုကို ဟောပြောနိုင်ခြင်း၊ ပယောဂ ဟူသမျှကို နိုင်နင်းခြင်း၊ သိုက်ဆက်များကို ဖော်ထုတ်၍ ကူညီပေးခြင်း၊ မကျွတ်မလွတ်သူများကို ဖိတ်ခေါ်၍ အမျှကုသိုလ်များ ပေးဝေကာ ချွတ်လွှဲပေးခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော့်တွင် နတ်နှစ်သကဲ့သို့ ဆံပင်များကျွတ်လာခြင်းနှင့် ပတ်သက်၍ မေးမြန်းကြည့်ရာ ကျွန်တော်နေထိုင်သော အုန်းတကူးရွာအနီးရှိ တောင်ပေါ်မှ အတိတ်ဘဝမှ အစ်မတော်သည် ကျွန်တော့်အား တွေ့ဆုံလို၍ ဤသို့ပြုလုပ်နေခြင်း ဖြစ်သည်။

ထို့ကြောင့် ကျွန်တော်သည် အုန်းတကူးရွာသို့သွားရောက်၍ တောင်ပေါ်သို့တက်ပါ။ တောင်ပေါ်တွင် လက်ဖက်နှင့် ငချိပ်ပေါင်း၊ ဗယာကြော်တို့ကို ဆွမ်းတော်တင်ပါ။ ထို့နောက် လက်ဖက်ကို စွန့်လှူပြီး ဆံပင်ကျွတ်သော နေရာတွင် ပွတ်၍ နောက်ပြန်ပစ်လိုက်ပါဟု ပြောကြားပါသည်။

ထို့ကြောင့် ကျွန်တော်သည် အုန်းတကူးသို့ သွားရောက်ရန် အမြန်ဆုံး စီစဉ်ရပါသည်။ ထိုရက်များတွင် အိပ်မက်မက်သည့်အခါတိုင်း မြွေများကို မြင်တွေ့ရပါသည်။

တစ်ချိန်တည်းမှာပင် ကျွန်တော်၌ ထူးဆန်းသောရောဂါဝေဒနာတစ်ခု လည်း ပေါ်ပေါက်၍လာပါသည်။ ထိုင… က ကျွန်တော်သည် သာသနာပွဲများ… ချသော ငှက်ပျောသီးများကို နံနက်တိုင်း ကျွန်တော်တို့ အိမ်ရှေ့လမ်းမှ ဆွမ်း… ကြွမြဲဖြစ်သော အုန်းပင်ခြံ ပညာမိတ္တ… (ရွှေကျင်)ကျောင်းတိုက်မှ သံဃာတော် များကို လောင်းလှူလေ့ ရှိပါသည်။ သံဃာတော်များကို စောင့်ဆိုင်းရခြင်း လောင်းလှူရခြင်းတို့သည် အချိန်အား ဖြင့် နာရီဝက်မှ လေးဆယ့်ငါးမိနစ်ခန့် အထိ ကြာမြင့်တတ်ပါသည်။

ထိုအချိန်တွင် ကျွန်တော်၏ ခြေသလုံးတစ်ဖက်တွင် အရိုးဆီမှ ထိုး… နာကျင်ကိုက်ခဲလာပါသည်။ ကျွန်တော် ပေ၍ ရပ်နေရပါ၏။ သံဃာတန်း ပြီး ဆုံးသွားသောအခါမှ ထိုင်ချလိုက်ပြီး လက်နှင့် ဖိနှိပ်ထားလိုက်လျှင် တစ်ခဏ… အတွင်း ပျောက်ကင်းသွားပါ၏။

ထိုရောဂါဝေဒနာ၏ ထူးခြား… မှာ ထိုင်နေလျှင်သော်လည်းကောင်း ဆိုင်ကယ် ကားစသည် အစီးအနင်း… တို့ဖြင့်သော်လည်းကောင်း တစ်နေရာ… သွားလာနေသည့်တိုင် ဝေဒနာမဖြစ် ပေါ်ပါ။ မတ်တတ်ရပ်၍နေသည်ဖြစ်စေ လမ်းလျှောက်၍ နေသည်ဖြစ်စေ မိနစ် နှစ်ဆယ်ထက် ကျော်လွန်လာပါက ခြေ… သလုံးရိုးမှ ထိုးကိုက်လာလေ့ရှိပါသည်။ ထိုင်ချလိုက်လျှင် ချက်ချင်းပျောက်ကွယ် သွား၍ မိနစ် ၂၀ ခန့် ရပ်ခြင်း၊ လမ်း… လျှောက်ခြင်းတို့ ပြုလုပ်နိုင်ပြန်ပါသည်။ မိုးအေးလျှင်သော်လည်းကောင်း… ၍သော်လည်းကောင်း ထူး၍ကိုက်… ခြင်း မရှိပါ။ ကြာကြာ လမ်းလျှော…



www.burmeseclassic.com

www.burmeseclassic.com

မတ်တတ်ရပ်ခြင်း မပြုသရွေ့ ...ည်း ထိုဝေဒနာသည် ပေါ်ပေါက် ...ခြင်း မရှိပါ။

ခြေထောက်ကိုက်သော ဝေဒနာ ... ဆေးရုံ ဆေးခန်းများသို့ သွားရောက် ... တုံသပါသည်။ အရိုးအကြောဌာန ...သို့ သွားရောက်ပြသ ကုသပါသည်။ ...ခြားပါ။ ဒါမေသည် တစ်ခါက ...ကိုက်ဝေဒနာဖြစ်ပွားရာ ကျွန်တော်တို့ ...တွက်ထဲမှ ဗိုလ်ကြီး(ငြိမ်း)ထွန်းစိန် ...ပင့်၍ ဆေးထိုးရာ တစ်ခါတည်းနှင့် ...ပျောက်ကင်းသွားခဲ့ဖူး၍ ကျွန်တော် ...ည်း သွားရောက်ခဲ့ပါသေးသည်။

သုံးကြိမ် ဆေးထိုးခဲ့သည့်တိုင် ...ပျောက်ကင်းဘဲရှိ၍ ကျွန်တော်တို့ ...ကိုင်မှ နာမည်ကြီးအရိုးကု ဘလဲဘ ...ရာကြီးဦးမြအောင် (ယခုကွယ်လွန် ...ပြီ) ထံ သွားရောက်ကုသခဲ့သော် ...ည်း ထူးခြားခြင်းမရှိခဲ့ပါ။ ထိုရောဂါ ...ည်လည်း အုန်းတကူးမှ တောင်တော် ...ခင်မ အစ်မတော်နှင့် ပတ်သက်ဆက် ...ယ်ခြင်း ရှိလိမ့်မည်ဟု ထင်မြင်ယူဆမိ ...ပါသည်။

ထို့ကြောင့် ကျွန်တော်သည် ...ချိန်ဆွဲမနေတော့ဘဲ အုန်းတကူးသို့ ...ခြသေ့လိုင်း တအောင်းကားဖြင့် ...လိုက်ပါသွားခဲ့ပါသည်။ ကျွန်တော် အုန်း ...တကူးကို ရောက်၍ ကားပေါ်မှ ဆင်း ...လိုက်သောအခါ ရွာသူရွာသားများနှင့် ...ကလေးများသည် ကျွန်တော့်ကို တွေ့ ...မြင်သွားပြီး ဝမ်းသာအားရ ပြေးလာ ...ကြတာ ပျော်ရွှင်စွာဖြင့်ဆီးကြိုနှုတ်ဆက် ...ကြပါသည်။

"ဆရာရယ်၊ ကျွန်တော်တို့တစ် ...ရွာလုံးက မျှော်နေကြတာ၊ အခုလို ပြန်မှ ...လာပါဦးမလားလို့" ကိုမြင့်ဦးမှ ပြော ...သည်။

"ကျွန်တော်တို့ မနေ့က ငန်း စောင်းကြီးတွေ့တာ အကြီးကြီးပဲ ဆရာ ရေ၊ ဒီကနေ့ ဆရာရောက်လာတာ ဆိုတော့ တိုက်ဆိုင်တယ်လို့ ဆိုရမှာပဲ"

ကိုမြင့်ဦး၏ ယောက္ခမ ကိုချစ်သဲ မှပြောသည်။

"ကလေးတွေ ဆရာ့ကို သတိရ လို့တဲ့၊ ငိုငိုပြီး ကားလမ်းကို ထွက်မျှော် နေကြတယ်"

ကိုတင်ဝင်း၏ မိန်းမ မခင်စန်း မြင့်မှ ပြောပါသည်။

"ဘုန်းကြီးကလည်း နောက် ရောက်တဲ့ ဆရာတွေ အားမရတိုင်း ငါတို့ဆရာလေးကမှ တကယ့်ဆရာပီသ တယ်ဆိုတာ နင်တို့ သိကြပြီ မဟုတ် လား၊ ဆရာလေး ဒီမှာရှိနေတုန်းက တော့ ကောင်းကောင်းဂရုမစိုက်ကြဘူး၊ ပစ်ထားကြတယ်လို့ ကျွန်မတို့ ဆွမ်းပို့ သွားတိုင်း ပြောနေတာပဲ"

ဟု ဆင်ခေါင်းမောင်ခင်၏ ဇနီး ရှမ်းအမျိုးသမီး မအေးစိန်မှ ဝင်၍ ပြောပြန်ပါသည်။

"ဟာ- နင်တို့ အကုန်နောက် ဆုတ်စမ်း၊ တစ်ယောက်တစ်ပေါက်နဲ့ ဆူညံနေကြတာပဲ၊ ဆရာ ခရီးပန်းလာ တယ်၊ အေးအေးဆေးဆေး နားပါစေ၊ ဆရာ ကျွန်တော့်ဆိုင်မှာ လက်ဖက်ရည် သောက်၊ နားနေပြီးမှ မြင့်ဦးအိမ် လိုက် ပါ၊ အိဖြူ ဆရာ့အိတ် နင်တို့အိမ် ယူ သွားနှင့်၊ နာရီဝက်လောက်နေမှ ဆရာ့ ကို လာခေါ်"

ဟု ကားလမ်းနံဘေး ရွာထိပ် တွင် လက်ဖက်ရည်ဆိုင် ဖွင့်ထားသော ကိုတင်ဝင်းမှ ဆူညံစွာ ဝိုင်းအုံ၍ပြောဆို နေကြသော ရွာသူ ရွာသားများနှင့် ကလေးများကို ဟန့်တားလိုက်ပါသည်။ ကျွန်တော့်ကို နွေးထွေး လှိုက်လှဲစွာ ကြိုဆိုကြသော ရွာသူရွာသားများကို တွေ့မြင်ရသောအခါ ကျွန်တော်သည် လည်း ဝမ်းသာ၍ ပျော်ရွှင်ရပါ၏။

ကျွန်တော်သည် ရ. ယ. က ဥက္ကဋ္ဌကိုမြင့်ဦး၏နေအိမ်မှာ ဝင်တည်းခို ပါ၏။ သို့သော် ညပိုင်းမှသာ ထိုအိမ်သို့ ရောက်ရှိပါ၏။

တစ်ရွာလုံးမှ ရေနွေးသောက်၊ ထမင်းစား ဖိတ်ကြားကြသဖြင့် လက် မလည်အောင်ဖြစ်ရပါသည်။

ကျွန်တော် သွားလေရာသို့ ကိုမြင့်ဦး၏ သားသမီးများဖြစ်ကြသော အိဖြူ၊ မိုးနိုင်၊ မိုးခိုင်၊ စနေမ မောင်နှမ လေးဦးသည် တစ်နေကုန် လိုက်ပါနေ သဖြင့် အိမ်အလုပ်များခိုင်းရန် ၎င်း တို့၏အမေ မမာစိန်မှ လိုက်လံအော် ငေါက် ခေါ်ယူရပါ၏။

ညနေစောင်းတွင် ရွာဦးဆရာ တော်ကို လှူဖွယ်ပစ္စည်းများဖြင့် သွား ရောက်ကန်တော့သောအခါ -

"ဆရာလေး ရောက်နေတယ် ကြားကတည်းက မျှော်လိုက်ရတာ ကျုပ်ဖြင့် နေ့လယ်က ကျိန်းတောင် မကျိန်းဘူး"

"တင်ပါ့ဘုရား၊ တပည့်တော် လည်း ဟိုအိမ်က လာခေါ်၊ ဒီအိမ်က လာခေါ်မို့ ကျောင်းလာဖို့ရာ နောက်ကျ သွားတာပါ ဘုရား"

"ဟင် ဆရာလေးရဲ့ တပည့်တွေ ကလည်း အကုန်ကို လိုက်လာကြတာပါ ကလား"

"မှန်ပါ၊ တပည့်တော် မနက်ဖြန် သံခင်မှတောင်ပေါ် တက်မလို့ဘုရား၊ အဲဒါ ကျောင်းသားတွေ အကုန်လုံးက လိုက်ချင်တာတဲ့၊ အဲဒါ ဆရာတော်ကို မလျှောက်ရဲကြလို့တဲ့၊ တပည့်တော် ကြားက လျှောက်ပေးတာ ဘုရား"





www.burmeseclassic.com

www.burmeseclassic.com

"ရပါတယ်ဗျာ၊ ဆရာလေး အဖော်ရအောင် လိုက်ချင်တဲ့လူ အကုန်ခေါ်သွား၊ မနက်ဖြန် မနက်ခင်း နေ့တစ်ပိုင်း ကျောင်းပိတ်ပေးလိုက်ပ့ါမယ်"

"ကောင်းတာပေ့ါ ဘုရား"

ဆရာတော်နှင့် ထွေရာလေးပါး စကားများစွာ ပြောဖြစ်ပါသည်။

အတော်ကလေး မိုးချုပ်သွားချိန်တွင် ကျွန်တော်၏ တပည့်မကလေး အေးမျိုးမှ ထမင်းစားလာရောက်ခေါ်ငင်နေပြီဖြစ်၍ ဆရာတော်နှင့် စကားစဖြတ်ကာ ကျောင်းမှ ပြန်ထွက်လာခဲ့ပါသည်။

နောက်တစ်နေ့နံနက်တွင် ဆွမ်းတော်တင်ရန် လှူဖွယ်ပစ္စည်းတို့ကို မမာစိန်နှင့် ဒေါ်ကြည်တင်တို့မှ စီစဉ်ပေးပါသည်။ ကိုမြင့်ဦးအိမ်နှင့် ရွာဦးစာသင်ကျောင်းအတွင်းဝယ် တောင်ပေါ်သို့ လိုက်မည့် ကျောင်းသားများ ကလေးသူငယ်များ ရေဘူးနှင့် စားစရာ မုန့်များကိုင်ဆောင်လျက် ရှန်းစု ရှန်းစုနှင့် ကျွန်တော့်ကို စောင့်မျှော်လျက်ရှိကြပါသည်။

"ဆရာ၊ သမီးလည်း လိုက်မှာ၊ အံမေက ဆရာလာတုန်း လိုက်ရတာ လိုက်သွားတဲ့"

"သမီးလည်း လိုက်မှာနော်"

"သမီးလည်း လိုက်မှာ၊ ဆရာလာလို့သာ နို့မဟုတ်ရင် ဒီတောင်ပေါ်ကို တမင်တကာ ထက်ဖြစ်တာ မဟုတ်ဘူး"

ကျွန်တော်၏ တပည့်ကလေးများတွင် အကြီးဆုံးဖြစ်ကြ၍ အသက်အရွယ်အားဖြင့် (၁၅)နှစ်ခန့်ရှိပြီဖြစ်ကြသော စန္ဒာဝင်း၊ တင်တင်ဦးနှင့် အိဖြူတို့မှ ပြောသည်။ကျောင်းသားကြီးများဖြစ်ကြသော ကျော်စွာမြင့်၊ တာတီး၊ မိုးနိုင်၊ ကိုစိုး၊ မိုးခိုင်တို့လည်း တုတ်၊ ဓားများ ကိုင်ဆောင်၍ ကျွန်တော်နှင့် လိုက်ရန် အသင့်ဖြစ်နေကြပါသည်။ ကျွန်တော်နှင့်အတူ ကျောင်းသား၊ ကျောင်းသူ (၄၀)ကျော်ခန့်မျှ လိုက်ပါခဲ့ကြပါသည်။

အချို့ကလေးများဆိုလျှင် (၆)နှစ် အရွယ်မျှသာရှိကြသေး၏။ ကျွန်တော်သည် ဤအုန်းတကူးကျေးရွာကလေး၌ (၄)နှစ်နီးပါးမျှ နေထိုင်ခဲ့စဉ်ကာလအတွင်းတွင် ကျွန်တော့်စာသင်ကျောင်းကလေး၏ အရှေ့ဘက် (၃) ဖာလုံခန့်သာကွာဝေးမည့် ဤတောင်ကလေးသို့ ငေးမျှော်ကြည့်မိလျှင် စိတ်ထဲတွင် ကြောက်ရွံ့ထိတ်လန့်သလိုလိုဖြစ်ပေါ်မိ၍ အမြန်ဆုံး အကြည့်ကို လွှဲဖယ်ခြင်းများ အကြိမ်ကြိမ်ပြုခဲ့ခြင်းတို့ရှိခဲ့သည်များကို ယခုမှ ပြန်လည်သတိပြုမိခဲ့ပါသည်။

ယခုလည်း ကလေးများမှာ တောင်ပေါ်တက်ရမည်ဖြစ်၍ ပျော်ရွှင်နေကြသော်လည်း ကျွန်တော့်မှာမူ မပျော်ရွှင်နိုင်ပါ။တစ်စုံတစ်ရာအန္တရာယ် တစ်ခုခု ကြုံတွေ့ရမည်ကို စိုးထိတ်မိပါ၏။ ကလေးများ တစ်ခုခုဖြစ်သွားပါက ကျွန်တော့်တာဝန်ဖြစ်ပြီး မိဘများကို မျက်နှာမပြဝံ့အောင် ဖြစ်ရပေလိမ့်မည်။

ကျွန်တော့်ကျောင်းဝင်းမှ လွန်သော် ယာကွက်များကို ဖြတ်သန်းရပါသည်။ ထို့နောက် တောင်ခြေတောအုပ်သို့ ဝင်ရောက်ရပါသည်။ တောင်ရိုးဝါးနှင့် သနဝါး၊ မြင်ဝါးရုံတို့ ထူထပ်စွာ ပေါက်ရောက်လျက် ရင်ခတ်ပန်းနှင့် သစ်ဖြူပင်များ၊ ဆီးဖြူပင်နှင့် ဖန်ခါးပင်များ၊ တောင်စွယ်တော်များ ပေါက်ရောက်လျက်ရှိပါသည်။ ကျောက်တုံးကျောက်ခဲများလည်း ပေါများလှပါ၏။ လမ်းဟူ၍ သီးခြားမရှိပါ။ သစ်ပင်တဲ့ပါးရာ နေရာကလေးများမှ ကွေ့ပတ်သွားကြရပါသည်။ ကျောင်းသားကြီးများက ဓားများဖြင့် လမ်းထွင်၍ပေးကြပါသည်။ ကျွန်တော့် တပည့်မကလေးများက ကျွန်တော့်ရှေ့မှနေကာ သစ်ကိုင်းများကို လက်ဖြင့်ကိုင်ထားပြီး သွားသာစေရန် လမ်းရှင်း၍ပေးကြပါသည်။

တောင်တက်လမ်းသည်လည်း မတ်စောက်၍ ကြမ်းတမ်းလှပါသည်။ လမ်းမရှိပါ။ အဆင်ပြေသောနေရာများကို ရွေးချယ်၍ တက်ရောက်ကြသည်ဖြစ်သော်လည်း အချို့နေရာများတွင် ကျောက်တုံးကျောက်ခဲကြီးများကိုကျော်ဖြတ်ကြပါသေးသည်။ ကျွန်တော်နှင့် ကလေးများပါ မောဟိုက်ပင်ပန်းလျက် ချွေးဒီးဒီးကျလျက်ရှိသောကြောင့် နားနားနေနေပင်တက်ရောက်ကြရပါသည်။

ထိုသို့ဖြင့် မကြာမီ တောင်ထိပ်သို့ ရောက်ရှိသွားကြပါသည်။ တောင်ထိပ်တွင် အေးမြသော လေတို့ တသုန်သုန်တိုက်ခတ်လျက်ရှိ၍ ချက်ချင်းပင် မောပမ်းသမျှတို့ ပြေပျောက်သွားပြီး ပေ့ါပါးလန်းဆန်းလျက် စိတ်များလည်း ကြည်လင်လန်းဆန်း၍ သွားပါ၏။

တောင်ပေါ်တွင် ကြီးမားသော ကျောက်တုံးကျောက်ခဲ ကျောက်ဆောင်ကြီးများ ပို၍ပေါများပါသည်။ တောင်ပေါ်ဖြစ်သော်လည်း ရေအောက်ကြမ်းပြင်ကို တွေ့မြင်ရသကဲ့သို့ ရှိပါ၏။ အင်ကြင်းပင်ကြီးများ၊ အင်ပင်ကြီးများ၊ သလန်းပင်များ၊ ဝါးရုံများ၊ ရင်ခတ်ပန်းများ၊ ကျွန်းပင်ကြီးများ ပေါက်ရောက်လျက်ရှိပါသည်။

မြေပြင်မြေသားဟူ၍ အနည်းငယ်သာ တွေ့မြင်ရပြီး ကျောက်တုံး





www.burmeseclassic.com

www.burmeseclassic.com

ကျောက်ခဲများသာ ပေါများလှပါသည်။ အချို့ကျောက်တုံးကြီးများဆိုလျှင် အိမ်လုံးပမာဏထက်ပင် ကြီးမားလှပါသေးသည်။ တောင်ပေါ်တွင် အမှိုက်သရိုက်နှင့် ဖုန်များကင်းစင်ကာ သန့်ရှင်းလျက်ရှိပါသည်။

သစ်ပင်များသည်လည်း ထူထပ်သိပ်သည်းခြင်း မရှိပါ။ ၁၈ ပေ၊ ပေ ၂၀ ခန့်ခြား၍ ပေါက်ရောက်လျက်ရှိပြီး တောင်စောင်း ကျောက်ကြို ကျောက်ကြားမှာ မြက်ပင်ရှည်ကြီးများ ပေါက်ရောက်လျက်ရှိပါသည်။

"ဆရာ၊ ဟိုဘက်မှာ ကျောက်တုံးကြီးက ထူးဆန်းလိုက်တာ ဆင်ကြီးဝပ်နေတဲ့အတိုင်းပဲ" ဟု အိဖြူမှ ပြော၏။

"ဟိုးဘက်တောင်စောင်းမှာကျတော့ ကျောက်တုံးကြီးက နဂါးပါးပျဉ်းထောင်နေတဲ့အတိုင်းပဲ" ဟုတင်တင်ဦးမှ အဝေးတစ်နေရာသို့ လက်ညှိုးညွှန်၍ ပြောပြန်၏။

"ဒါတင် ဘယ်ကသေးမှာလဲ ဟိုဘက်တောင်စောင်းတွေမှာ ကျားနဲ့တူတာ၊ ခြင်္သေ့နဲ့တူတာ၊ မိကျောင်းနဲ့တူတာ ကျောက်တုံးကြီးတွေ ရှိသေးတယ်၊ အဘက ပြောဖူးတာတော့ အဲဒီကျောက်ကျားတွေ၊ ကျောက်ဆင်တွေ၊ ကျောက်မိကျောင်းတွေ၊ ကျောက်နဂါးကြီးတွေဟာ ညနေရောက်ရင် အသက်ဝင်လာပြီး ဒီတောင်ကို လှည့်ပြီး စောင့်နေကြတယ်တဲ့" ဟု မိုးနိုင်မှ ပြောပြန်ပါသည်။

မည်သို့ပင်ဆိုစေ ဤတောင်ပေါ်မြင်ကွင်းကိုက ဆန်းသစ်လျက်ရှိ၍ ရောက်ရှိသူတိုင်း ဤတောင်ကလေးသည် ပေ (၂၀၀)မျှသာ မြင့်မား၍ အလျားပေ (၅၀၀)၊ အနံပေ (၁၅၀)မျှ သာကျယ်ဝန်းသော်လည်း တောင်တော်ထူးဖြစ်မည်ဟု အလွယ်တကူ ကောက်ချက်ချကြမည်သာ ဖြစ်ပါသည်။

တောင်ကလေး၏ အနောက်တောင်ထောင့် အမြင့်ဆုံးနေရာထက်တွင် သဘာဝ ကျောက်တုံးကျောက်ခဲများကို လူတစ်ရပ်ကျော်မျှ ဆယ်ပေ ပတ်လည် အကျယ်အဝန်းခန့်တွင် စုပုံထားသည်ကို တွေ့ရှိရပါသည်။

"ဒါက ဦးဇင်းဦးတေဇောနဲ့ ကိုအောင်ခင်လေးတို့ ဦးဆောင်ပြီး စေတီတည်ဖို့ လုပ်ထားတာ" ဟု အိဖြူမှ ပြောပါသည်။

ကျွန်တော်သည် တပည့်များကို ထိုစေတီကျောက်ပုံအခြေတွင် ခဲပြားကြီးတစ်ခုကို ညီညာစွာ ဖြန့်ခင်းစေပြီး ထိုကျောက်ဖျာကို သန့်ရှင်းစေကာ စက္ကူဖြန့်ခင်း၍ ကောက်ညှင်းပေါင်း၊ အယားကြော်နှင့် လက်ဖက်ဆွမ်းတို့ကို ဗုဒ္ဓဘုရားရှင်အား ရည်မှန်း၍ လှူဒါန်းကာ 'တောင်တော်သခင်မနှင့်တကွ ဘဝဟောင်းမှ မသိရှိသော ဆွေတော်မျိုးတော်များနှင့် တောင့်စောင့်နတ်၊ တောင်စောင့်နတ်များကိုလည်း ဖိတ်ကြားကာ ဆွမ်းများကို ကပ်လှူပါသည်' ဟု ပြောကြားပါသည်။

ထို့နောက် ကျွန်တော်၏တပည့်များနှင့် သြကာသမှစ၍ ငါးပါးသီလဖြင့် ကန်တော့ကြပါသည်။ ထိုကျောက်ပုံစေတီအနီး ကျောက်ဆောင်နှစ်ခုကြားတွင် မိုးလုံလေလုံနေရာကလေး တွေ့ရှိ၍ အစ်မတော်အတွက် လက်ဆောင်အဖြစ် ဝယ်ယူလာသော သနပ်ခါးဘူး၊ မှန်၊ ဘီး၊ မိတ်ကပ်၊ နှုတ်ခမ်းဆီ၊ ကလစ်၊ ဆံညှပ် စသည်တို့ကို အသေအချာ ထည့်သွင်း၍ အဖုံးအဖြစ် အံကျတွေ့ရှိရသော ကျောက်ပြား တစ်ချပ်ဖြင့် အပေါ်မှ အုပ်ထားလိုက်ပါသည်။

ကျွန်တော့်တွင် အမွေးတိုင် အထုပ်ကြီး အထုပ်(၂၀)မျှ ပါရှိခဲ့ရာ ကျောက်စေတီငယ်ကို ပေတစ်ရာခန့်မှ စ၍ ဝန်းပတ်ကာ အမွှေးတိုင်များကို ထွန်းညှိပူဇော်စေပါသည်။ နေရာအနှံ့မှ စိုက်ထူထားသော အမွှေးတိုင်ကလေးများ၏ ထိပ်မှ မီးခိုးတန်းကလေးများ ထွက်ပေါ်လျက်ရှိနေသည်မှာ မျက်စိပသာဒ ဆန်းသစ်၍ ကြည်နူးဖွယ်ကောင်းလှပါသည်။

အမွှေးတိုင် ရနံ့တို့သည်လည်း တစ်တောင်လုံး သင်းပျံ့လျက် ရှိပါ၏။ ကျွန်တော်သည် ကျောက်စေတီခြေရင်းတွင် ထိုင်နေပြီး ကလေးများက တစ်တောင်လုံးဖြန့်၍ နံ့သာတိုင်များ ထွန်းညှိနေသည်ကို ကြည့်ရှုနေမိခြင်း ဖြစ်ပါသည်။

ကျွန်တော့်အနားတွင် အိဖြူနှင့် တင်တင်ဦး (မကြာမီ ကွယ်လွန်ခဲ့ရရှာသည်။ ထိုအကြောင်းကို သံသရာ တစ်ကွေ့ဝယ်ဝတ္ထုတွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်) တို့သာ စေတီအခြေနှင့် စေတီကျောက်တုံးများအကြား အမွှေးတိုင်များ ထွန်းညှိစိုက်ထူလျက်ရှိပါသည်။

"အယ်- ဆရာ ထူးဆန်းလိုက်တာ၊ လှလိုက်တဲ့ လိပ်ပြာကလေး၊ ဒီလိပ်ပြာမျိုး တစ်ခါမှ မမြင်ဖူးသေးဘူး စေတီ(အမှန်မှာ စေတီတည်ရန်စုပုံထားသော ကျောက်ပုံအဆင့်သာရှိပါသေးသည်)ကို သုံးပတ်ပတ်ပြီး ဒီကျောက်တုံးပေါ် တင်ထားတဲ့ ဆရာ့ လက်ကိုင်ပဝါပေါ်မှာ လာနားနေတာ" ဟု ဆိုပါသည်။

ထို့ကြောင့် ကျွန်တော်တို့ လိပ်ပြာကလေးကို အသေအချာကြည့်ရှုကြသည်။ အရွယ်ပမာဏမှာ မကြီးမားတစ်လက်မခန့်သာ အပြန့်ရှိပါသည်။

www.burmeseclassic.com

သို့သော် အရောင်အသွေးနှင့်ပုံသဏ္ဍာန်မှာ ထူးခြားစွာ လှပ၍နေပါ၏။ နံ့သာရောင် အစိမ်းစင်းကလေးများပါရှိပြီး ရွှေရောင်အပြောက်ကလေးများ ပါရှိ၏။ လိပ်ပြာကလေးသည် ယဉ်လှပါ၏။ ကျွန်တော် လက်ကိုင်ပဝါခေါက်လေးကို ကောက်ယူသည့်တိုင် ပြန်ထွက်ပြေးခြင်း မရှိ။ လက်ညှိုးခင်းပေးလိုက်သောအခါ လက်ညှိုးပေါ်သို့ တက်ရောက်လာပါသည်။ မကြာမီ အမွှေးတိုင်ထွန်းပြီး၍ ကလေးများ ဝိုင်းအုံရောက်ရှိလာကြပြီး-

"လိပ်ပြာကလေး လှလိုက်တာ"

"ဒီလိပ်ပြာမျိုး ဘယ်မှ မတွေ့ဖူးဘူး"

"ဆရာ၊ သမီးပေး သမီးယူမယ်"

"ဟော့ ဒါက ဆရာ့ရဲ့ အစ်မတော်က လိပ်ပြာယောင် ဖန်ဆင်းလာတာ ယူလို့မရဘူး၊ နင်တို့ နတ်ကိုင်မှာပေါ့"

အစရှိသဖြင့် တစ်ယောက်တစ်ပေါက် ပြောဆို၍ နေကြပါသည်။

ကလေးများ စုံလင်သောအခါ ကျွန်တော်သည် ဆွမ်းတော်တင်များကို စွန့်၍ အနည်းငယ်မျှကို ကျောက်တုံးတစ်ခုပေါ်တွင် သွားရောက်တင်စေပြီး သတ္တဝါ ဝေနေယျတို့ကို အာဟာရဒါန ပြုလိုက်ပါသည်။ ထို့နောက် ကလေးများကို ဝေငှပေးစေပါသည်။ ကလေးတို့သည် ပျော်ရွှင်လျက်ရှိကြပါ၏။ ထူးခြားသည်မှာ ကျွန်တော့် ခြေထောက်ကိုက်သော ဝေဒနာသက်သာနေခြင်း ဖြစ်ပါသည်။

"ဆရာ၊ သမီးတို့ တောင်ပေါ် လှည့်ကြည့်ရအောင်"

အိဖြူမှ ပြောပါသည်။

ထို့ကြောင့် ကျွန်တော်သည် စွန့်ယူထားသော လက်ဖက်အနည်းငယ်ကို ဆံပင်ကျွတ်သောနေရာတွင် ပွတ်လိုက်ပြီး နောက်ပြန်ပစ်ကာ ကလေးများနှင့် ထွက်ခဲ့ပါသည်။ ဤတောင်ပေါ်ရှိ ကျောက်တုံးတို့ တည်နေပုံ၊ မြေအနိမ့်အမြင့် တည်ရှိပုံတို့မှာ သဘာဝအတိုင်းပင် ဖြစ်သော်လည်း လူတို့ တမင်ပြုပြင် စီစဉ်ထားရှိသကဲ့သို့ လှပဆန်းကြယ် နေချင့်စဖွယ်ပင် ရှိပါ၏။

အဆိပ်ရှိသော သတ္တဝါဆိုလျှင် ပုရွက်ဆိတ်နှင့် ကျဉ်နီကောင်သော်မျှ မတွေ့ရှိရပါ။

တစ်နေရာတွင် လူ၏ လက်ခုပ်တစ်ဖောင်ခန့်မြင့်သော ကျောက်ဆောင်ကြီးနှစ်ခုပေါ်ဝယ် ဧရာမ ကျောက်တုံးကြီးရှိနေ၍ အောက်တွင် မိုးလုံလေလုံဖျာသုံးချပ်စာမျှ ကျောက်ဂူ၊ ကျောက်တိုက်သဖွယ် ဖြစ်ပေါ်လျက် ရှိပါသည်။

ထို ဂူထဲတွင် တရားရှုသည့် သူတော်စင် သူတော်ကောင်းတို့ နေထိုင်ခဲ့သလော၊ သားကောင်ရှာမည့် တောလိုက်မုဆိုးတို့ နေထိုင်ခဲ့သလော မပြောတတ်ပါ။ မီးဖိုအဖြစ် အသုံးပြုခဲ့ဟန်တူပါသည်။ ဖိုခနောက် ကျောက်တုံးများနှင့် ထင်းစအဟောင်းတို့ တွေ့ရှိရပါသည်။

အချို့ ကျောက်တုံးများကြားမှ ပေါက်နေသော သစ်ပင်ကြီးများတွင် သဘာဝနွယ်ပင်ကြီးများမှ ဒန်းများ သဖွယ် ဖြစ်နေပါ၏။ အချို့ ဘေးစောင်းထွက်နေသော တစ်တောင်ခန့်လုံးပတ်ရှိ သစ်ကိုင်းကြီးများမှာ ကျောက်ဖျာကြီးများပေါ်မှ တက်ထိုင်လိုက်လျှင် အန်ကျဖြစ်နေ၍ သဘာဝခုံတန်းလျားကြီးများ သဖွယ် ဖြစ်နေပါသည်။ တစ်နေရာတွင် ပေ(၃၀)၊ ပေ(၄၀)ခန့်ရှိ ကျောက်တုံးကြီးများ၏ ထိပ်ပိုင်းသည် ညီညာပျံ့ပျူးလျက် တစောင်းအနေအထားရှိရာ အိမ်အမိုးပုံနှင့်တူနေပြီး ထိုကျောက်ဖျာပေါ်မှ ကျသောရေတို့ကို အောက်တွင် သဘာဝကျောက်ခွက်ကြီး (ကျောက်တုံးပေါ်သို့ မိုးရွာသောအခါ ရေစားလျက် ကာလကြာသောအခါ ချိုင့်ခွက်ဖြစ်သွားသည်ဟု ယူဆရပါသည်) တစ်ခုဖြင့် ခံယူထားသလို ရှိနေပြန်ပါသည်။

"ဟဲ့- နင်တို့က ရှေ့က အတင်း မသွားကြနဲ့၊ ဆရာက အမောမခံနိုင်ဘူး၊ ဆရာ့ခြေထောက်ကလေးတွေက နုတယ်၊ နင်တို့လို နွားကျောင်းသား ခြေထောက် မှတ်မနေနှင့်"

ကျွန်တော်တို့ရှေ့မှ ကျောက်တုံးများကို တစ်တုံးပြီး တစ်တုံးကျော်လွှား၍သွားနေကြသော ကျောင်းသားများကို စန္ဒာဝင်းမှ လှမ်းအော်နေခြင်း ဖြစ်ပါသည်။ တောင်ပေါ်တွင် အသီးများ ပြွတ်လျက်ရှိသော ဆီးဖြူ ဖန်ခါးပင်တို့ ခံပါများလှ၍ ကလေးတို့သည် ဆီးဖြူသီးစားလိုက်၊ ရေသောက်လိုက်၊ ကျောက်တုံးများပေါ် ပြေးလွှားလိုက်၊ သစ်ပင်များပေါ်တက်၍ ဆော့ကစားလိုက်၊ ပျော်ရွှင်မြူးထူးလျက် ရှိကြပါသည်။ လိပ်ပြာကလေးသည်လည်း ကျွန်တော်တို့သွားလေရာ လာလေရာသို့ လိုက်ပါလျက်ပင် ရှိပါသည်။

တစ်နေရာအရောက်တွင် အိမ်လုံးပမာဏမျှ ကြီးမားသော လိပ်၏ ကျောကုန်းကြီးသဏ္ဍာန် ကျောက်တုံးကြီးကို တွေ့ရှိရပြန်သည်။ ဤကျောက်တုံးကြီးမှာ ထူးဆန်းလှပါ၏။ အလယ်တည့်တည့်မှ ထက်ခြမ်းခွဲထားပြီးမှ ပြန်ဆက်ထားသကဲ့သို့ ဖြစ်နေ၏။ ကျောက်တုံးကြီးတစ်ခုလုံးမှာ မိုးမျှားသော ဒေသဖြစ်၍ ရေညှိများစကာ နက်မှောင်လျက်ရှိသော်လည်း ခါးလယ်တစ်ပတ်လုံး တစ်လက်မခန့်ရှိသော ဆက်ကြောင်း





www.burmeseclassic.com

www.burmeseclassic.com

ကြီးမှာ စကျင်ကျောက်ဖြူသားကို အရည်ဖျော်လောင်းထားသည်နှင့် တူနေပါ၏။

ထိုစဉ် နေရောင်ခြည်တောက်ပ၍ ကြည်လင် လင်းကျင်းလျက်ရှိသော ဤတောင်ပေါ်တွင် မိုးရိပ်မိုးငွေ့တို့မရှိပါဘဲ ရုတ်တရက် တောင်ခိုးများဝေလာတာ မှောင်မိုက်၍သွားပါ၏။ သိသာသော အအေးဓာတ်တို့လည်း လွှမ်းခြုံ၍လာပါ၏။ အိဖြူ၊ စန္ဒာဝင်း၊ တင်တင်ဦးနှင့်ကလေးများလည်း ကျွန်တော့်အနီးသို့ စုပြုံတိုးကပ်လာကြပါသည်။

"ဆရာ ကြောက်တယ်၊ ဆရာ ကြောက်တယ်" ဟု ဆိုကြပါသည်။

ကျွန်တော်လည်း ဤဒေသတွင် (၄) နှစ်မျှ နေထိုင်ဖူးခဲ့သော်လည်း ဤကဲ့သို့ နေ့လယ်ခင်းတွင် မှိုင်းများတိုက်၍ အမှောင်ကျသွားခြင်းမျိုး မရှိခဲ့ဖူးသဖြင့် ကျွန်တော်ကိုယ်တိုင်ပင် ထိတ်လန့်သွားမိသော်လည်း ကလေးများသည် ကျွန်တော့်ကို အားကိုးတကြီး ဝိုင်းကြည့်နေကြသည်ဖြစ်၍ -

"ဘာမှ မကြောက်ကြနဲ့၊ ဆရာ တောစောင့်နတ်၊ တောင်စောင့်နတ်တွေကို မေတ္တာပို့ပေးမယ်" ဟု ပြောလိုက်ပါသည်။

တိုက်ဆိုင်သည်ဟု ပြောရပါမည်။ ခဏကြာလျှင် တောင်ခိုးများ လွင့်ပြယ်သွားပြီး နေရောင်ခြည်လည်း ပြန်လည် ထွန်းလင်းတောက်ပလာပြီး နွေးထွေး၍ လာပါသည်။ ထိုအချိန်တွင် သတိပြုမိသည်မှာ ကျွန်တော့်အနီးတွင် တောက်လျှောက် လိုက်ပါ၍နေသော လိပ်ပြာကလေးသည် အမှောင်ကြီးကျရောက်၍ ကျွန်တော်တို့ စိုးရိမ်ကြောင့်ကြလျက် ဗျာများနေစဉ်အတွင်း မည်သည့်အချိန်တွင် ပျံထွက်သွားသည် မသိပါ။ ပျောက်ကွယ်၍ သွားပြီဖြစ်ပါသည်။

"ဟာ-ဘာလိုလိုနဲ့ အချိန်တောင် တော်တော်ကုန်သွားပြီ၊ မင်းတို့က နေ့လယ်ကျောင်းတက်ရဦးမှာ ပြန်ကြစို့" ဟု ကျွန်တော်မှ ပြောရာ-

"အခုတောင် ၁၂နာရီ ထိုးနေပြီ ပြန်ဆင်းမှာနဲ့ဆို နေ့လယ် ကျောင်း မမီနိုင်တော့ဘူး၊ ဆရာကလည်း ရောက်တုန်းရောက်ခိုက် ဖြည်းဖြည်းပေါ့၊ ဆရာနဲ့ဆို ဘုန်းဘုန်းက ကျောင်းသားတွေကို မဆူပါဘူး" ဟု အိဖြူမှ ပြောပါသည်။

"ဒါဆိုလည်း ဖြည်းဖြည်းချင်း ဆင်းကြတာပေါ့၊ ဘုရားကို သွားပြီး ကန်တော့ကြဦးစို့"

ကျွန်တော်သည် ထိုင်ရာမှ ထလိုက်ပြီး ဘုရားကုန်းသို့ ဦးတည်လိုက်သဖြင့် ကျောင်းသားများအားလုံးလည်း ကျောက်စေတီဆီသို့ ထွက်ခွာကြပါတော့သည်။

စေတီတော်ကို ကန်တော့ကြပြီး အရပ်လေးမျက်နှာသို့ လှည့်လည်၍ -

"အအားလုံး ကြားကြားသမျှ အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့၊ သာဓု သာဓု သာဓု" ဟုကလေးများကို အသံကုန်အော်၍ ဆိုစေရာ ကလေးများမှာ ပျော်ရွှင်ဝမ်းသာစွာဖြင့် လိုက်၍ ဆိုကြရာ၊ အစ်မတော်တောင်ကြော တစ်လျှောက်တွင် ပဲ့တင်ရိုက်ဟည်းလျက် ရှိပါ၏။

ထို့နောက် ကျွန်တော်တို့သည် တောင်ပေါ်မှ ပြန်ဆင်းခဲ့ကြပါသည်။ အပြန်ခရီးတွင် ပို၍လွယ်ကူလျင်မြန်ပါသည်။ တောင်ပေါ်မှ လှမ်းကြည့်လျှင် တကောင်းကားလမ်းမကြီးသည် မြွေဖြူကြီးတစ်ကောင် တွန့်လိမ်၍နေသကဲ့သို့ ရှိပါ၏။

အုန်းတကူးရွာကလေးသည် ထန်းပင်၊ မန်ကျည်းပင်များကြားမှ အိမ်ပုတ်ကလေးများနှင့် ငယ်စဉ်က ဇာတ်အဖွဲ့များတွင် ပါရှိသော ကားလိပ်ပန်းချီကားချပ်တစ်ခုသဖွယ် လှပ၍နေပါ၏။ ဝက်ကာတောင်နှင့် ဟသ်ာတောင်၊ ထို့နောက် အင်တိုင်းတောများကိုမူ ရေးရေးဖြင့် မြင်တွေ့ရပါသည်။ မကြာမီ ကျွန်တော်တို့ ရွာအတွင်းသို့ ချောမောစွာ ပြန်လည်ရောက်ရှိလာကြပါသည်။

ထူးဆန်းသည်ဟု ဆိုရမည်လား အစ်မတော်မှ စောင့်ရှောက်၍ဟုဆိုရမည်လား မသိပါ။ လမ်းမရှိဘဲ မတ်စောက်ကြမ်းတမ်းသော ကျောက်တောင်ကုန်းထက်သို့ တက်ရောက်၍လာခဲ့ကြသော ကျွန်တော်တို့အဖွဲ့တွင် လူမမည်ကလေးအရွယ်များပင် ပါဝင်ခဲ့သည်။ ကလေးများသည်လည်း လမ်းသွားရင်းပင် မျောက်ရှုံးအောင် ဆော့ကစားကြပါ၏။ သို့တိုင် ကလေး တစ်ယောက်မျှ ကျောက်တုံးကြီးများပေါ်မှ လိမ့်ကျခြင်း၊ ဆူးငြောင့်ထိုးခြင်း၊ ဆူးခြစ်ခြင်း၊ ခလုတ်တိုက်ခြင်းမျှ မရှိ၊ ရေကြည်တစ်ပေါက်မျှ မစွန်းဘဲ ပြန်ရောက်လာခဲ့ကြသဖြင့် -

"တော်သေးတာပေါ့ ဆရာရယ်၊ ဆရာတို့ ကြာနေလို့ ကလေးတွေများ တစ်ခုခုဖြစ်နေလို့လားလို့ စိတ်ပူနေတာ" ဟု ဥက္ကဋ္ဌကိုမြင့်ဦးမှ စိုးရိမ်စွာဖြင့် ပြောပါသည်။

နေ့လယ်တွင် ကျွန်တော် တစ်ရေးတစ်မောအိပ်စက်လိုက်ပါသေးသည်။ ညနေ ၄ နာရီခန့်တွင် နှမတော်ချောင်းသို့ ရေချိုးသွားပါသည်။ ကျွန်တော်နှင့်အတူ ကလေးတစ်အုပ်ကြီး လိုက်ပါလာပါ၏။





www.burmeseclassic.com

www.burmeseclassic.com

"ဆရာနဲ့တပည့်၊ ဆရာနဲ့ ရွာသူရွာသားတွေ သံယောဇဉ်ကြီးတာတော့ တို့ ဆရာလေးကလွဲပြီး မရှိသေးဘူး ဟေ့" ဟု ရွာဦးဆရာတော်သည် ကျွန်တော်နှင့် ကလေးများကို ကြည့်၍ ဝမ်းသာကျေနပ်စွာ တပြုံးပြုံးဖြင့် ပြောယူရသည်အထိ ဖြစ်ရပါသည်။

ရေချောင်းသို့ ရောက်သောအခါ ထူးခြားမှုကို ထပ်မံတွေ့ရှိရပြန်သည်။ ကျွန်တော်သည် ရေချိုးပြီး၍ ရေသုတ်ရန် တဘက်ကို လှမ်းယူလိုက်ပါသည်။ ထိုစဉ် ကျောက်တုံးပေါ်တွင် တင်ထားသော ကျွန်တော့်လက်ကိုင်ပဝါပေါ်တွင် တောင်ပေါ်တွင် တွေ့ခဲ့ရသော လိပ်ပြာကလေး လာရောက်နားခိုနေပြန်ပါသည်။ ဤနေရာသည် တောင်ပေါ်နှင့်ဆိုလျှင် တစ်မိုင်ကျော်ခန့်ပင် ကွာဝေး၍နေပါသည်။

လိပ်ပြာကလေးသည် ၎င်း၏ အရွယ်အစားနှင့်ဆိုလျှင် ဝေးကွာလွန်းလှသော ဤနေရာသို့ လိုက်ပါ၍ ကျွန်တော့်လက်ကိုင်ပဝါပေါ်တွင် နားနေရန်မှာ မဖြစ်နိုင်သော ကိစ္စတစ်ခုပင် ဖြစ်ပါသည်။ ရွာအဝင် လိုက်ပါလာခဲ့ပြီးမှ တောင်တော်ဘက်သို့ ဦးတည်ပျံသန်းကာ ထွက်ခွာသွားခဲ့ပါသည်။

နောက်တစ်နေ့တွင် ကျွန်တော် စဉ့်ကိုင်သို့ ပြန်ခဲ့ရပါသည်။ ရွာဦးကားလမ်းမသို့ တစ်ရွာလုံးကျွတ်မျှ ထွက်ပို့ကြပါသည်။ လိုင်းကားများသည် ဘုန်းကြီးနှင့် လူအုပ်ကြီးကို မြင်တွေ့ရာ မရပ်ဘဲ မောင်းထွက်သွားကြသဖြင့် နောက်ဆုံးတွင် လူအုပ်ကြီးကို လမ်းနံဘေး ခပ်ဝေးဝေးတွင် နေစေပြီး ကားတားသောအခါမှ ကားရပ်ပေးပါသည်။

"ဆရာ၊ သိပ်မကြာနဲ့နော်၊ မြန်မြန်ပြန်လာခဲ့"

"ဆရာ သွားတော့နော်"

"ဆရာ တစ်လပဲ နေခဲ့နော်"

ကားနံဘေးသို့ ကားရပ်လိုက်သည်နှင့် ကလေးများနှင့် ရွာသူ ရွာသား ဘုန်းတော်ကြီးပါမကျန် လာရောက်နှုတ်ဆက်ကြပါသည်။ ကားထွက်ခါစတွင် အရှိန်မရသေးသဖြင့် ကလေးများသည် အပြေးလိုက်လာကာ နှုတ်ဆက်ကြပါ၏။ ကားပေါ်မှ ခရီးသည်များသည် ကျွန်တော့်ကို နားမလည်နိုင်အောင် ကြည့်နေကြပါ၏။

ထိုသို့ဖြင့် စဉ့်ကိုင်သို့ ပြန်လည်ရောက်ရှိပြီး မကြာမီ ကျွန်တော်၏ ခေါင်းတွင် ဆံပင် ပြန်ပေါက်၍လာပါသည်။ ခြေထောက်ကိုက်ရောဂါမှာမူ ပျောက်ကင်းခြင်းမရှိပါ။ ခြေထောက်ကိုက်ရောဂါဖြစ်ရသည့် အကြောင်းရင်းမှာ အစ်မတော်၏ လက်ချက်မဟုတ်ဘဲ အတိတ်ဘဝဝဋ်ကြွေးကြောင့် ဖြစ်ရသည်ကို ၂၀၀၈ ခုနှစ်တွင် ရွှေကြက်ယက်တောင်ပေါ်၌ သက်န်းဝတ်သောအခါမှသာ (၂၀၁၂ ဩဂုတ်လ၊ ရွှေကံကူအောင်မြေမှ ဆေးသိဒ္ဓိသစ္စာရေ ဆောင်းပါး၊ သူရဋ္ဌမဂ္ဂဇင်း) သိရှိခွင့်ရပါသည်။

ထိုသို့ဖြင့် သုံးလခန့် ကြာမြင့်လာသောအခါ မြွေအိပ်မက်များ ညစဉ်လိုလို မြင်မက်လာခြင်း၊ ကျွန်တော်၏ နေအိမ်သို့ သက်ရှိမြွေများ မကြာခဏ ရောက်ရှိလာခြင်းများ ဖြစ်လာပြန်၍ မယ်တော်ကြီးမှ မင်းရဲ့အစ်မတော်က ခေါ်နေပြန်ပြီဟု ပြောပါသည်။

ထိုစဉ်က အမေကောင်း သက်ရှိထင်ရှား ရှိနေပါသေးသည်။ အမေကောင်းသည် မျက်စိနှစ်တွင်း အလင်းမရရှိတော့ပြီ ဖြစ်ပါသည်။ မျက်စိနှစ်ကွင်း အလင်းမရပုံမှာလည်း မျက်စိတစ်ဖက်မှာ ရေတိမ်နှစ်ခါခွဲထားရသဖြင့် အကြောသေသွားပြီး မျက်စိမှာ သိမ်လျက်ရှိပြီး ကျန်သော တစ်ဖက်မှာ အရေပြားကင်ဆာဖြစ်ပွားသဖြင့် မျက်စိပါမရှိတော့ပြီဖြစ်၍ ဆေးပညာသဘောတရားအရကြည့်လျှင် မည်သို့မျှ အမြင်စွမ်းအား ရရှိရန် အကြောင်းမရှိပါ။

သို့သော် အမေကောင်းသည် အရဟံ ဂုဏ်တော် သုံးကုဋေအဓိဋ္ဌာန်တင်၍ ပုတီးစိပ်နေသည့်ဖြစ်၍ အမြဲတမ်းမဟုတ်သော်လည်း တစ်ပတ်လျှင် တစ်နာရီခန့် အမြင်အာရုံများ ရရှိတတ်ပါသည်။ စတင်ရရှိစဉ်က -

"အမေ့မျက်စိထဲမှာ လင်းထိန်နေတာပဲ၊ လသာနေသလိုပဲ" ဟု ဆိုရာ ကျွန်တော်တို့ မယုံကြပါ။ အမေ ကောင်းသည် အသက်ရှစ်ဆယ်ကျော်ပြီ ဖြစ်၍ အသိလွတ်ကာ ပြောနေသည်ဟု ထင်ကြ၍ အလေးမထားကြပါ။

"အမေ တကယ် ပြောတာ၊ အကုန် မြင်ရတယ်" ဟု ဆိုသဖြင့် ကျွန်တော့်အင်္ကျီအဆင်နှင့် အရောင်၊ ကျွန်တော့်လက်ထဲတွင် ကိုင်ဆောင်ထားသည့် အရာတို့ကို မေးမြန်းကြည့်ရာ မှန်ကန်စွာ ဖြေကြားနိုင်သဖြင့် အံ့ဩရပါသည်။

"ဒါဆို ကျွန်တော့် ခြေထောက်ကိုက်ရောဂါ ပျောက်အောင် အစ်မတော်ကို တိုင်တည်ပြီး ကုခိုင်းဦးမယ်၊ အစ်မတော် လာသလား မလာဘူးလား လို့ အမေကြည့်ပေးပါ" ဟု ဆိုကာ ကျွန်တော်သည် အစ်မတော်ကို တိုင်တည်လိုက်ပါသည်။ ခဏကြာလျှင် အမေက ကျွန်တော့် ခြေသလုံးကို လက်ညှိုးညွှန်၍ -

"ဟော ဟော အစ်မတော် ရောက်လာပြီ၊ ပင့်ကူယောင်ဆောင်





www.burmeseclassic.com

www.burmeseclassic.com

သာတာ၊ ခြေသလုံးပေါ် လျှောက်သွားပြီး မင်းကို ကုပေးနေတာ" ဟု ပြောသော်လည်း ကျွန်တော်တို့ကတော့ မမြင်ရပါ။ အတန်ကြာသော် -

"အစ်မတော် ပြန်သွားပြီ၊ အယ်အခုကျတော့ နတ်သမီးလေး ဖြစ်သွားတယ်" ဟု ပြောပြန်သော်လည်း ကျွန်တော်တို့ကတော့ ဘာကိုမျှ မမြင်ရပါ။ ထို့သော် ခြေထောက်ကိုက်ရောဂါကတော့ အနည်းငယ် သက်သာသွားပါသည်။

မြွေအိပ်မက်များက ရပ်နားခြင်းရှိ၍ မကြာမီ ကျွန်တော် အုန်းတကူးရွာသို့ နောက်တစ်ခေါက်သွားရပြန်ပါသည်။ ကျွန်တော် ရောက်ရှိလာသောအခါ ရွာသူရွာသားများနှင့် ကလေးတို့သည် ပျော်ရွှင်လျက် ရှိကြပါ၏။ ဤတစ်ခေါက်တွင်လည်း ကလေးများသည် ကျွန်တော်နှင့်အတူ တောင်ပေါ်သို့ လိုက်ခဲ့ကြပြန်ပါသည်။ ယခင်နည်းတူ ဆွမ်းတော်တင်ဖြူး နံ့သာတိုင်များ တစ်တောင်လုံးဖြန့်၍ ထွန်းညှိစေပါသည်။ ယခု တစ်ခေါက်တွင် တစ်မျိုးထူးခြားပြန်ပါသည်။ ပျားများရောက်ရှိလာပြီး စေတီတော် ပတ်ဝန်းကျင်တွင် ဝဲပျံလျက်ရှိကြပါသည်။ မကြာမီ ကျွန်တော် ညီသို့ဖြစ်သည်မသိပါ။ တဝါးဝါး သမ်းဝေလျက် အိပ်ချင်စိတ်များမှာ ထိန်းသိမ်း၍ မရအောင် ဖြစ်ပေါ်၍ လာပါ၏။

ဤအချိန်တိုင် ကျွန်တော်သည် 'အစ်မတော်၊ အစ်မတော်' ဟူ၍သာ ပြောနေရသော်လည်း အစ်မတော်နှင့် ကျွန်တော် မည်သို့ ဆက်နွယ်ပတ်သက်သည်ဆိုခြင်းကို မသိရှိသေးပါ။

ကျွန်တော်သည် ခေါင်းများပင် မူးနောက်လာဖြီ ဖြစ်သောကြောင့် ကျောင်းသား၊ ကျောင်းသူကြီးများက ကလေးများကို ကြည့်ရှုထိန်းသိမ်းပြီး ခပ်လှမ်းလှမ်းတွင် သွားရောက် ဆော့ကစားစေသော်လည်း အိမ့်ဖြူ တင်တင်ဦး စန္ဒာဝင်းနှင့် အေးမျိုးတို့သည် -

"ဆရာ၊ သမီးတို့ မကစားချင်ပါဘူး၊ ဆရာ အိပ်ပါ၊ သမီးတို့ စောင့်ပေးပါ့မယ်" ဟု ပြောကြပါသည်။

ကျွန်တော်လည်း စကားပြော၍ မရတော့လောက်အောင် မျက်စိများလေးလာပြီဖြစ်၍ တဘက်ခုပေးထားသော ကျောက်တုံးပေါ်တွင် ခေါင်းအုံးလျက် လှဲအိပ်ချလိုက်ပါသည်။ ထိုသို့ လှဲအိပ်ချလိုက်သည်နှင့် ထူးဆန်းလွန်းလှပါ၏။ ကျွန်တော်သည် သတိတရားတို့ လစ်ဟင်း ပျောက်ကွယ်မှုမရှိဘဲ အခြားကမ္ဘာတစ်ခုသို့ ရောက်သွားသည့်နှယ် ထူးဆန်းသော မြင်ကွင်းတို့ကို ဤကဲ့သို့ တွေ့မြင်ရပါလေတော့သည်။

အချိန်တို့သည် ဗွီစီဒီဇာတ်ကားအား နောက်ပြန်ရစ်သကဲ့သို့ ကျွန်တော်၏ ယခုအသက်အရွယ်မှ မွေးကင်းစသို့ ပြန်ရောက်သွား၏။ ထို့နောက် ဆက်၍ နောက်ပြန်ရစ်သွားပါသည်။ မြန်ဆန်လွန်းလှ၏။ ပုံရိပ်တို့သည် တဖျပ်ဖျပ်နှင့် ပြေး၍နေပါ၏။ သဲကွဲပြတ်သားခြင်းမရှိ။ နောက်ပြန် အနှစ် ၅၀၀ ရောက်သွားသောအခါမှသာ ရပ်တန့်သွားပြီး ပုံမှန်ပြသသည့်နှုန်းပုံစံနှင့် ပုံရိပ်တို့သည် ကြည်လင်ပြတ်သား၍ လာခဲ့ပါသည်။

တောင်ပိုင်းရှမ်းပြည်နယ်ရှိ စော်ဘွားတို့ အုပ်ချုပ်သော တိုင်းမြို့ တစ်မြို့ ဖြစ်ပါသည်။ ကြီးကျယ်ခမ်းနားလှသော ဟော်နန်းကြီးသည် ထည်ဝါခံ့ညားစွာဖြင့် ကုန်းမြင့်ထက်တွင် တည်ရှိ၍ ဘေးပတ်ပတ်လည်တွင် အမတ်ချုပ်အိမ်တော်၊ အမတ်ကြီးများအိမ်တော်၊ ကိုယ်ရံတော်တပ်ဖွဲ့များ၏ အိမ်များ၊ အိမ်တော်ထိန်း (စော်ဘွား၏ အိမ်ကို စားဝတ်နေရေးမှအစ စီမံရသူ)၏ အိမ်တော်၊ အကြီးတော်ချုပ် (စော်ဘွား၏ သားသမီးများကို ကြီးကြပ်သူ)၏ အိမ်တော်၊ အဆိုသည် အကသည်တို့၏ အိမ်များ၊ ဝေါယာဉ်တဲများ၊ မြင်းတင်းကုပ်များ၊ ဘဏ္ဍာတိုက်၊ လက်နက်တိုက်နှင့် ရိက္ခာတိုက်များ ဝန်းရံလျက်ရှိပြီး အုတ်မြို့ရိုးတွင် တံခါးကြီး လေးပေါက်ကို ခိုင်ခံ့စွာ တပ်ဆင်ထားပါ၏။

ထိုမြို့ရိုး၏အပြင်တွင်မှ သာမန်မြို့သူမြို့သားတို့ နေထိုင်ကြသော မြို့ကွက် ဖြစ်ပါ၏။ မြို့ကြီးသည်လည်း သာယာစည်ပင်ဝပြောလျက် တရားပြည့်ဝ၍ သမာသမတ်ကျသော စော်ဘွားကြီး စဝ်ဆေးဟုံ၏ အုပ်ချုပ်မှုအောက်တွင် ပြည်သူတို့၏ ဘဝသည် စားဝတ်နေရေး အဆင်ပြေချောင်လည်ကြခြင်း၊ စိတ်အေးချမ်းသာရှိကြခြင်းတို့နှင့် ပြည့်စုံ၍ စော်ဘွားကြီး၏ မြို့ရွာနိုင်ငံ အတွင်းတွင် စော်ဘွားကြီးမှ အများစု မတည်၍ ပြည်သူအပေါင်းတို့အား ဆန္ဒအလျောက် လုပ်အားဒါန အလှူငွေဒါန တို့ကို ထည့်ဝင်စေပြီး ဘုရားဒါယကာများ၊ ကျောင်းဒါယကာများအဖြစ် ခံယူစေပါသည်။

တောင်ပိုင်းရှမ်းတို့သည် မူလလူအမည် စိုင်းပန်လှဆိုပါစို့။ သာမဏေရဟန်းဝတ်လိုက်၍ ပညာစာရဟူသော ဘွဲ့ပေးလိုက်သည်ဆိုပါစို့၊ လူထွက်ပြီးသည့်နောက်တွင်လည်း ထိုသာမဏေရဟန်းဘွဲ့ကိုပင် မြတ်မြတ်နိုးနိုးခံယူခေါ်တွင်စေကြသဖြင့် မူလ လူအမည် ပျောက်သွားရပါ၏။ ထိုသို့ လူအမည်မဟုတ်သူများသည် သာသနာ့ဘောင်သို့ မြင့်မြတ်စွာ တက်ရောက်ကြပြီးသူများအဖြစ် ဂုဏ်ယူ ကျေနပ်လျက်ရှိကာ

www.burmeseclassic.com

လူအများ၏ အလယ်တွင် မျက်နှာပွင့်လန်းကြရပါ၏။

ကျောင်းဒါယကာအဖြစ် ခံယူလိုက်သောအခါ ကျောင်းပညာဟူသော ဂုဏ်ထူးဝိသေသ တိုး၍လာပြန်ပါ၏။ အမည်ရှေ့မှ 'ကျောင်း' ပါသူများသည် ကျောင်း လှူဒါန်းထားသူ ဟူသော အဓိပ္ပာယ်ပင် ဖြစ်ပါ၏။

ဤစော်ဘွားကြီး၏ လက်ထက်တွင် အများပြည်သူတို့ စီးပွားရေးများ ကောင်းမွန်သောကြောင့် ကျောင်းတွဲခံ၍ အမည်မှည့်ခေါ်နိုင်သူများ တစ်နေ့တခြား တိုးပွား၍ လာနေပါသည်။

စော်ဘွားကြီးသည် ကျွန်တော်၏ ဖခင်ဖြစ်နေပြီး ကျွန်တော်သည် စော်ဘွားကြီး၏ အရိုက်အရာကို ဆက်လက် ခံယူရမည့် နန်းညွန့်လျာ၊ ကျမိုင်းလေးခေါ် သခင်လေး စဝ်ခွန်နောင် ဖြစ်နေပါသည်။

ကျွန်တော်သည် ထိုစဉ်က ဓားခုတ်၊ လှံထိုး၊ လေးပစ်၊ သေနတ်ပစ်၊ မြင်းစီး စသည်တို့ကိုပိုင်နိုင်ကာ သေနင်္ဗျူဟာ စစ်ပညာတို့ကို ကျွမ်းကျင်စွာ တတ်မြောက်သော်လည်း အနုပညာ ဗီဇပါရှိခဲ့၍ တေးကဗျာ ရေးဖွဲ့စပ်ဆိုခြင်း၊ ပန်းချီရေးဆွဲခြင်းတို့ကို ဝါသနာ ထုံသူ ဖြစ်ခဲ့ပါ၏။ ကျွန်တော်၏ ရုပ်ဆင်းသွင်သဏ္ဌာန်မှာလည်း နုနယ်သိမ်မွေ့ကာ အေးချမ်းလှပါ၏။

ကျွန်တော့်တွင် စောကလျာနှင့် စောနန္ဒာ ဟူသော အစ်မတော်နှစ်ပါး လည်းရှိပါသေးသည်။ ထိုအစ်မတော် နှစ်ဦးနှင့် ခမည်းတော်၊ မယ်တော်တို့သည် ကျွန်တော့်အပေါ်တွင် ချစ်ကြင်မြတ်နိုးကြ၍ ကျွန်တော်တို့ မိသားစုကလေးသည် နွေးထွေးလှစွာ ပျော်မွေ့ဖွယ်အတိ ဖြစ်ခဲ့ပါ၏။ ပူပင်သောကနှင့် စိုးရိမ်ကြောင့်ကြစရာမရှိဘဲ ပကတိ တည်ငြိမ်၍နေသော ကန်ရေပြင်ကဲ့သို့ အေးချမ်းလှပါသည်။

ကျွန်တော့်တွင် စောရတနာဟူသော ချစ်သူရှိသည်။ စောရတနာသည်လည်း ကျွန်တော်တို့ကဲ့သို့ပင် အိမ်နီးချင်း ရှမ်းတိုင်းတစ်ခုမှ စော်ဘွားကြီး တစ်ဦး၏သမီးပင် ဖြစ်ပါသည်။ လူကြီးခြင်း ကမ်းလှမ်း၍ ရွှေလမ်း ငွေလမ်း ဖောက်၍ နားတော်ပေါက်လျှောက်ရန် အိမ်တော်ထိန်းကြီးနှင့် အကြီးတော်ချုပ်ကြီးတို့မှ စီစဉ်ဆောင်ရွက်နေချိန် ဖြစ်ပါသည်။

ကျွန်တော်၏ ဖခင်စော်ဘွားကြီးတွင် ညီတော်အရင်း ရှိပါသည်။ ဦးရီးတော် စဝ်ခွန်ကြာအား အမတ်ချုပ်ကြီး ရာထူးပေးအပ်ထား၍ တိုင်းရေး ပြည်ရေး၊ စစ်ရေး၊ ဘဏ္ဍာရေး၊ အစစ အရာရာကို ဦးရီးတော်မှ ကိုင်တွယ် ဆောင်ရွက်ရသည် ဖြစ်၍ ကျွန်တော့်တွင် ထူးထူးထွေထွေ တာဝန်များမရှိသဖြင့် အားလပ်လျက်ရှိရာ ကျွန်တော်သည် ကျွန်တော့် ချစ်သူ စောရတနာအား ရည်ညွှန်း၍ စာကဗျာများ ရေးဖွဲ့ခြင်း၊ ပုံတူပန်းချီရေးဆွဲခြင်းတို့ဖြင့် အချိန်တို့ကို အသုံးချခဲ့ပါ၏။

ကျွန်တော်သည် စောရတနာ၏ သဘောထားကို လည်းကောင်း၊ ၎င်း ဖခင်စော်ဘွားကြီး၏ သဘောထားကို လည်းကောင်း မသိရှိရသေးသဖြင့် စိတ်မအေးနိုင်သေးပါ။ ကျွန်တော့်မိဘအခြေအနေ၊ ကျွန်တော်၏ အရည်အချင်း စသည်တို့ကြောင့် ငြင်းပယ်မည် မဟုတ်ဟုတော့ ထင်မိပါ၏။ အကြီးတော်ချုပ်ကြီးမှ တာဝန်ယူ၍ ရွှေပန်းထိမ်သည်၊ ငွေပန်းထိမ်သည်တို့ထဲတွင် ထူးခြား ဆန်းကြယ်လှသော လက်ဆောင်ပဏ္ဏာ ဆက်သမည့် ပစ္စည်းများကို အပ်နှံထား ရှိကာ သွန်းလုပ်လျက်ရှိပြီဟု သိရပါသည်။

စောရတနာအတွက် စိန်ဘယ နှင့် စိန်ဆံထိုး၊ စိန်ရင်ထိုး၊ စိန်ဘီး စိန်လက်ကောက်၊ စိန်လက်စွပ်၊ စိန် နားကပ်နှင့် ရွှေခြေချင်းတို့ကို ပန်းထိမ် ဆရာများအား ကျွန်တော်ကိုယ်တိုင် အမျိုးမျိုး စိတ်ကူးကြံဆလျက် အလှဆုံးနှင့် အထူးခြား အဆန်းကြယ်ဆုံး ဖြစ်စေရန် ပုံဆွဲ၍ပေးပါသည်။ လက်ဝတ်ရတနာ ပစ္စည်းတိုင်းတွင် လိပ်ပြာ ကလေး နှစ်ကောင် တောင်ပံခတ်နေဟန် ထည့်ရေးဆွဲပေးခဲ့ပါသည်။

ကျွန်တော့်ဦးရီးတော်တွင် စောဝဏ္ဏ ဟူသော သားတော်တစ်ပါးရှိပါသည်။ ၎င်းသည် စရိုက်ကြမ်းတမ်း စာရိတ္တညံ့ဖျင်းသူ ဖြစ်ပါသည်။ မူးယစ် သောက်စား ရမ်းကား၏။ မြင်းလောင်း ခြင်း၊ သုံးကောင် ပွင့်ခြင်း စသော အလောင်းကစားပြုလုပ်၏။ မိန်းမ ရှုပ်၏။ ဆင်းရဲနွမ်းပါးသော မိန်းက များစွာကို အာဏာနှင့်ငွေတို့ဖြင့်ဖိနှိပ်၍ သိမ်းသွင်းကာ စော်ကား ဖျက်ဆီး မြို့ရွာထဲတွင်လည်းကောင်း၊ ပွဲခင်း တွင်လည်းကောင်း တွေ့သမျှ လူများ ရန်စပြီး ရိုက်နှက် နှိပ်စက် အနိုင်ကျင့် လေ့ရှိပါသည်။

ကျွန်တော်နှင့် မကြာခဏ ထိ တိုက် ကြုံတွေ့ရလေ့ရှိပါ၏။ ၎င်း မတရားမှုများကို ဟန့်တားကာ ဖြေရှင်း ပေးရပါသည်။ ၎င်းကို ဆုံးမရပါ၏။

ကျွန်တော် သွားလေရာ ကိုယ်ရံတော်တပ် အမြဲပါရှိ၍ လည်း ကောင်း၊ စော်ဘွားအလောင်းအ ကျမိုင်းလေး ခေါ် သခင်လေးဖြစ်သော ကျွန်တော်နှင့် အမတ်ချုပ်ကြီး၏





www.burmeseclassic.com

www.burmeseclassic.com

ိုးဖြစ်သော ၎င်းမှာ ကျွန်နှင့် သခင် ဆင့်ဖြစ်၍ ၎င်းသည် ကျွန်တော်နှင့် ွေ့လျှင် ဒူးတုပ်၍ ခစားရပါ၏။ ျွန်တော် ပြောသမျှ နာခံရပါ၏။

သို့သော် မာန်မာနထောင်လွှား ွန်းသော ၎င်း၏စိတ်ထဲတွင်မူ သူ၏ ည့်များနှင့် အများပြည်သူရှေ့တွင် ျွန်တော်မှ ရိုက်ဆုံးမသည်ကို လည် ခံနေရသဖြင့် ရှက်စိတ်၊ နာကြည်း ိတ်တို့ဖြင့် ၎င်း၏စိတ်ထဲတွင် ကျွန် ော့်ကို မည်မျှအထိ မုန်းတီးလျက်ရှိ ည်ကို မီးဝင်းဝင်းတောက်မျှဖြစ်၍နေ သော ၎င်း၏မျက်လုံးများကို ကြည့်၍ ိနိုင်ပါ၏။

ယခင် – စော်ဘွားကြီးသည် ာတ်ပိုင်းကာလများတွင်၌ ဘုရားတည်၊ ျောင်းဆောက်၊ ဥပုသ်သီလဆောက် ည်တူသော ဘာသာရေး သာသနာ ုပ်ငန်းများတွင်သာ အချိန်တို့ကို ြုပ်ထားရှိပြီး တိုင်းရေး ပြည်ရေးနှင့် ုပ်ချုပ်ရေးတို့တွင် ကိုယ်တော်တိုင်နှင့် ြား သစ္စာစောင့်၍ စိတ်ချရသော ိုတော် အမတ်ချုပ်ကြီးကိုသာ လွှဲအပ် ားရှိပြီး တစ်လ တစ်ကြိမ်ခန့်သာ ီဟာခံတွင် တက်ရောက်အပူဇော်ခံ ာက်သက်မျှသာ တစ်ခဏတာလေး ာက်ရောက်ပြီး အခြားသော တိုင်းရေး ည်ရာများကို အမတ်ချုပ်ကြီးနှင့်သာ ာက်လက် ဆွေးနွေးစေခဲ့ပါသည်။

ထိုအခါ အမတ်ချုပ်ကြီး၏ ြာအာဏာသည်လည်း စော်ဘွား ြီးနှင့်မခြား အရေးပါလျက်ရှိသော ြောင့် စဝ်ဝဏ္ဏာသည် ပို၍မာနထောင် ွားကာ မော်ကြွား၍လာပါ၏။

ရာသီဥတုသာယာသော တစ် ေ့တွင် ကျွန်တော်သည် ဟော်နန်းဝင်း ြီးအတွင်းရှိ ကျွန်တော်၏ သီးသန့် ပန်းဥယျာဉ်ကြီးအတွင်းရှိ ထင်းရှူးပင် ကြီး၏ အောက်တွင် ပတ္တူကားချပ်ကို ဒေါက်ဖြင့်ထောင်လျက် စောရတနာ၏ ပန်းချီပုံတူကို ရေးဆွဲလျက်ရှိပါသည်။

ကျွန်တော် ကြိုတင်ညွှန်ကြား ချက်အတိုင်း ကိုယ်ရံတော်တပ်ဖွဲ့သည် ကျွန်တော်နှင့် ခပ်လှမ်းလှမ်းတွင်သာ အသံမပြုကြဘဲ တိတ်ဆိတ်စွာ စောင့် ကြပ်လျက် ရှိပါသည်။ ပန်းချီကားမှာ ဘေးတစောင်း ကိုယ်တစ်ပိုင်း အနေ အထားဖြစ်ပြီး ပန်းနုရောင်ပဝါကို ခြုံ လွှမ်းလျပ် လက်ပိုက်နေပုံဖြစ်ပါသည်။

စောရတနာနွယ်သည် ခြေဖျားမှ ဆံဖျားတိုင် အပြစ်ဆိုစရာဟူ၍ မရှိဘဲ အလှတို့ဖြင့်သာ ပြည့်လျှံ၍ နေပါ၏။ ရှမ်းမျိုး ရှမ်းနွယ်ဖြစ်၍ အသားအရေ ဖြူဝင်းခြင်းမှာမူ အထူးဆိုဖွယ်မရှိပါပြီ။ ပဒေသရာဇ်မျိုး ရာဇသွေးပါသူလေး ဖြစ်၍ နုနယ်သိမ်မွေ့ လှပလွန်းသော် လည်း တည်ငြိမ်ရင့်ကျက်သောဣန္ဒြေတို့ ခြုံလွှမ်းလျက် ခံ့ခံ့ထည်ထည်ရှိလှပါ၏။ ကိုယ်ဟန် ရှည်သွယ်ကြော့ရှင်းလျက် ကြာနွယ် လက်ချောင်းကလေးများမှာ ဖော့ဖယောင်းသဖွယ် သွယ်နွဲ့ ညွတ် ပျောင်းလျက် ရှိပါ၏။

အထူးခြားဆုံးမှာ အစဉ် ရွှန်း လက်လျက်ရှိသော မျက်ဝန်းညိုမှောင် တို့ပင် ဖြစ်ပါ၏။ ရှေးရှေးတုန်းက ခုနစ် ဆောင်တိုက်ခန်းတွင် မီးမထွန်းဘဲ လင်းရသော ပဝတီ ရှိခဲ့သည်ဟူသည် ကို စောရတနာနွယ်ကို တွေ့ရှိသော အခါ အပြည့်အဝ ယုံကြည်လက်ခံမိပါ တော့သည်။

အဘယ်ကြောင့်ဆိုမူ စော ရတနာနွယ်သည် နှေ့နှေ့ညည ကိုယ် အသားအရေ လှပလွန်းသောကြောင့် လင်းလက်တောက်ပကာ အရောင် အလျှံများ ထွက်ပေါ်၍နေသောကြောင့် ဖြစ်ပါသည်။

ကျွန်တော်သည် စောရတနာ နွယ်၏ မျက်ဝန်းကို ဆေးခြယ်နေသည် ဖြစ်၍ စိတ်အာရုံကို နှစ်သွင်းကာ စုတ်တံကိုင်သော လက်ကို အခြားလက် တစ်ဖက်ဖြင့် ထိန်းကာ အသက်ကိုမျှ ပြင်းပြင်းမရှူရဲဘဲ အသက်အောင့်လျက် စုတ်တံကလေးကို ဖော့ပြီး ဆေးသွင်း၍ နေပါ၏။ စိတ်မှန်းဖြင့် ဆေးစက်ကို အကြိမ်ကြိမ်ချပြီးမှ ပထမဆေးစက် မှိန်မှိန်ကို ချသည်။ အနီးအဝေး ဘေး တိုက် ရှေ့ဟူ၍ ရှုထောင့်အမျိုးမျိုးမှ ကြည့်သည်။ စိတ်တိုင်းကျပြီဆိုတော့မှ တကယ် ထည့်လိုသော အရောင်ကို ထည့်လိုက်ပါ၏။

အသက်ဝင်လှသော ပန်းချီ ကားသည် အောင်မြင်စွာ ပြီးမြောက် သွားလေပြီ။ တကယ့်ပကတိ သက်ရှိ စောရတနာနွယ်ကို မြင်တွေ့နေရသကဲ့ သို့ ပုံတူပန်းချီကားကြီးမှာ အသက်ဝင် လွန်းလှပါသည်။

ကျွန်တော်သည် ပန်းချီကားကြီး ကိုကြည့်ကာ ဝမ်းသာပီတိဖြစ်၍ မဆုံး အောင် ရှိနေမိပါသည်။ ဤပန်းချီကား ကြီးကို ရေးဆွဲရသည်မှာ အထူးဂရုပြု၍ ပြင်ရခြင်း၊ ဖျက်ရခြင်း၊ အသစ်ပြန်လည် ရေးဆွဲရခြင်းတို့ မဖြစ်ရအောင် စိတ်ရှည် လက်ရှည်ဖြင့် ရေးဆွဲခဲ့ရသဖြင့် တစ်လ တိတိ ကြာမြင့်ခဲ့ရပါသည်။ ထိုရက်များ အတွင်း ကျွန်တော်သည် မုတ်ဆိတ် ကျင်စွယ်တို့ကိုပင် မရိတ်မယ်အားသဖြင့် ကျွန်တော့်တွင် နှုတ်ခမ်းမွေးနှင့် မုတ် ဆိတ်တို့ပင် စိမ်းမြလျက်ရှိပါ၏။

ထိုစဉ် ကျွန်တော့်အနီးတွင် ကိုယ်ရံတော်တပ်ဖွဲ့မှ တပ်မှူးအိုက် မောင်း ရောက်ရှိ ခစားနေသဖြင့်-



www.burmeseclassic.com

www.burmeseclassic.com

"ကဲ- အိုက်မောင်း ထ၊ ဘာများ လျှောက်တင်စရာရှိသလဲ"

"မှန်လှပါ၊ သတင်းထူး လျှောက်ထားစရာ ရှိပါတယ်၊ သခင်လေး ရည်ရွယ်ထားတဲ့ သခင်မလေး စောရတနာနွယ်ကို စပ်ဝဏ္ဏက ကြံရွယ်နေတာဖြစ်ပြီး လက်ဆောင်ပဏ္ဏာများနှင့် ရွှေလမ်းငွေလမ်းဖောက်မည့်အဖွဲ့ကို လမ်းကနေ ဆီးကြိုတိုက်ခိုက်ပြီး နှောင့်ယှက်မယ်လို့ အခိုင်အမာ သတင်းရရှိထားကြောင်းပါ ဘုရား"

"သေသေချာချာ ရှင်းလင်းအောင် လျှောက်တင်စမ်းကွာ"

"စောစောက သေတင်းကုပ်မှာ စပ်ဝဏ္ဏရဲ့ညာလက်ရုံး အိုက်စံ ပြောနေတာကို ကျွန်တော်မျိုးကိုယ်တိုင် ကြားခဲ့တာပါ ဘုရား"

"တောက်- ရိုင်းလိုက်တဲ့ ကျွန်ကောင်၊ ငါရည်ရွယ်ထားတဲ့ စောရတနာနွယ်ကိုမှ မှန်းရတယ်လို့၊ ရာရာစစ၊ ငါကိုယ်တော့်အကြောင်း သင်းသိရသေးတာပေါ့၊ ကဲ - ကိုယ်ရံတော်တပ်ဖွဲ့ အသင့်ပြင်၊ မြင်းတွေထုတ်"

ကျွန်တော့်ရင်ထဲတွင် ဒေါသမီးတို့ကား ပလောင်ဆူလျက် တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ယင်လျက်ရှိပါ၏။ ကျွန်တော်သည် တန်ဖိုးကြီးမား၍ လှပဆန်းကြယ်သော ရတနာလက်ဆောင်ပစ္စည်းများနှင့် ကျွန်တော်၏ မြတ်နိုးတန်ဖိုးထားမှုတို့ကို ပြသမည်။

ထို့နောက် ကျွန်တော့် နှလုံးသွေးနှင့် ရေးခြယ်ထားသကဲ့သို့ တန်ဖိုးလည်း မဖြတ်နိုင်သော စောရတနာနွယ်၏ ပိုတူပန်းချီကားကြီးကို မြင်တွေ့ရလျှင် စောရတနာနွယ်သည် ကျွန်တော့်အပေါ် ကရုဏာသက်၍ ကျွန်တော့်မေတ္တာကို နားလည်ကာ လက်ခံတုံ့ပြန်လိမ့်မည်ဟူသော မျှော်လင့်ချက်တို့ဖြင့် ကြိုတင် ဝမ်းမြောက်ပျော်ရွှင်နေမိခြင်းတို့ကို ခြေမွဖျက်ဆီးခြင်း ခံလိုက်ရ၍ ဝမ်းနည်းစိတ်ဖျက် ဒေါသထွက်၍မဆုံးနိုင်အောင် ဖြစ်ရခြင်း ဖြစ်ပေသည်။

ဤအချိန်ဆိုလျှင် မြို့အတွင်း လောင်းကစားဝိုင်း တင်းကုပ်တွင် စပ်ဝဏ္ဏရှိတတ်သည်ဖြစ်၍ ထိုနေရာသို့ ဦးတည်ကာ ကျွန်တော်၏ မြင်းကို ဒုန်းစိုင်းလိုက်ပါသည်။ ကိုယ်ရံတော်တပ်ဖွဲ့သည်လည်း လက်နက်ချပ်ဝတ်တန်ဆာပြည့်စုံစွာဖြင့် နောက်မှ လိုက်ပါလာကြပါသည်။

ရှေ့ပြေး မြင်းသည်ကျော် နှစ်ဦးသည်ပင် ကျွန်တော့်မြင်းကို အတင်းကျော်တက်ရပြီး ရှေ့မှ -

"သခင်လေး ကြွလာတယ်၊ သခင်လေး ကြွလာတယ်၊ ဘေးကို ဘေးကို" ဟု အော်ဟစ်ကြပါသည်။

မြို့သူ မြို့သားတို့သည် လမ်းနံဘေးသို့ကပ်၍ ဒူးတုပ် ခေါင်းငုံ့ကာ အရိုအသေပြုလျက် ကျန်ရစ်ကြပါ၏။

ကျွန်တော်တို့ ဖြတ်သန်းရာ လမ်းတစ်လျှောက်တွင် ရုတ်ရုတ်သဲသဲ ဖြစ်ကျန်ရစ်လျက် ဘာအရေးကိစ္စပါလိမ့်ဟူ၍ တွေးတောလျက်ရှိကြပေမည်။

မကြာမီ ဈေးလမ်းမသို့ ရောက်လာ၏။ ထို့နောက် သေတင်းကုပ်များသို့ ရောက်ရှိလာပြီး သေတင်းကုပ်များ အဆုံးရှိ လောင်းကစားတင်းကုပ်ရှေ့သို့ အရောက်တွင် ကျွန်တော်သည် မြင်းပေါ်မှ လွှားခနဲခုန်ဆင်းလိုက်ပြီး တင်းကုပ်အတွင်းသို့ ပြေးဝင်လိုက်သည်။ လောင်းကစားနေသည့်သူများ ရုတ်တရက် ကြောင်အမ်းသွားပြီး နောက်မှ ကပျာကယာ မြေတွင် ဒူးတုပ်၍ ခစားနေကြပါ၏။

စပ်ဝဏ္ဏကို အဲဆင်သင့်ပင်တွေ့ ရှိရပါသည်။ ကျွန်တော်သည် ဘာကို မပြောတော့။ ကျွန်တော်၏ ဆောင်း ကို ငွေဓားအိမ်အတွင်း နောက်လွယ် ချွတ်လိုက်ပြီး စပ်ဝဏ္ဏ၏ဇက်ကို ပိုင်း ရန် အားယူ၍မြှောက်ချလိုက်ပါသည်

ခုတ်ပိုင်းချမည်အပြုတွင် အကြီး တော်ချုပ်ကြီး ဘဘဦးတိုက်လူသည် ဘယ်ကဘယ်လို ရောက်လာသည်မသိ ကျွန်တော့်ရှေ့သို့ ဝင်ရောက်လာပြီး -

"သခင်လေး စိတ်ထိန်းပါ၊ ဒီကိစ္စ ခဏထားဦး၊နောက်မှရှင်းလည်း နောက် မကျပါဘူး၊ အခု သခင်ကြီးက အခေါ် တော် လွှတ်လိုက်ပါတယ်၊ ရောက်ရာ အရပ်က အမြန်လာစေတဲ့၊ သိပ်အရေး ကြီးတဲ့ ကိစ္စကြောင့်ပါ၊ သည်းခံတော် ပါဘုရား"

ဟု လျှောက်တင်လာသဖြင့် ကျွန်တော်သည် မကျေမချမ်းဖြင့် ဓား ပြန်သိမ်းလိုက်ရသော်လည်း ကျွန်တော် အား မထီတထီ မခန့်လေးစားကြည့်နေ သော နှုတ်ခမ်းမွေးရေးရေးဖြင့် ရှုမ်း စရာကောင်းလှသည့် စပ်ဝဏ္ဏ၏ မျက် ခွက်ကို ခြေဖြင့် အားကုန် ကန်ထည့် လိုက်ပါသည်။

ထို့နောက် အကြီးတော်ချုပ်ကြီး နှင့်အတူ ဟော်နန်းသို့ မြင်းကို ဒုန်းစိုင်း ခဲ့ကြပြန်ပါသည်။

(ဆက်ရန်)

ဘိုဘို(ရွှေကျ





www.burmeseclassic.com



# ထိုက်သင့်

## ကိုးတန်းဖြေဆောင်ကထွေးမွန်ပုံပြင်

မနက်ခြောက်နာရီခွဲဆိုပေမယ့် ဆောင်းတွင်းအလင်းရောင်က တော်တော်နဲ့ မလာသေးတဲ့အချိန် ဦးကျော် တျောင်းဝင်းတစ်ခုလုံးပတ်ပြီး တံမြက်စည်း လှည်းနေသည်။

ကျောင်းစောင့် ဆိုပေမယ့်လည်း ကျောင်းဝေယျာဝစ္စတွေကို အကုန်လိုက်လုပ်ပေးတာကြောင့် ရောက်လာတာ မကြာသေးပေမယ့် ကျောင်းက ဆရာမတွေအားလုံးက ချစ်ခင်ကြသည်။

"ရှပ် . . . ရှပ်"

ရှေ့မှာ အာရုံစိုက်လှည်းနေချိန်မှာ သူ့အနား လမ်းလျှောက်လာတဲ့ အသံကြောင့် နောက်လှည့်ကြည့်လိုက်သည်။

"ထွေးမွန်၊ စောလှချည်လား"

"သမီးတို့အတန်းက ဒီနေ့ စာမေးပွဲရှိတယ်"

ဆံပင်တွေကြောင့် မျက်နှာ သေချာမမြင်ရပေမယ့် အသံကတော့ တက်တက်ကြွကြွ မရှိ။ သူ့ကိုလည်း သေချာမကြည့်ဘဲ ကျောပိုးအိတ်လေး လွယ်ပြီး ထွက်သွားတဲ့ ကလေးမလေးကို တစ်ပတ် တစ်ခါ တွေ့နေကျဖြစ်သည်။

ဒီနေ့လို ဗုဒ္ဓဟူးနေ့ရောက်တိုင်း ထွေးမွန် စောစောရောက်လာတတ်တာ ဦးကျော်သိသည်။ ဒီကျောင်းပြောင်းလာတဲ့ မနက်ကတည်းက ပထမဆုံးရင်းနှီးတဲ့ မိတ်ဆွေဆိုလည်း မများပါဘူး။

ကျောင်းကို သူများတွေထက် စောလာတတ်သလို ညနေဆိုလည်း နောက်ကျမှပြန်ပြီး စာအုပ်တစ်အုပ်နဲ့ စာကျက်နေတတ်တဲ့ ထွေးမွန်ဆီ မုန့်ကျွေးဖို့သွားတိုင်း မစားဘူးလို့ ငြင်းပြီး ထွက်ပြေးတာ များသည်။

ထူးဆန်းတာက သူငယ်ချင်းမရှိတာလားတော့ မသိ။ ဘယ်အချိန်ကြည့်ကြည့် ကိုးတန်းဆောင်ဘေးက ဖျောက်ဆိပ်မင်ကြီးအောက်မှာ တစ်ယောက်တည်း အမြဲထိုင်နေတတ်သည်။

ထွေးမွန်ဆိုတဲ့ နာမည်တစ်ခုသာ သိပြီး ဘယ်မှာနေတာလဲ၊ ဘယ်အခန်းကလဲ ဆိုတာကိုတော့ ခုချိန်ထိ မမေးမိ။



www.burmeseclassic.com

www.burmeseclassic.com

"ဦးကျော် တံမြက်စည်းလှည်းရင်း ဘာတွေ တွေးနေတာလဲ"

"ဪ- ဟိုမှာလေ ကျောင်းသူလေးတစ်ယောက် အစောကြီးလာပြီး စာကျက်နေလို့ ကြောက်မှာစိုးလို့ လှမ်းကြည့်ပေးနေတာ"

"ဟုတ်လား၊ ဘယ်မှာလဲဗျ"

"အဆောင်ထဲဝင်သွားပြီ ထင်တယ်"

"ဒီကျောင်းက ကလေးတွေက တစ်ယောက်နဲ့ တစ်ယောက် အပြိုင်အဆိုင် စာကြိုးစားတာ၊ ဒါကြောင့် တချို့ကလေးတွေဆို မဖြစ်သင့်တာတွေ ဖြစ်ကုန်တာပေါ့"

"ဟုတ်လား၊ ဘာဖြစ်တာလဲဗျ"

"လာဗျာ၊ လက်ဖက်ရည်ဆိုင်ရောက်မှ ပြောပြမယ်"

ကိုးတန်းဆောင်အပေါ်ထပ်က ဝရန်တာမှာ သူတို့ကို ကျောပေးပြီး ထွေးမွှန်စာကျက်နေတာကို တစ်ချက်လှမ်းကြည့်ပြီး အပြင်ထွက်လာခဲ့သည်။

✿

"သီတာ၊ ငါ အိမ်သော့ အခန်းထဲက ခုံထဲမှာ ကျန်ခဲ့ပြီ"

"ဟာ နင်ကလည်း လုပ်ပြီ၊ ခုချိန်မှ သတိရရလား ငါးနာရီခွဲနေပြီ၊ ကျောင်းထဲ ဘယ်လိုပြန်ဝင်မလဲ"

"နင် အဖော်လိုက်ခဲ့ပေးပါဟာ၊ ဒီသော့မရှိရင် အမေက လုပ်လိမ့်မယ်၊ ကျောင်းစောင့် ဦးကျော်တော့ရှိမှာပေါ့၊ ကူညီပါဟာ နော်"

တင်နွယ်ရဲ့ တောင်းပန်စကားကြောင့် သီတာ နောက်က လိုက်လာခဲ့သည်။ ကျောင်းတက်တဲ့ အချိန်သာ အသက်ဝင်လှုပနေတဲ့ ကျောင်းဝင်းကြီးက အခုတော့ တိတ်ဆိတ်မှုနဲ့အတူ ကြောက်စရာကောင်းသည်။

ဦးကျော်အိမ်ရှေ့မှာ စက်ဘီးတွေထားရင်း အထဲမှာ လူရှိမလားလို့ အော်ခေါ်ပေမယ့် ပြန်ထူးသံမကြားတာကြောင့် ကိုးတန်းဆောင်ဘက်ကို သူငယ်ချင်းနှစ်ယောက် တစ်ယောက်လက်ကို တစ်ယောက်ဆုပ်ကိုင်ပြီး အမြန်လျှောက်လာခဲ့ကြသည်။

"မြန်မြန်လုပ်နော် တင်နွယ်၊ ငါ ကြောက်တယ်"

"ဒီအထိရောက်ပြီးမှတော့ ခဏလေးပါပဲ"

အိမ်သော့လိုချင်လို့ ကြောက်စိတ်မရှိ ရဲရဲဝံ့ဝံ့တက်သွားတဲ့ တင်နွယ် အင်္ကျီစကို ဆုပ်ကိုင်ရင်း သီတာ လိုက်လာခဲ့သည်။ ပါးစပ်ကတော့ ရသမျှ ဘုရားစာတွေ ရွတ်ရင်းပေါ့။

အတန်းခေါင်းဆောင် အဖြစ်တာဝန်ယူထားတဲ့အတွက် တင်နွယ် လက်ထဲမှာ အခန်းသော့ အဆင်သင့်ရှိသည်။ အလင်းရောင်ရှိသေးတယ်ဆိုပေမယ့် ဒီလိုကျောင်းဆင်းချိန် ကျောင်းထဲမလာဖူးလို့ အလိုလို ကြောက်စိတ်ဝင်နေမိသည်။

"ကျွီ"

"အောင်မယ်လေး"

အခန်းတံခါး ဖွင့်လိုက်တဲ့အချိန် ထွက်လာတဲ့ အသံကြောင့် သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် အော်ပြီး ဖက်ထားမိသည်။

"တံခါးကပါဟာ၊ နင်ကလည်း"

"ငါတစ်ယောက်တည်း ကြောက်တာကျနေတာပဲ၊ သွား နင်စားပွဲမှာ သော့သွားရှာ မြန်မြန်နော်"

တင်နွယ်ကို အခန်းထဲဝင်ခိုင်းပြီး သီတာ တံခါးနားမှာ ရပ်စောင့်နေစဉ် ခြေသံလိုလို၊ ထိုင်ခုံတွေ ချနေတဲ့ အသံလိုလို ကြားလိုက်ရသည်။

"ဒုန်း . . . ဒုန်း"

ဒီအချိန်ကြီး ဘယ်သူပါလိမ့်။ သူတို့လိုပဲ ပစ္စည်းကျန်ခဲ့လို့ လာယူတဲ့ သူများ ရှိနေလား အတွေးမဆုံးခင်မှာ ထိပ်ဆုံးအခန်းထဲက ကျောင်းသူ တစ်ယောက် လှေကားနား လျှောက်သွားတာ မြင်လိုက်သည်။

မျက်နှာ သေချာမမြင်ရပေမယ့် ဖွာလန်ကျဲနေတဲ့ဆံပင်၊ ဟောင်းနွမ်းနေတဲ့ အဝတ်နဲ့ ကျောပိုးအိတ်ကို ကြည့်ပြီး သနားသွားသည်။

"ဟိတ်- နင် ဘာကျန်ခဲ့လို့လဲ"

". . . . . ."

"တစ်ယောက်တည်းလား၊ ငါတို့နဲ့ အတူတူ ပြန်ရအောင် စောင့်ဦး"

အပြင်မှာ တစ်ယောက်တည်း စကားပြောနေတဲ့ သီတာအသံကြောင့် တင်နွယ် မြန်မြန်ထွက်လာခဲ့သည်။

"သီတာ၊ နင် ဘယ်သူနဲ့ ပြောနေတာလဲ"

"ပြီးပြီလား၊ သော့ မြန်မြန်ခတ်၊ အဖော်ရှိတုန်း အတူတူပြန်ရအောင်"

လှေကားထိပ်ရှိ ရပ်စောင့်နေသော ကောင်မလေးကြောင့် တင်နွယ် သော့မြန်မြန်ခတ်လိုက်စဉ် ကြက်သီးထသွားသည်။

"လာ ဟိုတစ်ယောက်က သွားနေပြီ"

"အဲဒီ အခန်းကလူတွေ နောက်ခန်းက သူတွေဆို မတူသလို မတန်သလို အမြဲဆက်ဆံတတ်တယ် သွားပစေ"

သူတို့နဲ့ အတူမသွားဘဲ ရှေ့ခပ်လှမ်းလှမ်းကနေ သွားနေတဲ့ ကောင်မလေးကို ကြည့်ပြီး တင်နွယ် စိတ်ထဲ တော်တော်အမြင်ကတ်မိတာ အမှန်။ စကားနည်းတာလား၊ ဘဝင်မြင့်တာ



www.burmeseclassic.com

www.burmeseclassic.com

လား၊ နောက်ကို တစ်ချက်လေးတောင် လှည့်လည်းမကြည့်။ သီတာ မေးတော့လည်း ခေါင်းညိတ် ခေါင်းခါပဲ လုပ်ပြသည်။ ခြေလှမ်းပဲ မြန်တာလားတော့ မသိ သူတို့ မြင်ကွင်းထဲက တဖြည်းဖြည်း ဝေးသွားသလို ဖြစ်နေသည်။

ဦးကျော် အိမ်နားရောက်ခါနီး လေတစ်ချက်တိုက်လိုက်စဉ် -

"ထွီ - ဘာနံ့ကြီးလဲဟာ"

"အကောင်ပုပ်နံ့ဖြစ်မှာပေါ့ဟဲ့၊ နှင်ရော မနံဘူးလား"

"ဟင် ဘယ်ရောက်သွားတာလဲ"

ခဏလေးအတွင်းမှာ သူတို့ရှေ့မှာ လျှောက်နေသော ကောင်မလေး မရှိတော့။ ဘေးပတ်ဝန်းကျင်မှာ အရိပ်အယောင်တောင် မမြင်ရဘဲ ပျောက်သွားတာမို့ နှစ်ယောက်လုံး ကြောက်စိတ်နဲ့အတူ ကြက်သီးတွေ တဖြန်းဖြန်းထမိသည်။

"ဖောင်း . . . ဖောင်း"

လက်ခုပ်တီးသံက သူတို့နောက်က ထွက်လာတာမို့ ပြိုင်တူလှည့်ကြည့်လိုက်ချိန်မှာ ကိုးတန်းအခန်းရှေ့က ဝရန်တာကနေ လက်ခုပ်တီးပြီး လက်လှမ်းပြနေသော ကောင်မလေးကြောင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ပြိုင်တူအော်ပြေးကြသည်။

"အမေရေ ကယ်ပါဦး"

"ဟဲ့- ကောင်မလေးတွေ ဘာတွေ ဖြစ်လာတာလဲ အမောတကြီး"

"ကျွန်မတို့ကို ကယ်ပါဦး သရဲ သရဲ"

"ဟာ ဒီအချိန်ကြီး ကျောင်းထဲ ဘာဝင်လုပ်ကြတာလဲ၊ လာ အထဲဝင် ပရိတ်ရေသောက်ပြီးမှ စကားပြောကြ"

ခန္ဓာကိုယ်တစ်ခုလုံး ချွေးတွေနဲ့ ကြောက်လန့်နေတဲ့ ကျောင်းသူနှစ်ယောက်ကို အိမ်ထဲ ဝင်ခိုင်းချိန်မှာ နောက်ဖေးတံခါးကနေ ထွေးမွှန် ထွက်သွားတာ မြင်လိုက်ရသည်။

"ဘာတွေ့ခဲ့လို့လဲ"

"ကိုးတန်းဆောင်မှာ သရဲ၊ ကျွန်မတို့နဲ့ ရွယ်တူ ကောင်မလေး"

"ဟာ- ကျောပိုးအိတ်အနီလေးနဲ့ မို့လား၊ သရဲ မဟုတ်ပါဘူးကွာ၊ ညည်းတို့လိုပဲ ကျောင်းသူပါ၊ သူက မနက်ဆို အစောကြီးလာတယ်၊ ညနေဆို နောက်ကျမှ ပြန်တယ်"

"တကယ် သရဲတွေ့တာပါဆို ဦးကျော်ကလည်း မယုံဘူးလား"

"အေး ဟုတ်ဟုတ် မဟုတ်ဟုတ် လျှောက်မပြောနဲ့၊ ဆရာကြီးသိရင် ညည်းတို့ကို အချိန်မရှိ ကျောင်းဝင်းထဲ ဝင်လို့ အဆူခံရမယ်၊ လာ ငါ ကျောင်းဂိတ်အထိ လိုက်ပို့ပေးမယ်"

✿

ကျောင်းပိတ်ရက်ဆိုတော့ တိတ်ဆိတ်ပြီး ခြောက်သွေ့နေတဲ့ သစ်ရွက်တွေကြည့်ပြီး ထွေးမွှန် ဝမ်းနည်းနေမိသည်။

နေ့တိုင်း ဖြတ်သန်းနေရတဲ့ ဒီဘဝကြီးက တော်တော်အထီးကျန်ဖို့ကောင်းလိုက်တာ။ သူငယ်ချင်းတွေဗျာလည်း ကျောင်းပြောင်းသွားကြတာလား။

ရောက်လာတဲ့ အတန်းဖော်တွေကလည်း စကားမပြောချင်သလို အမူအရာကြောင့် ထွေးမွှန်အမြဲ ဖျောက်ဆိပ်ပင်အောက် သွားထိုင်နေရတာ။ တစ်ခါတစ်ခါ ဦးကျော်မွေးထားတဲ့ ခွေးကြီးကလည်း ကိုက်ချင်သလို ဟောင်နေတာ ကြောက်လိုက်တာ။

"သီတာနဲ့ တင်နွယ်တို့ ဘာလို့ ကျောင်းမလာတာလဲ"

**မျက်နှာ သေချာမမြင်ရပေမယ့် ဖွာလန်ကျဲနေတဲ့ ဆံပင်၊ ဖြောင်းနွမ်းနေတဲ့ အဝတ်နဲ့ ကျောပိုးအိတ်ကို ကြည့်ပြီး သနားသွားသည်။**

"နှင် မသိဘူးလား၊ ကိုးတန်းဆောင်က သရဲခြောက်လိုက်လို့ ဖျားပြီး ကယောင်ကတမ်းတွေ ပြောနေကြတာ ဆေးရုံတောင်ပို့မလို့တဲ့"

မုန့်ဈေးတန်းက အပြန် ကောင်မလေးနှစ်ယောက် ပြောနေကြတာကို နားထောင်ရင်း ထွေးမွှန် စိတ်မကောင်းဖြစ်သွားသည်။

တမင် မရည်ရွယ်ဘဲ လုပ်လိုက်တဲ့ အမှားက သူတို့ တော်တော်ဒုက္ခရောက်သွားတာပေါ့။ အမေ့အိမ်ကနေ နှင်ထုတ်ခံရပြီးကတည်းက ဒီကျောင်း ဒီအခန်းမှာ နေလာတာ ဘယ်လောက်ကြာပြီလည်း သိပ်မမှတ်မိတော့။

စားရမဲ့ သောက်ရမဲ့တဲ့ ဒီဘဝကနေ လွတ်ဖို့အတွက် တစ်ယောက်ယောက်ကို အကူအညီတောင်းဖို့ ကြိုးစားတိုင်း ကြောက်လန့်ပြီး ထွက်ပြေးကြသည်။

ဦးကျော်ကို အကူအညီ တောင်းသွားတိုင်း လမ်းတစ်ဝက်တင် လှည့်ပြန်ခဲ့ရတယ်။

ပရိတ်ရွတ်သံ၊ ပဌာန်းသံတွေကြားတိုင်း နေစရာမရှိအောင် ထွက်ပြေးရတာ ပင်ပန်းနေပြီ။

ဒီနေ့တော့ ဘာတွေပဲ ဖြစ်နေပါစေ ဒီဘဝက လွတ်ဖို့အတွက် အမေ့ကို အကူအညီတောင်းရမည်၊ ညနေ



www.burmeseclassic.com

www.burmeseclassic.com

**လေတိုက်လို့ လွင့်လာတဲ့ သက်န်းစလေးကတောင် မီးစနဲ့ထိုးသလို ပူလောင်တတ်တဲ့ သူမတို့ဘဝတွေကို သနားလို့ သက်န်းစတွေကို လက်နဲ့ သိမ်းပြီး လမ်းလျှောက်တဲ့ ဘုန်းကြီးတွေလည်း တွေ့ရသည်။**

စောင်းဆိုတော့ ရပ်ကွက်ထဲမှာ အလုပ်သွားအလုပ်ပြန်နဲ့ လူတော်တော်ရှုပ်နေသည်။

လမ်းမှာ သာမန်လူတွေနဲ့ ထိမိရင် ကိစ္စမရှိပေမယ့် ဘုန်းကံ အလွန်မြင့်တဲ့သူတွေ ဘုန်းကြီးတွေနဲ့ မထိမိအောင် မနည်းရှောင်ရင်း အမေ့အိမ်ကို လှမ်းမြင်နေရပေမယ့် ရောက်ဖို့ အရမ်းခက်ခဲသည်။

လေတိုက်လို့ လွင့်လာတဲ့ သက်န်းစလေးကတောင် မီးစနဲ့ထိုးသလို ပူလောင်တတ်တဲ့ သူမတို့ဘဝတွေကို သနားလို့ သက်န်းစတွေကို လက်နဲ့ သိမ်းပြီး လမ်းလျှောက်တဲ့ ဘုန်းကြီးတွေလည်း တွေ့ရသည်။

သူမလို သွားလာနေတဲ့သူတွေကလည်း လမ်းနဲ့ အပြည့်ပါလား။ ရပ်ကွက်ထဲက သစ်ပင်တိုင်းမှာနေတဲ့သူတွေကလည်း အများကြီးပါလားနော်၊ သစ်ရွက် တစ်ရွက်တောင် အလွတ်မခံပဲ နေကြတာ။

ဟော- အိမ်ထဲက အမေထွက်လာပြီ။ လက်ထဲက ကလေးလေးက ငါမရှိတုန်း မွေးထားတဲ့ ညီမလေးထင်တယ်၊ ချစ်စရာ ကောင်းလိုက်တာ။

ငါသာ အတူနေခွင့်ရှိရင်ဆိုတဲ့ အတွေးနဲ့ ခပ်ဝေးဝေးက လှမ်းကြည့်နေတာကို အမေက မမြင်ပေမယ့် ညီမလေးကတော့ သူမကို မြင်တာနဲ့ အရမ်းငိုနေတာကြောင့် နီးရာသစ်ပင်ကို ကွယ်နေလိုက်ရသည်။

"နင် ဘာလာလုပ်တာလဲ၊ ဒီအိမ်နဲ့ ဘာမှ မဆိုင်တော့ဘူးလေ သွား"

"မသွားပါရစေနဲ့ရှင်၊ ကျွန်မ အမေ့အိပ်မက်ထဲ ခဏလေး ဝင်ခွင့်ပေးပါ၊ ပြောစရာလေး ပြောပြီးရင် ပြန်ပါ့မယ်"

အတင်း တောင်းပန်မှုကြောင့် ညသန်းခေါင်အချိန် အမေ့အိပ်ရာဘေးမှာ ကျွန်မ ထိုင်ခွင့်ရခဲ့သည်။

အဖေ့ဘေးမှာ ခပ်စောင်းစောင်းလေး အိပ်ပျော်နေတဲ့ အမေ့ကို သေချာကြည့်ပြီး -

"အမေ . . . အမေ"

"ဟင်- သမီးလေး သမီးလေး ထွေးမွန်"

ဝမ်းသာစွာနဲ့ ပြေးဖက်ဖို့ ပြင်နေတဲ့ အမေ့ကြောင့် နောက်ကို အမြန်ဆုတ်လိုက်ရသည်။ အမေ့ရဲ့ ကိုယ်အရှိန်ကို သူမ မခံနိုင်အောင် ပူလောင်လွန်းတယ်။

"ထွေးလေး ဟုတ်တယ်မို့လား၊ အမေ့ဆီ လာပါဦးကွယ်"

အမှောင်ထဲကို အပြေးဝင်သွားတဲ့ သမီးဖြစ်သူကို ကြည့်ပြီး ဒေါ်သီဝမ်းသာ ဝမ်းနည်း ဖြစ်သွားသည်။ အမှတ်တမဲ့ မျက်နှာကို သေချာမမြင်ရပေမဲ့ သေခါနီး ဝတ်ဆင်ပေးလိုက်တဲ့ ကျောင်းစိမ်းအကျီလေးက အတော်ဟောင်းနွမ်းနေသလို ခန္ဓာကိုယ်ကလည်း ပိန်လှီပြီး အရိုးပေါ်အရေတင်ဖြစ်နေသည်။ သေဆုံးသွားတာ ငါးနှစ်နီးပါး ရှိပေမယ့် တစ်ခါလောက်ဖြစ်ဖြစ် အိပ်မက်ထဲမှာ ပြန်တွေ့ဖို့ ဆုတောင်းခဲ့တာ ခုတော့ ဆန္ဒပြည့်ပြီပေါ့။

"သမီးလေးအတွက် နေ့တိုင်း ကုသိုလ်ကောင်းမှုတွေပြုပေးတာ သာဓုခေါ်ပြီး ကောင်းရာဘဝကို သွားပါတော့နော်"

"မရဘူးအမေ၊ သမီး ခုထိ ဘဝမကူးနိုင်သေးဘူး၊ သေခါနီး စာမေးပွဲဖြေဖို့ စိတ်စွဲသွားတာကြောင့် အခုကျောင်းမှာ နေရတာ၊ အမေ့ကုသိုလ်ကို သာဓု မခေါ်နိုင်ဘူး၊ သမီး သိပ်ဒုက္ခရောက်တာပဲ အမေရယ်၊ ကျောင်းမှာ စားရသောက်ရမဲ့တဲ့အပြင် ကြောက်စရာအကောင်ကြီးတွေလည်း ရှိတယ်၊ သူတို့ နှိပ်စက်လို့ အမြဲ ထွက်ပြေးနေရတာ၊ ဒါကြောင့် သမီးကို ဒီဘဝက လွတ်အောင် ကူညီပေးပါနော်"

"အောင်မယ်လေး ဖြစ်ရလေ သမီးရယ်၊ အမေ ဘယ်လိုလုပ်ပေးရမလဲကွယ်"

"မနက်ဖြန် ကျောင်းကို အမေကိုယ်တိုင်လာပြီး ကုသိုလ်လုပ်ပေးပါ။ သမီး သွားရတော့မယ်၊ အမေ ဆက်ဆက်လာခဲ့နော်"

"သမီးထွေးလေး နေဦးလေ၊ သမီး"

အိပ်မက်လား တကယ်လား မသိပေမယ့် သမီးလေး ထွေးမွန်ကို တွေ့လိုက် စကားပြောလိုက်ရတာတော့ သေချာသည်။

ထွေးမွန်ဆုံးပြီးတည်းက ခြေဦးတောင်မလှည့်ခဲ့တဲ့ ကျောင်းကို နောက်တစ်ခေါက် ပြန်သွားဖို့ အမေ့မှာ သတ္တိတွေ မရှိဘူး။





www.burmeseclassic.com

www.burmeseclassic.com

နဂိုတည်းက နှလုံးရောဂါအခံရှိတာကို စာမေးပွဲဖြေဖို့ စိတ်ဆန္ဒကြောင့် နေ့မအိပ် ညမအိပ် ကြိုးစားခဲ့တာ တကယ်တမ်း ဖြေမယ့်မနက် ကျောင်းသွားခါနီးမှာပဲ နှလုံးရှော့ဖြစ်ပြီး ရုတ်တရက် သေဆုံးသွားခဲ့တာကို ဒေါ်သီ ခုချိန်ထိ လက်မခံချင်သေးပါ။

ဒါပေမဲ့ ငါးနှစ်ဆိုတဲ့ အချိန်ကာလရော သူတို့ဘဝထဲကို ထပ်ဝင်ရောက်လာတဲ့ သားလေး စိုးထွေးကြောင့် သမီးကြီး ထွေးမွန် မရှိတော့တာကို ဖြေသာနိုင်ခဲ့သည်။

ဆုံးတဲ့နေ့ကတည်းက အရိပ်အယောင်လေးတောင် မတွေ့ရတော့ ဘဝကူးကောင်းသွားပြီလို့ ထင်ခဲ့ပေမယ့် ခုလို မမြင်ရတဲ့ ဘဝမှာ ဆင်းရဲဒုက္ခရောက်နေတာ ယုံရခက် မယုံရခက်ပါလား သမီးရယ်။

✿

ဘုန်းကြီးတွေ ကြွလာကြပြီ။ အဝေးက လှမ်းကြည့်လိုက်ပေမယ့် နောက်က လိုက်လာတဲ့ အမေနဲ့ အဖေရော တခြားမိတ်ဆွေတွေပါ မြင်နေရသည်။

ထွေးမွန် သာဓု ခေါ်ပြီးရင် သံသရာခရီး ဆက်ရဦးမှာပါလား။ ဒီမိသားစုနဲ့ ဒီကျောင်းပတ်ဝန်းကျင်မှာ ကျင်လည်ခွင့်ရတော့မှာ မဟုတ်တော့ဘူး။

ဝမ်းနည်းမှုတွေ ရှိနေပေမယ့် ဒီဘဝက လွတ်မယ်ဆိုတဲ့ အသိကြောင့် ဘာမှ စွဲလမ်းမှု မထားချင်တော့ပါ။ ပညာတတ် စာတော်ချင်လို့ အပြိုင်အဆိုင် ကြိုးစားခဲ့တာ ကိုယ့်ရောဂါကို ဂရုမစိုက်ခဲ့မိလို့ ခုလို အမေတို့နဲ့ စောစော ခွဲခွာခဲ့ရတာပေါ့။

သူမကတော့ ဒီဘဝက ကျွတ်ချင်လို့ တရားပွဲရဲ့ ထိပ်ဆုံးမှာ နေရာယူလိုက်ပေမယ့် တချို့တွေက ခပ်ဝေးဝေးကို ထွက်ပြေး ပုန်းရှောင်ကြသည်။

ထိတွေ့ခွင့်မရ စကားပြောခွင့်မရလည်း ကိုယ့်မိသားစု ရင်းနှီးတဲ့သူတွေကို မြင်ရရုံနဲ့ ကျေနပ်နေတဲ့သူတွေကတော့ သာဓု မခေါ်ချင်သေးဘူးတဲ့လေ။

တရားနာတဲ့သူတွေကို လိုက်ကြည့်လိုက်တော့ ဦးကျော်လည်း ပါသည်။ ဒါဆို သူမဟာ လူမဟုတ်ဘူးဆိုတာ သိသွားလောက်ပြီပေါ့။

အမေကတော့ ငိုလိုက်တာ။ ထွေးမွန်ဘဝကို ခုမှသိရလို့ တောင်းပန်ပါတယ်တဲ့။

အဖေကလည်း မျက်ရည်တွေကျလို့။ စာကို အရမ်းကြိုးစားခိုင်းပြီး ကျန်းမာရေး ဂရုမစိုက်မိတဲ့အတွက် ခွင့်လွှတ်ပါ သမီးရယ်တဲ့လေ။

ဘုန်းကြီးတွေ အမျှဝေပြီး မကြာခင် သူမ သွားရတော့မယ်။ ဒါကြောင့် အမေနဲ့ အဖေကို နောက်ဆုံးအနေနဲ့ ကန်တော့ပြီး သေချာကြည့်လိုက်သည်။

လူ့ဘဝမှာ နေရတဲ့ ထွေးမွန် အသက်က သိပ်ကို တိုလွန်းပေမယ့် ချစ်ခင် ကြင်နာတတ်တဲ့ မိဘတွေကို ကျေးဇူးမဆပ်နိုင်ခဲ့ဘူး။

နောက် ခရီးဆက်ရမယ့်ဘဝသစ်မှာလည်း အသစ်အသစ်သော မိဘဆွေမျိုးတွေနဲ့ ထပ်မံဆုံတွေ့ရမယ်ဆိုတာ သိလိုက်တာကြောင့် ဒီဘဝကို မတွယ်တာဘဲ တဝဲဝဲမဖြစ်ချင်လို့ သာဓုခေါ်လိုက်တာပါ။

ကျောင်းကြီးကို ထွက်ခါနီးမှာ နောက်ပြန် လှည့်ကြည့်လိုက်တော့ အဆောင်တိုင်း အခန်းတိုင်းမှာ ကပ်နေရတဲ့ ဝိညာဉ်တွေကတော့ သံသရာခရီး မဆက်ဘဲ တဝဲလည်လည် ရှိနေဦးမှာ သေချာသည်။

ဗုဒ္ဓဟူးနေ့တိုင်း ရောက်လာတတ်တဲ့ ကျောပိုးအိတ် အနီကလေးနဲ့ ကောင်မလေးတစ်ယောက်ကို မတွေ့ရတော့တဲ့အတွက် ဘဝသစ်ကို ခရီးဆက်သွားတဲ့ ထွေးမွန်အတွက် ဦးကျော် ဝမ်းသာမိပေမယ့် နေ့စဉ် အမျှဝေလည်း သာဓုမခေါ်ဘဲ ဒီကျောင်းကြီးရဲ့ အဆောင်တိုင်း အခန်းတိုင်းမှာရှိတဲ့ ဝိညာဉ်တွေကတော့ တဝဲလည်လည် ရှိနေကြဦးမှာပါ။

**ထိုက်သဇင်**

❑





www.burmeseclassic.com

www.burmeseclassic.com



## ဂျပန်နိုင်ငံ၏ အမှတ်သင်္ကေတ

# ဖူဂျီတောင်ကြီး

ကိုအေးမြင့်

(မဟာဝိဇ္ဇာ၊ ရှေး-ဒု

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

## ယခင်လမှအဆက်

ဖူဂျီတောင်ခြေ၊ ဖူဂျီ-စုဘာရုလိုင်းဂိတ်ဟာ မနက် ၉ နာရီ အတိအကျမှာ ဖူဂျီတောင် အတက်ကားလမ်းကို ဖွင့်ပေးလိုက်ပါတယ်။ ဖူဂျီတောင်ကြီးရေ ဒီတစ်ခါတော့ ပုန်းကွယ်မနေပါနဲ့တော့။ တွေ့ချင်လွန်းလို့ ပင်လယ်ရပ်ခြားကနေ ခရီးနှင် လာရောက်ခဲ့ကြရသူတွေပါလို့ စိတ်ထဲက ကျိတ်ပြောလိုက်မိပါတယ်။ ကားလမ်းဖွင့်တာနဲ့ တန်းစီနေတဲ့ ကားတွေအားလုံး ဖူဂျီတောင်ကို ဦးတည်ပြီး စနစ်တကျ တက်လာကြတယ်။ လမ်းတစ်လျှောက်မှာ ရာသီဥတုကလည်း သာယာပြီး ကောင်းကင်ပြာကြီးနဲ့ပါ။

ဖူဂျီတောင်မှာ အဆင့် ငါးဆင့်ရှိပြီး၊ ပထမဆင့်၊ ဒုတိယဆင့်တွေ အထိကို ခွင့်ပြုမိန့်မယူဘဲ ပုံမှန်တက်ရောက်သွားလာနိုင်ပါတယ်။ အဲဒါကြောင့် ရာသီဥတုကောင်းရင် ခရီးသွားအဖွဲ့က ဖူဂျီတောင်ကြီးရဲ့ အဆင့်ငါးဆင့်မှ ဒုတိယဆင့်အထိ တက်ပေးမယ်လို့ သိရပါတယ်။ တကယ်ပဲ ပြောထားတဲ့ အဆင့်နေရာတွေအထိ တက်မှာလား၊ ဟန်ပြအနေနဲ့ ရောက်နိုင်သမျှလေးပဲ ဟိုနားဒီနား အနည်းငယ်ပို့ပြီး ပြန်ဆင်းလာမှာလား မပြောတတ်တော့ပါဘူး။

ဒီနေ့တော့ ဘယ်သွားသွား ဖူဂျီတောင်ကြီးက ကားရဲ့ ညာဘက်မှာ ပေါ်လာလိုက်၊ ဘယ်ဘက်မှာ ပေါ်လာလိုက်၊ အရှေ့ဘက်က ဦးဆောင်နေလိုက်၊ အနောက်ဘက်မှာ ကျန်နေလိုက်နဲ့ ကိုယ်တို့နဲ့အတူ မခွဲမခွာ လိုက်ပါနေရှဲ့။

ဖူဂျီတောင်ကြီးကို ပြန်လည် ပျောက်သွားမှာစိုးလို့ မမှိတ်မသုန် ငေးကြည့်ရင်း ဖတ်ထားမိသမျှကို ပြန်တွေးကြည့်မိတယ်။ ဂျပန်လို့ ပြောလိုက်တာနဲ့ ဖူဂျီတောင်ကြီးကို ပြေးမြင်မိလောက်အောင်ပဲ နိုင်ငံ့သင်္ကေတဖြစ်ခဲ့တဲ့ တောင်ပါ။



ဖူဂျီတောင်သို့အတက်လမ်းရဲ့အစ ဂိတ်ဝ



ဂျပန်နိုင်ငံရဲ့အထိမ်းအမှတ်သင်္ကေတ ဖူဂျီတောင်ကြီး

### ဖူဂျီတောင် (Mount Fuji)

ဖူဂျီတောင်ကို ဂျပန်လိုတော့ ဖူဂျီစန်(Fuji-san)လို့ ခေါ်ကြပါတယ်။ အလားတူပဲ ဖူဂျီယာမ (Fujiyama)နဲ့ ဖူဂျီနိုယာမ (Fuji No Yama)လို့လည်း ခေါ်ကြပါသေးတယ်။

ဖူဂျီတောင်ရဲ့ အမည်ဟာ မူရင်း(Ainu)က လာတာဖြစ်ပြီး အမြဲတမ်းရှင်သန်နေတဲ့အသက်(everlasting life)လို့ အဓိပ္ပာယ် ရပါတယ်။ ဖူဂျီဟာ ၁၂၃၈၈ ပေ - ၃၇၇၆ မီတာ မြင့်လို့ ဂျပန်နိုင်ငံမှာတော့ အမြင့်ဆုံးတောင်ပါ။ ဟွန်ရှူးရဲ့ အလယ်ပိုင်း ပစိဖိတ်ကမ်းရိုးတန်းအနီး (Yamanashi)နဲ့ (Shizuoka ken)စီရင်စုနယ်တွေမှာ တည်ရှိပြီး တိုကျိုမြို့တော် အနောက်ဘက် မိုင် ၆၀-၁၀၀ ကီလိုမီတာလောက် ဝေးပါတယ်။


ဖူဂျီတောင်ကြီးဟာ ၁၇၀၇ ခုနှစ်မှာ နောက်ဆုံး ပေါက်ကွဲခဲ့ပြီးကတည်းက ငြိမ်ပြီးမြုံနေတဲ့ မီးတောင်တစ်ခုပါ။ ဒါပေမယ့် ဘူမိဗေဒပညာရှင်တွေကတော့ ယေဘုယျအားဖြင့် အသက်ဝင်နေဆဲ မီးတောင်ကြီးလို့ အမျိုးအစား သတ်မှတ်ခဲ့ကြပါတယ်။ အစဉ်အလာ အဆိုအမိန့်တွေအရ ဖူဂျီမီးတောင်ဟာ ၂၈၆ ဘီစီအီးမှာ ငလျင်တစ်ခုကြောင့် ဖြစ်ပေါ်ခဲ့သတဲ့။ လွန်ခဲ့တဲ့ နှစ်ခြောက်သောင်းလောက်မှာ ပထမဆုံး ပေါက်ကွဲမှုတွေနဲ့အတူ ပထမဆုံး တောင်ထွတ်တွေ ဖြစ်ပေါ်လာတာလို့လည်း ဆိုကြရဲ့။ ဖူဂျီတောင်ရဲ့သက်တမ်းဟာ 'အငြင်းပွားဖွယ် ဖြစ်ပေမယ့် လွန်ခဲ့သောနှစ် ၂.၆ သန်းလောက်ကနေ နှစ်ပေါင်း ၆၅ သန်းအထိ ကာလတွေအတွင်းမှာ အခြေတည်ပြီး ဖြစ်ပေါ်ခဲ့တယ်လို့ ယူဆကြတယ်။


ဖူဂျီတောင်ဟာ ရိုးရိုးကတော့ပုံစံ (cone type) မီးတောင်တစ်ခုအသွင် မြင်နေရပေမယ့်လည်း အမှန်တော့



www.burmeseclassic.com

www.burmeseclassic.com





ဖူဂျီတောင်အတက်လမ်း အဆင့်တစ်နေရာမှ ရှုခင်းသာ

ယင်းဟာ သီးခြား မီးတောင်သုံးခု ပေါင်းနေတာပါ။ အဲဒီ မီးတောင်တွေကို ကိုမိတာကီ(Komitake)၊ ကိုဖူဂျီ(Ko Fuji) နဲ့ ရှင်ဖူဂျီ(Shin Fuji)လို့ ခေါ်ကြပါတယ်။

သိပ်မကြာခင် နှစ် ၁၀၀၀၀ လောက်အလွန်လေးကပဲ ဖူဂျီအသစ် (New Fuji)- ရှင်ဖူဂျီဟာ ပထမဆုံး ပြန်လည် အသက်ဝင်လာပြီး အဲဒီကတည်းက ဆက်လက်ကာ တစ်ခါ တစ်ခါ အငွေ့တလူလူနဲ့မို့ ပေါက်ကွဲဖို့ အသင့်အနေအထား ဖြစ်နေရဲ့။ ထောင်စုနှစ်တွေ လွန်လာတော့ ရှင်ဖူဂျီက ချော် (the lava) နဲ့ အခြားသော ပန်းထွက်လာတာတွေဟာ ပိုဟောင်းတဲ့ မီးတောင် နှစ်ခုအပေါ် ဖုံးလွှမ်းသွားခဲ့ပြီး တောင်စောင်းတွေကိုလည်း ပိုမိုကြီးမားလာစေခဲ့ပါတယ်။ ဒီလိုနဲ့ ဖူဂျီတောင်ကို ယင်းရဲ့လက်ရှိအနေအထား ပြန့်ကားတဲ့ လုံးပတ်နဲ့ ပြေပြေလျောလျောပုံသဏ္ဌာန်အထိ ဖြစ်သွားစေ ခဲ့ပေ့ါ။


ဖူဂျီတောင်ကြီးဟာ the Mariana ကျွန်းနဲ့ the Izu ကျွန်းတွေမှနေပြီး the Izu ကျွန်းစွယ်ပေါ်ကို ဖြတ်ကာ တွန်ရှူးမြောက်ပိုင်းအထိ ဆန့်ထွက်သွားတဲ့ မီးတောင် အစဉ် အတန်းကြီးရဲ့ ဖူဂျီမီးတောင်ဇုံအပိုင်းမှာ တည်ရှိနေတာပါ။

ဖူဂျီမီးတောင်ရဲ့ အခြေဟာ ၇၈မိုင် - ၁၂၅ကီလိုမီတာ လောက် အဝန်းရှိပြီး ၂၅ ကနေ ၃၀မိုင် - ၄၀ ကနေ ၅၀ ကီလိုမီတာလောက် အချင်းရှိပါတယ်။ ဖူဂျီတောင်အထွတ် မီးတောင်ဝ အကွာအဝေး မျက်နှာပြင်အချင်းမှာ ၁၆၀၀ ပေ- မီတာ ၅၀၀ လောက်ဟာ ၈၂၀ ပေ - ၂၅၀ မီတာလောက် အနက်တစ်ခုထဲ နစ်မြုပ်နေရဲ့။

မီးတောင်ဝရဲ့ စောင်းလောင်းထော်လော် အနားစွန်း ပတ်လည်မှာ (Oshaidake, Izudake, Jojudake, Komagatake, Mushimatake, Kengamme, Hukusandake)နဲ့ (Kukushidake)ဆိုတဲ့ အထွတ် ရှစ်ခု ရှိပါတယ်။

ဖူဂျီတောင်ရဲ့ မြောက်ဘက်ပိုင်း ကုန်းလျှောတွေမှာ ဖူဂျီကန်ငါးကန်(Fuji Goko)ဟာ အရှေ့က အနောက်ကို (Yamanaka)၊ (Kawaguchi)၊ (Sai)၊ (Sho-ji)နဲ့ (Motosu) ကန်တွေအဖြစ် ဖွဲ့စည်းတည်ရှိနေကြတယ်။ ကန်အားလုံးဟာ ချော်ရည်စီးဆင်းခဲ့ရာတွေကို တမံတုတ်ခြင်းရဲ့ အကျိုးသက် ရောက်မှုတွေပါ။ ၂၇၂၆ ပေ - ၈၃၁ မီတာက အနိမ့်ဆုံးကန် ကဝါဂူချီ(Kawaguchi)ဟာ ယင်းရဲ့ ရေမျက်နှာပြင်မှာ ဖူဂျီ တောင်ရဲ့ ဇောက်ထိုးအရိပ်ထင်မှုကြောင့် ထင်ရှားပါတယ်။

ဒီနယ်မြေမှာ ခရီးသွားလုပ်ငန်းလည်း အတော့်ကို တိုးတက်နေရဲ့။ ကန်တွေထဲမှာ အကြီးဆုံးဖြစ်တဲ့ ၂. ၅စတုရန်း မိုင် - ၆. ၄စတုရန်းကီလိုမီတာရှိ ယာမာနာကာ(Yamanaka) ကန်ဟာ လူကြိုက်အများဆုံး အပန်းဖြေနယ်မြေရဲ့ ဗဟိုချက် ပါ။ ဖူဂျီတောင်ရဲ့ အရှေ့တောင်ဟာ (Yumoto)နဲ့(Go-ra)မှာ ရှိတဲ့ ယင်းရဲ့ ရေပူစမ်းအပန်းဖြေစခန်းတွေကြောင့် ကျော် ကြားမြီး တောထူတဲ့မီးတောင်(Hakone)ဒေသ ဖြစ်ပါတယ်။



ဖူဂျီတောင်အတက်လမ်း ရှုခင်းသာမှလှမ်းမြင်ရတဲ့ အဲ့လ်ပ်*နှင်းဖုံးတောင်တန်းများ



www.burmeseclassic.com

www.burmeseclassic.com






ဟွန်ရှူးကျွန်းပေါ်က Ashi ကန်သို့ အဝင်လမ်းမှ ကမဲလ်လီးယားပန်းများ

ဖူဂျီတောင်ဟာ (Fuji-Hakone-Izu) အမျိုးသားဥယျာဉ် (National Park) (၁၉၃၆)ရဲ့ အဓိက အစိတ်အပိုင်းတစ်ခုလည်း ဖြစ်တယ်။

ဖူဂျီတောင်နယ်မြေမှာ စက္ကူလုပ်ငန်းကို ပံ့ပိုးပေးနေတဲ့ ပေါကြွယ်လှတဲ့ မြေအောက်ရေနဲ့ စမ်းချောင်းတွေရှိပြီး လယ်ယာလုပ်ငန်း၊ ဓာတုပစ္စည်းစက်ရုံတွေနဲ့ စိုက်ပျိုးမွေးမြူရေးခြံတွေလည်း ရှိကြတယ်။ အခြားသော အလုပ်တွေကတော့ ထရောက်ငါးမွေးမြူခြင်းနဲ့၊ နို့နဲ့နို့ထွက်ပစ္စည်းလုပ်ငန်းတွေပါ။

ဖူဂျီတောင်ဟာ ကျက်သရေရှိလှတဲ့ကတော့ပုံသဏ္ဌာန်နဲ့ ကမ္ဘာတစ်ဝန်းမှာ ကျော်ကြားလာခဲ့ပြီး ယင်းကို ဂျပန်ရဲ့ အထွတ်အမြတ်သင်္ကေတ(the sacred symbol)အဖြစ် မှတ်ယူကြရဲ့။ ဂျပန်တွေအကြားမှာ ဖူဂျီတောင်ရဲ့ ကိုယ်ပိုင်သက်သေခံ အမှတ်အသားအပေါ် ခံစားမှုတစ်ခုခုရှိကြပြီး ထောင်ပေါင်းများစွာသော ဂျပန်တွေဟာ တောင်ထွတ်ပေါ်မှာရှိတဲ့ နတ်ကွန်းကို နွေရာသီတိုင်း တက်ရောက်ခဲ့ကြတယ်။ ယနေ့ထိအောင်လည်း ဖူဂျီတောင်ကို များပြားလှစွာသော



ဖူဂျီတောင်အတက်လမ်း ရှခင်းသာမှ ကျားဖြူရုပ်ကြီး

လူတွေ အုပ်စုဖွဲ့လာရောက် တက်ကြပြီး ဇူလိုင် ၁ ရက်ကနေ ဩဂုတ်လ ၂၆ ရက် တောက်တက်ရာသီအတွင်းမှာ အများဆုံးပါ။

ဖူဂျီကို(the Fuji-Ko)ဂိုဏ်းရဲ့ လောကီရေးရာ အလေးအမြတ်ထားရာ တောင်ဖြစ်လို့ ဖူဂျီတောင်ကို ဘုရားကျောင်းနဲ့ နတ်ကွန်းတွေက ဝန်းပတ်ရံနေပါတယ်။ ဖူဂျီတောင်မှာ နတ်ကွန်းတွေဟာ မီးတောင်ဝအနားစွန်းနဲ့ အောက်ခြေတွေမှာတောင် ရှိရဲ့။

ဖူဂျီတောင်တက်ခြင်းဟာ ကြာမြင့်စွာသော ကာလတွေထဲကပဲ ဘာသာရေး အလေ့အထတစ်ခု ဖြစ်ပေမယ့် မေဂျီပြန်လည်အသက်သွင်းခြင်း (Restoration)တိုင်အောင် အမျိုးသမီးတွေကိုတော့ တက်ခွင့်မပြုခဲ့ပါဘူး။ အစောပိုင်းကာလတွေမှာ ဖူဂျီတောင်တက်တဲ့အခါတိုင်း အမြဲလို ဘုရားဖူးဝတ်ရုံအဖြူရောင်နဲ့ တက်ကြရတယ်။

ဖူဂျီတောင်ရဲ့ ဖြစ်ရပ်မှန်ဆိုတာတွေ၊ လွမ်းမောထူးဆန်းအံ့ဩဖွယ် ဒဏ္ဍာရီပုံပြင်တွေဟာလည်း တစ်ခု၊ နှစ်ခုမကဘဲ များပြားလှစွာ အမျိုးမျိုးရှိနေရဲ့။

**ဖူဂျီတောင် ကြည်ညိုလေးစားသူများအသင်း (Associations of Mt.Fuji Worshippers) - ဖူဂျီကို (Fuji-Ko)**


ရှေးခေတ်ဟောင်းကာလမှနေပြီး ကမ္ဘာမှာ နှစ်ခုမရှိနိုင်တဲ့ ဖူဂျီတောင်ကို ကြည်ညိုလေးစား (worship)တဲ့ ယဉ်ကျေးမှုအစဉ်အလာ ပေါ်ပေါက်လာကာ ဖူဂျီစံ(Fujisan) ခေါ် ဖူဂျီတောင်ကို စောင့်ရှောက်ထိန်းသိမ်းလာခဲ့ကြပါတယ်။ အဲဒီမှာ လူတွေဟာ နတ်ဒေဝတာ (deities)တွေထံမှ ငြိမ်းချမ်းစွမ်းအားတွေကို ရရှိဖို့ ကြိုးပမ်းကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com





ဖူဂျီကို လှမ်းမြင်ရတဲ့ ဟွန်ရှူးကျွန်းပေါ်က Ashi ကန်မှာ ရေးဟောင်းရွက်လှေနှင့်

တောင်ရဲ့ အထွတ်အထိပ်သို့ အမောတကော်ခြင်းအား ... သေဆုံးလုနီးပါး အပင်ပန်းခံကာ ပြန်လည်မွေးဖွားမှု ခံယူ ...ခြင်းဖြင့် ဝိညာဉ်စွမ်းအားတွေ ရမယ်လို့ ယူဆခဲ့ကြတယ်။ ...တောင်အခြေရှိ (Sengen-jinja)နတ်ကွန်းမှ ဖူဂျီတောင်အဝသို့ ...ထိ အတက်ခရီးတွေကို သစ်သားတောင်တက်အကူပစ္စည်း ...တစ်ခု သုံးကာ ခြေကျင်တက်ကြတာပါ။ အဲဒါကို ဂျပန်လို (...hai)လို့ ခေါ်ပါတယ်။

အဲဒီလို သွားလာရင်း တောင်နယ်မြေ သို့မဟုတ် ...တောင်ခြေရှိ သွားရောက်စရာနေရာတွေကို သွားရောက်ကာ ...ထိုပြုပူဇော်တာတွေ လုပ်ကြတယ်။ အထူးသဖြင့် အီဒိုခေတ် (၁၆၀၀ မှ ၁၈၆၈)မှာ သာမန်လူတွေအကြားမှ ပေါ်ထွက်လာ ...ခဲ့တဲ့ ဖူဂျီတောင်ကြည်ညိုလေးစားသူများအသင်း - ဖူဂျီကို ...တာ ဒီကိစ္စမှာ အလွန်ထင်ရှား ရှင်သန်နေခဲ့တယ်။

ဖူဂျီကိုရဲ့ ထောက်ခံသူ နောက်လိုက်တွေဟာ နွေဦး ...ကာလမှာ အမောတကော် တက်ကြပါတယ်။ မတက်ခင်မှာ ...သူတို့ရဲ့ခန္ဓာကိုယ်နဲ့ ဝိညာဉ်တွေကို သန့်စင်အောင် လုပ်ကြ ...တယ်။

**...ရှီနိုရဲ့ ရေစမ်း ရှစ်ခု (Eight Springs of Oshino)-(Oshino Hakkai)**

အဲဒီလို သန့်စင်တဲ့နေရာတွေအဖြစ် အိုရှီနိုဟတ်ကိုင်း (Oshino Hakkai) ရေစမ်း ရှစ်ခုဟာ ဖူဂျီတောင်အခြေက ...ကန်ရှစ်ကန် (Fujisan Nemoto Hakko)အမည်အောက်မှာ ...ထင်ရှား လူသိများပါတယ်။ ဒီဖူဂျီတောင်ခြေက ကန်ရှစ်ကန် ...တာ အနီးအပါးပြည်နယ်တွေက လူများစွာကိုပါ ဆွဲဆောင် ...နိုင်ခဲ့တယ်။

၁၈၄၃ ခုမှာ (Taiga-ko)အပါအဝင် ဖူဂျီကိုအုပ်စုတွေ ...တာ ဒီရေစမ်းရှစ်ခုမှာ ပြန်လည်သန့်စင်ခဝါချပွဲတွေကို ပြုလုပ်ခဲ့ကြပါတယ်။ အဲဒါနဲ့အတူ မဟာနဂါးမင်းကြီး(the Great Daragon Kings)ရှစ်ပါးကိုလည်း ရေနတ်ဘုရားများအဖြစ် ပူဇော်ကန်တော့ခဲ့ကြတယ်။ ဒါတွေကို ယနေ့ Yamanashi စီရင်စုက Ichikawamisato မြို့ဖြစ်နေတဲ့ Ichikawadaimon ရွာသား မစ္စတာ Oyori Tomoemon က ဦးဆောင်လုပ်ခဲ့တာပါ။ ပသို့ဆိုစေ ၁၈၆၈ ခု၊ အီဒိုခေတ် အကုန်ကတည်းက ဖူဂျီကိုဟာ ဆက်လက်ကျဆင်းလာခဲ့ပြီး ယနေ့ ဘယ်သူမှ သန့်စင်ခဝါချပွဲတွေ မလုပ်ကြတော့ပါဘူး။

၁၉၃၄ ခုမှာတော့ အိုရှီနိုဟတ်ကိုင်းရေစမ်းတွေကို ဂျပန်အစိုးရက ထိန်းသိမ်းစောင့်ရှောက်စရာ သဘာဝ အထိမ်းအမှတ်နေရာ (Natural Monuments) တွေအဖြစ် သတ်မှတ်ခဲ့ပါတယ်။ အလားတူပဲ ၁၉၈၅ ခုမှာ ဂျပန်ရဲ့ အကောင်းဆုံး ရေအရင်းအမြစ် ၁၀၀(the One Hundred Best Water Sources)ထဲက တစ်ခုအဖြစ် ရွေးချယ်ခဲ့တယ်။ အဲဒီရေစမ်းတွေကတော့ မနေ့ညနေက ကိုယ်တို့ရောက်ခဲ့တဲ့ အိုရှီနိုရွာကလေးက ကြည်လင်သန့်စင်တဲ့ စမ်းချောင်းတွေပေါ့။




Ashi ကန်မှ ပြန်အထွက် ကားလမ်းပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



Ashi ကန် သဘော်ဆိပ်မှ ရေကြောင်းသွားလာရေးသုံး ကြိုးချည်နည်းများ

၂၀၁၃ ခု ဇွန်လမှာတော့ ဖူဂျီဆန်ကို ကမ္ဘာ့အမွေအနှစ်စာရင်း (the World Heritage List)မှာ ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ဖော်ပြခဲ့ပါတယ်။


**ဖူဂျီနိုမိယာ (Fujinomiya)**

ဖူဂျီနိုမိယာဟာ ဂျပန်နိုင်ငံ၊ ဟွန်ရှူးကျွန်းအလယ်ပိုင်း (Shizuoka ken)စီရင်စုက မြို့ကြီးပါ။ ယင်းဟာ ဖူဂျီတောင်ရဲ့ တောင်ဘက် အောက်ခြေမှာရှိပြီး (Suruga)ပင်လယ်အော်ကို မျှော်နှာမူထားပါတယ်။ ဒါဟာ တိုကူဂါဝါ (the Tokugawa) ကာလ(၁၆၀၃-၁၈၆၇)အတွင်းမှာ အရှေ့ပိုင်း ပင်လယ်လမ်း (the To-kaido)တစ်လျှောက်က စာပို့တိုက်တစ်ခုပါ။

ယင်းဟာ ၉ ရာစုကတည်းက ဖူဂျီတောင်ကို ပူဇော်ဖို့ အဓိကနတ်ကွန်း (shrine)ဖြစ်တဲ့ (the Sengen)(Asama) နတ်ကွန်းပတ်လည်မှာ တိုးတက်ဖွံ့ဖြိုးလာခဲ့တယ်။ တိုကူဂါဝါကာလ အစောပိုင်းအတွင်းက အုပ်ချုပ်သူ တိုကူဂါဝါ (Tokugawa Ieyasu)ရဲ့ နတ်ကွန်းအတွင်းပိုင်း ဝတ်ပြုပူဇော်ရာ



Ashi ကန်မှ ပြန်အထွက် ကားလမ်းပေါ်မှာ



Ashi ကန် အနီးက သဘာဝပေါက်ပင်မှ ရာသီပန်းပွင့်များ

ခန်းမနဲ့ မျှော်စင်ဂိတ်တွေကို ၁၆၀၅ ခုမှာ အပိုင်းလိုက် ပြန်လည်ပြုပြင် တည်ဆောက်ခဲ့ပါတယ်။

ဖူဂျီနိုမိယာဟာ ယင်းရဲ့နတ်ကွန်း၊ ဘုရားကျောင်း လှပတဲ့ပန်းဥယျာဉ်တွေက ဆွဲဆောင်ခဲ့တဲ့ ဘုရားဖူးနဲ့ ခရီးသွားတွေ အများကြီးစုပြုံကျလာခြင်းအားဖြင့် ကာလရှည်ကြာ ဖွံ့ဖြိုးစည်ပင်ခဲ့ပါတယ်။ မီးရထားလမ်းတစ်လိုင်းရဲ့ လက်… တစ်ခုကို ဖွင့်လိုက်ခြင်းဖြင့် စက်မှုတိုးတက်မှုကို ၁၈၆၈ … နောက်ပိုင်းမှာ ထိုမြို့ဆီသို့ သယ်ဆောင်လာခဲ့တယ်။ နို့ထွက် ကုန်တွေနဲ့ စက္ကူပျော့ဖတ်စီမထုတ်လုပ်မှု၊ ကင်မရာတွေ ဓာတ်ပုံဆိုင်ရာပစ္စည်းတွေ ပါဝင်တဲ့ စက်ရုံတွေလည်း ရှိလာ တယ်။ ပတ်ပတ်လည်ဧရိယာမှာ လက်ဖက်ခြောက်၊ ဆေးရွက် ကြီး၊ ဟင်းသီးဟင်းရွက်၊ ဝက်နဲ့ကြက်၊ ဘဲမွေးမြူရေးလုပ်ငန်း တွေ မြင့်တက်လာတယ်။ လူဦးရေဟာ ၂၀၀၅ ခုမှာ ၁၂၇… ဦးပါ။

ယင်းရဲ့ ဖူဂျီမြစ်-မြစ်ဝကျွန်းပေါ်မှာ တည်ရှိနေ… ကြောင့် မြို့ဟာ ယခင်က ယင်းရဲ့ ကြီးမားတဲ့စက္ကူစက်… အတွက် ရေထောက်ပံ့ရာ အကြီးကြီးတစ်ခု ဖြစ်ခဲ့တယ်။ အကြီးစားစက်မှုရဲ့ မြေအောက်ရေသုံးစွဲမှုကြောင့် ဖြစ်ပေါ်… လာတဲ့ မြေကျုံ့ဝင်မှုဟာ မြစ်တွေရဲ့ဧရိယာမှာ သယံဇာတ… မထိပါးစေသော ရေအရင်းအမြစ်တွေအတွက် မြို့ကို ပြောင်း… လဲဖို့ ဖြစ်ပေါ်စေခဲ့တယ်။ ၁၉၀၉ ခုမှာ (the Tokaido)လိုင်း… ရထားလမ်း ရောက်ရှိလာမှုက လျင်မြန်တဲ့ စီးပွားကူးသန်း… စက်မှုတိုးတက်မှုကို အထောက်အကူပေးကာ ဖူဂျီမှာ ဓာ… ပစ္စည်း၊ လျှပ်စစ်စက်ပစ္စည်း၊ ကားနဲ့ ဓာတ်ပုံဖလင်တွေ… ထုတ်လုပ်ပါတယ်။ ဆန်၊ ဟင်းသီးဟင်းရွက်တွေ၊ လိမ္မော်… တွေနဲ့ ဖရဲသီးတွေကို ပတ်ပတ်လည်ဒေသတွေမှာ … ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com




Ashi ကန်အဝင်မှ ယုံကြည်ကိုးကွယ်မှု ကျောက်ဥယျာဉ်

ဖူဂျီကို ဖူဂျီတောင်ရဲ့ အမောတက်အတွက် အခြေခံအဖြစ် တာဝန်ထမ်းဆောင်တဲ့ (the Shinkansen)ကျည်ဆန်ရထားနဲ့ ဖြတ်သန်းပြီး ရောက်နိုင်ရဲ့။ ကောလိပ်ကျောင်းတစ်ကျောင်းကို မြို့မှာ ၁၉၉၀ ခုက ဖွင့်လှစ်ခဲ့တယ်။ လူဦးရေဟာ ၂၀၀၆ ခု ခန့်မှန်းခြေအရ ၂၃၆၄၃၇ ဦးပါ။

ဖူဂျီတောင်ကြီးအကြောင်းတွေးရင်း တဖြည်းဖြည်းမြင့်တက်လာတဲ့ အတက်လမ်းရဲ့ ညာဘက်အဝေးမှာ အလွန်လှပတဲ့ နှင်းဖုံးတောင်ထွတ်တွေကို တစ်တန်းကြီး တန်းနေတာတွေ့လိုက်ရတယ်။ ဒါဟာ အမြင့်ပေ ၂၀၀၀ ကျော်နဲ့ ဂျပန်-အဲ့လ်ပ် (Japanese Alps)တောင်တန်းကြီးပါ။ အပြောင်းအလဲမြန်လှတယ်ဆိုတဲ့ ဂျပန်ရဲ့ ရာသီဥတုဟာ မနေ့ကလို မိုးသက်မုန်တိုင်းတွေ မရှိဘဲ ကြည်လင်တဲ့ မိုးကောင်းကင်ပြာပြာနဲ့မို့ အဲ့လ်ပ်ကို မျက်စိတစ်ဆုံး ပြတ်ပြတ်သားသား တွေ့လိုက်ရပါတယ်။

အဲ့လ်ပ်တောင်တန်းနဲ့ ဖူဂျီတောင်တက်ကားလမ်းရဲ့အကြားမှာတော့ ကွင်းပြင်ကျယ်ကြီးတွေ၊ မြေပြန့်တွေ၊ တောင်တန်းလျှောတွေနဲ့ လူနေမြို့ရွာတွေကိုလည်း တွေ့နေရပါတယ်။ တောင်တက်လမ်းတွေက အကွေ့တွေများတော့ နှင်းဖုံးတောင်ထွတ်တွေဟာလည်း ကားရဲ့ ဘယ်ဘက်ကိုရောက်လိုက်၊ ညာဘက်ကိုရောက်လိုက်၊ နောက်ဘက်မှာကျန်ခဲ့လိုက်၊ ရှေ့ဘက်မှာ ကြိုစောင့်နေလိုက်ပေါ့။ ဒီအတွေ့အကြုံနဲ့ မြင်ကွင်းတွေဟာ အတော်လည်း ထူးဆန်းပြီး ကျေနပ်မှုလည်း အပြည့်အဝ ခံစားရပါတယ်။

တစ်ဖက်က ဖူဂျီတောင်ကြီး၊ နောက်ဘက် ခပ်ဝေးဝေးမှာတော့ နှင်းဖုံးဂျပန်အဲ့လ်ပ်တောင်တန်းတွေ။ ဘယ်ဘက်မှာကြည့်ကြည့် မျက်စိပသာဒဖြစ်စရာ အလှတရားတွေချည်းမို့ပါ။ တောင်တက်လမ်းတွေရဲ့ မေမြို့နဲ့တူတဲ့ အကွေ့လေးတွေ ကွေ့အပြီး ဂငယ်ကွေ့တစ်ခုရဲ့ထိပ် ရှုခင်းသာ (View-point)ကားရပ်နားစခန်းမှာ ရပ်နားပြီး လေ့လာကြတယ်။ ထုံးစံအတိုင်း တရုတ်အဖွဲ့တွေနဲ့ဆုံပြန်လို့ ကြည်နူးနေသမျှတွေ ဝေဝါးထွေပြားပြီး စိတ်မှာ ညစ်ထေးရပြန်တယ်။ ရှုခင်းသာပွိုင့်မှာ ရေအိမ်တွေရှိလို့ ခရီးသည်တွေ ဝမ်းသာအားရ ဝင်ကြတော့ ရှေ့က ဝင်သွားနှင့်တဲ့ ပြည်ကြီးသားတွေက ရေတွေလည်း မဆွဲချထား၊ စကားတွေ အလုအယက်အော်ပြော၊ ဆေးလိပ်တွေ တဖွားဖွားသောက်၊ သလိပ်တွေဟပ်ထုတ်၊ သူများဓာတ်ပုံရိုက်ရင် ရှေ့ကနေ လုံးဝဂရုမစိုက်ဟန်နဲ့ ဖြတ်သွား၊ သူတို့နေရာယူပြီး ဓာတ်ပုံရိုက်နေရင်လည်း မပြီးနိုင်မစီးနိုင် အပိုင်စီးထားတတ်ကြလို့ပေါ့။

ခုလည်း ရှုခင်းသာကနေ တောင်တန်းတွေကို ကြည့်တဲ့နေရာ၊ သံလက်တန်းတွေဘေးမှာရှိတဲ့ မှန်ပြောင်းနေရာမှာ တရုတ်တွေ အပြည့်ပါ။ လက်နှစ်ချောင်းထောင်ပြီး ဓာတ်ပုံတွေရိုက်ကြ၊ ဆယ်ဖီဆွဲကြ၊ ပြီးရင်လည်း ဖယ်မပေးဘဲ နေရာဦးထားပြီး အပေါင်းအဖော်တွေကို လှမ်းခေါ်ကြပေါ့။ သံလက်တန်းဘောင်မှာကပ်ပြီး တပ်ဆင်ထားတဲ့ အဲ့လ်ပ်တောင်တန်း



ဖူဂျီတောင်မှ ကမာကူရာဘုရားသို့ အသွားလမ်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ကမာကူရ ကြေးဆင်းတုတော်ကြီး စံရာသို့ အဝင်

ကြီးပုံနဲ့ အညွှန်းစာပါ သံမဏိပြားကွေးကွေးကြီးမှာ ရေးထားတာတွေကို ဖတ်ကြည့်ချင်ပေမယ့် မဖြစ်နိုင်တော့ပါဘူး။

ဒါနဲ့ပဲ နှမလျှော့ နေလိုက်တော့တယ်။ အဲဒီ ရှုမျှော်ရာနေရာ ရှုခင်းသာကုန်းပတ်ရဲ့ နောက်နားကပ်လျက်မှာတော့ သစ်သားနဲ့ ဆောက်ထားပြီး လှေကားထစ်တွေနဲ့ တက်သွားလို့ရတဲ့ လူတစ်ရပ်ကျော်ကျော်အမြင့်ရှိ သစ်သားခုံကျော်တံတားလို နေရာလေးရှိပါတယ်။ အဲဒီကနေ ကြည့်ရင်တော့ နှင်းဖုံး ဂျပန်အဲ့လ်ပ်တောင်တန်းကြီးကို ခပ်စင်းစင်းကြီးပိုပြီးမြင်ရတာပေါ့။ အဲဒီပေါ်မှာလည်း ပြည်ကြီးသားတွေ မောင်ပိုင်စီးထားပေါ့။

အဲဒါနဲ့ လှေကားထစ်တွေဘေးမှာ ရေးထိုးထားတဲ့ မှတ်တမ်းစာရှေ့မှာလည်း မှတ်တမ်းတွေကို ဖတ်ရှုတာမဟုတ်ဘဲ မှတ်တမ်းတွေကိုကွယ်ကာ ဓာတ်ပုံတွေ ရိုက်နေကြပြန်ပါရော။ လှေကားထစ်တွေဘေးမှာတော့ နှင်းကျ၊ မိုးရွာတဲ့နေ့တွေဆိုရင် လှေကားထစ်တွေက ချော်ကျနိုင်လို့ သတိထားပါလို့ ရေးထားပါသေးတယ်။ အဲဒီသတိပေးချက်ကိုမှ မဖတ်ဘဲ လုယက်တက်ဆင်းနေကြတဲ့ ပြည်ကြီးသားတွေကြောင့် စိတ်ပျက်လက်ပျက် အသာထိုင်ငေးနေလိုက်ပါတော့တယ်။ လူရှင်း
သွားမှ အပြေးအလွှား သွားဖတ်ကြည့်ရတယ်။

အဲဒီမှတ်တမ်းမှာ ရေးထားသမျှ ကိုယ်တို့ရောက်နေတဲ့ နေရာဟာ အိုဆာဝါ(Osawa Parking)ကားရပ်နားစခန်းပါ (Under 4th Station)လို့ ရေးထားတော့ စတုတ္ထဆင့်ရဲ့ အောက်လို့ ဆိုလိုချင်တာလား။ (The altitude 2,020 m - 6627' 2") ဆိုတော့ ပင်လယ်ပြင်ထက်အမြင့် မီတာ ၂၀၂ သို့မဟုတ် ၆၆၂၇ ပေမှာ ရှိနေတယ်ပေါ့။

ရှုခင်းသာရဲ့ ရှေ့မှာတော့ ကိုယ်တို့တက်လာခဲ့တဲ့ ကားလမ်း၊ ကားလမ်းဘေးမှာ ထင်းရှူးပင်တန်း၊ ထင်းရှူးပင် တန်း နောက်မှာတော့ အိမ်ခေါင်မိုးလေးတွေနဲ့ လူနေမြေပြန့် ကွင်းတွေ၊ အဲဒီနောက်မှာ တောင်တန်းတစ်ခု၊ ဟိုးဝေးဝေး မိုးကုတ်စက်ဝိုင်းတစ်လျှောက်မှာတော့ ဂျပန်အဲ့လ်ပ်-နှင်းဖုံး တောင်တန်းကြီးကို အလျားလိုက် စင်းစင်းကြီးတန်းနေအောင် မြင်နေရပေါ့။

ရှုခင်းသာ သံလက်တန်းနားက လူ့ရင်ခေါင်းလောက် အမြင့်ရှိတဲ့ သံမဏိပြား ထူထူဝိုက်ဝိုက်ကြီးမှာလည်း အဲဒီ





www.burmeseclassic.com

www.burmeseclassic.com





ာင်တန်းက တောင်တွေကို အသားတံဆိပ် ရိုက်နှိပ်ပြီး ောင်းကြွထုလုပ် ဖော်ပြထားပါတယ်။ အေးအေးဆေးဆေး ားဆိုရင်ဖြင့် မှန်ပြောင်းနဲ့ကြည့်လိုက်၊ သံမဏိပြားမှာ တောင် ွေရဲ့ နာမည်ကို အဖြေရှာပြီး ဖော်လိုက် လုပ်ကြည့်လို့ ာပါ။ ရှိစေတော့၊ အဖွဲ့နဲ့လာရတဲ့ခရီးမို့ စိမ်ပြေနပြေ ေ့လာနိုင်ပါဘူးလေ။

ဒီဗျူးပွိုင့်နေရာဘေးမှာလည်း (Osawa store) စတိုး ိုင် စားသောက်ဆိုင်နဲ့ သန့်စင်ခန်းတွေ ရှိပါတယ်။ ဆိုင် ားမှာ ကျားဖြူအဆာသွတ်ရုပ်ကြီး ချထားလို့ ဓာတ်ပုံ ာလှရိုက်ဖို့ ချထားတာလား၊ အဲဒီနေရာမှာ ကျားဖြူတွေ ာက်စားပေါက်ဖွားရာမို့ အထိမ်းအမှတ် ပြုထားတာလား သိတော့ပါဘူး။ ဒီနေရာဟာ ဖူဂျီတောင်ရဲ့ (the Fuji-kone-Izu National Park) အမျိုးသားဥယျာဉ်နယ်မြေ ြစ်ပါတယ်။ ဈေးဆိုင် လာမဖွင့်ဖို့၊ အမှိုက်သရိုက်၊ ဘူးခွံ၊ ာင်းခွံ(Trash)တွေ မပစ်ချဖို့၊ ဒီနေရာက အပင်နဲ့ ကျောက် ုံး ကျောက်ခဲတွေကို ကောက်မယူဖို့ တားမြစ်ထားတယ်။ တ်ဝန်းကျင်အခြေအနေကို ခရီးသွားတွေကြောင့် မထိခိုက် စေအောင်ပေါ့။ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ူဂျိကန် ငါးကန် သဘာဝစောင့်ရှောက်ထိန်းသိမ်းရေးရုံး၊ (Yamanashi) စီရင်စု၊ အများပိုင် လမ်းကော်ပိုရေးရှင်းက ုတ်ပြန်ထားတာ ဖြစ်ပါတယ်။

အဲဒီနောက်မှာတော့ အချို့ကားတွေက တောင်ထိပ် ီကို ဆက်တက်သွားပေမယ့် ကိုယ်တို့ကားကြီးကတော့ ာလမ်းအတိုင်း ပြန်ဆင်းလာခဲ့ပါတယ်။ ဖူဂျီတောင်ရဲ့ ရောက်နိုင်သမျှ အမြင့်ဆုံးအဆင့်အထိတော့ ကိုယ်တို့ ခရီး သွားအဖွဲ့က ပို့ပေးလိမ့်မယ် မထင်ပါဘူး။ အင်း- ဒီလောက် ထိသဘောလေး ပို့ပေးတာကိုပဲ ကျေးဇူးတင်မိရဲ့။ တောင် ေါက ပြန်ဆင်းလာပေမယ့် ဖူဂျီတောင်ကြီးကိုတော့ မကြာ ာ မြင်မြင်နေရပါသေးရဲ့။

ဒီလိုနဲ့ အမည်မသိ မြို့တွေ၊ ရွာတွေကို ဖြတ်ခဲ့ရပြန် တယ်။ မြို့တစ်မြို့ရဲ့နောက်က တောင်ကုန်းမြင့်တစ်နေရာမှာ တော့ ဂျပန်မှာ မြင်ရခဲတဲ့ ထုံးဖြူဖြူနဲ့သီဟိုဠ်ပုံ ဗုဒ္ဓဘာသာ စေတီတော်တစ်ဆူကို ဖူးတွေ့လိုက်ရပါတယ်။ လှမ်းပြီး ဓာတ်ပုံ ရိုက်ပေမယ့် ကားရဲ့အလျင်ကြောင့် ပီပီပြင်ပြင် မမိလိုက်ပါ ဘူး။ ကမ္ဘာလုံးခြမ်းကို မှောက်ထားတဲ့ စေတီကိုယ်ထည်ဟာ သီရိလင်္ကာနိုင်ငံမှာ အတွေ့ရများတဲ့ပုံတော်ပါ။ ခုနောက်ပိုင်း ဂျပန်အကူအညီနဲ့ တည်ထားကိုးကွယ်တဲ့ အိန္ဒိယနိုင်ငံက စေတီတွေမှာလည်း ဒီပုံတော်မျိုး တည်လေ့ရှိတယ်။ ဗုဒ္ဓဂယာ ဘုရားဖူးသွားတုန်းက ဖူးခဲ့ရတဲ့ ဂျပန်-ကမ္ဘာအေးစေတီ ဆို တာမျိုး ဖြစ်ပါတယ်။

ဒီမြို့လေးဟာ မြေပြန့်မြို့လေးဖြစ်ပြီး အထပ်မြင့် တိုက်တွေ မရှိဘဲ တစ်ထပ်တိုက်၊ နှစ်ထပ်တိုက်လေးတွေသာ တွေ့ရပါတယ်။ အိမ်တိုင်းဟာ ခြံနဲ့ဝင်းနဲ့ဖြစ်ပြီး လမ်းဘေး တစ်လျှောက် ခြံစည်းရိုးတွေမှာတော့ ကမဲလီးယား-တရုတ် နှင်းဆီပန်းရောင်၊ ပန်းဆီရောင်နဲ့ အဖြူရောင်တွေကို အတော် များများပဲ တွေ့လာရတယ်။ ခြံဝင်းထဲမှာလည်း ဘွန်ဇိုင်းပင် တွေကို စိုက်ထားလေ့ရှိကြတယ်။ အဲဒီမြို့လေးမှာပဲ ရပ်နားပြီး ခြံဝင်းကျယ်ကျယ် အမိုးနီနီနဲ့ တစ်ထပ်အဆောက်အအုံရှိတဲ့ ဆိုင်သန့်သန့်မှာ မနက်စာစားကြတယ်။ မစားခင် စားသောက် ဆိုင်ရှေ့ လမ်းတစ်ဖက်က ဥယျာဉ်ထွက် ပစ္စည်းတွေနဲ့အတူ လူသုံးကုန်တွေပါ ရောင်းတဲ့ ဂိုဒေါင်လိုလို စတိုးဆိုင်ကြီးမှာ ဈေးဝယ်ကြသေးတယ်။ ဒေသခံလမ်းညွှန် အင်ဒီက -

"ခင်ဗျားတို့ စိတ်ဝင်စားရင် ဒီရှေ့က (Home center) တစ်ခုကို ပို့ပေးမယ်၊ အိမ်သုံးပစ္စည်းတွေ၊ အဝတ်အထည်တွေ၊ ပန်းခြံဥယျာဉ်သုံးပစ္စည်း တိုတိုထွာထွာတွေ အကုန်ရတဲ့ နေရာပေါ့"လို့ ပြောပြီး ခေါ်သွားလို့ပါ။ ကိုယ်တိုင် ရွေးချယ် ဝယ်ယူကာ ဖန်တီးပြုလုပ်ရတဲ့ (Do it yourself)ဆိုတဲ့ (Cainz Home)ဆိုတဲ့ ဆိုင်ပါတဲ့။



www.burmeseclassic.com

www.burmeseclassic.com

အင်ဒီပြောသလိုပဲ အကျီလှမ်းတဲ့ချိတ်၊ ပန်းအိုးတင်တဲ့စင်၊ မြေပန်းအိုး၊ ပျိုးပင်တွေ၊ မြက်ခင်းအလိပ်လိုက်တွေ၊ စည်းရိုးတိုင်လေးတွေ၊ ပန်းအိုးမြေဆွတဲ့ဂေါ်တွေ၊ တံမြက်စည်းတွေ၊ အမိုးအုတ်ကြွတ်ပြားတွေ၊ ပန်းနွယ်တွေကို ချုပ်ကိုညှပ်တင်ပေးတဲ့ ကလစ်ကအစ၊ အိမ်သုံး ဥယျာဉ်သုံး တိုတိုထွာထွာ ပစ္စည်းတွေ၊ ဖိနပ်၊ ဦးထုပ်နဲ့ ရှပ်အကျီတွေလည်း ရတယ်။ ဈေးလည်း မဆိုးလှလို့ ဂျပန်မှာ ပထမဆုံး ဆိုင်နဲ့ကနားနဲ့ သွားပြီး ဈေးစဝယ်ဖြစ်တယ်။

ပန်းချစ်သူ ကိုယ်က ဂျပန်မှာ အများဆုံးတွေ့ရတဲ့ အပွင့်ပွင့်တဲ့ ပန်းတစ်မျိုးဖြစ်တဲ့ တောင်ဇလပ်ပန်း အဝါနဲ့ပန်းရောင် နှစ်စည်း၊ Baby breast လို့ခေါ်တဲ့ အဖြူရောင်ပန်းမွှားမွှားလေးတစ်စည်းကို ဝယ်လိုက်မိတယ်။ ပန်းခြောက်တွေထင်လို့ ဝယ်တာပါ။ မြန်မာပြည်ပြန်ရောက်ရင် ဂျပန်ခရီးအလွမ်းပြေ အမြဲတမ်း အမှတ်တရမြင်နိုင်အောင် ကိုယ့်အခန်းမှာ ပန်းအိုးထိုးပြီး ထားမယ်ပေါ့။ အဲဒီမှာ ဝယ်ပြီးလို့ ငွေပေးဖို့တန်းစီနေတုန်း ဂျပန်မတွေက ကိုယ့်ကို ခရီးသည်မှန်းသိပြီး သူတို့ရှေ့ကို ကြည်ကြည်ဖြူဖြူပို့ပေးကာ ငွေမြန်မြန်ချေစေလို့ အချိန်မကုန်ရတော့တာမို့ ကျေးဇူးတင်ရတယ်။ တရုတ်တွေနဲ့များ ကွာပါ့။

ဒီလိုနဲ့ အဲဒီဆိုင်ကထွက်ပြီး ကားကြီးပေါ် ပြန်အတက်မှာ အင်ဒီက ကိုယ့်ပန်းစည်းကိုကြည့်ပြီး သူ့ကိုပေးမလို့လားလို့ နောက်ပြောင်ပြောတော့မှ သံသယ ဝင်သွားတယ်။ ဒါ-ပန်းခြောက်တွေ မဟုတ်ဘဲ ပန်းအစစ်တွေများ ဖြစ်နေလားပေါ့။ ခရီးဖော်အားလုံးကပဲ ပန်းအစစ်လား၊ ပန်းအတုလားအငြင်းပွားကြပြီး လက်နဲ့ဆိတ်ကြည့်တော့လည်း အစစ်လိုခပ်စိုစိုလေး ဖြစ်နေရဲ့။ ဂျပန်ပန်းတုတွေကပဲ လက်ရာကောင်းလွန်းလို့ အစစ်နဲ့ တူတာလား၊ တကယ့်အစစ်လား။ နှစ်ပေါင်းများစွာ ပန်းတွေနဲ့ ယဉ်ပါးနေခဲ့ပြီး ပန်းအိုးအမျိုးမျိုးကို ဘုရားမှာလှူလိုက်၊ သူငယ်ချင်းတွေမွေးနေ့မှာ ပို့လိုက်၊ အခမ်းအနားတွေမှာ စေတနာ့ဝန်ထမ်း ပန်းပြင်ပေးလိုက် လုပ်ခဲ့တဲ့ငါဟာ ဘာလို့များ ပန်းတု၊ ပန်းစစ် ဇဝေဇဝါဖြစ်နေမိပါလိမ့်။

နောက်တော့ ပန်းစိုဆိုတာ သေချာနေပါပေါ့။ သွားပါပြီ။ နောက် ငါးရက်လောက်အထိ ခံမှာလည်းမဟုတ်လို့ အလကား ငွေဖြုန်းမိတာပဲလို့ စိတ်ပျက်သွားတယ်။ ပန်းစိုဆိုတော့ မြန်မာပြည်အပြန် လေယာဉ်ပေါ်မှာ ဒီအတိုင်းကိုင်ပြီး တင်ယူသွားဖို့ကလည်း အခက်။ ခွင့်ပြု မပြုကလည်း မသေချာဘူးလေ။ ပန်းက မညှိုးမခြောက်ဘဲ ခံတဲ့တိုင်၊ လေယာဉ်ကလည်း ယူဆောင်ခွင့်ပြုတဲ့တိုင်၊ နောက်ထပ် ... ရက်လုံးလုံး ကျန်ခရီးလမ်းတစ်လျှောက် ပန်းတွေသယ်သွား... ကလည်း တစ်ဒုက္ခ။ စိတ်ပျက်လက်ပျက်နဲ့ဘဲ ကားအမိုး... က စင်ထဲမှာ ပန်းစည်းတွေ ထည့်ထားလိုက်မိပါတော့တယ်...

(ဒါပေမဲ့ တိုကျိုက ပြန်တဲ့နေ့မှာ အဝတ်ထည့်... ခရီးဆောင်အိတ်ကြီးတစ်လုံး ထပ်ဝယ်ကာ အဲဒီထဲထည့်... သယ်ခဲ့တော့ ရန်ကုန်ရောက်တဲ့အထိ ပန်းတွေက ပုံမ... မညှိုးမနွမ်းဘဲ လန်းနေဆဲလို့ ဘုရားကပ်လိုက်ရသေးတ... ဂျပန်ကနေ ဘုရားပန်းတွေဝယ်ပြီး မြန်မာပြည်မှာ ကပ်လှူ... တယ်ဆိုတဲ့ ခံစားချက်က မဆိုးလှဘူးဘဲ)။

အဲဒီနေ့က ဖူဂျီတောင်ခြေရင်းမှာရှိတဲ့ အဲဒီမြို့လေး... (Akakara Gotemba Restaurant)မှာ စားခဲ့ရတဲ့ နေ့လယ်... ကလည်း ခပ်ဆန်းဆန်းပါပဲ။ စားပွဲအလယ်မှာ ဂတ်စ်... ချထားပြီး ဟော့ပေါ့လို ကင်စား၊ ပြုတ်စားရတဲ့ ဘာဘီကျူ... ဟော့ပေါ့ (BBQ-Hotpot)ပါ။ တို့စားဖို့ ဆော့စ်တွေကလည်း... ကောင်းလှရဲ့။ ဒါပေမယ့် အချိန်ယူပြီး အေးအေးဆေး... စားရတာ မဟုတ်လို့ အသားကျက်ဖို့၊ အရွက်တွေကျ... စောင့်ရတာနဲ့ မနိပ်လှပါဘူး။ လေးထောင့် စားပွဲရှည်ကြီး... ဘေးတစ်ဖက်တစ်ချက်မှာ ကြမ်းပြင်ပေါ် ဖင်ချထိုင်ပြီး စား... အနေအထား ဖြစ်ပေမယ့် ကုလားထိုင်ပေါ်မှာ ထိုင်... ခြေချထားစရာ စားပွဲအောက်က နေရာရှိလို့ တော်သေး...

အဲဒီမြို့လေးက ပြန်ထွက်လာတော့ မြို့ရဲ့ ... တစ်လျှောက်မှာ ပန်းရောင် ကမယ်လီးယားပန်းချုံတွေ... အများကြီးတွေ့ရတယ်။ ဖူဂျီတောင်ကြီးကို ကန်ရေပြင်... ကနေ မြင်နိုင်တဲ့ ကန်ကြီးတစ်ကန်ရှိရာကို သွားကြပါတ... ဟွန်ရှူး(Honshu)ကျွန်းမှာ ရှိနေတဲ့ Ashi Lake ကန်ပါ...

ကန်ထဲမှာ ရှေးခေတ်ကအတိုင်း ရွက်တိုင်တွေ ... တွေပါတဲ့ သင်္ဘောကြီးကို စီးကြပါတယ်။ သင်္ဘောကြီး... သုံးထပ်ခွဲမြင့်ပြီး အစိမ်းရောင်မှာ ရွှေရောင်အနားကွပ်... သားသားနားနားပါ။ ရွက်တိုင်တွေမှာတော့ ရွက်ဖြူ... တွေကို လိပ်တင်ထားပါတယ်။ ရွက်တိုင်အလယ်က ... တွေကိုတော့ အနီရောင် သုတ်ထားရဲ့။ အနောက်တိုင်း... ရွက်လှေကြီးမို့ လူတစ်ကိုယ်စာအရွယ် အလှထား... သင်္ဘောသားရုပ်တုတွေကလည်း ရှေးခေတ်အဝတ်... တွေနဲ့ အနောက်တိုင်းသားဟန်ပါ။

ဖူဂျီတောင်ကြီးကို ကန်ရဲ့တစ်ဖက် အဝေးမှာ... ရပါတယ်။ မှုန်မှိုင်းတဲ့ဝန်းကျင်မှာ မီးခိုးပြာရောင်ကောင်း...



www.burmeseclassic.com

www.burmeseclassic.com

...အောက်က ဖူဂျီတောင်ကြီးရဲ့ ထိပ်ဝကတော့ နှင်းတွေ အုပ် ...အားသလို ဖြူနေရဲ့။ သင်္ဘောကြီးရဲ့ အောက်ထပ်ကကြည့် ...လိုက်၊ အပေါ်ထပ်ကကြည့်လိုက်၊ ခေါင်မိုးထပ်ပေါ်တက်ကြည့် ...လိုက်နဲ့ ဖူဂျီတောင်ရဲ့အလှကို ကန်ရေပြင်နဲ့တွဲပြီး အမျိုးမျိုး ...ကြတယ်။

ဆရာမင်းသုဝဏ်ရဲ့ "တောင်ခိုးနဲ့တိမ်ရွှေ ရေယှက်လိမ် ...ချက်၊ တိမ်နှင့်တောင်ခိုး တောင်ကိုမိုးသည်. . ." ဆိုတဲ့ ...ပျာစာသားလေးကိုလည်း သတိရမိနေပါတယ်။

ကန်ရဲ့ ကွေ့လေးတစ်ကွေ့ကိုပဲ ပတ်ပြီး ခရီးတိုလေး ...ာ ရွက်သင်္ဘောစီးပြီး ပြန်လှည့်ခဲ့ကြရတယ်။ ဖူဂျီတောင် ...ဆင်းမှာ ဟွန်ရှူးကျွန်းပေါ်က (Ashi)ကန်မှာ အပျော်စီး ...ရွက်သင်္ဘောကို ကန်အပြည့် တစ်ပတ်ပတ်ပြီးစီးကာ ဖူဂျီကို ...စားမယ်လို့ ခရီးသွားကုမ္ပဏီရဲ့ ကြော်ငြာမှာ ဆိုထားပေမယ့် ...စီအစဉ်က ခုလို ကပ်လွဲနေပြန်ပေါ့။

ဖူဂျီတောင်ခြေမှာ နေ့လယ်စာ ဂျပန်ရိုးရာအစားအစာ ...များ စားမယ်။ အိုဝကုဒါနီတောင်ကြား မီးတောင်ရွှံ့စေးမှာ ...ကြက်ဥပြုတ် စားကြမယ်ဆိုတဲ့ အစီအစဉ်တွေလည်း လေနဲ့ ...အတူ ပျောက်သွားပါတယ်။ ဒါ ခရီးသွားလုပ်ငန်းတွေရဲ့ ...န်ဆောင်မှုတွေပဲလေ။

သင်္ဘောဆိပ်က ပြန်အထွက်မှာတော့ သင်္ဘောသား ...ကြိုးချည်နည်းမျိုးစုံကို နမူနာချည်ပြပုံတွေနဲ့အတူ ပြသထား ...တာ တွေ့ရပါတယ်။ ထွက်ပေါက်အနီးမှာတော့ ဂျပန်ရိုးရာ ...ကျောက်ဥယျာဉ်လေးတစ်ခုကို တွေ့ရတယ်။ အထဲမှာတော့ ...ကျောက်ညိုတွေနဲ့ ထုလုပ်ထားတဲ့ သမာဓိမုဒြာဟန်ဆင်းတု ...တော်လေးတွေက ကြာပွင့်ပုံပလ္လင်တော်ပေါ်မှာ စံနေကြ ...တယ်။ ဆင်းတုတော်တွေရဲ့ လည်ပင်းတော်မှာ ပတ်ရစ်ပြီး ...အနီရဲရဲပိတ်စလေးတွေကို ရင်ဘတ်တော်မှာ ချထားတာက ...တော့ ဘာအယူအဆလည်း မသိပါ။ ကျောက်ဥယျာဉ်လေး ...ကိုလည်း သစ်သားတိုင်၊ သစ်သားတန်းတွေနဲ့သာ ကာရံထား ...ပါတယ်။ ဂျပန်ဟာ ခေတ်မီနိုင်ငံပေမယ့် ရိုးရာကို ဒီလိုထိန်း ...သားတာပါ။

လမ်းတစ်ဖက်မှာ နာရုကဝ (Narukawa Art Museum) ဆိုတဲ့ အနုပညာပြတိုက်တစ်ခု ရှိနေပေမယ့် ...ကြည့်ခဲ့ရပါဘူး။ ပြတိုက်ရှိတဲ့ တောင်ကုန်းလေးကကြည့်ရင် ...ကမ္ဘာ့အမွေအနှစ် ဖူဂျီတောင်ရဲ့ အကောင်းဆုံး ရှုခင်းသာကို ...မြင်ရမယ်လို့ ဆိုင်းဘုတ်မှာ ရေးထားပါတယ်။ မြို့ကလေးက ...သေးပေမယ့် အလွန်သန့်ရှင်းလှတာကို တွေ့ရတယ်။

ကန်ပတ်လမ်းကပြန်ထွက်ခဲ့ပြီး ကမ္ဘာကျော် ကမာကုရ မြို့လေးရဲ့ ထိုင်တော်မူ ကမာကုရ(Kamakura) ကြေးသွန်း ဘုရားကြီး ရှိရာကို ဆက်လက်ထွက်ခွာခဲ့ကြတယ်။ နာရီ အနည်းငယ်အကြာမှာ ကမာကုရမြို့လေးကို ရောက်ပါတယ်။

ကြေးဆင်းတုတော်ကြီးရှိရာလမ်းကို ဝင်လိုက်ကတည်း က ဓာတ်တိုင်တွေမှာ ဆင်းတုတော်ကြီးပုံတွေကို တန်းစီ ချိတ်ဆွဲထားတာ တွေ့ရတယ်။ ဘာသာမဲ့တွေ များလာတဲ့ ဂျပန်မှာ ဗုဒ္ဓဘာသာကို ခိုင်ခိုင်မြဲမြဲ အမြစ်တွယ်နေတာ တွေ့ နေရဆဲဖြစ်လို့ ကျေနပ်စရာပါ။ ဂျပန်မှာ 'ထေရ'ဆိုတဲ့အမည်နဲ့ ကော်ဖီဆိုင်လေးတွေ ပေါ်လာပြီး ဗုဒ္ဓဘာသာဘုန်းကြီးတွေက မီးခိုးရောင်သင်္ကန်း တကားကားနဲ့ ကိုယ်တိုင်စားပွဲလည်းထိုး၊ ဗုဒ္ဓတရားတွေကိုလည်း ဆွေးနွေးဟောပြော အကြံပေးနေကြ သတဲ့။ အသက်(၄၀)ဝန်းကျင် အမျိုးသမီးအများစု အလာများ သတဲ့။

ဂျပန် ဗုဒ္ဓဘာသာဘုန်းကြီးတွေဟာ အသားလည်း စား၊ ဆာကေးအရက်လည်း သောက်နိုင်၊ အိမ်ထောင်လည်း ပြုနိုင်သတဲ့။ ကိုယ်ပိုင်ကဖေးဆိုင်တွေ၊ ဂေါ်ဖ်ပစ္စည်းအရောင်း ဆိုင်တွေ ပိုင်ဆိုင်ကြပြီး ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းလည်း လုပ်ကြတယ်။ အဲဒီလို ပိုင်ဆိုင်၊ လုပ်ကိုင်မှုလည်း ဘာသာ ရေးကို သူတို့ ဆက်လုပ်နိုင်မှာပါတဲ့။ ခုတော့ အိုင်တီခေတ် ကြီးနဲ့အညီ စက်ရုပ်ဘုန်းကြီးရုပ်လေးတွေထားပြီး တရားဟော ဖို့လည်း ဂျပန်မှာ ကြိုးစားနေကြတယ်။ ဒါတောင် မနှစ်က ဗုဒ္ဓဘာသာဝင်တွေဟာ ခုနစ်ရာခိုင်နှုန်း လျော့ပါးသွားပြန် သတဲ့။

ဘာပဲဖြစ်ဖြစ် ဒီနေ့ ဂျပန်ရဲ့ တကယ့်ဗုဒ္ဓဘာသာ လွှမ်းမိုးတဲ့ နယ်မြေ ကမာကူရကို ရောက်ရှိသွားပါပြီ။

(ဆက်ရန်)

**ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရေး-သု)**

စာကိုး - ၂၀၁၆ ခုနှစ် ဧပြီလ ဂျပန်ခရီးစဉ်၊ Encyclopædia Britannica, 2014.

❑



www.burmeseclassic.com

www.burmeseclassic.com



အချိန်ကာလမှာအားဖြင့် ၁၉၅၆ ခု လောက်က ဖြစ်၏။

ထိုစဉ်က ကျွန်တော် မူလတန်း တက်နေချိန်ဖြစ်သည်။ ထိုအချိန်ကာလ တုန်းကကျွန်တော်တို့တိုက်နယ်တစ်ခုလုံး သုံးဆယ့်နှစ်ရွာတွင်၊ အစိုးရမူလတန်း ကျောင်းဟူ၍ တစ်ကျောင်းသာရှိနေပြီး လက်လှမ်းမီရာ ရွာများမှ ကျောင်းသားများ လာရောက် ပညာသင်ကြားကြ သည်။ ထိုကျောင်းမှ ယခုအထိရှိနေ သော အနောက်ရွာ မူလတန်းကျောင်း ပင်ဖြစ်သည်။

မူလတန်းကျောင်းရှိရာအနောက် ရွာနှင့် ကျွန်တော်တို့ အရှေ့ရွာမှာ နှစ် မိုင်ခန့်ဝေးပြီး ရွာနှစ်ရွာအကြား မြေမြင့် ကုန်းတန်းတစ်ခုရှိသည်။ ထိုကုန်းတန်း အောက်ခြေတွင် ပယင်းချောင်းဆိုသော လယ်ကြားချောင်းလေး တစ်ချောင်း စီးဆင်းနေသည်။

ထိုကုန်းတန်းအလယ်လော တွင် ရှေးပဝေသဏီကပင် ကျော ရာပျက်ကြီးတစ်ခု ရှိသည်။ အလ မြင့်မားသော အုန်းပင်၊ ထန်းပင် သက်တမ်းရင့် ညောင်ကြီးပင်များ

www.burmeseclassic.com

ဝိန္ဒိနှင့် သရက်ပင်များ အုပ်ဆိုင်းနေသဖြင့် နွေရာသီလမ်းသွားလမ်းလာများ နေရိပ်ခိုနားနေစရာလည်း ကောင်းလှသည်။ ထိုကျောင်းရာပျက်ကြီးနှင့် ကပ်လျက် ရဟိုင်းရွာပျက်မှာဓါတ်တွင်သော ရွာပျက်ကြီးတစ်ခုမှာလည်း သစ်ပင်ချုံနွယ်များ ထူထပ်စွာပေါက်ရောက်လျက် ရှိနေသဖြင့် ခတ်လှမ်းလှမ်းမှ ကြည့်လျှင် နာနာဘာဝကြီးတစ်ကောင် အိပ်မောကျနေသည့်အလား ထင်မှတ်ရသည်။

ကျောင်းရာပျက်ကြီး၏ မြောက်ဘက်တွင် အပေါ်ပိုင်းပြိုကျပျက်စီးနေသော တစ်ဝက္ကစေတီပျက်ကြီးနှင့် စေတီလား၊ အရိုးအိုးလား မခွဲခြားနိုင်သော အုပ်ပုံပျက်ကြီးနှစ်ခုမှာလည်း ပိစပ်ပင်များဖြင့် ဖုံးအုပ်လျက်ရှိနေလေသည်။

ထိုကဲ့သို့ပင် သစ်ငိုတောအင်းစောင်း ချုံတောထဲတွင်လည်း မဲမဲထီးထီးဖြင့် စေတီပျက်နှစ်ဆူ ရှိသေးသည်။ ထိုစေတီပျက်များအကြားက လမ်းကြောင်းအတိုင်း ကျွန်တော်တို့ အရှေ့ရွာဘက်သို့ ဆင်းလိုက်လျှင် ကုန်းစောင်းတစ်နေရာတွင် ပေတစ်ရာပတ်လည်ခန့် မြေတစ်ကွက်မှာ လူသူ ကျွဲနွားများ ဖြတ်သွားပါက မြေအောက်ကလိုဏ်ခေါင်းထဲမှ ဒုံး ဒိုး ဒုံး ဒိုးနှင့် လိုဏ်သံများကို ခပ်လှမ်းလှမ်းက ပင်ကြားနေရသည်။

ထိုနေရာနှင့်ပတ်သက်၍ ရွာက သက်ကြီးရွယ်အိုများ စကားအရဆိုလျှင် သူတို့ငယ်စဉ်က လိုဏ်ခေါင်းထဲမှ ရွှေငွေသံများ တချွင်ချွင် ကြားရကြောင်း ပြောပြကြသည်။

ကျွန်တော်တို့လူငယ်များ ညနေကျောင်းဆင်းလို့ ပြန်လာလျှင် အိမ်သို့ တန်းမပြန်ဘဲ ထိုစေတီပျက်နားတွင် ကျောင်းလွယ်အိတ်များကို စုပုံပြီး စစ်တိုက်တမ်း ကစားလေ့ရှိသည်။

ထိုအချိန်က ကျွန်တော်တို့ဒေသတွင် ရဲဘော်ဖြူများနှင့် ကွန်မြူနစ်များ ခေတ်စားနေချိန်ဖြစ်သဖြင့် ကျွန်တော်တို့ကလေးများမှ တစ်ဖွဲ့က ရဲဘော်ဖြူ တစ်ဖွဲ့က အလံနီ ကွန်မြူနစ်လုပ်ပြီး စစ်တိုက်ကစားရသည်မှာ အလွန်ပျော်စရာကောင်းလှသည်။ ထိုသို့ ကစားကြသည်ကို နွားကျောင်းရင်း လာကြည့်လေ့ရှိသော ဘကြီးဖြူလှအောင်က -

“စစ်တိုက်တမ်းတော့ မကစားကြပါနဲ့ကွာ၊ တိုင်းပြည်အခြေအနေကလည်း မကောင်းတော့ နိမိတ်မရှိတာ မလုပ်ကြပါနဲ့” ဟု ခဏခဏပြောလာသဖြင့် ကျွန်တော်တို့ အနောက်ရွာဘုန်းကြီးကျောင်းအပြင်က ကြာနီကန်ခေါ် (ကုလားကန်)မှာ ရေကူးတမ်း ကစားကြပြန်သည်။

တစ်နေ့တွင် စစ်တိုက်တမ်း ကစားပြီး အိမ်ပြန်ရောက်တော့ အမေက ဆီး၍ဆူပါတော့သည်။ အဆူခံထိရုံတင်မက ဝါးခြမ်းပြားနဲ့ တင်ပါးကို အဆော်ခံထိတော့သည်။ အမှန်တော့ ကျောင်းရာပြင်တွင် နွားကျောင်းသော ဘကြီးဖြူလှအောင်၏ လက်ချက်ပင် ဖြစ်သည်။

“သားကို မကစားစေချင်လို့ အမေ ဆူတာမဟုတ်ဘူး၊ ကြာကန်မှာ ရေကူးတယ်ဆိုတာ မိုးတွင်းမှာရေနက်တယ်၊ တစ်ခုခုဖြစ်ရင် အသက်ဆုံးရှုံးနိုင်တယ်၊ ဒါကြောင့် ဒီနေ့ကစပြီး ရေမကူးရဘူး ကြားလား၊ နောက်တစ်ခုက စစ်တိုက်တမ်းကစားတဲ့နေရာ ကျောင်းရာပြင်ကွင်း စေတီပျက်နား ဆိုတော့ ဒီနေရာက ရွာက မိန်းမတွေတောင် တစ်ယောက်စ နှစ်ယောက်စ သွားရဲတဲ့နေရာမဟုတ်ဘူး၊ သားတို့မို့ မကြောက်မရွံ့နဲ့ ချိုတိုးပြီးကစားရဲကြတာ၊ အဲဒီနေရာမှာ အစောင့်အရှောက် နာနာဘာဝ မြွေကြီးနှစ်ကောင် ရှိတယ်တဲ့။

အစောင့်ဆိုတော့ လူစားချင်းလဲချင်ရင် လိပ်ပြာနုတ်ယူသွားတတ်တယ် သားရဲ့၊ ဒီလို နာနာဘာဝတွေ ရှိနေလို့ သွားပြီး မကစားကြနဲ့နော်၊ အဲဒီစေတီပျက်တွေအကြောင်း အမေ ပြောပြဦးမယ်။

အမေတို့ ငယ်ငယ်တုန်းက တစ်နေ့မှာ ကျောင်းရာပြင်စေတီပျက်တွေနားမှာ သိုက်တူးဖို့ဆိုပြီး သိုက်ဆရာတစ်ဖွဲ့ ရောက်လာတယ်၊ ညအမှောင်ထဲမှာ တူးဆွရှာဖွေနေကြတုန်းမှာ အင်မတန် ချောမောလှပတဲ့ မိန်းကလေးတစ်ယောက် ရောက်လာပြီး -

‘ဆရာတို့၊ မောမောနဲ့ ရေသောက်ကြပါဦး’လို့ ရေလာပေးတာကို သိုက်ဆရာရဲ့ တပည့်တစ်ယောက်က ရေအိုးလှမ်းအယူမှာ ရေအိုးကြီးက မြွေတစ်ကောင်ခွေနေသလို မြင်လိုက်ရတော့ ကြောက်ကြောက်နဲ့ ရေအိုးကို လွှတ်ချလိုက်တာ တစ်ကွင်းလုံး ရေတွေ ပြည့်လျှံသွားသတဲ့။

ဒါကြောင့် သိုက်တူးသမားတွေ ရေကူးရင်း တချို့က မြွေကိုက်လို့ သေသူသေ၊ ရေနစ်လို့ သေသူသေနဲ့ မသေဘဲ ကျန်နေသူကတော့ မိုးလင်းတဲ့အထိ မြေပြင်ကို ရေထင်ပြီး ကူးနေကြတာ မနက်စောစော အဘိုးဦးရွှေဘန်းက နွားသွားလန်ရင်း -

‘ဟေ့လူတွေ ဒါ ဘာလုပ်နေကြတာလဲ’ လို့ မေးလိုက်မှ ရေကူးရပ်သွားကြသတဲ့၊ ဒီနေရာက ရတနာသိုက်ရှိတဲ့နေရာဆိုတော့ အစောင့်အရှောက်တွေနဲ့ ဒီလိုဖြစ်ခဲ့ဖူးတယ် သားရဲ့”



www.burmeseclassic.com

www.burmeseclassic.com

အမေပြောပြတော့မှ ကျွန်တော်လည်း ကျောင်းရာပြင်ဆိုရင် ကြောက်လွန်းလို့တောင် မကြည့်ရဲတော့ဘူး။

ဘုန်းကြီးကျောင်း မြောက်ဘက်က ကျောင်းစဉ်ကုန်းကွင်းမှာပဲ ဘောလုံးကစားဖြစ်ကြတော့သည်။

တစ်နေ့မှာ အဘိုးဦးချမ်းမြခေါ်သဖြင့် ကျွန်တော်တို့ သူငယ်ချင်း သုံးယောက် အပြေးကလေးရောက်သွားကြသည်။ အဘိုးဦးချမ်းမြမှာ အသက်ရှစ်ဆယ်ကျော်နေပြီး အရင်နှစ်များကလို တုတ်ကောက် တစ်ချောင်းနဲ့ ရွာထဲမရောက်ဖြစ်တော့ ခြံဝင်းထဲမှာပဲ လမ်းလျှောက်လိုက် ပက်လက်ကုလားထိုင်မှာထိုင်ရင်း နားလိုက်နဲ့ နေနေရတော့သည်။

အရင်နှစ်များက ကျွန်တော်တို့ သုံးယောက် ကျွန်ုပ္ပတာ်ရယ်၊ မောင်တင်သိန်းရယ်၊ ထွန်းဝေရယ် ဒုတိယတန်းနဲ့ တတိယတန်းတုန်းက ထူးချွန်စွာအောင်မြင်ခဲ့သဖြင့် အဘိုးက အလွန်ကျေနပ်ကာ -

"ဒါမှ ငါ့မြေးတွေကွ တစ်နေ့မှာ ရုံးတစ်လုံး စားတစ်လက်.အစိုးရအရာရှိတွေဖြစ်မှာ"ဟု ဂုဏ်ယူဝင့်ကြွားပြီး မုန့်ဖိုး တစ်ယောက်တစ်ပဲစီ ခဏခဏ ပေးလေ့ရှိသည်။ ယခုလည်း ကျွန်တော်တို့ သုံးယောက်မှာ မုန့်ဖိုးရမည်အထင်ဖြင့် အပြေးအလွှား ·လိုက်လာခဲ့ကြသည်။ အိမ်ရှေ့ရောက်တော့ မောင်တင်သိန်းက လူလည်လုပ်ပြီး ဦးစွာသတင်းပို့လိုက်သည်။

"အဘိုး၊ ကျွန်တော်တို့ သုံးယောက် ရောက်ပါပြီ ခင်ဗျား"

မောင်တင်သိန်းအသံ ကြားလိုက်ရသဖြင့် အဘိုးမှာ အိပ်ရာထဲလှဲနေရာမှ ထထိုင်လိုက်ပြီး-

"ဟင်း- မင်းတို့ မျောက်သုံးကောင် ရောက်လာကြပြီကိုး၊ မင်းတို့ကို နားရင်းပါးရင်းတီးမလို့ ခေါ်လိုက်တာဟေ့" -

အဘိုးစကားကြောင့် ကျွန်တော်ဗ္ဗိသုံးယောက်မှာ တစ်ယောက်မျက်နှာ တစ်ယောက်လှမ်းကြည့်ရင်း အားလုံး ဇက်ကလေး ပုဝင်သွားကြသည်။

"မင်းတို့က လူဆိုးတွေပဲ၊ အမေသုံးယောက်စလုံးက အဘိုးမြေးတွေ ဆုံးမပေးပါဦး လာပြောလို့ ဆုံးမဖို့ ခေါ်တာ"

"ကျွန်တော်တို့ ဘာများဆိုးလို့လဲ အဘိုး"

မောင်ထွန်းဝေက မနေနိုင် မထိုင်နိုင် လျှာဝင်ရှည်လိုက်တော့ အဘိုးက အသံမာမာနဲ့ ပြန်အော်တော့သည်။

"ဟကောင်တွေ ဆိုးတယ်ဆိုတာ လူကြီးမိဘ ပြောမရ ဆိုမရ၊ လုပ်ချင်တာလုပ်ပြီး ဆိုးနေတာကတစ်မျိုးကွ၊ နောက်တစ်မျိုးက ဘယ်မှာပဲနေနေ ဘယ်ကိုပဲရောက်ရောက် လူကြီးမိဘမှာထားတာမေ့ပြီး တခြားကလေးတွေထက်ထူးပြီး မျောက်ရှုံးအောင်ဆော့တာလည်း ဆိုးတာပဲကွ။

မင်းတို့သုံးယောက် ဦးဆောင်ပြီး ကျောင်းရာပြင်ကွင်းစေတီပျက်တွေမှာ သွားကစားကြတယ်ဆို၊ ကစားဖို့နေရာရှားလို့ မင်းတို့လိုသူငယ်နှပ်စား မလိမ်မိုးမလိမ္မာတွေ ဒီနေရာမျိုးမှာ ကစားလို့မသင့်တော်ဘူး။

ဟိုးရှေးတုန်းကပင် အစောင့်အရှောက် မြွေကြီးတွေရှိတယ်၊ သွားမကစားတာ အကောင်းဆုံးပဲ၊ ဒီနေရာနဲ့ ပတ်သက်လို့ မင်းတို့ကို ပြောစရာရှိတယ်၊ အဘိုးလည်း မမီလိုက်ပေမဲ့ ပုံပြင်ဒဏ္ဍာရီတစ်ခုတော့ မဟုတ်ဘူး၊တကယ်ဖြစ်ပျက်ခဲ့တဲ့ ဇာတ်လမ်းတစ်ပုဒ်ဆိုတာ မင်းတို့ခေါင်းထဲမှာ မှတ်ထားကြ"

ကျွန်တော်တို့ သုံးယောက်မှာ အဘိုးပြောပြပေမယ့် ပုံပြင်မဟုတ်တဲ့ ဇာတ်လမ်းကို နားထောင်ရန် နေရာပြင်ထိုင်ရင်း စောင့်မျှော်နေကြသည်။

အဘိုးမှာ အိပ်ရာဘေး အသင့်ရှိနေသော ရေနွေးအိုးမှ ရေနွေးတစ်ခွက်ငှဲ့သောက်လိုက်ပြီး -

"မင်းတို့အားလုံး ကျောင်းရာပြင်နားက ရဟိုင်းရွာပျက်ကို သိကြတယ်နော်"

"ဟုတ်ကဲ့၊ သိပါတယ် အဘိုး"

"အေး ဟုတ်ပြီ၊ ဒါဆို ငါ့မြေးတို့ မှတ်သာထားကြပေတော့" ဆိုပြီး ပြောပြပါတော့သည်။

◆

ဟိုးအရင်တုန်းက တစ်နေ့မှာ ရဟိုင်းရွာသား အသက်နှစ်ဆယ်ရွယ် မောင်အေးချမ်း ဆိုသူ လူငယ်တစ်ယောက်ဟာ ကျောင်းရာပြင်ကွင်းမှာ နွားကျောင်းရင်း စေတီပျက်အနီးက ဘန်းဘွေးပင်ကြီးအောက်မှာ အိပ်ပျော်သွားခဲ့သည်။

မောင်အေးချမ်း အိပ်ပျော်နေစဉ်မှာ အင်မတန် ချောမောလှပတဲ့ မိန်းကလေး တစ်ယောက် အလေ့ကျတောပန်းလေးတစ်ခိုင်ကိုင်ပြီး စေတီပျက်ကြီးရဲ့တစ်ဝဂ္ဂထဲ ဝင်သွားသည်ကို မြင်တွေ့လိုက်ရသည်။ မောင်အေးချမ်းစိတ်ထဲက -

'ဘယ့်နှယ် ဒီတစ်ဝဂ္ဂဘုရားမှာ ဘယ်သူမှလဲ ပန်းဆီမီး လာကပ်သူမရှိ ချုံက ထူနေတော့ မြွေပါး ကင်းပါး အန္တရာယ်ရှိတယ်၊ ဒါကို ဒီမိန်းကလေး ချောလေး မသိလေရော့သလား'



www.burmeseclassic.com

www.burmeseclassic.com

အတွေးနဲ့အတူ တစ်ဝဂူအနီးသို့ လိုက်သွားပြီး မချောလေး အခြေအနေကို စောင့်ကြည့်နေလိုက်သည်။

သိပ်မကြာခင်မှာ မချောလေး တစ်ဝဂူမှ ပြန်ထွက်လာပြီး မောင်အေးချမ်းကို မြင်တွေ့သွားသည်။ မိန်းမချောလေးမှာ နှစ်လိုဖွယ်တစ်ချက်ပြုံးလိုက်ပြီး မောင်အေးချမ်းအား သိကျွမ်းခင်မင်သူ တစ်ယောက်ပမာ လှမ်းနှုတ်ဆက်လာသည်။

"ကိုအေးချမ်း၊ နွားလာကျောင်းတာလား၊ မနေ့က နွားတစ်ကောင် ကျွန်မတို့ ခြံထဲ ဝင်လာသေးတယ်"

-"ဟင် ဒီနားမှာ ဘယ်ခြံမှလည်း မရှိဘဲနဲ့ ခင်ဗျားတို့ခြံက ဘယ်နားမှာလဲ၊ ဘာတွေ စားသွားလဲဗျာ"

မောင်အေးချမ်းက စိုးရိမ်တကြီး ပြန်မေးလိုက်သဖြင့် မိန်းမချောလေးက အသံထွက်အောင်ပင် တစ်ချက်ရယ်မောလိုက်ပြီး -

"အဟိ ဟိ ဟိ ဘာမှစားမသွားပါဘူးရှင်၊ သိပ်လည်း စိုးရိမ်မနေပါနဲ့၊ ကျွန်မတို့ခြံနဲ့ အိမ်က ဒီနားက သစ်တောအင်းလေးနားမှာလေ၊ ကိုအေးချမ်း ရောက်ဖူးတယ်ရှိအောင် လိုက်လည်ပါဦးလား"

မောင်အေးချမ်းမှာ လူပျိုကာလသားပီပီ အခုလို တစိမ်းမိန်းမချောလေး တစ်ယောက်က အိမ်လည်ခေါ်တော့ ဘာမှစဉ်းစားမနေတော့ဘဲ စိန်ခေါ်ရင် တိမ်ပေါ်မက အိမ်ပေါ်ထိလိုက်မယ် ယောကျ်ားလိုမျိုး နှစ်ခါတောင် ထပ်မခေါ်လိုက်ရ ပြုံးပြုံးကြီးလုပ်ကာ-

"ခေါ်ရင် လိုက်မှာပေါ့ဗျ" ဟု တစ်ချက်သာပြောလိုက်ပြီး မိန်းမ ချာလေးနောက် ခွေ့ခနဲ ထလိုက်သွားခဲ့သည်။

မကြာလိုက်ပါ ခြံဝင်းကြီးတစ်ခု အတွင်းက အိမ်ကြီးတစ်လုံးကို လှမ်းမြင်လိုက်ရသည်။ ထိုအိမ်ကြီးမှာ မောင်အေးချမ်းတို့ရွာနှင့် အခြားရွာများက အိမ်နှင့် မတူဘဲ မောင်အေးချမ်းတို့ ကျောင်းနေတုန်းက ဗလာစာအုပ်မျက်နှာဖုံးတွင် ပါရှိသော ရွက်သဘော်ကြီးနှင့် အလွန်ပင် တူနေကြောင်း အံ့ဩဖွယ်ရာ မြင်တွေ့နေရသည်။

ခါတိုင်းဆိုလျှင် ဒီနေရာမှာ ဘာမှမရှိ။ သင်တောအင်းကမ်းစပ်က ချုံတောများသာ ရှိနေသဖြင့် မောင်အေးချမ်း စိတ်ထဲက စဉ်းစားမရ ဖြစ်နေသည်။ ထိုစဉ် မိန်းမချောလေးက -

"ကိုအေးချမ်း၊ ဘာတွေစဉ်းစားနေတာလဲ ခြံထဲဝင်လေ"

"ဪ- ဟုတ် ဟုတ် ဟုတ်ကဲ့၊ ဟုတ်ကဲ့"

မောင်အေးချမ်းမှာ စဉ်းစားနေရာမှ အယောင်ယောင် အမှားမှားဖြင့် မိန်းမချောလေး ဖွင့်ပေးသော ခြံဝင်းတံခါးမကြီးမှ အတွင်းသို့ဝင်လိုက်သည်။ အိမ်ပေါ် လှမ်းတက်လိုက်သည်နှင့် မောင်အေးချမ်းမျက်လုံးများ မူးဝေသွားသည်ဟုပင် ထင်လိုက်မိသည်။

တစ်သက်တွင် တစ်ခါမှ မမြင်မတွေ့ဖူးသော ဧည့်ခန်းမဆောင်တစ်ခုလုံး ဖိတ်ဖိတ်တောက်အလှအပတွေ ပြင်ဆင်ထားပြီး နံရံကပ်ပန်းချီကားကြီးများမှာလည်း ပင်လယ်ပြင်ကို ဖြတ်ကူးရွက်လွှင့်နေသော ရွက်သဘော်ကြီး တစ်စီးနှင့်မြွေကြီးနှစ်ကောင်က ပင်လယ်ပြင်ကြီးသို့ မျှော်ငေးနေသည့် ပန်းချီကားကြီး နံရံအပြည့်ရေးဆွဲထားသည်ကိုတွေ့ရသည်။

မိန်းမချောလေး ညွှန်ပြသော ကတ္တီပါဆိုဖာကြီးပေါ်တွင် ယို့ယို့လေး ထိုင်ချလိုက်သည်။ မိန်းမချောလေးမှာ အိမ်အတွင်းခန်းသို့ ဝင်သွားပြီး ခဏအကြာတွင် ငွေလင်ပန်းတစ်ချပ်ပေါ် အလွန်ကြီးမားလှပသော ငှက်ပျောတစ်ဖီးထည့်ကာ ရှေ့က ပန်းစားပွဲကြီးပေါ် တင်လိုက်ရင်း -

"ကိုအေးချမ်း ရောက်လာတုန်း ခြံထဲက ငှက်ပျောသီးမှည့်တာနဲ့အတော်ပဲ၊ စားပါဦး" ဟုပြောပြီး မောင်အေးချမ်းဘေးနားတွင် ဝင်ထိုင်လိုက်သည်။

မိန်းမချောလေးထံမှ ကိုယ်သင်းရနံ့ မွှေးမွှေးပျံ့ပျံ့များက မောင်အေးချမ်းရင်ကို တစ်မျိုးတစ်ဖုံ ခံစားသွားခဲ့ရသည်နှင့်အတူ ဗိုက်ထဲက ဆာလောင်သော ဝေဒနာကြောင့် စားပွဲပေါ်က ငှက်ပျောသီးကို ဖဲ့ယူစားပစ်လိုက်မှ ချိုမွှေးသော အရသာကြောင့်လားမသိ၊ ရင်ထဲက ခံစားလိုက်ရသော ဝေဒနာမှာလည်း သက်သာပျောက်ကင်းခဲ့ရသည်။

ထိုစဉ် မိန်းမချောလေးက -

"ကိုအေးချမ်းကို ပြောပြထားရဦးမယ်၊ ကျွန်မတို့မှာ မိဘတွေမရှိတော့ဘူး ညီအစ်မနှစ်ယောက်ပဲရှိတယ်၊ အကြီးမက မြသက်မှူတဲ့၊ ကျွန်မ အငယ်မက မြသက်ဖြူလို့ခေါ်တယ်၊ ကိုအေးချမ်းကတော့ သက်ဖြူလို့ခေါ်ပေါ့၊ အခု မိတ်ဆွေတွေ ဖြစ်သွားပြီဆိုတော့ နောင်လည်း လာလည်ရဦးမယ်နော်"

"လာလည်မှာပေါ့ဗျာ၊ နွားကျောင်းရင်း ခဏခဏရောက်လွန်းလို့ အိမ်ရှင်က မျက်စိနောက်ပြီး မောင်းမထုတ်ပါနဲ့"

"မောင်းမထုတ်ပါဘူးရှင်ရယ်၊ လာစေချင်လို့တောင် တကူးတက ခေါ်လာခဲ့ရတာပဲ မဟုတ်လား၊ အို -နေပါဦး၊ ကိုအေးချမ်းကို လက်ဆောင်တစ်ခု ပေး ရဦးမယ်" ဟု ပြောကာ မြသက်ဖြူ





www.burmeseclassic.com

www.burmeseclassic.com

အိမ်တွင်း ဝင်သွားသည်။ ပြန်ထွက်လာသောအခါ ရွှေလက်စွပ်တစ်ကွင်း ပါလာပြီး မောင်အေးချမ်း၏ ဘယ်ဘက်လက်သူကြွယ်တွင် မြသက်ဖြူကိုယ်တိုင် ဝတ်ပေးလိုက်သည်။ လက်စွပ်ကလေးမှာ မောင်အေးချမ်းလက်နှင့် ကွက်တိတိုင်းလုပ်ထားသကဲ့သို့ ဖြစ်နေသည်။ ပြီးတော့ မြသက်ဖြူက ပြောသည်။

"ကာလတစ်ခုမှာ ကိုအေးချမ်းနဲ့ ပြန်ဆုံရမယ့် အမှတ်အသားပဲ ကိုအေးချမ်း"

မောင်အေးချမ်းမှာ လက်စွပ်ကလေးကို အံ့သြအချာကြည့်မိသည်။ ကျောက်နီလက်စွပ်ကလေး ဖြစ်ပြီး ရွှေသားကွင်းတွင် ကျောက်နီဘက်သို့ ဦးခေါင်းလှည့်ထားသော မြွေရုပ်တစ်ဖက်တစ်ကောင် ပါရှိနေသည်ကို စိတ်ထဲက ထူးဆန်းနေသည်ဟု ထင်မှတ်ပြီး လက်စွပ်ကလေးအား စိုက်ကြည့်နေမိသည်။

ထိုစဉ်မှာ ထိန်းမရအောင် အိပ်ချင်စိတ်ပေါ်လာသဖြင့် တဝါးဝါး သမ်းပစ်လိုက်ရသည်။ ငှက်ပျောသီး စားထားသဖြင့် ဗိုက်လေးကာ အိပ်ချင်လာခြင်း ဖြစ်မည်ဟု ထင်မိသည်။

ထိုသို့ မောင်အေးချမ်း အိပ်ငိုက်နေသည်ကို မြသက်ဖြူမြင်သွားပြီး -

"ကိုအေးချမ်း အိပ်ချင်နေလို့လား၊ ဒါဆို လာလာ၊ ဒီအခန်းထဲမှာ ခဏနားရင်း အိပ်လိုက်ပါလား"

မြသက်ဖြူက အိပ်ခန်းတစ်ခုအတွင်း ခေါ်သွားပြီး ခုတင်ပေါ်တွင် အိပ်ခိုင်းလိုက်သည်။ မောင်အေးချမ်းမှာ ချက်ချင်းပင် အိပ်ပျော်သွားသည်ဆိုသော်လည်း နိုးတစ်ဝက် အိပ်တစ်ဝက် ဖြစ်နေသေး၏။ မြသက်ဖြူ သူ့အနားသို့ ရောက်လာသည်ကို သိနေရသည်။

နောက်ပိုင်းတွင် မောင်အေးချမ်း အိပ်ပျော်သွားသည်ဟု ခံစားလိုက်ရသည်။

မောင်အေးချမ်း အိပ်ပျော်ရာမှ နိုးလာသောအခါ ဟိုဟိုဒီဒီ လှမ်းကြည့်ရင်း မြသက်ဖြူကို ရှာနေမိသည်။ မိမိ အိပ်ပျော်နေသောနေရာမှာ မြသက်ဖြူတို့အိမ် အိပ်ခန်းထဲက ခုတင်ပေါ်တွင် မဟုတ်ဘဲ ကျောင်းရာပြင် စေတီပျက်နားက ဘန့်ပွေးပင်ကြီးအောက် ဖြစ်နေကြောင်း သိလိုက်ရသည်။

မောင်အေးချမ်း၏ အဖြစ်အပျက်မှာ အိပ်မက်တစ်ခုဟု ပြောရသော်လည်း လက်တွင် ဝတ်ထားသော ကျောက်နီလက်စွပ်ကလေးက အိပ်မက်မဟုတ်ကြောင်း သက်သေပြလျက်ရှိနေသည်။ မောင်အေးချမ်း၏ မျက်လုံးထဲတွင်လည်း ချောမောလှပကာ ချစ်စရာကောင်းသော မြသက်ဖြူ၏ရုပ်ပုံလွှာကို မြင်ယောင်ရင်း ယူကျုံးမရ ဖြစ်နေခဲ့ရသည်။

ညနေ မိုးချုပ်ခါနီး နွားများကို အိမ်ပြန်မောင်းသွင်းပြီး အိမ်ရောက်သော်လည်း မြသက်ဖြူကိုသာ သတိရ မြင်ယောင်ပြီး မအိပ်နိုင်မစားနိုင်ဖြစ်ကာ တစ်နေ့ထက်တစ်နေ့ ရောဂါက ပိုဆိုးလာသည်။ နေမြင့်လေ အရှုရင့်လေဆိုသကဲ့သို့ မောင်အေးချမ်းတစ်ယောက် ချာချာလည် ရူးခြင်းမဟုတ်ဘဲ ယဉ်ယဉ်လေးနဲ့ပင် အရူးတစ်ပိုင်း ဖြစ်သွားခဲ့ရသည်။မိဘများကလည်း မောင်အေးချမ်း ခံစားနေရသည့် ဝေဒနာကို ကြည့်ပြီး စိတ်မချမ်းသာ ဖြစ်ကြရသည်။

တစ်နေ့တွင် မောင်အေးချမ်း အောက် ညီမငယ် ပူစူးမက ကိုကြီးမှာ ရွှေလက်စွပ်တစ်ကွင်း ဝတ်ထားတာ တွေ့ရကြောင်း ပြောလာသဖြင့် မိဘများမှာ အံ့သြထိတ်လန့်စွာဖြင့် မောင်အေးချမ်းအား ချော့မော့မေးမြန်းကြသောအခါ မောင်အေးချမ်းက သူကြုံတွေ့ခဲ့ရသောအဖြစ်မှန်အား ပြောပြသည်။

မိဘများမှာ အလွန်ပင် စိုးရိမ်သွားကြပြီး မကြံသာအဆုံး အနောက်ရွာဘုန်းကြီးကျောင်းမှာ ခေတ္တခဏ ရောက်နေသော ဖိုးသူတော် ဉာဏ်ကျယ်ကိုပင် ခေါ်ပြသကြလေသည်။

ဖိုးသူတော်" ဉာဏ်ကျယ်မှာ ဖိုးသူတော်မဝတ်ခင်က ဂမ္ဘီရသိပ္ပနှင့် လောကီပညာများဖြင့် အနယ်နယ်အရပ်ရပ် လှည့်လည်ကာ ဆေးဝါးကုသနေခဲ့ပြီး သမထ ဘာဝနာကိုလည်း တောတောင်ကိုအမှီပြုပြီး တောကျောင်းသခ်မ်းလေးဖြင့်နေထိုင်ကာ ဆေးဝါးဖော်စပ်ခြင်း၊ အင်းအိုင် ခါးလှည့်လက်ဖွဲ့များ စီရင်ခြင်းတို့ကို ကျွမ်းကျင်သူဖြစ်သဖြင့် မောင်အေးချမ်း ဖြစ်ပျက်ခဲ့သည်များကို စစ်ဆေးမေးမြန်းကြည့်သည်။ ပြီးတော့ မောင်အေးချမ်းဝတ်ထားသော လက်စွပ်ကိုလည်း သေသေချာချာ ကြည့်ရှုသည်။

"အိမ်း- ဒီကောင် ဟိုသင်တောအိမ်စောင့်က ဒုံးဒုံးမြည်သိုက်မှာ စောင့်တဲ့ မြွေညီအစ်မနဲ့ တွေ့လာခဲ့တာကိုးကွဲ့၊ ဒီသိုက်နဲ့ပတ်သက်လို့ ရှေးလူကြီးတွေ အစဉ်အဆက်ပြောခဲ့တာရှိတယ်၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်ပြီး အနှစ်လေးရာကျော်လောက်မှာ အိန္ဒိယနိုင်ငံတောင်ပိုင်း ဗုဒ္ဓဘာသာဝင်များနေထိုင်ရာ မြို့ပြဇနပုဒ်များကို ဗုဒ္ဓဘာသာဝင်မဟုတ်တဲ့ လူမျိုးခြားများက ဝင်ရောက်တိုက်ခိုက် သတ်ဖြတ်တဲ့အတွက် ဗုဒ္ဓဘာသာဝင် သင်္ဘောသူဌေးတစ်ဦးမှာ မိသားစုများနှင့်အတူ ရွှေငွေရတနာ



www.burmeseclassic.com

www.burmeseclassic.com

ပစ္စည်းများ ယူဆောင်ပြီး သူတို့ပိုင် ရွက်သင်္ဘောကြီးနှင့် ပင်လယ်တွင်းထွက်ပြေးခဲ့ကြတယ်၊ ကံဆိုးချင်တော့ မြန်မာနိုင်ငံအတွင်း ပင်လယ်ဝရောက်ခါမှ ကျောက်ဆောင်တန်းကြီးတစ်ခုမှာ ဝင်တိုက်မိလို့ သင်္ဘောနစ်မြုပ်ပြီးအားလုံးတစ်ယောက်မကျန် သေဆုံးသွားခဲ့ကြတယ်တဲ့။

အဲဒီသင်္ဘောသူဌေးရဲ့ ငယ်ရွယ်သူ သမီးနှစ်ယောက်မှာ သူတို့ပိုင်ဆိုင်တဲ့ ရတနာတွေကို မက်မောစွဲလမ်းတဲ့အတွက် သေဆုံးပြီးနောက် ဘဝမှာ စွဲလမ်းတဲ့အတိုင်း ရတနာတွေနဲ့အတူ ဝိညာဉ်ဘဝ ပရလောသားအဖြစ်နဲ့ ရတနာတွေကို စောင့်ရှောက်နေကြရတယ်၊ တစ်ခါတစ်ရံ လူသားတွေကို မြွေကြီးနှစ်ကောင်အဖြစ် ပြသတာရှိတယ်လို့ ပြောကြတယ်။

နောက်ပိုင်း ကာလတွေကြာလာတော့ ဒီနေရာတွေမှာ ရပ်ရွာအတည်အကျနဲ့ ကျောင်းကန်ဘုရားများ ဖြစ်လာတဲ့အခါ ပရလောကသားညီအစ်မတောင်းမှုကြောင့် ဒီကုန်းချောနဲ့ အင်းစောင့်တစ်လျှောက်မှာ စေတီပုထိုးတွေဖြစ်ပေါ်လာတယ်လို့ ပြောခဲ့ကြတယ်၊ အချို့ကလည်း သူတို့ ကျွတ်လွတ်သွားပြီး ကျန်ရှိတဲ့ရတနာတွေကို ဒီစေတီပုထိုးများအတွက် လှူဒါန်းထားခဲ့တယ်လို့ ပြောတာရှိသကွဲ့။

အဘိုးကတော့ သူတို့တစ်တွေ ကျွတ်လွတ်သေးဘူးလို့ ပြောရတယ်၊ အကြောင်းတုန်းဆိုတော့ ဒီမှာ မောင်အေးချမ်းကို ပေးလိုက်တဲ့ ကျောက်နီလက်စွပ်မှာပါတဲ့ မြွေကြီးနှစ်ကောင်က အထင်အရှား သက်သေတစ်ခုပဲကွဲ့."

ဟု ရှည်လျားစွာပြောဆိုပြီး လွယ်အိတ်ထဲမှ ငွေပြားဖြင့် ပြုလုပ်ထားသော လက်ဖွဲ့တစ်ကုံးအား မောင်အေးချမ်းလည်ပင်းသို့ ဆွဲပေးလိုက်သည်။ ရွှေလက်စွပ်ကို မိဘများအား သိမ်းထားစေပြီး မောင်အေးချမ်းကို ကျောင်းရာပြင်ကွင်းသို့ သွားကျောင်းမလွှတ်ရန် မှာကြားခဲ့ကာ ဖိုးသူတော်သည် ကျောင်းသို့ ပြန်ကြွသွားလေသည်။

မောင်အေးချမ်းမှာ ဖိုးသူတော် ပြန်သွားပြီး အကောင်းပကတိဖြစ်ကျန်ခဲ့သည်။ မိဘများမှာလည်း မောင်အေးချမ်းတစ်ယောက် ကျန်းမာနေကောင်းသွားသဖြင့် အံလွန်ပင် ဝမ်းသာနေကြရသည်။

မောင်အေးချမ်းအတွက် အရင်ကလို စောင့်ကြည့်မနေရသော်လည်း လယ်သမား ယာသမား ဖြစ်ကြသဖြင့် တစ်ခါတစ်ရံမှာ မောင်အေးချမ်းကို အိမ်မှာ တစ်ယောက်တည်း ထားခဲ့ရသည်လည်းရှိသည်။

ထိုသို့နေလာရင်း တစ်နေ့တွင် မိဘများ လယ်ထဲမှပြန်လာရာ မောင်အေးချမ်းကို အိမ်တွင် မတွေ့ရသဖြင့် ခေါင်းမီးတောက်သွားကြသည်။ ရွာတွင်း တစ်အိမ်ပြီးတစ်အိမ် မေးမြန်းရင်း လိုက်ရှာကြသည်။ လုံးဝမတွေ့ရတော့မှ အိမ်ပြန်လာပြီး သိမ်းထားသော လက်စွပ်အား ပြန်ကြည့်ရာ လက်စွပ်မရှိတော့ကြောင်း သိရတော့မှ ပို၍ပင် ပူဆွေးသောကဖြစ်ကြရပြီး ရွာသားများအား အကူအညီတောင်းကာ လူစုခွဲလျက် တစ်ရွာပြီးတစ်ရွာ လိုက်လံရှာဖွေကြရလေသည်။

ရှာဖွေကြသူရွာသားများ တီးတိုးစကား ပြောဆိုကြသည်မှာ ကျောင်းရာပြင်စေတီပျက်နားက ဒုံးဒုံးမြည်သိုက်မှာ စောင့်ရသော မြွေညီအစ်မ ဝိညာဉ်နှုတ်၍ ခေါ်သွားလေသလား အမျိုးမျိုးဝေဖန်ပြောဆိုလျက် ရှိကြသည်။

မောင်အေးချမ်းအား လိုက်လံရှာဖွေကြသည်မှာ တစ်ရက်ပြီးတစ်ရက် တစ်လပြီးတစ်လ ကြာညောင်းလာသော်လည်း ဘယ်လို သတင်းအစအန ကိုမျှ မကြားကြရသဖြင့် သေဆုံးသွားပြီဟုပြောရအောင်ကလည်း အလောင်းကို မည်သည့်နေရာမှာမှ မတွေ့ရသဖြင့် မိဘများနှင့် ရွာသားများမှာ လူပန်းစိတ်ပန်းဖြင့် ဆုံးဖြတ်ရန် ခက်နေကြရသည်။ နောက်ဆုံးတွင် ဘယ်လိုပဲဖြစ်ဖြစ် မောင်အေးချမ်း ရှာဖွေခြင်းကို လက်လျှော့လိုက်ကြရလေသည်။

ထိုအချိန်ကစပြီး ရဟိုင်းရွာမှာလည်း နီးစပ်ရာရွာများသို့ တစ်အိမ်ပြီးတစ်အိမ် ပြောင်းရွှေ့သွားကြသဖြင့် တဖြည်းဖြည်း လူသူကင်းမဲ့ကာ ဒဏ္ဍာရီထဲက ရွာပျက်ကြီးတစ်ခုလို ကြောက်ရွံ့ဖွယ်ရာအဖြစ် ကျန်ရစ်ခဲ့တော့သည်။

ပတ်ဝန်းကျင်ရွာများရှိ လူငယ်လူရွယ် လုံမငယ်များ၏ နှုတ်ဖျားတွင်လည်း မောင်အေးချမ်းနှင့် မြသက်ဖြူပြီးတော့ မြွေရုပ်ပါသော ကျောက်နီလက်စွပ်တို့၏ အကြောင်းကို ဒဏ္ဍာရီပုံပြင်တစ်ခုလို နှစ်ပေါင်းများစွာ ပြောဆိုကျန်ရစ်နေခဲ့သည်။

နှစ်တွေနှောင်း အချိန်ကာလတွေလည်း ပြောင်းလာခဲ့ပြီ။ ဘယ်လောက်ကြာခဲ့ပြီဆိုတာ ဘယ်သူမှ မပြောနိုင်ကြပါ။

"အဘိုး ဆယ်နှစ်ကျော် အရွယ်တစ်နေ့မှာ ရွာသူကြီး ဦးမြဖူး အိမ်ကို တစ်ခါမှမလာဖူးတဲ့ လူစိမ်းညှေ့သည် တစ်ယောက် ရောက်လာတယ်၊ သူက-

'ကျွန်တော့်နာမည် ဦးစံထွန်းပါ၊ အနယ်နယ် အရပ်ရပ် လှည့်လည်ပြီး သာသနာပြု ဘုရားတည်ပါတယ်၊ အခုလည်း ဒီမှာရှိနေတဲ့ ဒုံးဒုံးမြည်အောက်

www.burmeseclassic.com

စောင်းက စေတီပျက်တစ်ဆူကို ပြန်လည်ပြုပြင်ဖို့ လာခဲ့တာပါ။ အခုလို စေတီကို ပြန်လည်ပြုပြင်တဲ့အခါ ရွာသူရွာသားများလည်း လုပ်အားဒါနနဲ့ ကုသိုလ်ပါဝင်ကြပါလို့ ကျွန်တော်တိုက်တွန်းပါတယ်'

လူစိမ်းဦးစံထွန်းက ပြောလာလို့ ရွာကလူကြီးတွေကလည်း ကူညီပေးမည်ဖြစ်ကြောင်း ပြောဆိုတာဝန်ယူခဲ့ကြတယ်၊ အဲဒါကြောင့် ဦးစံထွန်းမှာ သူကြီးအိမ်မှာပဲ တည်းခိုပြီး စေတီပျက်ကို ပြန်လည်ပြုပြင်ခဲ့ကြတယ်။

သူကြီးရဲ့ နှိုးဆော်ပေးမှုကြောင့် ပတ်ဝန်းကျင်ရွာများကပါ ဝိုင်းဝန်းကူညီပေးခဲ့ကြလို့ သုံးလလောက်အကြာမှာ ဆယ်တောင်ပြည့် စေတီတစ်ဆူကို အောင်မြင်စွာတည်ထားနိုင်ခဲ့ကြတယ်။

စေတီတော် တည်ထားပြီးစီးလို့ ထီးတော်တင် ရေစက်ချတဲ့နေရာမှာ ဦးစံထွန်းတစ်ယောက် ရေစက်ခွက်ကိုင်ရင်း မျက်ရည်တွေ မဆည်နိုင်လောက်အောင် ပါးပြင်ပေါ် ထိစီးကျလာနေတာ ရွာက ယောက်ျား မိန်းမ အကုန်တွေ့ကြရတယ်၊ ရှေ့မှာထိုင်နေတဲ့ ဆရာတော်ကြီးလည်း မြင်တယ်၊ ဒါကြောင့် ဆရာတော်ကြီးက -

'သံသရာဆိုတာ ဒီလိုပဲ ဒကာကြီး၊ တစ်ဘဝပြီး တစ်ဘဝ တစ်မျိုးပြီး တစ်မျိုး လူဖြစ်လိုက်၊ ပြိတ္တာဘဝ ပရလောကဖြစ်လိုက်၊ အမြင့်ဆုံးနတ်ပြဟ္မာဖြစ်လိုက်နဲ့ လည်နေကြတာပါပဲ၊ အဆိုးဆုံးက ပြိတ္တာဝိညာဉ် အပါယ်ဘုံသားများပဲ ဒကာကြီး၊ အစောင့်ဆိုတာ ပြိတ္တာဘဝပဲ၊ စောင့်နေရုံကလွဲပြီး ကုသိုလ်ဒါနဆိုတာ ဘာမှ မလုပ်နိုင်ကြဘူး၊ လူသားတွေက ပြုလုပ်လှူဒါန်းပေးတဲ့ ကုသိုလ်အဖို့ဘာဂကို သာဓုခေါ် ဆိုနိုင်လို့ ကျွတ်လွတ်ချိန်တန်ရင်တော့ ကျွတ်လွတ်သွားကြမှာပါ' လို့တောင် ပြောလိုက်သေးတယ်။

တစ်ခု ထူးဆန်းတာက အဲဒီလို ရေစက်ချနေတုန်း ဦးစံထွန်းရဲ့ လက်မှာဝတ်ထားတဲ့ လက်စွပ် နှစ်ကွင်းထဲက တစ်ကွင်းဟာ ဒဏ္ဍာရီထဲက မောင်အေးချမ်း ရလာတဲ့ မြွေနှစ်ကောင်ရုပ်ပါတဲ့ ကျောက်နီလက်စွပ်ပဲတဲ့ ပြောကြတယ်၊ တချို့က မောင်အေးချမ်းတဲ့။

ဒါကြောင့် သူချစ်သူ မြသက်ဖြူအတွက် ကုသိုလ်လုပ်ပေးပြီး ရေစက်ချတဲ့အခါ မျက်ရည်ကျတာပေါ့တဲ့ ပြောကြတယ်ကွဲ့။

ဟုတ်တယ်၊ မဟုတ်ဘူးဆိုတာ ဘယ်သူမှလည်း အတပ်မပြောနိုင်ဘူး၊ ဒါပေမဲ့ စေတီ ထီးတင် ရေစက်ချပြီးတဲ့ နောက်တစ်နေ့ ဦးစံထွန်းတစ်ယောက် ပျောက်ခြင်းမလှ ရွာက ပျောက်သွားတယ်ကွဲ့၊ အဲဒါတော့ ထူးဆန်းတယ် ဘယ်ရွာမှ စုံစမ်းမရတော့ဘူး။

နောက်ပိုင်း ထူးဆန်းတာတစ်ခုက အဲဒီဦးစံထွန်း တည်ထားခဲ့တဲ့ အင်းစောင့်က စေတီရဲ့ တစ်ဝဂ္ဂုမုခ်အပေါ်နဲ့ ဂူအတွင်းအပြင်မှာ မြွေကြီးတစ်ကောင် အမြဲတွေ့နေရတယ်။

ဒီမြွေကြည့်ရတာ ဝမ်းနည်းပန်းနည်းနဲ့ လွမ်းလွမ်းဆွေးဆွေး ဖြစ်နေသလို တစ်နေရာကို ငေးမျှော်နေတတ်တယ်၊ မြွေကြီးဟာ ဘယ်မှမသွားဘဲ အခုထိ ရှိနေတုန်းပဲကွယ့်။

ဒါကြောင့် ဒီနေရာ ကုန်းချောတစ်ဝိုက်မှာ ရှေးရှေးကပင် ရတနာသိုက်တွေရှိနေတာကြောင့် အစောင့်အရှောက်တွေ ရှိနေကြတယ်၊ မင်းတို့လူငယ်တွေ ပြောမှား ဆိုမှားကြောင့် တစ်ခုခုဖြစ်လာရင် မကောင်းဘူး၊ ဒါကြောင့် လူကြီးတွေက ဒီနေရာကို မသွားဖို့ပြောနေရတာပေါ့၊ အခုလည်း အဘိုးက မင်းတို့ သုံးယောက်စလုံးကို ခေါ်ပြောပြီးပြီ၊ သေသေချာချာ မှတ်ထားဖို့က မင်းတို့ တာဝန်ပဲ၊ ကဲ-ငါ့မြေးတို့ ပြန်ကြပေတော့ကွဲ့."

ကျွန်တော် ငယ်စဉ်က အဘိုးဦးချမ်းမြပြောပြခဲ့သော ဒဏ္ဍာရီမဟုတ်သော အဖြစ်အပျက်ကလေးက ကျွန်တော့်ခေါင်းထဲမှာ စွဲမြဲစွာ ရှိနေခဲ့ပါသည်။

ကျွန်တော်တို့ မူလတန်း အောင်မြင်ပြီး မြို့ကျောင်းသို့ ပြောင်းခဲ့ရသည်။ မြို့ကျောင်းမှတစ်ဆင့် ရန်ကုန်သို့ ပြောင်းရွှေ့ ပညာသင်ခဲ့ကြရာ ကျောင်းပြီးတော့ အလုပ်ကိုယ်စီနဲ့ အိမ်ထောင်ရက်သားကျပြီး ဘဝသမုဒ္ဒရာတွင်း ရုန်းကန် လှုပ်ရှားရင်း နေလာခဲ့ရသည်မှာ နှစ်ပေါင်းသုံးဆယ်နီးပါး ကိုယ့်ရပ် ကိုယ့်ရွာကို မရောက်နိုင်ခဲ့။

၁၉၈၆ ခုနှစ်က အကြောင်းကိစ္စ မရှိပါဘဲ ပထမဦးဆုံး ရွာသို့ တစ်ခေါက်ရောက်ဖြစ်ခဲ့သည်။

ကျွန်တော် ငယ်စဉ်ကနဲ့ မတူ တော့ပါ။ အရာရာ ပြောင်းလဲတိုးတက်နေသည်ကို တွေ့ရသည်။ ရမ်းဗြဲမြို့အောင်လှပြင်ရွာ ပင်လယ်ကမ်းခြေအထိ ကားလမ်း ဖောက်လုပ်ထားပြီး ဖြစ်သည်။

ထိုကားလမ်းမှာ ကျွန်တော်တို့ ငယ်စဉ်က စစ်တိုက်တမ်းကစားခဲ့သော ကျောင်းရာပြင်ကွင်း တစ်ဝဂ္ဂုဓော် ပျက်နားက ဖောက်လုပ်ထားကြောင်း တွေ့ရသဖြင့် ရွာခံ ငယ်သူငယ်ချင်း ဟောင်း မောင်ယောနှင့်အတူ ဒုံးဒုံး[illegible] ကုန်းကြောတစ်လျှောက် သွားကြည့်[illegible] သည်။





www.burmeseclassic.com

www.burmeseclassic.com

ယခုကားလမ်းဘေးက ယခင်ဘဝဥပျက်ကို ဦးရွှေတင်မောင်မိသားစုမှ အသစ်မွမ်းမံပြုပြင် တည်ဆောက်ထားသလို အရှေ့ဘက်ကုန်းပေါ်က စေတီပျက်ကိုလည်း ဦးအောင်စံထီးမှ ပြုပြင်တည်ဆောက်ထားကြောင်း တွေ့ရသည်။

ဒုံးဒုံးမြည် ကုန်းကြောတစ်လျှောက်မှာ ယခင်စေတီပျက်များအစား စေတီအသစ်များ ထုံးသင်္ကန်းဖွေးဖွေးနဲ့ ဝမ်းမြောက်ဖွယ်ရာ တွေ့ရှိနေရသည်။

သို့သော်လည်း လွန်ခဲ့သော နှစ်ပေါင်းတစ်ရာလောက်က လူစိမ်း ဦးစံထွန်းဆိုသူ တည်ထားခဲ့သော စေတီမှာ ပြုပြင်သူ ကင်းမဲ့ပြီး အင်းစောင်းက ချုံတောထဲမှာ တစ်ဝက်တစ်ပျက် ပြိုကျနေသော အုတ်ပုံမဲမဲထီးထီးမှာ ယခုတိုင် ရှိနေဆဲဖြစ်သဖြင့် စိတ်မကောင်း ဖြစ်မိသည်။

ကျွန်တော့်သူငယ်ချင်း မောင်ယောအား မေးမြန်းကြည့်မိသောအခါ သူငယ်ချင်းက -

"ဒီစေတီပျက်အုတ်ပုံမှာ သိုက်စောင့်မြွေကြီးတစ်ကောင် အမြဲရှိနေလို့ ဘယ်သူမှ မသွားရဲကြဘူး၊ ချုံတွေရှင်းပြီး စေတီကို ပြုပြင်ချင်ပေမယ့် မြွေကိုတော့ ကြောက်ကြတယ်ကွာ၊ တချို့က ဒုံးဒုံးမြည်ရတနာသိုက်မှာ စောင့်နေတဲ့ မြသက်ဖြူက မြွေတစ်ကောင်အဖြစ်နဲ့ သူချစ်သူမောင်အေးချမ်း ပြန်အလာကို တမ်းတမ်းတတနဲ့ စေတီပေါ်က လာစောင့်နေတာလို့လည်း ပြောနေကြတယ် သူငယ်ချင်း"

မောင်ယော၏ စကားကြောင့် ကျွန်တော်ရင်မှာ အောင့်ခနဲခံစားလိုက်ရသည်။ ငယ်စဉ်က အဘိုးဦးချမ်းမြ ပြောဖူးသော ဒဏ္ဍာရီ မဟုတ်သော အဖြစ်အပျက်ထဲက မောင်အေးချမ်းနဲ့ မြသက်ဖြူ ပြီးတော့ မြွေရုပ်ပါသော ကျောက်နီလက်စွပ်တို့ကို သတိရမိလေသည်။

ဒါဆိုရင် အခုထိရှိနေသောမြွေကြီးဟာ ဒုံးဒုံးမြည်ရတနာသိုက်ထဲက မြသက်ဖြူ အမှန်ပဲလား။

မြွေရုပ်ပါသော ကျောက်နီလက်စွပ်ကို တယုတယ ဝတ်ဆင်ပြီး စေတီ ထီးတော်တင် ရေစက်ချပွဲမှာ မျက်ရည်မဆည်နိုင်အောင် စီးကျခဲ့ရတဲ့ ဘုရားဒကာ ဦးစံထွန်းကကော ဒဏ္ဍာရီထဲက မြသက်ဖြူရဲ့ချစ်သူ မောင်အေးချမ်း မဖြစ်နိုင်ဘူးလား။"

ဘယ်လိုပဲ လပေါင်းများစွာနဲ့ တွေးတွေး ဦးစံထွန်းတည်ထားခဲ့သော စေတီပျက်အုတ်ပုံပေါ်မှာ နှစ်ပေါင်းများစွာမှသည် ယနေ့အချိန်ထိ လွမ်းလွမ်းဆွေးဆွေးနဲ့ မျှော်ငေးလျက်ရှိနေသော မြွေကြီးကိုတော့ သနားမိသည်။

'ဘယ်လို ဝဋ်ကြွေးနဲ့ ဘယ်ကာလအထိ စောင့်မျှော်ငေးမောနေရဦးမလဲ မြသက်ဖြူရယ်' လို့ တိုးတိတ်စွာ ရွတ်ဆိုရင်း ရင်ထဲက အတွေးများနှင့်အတူ ဒုံးဒုံးမြည်စေတီကုန်းမှ ပြန်ဆင်းလာခဲ့တော့သည်။

**ကောင်းစံဟိန်း(ပန်နေဝန်း)**

❑


**စာမူများ ပေးပို့နိုင်ပါသည်**

စာပေဝါသနာရှင်များ မိမိတို့စာမူကို မိတ္တူကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်းတိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ မရွေးချယ်သော စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်း ပေးပို့ခြင်းမျိုး မပြုလုပ်ကြပါရန် မေတ္တာရပ်ခံပါသည်။

ရှေးဟောင်းဘုရားသမိုင်းကြောင်းများ၊ ဘာသာရေး ဆောင်းပါးများ၊ ဂန္ထဝင်ဝတ္ထုများ၊ မှဆိုးဝတ္ထုများ၊ ရသဝတ္ထုများ၊ ဟာသများ၊ အရှေ့တိုင်းအနောက်တိုင်း ဆေးပညာရပ်များ၊ ထူးခြားဆန်းကြယ်သောဖြစ်ရပ်များ စသည်ဖြင့် ပေးပို့နိုင်ပါသည်။

စီးပွားရေးလုပ်ငန်းရှင်များ
မိမိလုပ်ငန်း
ပိုမိုတိုးတက်
အောင်မြင်စေရန်
လပြည့်ဝန်းမဂ္ဂဇင်းတွင်
ကြော်ငြာများ
ထည့်သွင်းနိုင်ပါသည်။

အဖြူအမည်း
တစ်မျက်နှာ
ကျပ်တစ်သောင်းငါးထောင်တိတိ
ဖြစ်ပါသည်။

အဖြူအမည်း
မျက်နှာဝက်
ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

**ဆက် သွယ် ရန်**
အယ်ဒီတာအဖွဲ့
လပြည့်ဝန်းမဂ္ဂဇင်း
တိုက်အမှတ် (၇၂၄)၊
အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း၊
(၁၇×၁၈)လမ်းကြား၊
လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၅၂၂၂၇၅၀၀




www.burmeseclassic.com

www.burmeseclassic.com



# ၂၀ ရာခိုင်နှုန်းလောက် ကြိုးစားလိုက်ပါ

## မင်းလှမင်းခေါင်

အောင်မြင်တိုးတက် ကြီးပွားလိုသော လူငယ်များအတွက် ဗုဒ္ဓ၏ အဆုံးအမစကား(တရားတော်)အတိုလေးဖြင့် စတင်မိတ်ဆက်ပေးချင်ပါသည်။ ထိုဗုဒ္ဓစကား(တရားတော်သည်) လူငယ်တော်တော်များများကြားသိ၊ နာယူဖူးသောစကားတရားတော်ပင်ဖြစ်သည်။

ထိုစကားတော်မှာ -

'အတ္တာဟိ၊ အတ္တနော နာထော' ဆိုသော တရားစကားတော်ပင် ဖြစ်သည်။ ဆိုလိုသည့်အဓိပ္ပာယ်မှာ မိမိကိုယ်ကိုသာလျှင်အားကိုးပါဟုအဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

လောကတွင် လူတို့သည် မိမိယုံကြည်ရာ၊ လေးစားရာ၊ အားကိုးစရာဟူသော အရာမှန်သမျှကို လေ့လာအားကိုး၍ ယုံကြည်စွာ ဆည်းကပ်ကိုးကွယ်ကြသည်ကို လေ့လာတွေ့ရှိရလေသည်။ ဘာကြောင့် တခြားသောပုဂ္ဂိုလ်တို့ကို ကိုးကွယ်ဆည်းကပ်နေကြသနည်း။ သူတို့အတွက် အားကိုးတစ်ခုရှာဖွေမှုအတွက်သာ ကိုးကွယ်ဆည်းကပ်နေခြင်း ဖြစ်သည်။ ထိုသို့ ကိုးကွယ်ရာတွင်လည်း ထိုသူ (ပုဂ္ဂိုလ်)ထံတွင် ထိုကိုးကွယ်သူတို့ လက်ခံကြည်ညိုနိုင်လောက်သော ခိုင်လုံသည့် အကြောင်းအရာ (သို့) ကြည်ညိုချင်စရာကောင်းသော ကိုယ်ကျင့်တရား ရှိရပေလိမ့်မည်။

အလားတူပင် ဗုဒ္ဓမိန့်ဆိုသောစကားတွင်လည်း မိမိကိုယ်ကိုသာလျှင် အားကိုးပါ ဟူသောစကားတွင်လည်း မိမိကိုယ်ကို အားကိုးချင်လောက်အောင် မိမိကိုယ်ကျင့်တရား (သီလ) ပညာ၊ သိက္ခာ၊ ယုံကြည်မှု အစရှိသော တရားများ ပိုင်ဆိုင်ထားရှိရပေလိမ့်မည်။ မိမိကိုယ်ကို အဘက်ဘက်ကပြည့်စုံအောင် ကြိုတင်ဆောင်ရွက် ထားရှိရမည်။

ထိုစကားနှင့် တစ်ဆက်တည်းရရှိသော ယုံကြည်မှုဆုံးဖြတ်ချက်ကိုလည်း ချရဲသောသတ္တိ ရှိရပါလိမ့်မည်။

လွတ်လပ်ရေး ခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်းသည် နတ်မောက်မြို့မှ စတုတ္ထတန်း အောင်သောအခါ ရေနံချောင်းမြို့အမျိုးသားအထက်တန်းကျောင်းသို့ သွားရောက်ပညာသင်ကြားခဲ့သည်။ ရေနံချောင်းမောင်ခင်ဇော်နှင့် ခင်သွားသည်။ မောင်ခင်ဇော်သည် (နောင်တွင် သခင် ခင်ဇော် ဟူ၍ နိုင်ငံတော်ကောင်စီဝင်) ဖြစ်သွားသည်။

သူတို့ သူငယ်ချင်းနှစ်ယောက် စနေ ကျောင်းပိတ်ရက်တွင် စနေနံဘုရားသို့ ဘုရားဖူးသွားကြသည်။

ထိုစဉ် မောင်ခင်ဇော်က မောင်အောင်ဆန်းအား -

"ဟေ့ အောင်ဆန်း၊ မင်းက ဖေဖော်ဝါရီ ၁၃ ရက်မွေးတာဆိုတော့ ၁၃ ဂဏန်းဆိုတာ အင်္ဂလိပ်တွေအယူအဆအရ နိမိတ်မကောင်းတဲ့ဂဏန်းဆိုသကွ"

ထိုအခါ မောင်အောင်ဆန်းက-

"ဒီလိုမဟုတ်ဘူးကွ ခင်ဇော်ရဲ့ ကမ္ဘာကျော်နက္ခတ်ပညာရှင်ကြီး ကိုင်ရို ရေးထားတဲ့ ဂဏန်းစာအုပ်ထဲမှာ ၁၃ ဂဏန်းကို ဒီလိုဟောပြထားတယ်၊ ၁၃ = ၁ + ၃ = ၄ တဲ့၊ ဆရာကိုင်ရိုက ၄ ဂဏန်းရသူတွေဟာ နိုင်ငံတော်တစ်ခုကို တည်ထောင်မယ့် ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်လိမ့်မယ်တဲ့ကွ" ဟု ပြန်ရှင်းပြခဲ့သည်။

သတ္တမတန်း ရောက်သောအခါ ကျောင်းသားသမဂ္ဂတွင် ပါဝင်ဆောင်ရွက်ရင်း အစည်းအဝေးတစ်ခုတွင်လည်း ဤသို့ပြောကြားခဲ့သည်။

"သူငယ်ချင်းတို့ရေ၊ ငါတို့ကျောင်းမှာ ရာဇဝင်ဘာသာကို သင်ကြားတဲ့အခါ မြန်မာရာဇဝင်ထဲက နိုင်ငံခေါင်းဆောင် ရှင်ဘုရင်တွေအကြောင်း ချည်းပဲ လေ့လာသင်ကြားနေလို့ မပြီးသေးဘူး၊ ငါတို့ကိုယ်တိုင်က တစ်ချိန်သောအခါမှာ ရာဇဝင်တစ်ခုကို ဖန်တီးမယ့် ခေါင်းဆောင်ဖြစ်အောင် ကြိုးစားကြဖို့ လိုတယ်" ဟု ရဲဝံ့ပြတ်သားစွာ ပြောခဲ့သည်။

လူငယ်များကို ပြောလိုသည်မှာ အောင်မြင်သည့်သူသည် မိမိကိုယ်





www.burmeseclassic.com

www.burmeseclassic.com

ရဲဝံ့စိတ်ချစွာ ခိုင်မာသော ဆုံးဖြတ်ချက်ကို ငယ်စဉ် (ကျောင်းသားဘဝ)ကပင် ပြတ်သားစွာ ချထားခဲ့သည်ကို အမှတ်ရစေဖို့ ရေးသားဖော်ပြရခြင်း ဖြစ်သည်။

တစ်ဆက်တည်းမှာ တက္ကသိုလ်ကျောင်းသားဖြစ်သွားသော ကိုအောင်ဆန်းသည် သခင်နု (သခင်ဥက္ကဋ္ဌ)၊ ကိုကျော်ငြိမ်း၊ ကိုညိုမြ၊ သိန်းဖေမြင့်၊ ကိုအုန်းတို့နှင့် ပေါင်းမိသွားပြီး စကားဝိုင်းဖွဲ့ကြသည်။ နောက် (ဃ)အသင်းဟု ခေါ်သော အဖွဲ့လေးဖွဲ့စည်းပြီး မြန်မာပြည် လွတ်လပ်ရေးရအောင် မည်သို့ ကြံဆောင်မည်နည်းဟု ဆွေးနွေးကြသည်။

တစ်နေ့ ထိုသို့ဆွေးနွေးကြစဉ် ကိုနုက မေးခွန်းတစ်ခု မေးလိုက်သည်။

"ဟေ့- အောင်ဆန်း၊ မင်းက လွတ်လပ်ရေးရအောင်ကြံဆောင်မယ် ဆိုတော့ ဘယ်လိုနည်းကို သုံးမှာလဲ၊ အနုနည်းလား၊ အကြမ်းနည်းလား" ဟု မေးရာ ကိုအောင်ဆန်းက -

"ကိုကြီးနုရယ် ဒါ မေးခွန်းထုတ်စရာလိုသေးသလား၊ ကျွန်တော်ဖြေဆိုဖို့ရော လိုသေးသလား၊ ကျွန်တော်တို့ မြန်မာနိုင်ငံကို လက်နက် အားကိုးနဲ့ အနိုင်ကျင့်အုပ်စိုးနေတဲ့ အင်္ဂလိပ်အစိုးရကို လက်နက်ကိုင် တိုက်ခိုက်တဲ့နည်းနဲ့ ပြန်လည်တော်လှန်မှသာ ကျွန်တော်တို့ မြန်မာနိုင်ငံ လွတ်လပ်ရေးရမှာပေါ့ဗျ" ဟု ပြန်ပြောလိုက်သည်။

ထိုအခါ ကိုနုက -

"ဟေ့ ဖိုးအောင်ဆန်း၊ မင်းဟာ နယ်ချဲ့ဗြိတိသျှအစိုးရကို လက်နက်ကိုင် တော်လှန်တဲ့နည်းနဲ့ မြန်မာ့လွတ်လပ်ရေးကို ရအောင်ယူမယ်ဆိုတော့ မင်း တိုက်ပွဲဝင်ဖို့ လက်နက်က ဘယ်ကရမှာလဲ" ဟု အချက်ကျကျပြန်မေးလိုက်သည်။

လူငယ်များ အထူးသတိပြုဖတ်စေချင်ပါသည်။ ထိုစဉ်က ဗိုလ်ချုပ်အောင်ဆန်း ဖြစ်လာမယ့် ကိုအောင်ဆန်းဟာ ချက်ချင်း တုံ့ပြန်ပြောလိုက်သော စကားသည် သူ့ကိုယ်သူ မည်မျှ ယုံကြည်စိတ်ချထားသည်ကို သိသာလှပေသည်။

"ကိုကြီးနုကလည်းဗျာ၊ ဓားပြတိုက်နေတဲ့လူတွေတောင် သေနတ်ကို ရအောင်ရှာနိုင်သေးတာပဲ၊ ကျွန်တော်တို့က မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ဖို့ လက်နက်ရှာရင် မခက်ပါဘူး" ဟု ပြတ်သားစွာ ပြောခဲ့သော စကားပင်ဖြစ်သည်။ ပြောခဲ့သည့်အတိုင်း တိကျစွာ လုပ်ဆောင်သည်။

တို့ဗမာ အစည်းအရုံး ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံခြားသို့ လျှို့ဝှက်စွာသွားရောက်ပြီး မြန်မာမျိုးချစ်ရဲဘော်သုံးကျိပ်ကို ဂျပန်နိုင်ငံ၌ စစ်ပညာ သင်ကြားပေးခဲ့ပြီး စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော (BIA) ဗမာ့တပ်မတော်ကြီးသည် ၁၉၄၂ ခုနှစ် မတ် ၈ ရက်တွင် ရန်ကုန်မြို့ရှိ နယ်ချဲ့ဗြိတိသျှ စစ်တပ်ကြီးကို မြန်မာမြေမှ မောင်းနှင်ထုတ်ခဲ့ပြီး ဘုရင်ခံဆာဒေါ်မန်စမစ်ကို အိန္ဒိယနိုင်ငံသို့ ဖနောင့်နှင့် တင်ပါး တစ်သားတည်းကျအောင် ထွက်သွားစေခဲ့သူ ဖြစ်လာသည်။

ခေါင်းဆောင် လုပ်မည့်သူ၊ အောင်မြင်မည့်သူများသည် ဤ၍ဤမျှ အပြောနှင့်အလုပ် တစ်ထပ်တည်းကျအောင်ပြုလုပ်သူများဖြစ်ပြီး မိမိကိုယ်မိမိ ရဲဝံ့စွာ ကိုးကွယ်သူများ ဖြစ်သည်ကို သတိပြုကြစေချင်ပါသည်။

တစ်ဆက်တည်း အလျဉ်းသင့်၍ ဗိုလ်ချုပ်အောင်ဆန်း အနှစ်သက်ဆုံး ကဗျာတစ်ပုဒ်ကိုလည်း လက်ဆောင်ပေးလိုပါသည်။ လူငယ်များ အလွတ်ကျက်မှတ်ကြစေချင်ပါသည်။ ဖြစ်စဉ်လေးကို တစ်ခါတည်း ပြောလိုက်ပါရစေ။

၁၉၃၆ ခုနှစ်တွင် ဘကသ ဥက္ကဋ္ဌကိုနုနှင့် ကိုအောင်ဆန်းတို့ ခေါင်းဆောင်သော ရန်ကုန်တက္ကသိုလ် ကျောင်းသားသပိတ်ကြီးဖြစ်ပေါ်ခဲ့သည်။ ထိုသပိတ်ကြီး အောင်မြင်စွာပြီးဆုံးသော အခါ တစ်နေ့ ကဗျာဆရာကြီးဇော်ဂျီ (ဦးသိန်းဟန်)၊ ဆရာကြီးမင်းသုဝဏ် (ဦးဝန်)၊ ကိုသိန်းတင်၊ ဆရာ ညိုမြတို့ တက္ကသိုလ်ထမင်းစားခန်းထဲ၌ ဆုံမိကြသောအခါ ကိုအောင်ဆန်းက သူအနှစ်သက်ဆုံး အင်္ဂလိပ် ကဗျာတစ်ပုဒ်ကို ထမင်းစား စားပွဲပေါ်တင်လိုက်ရင်း ဤကဗျာကို မြန်မာပြန်ဆိုပြီး ရန်ကုန်တက္ကသိုလ်ကျောင်းသားများ၏ သမဂ္ဂမှ ထုတ်ဝေသော အိုးဝေမဂ္ဂဇင်းခေါင်းကြီးပိုင်းတွင် ဖော်ပြရန် အကြံပြု၏။

ထိုကဗျာမှာ အင်္ဂလိပ်ကဗျာဆရာ W.E. Henley ၏ ကဗျာဖြစ်ပြီး ခေါင်းစဉ်မှာ INVICTUS ဖြစ်သည်။ မြန်မာဘာသာပြန်ရာတွင် 'အနိုင်မခံ'ဟု ပြန်ဆိုသည်။

**"ငါ့အား ဖုံးလွှမ်းထားသော လကွယ်သန်းခေါင် ဤမှောင်မိုက်အတွင်းမှနေ၍ အနိုင်မခံ အရှုံးမပေးတတ်သော ငါ၏စိတ်ဓာတ်ကို ဖန်ဆင်းပေးသည့် နတ်သိကြားတို့အား ငါကျေးဇူးဆိုပါ၏။ လောကဓံတရားတို့၏ ရက်စက်ကြမ်းကြုတ်သော လက်ဆုပ်အတွင်းသို့ ကျရောက်နေရသော်လည်း ငါကား မတုန်လှုပ်၊ မငိုကြွေး၊ ကံတရား၏ ရိုက်ပုတ်ခြင်း ဒဏ်ချက်တို့ကြောင့် ငါ၏ ဦးခေါင်း၌ သွေးသံတို့ဖြင့် ရဲရဲနီ၏၊ ညွတ်ကား မညွတ်။**



www.burmeseclassic.com

www.burmeseclassic.com

**ဤလောဘ ဒေါသတို့ ကြီးစိုးရာ ဌာန၏ အခြားမဲ့၌ကား သေခြင်းတရားသည် ကြောက်မက်ဖွယ်ရာ ငံ့လင့်လျက်ရှိ၏။ သို့သော်လည်း ငါ့အား မတုန်လှုပ်သည်ကို တွေ့ရအံ့၊ သုဂတိသွားရာ တံခါးဝသည် မည်မျှကျဉ်းမြောင်းသည်ဖြစ်စေ၊ ယမမင်း၏ ခွေးပုရပိုက်၌ ငါ့အပြစ်တို့ကို မည်မျှပင် များစွာမှတ်သားထားသည်ဖြစ်စေ ငါကားဂရုမပြု၊ ငါသာလျှင် ငါ့ကံ၏ အရှင်သခင်ဖြစ်၍ ငါသာလျှင် ငါ့စိတ်၏ အကြီးအကဲ ဖြစ်လေသည်။**

အထက်ပါ ကဗျာနှင့်ပတ်သက်၍ သတင်းစာဆရာကြီး အိုးဝေဦးညိုမြက စာရေးဆရာတိုက်စိုး (ဦးသန်းထွတ်) ထံသို့ စာတစ်စောင် ရေးသားပေးပို့ခဲ့သည်။ ဆရာတိုက်စိုးထံသို့ အိုးဝေဦးညိုမြ ရေးသားပေးပို့သော အနိုင်မခံကဗျာနှင့်ပတ်သက်၍ မှတ်စုစာမှာ ဤသို့ဖြစ်သည်။

'၁၉၃၆ခုနှစ် တက္ကသိုလ် သပိတ်ကြီး အောင်မြင်စွာ ပြီးဆုံးပြီးနောက် ၁၉၃၇ ခုနှစ်တွင် ကျွန်တော်သည် တက္ကသိုလ်သမဂ္ဂမဂ္ဂဇင်း (အိုးဝေ)ကို တာဝန်ခံအယ်ဒီတာအဖြစ် ကိုအောင်ဆန်း(ဗိုလ်ချုပ်)နေရာကို ဆက်ခံခဲ့ပါသည်။

ထိုစဉ်က အိုးဝေခေါင်းစီးပိုင်းတွင် အနိုင်မခံဟူသော ခေါင်းစီးဖြင့် ရေးသား ပါရှိခဲ့ရာ ထိုစာမှာ WE HENLEY ခေါ် အင်္ဂလိပ်စာရေးသားသည့် Imvictus ဟူသော ကဗျာကိုမှီ၍ ရေးသားခဲ့ခြင်း ဖြစ်သည်။ ထိုနှစ်က ကျွန်တော်သည် တက္ကသိုလ် ထမင်းစားခန်း၌ ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်တို့နှင့်အတူ (ဗိုလ်ချုပ်အောင်ဆန်းလည်း ပါသည်) ထမင်းစားခဲ့ရာ မင်းသုဝဏ်က ကျွန်တော့်စာမူကို တည်းဖြတ်အချောကိုင်ပေးခဲ့ပါသည်။

ညိုမြ

Feb - 1979 ဖြစ်သည်ဟု ဆရာတက္ကသိုလ်စိန်တင်၏ ၂၀၁၆ ခုနှစ် မြန်မာသံတော်ဆင့် အတွဲ (၅) အမှတ် (၄၁) ဒီဇင်ဘာ (၂၄) ရက်နေ့ထုတ်တွင် 'ငါ့ခေါင်းသည် သွေးသံတို့ဖြင့် ရဲရဲနီ၏၊ သို့သော် ညွတ်ကားမညွတ်' ဆောင်းပါးတွင် ရေးသားထားသည်ကို လူငယ်တို့အား လက်ဆင့်ကမ်းခြင်းဖြစ်ပါသည်။

ဗိုလ်ချုပ်သည် ထိုကဗျာကို ဘာကြောင့်ကြိုက်သနည်းဟု ဖြေစရာလိုတော့မည်မဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော် ဦးခေါင်းတွင် သွေးခြင်းခြင်းနီသည်သာမက ခန္ဓာကိုယ် တစ်ခုလုံး ကျည်ဆန် ၁၃ တောင့်ဝင်၍ထိမှန်ခဲ့ကာ သွေးခြင်းခြင်းနီခဲ့ရသည်ကို တစ်နိုင်ငံလုံး တစ်မျိုးသားလုံး အသိပင်ဖြစ်လေသည်။ ထိုသို့ လွတ်လပ်ရေးအတွက် အသက်ကိုပေး၍ ရယူခဲ့သော ဗိုလ်ချုပ်သည် ကွယ်လွန်ချိန်တွင် အသက် (၃၂) နှစ်သာရှိပါသေးသည်။

လူငယ်သော်လည်း မိမိကိုယ်မိမိ ယုံကြည်မှု အပြည့်အဝထားကာ မိမိကိုယ်မိမိ ကိုးကွယ်သောစိတ်ဓာတ်ဖြင့် ကြိုးပမ်းအားထုတ်ခဲ့သဖြင့် သူ့ဘဝလည်း သူလိုရာသို့ရောက်အောင် စွမ်းဆောင်လျှောက်လှမ်းနိုင်သကဲ့သို့ မြန်မာတစ်နိုင်ငံလုံးလည်း အောင်မြင်လိုပါက ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ မိမိကိုယ်မိမိ အားထား ကိုးကွယ်သော စိတ်ဓာတ်မွေးမြူပါက အောင်မြင်မှုကို မလွဲမသွေ ရနိုင်ပေလိမ့်မည်။

အောင်မြင်မှုကို ရယူချင်သော လူငယ်များကို နောက်တစ်ချက်ပြောလိုသည်မှာ လူ့ဘဝတစ်ခုအား ၈၀ရာခိုင်နှုန်း သတ်မှတ်ပေးထားသည် ဆိုပါစို့။ ၁၀၀ ရာနှုန်းပြည့် ရရှိနိုင်ရန် သင်အဖို့ ၂၀ ရာခိုင်နှုန်း ကြိုးစားရပါလိမ့်မည်။

ဘဝတစ်ခုကို အခန်းကဏ္ဍပေါင်း များစွာနှင့် ဖွဲ့စည်းထားပါသည်။ ဥပမာ ဆိုရလျှင် ပြဋ္ဌာန်းထားသော စာအုပ်တစ်အုပ်နှင့် အလားတူပါသည်။ ထိုစာအုပ်တွင် အခန်းပေါင်းများစွာ ပါရှိသကဲ့သို့ သင့်ရဲ့ မနက်ဖြန်ဟူသော စာမျက်နှာမရောက်ခင် အခန်းတစ်ခန်း၏စာမျက်နှာတိုင်းကို ပျော်ရွှင်ကြည်နူးမှု၊ အကောင်းမြင်မှုတို့နှင့်အတူ ဖြတ်ကျော်နိုင်ရန် ကြိုးစားကြရပါလိမ့်မည်။

ထိုကဲ့သို့ ဖြတ်သန်းဖို့ မိမိပိုင်ဆိုင်သော ၂၀ ရာခိုင်နှုန်းဖြစ်သည့် ကံ၊ ဉာဏ်၊ ဝီရိယစွမ်းအားများကို ကောင်းစွာ အသုံးချရပါလိမ့်မည်။ သင့်အား ပြဋ္ဌာန်းပေးလိုက်သော ဘဝဖတ်စာအုပ်တွင် မေးခွန်းများ ပါရှိသလို အမှားအမှန်ရွေးချယ်ရန် မေးခွန်းများလည်း ပါရှိနိုင်ပါသည်။ ထို့အပြင် ကွက်လပ်ဖြည့်ခြင်း သင်ခန်းစာလည်းပါရှိပေလိမ့်မည်။ မည်သို့ပင် ပါပါစေ ဖြေဆိုရမည်မှာ မိမိတာဝန်သာဖြစ်သည်ဟု နားလည် ခံယူထားကြရပေမည်။

လူ့ဘဝသည်လည်း အတူတူပင်ဖြစ်သည်။ အမြဲတမ်း ရွေးချယ်တတ်ရမည်။ ကွက်လပ် ဖြည့်တတ်ရမည်။ အဓိကသည် ၂၀ ရာခိုင်နှုန်းအား မိမိရွေးချယ်ပိုင်ခွင့်ဖြစ်ပြီး အခြားသော ပညာ၊ ပတ်ဝန်းကျင်၊ မျိုးရိုးဗီဇသည်တို့သည် လူ့ဘဝ၏ ဖြစ်တည်မှုကို ပြဋ္ဌာန်းပေးခြင်းသာ ဖြစ်သည်။

ဘဝကို မူလက ပြဋ္ဌာန်းပေးထားသော်လည်း အခါအားလျော်စွာ အတိတ်ကံကြောင့် အပြောင်းအလဲများ ဖြစ်ပေါ်လာပြီး ကြိုးစားမှုနှင့် ခေါင်းစဉ်



www.burmeseclassic.com

www.burmeseclassic.com

လိုက်သောအခါ အောင်မြင်မှုကို အလို လို ရရှိနိုင်သည်။

ဥပမာတစ်ခု ပြောလိုသည်မှာ ကုန်းဘောင်ခေတ်စာဆို စလေဦးပုည၏ ဘုရားဟော၊ အဋ္ဌနိပါတ်ဂင်္ဂါမာလဇာတ်တော်ကို ပြဇာတ်အသွင် ရေးဖွဲ့ထားသော ရေသည်ပြဇာတ်တွင် ရေသည်ယောက်ျားနှင့် ရေသည်မိန်းမတို့၏ ဘဝသည် ဆင်းရဲကြသည်မှာ ပြောဆိုဖွယ်ရာပင်မရှိ အလွန်ပင်ဆင်းရဲမွဲကြသည်။ တစ်နေ့ ရေသည်ယောက်ျားနှင့် မိန်းမတို့ ရေရောင်းထွက်ရင်း ဗာရာဏသီမြို့တော်ဘက်မျက်နှာစာတွင်ဆုံမိကြသည်။

ထို့နောက် တစ်ဦး၏အလှကို တစ်ဦးက ဖွဲ့ဆိုပြီးနောက် မိမိပိုင်ဆိုင်မှု (ငွေကြေး) နှင့် စားသောက်မှုတို့ကို အပြန်ပြန်အလှန်လှန် ပြောဆိုကြရင်း မိန်းမဖြစ်သူကို ရေသည်ယောက်ျားက လက်ထပ်ခွင့် တောင်းခံသည်။ လက်ခံသဖြင့် မြို့ရိုးမြောက်ဘက်ကြားက ငွေသား လေးရွေးကို သွားယူသည်။ ထိုအချိန်တွင် နန်းသိမ်းပွဲခံနေသော ဗာရာဏသီမင်းသားက ပူလောင်သောသဲပြင်တွင် မြူးထူးခုန်ပေါက်ပြေးလွှားနေသော ရေသည်ယောက်ျားကို ခေါ်ယူမေးမြန်းရာ အဖြစ်မှန်ကို တင်ပြလျှောက်ထားရာက အသပြာလေးရွေးမှ ရှစ်ရွေးမှ တဖြည်းဖြည်းနှင့် တစ်ကုဋေ အစပြု၍ နောက်ဆုံး တိုင်းပြည်တစ်ဝက်နှင့် အိမ်ရှေ့အရာ အပ်နှင်းလိုက်ရတော့သည်ကို သူငယ်များဖတ်ဖူးကြမည်ထင်ပါသည်။

ပြောလိုသည်မှာ ဘဝဟူသည် တစ်ခါတစ်ရံဆက်စပ်မှုမရှိသော မနက်ဖြန်ဆိုသည့်အတိုင်း ရေသည်ယောက်ျားသည် ရေသည်မိန်းမနှင့် တွေ့ဆုံပြီး ကြာခင်ကာလမှာပင် အိမ်ရှေ့မင်းသားဘဝသို့ရရှိပြီး ရေသည်မသည်လည်း မိဖုရားဖြစ်သွားသည်။ အကယ်၍သာ မိမိကိုယ်မိမိ ယုံကြည်မှုမရှိဘဲ ဆင်းရဲခြင်းအပေါ် ညည်းတွားနေမည်ဆိုပါက ဤဘဝမျိုးသို့ရောက်ရှိနိုင်မည်မဟုတ်ပေ။ ဆင်းရဲမွဲတေသော်လည်း မိမိကိုယ်မိမိ ယုံကြည်အားထားကိုးကွယ်ပြီး ကြိုးစားအားထုတ်မှုကြောင့် ဤဘဝမျိုးရရှိခဲ့ခြင်းဖြစ်ပေသည်။

ထို့ကြောင့် ကံစီမံရာ အတိုင်းပဲလေဟု လက်လျှော့ခြင်း၊ ကံကံ၏အကျိုးကို ယုံကြည်သက်ဝင်ပြီး ကောင်းတာလုပ်လျှင် ကောင်းမှုအကျိုးရမည် မကောင်းမှုကိုပြုလုပ်လျှင် မကောင်းသော အကျိုးကို ခံစားရမည်ဟူသော ဗုဒ္ဓအဆုံးအမ၏ အတွေးအခေါ်များကို မိမိဘဝရွေးချယ်ခွင့်နှင့်ရောထွေးစဉ်းစားခြင်းများလည်းရှိနိုင်ပေသည်။ မည်သို့ပင်ဖြစ်စေ၊ ကံကံခြင်းယှဉ်၍မရဆိုသည်မှာ မှန်ပါသည်။ နဂိုမူလကတည်းက ပြဋ္ဌာန်းထားသည့် စာအုပ်မှ (၈၀%) ပေးထားပြီးဖြစ်သည်မဟုတ်ပါလား။ သို့သော်သင်ကြိုးစားရမည် (၂၀%)ရာခိုင်နှုန်းဆိုသည်မှာလည်း မနည်းပါဘူးဟု ခံယူပါ၊ တော်တော်လေးပမာဏရှိသော လူများ၏ မြင့်မားတိုးတက်အောင်မြင်သောဘဝကို ပိုင်ဆိုင်နိုင်ရန်အတွက် ရွေးချယ်ပိုင်ခွင့် အများအမှန်ဆုံးဖြတ်ခွင့်များအတွက် လုံလောက်သော ရာခိုင်နှုန်းဟု ခံယူပါ။

ဒီနေရာတွင် လူငယ်များကို တစ်ခုသတိပေးချင်ပါသည်။ နန်းတော်သို့မဟုတ် ဗိမာန်အဆောက်အအုံတစ်ခုတည်ဆောက်လျှင် သစ်၊ အုတ်၊ သဲကျောက် စသည်များနှင့် တည်ဆောက်ကာရံ၍ ရနိုင်သော်လည်း နိုင်ငံတစ်ခုကိုတည်ထောင်မည်ဆိုလျှင် လူ့အရင်းအမြစ်နှင့် တည်ဆောက်ရသည်ကို သတိပြုပါ။ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံအတွက် လူငယ်များကို "ပညာ"တစ်ဆင်ပေးရပါလိမ့်မည်။ သို့မှသာ အောင်မြင်သော လူငယ်များကို မွေးထုတ်နိုင်မှာဖြစ်ပြီး အောင်မြင်သော လူငယ်များနှင့် စုပေါင်းတည်ဆောက်လျှင် တိုးတက်အောင်မြင်သော နိုင်ငံတော်ကို ရရှိနိုင်မည်ဖြစ်သည်။

ထို့ကြောင့် အောင်မြင်လိုသော လူငယ်များသည်လည်း အောင်မြင်မှုဟူသည် အခက်အခဲနောက်တွင် ပုန်းကွယ်နေသည်ကို သိရှိဖို့လိုပေလိမ့်မည်။ သင်ရှေ့မှ တောင်ကြီးသည် သင်၏တောင်တက်လိုစိတ်ကို တားဆီးနေသည် မဟုတ်၊ သင့်ဖိနပ်ထဲ ခုနေသော ကျောက်ခဲလေးက သင့်ခြေလှမ်းကို တားဆီးနေသည်ကို သတိပြုမိဖို့ လိုပေလိမ့်မည်။

ထို့ကြောင့် မိမိရှေ့ဆက်ရမည့် အောင်မြင်မှုခရီးအတွက် ဖိနပ်ထဲတွင် ခုနေသော ကျောက်ခဲလေးကို ထုတ်ပစ်လိုက်ပါ။ ပြီးလျှင် လေ့ကျင့်ပါ။ လေ့ကျင့်မှ ကျွမ်းကျင်၊ ကျွမ်းကျင်မှ ရဲရင့်၊ ရဲရင့်မှ ယုံကြည်၊ ယုံကြည်မှ အောင်မြင်သောဘဝကို ပိုင်ဆိုင်ရမည်ကို နားလည်သဘောပေါက်သင့်ကြပေသည်။

တစ်ဆက်တည်း ပြောလိုပါသေးသည်။ တစ်ခါက သူငယ်ချင်း နှစ်ယောက် သောက်ရေအိုး (မြေအိုး)သွားဝယ်ကြသည်။ အိုးကို ကိုင်ကြည့်နေစဉ် အိုးက ဖင်ကျွံကျသွားသည်။ ထိုအခါ ဘေးမှသူငယ်ချင်းက "အေး၊ တို့ အသစ်ရွေးချယ်ခွင့် ရသွားတာပေါ့"ဟု ပြောလိုက်သည်။

ထို့အတူ ဘဝမှ ဆုံးရှုံးမှုတစ်ခုနှင့် ရင်ဆိုင် တွေ့ကြုံရသည့်အခါ ကိုယ့်အတွက် ရွေးချယ်ခွင့်တစ်ခု ရရှိသွား



www.burmeseclassic.com

www.burmeseclassic.com

သည်ဟု ခံယူ သဘောထားနိုင်ပါက အောင်မြင်သော ဘဝကို ပိုင်ဆိုင်ခွင့်ရှိသူဖြစ်လာမှာ အသေအချာပင် ဖြစ်သည်။

မိမိကိုယ်မိမိ ယုံကြည်မှု နည်းသောသူသည် အကြောက်တရားကို ဖိတ်ခေါ်လိုက်ခြင်းပင် ဖြစ်သည်။ ထိုအကြောက်တရားကို အကြောက်တရားဟု သင် သတ်မှတ်လိုက်လျှင် ထိုအကြောက်တရားက သင့်အား လွှမ်းမိုးသွားပေလိမ့်မည်။

ထို့အပြင် အကြောက်တရားနှင့် စိုးရိမ်မှုကို ခွဲခြား၍ နားလည်ထားသင့်သည်။ စိုးရိမ်မှုကို ဖြတ်ကျော်ရခြင်းသည် လွယ်ကူသည်။ မိမိကိုယ်မိမိ ယုံကြည်မှု အားနည်းပြီး ကြောက်ရွံ့မှုကို ဖြတ်ကျော်ရသည်က ပိုခက်သည်။ ထိုကြောက်ရွံ့ခြင်းသည် သင်၏ အောင်မြင်မှုနှင့် ဆန်းသစ်သောအတွေးခေါ်တို့ကို လမ်းပိတ်ထားသည်ဟု နားလည်ပါ။

အကြောက်တရားသည် ငယ်ရာမှ ကြီးလာတတ်သည်ကို သိထားပါ။ အကြောက်တရား၏ ဆန့်ကျင်ဘက်သည် မိမိကိုယ်ကို ယုံကြည်မှုပင်ဖြစ်သည်။ ယုံကြည်မှု ခိုင်မြဲလာလျှင် ကိုယ့်အားကိုယ်ကိုးတတ်လာမည် ဖြစ်သည်။ တိုးတက်လာလျှင် အောင်မြင်မှုသည် လက်တစ်ကမ်းအကွာသို့ ရောက်နေပေပြီ။ ထို့ကြောင့် ကြောက်ရွံ့ခြင်းကို နေရာ မပေးမိပါစေနှင့်။

အလျဉ်းသင့်၍ စာပေဟောပြောပွဲတွင် ဆရာကြီး ဦးအောင်သင်း ဟောပြောချက်လေးတစ်ခုကို လက်ဆင့်ကမ်းပါရစေ။ ဆရာဦးအောင်သင်းက-

"ဟော့ လောကမှာ သတ္တိရှိတဲ့သူတွေကိုမှ နေရာပေးတာကွ၊ ဥပမာ သံချောင်း တစ်ချောင်းကို သစ်သားထဲကို တူနဲ့ ဒိုင်းခနဲရိုက်လိုက်၊ သစ်သားထဲကို သံက ဝင်သွားတယ်၊ အဲဒါ သတ္တိမရှိတဲ့ သစ်သားက သတ္တိရှိတဲ့သံကို နေရာပေးလိုက်ရတာပဲ၊ အဲဒီသံချောင်းကို အလွန်မာတဲ့ ကျောက်တုံးတစ်တုံးပေါ်ကနေ တူနဲ့ရိုက်လိုက် မဝင်ဘူး၊ သံကွေးသွားတယ်၊ ကျောက်တုံးက သတ္တိရှိတယ်၊ နေရာမပေးဘူးတဲ့"

ဒီလိုပဲ လူ့ဘဝမှာ သတ္တိရှိသူတွေ၊ ဇွဲရှိသူတွေ၊ ပညာကို လုံ့လ ဝီရိယနဲ့တွဲပြီး လျှောက်လှမ်းသူတွေသာ အောင်မြင်တဲ့ ဘဝကို ရောက်တာဟု လူငယ်များ နားလည်ထားစေချင်ပါတယ်။

ပညာနဲ့ပတ်သက်၍ ဆရာကြီး သခင်ဘသောင်း၏ အဆိုအမိန့်တစ်ရပ်ကိုလည်း ပြောပြချင်ပါသေးသည်။

ဆရာကြီးက- "ပညာဆိုတာ မရောက်သေးသော ဘေးကိုမြင်သော် အဝေးမှ ရှောင်တတ်၏။ ရောက်ဆဲဘေးကို မြင်သော်၊ ကြုံရသော်လည်း မကြောက်မရွံ့ စွန့်စားရင်ဆိုင်တတ်၏" ဟူသော အဆိုအမိန့်သည်လည်း အောင်မြင်လိုသော လူငယ်မျိုးအတွက် ကြီးမားသော အထောက်အကူ ဖြစ်ကြောင်း ပြောပါရစေ။

ထို့ကြောင့် အောင်မြင်လိုသော လူငယ်များသည် ပညာပြည့်ဝအောင် ကြိုးပမ်းအားထုတ်ပါ။ ပညာပြည့်ဝလျှင် နှလုံးသားပါ လှလာပါလိမ့်မည်။

သင်သည် ပညာပြည့်ဝ နှလုံးလှခဲ့သူ ဖြစ်ပြီဆိုလျှင် ကိုယ့်ကိုယ်ကိုယ်လည်း အလိုလိုယုံကြည်မှု ပြည့်ဝသူ ဖြစ်သွားပါလိမ့်မည်။ ယုံကြည်မှု ပြည့်ဝလာသည်နှင့်အမျှ အောင်မြင်မှုတို့သည်လည်း ကျွဲကူးရေပါ ဖြစ်လာပါလိမ့်မည်။ ထို့ကြောင့် အောင်မြင်လိုသော လူငယ်များသည် သူများရေးပေးသော သမိုင်းထဲတွင် ကြီးပြင်းအသက်ရှင်နေရခြင်းထက် ကိုယ်တိုင် ကိုယ့်သမိုင်းကိုယ်ရေး ကိုယ့်ကမ္ဘာကိုယ် ရဲရဲဝံ့ဝံ့စွာထူနိုင်သူများ ဖြစ်ကြပါလိမ့်မည်။

နောက် မိမိကိုယ်မိမိ သိပါ။ လူမတန် ကံချသော စိတ်ဓာတ်များကို အဝေးသို့လွှင့်ပစ်လိုက်ပါ။ တချို့လူတွေကတော့ သိပ်ကံကောင်းကြတာပဲ ဟူသော အတွေးမျိုးကို ဘယ်သောအခါမှ မဝင်ရောက်ပါစေနှင့်။ အခွင့်သာသော အခြေအနေကို အခွင့်ရေးတစ်ရပ်အဖြစ် ပိုင်ပိုင်နိုင်နိုင်စွာ အသုံးချတတ်သူဖြစ်ပါစေ။

သူများခြံထဲက မြက်တွေက အမြဲစိမ်းနေသည်ကို အားမကျဘဲ မိမိခြံထဲက မြက်တွေကို စိမ်းစိုအောင် ရေလောင်း ပေါင်းသင်ပါ။ ကြိုးစားပေးပါ။ ကြိုးစားလျှင် ဘာမဆို အောင်မြင်နိုင်ပါသည်။ ဖြစ်နိုင်ပါသည်။ နောက် ဒီကိစ္စကိုငါလည်း လုပ်နိုင်တယ်ဟု ခံယူပါ။

ဘယ်ကဲ့သို့သော အခက်အခဲ အတားအဆီး အဟန့်အတားတွေပဲ ရှိပါစေ ရဲရင့်သူတွေကိုသာ ကံကြမ္မာက မျက်နှာသာပေးသည်ကို သတိပြုပါ။ ထို့ကြောင့် အောင်မြင်လိုသော လူငယ်များသည် မည်သည့်အလုပ်မဆို စိတ်အားထက်သန်မှုအပြည့်နှင့် လုပ်ဆောင်ပါ။

နားထောင်ခြင်း အလေ့အထကို လိုက်နာ ကျင့်သုံးပါ။ နားထောင်ခြင်းသည် မိမိအတွက် သောင်ထွန်းခြင်းဖြစ်ပြီး စကားပြောခြင်းသည် မိမိကမ်းပါးပြိုကျခြင်းဖြစ်သည်ဟု နားလည်ထားပါ။ မိမိအောင်မြင်ရမည်ဟု ဆုံးဖြတ်ထားသောယုံကြည်ချက်ကို ဘယ်သောအခါမှ မဖောက်ဖျက်မိပါစေနှင့်။ နောက် မိမိကို အပ်နှင်းထားသော (သို့) မိမိရရှိလာသည့် အခွင့်အရေးကို အလွဲသုံးစားမပြုလုပ်မိပါစေနှင့်။ ထိုအခွင့်အရေး





www.burmeseclassic.com

www.burmeseclassic.com



သည် ခေါင်းဆောင်နိုင်စွမ်းအတွက် လုပ်ငန်းစီမံခန့်ခွဲမှုသာ ဖြစ်ပါစေ။ ထို လုပ်ကိုင်ခွင့်ကို အာဏာဟု အမှတ်မမှား စေလိုပါ။

အောင်မြင်မှုဘဝကို ရောက် အောင် ဖြတ်ရသည့် အခါတိုင်းတွင် ပြဿနာဆိုသည်မှာ တွေ့ကြုံရမည့် ကိစ္စတစ်ခု ဖြစ်သည်။ ထိုပြဿနာကို သတိထားသော်လည်း ပြဿနာသည် ဖြစ်တတ်သော သဘောရှိသည်ဟု နား လည် သဘောထားပါ။ ထိုပြဿနာ ဖြစ်လာလျှင်လည်း ပွင့်လင်းယုံကြည်မှု ဖြင့် ပြဿနာကို ဆောလျင်စွာဖြေရှင်း တတ်ဖို့ လိုပေလိမ့်မည်။ ပြဿနာ၏ အဆုံးတွင် မိမိဘက်မှမှားနေလျှင်လည်း ရဲရင့်စွာ မိမိအမှားကို ဝန်ခံရဲသောသတ္တိ မွေးမြူထားပါ။ ထိုစိတ်ဓာတ်မျိုး မွေးမြူ ထားခြင်းသည် အောင်မြင်မှုအတွက် အထောက်အပံ့များဟု ခံယူထားပါ။

အောင်မြင်လိုလျှင် မာနကို နှိမ် ချထားပါ။ သူတစ်ပါး အယူအဆကို နားထောင်ပါ။ ပြီးလျှင် မှန်၊ မမှန်ဆို သည်ကို မိမိသိထားသော ဉာဏ်ပညာ ဖြင့် နှိုင်းယှဉ်ပြီး လက်ခံနိုင်သည်ဟု ယုံကြည်လျှင် လက်ခံပါ။ (သင့်အတွက် အကျိုးမယုတ်နိုင်ပါ) ထို့အတွက် မိမိ တွင် အမှား၊ အမှန် ဝေဖန်ပိုင်းခြားနိုင် သော စွမ်းရည်(အရည်အသွေး) ရှိဖို့ လိုပါမည်။

ထို့ကြောင့် စာများများ ဖတ်ပါ။ လေ့လာ ဆည်းပူးပါ။ များများ နား ထောင်ပါ။ ထိုသို့ နားထောင်ပြီးလျှင် ဗုဒ္ဓဟောကြားခဲ့သော ကာလာမသုတ္တန် နှင့်ညှိ၍ မိမိဘဝအတွက် အကျိုးရှိနိုင် သော အောင်မြင်မှုကို အထောက်အပံ့ ရရှိစေနိုင်သော အယူအဆဆိုလျှင် လက်ခံလိုက်ပါ။

လေ့လာ ဆင်ခြင်မှုနှင့်အတူ သိရှိလိုစိတ် ပြင်းထန်ရမည်၊ စူးစမ်းလို စိတ်ရှိရမည်။ လေ့လာစူးစမ်းမှုမရှိသော သူသည် မိမိဉာဏ်မျက်စိ စုံလုံးကန်း သည့် ဘဝကို ရောက်သွားနိုင်သည်ဟု နားလည်ပါ။

အတတ်နိုင်ဆုံး မိမိမာနကို နှိမ်ချထားပါ။ မိမိစိတ်တွင် မာနစိတ်တို့ ဝင်ရောက်လာပါက မိမိအောင်မြင်မှု အတွေးဆများကို ဖြတ်တောက်နိုင် သည်ဟု သိပါ။ မိမိကိုယ်ကို နှိမ်ချ ဆက်ဆံသလို တခြားသူများကိုလည်း ရိုသေ လေးစားစွာ ဆက်ဆံတတ်ဖို့ လိုပေမည် (ထိုင်၍ ဦးချခြင်းကို မဆို လိုပါ)။ တစ်ဖက်သား၏ စကား၏ ကျိုး ကြောင်း ယုတ္တိရှိမှုကို ရိုသေလေးစား တတ်ခြင်းကို ဆိုလိုခြင်း ဖြစ်ပါသည်။

စာဖတ်ရာတွင်လည်း စာ အားလုံး တန်ဖိုးရှိသည်ဟု မဆိုလိုပါ။ များများဖတ် များများတွေးပါ။ တစ်ပိုင်း တစ်စ သိရာမှ များစွာသော အသိတို့ ဖြစ်လာသည် မဟုတ်ပါလား။

တစ်စက်ကျများ၊ ပြည့်သော လားသို့၊ များ၏နည်းထုံး၊ မှတ်ကျင့်သုံး ၍၊ ခြပုံးတောင်ပို့၊ ဖို့သည့်ခြင်းရာ၊ လူ လိမ္မာတို့၊ တတ်သင့်အပ်စွ၊ ထိုကိစ္စကို ဟူသော စကားအတိုင်း ကျင့်ကြံအား ထုတ်ကြရမည်သာ ဖြစ်သည်။

ထို့ကြောင့် အောင်မြင်လိုသော လူငယ်တို့သည် မိမိကိုယ်မိမိ အားကိုး ယုံကြည်ပါ။ ဘဝက ပြဋ္ဌာန်းပေးထား သော ဖတ်စာအုပ်အတိုင်း သဘာဝ တရားက ၈၀ ရာခိုင်နှုန်း ရရှိပြီးသား ဖြစ်သောကြောင့် ရာနှုန်းပြည့် ၁၀၀ ရာခိုင်နှုန်းရရှိရန် သင် များများမကြိုးစား ရပါ။ ၂၀ ရာခိုင်နှုန်းမျှ ကြိုးစားရုံဖြင့် ရာနှုန်းပြည့် အောင်မြင်မှုကို ရရှိနိုင်ပြီး အောင်မြင်မှု သရဖူကို ကောင်းစွာ လှမ်းယူနိုင်မည် ဖြစ်ပါသည်။

ထို့ကြောင့် အောင်မြင်လိုသော လူငယ်များသည် မိမိကိုယ်မိမိ ကိုးကွယ် ပါ။ ယုံကြည်မှု အပြည့်ထားပါ။ ၂၀ ရာခိုင်နှုန်းလောက် အပြင်းအထန် ကြိုးစားပါဟု တိုက်တွန်းလိုက်ပါရစေ။

**မင်းလူမင်းခေါင်**

❑



www.burmeseclassic.com

www.burmeseclassic.com




ဘဝသည် အနိမ့်အမြင့် များပြောင်လှသော ဖြစ်စဉ်တစ်ရပ်ပင် ဖြစ်သည်။ ဗုံလုံတစ်လှည့်၊ ငါးပျံတစ်လှည့်ဟု ဆိုရလောက်အောင် လုံးချာလိုက်နေတတ်သည်။ ပျော်ချင်၍ သက်သက်မဖြစ်၊ နေ့စဉ်နေ့တိုင်းပင် သောကနှင့် ဒေါသကို အထိုက်အလျောက် ခံစားနေကြရစမြဲပင်။ ဤသည်ကို သဘောပေါက်ရန် လိုအပ်သည်။ လောက၏ ကျွဲကူးရေပါ သဘောတရားကိုသာမက ပိန်းကြာဖက်ရေမတင် အသွင်ကိုလည်း ဖမ်းတတ်ရန်လိုသည်။ အဓိကအားဖြင့် ကိုယ့်ကိုယ်ကိုယ်သိရန် လိုအပ်သည်။ ကိုယ့်အစွမ်းအစကို နားလည်ရန် လိုအပ်သည်။ သို့ဆိုလျှင် ဘဝကာလမှာ အများအားဖြင့် ပျော်ရွှင်ချမ်းမြေ့မှု ရှိပေမည်။

ဘုရားသော်မှ၊ သိကြားသော်မှ အမြဲတစေ လူ့အလို ပြည့်ဝပျော်ရွှင် ချမ်းမြေ့စေမည်ဟု အာမခံ ကတိမပေးနိုင်သော သဘာဝတွင် မိမိသည် လောကသား 'လူ'မျှသာ ဖြစ်သည်ကို နားလည်ရန် လိုအပ်သည်။ ပျော်ရွှင်ချမ်းမြေ့မှုသည် အလိုအလျောက် မိုးပေါ်က ကျလာသည့်အရာ မဟုတ်။ ဘဝ၏ အခြားအရာများစွာကဲ့သို့ပင် ထိုက်အောင်တန်အောင် မိမိဘက်က ဝါယမစိုက်ထုတ်လုပ်ရန် လိုအပ်သည်။ အပေး အယူ အပြန်အလှန် သိတတ်မှုရှိရန် လိုသည်။

အောက်ဖော်ပြပါ အချက် ၂၅ ချက်သည် ဘဝ၏ ပျော်ရွှင်စရာရက်များ ပိုများပြောင်စေရန် အထိုက်အလျောက် အထောက်အကူပြုပေးနိုင်လိမ့်မည်ဟု ယူဆမိပါသည်။

**၁။ တွေးခေါ်ပုံကို ပြုပြင်ပြောင်းလဲလိုက်ပါ။**

**(Change your thinking)**

သခ်ီရ၏ လတ်တစ်ဖျစ်တီး သဘာဝကို နားလည်ပါ နေ့မြင် ညပျောက် လောကတွင် ထာဝရကို မိမိပိုင်စိုး၍ သေးသေးကြီးကြီး ကိစ္စမှန်သမျှကို နေ့လွဲညလွဲ လုပ်နိုင်သည် ဟု မမှတ်ပါနှင့်။ ဘဝတွင် ကြီးကျယ်သော အလှည့်အပြောင်း ဖြစ်ရပ်ကို ကြုံရတတ်သူတို့၏ အမြင်သည်လည်း ပြောင်းတ သည်။ သူတို့စိတ်တွင် 'နောက်မှ'သည် ပျောက်သွားတ

www.burmeseclassic.com

ရှိသည်။ ခရီးသွားရန် ရည်ရွယ်ထားပါက ယခုချက်ချင်း သွားလိုက်တော့သည်။ ပညာသစ်တစ်ခုကို ဆည်းပူးရန် လိုပါက ခုချက်ချင်းဆည်းပူးလိုက်သည်။ မိတ်ဆွေတစ်ဦးနှင့် ဆက်သွယ်ရန်လိုပါက ခုချက်ချင်း ဆက်သွယ်လိုက်သည်။ တစ်ခါတစ်ရံတွင် 'နောက်'ဆိုသည့်ကာလ မရောက်လာတတ်တော့သည့် လူ့သဘောကို နားလည်လာတတ်ကြသည်။

**၂။ နေ့စဉ်မှတ်တမ်း ထားပါ။**

**Keep a Journal**

အရာရာတို့ကို စိတ်မှာထားသည်ထက် ရေးချသည်က ပို၍ ထင်းထင်းမြင်သာစေသည်။ သင့်သမီးက သင့်ကို ယခုပြောလိုက်သည့် ကြည်နူးစရာစကားလေးများကို ရေးမချလျှင် နောက်နေ့တွင် စိတ်က အမှတ်ရတော့မည် မဟုတ်ချေ။ အမှတ်ရလျှင်လည်း သဲကွဲစွာ ရှိချင်မှရှိမည်။ ပြဿနာများနှင့် ထိတ်သက်လျှင်လည်း ထို့အတူပင်။ ဂဏန်းပုစ္ဆာတစ်ပုဒ် တွက်သည်ကဲ့သို့ စိတ်တွက်တွက်နေရသည်က စိတ်ရှုပ်စရာဖြစ်၏။ ရေးချလိုက်မှ ပြဿနာကို သဲသဲကွဲကွဲမြင်၍ ပေါင်း၊ နုတ်၊ မြှောက်၊ စား မည်သည့်အသွင်နှင့် ပို၍ အဖြေနီးစပ်မည်ကို သိသာစေသည်။ အဖြေကို အရှင်းဆုံးမြင်မိစေရန် ပြဿနာကို ရေးချကြည့်ပါ။

**၃။ မိမိရှုထောင့် မှန်ကန်သည်လား ဆန်းစစ်ပါ။**

**Get Some Perspective On Things**

တစ်ခါတစ်ရံတွင် မိမိလောကအမြင် မမှန်မှုဒဏ်ကို မိမိအဝက ခံရတတ်သည်။ မိမိကို တစ်ဖက်လူက လက်မခံသည်ကို အမျက်ပိုသည်ထက် မိမိဘက်က မည်သည့်အချက် ရှိနေသည်ကို ဆန်းစစ်ရန် လိုသည်။ မိမိက သိပ်ပစိပစိ များနေသည်လား။ ဤစာအုပ်ကို နေသားတကျ ပြန်မထားလျှင် နောက်တစ်ခါ လိုအပ်၍ရှာလျှင် စိတ်အနှောင့်အယှက် ဖြစ်စရာ မှန်သည့်တိုင်အောင် ကမ္ဘာပျက်လောက်သည့် အသွင်မျိုး မိမိက ဒေါသထန်နေရန် သင့်၊ မသင့် ချင့်ချိန်ပါ။

လွန်ခဲ့သောနှစ်က ကျောင်းသားစုံညီပွဲတော်ကို မိမိမလိုက်ခဲ့၍ မိမိသားက ဤနှစ် မိမိကို အရေးတယူ ပြောမနေသည်က ကလေးအပြစ်လား၊ မိမိအပြစ်လား၊ မိမိ ပတ်ဝန်းကျင်ကို မိမိအပျော်ဆင်ပေးနိုင်လျှင် မိမိပတ်ဝန်းကျင်ကလည်း မိမိကို စိတ်ချမ်းမြေ့အောင် ဖြည့်ဆည်းပေးမည်ပင်။

**၄။ အသေးအမွှားအတွက် ခေါင်းမကိုက်စေနဲ့**

**Don't Let the Small Stuff Bug You**

ပြဿနာလောကတွင် ခရီးနှင်နေရသော ဘဝသည် ပြဿနာတို့နှင့် အမြဲလုံးလည်ပတ်နေရမည်က အမှန်။ သို့သော် ခံယူပုံက အရေးကြီးသည်။ အသေးအမွှားများနှင့် ထိတ်သက်၍ ဝေဒနာသည်းနေပါလျှင် မိမိအင်အားကို မိမိ ဖြုန်းတီးရာရောက်ပေမည်။

သင်ကျော်တက်ရန် လမ်းမပေးသော ယာဉ်မောင်းကို အပြုံးနှင့်သာ သည်းခံလိုက်ပါ။ သို့က မိုက်သလား၊ ရိုင်းသလား၊ ကြမ်းသလား၊ သင့်ကို မထိပါလျှင် သည်းခံခွင့်လွှတ်လိုက်ပါ။ သည်းခံခွင့်လွှတ်လိုက်ခြင်းကြောင့် သူ့အရှိန်နှင့်သူ ပြိုလဲသွားပေလိမ့်မည်။ တစ်ဖက်လူက တီးလိုက်သောအခါ ကိုယ့်အရှိန်နှင့်ကိုယ် တစ်ပတ်လည်ပြီး ပြိုလဲကျသွားသည့် လက်ဝှေ့သမားကဲ့သို့ပင်။ ရထားလွတ်သွား၍ ဒေါပါနေသလား။ ကော်ဖီတစ်ခွက်သောက်ရန် အခွင့်အရေးရခြင်းသာ ဖြစ်သည်ဟု ယူမှတ်၍ နောက်ရထားလာသည်အထိ ငြိမ်နေလိုက်ပါ။

**၅။ ခက်ခဲသည့်[illegible]စရာအလုပ်ကိုလည်း လက်မတွန့် လုပ်လိုက်ပါ။**

**Do Any Unplesant Or Difficult Chores That Need Doing**

လုပ်စရာရှိလျက် မလုပ်ဘဲထားလိုက်ခြင်းကြောင့် ထိုအလုပ်ပျောက်သွားမည်တော့ မဟုတ်ချေ။ မလုပ်ချင်သည့်တိုင်အောင် လုပ်ရမည့်ကိစ္စများကို ခုချက်ချင်းလုပ်လိုက်ပါ။ နေ့ရွှေ့၊ ညရွှေ့လုပ်နေခြင်းကသာ စိတ်ကို ပင်ပန်းစေသည်။ လုပ်ရမည့်ကိစ္စကို တွေးပူကြောင့်ကြနေမည့်အစား လုပ်ချလိုက်သည်က စိတ်ပန်းလူပန်း သက်သာစေပါသည်။

**၆။ ပုံမှန်ထုံးစံ မမွေးပါနဲ့။**

**Change Your Routine**

• နိစ္စဓူဝပင် ကိစ္စတစ်မျိုးတည်း တစ်ရပ်တည်းကို ထပ်ကာထပ်ကာ လုပ်နေရပါလျှင် ဘဝသည် ငြီးငွေ့စရာဖြစ်လာတတ်သည်။ စိတ်ဝင်စားစရာကင်းသောဘဝသည် ဝန်ထုပ်ဝန်ပိုးတစ်ရပ် ဖြစ်လာသည်။ မိမိဘဝကို စိတ်ဝင်စားဖွယ်ရာဘဝဖြစ်စေရန် အသစ်အဆန်းများ ဆောင်ရွက်ရန် လိုအပ်သည်။

နေ့ခင်းနေ့လယ်တွင် သင်ပုံမှန် အိပ်နေကျင့်ရှိပါလျှင် နေ့ခင်းနေ့လယ် အိပ်ခြင်းက ထူးခြားသောရသကို မပေးနိုင်တော့ချေ။ နံနက်စောစော သူများတွေမနိုးခင် လမ်းလျှောက် ထွက်လိုက်ပါ။ အခါကြီးရက်ကြီး မဟုတ်သည့်ကာလတွင် ဘုရားပေါ်တက်၊ ဖတ်နေကျမဟုတ်သော စာအုပ်ကို



www.burmeseclassic.com

www.burmeseclassic.com

ဖတ်၊ ထိုင်နေကျမဟုတ်သော ဆိုင်တွင်ထိုင်၊ ဘဝကို သစ်ဆန်းလန်းဆန်းသောအရာက ပုံမှန်မဟုတ်သောအခါ ပုံမှန်ပြုလေ့မရှိသော အရာများအတွက် ဆန်းသစ်နေပေလိမ့်မည်။

၇။ အခြားသူတို့နှင့် ခြေရာလိုက်မတိုင်းနှင့်

**Don't Try To Keep Up With Others**

လောကတွင် လူတို့ ကိုယ့်ကံနှင့်ကိုယ် လာကြသည်။ ကိုယ့်ဟန်နှင့် ကိုယ့်လမ်းကိုယ်လျှောက်ရသည်။ သူက ကားစီး၍ ကိုယ်လည်း ကိုယ်ပိုင်ကား ရှိချင်၍ မရနိုင်ချေ။ သူခေါင်းကိုက်နေသည့်အခါ ကိုယ်က စိတ်လွတ်ကိုယ်လွတ် နေခွင့်ရသည်ကို မြင်တတ်ပါ။ မိမိက နာရီသံသရာထဲ မြောင်းပေါက်မတတ် ပြေးနေချိန်တွင် သူ့ကုသိုလ်နှင့်သူ ဘီယာစုပ် အပန်းဖြေနေနိုင်ခြင်းကို လိုက်ပြီး မကျေမနပ်ဖြစ်နေလျှင် ကိုယ်သာနှလုံးရောဂါ ရပေမည်။

၈။ စိတ်အမှိုက် ရှုပ်အမှိုက်တို့ကို ရှင်းထုတ်ပစ်လိုက်ပါ။

**Have A Big Clean Out And Direst Yourself Of Useless "Stuff"**

လူတို့သည် ပြီးခဲ့သည့်ကာလ၏ အကျဉ်းသားများဖြစ်ကြသည်။ လွန်ပြီးသောအရာတို့ကို သံယောဇဉ်ထားတတ်ကြသည်။ ကြာတော့ စင်ပေါ်မှာ ဗီရိုပေါ်မှာ ဖြတ်လျှောက်ခဲ့သည့်ဘဝ၏ တစ်စွန်းတစ်စ အမှတ်တရပစ္စည်းများက ရှုပ်ပွနေတတ်သည်။ ပစ်ရန်ကလည်း အဆီကတဝင်းဝင်းမှာ ဖြစ်သည်။ စားရန်ကလည်း သဲက တရှပ်ရှပ်ဟု ထင်သည်။ ရှုပ်ပိုင်းဆိုင်ရာတွင် မြို့ပြအမှိုက်ပုံနှင့် တူလာသကဲ့သို့ စိတ်မှာလည်း အတိတ်ဘေးသင့်နေသော အတွေ့အကြုံများ ပြည့်လာသည်။ ထားစရာ သိုစရာမရှိ စိတ်တံခါးကို ပိတ်မရ။ အပြင်ဘက်သို့ လျှံကျလာ၍ အသစ်တို့က မဝင်နိုင်။ ကြာတော့ ဘဝကို တရားသော အမြင်များဖြင့်သာ မြင်တွေ့ခံယူ၍ လူတောနှင့် အံမဝင်သူ ဖြစ်လာရတတ်သည်။

ထို့ကြောင့် ဗီရိုထဲမှ သက်တမ်းရင့် အမှတ်တရအမှိုက်များကို အခါအားလျော်စွာ ရှင်းလင်းပစ်ရန် လိုအပ်သလို စိတ်အမှိုက်များကိုလည်း မီးတိုက်ထုတ်ပစ်တတ်ဖို့ လိုသည်။

၉။ ဟင့်အင်းဟု ငြင်းတတ်ပါ

**Learn To Say No**

ဘဝပြဿနာ အတော်များများကား အားနာမှုကြောင့်ဖြစ်လေ့ရှိသည်။ ပြောရမည်ဆိုရင် အားနာ၍ ဆိုရမည်တို့စိတ်မကောင်း၍ သို့ဖြင့် အမြဲတမ်း ခေါင်းညိတ်နေမိသောအခါ စိတ်သွားတိုင်း ကိုယ်မပါနိုင်သည့် အနေတို့ကျ၍

စိတ်ညစ်မှုသာ အဖတ်တင်ရတတ်သည်။ တစ်နည်းပြော လျှင် စိတ်ချမ်းသာစေချင်၍ သို့မဟုတ် စိတ်ချမ်းသာစေ ဟု လွယ်လွယ်ခေါင်းညိတ်မိ၍ စိတ်ညစ်ရသည်တို့ ကြုံရတ သည်။

၁၀။ ကိုယ့်အိမ်ထောင်ဖက်သည် တစ်ခါက မိမိရည်းစားပင်ဖြစ်ကြောင်း မမေ့ပါနှင့်။

**Remember To Love Your Partner For Who He Or She Is**

အိမ်ထောင်သက်ရင့်လာလျှင် အချစ်က ပွန်း ပါးလာသည်။ ဟိုတုန်းက မိမိချစ်ခဲ့သူမှာ သူမှ ဟုတ်ပါ ရဲ့လားဟု ထင်လာသည်။ မြင်လာသည်။ ရည်းစားဘဝ ကြည်နူးမိခဲ့သမျှ အချက်တို့ကို ယခုကျမှ 'အပျက်' လတ္တ များဟု ခံယူလာတတ်သည်။

လူတို့သည် ကားများကို တစ်နှစ် တစ်ခါ ပြန်သ လိုင်စင်ဝင်ကြသည်။ အိမ်များကို တစ်နှစ် တစ်ခါ ပြန်သ ဆေးသုတ်ကြသည်။ အချစ်ကိုမူ တစ်နှစ် တစ်ခါ ဆေ လည်းကောင်း၊ အခါအားလျော်စွာ သော်လည်းကော ပြန်လည်ဆန်းစစ်၍ သက်တမ်းနှင့် ကာလဒဏ်တို့ ပေါ် ထည့်၍ အသစ်ပြန်ပေါင်းတင်ရန်ကိုမူ မဆင်ခြင်တတ်ကြ ဤအချက်အတွက် လင်ရောမယားပါ နှစ်ဖက်စလုံး အဓိကကျပြီး အိမ်ထောင်မှု ပေါင်းသင်းဆက်ဆံရေး ပျော်ရွှင်စရာတို့ခန်းခြောက်စေသည့် အရေးကြီးဆုံးအကြော တစ်ရပ်ပင်ဖြစ်သည်။

၁၁။ ရင်းနှီးမှုကြောင့် လေးစားမှု မပျက်ပြားပါစေနှင့်

**Don't Let Familiarity Breed Contempt**

လင်နှင့်မယား သို့မဟုတ် အရင်းနှီးဆုံး မိတ်ဆွေ ကြားတွင် ပြဿနာတစ်ရပ်ကား ရင်းနှီးမှုအတိုင်းအတာ ရှိုင်းလေလေ အားနာမှု လျော့ပါး၊ လေးစားမှု ကင်းမဲ့ခြင်း ဖြစ်သည်။ သူစည်းသူတား အလေးသမှု ထားရမည်တို့ မထားတတ်တော့ခြင်း သို့မဟုတ် ထားရန်မလိုဟု ယူမှတ် ပင်ဖြစ်သည်။ တစ်နည်းဆိုရသော် လေးစားကြည်ညို သည် မေတ္တာပွန်းပဲ့သည်အထိ အခြေအနေဆိုက်တတ်သ ဤအချက်ကို လင်နှင့်မယား၊ သွေးချင်းနှင့် ရောင်း မိတ်ဆွေတို့ သတိချပ်ရန် လိုအပ်လှပေသည်။

၁၂။ မေတ္တာသည် သိုဝှက်ထားစရာ အရာမဟုတ်

**Tell Your Partner, Family And Friend That Love Them**





www.burmeseclassic.com

www.burmeseclassic.com

သမီးရည်းစားဘဝက "ချစ်ပါသည်"ဟု ပြောရန် ဝန်မလေးခဲ့သူတို့သည် လင်မယားအရာ မြောက်ပြီးသောအခါတွင် ပြောစရာမလိုတော့ဟု ထင်မှတ်တတ်ကြသည်။ ထိုအခါကျမှ နှုတ်မရဲ ရှက်တတ်ကြသည်။ ထို့အတူ သွေးချင်းသားချင်းများကြားတွင်လည်း မေတ္တာရှိပ်၊ မေတ္တာရောင်ပြရမည်ကို ဒုစရိုက်တစ်ခုပြုသည်ဟု ထင်မှတ်သည်ကဲ့သို့ ရှောင်ရှားကြသည်။ ချုပ်ကြသည်။ ဆဲကြသည်။ ဒေါသထွက်ပြကြသည်။ သို့သော် ထိုဆူဆဲ ဒေါသထွက်ခြင်းတို့သည် သူ့အတွက် စိုးရိမ်၍ ပူပန်၍ တစ်နည်း သူ့ကိုချစ်၍ သူတစ်ခုခု မဖြစ်စေချင်၍ ပြောရန် နှုတ်လေးနေတတ်သည်။ ဆွံ့အ,နေတတ်သည်။ တစ်ခါတစ်ရံတွင် သမီးရည်းစားဘဝကလို နှုတ်ရဲပေးပါ။ ချစ်တာကို ချစ်တယ်၊ ကြိုက်တာကို ကြိုက်တယ်။ သဘောတွေ့တာကို သဘောတွေ့တယ်ဟု အားမနာတမ်း ပြောကြည့်ပါ။

၁၃။ သင့်လက်ကိုင်ပဝါနှင့် သူမျက်ရည်သုတ်နေရလား။

**Are You Always a Shoulder To Learn On For Trouble Friends?**

မိမိအိမ်ထောင်ဘက် သွေးချင်းသားချင်းတို့၏ ဒုက္ခကို ဝေမျှခံစားရသည်က မှန်ပါသည်။ ဤသည်ကိုကား သင်ကိုယ်တိုင်ရွေးချယ်ခဲ့၍ သင့်ဘဝပေး တာဝန်ဝတ္တရားတို့ပင် ဖြစ်သည်။ မိတ်ဆွေအပေါင်းအသင်း ရောင်းရင်းတို့ကို အားပေးကူညီခြင်းကလည်း လူမှုရေးအရ မလွန်ဆန်နိုင်သော မိတ်ဝတ်များပင် ဖြစ်သည်။

သို့သော် သူတို့မျက်ရည်များဖြင့်သာ သင့်လက်ကိုင်ပဝါ ရွှဲနေသည်ဆိုပါလျှင် သင်ဆင်ခြင်ရန် လိုပေပြီ။ ကိုယ့်အခင်းကိုယ်စား၍ လောကကြီးဒုက္ခသည် ကော်မရှင်နာမင်းကြီးလုပ်သူအတွက် ပျော်ရွှင်စရာအကြောင်း မည်သို့မျှ ရှိမည်မဟုတ်ချေ။ သောကကင်းရန် အနေတတ်ဖို့ လိုအပ်လှ၏။

၁၄။ မိတ်ဆွေတို့ကို အဆက်အသွယ်မပြတ်ပါစေနှင့်။

**Phone, e-mail, even Write To Some Old Friends**

မိတ်ဆွေတို့အရေးကို သင်တရားလွန် ဝင်ရောက်မပါသင့်သော်လည်း အထိုက်အလျောက်မူ ဆက်သွယ်မှုရှိရန် လိုအပ်သည်။ သင့်အဘွားလေးကို မတွေ့သည်က မည်မျှကြာပြီနည်း။ သူ့ဆီသွားလည်ပါ။ သင့်ဦးလေး နယ်ပြောင်းသွားသည်မှာ မည်မျှကြာပြီနည်း။ သူ့ဆီသွားလည်ပါ။ စာလေးတစ်စောင်ရေး၍ သတိရကြောင်း ပြောပါ။ စာတို့ အဆက်အသွယ်တို့သည် စိတ်ညစ်ညူးချိန်တွင် ရောက်လာတတ်ကြသည့် ဖြေဆေးများဖြစ်သည်။ သင်ကိုယ်တိုင်တွေဝေနေသည့်ကာလတွင် ထိုသို့တစ်မြေတစ်ရပ်မှ စာတစ်စောင်ရောက်လာလျှင် ဘာရယ်မဟုတ်သည့်တိုင်အောင် တစ်အားဖြစ်သည်ကို သင်ကြုံဖူးပါလိမ့်မည်။

၁၅။ စိတ်လန်းဆန်းကြည်လင်စေရန် ပန်းများဆင်

**Enhance Your Mood With Greenery**

စိမ်းလန်းသောဥယျာဉ်၊ လန်းဆန်းနေသော ရောင်စုံပန်းများသည် စိတ်ကို ကြည်လင်တတ်စေသည်။ လှပသောပန်းများ ဝေဆာနေအောင် ဘုရားစင်တွင် ကပ်လှူပူဇော်ထားသလို အိမ်အနှံ့တွင် ပန်းအိုးများဖြင့် ပန်းများဝေဆာအောင် စိုက်ပျိုးထားလျှင် ပန်းများသည် စိတ်ကိုစိုပြည်ရွှင်လန်းချမ်းမြေ့စေသည်။

၁၆။ လဟာပြင်ကို ထွက်ပါ။

**Go To The Beach**

မွန်းကျပ်သော မြို့ပြဘဝသည် မွန်းကျပ်သောစိတ်ဓာတ်ကို ဇာကန်မှုချဖြစ်စေမည်။ မြစ်မီးရောင်လယ်ကွင်း၊ ရေပြာပြာသောင်ကမ်း၊ မှိုင်းညို့ညို့တောင်တန်းတို့သည် စိတ်ကို လန်းဆန်းကြည်လင်စေနိုင်သော အစွမ်းရှိသည်။

ဖြူဖွေးသော တိမ်တစ်သိုက် လေနှင်ရာရွေ့လျားခိုက် မိုးပြာပြာကို နောက်ခံ၍ ခရီးနှင်သွားသော ကြိုးကြာငှက်လေးတို့ကပင် စိတ်ကို အားအင်သစ် ထိုးသွင်းပေးနိုင်သကဲ့သို့ သဘာဝအလှသည် ဘဝကိုမြတ်နိုးတတ်အောင် ဆင်ပေးနိုင်သည်။

၁၇။ တစ်ခုခု ဖန်တီးပါ။

**Create Something**

စက္ကူလှေကလေးလုပ်၍ ပျော်ရွှင်နေတတ်သော ကလေးငယ်ကို မြင်ဖူးပါလိမ့်မည်။ သို့မဟုတ် ကာတွန်းလေးဆွဲ၍ သဘောတွေ့နေသော ချာတိတ်လေးကို တွေ့ဖူးပါလိမ့်မည်။ ဖန်တီးနိုင်စွမ်းသည် ပီတိကို ဖြစ်စေတတ်သည်။ ပီတိဖြင့် ရွှင်ပျမှုကား တုဖက်ကင်းသော ရွှင်ပျမှုပင် ဖြစ်သည်။

ထို့ကြောင့် တတ်နိုင်လျှင် ပန်းချီဆွဲပါ။ ပန်းပုထုပါ။ သို့မဟုတ် ခြံစိုက်ပါ။ သို့မဟုတ် [illegible]ချုပ်ပါ။ သို့မဟုတ် မုန့်လုပ်ပါ။ ပြိုင်ဘက်ကင်းသော ပီတိကို ခံစားရပါလိမ့်မည်။

၁၈။ လေကောင်းလေသန့် ရှူရှိုက်ပါ။

**Breath Fresh Air**

အိမ်ပြင်ကို ထွက်ပါ။ သို့မဟုတ် ပြတင်းပေါက်များကို ဟင်းလင်းဖွင့်ပါ။ အသက်ကို ပြင်းပြင်းရှူပါ။ သင့်ခန္ဓာကိုယ်ထဲမှ လေညစ်တို့ အပြင်သို့ ထွက်သွားကြပါစေ။ အဆုတ်ထဲ



www.burmeseclassic.com

www.burmeseclassic.com

သို့ဝင်သည့် လတ်ဆတ်သော လေသည်ပင် သင့်စိတ်ကို ကြည်လင်ရွှင်ပျစေနိုင်သည်။

**၁၉။ လမ်းလျှောက်ထွက်ပါ။**

**Go For A Walk**

ဘာမှ အထူးအားစိုက်ရမှု မဟုတ်ချေ။ သို့သော် အညောင်းပြေ အညာပြေ လမ်းလျှောက်ထွက်မှုလေးကပင် သင့်စိတ်နှင့်ကိုယ်ကို လန်းဆန်းရွှင်ပျစေနိုင်သည်။ နေ့စဉ်ပုံမှန် လမ်းလျှောက်ထွက်ပါက တစ်နေ့တခြား သင်ပို၍ ကျန်းမာရေးပြည့်ဝ ရွှင်ပျအားတိုးလာသည်ကို ကြုံရပါမည်။

**၂၀။ ဗွီဒီယိုဟာသကားတစ်ကား ငှားကြည့်ပြီး အားရပါးရ ရယ်မောပစ်လိုက်ပါ။**

**Rent A Funny Video And Have A Good Laugh**

အိန္ဒိယနိုင်ငံတွင် ရယ်မောခြင်းဖြင့် စိတ်ဖြေသောအဖွဲ့အစည်းတစ်ခုရှိသည်။ ထိုအဖွဲ့ဝင်တို့သည် အသားလွတ်ထိုင်ရယ်လေ့ရှိကြသည်။ ထိုရယ်မောမှုက အကြောအခြင်တို့ကို ပြေစေသည်။ စိတ်ပန်းပြေစေသည်။ စိတ်ပန်းပြေ၊ အကြောအခြင်ပြေမှတော့ စိတ်ကြည်လင် လန်းဆန်းသွားသည်က အမှန်၊ ဟာသရုပ်ရှင်ကား တစ်ကားကြည့်ပြီးလျှင် ရယ်မောလိုက်ပါက အကြာကြီးမဟုတ်လျှင်တောင်မှ တစ်ခဏတော့ သောကတို့ လျော့ပါးသွားရသည်။

**၂၁။ အရွေ့အပြောင်းများ ပြုပါ။**

**Move Your Furniture And Ornaments Arounds, Change rooms, Paint Walls2**

အရှေ့တိုင်းသားများက ဖုန်းရွှေကို သုံးကြသည်။ လာဘ်ရွှင်ရန်အတွက် အခန်းတွင်းရှိ ပရိဘောဂများ အထားအသို ပြင်သည်။ လာဘ်ကိစ္စအသာထား အပြောင်းအရွှေ့သည်ပင် စိတ်ကို တစ်မျိုးတစ်ဖုံ လန်းဆန်းစေနိုင်သည်။ အပန်းဖြေခရီး ထွက်သည်ကဲ့သို့ပင် မြင်နေကျ၊ တွေ့နေကျ အနေအထားတို့မှ လွတ်ကင်း၍ စိတ်အမြင်ပြောင်းလဲစေနိုင်သည်။

**၂၂။ မိမိကိုယ်မိမိ 'ဆုတစ်ခု' ကတိပြုပါ။**

**Give Youself Something To Look Forward To**

ရယူစရာတစ်ခုခုရှိပါက လှမ်းရသည်က အားရှိစေသည်။ လှမ်းမိစေသည်။ ထို့ကြောင့် ဤကိစ္စပြီးလျှင် ဦးနှောက်ဆေးသည့်ကဲ့သို့ အပန်းဖြေခရီးထွက်မည်။ သို့မဟုတ် မိမိအကြိုက်စာအုပ်သုံးအုပ် ဆက်တိုက်ဖတ်လိုက်မည်။ ရုပ်ရှင်သွားကြည့်မည်။ ဘီယာသွားသောက်မည်။ အကျီသစ်တစ်ထည် ဝယ်လိုက်မည်ဟု 'ကတိ'ဖြင့် မိမိကိုယ်မိမိ အားပေးပါ။ အားသွင်းပါ။ သို့မှသာ အလုပ်လုပ်ရာတွင် တက်ကြွသ လုပ်ရကျိုးနပ်သည်ကဲ့သို့ ခံစားရပေမည်။

**၂၃။ မိတ်ဆွေများနှင့် အချိန်ယူ အပန်းဖြေပါ။**

**Invite Friend Over For Dinner**

အခါအားလျော်စွာပင် မိတ်ဆွေများကို အိမ်သို့ ဖိတ်ပါ။ မွေးနေ့ သို့မဟုတ် မင်္ဂလာဆောင်နှစ်ပတ်လည် စသည်တို့ကို ပြုလုပ်ပါ။ ဘဝတွင် ပျော်ရွှင်မှုတို့ ဖြည့်ဆည်းပေးသော လူစားတို့ကား ရောင်းရင်းမိတ်ဆွေများပင်ဖြစ်ပြီး ထိုရောင်းရင်း မိတ်ဆွေများကို 'ပျိုးထောင်ရန်၊ မွေးရန်' လိုအပ်လှပေသည်။ ဤသို့ ဖိတ်ပွဲများ၊ ဧည့်ခံပွဲများသာမက မိမိရင်းနှီးသူ တစ်ယောက်တလေ သို့မဟုတ် မိသားစုတစ်စုချင်းတို့ကိုလည်း အိမ်သို့ ဖိတ်ခေါ် ဧည့်ခံမှုများ ပြုလုပ်သင့်သည်။

**၂၄။ ပြုံးပါ။**

**Smile**

အပြုံးသည် ကူးစက်ရောဂါတစ်ခုထက်ပင် ကူးစက်စွမ်းအား ကြီးမားလှပေသည်။ တုံ့ပြန်လာသည့် အပြုံးတို့ကို လက်ခံပါ။ တုံ့ပြန်ပါ။ အပြုံးသံသရာသည် ပျော်ရွှင်မှုတို့ ဝေ့ဝိုက်ခေါ်လာနိုင်စွမ်း ရှိသည်။

**၂၅။ အခြားသူတစ်နေ့တာ ပျော်ရွှင်ချမ်းမြေ့အောင် လုပ်ပေးပါ။**

**Make Somone Else's Day Happier**

ပျော်ရွှင်ချမ်းမြေ့လိုသည်က မိမိ၊ တစ်ပါးသူကို ပျော်ရွှင်ချမ်းမြေ့အောင် ပြုလုပ်ပါဟုဆို၍ တလွဲဆံပင်ကောင်းနိုင်နေသည်ဟု မထင်ပါနှင့်။ မေတ္တာရောင်ပြန် သဘောအတိုင်းပင် တစ်ပါးသူကို စိတ်ချမ်းမြေ့အောင် ပြုမိသူသည် သူကိုယ်တိုင် စိတ်ချမ်းမြေ့မှု ခံစားနေရကြောင်း ဧကန်မုချမြင်တွေ့ပေလိမ့်မည်။

**လှတိုး(စိတ်ပညာ)**

**Ref** : R.D ပါ 25 Ways to Be Happy Wendy Mc Crea

❑



www.burmeseclassic.com

www.burmeseclassic.com

# သစ္စာဆိုသည့်မှာရယ်

တိမ်တဝန်း(ရွှေပြည်သာ)



"မဟုတ်ပါဘူးဆို၊ ရှင်ငိုလွှန်နေပြီနော်"

"ဘာမှ ငြင်းမနေနဲ့၊ မဟုတ်ရင် ငါခေါ်တိုင်း ဖုန်းက မအားဘူးလို့ ပြောမလား၊ ဟုတ်လို့ နင် တခြားကောင်နဲ့ ပြောနေလို့ မအားတာပေါ့"

"မသိတော့ဘူး၊ လိုင်းက ဒီလိုပဲ ပြောလည်း ရှင်က ရှင့်ဆက်သွယ်ရေးက ရှုင့်ဟာမတွေ ပြောတာပဲ ယုံတာကိုး၊ ကျုပ်လည်း ဖုန်းကို ဒီအတိုင်းချထားတာပဲ၊ အမေတို့ဆီက လာရင်တောင် လိုရင်းတိုရှင်းပြောပြီး ချလိုက်တာ၊ သောက်ဖုန်းတွေလည်း မကိုင်ချင်တော့ပါဘူး၊ သောက်ပြဿနာက ဒီဖုန်းကပဲ ဖြစ်နေရတယ်"

"မကိုင်ဘဲ နင် မနေနိုင်ပါဘူး၊ နင့်အကောင်တွေဆီ ဆက်ရဦးမယ်လေ၊ ဟင်း ဟင်း ဟင်း"

"ရှင်နော် ရှင်၊ ရပ်တန်းကရပ် ရှင့်လို ကျုပ်မပြောတတ်ဘူး၊ ကျုပ် စိတ်မရှည်ရင် ရှင့်ကို လုပ်မိလိမ့်မယ်"

"အံမာ နင်လိုဟာမကများ"

"ဝုန်း . . ဒုန်း . . ချလွမ် . . ဘုန်း"

" . . . × . . +. . # . . "

"@. . #. . . × . . +. . "

✿

"ဟင်း"

တစ်ဖက်ခန်းမှ မတင်သန်း သက်ပြင်းမောကိုသာ ချလိုက်မိပါသည်။ အစတော့ လင်မယား နှစ်ယောက် တည်းမို့ မိမိလည်း အဖော်ရလို့ရဖြား အခန်းလေးကန့်ပြီး ငှားလိုက်မိပါတယ်။

www.burmeseclassic.com

အနေကြာလာသည်နှင့်အမျှ ကောင်လေးက မဟန်။

သူ့မိန်းမလေးခမျာ ခဏ ခဏ ညည်းရှာသည်။ ငယ်သူကို ယူမိလို့ ဒုက္ခရောက်ရကြောင်း၊ စိတ်ဆင်းရဲကြောင်း၊ အနေကျပ်ကြောင်း တစ်ခုမှ ကောင်းတာမပါ။

အသက်ကြီးကြီး မိန်းမ ရထားပါလျက် သင်းက တိုလိုက်သည့်သဝန်၊ မျက်မှန်းတန်းမိနေသော တစ်ရစ်ကွက်တည်းနေသော အမျိုးသားမှန်လျှင် ပြုံးမပြရဲ၊ ပြုံးပြမိသည်နှင့် လင်ငယ်ဆိုကာ သမုတ်ပြီး ပြဿနာရှာတော့သည်။ ကောင်မလေးခမျာ ရဲစခန်းလိုက်ရှင်းရသည်မှာ ဘယ်နှကြိမ်မှန်းမသိ။

ယခုလည်း ဘာဖြစ်ပြန်သည်မသိ၊ ဘယ်တော့ ဘာဖြစ်ဖြစ် မိမိ ဝင်မပါ။ မသိဟန်သာ ဆောင်နေလိုက်သည်။ တစ်ယောက်ချင်းတွေ့လျှင်တော့ နှစ်ယောက်စလုံး ခင်မင်နှစ်လိုဖွယ်ရာပင်။

အချိန်မည်မျှကြာအောင် သင်းတို့အကြောင်း စဉ်းစားနေမိသည်မသိ၊ အိမ်ပေါ်တက်လာသော ခြေသံကြောင့် မော့ကြည့်မိသည်။

"လာ ညီမလေး၊ ဘာဖြစ်ကြပြန်ပြီလဲ"

"ထုံးစံအတိုင်းပေါ့ မမရယ်၊ ပီတိမှာ ဘယ်ကမှ လာစရာ ဖုန်းလည်းမရှိပါဘူး၊ ခေါ်စရာလည်း မရှိပါဘူး၊ သူ နေ့ခင်းက ဆက်တာ မအားဘူးဖြစ်နေလို့တဲ့"

"သူက မြန်မာပြည်က ဖုန်းလိုင်းအကြောင်း မသိဘူးလား"

"မမရယ် သိလား၊ မသိလား ပီတိတော့ မသိဘူး၊ ပီတိသိတာ ဘယ်မှ မသွား၊ ဘယ်မှမဆက်၊ ဘာမှမလုပ်ဒါပဲ"

"ခုကော ဘယ်ထွက်သွားလဲ"

"သိဘူး၊ သူ့တွက် ချန်ထားတဲ့ ဟင်းပန်းကန် ပေါက်ခွဲပစ်တယ်လေ၊ ဝေတ်ပေါ့၊ နည်းနည်းလည်း မူးလာတယ်၊ ပီတိ အရမ်းစိတ်ညစ်တာပဲ"

"အင်း မမလည်း အိမ်ထောင်မကျဖူးတော့ ဘယ်လို နှစ်သိမ့်ရမယ် မသိတော့ဘူးကွယ်၊ မမက တစ်ယောက်တည်းမို့ ညည်းတို့ကို အဖော်လေးများ ရမလား ငှားမိတာပါ၊ အဖော်မရဘဲ အလျှော်ချည်းခံနေရတယ်၊ မပြောချင်ဘူး"

"ဟုတ်ပါ့ မမ့ရယ်၊ အားနာပါတယ်၊ ပီတိလည်း ထွက်ပြေးချင်ပြီတကယ်"

"တော်ပါအေ၊ ဟိုက ပြန်လာလို့ နှစ်ခါ မချော့ရဘူး ဟင်း"

"တော်ပါပြီ မမရယ်၊ ဒီတစ်ခါတော့ တကယ်စိတ်နာတယ်"

"စိတ်နာလည်း နောက်မှနာ၊ ဟိုမှာ ပြန်လာပြီ၊ လက်ထဲက ဘာတွေလဲ မသိဘူး"

"မ ရေ . . မ၊ ချစ်မ . . မောင့်မမ . . ဟာကွာ၊ ဘယ်ရောက်နေတာလဲ၊ ဒီမှာ မမလင် ပြန်လာပြီလေ၊ ဟော အစ်မကြီးဆီ ရောက်နေတာကိုး၊ လာ လာ မ၊ မဖို့ ကြာဆံကြော် ဝယ်လာတယ်၊ ဟောဒီက အစ်မကြီးဖို့က ဝက်ခေါင်းသုပ် ရော့ . . စားဗျာ"

"တော်တို့ပဲ စားပါအေ၊ ကျုပ်ကို လာဘ်မထိုးပါနဲ့၊ ဆူညံ ဆူညံမလုပ်ရင်ပဲ ကျေးဇူးကြီးလှပါပြီ"

"ဟာ . . . အစ်မကြီးကလည်း ကျွန်တော်က ကျွန်တော့်မိန်းမကို အချစ်စမ်းတာပါဗျ"

"ဒီမှာကြည့်၊ ကျွန်တော့် မိန်းမ မျက်စောင်းလေး_ ဘယ်လောက်လှလဲ၊ ဒီလို မျက်စောင်းလှလှလေးရဖို့ ကျွန်တော့်မှာ ရှာလိုက်ရတဲ့ ပြဿနာ ပင်ပန်းလိုက်တာဗျာ၊ လာ မ, မောင် ဗိုက်ဆာပြီ၊ ခုနက ဟင်းက အိမ်မြှောင်ဝင်စားနေတာမြင်လို့ မောင် တမင်ပေါက်ခွဲလိုက်တာ၊ ဟီး ဟီး ထ စားကြမယ်"

ပြောလည်းပြော၊ အတင်းလည်း ဆွဲထူနေတာမို့ အလိုက်သင့် ပါသွားပါတော့သည်။

"ဟူး"

ခေါင်းတခါခါ သက်ပြင်းတချချနှင့် ကျန်ရစ်ခဲ့ရသည်က ဝက်ခေါင်းသုပ် တစ်ထုပ်နှင့် မိမိသာ။

✿

"ရှင် အဲလို ခဏ ခဏလုပ်နေရင် ကျုပ် စိတ်ညစ်လာပြီနော်"

"ငါပြောတာ မင်း ရအောင်ရှင်းလေ"

ဟော တစ်ဖက်ခန်းက လင်မယား၊ ဈေးက ပြန်လာတာနဲ့ အသံကြားရပြီ။ ဘာများ ဖြစ်ပြန်ပြီလဲ။

လက်နှီးနှင့် လက်ကို ကမန်းကတန်းသုတ် နီးရာတန်း လှန်းတင်လိုက်ကာ အိမ်ရှေ့သို့ ထွက်လာပြီး နားစိုက်မိသည်။

"ကဲ - ပြောလေ"

"ဘာပြောရမှာလဲ"

"ဟာ- အဲ့ကောင် မင်းကို ဘာလို့ ပြုံးပြတာလဲ၊ မင်းကကော ဘာလို့ ပြန်ပြုံးပြတာလဲ၊ မေးနေတာကွ"

"ဟား- အဲဒါ ဒီရပ်ကွက်က ရပ်ကွက်လူကြီးသားပါလို့ ပြောထားတာ ရှင် နားမပါဘူးလား"

"နားပါတယ်၊ ပြုံးပြတာကို မေးနေတာ"

www.burmeseclassic.com

"အဲ ကျုပ်တို့က အိမ်ငှားလေး ညှော်စာရင်းတိုင်ရတယ်၊ သူပဲ ရေးပေးတာ၊ သိလို့ ပြုံးပြတာ ဆန်းသလား"

"သူ ပြုံးပြတာ ထားပါတော့၊ မင်းက ပြန်ပြုံးပြစရာလား၊ ကောင်မက္ကန္တြေကိုမရှိဘူး၊ ကောင်လေးပြုံးပြတာနဲ့ သောက်ခွက်က ပြုံးပျော်နေတယ်"

"ရှင်နော် မစော်ကားနဲ့၊ လူကြားလို့မှ မကောင်း၊ ကျုပ် သိက္ခာကို မစော်ကားနဲ့၊ ယောက်ျားဆို ရှင့်လိုချည်းပဲလို့ သတ်မှတ်ထားလို့ ဘာလာလာ ဆောရီးပဲ၊ ရှင့်တောင် တည်မိတဲ့ဘုရား ဖွတ်ထွက်ထွက်၊ လင်းတနားနား သည်းခံနေတာ မှတ်ထား"

"ဟင်း ဟင်း မင်းနဲ့ ငါနဲ့တော့ ရှင်းမှ ဖြစ်တော့မယ်၊ မင်း ငါ့ကို ဒုက္ခပေးတာ များနေပြီ"

"ဘာ ဟား ဟား၊ ရှင့်ကို ကျုပ်က ဒုက္ခပေးတာ များပြီ ဟုတ်လား၊ အရပ်ကတို့ရေ ကြားကြရဲ့လား၊ ဒီမယ် ဒါဆိုလည်း ကျုပ်ကို စွန့်လွှတ်လိုက်လေ ရှင် အေးချမ်းသွားတာပေါ့"

"ဟေ့ စွန့်လွှတ်ဖို့ မပြောနဲ့ကွ၊ သေတောင် မစွန့်လွှတ်ဘူး၊ မင်းကို ချစ်လွန်းလို့ ငါ့မှာ ဒုက္ခရောက်နေရတာ"

"ကျုပ်က ရှင်ချစ်တာ မလိုချင်တော့ဘူး၊ ရှင်က ချစ်တယ် ချစ်တယ် ပါးစပ်က အော်နေတာ၊ ကျုပ်စိတ်ချမ်းသာရတဲ့ရက် တစ်ရက်မှ မရှိဘူး"

"မပြောနဲ့၊ ငါ့ဘဝထဲက မင်း အရှင်တော့ မထွက်ရဘူး၊ အသေပဲ ထွက်ရမယ် လာခဲ့"

ဘုရား ဘုရား။ ဒီလင်မယား လက်လွန် ခြေလွန်တော့ ဖြစ်ကုန်တော့မှာပဲ။ မဖြစ်ပါဘူး ငါသွား ဖြန်ဖြေမှပါ။

"ဟဲ့ ဟဲ့ တော်ကြ တော်.တော် အလို ဟဲ့"

"ဟာ- အစ်မကြီးက ဘာလို့ လာတာလဲ၊ အရှိန်ပျက်သွားပြီ၊ ဟီး ဟီး"

ပီတိက ထုရိုက်လျက် အခန်းထဲ ဝင်ပြေးလေပြီ။

"ရှင်ကလေ မပြောချင်ဘူး ကဲ"

"လာလေ အစ်မကြီး ထိုင်၊ မရေ ရေနွေးယူခဲ့ပါဟ"

"ယူဘူး ကိုယ်လာယူ"

"ဟီး ဟီး သူ ရှက်သွားပြီ"

"နင်တို့ဟာ၊ အရူးလင်မယား၊ နင်တို့ကြောင့် ငါပါ ရူးတော့မယ်၊ တော်ပြီ မထိုင်တော့ပါဘူး၊ နောက်ကို ဆင်ခြင်ကြ"

"ဟုတ်ကဲ့ ခင်ဗျ. . ဟီး ဟီး"

✿

"ခုတလော ကျော်ကြီးတစ်ယောက် ငြိမ်နေပါလား ပီတိရေ"

"ဟုတ်တယ် မမရေ၊ ငြိမ်နေပေမယ့် စိတ်မအေးရပါဘူး၊ ဘယ်နေ့ ဘယ်လိုအကြောင်းရှာပြီး ဖောက်မလဲဆိုတာသာ ရင်တထိတ်ထိတ်နဲ့"

"ညည်းလည်း ဝဋ်ပေါ့အေ၊ လောကမှာ မုန်းတဲ့သူမှ ကြောက်စရာကောင်းတယ် အောက်မေ့နေတာ၊ ကျော်ကြီး တွေ့မှပဲ ချစ်တဲ့သူကလည်း ရန်သူပဲဆိုတာ သိလာရတယ်"

"ဟုတ်ပ့ါ မမရေ"

"တတူတူ တတူတူ တတူတူ"

"ဟဲ့ ပီတိ ညီမလေး ဖုန်းသံလား၊ တော်ကြာ ညည်းလူ ခွစာ ဖြစ်နေမယ် မြန်မြန်ပြေး"

"ဟလို"

". . . ."

"ဟုတ်ပါတယ်"

". . . ."

"ရှင်"

". . . ."

"အစ်မက ဘယ်တာလဲ"

". . . ."

"အို ကျွန်မ မသိလို့ပါ"

". . . ."

"ခု အလုပ်သွားပါတယ်၊ ဟုတ်ကဲ့ ဟုတ်ကဲ့ ဟုတ်ကဲ့ ဟုတ်ကဲ့"

"ညီမလေး ဘာတဲ့လဲ၊ ကျော်ကြီး အာဖြစ်လို့တဲ့လဲ"

"မမ"

"ပြော ညီမလေး"

"မမမောင်က ဟင့် ဟင့်"

"ဘာဖြစ်လဲ၊ ပြောလေ ဇဂိုနဲ့၊ ဘာဖြစ်လို့တဲ့လဲ"

"နောက်မိန်းမတစ်ယောက် ယူထားတယ်တဲ့၊ လူကြီးစုံရာနဲ့ လက်မှတ်ထိုး ယူတာတဲ့၊ အဲ့ကောင်မလေးမှာ သူ့ကိုယ်ဝန်နဲ့တဲ့ ဟင့် ဟင့် ဟင့်"

"အလို ဘုရား ဘုရား၊ ဟုတ်ရဲ့လား. . ဘယ်သူပြောတာလဲ၊ မလိုလို့ ပြောတာများလား အေ"

"မဟုတ်ဘူး မမ၊ သူ့ ကြီးတော်ကိုယ်တိုင်က ပြောတာ၊ နဂိုကတည်းက သူ့ကြီးတော်က ပီတိကို သူ့တူကို မယူနဲ့တဲ့၊ ကောင်းတဲ့အကောင် မဟုတ်ဘူးတဲ့၊ ခုလည်း သူက သေချာစုံစမ်းပြီးမှ ပြောတာပါတဲ့၊ ပီတိ ဘာလုပ်ရမလဲ မမရယ် ဟင်"

"အင်း ငါ့မလည်း အပူမလိုချင်လို့ လင်မယူတာ၊ ခုတော့ အငှားအပူက ပိုဆိုးနေပါပေါ့"

"လုပ်ပါ မမရယ်၊ ပီတိကို အကြံပေးပါဦး၊ ဒါကြောင့် သင်း ခုတစ်လော ငြိမ်နေတာကိုး၊ ပီတိက လိမ္မာလို့ ငြိမ်နေတယ် ထင်တာ၊ သင်းက ကုပ်ကမြင်း ထနေတာကိုး၊ လာပစေ"

"သင်းက ပီတိကိုကျတော့သစ္စာဆိုခိုင်းပြီး သင်းက ဖောက်ပြန်နေတယ်၊

www.burmeseclassic.com

ငါ့သစ္စာ သူ့စူးပါရစေတော်၊ ဟင်း ဟင်း"

"ဘာတွေဆိုခိုင်းလို့လဲ"

"လွန်ခဲ့တဲ့ သုံးလလောက်က ပီတိကို ဘုရားနေခါ်သွားပြီး ဘုရား သောက်တော်ရေနဲ့ သစ္စာဆို သောက် ခိုင်းတယ်လေ၊ ဒီလို မမရေ"

✿

"မ"

"ဟင်"

"မောင့်ကို တကယ်ချစ်လား"

"အလိုတော် လင်မယားဖြစ်မှ ဒါ မေးစရာလား"

"ဖြေပါ၊ မောင်က မ,ကို သိပ်ချစ် တော့ မောင့်ထက် မက တခြားကို ချစ်သွားမှာ စိုးလို့"

"မဟုတ်တာ မပြောပါနဲ့ မောင် ရယ်၊ မက မြန်မာမိန်းကလေးပါ၊ တည် မိတဲ့ ဘုရားကို ဘယ်လိုဖြစ်ဖြစ် ကိုး ကွယ်မှာပါ"

"သစ္စာကော ဆိုရဲလား"

"အို- ဒီကိစ္စနဲ့ ပတ်သက်လို့ မကိုယ်မ ယုံတယ်၊ ဆိုရဲပါ့ရှင်"

"ဒါဆို မနက်ဖြန် မြို့ဦးစေတီ သွားကြမယ်နော်"

"မောင့်သဘော"

"မရယ်၊ မကို မောင်သိပ်ချစ်လို့ အဆုံးရှုံးလည်းမခံချင်ဘူး၊ စွန့်လည်းမစွန့် လွှတ်ချင်ဘူး"

"မောင်ကလည်း ဘာတွေ ပြော နေမှန်းမသိဘူး၊ အိပ်တော့ မနက်စော စောထ ဘုရားသွားမယ် ဟုတ်လား၊ မကလေ မောင့်လက်မောင်းလေး ခေါင်း အုံး အိပ်လိုက်ရရင်ကို မောင့်ကို ဆိုးနေ တဲ့စိတ်တွေ နာတဲ့စိတ်တွေ ပျောက်သွား ရော သိလား"

"မရယ်. . ."

✿

"ကဲ - မောင် ကျေနပ်ပြီလား"

"အင်း မဆိုတဲ့ သစ္စာအဓိပ္ပာယ် မ သိပါတယ်နော်"

"သိပ့်ါရှင် သိပ့်ါ၊ တော်ကိုယ်တိုင် တိုင်ပေးတာနော်၊ ဘယ်လောက် ပြင်း ထန်တဲ့ သစ္စာစကားလဲ၊ အဲဒီသစ္စာမှာ ပြောင်းပြန်အချိုးဆိုတာ ရှိတယ်နော်"

"ဘယ်လို ပြောင်းပြန်အချိုးလဲ"

"ဩော်- ဆိုခဲ့တဲ့ သစ္စာအတိုင်း မက မဖောက်ပြန်ဘဲနဲ့ ဖောက်ပြန်ပါ တယ်လို့ စွပ်စွဲတဲ့သူကို အဲ-သစ္စာပြန်စူး တတ်တယ်လေ"

"မက မောင့်ကို ကျိန်တာလား"

"မဟုတ်ရပေါင်ရှင်၊ ပြောပြတာ ပါ၊ မကိုစွပ်စွဲတဲ့ ဘယ်သူမဆိုပေါ့ မိန်းမ ဖြစ်ဖြစ်၊ ယောကျ်ားဖြစ်ဖြစ်၊ သူငယ်ချင်း ဖြစ်ဖြစ်၊ မ သိက္ခာကိုချပြီး စွပ်စွဲတဲ့သူ မှန်သမျှ မ ဆိုခဲ့တဲ့ သစ္စာက မဘက်က နေ တိုက်ခိုက်လိမ့်မယ်လို့ ပြောတာပါ"

". . . . ."

"ကြည့်ပါလား မျက်နှာကြီးက အီလယ်လယ်နဲ့၊ ထ ပြန်ကြမယ်၊ မောင် က အလုပ်သွား၊ မက ဈေးတန်းသွားပြီး ချက်ရဦးမယ်၊ နေမြင့်ရင် ဈေးက ဝယ် မကောင်းဘူး ထ"

✿

"အဲဒါပဲ မမ၊ အဲ့တုန်းကတည်း က သင်းက ခြေလှမ်းပျက်လို့ ပီတိကို သစ္စာဆိုပြီး ချုပ်ကိုင်တာကိုး၊ ဆိုရမှာက သင်း ဖာင်း ဟင်း၊ ငါ့ကို ဖောက်ပြန်တဲ့ သင်း၊ ငါ့သစ္စာ ပြန်ပါစေ"

"ဟဲ့- ဒီကောင်မလေး နင်တို့ ဟယ်၊ ဘုရားတောင် မနေရပါလား၊ ခက်လိုက်ပါဘိ၊ ဟင်း. . မပြောတတ် တော့ဘူး"

✿

"ဟဲ့ ငါ့မောင် ခုတစ်လော ငြိမ် နေပါလား၊ အလုပ်ပြတ်သွားပြန်ပြီပေါ့"

နောက်ဖေးမှ လက်သုတ်ရင်း ထွက်လာတဲ့ ပီတိကပဲ -

"မဟုတ်ဘူး မမရေ၊ အလုပ်က ရှိပါ့၊ မမမောင် ကိစ္စအကြီးကြီး ရင်ဆိုင် နေရလို့ အလုပ်မဆင်းနိုင်တာ"

"ဟေ ဘာများလဲအေ၊ အလျော် အစား ကိစ္စများလား"

ကျော်ကြီးက နှစ်လုံး သုံးလုံးကို ကော်မရှင်နှင့် ကူရောင်းသူမို့ သည်ကိစ္စ ပဲ ထင်မိသည်။

"အစားများသွားလို့ အကြီးကြီး လျော်ရတော့မယ် မမရေ"

"ဟဲ့ အထိတ်တလန့်ရှိလိုက်တာ ဘယ်လောက်တောင်များလဲ အေ"

"တစ်ဘဝလုံး"

"ဘာ. . . ဘာ"

စာစောင်ဖတ်နေတဲ့ ကျော်ကြီး က ပြောပြောဆိုဆို ထထွက်သွားသည်။

"ဟာ ဒီမိန်းမ ဘာတွေလျှောက် ပြောမှန်း မသိဘူး"

အဲတော့မှ ပီတိက တိုးတိုးတိတ် တိတ် လက်ကုတ်လျက် -

"ဒီလို မမရေ၊ ပီတိသစ္စာ သူ့ကို စူးနေပြီ သိလား၊ သူ့အတ္တမှာ အနာ အကြီးကြီး ဖြစ်နေတာ၊ ဆေးရုံက ခွဲရ မယ်တဲ့၊ ဆီးလမ်းကြောင်း မလွတ်ရင် ဖြတ်ရမယ်တဲ့"

"ဟယ် ဘုရား ဘုရား၊ ကြံကြီး စည်ရာတော်၊ ဒါဖြတ်မှတော့ ယောကျ်ား တစ်ယောက်ရဲ့ဘဝ ဆုံးပြီပေါ့၊ အလို ငါ့နှယ် ဘာတွေပြောမိပါလိမ့်၊ ဖတ် ဖတ်"

"ဟုတ်တယ် မမရေ၊ ပီတိလည်း မတတ်နိုင်ဘူး၊ ပီတိဘက်က သစ္စာထား တဲ့အပြင် သူ့အပေါ်မှာ မေတ္တာမျှက်



www.burmeseclassic.com

www.burmeseclassic.com

တော့ အဲဒါတွေ သူက စော်ကားတာကိုး ဘုရားရိုက်ပြီ ဒါပဲလေ၊ သူကြီးတော်က ဘာပဲဖြစ်ဖြစ် သူတူ ဖြစ်လာတော့လည်း မနေသာပါဘူး၊ သူကုမယ်တဲ့"

"အေးပေါ့၊ ညည်းမှာ ဘာရှိလို့လဲ"

"ဟင်း ဘာပဲဖြစ်ဖြစ် သနား တော့ သနားပါတယ်၊ ပီတိက ခွင့်လွှတ် ပြီးသားပါ"

"ခုကော ဘယ်လို ဆက်လုပ်ကြ မှာလဲ၊ ကြာရင် မကောင်းဘူး"

"မနက်ဖြန် သူကြီးတော်ကြီးဆီ အနေ ဆေးရုံတန်းသွားမယ် ပြောတယ်"

"ကောင်းသွားမှာပါအေ၊ မပူပါနဲ့"

"သူက ဆီးချိုလည်း ရှိတယ် အရဲ့"

"ဟယ် - အဲဒါဆို အနာက ပျောက်ခဲတယ်၊ ဒုက္ခပါပဲဟယ်၊ ငါ့ မောင်လေး သနားပါတယ်"

"မနက်ဖြန် သူသွားဖို့ အထုပ် ပြင်ပေးလိုက်ဦးမယ် မမရေ"

"အေး အေး၊ မမလည်း မေတ္တာ ပို့ပေးပါ့မယ်ကွယ် နော်"

"ဟုတ်၊ ကျေးဇူးပါ မမ"

✿

"မ"

"ဟင်"

"မောင်မရှိတော့ရင်လည်း မ ဆိုင်တဲ့သစ္စာ မြဲပါစေနော်"

"ကြည့် ပြောပြန်ပြီ၊ မောင် ခု ကြီးနေတာနော်၊ မကို သစ္စာဆိုခိုင်း မောင်က ဖောက်တယ်၊ ပြီးတော့ မယုံသင်္ကာနဲ့၊ ခု သစ္စာစူးတာက တော်ပြီ အဲ့ကိစ္စတွေ မပြော မလည်း သစ္စာမပျက်ဘူး၊ မောင့် ကြောင်းတာ သံသယနဲ့ မယုံကြည်တာ တွေလည်း ဖျောက်ပစ်၊ မက မအလုပ် မ လုပ်နေတာ တစ်ခုပဲ"

"အင်းပါ၊ မကို မောင် ယုံပါ တယ်၊ အား ကျွတ် ကျွတ် အနာက ပြည်တွေလှိုက်စားပြီး ကိုက်တယ် မရယ်၊ ညကလည်း တစ်ညလုံး မအိပ်ရဘူး"

"အိပ်မရရင် တရားနာနော်၊ မောင့်ဖုန်းထဲမှာ မ တရားတွေ သွင်း ပေးထားတယ်"

"ဟုတ်ကဲ့ပါ၊ မ ပြန်တော့လေ၊ မက မနက်အလုပ်ဆင်းရမှာ၊ အိပ်ရေး ပျက်လို့ မရဘူး၊ ပြန် ပြန်၊ ည ခွဲခန်းက ထွက်မှ ဖုန်းဆက်မယ်နော်"

"စိတ်ချနော် မောင်၊ မ ဘာမှ မဟုတ်တာ မလုပ်ဘူးနော်၊ အဲ့လို ယုံ ထား၊ မောင့်ဝေဒနာကို ဘယ်လို မှတ် ရမယ်ဆိုတာ သိတယ်နော်"

"ဟုတ် သိပါတယ် မရယ်၊ ဒါ တွေ မ သင်ပေးထားတာပါ၊ ပြန်တော့ နော်"

မပြန်ချင် ပြန်ချင်နှင့်သာ ပြန်ခဲ့ ရသည်၊ နောက်ကြောင်း မအေး၊ ဒီည ခွဲခန်းဝင်ရင် အဆင်ပြေချောမွေ့ပါစေ ဘုရားဟုသာ။

✿

"မောင်ရယ် ဆေးရုံမှာပဲ တစ်လ ကျော်နေပြီ၊ မသက်သာတဲ့အပြင် ပိုပို ဆိုးလာသလိုပဲ"

"ဆီးချိုကြောင့်ပါ မရဲ့၊ မောင်က ခံနေရတဲ့သူပါ၊ ပိုပျောက်ချင်တာပေါ့၊ ခုတောင် ဆီးပိုက်ကြီးနဲ့ ဘယ်လောက် အနေခက်လဲ"

"မ မခံရလို့ ပြောတာမဟုတ်ပါ ဘူး မောင်ရယ်၊ မောင် ခံစားနေရတာ သနားလို့ပါ"

"မက မောင့်ကို သနားတယ်ဆို ရင် မောင် ကျေနပ်ပါပြီကွာ၊ ပိုချစ်နော်"

"ကြည့်"

မိမိထက် ငယ်သော်လည်း မိမိ ကို သိပ်ချစ်သူမို့ သူဆိုးသမျှ မိုက်သမျှ သည်းခံပေးခဲ့သည်။ ယခင်ကဆိုလျှင် ရပ်ကွက် အော်ကြေ့လန် ကျော်ကြီး၊ မိန်းမရမှ မွေ့စွယ်ကျိုးခဲ့ရပြီ။ ချစ် သလောက် သဝန်တို၊ အစကြမ်းသူမို့ ဘေးလူမြင်လျှင် မိမိဘက်က မခံချင် စရာ။

ကြီးတော်ကြီးက မိမိလာလျှင် လင်မယားနှစ်ယောက် လွတ်လွတ်လပ် လပ် အလွမ်းသယ်ရန် ရှောင်ပေးတတ် သည်။ ယခုလည်း မိမိလက်အား အုပ် မိုးကိုင်လျက် ကြည့်မဝစွာ -

"မ . ."

"ဟင် မောင် ဘာလိုချင်လို့လဲ"

"လွမ်းလှုပြီ မရယ်"

"ဟင်းနော် ဘေးမှာ လူတွေ ကြားရင် ရှက်စရာ"

"ဟောဗျာ၊ ကိုယ့်မိန်းမ ကိုယ် လွမ်းလို့ ပြောတာ ကြားပါစေပေါ့၊ ရှက် စရာလား"

"ဟာ မသိဘူး၊ ရှက်မှာပဲ"

"မကော မလွမ်းဘူးလား"

"အင်း ပေါ့လို့"

"ဘာ မလွမ်းဘူး ဟုတ်လား"

"ဟာကွာ လွမ်းတယ်လို့"

"မ. ."

"ဟင်"

"ညကျရင် အစ်မကြီးနဲ့ သွား အိပ်နော်"

"အို မောင်ကလဲ၊ အားနာစရာ"

"မ ကြောက်နေမှာ စိုးလို့ပါ"

"ကြောက်ပါဘူး၊ မမလည်း ဟိုဘက်ခန်းမှာ တစ်ယောက်တည်း၊ မ လည်း တစ်ယောက်တည်း ဘာဖြစ်၊ ထရံလေးတစ်ချပ်ခြားတာပါ မောင်ရယ်၊





www.burmeseclassic.com

www.burmeseclassic.com

လေလည်ရင်တောင် အနံ့ရတယ်၊ သိလား"

"မ သဘောပါ၊ ကဲ မ ပြန်တော့လေ၊ မိုးချုပ်ရင် ကားကျပ်မယ်"

"အင်း အင်း အာဘွားနော်၊ ကြီးကြီးရေ၊ ပီတိပြန်မယ် မောင့်နား လာပါဦး"

"အေးပါအေ၊ ညည်းလည်း အိပ်ပျော်အောင် အိပ်၊ ဒီကို ဘာမှမပူနဲ့"

"ကြီးကြီးကော ည အိပ်ရရဲ့လား"

"အိပ်ရပါတယ်၊ တာဝန်ကျ ဆရာမလေးတွေ တစ်ယောက်မဟုတ် တစ်ယောက် ခဏခဏ လာကြည့်ပေးတယ်၊ ဘေးက လူနာစောင့်တွေလည်း ရှိတယ်လေ၊ တစ်ခုခုဖြစ်လို့ ကြီးကြီးမနိုးတောင် နိုးမယ့်သူတွေတစ်ပုံကြီး မပူနဲ့၊ ကျုပ်က ညည်းလေးတစ်ယောက်တည်းမို့ ပူနေတာ"

"ပီတိ အိမ်ဘေးက အိမ်ရှင်မမကြီး ရှိပါတယ် ကြီးကြီးရဲ့"

"ကဲ ကဲ ပြန် ပြန်၊ ညဆို ကားတွေက ကျပ်ပ့်"

"ဟုတ်၊ ပြန်ပြီနော် မောင်"

ညှိုးငယ်တဲ့ မျက်နှာနဲ့ ခေါင်းညိတ်ပြရှာသား။ လေးလံတဲ့ ခြေလှမ်းနဲ့ ကားဂိတ်ဆီသို့။

✿

"ကြီးကြီး"

ပီတိက ဆေးရုံအလာ ဆရာဝန်ကြီးအခန်းမှ ထွက်လာသော ကြီးတော်နှင့် ဆုံမိသည်။

မိမိကို ကိုင်လိုက်သော ကြီးကြီးလက်သည် ချွေးစေးများနှင့် မျက်နှာလည်းမကောင်း။

"သမီးရယ် ကိုယ်ကျိုးနည်းပါပေါ့ ဟီး. ဟီး. . ဟီး. . ဟီး"

"ကြီးကြီး ဘာ. . ဘာ. . မောင်ဘာဖြစ်လို့လဲ"

"ဆရာဝန်ကြီးက ကုလို့မရတော့ဘူးတဲ့၊ ပိုးဝင်နေတာ တော်တော်ကြာနေပြီတဲ့. . အဲ့ . . အဲ့"

"ခု. . ခု. . မောင်ကော"

"အိပ်နေတယ်၊ ညက ကိုက်လို့ ဆေးထိုးထားတာ ခုထိ မနိုးသေးဘူး၊ ကြီးကြီးက ဆရာဝန်ကြီး ခေါ်လို့လာတာ အီး. . ဟီး. . ဟီး"

"ဒုက္ခပါပဲ ကြီးကြီးရယ်၊ ဘယ်လိုလုပ်ကြမလဲ၊ မောင့်ကို မကယ်နိုင်တော့ဘူးလား ဟင့်. . ဟင့်. . ဟင့်"

"သူ မသိသေးဘူးသမီး၊ မသိဟန်ဆောင်နေဦး၊ သူသိရင် ဆေးဆက်ကုမှာ မဟုတ်တော့ဘူး၊ ခုတောင် အားလျှော့နေတာ၊ ငါသမီး အားပေးလိုက်ပါဦး၊ လာ လာ မျက်ရည်သုတ်"

"ဟုတ်"

မောင့် ခုတင်နားရောက်တော့ ဘေးခုတင်မှ လူနာစောင့်နှင့် ရယ်မောစရာများ ပြောနေသည်။ သူက လူချစ်လူခင်တော့ လွယ်သည်။

"ဟော မ. နားရက်ကို မနားဘဲ မောင့်ဆီ ဘာလို့လာတာလဲ မိန်းမရယ်၊ လာ. . လာ. . ဒီနားလာထိုင်"

"မောင် နေကောင်းလား"

"ဟောဗျာ နေကကောင်းတယ်၊ ××× က မကောင်းတာဗျ ဟဲ ဟဲ"

မောင်က သူများကြားမည်ဆိုးဟန်နှင့် မိမိနားသို့ကပ်ကာ တိုးတိုးလေး ပြောလျက် ရယ်နေပါသည်။

"အို - မောင်ကလည်း ဒီက အကောင်းမေးတာကို သူက နောက်နေတယ်"

ပီတိက ပြောပြောဆိုဆို ကျောကြီး လက်မောင်းလေးအား မနာအောင် ထုလိုက်သည်။ ဘေးမှ ကြီးတော်ကြီးကတော့ သိပ်ချစ်ကြပြီး ခဏ ခဏ ရန်ဖြစ်နေကြသော လင်မယားနှစ်ယောက်အား ရင်ထုမနာ ကြည့်နေလေသည်။

"ကြီးကြီး ထိုင်လေ၊ မတ်တတ်ကြီး၊ ကြီးကြီးတူ ဒီလောက်ချောလား ကြည့်နေတာကိုက"

"ချောပါ့ရှင် ချောပါ့၊ ကျုပ်တူလေးက ဆိုးတဲ့အချိန်ကလွဲရင် ကျန်တဲ့အချိန် အကုန်ကောင်း"

"မောင် ဆိုးတဲ့အချိန် နောက်ဆို မရှိတော့ပါဘူး ကြီးကြီးရယ်"

"ပြောလိုက် မိန်းမ၊ မောင်က အမြဲလိမ္မာပါတယ်လို့ ဟီး ဟီး"

"ဟုတ်ပါ့ရှင် ဟုတ်ပါ့၊ ကဲ ထမင်းစားပြီးရင် ဆေးသောက်ပြီး အိပ်တော့ ပီတိလေးလည်း နားပါစေ"

"ဟုတ် မ မောင်နဲ့တူတူ ထမင်းစားသွားကွာ နော်"

"အင်း စားမှာပေါ့ မောင်ရဲ့ မောင်နဲ့ ထမင်းအတူမစားရတာ ဘယ်လောက်ကြာပြီလဲ"

"ခြောက်ဆယ့်နှစ်ရက် ရှိပြီ မက မမှတ်ထားဘူး"

"ဟင်- မောင်က တိကျလှချေလား"

"မရယ် မောင်က မနဲ့ စခွဲတဲ့ရက်ကတည်းက တစ်ရက် နှစ်ရက်ဆိုပြီး မှတ်လာတာလေ၊ ဒါကြောင့် ပြောနိုင်တာ စား၊ မ စား"

စားလက်စ ထမင်းလုတ်သည် ဘယ်လို ဆက်သွင်းရမှန်း မသိတော့လောက်အောင် မိမိအား တွယ်တာသော မောင့်ကို ချစ်ခြင်းများစွာ၊ နှမြောခြင်းများစွာနှင့် မစွန့်လွှတ်ချင်လောအောင် ခံချက်ချင်းပဲ ဒေသမင်းဆီ ထောက်တောင်းပန်ချင်မိသည်





www.burmeseclassic.com

www.burmeseclassic.com

"ဟောဗျာ မ ဘာလို့ ငိုတာလဲ"

"ဟင် ဟို ဟို မငိုပါဘူး မောင်ရဲ့ မ ပင်ပန်းနေလို့ သိပ်စားလို့မရဘူး"

ကြီးကြီးက ခုတင်အောက်မှ ပီတိပေါင်အား လက်ကုတ်သည်။ ဟန်မပျက်နေ ဆိုသည့်သဘော။

မောင့်ကို ကြည့်ရသည်မှာ အသားလေးများ ဝင်းပြီး တင်းနေသည်။ ဆီးပိုက်နှင့်မို့ အနေခက်ရမည့်အစား မောင်က ပေါ့ပါးလန်းဆန်းနေသည်။ ဒီလက္ခဏာသည် မသိစိတ်အားခြောက်လှန့်နေသည်။

ဟန်ဆောင်တင်းခဲ့သမျှ အိမ်ရောက်သည်နှင့် မမအား ဖက်ငိုမိသည်။

"ညီမလေးရယ် ဘာတတ်နိုင်မလဲ၊ ညည်းလည်း ပစ်ထားတာမှမဟုတ်တာ၊ တတ်နိုင်သလောက် လုပ်ပေးနေတာပဲ"

"မမရယ် ပီတိလေ မောင့်ကို သိပ်သနားတာပဲ၊ သူ့ကိုယ်သူ သေလူလို့ သေိဘူး၊ ဟီး ဟီး ဟီး၊ မောင့်ကို တယ်နိုင်တော့ဘူး မမရဲ့"

"ဟင်း မမလည်း ငါ့ညီမနဲ့ ထပ်တူစိတ်မကောင်းပါဘူးကွယ်၊ ဒါပေမဲ့ သူ့ကံက ဒီလောက်ပဲ ပါလာတယ်လေ၊ ကိုတွေလည်း ကံစီမံရာပေါ့၊ ဘာများ တတ်နိုင်ကြလို့လဲ၊ ငါ့ညီမ တရားနဲ့သာ ဖြေပါတော့၊ ကျန်ရစ်သူက ဘယ်လိုဖြစ်ဖြစ် ဆက်ရှင်သန်ဖို့ ကြိုးစားနေထိုင်သွားရမှာပဲ၊ မမဆို ချစ်သူကော မိဘတော ညီအစ်ကို မောင်နှမတွေကော ဆုံးရှုံးခဲ့ရတာပဲ၊ တစ်ခါဆုံးရှုံးတိုင်း ရှင်သန်ချင်တော့လောက်အောင် ခံစားရမယ့် ကံက ဆက်နေတော့ ရှင်သန်နေသေးတာပဲ"

"မမရယ် ပီတိလောက် ခံစားပါ သားရှင် ပီတိနဲ့ သူက. . ."

"အောင်မယ်လေး မိပီတိရယ် ညည်းကလည်း ကျုပ်လည်း အသည်းနှလုံးနဲ့ပါအေ၊ ခံစားတတ်ပါတယ်၊ ညည်းတို့ ဘယ်လောက်ချစ်တယ် ပြောပြော နှစ်ယောက်ပေါင်း ထောင့်ငါးရာထက် ပိုတဲ့အချစ်ဆိုတာ မရှိပါဘူးအေ၊ ကျော်ကြီးကိုသာ သွားလမ်းဖြောင့်အောင် ငါ့ညီမ ကူညီပေးလိုက်ပါ၊ ဒါမှ တစ်ကယ်ချစ်ရာရောက်မှာ တိတ်တော့ ခေါင်းကိုက်နေမယ်"

✿

ဒီနေ့တော့ မသိစိတ်က နှိုးဆော်လွန်းသည်။ ရုံးသို့ ဖုန်းနှင့် လှမ်းခွင့်ယူပြီး ဆေးရုံသွားမည်ဟု။

"ညီမလေး ရုံးမသွားဘူးလား"

"ဟုတ် မမ၊ မမမောင်ဆီ သွားမလို့"

"ဟယ် ငါလည်း လိုက်မယ်၊ အတော်ပဲ၊ ဟင်းချက်စရာလည်း မရှိတော့ အားနေတယ်၊ လိုက်မယ်နော် ခဏစောင့်"

လမ်းတစ်လျှောက်လုံး နှစ်ဦးသား တိတ်ဆိတ်လိုက်၊ အတွေးကိုယ်စီ ဆေးရုံရောက်တော့ အခန်းအပြင်မှ ကြီးကြီး တစ်ယောက်တည်း ထိုင်နေတော့ -

"ကြီးကြီး"

"ဟင် သမီး ရုံးမသွားဘူးလား"

"ဟုတ်၊ ညကလည်း အိပ်မပျော်ဘဲ မောင့်ကို စိတ်ပူနေလို့ မောင် ဘယ်လိုနေလဲဟင်"

"ညက တော်တော်ဆိုးတယ်၊ ဆီးက သွေးရောင်ဖြစ်ပြီး ပျစ်နေပြီ၊ မျက်နှာလည်း အန်းပြီး လက်တွေ ခြေတွေလည်း ဖောင်းကားနေတာပဲ၊ အဲဒါ ဆေးထိုးပေးထားတာ ခုထိ မနိုးသေးဘူး"

". . . . ."

"ပီတိ သွားကြည့်လိုက်ဦးမယ်"

ပီတိနောက်မှာ မတင်သန်းနှင့် ကြီးကြီးက တွတ်ထိုးကျန်ခဲ့သည်။

"အို - မောင်ရယ်"

အိပ်ပျော်နေသော မောင့်မျက်နှာ ဖောင်းဖောင်းပေါ်တွင် ညှိနေသော မျက်ကွင်းနှင့် ဆီးကြောင့် ဝင်းနေသော အသားအရေသည် မောင့်အား ဆွဲခေါ်နေလေသည့်အလား။

လက်ကလေးကို အုပ်ကိုင်လျက် ရင်ထဲမှ ပြောစကားများသည် မောင့်နှလုံးသားဆီသို့ ရောက်စေလျက် မောင် သိပါစေသားရယ်လို့။

"မောင်ရယ် မ ဘယ်လိုလုပ်ပေးရပါ့၊ မ ကူပြီး ခံစားပေးလိုက်ချင်ပါရဲ့၊ မျှဝေယူလိုက်ချင်ပါရဲ့ရှင်"

လူတစ်ခု ကံတစ်ခုပေမယ့် မောင်က ကံဆိုးလှသူလေးမို့ ကရုဏာ မေတ္တာ စေတနာ ပေါင်းစုလျက် မိမိ အချစ်နှင့် ပြည့်စုံစေခဲ့ရသူလေးကို ဤကဲ့သို့ပဲ စွန့်လွှတ်ရတော့မည်လား။

လူးလွန့်လာသည့် မောင့်အထိအတွေ့ကြောင့် ပါးပေါ်စီးကျလာသော မျက်ရည်ကို ကမန်းကတန်း သုတ်လိုက်သည်။ ပြီးမှ အပြုံးမျက်နှာဖြင့် -

"မောင် မ ရောက်နေတာ ကြာလှပြီ"

"ဟာကွာ ဘာလို့မနှိုးတာလဲ"

"ဩော် - မနှိုးရက်လို့ပေါ့ မောင်ရယ်၊ ညက မောင်နေမကောင်းဘူးဆို ဆေးထိုးမှ အိပ်ရတာဆိုလို့"

"အင်း ဟုတ်တယ် မရဲ့၊ ညက ဘာဖြစ်မှန်းမသိဘူး၊ နေရတာ တစ်မျိုးပဲ၊ မ အကြောင်းတွေးလိုက်ရင် ပျောက်သွားရော"

"မောင် ရယ်"



www.burmeseclassic.com

www.burmeseclassic.com

မောင့်မျက်နှာလေးကို ဖက်၍ ငိုမိပါတော့သည်။ ဘေးခုတင်မှ လူနာများလည်း မရှက်နိုင်တော့ပါ။

"ဟာ မ၊ ဘာလို့ ငိုတာလဲ မောင်က သက်သာပါတယ်ဆို၊ မောင့်ကြောင့် ငိုခဲ့ရတာတွေ များနေပါပြီ မရယ်၊ ငိုနဲ့တော့နော်၊ နောက် မ မငိုရတော့ပါဘူး၊ မောင် ကတိပေးတယ်၊ ဟုတ်ပြီလား တိတ်. . . တိတ်"

မောင်က အဲလိုပြောလေ နှလုံးသား ကြေမွရလေမို့ မျက်ရည်သည် မကုန်နိုင်။ မဖြစ်သေးပါဘူးလေ ငါငိုနေရင် မောင်အားငယ်မှာပေါ့၊ ဟုတ်တယ် ငါ အားတင်းရမယ်။

"အင်းပါ မောင်ရယ်၊ မ မငိုတော့ပါဘူး၊ မောင် ဗိုက်ဆာပြီလား၊ မ ပုန်းရည်ကြီးနဲ့ ဝက်သားချက်လာတယ်၊ မောင်က ဝက်ပုန်းဆို သိပ်ကြိုက်တာလေ၊ မနဲ့ တူတူစားရအောင်လို့ ရုံးကနေ ခွင့်ယူလာတယ်၊ မောင်နဲ့ တစ်နေကုန် နေမယ် သိလား"

"တကယ်"

"အင်းပေါ့၊ ထ မ သန့်ရှင်းရေး လုပ်ပေးမယ်၊ ပြီးမှစား"

"ဟုတ်ကဲ့ပါ ခင်ည"

သူ့ကြမ္မာသူ မသိသကဲ့သို့ ပျော်ရွှင်နေသော မောင့်ကိုကြည့်ပြီး အိမ်ရှင်မမကြီးကပါ မျက်နှာမကောင်း။

"ငါ့မောင်လေး ဘာစားချင်လဲ အစ်မ လုပ်လာပေးမယ်လေ"

"ရပါတယ် အစ်မရယ်၊ ကျွန်တော်မရှိတော့ အစ်မလည်း နားငြီးသက်သာ၊ ကျွန်တော့်မိန်းမလည်း ရန်မဖြစ်ရတော့ ပျင်းနေမှာပဲနော်"

"အို မောင်ကလည်း ဘာတွေပြောနေတာလဲ၊ ဒီချိန် ဒါတွေ မပြောနဲ့၊ လင်မယား ရန်ဖြစ်တာ ဆန်းလို့လား"

"ဩော် မကလည်း မောင်တို့က ရန်ဖြစ်စရာမဟုတ်တာကို ဖြစ်အောင် လုပ်မိနေတာလေ၊ မကို တောင်းပန်ပါတယ်နော်၊ နောက်ကို မောင် မ စိတ်မချမ်းသာတဲ့အလုပ် ဘာမှမလုပ်တော့ဘူး၊ အရက်လည်းဖြတ်ပြီ၊ အလုပ်ပိုလုပ်မယ်၊ မကို ပျော်အောင်ထားဖို့ပဲ မောင် တွေးတော့မယ် သိလား"

"အင်းပါ မောင်ရယ်၊ အင်းပါ"

သူ့စိတ်တိုင်းကျ အင်းလိုက်သံတွင် လှိုက်သံများပါသွားလေသလားမသိ၊ ရင်ထဲ ဆို့ကျပ်လာသည်။

တစ်နေကုန် သူပြောသမျှ ဟာသများကို မရယ်ချင်ဘဲ ဟန်လုပ်ရယ်ပေးခဲ့ရသမျှ ဆေးရုံမှ ထွက်သည်နှင့် ဟန်ဆောင်မျက်နှာဖုံးနှင့်အတူ မျက်ရည်တို့သည် မိုးသည်းသည်း ညနက်နက်နှင့်အပြိုင်။

ထိုနေ့သည်သာ မောင်နှင့် ကျွန်မ နောက်ဆုံး တွေ့ဆုံခြင်းမှန်း သိခဲ့ပါလျှင်။

✿

သူနှင့် သစ္စာဆိုခဲ့ဖူးသော မြို့ဦးစေတီသို့ ယခုတော့ မိမိနှင့်မမကြီးသာ။

"အရှင်ဘုရား၊ မောင် သေဆုံးသွားသော်လည်း မောင့်အပေါ် ဆိုခဲ့ဖူးသော သစ္စာသည် တပည့်တော်မအတွက် ရှင်သန်လျက်ပါ ဘုရား"

တမလွန်မှ ချစ်သော မောင်ကြားနိုင်ပါစေ။

သစ္စာဆိုသည်မှာရယ်။

**တိမ်တမန်(ရွှေပြည်သာ)**

❑

## စာမူများ ပေးပို့နိုင်ပါသည်

စာပေဝါသနာရှင်များ မိမိ၏စာမူကို မိတ္တူကော်ပီထားး၍ လပြည့်ဝန်းမဂ္ဂဇင်းတိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ မရွေးချယ်သော စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်း ပေးပို့ခြင်းမျိုး မပြုလုပ်ကြပါရန် မေတ္တာရပ်ခံပါသည်။

ရှေးဟောင်းဘုရားသမိုင်းကြောင်းများ၊ ဘာသာရေး ဆောင်းပါးများ၊ ဂန္ထဝင်ဝတ္ထုများ၊ မှဆိုးဝတ္ထုများ၊ ရသဝတ္ထုများ၊ ဟာသများ၊ အရှေ့တိုင်းအနောက်တိုင်း ဆေးပညာရပ်များ၊ ထူးခြားဆန်းကြယ်သောဖြစ်ရပ်များ စသည်ဖြင့် ပေးပို့နိုင်ပါသည်။

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

စီးပွားရေးလုပ်ငန်းရှင်များ
မိမိလုပ်ငန်း
ပို့မို့တိုးတက်
အောင်မြင်စေရန်
လပြည့်ဝန်းမဂ္ဂဇင်းတွင်
ကြော်ငြာများ
ထည့်သွင်းနိုင်ပါသည်။

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

အဖြူအမည်း
**တစ်မျက်နှာ**
ကျပ်တစ်သောင်းငါးထောင်တိတိ ဖြစ်ပါသည်။

အဖြူအမည်း
**မျက်နှာဝက်**
ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

### ဆက်သွယ်ရန်

အယ်ဒီတာအဖွဲ့
လပြည့်ဝန်းမဂ္ဂဇင်း
တိုက်အမှတ် (၇၂၄)၊
အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း
(၁၇×၁၈)လမ်းကြား၊
လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၅၂၂၂၈၅၀၈





www.burmeseclassic.com

www.burmeseclassic.com


# ဂန္ဓာရကျောက်လိပ်

ဆရာကြီး ဦးအောင်မြိုင်



ငွေဖလားအတွင်း ရေစိမ်ထားသော ကျောက်လိပ်

ဘယ်လိုပဲကြည့်ကြည့် လိပ်သတ္တဝါတစ်ကောင်နဲ့သာ တူပါတယ်။ ကုန်းတစ်ဝက်၊ ရေတစ်ဝက် ကျက်စားတတ်တဲ့ ဇင်းချောလိပ်နဲ့တူတယ်။ အခွံခေါ်တဲ့ ကျောကုန်းမှာ ဘာအကွက်မှမရှိဘဲ ပြောင်ချောနေလို့ပါ။ ဝမ်းဗိုက်ပိုင်းကို လှန်ကြည့်လိုက်တော့ လိပ်ရဲ့ဝမ်းဗိုက်ပိုင်းလို ဖြူဝါရောင်အကွက်တွေရှိတယ်။ ကျောကုန်းပိုင်းကတော့ မီးခိုးရောင်သမ်းပါတယ်။ ကျောပိုင်းနဲ့ဝမ်းဗိုက်ပိုင်းကြားမှာ ဖြူဝါရောင်အကွက်ပတ်လည် တွေ့ရတယ်။ ဦးခေါင်း၊ ခြေ၊ လက်နေရာမှာ အနည်းငယ် ချိုင့်နေတယ်။ လိပ်အစစ်တစ်ကောင်ရဲ့ ကျောက်ဖြစ်ရုပ်ကြွင်းများ ဖြစ်လေမလားလို့ တွေးဆမိပါတယ်။ ခပ်ဝိုင်း



ကျောက်လိပ်၏ ကျောပုံ



ကျောက်လိပ်၏ ဗိုက်ပုံ



www.burmeseclassic.com

www.burmeseclassic.com

ဝိုင်း ပုံသဏ္ဌာန်ရှိပြီး အလျား၊ အနံက ငါးလက်မ၊ ခြောက်လက်မခန့်ရှိတယ်။ အလေးချိန်ကတော့ နှစ်ပိဿာလောက်ရှိမယ်လို့ ခန့်မှန်းရပါတယ်။

ကရင်ပြည်နယ်၊ ဖာပွန်ခရိုင်၊ သံလွင်မြစ်လယ်က ရေပေါ်ကျွန်းမှာနေထိုင်တဲ့ ကရင်တိုင်းရင်းသားတစ်ယောက်က သူ့ကို အိပ်မက်ပေးလို့ သံလွင်မြစ်ကမ်းသဲသောင်စပ်မှာ သွားရောက်ရှာဖွေတွေ့ရှိခဲ့တာပါ။ သူ့ကျောကုန်းမှာ ဖယောင်းတိုင် ထွန်းလှူပါ။ သောက်ရေခွက်တင်ပြီး ဘုရားကို ရေလှူပါ၊ ပန်းအိုး ထိုးပေးပါ၊ မြို့ကိုပို့ပေးပါ အစရှိသဖြင့် အိပ်မက်တွေ ခဏခဏ ပေးတတ်ကြောင်း သိရပါတယ်။

ဒီကျောက်လိပ်ကို ရရှိပြီးကတည်းက သူကံကောင်းလာတယ်။ ငွေဝင်လာဘ်ရွှင် ဖြစ်လာတယ်။ သူသိပ်လိုချင်တဲ့ မော်တော်ဆိုင်ကယ် ကိုယ်ပိုင်ရရှိလာတယ်။ သူ့အိမ်ယိုင်နဲ့နဲ့ကိုလည်း ပြန်ပြင်ဆင်ဆောက်လုပ်နိုင်ခဲ့တယ်။ သူ့မိသားစုလည်း စားဝတ်နေရေး အရင်ကထက် များစွာပိုပြီး ချောင်လည်လာတယ်။

ကျောက်လိပ်က မြို့ကြီးပြကြီးကို ပို့ပေးပါဆိုလို့ ရန်ကုန်မြို့မှာ နေထိုင်တဲ့ သူ့အစ်မအိမ်ကို ပို့ပေးလိုက်တယ်။ သူ့အစ်မအိမ်ရောက်တော့ ငွေဖလားကြီးထဲမှာ သူ့ကိုထည့်ပြီး ရေမြုပ်ရုံထည့်ပေးပါ၊ ဥဒေါင်းကျောက်လုံး လေးလုံးထည့်ထားပေးပါ။ ဘုရားစင်မှာ တင်ထားပေးပါ စသဖြင့် အိပ်မက်တွေ ပေးပြန်တယ်။ သူပေးတဲ့အိပ်မက်အတိုင်း လိုက်လုပ်ပေးလိုက်တာ၊ အရင်က မရရှိခဲ့ဖူးခဲ့တဲ့ ဝင်ငွေမျိုး ရုတ်တရက်ရရှိခဲ့တယ်။ သူ အိပ်မက်မပေးရင်တော့ ဘာမှမထူးခြားပါဘူး။ အိမ်ရဲ့ ဝင်ငွေစီးပွားအခြေအနေ ယခင်အတိုင်းပဲ။ သူအိပ်မက်ပေးပြီဆိုရင်တော့ လိုက်လုပ်၊ ချက်ချင်း ထူးခြားတယ်။

အိမ်တွင်းရေးအခြေအနေကတော့ ကျောက်လိပ်ကို ငွေဖလားထဲ ထည့်ထားပြီးမှ ပိုအေးချမ်းသာယာလာပါတယ်။ ရေစိမ်ထားတဲ့အတွက်ကြောင့် အေးချမ်းမှုရရှိတာလို့ ထင်တယ်။ ထူးခြားဆန်းကျယ်မှုတွေဟာ ကျွန်ုပ်တို့ရဲ့ပတ်ဝန်းကျင်မှာ အများကြီးရှိပါတယ်။ လျှို့ဝှက်နက်နဲမှုတွေလည်း အများအပြားရှိပါတယ်။ သိပ္ပံနည်းမကျဘူးဆိုပေမယ့် ကျွန်ုပ်တို့မဖြေရှင်းနိုင်သေးတဲ့ မဟေဥ်တွေ တစ်ပုံတစ်ပင်ရှိနေပါတယ်။ အဲဒါတွေကို ဂမ္ဘီရလို့ ခေါ်တာပါ။ ဒါဆိုရင် ဒီကျောက်လိပ်က "ဂမ္ဘီရကျောက်လိပ်"ပေါ့။

**ဆရာကြီး ဦးအောင်မြိုင်**

□


## ဆရာမ ဒေါ်နှင်းသူဇာဦး

### လက္ခဏာဗေဒင် + ယတြာအစီအရင် (အမျိုးသမီး သီးသန့်)

- မိမိကို ခွာချင်ပြီး အသစ်တစ်ယောက်ကို လှမ်းဖို့ ခြေလှမ်းစနေပြီလား။
- အစကနှင့်မတူ ချစ်ခင်တွယ်တာ ဂရုစိုက်မှုများ လျော့ပါးလာပြီဟု ထင်နေပြီလား။
- မိမိတစ်ဦးတည်းအပေါ် သီးသီးသန့်သန့် ချစ်ခင်စွဲလမ်းမှု ရှိစေချင်လား။
- ချစ်သူ/ခင်ပွန်း/ဇနီး အပေါ် လိုရာပြောအောင် လွှမ်းမိုးမှု ရချင်ပါသလား။
- အထင်အမြင် လွဲနေသူမှ နားလည်မှုရကာ ပြန်လည်ချစ်ခင်လာစေချင်လား။
- ကွဲပြတ် (သို့မဟုတ်) ကွဲမလိုလို အိမ်ထောင်ရေး/အချစ်ရေးများ ပြန်လည်ပေါင်းစည်းချင်လား။

[နယ်မြို့များမှ ဖုန်းဖြင့် ဆက်သွယ်နိုင်ပါသည်။]

တိုက် (၄၀)၊ အခန်း (A-2)၊ ပထမထပ်၊ မဟာမြိုင်အိမ်ရာထိပ်၊ ဦးဝိစာရလမ်း၊ (၄၁) ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။

၀၉-၅၀၉၃၇၉၁၊ ၀၉-၇၃၁၄၇၀၂၄၊ ၀၉-၂၅၀၇၇၃၆၃၆၊ ၀၉-၇၃၀၀၅၉၂၄





www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရ ကျောက်မျက်နှာ

ဆရာကြီးဦးအောင်မြိုင်



ဂမ္ဘီရကျောက်မျက်နှာကို မှောက်လျက် ဘုရားစင်မှာ သိမ်ဝင်ပုတီးစည်းဝိုင်းအတွင်း ထားရှိပုံ

တောတောင်အတွင်း လိုဏ်ဂူကြီးများတွင် လှည့်လည်အဓိဋ္ဌာန်ဝင်နေသော သူတော်စင်တစ်ပါးကို အာရုံနိမိတ်ပေးခြင်းဖြင့် လူသားမျက်နှာနှင့် လွန်စွာတူလှသည့် သဘာဝကျောက်မျက်နှာကို ရရှိခဲ့ခြင်းဖြစ်ပါသည်။


ကျောက်သားမှာ ဖြူဝါရောင်ဖြစ်ပြီး မိတ်ကပ်ရောင် (သို့) သနပ်ခါးရောင်နှင့် ဆင်တူပါသည်။ အရွယ်အစားမှာ လူကြီးလက်ဖဝါးအရွယ်ခန့်သာရှိသည်။ မပြုပြင်မီက မျက်လုံးတစ်ပေါက်မှာ ရွှံ့နှစ်များဖြင့် အနည်းငယ်ပိတ်နေပြီး ပါးစပ်ပေါက်နေရာမှာလည်း အနည်းငယ်ပိတ်နေသည်။ အသေအချာ ရေးဆေးသန့်စင် ပွတ်တိုက်ပြုပြင်လိုက်သောအခါ မျက်လုံးနှစ်ပေါက်စလုံး ပွင့်လာပြီး ပါးစပ်လည်း ပွင့်လာသည်။ နှာခေါင်းပုံလည်း ပီပြင်လာသည်။

သူ့ကိုရရှိပြီးနောက် ထိုသူတော်စင်မှာ အလွန်လာဘ်ပိတ်ကြောင်း သိရှိရလေသည်။ ထို့ကြောင့် သူ့ထံတွင် ဆက်မထားချင်ဘဲ သူတစ်ပါးကို စွန့်ပေးလိုက်သည်။ ထိုကျောက်မျက်နှာ လက်ခံရရှိသူတိုင်း မကြာမီ လာဘ်ပိတ်၊ ဝင်ငွေနည်း စီးပွားကျ ဖြစ်လာသည်။ ဤသို့ဖြင့် တစ်ယောက်လက်မှ နောက်တစ်ယောက်လက် မကြာခဏပြောင်းခဲ့ရာမှ ကျွန်ုပ်ထံ ရောက်ရှိခဲ့လေ၏။


ကျွန်ုပ်က ထိုကျောက်မျက်နှာကို သုတေသနပြုလိုသဖြင့် နေရာအမျိုးမျိုးမှာ နည်းအမျိုးမျိုးဖြင့် ထားရှိခဲ့သည်။ တစ်ခါတစ်ရံ ငွေအစုအပုံလိုက် တစ်ချက်ကောင်း ဝင်ငွေရရှိတတ်သလို တစ်ခါတစ်ရံ တစ်ပတ်ဆယ်ရက်ကြာအောင် ဝင်ငွေ လုံးဝမရခြင်းမျိုးလည်း ကြုံရသည်။ လူမလာ၊ ငွေမဝင် လာဘ်ပိတ်သည်က ပိုများပါသည်။

ဘုရားစင်ရှေ့တွင် သိမ်ဝင်ပုတီးနှစ်ကုံးကို စက်ဝိုင်းပုံ လေးဝိုင်းဖြစ်အောင် စည်းဝိုင်းပြီး ထိုစည်းဝိုင်းထဲတွင် ကျောက်မျက်နှာကို မှောက်လျက်အနေအထားဖြင့် ထားကြည့်သော

www.burmeseclassic.com



ဂမ္ဘီရကျောက်မျက်နာ မပြုပြင်မီပုံ



ဂမ္ဘီရကျောက်မျက်နာ ပြုပြင်ပြီးပုံ

အခါ ဝင်ငွေအထိုက်အလျောက် ပိုကောင်းလာသည်။ ချည့်သည် ပရိသတ်များ ပိုများလာသည်။ ငွေဝင် လာဘ်ရွှင်ပိုဖြစ်လာသည်။

ဤလောကတွင် ကျွန်ုပ်တို့ လက်လှမ်းမမီနိုင်သေးသော ဖြစ်ရပ်ဆန်းများစွာ ရှိနေပါသည်။ ထူးခြားဆန်းကြယ်၊ လျှို့ဝှက်နက်နဲသော သဘာဝပစ္စည်းများစွာရှိပါသည်။ အချို့မှာ မသုံးတတ်လျှင် အကျိုးယုတ်စေတတ်ပြီး သုံးတတ်လျှင် အကျိုးပေးကောင်းစေသည်။ ထိုသို့သော ပစ္စည်းဆန်းများကို ဂမ္ဘီရပစ္စည်းဟု ခေါ်ကြသည်။ ထို့ကြောင့် ဤကျောက်မျက်နှာကို ဂမ္ဘီရကျောက်မျက်နှာဟု ခေါ်ရခြင်းဖြစ်ပါသည်။

ဂမ္ဘီရကျောက်မျက်နှာနှင့်ပတ်သက်၍ သုတေသနပြုနေဆဲ ဖြစ်ပါသည်။ နောင်ထူးခြားချက်များ တွေ့ရှိရလျှင် ထပ်မံ ဖော်ပြပေးပါဦးမည်။

**ဆရာကြီး ဦးအောင်မြိုင်**

❑


# လပြည့်ဝန်းမဂ္ဂဇင်းတွင် ကြော်ငြာနိုင်ပါသည်။

၁။ အဖြူအမည်း တစ်မျက်နှာ ကျပ်တစ်သောင်းငါးထောင်တိတိ ဖြစ်ပါသည်။

၂။ အဖြူအမည်း မျက်နှာဝက် ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

**ဆက် သွယ် ရန်**

တိုက်အမှတ် (၇၂၄)၊ အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း၊
(၁၇×၁၈)လမ်းကြား၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၅၂၂၂၈၅၀၈





www.burmeseclassic.com

www.burmeseclassic.com

# ဆေးစွမ်းထက်သော

# ရှောက်နွယ်ဝင် အသီးများ

အောင်ဘုန်းမြင့် (ကချင်မြေ)



www.burmeseclassic.com

www.burmeseclassic.com


## ရှောက်နွယ်ဝင်အသီးများ

အချိုဓာတ်နှင့် အချဉ်ဓာတ်ကို ပေးစွမ်းနိုင်သော ရှောက်နွယ်ဝင်သစ်သီးများမှာ အနံ့အရသာကောင်းမွန်၍ ကျန်းမာနုပျို အသက်ရှည်ရေးအတွက် လွန်စွာအရေးပါလှသော အသီးများဖြစ်သည်။ အစိမ်းစားရသော အသီးများဖြစ်သောကြောင့် အပူကြောက်သော ဗီတာမင်စီဓာတ်ကို အပြည့်အဝ ရရှိစေပါသည်။

ရှောက်နွယ်ဝင်အသီးများတွင် PHYTOCHEMICAL နှင့် HESPERIDIN သတ္တုဓာတ်များ အခြေခံဖွဲ့စည်းပါဝင်ထားသည့်အပြင် FLAVONIDS, LEMONENE, NARINGIN သတ္တုဓာတ်များအားဖြည့်ပါဝင်နေသောကြောင့် နှလုံးရောဂါ၊ သွေးတိုးရောဂါကို ကျစေနိုင်သည်။ ,ပန်းနာရောဂါ၊ မျက်စိတိမ်စွဲခြင်း နှလုံးနှင့် လေဖြတ်ခြင်း၊ နှာစေးဝင်ခြင်း အစရှိသော ရောဂါများကို ကာကွယ်ပေးသလို ကင်ဆာရောဂါကို တားဆီးပေးနိုင်သည်။ CITRUS အချဉ်ဓာတ်ကြွယ်ဝ၍ အသားအရေရွှမ်းသည်း အသီးထူးများဖြစ်သောကြောင့် ကိုယ်ခန္ဓာအသားအရေကိုစစ်စေပြီး အဝလွန်ခြင်းကို ထိန်းသိမ်းပေးသည်။ သွေးကြောများအတွင်းရှိ သွေးချိုကင်းစေပြီး လေဖြတ်ခြင်းမှ ကြိုတင်ကာကွယ်ပေးနိုင်သည်။ ခန္ဓာကိုယ်အတွင်းရှိ မကောင်းသော LDL ကိုလက် စထရော အဆီဓာတ်များကို ဖယ်ရှားလျော့နည်းစေပြီး ကောင်းသော HDL ကိုလက်စထရော အဆီဓာတ်ကို မြင့်မားစေသည်။ အိုမင်းခြင်းဇရာကို ကာကွယ်ပေးကာ နုပျိုကျန်းမာ အသက်ရှည်စေနိုင်ပြီး အူမကြီးကင်ဆာကို တားဆီးပေးသည်။

သို့ဖြစ်၍ ရှောက်နွယ်ဝင်အသီးများကို ရာသီအလိုက် ပေါ်လျှင်ပေါ်သလို များလျှင်များနိုင်သလောက် စားပေးခြင်းဖြင့် ကျန်းမာရေးကို များစွာအထောက်အကူဖြစ်စေနိုင်မှာ ဖြစ်သည်။ ဆီးချို သွေးချို ရှိသူများဖြစ်ပါက အချဉ်သီးများကို အရည်ညှစ်ယူ၍ သကြားတုနှင့် ဖျော်သောက်ပေးခြင်းဖြင့် အကျိုးရှိနိုင်ပါလိမ့်မည်။

အနံ့၊ အရောင်၊ အရသာထူးကဲအောင် ဓာတုပစ္စည်းများဖြင့် အမျိုးမျိုးအထွေထွေ ပြုပြင်မွမ်းမံထားသော အစားအစာအမျိုးမျိုး၊ အချိုရည်မျိုးမျိုး၊ အာဟာရဓာတ်စာအမျိုးမျိုးသည် မည်သို့ပင် ကောင်းကျိုးပေးနိုင်သည်ဆိုသော်လည်း မကောင်းကျိုးဘက် အလေးသာနေ၏။ ကောင်းကျိုး တစ်ကျပ်သားရှိလျှင် မကောင်းကျိုးလည်း တစ်ကျပ်သားရရှိနိုင်သည်။ လတ်ဆတ်ကောင်းမွန်သော သဘာဝ ဟင်းသီးဟင်းရွက်၊



အသားငါး၊ သစ်သီးဝလံ၊ သီးနှံ အစားအစာများကို ရွေးချယ်စားသုံးခြင်းသည် ကောင်းကျိုးချမ်းသာကို ရာခိုင်နှုန်းအပြည့်နီးပါး ရရှိနိုင်ပြီး ဘေးထွက်ဆိုးကျိုး အလွန်နည်းပါးလှပါသည်။ ယင်းသဘာဝအစားအစာများထဲတွင် ဗီတာမင်သက်စောင့်ဓာတ်များနှင့် သဘာဝသတ္တုဓာတ်မျိုးစုံ ပါဝင်ထားသော ရှောက်နွယ်ဝင်အသီးများသည် ကျန်းမာရေးအတွက် ထိပ်ဆုံးက အကောင်းဆုံးဆေးဝါးဓာတ်စာ အာဟာရဖြစ်လေသည်။

ရှောက်နွယ်ဝင် သစ်သီးဝလံများထဲတွင် လိမ္မော်သီး၊ ရှောက်ချိုသီး၊ ရှောက်ပန်းသီး၊ သံပရာသီး၊ သံပယိုသီး၊ ကွဲကောသီး၊ ဂရိတ်ဖရုသီး၊ လိမ္မော်ချဉ်သီး၊ ရှောက်ချဉ်သီး၊ ကမ္ဘလာသီးများဖြစ်ပြီး ယင်းအသီးများ၏ စံချိန်တင် စာဖွဲ့လောက်သည့် ကောင်းကျိုးပြုပစ္စည်းသည် လိုင်ကိုပင်း LYCOPENE ဓာတ်ပါဝင်နေခြင်း ဖြစ်သည်။

လိုင်ကိုပင်းဓာတ်သည် ကိုယ်ခန္ဓာ ကျန်းမာရေးကို အလွန်ဆိုးဝါးစေနိုင်သည့် FREE RADICALS များကို တိုက်ထုတ် ဖျက်ဆီးပေးနိုင်သော အပြင်းစားဓာတ်ဆိုးဆန့်ကျင်ပစ္စည်း အင်တီအောက်ဆီးဒင့် ANTI OXIDANTS များ မြောက်များစွာ ပါဝင်ခြင်းဖြစ်သည်။ သို့ဖြစ်၍ လူတစ်ဦးတစ်ယောက်သည် တစ်နေ့လျှင် အစိမ်းစားရသော ရှောက်နွယ်ဝင်အသီး တစ်လုံးမှသုံးလုံးထိ အသီးကိုဖြစ်စေ၊ ဖျော်ရည်ပြုလုပ်၍ဖြစ်စေ စားသောက်ပေးလျှင် မရှိသောရောဂါများကို





www.burmeseclassic.com

www.burmeseclassic.com

၉၀ရာခိုင်နှုန်းထိ ကာကွယ်တားဆီးပေးနိုင်ပြီး စွဲကပ်ခံနေရသော ရောဂါများကို အနည်းဆုံး ၂၅ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်းထိ လျော့နည်းသက်သာစေနိုင်ပါမည်။ ရှောက်နွယ်ဝင်အသီးများကို နေ့စဉ်စားသုံးခြင်းသည် ဘဝနေရေးအတွက် ကျန်းမာရေးကို ပြုစုပျိုးထောင်ပေးခြင်းဖြစ်ပြီး အနာဂတ်ရှင်သန်ရေးအတွက် တည်ဆောက်နေခြင်း ဖြစ်ပါသည်။

## ရှောက်ချိုသီး (GRAPE FRUIT)

ဆေးပညာရှင် သုတေသီများ၏ လေ့လာချက်အရ လိမ္မော်ချဉ်သီးမှ ရရှိသော ဖျော်ရည်သည် အစာအိမ်အနာခွက်များကို ပျောက်ကင်းစေနိုင်သည်ဟုဆိုသည်။ ရှောက်ချိုသီး အစေ့မှ ထုတ်ယူရသော အနှစ်များသည် အစာအိမ်ကို ကျန်းမာကောင်းစေနိုင်ပြီး အစာအိမ်လမ်းကြောင်းကို ရှင်းလင်းကောင်းမွန်စေနိုင်သည်။

ရှောက်ချိုသီးကို စားသုံးပေးခြင်းဖြင့် ဘက်တီးရီးယားရောဂါပိုးများကို ဆန့်ကျင် တိုက်ဖျက်ပေးနိုင်သည့်အပြင် အစာအိမ်အနာများကို ကုသရာ၌လည်း အထောက်အကူကောင်းဖြစ်စေနိုင်သည်။ အစာအိမ်အနာကြောင့် အစာမကြေဖြစ်ခြင်း၊ မကြာခဏဗိုက်အောင့်ခြင်း၊ အန်တတ်ခြင်း၊ မောပန်းလွယ်ခြင်း၊ ကိုယ်အလေးချိန် လျော့ကျအားနည်းစေခြင်း၊ စိတ်ဓာတ်ကျဆင်းတတ်ခြင်း၊ အစာစားမရဖြစ်ခြင်းများကို ဖြစ်စေနိုင်သည်။ မည်သို့ပင်ဆိုစေကာမူ အစာအိမ်ရောဂါကို သမားတော်များနှင့် ဆေးကောင်းဖက်၍ ကုသလျှင် အနည်းဆုံး တစ်လမှ နှစ်လအတွင်း ပျောက်ကင်းနိုင်သည်။ ဆေးဝါးသောက်သုံးခြင်း မပြုလိုပါက ရှောက်ချိုသီးဖျော်ရည်သည် အထောက်အကူ ဖြစ်စေပါလိမ့်မည်။

ရှောက်ချိုသီးဖျော်ရည်ကို ဆေးဝါးအဖြစ်မှီဝဲပေးခြင်းဖြင့် အစာအိမ်မှ အက်စစ်ဓာတ်စိမ့်ထွက်ခြင်းကို လျော့နည်းစေနိုင်ပြီး အနာခွက်များ အရွယ်အစား သေးငယ်လာစေ၍ တဖြည်းဖြည်း ပျောက်ကင်းသွားစေနိုင်ပါသည်။

ရှောက်ချိုသီးတိုင်းတွင် အထက်က ဖော်ပြခဲ့သော သိုင်ကိုပင်းဓာတ် ပါရှိသောကြောင့် မကောင်းသော ကိုလက်စထရော အဆီများကို ဖျက်ဆီးနိုင်စွမ်းရှိပြီး အစာကြေညက်လွယ်စေသည်။ အူသိမ်အူမများတွင် ကပ်ငြိနေသော အဆီများကို ဖယ်ထုတ်ရှင်းလင်းပေးနိုင်သည်။ အရည်ကို ပျားရည်နှင့်ဖျော်သောက်ပေးပါက အရေပြားရောဂါနှင့် ကင်ဆာရောဂါများကို ကာကွယ်တားဆီးပေးနိုင်ရုံသာမက နှလုံးကို သန်မာအားကောင်းစေနိုင်သည်။ ထို့ပြင် ဆီးလမ်းကြောင်းကို ရှင်းလင်းသန့်စွမ်းစေပြီး သွေးသားစိုပြည်စေ၍ ဓာတ်လေးပါးကို ကောင်းစေ မှန်စေနိုင်ပါသည်။

LIMONOIDE ဓာတ်ပါရှိသော အာနိသင်ကြောင့် ရောဂါဘယအမျိုးမျိုးကို ကာကွယ်တားဆီးပေးနိုင်သည်။ ထို့ကြောင့် ရှောက်ချိုသီးအပါအဝင် ရှောက်နွယ်ဝင်အသီးများကို စုပေါင်းအသက်ကယ်ဆေးဟု ခေါ်ဆိုကြခြင်းဖြစ်သည်။

## ရှောက်နွယ်ဝင် ချိုချဉ်သီးများ

လိမ္မော်သီး၊ ကမ္ဗလာသီး အပါအဝင် အချိုဓာတ်နှင့် အချဉ်ဓာတ်ကိုပေးနိုင်သော ရှောက်နွယ်ဝင်လိမ္မော်သီးများကို စုပေါင်း၍ စစ်ထရပ်စ်ဖရု CITRUS FRUITS ဟု ခေါ်ဆိုကြ၏။ ယင်းအသီးများတွင် စစ်ထရပ်စ်အချဉ်ဓာတ်များ ပါဝင်နေသဖြင့် အန့်မတည့်၍ အော့အန်ခြင်း၊ အဖုအပိမ့်ထွက်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောခြင်းတို့မှ ကာကွယ်ပေးနိုင်သည်။ ပန်းနာရင်ကျပ်၊ နှလုံးရောဂါ၊ သွေးကြောကျဉ်းရောဂါ၊ မျက်စိဝေဒနာ၊ အရေပြားရောဂါ၊ ကင်ဆာရောဂါနှင့် လေဖြတ်ခြင်း ဆိုးကျိုးတို့မှ တားဆီးပေးနိုင်ပါသည်။

အရေးပါသော CAROTEN သတ္တုဓာတ်များသည် လိမ္မော်သီးနှင့် အနွယ်ဝင်အသီးများတွင် များစွာပါဝင်သဖြင့် ကင်ဆာရောဂါနှင့် အခြားရောဂါဆိုးများကို ကာကွယ်တားဆီး တိုက်ထုတ်ပေးနိုင်ပါသည်။

အထူးသဖြင့် စစ်ထရပ်စ်အချဉ်ဓာတ် ပါဝင်ခြင်း၏ ဆေးစွမ်းအာနိသင်သည် သွေးကြောနံရံများတွင် တွယ်ကပ်နေသော သွေးအဆီချိုများကို လျော့နည်းစေသဖြင့် လေဖြတ်မည့်အန္တရာယ်မှ ကာကွယ်ပေးသည်။ ကိုယ်ခန္ဓာအတွင်းရှိ မကောင်းသော ကိုလက်စထရောအဆီဓာတ်များကို လျော့နည်းကျဆင်းစေပြီး ကောင်းသော ကိုလက်စထရောအဆီဓာတ်များကို တိုးပွားပြောင်းလဲစေသဖြင့် ဆက်နွယ်သော ရောဂါများနှင့် အဝလွန်ခြင်းတို့မှ တားဆီးပေးနိုင်ပါသည်။

## လိမ္မော်သီး

CITRUS FRUIT နွယ်ဝင် လိမ္မော်သီးတွင်ပါဝင်သည့် LUTIN လူတင်းနှင့် ZEZXANTHIN ဇီဇန်သင်း ဓာတ်နှစ်မျိုးသည် ကိုယ်ခံအားကို မြင့်မားစေနိုင်ပြီး ပြင်ပမှ ဝင်လာသော ရောဂါပိုးများကို တားဆီးပေးနိုင်သည်။ ယင်းဓာတ်နှစ်ပါးပါဝင်သော အခြားအသီးများမှာ နယူးဇီလန်နိုင်ငံမှ ကီဝီသီးနှင့်





www.burmeseclassic.com

www.burmeseclassic.com

စတော်ဘယ်ရီသီးများ ဖြစ်သော်လည်း လိမ္မော်သီးတွင် ပါဝင်သော ပမာဏကို မယှဉ်နိုင်ဘဲ နည်းပါးလွန်းလှသည်ဟု ဆိုသည်။

လိမ္မော်သီးတစ်လုံးသည် လူ့ခန္ဓာကိုယ် ကျန်းမာရေးအတွက် တစ်နေ့တာ လိုအပ်သော ပိုတက်စီယမ်ဓာတ်၏ ၇ ရာခိုင်နှုန်း ပံ့ပိုးပေးနိုင်ပြီး ဗီတာမင်စီ လိုအပ်မှု၏ ၇၅ ရာခိုင်နှုန်းအထိ ဖြည့်ဆည်းပေးနိုင်သောကြောင့် ကိုယ်ခန္ဓာ အရည်ဓာတ် အချိုးအစားကို ညီညွတ် မျှတစေနိုင်သည်။ မကောင်းသော အဆိပ်အတောက်များကို ဖယ်ရှားပေးနိုင်သည်။ အနာပေါင်း၊ အနာဆွေးများကို အကျက်မြန်စေပြီး နှလုံးရောဂါ၊ ကင်ဆာရောဂါနှင့် အိုမင်းရင့်ရော်စေသော ဇရာလက္ခဏာများကို ကာကွယ်တားဆီးပေးနိုင်သည့် ဆေးစွမ်းအာနိသင်များ ပါရှိလေသည်။

**သံပရာသီး**

ရှောက်နွယ်ဝင် သစ်သီးဝလံများထဲတွင် လူသုံးများသော မင်းသားတစ်လက်ဖြစ်သည့် သံပရာသီးသည် လက်သုပ်၊ အတို့အမြုပ်အစ၊ အုန်းနို့ခေါက်ဆွဲ၊ မုန့်ဟင်းခါးအထိ ပါဝင်ရသော ဓာတ်စာသီး ဖြစ်လေ၏။

သံပရာသီးတွင် သဘာဝသကြားဓာတ်၊ ဗီတာမင်[illegible] ဓာတ်၊ စစ်ထရပ်စ်အက်စစ်ဓာတ် CALCIUM ၊ ထုံးဓာ[illegible] PHOSPHORUS၊ မီးစုန်းဓာတ်များ ကြွယ်ဝသဖြင့် အန[illegible] အကျက်မြန်စေပြီး စကာဗီ SCURY ရောဂါဆိုးကို ကာကွ[illegible] ပေးနိုင်သည်။ နှလုံးရောဂါ၊ ကင်ဆာရောဂါများကို ကာကွ[illegible] ပေးနိုင်သော ဆေးစွမ်းသတ္တိရှိသည်။

သံပရာသီးသည် အာယုဗေဒ ဆေးပညာအရ သ[illegible] စောင့်ဆေးတစ်ပါးဖြစ်သည်။ သံပရာသီးကို အရည်ညှစ်[illegible] ဖျော်ရည်ပြုလုပ် သောက်သုံးပေးခြင်းဖြင့် ကိုယ်ခန္ဓာအ[illegible] ဓာတ်ကို လျှော့နည်းစေ၍ အဝလွန်ခြင်းကို ထိန်းသိမ်း[illegible] သည်။ ဆီးလမ်းကြောင်း ပိုးဝင်ခြင်းမှ ကာကွယ်ပေးသ[illegible] အစာမကြေ၊ လေရောဂါထခြင်းမှ သက်သာစေနိုင်သ[illegible] သွားနာ သွားကိုက်ခြင်း၊ သွေးမသန့်ခြင်း၊ အာသီးရောင်[illegible] ခြင်း၊ ဆီးအိတ်ရောင်ခြင်း၊ မူးဝေအော့အန်ခြင်း၊ အဆိပ်[illegible] ခြင်း၊ ခံတွင်းပျက်၍ မစားချင် မသောက်ချင် ဖြစ်ခြင်း[illegible] သက်သာစေနိုင်သည်။ ခန္ဓာကိုယ် အရေပြားရောဂါ[illegible] ကင်းပစေနိုင်ပြီး အသားအရေ စိုပြည်ဝင်းဝါ၍ အ[illegible] ကျက်သရေ တိုးစေနိုင်ပါသည်။

**အောင်ဘုန်းမြင့်(ကချင်[illegible]**




ဆုတောင်းပြည့်

# ဆရာကြီး အောင်ဘုန်းမြင့်

**နက္ခတ္တဗေဒ ဗလိတပညာရှင် - မဟာဂန္ဓာရီ ဗေဒင် လက္ခဏာသုတေသီ**

စာရေးဆရာ – အောင်ဘုန်းမြင့် (ကချင်ဓမြ)

ကလောင်ခွဲ – ကာလီဒါချ် (မြန်မာပြည်)

- ယတြာဓာတ်ရိုက်ဓာတ်ဆင် အထူးဆောင်ရွက်ပေးသည်။
- ဘဝရေစ့ရေးလမ်းညွှန်အတိုင်ပင်ခံသည်။
- နေ့စဉ် နံနက်(၆)နာရီမှ (၉)နာရီအတွင်း အခမဲ့ ဖုန်းဖြင့် ဟောကြားပေးသည်။

အမှတ်(၄၂)၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။

ဗေဒင် ☎ ၀၁-၅၄၀၇၂၀၊ စုံစမ်းရေး 📱 ၀၉-၃၁၀၂၂၈၁၆





www.burmeseclassic.com

www.burmeseclassic.com

# အွန်လိုင်းပေါ်မှ ဆေးသုတ

## ဟောမန်နှင်း

ဆောင်းရာသီမှာ ချင်း(ဂျင်း)စားပါ





စာရေးသူ၏ မိတ်ဆွေတစ်ဦးသည် လက်ဖက်ရည် အလွန်ကြိုက်သူတစ်ဦးဖြစ်သည်။ ဈေးရောင်းရင်း ဆိုင်ထိုင်ချင်း တစ်နေ့လျှင် လက်ဖက်ရည် အချိုပေါ့ကျ သုံးခွက်၊ လေးခွက် သောက်သည်ဟု ဆိုသည်။ သူ့သောက်နည်းမှာ အခြားသူများနှင့်မတူ၊ ခပ်ပါးပါးလှီးထားသော ချင်းအဖတ်ကလေးများကို နှစ်ဖတ်၊ သုံးဖတ်မျှ လက်ဖက်ရည်ထဲတွင် စိမ်ထားပြီး ဖြည်းဖြည်းချင်း သောက်သည်။ သူ၏ လက်ဖက်ရည်မှာ ချင်းရနံ့ကလေး သင်းနေသည်။

မကြာသေးမီကလည်း ကျန်းမာရေးဂျာနယ်တစ်စောင်တွင် အနောက်တိုင်း ဆေးပညာရှင်များက ဘလက်ကော်ဖီတွင် ချင်းထည့်သောက်ခြင်းဖြင့် ခေါင်းကိုက်ဝေဒနာ သက်သာစေကြောင်း ရေးထားသည်ကို ဖတ်ရှုလိုက်ရသည်။ ချင်းကို ရာကျင်ကိုက်ခဲ ဝေဒနာ ကုသရာတွင်လည်း အသုံးပြုကြောင်း ရေးသားထားသည်။ ချင်းကို အရည်ထုတ်ယူပြီး ဗိုက်အောင့်ဝေဒနာနှင့် ပျို့ချင် အန်ချင်ဖြစ်သော ဝေဒနာများတွင်လည်း သုံးစွဲသည်ဟု ရေးသားထားသည်။

ချင်းသည် မူလက အိန္ဒိယနိုင်ငံမှ တင်သွင်းခြင်းဖြစ်ပြီး ဆေးဆေးကုန်သည်များမှာ အိန္ဒိယလူမျိုးများဖြစ်သည်။ ချင်းခြောက်ကို မပုပ်မသိုးစေရန် ထုံးရည်ဖျန်းပြီး သင်္ဘောကြီးများဖြင့် သယ်ဆောင်တင်သွင်းလာသဖြင့် သင်္ဘောချင်းခြောက်ဟူသော အသုံးအနှုန်းမှာ ယနေ့အထိ ပရဆေးလောကတွင် သုံးစွဲနေဆဲဖြစ်သည်။

နောက်ပိုင်း၌ ချင်းကို မြန်မာပြည်တွင် စိုက်ပျိုးသည်။ အထက်မြန်မာပြည်နှင့် ရှမ်းပြည်နယ်မှထွက်သော ချင်းတက်များမှာ အပူဓာတ်အားကောင်းပြီး ကျစ်လျစ်မာကျောသဖြင့် ချင်းတက်ကောင်းအဖြစ် အိန္ဒိယ၊ ပါကစ္စတန် စသော နိုင်ငံများသို့ပင် ပြန်လည်တင်ပို့ရသည်။

ကျောက်မဲချင်း၊ အောင်ပန်းချင်း၊ ကျောက်ဆည်နယ်သံရွာချင်းတက်တို့သည် အတက်ကြီးပြီး အပူဓာတ် အားကောင်းသဖြင့် နာမည်ကျော်ကြားပြီး လူကြိုက်များသော ချင်းတက်များ ဖြစ်သည်။

ချင်းကို ဟင်းခတ်ရာတွင် အသုံးအပြုဆုံး လူမျိုးမှာ တရုတ်လူမျိုးများဖြစ်ကြောင်း သိရသည်။ ဟင်းခတ် အမွှေးအကြိုင်အဖြစ်သာမက အသားနူးအောင် ချင်းတက်ထည့်ချက်ကြသည်။ ချက်ပြုတ်သော အသားကို အစာအိမ်သို့ရောက်လျှင် အစာကြေစေရန်လည်း ချင်းက အထောက်အကူပြုကြောင်း သိရသည်။

ဆောင်းဥတုသည် အပြင်ထွက်လျှင် အအေးပတ်လွယ်သော ဥတုဖြစ်သည်။ အဝတ်အစား လုံခြုံအောင်ဝတ်ဆင်ထားသည့်ကြားကပင် ဦးခေါင်းနှင့် လည်ပင်းကို အအေးပတ်ပြီး အသံဝင်ခြင်း၊ လည်ချောင်းနာခြင်း၊ သွားနာနှင့် သွားဖုံးများ အပူကန်ခြင်း၊ အာသီးရောင်ခြင်းများ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်လေ့ရှိသည်။ ထိုသို့ အအေးပတ်ခြင်းကို ချင်းလက်ဖက်ရည် သောက်ခြင်းဖြင့် ကာကွယ်နိုင်သည်။ မိမိအိမ်တွင် သောက်နေကျ ရေနွေးကြမ်းထဲသို့ ချင်းပါးပါး နှစ်လွှာ သုံးလွှာ လှီးထည့်ပြီး ပူပူလေးသောက်ခြင်းဖြင့် ကာကွယ်နိုင်သည်။


အအေးပတ်ပြီး အဖျားဝင်၍ ကိုယ်လက်များ ညောင်းညာကိုက်ခဲလျှင် ချင်းပါးပါး ခုနစ်လွှာ၊ ထန်းလျက် သုံးခဲ၊ ကွမ်းရွက် တစ်ရွက်ကိုခြေ၍ မတ်ခွက်တွင်ထည့်ပြီး ရေနွေးအဖြူ ပူပူလောင်းထည့်ပါ။ ၁၅ မိနစ်ခန့် အငွေ့လုံအောင် အုပ်ထားပါ။ ထို့နောက် အဖုံးဖွင့်ပြီး မျက်နှာ၊ နှာခေါင်းပေါက်ဖြင့် အငွေ့ကိုရှူရင်း ဖြည်းဖြည်းချင်း သောက်ပါ။ အအေးမိခြင်းမှ သက်သာစေနိုင်သည်။

ချင်းသုပ်သည် မြန်မာလူမျိုးများအကြိုက် အစားအစာ ဖြစ်သည်။ ချင်းကို အမွှာလေးများခြစ်ပြီး ရှောက်ရည်ဖြင့် စိမ်ထားသော ချင်းနှပ်သည် ဝမ်းမီးတောက်ပြီး အစာကြေစေသည်။ အအေးပတ်ခြင်းမှ ကာကွယ်ပေးသည်။ ကာကွယ်ပေးသည်။ လူကြီးများ ကိုယ်ငွေ့ကောင်းစေရန် ချင်းသုပ်ကို မကြာခဏ ကျွေးပေးခြင်းဖြင့် ကျန်းမာစေနိုင်သည်။

Credit : DATA Doctor

◆

## ရွှေဖရုံသီး၏ ကျန်းမာရေးအကျိုးကျေးဇူးများ



ရွှေဖရုံသီးကို အစိမ်းရောင်နဲ့ အဝါရောင် ဆိုပြီး အရောင်နှစ်မျိုး တွေ့ရပါတယ်။ ဗီတာမင်အေ၊ မဂ္ဂနီစ်၊ ပိုတက်စီယမ်၊ ဖောလိတ် စတဲ့ အာဟာရဓာတ်တွေ အများအပြား ပါဝင်တာကြောင့် ကျန်းမာရေးအတွက် အောက်ပါ အကျိုးကျေးဇူးတွေကို ရရှိနိုင်ပါတယ်။

(၁) ရွှေဖရုံသီးမှာ ကယ်လိုရီပါဝင်မှုလျော့နည်းတာကြောင့် အဆီများတဲ့ အစားအသောက်တွေနေရာမှာ အစားထိုး စားပေးနိုင်ပါတယ်။ ကိုယ်အလေးချိန် မတက်စေဘဲ ဆာလောင်မှုကို လျော့ကျစေပါတယ်။

(၂) ရွှေဖရုံသီးမှာ မဂ္ဂနီဆီယမ် ပါဝင်ပြီး အစာကြေညက်စေတာကြောင့် အာရုံဖောင်းလျာအဖြစ် စားပေးသင့်ပါတယ်။

(၃) ရွှေဖရုံသီးဟာ ခန္ဓာကိုယ်ကို အေးမြစေတာကြောင့် ပူတဲ့အချိန်တွေမှာ စားသင့်ပါတယ်။

(၄) ရွှေဖရုံသီးမှာ ဗီတာမင်အေ၊ စီနဲ့ မဂ္ဂနီစီယမ်တို့ ပါဝင်တာကြောင့် ကိုယ်ခံစွမ်းအားစနစ်ကို ကောင်းမွန်စေပါတယ်။ ကိုယ်ခံစွမ်းအားစနစ် ကောင်းမွန်နေရင် ရောဂါအများစု မဖြစ်အောင် ကာကွယ်ထားနိုင်ပါတယ်။

(၅) ရွှေဖရုံသီးဟာ သွေးတိုးတာ၊ လေဖြတ်တာနဲ့ နှလုံးရောဂါထတာတွေ မဖြစ်အောင် လျှော့ချပေးနိုင်ပါတယ်။

(၆) ရွှေဖရုံသီးမှာ အမျှင်ဓာတ် အများအပြား၊ ဗီတာမင်အေနဲ့ ဗီတာမင်စီတို့ ပါဝင်တာကြောင့် သွေးတွင်း မကောင်းတဲ့ ကိုလက်စ ရောတွေကို လျော့ကျ ပါတယ်။ ပါဝင်တဲ့ ဗီတ င်တွေက ရောင်ရမ်း ဆက်စပ်နေတဲ့ ရောဂါ (ဥပမာ- ရိုးဆစ်ရောင်ရမ်း အရိုးအဆစ် ရောင်တာနဲ့ ပန်းနာရင်ကျပ်ရောဂါ) မဖြစ်အောင် ကာကွယ်ပေးနိုင်ပါတယ်။

(၇) ရွှေဖရုံသီးဟာ ကင်ဆာဖြစ်နိုင်တဲ့ အန္တရာယ်ကို လျော့ကျစေပါတယ်။ အကြောင်းကတော့ ပါဝင်တဲ့အမျှင်ဓာတ်တွေဟာ ခန္ဓာကိုယ်ထဲက အဆိပ်တွေကို စေပြီး အူမကြီးမှာ အဆိပ်တွေ စုပုံမှုမဖြစ်အောင် ကာကွယ်ပေးနိုင်လို့ပါ။ အူမကြီးထဲမှာ ကင်ဆာ စေတဲ့ အဆိပ်တွေစုနေရင် ကင်ဆာရောဂါ ဖြစ် စေနိုင်ပါတယ်။







www.burmeseclassic.com

www.burmeseclassic.com

(၈) ရွှေဖရုံသီးဟာ ဆီးကျိတ်ကြီးတဲ့ လက္ခဏာတွေကို လျော့ပါးစေပါတယ်။ အမျိုးသားတွေမှာ ဆီးကျိတ်ကြီးတာကြောင့် ဖြစ်တတ်တဲ့ ဆီးသွားရခက်ခဲတာနဲ့ လိင်ဆက်ဆံမှုဆိုင်ရာ အခက်အခဲတွေကို လျော့ပါးစေပါတယ်။

(၉) ရွှေဖရုံသီးမှာ ဗီတာမင်စီနဲ့ လူတင်တို့ ပါဝင်တာကြောင့် မျက်စိကျန်းမာရေးကို ကောင်းမွန်စေပါတယ်။

(၁၀) ရွှေဖရုံသီးမှာပါတဲ့ ဗီတာမင်အေက သွားပိုးစားမှုမဖြစ်အောင် ကာကွယ်ပေးနိုင်ပြီး အိုမင်းမှုကြောင့်ဖြ တဲ့ ဝေဒနာတွေကို လျော့ကျစေပါတယ်။

(၁၁) ရွှေဖရုံသီးဟာ ဦးနှောက်ဆဲလ်တွေရဲ့ တည်ဆောက်မှုကို အားပေးတာကြောင့် မှတ်ဉာဏ်ကောင်းမွန်အောင် ပံ့ပိုးပေးနိုင်ပါတယ်။ ဆဲလ်တွေ ထိခိုက်မှုမဖြစ်အောင်လည်း ကာကွယ်ပေးပါတယ်။


(၁၂) ရွှေဖရုံသီးမှာ ရေဓာတ်ပါဝင်မှု မြင့်မားတဲ့အပြင် ပိုတက်စီယမ်လည်း ပါဝင်တာကြောင့် နှလုံးကျန်းမာရေးကို ကောင်းစေပါတယ်။
ရွှေဖရုံသီး စားပေးခြင်းဖြင့် ရေများများ မသောက်ဖြစ်ရင်တောင်မှ တစ်နေ့တာလုံး ရေဓာတ် ပြည့်ဝနေစေပါတယ်။


(၁၃) ရွှေဖရုံသီးမှာ ဖော့စ်ဖရပ်စ်နဲ့ မဂ္ဂနီစီယမ်တို့ အလုံအလောက် ပါဝင်တာကြောင့် အရိုးတွေ ိ သန်စွမ်းစေပါတယ်။ အသက်ကြီးချိန်မှာ ဖြစ်တတ်တဲ့ အရိုးကြွပ်ဆတ်မှုမဖြစ်အောင် ကာကွယ်ပေးနိုင်ပါတယ်။

(၁၄) ရွှေဖရုံသီးရဲ့ အရောင်က သူ့မှာ ဘယ်လောက်အာဟာရဓာတ် ပါဝင်နေသလဲဆိုတာ ဖော်ပြနေပါတယ်။ အစိမ်းရင့်ရောင် ရွှေဖရုံသီးဟာ အစိမ်းဖျော့ရောင် ရွှေဖရုံသီးထက် အာဟာရဓာတ် ပိုမိုပါဝင်ပါတယ်။
ရွှေဖရုံသီးကို စားမယ်ဆိုရင် အခွံကို မခွာပါနဲ့။ အခွံမှာ ဗီတာကယ်ရိုတင်းလို့ ခေါ်တဲ့ အင်တီအောက်စီဒင့်တွေ ပါဝင်တာကြောင့် ဆဲလ်တွေကို ကာကွယ်ပေးနိုင်လို့ပါ။ မချက်ပြုတ်ခင် ရေနဲ့ သေချာဆေးကြောပေးသင့်ပါတယ်။

Credit : DATA Doctor

## သွေးတိုး၊ သွေးတက်နေသလား ဒန့်သလွန်ရွက်ကိုစား





ဒန့်သလွန်ပင်သည် မြန်မာပြည်၌ ဘယ်မြို့ ဘယ်ရွာ၌မဆို ရှာလို့ရသည်။ မြန်မာလူမျိုးတိုင်း ဒန့်သလွန်ရွက်နှင့် ဒန့်သလွန်သီးကို နှစ်ခြိုက်စွာ စားသုံးလေ့ရှိသည်။

ဒန့်သလွန်သီးနှင့် ဒန့်သလွန်ရွက်သည် လူသားတို့ စားသုံးသည့် အာဟာရရှုထောင့်မှ ကြည့်ရှုပါလျှင် ကုံလုံကြွယ်ဝသည့် အာဟာရဓာတ်များ ပါဝင်နေသည်။ အစာလည်းဆေး၊ ဆေးလည်းအစာဟု နရသုခိဆရာမြတ်က ဖွင့်ဆိုထားပါသည်။

ထိုစကားသည် အလွန်မှန်ပါသည်။ စားတတ်လျှင်ဆေး၊ မစားတတ်လျှင်ဘေး ဟူသော မြန်မာ့ရိုးရာစကားပုံမှာလည်း အစာလည်းဆေး၊ ဆေးလည်းအစာ ဟူသော နရသုခိ ဆရာမြတ်၏ မိန့်ဆိုချက်နှင့် တစ်သားတည်းကျနေသည်ကို တွေ့ရှိရပါသည်။

ဒန့်သလွန်ရွက်နှင့် ဒန့်သလွန်သီး၏ ထူးခြားချက်မှာ ငယ်ရွယ်သောကလေးများမှသည် သက်ကြီးရွယ်အိုများအထိ တည့်သော အစားအစာအဖြစ် တွေ့ရှိရပါသည်။ ထို့ပြင် သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ဆီးချို၊ သွေးချိုရောဂါ၊ လေငန်းရောဂါရှင်များနှင့်လည်း ဒန့်သလွန်သီးနှင့် အရွက်မှာ တည့်သော ဓာတ်စာဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုနည်းတူ ဒန့်သလွန်သီး၊ အရွက်တို့သည် ဝမ်းမီးအားနည်းသူများ၊ ဝမ်းမီးအား အလှယ်အလတ်ရှိသူများ၊ ဝမ်းမီးအား ကောင်းသူများနှင့် တည့်သောအစာ ဖြစ်ပါသည်။

ဤကဲ့သို့ ဆေးဖက်လည်းဝင် လူ့အာဟာရအတွက် အလွန်ကျေးဇူးပြုသော ဒန့်သလွန်သီး၊ အရွက်တို့ကို လူအများက အထင်မကြီးကြပါ။ ဒီဇိုင်းလှလှလေးများဖြင့် ကြော်ငြာကာ ရောင်းချသော ဆေးဝါးများကိုသာ အထင်ကြီးစွာ ဝယ်ယူစားသုံးကြပါသည်။ ခေတ်မီသော ဆေးဝါးများသည် စားသုံးသူတို့အား အကျိုးပြုသလို တစ်ခါတစ်ရံ စားသုံးသူများကို ဆိုးကျိုးများ ပေးလေ့ရှိပါသည်။ ဒန့်သလွန်သီး၊ အရွက်တို့မှာ မည်သည့်အခါ စားသုံး စားသုံး လူသားတို့ ကျန်းမာချမ်းသာရေးအတွက် ထာဝရအကျိုးပြုလျက် ရှိပါသည်။

ဤသို့ အကျိုးပြုသော နွယ်မြက်သစ်ပင်သာ လူသားတို့အတွက် တန်ဖိုးရှိပါသည်။ အလေးအမြတ် ထားသင့်ပါသည်။

မြန်မာ့ဆေးပညာတွင် ယေဘုယျအားဖြင့် အောက်ပါနည်းနာတို့ကို သုံးစွဲပါသည်။

ပူလျှင် အေးအောင် လုပ်ပေးကြသည်။ အေးသူကို ပူအောင် လုပ်ပေးကြသည်။ သွေးတက်သူကို သွေးသက်အောင် လုပ်ပေးရသည်။ အပွင့်လွန်သူကို ပိတ်အောင် လုပ်ပေးရပါသည်။ ပိတ်ဖွဲ့နေသူကို ဖွင့်ပေးရပါသည်။

သွေးတိုးနေခြင်းမှာ သွေးတက်နေခြင်း ဖြစ်သည်။ ထိုတက်နေသောသွေးကို သက်အောင်ပြုလုပ်ရမည်ဟူ၍ တိုင်းရင်းဆေးပညာ၌ ဥပဒေသရှိပါသည်။ ထို့ကြောင့် သွေးတိုး၊ သွေးတက်ခြင်း ရောဂါဝေဒနာအတွက် ထိုတက်သောသွေးကို အောက်သို့ သက်လျောအောင် ချပေးရပါမည်။ ထိုသို့ သွေးတက်ကြခြင်းမှာ မတည့်သော အစားအစာများကို စားမိခြင်းများကြောင့် ရောဂါဝေဒနာ ရရှိလာခြင်း ဖြစ်ပါသည်။

ထိုရောဂါ ဝေဒနာအတွက် ဒန့်သလွန်ရွက်သည် အလွန်ပင် အကျိုးပြုလှသည်။ သွေးတိုးဝေဒနာရှင်များ၊ သွေးတက်ဝေဒနာရှင်များ နေ့စဉ် (သို့) ရက်ခြား ဒန့်သလွန်ရွက်ကို ဟင်းခါ၊ ဟင်းချိုအဖြစ်လည်းကောင်း၊ တို့စား၊ သုပ်စားပေးသွားပါက တိုးနေသောသွေးများ ကျ၍ သွေးတိုးခြင်းဝေဒနာမှ သက်သာသွားမည်ဖြစ်သည်။

အထူးသဖြင့် သွေး၌ ကိုလက်စထရောများခြင်း၊ သွေးပျစ်ခဲခြင်းတို့ကို ဒန့်သလွန်ရွက်သည် အန္တရာယ်ကင်းစွာ အကျိုးပြုပါသည်။

## နှာစေးခြင်း၊ နှာမွန်ခြင်း

နှာစေးခြင်း၊ နှာမွန်ခြင်းများ ဝေဒနာမှာ အအေးပတ်ဖွဲ့ခြင်းကြောင့် လည်းကောင်း၊ အခိုးများ ပိတ်ဖွဲ့နေခြင်းကြောင့်လည်းကောင်း ဖြစ်တတ်ကြပါသည်။ ထိုသို့ နှာစေး၊ နှာမွန်ခြင်းများ ဖြစ်နေပါလျှင် ဒန့်သလွန်ရွက်ကို ဟင်းခါးချက်သောက်ခြင်း၊ တို့စား သုပ်စားခြင်းဖြင့် ပျောက်ကင်းနိုင်ပါသည်။ ဒန့်သလွန်ရွက်တွင် ခေတ်မီသိပ္ပံနည်းအရ အေဒီဗစ်ဓာတ်များ ပါသည်။ ထို့ကြောင့် နှာစေး၊ နှာမွန်ခြင်းများ ပျောက်ကင်းပါသည်။ သို့မဟုတ် ဒန့်သလွန်ခေါက်ကို ခွာ၍ အဝတ်သန့်သန့်ဖြင့် ထုချေပြီး နာနာရှူပေးပါကလည်း ခေါင်းမူးခြင်း၊ ခေါင်းအုံကိုက်ခဲခြင်း၊ နှာစေး နှာမွန်ခြင်းတို့ကို ပျောက်ကင်းနိုင်ပါသည်။

## သွေးသားမမှန်ခြင်းအတွက်

ဒန့်သလွန်မြစ် တစ်ဆယ်သားခန့်ကိုတူးပြီး ရေဆေးကာ ထန်းလျက် သုံးခဲဖြင့် ရေကျိုပါ။ သုံးခွက်တစ်ခွက်တင်ကျန်လျှင် မီးဖိုမှချ၍ ဆားအနည်းငယ်ခတ်ထည့်ကာ မနက်ထမင်းမစားမီ၊ ည ... မနက်ဆက်ဖက်ရည်အကြမ်းပန်းကန် တစ်လုံး၊ ည တစ်လုံးခန့် သောက်ပေးသွားခြင်းဖြင့် သွေးသားမှန်ပြီး မအိုသေးသူများ အပျိုကလေးအလား ဖြစ်လာပါမည်။

## အာဟာရဓာတ်ပြည့်စုံသော ဒန့်သလွန်သီး

ဒန့်သလွန်မြစ်၊ ဒန့်သလွန်ပင်၏ အခေါက်၊ ဒန့်သလွန်အသီး၊ အရွက်တို့သည် ဆေးဖက်ဝင်လှပြီး အာဟာရဓာတ်လည်း ပြည့်စုံစွာ ပါဝင်သည်။ ဒန့်သလွန်ရွက် နှစ်ကျပ်ခွဲသားခန့် စားသုံးခြင်းသည် အစားအသောက်ပျက်ခြင်း၊ ကြွက်သားများ အားပျော့ခြင်း၊ သွေးအားနည်းခြင်း၊ သွားဖုံးများ သွေးယိုခြင်း၊ သွားနဲ့ခြင်း၊ အရိုးများ ကျိုးလွယ်ခြင်းတို့ကို ကာကွယ်ပေးပါသည်။

## ခေတ်မီ ဆေးပညာ

ဒန့်သလွန်သီး၌ ပရိုတိန်းဓာတ်၊ အဆီဓာတ်နှင့် သတ္တုဓာတ်၊ မီးစုန်းဓာတ်၊ သံဓာတ်များ ကုံလုံကြွယ်ဝစွာ ပါဝင်သည်ဟု အာဟာရသုတေသနဌာနမှ ဖွင့်ဆိုထားပါသည်။

အထူးသဖြင့် ဒန့်သလွန်သီးနှင့် ငါးရံ့ခေါင်းချဉ်ရေဟင်းကို နေ့စဉ်စားသုံးပေးခြင်းဖြင့် ပန်းသေ ပန်းညှိုးရောဂါကို ပျောက်ကင်းနိုင်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com

### ဒန့်သလွန်ပွင့် အားဆေး

ပရန္တဝါ ပါးပါးလွှာ
သကာပျားနှင့်ဖက်၊
ဒန့်သလွန်ပွင့် အုန်းဆံရင့်
ချိန်သင့်ညီမျှစွက်၊
မင်းတုန်းမင်းခေါင် သူသုံးဆောင်
စားမောင် ညဥ့်၊ နံနက်။

အထက်ပါ အားဆေးကို ဒန့်သလွန်ပွင့်ဖြင့် ဖော်စပ်ထားသည်။ ထိုအားဆေးကို ရှေးက မင်းတုန်းမင်းကြီးပင် ဖော်စပ်စားကြောင်း စပ်ဆိုသီကုံးထားပါသည်။

ဒန့်သလွန်ပင်သည် ကျွန်မတို့နိုင်ငံတွင် အလွန်ပေါများသော ဆေးဖက်ဝင်အပင် ဖြစ်သည်။ အစာလည်းဆေး ဆေးလည်းအစာ ဟူသော စကားအရလည်းကောင်း၊ စားတတ်လျှင်ဆေး ဟူသော စကားအရလည်းကောင်း ဒန့်သလွန်သီး၊ အရွက်တို့သည် လူသားတို့အား ထာဝရအကျိုးပြုလျက်ရှိပါသည်။

ထို့ကြောင့် သွေးတိုး၊ သွေးတက်ဝေဒနာရှင်များ မီးယပ်သွေး မမှန်သူများ၊ ပန်းသေ ပန်းညှိုးဝေဒနာရှင်များ၊ အားအင်လိုအပ်နေသူများ ဒန့်သလွန်ကို နေ့စဉ်စားသုံးသင့်ပါသည်။ ထိုသို့ စားသုံးပေးသွားခြင်းဖြင့် ငွေကြေးလည်း အကုန်အကျ သက်သာမည်။ ဘေးထွက်ဆိုးကျိုး ဟူသော ဆေးဝါး၏ အနိဋ္ဌာရုံများနှင့်လည်း ကင်းဝေးစေနိုင်ပါသည်။ ဒန့်သလွန်ပင်၏ စွမ်းပကားများမှာ အံ့မခန်းနိုင်ဖွယ်ရာပင် ဖြစ်တော့သည်။

Credit : DATA Doctor

### ခြေသလုံး ကြွက်တက်ရခြင်းအကြောင်း

လူ့ခန္ဓာကိုယ်မှာ (၁) ထိန်းချုပ်နိုင်သော ကြွက်သား (၂) မထိန်းချုပ်နိုင်သော ကြွက်သား ဟူ၍ ကြွက်သားနှစ်မျိုး ရှိပါတယ်။ ဥပမာ - ခြေနှင့်လက်တို့ မ,တင်ခြင်း၊ လှုပ်ရှားခြင်း၊ ကွေးခြင်း၊ ခေါက်ခြင်း စသည်တို့ပြုလုပ်ချိန်မှာ သုံးနိုင်သည့် ကြွက်သားကို ထိန်းချုပ်နိုင်သောကြွက်သားဟု ခေါ်ဆိုပြီး အကြောဆွဲခြင်းနှင့် ကြွက်တက်ခြင်းတို့ ဖြစ်စေနိုင်သော ကြွက်သားကိုတော့ မထိန်းချုပ်နိုင်သောကြွက်သားလို့ ခေါ်ပါတယ်။

ရုတ်တရက် မထင်မှတ်ဘဲ ကြွက်သားများ ကျုံ့သွားချိန်မှာ ကြွက်တက်ခြင်း သို့မဟုတ် အကြောဆွဲခြင်းတို့ ဖြစ်လာရပါတယ်။ ထိုအကြောဆွဲခြင်းက ကြွက်သားတစ်ခု သို့မဟုတ် ကြွက်သားအုပ်စု တစ်စုကို ရုတ်တရက် ကျုံ့သွားစေတာမျိုးပါ။

ကြွက်တက်တဲ့အခါ စက္ကန့်အနည်းငယ် သို့မဟုတ် မိနစ်အနည်းငယ်မှ ယင်းထက်ပို၍လည်း ကြာနိုင်ပါတယ်။ ကျား၊ မ အသက်အရွယ် အပိုင်းအခြားမရွေး ကြွက်တက်နိုင်ပြီး သက်ကြီးရွယ်အိုများ အိပ်နေချိန်မှာ သွေးလည်ပတ်မှု နှေးကွေးသွားတာကြောင့် ကြွက်တက်နိုင်သလို ကိုယ်ဝန်ဆောင်အမျိုးသမီးများ ကိုယ်ဝန်သက်တမ်း ဒုတိယသုံးလပတ်ကာလအတွင်း ကိုယ်အလေးချိန် ပိုလာတာကြောင့် ခြေနှင့်လက်တို့မှာ ကြွက်တက်လေ့ရှိပါတယ်။





www.burmeseclassic.com

www.burmeseclassic.com

## ကြွက်တက်ရသော အကြောင်းရင်း

ရေဓာတ်အနည်းငယ် ဆုံးရှုံးမှုနဲ့အတူ ဆား (Na) ဓာတ် ဆုံးရှုံးမှုတွေရဲ့ အကျိုးဆက်အဖြစ် ခြေသလုံးကြွက်သားတွေ နာကျင်ပြီး ကြွက်တက်တာကို ခံစားလာရပါတယ်။ ပူပြင်းတဲ့ရာသီမှာ လူအများစု ခံစားရလေ့ရှိပြီး ကြွက်သားတွေ အပြင်းအထန် လှုပ်ရှား၍ ပင်ပန်းနွမ်းနယ်နေတဲ့အခါ ရေဓာတ်နဲ့ ဆားဓာတ် ဆုံးရှုံးမှုများလေ ကြွက်တက်တာ ပိုဆိုးလေပါပဲ။ ဒါ့ပြင် အလွန်ချမ်းအေးတဲ့ ဆောင်းရာသီမှာလည်း သွေးလည်ပတ်မှု နှေးကွေးသွားတာကြောင့် ကြွက်တက်လေ့ရှိပါတယ်။

လှုပ်ရှားမှု မရှိခြင်း၊ လေ့ကျင့်ခန်း မလုပ်ခြင်း၊ ကိုယ်ဟန်အနေအထား တစ်မျိုးတည်း အချိန်အကြာကြီး ရပ်ခြင်း၊ ကုလားထိုင်ပေါ်တွင် အကြာကြီး ထိုင်နေခြင်း သို့မဟုတ် ခြေချင်းချိတ်၍ အချိန်အကြာကြီးထိုင်ပြီးနောက် ရုတ်တရက် မတ်တတ်ထရပ်ခြင်း၊ ငြိမ်သက်စွာ အိပ်စက်ပြီးနောက် ခြေထောက်အကြောဆန့်ခြင်း၊ ခပ်ပြင်းပြင်း လေ့ကျင့်ခန်းလုပ်ခြင်း၊ ရေးကူးခြင်း စသည့် အကြောင်းအမျိုးမျိုးတို့ကြောင့် ကြွက်တက်နိုင်သလို ခန္ဓာကိုယ်ထဲမှာ ကယ်လ်စီယမ် သို့မဟုတ် ပိုတက်စီယမ် သို့မဟုတ် မဂ္ဂနီစီယမ်ဓာတ် ချို့တဲ့ခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်း၊ အာရုံကြော သို့မဟုတ် ကြွက်သားများ ဒဏ်ရာရခြင်း၊ ကြွက်သားများမှာ သွေးလည်ပတ်မှု အားနည်းခြင်း၊ ကျောက်ကပ် မကောင်းခြင်း စသည့်ရောဂါများကြောင့်လည်း ကြွက်တက်နိုင်ပါတယ်။

ထို့ပြင် အယ်လ်ဇိုင်းမား ခေါ် ဇရာကြိုရောဂါကုဆေးဝါး၊ ခြေတုန် လက်တုန် ခေါ် ပါကင်ဆန်ရောဂါကုဆေးဝါး၊ သွေးတိုးရောဂါပျောက်ဆေး၊ ကိုလက်စထရောလျှော့ချဆေး၊ ဆီးဆေး၊ အသည်းဆေးများ၊ ပဋိသန္ဓေတားဆေး၊ Steroids စတဲ့ ပဋိဇီဝဆေးများရဲ့ ဘေးထွက်ဆိုးကျိုးများက ကြွက်တက်ခြင်းကို ဖြစ်စေနိုင်ပါတယ်။

## ကြွက်တက်တဲ့အခါ

(၁) ကြွက်တက်ရင် လှုပ်ရှားမှုတွေ ရပ်တန့်ပြီး ကြွက်တက်တဲ့ခြေထောက်ကို အနားယူ ဖြေလျှော့ပေးပါ။ ဥပမာ - မတ်တတ်ရပ်နေစဉ် ကြွက်တက်ပါက ဦးစွာ ထိုင်ချပြီးနောက် ခြေချောင်းနှင့် ဒူးကို အလိုက်သင့်ကွေးထားပါ။ ပြီးရင် ကြွက်တက်နေတဲ့ ခြေထောက်၏ ခြေချောင်းလေးများကို လက်ဖြင့်ကိုင်၍ ချိုးပေးပါ။ (ခြေထောက် ဆန့်တန်းထားလေ ကြွက်သား တင်းမာလေ ဖြစ်တာကြောင့် နာကျင်မှု ပိုလာစေပါမယ်)

○ နောက်တစ်နည်းမှာ မတ်တတ်ရပ်နေစဉ် ကြွက်တက်ပါက နံရံကို မျက်နှာမူ၍ မတ်တတ်ရပ်ပါ။ ပြီးရင် ခြေထောက်ကို ဖြည်းဖြည်းချင်း ဆန့်တန်း၍ ထိုနံရံကို ခြေထောက်ဖြင့် ကန်ထားပါ။ စက္ကန့် ၂၀ လောက် ကန်ထားခြင်းဖြင့် ကြွက်သားတွေ သူ့အလိုလို ပြန်ကျသွားပါလိမ့်မယ်။

(၂) အကယ်၍ ခြေထောက်ကွေးထားစဉ်မှာ လက်ဝဲဘက်ခြေထောက် ကြွက်တက်နေပြီ ဆိုပါစို့။ ဦးစွာ လက်ယာဘက်ခြေထောက်ကို ဆန့်တန်း၍ ပြဿနာဖြစ်နေတဲ့ လက်ဝဲဘက်ခြေထောက်ကို ရင်ခေါင်းထိရောက်အောင် ဖိကပ်လိုက်ပါ။ ပြီးရင် ဖနောင့်ကို မြေပြင်ပေါ်ထောက်၍ ခြေချောင်းလေးတွေကိုတော့ မိုးပေါ်ထောင်ထားပေးပါ။ ကြွက်သားတွေ ပြန်မကျမချင်း ဤနည်းအတိုင်း လုပ်ပေးပါ။

(၃) ကြွက်တက်တဲ့အခါ ဖုထစ်နာကျင်နေတဲ့ ကြွက်သားနေရာကို အသာအယာ ဖျစ်ညှစ်ပြီး ဖြေလျှော့ပေးနိုင်သလို ဓာတ်ဆားရည်နဲ့ အီလက်ထရိုလိုက် ဖျော်ရည်တွေ သောက်သုံးပေးပါ။

(၄) ကြွက်သားအပေါ်ကို ရေနွေးအိတ်အပူ ဖိကပ်ပေးပါ။ သို့မဟုတ် ကြွက်တက်နေတဲ့ ကြွက်သားဖုပေါ်ကို ရေနွေးပုလင်းဖြင့် အောက်ဘက်သို့ဆွဲချ၍ အသာအယာ လိမ့်ပေးပါ။

(၅) ဆပ်ပြာရည် လောင်းချပေးပါ။ ဆပ်ပြာရည်ရဲ့ တန်ပြန်ဓာတ် သက်ရောက်မှုကြောင့် ကြွက်သားတွေကို စက္ကန့်အနည်းငယ်အတွင်းမှာပင် ပြေလျော့သွားစေပါတယ်။

(မှတ်ချက် - ကြွက်တက်နေချိန် အနှိပ်ခံခြင်းက သက်သာနိုင်တယ် ဆိုပေမယ့် မှားယွင်းသောနည်းဖြင့် နှိပ်နယ်ပါက ကြွက်တက်ခြင်းကို ပိုမိုဆိုးရွားသွားစေနိုင်လို့ သတိပြုပါ။)

## ကြွက်တက်ခြင်းအတွက် အိမ်တွင်းကုထုံးလေးများ

(၁) အညောင်းမိခြင်းကြောင့် ကြွက်တက်နိုင်ပါတယ်။ ဒါကြောင့် ခြေဆန့်လက်ဆန့်လုပ်ခြင်း၊ သွေးပူလေ့ကျင့်ခန်းလုပ်ခြင်း၊ အကြောလျှော့ခြင်းတို့ဖြင့် ကြွက်တက်ခြင်းကို ကြိုတင်ကာကွယ်ထားနိုင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

(၂) ဆိုဒီယမ် ခေါ် ဆားအငန်ဓာတ် လွန်ကဲစွာ စားသုံးခြင်းက လူကို ဘေးဖြစ်စေသော်လည်း အာရုံခံအင်္ဂါ အဖွဲ့အစည်းများနှင့် ကြွက်သားများ ကောင်းစွာ အလုပ်လုပ်စေနိုင်ဖို့အတွက် သင့်တင့်သော ဆိုဒီယမ်ပမာဏက မရှိမဖြစ်ပါ။ ဒါကြောင့် မကြာခဏ ကြွက်တက်လေ့ရှိသူများနှင့် ချွေးထွက်သန်သူများအဖို့ ဥပမာ အငန်ဓာတ်ပါရှိသော မုန့်အငန်စားပါ။ (သို့မဟုတ်) သစ်သီးကို ဆားရည်အနည်းငယ်စိမ်၍ စားပါ။

(၃) The University of Maryland Medical Center မှ ကျန်းမာရေးသုတေသီများ၏အကြံပြုချက်အရ အရွယ်ရောက်ပြီးသူ တစ်ဦးရဲ့ တစ်နေ့တာ ပိုတက်စီယမ်ဓာတ် လိုအပ်ချက်ပမာဏမှာ ၄၇၀၀ မီလီဂရမ်ဖြစ်ပြီး ထိုဓာတ်ချို့တဲ့ခြင်းက ကြွက်တက်ခြင်းကို ဖြစ်စေနိုင်တယ်လို့ ဆိုပါတယ်။ ဒါကြောင့် ပိုတက်စီယမ်ကြွယ်ဝတဲ့ အစားအစာများဖြစ်ကြသော ငှက်ပျောသီး၊ ဖရဲသီး၊ ရှောက်၊ သံပရာ၊ သံပရိုသီးများ၊ ထောပတ်သီး၊ အာလူး၊ ကန်စွန်းဥ၊ နွားနို့၊ စွန်ပလွံသီး၊ တရုတ်ဆီးသီး၊ စပျစ်သီး၊ စပျစ်ခြောက်၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီစိမ်း၊ လိမ္မော်သီး၊ ဂရိတ်ဖရုစီး၊ ရေငန်ငါး အမျိုးမျိုး၊ ဝက်သား၊ သိုးသားတို့ စားပေးပါ။

(၄) The National Institutes of Health မှ ကျန်းမာရေးသုတေသီများ၏ အကြံပြုချက်အရ အရွယ်ရောက်ပြီးသူ တစ်ဦး၏ တစ်နေ့တာ ကယ်လ်စီယမ် လိုအပ်ချက်ပမာဏမှာ ၁၀၀၀ မီလီဂရမ်ဖြစ်ပြီး ထိုဓာတ် ချို့တဲ့ပါက ကြွက်သားများ ကျုံ့သွားစေနိုင်ပါတယ်တဲ့။

နွားနို့ တစ်ဖန်ခွက်မှ ကယ်လ်စီယမ် ၂၄၄ မီလီလီတာ ရရှိနိုင်မှာဖြစ်သလို ကယ်လ်စီယမ်ဓာတ် ကြွယ်ဝတဲ့ အရိုးပါ ငါးစားလို့ရတဲ့ ငါးသေးများ၊ ဒိန်ချဉ်၊ ချိစ်၊ ဗာဒံစေ့၊ သဖန်းသီး၊ တတ္တတ်သီး၊ အစိမ်းရင့်ရောင် ဟင်းသီး ဟင်းရွက်တို့ စားပေးပါ။

(၅) အားနည်းခြင်း

ကြွက်တက်ခြင်းနှင့် ကြွက်သားများ ကျုံ့ခြင်းတို့ဟာ မဂ္ဂနီစီယမ်ဓာတ် အားနည်းတဲ့ လက္ခဏာများ ဖြစ်ကြပါတယ်။ ကိုယ်ဝန်ဆောင်အမျိုးသမီးတွေမှာ မဂ္ဂနီစီယမ်ဓာတ် လိုအပ်မှုများပြားပါတယ်။ ထိုဓာတ်တွေ ကြွယ်ဝတဲ့ အစိမ်းရောင်ပဲသီး အမျိုးမျိုး၊ အစေ့အဆန်များ၊ ကောက်နှံများ၊ ငှက်ပျောသီးနှင့် ကညွတ်၊ ဟင်းနုနယ်ရွက်၊ ကိုက်လန်တို့လို အစိမ်းရင့်ရောင် ဟင်းသီးဟင်းရွက်တို့ စားပေးပါ။

(၆) ညဘက် ကြွက်တက်လေ့ရှိသူများအဖို့ quinine ဓာတ်ပါရှိသော အားဖြည့်ရေကို သောက်ပါ။ သို့မဟုတ် quinine ဓာတ် ပါရှိသော Qualaquin ဆေးကို မှီဝဲပါ။

(၇) အရက်သေစာ သောက်စားခြင်းက ညအိပ်ပျော်နေစဉ်မှာ ကြွက်တက်ခြင်းနှင့် ဆက်စပ်မှုရှိနေလို့ သတိပြုသင့်ပါတယ်။

(၈) တစ်နေ့တာလုံး ရေသောက်နည်းခြင်းကလည်း ညအိပ်ပျော်နေစဉ်မှာ ကြွက်တက်နိုင်တာကြောင့် နေ့ဘက်မှာ ရေများများသောက်ပေးပါ။

(၉) အိပ်ပျော်နေစဉ် ကြွက်တက်လေ့ရှိသူများက ညဘက်အိပ်ရာမဝင်ခင် ခြေသလုံး ကြွက်သားအကြောများကို ဖြေလျှော့နှိပ်နယ်ပေးထားခြင်းဖြင့် ကြွက်မတက်အောင် ကြိုတင်ကာကွယ်ရာ ရောက်ပါတယ်။

(၁၀) Primrose ခေါ် အဝါရောင် ပန်းပွင့်အဆီတွေက သွေးကြောပိတ်ဆို့၍ ကြွက်တက်ခြင်းအတွက် အသုံးဝင်တာကြောင့် ထိုပန်းပွင့်ဖြင့် ဖော်စပ်ထားတဲ့ အဝါရောင်ဆေးအဆီလုံး (Primrose oil) ကို ညအိပ်ရာမဝင်ခင် သောက်ပါ။

Credit : DATA Doctor

**ဟေမန်နှင်း**

❑




www.burmeseclassic.com

www.burmeseclassic.com

# ကင်ဆာရောဂါကို ခုခံသောအစားအစာများ

တော်မြင့်(ငှက်ပျား)





www.burmeseclassic.com

www.burmeseclassic.com


နေ့စဉ် အာဟာရမှာ ကင်ဆာရောဂါအား ဆန့်ကျင်တိုက်ခိုက်ရန် အဓိကလက်နက်ဖြစ်ကြောင်း မျက်မှောက်ခေတ်တွင် ယုံကြည်လက်ခံလာကြပါသည်။ အမေရိကန်အမျိုးသားကင်ဆာ အင်စတီကျူက ကင်ဆာရောဂါအားလုံး၏ သုံးပုံတစ်ပုံမှာ နေ့စဉ်အာဟာရနှင့် ဆက်စပ်နေကြောင်း ခန့်မှန်းခဲ့ပါသည်။ ထို့ပြင် နောက်ဆုံးပေါ် သုတေသနပြုချက်များအရ သင်စားသုံးသော အစားအစာများသည် ကင်ဆာရောဂါဖြစ်ပွားမှုအန္တရာယ်ကို သိသိသာသာ လျှော့ချနိုင်သည်ဟု ညွှန်ပြ ထားပါ၏။

ကင်ဆာရောဂါ ဖြစ်ပေါ်လာရန် အချိန်များစွာကြာမြင့်ပါသည်။ အဓိပ္ပာယ်မှာ ထိုရောဂါအား တားဆီးရန် သို့မဟုတ် ပိုမိုအားကောင်းစေရန် ဆောင်ရွက်မှုကို နှစ်ပေါင်းများစွာ သို့မဟုတ် ဆယ်စုနှစ်ပေါင်းများစွာ အချိန်ရပါသည်။

သုတေသီများက သင်စားသုံးသော အစားအစာများသည် ကင်ဆာရောဂါ ကြီးထွားမှုကို အဆင့်အမျိုးမျိုးတွင် ဟန့်တားနိုင်ကြောင်း တွေ့လာကြပါသည်။ ဥပမာအားဖြင့် အချို့သော အစားအစာများသည် ကင်ဆာဖြစ်စေရန် အထောက်အကူပြုသော ဓာတုပစ္စည်းများကို ပိတ်ပင်တားဆီးနိုင်ပါသည်။ အချို့သော ဗီတာမင်နှင့် သတ္တုဓာတ်များတွင် ပါဝင်သော ဓာတ်တိုးပစ္စည်းတစ်မျိုးသည် အောက်ဆီဂျင်၏ လွတ်လပ်သော ရက်ဒီကယ်များကို ဖယ်ထုတ်ပါသည်။ ထိုအရာဝတ္ထုများသည် ကလပ်စည်းများအား ကင်ဆာကို ခံနိုင်ရည်မရှိအောင် ပြုလုပ်ပါသည်။ ထို့ပြင် ထိုဓာတ်တိုးပစ္စည်းသည် ပျက်စီးသွားသော ကလပ်စည်းများကိုလည်း ပြုပြင်နိုင်စွမ်းရှိကြပါသည်။ အလားတူပင် ဂျုံဖွဲနုကဲ့သို့သော အစားအစာများသည် အကြိုကင်ဆာကလပ်စည်းများကို ကျုံ့သွားစေနိုင်ကြောင်း ပြသခဲ့ပါသည်။

နိုင်ငံပေါင်း (၁၇) နိုင်ငံအတွင်း လတ်တလောပြုလုပ်ခဲ့သော သုတေသန (၁၇၀) အရ သစ်သီးနှင့် ဟင်းသီးဟင်းရွက်ကို အများဆုံး စားသုံးသူများက အနည်းအကျဉ်းသာ စားသုံးသူတို့ထက် ကင်ဆာဖြစ်ပွားနှုန်း ထက်ဝက်လျော့နည်းကြောင်း ထောက်ပြပါသည်။

ထိုကင်ဆာများတွင် အဆုတ်ကင်ဆာ၊ ကိုယ်တွင်းခေါင်း (COLON) ကင်ဆာ၊ ရင်သားကင်ဆာ၊ သားအိမ်ခေါင်းကင်ဆာ၊ အစာရေမြို (OESOPHAGHS) ကင်ဆာ၊ ပါးစောင်ကင်ဆာ၊ အစာအိမ်ကင်ဆာ၊ ဆီးအိမ်ကင်ဆာ၊ ပန်ကရိယကင်ဆာနှင့် အမမျိုးဥအိမ်ကင်ဆာတို့ ပါဝင်ပါသည်။ စင်စစ် ဆေးလိပ်သုံးစွဲသူများပင် သစ်သီးနှင့် ဟင်းရွက်များကို မကြာခဏ စားသုံးခြင်းဖြင့် အဆုတ်ကင်ဆာ၏ အန္တရာယ်ကို လျှော့ချနိုင်သည်ဟု အကြံပြုထားပါ၏။






www.burmeseclassic.com

www.burmeseclassic.com

"ဒါဟာ စိတ်ကူးလို့တောင် မရနိုင်သလောက်ပါပဲ၊ သာမန်အသီးနဲ့ ဟင်းသီးဟင်းရွက်တွေဟာ စီးကရက်မီးခိုးလို ကင်ဆာဖြစ်စေနိုင်တဲ့ဓာတုပစ္စည်းကို ဆန့်ကျင်ဖို့ရာ ထိရောက်တယ်ဆိုတာပဲ" ဟု အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနမှ ကပ်ရောဂါဗေဒပါရဂူ တင်ဘေယာ (Tim Byers) က ပြောပါသည်။

ဟင်းရွက်များနှင့် အသီးများတွင် ကင်ဆာရောဂါ ကာကွယ်နိုင်သည်ဟု ယူဆကြသော ဓာတ်တိုးဆန့်ကျင်ပစ္စည်းတစ်မျိုးမှာ ဘီတာကာရိုတင်း (BETA CAROTENE) ဖြစ်ပါသည်။ ထိုဓာတ်ပစ္စည်းသည် အစိမ်းရင့်ရောင်၊ အဝါရောင်နှင့် လိမ္မော်ရောင် ဟင်းရွက်များတွင် သိပ်သည်းစွာ ပါဝင်ပါသည်။ ဥပမာအားဖြင့် မုန်လာဥနီ၊ ချိုသောအာလူးနှင့် ဟင်းနုနွယ်တို့ဖြစ်ပါသည်။

ဘီတာကာရိုတင်း မြင့်မားစွာပါဝင်သော သစ်သီးများမှာ ဘဂ်လားဆီးသီးနှင့် ကင်တယ်လု (CANTALOUPE) ခေါ် အရစ်ပါသော ဖရဲသီးငယ်တစ်မျိုး တို့ဖြစ်ပါသည်။ ဟားဗတ်တက္ကသိုလ်ဓာတ်ခွဲခန်းတွင် စမ်းသပ်မှုအရ ဘီတာကာရိုတင်းသည် ကင်ဆာအကျိတ်မှ ထုတ်ယူသော ကလပ်စည်း (CELL) များပေါ်တွင် အဆိပ်အတောက်ဖြစ်စေသော သတ္တိရှိပါသည်။ ၎င်းက အဆုတ်ကင်ဆာ ကလပ်စည်းများ တိုးပွားမှုကို လျော့ချစေပါသည်။ ထို့ပြင် အကျိတ် ပိုမိုကြီးထွားရန် လိုအပ်သောပရိုတင်း (PROTEIN) ခေါ် အသားဓာတ်ကိုလည်း ပုံစံပြောင်းလဲပေးပါသည်။

သုတေသနပြုချက်များအရ ဘီတာကာရိုတင်းသည် ခန္ဓာကိုယ်ထဲတွင် ရက်တင်းနစ်အက်စစ် (RETINOIC ACID) အဖြစ် ပြောင်းလဲသွားနိုင်ပါသည်။ ထိုဓာတုပစ္စည်းမှာ အချို့သော ကင်ဆာများကို ကုသရန် ဆေးဝါးစမ်းသပ်နေဆဲ ပစ္စည်း ဖြစ်ပါသည်။

ဆက်လက်ဖော်ပြမည်မှာ ကင်ဆာရောဂါကို တိုက်ဖျက်စေနိုင်သော ဓာတုပစ္စည်းများပါဝင်သည့် အစားအစာ အချို့ ဖြစ်ပါသည်။

## ခရမ်းချဉ်သီးများ

ခရမ်းချဉ်သီးတွင် ကင်ဆာ၏ အန္တရာယ်ကို လျော့ချစေနိုင်သည့် ဓာတ်ပေါင်းတစ်မျိုးမှာ ခရမ်းချဉ်သီးကို နီစေသည့် သဘာဝအရောင်ဆိုးဆေး လိုင်ကိုပင်း (LYCOPENE) ဖြစ်ပါသည်။ လိုင်ကိုပင်းသည် ဓာတ်တိုးဆန့်ကျင်သည့် ပစ္စည်းတစ်မျိုးဖြစ်ပြီး ၎င်းတို့ကို ဖရဲသီးနှင့် ဘဂ်လားဆီးသီးတို့တွင်လည်း တွေ့ရပါသည်။ ကင်ဆာဖြစ်စေသော အောက်ဆီဂျင်မပါသည့် ရယ်ဒီကယ်ခေါ် ဓာတ်ပစ္စည်းများကို ဖိနှိပ်သော အာနိသင်ရှိပါသည်။

သင်၏ သွေးထဲတွင် လိုင်ကိုပင်းဓာတ်နည်းပါးနေခြင်းသည် ပန်ကရိယကင်ဆာဖြစ်ပွားနိုင်သော အန္တရာယ်မြင့်တက်နေမှုနှင့် ဆက်စပ်ပါသည်။ ပန်ကရိယကင်ဆာရောဂါဝေဒနာရှင်များသည် သာမန်လူများထက် လိုင်ကိုပင်းပမာဏ လျော့နည်းနေသည်ကို တွေ့ရပါသည်။ သွေးထဲတွင် လိုင်ကိုပင်းဓာတ်အလွန်နည်းပါးနေသူများသည် သွေးထဲတွင် လိုင်ကိုပင်းဓာတ် ကြွယ်ဝသော ကျန်းမာသူများစာလျှင် ပန်ကရိယကင်ဆာ ဖြစ်နိုင်ချေမှာ ငါးဆ ပိုပါသည်။

ခရမ်းချဉ်သီးနှင့် ပြုလုပ်သော ငရုတ်ရည်၊ ခရမ်းချဉ်သီးအဆီနှင့် ခရမ်းချဉ်သီးအချဉ်ရည်တွင်ပင်လျှင် လိုင်ကိုပင်းဓာတ် ပါရှိပါသည်။

## ဟင်းရွက်စိမ်းများ

လတ်တလော ပြုလုပ်ဆောင်ရွက်ခဲ့သော အီတာ... သုတေသနပြုချက် တစ်ခုအရ အစိမ်းရင့်ရောင်အရွက်များ ပါဝင်သည့် ဟင်းသီးဟင်းရွက်များသည် ကင်ဆာရော... အများအပြား၏ အန္တရာယ်ကို လျော့ချနိုင်ပါသည်။ ဟင်း... နုနွယ်ပင်၊ ဘရိုကိုလီခေါ် အပွင့်များစိမ်းနေသည့် မုန်လာ... (BROCCOLI) ၊ ကေးလ်(KALE) ခေါ် အရွက်တွန့်... အူတိုင်မပါသော ဂေါ်ဖီထုပ်နှင့် အစိမ်းရင့်ရောင် ဆလတ်ရွ... များတွင် ဘီတာကာရိုတင်း၊ ဖောလိတ် (FOLATE) နှ... လူတင် (LUTEIN) အပါအဝင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းမ... (ANTIOXIDANTS) အပြည့်အဝ ပါဝင်ပါသည်။ ခိုင်... သော ဥပဒေသတစ်ရပ်မှာ ဟင်းရွက်မှာ အရောင်ရင့်လေ... ဓာတ်တိုးဆန့်ကျင်သောပစ္စည်း ပါဝင်နှုန်း များလေလေ... သည်။

## အနံ့ပြင်းထန်သော ဟင်းသီးဟင်းရွက်များ

ကြက်သွန်ဖြူ၊ ကြက်သွန်နီနှင့် နွေကြက်သွန်... (SCALLION) အပါအဝင် အနံ့ပြင်းထန်သော အသီးအရွ... များတွင် ကင်ဆာရောဂါအား ဟန့်တားနိုင်သည်ဟု ယူ... သော ဓာတုပစ္စည်း အများအပြားပါဝင်ပါသည်။ ... များတွင် စမ်းသပ်မှုများအရ ထိုဓာတုပစ္စည်းများသ...

www.burmeseclassic.com

ကိုယ်တွင်းခေါင်း၊ အစာအိမ်၊ အဆုတ်နှင့် အသည်းကင်ဆာတို့နှင့် ဆက်နွယ်သော ကင်ဆာဖြစ်စေသည့် ဓာတ်ပစ္စည်းများကို ပိတ်ဆို့ထိန်းချုပ်နိုင်ကြောင်း တွေ့ရှိရပါသည်။

ပင်ဆယ်ဗေးနီးယားပြည်နယ် တက္ကသိုလ်တွင် ပြုလုပ်သော လေ့လာမှုများအရ ကြက်များအား အမျိုးမျိုးသော ကြက်သွန်ဖြူဥမှ ထုတ်ယူရရှိသော ဓာတ်ပစ္စည်းအမျိုးမျိုးကို ကျွေးမွေးခြင်းအားဖြင့် နို့ကျိတ်များကို ၇၀ ရာခိုင်နှုန်းအထိ လျော့ချနိုင်ကြောင်း တွေ့ရှိခဲ့ပါသည်။ လူသားများတွင် လေ့လာမှုအရ ကြက်သွန်နီနှင့် ကြက်သွန်ဖြူ ပိုမိုစားသုံးသူများသည် အစာလမ်းကြောင်း ကင်ဆာဖြစ်နိုင်ချေ နည်းပါးသွားပါသည်။

ကြက်သွန်ဖြူထဲမှ ဓာတ်ပေါင်းများသည် ကင်ဆာရောဂါ တိုးတက်မှုကိုပင် ဟန့်တားနိုင်ကြောင်း သုတေသနပြုချက်များက အကြံပြုထားပါသည်။ လတ်တလောပြုလုပ်ခဲ့သော ဂျာမန်သုတေသနအရ ကြက်သွန်ဖြူမှ ဓာတ်ပေါင်းတစ်မျိုးဖြစ်သော အေဂျုံး (AJOENE) သည် ကင်ဆာဆဲလ်စည်းများအား အဆိပ်အတောက်ဖြစ်စေကြောင်း တွေ့ရှိခဲ့ပါသည်။

ကြက်သွန်ဖြူသည် ခန္ဓာကိုယ်ခုခံမှုစနစ်အား မြှင့်တင်ပေးခြင်းဖြင့် ဖြစ်ပွားလျက်ရှိသော ကင်ဆာရောဂါကိုပင် ဆန့်ကျင်အောင်ရှက်နိုင်ကြောင်း ကာလီဖိုးနီးယားပြည်နယ် လိုမာလင်ဒါ (LOMA LINDA) တက္ကသိုလ် ဆေးကောလိပ်တွင် ပြုလုပ်သော သုတေသနအရ သိရှိခဲ့ရပါသည်။

ကြွက်များနှင့် ပြုလုပ်ခဲ့သော သူတို့၏ သုတေသနလေ့လာမှုအရ ကြက်သွန်ဖြူအတွင်းရှိ ကန့် (ဆာလ်ဖါ) ဓာတ်ပေါင်းများသည် အကျိတ်ကလပ်စည်းများကို ပျက်စီးနိုင်သော ခုခံမှုစနစ်၏ အခြေခံနှစ်မျိုးဖြစ်သည့် မက်ခရိုဖာ့ဂျ် (MRCRO-PHAGE)နှင့်တီလင်ဖိုဆိုဒ်(T LYMPHOCYTE) များ၏ စွမ်းရည်ကို မြှင့်တင်ပေးပါသည်။

## ရှောက်မျိုးရင်းဝင် အသီးများ

"လိမ္မော်သီး၊ ကွဲကောသီး၊ သံပယိုသီးနဲ့ သံပရာသီးတွေကို တတ်နိုင်သမျှ မကြာမကြာ စားပေးပါ" ဟု အဆိပ်အတောက်ဗေဒပညာရှင် ဟားဗတ်ပီယာဆွင် (HERBERT PIERSON) ကပြောပါသည်။ သူက ရှောက်မျိုးရင်းဝင် အသီးများအား အလုံးစုံသော ကင်ဆာရောဂါပျောက်ဆေး အထုပ်အပိုးဟု ပြောပါသည်။

အဘယ်ကြောင့်ဆိုသော် ၎င်းတို့တွင် အင်အားကြီးသော ကင်ဆာဖြစ်စေသည့် ဓာတ်ပစ္စည်းများကို ချေဖျက်နိုင်သော သဘာဝပစ္စည်းများ (ကာရိုထင်နွိုက်၊ ဖလာဗိုနွိုက်နှင့် အခြားပစ္စည်း) အဆင့်အတန်း အမျိုးမျိုး ပါဝင်သောကြောင့်ဖြစ်ပါသည်။

တိတိကျကျပြောရလျှင် ရှောက်မျိုးရင်းဝင်အသီးများသည် ပန်ကရိယကင်ဆာအန္တရာယ်ကို လျှော့ချရန် ထိရောက်လှပါသည်။

လေ့လာမှုတစ်ရပ်အရ ဆွီဒင်လူမျိုးအုပ်စု တစ်စုတွင် ရှောက်မျိုးရင်းဝင် သစ်သီးကို နေ့စဉ်စားသုံးသူများသည် ထိုအသီးများကို တစ်ပတ်တစ်ကြိမ်ထက် လျော့နည်းအောင် စားသုံးသူများထက် ပန်ကရိယကင်ဆာအန္တရာယ်ကို ထက်ဝက်မှ သုံးပုံ နှစ်ပုံအထိ လျှော့ချနိုင်ကြောင်း တွေ့ရှိခဲ့ရပါသည်။

## ပန်းပွင့်သဏ္ဍာန် တင်းသီးဟင်းရွက်များ

ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ အပွင့်စိမ်းပန်းဂေါ်ဖီ၊ ကေးလ်ခေါ် အူတိုင်မပါသော ဂေါ်ဖီထုပ်၊ အစိမ်းရင့်ရောင်မုန်ညင်းနှင့် မုန်လာဥ စသော အပွင့်သဏ္ဍာန် ဟင်းရွက်များသည် ရင်သားကင်ဆာအန္တရာယ်ကို လျှော့ချပေလိမ့်မည်။

စင်စစ် တိရစ္ဆာန်များအား ဂေါ်ဖီထုပ်နှင့် အစိမ်းရင့်ရောင် ဟင်းရွက်များကို အဆီနည်းပါးသော အစာနှင့် တွဲဖက်ကျွေးမွေးပါက ရင်သားကင်ဆာဖြစ်ပွားမှုကို လျော့နည်းစေကြောင်း သုတေသီများ တွေ့ရှိခဲ့ပါသည်။ ထိုဟင်းသီးဟင်းရွက်များကို အစိမ်းလိုက် သို့မဟုတ် အနည်းငယ်မျှ ချက်ပြုတ်၍ စားသုံးသင့်ပါသည်။ အလွန်အကျွံ ချက်ပြုတ်ခြင်းဖြင့် ထိုဟင်းသီးဟင်းရွက်များတွင် ကင်ဆာကို ကာကွယ်စေနိုင်သော အင်ဒေါလ (INDOLE) ခေါ် ဓာတ်ပေါင်းအားပျက်စီးစေပါသည်။

ပန်းပွင့်သဏ္ဍာန် အသီးအရွက်များသည် အစာအိမ်နှင့် ကိုယ်တွင်းခေါင်းကင်ဆာတွင်လည်း ရှေ့ဆုံးမှ ကာကွယ်ပါသည်။ အမေရိကန်ပြည် ယူတာ (UTAH) ပြည်နယ်တွင် ပြုလုပ်ခဲ့သော သုတေသနများအရ ထိုဟင်းသီးဟင်းရွက်များကို အများဆုံး စားသုံးသူများသည် ထိုဟင်းသီးဟင်းရွက်များကို အနည်းအကျဉ်းမျှသာ စားသုံးသူတို့ထက်စာလျှင် ကိုယ်တွင်းခေါင်းကင်ဆာ ဖြစ်ပွားရန် အန္တရာယ်မှာ ၇၀ ရာခိုင်နှုန်းအထိ လျော့နည်းကြောင်း ထင်ရှားပြသခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ငံပြာရည် ပဲ

ပဲငံပြာရည် ပြုလုပ်သော ပဲတွင် ကင်ဆာကိုတား ဆီးနိုင်သော ဓာတ်ပေါင်းအနည်းဆုံး ငါးမျိုးပါဝင်ပါသည်။ အတိအကျဆိုရလျှင် ဓာတ်ပေါင်းတစ်ခုမှာ ဓာတုဗေဒ သဘောတရားအရ တာမိုဇီဖင် (TOMOXIFEN) ဆေးနှင့် အလားတူပါသည်။ ထိုဆေးကို အက်စထရိုဂျင် ဟော်မုန်း မှီခိုမှုရှိသော ရင်သားကင်ဆာ ကုသရန် ပုံမှန်သုံးစွဲနေပါ သည်။ ထို့ပြင် ရောဂါမဖြစ်အောင် ကာကွယ်နိုင်မှု ရှိ၊ မရှိ ဆေးဝါးစမ်းသပ်လျက်ရှိပါသည်။

တိရစ္ဆာန်များနှင့် လေ့လာမှုအရ ထိုပဲတွင် ပါဝင်သော ပစ္စည်းများသည် ကိုယ်တွင်းခေါင်း၊ အရေပြားနှင့် အခြား ကင်ဆာများကို ပိတ်ဆို့တားဆီးနိုင်ကြောင်း တွေ့ရှိရပါသည်။ ဖြစ်နိုင်သည်မှာ ကင်ဆာကလပ်စည်းများ ဖွံ့ဖြိုးမှုနှင့် တိုးပွား မှုကို နှေးကွေးစေခြင်းကြောင့်ပင်တည်း။

ခြောက်သွေ့စေပြီး စည်သွတ်ထားသော ပဲများ (ပဲဝါ၊ ပဲကတ္တီပါ၊ ပဲပင်ပေါက်) တို့သည်လည်း ကင်ဆာဆန့်ကျင် သော ပစ္စည်းများ ပါဝင်နိုင်ပါသည်။

## ဂျုံဖွဲနု

ဂျုံဖွဲနု (WHEAT BRAN) သည်လည်း ကိုယ်တွင်း ခေါင်းကင်ဆာအန္တရာယ်ကို လျှော့ချနိုင်ပေမည်။ နယူးရောက် ဆေးရုံနှင့် ကွေနယ်ဝဲလ်ဆေးပညာဌာနမှ ဆောင်ရွက်ခဲ့သော အသိမပေးသည့် သုတေသနတစ်ရပ်တွင် နေ့စဉ်ဂျုံဖွဲနု နှစ် အောင်စမျှ ကျို၍တိုက်ကျွေးသော လူနာများတွင် ကင်ဆာ ရောဂါဆိုင်ရာ ကိုယ်တွင်းခေါင်းတွင် အချွဲလွှာမှ ပေါ်လစ် (POLYP) ခေါ် အသားပိုငယ်များကို ခြောက်လအတွင်း ရှုံ့တွ သွားစေကြောင်း သိရပါသည်။

အချိန်တိုအတွင်းမှာ အစာအာဟာရနည်းနည်းရဲ့ အကျိုးကျေးဇူးရရှိနိုင်တယ်ဆိုတာ မှတ်သားလောက်ကြောင်း သုတေသီများက ပြောပါသည်။ အစာအာဟာရဖြင့် ကုသ ခြင်းမှ ကင်ဆာအကြိုသတိပေးသော ရောဂါလက္ခဏာများ ပေါ်ပေါက်ပြီး နောက်ပိုင်းမှာပင် အာနိသင်ရှိပါသည်။

## အဆီနည်းသော နွားနို့

အဆီပြည့်ဝသော နွားနို့သည် ကင်ဆာရောဂါကို အားပေးနေချိန်တွင် နွားနို့ထဲမှ အခြားအရာဝတ္ထုသည် ကင်ဆာကို ဆန့်ကျင်ပါသည်။

ကင်ဆာဌာနမှ သုတေသီများက နွားနို့အပြည့်အဝ သုံးစွဲသူများသည် နွားနို့မသောက်သူများနှင့်စာလျှင် အစာ ခေါင်ကင်ဆာ၊ အစာအိမ်ကင်ဆာ၊ ကိုယ်တွင်းခေါင်းကင်ဆာ၊ စအိုကင်ဆာ၊ အဆုတ်ကင်ဆာ၊ ဆီးအိမ်ကင်ဆာ၊ ရင်သား ကင်ဆာနှင့် သားအိမ်ခေါင်းကင်ဆာတို့နှင့် ပတ်သက်၍ အခြေအနေ မကောင်းကြောင်း သိရပါသည်။

ထိုအချက်မှာ အံ့ဩစရာမရှိပါ။ အဘယ့်ကြောင့်နည်း။ ပြည့်ဝသောနွားနို့တွင် ပါဝင်သော ကယ်ဆီယမ် (ထုံးဓာတ်) ရိုင်ဗိုဖလာဗင် သို့မဟုတ် ဗီတာမင်ဘီ၊ ဗီတာမင်စီနှင့် ဗီတာမင်ဒီတို့သည် အာနိသင်နည်းပါးသော်လည်း ကင်ဆာ ဆန့်ကျင်သော ပစ္စည်းအဖြစ် ဆောင်ရွက်ကြောင်း သုတေသီ များက သံသယရှိပါသည်။ သူတို့၏ဆောင်ရွက်ပုံကိုမူ နား မလည်ကြသေးပါ။

သင်၏ နေ့စဉ်အာဟာရထဲမှ ကင်ဆာရောဂါ ကာကွယ်သော ဓာတ်ပေါင်းများရရှိရန် သစ်သီးနှင့် ဟင်းသီး ဟင်းရွက် ငါးမျိုးနှင့်အထက်ရရှိရန် ကြိုးစားပါဟု အမေရိကန် အမျိုးသားကင်ဆာဌာနက အကြံပေးပါသည်။

တစ်ကြိမ်စားသုံးမှု ဆိုသည်မှာ အစိမ်း (သို့မဟုတ်) ချက်ပြုတ်ထားသော အသီး သို့မဟုတ် ဟင်းသီးဟင်းရွက် ခွက်တစ်ဝက်ခန့်၊ အရွက်များသော ဟင်းသီးဟင်းရွက် အစိမ်းတစ်ခွက်၊ မချက်ပြုတ်ဘဲထားသော သစ်သီး အလယ် အလတ်ပမာဏ သို့မဟုတ် သစ်သီး သို့မဟုတ် ဟင်းသီး ဟင်းရွက်ဖျော်ရည် ခြောက်အောင်စတို့ ဖြစ်ပါသည်။

အကောင်းဆုံး အာဟာရတွင် အဆီပမာဏနှင့် ကယ်လိုရီနည်းပြီး အမျှင်ဓာတ် ကြွယ်ဝရပေမည်။ ထို့ပြင် သစ်သီး၊ ဟင်းရွက်၊ ဆန်လုံးညို၊ ပဲ၊ အစေ့အဆံနှင့် လိုအင် ပါက အဆီနည်းသော တိရစ္ဆာန်အသားဓာတ် စသော အာဟာရ ဓာတ်ကြွယ်ဝသော အစားအစာ အမျိုးမျိုးပါဝင် သင့်ပေသည်။

**တော်မြင့်(ငှက်ဖျား)**

REF ; 1994 ခုနှစ် မတ်လထုတ် RD မဂ္ဂဇင်းမှ JEAN CARPER ၏ FOODS THAT FIGHT CANCER ကို ဆီလျော်အောင်ဘာသာပြန်ပါသည်။

❑



www.burmeseclassic.com

www.burmeseclassic.com

# နွယ်မြက်သစ်ပင် ဆေးဖက်ဝင်

သမားတော်ကြီး ဒေါက်တာသက်ဆွေ

## ၁။ စပါးလင်မွှေးပင်



မြန်မာဝေါဟာရအမည် စပါးလင်မွှေးပင်ဟုခေါ်၏။ အင်္ဂလိပ်အမည် Citronella ဟု ခေါ်ပါသည်။ စပါးလင်ပင်များသည် မြက်မျိုးရင်းတွင်ပါဝင်၍ သက်ငယ်ပင်များဖြစ်ပြီး မြက်ရိုင်းပင်ကြီးများကဲ့သို့ဖြစ်သည်။ အရွက်များသည် အရင်းဘက်တွင်ကြီး၍ အဖျားဘက်တွင် ချွန်သွားသည်။ အပွင့်ပွင့်ချိန်တွင် အရွက်များခြောက်သွေ့သွား၏။ ဟင်းစားစပါးလင်အငယ်တစ်မျိုးရှိသေး၏။ အပွင့်များသည် အပင်၏ အလယ်မှထွက်၍ အဆုပ်လိုက်ပွင့်ကြ၏။ မြန်မာပြည်အနှံ့အပြားတွင် စိုက်ပျိုးကြပြီး ဟင်းခတ်အမွှေးအကြိုင်အဖြစ်လည်းကောင်း ဆေးဖော်စပ်၍လည်းကောင်း အသုံးပြုကြ၏။

အကျိုးသွားအာနိသင်ကို ဖော်ပြရမည်ဆိုပါက ခါး၏၊ စပ်၏၊ မွှေး၏၊ ဆီး၊ ဝမ်းကိုသက်စေ၏၊ ဆာလောင်ခြင်းကိုဖြစ်၏၊ လေနာ၊ အူရောင်နာ၊ နူနာ၊ ဝက်ရူးရောဂါတို့ကို ပျောက်ကင်းစေနိုင်၏။

### ဆေးဖော်စပ်အသုံးပြုပုံ

၁။ ဝမ်းဗိုက် နာကျင်အောင့်ခြင်းဖြစ်လျှင် အရွက်ကို ရေနွေးဖြင့် ကျိုသောက်က ပျောက်၏။

၂။ ခြေ၊ လက် လှုပ်ရှားမရပါက အရွက်သတ္တုရည်ကို လိမ်းပေးပါက ပျောက်၏။


၃။ အဖျားရောဂါနှင့် နှာစေး၊ ချောင်းဆိုးရောဂါများအတွက် အရွက် ၁၀ ကျပ်သား၊ ရေ ၄၀ ကျပ်သားထည့်ပြီးနောက် ၁၀ ကျပ်သားကျန်အောင် ကျို၍သောက်က ပျောက်၏။

၄။ အဆစ်အမြစ်ရောင်ပါက အဆီကို လိမ်းပေးပါလျှင် ပျောက်ကင်းစေပါသည်။

၅။ ဆံပင်ကျွတ် ခေါင်းပြောင်သူများ စပါးလင်ဆီကို နေ့တိုင်းလိမ်းပေးပါက ဆံပင်များပြန်ပေါက်ပါသည်။

၆။ အရေပြားရောဂါ ဝဲနာ၊ ယားနာ၊ ပွေးနာများပေါ်သို့ စပါးလင်အဆီလိမ်းပေးခြင်းဖြင့် ပျောက်ကင်းပါသည်။

## ၂။ စပါးလင်၏ အသုံးဝင်ပုံ



စပါးလင်ကို ဟင်းခတ်အမွှေးအကြိုင်အဖြစ်သော်လည်းကောင်း၊ ရေနွေးဖြင့် ပြုတ်ရည်အဖြစ် သောက်သုံးဖွယ်အဖြစ်သော် လည်းကောင်း၊ ကြိတ်ချေပြီး ဖျော်ရည်အေးအဖြစ်သော် လည်းကောင်း ပြုလုပ်ကာ သောက်သုံးနိုင်သည်။ သို့ရာတွင် စပါးလင်သည် ဆေးဖက်ဝင်အာနိသင်များလည်း များစွာပါရှိသည်။

စပါးလင်၏ အရွက်များနှင့် အဆီတို့သည် ဆေးဝါးများ ဖော်စပ်ရာတွင် အသုံးဝင်လှပေသည်။ စပါးလင်သည် သွေးတိုးခြင်းအတွက် ကောင်းမွန်သည်။ သွေးတိုးရောဂါ

www.burmeseclassic.com

ဝေဒနာကို ခံစားနေရသူများအတွက် စပါးလင်ကို စားသုံးပေးခြင်းဖြင့် ပျောက်ကင်းစေနိုင်ပါသည်။ စပါးလင်ကို အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ ကြို့ထိုးရောဂါများတွင်လည်း အသုံးပြုနိုင်ပြီး အစာအိမ် အူလမ်းကြောင်းအတွင်း ပိုးသေစေသော အစွမ်းသတ္တိလည်း ရှိသည်။

နောက်ထပ် ကောင်းကွက်တစ်ခုမှာ အကိုက်အခဲကို သက်သာစေသော အစွမ်းလည်းရှိသည်။ စပါးလင်သည် အဆစ်အမြစ်ကိုက်ခြင်း၊ ကြွက်သားနာကျင်ခြင်း၊ ဝမ်းဗိုက်နာကျင်ခြင်း အစရှိသော နာကျင်မှုများကို သက်သာစေပါသည်။ အတက်ရောဂါများတွင်လည်း စပါးလင်ကို အသုံးပြုခြင်းက သက်သာမှုကို ရရှိစေမည်ဖြစ်သည်။

ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ရှိသူများတွင် စပါးလင်အရည်ကို သောက်သုံးခြင်းက ပါးစပ်အတွင်း မှက္ခရု ပေါက်ခြင်းကို သိသာစွာ သက်သာစေမပါသည်။

စပါးလင်အဆီကိုမူ အားကစားသမားများ ကြွက်သားနာကျင်ကိုက်ခဲခြင်းအတွက် ရန့်ကုထုံးအဖြစ် ကုသရာတွင် အသုံးပြုသည်။ ထို့ကြောင့် စပါးလင်ပါဝင်သော ဆပ်ပြာမွှေးများကို အားကစားသမားများ အသုံးပြုလေ့ရှိကြပါသည်။

စပါးလင်တွင် သိသာသောဘေးထွက်ဆိုးကျိုးများမှာ မရှိသလောက်ဖြစ်ပြီး အမျိုးသမီးများ မီးယပ်ဓမ္မတာကို ဆင်းစေနိုင်သော အစွမ်းရှိသောကြောင့် ကိုယ်ဝန်ဆောင် အစောပိုင်းတွင် ဆေးအဖြစ် များပြားစွာ သုံးစွဲခြင်းကိုမူ ရှောင်ရှားသင့်ပါသည်။


## ၃။ စားတော်ပဲပင်

စားတော်ပဲပင်သည် ပင်သေးမျိုးဖြစ်ပြီး အမြင့်ပေ ၂ ၃ ပေထိ မြင့်၏။ အပင်ကြီးလာသောအခါ အခြားအပင်များသို့လည်း နွယ်တက်တတ်၏။ အရွက်မှာ သေး၍ ဝိုင်း၏။ အရွက်ကို ဟင်းချိုချက်၍လည်း စားသုံးကြ၏။ စားတော်ပဲသီးတောင့် အနုများကိုလည်း ဟင်းချက်စားကြ၏။ စားတော်ပဲသီးအဆန်ကို ထောပတ်ထမင်း၊ ဒံပေါက်ထမင်းများတွင် ထည့်၍ သုံးကြ၏။ စားတော်ပဲဆန် အခြောက်ကို ပြုတ်၍ ရောင်းကြ၏။ လှော်၍လည်း စားသုံးကြ၏။

ဂုဏ်နှင့်စွမ်းရည်မှာ အရသာ ချို၏၊ အေး၏၊ အနည်းငယ် ဝမ်းကိုသက်စေ၏၊ ဆာလောင်ခြင်းကို ဖြစ်စေ၏၊ လေကို ပွားစေ၏၊ သွေးကို သုတ်သင်တတ်၏၊ ချောင်းဆိုးခြင်း၊ သည်းခြေဖောက်ပြန်ခြင်း၊ ပူလောင်ခြင်းတို့ကို ငြိမ်းစေ၏။

ဍင်းပဲမှုန့် အစိမ်းကို အရေပြား နူးညံ့စေရန်အတွက်လည်း သုံးနိုင်၏။ အနာ၊ အဖုများပေါက်လျှင် အုံဆေးအဖြစ်လည်း အသုံးပြုကြ၏။

## ၄။ စံကားဝါပင်



မြန်မာအမည် စံကားဝါပင်ဟု ခေါ်ပါသည်။ အင်္ဂလိပ်လို GOLDEN OR YELLOW CHAMPA ဟုခေါ်၏။ စံကားဝါပင်များသည် ပင်ကြီးမျိုးဖြစ်၏။ အမြဲစိမ်းလန်းပြီး အကိုင်းအခက်များ ဖြာထွက်ကာ အမွှေးနုများ ပါရှိ၏။ အခေါက်သည် ချော၏။ အရောင်မှာ မီးခိုးရောင်ဖြစ်သည်။ အရွက်များမှာ ရှည်၍ လှံစွပ်ပုံနှင့်တူပြီး အရွက်နုပေါ်တွင် အမွှေးနုကလေးများပါရှိပြီး အရွက်ရင့်လျှင် ပြောင်ချောသွားသည်။ အပွင့်များသည် အဖြူရောင်နှင့် လိမ္မော်ရောင်ရှိပြီး အလွန်မွှေးသည်။ ပွင့်ဖတ် နှစ်လက်မကျော်ရှိပြီး အပွင့်၏ အလယ်တွင် ဝတ်ဆံများပါရှိသည်။ အသီးများသည် အခိုင်လိုက်သီးပြီး အတွင်း၌ အညိုရောင်အစေ့လေးများ ပါရှိသည်။ မြန်မာပြည် နေရာဒေသ အနှံ့အပြား အလေ့ကျပေါက်သော အပင်မျိုးဖြစ်သည်။

အကျိုးသွားအာနိသင်များမှာ ဖန်၏၊ ချို၏၊ အေး၏၊ နှလုံးကို အကျိုးပြု၏၊ သုက်ကို ပွားစေ၏၊ သလိပ်၊ သည်းခြေကို နိုင်၏။ ယားနာ၊ နူနာ၊ အဆိပ်သင့်နာ၊ အနာပေါက်နာတို့ကို ပျောက်၏။ ဆီးပူ၊ ဆီးအောင့်ရောဂါများနှင့် သွေးအန်၊ သွေးကျရောဂါများပါ ပျောက်ကင်းစေ၏။

### ရောဂါအလိုက် အသုံးပြုနည်း

၁။ မျက်စိမှုန်ခြင်း၊ အားနည်းခြင်းဖြစ်ပါက အရွက်နုများ မိုးရေဖြင့် စိမ်ပြီး ခပ်ပေးက ပျောက်၏။

၂။ ရင်ဘတ်အောင့်ခြင်းဖြစ်သော် အရွက်သတ္တုရည်

www.burmeseclassic.com

ကျပ်သား၊ ပျားရည် ၂ ကျပ်သားရောပြီး ၁ ကျပ်သား ခန့် သောက်ပေးပါက ရင့်ဘွတ်အောင့်နာနှင့် တုတ်ဖိုး၊ သန်များပါ ကျပါသည်။

၃။ ဆီးရောဂါ၊ ကျောက်ကပ်ရောဂါများဖြစ်လျှင် အပွင့် သတ္တုရည် ၅ကျပ်သား၊ ဒိုဘာလာသကြား ၁ကျပ်သား နှင့်ဖျော်ပြီး တစ်ခါသောက် ၂ကျပ်သားခန့် သောက်က ပျောက်၏။

၄။ ပေါင်၌ အဖုအကြိတ်ဖြစ်ပါက အသီးကို သွေးလိမ်းပါက နုလျှင် ပိန်၍ ရင့်လျှင် ပြည်ပေါက်ပြီး ပျောက်၏။

၅။ ချောင်းခြောက်ဆိုးသော် အခေါက်မှုန့် ၁ ကျပ်သား၊ ပျားရည် ၂ကျပ်သားရောပြီး မကြာမကြာ လျက်ပေး ခြင်းဖြင့် ပျောက်ကင်းစေ၏။

၆။ နာတာရှည် လေရောဂါအတွက် အခေါက်ကို သုံးခွက် တစ်ခွက် ကျိုသောက်က ပျောက်ကင်းစေ၏။

၇။ အဖုအကြိတ်အနာ ပေါက်ခဲ့ပါက အမြစ်ခြောက်ကို ဒိန်ရည်ဖြင့် သွေးလိမ်းက ပျောက်ကင်းနိုင်၏။

## ၅။ ဆေးမင်းကင်းခြေပင်



ဆေးမင်းကင်းခြေပင်သည် ချုံနွယ်ပင်မျိုးဖြစ်၏။ အပင်၏ ပုံသဏ္ဌာန်မှာ ရာတန်စေ့ပင်နှင့်တူ၏။ ဟိန္ဒီဘာသာအနေဖြင့် (ဂျဒိဝါရီ)ဟုခေါ်၏။ လက်တင်ဘာသာအားဖြင့် DELPHINIUM DENUDETUM ဟုခေါ်၏။ ဥများသည် မိဝုတ်မြစ်ဥနှင့်တူ၏ အပွင့်များသည် မိုးရာသီတွင်ပွင့်၏။ အမြစ်၏ အရောင်သည် ညို၍ ကာကီရောင်ဖြစ်၏။ ၎င်းအပင်ကို ယူနာနီဆရာကြီးများက ခြောက်မျိုးရှိသည်ဟု ဆိုကြ၏။ ပထမအမျိုးအစား၏ အမြစ်သည် ရွှံ့ရောင်ဖြစ်၍ ရသာချို၏၊ ခါးသက်၏။ ၎င်းကို ဆေးမင်းကင်းခြေအကောင်းဆုံးဟု သတ်မှတ်ကြ၏။ ဒုတိယအမျိုးအစားသည် အမြစ်ဝါရောင်ရှိ၏၊ ရသာမှာ ခါးသက်သက် ဖြစ်၏။ ပထမအမျိုးအစားလောက် မကောင်းဟုသတ်မှတ်၏။ တတိယအမျိုးအစားသည် အမြစ်အတွင်းအပြင် မည်းနေ၏။ ဒုတိယတန်းစားထက် ညံ့၏။ စတုတ္ထအမျိုးအစားသည် ရသာခါးသက်သက် ဖြစ်၏။ ဂုဏ်သတ္တိ အကျိုးသွားမှာ အာယုဗေဒဆေးကျမ်းအလိုအားဖြင့် ဆေးမင်းကင်းခြေသည် ခါး၏၊ အေး၏၊ သလိပ်၊ လေ၊ သွေးတို့၏ ဖောက်ပြန်မှုကို နိုင်၏။ အဆိပ်ကို ဖျက်ဆီးတတ်၏။ ဆီးရောဂါများ၊ ဖောရောင်ခြင်းများ ပျောက်ကင်းစေ၏။

## ၆။ ဆင်တုံးမနွယ်ပင်



ဆင်တုံးမနွယ်ပင်သည် မြန်မာအမည်ဖြစ်ပြီး အင်္ဂလိပ်လို Heart Leave Moon Seed ဟုခေါ်၏။ ဆင်တုံးမနွယ်ပင်သည် အဖြူမျိုး၊ အနက်မျိုးနှင့် အဝါမျိုးဟူ၍ သုံးမျိုးရှိ၏။ နွယ်ပင်မျိုးဖြစ်ပြီး အလုံးပင်စည်ရှိသည် အဖုကလေးများ ပါရှိသည်။ မီးခိုးနုရောင်ရှိ၏။ အရွက်များသည် ပင်စည်မှ ရွက်လွှဲထွက်ကြသည်။ အရွက်နုစဉ် စိမ်းဝါရောင်ရှိပြီး ရင့်လျှင် အစိမ်းရောင်ပေါ်တွင် အဝါရောင်တွင် အဝါပြောက်ကလေးများ ပါရှိသည်။ အပေါ်မျက်နှာပြင်ချောပြီး အောက်ဖက်ကြမ်းသည်။ အပွင့်လေးများ သေးငယ်ပြီး အဆစ်များမှ အခိုင်လိုက်ပွင့်သည်။ အသီးများ အပြွတ်လိုက်သီးသည်။ မြန်မာပြည် စိမ့်စမ်းဒေသများတွင် အလေ့ကျပေါက်သော နွယ်ပင်မျိုးဖြစ်သည်။

မြန်မာ့တိုင်းရင်းဆေးကျမ်းများ အဆိုအရ အကျိုးအာနိသင်မှာ ဆင်တုံးမနွယ်သည် ပူ၏၊ ဖန်၏၊ စပ်၏ ခါးသောအရသာရှိ၏။ ခွန်အားကို ဖြစ်စေ၏၊ အသက်ကို ရှည်စေ၏၊ ဝမ်းမီးကို တောက်စေ၏၊ သွေးကိုငြိမ်စေပြီး အစာကြေစေ၏၊ အဖျားအနာရောဂါနှင့် ဆီးရောဂါများ ပျောက်စေ၏၊ အသက်ကြီးလျှင် ဆင်စီးဝါဆိုသောစာဆိုအရ အသက်ကြီးလျှင် ဆင်တုံးမနွယ်ဆေးကို မှီဝဲသင့်၏။

www.burmeseclassic.com

www.burmeseclassic.com

## ရောဂါအလိုက် အသုံးပြုပုံများ

၁။ အဆိပ်မျိုးသင့်ပါက ဆင်တုံးမနွယ် ၁၀ ကျပ်သားကို စပ်ပြီး ရေ ၃၀ ကျပ်သားထည့်ပြီး ၁၀ ကျပ်သားအကျန် ကျိုသောက်က ပျောက်၏။

၂။ နှလုံးတုန်ရင်ခုန် စိတ်ကယောင်ချောက်ချား ဖြစ်ပါက ဆင်တုံးမနွယ် ၅ ကျပ်သား၊ မြင်းခွာရွက် ၅ ကျပ်သားရောပြီး ရေ ၁၀ ကျပ်သား ပွက်ပွက်ဆူအောင်ကျိုပြီး ဒိုဘာလာ သကြား အနည်းငယ်ထည့်သောက်က ပျောက်၏။

၃။ သွေးအန်ရောဂါဖြစ်လျှင် ဆင်တုံးမနွယ် လက်လေး သစ်ခန့်ဖြတ် ပါးပါးလှီးပြီး မကြာခဏ စားပေးက ပျောက်၏။

၄။ နာတာရှည် အဆစ်ရောင်ဖြစ်လျှင် ဆင်တုံးမနွယ် ၂၀ ကျပ်သား၊ ရေ ၂၀ ကျပ်သားဖြင့် ၅ ကျပ်သားအကျန် ကျိုပြီးလျှင် တစ်ပိဿာခန့် နေ့စဉ်သောက်က ပျောက်၏။

၅။ နားနာ၊ နားကိုက်၊ နားအူရောဂါ ဖြစ်ပါက ဆင်တုံးမနွယ် သတ္တုရည်ခပ်နွေးနွေး နားထဲထည့်ပေးက ပျောက်၏။

၆။ ဆင်တုံးမနွယ်ကို လေရောဂါ၊ သည်းခြေရောဂါ၊ မီးယပ်ရောဂါ၊ နားကိုက်ရောဂါ၊ နားအူရောဂါများအတွက် ဆေးဖော်စပ်သုံးစွဲရုံတင်မကဘဲ ကျွဲ၊ နွားများအစာတွင် နုပ်နုပ်စဉ်းပြီး ထည့်ကျွေးပါက ရောဂါကင်းကြောင်း သိရှိရပါသည်။

၇။ အသက်ရှည် အနာရောဂါကင်းရန် ဆင်တုံးမနွယ် ရွက်၊ သင်္ဘောမယ်ဇလီရွက်၊ လောက်သေရွက်၊ အုန်းနှဲရွက်၊ ကုန်းထိကရုံးရွက်တို့ အမျှစီ ရေနှင့်ပြုတ်ပြီးနောက် နေ့စဉ် အကြမ်းပန်းကန်လုံး တစ်လုံးမျှ သောက်ပေးခြင်းဖြင့် ဆီးဝမ်း သွေးလေ မှန်ကန်စေပြီး အနာရောဂါကင်းကာ အသက်ရှည် ကြောင်း သတင်းကောင်းပါးလိုက်ပါသည်။

### ၇။ ဆူးပန်း

ဆူးပန်းပင်သည် Compositae မျိုးရင်း (နေကြာမျိုးရင်း) တွင် ပါဝင်ပြီး ရုက္ခဗေဒအမည်အားဖြင့် Carthamus tinctorius linn ဟုခေါ်သည်။ အပင်မှာ ပင်ပျော့မျိုးဖြစ်ပြီး သုံးပေခန့်ထိမြင့်သည်။ ပင်စည်မှာထောင်မတ်၍ ပြောင်ချော သော်လည်း ဆူးများရှိသည်။ အရွက်မှာ လှံသွားပုံရှိပြီး ရှည်လျားသည်။ ရွက်ထိပ်ချွန်ပြီး ရွက်ရင်းသွယ်သည်။ ရွက်နားများတွင် သေးငယ်သောဆူးများ ပါသည်။ ခွေးသွားစိပ်များ ရှိသည်။ ပန်းပွင့်များ စုပြုံ၍ ပွင့်သည်။ အပွင့်သေးငယ်ပြီး လိမ္မော်ရောင်သန်းသော အနီရောင်ရှိသည်။ တချို့မှာ အဝါရောင်သန်းသည်။ အရွက်နှင့်တူသည့် ပွင့်ခံရွက်များ ဝန်းရံထားသည်။ ဆူးရှိ ဆူးမဲ့ ဟူ၍ နှစ်မျိုး ရှိသည်။ အသီးမှာ လေးမြှောင့်ပုံရှိပြီး သေးသည်။ ဘေး မြစ်များ သေးငယ် ပြီး ရေသောက်မြစ် မှာ တုတ်ခိုင်သည်။ မြန်မာနိုင်ငံတွင် ဟင်းလျာအတွက် စိုက်ပျိုးကြသည်။



ဆေးဖက် ဝင်သော အစိတ်အပိုင်းများမှာ အရွက်၊ အပွင့်၊ အမြစ်၊ အစေ့ တို့ဖြစ်သည်။ မြန်မာဆေးကျမ်းများ အလိုအရ အစေ့သည် ချိုအေး၏။ လေးသလိပ်ကို ကင်းဝေးစေသည်။ ကာမကို အားပေး၏။ ခွန်အားကိုဖြစ်စေသည်။ အရွက်သည် ပူ၏၊ ခါး၏၊ ဝမ်းကိုသက်စေ၏၊ ဝမ်းမီးကို တောက်စေ၏၊ သည်းခြေကို ဖြစ်စေ၏၊ မျက်စိကို အကျိုးပြု၏၊ သလိပ်ကို ပယ်၏။

အရွယ်ကို ချဉ်ရည်ဟင်းချက်စားခြင်းဖြင့် ဆီးကိုရွှင်စေပြီး ခွန်အားကို တိုးပွားစေ၏။ အပွင့်ကိုကြိတ်၍ရသော သတ္တုရည်ကို သောက်ပါက မြွေဆိပ်၊ ကင်းဆိပ်တို ပြယ်စေ၏။ အပွင့်ကို အခြောက်လှန်းပြီး အမှုန့်ပြုကာ စားသုံးပါက အသားဝါရောဂါကို ပျောက်စေ၏။ အပွင့်ကိုကြိတ်၍ သကြား နှင့် သင့်ရုံရောသောက်ပါက လိပ်ခေါင်းနှင့် ကျောက်တည် ရောဂါကို ပျောက်စေ၏။ အပွင့်ပြုတ်ရည်ကို နှာရောင်၊ ကြွက်သားရောင်ခြင်း၊ အဆစ်နာခြင်း တို့အတွက် သုံးနိုင်သည်။ အပွင့်ကို ဒန်းကြီးရွက်နှင့် ရောကြိတ်ပြီး ခြေ၊ လက်ဖဝါးတို့၌ လိမ်းပေးလျှင် ကျောက်ကပ်ရောဂါပျောက်၏။

ဆူးပန်းစေ့နှင့် ဆူးဖြူခေါက်တို့ကို အညီအမျှစီယူ၍ မီးရှို့ပြာချပြီးနောက် ယင်းပြာကို စံပယ်ဆီနှင့်ရော၍ ဆံပင်၌ လိမ်းပေးလျှင် ဆံပင်များ နူးညံ့ပျော့ပျောင်း၍ ဆံပင်အလွန် ကောင်းလာသည်ကို တွေ့ရသည်။ အစေ့ကို အမှုန့်ပြုလုပ်၍ နွားနို့နှင့်ရောစပ်သောက်ပါက အရူးရောဂါ၊ လေဖောက်ပြန် ရောဂါနှင့် ယားနာများကို ပျောက်ကင်းစေသည်။

**သမားတော်ကြီး ဒေါက်တာသက်ဆွေ**

ကိုးကား - ရှင်နာဂသိန်၏ပုံပြဆေးအဘိဓာန်


❑

လပြည့်ဝန်းမဂ္ဂဇင်း (ဇူလိုင်လ၊ ၂၀၁၇)



www.burmeseclassic.com

www.burmeseclassic.com



အညာဒေသ၏ ဆေးဖက်ဝင်

# တမာပင် တမာရွက်

သန်းတင်မိုး



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့ငယ်ငယ်က မူလတန်းဖတ်စာတွင် တမာနှင့် ပတ်သက်၍ ဤသို့ဆိုခဲ့ဖူးသည်။ **"အညာတမာ ဝါတာတာ၊ ရသာခါးခါး ငါမစားဟု"**ဆိုခဲ့ဖူးသည်။

တမာသည် အပူပိုင်းဒေသ ရာသီဥတုကိုကြိုက်သည်။ အညာမြေတွင် မန်ကျည်းရိပ်၊ ထနောင်းရိပ်၊ တမာရိပ်တို့သည် အညာသူ အညာသားတို့၏ နားနေကွန်းခိုရာ ဖြစ်ပါသည်။ တမာတန်းလေးများမှ လေနှင့်အတူ လွင့်ပါလာသော တမာပွင့်တို့၏ ရနံ့သင်းသင်းလေးကို ရှူရှိုက်ရသည်မှာ မွှေးပျံ့ပျံ့ဖြင့် စိတ်ကို ကြည်လင်အေးမြစေပါသည်။ အမူးအမော်ကို ပြေစေသည်။ တမာသည် နားနေရာ အရိပ်ရရုံ၊ သင်းပျံ့မွှေးကြိုင်ရုံဖြင့် အဆုံးမသတ်ပါ။ တိုင်းရင်းဆေးဖက်ဝင်သော ဆေးပင်တစ်မျိုးလည်း ဖြစ်ပါသည်။

တမာရိုးဒန်ပူသည် အထူးသဖြင့် သံဃာတော်များ၏ သွားတိုက်တံဖြစ်သည်။ တမာရိုး ဒန်ပူပုံကိုကြည့်ပြီး သံဝေဂရခဲ့သော ဦးကျည်ပွေ့သည် အသက် ၆၀ နှစ်မှာ ကျည်ပွေ့အတက်ပေါက်သည်ဟု ပမာပြု၍ စာဆိုလောကဌ် အတက်ပေါက် ပုံပြင်တစ်ပုဒ် ပေါ်ပေါက်ခဲ့ဖူးသည်။ ထို့ကြောင့် တမာပင်သည် ရာဇဝင် တွင်ခဲ့ဖူးသည်။

တမာပင်၏ ပဥ္စငါးပါးသည် ဘက်စုံ ဆေးဖက်ဝင်သည်။ အားလုံးထဲတွင် အမြစ်ခေါက်သည် အာနိသင် အကောင်းဆုံး ဖြစ်ပါသည်။ အခြား ဆေးအမည်များနှင့် ရေလဲတွဲဖက် သုံးစွဲလို့ရပါသည်။

တမာရွက်နုနုလေးကိုချူး၊ မီးသင်း၊ ငါးပိရည်နှင့် တို့စရာအဖြစ်စားသုံးသော ထမင်းမြိန်လှသည်။ တမာရွက်အား ချဉ်ဖတ်ထည့်၍ တမာချဉ်အဖြစ် ရက်ရှည်စားသုံးနိုင်သည်။ တမာရွက်ကို မန်ကျည်းသီး၊ ဆီးသီးတို့နှင့် ရောပြုတ်၍ ငါးပိရည်၊ ခရမ်းချဉ်သီး ငါးပိချက်တို့ဖြင့် အတို့အမြုပ်အဖြစ် စားသုံးပါက ခံတွင်းမြိန်လှသည်။

ရွှေညာသူ ရွှေညာသားတို့၏ အဓိက စားသုံးစရာ အတို့အမြုပ် အရွက်တစ်မျိုးဆိုရင် မှားအုံမထင်။

ဤသို့ ရသာထူးကဲသော တမာကား မြန်မာတို့၏ တိုင်းရင်းဆေးကျမ်းများတွင် ခုနစ်ထွေမင်းသမီးနှင့် တူလှပါသည်။ အခြားဆေးဖက်ဝင် အပင်များနှင့် ပေါင်းစပ်၍ အသုံးပြုနိုင်သည်။

သဘာဝ အသီး၊ အပွင့်၊ အရွက်၊ အခေါက်၊ အမြစ်တို့မှ တိုက်ရိုက်သုံးစွဲရသောကြောင့် ဘေးထွက်ဆိုးကျိုး မရှိပါ။ အစာလည်းစား ဆေးလည်းအစာကဏ္ဍတွင် တမာရွက်၏ အကြောင်းကို၊ အထူးလေးစားလောက်ဖွယ် ဂုဏ်အင် ရှိကြောင်းကို တင်ပြလိုပါသည်။

**တမာပင်**

ရုက္ခဗေဒအမည် - Azadira chla indica A-Juss

မျိုးရင်း - Meliaceae

**အခေါ်အဝေါ်များ**

မြန်မာ - တမာပင်

အင်္ဂလိပ် - Morgosa: Nim/Neem

**တမာရွက်တွင်**

၁။ ရေငွေ့ဓာတ် မှိုက်ချာ (Moisture) 53 mg

၂။ အသားဓာတ် ပရိုတိန်း (Protine) 50 mg

၃။ ထုံးဓာတ် ကယ်လ်စီယမ်တို့ (Calcium) 800 mg

## တမာပင် တမာရွက် အသုံးပြုပုံများ

**မျက်စိနာခြင်း၊ မျက်စိယားခြင်း၊ ပူခြင်း၊ မျက်ရည်ထွက်ခြင်းတို့အတွက်**

ဤရောဂါများ ဖြစ်ပေါ်လာပါက တမာရွက် သ ရည်ကို မျက်စဉ်းခတ်ပေးသော် ရောဂါပျောက်ကင်း၏။

**ယားနာ၊ ဝဲနာ၊ အဖုအပိမ့်များထွက်ခြင်းအတွက်**

ဤရောဂါများအတွက် တမာရွက်ကို ပြုတ်၍ ရေ ပေးပါက ရောဂါများ ပျောက်ကင်း၏။

**သွားနာ၊ သွားကိုက်၊ သွားများ ခိုင်မာစေရန်**

တမာခေါက်ကို ရေဖြင့် သုံးခွက်တစ်ခွက်တင် ကျို သောက်ပေးပါက ရောဂါပျောက်၏။

တစ်ဖန် တမာရွက်ကို အမှုန့်ပြုလုပ်ပြီး ဆားအနည်း ငယ်ရော၍ သွားတိုက်ပေးပါက သွားနာ၊ သွားကိုက်ပျောက် ၏။ ဤအပြင် ခံတွင်းပုပ်သောရောဂါ၊ နှုတ်မမြိန်သော ရောဂါတို့ကိုလည်း ပျောက်ကင်းစေနိုင်ပါသည်။

**ကလေးများအတွက် မှက္ခရုပေါက်ပါက**

ဤရောဂါ ဖြစ်ပေါ်ပါက တမာရွက်ခြောက်ကို ပြာ ၍ လျှာပေါ်ကို သုတ်လိမ်းပေးပါက ပျောက်ကင်းပါမည်။

**သွေးဖောက်ပြန်သောရောဂါ၊ သွေးမသန့်သောရော အရေပြားရောဂါ၊ တုတ်ကွေးများ၊ ကိုက်ခဲထုံကျင်ရော များအတွက်**

ဤရောဂါများ ဖြစ်ပေါ်ပါက တမာရွက်ကိုပြု သော်လည်းကောင်း၊ မီးဖုတ်၍သော်လည်းကောင်း ပါက ရောဂါသက်သာ ပျောက်ကင်းပါမည်။



www.burmeseclassic.com

www.burmeseclassic.com

အမျိုးသားခွန်အားတိုး၊ အမျိုးသမီးများ သားသမီးဝေးလိုပါက

၎င်းရောဂါများအတွက် တမာသီး(သို့)တမာခေါက်ကို အခြောက်လှန်း၊ အမှုန့်ပြု၍ တစ်ခါသောက်လျှင် နှစ်ဂရမ်နှုန်းလောက် သောက်ပေးပါက ယောကျ်ားများ ခွန်အားတိုး၍၊ အမျိုးသမီးများ သားသမီးဝေးလိုပါက ညအိပ်ရာဝင်တိုင်း တစ်လခန့် သောက်ပေးပါက မုချသားသမီးဝေးပါမည်။

**ဝဲစို၊ ဝဲခြောက်၊ နှင်းခူ၊ ရေယုန်၊ ပွေး စသည့်ယားနာအမျိုးမျိုးအတွက်**

၎င်းရောဂါများဖြစ်ပွားပါက တမာရွက်အခြောက်ကို အမှုန့်ပြု၍ နှမ်းဆီစစ်စစ်ဖြင့် အနာကို သုတ်လိမ်းပေးပါက ၎င်းရောဂါများ ပျောက်ကင်း၏။

**အမူးအမော်ပြေစေရန်အတွက်**

တမာပွင့်ကို ရှူရှိုက်ပေးပါက အမူးအမော်ပြေ၏။

**အဖျားပျောက်ကင်းရန်အတွက်**

၎င်းရောဂါအတွက် တမာခေါက်ကို သွေး၍ ဆားအနည်းငယ်ဖြင့် သောက်ပါက အဖျားပျောက်ကင်း၏။

**တင်းမြီးကောက်ကိုက်ပါက**

တမာရွက်ကို ထုထောင်း၍ အဆိပ်ပြေစေရန် အနာကို အုံပေးပါက အဆိပ်တက်ခြင်းပျောက်၏။

**တုတ်ကောင်၊ သန်ကောင် ကျစေရန်အတွက်**

တမာရွက်ခြောက်ကို အမှုန့်ပြု၍ သန်ကောင်၊ တုတ်ကောင်ရှိသော စအိုဝ၌ အုန်းဆီပါးပါးနှင့် ရောလိမ်းပေးပါက တုတ်ကောင်၊ သန်ကောင်များ ငြိမ်စေ၏။ တုတ်ကောင်၊ သန်ကောင်ကျ၏။

**မန်းဆွေး၊ အနာဖန်ရေဆေး၊ ဒဏ်ရာများ၊ အနာဆွေး အနာဟောင်းများ ဂနိုနှင့် ညောင်းကျရောဂါများအတွက်**

တမာရွက်ကို ရေနှင့်ပြုတ်၍ ပြုတ်ရေဖြင့် အနာများကို ဖန်ရေဆေးပေးပါက ရောဂါများပျောက်ကင်းပါလိမ့်မည်။

တမာဆီကို ပိုးသတ်ဆေးအဖြစ် လည်းကောင်း၊ ပွေး ဝဲ ယားနာ လိမ်းဆေးအဖြစ်လည်းကောင်း အသုံးပြုနိုင်ပါသည်။ တမာဆီကို အဆစ်ရောင်ဆေးအဖြစ်လည်း အသုံးပြုနိုင်သည်။ တမာစေးကို နှာစေး၊ နှာပိတ်ရောဂါနှင့် အထွေထွေ အားနည်းခြင်းအတွက် ဆေးဖော်စပ်၍ အသုံးပြုနိုင်သည်။

တမာပင်၏ အမြစ်ခေါက်သည် အခြားပဥ္စင်းပါး အစိတ်အပိုင်းများထက် အာနိသင်ပိုရှိ၏။ သို့အတွက် အမြစ်ခေါက်ကို အသုံးပြုပါက ပိုမိုထိရောက်မှုရှိနိုင်သည်။

ငှက်ဖျားရောဂါ တာရှည်ခံစားနေရသူများကို တမာဆီ ၅ စက်မှ ၁၀ စက်အထိ မနက်တစ်ကြိမ်၊ ညတစ်ကြိမ် ရေနွေးပူပူထဲ ထည့်၍ သောက်ပေးပါ။

တမာပင်၏ မည်သည့်အစိတ်အပိုင်းမဆို အခြားဆေးများနှင့်ရောစပ်၍ အဆိပ်ဖြေဆေးအဖြစ် အသုံးပြုနိုင်သည်။ အဆိပ်ရှိသော အကောင်များကိုက်ခြင်းအတွက် အကောင်းဆုံး အဆိပ်ဖြေဆေးအဖြစ် အသုံးပြုနိုင်ပါသည်။ ထို့ကြောင့် တမာရွက်ခြောက်ကို အမှုန့်ပြု၍ ဖန်ဘူးတွင်ထည့်ကာ ဆောင်ထားပါ။ တမာခေါက်(သို့)အမြစ်ခေါက်ကို အမှုန့်ပြုထား၍ ဖန်ဘူးတွင် သိုလှောင်ထားပါ။ အရေးပေါ်သောအခါ လိုအပ်သလို အသုံးပြုနိုင်ပါသည်။

တမာရွက်၊ တမာပင်နှင့်ပတ်သက်၍ မြန်မာ့တိုင်းရင်းဆေးကျမ်းများတွင် အောက်ပါအတိုင်း ဖွင့်ဆိုထားသည်။

**ဒဗ္ဗဂုဏပကာသဏီကျမ်းတွင်**

တမာရွက်သည် ခါး၏။ နူနာ၊ ပိုးနာ၊ သလိပ်၊ သည်းခြေနာတို့ကို နိုင်၏။ ကျက်သောကာလ စပ်၍ ကျက်၏ဟု ဆိုထားပါသည်။

**ဥတုဘောဇနသင်္ဂဟကျမ်းတွင်**

တမာရွက်သည် ခါး၏၊ ဝမ်းမီးစပ်ပြီး နောက်စပ်၏။ မျက်စိနှင့်သင့်၏၊ ပိုးကိုနိုင်၏၊ သလိပ်သည်းခြေကိုနိုင်၏၊ လေကိုပျက်စေတတ်၏၊ နူနာကိုနိုင်၏ဟု ဆိုထားပါသည်။

**ရှုတော်မူဆေးကျမ်းတွင်**

တမာရွက်သည် ခါး၏၊ ဆိမ့်၏၊ ဝမ်းကိုချုပ်စေတတ်၏၊ ကိုယ်ကာယ တောင့်တင်းခြင်း၊ အထက်သို့ အခိုးအကင်းတို့သည် သွေးနှင့်တကွတက်ခြင်းတို့ကို ဖြစ်စေတတ်၏၊ မပူလွန်း မအေးလွန်းသော တေဇောဓာတ်ရှိ၏၊ ဝါယောဓာတ်၊ ပထဝီဓာတ် နှစ်ပါးတို့ကို ပြိုင်၍ လွန်၏ဟုဆိုထားပါသည်။

**ဓာတုရသလေးဆောင်တွဲဓာတ်ကျမ်းတွင်**

ရသာတစ်ချက်၊ တမာရွက်ကား၊ ဝမ်းပျက်ကိုကု၊ ဖြစ်မှုသည်းခြေ၊ သလိပ်လေကြောင့်၊ တက်လေပျို့အန်၊ ဆန်မုတ္တကို၊ ဖြစ်ဘိတုန်ဟိုက်၊ ဆာလှိုက်တစ်ချက်၊ သည်းခြေပျက်ကာ၊ စသည့်ထွေလာ၊ ဝေဒနာကို၊ တမာပုံသေ၊ လွတ်ငြိမ်းစေသည်ဟု ဆိုထားပါသည်။

တမာရွက်ကို အခြောက်လှန်း အမှုန့်ပြု သွားဖုံးတစ်လျှောက် ဖြူးပေးလျှင် ရေစီးကမ်းပြိုရောဂါ ပျောက်ကြောင်း။ တမာရွက်ခြောက်ပြာချ သွားတိုက်လျှင်သော်လည်းကောင်း၊ တမာရိုးကိုဖြတ် ထိပ်ဖွပြီး သွားတိုက်လျှင်လည်းကောင်း



www.burmeseclassic.com

www.burmeseclassic.com

သွားပိုးရောဂါ ကင်းစင်ကြောင်း ရှေးသူကြီးသူမများ ယုံကြည်ကြ၏။

အပူပိုင်းအရပ်ဒေသများ၌ ပေါက်သော တမာပင်သည် ပင်စည်ဖြောင့်ပြီး အမြဲစိမ်းသစ်မာပင်မျိုးတွင် ပါဝင်ပါသည်။ အမြင့်ပေအားဖြင့် ပေ ၅၀ ခန့်အထိ ရှိတတ်ပြီး အခေါက်မှာ မဲ့ပြာရောင်ဖြစ်ပြီး ကြမ်းသည်။ အရွက်မှာ ငှက်မွေးရွက်ပေါင်းဖြစ်၍ ရွက်လဲထွက်သည်။ ရွက်မွှာများ မျက်နှာချင်းဆိုင်ထွက်ကာ လှံစွပ်ပုံ ရွက်ထိပ်ချွန်ပြီး ရွက်ရင်းသွယ်သည်။ ရွက်နား ခွေးသွားစိတ်ပုံရှိသည်။

အညာမြေ၏ အရိပ်ရမင် ဖြစ်သည်။ အညာမြေ၏ လီသာသော ညများ၌ လေလေးတဖြူးဖြူး တမာနံ့လေး တသင်းသင်းဖြင့် လက်ဖက်ရည်ကြမ်းဝိုင်းဖွဲ့ပြီး အာလာပ သလ္လာပ စကားများ ပြောမဆုံးပေါင် တောသုံးထောင် အကြောင်းများ ပြော၍မကုန်နိုင် မမောမပန်းနိုင်ဘဲ တမာနံ့သင်းတကြူကြူ၏ ဆွဲဆောင်မှုအောက်မှာ၊ တမာရိပ်ပတ်ဝန်းကျင်မှာရှိနေပြီး တမာပင် တမာရွက်တို့၏ တန်ဖိုး အာနိသင်၊ ဂုဏ်အင်များကို သိစေရန်အတွက် ကျမ်းဂန်ပါဠိ လာရှိသည်နှင့်အညီ ဝတ္တုရားအရ တင်ပြပြောပြခဲ့ပြီး ဆေးဖက်ဝင်သော တမာ၏အာနိသင်မှာ ဆေးမျိုး ရာကျော် တွဲဖက်သုံးနိုင်ကြောင်း ရှေးရှေးက ဆရာကဝိတို့မှ ဆိုခဲ့ပြီးပါပြီ။ ကြိုးစား၍ တမာဆေးများကို သုံးစွဲကြပါရန် တိုက်တွန်းပါသည်။

သုခိအတ္တာနံပရိဟရန္တု

**သန်းတင်နိုး**

ကျမ်းကိုးစာရင်း

၁။ ဒဗ္ဗဂုဏပကာသနီကျမ်း

၂။ ဥတုဘောဇနသင်္ဂဟကျမ်း

၃။ ရှုတော်မူဆေးကျမ်း

၄။ ဇီဝိတဝဓုနဆေးကျမ်း

၅။ ဓာတုရသလေးစောင်တွဲဓာတ်ကျမ်း

၆။ မြန်မာ့တိုင်းရင်းဆေး

**မိသားစုတိုင်း အိမ်တိုင်းဆောင်ထားသင့်သော စာအုပ်ကောင်းတစ်အုပ်။**

သင့်ဘဝတစ်သက်တာအတွက် ဗေဒင်ဟောနည်း ၆၀ နှင့် အဖြေထုတ်ဟောထားသည့် စာအုပ်။
ဗေဒင်ပညာကို လေ့လာလိုသူများ၊ ဝါသနာပါသူများ လက်ကိုင်ထားသင့်သည့် စာအုပ်ကောင်းတစ်အုပ်

**အတိတ် ပစ္စုပ္ပန် အနာဂတ် ကံကြမ္မာ**

**သင့်ဘဝ တစ်သက်တာ ဗေဒင်ဟောကိန်းများ**

စာအုပ်ထွက်ပြီ

**ညွှန့်ခိုင်မာ (ကျောက်ဆည်)**

**ညွှန့်လွင် (စက်မှုတက္ကသိုလ်)**

ဖုန်း ၀၉-၃၃၂၇၁၃၈၈ သို့ မှာကြားနိုင်ပါသည်။ စာတိုက်မှ အရောက်ပို့ပေးပါမည်။
ဦးညွှန့်လွင် အမှတ် ၂၈၊ ဆေးရုံလမ်း၊ ကျောက်ဆည်မြို့။

ယခင် စာအုပ် ၆၀၀၀၊ ယခု ၅၀၀၀ ကျပ်။ သုံးအုပ်နှင့် အထက်မှာလျှင် ၄၅၀၀ ကျပ်




www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

## မြေပြင်က အပင်ဆေးဖက်ဝင်

စိုးယဉ်ထွန်း



မြေဇာမြက်ပင်

မြန်မာအခေါ် - မြေဇာမြက်ပင်

မျိုးရင်းအမည် - GRAMINEAE

ရုက္ခဗေဒအခေါ် - Cynodondzclylon Pers

မြက်ပင်ပေါင်း များစွာရှိသည့်အနက် မြေဇာမြက်ပင်သည် တစ်နေရာတွင် စု၍ပေါက်ပြီး အပင်အမြင့် ၁ ပေအထိရှိပြီး ရွက်ရှည်၊ ရွက်ချွန်ဖြစ်သည်။ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်ဆိုသည့်အတိုင်းပင် မြေဇာမြက်ပင်၏ အရသာ ... ခါး၊ ချို ဖန်သော အပင်မျိုးဖြစ်ပြီး၊ အေး၏။ ဝိပါကဖြ...သည်။ သည်းခြေ၊ သလိပ် ဒေါသကို ငြိမ်းစေသည်။ ...တ်ခြင်း၊ နှုတ်မမြိန်ခြင်း၊ အန်ခြင်း၊ ပင်ပန်း၍ မအီမသာ...ခြင်းတို့ကို ပျောက်ကင်းပါသည်။

မြေဇာမြက်ကို အရည်ညှစ်၍ သကြားနှင့်သောက်ပါ... ဆီးထဲတွင် သွေးပါခြင်း၊ သွေးသက်သက်သွားခြင်းများ ...တ်ကင်းပါသည်။

မြေဇာမြက်ကို အခြောက်လှန်း၍ အမှုန့်ကြိတ်ပြီး ဒိန်ချဉ်နှင့် သောက်လျှင် ဆီးလွန်ခြင်း၊ သုက်ပါခြင်းများ ပျောက်၍ အန်ခြင်းပါ ပျောက်သည်။

မြေဇာမြက် သတ္တုရည်ကို နနွင်းနှင့်လိမ်းပါက ယားနာအမျိုးမျိုးပျောက်သည်။ တက်ဖျား၊ ကျဖျား ဖြစ်နေပါက မိဝုတ်မြစ်အနည်းငယ်နှင့်သောက်လျှင် ပျောက်ကင်းပါသည်။ မြေဇာမြက်ကို ညောင်ပိန္နဲရွက်နှင့် ရော၍ကြိတ်ပြီး ပျားရည်နှင့်သောက်ပါက သွေးနိုင်သော ဆေးကောင်းဖြစ်သည်။



ခရမ်းကစော့ပင်

မြန်မာအမည် - ခရမ်းကစော့ အချို၊ အချိုအခါး၊ အခါး ဟူ၍ သုံးမျိုးရှိသည်။

မူရင်းအခေါ် - SOLANACEAE ဖြစ်သည်။

ရုက္ခဗေဒ ခေါ်ဝေါ်မှုသည် Solanumtetwum Swattz ခရမ်းကစော့ခါးပင်က ဆေးဖက်ဝင်သည်။ ချို၊ စပ်၊ ခါး၊ အရသာရှိပြီး အရွက်သည် ခရမ်းရှည်သီးပင် အရွက်နှင့်တူသည်။ အပင်တွင် ဆူးပါရှိပြီး၊ အသီးတွင် အစိမ်းပြောက်ကျားပါသောအသီးနှင့် ဝါသောအသီးတို့ဖြစ်ပြီး နေရာဒေသအများအပြားတွင် ပေါက်ရောက်သည်။ အပင်တစ်ပင်လုံး အသုံးဝင်သည်။



www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

အစာကို ကြေစေပြီး သလိပ်နှင့်လေကို နိုင်သည်။ နှုတ်ကို မြိန်စေသည်။ အဖျားရောဂါ၊ ပန်းနာ၊ ချောင်းဆိုးခြင်းတို့ကို ပျောက်ကင်းစေသည်။ နှလုံးရောဂါ၊ ပျို့အန်နာ၊ ယားနာအမျိုးမျိုး၊ ထိခိုက်ရှနာများ၊ အနာကြီးတို့ကို ပျောက်ကင်းစေပါသည်။

**အသုံးပြုရန်မှာ -**

အဖျားရောဂါရှိသူ (မကြာခဏဖျား) များအတွက် ခရမ်းကစော့သီးနုနုကို ဟင်းချိုချက်သောက်ပါက တစ်ခါ၊ နှစ်ခါနှင့်ပင် လုံးဝပျောက်ကင်းပါသည်။

အပင်၏အမြစ်ကို ရေနှင့်ဆားထည့်သွေးပြီး လျှာကို ပွတ်ပေးပါက ရောဂါဝေဒနာကြောင့် ခံတွင်းပျက်နာ ပျောက်ကင်းသည်။ အမြစ်ကို နွားနို့နှင့်ကျိုသောက်ပါက စားကောင်း၊ အစာကြေပါသည်။

ခရမ်း ငါးမျိုး၊ ပရန္နဝါ၊ ကျားမှန်အားသန်ဆေးဟု ဆိုထားပါသည်။

ပရန္နဝါအပင် ၃-ကျပ်သား၊ ခရမ်း ငါးမျိုး အမြစ် ၃-ကျပ်သား အခြောက်လှန်း၍ အမှုန့်ပြု၊ ပျားရည်၊ နွားနို့၊ ကြံရည်တို့မှ ကြိုက်နှစ်သက်ရာနှင့် ကော်ဖီဇွန်း နှစ်ဇွန်းစာထည့်၍ လက်ဖက်ရည်ကိုင်းပန်းကန် တစ်ခွက်စာ ခုနစ်ရက်သောက်လျှင် အသက်(၂၀)နှင့် ပြိုင်နိုင်သည်ဟုဆိုသည်။

ခရမ်းကစော့သီးကို ဆားဖြင့်ထောင်း၍ စားလျှင် ချောင်းဆိုး၊ သလိပ်ကပ်၊ ချွဲကြေ၊ ပန်းနာ၊ ရင်ကျပ်ပျောက်၍ အမြစ်ကိုပြုတ်၍ သကြားနှင့်ပါ သောက်ရသည်။

ဆန်ဆေးရေနှင့် ခရမ်းကစော့မြစ်ကိုသွေး၍ သကြားနှင့်သောက်လျှင် ဆီးပူ၊ ဆီးကျင်၊ ဆီးတစ်စက်တစ်စက်သွားခြင်းကို ပျောက်ကင်းစေပါသည်။

မြွေ၊ ကင်း အစရှိသည့် သတ္တဝါများ ကိုက်ခဲခြင်းခံရလျှင် ခရမ်းကစော့အပင်မှ ပဥ္စငါးပါးကို ပြုတ်၍တိုက်ပြီး အမြစ်ကိုသွေး၍ ဒဏ်ရာနေရာတွင် လူးပေးခြင်းဖြင့် အဆိပ်ကို နိုင်ပါသည်။

(ခရမ်း ငါးမျိုးမှာ ခရမ်းကစော့၊ ခရမ်းချဉ်၊ ခရမ်းရှည်၊ ခရမ်းကျွတ်၊ ခရမ်းခါး တို့ဖြစ်သည်။)



## မိဿလင်ပင်

| | |
|---|---|
| မြန်မာအခေါ် | - မိဿလင် |
| မွန်-အခေါ် | - HLA-NAN |
| မျိုးရင်းအမည် | - ZINGIBERACEAE |
| အင်္ဂလိပ်အခေါ် | - WILDGINGER |
| ရုက္ခဗေဒအမည် | - Zingiber R.Br.Sp. |

မိဿလင်ပင်သည် နှစ်ကြာခံအပင်ဖြစ်ပြီး ပင်စည် အရွက် အလုံး၊ အပြားပဲ ကွာသည်။ အနံ့ရှိသော အပင်ဖြ အရွက်သည် ရှည်မျောမျောဖြစ်သည်။ ရွက်လွှဲထွက်ပြီး ရင်းသွယ်သွယ်နှင့် အဖျားချွန်၍ အလယ်ကြောပါသည်။ ပြားပါးပါးနှင့် ပျော့ပျောင်းချောမွေ့ပြီး အပွင့်ညိုဝါရော သည်။ ပွင့်တံနီ၍ အပင်၏ခြေရင်းမှ ပွင့်သည်။ အသီး ငယ်လုံးဝိုင်းသော ပုံသဏ္ဌာန်ရှိသည်။ အမြစ် သုံးခုသည် ညိုဝါရောင်ဖြစ်ပြီး အသားထူသည်။ မြစ်ပွားများ ဖြာ နေသည်။



www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ



ထောပတ်ပင်

မြန်မာအခေါ် - ထောပတ်ပင်

မူရင်းအခေါ် - LAURACEAE

အင်္ဂလိပ်အမည် - AVOCADOPEARALLI GATORPEAR

ရုက္ခဗေဒအခေ - Persezgratissima Gzerh

ထောပတ်ပင်သည် အမြဲစိမ်း အပင်လတ် ကိုင်းဖျာသော အပင်မျိုးဖြစ်ပြီး၊ ရှမ်းပြည်နယ်ဒေသ တောင်ကုန်းနှင့် အေးမြသောအရပ်တို့တွင် စိုက်ပျိုးဖြစ်ထွန်းသည်။ အရွက်မှာ (ရွဲယိုရွက်နှင့်တူ၍ အပွင့်မှာ အခိုင်လိုက်ပွင့်ပြီး၊ သေးငယ်သည်။ အသီးသီးပုံမှာ ရှည်မျောမျော ဘဲဥပုံနှင့် ဘူးတောင်းပုံတို့ သီးတတ်သည်။ အသီးမှည့်တွင် အစိမ်းပုပ်ရောင်နှင့် အညိုရင့်ရောင် နှစ်မျိုးရှိပြီး၊ အခွံမာ၍ အစေ့တစ်စေ့သာ ပါသည်။ အနှစ်ကို စားသုံးရသည်။ အဝါရောင်သမ်းသော အနှစ်ဖြစ်သည်။

နေရာဒေသအနှံ့တွင် ပေါက်ရောက်ပြီး မြန်မာနိုင်ငံ၏ မြောက်ပိုင်းတွင် ပို၍ပေါက်ရောက်သည်။ သဘာဝအလျောက်လည်း ပေါက်ရောက်ပြီး ယခုစိုက်ပျိုးပင်ဖြစ်သည်။ တစ်ပင်လုံး အသုံးပြုသည်။ မိဿလင်ပင်သည် စပ်သောအရသာရှိသည်။ သွေးကို ကြေစေ၏။ ဝမ်းမှန်ပြီး ဆီးများစေ၍ လေသက်သည်။ အဆိပ်ကိုနိုင်သလို အရေပြားရောဂါနှင့် အစာကိုကြေစေသည်။ အဖျားနှင့် ချွေးမထွက်ခြင်းကိုပါ ပျောက်ကင်းစေ၍ ဝမ်းကိုက်သောအနာပါ ပျောက်သည်။

ထိခိုက်ဒဏ်ရာနှင့် အကိုက်အခဲ အကြောထုံးခြင်းတို့အတွက် မိဿလင်ကို ထုထောင်း ကြိတ်၍ အုံပေးခြင်း၊ ကြပ်စည်းပေးခြင်းများ ပြုလုပ်ရသည်။ ဒူးခေါင်းရောင်ခြင်း၊ အဆစ်အမြစ်ရောင်ခြင်း၊ ခြေမျက်စိရောင်ခြင်းများအတွက် မိဿလင်ဥကို ထောင်း၍ ကြပ်စည်းပေးရသည်။

မိဿလင်ပင်ကို တစ်ပင်လုံးရေဆေး၍ အရည်ညှစ်ပါ။ ရရှိသော သတ္တုရည်(ညှစ်ရည်) ကို အကြွမ်းပန်းကန်လုံး တစ်လုံးစာထဲ ဆားလက်ဖက်စားဇွန်း တစ်ဇွန်းစာထည့်၍ မွှေပြီးသောက်ပါက အမျိုးသမီးများ မီးယပ်ချုပ်ခြင်း ပျောက်ကင်းပါသည်။ မိဿလင်ဥခြောက်ကို အမှုန့်ထောင်းပြီး ဆားလှော် (ဆားမီးဖုတ်) လက်ဖက်စားဇွန်း တစ်ဇွန်းထည့်၍ တစ်နေ့ သုံးကြိမ် သောက်သုံးပေးလျှင် မီးဖွားပြီးသူများ သားအိမ်ကျက်၍ သန့်ရှင်းပါသည်။

မိဿလင်တစ်ပင်လုံးကို ကြိတ်၍ အရည်ညှစ်ယူပြီး ရေတက်ကောင်းအမှုန့်ထည့်၍ တစ်ကိုယ်လုံးကို လူး (လိမ်း) လျှင် အအေးပတ်ခြင်း၊ ကိုက်ခဲခြင်း၊ လေမလျှောက်၍ လေးလံထိုင်းမှိုင်းခြင်းတို့ ပျောက်ကင်းပါသည်။ ကြိတ်ရည်ကို မြေအိုးအသစ်တွင်ထည့်ပြီး ပေါင်းတိုက်ရည်ကိုယူ၍ ကြွေဇွန်း နှစ်ဇွန်းစာ မှန်မှန်သောက်ပါက အတွင်းလိပ်ခေါင်းရောဂါ ပျောက်ကင်းပါသည်။ အဆိပ်ရှိသော သတ္တဝါ ကိုက်ပါကလည်း တိုက်ကျွေးနိုင်ပါသည်။ လိမ်းပေးလျှင်လည်း အဆိပ်ကို နိုင်ပါသည်။

အိန္ဒိယဆေးဝါးများတွင် မိဿလင်ပင်ကို အဓိက သုံးစွဲကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးဝဥ္စာ

အေး၊ ချို၊ စိမ့်သော အရသာရှိသည်။ အပူလွန်ကဲခြင်း၊ လူပိန်ခြင်း၊ သွေးသားခန်းခြောက်၍ အသားအရေမစိုပြည်ခြင်းတို့ကို ပျောက်ကင်းစေသည်။ အထူးသဖြင့်ကလေးများ၊ သက်ကြီးရွယ်အိုများ၊ နာလန်ထစဝေဒနာရှင်များအတွက် အာဟာရပြည့်သော အစားအစာဖြစ်သည်။

တိုင်းရင်းသမားတော်များ အသိအမှတ်ပြု အသုံးချခြင်းမှာ သင်္ဂဟိတခေတ်အရသာ၊ ဗြူဟာနခေတ်အရသာ၊ ဒါဟတေဇောခေတ်ခံများအဖြစ် အသိအမှတ်ပြု၍ ခန္ဓာကိုယ်၏ အရေပါး၊ အသား၊ အရိုး၊ အရေပြားထူ၊ ကြွက်သားတို့၏ ခန်းခြောက်ခြင်း၊ အပူလောင်ခြင်း၊ ဝမ်းချုပ်လွန်ခြင်းတို့ကို နိုင်နင်းသည်ဟု သမားကိုင်ဆေးကျမ်းတွင် ပြဆိုပြီး သွေးပူ၊ သွေးဆူ၊ သွေးခန်းခြောက်၍ ရုပ်ပိန်ရုပ်ကျ အပူကဲခြင်းတို့ကို ကာကွယ်ပေးသည်။

အဆုတ်နှင့်ပတ်သက်သော ရောဂါများ၊ ဓာတုဗေဒဆေးများ သုံးလွန်းသူများအတွက် အထူးသင့်လျော်ပါသည်။ နွားနို့၊ သကြား၊ ကြက်ဥများနှင့် ထောပတ်သီးအမှည့်၏အနှစ်နှင့် ဖျော်၍စားသောက်ပါက အဆုတ်ကို အားပြည့်စေပါသည်။ ပန်းနာ၊ ရင်ကျပ်၊ တီဘီတို့ကို သက်သာပါသည်။ ချွေးညီမျှပြီး အားကိုဖြစ်စေပါသည်။

ယနေ့ အလှပြင်ဆိုင်တချို့တွင် ထောပတ်သီးအမှည့်၏ အနှစ်နှင့် ဒိန်ချဉ်ကိုရောစပ်၍ အသားကို ပွတ်လိမ်းပြုပြင်ပေးနေသည်။ ကန့်သတ်ချိန်ပြည့်လျှင် ရေချိုးခြင်း၊ ရေပတ်တိုက်ခြင်းများ ပြုလိုက်လျှင် အသားအရေ ချောမွတ်၍လာပါသည်။ ကုန်ကျငွေတော့ကြီးသည်။ မိမိကိုယ်တိုင် ပြုလုပ်၍ရပါသည်။ ထောပတ်သီးသည် အသားဓာတ်၊ အဆီဓာတ်များကြောင့် သင့်လျော်၍ တန်ဖိုးကြီးမားပါသည်။

## ဆင်နှာမောင်းပင်

မြန်မာအမည် - ဆင်နှာမောင်းပင်
မျိုးရင်းအခေါ် - BORAGINACEAE
အင်္ဂလိပ်အခေါ် - HELIOTROPF
ရုက္ခဗေဒအမည် - Heliottopiumindicumlinn



ဆင်နှာမောင်းပင်သည် နေရာဒေသအနှံ့တွင် ပေါက်ရောက်၍ အစုလိုက်ဖြစ်သော ပင်ငယ်မျိုးဖြစ်သည်။ အပင်၏အမြင့်သည် တစ်တောင်ကျော်ကျော်ခန့်ရှိပြီး အမွေးနုများမှာ အရွက်နှင့် အပင်လုံးတွင်ပါရှိပြီး အပွင့်တံသည် ဆင်နှာမောင်းကဲ့သို့ ကွေးကွေးကောက်ကောက်နှင့် အဖျားတွင် အဖြူရောင်အပွင့်ကလေးများ ပါရှိသည်။ အပင်ကြီး၊ အပင်ငယ်ဟု နှစ်မျိုးရှိသည်။

ဆင်နှာမောင်းပင်သည် တစ်ပင်လုံးကို ဆေးအဖြစ်အသုံးပြုနိုင်သည်။ အေး၍ ခါးသောအရသာရှိသည်။ အဖျားရောဂါအမျိုးမျိုး ပျောက်ကင်းနိုင်ပြီး ဆီးအတွက်ကောင်းသောဆေးပင်ဖြစ်သည်။ နာကျင်ကိုက်ခဲမှု၊ ကိုယ်ခန္ဓာလေးလံထိုင်းမှိုင်းခြင်းကို ပြုတ်ရေလုပ်၍ ရေချိုးပေးလျှင် ပျောက်ကင်းပြီးကိုယ်ဖောကိုယ်ရောင်ကျသည်။ ဆီးရောဂါအမျိုးမျိုး အထူးပျောက်ကင်းစေသည်။ ထိခိုက်ပွန်းပဲ့ ပေါက်ပြဲခြင်းဒဏ်ရာကိုကြိတ်၍ အုံပေးခြင်းဖြင့် အနာမရင်း အပျောက်မြန်သည်။

ဆင်နှာမောင်းအပင်ကို တစ်ပင်လုံးရေဆေး၍ ၃-ခွက်တစ်ခွက်တင်ပြုတ်ပြီး ဆီးရောဂါအတွက်သုံးခြင်း၊ အရွက်ကိုထုထောင်း၍ အနာကိုအုံပေးခြင်း၊ အရည်ကို ရောင်သောနေရာကို လိမ်းခြင်း၊ မျက်ခွံရောင်ခြင်း၊ မျက်စိနာခြင်းတို့ကိုအရည်ညှစ်၍ လိမ်းပေးရသည်။ (မျက်စဉ်းမခတ်ရပါ)

ဝမ်းချုပ်လျှင် ပြုတ်ရည်ကို သောက်ပေးရသည်။ အနာပေါက်နာအတွက် အရည်ညှစ်၍လိမ်းခြင်း၊ အဖတ်ကို အုံပေး




www.burmeseclassic.com

www.burmeseclassic.com

လျှင် ပြည်ပေါက်၏။ ဆင်နှာမောင်းပင်ပြုတ်ရည်နှင့် ချေးအောင်းလျှင် အဖောကျပြီး ပြုတ်ရည်ကို သောက်ပေးခြင်းဖြင့် ဆီးချိုကျစေပါသည်။

ခူနာနှင့် ယားနာအမျိုးမျိုးကို ဆင်နှာမောင်းပင် တစ်ပင်လုံးကို ပြာချ၍ အုန်းဆီနှင့်လိမ်းလျှင် ပျောက်သည်။ ရက္ခမူဆားအဖြစ် ပြုလုပ်၍ အသုံးပြုလျှင် တခြားဆေးဖက်များနှင့် ရောနှော၍ပါက ပို၍ဆေးစွမ်းထက်ပါသည်။

အထူးသတိပြုရန်မှာ ဆင်နှာမောင်းပြုတ်ရည်၊ သတ္တုရည်တို့ကို သောက်သုံးလျှင် အတိုင်းအဆနှင့် ချင့်ချိန်ရန် လိုအပ်ပါသည်။ ဆင်နှာမောင်းပင်၏ သတ္တိသည် အသည်းကို ထိခိုက်စေ၍ အသည်းရောဂါရှိသူများနှင့် လုံးဝမသင့်ပါ။



စွယ်တော်ပန်းပင်

မြန်မာအခေါ် - စွယ်တော်ပင်

မျိုးရင်းအမည် - CAESALPINIACEAE

ရုက္ခဗေဒအခေါ် - Bauniniasp

စွယ်တော်ပင်သည် သုံးမျိုးရှိသည်။ နေရာဒေသအနှံ့အပြားတွင် ပေါက်ရောက်ပြီး၊ စိုက်ပျိုးပင်အဖြစ်လည်း စိုက်ပျိုးကြသည်။ ပင်အုပ်ချုံကဲ့သို့ အပင်မာမျိုးဖြစ်သည်။

အရွက် ပူးနေသဖြင့် လူ့လောကတွင် ပေါင်းသင်းဆက်ဆံမှု၊ ချစ်သူရည်းစား အိမ်ထောင်ရှင်များက စွယ်တော်ရွက်နှင့် နှိုင်းယှဉ် တင်စားခြင်းခံရသည့် အပင်မျိုးဖြစ်သည်။

ပန်းပွင့်သည် အဖြူရောင်၊ အဝါရောင်၊ အနီရောင်မျိုးများရှိသည်။ ပွင့်ဖတ်လွှာ ငါးချပ်ရှိပြီး ဝတ်ဆံကလေးများဖြင့် လှပသည်။

စွယ်တော်ပင်သည် ပဥ္စငါးပါးအသုံးပြုနိုင်သည်။ စွယ်တော်ရွက်နုကို ဟင်းချို၊ ကြော်ချက် ချက်စား၍ ရပါသည်။ သွေးသားစိုပြည်စေပါသည်။ တြိဒေါသနာ၊ မုတ္တကိတ်နာ၊ သလိပ်နာ၊ ကိုယ်ပူခြင်း၊ လေထိုးခြင်းတို့ကို ပျောက်ကင်းစေပါသည်။

စွယ်တော်ပွင့်အဖြူသည် ငန်၊ ချို အရသာရှိ၏။ ဝမ်းမီးကို ချုပ်စေသည်။ နှုတ်ကိုမြိန်စေ၏။ သွေးဖောက်ပြန်သော အနာ၊ ထိခိုက်ဒဏ်ရာအနာ၊ ချောင်းဆိုးခြင်း၊ သည်းခြေရောဂါ၊ ပန်းနာရောဂါတို့ကို စွယ်တော်ဖြူပွင့်ကိုရော၊ အနီပွင့်ကိုပါ သုံးစွဲနိုင်သည်။ အရသာနှင့် အာနိသင် အနည်းငယ်ပဲကွာသည်။

စွယ်တော်ရွက်သည် အပူကိုငြိမ်းစေသည်။ နှလုံးကိုအားပေးပြီး အိပ်ပျော်စေသည်။ စွယ်တော်အနီသည် အေး၏။ ဖန်၏။ ဝမ်းမီးကိုတောက်စေသည်။ ဝမ်းချုပ်စေ၏။ အဝါပွင့်သည် ဖန်၏။ အနာတို့ကိုနိုင်ပြီး သားမွေးသူကို နို့ရည်ပွားစေသည်။

စွယ်တော်ပန်း အဖြူပွင့်ကို ပြုတ်၍သောက်လျှင် ဆီးနည်းခြင်း၊ အသည်းရောင် အသားဝါဖြစ်ခြင်းတို့ ပျောက်ကင်းပါသည်။

စွယ်တော်ပန်း ခရမ်းရောင်နှင့် ပန်းရောင် (အရောင်ရော) အပွင့်မှာ ပြုတ်၍သောက်လျှင် အမျိုးသမီးများအတွက် မီးယပ်သွေးဆုံးနှင့် သွေးအညစ်အကြေးတို့ကို ပယ်စွန့်နိုင်သည်။ အပင်ညွန့်ကို ဟင်းချိုချက်သောက်ခြင်း၊ ပြုတ်၍အရည်ကိုသောက်ခြင်း၊ ကျန်းမာ၍ အနာရောဂါကင်းသည်။

အဆစ်ရောင်ခြင်း၊ အဆစ်ကိုက်ခြင်း၊ ဆီးအနည်ကျခြင်းတို့ကို စွယ်တော်ညွန့်ပြုတ်ရည်ကို တစ်လမျှ ပုံမှန်သောက်လျှင် ပျောက်ကင်းပါသည်။

စွယ်တော်မြစ်ကို ပြည်လုံးချမ်းသာ ဆေးများဖော်စပ်လျှင် ဆေးပုလဲနှင့်တွဲ၍ သုံးစွဲကြသည်။ စွယ်တော်မြစ်သည် ရေငတ်ခြင်း၊ ထုံကျင်ခြင်း၊ ဆီးကြောင့် ကိုက်ခဲနာကျင်ခြင်းများ ပျောက်ကင်းသောကြောင့် တစ်ပင်လုံး ဆေးဖက်ဝင်သည့် အဖိုးတန်အပင်မျိုး ဖြစ်ပါသည်။

ခရေပင်

မြန်မာအခေါ် - ခရေပင်

မွန်အမည် - SOTKEEH

အင်္ဂလိပ်အခေါ်သည် - STARFLOWER ဖြစ်ပြီး

ရုက္ခဗေဒအမည်- Minusopsclengi

မျိုးရင်းအမည်မှာ - SAPOTACEAE

ပါဠိအခေါ် - ဗကုလ



www.burmeseclassic.com

www.burmeseclassic.com



ခရေပင်သည် သဘာဝအနေလျောက် ပေါက်ရောက်ပင်ဖြစ်ပြီး အပင်ကြီးမျိုးဖြစ်သည်။ ရွက်လွှဲထွက်၍ အစိမ်းရောင်ဖြစ်ပြီး၊ အပွင့်မှာ ရနံ့မွှေးကြိုင်၍ တင်စားမှုနှင့် တေးသီချင်းစပ်ကြသည်။ အသီးမှာ ဘဲဥပုံဖြစ်ပြီး မှည့်လျှင် အဝါရောင် (လိမ္မော်ရောင်) ဖြစ်သည်။ ကဆုန်လနှင့် နယုန်လတို့တွင် အပွင့်ပွင့်သည်။ ဝါခေါင် တော်သလင်းလတို့တွင် အသီးသီး၍ အသီးမှာ အူကို တွန့်ရှုံ့စေ၏။ နှုတ်ကိုမြိန်စေသည်။ သွားများကိုခိုင်မာပြီး သလိပ်သည်းခြေကို နိုင်၏။ အသုံးပြုရာတွင် အသီး၊ အစေ့၊ အပွင့်၊ အခေါက် အပါအဝင် ပဥ္စငါးပါးကို အသုံးပြု၍ရသည်။

ခရေပင်စည်၏ အခေါက်သည် နှလုံးကို အားရှိစေပြီး၊ ဝမ်းမီးကိုပွားစေ၏။ ပိုးတို့ကိုနိုင်သည်။ သည်းခြေဖောက်ပြန်ခြင်းကို ပျောက်ကင်းစေပါသည်။

ခရေပွင့်ကို တစ်ညသိပ်ရေစိမ်ပြီး ထိုရေကိုစစ်ယူ၍ ကလေးချောင်းဆိုးနာကို တိုက်ကျွေးလျှင် ပျောက်ကင်းစေပါသည်။ မီးယပ်ဖြူဆင်းခြင်းအတွက် ခရေပွင့်အစိုကို စားပေးခြင်း၊ သွားနာ၊ သွားကိုက်ခြင်းအတွက် ဝါး၍ငုံထားလျှင် ပျောက်ကင်း၏။ ခရေပွင့်အခြောက်ကို သနပ်ခါးနှင့်ရော၍ သွေးလိမ်းပါက အပူကြောင့်ဖြစ်သော မိတ်၊ ယားနာ၊ ဝက်ခြံဖုများ ပျောက်ကင်းပြီး တင်းတိပ်ပါပျောက်သည်။


ခရေသီးအစေ့ကို ဆန်ဆေးရေနှင့် သွေး၍သောက်လျှင် ဝမ်းရောဂါ ပျောက်ကင်းပါသည်။ ခရေပင်၏ ပင်စည်အခေါက်ကို ထုချေပြီး ပြုတ်၍သောက်လျှင် နှလုံးရောဂါ ပျောက်သည်။

အရွက်ကို ပွတ်ချေ၍ မကြာခဏ ရှူပေးခြင်း၊ အသီးမှည့်ကို စားပေးခြင်းဖြင့် နှလုံးရောဂါ အလျှင်းပင်ပျောက်ကင်းပါသည်။

ခရေသီးကို သွားကိုက်၊ သွားနာ၊ သွားဖုံးနာရောဂါများ၊ ဝမ်းပျက်၊ ဝမ်းလျှောရောဂါများအတွက် အသုံးပြုသည်။ ခရေပွင့်ကို နှလုံးရောဂါပျောက်ဆေးတွင် ထည့်သွင်းအသုံးပြုသည်။

မှက္ခရုနာနှင့် နှုတ်ခမ်းတစ်ဝိုက်တွင်ဖြစ်သော အပူနာတို့ကို ခရေခေါက်၊ ဆီးဖြူပင်အခေါက်၊ ရှားပင်အခေါက် သုံးမျိုးကိုပြုတ်၍ ငုံပေးခြင်းဖြင့် ပျောက်ကင်းစေပါသည်။

ကလေးများအတွက် မှက္ခရုနာ၊ ပါးစပ်နာ၊ ချောင်းဆိုးရောဂါများကို အမြန်ပျောက်ကင်းနိုင်သဖြင့် ဆောင်ထားသင့်ကြောင်း စေတနာကောင်းနှင့် ရေးသားလိုက်ရပါသည်။



ချဉ်စော်ကားသီးပင်

မြန်မာအခေါ် - ချဉ်စော်ကားပင်
ရှမ်းတို့အခေါ် - မေဝေါလ်
မူရင်းအမည် - ROSACEAE
ရုက္ခဗေဒအခေါ် - Cyndonia Cathayehsis Hemsl.



www.burmeseclassic.com

www.burmeseclassic.com

ချဉ်စော်ကားပင်သည် အပင်နုလျှင် ဆူးများထွက်၍ အပင်ကြီးရင့်သွားလျှင် ဆူးများတုံးပြီး ဖြာ၍ ပျော့ပျောင်းသောအပင်ဖြစ်သည်။ ဘဲဥပုံ တစ်လက်မအရွယ် အရွက်စိမ်းများရှိပြီး ကြမ်းသည်။

အသီးမှာ နုစဉ်က မာကျောသည်။ အပွင့်အနီရဲရဲဖြစ်ပြီး ပွင့်ဖတ်လေးခုနှင့် တစ်ခက်တွင် သုံးလေးပွင့် ပွင့်သည်။ အသီး၏ အပေါ်ခွံအလွှာသည် ပါး၍မာကျောပြီး ဘဲဥပုံအသီးများတွင် အသားကနူးညံ့ပြီး အရည်ရွှမ်း၍ ချဉ်သောအရသာနှင့် မွှေးသောအနံ့ရှိသည်။ အေး၍ ရေမဝပ်သော ကုန်းမြင့်ဒေသများတွင် ပေါက်ရောက်သည်။ အပင်လတ်ဖြစ်ပြီး ၆ ပေကျော်မှ ၁၀ ပေအထိမြင့်မားပြီး အကိုင်းဖြာထွက်သည်။

ချဉ်စော်ကားပင်သည် သွေးတိုးရောဂါ၊ နှလုံးအဆီပိတ်၊ အဆီများ၍ အဝလွန်သူများအတွက် ဆေးဖက်ဝင်ပုံများမှာ ချဉ်စော်ကားသီးအမှည့်၏ အခွံကို ဓားဖြင့် ဖြည်းညင်းစွာလှီး၍ ခွာရပါသည်။ အခွံခွာပြီးသား အသီးကို ရေစင်ကြယ်စွာ ဆေးပါ။ ရေဆေးပြီး ဓားဖြင့် ပါးပါးလွှာလွှာရအောင်လှီးပါ။ ဆားအနည်းငယ်ထည့်၍ သကြားကိုဖြစ်စေ၊ ပျားရည်ကိုဖြစ်စေ သင့်ရုံထည့်ပြီး တစ်ညသိပ်ထားပါ။ ချဉ်စော်ကားသီးအမှည့်ပါးပါး သကြားစိမ်၊ ဒါမှမဟုတ် ပျားရည်စိမ်ကို နေ့စဉ် တစ်ပြားမှ နှစ်ပြား ပုံမှန်စားပေးခြင်းဖြင့် လေထိုး၊ လေအောင့်ခြင်းများပျောက်ပြီး ရင်ချောင်၍ အစာကြေပါသည်။ ချင်း(ဂျင်း)ကို ပါးပါးလှီးပြီး ထည့်စားပါက အသံဝင်ခြင်း၊ ချောင်းဆိုးခြင်းများကို ပျောက်ကင်းစေပါသည်။

ဝက်သားကို လွန်စွာနှစ်သက်ပြီး ကျန်းမာရေးကြောင့် ရှောင်ရသူများမှာ ချဉ်စော်ကားသီးကို ပါးပါးလှီးထည့်၍ ဝက်သားနှင့် ချက်စားပါက အန္တရာယ်ကင်းစွာ စားသုံးနိုင်ပါသည်။ အဆီလွန်ကဲသော အသား၊ ငါးများနှင့်လည်း ချက်စား၍ရသည်။

ဘဲသားကြိုက်သူများ ချဉ်စော်ကားသီးကို ထည့်၍ ချက်စားသင့်ပါသည်။ ကြက်သားဟင်းထဲကို ထည့်လျှင် ပို၍ အရသာထူးပါသည်။

တိုင်းရင်းဆေးအလိုအရ တေဇောဓာတ်၊ ပထဝီဓာတ်၊ အာပေါဓာတ်၊ ဝါယောဓာတ်ညီမျှခြင်းအတွက်သမားကို ဆေးဖက်ဝင်သီးနှံဖြစ်ပါသည်။ ကုန်းမြင့်ဒေသတွင် ပိုမိုပေါက်ရောက်သောကြောင့် ရှမ်းလူမျိုးများက ရေလဲထား သုံးစွဲကြပါသည်။

**စိုးယဉ်ထွန်း**

❐


**နေလ်စဲန် ခရုသင်း၊ သမင်ဖြို**

**အရေပြားအထူးကုဆေးခန်း**

မှ

ခရုသင်း၊ သမင်ဖြို စားဆေး၊ လိမ်းဆေး၊ သွေးသန့်ဆေး၊ ယားနာလိမ်းဆေး
နေလ်စဲန် ဗိုက်ချပ်လိမ်းဆေး အသီကျသောက်ဆေးများကို
နယ်မှ မှာယူနိုင်ပါသည်။

တိုက်အမှတ်(၁)၊ အခန်း(၀၁၁)(၄လွှာ)၊ စက်ရုံလမ်း၊ မင်္ဂလာဈေးအနီး၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၁ ၂၀၀၄၉၁၊ ၀၉ ၅၀၄၁၂၃၈


www.burmeseclassic.com

www.burmeseclassic.com

# တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် လုံခြုံစိတ်ချရတဲ့အစားအစာ

ဒေါက်တာလွင်သန့်


ကမ္ဘာ့ရွာလို့ တင်စားရတဲ့ မီဒီယာပေါက်ရောက်နိုင်တဲ့ ခေတ်မှာ ပြည်သူတွေ နားလည်သဘောပေါက်မှု အမြင့်မားဆုံးဖြစ်နေတဲ့အချိန် အစားအစာကတစ်ဆင့် ကူးစက်ရောဂါများ ဝင်ရောက်နိုင်ခြင်းနဲ့ ပတ်သက်လို့ သိလာကြပါပြီ။

အစားအစာထုတ်လုပ်ရေး၊ အလုပ်ခန့်ထားမှု၊ အစားထုတ်လုပ်တဲ့စက်ရုံများရဲ့ အထွေထွေလိုအပ်ချက်၊ ကျွမ်းကျင်လုပ်သားအဖြစ် အချိန်ယူသင်ကြားပေးခြင်း၍မရှိ ထုတ်လုပ်မှုနည်းစနစ်တစ်လျှောက် အဆင့်တိုင်း ရောဂါမကူးစက်စေရန် သိရှိနားလည်ထားဖို့ လိုအပ်လာပါတယ်။

ကြော်ငြာမှာ ပါတဲ့အတိုင်း ပြိုင်ဘက်တွေနဲ့ ဆက်ဆံရတော့ လူထုဆက်သွယ်ရေး ဘာသာရပ်ကိုလည်း တတ်ကျွမ်းဖို့ လိုအပ်လာတယ်။ ကျွမ်းကျင်လုပ်သားတစ်ယောက် ဖြစ်လာဖို့ သင်ကြားပေးရတဲ့ အချိန်၊ ကုန်ဆုံးရတဲ့ ငွေရေးကြေးရေး၊ တစ်ကိုယ်ရေ သန့်ရှင်းရေး စတာတွေနဲ့ ရင်းနှီးမြှုပ်နှံကြရာမှာ စာချုပ်စာတမ်းနဲ့ လက်မှတ်ရေးထိုးတာ ပါလာပါတယ်။

အလုပ်သမားတွေ တစ်ကိုယ်ရေသန့်ရှင်းမှု မရှိရင် ရောဂါပိုးမွှားများမှာ ကိုင်လိုက်တဲ့ အခါတိုင်း ကပ်ငြိလာရင် ယင်းတို့လက်များနှင့် အရေပြားတို့ကတစ်ဆင့် ပြင်ဆင်နေတဲ့ အစားအသောက်ထဲ ရောက်ရှိသွားနိုင်တယ်။ ဒါကြောင့်လည်း အစားအစာကိုင်တွယ်ပြင်ဆင်တို့ရဲ့ တစ်ကိုယ်ရေသန့်ရှင်းရေး ဒီဂရီကို တိုးမြှင့်လို့ ၤံစဉ် နှပ်ရည်၊ လက်ကြား (Nasul & Hand, Swab) များ စစ်ဆေးခြင်းကို ပြုလုပ်လာပါတယ်။ ယင်းအလေ့အကျင့်ရှိသွားရင် တစ်ကိုယ်ရေသန့်ရှင်းရေး ကောင်းလာပြီး လုံခြုံစိတ်ချစွာ စားသုံးသူတွေ ရောဂါမကင်းတဲ့ အစားအသောက် စားမိခြင်းကနေ ကာကွယ်နိုင်မှာပဲဖြစ်ပါတယ်။

အစားအသောက် ကိုင်တွယ်ထုတ်လုပ်နေတဲ့ အလုပ်သမားက အစားအစာများ ရောဂါကင်းဝေးရေး မသိရှိထား





www.burmeseclassic.com

www.burmeseclassic.com


ဘူးဆိုရင်ပဲ ပိုးမွှားမကင်းတဲ့ အစားအသောက် ထုပ်ပိုးထားသလိုဖြစ်ကာ စားသုံးသူများမှာ ရောဂါကူးစက်စေနိုင်လို့ တစ်ကိုယ်ရေသန့်ရှင်းရေးက ရောဂါမဖြစ်အောင် ကြိုတင်ကာကွယ် တားဆီးနိုင်မှာ ဖြစ်ပါတယ်။

လူတစ်ဦးချင်း တစ်ကိုယ်ရေ သန့်ရှင်းမှုက ခန္ဓာကိုယ်အတွင်း ပိုးမွှားကင်းစင်ခြင်း၊ အသားထုတ်လုပ်လက်များ သန့်ရှင်းခြင်း၊ လုံလောက် အဆောင်း၊ အကာ၊ အအုပ်၊ နှာခေါင်းစည်းတို့က လူသားတွေ အစာမှတစ်ဆင့် ရောဂါကူးစက်မှု ဖြတ်တောက်ထားနိုင်မှာပဲ ဖြစ်တယ်။

အစားအသောက်ရဲ့ လုံခြုံစိတ်ချမှုမှာ ဆေးလိပ်မသောက်ခြင်းလည်း ပါဝင်တယ်။ ဆေးလိပ်သောက်ခြင်းက လူရဲ့ကျန်းမာရေးကို၊ အထူးသဖြင့် အဆုတ်နဲ့ အသက်ရှူလမ်းကြောင်းရောဂါ ရစေကာ၊ နှာရည် (Nusal & Hands Swab) ကတစ်ဆင့် အစားအသောက်ထဲ ရောဂါရစေနိုင်ပါတယ်။ အလုပ်လုပ်ချိန်မှာ နှာခေါင်းစည်း၊ ခေါင်းစည်း၊ လုံလောက်တဲ့ အကာအရံနဲ့ လက်အိတ်များ တပ်ဆင်ထားဖို့ လိုအပ်ပါတယ်။ နေထိုင်မကောင်းတဲ့ လုပ်သားကို အစာထုပ်ပိုးပြင်ဆင်တာ မပြုလုပ်စေဘဲ အနားပေး ဆေးကျွေးသင့်တယ်။

အသင့်အမြန် အစားအသောက်စနစ်များ (Snaps) ဖြစ်တဲ့ ဟမ်ဘာဂါ၊ ဆင်းဒဝစ်၊ ပီဇာနဲ့ အာလူးချောင်းကြော် ထုတ်လုပ်ရာမှာ လုံခြုံစိတ်ချရတဲ့အခန်း၊ နေရာမှာ သိမ်းဆည်းဖို့ လိုအပ်သလို ထုပ်ပိုးရက်၊ ကုန်ဆုံးရက်များ မြင်သာထင်သာ ရေးထားဖို့လိုတယ်။ နဖ်ကိုတင်ပို့ရောင်းချရင်လည်း သေသေချာချာ ထုပ်ပိုးပေးဖို့လိုအပ်ပါတယ်။ စားသုံးသူများအနေနဲ့ ရက်လွန်အစားအစာများ ရှောင်ဖို့နဲ့ ထုတ်လုပ်သူများကလည်း ရက်လွန်အစားအစာများ သိမ်းဆည်းပြီး စနစ်တကျ စွန့်ပစ်တတ်ဖို့ လိုပါတယ်။

တကယ်လို့ အပင်ကထုတ်ကုန်၊ သစ်သီးဟင်းသီးဟင်းရွက်များ ရောင်းချသွားမယ် ဆိုရင်လည်း ဝတ်ဆင်ထားတဲ့ ရတနာ၊ ဆွဲကြိုး၊ နားကပ်ကိုင်တွယ်ပြီး အစားအသောက်ကို ကိုင်တွယ်ပါက ရောဂါရနိုင်သေးတယ်။ အလုပ်ရုံမှာ လက်ဝတ်ရတနာ ဝတ်ဆင်စေမှု မရှိသင့်ဘူး။ မတော်လို့ လက်ကလွတ်ကျသွားရင် ပြန်မကောက်သင့်ဘဲ အမှိုက်ပုံးထဲ စွန့်ပစ်သင့်ပါတယ်။ လက်ဝတ်ရတနာများ ခွင့်ပြုရင် ဥပမာ- နားကပ်ကို ပွတ်မိလို့ အစားအစာထဲရောက်ရင် ရောဂါကူးစက်နိုင်တယ်။ လုံလောက်တဲ့ သန့်ရှင်းစင်ကြယ်မှု မရှိဘဲ အစားအသောက်ကို ထုပ်ပိုးသယ်ဆောင်ခြင်း မပြုသင့်ဘူး။





www.burmeseclassic.com

www.burmeseclassic.com

အလုပ်သမားတွေမှာ တူညီဝတ်စုံ၊ ပိုးသန့်စင်ထားတဲ့ ဝတ်စုံ လိုအပ်တဲ့အပြင် ဖိနပ်သုံးမျိုး ထားသင့်တယ်။ အလုပ်ရုံထဲတွင် စီးတဲ့ဖိနပ်၊ အပြင်ဖိနပ်၊ အပြင်ကိုစီးတဲ့ဖိနပ်တို့ ဖြစ်တယ်။ အတွင်းနဲ့အပြင် ကူးစက်စေနိုင်တဲ့ ကွင်းဆက်များ တတ်နိုင်သလောက် ကန့်သတ်ထားသင့်ပါတယ်။ ရှူးဖိနပ်ထဲက ရောဂါပိုး၊ ခြေအိတ်ထဲက ရောဂါပိုးကအစ အစားအစာထဲ ဝင်လာဖို့ မရှိသင့်ပါဘူး။

အစာထုပ်ပိုးပြုလုပ်တဲ့ လုပ်သားများ၊ လူကိုကူးစက်စေနိုင်တဲ့ရောဂါ ဥပမာ-တီဘီ၊ အဆုတ်ရောဂါ မရှိသင့်သလို အစားအစာနဲ့ ထုပ်ပိုးမယ့်ပစ္စည်းတွေ ရောဂါပိုးသန့်ရှင်းစင်ကြယ်ဖို့ လိုအပ်ပါတယ်။ အစာကတစ်ဆင့် ကူးစက်တဲ့ ရောဂါက ဝမ်းပျက်ဝမ်းလျှောရောဂါပဲ ဖြစ်တယ်။

ကုမ္ပဏီ၏ စည်းမျဉ်းစည်းကမ်းများ၊ အလုပ်သမားတိုင်း လေးစားလိုက်နာဖို့လိုတယ်။ ရောဂါဖြစ်ရင် စနစ်တကျ ပျောက်ကင်းအောင် ကုသဖို့လိုတယ်။ အလုပ်မဝင်ခိုင်းဘဲ အင်အားပြည့် အနားယူ ဆေးကုစေသင့်ပါတယ်။

စထရယ်ကိုကော့ကပ် (Staphylococcus aucrus) ဟာ လုပ်သားရဲ့လက်မှာ ပါဝင်ခဲ့ရင် နှာချေခြင်း၊ ချောင်းဆိုးခြင်းကနေ အစားအသောက်ထဲ ကူးစက်သွားကာ စားသုံးသူထံ ရောဂါကူးစက်စေနိုင်ပါတယ်။ အစားအစာထုတ်လုပ်ဖို့ရှိရင် အလုပ်သမားများ လိုက်နာရမယ့် စည်းမျဉ်း စည်းကမ်းများ ထုတ်ပြန်ထားဖို့လို၊ မလို၊ ရှောင်တခင်စစ်ဆေးသွားသင့်တယ်။ စည်းကမ်းနဲ့မကိုက်ညီတဲ့ အလုပ်သမားကို အစာထုတ်လုပ်တဲ့ နေရာ၊ သွားခွင့်၊ လုပ်ကိုင်ခွင့် မပြုစေသင့်ပါ။ အူရောင်ငန်းဖျားရောဂါ ဖြစ်စေတယ်။

တိုက်ဖွိုက် (Salmonella Thyphi) ဟာ အစာကတစ်ဆင့် ကူးစက်နိုင်တဲ့ရောဂါ ဖြစ်သလို အသည်းရောင်အသားဝါ အေရောဂါကလည်း အစားအသောက်မှ ကူးစက်နိုင်တယ်။ ချောင်းဆိုး၊ နှာစေးနေတဲ့ အလုပ်သမားကို အဆောင်းအကာမပါဘဲ မုန့်စားစရာများ မလုပ်သင့်သလို လုံလောက်တဲ့ခွင့်နဲ့ ကုသမှုပေးရမှာ ဖြစ်တယ်။

အကောင်းဆုံးက အစာမှတစ်ဆင့် ရောဂါကူးစက်မှု မဖြစ်ရအောင် ကာကွယ်ဖို့ လက်ကို ရေ၊ ဆပ်ပြာတို့နှင့် စက္ကန့် ၂၀ ကြာ ဆေးကြောသွားဖို့ပဲဖြစ်တယ်။ ရောဂါရှိတဲ့လက်နဲ့ ကိုင်တွယ်သမျှ ရောဂါပိုးအမျိုးမျိုး ကူးစက်နိုင်လို့ လက်များ ပေကျံနေလျှင် ချက်ချင်းဆေးကြောသင့်ပါတယ်။ လက်အိတ်နဲ့ ကိုင်တွယ်သင့်ပါတယ်။

ခန္ဓာကိုယ်ထဲမှ ထွက်ရှိတဲ့ အဆိပ်အတောက်များ ဆီး ချွေး၊ မစင်အဖြစ်စွန့်ထုတ်ပစ်ရာ ဖယ်ရှားနိုင်စွမ်း နည်း လာပါက အချိန်ကြာမြင့်သည်နှင့်အမျှ ခန္ဓာကိုယ်ရဲ့ အချို့ အစိတ်အပိုင်းများမှ အက်စစ်ဓာတ်များ စုပုံမှုဖြစ်ပေါ်လာ နိုင်တယ်။

ယနေ့ခေတ်မှာ အလွန့်အမင်း အပျော်အပါး အစား အသောက် လိုက်စားမှု၊ အသင့်အမြန်စား အစားအသောက် နှင့် နေ့စဉ် အားကစားကို နာရီဝက်လုပ်ခြင်း၊ တစ်ကိုယ်ရေ သန့်ရှင်းဖို့ လိုလာသလို ပညာပေးသင့်တယ်။

အစားအသောက်နဲ့ ရေသုံးစွဲခြင်းကဏ္ဍမှာ သုံးစွဲရေ ရေသန့်ဖြစ်ဖို့ လိုတယ်။ အစားအစာကို ထုတ်လုပ်ရက်နဲ့ ကုန်ဆုံးရက် အက်ဖ်ဒီအေ (FDA) ခွင့်ပြုမိန့်၊ ဈေးနှုန်း စသည်ဖြင့် ပါဝင်သင့်တယ်။ ဆေးလိပ်၊ အရက်၊ ဘီယာဆိုရင် လည်း အက်ဖ်ဒီအေ (FDA)ရဲ့ ထုပ်ပိုးမှုအရည်အသွေး စစ်ဆေးထားပြီးဖြစ်ဖို့ လိုသည့်အပြင် ဆေးလိပ်ဘူးခွံမှာ 'ကျန်းမာရေးအတွက် ဆိုးရွားစွာ ထိခိုက်စေပါသည်'၊ အရက် ပုလင်းခွံမှာ 'အသည်းကို ဆိုးရွားစွာ ထိခိုက်စေပါသည်' ဆိုသော စာတန်းများ ရေးသားထားဖို့လိုတယ်။ မြင်သာ ထင်သာရှိရမယ့်အပြင် ကုန်ဝယ်ခွန် ပေးဆောင်ပြီး ဖြစ်သင့် ပါတယ်။

နေ့လယ်စာကို အသင့်ပြင်ဆင်စားသောက်တော့မယ် ဆိုရင် အရင်ဆုံး ထုတ်လုပ်ရက်စွဲ၊ ကုန်ဆုံးရက်စွဲအပြင် ပါဝင် သင့်တဲ့အစာ၊ မပါဝင်သင့်တဲ့ပစ္စည်း အာမခံနိုင်တဲ့ (FDA) က ခွင့်ပြုထားတဲ့ဆိုင်များမှာ စားသောက်သင့်တယ်။ သကြား များတဲ့၊ အငန်ကဲတဲ့၊ နှစ်ခါပြန်ကြော်ဆီ၊ ဝက်ဆီ၊ ဆားအငန်ဓာတ် နဲ့ပြင်ဆင်တဲ့ စနပ် (SNAP)၊ ဟမ်ဘာဂါ၊ ဆမ်းဒဝစ်၊ ပီဇာ များ သတိထား စားသုံးသင့်ပါတယ်။

ယင်းစနပ် (SNAP) များက လူကို အဝလွန်စေခြင်း ဖြစ်စေလို့ ကိုလက်စထရော မြင့်မားခြင်း၊ နှလုံးနှင့် သွေးတိုး ရောဂါများ ဖြစ်ပွားနိုင်တယ်။ အဝလွန်ခြင်း စတဲ့ရောဂါများ ကင်းချင်ရင် အသင့်အမြန် အစားအစာများ ရှောင်သင့်တယ်။

အစားအသောက် ထုတ်လုပ်ခြင်း စီမံခန့်ခွဲမှုမှ အလုပ် သမားတိုင်း အလုပ်ဆင်းချိန်၊ တစ်ကိုယ်ရေသန့်ရှင်းရေး စစ်ဆေးဖို့လိုအပ်သလို "ရှောင်တခင်" ရောဂါရှိ မရှိ စေပြီး ကုသပေးသင့်ပါတယ်။ ဘက်ပေါင်းစုံက ကုသပေးသင့် ထုတ်လုပ်မှုအဆင့်အတိုင်း ရောဂါကင်းရှင်းဖို့ လိုအပ်ပါ ပါတယ်။





www.burmeseclassic.com

www.burmeseclassic.com

၁။ တျန်းမာရေးနဲ့ညီညွတ်တဲ့ ကစီဓာတ်

ကစီဓာတ်ကြွယ်ဝတဲ့ အစားအစာများဟာ အဆီပါဝင်မှုလျော့နည်းပြီး အမျှင်ဓာတ်ပါဝင်မှုများတဲ့အတွက် တစ်နေကုန် ခွန်အားဖြည့်တင်းပေးနိုင်တယ်။ ကစီမှာ ပေါင်းစည်းကစီဓာတ် (Comples Carbohydrode) ဆိုတဲ့ ကောက်ပဲသီးနှံ၊ ဂျုံ ပြောင်း၊ ဆန်၊ ဂျုံကြမ်းနဲ့ ပြုလုပ်ထားတဲ့ ရှပေါင်မုန့်၊ ကွေကာအုပ်၊ ပဲပြားနဲ့ ပဲအမျိုးမျိုးတို့ဟာ ကျန်းမာရေးအတွက်ကောင်းတဲ့ ကစီဓာတ်များဖြစ်လို့ အများဆုံးစားသုံးသင့်တယ်။ ရိုးရိုးကာဗိုဟိုက်ဒရိတ်၊ သကြား၊ ပျားရည်၊ အချိုရည်တို့ဟာ သွေးတွင်း သကြားဓာတ်ကို မြင့်လွယ် နိမ့်လွယ်ပြီး ထိန်းညှိနိုင်စွမ်းနည်းလို့ဆိုတဲ့ ကစီဓာတ်ဖြစ်တယ်။

၂။ ကျန်းမာရေးနဲ့ အကျိုးပြုအဆီဓာတ်

မပြည့်ဝအဆီ (Unsaturuted Fatty acid) ပါဝင်တဲ့ မြေပဲဆီ၊ သံလွင်ဆီ၊ အခွံမာသီးမှရတဲ့အဆီ၊ အစေ့အဆံများ ထောပတ်သီး၊ ငါးအမျိုးမျိုး၊ ငါးသေတ္တာ၊ ငါးခူ၊ ပင်လယ်ငါးများဟာ ဦးနှောက်၊ နှလုံး၊ ခန္ဓာကိုယ်ဆဲလ်များ၊ ဆံပင်၊ အသားအရောင်တို့ရဲ့ လုပ်ငန်းဆောင်တာများ တိုးတက်ကောင်းမွန်စေတယ်။ အဆီမှ ပျော်ဝင်တဲ့ ဗီတာမင်များ စုပ်ယူရာမှာ အားပေးတယ်။ အိုမီဂါ(၃)နှင့်(၆) ဖက်တီးအက်စ်ဆီးဟာ အကျိုးပြုဓာတ်များပါဝင်လို့ သွေးအတွင်း အဆီဓာတ်ပြောင်းလဲမှုကို ထိန်းညှိစေပြီး သွေးခဲမှုအန္တရာယ်တို့မှ ကာကွယ်စေနိုင်လို့ မကြာခဏ စားသုံးသင့်တယ်။

ပြည့်ဝဆီများပါတဲ့ တိရစ္ဆာန်အဆီများ၊ စားအုန်းဆီ၊ အကြော်ဆီနှင့် စိမ်ထားတဲ့ အဆီများ၊ မာဂျရင်းကိတ်မုန့်များ၊ ပြန်ကြော်ဆီများနဲ့ စိမ်ထားတဲ့အကြော်စုံများဟာ သွေးကြောအတွင်း သွေးပျစ်မှု၊ သွေးခဲမှုဖြစ်စေပြီး နှလုံးသွေးတိုးရောဂါ၊ အဝလွန်ခြင်းဖြစ်စေတဲ့အတွက် တတ်နိုင်သလောက်လျှော့စားရမယ်။ ပြန်ကြော်ဆီများ ပြန်လည်အသုံးမပြုသင့်ပါ။

၃။ အရောင်အသွေးစုံလင်တဲ့ အသီးအနှံနှင့် ဟင်းသီးဟင်းရွက် များများစားဖို့

အရောင်အသွေး စုံလင်တဲ့ လက်ဆတ်သန့်ရှင်းသတ်ဆေး၊ ဓာတ်မြေသြဇာကင်းတဲ့ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များရဲ့ အာဟာရတန်ဖိုးကောင်းများဖြစ်တဲ့ ဗီတာမင်ဓာတ်များ သက်စောင့်ဓာတ်၊ သတ္တုဓာတ်၊ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများနှင့် အမျှင်များစွာပါဝင်တဲ့ ကယ်လိုရီဓာတ်နည်းလို့ ကျန်းမာစေနိုင်မှာပဲ ဖြစ်ပါတယ်။ အရောင်စုံလေ အကျိုးများလေဖြစ်ကာ အချို့ကင်ဆာနဲ့ ရောဂါဆိုးဖြစ်ပွားခြင်းမှ ကာကွယ်နိုင်လို့ ကြော်ငြာအားကောင်းတဲ့ ဗီတာမင်အားဆေးများထက် ပိုမိုအစွမ်းထက်လို့ စိတ်ဖိစီးမှု၊ အိုမင်းရင့်ရော်ခြင်းကိုပါ အတော်အသင့် ဟန့်တားစေနိုင်ကြောင်း သိရှိရပါတယ်။

ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ (Antioxidants) ဟာ အိုမင်းရင့်ရော်မှုနဲ့ သက်ဆိုင်တဲ့ရောဂါများကို ကာကွယ်ဖို့ မရှိမဖြစ်လိုအပ်ပါတယ်။ သုတေသနတွေ့ရှိချက်အရ ဓာတ်တိုးဆန့်ကျင်ပစ္စည်း ပါဝင်တဲ့ အမျှင်များဟာ ခန္ဓာကိုယ်ရဲ့ ရောဂါကာကွယ်နိုင်စွမ်းနဲ့ ကိုယ်ခံအားကို မြှင့်တင်ပေးနိုင်ကြောင်းသိရပါတယ်။

တစ်နေ့မှာ အစားအသောက်များရဲ့ ဓာတ်တိုးပစ္စည်းစုပ်ယူနိုင်စွမ်းရည် (ORAC) သုံးထောင်မှ ငါးထောင်အထိ လိုအပ်တယ်။ ဓာတ်တိုးဆန့်ကျင်ပစ္စည်း (Antioxidants) ကြွယ်ဝတဲ့ အစားအသောက်များမှာ ချင်း၊ ဆီးသီး၊ ကြက်သွန်ဖြူ၊ ဖရဲစေ့၊ သီဟိုစေ့ စတဲ့အစေ့အဆံများ၊ စပျစ်ခြောက်၊ စတော်ဘယ်ရီသီး၊ ထောပတ်သီး၊ မုန်လာဥနီ၊ ဥဝါနှင့် ဆန်၊ ဂျုံ ပြောင်း၊ ပဲနို့တို့ဖြစ်တယ်။ ဖရဲသီးဟာ ဓာတ်တိုးဆန့်ကျင်ပစ္စည်းပါဝင်မှု နည်းပေမယ့် ဗီတာမင်နှင့် ရေဓာတ်ကြွယ်ဝလို့ ခန္ဓာကိုယ်မှ အဆိပ်အတောက်များ ဖယ်ရှားရာမှာ အထောက်အကူပြုတယ်။

၅။ ကယ်ဆီယမ်ဖြည့်စွက်ဖို့ နို့သောက်ပေးရမယ်

နို့နှင့် နို့ထွက်ပစ္စည်း၊ ပဲအမျိုးမျိုး၊ ဟင်းရွက်စိမ်းမှ ကယ်ဆီယမ်ကြွယ်ဝတယ်။ ဗီတာမင်ဒီနှင့် ကယ်ဆီယမ်အားဖြည့်ဆေးသောက်သုံးနိုင်တယ်။

၆။ သကြားနှင့်ဆားကို ချင့်ချိန်စားသောက်သင့်တယ်

သကြားက ဆီးချို၊ အဝလွန်ခြင်း၊ အိုမင်းခြင်းကို ဖြစ်စေတယ်။

၇။ ရေများများသောက်သင့်တယ်

တစ်နေ့ ရေနှစ်လီတာ သို့မဟုတ် ရေဖန်ခွက်ခြောက်ခွက် သောက်သုံးပေးသင့်တယ်။

၈။ စားသောက်မှု ပုံစံကောင်းရှိသင့်တယ်

မနက်အိပ်ရာထပြီး ကျန်းမာရေးနဲ့ ညီညွတ်တဲ့အစားအစာ စားသင့်တယ်။ နေ့လယ်စာ စိတ်ကြိုက်စားသောက်နိုင်ပြီး ညစာ လျှော့ပြီးစားသင့်တယ်။ ပုံမှန်စား၊ ပုံမှန်အားကစား၊ အပြေး၊ လမ်းလျှောက်၊ စက်ဘီးစီး၊ ရေကူး လုပ်သင့်သလို ပုံမှန်အိပ်သင့်ပါတယ်။

**ဒေါက်တာလွင်သန့်**

❑



www.burmeseclassic.com

www.burmeseclassic.com

# ပြုံးရယ်ရယ်ဟား ဟာသများ



## အမြင်လှအောင်

တပ်သားသစ်များနှင့် မိတ်ဆက်ပေးရန် ဗိုလ်ကြီး ရောက်လာသည်။

"ဟေ့- တပ်ကြပ်ကြီး၊ တပ်သားတွေကို တန်းစီခိုင်းထားတာ ထူးဆန်းနေပါလား၊ ရှေ့မှာ အရပ်ရှည်တဲ့သူတွေ၊ နောက်မှာက အရပ်ပုတဲ့သူတွေနဲ့ ချာတိတ်တွေ၊ မင်း ဘယ်လိုပုံစံနဲ့ စီထားတာလဲ တပ်ကြပ်ကြီး"

ဗိုလ်ကြီးက ရှေ့ဆုံးက တပ်ကြပ်ကြီးကို မေးခွန်းထုတ်လိုက်သည်။

"ဗိုလ်ကြီး ခွင့်လွှတ်ပါ၊ ဒီလိုမျိုး ကျွန်တော် စီနေကျပါ"

တပ်ကြပ်ကြီးက ပြန်ဖြေသည်။

"တပ်ကြပ်ကြီး ဘယ်လို. . . ဘယ်လို"

"ကျွန်တော် အရပ်သားဘဝတုန်းက သစ်သီးဆိုင်မှာ လုပ်ခဲ့တာပါ၊ သစ်သီးတွေစီတဲ့ပုံစံမျိုး စီထားတာပါ"

❐



## သူတောင်းစားနဲ့ စာရေးဆရာ

တစ်နေ့တွင် ကမ္ဘာကျော်စာရေးဆရာ အိုဟင်နရီသည် နယူးယောက်မြို့တွင်ရှိသော မှောင်မိုက်သည့် လမ်းသွယ်လေးတွင် လမ်းလျှောက်လာသည်။

သူတောင်းစားတစ်ဦး အနားသို့ရောက်လာပြီး စာရေးဆရာအား ပိုက်ဆံတောင်းသည်။

စာရေးဆရာကြီးက အိတ်ထဲ၌ရှိသော ဒင်္ဂါးတစ်ပြားကို နှိုက်၍ သူတောင်းစားအား ပေးလိုက်၏။ စာရေးဆရာကြီးသည် လမ်းသွယ်လေး အတိုင်း ဆက်၍လျှောက်လာခဲ့သည်။

ခဏအကြာတွင် ပြေးလွှားနေသော ခြေသံကို ကြားရပြီး သူတောင်းစားသည် အပြေးအလွှား ရောက်လာ၏။

"ဒီမှာ သူဌေး၊ သူဌေး မှားနေပြီ၊ ကျွန်တော့်ကိုပေးလိုက်တာ ရွှေဒင်္ဂါးပြား ဖြစ်နေတယ်၊ အဲဒါ ပြန်ပြီးလိုက်ပေးတာပါ"



သူတောင်းစားက အိုဟင်နရီကို ရွှေဒင်္ဂါးပြား ပြန်ပေးသည်။

"ငါ သိပါတယ်ကွာ၊ ရွှေဒင်္ဂါးပြားမှန်း ငါ သိပါတယ်၊ ငါ မမှားပါဘူး၊ မင်းကို ငါ တကယ်ပေးတာပါ"

"ဗျာ- ကျွန်တော့်ကို တကယ်ပေးတာ ဟုတ်လား"

"ဟုတ်တယ်၊ အဲဒါ ငါ့ ချမ်းသာသမျှ အကုန်ပါပဲကွာ"

ဟု စာရေးဆရာကြီးက ပြန်ပြောလိုက်လေသည်။

❐



www.burmeseclassic.com

www.burmeseclassic.com

# ပြုံးရယ်ရယ်ဟား ဟာသများ

## ဂုဏ်ပြုပွဲ



စိတ်ရောဂါအထူးကု ဆရာဝန်ကြီးထံသို့ လူနာတစ်ယောက် လာပြ၏။

"ကျွန်တော် ညည အိပ်မရဘူးဗျာ"

"ဘာလုပ်နေလို့လဲ"

"ဆရာရယ် . . . ကမ္ဘာကြီးမှာ၊ ကျွန်တော်တို့တိုင်းပြည်မှာ ဖြစ်ပျက်နေတဲ့ ပြဿနာပေါင်း သောင်းခြောက်ထောင်ကို ပြေလည်အောင် အဖြေရှာနေရလို့ပါ"

"အဖြေရှာလို့ရော ရလား"

"ရပါတယ်ဆရာ၊ ရပါတယ်၊ အဖြေ ရပါတယ်"

"အဲဒီတော့ ပြေလည်သွားရောလား"

"ပြေလည်သွားတာပေါ့ ဆရာရယ်၊ ကျွန်တော့်ဖြေရှင်းနည်းတွေဟာ အကောင်းဆုံးနည်းတွေချည်း ဖြစ်နေတယ်"

"ဒါဆိုရင် ဘာလို့ အိပ်မရတာလဲ"

"ကျွန်တော့်ကို အားလုံးက ဝိုင်းပြီးဂုဏ်ပြုနေကြတယ်လေ၊ ဒါကြောင့် အိပ်စရတာပါ"

❒



## တကယ် အလိုရှိနေတာက

မကြာသေးခင်ကမှ အသစ်ဖွင့်လှစ်လိုက်သော လေကြောင်းလိုင်းတစ်ခု၏ ခရီးသည်တင် လေယာဉ်တစ်စီးပေါ်တွင် ဖြစ်၏။

လေယာဉ်ပျံတက်ပြီး နာရီဝက်ခန့်အကြာတွင် လေယာဉ်မယ်၏ မေးမြန်းသံကို ခရီးသည်များ ကြားရ၏။

"ခရီးသည်များရှင်၊ ခရီးသည်တွေထဲမှာ ဆရာဝန်တစ်ယောက်ယောက် ပါရှိပါသလား၊ ဆရာဝန်ရှိရင် ပိုင်းလော့ခန်းကို ကြွပါရှင်၊ အရေးကြီးလို့ပါ"



ဆရာဝန်လူငယ်တစ်ဦး ထိုင်ခုံမှထ၍ ပိုင်းလော့ခန်းကို ဝင်သွားသည်။ မကြာခင်မှာပင် ဆရာဝန်လူငယ်၏ တုန်ယင်နေသော မေးမြန်းသံကို ခရီးသည်များ ကြားရသည်။

"ခရီးသည်များခင်ဗျာ၊ လေယာဉ်မောင်းတတ်သူ ရှိပါသလား၊ ရှိရင် ပိုင်းလော့ခန်းကို အမြန်ဆုံးကြွပါခင်ဗျာ"

**ညွန့်လွင်**

❒



www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com

တာတွန်းတာလူ








www.burmeseclassic.com

www.burmeseclassic.com












www.burmeseclassic.com

www.burmeseclassic.com

အောင်ကြည်သန်း
(မောင်တော်သီ)



# စီးပွားလုပ်ငန်း တိုးတက်အောင်မြင်စေရန် ဝိခွန်တဝေါ်ယပြော ကာမ်လျှုမ်

နွေအဦးသို့ ရောက်ရှိလာသဖြင့် လေရူးတွေ ဝေ့ကာ ဝိုက်ကာ တိုက်လာနေသည်။ ကံ့ကော်ပန်းတွေလည်း ဖူးပွင့်နေကြပေပြီ။ လေအဝှေ့တွင် ကျွန်တော့်ဗေဒင်ဟောခန်းရှိ ဘုရားတွင် ကပ်လှူထားသော ကံ့ကော်ပန်းရနံ့တို့က လေရူးနှင့်အတူ လွင့်ပါပြီး မွှေးပျံ့သွားသည်။ တမာပင်ထိပ်ဖျားဆီက ဥသြငှက်ကလေးလည်း ဥသြ . . ဥသြ . . ဥသြနှင့် လွမ်းတေးသီဆိုနေသည်။

ကျွန်တော့်စိတ်တွေလည်း လေရူးကဲ့သို့ ပြေးလွှားကာ မော်လမြိုင်ကောလိပ်ကျောင်းသားဘဝလေးဆီ ပြန်ရောက်သွားသည်။ ကျောင်းဝင်းအပြင်ဘက် ဘိုးဘွားရိပ်သာရှေ့ တောင်ဝိုင်းဘက်သို့သွားသည့် ကံ့ကော်ပင်တန်းလမ်းလေးသို့ ရောက်နေသည်။ ကံ့ကော်ပန်းရနံ့လေးတွေကို ခံစားရင်း ချစ်အဖြေ မရသေးသော်လည်း ရွှေမြိုင်သူ သက်ထားဆီ လမ်းလျှောက်ရင်း လွမ်းနေမိသည်။

စိတ်ထဲမှာ "နွေအဦး လေရူးငယ်ဆော်၊ ကံ့ကော် ကြိုင်ကြိုင်မွှေး၊ ပန်ပေးချင်သေး၊ နွေအဦး လေရူးနှင့်သူ့စိတ် သူ့လိပ်ပြာပျံကာပြေး၊ ပန်မပေးနိုင်ပြီလေး" ဟု ကဗျာလေး တွေးလို့ စပ်နေမိသည်။

ထိုကဗျာလေးကို မော်လမြိုင်ကောလိပ် နံရံကပ် စာစောင်အတွက် ရေးပေးလိုက်သည်။ အတွေးပုံရိပ်တွေက ရွှေမြိုင်သူ သက်ထားနှင့် ငယ်ဘဝထံသို့ ပျံ့လွင့်နေစဉ်မှာပဲ "ဝင်ခွင့်ပြုပါဆရာ" ဆိုသည့်အသံနှင့်အတူ ကိုနေ သူတစ်ယောက် ဗေဒင်ဟောခန်းအတွင်းသို့ လှမ်းဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

ကိုနေမျိုးသူသည် ကျွန်တော့်ထံတွင် ပေဒင်လာမေးနေကျ မိတ်ဆွေလူငယ်တစ်ဦး ဖြစ်သည်။ အရပ် မနိမ့်မမြင့်၊ အသား အနည်းငယ်ညိုသည်။ ကိုယ်ခန္ဓာ တုတ်တုတ်ခိုင်ခိုင်ရှိသည်။ မျက်နှာဝိုင်းပြီး ကျက်သရေရှိသည်။ တည်ကြည်ရိုးသားဖြောင့်မတ်ပုံ ပေါ်လွင်နေသည်။ ရှပ်ဖြူ လည်ကတုံးလက်ရှည်နှင့် ပိုးတွဲလုံချည်ကို ဝတ်ထားသဖြင့် ခံ့ညားလို့နေသည်။ အိမ်ခြံမြေအကျိုးဆောင် ကုမ္ပဏီ တည်ထောင်ထားသူဖြစ်သည်။

"လာထိုင် ကိုနေမျိုးသူ၊ ဘယ်ကနေ လှည့်လာတာလဲ"

"ဆရာ့ဆီပဲ တမင်လာခဲ့တာပါ၊ အခု အလုပ်တွေက ဘာမှကို အဆင်မပြေဘူး ဖြစ်နေတယ်ဆရာ၊ အိမ်တွေ၊ တိုက်ခန်းတွေ၊ မြေကွက်တွေလည်း ရောင်းမထွက်ဘူး၊ ရှိသမျှအရင်းအနှီးတွေလည်း အကုန်မြုပ်နေတယ်၊ အလုပ်တွေလည်ပတ်လို့ မရအောင်ကိုဖြစ်နေတယ်။

ကျွန်တော့်ဇာတာ ပြန်စစ်ကြည့်ပြီး လုပ်ငန်းတွေအဆင်ပြေအောင်မြင်လာမယ့် ယတြာကောင်းကောင်းလေး ပေးပါဦးဆရာ"

"ဒီလောက်လည်း ခိုလိုညည်းမနေပါနဲ့၊ အတက် အကျ အနိမ့် အမြင့် အမှောင် အလင်း အကောင်းအဆိုးတွေက သဘာဝအတိုင်း ဖြစ်ပျက်နေမှာပဲ၊ အားတင်းထားစမ်းပါ၊ သားဇာတာစစ်ပြီး လုပ်ငန်းအောင်မြင်မယ့် ယတြာ ပေးလိုက်ပါ့မယ်"

"ဟုတ်ကဲ့ပါ၊ ဆရာ ကူညီမှဖြစ်မယ့် အခြေအနေရောက်နေပြီ ဆရာရယ်"

ဇာတာစစ်ဆေးကြည့်ရာ လုပ်ငန်းအတွက် အညံ့တွေက ခုနစ်လလောက် ဆက်ရှိနေသည်ကို တွေ့ရသည်။ တစ်နှစ်စာအတွက် အဆိုး၊ အကောင်း၊ ရှောင်ရန်၊ ဆောင်ရန်တို့ကို ဟောပြောပေးလိုက်သည်။

"အင်း- သားရဲ့ စီးပွားလုပ်ငန်းတံတွေက ညံ့နေတော့ အညံ့တွေပြေပျောက်ပြီး လုပ်ငန်းတွေအောင်မြင်လာအောင် သားကို တံခွန်မာတ်ယတြာ ကပ်လှူဖို့ ပြောပြပေးလိုက်မယ်။ လိုအပ်တာတွေ လိုက်ပြီးရေးမှတ်သွား"

"ဟုတ်ကဲ့၊ သား သေချာလိုက်မှတ်သွားပါ့မယ်"

"တံခွန်မာတ်ယတြာ ကပ်လှူဖို့အတွက် အစိမ်းရောင်ပုလင်းတစ်လုံး လိုမယ်၊ ကရင်ဆော်ဒါပုလင်းအရွယ်လောက်ဆိုရင် ရတယ်၊ အစိမ်းရောင်ပုလင်း မရခဲ့ရင် အဖြူရောင်ပုလင်းကိုလည်း သုံးနိုင်တယ်၊ ပုလင်းထဲကို တံခွန်လုံးအဝါသုံးချောင်း၊ အစိမ်း သုံးချောင်း၊ အနီ သုံးချောင်း စိုက်ထည့်ရမယ်၊ သားက စနေသားနော်"

"ဟုတ်တယ်ဆရာ စနေသားပါ"

"ပုလင်းထဲကို မွှေးနံ့သား စနေနံ့ဖြစ်တဲ့ ထန်းသားဒါမှမဟုတ် ထိန်သား တစ်ထွာလောက်ထည့်ရမယ်၊ လုံးပတ်က ပုလင်းဝနဲ့ ဝင်ဆန့်အောင် ခဲတံပင်လုံးအရွယ်လောက်ဆိုရင် ရတယ်၊ အရင်းအဖျား မှတ်ထားပြီး အဖျားကို အပေါ်ဘက်က ထားရမယ်၊ အရင်အဖျား မသိခဲ့ရင် လုံးပတ်အညီချောပြီး အလယ်ကနေ အပ်ချည်ကြိုးနဲ့ ချည်ပြီး ဆွဲမကြည့်ရတယ်၊ အပေါ်ထောင်တဲ့ဘက်က အဖျားလို့သာ သတ်မှတ်လိုက်တော့၊ တံခွန်လုံး ကိုးချောင်းရယ်၊ မွှေးနံ့သစ်သားရယ်ပုလင်းထဲကို ထည့်ပြီးရင် သား အိမ်ကဘုရားရဲ့ လက်ဝဲဘက်ထောင့်မှာတင်ပြီး ကပ်လှူထားရမယ်၊ လေးလ တစ်ကြိမ်လောက် တံခွန်လုံးအသစ်တွေလည်း လဲပေး၊ ပုလင်းထဲကို ရေထည့်စရာ မလိုဘူးနော်"

"ဟုတ်ကဲ့ပါ ဆရာ"

"စတင်ရင်ဖြစ်ဖြစ်၊ အသစ်လဲရင်ဖြစ်ဖြစ် ကပ်လှူရမယ့် ရက်တွေက ရက်ရာဇာကျတဲ့ ရက်တွေမှာ ကပ်လှူရမယ်၊ ရက်ရာဇာရက်တွေကို အလွယ်သိရအောင် ဒီလင်္ကာကို မှတ်ထား 'တန်ခူး သာလှ၊ ထွန်းပ ကဆုန်၊ နယုန် ညွန့်ဖြာ၊ အောင်လှ ဝါဆို၊ သာလို ဝါခေါင်၊ မြတောင် တော်သလင်း၊ သီတင်းကျွတ် ဆီမီး၊ အောလီ တန်ဆောင်မုန်း၊ သံလုံး နတ်တော်၊ မိနော် ပြာသို၊ မိညို တပို့တွဲ၊ အဲဝင် တပေါင်း၊ လစဉ်ပြောင်းသည်၊ ရက်ကောင်းရာဇာ ရာဇာတည်း'တဲ့- ထပ်ပြီးရှင်းပြရရင် -

| | | |
|---|---|---|
| ၁။ | တန်ခူးလ | - သောကြာ၊ ဗုဒ္ဓဟူး။ |
| ၂။ | ကဆုန်လ | - စနေ၊ ကြာသပတေး။ |
| ၃။ | နယုန်လ | - အင်္ဂါ၊ ကြာသပတေး။ |
| ၄။ | ဝါဆိုလ | - တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ |
| ၅။ | ဝါခေါင်လ | - သောကြာ၊ ဗုဒ္ဓဟူး။ |
| ၆။ | တော်သလင်းလ | - ကြာသပတေး၊ စနေ။ |
| ၇။ | သီတင်းကျွတ်လ | - အင်္ဂါ၊ ကြာသပတေး။ |
| ၈။ | တန်ဆောင်မုန်းလ | - တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ |
| ၉။ | နတ်တော်လ | - သောကြာ၊ ဗုဒ္ဓဟူး။ |
| ၁၀။ | ပြာသိုလ | - ကြာသပတေး၊ စနေ။ |
| ၁၁။ | တပို့တွဲလ | - ကြာသပတေး၊ အင်္ဂါ။ |
| ၁၂။ | တပေါင်းလ | - တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ |



www.burmeseclassic.com

www.burmeseclassic.com

လက်ာအရ လအလိုက် ရက်ရာဇာတွေပဲ။ တံခွန်ဓာတ်ယတြာ ကပ်လှူမယ့်ရက်အလိုက် အချိန်တွေရှိသေးတယ်။ အချိန်က နေ့စဉ်အလိုက် အင်္ဂဝိဇ္ဇာအခါတိုင်က ကြာသပတေးအခါ အချိန်တွေပဲ"

### ကြာသပတေးအခါတိုင်

၂ ခွန်
၆
၃
၅ ကြာသပတေးအခါ —— တံခွန်
၁
၄
၀ တံ

"ကြာသပတေးအခါ အချိန်တွေကို နေ့အလိုက်မှတ်သွား"

"ဟုတ်ကဲ့၊ သား လိုက်မှတ်သွားပါ့မယ်"

| | | |
|---|---|---|
| ၁။ | တနင်္ဂနွေနေ့ | - မွန်းလွဲ ၁း၃၀မှ ၃း၀၀ နာရီ |
| ၂။ | တနင်္လာနေ့ | - မနက် ၉း၀၀ မှ ၁၀း၃၀ နာရီ |
| ၃။ | အင်္ဂါနေ့ | - ညနေ ၃း၀၀ မှ ၄း၃၀ နာရီ |
| ၄။ | ဗုဒ္ဓဟူးနေ့ | - မနက် ၁၀း၃၀ မှ ၁၂း၀၀ နာရီ |
| ၅။ | ကြာသပတေး | - မနက် ၆း၀၀ မှ ၇း၃၀ နာရီ |
| ၆။ | သောကြာနေ့ | - မွန်းတည့် ၁၂း၀၀ မှ ၁း၃၀နာရီ |
| ၇။ | စနေနေ့ | - မနက် ၇း၃၀ မှ ၉း၀၀ နာရီ |

"တံခွန်ဓာတ်ယတြာ ကပ်လှူထားပြီးရင် နေ့စဉ်မနက်တိုင်း **'ဝ'စကြာနဝင်းဂါထာ** ကို ခုနစ်ခေါက် ရွတ်ဖတ်ပူဇော်ပေးရမယ်၊ ညစဉ် ညတိုင်း ဘုရားဂုဏ်တော် ကိုးပါးကို ပုတီးစိပ်ပေးရမယ်"


**'ဝ'စကြာနဝင်းဂါထာ**

ဝရဗုဒ္ဓေါ၊ ဝရဓမ္မော
ဝရသံဃော၊ ဝရိယသရော။
ဝရစေတော၊ ဝရံဒေတု၊
ဝရေဟိမေ၊ ဝရံ ဝရံ ။

"ဆရာ 'ဝ'စကြာနဝင်းဂါထာ အဓိပ္ပာယ်လေးလည်း သိရအောင် ပြောပြပေးပါဦး"

"ဂါထာကို အတိုကောက် မြန်မာပြန်ရရင်တော့ကွာ မြတ်သောသူတို့ကို အစိုးရတော်မူသော၊ မြတ်သောစိတ်ရှိတော်မူသော ဘုရားမြတ်သည်လည်းကောင်း၊ မြတ်သောတရားတော်သည်လည်းကောင်း၊ မြတ်သောသံဃာတော်သည်လည်းကောင်း၊ အကျွန်ုပ်အား မြတ်သောဆုကို ပေးပါစေသတည်း။ ဆုသာမန်တို့ထက် ပို၍မြတ်သောဆုကို ကျွန်ုပ်အား ပေးပါစေသတည်းလို့ အဓိပ္ပာယ်ရတယ်ကွ"

### တံခွန်ဓာတ်ယတြာပုံ




"တံခွန်ဓာတ်ယတြာကို သေချာစီရင်ပြီးကပ်လှူထားရင် တောင်းတဲ့ဆုတွေ မြန်မြန်ပြည့်စေတယ်။ စီးပွားလုပ်ငန်းတွေ တိုးတက်ပြီး လာဘ်လာဘတွေလည်း ဘက်စုံကနေဝင်လာမယ်။ သားရောင်းချင်တဲ့ တိုက်ခန်း၊ အိမ်၊ မြေကွက်တွေ အမြန်ရောင်းထွက်လာမယ်။ ကံဇာတာမြင့်တက်လာပြီး စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာဖြစ်လာမယ်။ ဂုဏ်သိက္ခာတွေလည်းပိုပြီးမြင့်မားလာလိမ့်မယ်။ ကဲ . . . သားတံခွန်ဓာတ်ယတြာကို သေချာစီရင်ပြီး ကပ်လှူပေတော့"

"ဟုတ်ကဲ့ပါ ဆရာပြောပြပေးတဲ့အတိုင်း တံခွန်ဓာတ်ယတြာကို သေချာစနစ်တကျစီရင်ပြီး ကပ်လှူသွားပါ့မယ်။ အခုလိုစိတ်ရှည်လက်ရှည် သေချာရှင်းပြပေးတာ ကျေးဇူးအထူးပါပဲဆရာ"ဟုပြောပြီး ကိုနေမျိုးသူတစ်ယောက် နှုတ်ဆက်ခါ ပြန်သွားပါတော့သည်။ စီးပွားလုပ်ငန်းများ တိုးတက်အောင်မြင်ကြပါစေရယ်လို့သာ။

**အောင်ကြည်သန်း(ဗောင်တော်သီ)**

❑


www.burmeseclassic.com

www.burmeseclassic.com

# အဓိဋ္ဌာန် ဝိပဿနာပုတီးနှင့် သူမြတ်ကျင့်စဉ်




ဦးသန်းရွှေ
(ဗြဟ္မစရိယ)

လူသားတို့မှာ ဘဝတစ်လျှောက်လုံး၌ လောကဓံ မုန်တိုင်းနှင့် လုံးထွေးရစ်ပတ်ကစားရင်းနှင့်ပင် ဘဝနောက်ဆုံး ခရီးကို ရောက်ရှိသွားတတ်ကြသည်ကို တွေ့မြင်နေရပေသည်။

မုန်တိုင်းဆိုသည်မှာ ထာဝစဉ်မရှိဟု အဆိုရှိကြသော် လောဘ၊ ဒေါသ၊ မောဟမုန်တိုင်း မဟုတ်ဘဲ သောကမုန်တိုင်း တိုက်ခတ်ခြင်း ခံရသောအခါ ဘဝပင်စည်သည် အမြစ်ပါ ပြုတ်လျက် အညွန့်အခက် ပျက်ပြုန်းလုနီးပါး ခံစားကြရပါသည်။

ထိုအခါ သောကဒဏ်ကြောင့် စိုးရိမ်ကြောင့်ကြခြင်း ဗျာပါဒဖြင့် နွမ်းနယ်ပူဆွေးသော နှလုံးသားကို ကြိမ်မီးအုံးသည့်နှယ် ခံစားကြရတတ်သည်။

ထို့ကြောင့် "အပွင့်မြင်လျက် အပန်ခက်၊ ရေကြည်မြင်လျက် အသောက်ခက်" သော ဘဝတွင် စိတ်နားနေရာ ကွန်းရိပ်သာကို ရှာဖွေတမ်းတမိကြ၏။ ဤတွင် လူသားပီပီ ထွက်ပေါက်ကို ရှာဖွေလာတတ်ကြ၏။ ယင်းသို့ ရှာဖွေလာကြသူများအတွက် ဘဝ၏ နောက်ဆုံး တံခါးခေါက်သံကို မကြားရမီ စိတ်၏ခိုနားရာရစေဖို့ သို့မဟုတ် တဒင်္ဂလေး အေးဆေးစွာနေရဖို့ အထောက်အကူပြုသောအရာမှာ ပုတီးစိပ်ခြင်းသာလျှင် ဖြစ်ပါသည်။

ပုတီးစိပ်သောအချိန်လေးတွင်ပင် အာရုံမိလာသော အခါ၌ ချမ်းမြေ့သောစိတ်၏ နားနေခြင်း၊ ကြည်မွေ့ခြင်း အရသာကို တွေ့ရှိလာပါသည်။ ယင်းသို့ တွေ့ရှိလာသည့် အရသာကို မပျက်စီးအောင် ထိန်းသိမ်းသွားရန်လိုသည်။





www.burmeseclassic.com

www.burmeseclassic.com

သို့မဟုတ်ပါက မျိုးစေ့ကောင်းသော်လည်း ရေမလောင်း၊ မြေမကောင်းလျှင် ပိုးမွှားအန္တရာယ်ကို မကာကွယ်နိုင်လျှင် သိမ်ဖျင်းသော အသီး အပွင့်တို့ကိုသာ စားသောက်ရကာ ပန်ဆင်ရမြဲ ပင်ပန်းကျိုးမနပ် ဖြစ်တတ်ချေသည်။

## စိတ်စင်ကြယ်ခြင်းသည် အဓိက

ပုတီးမစိပ်မီ စိတ်ကို စင်ကြယ်အောင် ဦးစွာပြုလုပ်ရမည်ဖြစ်သည်။ စိတ်သည် နှလုံးသားကိုပဟိုပြုလျက် ဦးနှောက်အာရုံကြောတို့အလိုက်-ဥဒဟို ဝင်ထွက် သွားလာနေတတ်ပေသည်။ စိတ်သည် ယေဘုယျအားဖြင့် မကောင်းသောအာရုံတို့၌ မြူးထူးကျက်စားတတ်သော သဘောရှိသည်ဖြစ်၍ ယင်းတို့မှ လွတ်မြောက်အောင် သမာဓိအလုပ်ကို လုပ်ရန် လိုအပ်ပေသည်။

သမာဓိရရန် ပုတီးစိပ်ခြင်းသည်သာလျှင် အကောင်းဆုံးလုပ်ငန်း ဖြစ်၏။ ထို့ကြောင့် ပုတီးစိပ်တော့မည်ဆိုပါက ဆောင်ရွက်ရမည့် အချက်များကို တိကျစွာလိုက်နာရန် လိုအပ်ပေသည်။ အထူးသဖြင့် ကိုယ်လက်ပင်ပန်းနွမ်းနယ်သောအခါ၊ မကျန်းမမာဖြစ်နေသောအခါ၊ အစားစားပြီးစ ဝမ်းထဲတွင် အစာဝအောင် စားထားသဖြင့် အဆီအစ်နေသော အဆီယစ်နေသော ထမင်းဆိပ်တက်နေသောအခါမျိုးတွင် ယင်းသမာဓိလုပ်ငန်းကို မည်သို့ပင် တည်ထောင်စေကာမူ အချိန်သည်သာကုန်လျက် ဖမ်းချုပ်ရခက်လေသည်။

စိတ်စင်ကြယ်ရန်နှင့် သမာဓိ အားကောင်းလာရန် အိမ်၌ ပုတီးစိပ်ခြင်းနှင့် ကျောင်း၊ ဇရပ် ပရဝဏ်၊ စေတီပုထိုး ရှိရာသို့ သွားရောက်ပုတီးစိပ်ခြင်းဟူ၍ နှစ်မျိုးရှိရာ မိမိတို့ နှစ်သက်ရာနေရာတွင် အဓိဋ္ဌာန်ယူပြီး ပုတီးစိပ်နိုင်သည်။

အိမ်တွင် ပုတီးစိပ်လျှင် နား၊ မျက်စိ၊ လျှာ၊ နှာခေါင်း၊ စိတ်၊ ကိုယ် စသည်တို့နှင့် ထိတွေ့ဖြစ်ပေါ်လာတတ်သော ကိလေသာအာရုံများနည်းပါးရာ (၁) အိမ်သားတို့ အိပ်စက်သောအချိန် သို့မဟုတ် ပတ်ဝန်းကျင်တိတ်ဆိတ်သောအချိန်၊ (၂) မိမိကြိုက်နှစ်သက်ရာ ဘုရား၊ တရား၊ သံဃာ အစရှိသော ဂုဏ်တော်များနှင့် မိမိစိပ်လိုသည့် အချိန်၊ နာရီတို့ကို အထူးသတိပြုရန် သင့်ပေသည်။ ယင်းသို့မဟုတ်ပါက ပုတီးစိပ်နေလျှင် စိတ်သည် အိမ်မှုကိစ္စအတွင်း၌သာ ကျက်စားနေသဖြင့် သမာဓိကို ထိန်းချုပ်ရန် လွယ်ကူမည်မဟုတ်ချေ။

ကျောင်း၊ ဇရပ်၊ စေတီပုထိုးများရှိရာ၌ ပုတီးစိပ်လျှင် မိမိ၏စိတ်ကို စင်ကြယ်အောင်ထားပြီး သမာဓိအားကို တည်ဆောက်ကာ အောက်ပါအတိုင်း ပတ်ဝန်းကျင်အခြေအနေကို ရှေးဦးစွာ လေ့လာပြီးမှ ပုတီးစိပ်မည့်နေရာကို ရှာသင့်သည်။

(က) အဆောက်အအုံထဲ၌ ဆူညံမှု ရှိ၊ မရှိ၊ လူများနေမှု ရှိ၊ မရှိကို လည်းကောင်း၊

(ခ) အဆောက်အအုံ အပြင်ဘက် ပရဝဏ်တွင်ဖြစ်က မိမိထိုင်မည့်နေရာ၏ ဝဲယာနှစ်ဖက်အပေါ်တွင် သစ်ဆွေးများ ပြုတ်ကျလာနိုင်မည့် အခြေအနေများ၊ ထိုင်မည့်နေရာသည် စိုစွတ်နေသလား၊ ပူနေသလား စသည်တို့ကို စူးစမ်းသင့်သည်။

(ဂ) သစ်ပင်ရိပ်အောက်တွင် ဖြစ်ပါက မိမိထိုင်မည့်နေရာသည် အန္တရာယ်ကင်းသောနေရာ ဟုတ်၊ မဟုတ်၊ မြွေ ကင်း စသော အဆိပ်ရှိသည့် သတ္တဝါများ အနီးပတ်ဝန်းကျင်တွင် ရှိနိုင်၊ မရှိနိုင် စသည့်အချက်များနှင့် အပေါ်သို့ မော့ကြည့်လျက် သစ်ဆွေး၊ သစ်ကိုင်းခြောက်များ မိမိပေါ်သို့ ကျိုးပဲ့ကျရောက်မည့် အန္တရာယ် ရှိ မရှိ စသည်တို့ကို ရှေးဦးစွာ လေ့လာစိစစ်ပြီးမှ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း လုပ်ငန်းကို စတင်ဆောင်ရွက်သင့်သည်။

ဘုရားပုထိုးစေတီ၊ ကျောင်း၊ ဇရပ်တို့၌ ပုတီးစိပ်လျှင် မိမိစိတ်ကိုနိုင်အောင် လေ့ကျင့်ထားရန်နှင့် ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်တို့ကို ယုံကြည်ထားရန် များစွာ အရေးကြီးပါသည်။

အဘယ့်ကြောင့်ဆိုသော် တိတ်ဆိတ်ငြိမ်သက်သော စေတီပုထိုး၊ ကျောင်းကန်တို့တွင် ပတ်ဝန်းကျင်တစ်ခုလုံးသည် သာသနာ့အဆောက်အအုံ၊ သူတော်စင် သူတော်ကောင်းတို့ ကိန်းအောင်းမွေ့လျော်ရာ နေရာဌာနဖြစ်သဖြင့် တိတ်ဆိတ်ငြိမ်သက်၍ နေတတ်သည်။ ယင်းတိတ်ဆိတ်ငြိမ်သက်ခြင်းကပင်လျှင် တစ်ခါတစ်ရံ မိမိ၏စိတ်ကိုပင် ချောက်ချားစေတတ်၏။

အဓိဋ္ဌာန်ဝင်လျက် ပုတီးစိပ်မည်ဆိုက ငါ ဒါဖြစ်မည်၊ ငါ ဒါလုပ်လျှင် ဒါရမည် စသည့်လိုချင်တပ်မက်မှု၊ ရယူလိုမှု တစ်ခုပေါ်မူတည်၍ အပေးအယူသဘောမျိုးဖြင့် အဓိဋ္ဌာန်ဝင်၍ ပုတီးစိပ်ခြင်းကို လုံးဝ (လုံးဝ) မလုပ်ကိုင်မိစေရန် ရှောင်ရှားရသည်။

မိမိလုပ်ကိုင်ရမည့် အဓိဋ္ဌာန်ကိုသာ ယုံယုံကြည်ကြည် ကိုးစားစွာလုပ်ကိုင်၍ အဓိဋ္ဌာန်မပျက်၊ ရက်မပျက်၊ အချိန်မပျက်၊ နာရီမပျက်၊ အချိန်မှန် နေရာမှန်၊ ပုတီးလုံးရေမှန် အပတ်ရေမှန်အောင် ဆောက်တည်သော ဂုဏ်တော်၏ တန်ခိုးရှိန်စော်အာနုဘော်ကို နှလုံးသားထဲတွင် ကိန်းအောင်း



www.burmeseclassic.com

www.burmeseclassic.com

လျှက် တကယ်ကြည်ညိုသောစိတ်ဖြင့် အမိဋ္ဌာန်ဝင်ခြင်းသည်သာလျှင် အမိဋ္ဌာန်အင်္ဂါနှင့် ညီညွတ်ပေသည်။

## ပုတီးကို ကိုင်တွယ်နည်း

စိပ်ပုတီးကို ကိုင်တွယ်ပုံအမျိုးမျိုး ရှိကြသည့်အနက် လူအများကိုင်လေ့ရှိကြသည့် နည်းလေးမျိုးခန့်မှာ ပုတီးကို လက်ညိုးနှင့် လက်မညှပ်ပြီး ဆွဲစိပ်သောနည်း၊ ပုတီးကို လက်ညိုးတွင်တင်ပြီး လက်မဖြင့် ဆွဲစိပ်သောနည်း၊ ပုတီးကို လက်ခလယ်တွင်တင်ပြီး လက်ညိုးနှင့် ဆွဲစိပ်သောနည်း၊ ပုတီးကို လက်သူကြွယ်တွင်တင်ပြီး လက်ခလယ်ဖြင့် ဆွဲစိပ်သောနည်း စသည်ဖြင့် နည်းလေးမျိုးခန့် တွေ့ရှိရပေသည်။

ယင်းတို့အနက် လက်ညိုးနှင့် လက်မညှပ်ပြီး ဆွဲစိပ်သောနည်းမှာ လူနည်းစုမျှသာ ဖြစ်သည်။ လက်မနှင့် စိပ်သူကိုတော့ လူများများ ပြုလုပ်လေ့ရှိကြသည်ကို တွေ့ရသည်။ လက်ညိုးနှင့် စိပ်သူတို့မှာ လောကီ၊ လောကုတ္တရာနှစ်ဖြာသောအကျိုးကို ပေးတတ်သဖြင့် ကောင်းမွန်သော နည်းဖြစ်သည်ဟု ဆိုရပါမည်။

အဘယ့်ကြောင့်ဆိုသော် လက်ညိုးနှင့် ဆွဲစိပ်ရာတွင် လက်မက ပုတီးလုံးကို ထိန်းပေးရ၍ လက်မကို မဟိဒ္ဓိဟုဆို၏။ လက်ညိုးက ပုတီးလုံးကို ဆွဲစိပ်ရသဖြင့် လက်ညိုးတွင် သိဒ္ဓိ ဖြစ်သည်။

မဟိဒ္ဓိသဘောမှာ ဘူးစင်နှင့်တူပြီး သိဒ္ဓိ၏သဘောမှာ ဘူးသီးနှင့်တူသည်။ ဘူးစင်ကောင်းမှ ဘူးသီးကောင်းရသလို သဘောမျိုးဖြစ်၏။ ထို့ကြောင့် လက်ညိုးသည် သိဒ္ဓိအစွမ်းထက်လာသည်နှင့်အမျှ လက်ညိုးဖြင့် ညွှန်ပြခြင်း၊ လက်ညိုးဖြင့် အမိန့်ပေးခြင်းကို စေသဘောကို ဆောင်သဖြင့် စဉ်းစားသင့်ပါသည်။

လက်မဖြင့် စိပ်က လက်မသည် သိဒ္ဓိဖြစ်ပြီး လက်ညိုးမှာ မဟိဒ္ဓိသဘောဆောင်ခြင်းကြောင့် လက်မဖြင့် ညွှန်ပြခြင်း၊ လက်မဖြင့် အမိန့်ပေးခြင်းတို့က အလွန်ရှားပါသည်။

လက်ခလယ်ဖြင့် စိပ်ကြသူတို့မှာကား ဆေးဖော်စပ်သူ ဆေးဆရာများမှသာ စိပ်လေ့ရှိကြသည်ကို တွေ့ရသည်။ အဘယ့်ကြောင့်ဆိုသော် လက်ခလယ်နှင့်စိပ်ခြင်းဖြင့် လက်ခလယ်သည် သိဒ္ဓိရှိလာ၍ တစ်နည်းအားဖြင့် တန်ခိုးရှိလာပြီး ဆေးဝါးအမှုန့်၊ အရည်တို့ကို မွှေလျှင် လက်ခလယ်နှင့်သာလျှင် အသုံးပြုကြသဖြင့် တန်ခိုးရှိသည်၊ သန့်စင်သည်ဟု ယူဆကာ လက်ခလယ်ဖြင့် ပုတီးကို ကိုင်တွယ်စိပ်ခြင်းကို အများအားဖြင့် နှစ်သက်ကြသည်။ ဆေးဖော်စပ်သူ မဟုတ်လျှင် လက်ခလယ်အစား လက်ညိုးဖြင့် ပုတီးစိပ်ခြင်းသာလျှင် အကောင်းဆုံး ဖြစ်ပါသည်။

## ဗုဒ္ဓဂုဏ်နှင့် သရဏဂုံသုံးပါး တွဲ၍ ပုတီးစိပ်နည်း

၁။ အရဟံ ဗုဒ္ဓေါ၊ အရဟံ ဓမ္မော၊ အရဟံ သံဃော (ပုတီး ၁-လုံးချ)

၂။ သရဏံ ဗုဒ္ဓေါ၊ သရဏံ ဓမ္မော၊ သရဏံ သံဃော။ (ပုတီး ၁-လုံးချ)

၃။ ဘဂဝံဗုဒ္ဓေါ၊ ဘဂဝံ ဓမ္မော၊ ဘဂဝံ သံဃော။ (ပုတီး ၁-လုံးချ)

၄။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ သဗ္ဗဒုက္ခ ဝိနာသန္တု၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ (ပုတီး ၁-လုံးချ)

၅။ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သဗ္ဗဒုက္ခ ဝိနာသန္တု၊ ဓမ္မံ သရဏံ ဂစ္ဆာမိ။ (ပုတီး ၁-လုံးချ)

၆။ သံဃံ သရဏံ ဂစ္ဆာမိ၊ သဗ္ဗဒုက္ခ ဝိနာသန္တု၊ သံဃံ သရဏံ ဂစ္ဆာမိ။ (ပုတီး ၁-လုံးချ)

၇။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ သဗ္ဗသုခံ ပရိပူရေန္တု၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ (ပုတီး ၁-လုံးချ)

၈။ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သဗ္ဗသုခံ ပရိပူရေန္တု၊ ဓမ္မံ သရဏံ ဂစ္ဆာမိ။ (ပုတီး ၁-လုံးချ)

၉။ သံဃံ သရဏံ ဂစ္ဆာမိ၊ သဗ္ဗသုခံ ပရိပူရေန္တု၊ သံဃံ သရဏံ ဂစ္ဆာမိ။ (ပုတီး ၁-လုံးချ)

တစ်မတ်စိပ်ရန်

## စိတ်ကြံတိုင်း ပြီးစီးအောင်မြင်နိုင်သည့် မနောမဟိဒ္ဓိ (၁၀၈)ကွက် ဂုဏ်တော်ကွန်ချာစက်

**အနုလုံစိပ်ခြင်း**

၁။ သောဘဂဝါ ဣတိပိ အရဟံ (ပုတီးတစ်လုံးချပါ)၊ သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ (ပုတီးတစ်လုံးချ)၊ သောဘဂဝါဣတိပိ ဝိဇ္ဇာစရဏ သမ္ပန္နော (ပုတီးတစ်လုံးချ) သောဘဂဝါ ဣတိပိ သုဂတော (ပုတီးတစ်လုံးချ) စသည်ဖြင့် ဘဂဝါ ဂုဏ်တော်အထိ ပုတီးတစ်လုံးစီ၊ တစ်လုံးချ ချ၍ စိပ်သွားပါ။ ဘဂဝါဂုဏ်တော်ကို စိပ်ပြီးပါက ပြန်၍ ဘဂဝါမှစပြီး အရဟံဂုဏ်တော်အထိ ပဋိလုံအဖြစ် စိပ်ပါ။



www.burmeseclassic.com

www.burmeseclassic.com

ဤသို့ အရဟံဂုဏ်တော်ကို အနုလုံ၊ ပဋိလုံ စိပ်ပြီး ကျန်သည့်ဂုဏ်တော်များကိုလည်း အောက်ပါအတိုင်း အနုလုံ၊ ပဋိလုံစိပ်သွားရန် ဖြစ်ပါသည်။

သောဘဂဝါ ဣတိပိ အရဟံ (ပုတီးတစ်လုံးချ)၊ သောဘဂဝါ ဣတိပိ အရဟံ (ပုတီးတစ်လုံးချ)၊

ဤတွင် ပထမ အရဟံမှာ အနုလုံ ဖြစ်ပြီး ဒုတိယ အရဟံမှာ ပဋိလုံ ဖြစ်ပါသည်။

အနုလုံ- သောဘဂဝါ ဣတိပိ အရဟံ (ပုတီးတစ်လုံးချ)၊ သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ (ပုတီးတစ်လုံးချ)၊

ပဋိလုံ- သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ (ပုတီးတစ်လုံးချ)၊ သောဘဂဝါ ဣတိပိ အရဟံ (ပုတီးတစ်လုံးချ)၊

အနုလုံ- သောဘဂဝါ ဣတိပိ အရဟံ (ပုတီးတစ်လုံးချ)၊ သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ (ပုတီးတစ်လုံးချ)၊ သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော (ပုတီးတစ်လုံးချ)

ပဋိလုံ- သောဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော (ပုတီးတစ်လုံးချ)၊ သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ (ပုတီးတစ်လုံး ချ)၊ သောဘဂဝါ ဣတိပိ အရဟံ (ပုတီးတစ်လုံးချ)

**အမှာစကား** - ဤနည်းဖြင့် ဂုဏ်တော်ကို တစ်ပါးစီ၊ တစ်ပါးစီ တိုး၍ တိုး၍ အနုလုံ၊ ပဋိလုံ၊ ဘဂဝါအထိ စိပ်လျှင် (၁၀၈) ကွက် ဂုဏ်တော်ကွန်ချာစက် ပြည့်စုံပါသည်။ ယင်းကို မနောမယမဟိဒ္ဓိ (၁၀၈) ကွက် ဂုဏ်တော်ကွန်ချာစက်ဟု ခေါ်ဆိုပါသည်။

## ၂၄ ပစ္စည်းနှင့် ဂုဏ်တော်ပုတီးစိပ်နည်း

၁။ ဟေတုပစ္စယော- အရဟံ၊ ဗုဒ္ဓေါ (၁-လုံးချ)
ဟေတုပစ္စယော- အရဟံ၊ ဓမ္မော၊ (၁-လုံးချ)
ဟေတုပစ္စယော- အရဟံ၊ သံဃော၊ (၁-လုံးချ)

၂။ အာရမ္မဏပစ္စယော- သမ္မာသမ္ဗုဒ္ဓေါ၊ ဗုဒ္ဓေါ (၁-လုံးချ)
အာရမ္မဏပစ္စယော- သမ္မာသမ္ဗုဒ္ဓေါ၊ ဓမ္မော (၁-လုံးချ)
အာရမ္မဏပစ္စယော- သမ္မာသမ္ဗုဒ္ဓေါ၊ သံဃော (၁-လုံးချ)

၃။ အဓိပတိပစ္စယော- ဝိဇ္ဇာစရဏသမ္ပန္နော၊ ဗုဒ္ဓေါ (၁-လုံးချ)
အဓိပတိပစ္စယော- ဝိဇ္ဇာစရဏသမ္ပန္နော၊ ဓမ္မော (၁-လုံးချ)
အဓိပတိပစ္စယော- ဝိဇ္ဇာစရဏသမ္ပန္နော၊ သံဃော (၁-လုံးချ)

၄။ အနန္တရပစ္စယော- သုဂတော၊ ဗုဒ္ဓေါ (၁-လုံးချ)
အနန္တရပစ္စယော- သုဂတော၊ ဓမ္မော (၁-လုံးချ)
အနန္တရပစ္စယော- သုဂတော၊ သံဃော (၁-လုံးချ)

၅။ သမနန္တရပစ္စယော- လောကဝိဒူ ဗုဒ္ဓေါ (၁-လုံးချ)
သမနန္တရပစ္စယော- လောကဝိဒူ ဓမ္မော (၁-လုံးချ)
သမနန္တရပစ္စယော- လောကဝိဒူ သံဃော (၁-လုံးချ)

၆။ သဟဇာတပစ္စယော- အနုတ္တရောပုရိသဒမ္မသာရထိ၊ ဗုဒ္ဓေါ (၁-လုံးချ)
သဟဇာတပစ္စယော- အနုတ္တရောပုရိသဒမ္မသာရထိ၊ ဓမ္မော (၁-လုံးချ)
သဟဇာတပစ္စယော- အနုတ္တရောပုရိသဒမ္မသာရထိ၊ သံဃော (၁-လုံးချ)

၇။ အညမညပစ္စယော- သတ္ထာဒေဝမနုဿာနံ၊ ဗုဒ္ဓေါ (၁-လုံးချ)
အညမညပစ္စယော- သတ္ထာဒေဝမနုဿာနံ၊ ဓမ္မော (၁-လုံးချ)
အညမညပစ္စယော- သတ္ထာဒေဝမနုဿာနံ၊ သံဃော (၁-လုံးချ)

၈။ နိဿယပစ္စယော- ဗုဒ္ဓေါ၊ ဗုဒ္ဓေါ (၁-လုံးချ)
နိဿယပစ္စယော- ဗုဒ္ဓေါ၊ ဓမ္မော (၁-လုံးချ)
နိဿယပစ္စယော- ဗုဒ္ဓေါ၊ သံဃော (၁-လုံးချ)

၉။ ဥပနိဿယပစ္စယော- ဘဂဝါ၊ ဗုဒ္ဓေါ (၁-လုံးချ)
ဥပနိဿယပစ္စယော- ဘဂဝါ၊ ဓမ္မော (၁-လုံးချ)
ဥပနိဿယပစ္စယော- ဘဂဝါ၊ သံဃော (၁-လုံးချ)

၁၀။ ပုရေဇာတပစ္စယော- သွာက္ခာတော၊ ဗုဒ္ဓေါ (၁-လုံးချ)
ပုရေဇာတပစ္စယော- သွာက္ခာတော၊ ဓမ္မော (၁-လုံးချ)
ပုရေဇာတပစ္စယော- သွာက္ခာတော၊ သံဃော(၁-လုံးချ)

၁၁။ ပစ္ဆာဇာတပစ္စယော- သန္ဒိဋ္ဌိကော၊ ဗုဒ္ဓေါ (၁-လုံးချ)
ပစ္ဆာဇာတပစ္စယော- သန္ဒိဋ္ဌိကော၊ ဓမ္မော (၁-လုံးချ)
ပစ္ဆာဇာတပစ္စယော- သန္ဒိဋ္ဌိကော၊ သံဃော (၁-လုံးချ)

၁၂။ အာသေဝနပစ္စယော- အကာလိကော၊ ဗုဒ္ဓေါ (၁-လုံးချ)



www.burmeseclassic.com

www.burmeseclassic.com

အာသေဝနပစ္စယော- အကာ လိကော၊ ဓမ္မော (၁-လုံးချ)

အာသေဝနပစ္စယော- အကာ လိကော၊ သံဃော (၁-လုံးချ)

၁၃။ ကမ္မပစ္စယော- ဧဟိပဿိကော၊ ဗုဒ္ဓေါ (၁-လုံးချ)

ကမ္မပစ္စယော- ဧဟိပဿိကော၊ ဓမ္မော (၁-လုံးချ)

ကမ္မပစ္စယော- ဧဟိပဿိကော၊ သံဃော (၁-လုံးချ)

၁၄။ ဝိပါကပစ္စယော- ဩပနေယျိကော၊ ဗုဒ္ဓေါ (၁-လုံးချ)

ဝိပါကပစ္စယော- ဩပနေယျိကော၊ ဓမ္မော (၁-လုံးချ)

ဝိပါကပစ္စယော- ဩပနေယျိကော၊ သံဃော (၁-လုံးချ)

၁၅။ အဟာရပစ္စယော- ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟိ၊ ဗုဒ္ဓေါ (၁-လုံးချ)

အဟာရပစ္စယော- ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟိ၊ ဓမ္မော (၁-လုံးချ)

အဟာရပစ္စယော- ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟိ၊ သံဃော (၁-လုံးချ)

၁၆။ ဣန္ဒြိယပစ္စယော- သုပ္ပဋိပန္နော ဘဂဝတော၊ ဗုဒ္ဓေါ (၁-လုံးချ)

ဣန္ဒြိယပစ္စယော- သုပ္ပဋိပန္နော ဘဂဝတော၊ ဓမ္မော (၁-လုံးချ)

ဣန္ဒြိယပစ္စယော- သုပ္ပဋိပန္နော ဘဂဝတော၊ သံဃော (၁-လုံးချ)

၁၇။ ဈာနပစ္စယော- ဥဇုပ္ပဋိပန္နော ဘဂဝတော၊ ဗုဒ္ဓေါ (၁-လုံးချ)

ဈာနပစ္စယော- ဥဇုပ္ပဋိပန္နော ဘဂဝတော၊ ဓမ္မော (၁-လုံးချ)

ဈာနပစ္စယော- ဥဇုပ္ပဋိပန္နော ဘဂဝတော၊ သံဃော (၁-လုံးချ)

၁၈။ မဂ္ဂပစ္စယော- ဉာယပ္ပဋိပန္နော ဘဂဝတော၊ ဗုဒ္ဓေါ (၁-လုံးချ)

မဂ္ဂပစ္စယော- ဉာယပ္ပဋိပန္နော ဘဂဝတော၊ ဓမ္မော (၁-လုံးချ)

မဂ္ဂပစ္စယော- ဉာယပ္ပဋိပန္နော ဘဂဝတော၊ သံဃော (၁-လုံးချ)

၁၉။ သမ္ပယုတ္တပစ္စယော- သာမိစိပ္ပဋိပန္နော ဘဂဝတော၊ ဗုဒ္ဓေါ (၁-လုံးချ)

သမ္ပယုတ္တပစ္စယော- သာမိစိပ္ပဋိပန္နော ဘဂဝတော၊ ဓမ္မော (၁-လုံးချ)

သမ္ပယုတ္တပစ္စယော- သာမိစိပ္ပဋိပန္နော ဘဂဝတော၊ သံဃော (၁-လုံးချ)

၂၀။ ဝိပ္ပယုတ္တပစ္စယော- အာဟုနေ ယျော၊ ဗုဒ္ဓေါ (၁-လုံးချ)

ဝိပ္ပယုတ္တပစ္စယော- အာဟုနေ ယျော၊ ဓမ္မော (၁-လုံးချ)

ဝိပ္ပယုတ္တပစ္စယော- အာဟုနေ ယျော၊ သံဃော (၁-လုံးချ)

၂၁။ အတ္ထိပစ္စယော- ပါဟုနေယျော၊ ဗုဒ္ဓေါ (၁-လုံးချ)

အတ္ထိပစ္စယော- ပါဟုနေယျော၊ ဓမ္မော (၁-လုံးချ)

အတ္ထိပစ္စယော- ပါဟုနေယျော၊ သံဃော (၁-လုံးချ)

၂၂။ နတ္ထိပစ္စယော- ဒက္ခိဏေယျော၊ ဗုဒ္ဓေါ (၁-လုံးချ)

နတ္ထိပစ္စယော- ဒက္ခိဏေယျော၊ ဓမ္မော (၁-လုံးချ)

နတ္ထိပစ္စယော- ဒက္ခိဏေယျော၊ သံဃော (၁-လုံးချ)

၂၃။ ဝိဂတပစ္စယော- အဉ္ဇလီကရဏီယော၊ ဗုဒ္ဓေါ (၁-လုံးချ)

ဝိဂတပစ္စယော- အဉ္ဇလီကရဏီယော၊ ဓမ္မော (၁-လုံးချ)

ဝိဂတပစ္စယော- အဉ္ဇလီကရဏီယော၊ သံဃော (၁-လုံးချ)

၂၄။ အဝိဂတပစ္စယော- အနုတ္တရံ ပုညက္ခေတ္တံ လောကဿာ၊ ဗုဒ္ဓေါ (၁-လုံးချ)

အဝိဂတပစ္စယော- အနုတ္တရံ ပုညက္ခေတ္တံ လောကဿာ၊ ဓမ္မော (၁-လုံးချ)

အဝိဂတပစ္စယော- အနုတ္တရံ ပုညက္ခေတ္တံ လောကဿာ၊ သံဃော (၁-လုံးချ)

(ဤဂုဏ်တော်နှင့် ပဋ္ဌာန်း ၂၄ ပစ္စည်းတို့ကို ပုတီးစိပ်ခြင်း၏ အကျိုးကား လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုးကျေးဇူးတို့ကို လက်ငင်း ခံစားရသည်သာမက မိမိတို့၏ ကွယ်ပျောက်နေသော ပညာမျက်စိ၊ ဉာဏ်မျက်စိ၊ စက္ခုမျက်စိ၊ သောတတည်းဟူ သော နား၊ မျက်စိတို့၏အလင်းကို ရရှိနိုင်ပါစေသတည်း။)

မှတ်ချက် - ဤ ၂၄ပစ္စည်းနှင့် ဂုဏ်တော်တို့မှာ ၂၄×၃= ၇၂ လုံးသာ ရှိသေး၍ (၃)ကြိမ်ရွတ်ဆိုပြီး စိပ်ပါက ၇၂×၃= ၂၁၆ လုံး၊ ပုတီး (၂)ပတ်ရသည်။ ထို့ကြောင့် မိမိတို့



www.burmeseclassic.com

www.burmeseclassic.com

အလိုရှိသလောက် တိုး၍ စိပ်သွားပါက ပို၍အကျိုးထူးရပါသည်။

## ပဋ္ဌာန်း(၂၄)ပစ္စည်းကို သရဏဂုံနှင့်တွဲ၍ ပုတီးစိပ်နည်း

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ (ပုတီးတစ်လုံးချပါ)၊ ဓမ္မံ သရဏံ ဂစ္ဆာမိ (ပုတီးတစ်လုံးချပါ)၊ သံဃံ သရဏံ ဂစ္ဆာမိ (ပုတီးတစ်လုံးချပါ)။

ယင်းသို့ သရဏံဂုဏ် ပုတီး(၃)လုံးချပြီးနောက် ပဋ္ဌာန်း (၂၄)ပစ္စည်းကို ပဋ္ဌာန်းပစ္စည်းတစ်ခုလျှင် ပုတီးတစ်လုံးကျ ချ၍ စိပ်သွားပါ။

ပဋ္ဌာန်းတစ်ပိုဒ်ပြီးသွားလျှင် စုစုပေါင်းပုတီးလုံးရေမှာ သရဏံဂုဏ် သုံးပါးက ပုတီး(၃)လုံး၊ ပဋ္ဌာန်းက (၂၄)လုံး၊ စုစုပေါင်းပုတီးလုံးရေ (၂၇) လုံးသာ ရှိပါသည်။ ထို့ကြောင့် ပဋ္ဌာန်းကို (၄) ကြိမ် ရွတ်ဆိုပြီး ပုတီးစိပ်သွားပါက (၂၇×၄) = ၁၀၈ လုံး၊ ပုတီးတစ်ပတ်ရသည်။

ဤနည်းအားဖြင့် သရဏံသုံးပါးနှင့် ပဋ္ဌာန်းကို မိမိ အဓိဋ္ဌာန်ပြုထားသည့် ပုတီးပတ်ရေထိ တိုး၍ တိုး၍ စိပ်သွားနိုင်ပါသည်။

ဤပုတီးစိပ်နည်းသည် အလွန်ထက်မြက်သော တန်ခိုး အာနုဘော်၏ သတ္တိအကျိုးကို လက်တွေ့ခံစားရပြီး လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုးကျေးဇူးကို ခံစားရပါမည်။

## ဝိပဿနာ ပုတီးစိပ်နည်းများ

ဤဝိပဿနာပုတီးသည် တရားစခန်း၌လည်းကောင်း၊ ကျောင်း၊ သိမ်၊ ဇရပ်တို့၌လည်းကောင်း သွားရောက်၍ တရား အလုပ်ကို မလုပ်နိုင်သူများသည် ဝိပဿနာပုတီးစိပ်ခြင်း အလုပ်ဖြင့် ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖျန်းပါသည်။

၁။ သဗ္ဗေသင်္ခါရ အနိစ္စာ (ပုတီးတစ်လုံးချပါ)။ ယင်း၏ အနက်အဓိပ္ပာယ်- အလုံးစုံသော တေဘူမ္မက ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည် မမြဲကြကုန်ဟု စိတ်၌ သိပါ။

၂။ သဗ္ဗေသင်္ခါရ ဒုက္ခာ (ပုတီးတစ်လုံးချပါ) စိတ်ထဲ၌ လည်း အလုံးစုံသော တေဘူမ္မက ရုပ်နာမ်ဓမ္မသင်္ခါရတို့သည် ဒုက္ခဆင်းရဲကြကုန်၏ဟု စိတ်၌သိပါ။

၃။ သဗ္ဗေသင်္ခါရ အနတ္တာ (ပုတီးတစ်လုံးချပါ) စိတ်ထဲ၌ လည်း အလုံးစုံသော တရားတို့သည် ကိုယ်မဟုတ်ကြကုန်၊ အလိုသို့မလိုက်ကြကုန်၊ အစိုးမရကြကုန်၊ အနှစ်သာရလည်း မရှိကြကုန်ဟု စိတ်၌သိပါ၊ နှလုံးသွင်းပါ၊ ဤနည်းအားဖြင့် ပုတီးတစ်ပတ်ထိရအောင် စိပ်သွားပါ။

သဗ္ဗေသင်္ခါရ အနိစ္စ၊ သဗ္ဗေသင်္ခါရ ဒုက္ခ၊ သဗ္ဗေသင်္ခါရ အနတ္တဟု ပုတီးစိပ်ခြင်း၊ စီးဖြန်းခြင်းသည် ဝိပဿနာပုတီး စိပ်နည်း၊ ဝိပဿနာ ကမ္မဋ္ဌာန်းစီးဖြန်းခြင်းပင် ဖြစ်ပါသည်။

## ခန္ဓာငါးပါး ပုတီးစိပ်နည်း

၁။ ရူပခန္ဓာ အနိစ္စ (ပုတီးတစ်လုံးချပါ)
ရူပခန္ဓာ ဒုက္ခ (ပုတီးတစ်လုံးချပါ)
ရူပခန္ဓာ အနတ္တ (ပုတီးတစ်လုံးချပါ)
ဟူ၍ တစ်လုံးစီချပြီး တစ်ပိုဒ်ကို တစ်ပတ်စိပ်ပါ။

၂။ ဝိညာဏခန္ဓာ အနိစ္စ (ပုတီးတစ်လုံးချ)
ဝိညာဏခန္ဓာ ဒုက္ခ (ပုတီးတစ်လုံးချ)
ဝိညာဏခန္ဓာ အနတ္တ (ပုတီးတစ်လုံးချ)
ဤအပိုဒ်ကို တစ်ပတ်စိပ်ပါ။

၃။ သညာက္ခန္ဓာ အနိစ္စ (ပုတီးတစ်လုံးချ)
သညာက္ခန္ဓာ ဒုက္ခ (ပုတီးတစ်လုံးချ)
သညာက္ခန္ဓာ အနတ္တ (ပုတီးတစ်လုံးချ)
ဤအပိုဒ်ကိုလည်း တစ်ပတ်စိပ်ပါ။

၄။ ဝေဒနာက္ခန္ဓာ အနိစ္စ (ပုတီးတစ်လုံးချ)
ဝေဒနာက္ခန္ဓာ ဒုက္ခ (ပုတီးတစ်လုံးချ)
ဝေဒနာက္ခန္ဓာ အနတ္တ (ပုတီးတစ်လုံးချ)
ဤအပိုဒ်ကိုလည်း အထက်ပါအတိုင်း တစ်ပတ်စိပ်ပါ။

၅။ သင်္ခါရက္ခန္ဓာ အနိစ္စ (ပုတီးတစ်လုံးချ)
သင်္ခါရက္ခန္ဓာ ဒုက္ခ (ပုတီးတစ်လုံးချ)
သင်္ခါရက္ခန္ဓာ အနတ္တ (ပုတီးတစ်လုံးချ)
အထက်ပါနည်းအတိုင်း တစ်ပတ်စိပ်ပါ။

အထက်ပါအတိုင်း ခန္ဓာတစ်ခုကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ နှင့်တွဲ၍ တစ်ပတ်စီစိပ်သွားပါက ခန္ဓာငါးပါးကို ပုတီး ငါးပတ် စိပ်ပြီး ဖြစ်ပါသည်။ အချိန်ပေးနိုင်သူများအတွက် ခန္ဓာငါးပါး တွင် ခန္ဓာတစ်ခုစီ တစ်ခုစီ၏ အနိစ္စကို ပုတီးတစ်ပတ်၊ ဒုက္ခကို ပုတီးတစ်ပတ်၊ အနတ္တကို ပုတီးတစ်ပတ်စိပ်သည့်နည်းဖြင့် ခန္ဓာတစ်ခုလျှင် ပုတီးသုံးပတ်နှုန်းဖြင့် ခန္ဓာငါးပါးကို (၃×၅=၁၅ ပတ်) စသည်ဖြင့် မိမိစိတ်၌ ထားရှိသော အဓိဋ္ဌာန်အတိုင်း တိုး၍ တိုး၍ စိပ်သွားနိုင်ပါသည်။

ဤသို့ စိပ်ခြင်းသည် ခန္ဓာငါးပါးကို လက္ခဏာရေး နှင့်ရှုပြီး စိပ်သော ဝိပဿနာပုတီးစိပ်နည်းဟု ခေါ်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com

## ရုပ်နာမ်နှစ်ပါးကို ပုတီးစိပ်နည်း

၁။ နာမရူပံ အနိစ္စံ ဆိုပြီး ပုတီးတစ်လုံးချ
နာမရူပံ ဒုက္ခံ ပုတီးတစ်လုံးချ
နာမရူပံ အနတ္တာ ပုတီးတစ်လုံးချပြီး ပုတီးတစ်ပတ်ရအောင် စိပ်သွားပါ။

## ရုပ်နာမ်နှစ်ပါးကို သရဏဂုံတင်၍ ပုတီးစိပ်နည်း

၂။ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ၊ ပုတီးတစ်လုံးချ
ဓမ္မံသရဏံ ဂစ္ဆာမိ၊ နာမရူပံ ဒုက္ခံ၊ ပုတီးတစ်လုံးချ
သံဃံသရဏံ ဂစ္ဆာမိ၊ နာမရူပံ အနတ္တာ၊ ပုတီးတစ်လုံးချ၍ တစ်ပတ်စိပ်ပါ။

## ခန္ဓာငါးပါးကို ပုတီးစိပ်နည်း

၃။ ပဉ္စက္ခန္ဓာ အနိစ္စာ၊ ပုတီးတစ်လုံးချ
ပဉ္စက္ခန္ဓာ ဒုက္ခာ၊ ပုတီးတစ်လုံးချ
ပဉ္စက္ခန္ဓာ အနတ္တာ၊ ပုတီးတစ်လုံးချ၍ ပုတီးတစ်ပတ်စိပ်ပါ။

## ခန္ဓာငါးပါးကို သရဏဂုံတင်၍ ပုတီးစိပ်နည်း

၄။ ဗုဒ္ဓံသရ ဂစ္ဆာမိ ပဉ္စက္ခန္ဓာ အနိစ္စာ၊ ပုတီးတစ်လုံးချ
ဓမ္မံသရဏံ ဂစ္ဆာမိ ပဉ္စက္ခန္ဓာ အနိစ္စာ၊ ပုတီးတစ်လုံးချ
သံဃံသရဏံ ဂစ္ဆာမိ ပဉ္စက္ခန္ဓာ အနိစ္စာ၊ ပုတီးတစ်လုံးချ၍ ပုတီးတစ်ပတ်စိပ်ပါ။

## ရုပ်နာမ်နှစ်ပါးနှင့် ခန္ဓာငါးပါး၌ သံဝေဂယူ၍ ပုတီးစိပ်နည်း

၅။ ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါးတို့သည် အနိစ္စမြဲမြဲခြင်း ချိကြကုန် (ပုတီးတစ်လုံးချ)၊ ထို့ကြောင့် ဒုက္ခ ဆင်းရဲကြကုန် (ပုတီးတစ်လုံးချ)၊ ဤရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးတို့သည် အနတ္တ အစိုးမရပါတကား၊ ပုတီးတစ်လုံးချ၍ တစ်ပတ်စိပ်သွားပါ။

ပုတီးစိပ်နည်း အမျိုးမျိုးရှိကြသည့်အနက် လောကီအကျိုးကိုသာ ရှေးရှု၍ စိပ်သော ပုတီးတို့မှာ လောကီအကျိုးသာပေး၍ လောကုတ္တရာအကျိုးကား မရှိသလောက် အကျိုးနည်းလှပါသည်။ တစ်နည်းအားဖြင့် အဆောင်ပုတီး၊ လာဘ်ပုတီး၊ အန္တရာယ်ကင်းပုတီး၊ လူချစ်နတ်ချစ်ပုတီး စသည်တို့ဖြစ်သည်။ သမထပုတီးတို့၌သာ ရှိသည်မဟုတ်၊ ဒါနတူသိုင်အလုပ်၌လည်း လောကီကို အကျိုးပေးပြီး လောကုတ္တရာကို အကျိုးမပေးသော ကုသိုလ်များရှိပါသည်။ ဥပမာ -

မေတ္တုဒ္ဒေသဒါန- ချစ်ကြိုက်နှစ်သက်၍ လက်ဆောင်အဖြစ်ပေးထားသော ပစ္စည်းဥစ္စာ ဒါနမျိုး၊

လာဘဒါန- အကျိုးလို၍ ညောင်ရေလောင်းသကဲ့သို့ မိမိ၏ အကျိုးစီးပွားဖြစ်ထွန်းရန်အတွက် လာဘ်ထိုးခြင်း၊ လာဘ်ယူခြင်း၊ တံစိုးလက်ဆောင်ပေးခြင်း ဒါနမျိုး။

ဘယာဒါန- ကြောက်ရွံ့၍ မိမိအသက်ဘေးမှ လွတ်မြောက်ရေး စသည်ဖြင့် တရားသူကြီးတို့၊ ရဲတို့၊ သက်ဆိုင်ရာ အာဏာပိုင်တို့ကို ငွေကြေးအားဖြင့်လည်းကောင်း၊ ပစ္စည်းဥစ္စာများဖြင့် လည်းကောင်း ပေးကမ်းသော ဒါနမျိုးသည် လောကုတ္တရာကို အကျိုးမပြုပေ။ လောကီ၌သာ အကျိုးပြု၏။

ထို့ကြောင့် ဓမ္မမိတ်ဆွေသူတော်ကောင်းတို့အနေဖြင့် တိုတောင်းလှသည့် ကျန်ရှိနေသေးသော ဘဝအချိန်ကလေးအတွင်းမှာ တစ်ချက်ခုတ် နှစ်ချက်ပြတ် ဆိုသကဲ့သို့ လောကီအကျိုးရော၊ လောကုတ္တရာအကျိုးပါ နှစ်ဖြာသော အကျိုးတို့ကို ဖြစ်ထွန်းစေသည့် ပုတီးစိပ်နည်းများကိုသာ ကောက်နုတ်၍ ဓမ္မဒါနအဖြစ် ပေးဝေရခြင်းဖြစ်ပါသည်။

နောက်တစ်ချက်မှာ ပုတီးစိပ်၍ တစ်ပတ်ပြည့်သည့်အခါ၌ ပုတီးကို ပြန်လှည့်ပြီး ပုတီးဆုံးသည့်နေရာမှ ပုတီးအစသို့ ပြန်လှည့်၍ စိပ်သွားရမည်။

သို့မှသာ ပထမစစိပ်သော ပုတီးတစ်ပတ်သည် အနုလုံဖြစ်ပြီး ပုတီးဆုံးသည့်နေရာမှ အစသို့ ပြန်လှည့်၍ စိပ်သောပုတီးကို ပဋိလုံဟု ခေါ်ပါသည်။

ဤသို့ ပုတီးခေါင်းကို မကျော်ဘဲ အစမှ အဆုံး၊ အဆုံးမှ အစသို့ ပြန်၍စိပ်သော ပုတီးနှစ်ပတ်မှာ အနုလုံ၊ ပဋိလုံ ဖြစ်သွားပြီး ပုတီးသည်လည်း ဣတိပိ တန်ခိုးနှင့် ပြည့်စုံသော ပုတီးဖြစ်လာခြင်းကြောင့် ဖြစ်ပါသည်။

ပုတီးခေါင်းသည် စေတီသဘောကို ဆောင်ခြင်းကြောင့် ပုတီးခေါင်းကျော်၍မစိပ်သင့်ပါ။ အနုလုံ၊ ပဋိလုံသာ စိပ်သင့်ပါသည်။ ခေါင်းကျော်၍ စိပ်သွားခြင်းဖြင့် မိမိ၏ စိပ်နေသော ပုတီးမှာ စည်းပေါက်သော ပုတီးဖြစ်သွားပြီး သိဒ္ဓိပျောက်သွားတတ်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com

မှတ်သားရန် - ခေါင်းကျော်စည်းပေါက်၊ သိဒ္ဓိပျောက်ဟု အဆိုအမိန့်ရှိထားခြင်းကြောင့် ဖြစ်ပါသည်။

## ဂုဏ်တော်ကိုပွား အကျိုးများ

၁။ အရဟံဂုဏ်၊ ပွားများထုံ၊ ဘေးကုန်ရန်ကင်း၊ လာဘ်ပေါခြင်း။

၂။ သမ္မာသမ္ဗုဒ္ဓေါ၊ စိတ်မနော၊ ရွှင်သောညဏ်လင်း၊ အောင်မြင်ခြင်း။

၃။ ဝိဇ္ဇာစရဏ၊ အားထုတ်က၊ သိပ္ပပြိုင်ကင်း၊ တတ်မြောက်ခြင်း။

၄။ သုဂတောမှာ၊ စကားသာ၊ ပြိုင်လာစစ်ခင်း နိုင်ရခြင်း။

၅။ လောကဝိဒူ၊ ဉာဏ်ဇမ္ဗူ၊ ကြည်ဖြူစိတ်ရှင်း သိမြင်ခြင်း။

၆။ အနုတ္တရော၊ နတ်လူပြော၊ ကျော်စောသတင်း၊ ပူဇော်ခြင်း။

၇။ သတ္ထာဒေဝ၊ နှုတ်လျှာစ၊ ထက်လှထန်ပြင်း၊ စူးရှခြင်း။

၈။ ဗုဒ္ဓေါ၊ ဗုဒ္ဓေါ စိပ်စမ်းပါ၊ ကြမ္မာလွတ်ကင်း၊ ချမ်းသာခြင်း။

၉။ ဘဂဝါကို ပွားများဆို၊ ထိုထိုခပင်း၊ ဘုန်းကြီးခြင်း စသည့် အကျိုးကျေးဇူးများကို ခံစားပါသည်။

## သရဏဂုံ၏ အကျိုး

၁။ သရဏဂုံ သုံးပါးစုံ ကြည်ယုံ ပုတီးစိပ်။

၂။ သရဏဂုံ ကိုယ်လုံးထုံ ပြည့်စုံ သိဒ္ဓိဟိတ်။

၃။ သရဏဂုံ ကိုယ်လုံးထုံ ဆင်မြင် တိတ်နိမိတ်။

၄။ အန္တရာယ်ကင်း ကပ်ကျော်နင်း ပေါခြင်း လာဘ်မတိတ်။

သရဏဂုံသည် လွန်စွာ အကျိုးများ၏။ ဘုရားရှင် လက်ထက်တော်အခါက သရဏဥပသကာဟု ခေါ်သော ပုဂ္ဂိုလ်သည် သေခါနီးဆဲဆဲတိုင်အောင် အရက်သောက်၏။ ယင်းဥပသကာ သေသွားသော် ဘုရားရှင်က နတ်ပြည်ရောက်သွားပြီဟု ဟောတော်မူ၏။ "လူမှန်းသူမှန်း မသိတဲ့ အခါကစပြီး သေခါနီးဆဲဆဲတိုင်အောင် သေအရက်ကို သောက်လာခဲ့တယ်၊ သူသေတော့ နတ်ပြည်ရောက်တယ်လို့ အရှင်ဘုရား ဟောတာကို မယုံကြဘူး ဘုရား" ဟု ဆွေတော်မျိုးတော်တို့က လျှောက်ထားလာသည်။

ထိုအခါ မြတ်စွာဘုရားက သေရည်သေရက်သောက်တဲ့ အကုသိုလ်ကံဟာ သူ့ကိုမတားနိုင်ဘူး၊ ဘာကြောင့်လည်းဆိုတော့ သူ့မှာ ဘုရား၊ တရား၊ သံဃာဆိုတဲ့ ရတနာသုံးပါးရဲ့ ကျေးဇူးတော်များက အတိုင်းမသိ ကြီးကျယ်မြင့်မြတ်နေတာက တစ်ကြောင်း၊ ယုံကြည်နိုင်စွမ်း သဒ္ဓါတရားကလည်း မြင့်ပြီး အားကြီးတာက တစ်ကြောင်းတို့ကြောင့် အကုသိုလ်ကံက သူ့ကို မတားနိုင်ခဲ့၍ နတ်ပြည်သို့ ရောက်ရခြင်းဖြစ်သည်ဟု ဟောကြားတော်မူခဲ့သည်ကို ထောက်၍ သရဏဂုံ၏ အကျိုးကျေးဇူးကြီးမားပုံကို သိရှိနိုင်ပေသည်။

ယခုအခါ လူငယ်လူရွယ်တို့နှင့် အချိန်ကိုလု၍ လုပ်ကိုင်နေသူများအတွက် သရဏဂုံတည်ဆောက်ခြင်း၊ သရဏဂုံ ပုတီးစိပ်ခြင်းသည် အထူးသင့်လျော်ပါသည်။ ငါ ငယ်သေးသည်၊ အသက်အရွယ်ရမှ ပုတီးစိပ်မည်ဟူသော အတွေးအခေါ် မျိုး မထားသင့်ပါ။

ယင်းအတွေးအခေါ်သည် မှားသောအတွေးအခေါ် ဖြစ်ပါသည်။ "ငါနှင့်ရွယ်တူ ငါ့အောက်လူ၊ ကြီးသူ သေတာများလှပြီ" ဟု မင်းကွန်းဆရာတော်ဘုရားကြီးမှ မိန့်ကြားတော်မူခဲ့ဖူး ပါသည်။ မင်းကွန်းဆရာတော်ဘုရားကြီးက ကုသိုလ်အလုပ်ကို နေ့ဆိုင်း၊ ညဆိုင်း ရွှေ့မနေကြနှင့်၊ အချိန်တိုင်း အချိန်တိုင်းသည် တန်ဖိုးရှိသည်။

ထို့ကြောင့် ဆရာတော်ကြီးက -

"မအိုခင်က ကုသိုလ်ကောင်းမှု ကြိုးစားပြုလော့၊ မနာခင်က ကုသိုလ်ကောင်းမှု ကြိုးစားပြုလော့၊ မသေခင်က ကုသိုလ်ကောင်းမှု ကြိုးစားပြုလော့" ဟု မိန့်ဆိုခဲ့ပါသည်။

အသက်ကြီးမှ တရားထိုင်မယ်၊ ပုတီးစိပ်မယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေအတွက် မင်းကွန်းဆရာတော်ကြီး၏ မိန့်ကြားချက်ကို ထပ်မံ ဖော်ပြလိုက်ပါသည်။

"အသက်ကြီးတော့ ခွေရှိခွေယိုင်၊ ကိုယ့်လက်ခြေမှ ကိုယ်မ,မနိုင်၊ အားအင်ကုန်ခန်း၊ တရားမထိုင်နိုင်"

ဒါ့ကြောင့် ငယ်ငယ်ကတရားထိုင်ဟု လမ်းညွှန်ထားသည်ကို သိရပေသည်။ ထို့ကြောင့် ကြီးသည် ငယ်သည် ဟူ၍ အချိန်အခါ ရွေးမနေဘဲ ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်း၊ သရဏဂုံမြဲအောင် စောင့်ထိန်းခြင်း စသည့်ကောင်းမှုဟူသမျှကို လုပ်ကိုင်သွားနိုင်ရန် ကြိုးစားသင့်ပေသည်။

ဖော်ပြပါ မှတ်သားစရာ လင်္ကာနှစ်ပိုဒ်ကို ဖော်ပြရင်း လယ်တီဆရာတော်ဘုရားကြီး ရေးစပ်သီကုံးခဲ့သည့် သံဝေ တစ်ပိုဒ်ကိုလည်း သတိချပ်နိုင်ရန် ထပ်မံဖော်ပြလိုက်ပါသည်။

"ပစ္စည်းရှာအလုပ်နှင့်၊ နေ့ပုပ်လို့ ရက်ကုန်၊
နှမြောလို့ အသက်ကုန်တယ်၊ တွက်ပုံဖြင့်မခေ်ား



www.burmeseclassic.com

www.burmeseclassic.com

ရလိုမှု သံသာဝဲမှာ၊ ခန္ဓာတွေ များခဲ့စတော်င်း၊

သက်မွေးမှု စခန်းပိုအောင်၊ ဝမ်းကိုသာ နင်ကျော်င်း၊

လေးဆယ်ကျော် အရွယ်နှောင်းခါမှ၊

သူကြွယ်လောင်း လုပ်ချင်၊

မိုးကုန်ပြီ ထွန်မချနှင့်၊ ရွံ့စရာများဖို့ ဖြစ်အင်၊

နွားအိုကြီး အမော့သင်သလို၊

မလျှော့လျှင် ဘဝဆုံးရှာတော့၊

အစတုံး နင့်အဆင်၊ လွဲဖို့သာပြင်၊

တရားသို့ မသက်ဝင်လျှင်၊

အခက်နှင့် ကြုံတွေ့ဖို့လေး"

ဖော်ပြပါ လယ်တီဆရာတော်ဘုရားကြီး၏ သံဝေဂလေးချိုးကိုကြည့်လျှင် လွန်စွာပင် တရားသံဝေဂ ယူစရာကောင်းသည့် အချက်များကို တွေ့ရှိရပါသည်။ တိုတောင်းလှသည့် လူ့ဘဝတစ်လျှောက်၌ နေ့ပုပ်၍ ရက်ကုန်အောင် အချိန်တွေမဖြုန်းပဲ ဖွဲ့ရှိရှိဖြင့် ဘဝ၏ လက်ကျန်အချိန်လေးကို တန်ဖိုးရှိရှိ အသုံးပြုသွားရန်လိုကြောင်း သတိပေး၊ သံဝေဂယူရန်လိုကြောင်း လမ်းညွှန်ထားပါသည်။

သို့ဖြစ်၍ ဓမ္မမိတ်ဆွေများကို အကြံပြုလိုသည်မှာ ဝိပဿနာပုတီးကို အားပြုပြီး စိပ်စေလိုပါသည်။ အဘယ့်ကြောင့်ဆိုသော် ဝိပဿနာပုတီးစိပ်ခြင်းဖြင့် ညစ်နွမ်းနေသော မူလစိတ်ကို ဖြူစင်လာစေပြီး တရားကို တွေ့မြင်လာစေ၍ ဖြစ်ပါသည်။ တရားကိုတွေ့မြင်လာသည်ဆိုသည်မှာ ဖြစ်ပြီးပျက်နေသော၊ မမြဲသော၊ အစိုးမရသော အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့၏သဘောနှင့် ပြောင်းလဲနေသည့် သင်္ခါရတရားတို့ကို တွေ့မြင်လာခြင်းကို ဆိုလိုပါသည်။

သို့ပါ၍ ဓမ္မမိတ်ဆွေအားလုံး ဤဝိပဿနာအဓိဋ္ဌာန်စိပ်ပုတီးကို နေ့ရက်မပျက်စေဘဲ စိပ်သွားကြခြင်းဖြင့် တရားကို တွေ့နိုင်၊ မြင်နိုင်ကြပါစေဟု ဆုမွန်တောင်းတောင်းလိုက်ပါသည်။

သတ္တဝါအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပြီး ကြောင့်ကြခပ်သိမ်း ဘေးရန်ကင်း၍ ကောင်းရာလိုအင်ဆန္ဒနှင့် ပြည့်စုံကြပါစေ။

**ဦးသန်းဆွေ(ပြဟ္မစရိယ)**


# ဆရာဦးအောင်ကြည်သန်း B.Sc (Bot)

## လက္ခဏာ နှင့် နက္ခတ်ဗေဒင်ပညာရှင်

◎ စီးပွားလုပ်ငန်းအသစ် လုပ်ကိုင်ရန် ◎ အချစ်ရေး၊ အိမ်ထောင်ရေး အခြေအနေ သိရန် ◎ ကျန်းမာရေး အခြေအနေ သိရန် ◎ လက်ထပ်ရန် သင့်၊ မသင့် ဇာတာတိုက်စစ်ရန် ◎ လက်ထပ်မင်္ဂလာအခါရွေးရန် ◎ ကလေး ခွဲစိတ်မွေးဖွားရန်အတွက် ရက်မြတ်ချိန်ခါရွေးရန် ◎ ကလေး နာမည်ပေးရန် ◎ အိမ်၊ တိုက်၊ အဆောက်အအုံ ဆောက်ရန်အတွက် မြေသန့် ပန္နက်တင်မင်္ဂလာ ရွေးရန် ◎ သင်ယူလိုသော ပညာရေးလိုင်း အကျိုးပေး၊ မပေး သိရန် ◎ နိုင်ငံခြားထွက် အလုပ် လုပ်ရန် ကောင်း၊ ဆိုး သိရန် . . . အစရှိသော သိလိုသည့် အကြောင်းအရာများကို ဆရာနှင့် ဆွေးနွေးနိုင်ပါသည်။ အောင်မြင်လိုသော ကိစ္စတို့အတွက် ဓာတ်ရိုက်ဓာတ်ဆင်၊ နဝင်းယတြာ၊ အင်းယတြာ၊ ရတနာဒီပံယတြာ စသည့် အစီအရင်များဖြင့် လိုအပ်သလို အကူအညီ ပေးနေပါသည်။

ငွေကြိုသွင်းပြီး ဖုန်းဖြင့် ဗေဒင်မေးနိုင်ပါသည်။ CB Bank A/c No - 001960010036439

တောင်ဥက္ကလာဘက်ခွဲ၊ ရန်ကုန်မြို့ နိုင်ငံသားမှတ်ပုံတင်အမှတ် - ၁၀/မဒန(နိုင်) ၀၁၁၄၂၂

ဗေဒင်ခန်း - အမှတ် (၆)၊ မိုးကောင်းဘုရား မြောက်ဘက်မုခ်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ ။ ☎ ၀၉ ၂၅၀ ၄၄၇၂၁၂

ဗေဒင်ခန်းဖွင့်ချိန် - နေ့စဉ် နံနက် (၉ း ၁၀) မှ ညနေ (၅ း ၄၅) နာရီထိ။




www.burmeseclassic.com

www.burmeseclassic.com

## ရန်ကုန် ကြည်မင်းစန်

# ကံထမ်းလာသော မိစ္ဆာ



အိုင်သပြုမှာတော့ ဗေဒင်ဆရာ ဦးစိုးဝင်းစံကို မသိသူ မရှိပါ။ ထိုထက် မကသေးပါ။ လေးမျက်နှာ၊ ခမောက်စု၊ နိဗ္ဗာန်၊ ငသိုင်းချောင်း၊ ရေကြည်မြို့များ အထိ ကျွန်ုပ်၏ အမည်ပေါက်ရောက်ခဲ့ပါသည်။ ယခုတော့ ရန်ကုန်ရောက်နေပါပြီ။ သားသမီးတွေ အရွယ်ရောက်လို့ ပညာတတ် ဘွဲ့ရတွေဖြစ်တော့ သူတို့တစ်တွေ ဘဝရှေ့ရေးအတွက် ရန်ကုန် ရောက်ရခြင်း ဖြစ်ပါသည်။ မိဘဆိုတာကနေတော့ သားသမီးတွေ ဘွဲ့မကလို့ ဘာပဲရရ စိတ်ချလက်ချနှင့် အဝေးမှာ ပစ်မထားနိုင်ပါ။ ထို့ကြောင့် မိသားစုအလိုက် ရန်ကုန် လှိုင်သာယာမြေသို့ ပြောင်းလာခဲ့၏။

(ယခု ဖော်ပြမည့် အကြောင်းအရာသည် စိတ်ကူးယဉ်၍မရသော ဖြစ်ရပ်မှန်ဖြစ်ပါသည်။)

ရန်ကုန်ရောက်ခါစ ဒုက္ခရောက်ခဲ့ပုံနှင့် သမီးတစ်ယောက်၏ ထူးခြားဖြစ်စဉ်ကို ဗေဒင်ပညာဖြင့် ပူးတွဲ၍ ဖော်ပြပါမည်။ ဗေဒင်ပညာအကြောင်းရေးရသည်မှာ ကျားအမြီးဆွဲရသည်ထက်ပင် ခက်၏။အဘယ့်ကြောင့်ဆိုသော် ဗေဒင်ပညာသည် သိပ္ပံပညာ ဖြစ်၏။ လူတိုင်းလည်း နားမလည်ပါ။ နားလည်လျှင်လည်း သဘောမျှသာဖြစ်မည်။ ဤသို့ရှိသောကြောင့် တောက်တိုမည်ရဗေဒင် ဆရာတွေ အလုပ်ဖြစ်နေ၏။

ထို့ကြောင့် လူတိုင်းနားမလည်သော စာကို ရေးသောသူအဖို့ ဖတ်ချင်စရာကောင်းအောင် ဖန်တီးရ၏။ စာပေအဆိပ်မသင့်အောင်၊ အပြစ်ကင်းစင်အောင်၊ သုတရသဖြစ်အောင် စာဖတ်သူများအကျိုးရှိအောင် ကြိုးစားကြရ၏။

မကောင်းသူထိပ်၊ ကောင်းသူထိပ်၊ ရောက်ချင်ရာရောက် ဖြစ်ချင်တာဖြစ် ဆိုခဲ့သောရေးနည်းများနှင့် ရင်းနှီးနေကြသော စာဖတ်ပရိသတ်အတွင်းသို့ စစ်မှန်သော၊ အဆင့်ရှိသော နည်းပညာများသည် ပြောင်းလဲချိန်တန်၍ လည်းကောင်း၊ တိုးတက်ချိန်တန်၍ လည်းကောင်း ပေါ်ထွန်းလာပေတော့မည်ဖြစ်၏။

ကျွန်ုပ်တို့ မိသားစု ရန်ကုန် လှိုင်သာယာမြေသို့ စတင်ရောက်ရှိချိန်၌ သမီးအလတ်ဖြစ်သူ မိစန္ဒီသည် ဘွဲ့ရ ခါစ အလုပ်ဟူ၍ မည်မည်ရရမရှိသေး ပါ။ ရန်ကုန်လိုနေရာမျိုးသည် မိသ စားဝတ်နေရေးအတွက် အိမ်ရှိလူ

www.burmeseclassic.com

အလုပ်ကိုယ်စီရှိမှသာပါ။ နို့မဟုတ်ပါက မလွယ်ပါ။ အစမှာပင် လိမ္မာရေးခြား ရှိသော သမီးလေးသည် အလုပ်ရရှိရေး အတွက် ကြိုးစားရှာဖွေနေပါသည်။

ကုမ္ပဏီများ၊ စက်ရုံများမှ ဝန်ထမ်း အလိုရှိသည်ဟူသော နို့တစ်ဆိုင်းဘုတ်များရှေ့သို့ ရောက်ခဲ့ပါသည်။ မိမိ ရရှိထားသော ဘွဲ့နှင့် ကိုက်ညီမှုမရှိ၍ သမီးလေးခမျာ အလုပ်ရှာရခက်ခဲနေတော့၏။ သမီးလေး ရထားသောဘွဲ့မှာ သမိုင်းဘာသာနှင့် B.A ဘွဲ့သာဖြစ်ပါသည်။ ရိုးရိုးဘွဲ့လောက်နှင့် တိုးမပေါက်နိုင်သော အခြေအနေ ရှိသည့်အပြင် လုပ်ငန်းခွင်ဝင် သင်တန်းများဖြစ်သော စာရင်းကိုင်လို သင်တန်းများကိုလည်း မတက်ရသေးတော့ ပို၍ပင် ခက်ခဲနေပါမည်။ ထိုရက်များတွင် ကွန်ပျူတာ အခြေခံသင်တန်းကိုတော့ တက်နေဆဲဖြစ်ပါသည်။ ထိုမျှလောက်နှင့် အလုပ်မဖြစ်နိုင်သေးပါ။

ဤသို့ဖြင့် သမီးလေးသည် အလုပ်မရမီစပ်ကြား၌ အိမ်နီးနားချင်း အမျိုးသမီး အဖော်များနှင့် စက်မှုဇုန်အတွင်းရှိ ပဲရွေး၊ ငရုတ်သီးရွေးသော နေ့စားအလုပ်များကို မပျင်းမရိလိုက်လုပ်နေ၏။ ထိုစဉ်က ကျွန်ုပ်တို့မိသားစု၏ စားဝတ်နေရေးကျပ်တည်းမှုကြောင့် ကျွန်ုပ်ဗေဒင်ဆရာကိုလည်း မည်သူမျှ အထင်မကြီးကြပါ။ အိမ်စုတ်လေးနှင့်မို့ ဆိုင်းဘုတ်ကိုလည်း မတင်ရဲပါ။ အိမ်ထဲမှာ ချိတ်ထားသည်ကို မြင်ကြ၍ မဲ့သူက မဲ့၏။ ရယ်သူက ရယ်၏။ တစ်နေကုန်၍ တစ်ယောက်မှ မဟောရသေးပါ။ ကျွန်ုပ်ကလည်း တောသားပီပီ ဟိတ်တွေဟန်တွေ ဝါသနာမရှိ နေသေးသပ ချုံထဲက ချိုသွေးတမြမြ သာပါ။ (ကန်တော့ပါဆရာ)

သမီးလေးခမျာ ဟုတ်တိပတ်တိ ဘာမျှမလုပ်တတ်သေး၍ ပဲရွေးသွားလျှင်လည်း သူများလောက် မရပါ။ ငရုတ်သီးရွေးရလျှင် ပိုဆိုး၏။ လက်တွေပူ၊ မျက်စိတွေပူ၊ နှာခေါင်း မျက်ရည်တွေကျနှင့် သမီးလေးခမျာ ငိုပြီး ပြန်လာ၏။ မျက်စိမှာ ငရုတ်သီးပူလျှင် ခြေမကို ရေလောင်းရသည်ဟူသော နည်းကလည်း မတတ်နိုင်တော့ပါ။ လက်ကို ငရုတ်သီးပူပါက ဆန်အိုးထဲက ဆန်ကြားထဲ လက်ထည့်ထားပါက ခဏနှင့်ပျောက်၏။ သို့ပေမယ့် ဆန်အိုးထဲမှာ ဆန်မရှိပါ။

ဖခင်ဖြစ်သူ ကျွန်ုပ်ဗေဒင်ဆရာကြီး ကြံရာမရပါ။ သမီးလေးလက်ထဲမှာ ကျစ်ကျစ်ပါအောင် ဆုပ်ထားခဲ့သည့် နှစ်ရာတန်အနွမ်းလေးက တစ်နေကုန်အောင် ငရုတ်သီးရွေးလို့ရတဲ့ ပိုက်ဆံတဲ့။ သူ့အမေကို ပေးလိုက်လို့ မြင်လိုက်ပါသည်။ ယခုတိုင် အမှတ်ရနေပါသည်။

"မငိုပါနဲ့ သမီးရယ်၊ ငါ့သမီးက အလုပ်ကောင်းကောင်းရမှာကွ၊ ဒုက္ခဖြစ်လည်း ခဏပါ သမီးရယ်၊ တိတ်တိတ် သမီးလေး"

သမီးမိန်းကလေးဆိုတာ ဖခင်ကို ပိုပြီးခင်တွယ်တတ် အချစ်ပိုတတ်ကြပါတယ်။ ဖခင်ဖြစ်သူရဲ့ စကားဆိုတာ သူတို့အတွက် မဟာဩသဓနတ်ဆေး လိုပါပဲ။

ဤနေရာ၌ ဆိုစရာတစ်ခု ရှိပါသည်။ ဖခင်ဗေဒင်ဆရာက သူ့သမီး ဒီလောက်ဖြစ်နေတာ ဘာလုပ်နေလဲ၊ ယတြာတွေနဲ့ အလုပ်အမြန်ရအောင် လုပ်မပေးတတ်ဘူးလားလို့ ဆိုစရာရှိပါတယ်။ အမှန်အတိုင်း တင်ပြပါမည်။ ဗေဒင်ဆရာရော ဘာမို့လိုလဲလို့ ပြောချင်ပါတယ်။ ဗေဒင်ဆရာဆိုတာလည်း တန်ခိုးရှင်မှ မဟုတ်တာပဲ။ တန်ခိုးရှင်ကကော ကံတရားကို ကျော်နိုင်ပါ့မလား ဆိုချင်၏။

ကျွန်ုပ်သည် မဟာအာယုစန်း နက္ခတ်ဖြင့် ဗေဒင်ဟောသူဖြစ်ပါသည်။ ကျမ်းတစ်စောင် ပေတစ်ခု မပြုစုနိုင်သော်လည်း များစွာသော ဗေဒင် အတွေ့အကြုံများ ရှိပြီးဖြစ်နေပါသည်။ မိမိသားသမီးများ၏ ဇာတာများကို အလွတ်ရထားပြီး၍ မိစန္ဒီ၏ အာယုစန်း နက္ခတ် အနေအထားကို တွက်စရာမလိုအောင် သိနေပါသည်။ အလုပ်ကောင်း၊ ဌာနကောင်း၊ နေရာကောင်းသာ ဖြစ်ရမည်ဟု ယုံကြည်ပါသည်။ မဟာတတ်ထားသော အာယုစန်းပညာသည် မည်သည့်ပညာနှင့်မျှ မတူပါ။ ပညာခွင်အရ မကောင်းပါဟုဆိုလျှင် ကောင်းအောင် မည်သို့မျှ ပြုမရပါ။ ကောင်းပါသည်ဆိုလျှင်လည်း မည်သည့်တန်ခိုးရှင်မှ နှောင့်ယှက်၍ မရပါကောင်းပါ။

ထပ်ပြောပါဦးမည်။ ယတြာ ယတြာနှင့် ပြောကြ၏။ အဲဒီယတြာဆိုတာလည်း ကံလမ်းကြောင်းပေါ်မှာသာ မူတည်ပါသည်။ အာယုစန်းအကြောင်း အနည်းငယ်ဖော်ပြပါမည်။ ဆရာသမားကြီးများသည် အာယုစန်း အရှေ့တွင် မဟာတတ်၍ သုံးစွဲကြ၏။ လူ့ဘဝအတွက် လွန်စွာအရေးပါသော အထူးကဏ္ဍဖြစ်ပါသည်။

သမီးလေး မိစန္ဒီသည် ကရကဋ်လဂ်နှင့် ဥစ်ကြာသပတေးဖြိုက်ပူးသော ဇာတာဖြစ်ပါသည်။ လဂ်မှ ၉ တန့်သုဘ၊ ၁၀ တန့်ကမ္မ၊ ၁၁ တန့်လာဘ စုတ်ကြီးအိမ်ဟုခေါ်၏။ စုတ်အိမ်စုတ်ကြိုက်လျှင် ကောင်း၏။ စုတ်အိမ်ဥပဒ်ကြိုက်လျှင် မကောင်းပါ၊ ဥပဒ်အိမ်ဆိုပါက ဥပဒ်ကြိုက်လျှင် ကောင်း၏။



www.burmeseclassic.com

www.burmeseclassic.com

မိစန္ဒီ၏ အာယုစန်းသည် စုတ်ကြီးအိမ်၌ စုတ်ကြိုက်နေ၏။ အလွန်ကောင်းသည်ဟု ပောရာ၏။ လင်မှ ၉ တန့် သုဘာဘာဝနှင့် ၁၀ တန့် ကမ္ဘာဝတို့ အစပ်သို့ ရောက်နေသောကြောင့် စပ်ကူးမပ်ကူးကာလ အခက်အခဲ အနည်းငယ်ကြုံပြီး အားလုံးအဆင်ပြေသွားမည် ဖြစ်၏။

ကျွန်ုပ်တို့ မိသားစုများအားလုံးသည် အရေးကိစ္စတစ်ခုရှိပါက ဖြေရှင်းအောင်မြင်နိုင်ရန် မည်သို့သော ယတြာများပြုကြရမည်ကို နားလည်ပြီးနေကြပါသည်။ ဥပမာ ပြဿဒါးကျော်နည်းများ၊ အင်တာဗျူးနှင့် ရုံးပြင်ကနားကိစ္စများတွင်လုပ်ဆောင်ရမည့်နည်းကြမ်းယတြာများကို လည်းကောင်း၊ နေ့အလိုက် ဆောင်ရန် ရှောင်ရန်များ၊ အကျိုးပေးအရောင်များ စသည်တို့ကို ပြောစရာမလိုတော့ပါ။ ကျွန်ုပ်လည်း သင်မပေးခဲ့ရပါ။ သို့သော်လည်း ဇာတာဖွဲ့ခြင်း၊ ဟောစာတမ်းရေးခြင်းများကို ကူလုပ်ကြရင်းဖြင့် နားလည်သွားကြ၏။ ကျွန်ုပ်ဗေဒင်ဟောသော အသံများကို နားရည်ဝနေကြ၍လည်း ဖြစ်ပါသည်။

တစ်နေ့သောအခါ သမီးလေးသည် အော်ဟစ်၍ အပြေးတစ်ပိုင်းဖြင့် ပြန်လာသည်ကို တွေ့ကြရ၏။

"ဖေကြီးရေ၊ သမီးအလုပ်ရလာပြီ"

သမီးလေးခမျာ ပျော်ရွှင်လွန်း၍ ခုန်ပေါက်နေတော့၏။ မိဘများ ရင်ထဲဘယ်သို့ရှိမည်ဆိုတာ ပြောနေဖို့ မလိုပါ။

ကျွန်ုပ်က ဗေဒင်ဆရာပါ။ကျွန်ုပ်သမီးကို တစ်ခုခုလွဲနေသည်ဟု လတ်တလော အချိန် အင်္ဂဝိဇ္ဇာပညာဖြင့် မြင်ပါသည်။ သမီးလေးမျက်နှာကို အကဲခတ်ပါသည်။အပြစ်ကင်းစင်နေပါသည်။ မကျေနပ်သေးပါ။ တစ်ခုခုလွဲမှားနေပါလိမ့်မည်။ ငယ်ရွယ်နုပျိုပြီး လှသွေးကြွယ်နေသော သမီးလေးမို့ အစစဂရုစိုက်နေရ၏။

"သမီး ဘယ်မှာအလုပ်ရခဲ့တာလဲ"

"ဖေကြီးရာ၊ ရမယ့်ရတော့ ××× ကုမ္ပဏီမှာ ဖေကြီးရဲ့၊ ဟိုတစ်ခါက ဖေကြီးနဲ့သမီးတို့တောင် အဲဒီနိုတစ်ကို သွားကြည့်သေးတယ်လေ"

ကျွန်ုပ်ထင်တဲ့အတိုင်းပါပဲ။ အခုမှ ခက်ကုန်ပါပြီ။ ထို ဝန်ထမ်းအလိုရှိသည်ဆိုသော ကြော်ငြာဆိုင်းဘုတ်ကို ကျွန်ုပ် ကောင်းစွာမှတ်မိပါသည်။ သူတို့အလိုရှိသောဝန်ထမ်း၏ ပညာရေးမှာ Bcom ဘွဲ့နှင့် စာရင်းကိုင်ပညာ LCCI Level I. II. III အောင်ပြီးသူဖြစ်ရမည်။ ကွန်ပျူတာနှင့် ကောင်းစွာအလုပ်လုပ်နိုင်ရမည်ဟု ရေးထားသည်ကိုပါ မှတ်မိနေ၏။ သမီးလေး ရထားသောဘွဲ့နှင့် ဘာမှ မဆိုင်ပါ။ ရိုးမှရိုးကြရဲ့လားဟု သံသယတွေ ဝင်လာပါပြီ။

နောက်တစ်နေ့ သမီးလေးကို စက်ဘီးဖြင့် အလုပ်သို့လိုက်ပို့၏။ စက်ရုံအခြေအနေကို လုံခြုံရေးမှတစ်ဆင့် စုံစမ်းခဲ့၏။ ထိုနေ့က လုံခြုံရေးဝန်ထမ်းနှင့် ရင်းနှီးအောင်ပေါင်းခဲ့၏။ သမီးဖြစ်သူကိုလည်း စောင့်ရှောက်ပေးရန်နှင့် အမြင်မတော်က ဆုံးမနိုင်ကြောင်းအပ်နှံခဲ့၏။ မန်နေဂျာ ပြောစကားများပါ သိခဲ့ရ၏။ ၎င်းမန်နေဂျာသည် သုံးလ တစ်ကြိမ် လာ၍ စာရင်းစစ်တတ်ကြောင်းနှင့် မနေ့က မန်နေဂျာနှင့် သမီးလေးတို့မှာ ရှေ့ဆင့်နောက်ဆင့် ရောက်လာကြကြောင်းကိုပါ ပြောပြ၏။ ထိုစက်ရုံ၌ အလုပ်သမား အနည်းငယ်မျှသာရှိ၏။ သွင်းကုန်ထုတ်ကုန်နှင့် ကွန်တိန်နာအဝင်အထွက် ပစ္စည်းများထိန်းသိမ်းရာဌာန ဖြစ်ပါသည်။ ရုံးခန်းအတွင်း၌ တာဝန်ခံစာရေးမကြီးသည် ကိုယ်ဝန်ဆောင်ထားသည်ကို တွေ့ခဲ့ရ၏။ သမီးလေးက ထိုကိုယ်ဝန်ဆောင်စာရေးမကြီးနှင့်တွဲလုပ်ရ၏။

ညနေရုံးဆင်းချိန် သမီးလေးကို စက်ဘီးနှင့်သွားကြိုပါသည်။ သမီးလေးနှင့်အတူ ကိုယ်ဝန်ဆောင်စာရေးမတို့ အတူတွဲထွက်လာသည်ကို တွေ့ရပါသည်။ သမီးလေး အလုပ်အကြောင်းကို ဘာမျှမမေးခဲ့ပါ။ ရိုးရိုးဘွဲ့လောက်သာ ရထားပြီး မည်သည့်သင်တန်းမှ မတက်ရသေးသဖြင့် အဆင်မှပြေပါ့မလားဟု စိုးရိမ်နေရ၏။

ဤသို့ဖြင့် ဆယ်ရက်ခန့်ရှိသောအခါ အလုပ်ထဲမှ မပြီးသောစာရင်းစာအုပ်များကို အိတ်တစ်ခုဖြင့်ထည့်ဆွဲလာပြီး အိမ်ရောက်သည်နှင့် ခေါင်းငုံ့၍ ငိုနေတော့၏။ သူ့အမေက မေးတော့ အဲဒီအလုပ်တွေ မလုပ်ချင်တော့ဘူး။ အလုပ်ထွက်တော့မည်ဟု ပြောပြောပြီး ငိုနေ၏။ စာရင်းအင်း အလုပ်များသည် သမီးလေးအတွက် အစိမ်းသက်သက်ဖြစ်နေ၍ ဖိအားပေးခြင်းခံနေရသည့်သဘော ဖြစ်ပါသည်။

တော်သေး၏၊ သမီးလေးအလုပ်တွေကို ကျွန်ုပ်ကိုယ်တိုင် ဝိုင်းလုပ်ပေးနိုင်သူဖြစ်၏။ရောဝတီတိုင်း ဆန်စက်ပိုင်ရှင်များအသင်း၌ အထွေထွေမန်နေဂျာတာဝန်ကို ထမ်းဆောင်ခဲ့ဖူးသူဖြစ်၍ တက္ကသိုလ်ဝင်တန်းကို ကကြီးအဆင့်နှင့် အောင်ခဲ့သော ပညာရေးများသာ မရှိခဲ့ပါလျှင် ခက်ပေတော့မည်ဖြစ်၏။ သို့မဟုတ်ပါက ကျွန်ုပ်ဗေဒင်ဆရာ ကိုယ့်သမီးကို ပြန်ဟောပါမှပဲ လွဲရတယ် ဖြစ်ပေမည့်ကိန်း ဆိုက်နေ၏။





www.burmeseclassic.com

www.burmeseclassic.com

ဤသို့ဖြင့် သမီးလေးသည် အလုပ်ထဲတွင်လည်း တာဝန်ခံစာရေးမကြီးက သင်ပေးလိုက်၊ အိမ်ရောက်သောအခါ ကျွန်ုပ်မှ ကူလုပ်ပေးရင်း သင်ပေးလိုက်နှင့် အတော်လေးအဆင်ပြေလာပါပြီ။ နောက်ရက်များတွင် သမီးလေး မျက်နှာပြုံးရွှင်နေသည်ကို တွေ့ရပါတော့သည်။ စိတ်ရင်းက ရိုးသား၏။ အလုပ်ကိုလည်း ကြိုးစား၏။ ကံကလည်း ကောင်းနေ၏။ ဘာလိုသေးလို့လဲ။ သမီးလေးက တာဝန်ခံစာရေးမကြီးကို၊ ကိုယ်ဝန်ဆောင်နေ့မှ အစစကူညီတတ်၏။ ရေအိမ်သွားသည်ကိုပင် ချော်လဲမှာစိုး၍ အဖော်လိုက်ပေးတတ်၏။ လုပ်စရာရှိသမျှကို သူ့ကိုခိုင်းပါ။ နားလည်အောင်တော့ ပြပေးပါဟု ရိုးရိုးသားသား ပြောတတ်၏။

ထိုရက်ထဲမှာပင် သမီးလေးက အခြေခံကွန်ပျူတာသင်တန်း ပြီးသွားပါပြီ။ ထိုတာဝန်ခံစာရေးမကြီး ကိုယ်ဝန်လစေ့၍ ကလေးမွေးဖွားခွင့်ယူချိန်၌ သမီးလေး တာဝန်ထမ်းဆောင်မှုက အားလုံးအဆင်ပြေနေပါပြီ။ မန်နေဂျာကလည်း အလုပ်ကြိုးစားသောသမီးလေးကို ယုံကြည်စိတ်ချနေပါပြီ။ တာဝန်ခံစာရေးမလည်း အလုပ်ပြန်ဝင်နိုင်ပါပြီ။

ဤသို့ဖြင့် တစ်နေ့သောအခါ မန်နေဂျာရောက်လာ၏။ လုပ်ငန်းများကို စစ်ဆေးပြီးသောအခါ -

"သမီး မစန္ဒီ၊ မနက်ဖြန်ကျရင် ကိုယ်ရေးရာဇဝင်နဲ့ ဘွဲ့လက်မှတ်တွေယူပြီး ရုံးချုပ်ကိုလာခဲ့ပါ"

နောက်တစ်နေ့တွင် ရုံးချုပ်မှာ အစည်းအဝေးလုပ်သော အခန်းထဲကို ဝင်ရပါသည်။ ကုမ္ပဏီမှ လူကြီးများ ရှိနေပါပြီ။ သူတို့လူကြီးပိုင်းတွေ ပြောစရာရှိသည်များပြော၍ ပြီးကြသောအခါ မစန္ဒီ၏ ကိုယ်ရေးရာဇဝင်ကို မန်နေဂျာက ဖတ်ပြသည်။ ဖတ်နေရင်းမှပင် မန်နေဂျာက -

"ဟာ ဟေ့၊ ဒါက ဘယ်လိုဖြစ်တာလဲ မစန္ဒီ၊ မင်းရဲ့ပညာအရည်အချင်းက BA. hist ဆိုပါလား"

မစန္ဒီ မတ်တတ်ရပ်ပြီး ပြောပါသည်။

"ဟုတ်တယ်လေ ဆရာ၊ သမီးက BA. hist ပါ"

"ဟ- မဟုတ်သေးဘူးလေ၊ တို့နို့တစ်ထဲမှာ "

"ဟုတ်ကဲ့ သမီးသိပါတယ်ဆရာ၊ သမီး မလိမ်တတ်ပါဘူး၊ သမီးအလုပ်လုပ်ချင်လို့ပါ ဆရာလို့ ပြောပါတယ်"

ထိုနေ့အစည်းအဝေးသည် သမီးလေးကို တာဝန်ခံစာရေးမအဖြစ် ရာထူးတိုး လစာတိုးပေး၍ ပထမစာရေးမကြီးကလည်း ရာထူးတိုးပြီး နယ်ပြောင်းရမည့်ကိစ္စကို စီစဉ်ဆောင်ရွက်ကြခြင်းဖြစ်ပါသည်။ လုပ်ငန်းနှင့် သမီးလေးက အံဝင်ခွင်ကျဖြစ်နေပြီး အလုပ်အပေါ် စိတ်ဝင်စားသူဖြစ်၍ ထုတ်ပယ်စရာမရှိပါ။ မန်နေဂျာကိုယ်တိုင် စာရင်းကိုင်သင်တန်းကို လိုက်အပ်ပြီး ငွေထုတ်ပေးခဲ့ပါသည်။

ဤနေရာ၌ တစ်ခု ဆိုချင်၏။ အကယ်၍သာ အလုပ်အမြန်ရအောင် ယတြာပြုခဲ့ပါလျှင် အလုပ်သာ ရသွားပါမည်။ ဤမျှလောက် ဤကဲ့သို့ မမျှော်မှန်းနိုင်သော ရာထူးမျိုး၊ လစာမျိုး ရလိမ့်မည်မဟုတ်ပါဟု ဆိုချင်၏။ ထို့ကြောင့် သမီးလေးကဲ့သို့ ရိုးရိုးဘွဲ့ရထားသူများလည်း လူဆိုတာ လုံ့ထမ်းလာတာကိုပဲ မြင်၍ ကံထမ်းလာတာကို မမြင်ရဆိုသော စကားလည်း ရှိပါသေးသည်ဟုလည်းကောင်း၊ ရိုးသားကြိုးစားပြီး ဗီယဝါစာစကားကိုလည်း ဆိုပါ၊ နက္ခတ် ဇာတာစန်းလက်တို့လည်း ကောင်းပါက အောင်မြင်ကြပါလိမ့်မည်ဟု အားပေးစကား လက်ဆောင်ပါးလိုက်ပါသည်။

အကယ်၍များသာ သမီးလေးသည် သုံးလမှ တစ်ခေါက်လာတတ်သောမန်နေဂျာရောက်ခိုက်နှင့် မကြုံခဲ့ပါမူ လည်းကောင်း၊ အကယ်၍များ မန်နေဂျာသည် သမီးလေး အလုပ်ဝင်လျှောက်သောနေ့၌ ဘွဲ့လက်မှတ်ကို စစ်ဆေးခဲ့လျှင်လည်းကောင်း၊ သို့မဟုတ် စာရင်းကိုင်သင်တန်း အောင်လက်မှတ်ကို တောင်းခဲ့လျှင်လည်းကောင်း သမီးလေးသည် ထိုအလုပ်ကို မရနိုင်ပါ။

သမီးလေးသည် ပဲခွေး၊ ငရုတ်သီးခွေး သွားရင်းဖြင့် ထိုအလုပ်ခေါ်ဆိုသော ဆိုင်းဘုတ်ကို နေ့တိုင်းလိုလို မော့မော့ကြည့်သွား၏။ တစ်နေ့တော့ ဘာပဲဖြစ်ဖြစ် ရရ မရရ ဝင်လျှောက်ကြည့်ဦးမည်ဟု ဆုံးဖြတ်ခဲ့၏။ ဘာပဲလုပ်ရ လုပ်ရ၊ ဘယ်လောက်ပဲပေးပေး ဟူသော တစ်စုံတစ်ရာ မျှော်လင့်ချက်မထားခဲ့ဘဲ အလုပ်ဝင်လျှောက်ခဲ့၏။ မန်နေဂျာမှ 'အခြေခံလစာဘယ်လောက်မှန်းထားပါလဲ'ဟု မေးသောအခါလည်း 'သင့်တော်သလိုပေးပါ သမီး အလုပ်လုပ်ချင်လို့ပါ'ဟု ပြောခဲ့၏။ မန်နေဂျာမှ နောက်နေ့အလုပ်လာဆင်းပါဟုတစ်ခွန်းသာ ပြောတော့၏။ ထို့ကြောင့် ကံထမ်းလာသည့် မစန္ဒီသည် ယနေ့မှာတော့ တစ်လလျှင် ငါးသိန်းရသော လစာဖြင့် တာဝန်ခံအရာရှိ ဝန်ထမ်းတစ်ဦး ဖြစ်နေကြောင်း ဗေဒင်ပညာဖြင့် ပူးတွဲဖော်ပြလိုက်ပါသည်။

မှတ်ချက် - ဆရာဦးစိုးဝင်း၏ နက္ခတ္တဗေဒ သုတေသီ၏ ကိုယ်တွေ့ဖြစ်ရပ်မှန်။

**ရန်ကုန် ကြည်မင်းစန်**

❑



www.burmeseclassic.com

www.burmeseclassic.com



ဆရာအောင်ကျော်နိုင်
(ရွှေစေတီ)

# ပစ္စည်းပျောက်နှင့် မဟာဘုတ်

တစ်နေ့ နေသာချိန် နံနက်ပိုင်း ဗေဒင်ဆိုင်ခန်း ဖွင့်ထားသော လှိုင်သာယာ၊ မြို့ဦးစေတီတော် တောင်ဘက်မုခ် သူတော်စင်များနန်းအနီးသို့ ဆိုင်ဖြေ့တွင် မားခနဲရပ်လာသော စာရေးဆရာ ဟယ်ာတနေမျိုးထက်အား ရုတ်ဖာရက် တွေ့ရလေသည်။

"ဟာ- ဆရာနောင်း ဘယ်က လှည့်လာသလဲ၊ လာထိုင်"

"အဲ- တံတားဖြူဘက်ကပဲ၊ မနေ့က လွှတ်လပ်ရေးနေ့ အမှတ် (၇) ရပ်ကွက်က အရဏ်ဦးစာကြည့်တိုက်ဖွင့်ပွဲ ဆရာသွားရတယ်လို့ ကြားတယ်"

"အေးဗျာ၊ ဦးမြင့်ဆွေဖိတ်တာ ဆရာဦးဆန်းဝင်းလည်း လာတယ်၊ ဥက္ကဋ္ဌကိုယ်စား အမှာစကားပြောရတယ်၊ ဆရာဦးဆန်းဝင်းက လစဉ် လပြည့်ဝန်းမဂ္ဂဇင်းတစ်အုပ် လှူတယ်၊ ကျွန်တော်လည်း တစ်လ (၃၀၀ဝိ/) လစဉ်အလှူရှင်စာရင်းမှာ ပါဝင်လှူဒါန်းခဲ့ပါတယ်ဗျာ"

"သာဓုပါ ဆရာရယ်၊ နောင် ကလေးတွေအတွက်ပေါ့၊ အင်း . . ကောင်းလိုက်တာ"

"အင်း . . အခု ဒီနေ့ရော ဘာများသိချင်၊ မေးချင်သေးလဲဗျာ ဆရာသောင်း၊ ဗေဒင်မေး ပါးတုန်း မေးရမှာဗျ"

"အင်း . . ဒီတစ်ပတ်တော့ ပစ္စည်းပျောက်တာနဲ့ပတ် သက်တဲ့ ဗဟုသုတတွေ မေးချင်တယ်ဗျ၊ ခပ်ဆန်းဆန်းလေး မေးချင်တာဗျ"

"အယ် ဘယ်လိုခပ်ဆန်းဆန်းလေး မေးမှာလဲ ဆရာသောင်း၊ ဒီနေ့တော့ ခင်ဗျား ထူးဆန်းနေပါလား"

"ဟုတ်တယ်လေ၊ ကိုယ့်ဆရာကို ပညာစမ်းတာတော့ မဟုတ်ပါဘူးဗျာ လေးစားလို့ ဒီလိုမေးချင်တာပါ"

"ကဲ- ခင်ဗျားမေးခွန်း စပေတော့ဗျာ၊ စမ်းပြီးဖြေကြည့် ရအောင်"

"ဒီလို ဆရာကျော်ရဲ့ ပျောက်တာက ကျွန်တော့်သား ပစ္စည်းဗျ၊ ဒါပေမဲ့ ပြန်ရတယ်၊ ခိုးသွားတာတော့ မဟုတ်ဘူး ဆရာ၊ ခိုးသလိုမျိုး ဖြစ်တာပါ၊ အဲဒီမှာ ကျွန်တော့်သား ပျောက်တာ ဘာပစ္စည်းလဲ၊ ဘယ်နာမည်ရှိတဲ့လူ ယူတာလဲ အဲ အဲဒီနှစ်ခု သိချင်တာ"

"သြော်- ဒါ ရှေးရှေးတုန်းကတွက်တဲ့ ကိုးကောင်း ဆရာတော်ကြီးတွေ တွက်နည်းနဲ့ ဆင့်ဆင့်ပဲဗျ၊ ခင်ဗျားမေး ပြန်သတိရတယ်ဗျာ။

ကဲ- တွက်ကြည့်ရအောင်နော်၊ ဒီနေ့ မြန်မာလ နှရက်လဲဗျ ဦးသောင်း"



www.burmeseclassic.com

www.burmeseclassic.com

"အဲ ဒီနေ့ မြန်မာလို ၆ ရက်နေ့ဗျာ"

"နေ့ကကောဗျာ"

"ဗုဒ္ဓဟူးနေ့ဗျာ"

ဦးသောင်း ပြက္ခဒိန်ကို ကြည့်၍ပြောသော ဂဏန်းကို အားချ၍ ကျွန်ုပ် တွက်ချက်လိုက်ပါသည်။ ထို့နောက်တွင်တော့ အဖြေရသောအခါ -

"ကဲ- ဦးသောင်း၊ ခင်ဗျားကို ပါးစပ်နဲ့မပြောဘူး၊ စာနဲ့ လိုက်မှတ်ရင် ပိုကောင်းမယ်၊ မှတ်မှတ်ရရပေါ့ဗျာ"

"အာ ဟာ- အဖြေတောင် ထွက်နေပြီလား၊ ကဲ မှတ်ပါ့မယ် ဆရာကျော်ရယ်၊ အမိန့်ရှိပါတယ် မြန်တာပဲဆရာ"

"အင်း ချက်ချင်းသိနိုင်တဲ့ ပညာရပ်ပါ၊ သိပ်တော့ မခဲယဉ်းပါဘူးဗျာ"

"ဟုတ်ကဲ့ ပြောပါတော့၊ သိချင်လှပြီ"

"ကောင်းပါပြီ"

"ပထမအဖြေက ဦးသောင်းသား ပျောက်တဲ့ပစ္စည်းကို ပြောမယ်"

"ဟုတ်ကဲ့ဆရာ ပြောပါ"

"အဲဒါ ကက်ဆက်လိုဟာမျိုး၊ ဒါမှမဟုတ် တနင်္လာ အစ၊ အင်္ဂါအဆုံးရှိတဲ့ နာမည်ရှိတဲ့ ပစ္စည်းဖြစ်နိုင်ပါတယ်"

"အ . . အား မှန်လိုက်လေ ဆရာ၊ ဟုတ်ပါတယ် ကက်ဆက်ပါပဲဗျာ"

"နောက်တစ်ခုက ယူသွားတဲ့လူ နာမည်ပေါ့နော်"

"ဟုတ်ပါတယ် ခင်ဗျ"

"အင်း အဲဒါကတော့ အင်္ဂါနံအစနဲ့ ဗုဒ္ဓဟူးအဆုံးရှိတဲ့ နာမည်မျိုးဖြစ်နိုင်တယ်ဗျ၊ ဥပမာ စိုးလွင်တို့ ဘာတို့ပေါ့ဗျာ"

"အား . . ဒါလည်းမှန်တာပဲ ဆရာကျော်၊ နာမည်က အင်္ဂါအစ ဗုဒ္ဓဟူးအဆုံး နာမည်ပါပဲ၊ စိန်လွင်ပါတဲ့ဗျာ၊ အသံဖမ်းစရာရှိလို့ ခဏယူသွားတာတဲ့၊ အဲဒါ နောက်တော့လာပို့ပါတယ်၊ အား . . မှန်လှချည်လား ဆရာရယ်၊ ဘယ်လိုနည်းနဲ့များ တွက်သလဲဆိုတာ သိပါရစေဆရာ"

"သိရပါတယ်၊ ကဲ ဒီနေ့မြန်မာလို အခုနက ခင်ဗျားပြောတာ ၆ နော်၊ နေ့က ဗုဒ္ဓဟူးနေ့ ဟုတ်တယ်နော်"

"ဟုတ်ပါတယ်ဆရာ"


"ဟုတ်ပြီ၊ အဲဒီနှစ်ခုပေါင်းတော့ ဘယ်လောက်ရလဲ ပေါင်း"

"သြော် နေ့နဲ့ ရက်နဲ့အရင်ပေါင်းတာလား ၆+၄=၁၀ ပေါ့ဆရာကျော် (၁၀) ရပါတယ်"

"ဟုတ်ပြီ၊ အဲဒီ (၁၀) ကို (၇) နဲ့စားလိုက်စမ်းပါဗျာ"

"(၁၀) ကို (၇) နဲ့စားတော့ (၃) ကြွင်းပါတယ်"

"ကဲ အဲဒီ (၃) ကို ဘင်္ဂအိမ်မှာစပြီး မဟာဘုတ်ထူပြီး လိုက်စမ်းပါ ဆရာသောင်း"



"၃ ခုကြွင်း မဟာဘုတ်ထူပြီးပါပြီ"

"ဟုတ်ပြီ၊ အဲဒီမှာ အထွန်းဖြိုဟ်နဲ့ ဘင်္ဂဖြိုဟ်ကို တွဲရမယ်၊ ဒါ ပစ္စည်းနာမည်ရမယ်၊ အထွန်းက တနင်္လာ၊ ဘင်္ဂဖြိုဟ်က အင်္ဂါ၊ တနင်္လာ အစ၊ အင်္ဂါအဆုံး ပစ္စည်းနံ ကက်ဆက်ပေါ့"

"သြော် ဒီလို တွဲတာလား၊ မိုက်လှချည်လား ဆရာ တန်းနေတာပဲ"

"နောက် ယူသွားတဲ့ လူနာမည်ကျတော့ ဘင်္ဂဌာနနဲ့ ပုတိဌာနကို ယူရမယ်"

"အဲ . . ဘင်္ဂက အင်္ဂါ၊ ပုတိက ဗုဒ္ဓဟူး၊ အင်္ဂါအစ ဗုဒ္ဓဟူးအဆုံး နာမည် စိုးလွင်၊ အား မိုက်တယ်ဆရာ၊ သူလည်း တန်းနေတာပဲ"

"ရှေးဆရာကြီးတွေ တစ်ဆင့်စီ လက်ဆင့်ကမ်းလာတာ အဲဒီပစ္စည်းပျောက် တွက်ပုံတွေ အများကြီးရှိတယ်၊ အင်္ဂဝိဇ္ဇာနည်း ရှိတယ်၊ ပစ္စည်းပျောက် လင်္ကာတွေလည်း ဆရာသောင်း ရသားပဲ"

"သူရဋ္ဌ သောကြ ထောက်ဆက်တဲ့အိမ်တွင်းမှာ အစရှိတဲ့ ပစ္စည်းပျောက်ရှာတာ အင်္ဂဝိဇ္ဇာအခါတိုင်းအရ ရှာပုံတွေ လေ့လာဖူးပါတယ်၊ ဒီနည်းက တစ်နည်းတစ်ဖုံဆန်းနေသလို ပဲဆရာ"

"အေးလေ၊ ဒါ မဟာဘုတ်ပညာရပ်လို့ခေါ်တယ်၊ အခု အဲဒီမဟာဘုတ်နဲ့ပဲ ခင်ဗျားအိမ်မှာ ဘာဟင်းနဲ့စားခဲ့တယ်ဆိုတာလည်း ပြောလို့ရသေးသဗျား"

"သြော် ဒါဖြင့်ပြောစမ်းပါ ဆရာရယ်၊ ဘယ်လိုနည်းများပါလိမ့်၊ ဒီနေ့ဗုဒ္ဓဟူးနေ့ဆိုတော့ (၄) ဗျာ၊ အခု ဘယ်အချိန် ရှိပြီလဲဗျာ၊ နေ့လယ်ပေါ့"

"နေ့လယ် ၂ နာရီ ၂၀ မိနစ်ဆရာ"

"ဒါဆို အခါက နံပါတ် (၆) တစ်နာရီခွဲကနေ သုံးနာရီအတွင်း ကျရောက်တဲ့ တနင်္ဂနွေ အခါပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါတယ်ဆရာ"

"အခုန ဗုဒ္ဓဟူးနေ့ (၄) နဲ့ တနင်္ဂနွေအခါ (၁) နဲ့ ပေါင်းတော့ (၅) ရတယ်၊ ၇ နဲ့ စားစရာမလိုတော့ဘူး မဟာဘုတ်ကြည့်ဗျာ"

| | | |
|---|---|---|
| | ၂ | |
| ၄ | ၀ | ၇ |
| ၁ | ၅ | ၆ |

"၅ ကြွင်း မဟာ့ဘုတ်ရပြီ ဆရာ"

"အဲဒီမှာ အထက်က ယူသလို အထွန်းဖြိုဟ်နဲ့ ဘင်္ဂဖြိုဟ်ယူရင် လက်ဖက်သုပ်နဲ့ စားလာတာလို့ ပေါ်တာပေါ့၊ ပဲတွေ များများထည့်ထားသလားပဲ"

"ဟိုက်ရှားဘား မှန်ပါတယ် ဆရာ၊ အဲဒီနည်းတော့ ကြားဖူးတယ် ဆရာ၊ မဟာဘုတ်ဆရာကြီးတွေ ညွှန်ပြတာကို လေ"

"ဟုတ်ပါတယ်၊ ဆရာသောင်းရေ"

"ကဲ- ဒီနေ့လာတာ ဆရာ့ဆီက လျှို့ဝှက်တဲ့ပညာတွေ ထပ်သိရတဲ့အတွက် အများကြီး ဝမ်းမြောက်ကျေးဇူးတင်မိပါတယ်ခင်ဗျား၊ ကဲ- ဒီနေ့လုံလောက်ပါပြီ၊ ဆရာ့ကို ဧည့်ဝတ်ပြုဖို့ လက်ဖက်ရည်မှာပါမယ့် မုန့်ကောဆရာ"


"မုန့်မစားဘူး၊ ဘူးသီးကြော်ဆိုင်က အကြော်နဲ့သာ ဝယ်တော့၊ ရေနွေးက ဒီမယ်၊ လက်ဖက်ခြောက်တောင် ကျနေပြီ ဆရာသောင်းရ"

"ဟာ- အတော်ပေါ့"

သို့နှင့် လက်ဖက်ရည် မှာရန်နှင့် အကြော်ဝယ်ရန် ဘက်ထရီမောင်သောင်း ထွက်သွားလေတော့သတည်း။

**ဆရာအောင်ကျော်ခိုင်(ရွှေစေတီ)**

□


ချမ်းသာရေးအတွက်

ကျန်းမာရေး

လက်ဆောင်

ဒေါက်တာ နိုက်တင်ဂေးလ်

ဖြန့်ချိရေး - ဝေယျာမြေစာပေတိုက်
အမှတ်(၇၂၄)၊ အခန်း(၁၈)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း
(၁၇×၁၈)လမ်းကြား၊ လသာမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၄၅၂၂၂၈၅၉၈






www.burmeseclassic.com

www.burmeseclassic.com

## ကိုမာတိ(ဝန်းတောကြီး)

# ကြီးပွားချမ်းသာ အောင်ကြောင်းဖြာ



လောကဧ္ဍ ဆရာနှင့်ကင်းခဲ့သည့် လူသားဟူ၍ မရှိ။ တစ်နည်းနည်းဖြင့် ပတ်သက်ဆက်နွယ်ခဲ့ကြသည်သာ ဖြစ်ပါသည်။ ဆရာကို အကျဉ်းအားဖြင့် နှစ်မျိုးနှစ်စားခွဲခြား၍ ရသည်။ လောကုတ္တရာဆရာနှင့် လောကီဆရာ ဟူ၍ဖြစ်ပါသည်။ လောကုတ္တရာဆရာသည် လောကုတ္တရာစာပေများကို သင်ကြားပေးပြီး သံသရာဝဋ်ဒုက္ခအပေါင်းမှ လွတ်ရာလွတ်ကြောင်း နည်းပေးလမ်းပြသူဖြစ်သည်။ ရှင်သာမဏေ ဝတ်ပေးသူ ရဟန်းခံပေးသူ၊ ကျမ်းဂန်အရပ်ရပ်ကို သင်ပေးသူတို့သည် လောကုတ္တရာဆရာများ ဖြစ်ကြသည်။ လောကီရေးရာစာပေများ၊ အတတ်ပညာများ၊ သက်မွေးဝမ်းကျောင်းမှု တစ်ခုခု သင်ပေးသူတို့သည် လောကီရေးရာဆရာများ ဖြစ်ကြသည်။

ထိုဆရာ နှစ်မျိုးစလုံးမှာ 'အာစရိယ' ဂိုဏ်းဝင်များ ဖြစ်ကြသည်။ တစ်နည်းဆိုရချေက ခင်ပွန်းကြီး (၁၀)ပါးတွင်လည်း ပါဝင်ကြသူများ ဖြစ်ကြသည်။ ထိုဆရာတို့၏ ဂုဏ်အင်္ဂါတို့မှာ တပည့်လက်သားတို့အပေါ်တွင် ကြီးပွားစေလိုသောမေတ္တာတရား၊ သနား ကြင်နာမှု၊ တပည့်တို့၏ လွဲမှားသော အသိအမြင်တို့ကို တည့်မတ်ပေးရပါသည်။ အောက်လက်တို့ အကြား မသိ နားမလည်မှုကို အခွင့်ကောင်းယူရန် မဟုတ်သလို အဆင်းဘီးတပ်ပေးရန်လည်း မဟုတ်ပေ။

အုပ်ချုပ်မှုယန္တရားတွင် ပါဝင်ကြသော ရပ်ကွက်ကျေးရွာ အောက်ဆုံးအဆင့် ဆယ်အိမ်မှူး၊ ရာအိမ်မှူးတို့မှအစပြုလျက် နိုင်ငံတော်သမ္မတကြီးအဆင့်အထိ အာစရိယဂိုဏ်းဝင်များအဖြစ်နှင့် ယေဘုယျသတ်မှတ်နိုင်ပါ၏။

အဘယ့်ကြောင့်ဆိုသော် သူတို့သည်လည်း တပည့်လက်သား တိုင်းသူ ပြည်သားတို့အပေါ် သနားကြင်နာရှေ့ရှုစွာဖြင့် ကြီးပွားရာ ကြီးပွားကြောင်း နည်းပေးလမ်းပြလျက် ကျောသားရင်သား မခွဲခြားဘဲ အုပ်ချုပ်ရမည့်တာဝန်ရှိသောကြောင့် ဖြစ်ပါသည်။ အပြောတစ်မျိုး အလုပ်တစ်မျိုးလည်း မဖြစ်သင့်ပေ။

လောကသည် အကောင်းအဆိုး ဒွန်တွဲလျက်ရှိသဖြင့် ဆရာကောင်း သမားကောင်း မပီသသူများလည်း ရှိတတ်ပါသည်။ ထိုသူများကား လူပါး လူလည်များ ဖြစ်ကြပါသည်။ လူပါး ပုလင်းကွဲရှတတ်သည့် စကားပုံလည်း မမေ့အပ်သင့်ကြောင်း သတိပြုသင့်ပါသည်။ မည်သို့ပင်ဖြစ်စေ အောင်မြင်ကြီးပွားလိုသူတို့သည် ဆရာကောင်း သမားကောင်းများကို ရှာဖွေလျက်မှီဝဲ ဆည်းကပ်ရမည်ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဘုရားရှင်လက်ထက်က အဂ္ဂသာဝကကြီး နှစ်ပါး၏ အလောင်းအလျာဘဝဖြစ်စဉ်ကို အတုယူသတိပြုသင့်ပါ၏။

အာစရိယဂိုဏ်းဝင် ခင်ပွန်းကြီး(၁၀)ပါးကို မပြစ်မှား သင့်ကြောင်း မြတ်စွာဘုရား ဟောကြားထားခဲ့ပေသည်။ ထို ခင်ပွန်းကြီး(၁၀)ပါးအား ပြစ်မှားကျူးလွန်မိပါက ဒဏ်(၁၀)ပါး သင့်မည်ဟု အတိအလင်း သွန်သင်ဆုံးမထားသလို ထိုမှ တစ်ဖန် ၎င်းခင်ပွန်းကြီး(၁၀)ပါးအား ကျေးဇူးသိတတ် ကျေးဇူးဆပ်ပါက ကောင်းကျိုး(၁၀)ပါး လက်တွေ့ခံစားရ တတ်သည်ကိုလည်း ဟောဖော်ညွှန်ပြထားပါသည်။

ထိုခင်ပွန်းကြီး (၁၀) ပါးမှာ -

(၁) မြတ်စွာဘုရား
(၂) ပစ္စေကဗုဒ္ဓါ
(၃) ရဟန္တာ
(၄) အဂ္ဂသာဝကကြီး နှစ်ပါး (ရှင်သာရိပုတ္တရာနှင့် ရှင်မဟာမောဂ္ဂလာန်)
(၅) မိခင်
(၆) ဖခင်
(၇) မိမိထက် သီလ၊ သမာဓိ၊ ပညာကြီးမြတ်သူ
(၈) မိမိကို ပညာသင်ကြားပေးသော ဆရာ
(၉) မိမိကို အသေကောင်း၊ အနေကောင်းအောင် တရား ဟောတရားပြပေးသူ
(၁၀) မိမိအား ကူညီမစ စောင့်ရှောက်ပေးသူတို့ ဖြစ်ပါသည်။

ထိုခင်ပွန်းကြီး (၁၀)ပါးမှ တစ်ပါးပါးကို ပြစ်မှားကျူး လွန်မိပါလျှင် ဒဏ်(၁၀)ပါး သင့်မည် ဖြစ်ပါသည်။

(၁) ရောဂါဆန်းများ ဖြစ်တတ်ခြင်း၏
(၂) စီးပွားကို ခက်ခဲပင်ပန်းစွာ ရှာဖွေရခြင်း
(၃) ခန္ဓာကိုယ် [illegible] ကျိုးကျန်း ထိခိုက်ခြင်း
(၄) ပွေး၊ ဝဲ၊ ဟားနာ၊ အရေပြားရောဂါတို့ဖြစ်ခြင်း
(၅) ဘေးအန္တရာယ် ကျရောက်ခြင်း
(၆) မင်းဘေး မင်းဒဏ်သင့်ခြင်း
(၇) အကဲ့ရဲ့ အစွပ်စွဲခံရခြင်း
(၈) ဇနီးမယား၊ သမီး၊ သားတို့နှင့် ရှင်ကွဲ(သို့) သေကွဲ ကွဲရခြင်း
(၉) လွန်စွာ ဆင်းရဲဒုက္ခရောက်ခြင်း
(၁၀) ဥစ္စာပစ္စည်းများ အရောင်းအဝယ်မဖြစ်၊ လူလိမ်ခံရ၊ ဓားပြတိုက် မီးလောင် စသဖြင့် ခံရတတ်ပါသည်။

ကောင်းကျိုး (၁၀)ပါးမှာ -

(၁) ရောဂါဆန်းများ မဖြစ်နိုင်ခြင်း
(၂) စီးပွားကို လွယ်ကူစွာရှာဖွေရရှိနိုင်ခြင်း
(၃) ခန္ဓာကိုယ် ကျိုးကန်းလောက်အောင် မထိခိုက်နိုင်ခြင်း
(၄) ဘေးအန္တရာယ် မကျရောက်နိုင်ခြင်း
(၅) ပွေး၊ ဝဲ၊ ဟားနာ၊ အရေပြားရောဂါတို့ မဖြစ်ခြင်း
(၆) မင်းဘေးမင်းဒဏ် မသင့်နိုင်ခြင်း
(၇) အကဲ့ရဲ့ အစွပ်စွဲမခံရခြင်း
(၈) ဇနီးမယား၊ သမီး၊ သားတို့နှင့် ဥမကွဲ သိုက်မပျက် နေရခြင်း
(၉) လွန်စွာ ဆင်းရဲဒုက္ခမရောက်နိုင်ခြင်း
(၁၀) ရာထူးစည်းစိမ်များနှင့် ပြည့်စုံနိုင်ခြင်းတို့ ဖြစ်သည်။

လူလောက လူလာဖြစ်ပြီဆိုကတည်းက မည်သူမဆို စားဝတ်နေရေးအတွက် ရှာဖွေရုန်းကန်ကြရတော့မည် ဖြစ်ပါသည်။ ထိုသို့ရှာဖွေကြတော့မည်ဆိုလျှင် ခင်ပွန်းကြီး(၁၀)ပါး အနက် တစ်ပါးပါး၏ နည်းပေးလမ်းညွှန်မှုကို ခံကြရတော့ မည်ဖြစ်ပါသည်။ သို့မှသာ အောင်မြင်ကြီးပွား လမ်းမမှားနိုင် မည်ဖြစ်ပါသည်။ ထို့အပြင် မပြစ်မှားသင့် မပြစ်မှားထိုက်သည် တို့နှင့် ကျေးဇူးသိတတ် ကျေးဇူးဆပ်တတ်မှလည်း ကျရောက် ဆဲ ကျရောက်လတ္တံ့သော ဘေးအန္တရာယ်တို့မှ လွတ်မြောက် နိုင်မည် ဖြစ်ပါ၏။

အလိုကိုလိုက်၊ အကြိုက်ကို့ဆောင်၊ ချိုသာအောင် ပြော၊ လိုရာကိုပေး၊ အောင်ကြောင်းသိဒ္ဓိဆေးဟု ရှေးပညာရှိ တို့ ဆိုထားပြန်ပါသေးသည်။ ပီဇာဆေးဖော်ပြီး သိဒ္ဓိတင်နေ မည့်အစား ထိုလင်္ကာလေးအတိုင်း လိုက်နာကျင့်သုံးကြည့်ပါ က အောင်မြင်ကြီးပွားရေးအတွက် အထောက်အကူပြုနိုင်ပါ သည်။ ခင်ပွန်းကြီး(၁၀)ပါးနှင့် ပတ်သက်၍ အပြစ်ဒဏ်နှင့် အကျိုးကျေးဇူးများကို ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ နောက်တစ်ဖန် အကျိုးကျေးဇူးပွားများစေလိုသော ရည်ရွယ်ချက်ဖြင့် ခင်ပွန်း ကြီး(၁၀)ပါး ဘုရားရှိခိုးကိုလည်း ဖော်ပြပေးလိုက်ပါသည်။ ဤကား ခင်ပွန်းကြီး(၁၀)ပါး မပြစ်မှား ကြီးပွားချမ်းသာ အောင်ကြောင်းဖြစ်မည် ဖြစ်သောကြောင့်ပါတည်း။

ခင်ပွန်းကြီး(၁၀)ပါး ဘုရားရှိခိုးဂါထာတော်

ဗုဒ္ဓါ ပစ္စေက ဗုဒ္ဓါစ၊ အရဟာ အဂ္ဂသာဝက
မာတာပီတု၊ ဂုရုသတ္တာ၊ ဓမ္မဒေသကာ စ ဒါယကာ
ဣမေတေစ၊ မဟာဂုဏော၊ အဟံ ဝန္ဒာမိ သဗ္ဗဒါ။

**ကိုမာတိ-ပန်းတောင်း**

□


www.burmeseclassic.com

www.burmeseclassic.com

# လျှပ်တစ်ပြက် လက္ခဏာဖတ်ကြားခြင်း




ဆရာ
ဦးခန့်ကျော်

**သင့်လက်ဝါးပြင်ရှိ အရေးကြောင်းများနှင့်
တိုက်ဆိုင်စစ်ဆေးကြည့်ခြင်းအားဖြင့်
ဟောဆိုချက်များကို လျှပ်တစ်ပြက်အတွင်း သိရှိနိုင်မည်ဖြစ်သည်။**

### အသက်လမ်းကြောင်း
### Life Line

၁။ သင်၏ အသက်လမ်းကြောင်းသည် ထူထဲထင်ရှားပြီး နက်ရှိုင်းသော (Thick) လမ်းကြောင်းအဖြစ် ရှိနေပါလျှင်

သင့်တွင် ကိုယ်ကာယ တောင့်တင်းသန်မာသော ဖွဲ့စည်းတည်ဆောက်ပုံရှိသည်။ သင့်အနေဖြင့် သင်၏ကိုယ်ပိုင်ပင်ကိုဟန်ပန် အမူအရာထက် ကံတရားက စီမံစေစား၍ ဖြစ်ပေါ်လှုပ်ရှားရသော အပြုအမူအမျိုး ရှိသည်။

အဘယ့်ကြောင့်ဆိုသော် ဤအမူအရာများသည် စွမ်းအားကြီးမားသော အတွင်းစိတ် စေ့ဆော်မှုများကြောင့် ဖြစ်လာရခြင်း ဖြစ်နေသောကြောင့်ပင်။ သင်က မိမိကိုယ်မိမိ ယုံကြည်မှုရှိသော လေသံထုတ်လွှင့်တတ်ပြီး၊ ပူပန်မှုများကို ဖယ်ရှားပစ်တတ်သည့် ပါးနပ်လိမ္မာသော နည်းလမ်းကြောင့် အခြားသူများက သင့်အား မနာလိုဖြစ်ကြပေမည်။ ရုပ်ပိုင်း


www.burmeseclassic.com

www.burmeseclassic.com




ဆိုင်ရာ ဖွံ့ဖြိုးမှုရှိအောင် သင့်အနေဖြင့် မည်မျှပင် အားထုတ်ကြိုးပမ်းသည်ဖြစ်စေကာမူ သင်၏ ထုံထိုင်းနှေးကွေးလေးလံသော စရိုက်အလေ့အထမှာ ဖျောက်ဖျက်၍မရဘဲ ထင်ရှားပေါ်လွင်နေပေမည်။

၂။ သင်၏ အသက်လမ်းမှာ သိသာစွာ ပါးလျ (Thin) ၍ နေပါလျှင်




အများတကာနှင့် မထိတွေ့မဆက်ဆံမိအောင်၊ ပြင်ပကမ္ဘာနှင့် မရောယှက် မဆက်နွယ်မိအောင် သင်က ပုန်းအောင်း၍နေတတ်သည်။ မိမိကိုယ်မိမိ အကာအကွယ်ယူခြင်းဟူသော အခွံမှာ အကာအရံထဲတွင် သင်က သော့ပိတ်၍နေသကဲ့သို့ပင်ဖြစ်သည်။ ဤ အခွံအကာအရံထဲ၌ပင် သင်သည် အလွန်အကျွံ စိတ်လှုပ်ရှားမှုများ၊ အလွန်အကျွံ အလုပ်လုပ်ကိုင်ရမှုများရှိပြီး ဘဝတွင် မျှော်လင့်မထားမိသည့် ကိစ္စရပ်များမှနေ၍ ကင်းလွတ်ကာ လုံခြုံမှုရှိနေမည်ဖြစ်သည်။

ဤသို့သော ဘဝအနေအထားတွင် သင်သည် သတ်မှတ်ကာလမတိုင်မီ စောစီးစွာဖြင့် သင့်ထံ၌ ပိုင်ဆိုင်ရရှိထားသော စွမ်းအင်များ၊ အစွမ်းအစများ လောင်ကျွမ်းကုန်ဆုံးသွားမည်ကို စိုးရိမ်ကာ ဂရုတစိုက်ဖြင့် စောင့်ကြပ်လျက်ရှိပေသည်။ ဤစွမ်းအင်များသည် သင့်အတွက် ပိုမိုကျန်းမာစေသော စိတ်ကူးကောင်း၊ ဖန်တီးမှုကောင်းသော ဘဝကို ရယူဆောင်ကြဉ်းပေးနိုင်သည်ဟု ယုံကြည်မျှော်လင့်လျက် ရှိပေသည်။

၃။ သင်၏ အသက်လမ်းကြောင်းသည် မှေးမှိန်(Faint)စွာ မြင်ရသော အနေအထားမျိုး ဖြစ်နေပါလျှင်




ဤသို့မှေးမှိန်ရခြင်း၏ အဓိပ္ပာယ်မှာ သင်သည် ဘဝ၏အနှစ်သာရ အရသာကို စတင် မြည်းစမ်းကြည့်နိုင်ခြင်းပင် မရှိသေးသော အနေအထားတွင်ရှိသည်ဟု အဓိပ္ပာယ်ထွက်သည်။ ဘုမသိဘမသိနှင့် သင်ကိုယ်တိုင် အသေအချာ ဝေဖန်ပိုင်းခြားမှု မပြုနိုင်မီတွင် ဘဝ၏ပျော်ရွှင်ကြည်နူးစရာများကို သင်က ငြင်းပယ်မည်ဖြစ်သည်။ ဤသို့ ပြုလုပ်မိခြင်းမှာ အဆိုပါ ပျော်ရွှင်မှုများကို သင်က အပြစ်ရှိသည်ဟုယူဆမိခြင်း သို့မဟုတ် ပြစ်မှုကျူးလွန်မိသည်ဟူသော စိတ်ခံစားချက်များ နက်ရှိုင်းစွာ ပေါ်ထွက်လာလိမ့်မည်ဟု အထင်ရောက်နေခြင်းများကြောင့် ဖြစ်ပေသည်။

မှေးမှိန်နေသော လမ်းကြောင်းကို ပိုမိုခိုင်မာ ထင်ရှားစေရန်အတွက် လူ့လောကီကိစ္စရပ်များ၊ လူမှုပေါင်းသင်းဆက်ဆံရေးနယ်ပယ်များတွင် ပိုမိုပါဝင် လှုပ်ရှားဆောင်ရွက်ခြင်း၊ တစ်ပါးသူများ၏ ဖိတ်ကြားချက်များကို လက်ခံ၍ သွားရောက်ခြင်း၊ မိမိကလည်း တစ်ပါးသူများကို ဖိတ်ကြား၍ ကျွေးမွေး



www.burmeseclassic.com

www.burmeseclassic.com

ဧည့်ခံခြင်းများ ပြုလုပ်ကာ ကုစားရမည်ဖြစ်သည်။ ဘဝတွင် သင်၏ ပါဝင်မှု၊ အရေးပါမှု အခန်းကဏ္ဍ ပိုမိုကြီးမားလာလေလေ သင်၏ အသက်လမ်းကြောင်းမှာ ပိုမိုထင်ရှား ပီပြင်လာလေလေ ဖြစ်ပေလိမ့်မည်။

၄။ **သင်၏ အသက်လမ်းကြောင်းသည် အထူအပါး ညီညာခြင်း မရှိဘဲ အချို့သောနေရာများတွင် ပိုမိုထင်ရှားစွာ ပါး(Thin)နေခြင်း၊ အပေါက်အခေါင်းကဲ့သို့သော ချိုင့်ခွက်(Thick)များ ဖြစ်နေခြင်းများ ရှိနေပါလျှင်**




သင့်စိတ်တွင် တင်းကျပ်စွာ ပိတ်လှောင်ထားသော စိတ်လှုပ်ရှားမှုများ၊ ပြင်းထန်သော ခံစားချက်များကို ပိတ်လှောင်ချုပ်တည်းထားရာမှ လွှတ်ထုတ်ပေးလိုက်ပါ။ သင့်အား စော်ဆုပ်ရွံရှာသူများ၊ သင့်အား ဖိနှိပ် သိက္ခာချသူများအား လက်သင့်မခံဘဲ 'နိုး'တစ်လုံး အသုံးပြုကာ ရှောင်ရှားပါ။ သူတစ်ပါးအား စေစား၍ ဆောင်ရွက်စေခြင်း၊ အလွယ်တကူ ခွင့်ပြုခြင်းများကို ရပ်တန်းကရပ်၍ သင်ကိုယ်တိုင် လုပ်ကိုင်ဆောင်ရွက်ပြီး ရလာသောတိုးတက်မှုကိုသာ ရယူပါ။ မိတ်ဆွေများကိုပင် လွှဲအပ်ခြင်း မပြုပါနှင့်။ သင်၏ ပိတ်လှောင်ထားသော စွမ်းအင်များက သင့်အား သည်းခံစိတ်နည်းပါး၍ သဘောထားခက်ထန်သောသူတစ်ဦး ဖြစ်သွားစေလိမ့်မည်။ စိတ်လှုပ်ရှားမှု အလွန်ပြင်းထန်သောအခါ အမြဲလိုလိုပင် သင်လေသံကို နှိမ့်၍ပြောသော စရိုက်ရှိသည်။ ခံစားချက်များကို သိုသိပ်ထားခြင်း၊ အမုန်တရားကို မွေးမြူထားခြင်းများက သင့်ဘဝတွင် ပျော်မွေ့ကြည်နူးမှု ဖြစ်စေနိုင်သည့် အရည်အသွေးများကို ဖျက်ဆီးပစ်ကြမည်ဖြစ်သည်။

၅။ **သင့်တွင် တိုတောင်းသော အသက်လမ်းကြောင်း ပါရှိပြီး ထင်ရှားသိသာသော ရေလက်ကြားသဏ္ဍာန် ဖြစ်ပေါ်နေပါလျှင်**




သင့်ထံတွင် အခြားသူများထက် ပိုမိုသာလွန်ထူးကဲသော ပင်ကိုစိတ်နှင့် ခံစားချက်များကို ဂရုတစိုက် ထိန်းချုပ်နိုင်သော စွမ်းအားရှိသည်။ သင်၏ ပြုမူပြောဆိုမှုများ၊ ကိုယ်ဟန်အမူအရာများကို လိုသလို လွှမ်းမိုးချုပ်ကိုင်ထားနိုင်သော အစွမ်းသတ္တိအပေါ် သင်က ဂုဏ်ယူဝင့်ကြွားမည်ဖြစ်ပြီး သင်၏ဘဝကိုလည်း ရည်မှန်းချက်ရှိပြီး ဆုံးဖြတ်ချက် ခိုင်မာစွာ လုပ်ကိုင်ဆောင်ရွက်မှုများဖြင့် မောင်းနှင်ခရီးဆက်မည်ဖြစ်သည်။ သင့်တွင် 'နောက်ဆုံး စကား' သို့မဟုတ် 'စကားကုန်' ပြောတတ်သော အလေ့အထရှိပြီး အမှားကြုံရသည်ကိုလည်း မနှစ်မြို့သော စိတ်သဘောရှိသည်။ သင့်အနေဖြင့်မူ သဘာဝတရားသည် သင်၏ အောင်မြင်မှုပန်းတိုင်ကို လှမ်းတက်ရာတွင် ကန့်သတ်ချုပ်ချယ်ထားသော အရာဖြစ်သည်ဟု သင်က ယူဆသည်။


၆။ **သင်၏ အသက်လမ်းကြောင်းက ရှည်လျား၍နေပါလျှင်**

သင်သည် ကျန်းမာသန်စွမ်း၍ အသက်ရှည်သော ဘဝကို ရရှိခံစားရမည်ဟူသည့်အချက်ကို ဤလမ်းကြောင်းက အခိုင်အမာ အဆုံးအဖြတ်ပေးနေပေသည်။ သို့သော် သင်၏ စွမ်းအင်များ၊ ကိုယ်စွမ်းကိုယ်စများ၊ ပင်ကိုအရည်အသွေးများကို သင့်ဘဝအတွက် လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်စေရန်အတွက် မှန်မှန်ကန်ကန် အသုံးချသည့်ကိစ္စမှာ သင်၏ ဆန္ဒ၊ သင့်အဆုံးအဖြတ်၊ သင့်သဘောအတိုင်းသာလျှင် ဖြစ်ပေသည်။ ဤအမှတ်အသားလမ်းကြောင်းသည် ပျော်ရွှင်မှု



www.burmeseclassic.com

www.burmeseclassic.com




အတွက်ကိုလည်းကောင်း၊ သင့်ဘဝ အမြဲထာဝရဖြစ်စေမှု အတွက်သော်လည်းကောင်း အခမဲ့ လက်မှတ်တစ်စောင် မဟုတ်သည်ကို သင့်စိတ်တွင် စွဲစွဲမြဲမြဲမှတ်ယူထားရပေမည်။ ထို့ပြင် သင်၏ကိုယ်ခန္ဓာ ကျန်းမာ၊ ကြံ့ခိုင်၊ ဖွံ့ဖြိုးစေရန်နှင့် စိတ်ခွန်အားများ ပြည့်ဝစေရန် စဉ်ဆက်မပြတ် လေ့ကျင့် လုပ်ဆောင်ပေးရမည်ဖြစ်သည်။

၇။ သင်၏ အသက်လမ်းကြောင်းသည် လှေကားထစ်သဏ္ဍာန်ကဲ့သို့ ဖွဲ့စည်း ဖြစ်ပေါ်နေပါလျှင်




သင်၏ ခံစားချက်များသည် မိမိကိုယ်မိမိ သေချာလွန်းသော စိတ်သဘာဝမှ ပေါ်ပေါက်လာသည်ဖြစ်၍ အလွယ်တကူ ပြဿနာဖြစ်ပေါ်စေနိုင်သည်။ လူပုဂ္ဂိုလ်များနှင့် ထိတွေ့မှုမရှိ ဖြစ်စေနိုင်သည်။ သင်၏စိတ်တွင် အာရုံထွေပြားမှု ဖြစ်လိုက်သည်နှင့် တစ်ပြိုင်နက် သင်၏ ပင်ကိုမူလစိတ်ကို တစ်သားတည်းပြန်ရရန် ခက်ခဲသည်ကို တွေ့ရှိရပေလိမ့်မည်။ သင်၏ပတ်ဝန်းကျင်ရှိ လူများအား ချော့မော့ဖျောင်းဖျ၍ ပြောဆိုခြင်း၊ မိမိ၏ အားနည်းချက်များကိုလည်း ဝန်ခံတောင်းပန်ခြင်းဖြင့် သင့်ကိုယ်သင် ပြန်လည်နာလန်ထူမှုဖြစ်စေပြီး ဆုံးရှုံးထားမှုများကို ပြန်လည်ရယူရန် ကြိုးစားပါလေ။ သင့်အနေဖြင့် မိတ်ဆွေစစ် ဆက်ဆံရေးကို လိုလား၍ မိတ်ဆွေစစ်၊ မိတ်ဆွေကောင်းကို သင်ရှာဖွေလျက်ရှိသည်။ သို့ရာတွင် မရေမတွက်နိုင်သော စိတ်ပျက်မှုများကိုသာ တွေ့ကြုံခံစားရမည်ဖြစ်သည်။ မိတ်ဆွေဆက်ဆံရေးနှင့် ပတ်သက်လာလျှင် သင့်ထံတွင် အဆက်မပြတ်ဆိုသလို လိုအပ်ချက်များ ရှိနေပေသည်။

၈။ သင်၏ အသက်လမ်းကြောင်းသည် သင်၏ လက်မအနီး... ကပ်ကာ ကွေ့ ဝိုက်၍သွားနေပါလျှင်




အနည်းငယ်မျှသော စိတ်ဆင်းရဲစေမှု၊ စိတ်ညစ်မှုများကို သင့်အား ပေးမိသည်နှင့်တစ်ပြိုင်နက် သင်ချစ်ခင်သော... ကြင်နာရသူများကို သင့်စိတ်ခံစားချက်မှနေ၍ လည်းကောင်း... ရင်ထဲမှနေ၍ လည်းကောင်း ထုတ်ပယ်ပစ်မည် ဖြစ်သည်... ဤသို့သော အခြေအနေတွင် သင်က ချစ်သူ ခင်သူများ... အပေါ် နာကျင်ခံစားမှု ဖြစ်စေသည်ထက် သင့်ကိုယ်... နာကျင်ခံစားမှုဖြစ်ရသည်က ပိုမိုသာလွန်မည်။ ဖိုမဆက်ဆံ... နှင့်ဆိုင်သော သဘောသဘာဝကို အားထုတ်မှုမပြုဘဲ သင်... ရှောင်ရှားမည်ဖြစ်ပြီး ဤသို့ ရှောင်ရှားနိုင်ရန်အတွက် အ... အစား ဝတ်ဆင်မှုများ၊ အခြားကိစ္စ လုပ်ရှားလုပ်ဆောင်... သင်က အစားထိုးဖြည့်ဆည်းပေလိမ့်မည်။ သင်၏ မ... က အလိုအလျောက်ပင် ကာမဆက်ဆံမှုအား ရှောင်...






www.burmeseclassic.com

www.burmeseclassic.com


နေသကဲ့သို့ ဖြစ်သည်။ သင်၏ ဆွဲဆောင်နိုင်မှု အရည်အသွေးများကို သင်ကိုယ်တိုင်လျှော့ချပစ်လေ့ရှိပြီး အခြားသူများ၏ ခံစားချက်များကိုလည်း သင်က မသိရှိနားမလည်တတ်သော သဘောရှိသည်။ အနုပညာနှင့် စပ်ဆိုင်သောလုပ်ငန်းများတွင် စပ်တူလုပ်ငန်းများ လုပ်ခြင်းဖြင့် သင့်အတွက် များပြားသော အကျိုးအမြတ်ကို ဖြစ်ထွန်းရရှိစေမည် ဖြစ်သည်။

**၉။ သင်၏ အသက်လမ်းကြောင်းသည် သင်၏ လက်ဝါးပြင်တွင် နဂိုရှိသင့်သည့် အနေအထားထက် ပိုမို၍နိမ့်ကျလျက်ရှိပြီး အင်္ဂုဋ္ဌ(အပို) တစ်ပိုက်တွင် တည်ရှိ၍နေပါလျှင်**




ချစ်ခြင်းမေတ္တာနှင့် သက်ဆိုင်သော ဆွဲဆောင်မှုများ၊ ကာမနှင့်သက်ဆိုင်သော ဆွဲဆောင်မှုများသည် သင်၏ ဖုံးကွယ်ထား၍ မရနိုင်သော စရိုက်မှန်များဖြစ်ကြပြီး သင်၏ ဘဝကို ဦးတည်လမ်းကြောင်းပေးသော အင်အားများဖြစ်သည်။ သင်၏ စိတ်ဂနာမငြိမ်မှုများ၊ စိတ်လှုပ်ရှားမှုများနှင့် ပတ်သက်ပြီး ထိမ်းချုပ်မှုပြုရန် အခြားသူများက သင့်အား အကြံပေးခဲ့ကြပေမည်။ သင်၏ စိတ်နှလုံးတစ်ခုလုံးကို ကာမဆိုင်ရာ ဆွဲငင်နိုင်မှု ညို့ဓာတ်ဖြင့် တွဲဖက်ဆက်စပ်ထားသည့် ဆက်ဆံရေးအပေါ်တွင် ပုံအော၍ချထားလေသည်။ ဤသို့ ကာမဆက်ဆံရေးတွင် စိတ်နှလုံးကို မြှုပ်နှံထားခြင်းကြောင့် သင်၏အလုပ်အကိုင်တွင် လုပ်ငန်းဆိုင်ရာစွမ်းဆောင်ရည်များ အားနည်း၍လာပေမည်။ သင့်ထံတွင် တိရစ္ဆာန်နှင့် သက်ဆိုင်သည့် စွမ်းအားများအား အကန့်အသတ်မဲ့ သိုလှောင်ထားနိုင်သည့် သိုလှောင်ကန်ကဲ့သို့သောအရာ ပါရှိသည်။ အဆိုပါ အစွမ်းများအနက်မှ အချို့ကို သင်၏ အလုပ်အကိုင်နှင့် သက်ဆိုင်သောနေရာတွင် လွှဲပြောင်းယူငင်၍ အသုံးချလျှင် ထင်ရှားသိသာသော အောင်မြင်တိုးတက်မှုကို သင်ရရှိနိုင်မည် ဖြစ်သည်။

**၁၀။ သင်၏ အသက်လမ်းကြောင်းသည့် သင်၏ လက်ဖဝါးပြင်ပေါ်တွင် ကြီးမားသော အကွေ့အဝိုက်တစ်ခု ဖြစ်ပေါ်နေပါလျှင်**



သင်၏ စိတ်ဆန္ဒ ပြင်းပြမှု၊ စိတ်အားထက်သန်မှု စရိုက်သွင်ပြင် လက္ခဏာများသည်။ အခြားသူများအား သင့်ဘက်သို့ ပါလာစေရန် လုပ်ဆောင်ရာတွင် အစွမ်းထက်သော အရာများဖြစ်ကြသည်။ လက်အောက်ငယ်သားများနှင့် ပတ်သက်၍ နားလည်စာနာမှုရှိကြောင်း သင် အမြဲပြသသည်။ အခြားသူများ စိတ်သက်သာရာရစေရန် လုပ်ဆောင်ရာတွင် တာဝန်ယူစရာ မလိုစေရန်အတွက် ခက်ခဲပင်ပန်းမှုများ အားလုံးကို သင်ကိုယ်တိုင်ရယူ၍ ဆောင်ရွက်တတ်သည်။ သင်၏ စိတ်အားထက်သန်မှုအဆင့်တွင် အမြဲထားရှိစေရန် အတွက် သင်၏စိတ်ကို စဉ်ဆက်မပြတ် အားသစ်လောင်းပေးရမည် ဖြစ်သည်။ သင်နှင့် ဆက်ဆံနေရသူများ အားလုံး၊ မိတ်ဆွေဆက်ဆံရေး ရှိနေသူကိုပါမကျန် သင်က ဦးစီးဦးဆောင်ပြုသူ တစ်ဦးဖြစ်အောင် ကြိုးစားလေ့ရှိသည်။ မိတ်ဆွေသင်္ဂဟများ ပေါများလွန်း၍ သင်၏ စီးပွားရေးဆိုင်ရာ စိတ်ကူးစိတ်သန်းများမှာ အကျပ်အတည်း တွေ့ရပေမည်။ သို့သော် သင်၏ စီးပွားရေးလုပ်ငန်း အရှိန်အဟုန်၊ ထုတ်လုပ်နိုင်စွမ်းများကိုတော့ မပျက်စီး မဆုံးရှုံးပါစေနှင့်။

**ဆရာဦးခန့်ကျော်**

❑





www.burmeseclassic.com

www.burmeseclassic.com

## ၁၂ နှစ် ရက် သား သ မီး များ အ တွက်
## ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ

# ဟောစာတမ်းနှင့်ယတြာ

ဦးညွန့်လှိုင်(ကြို့ပင်ကောက်)



### တနင်္ဂနွေသားသမီးများ

(က) **စီးပွား/လူမှု** ➡ မူလဌာန၏ ဆိုးအားကို ပဝတ္တိဌာန၏ ကောင်းအားက မချေဖျက်နိုင်သည့်အပြင် မွေးနံသည် ကိစ္စဂြိုဟ်အဖြစ် ရပ်တည်နေသဖြင့် ဇာတာရှင်အဖို့ ယခုလတွင် အထူးသဖြင့် သတိရှိဖို့လို၏။ လူမှုစီးပွားကိစ္စတို့တွင် မအောင်မမြင် ဖြစ်နေတတ်သလို ဆုံးရှုံးမှုများနှင့်လည်း ရင်ဆိုင်ရတတ်၏။ မှုခင်းများဖြစ်တတ်၏။ ကတိစာချုပ်စာတမ်းများ လက်မှတ်ထိုးခြင်း၊ သက်သေအဖြစ် ဆောင်ရွက်ပေးခြင်းများကို ရှောင်သင့်၏။ ကြံသမျှ မပြီးစီးဖြစ်နေမည်။ ဝန်ထမ်းများ မှားယွင်းမှုတစ်စုံတစ်ရာကြောင့် အရေးယူခံရတတ်၏။ ကျောင်းသားများ အကျင့်ပျက်တတ်၏။

ယတြာ - ကြီးကဲသူများ၏ အဝတ်အစားကို လျှော်ဖွပ်ပေးပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** ➡ မတည်မငြိမ်ရှိမည်။

(ဂ) **ကျန်းမာရေး** ➡ ရောဂါဟောင်း ပေါ်တတ်မည်။

ယတြာ - ရဟန်း၊ သီလရှင်များကို ဆေးလှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** ➡ စပ်တူလုပ်ငန်းများ

(င) **အကျိုးပေးဂဏန်း** ➡ (၆) ဂဏန်းနှင့် သောကြာနေ့ကောင်းပြီး (၄) ဂဏန်းနှင့် ဗုဒ္ဓဟူးနေ့ ညံ့၏။

***မှတ်ချက်။*** ဘယ်အရာမဆို စိတ်တည်ငြိမ်စွာနဲ့ ဆုံးဖြတ်ပါ။



### တနင်္လာသားသမီးများ

(က) **စီးပွား/လူမှု** ➡ မူလဌာနနှင့် ပဝတ္တိဌာန နှစ်ပါးစလုံးတွင် ကောင်းအားများရှိနေသော်လည်း မူလမွေးနံသည် မရဏဂြိုဟ်အဖြစ် ရပ်နေရာ လုပ်ငန်းအကြံအစည်တို့တွင် ပေါ့ပေါ့တန်တန် သဘောထားတတ်သဖြင့် ထိခိုက်ဖွယ်ရာရှိ၏။ ငွေကြေးကို ဆင်ခြင်စဉ်းစားမှု ကင်းစွာ သုံးစွဲရာက ကြွေးတင်တတ်၏။ သောကြာနံ သားသမီး တစ်စုံတစ်ဦးကြောင့် နာမည်ပျက်တတ်၏။ ဝန်ထမ်းများ လာဘ်ပေးလာဘ်ယူမှုကို ရှောင်ရာ၏။ ကျောင်းသားများ ဝီရိယ နည်းနေမည်။

ယတြာ - ဒုက္ခရောက်သူများကို ကူညီပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** ➡ တစ်ဦးနှင့်တစ်ဦး မယုံသင်္ကာရှိတတ်၏။

(ဂ) **ကျန်းမာရေး** ➡ ခြေလက်အင်္ဂါ ထိခိုက်တတ်၏။

ယတြာ - သဘော်သီး ဘုရားကပ်လှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** ➡ စနေနံသင့် လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** ➡ (၇) ဂဏန်းနှင့် စနေနေ့ ကောင်းပြီး (၁) ဂဏန်းနှင့် တနင်္ဂနွေနေ့ ညံ့၏။

***မှတ်ချက်။*** သိက္ခာ ထိန်းသိမ်းပါ။



www.burmeseclassic.com

www.burmeseclassic.com



## အင်္ဂါသားသမီးများ

(က) **စီးပွား/လူမှု** ➡ မူလနှင့် ပဝတ္တိဌာန နှစ်ပါးစလုံးတွင် ဆိုးအားများ ရှိနေသော်လည်း မွေးနံ၊ လာဘဂြိုဟ်အဖြစ်ရပ်တည်နေရာ ဘဝကုသိုလ်ကံကြောင့် ထောက်တည်ရာ ရလျက်ရှိမည်။ ရသမျှ လာဘ်လာဘကို စည်းမဲ့ကမ်းမဲ့ ဖြုန်းတတ်၏။ ငွေကြေး ဆုံးရှုံးတတ်၏။ ပေါ့ပေါ့နေ ပေါ့ပေါ့စား ဖြစ်နေတတ်ရာ လုံ့လ၊ ဝီရိယ အလွန်နည်းနေ၏။ အခြေပစ္စည်းများကို ထုခွဲရန် မစဉ်းစားသင့်ပါ။ အမွေမှုဖြစ်တတ်ရာ ရှုံးတတ်၏။ ဝန်ထမ်းများ ကြွေးတင်မည်။ ကျောင်းသားများ ငွေကြေး ဖြုန်းမည်။

ယတြာ - လူသွားလမ်း ပြုပြင်ပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** ➡ သင့်တင့်၏။

(ဂ) **ကျန်းမာရေး** ➡ ဆီး၊ ကျောက်ကပ်တွင် ဥပဒ်ရှိသလို အမြင့်မှ လိမ့်ကျတတ်၏။


ယတြာ - ဘုရား၏ ကြာသပတေးထောင့်တွင် သစ်သီးဆွမ်း ကပ်လှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** ➡ သောကြာနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** ➡ (၆) ဂဏန်းနှင့် သောကြာနေ့ ကောင်းပြီး (၂) ဂဏန်းနှင့် တနင်္လာနေ့ ညံ့၏။

**မှတ်ချက်။** စည်းကမ်းစနစ်ကို ပြုပြင်ပါ။

## ဗုဒ္ဓဟူးသားသမီးများ



(က) **စီးပွား/လူမှု** ➡ မူလဌာန၏ ကောင်းအားကို ပဝတ္တိဌာန၏ ဆိုးအားလျော့၍ ပူးယှဉ်လျက် မွေးနံဇေယျဂြိုဟ်အဖြစ် ရပ်တည်လာသဖြင့် ယခင်လထက် သက်သာရာရလာလျက် အကြံသစ် ဉာဏ်သစ်များ ပေါ်ပေါက်မည်။ အကူအညီ ပေးမည်။ မိတ်ကောင်း ဆွေကောင်းများ တွေ့မည်။ လုပ်ငန်းသစ်များ ပေါ်ထွန်းတတ်သည်။ အသင်းအဖွဲ့ တစ်ခုခုအတွက် ခေါင်းဆောင်အဖြစ် တာဝန်ထမ်းဆောင်ရတတ်သည်။ လူအများ၏ လေးစားမှု ခံရမည်။ ဝန်ထမ်းများ ဂုဏ်သတင်း ကျော်ကြားမည်။ ကျောင်းသားများ ပညာရေး အခြေအနေ မဆိုးပါ။

ယတြာ - ထီးတော်တင် အလှူပွဲကြုံပါက အလှူငွေ ထည့်ဝင်လှူဒါန်းပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** ➡ အိမ်ထောင်ဖက် ကျန်းမာရေး ဂရုပြုပါ။

(ဂ) **ကျန်းမာရေး** ➡ သွေးနှင့် ပတ်သက်၍ ဥပဒ်ရှိ၏။

ယတြာ - လူသွားလမ်း သဲခင်းပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** ➡ ဗုဒ္ဓဟူးနံသင့် လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** ➡ (၄) ဂဏန်းနှင့် ဗုဒ္ဓဟူးနေ့ ကောင်းပြီး (၉) ဂဏန်းနှင့် ကြာသပတေးနေ့ ညံ့၏။

**မှတ်ချက်။** နာယကဂုဏ်ခြောက်ပါးကို ထိန်းသိမ်းပါ။



## ကြာသပတေးသားသမီးများ

(က) **စီးပွား/လူမှု** ➡ မူလနှင့် ပဝတ္တိဌာန နှစ်ပါးစလုံးတွင် ကောင်းအားများရှိနေသော်လည်း မရဏဂြိုဟ်အဖြစ် မွေးနံရပ်တည်နေသဖြင့် လောဘဇောဖြင့် ကြံစည်လှုပ်ရှားမှုများကြောင့် မှားယွင်းဆုံးဖြတ်မှုများ ဖြစ်တတ်သည်။ ငွေကြေးပစ္စည်း စည်းကမ်းတကျမရှိဘဲ ဖရိုဖရဲ ဖြစ်တတ်၏။ သောကြာနှင့် စနေနံတို့အတွက် သောက ရှိ၏။ အင်္ဂါနံပစ္စည်းများ ဝင်ကိန်းရှိ၍ ဗုဒ္ဓဟူးနံပစ္စည်း ထွက်ကိန်းရှိ၏။ မင်းစိုးရာဇာနှင့် အကြီးအကဲများ မစကိန်းရှိ၏။ ဝန်ထမ်းများ အလုပ်ပင်ပန်း၍ ဆုံးဖြတ်မှုတွင် အမှားအယွင်းရှိနိုင်သည်။ ပညာရေး သင့်၏။

ယတြာ - ရဟန်း သံဃာ သီလရှင်များအား ဖျော်ရည် ကပ်လှူပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** ➡ မတည့်အတူနေ ဖြစ်တတ်၏။

(ဂ) **ကျန်းမာရေး** ➡ ခါး၊ ခါးဆစ်၊ ကျောက်ကပ် ဥပဒ်ရှိ၏။

ယတြာ - ဘုရား စနေထောင့်တွင် ရေသပ္ပာယ်၊ တံမြက်လှည်းခြင်း ကုသိုလ်ပြုပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** ➡ အင်္ဂါနံသင့် လုပ်ငန်းများ။



www.burmeseclassic.com

www.burmeseclassic.com

(င) အကျိုးပေးဂဏန်း ➡ (၃) ဂဏန်းနှင့် အင်္ဂါနေ့ ကောင်းပြီး (၄) ဂဏန်းနှင့် ဗုဒ္ဓဟူးနေ့ ညံ့၏။
**မှတ်ချက်။** လောဘကို ထိန်းချုပ်ပါ။



## သောကြာသားသမီးများ

(က) **စီးပွား/လူမှု** ➡ မူလဌာန၏ ကောင်းအားကို ပဝတ္တိဌာန၏ ဆိုးအားက ဖျက်ဆီးပစ်လျက်. မွေးနံဗျာယခံ သဖြင့် လုပ်ငန်းအကြံအစည်များတွင် အပြိုင်ပေါ်မည်။ ထင်သလောက် မအောင်မြင်။ မိမိ၏အတွင်းရေး ပေါက်ကြားတတ်သည်။ စိတ်မတည်မငြိမ် ရှိမည်။ ခရီးဝေး မသွားသင့်။ ပြည်ပရပ်ခြားကိစ္စရပ်များ ကြန့်ကြာမည်။ အကြံအစည်များ တုံ့ဆိုင်းနေတတ်။ ခြေနှစ်ချောင်း ကယ်မိရာက သောကရှိမည်။ ဆွေမျိုး သောကရှိမည်။ ဝန်ထမ်းများ ဝေးလံဒေသ ပြောင်းရွှေ့ရတတ်၏။ ကျောင်းသားများ အပျော်အပါး အပေါင်းအသင်း မက်မောတတ်၏။
ယတြာ - သာသနာ့အလံ လှူပါ။
(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** ➡ သင့်တင့်၏။
(ဂ) **ကျန်းမာရေး** ➡ ဦးခေါင်း အာရုံကြောတွင် ဥပဒ်ရှိ၏။
ယတြာ - လူကြီးမိဘများအား ရွှေရင်အေး တိုက်ကျွေးပါ။
(ဃ) **အကျိုးပြုလုပ်ငန်း** ➡ ပွဲရုံလုပ်ငန်း။
(င) **အကျိုးပေးဂဏန်း** ➡ (၅) ဂဏန်းနှင့် ကြာသပတေးနေ့ ကောင်းပြီး (၃) ဂဏန်းနှင့် အင်္ဂါနေ့ ညံ့၏။
*မှတ်ချက်။* စိတ်တည်ငြိမ်ရန် လေ့ကျင့်ပါ။



## စနေသားသမီးများ

(က) **စီးပွား/လူမှု** ➡ မူလဌာန၏ ဆိုးအားကို ပဝတ္တိဌာန၏ ကောင်းအားက မချေဖျက်နိုင်သော်လည်း မွေးနံသည် ဝရုဏ်ဂြိုဟ်အဖြစ် ရပ်တည်နေသဖြင့် အခက်အခဲအချို့ကို ဆန့်ကျင်ဘက်လိင်တို့၏ အကူအညီဖြင့် အောင်မြင်မည်။ လူအများ၏ လေးစားမှုခံရလျက် ဘာသာရေးဆိုင်ရာ အသင်းအဖွဲ့ တစ်ခုခုတွင် ခေါင်းဆောင်အဖြစ် တာဝန်ပေးခံရတတ်၏။ ပြည်ပရပ်ခြားကိစ္စများ အမှတ်မထင် အောင်မြင်မည်။ ဝန်ထမ်းများ နေရာအပြောင်းအရွှေ့ရှိ၏။ ကျောင်းသားများ လည်ပတ်မှုများမည်။
ယတြာ - လူသွားလမ်း သဲခင်းပါ။
(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** ➡ သင့်တင့်၏။
(ဂ) **ကျန်းမာရေး** ➡ ဦးနှောက်နှင့် အာရုံကြော၊ အစာအိမ်တွင် ဥပဒ်ရှိ၏။
ယတြာ - အုန်းဆွမ်းကို မွေးနေ့တွင် နေအိမ်ဘုရား၌ ကပ်လှူပါ။
(ဃ) **အကျိုးပြုလုပ်ငန်း** ➡ သောကြာနံသင့် လုပ်ငန်းများ။
(င) **အကျိုးပေးဂဏန်း** ➡ (၆) ဂဏန်းနှင့် သောကြာနေ့ ကောင်းပြီး (၄) ဂဏန်းနှင့် ဗုဒ္ဓဟူးနေ့ ညံ့၏။
*မှတ်ချက်။* ဘာသာရေး လိုက်စားပါ။

မေတ္တာပန်းနှင့်ရွှင်လန်းချမ်းမြေ့ကြပါစေ။
**ဦးညွှန့်လှိုင်** (ကြို့ပင်ကောက်)
တိုက်-အမှတ် (၄၁)၊ (၅)လွှာ ဘီ၊ ၁၆၇ လမ်း၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၄၀၀၉၃၃
နေ့စဉ် - နံနက် (၉း၀၀)နာရီမှ မွန်းလွဲ(၃း၀၀)နာရီအထိ
[တယ်လီဖုန်းဖြင့် မေးမြန်းခြင်း သည်းခံပါ။
ဟောစာတမ်းများအတွက် VPP ဖြင့် ငွေကြိုတင်ပို့ပေးမှသာ လက်ခံဆောင်ရွက်ပါသည်။]
*စီးပွားရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေး၊ နာမည်ပေး၊ ကုမ္ပဏီနာမည်ပေး၊ အထူးအရေးကြီးကိစ္စရပ်များအတွက်* ထိထိမိမိ ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ ရာသီခွင်နှင့် ဇူလိုင်လ ဟောကိန်းများ

## ဆရာဦးခန့်ကျော် (အဆီးအဝါးမဲ့ကျော်ဇောမြင့်ဆရာ)



### CAPRICORN
### မကာရရာသီ

(ဒီဇင်ဘာ - ၂၂ ရက် မှ ဇန်နဝါရီ - ၁၉ ရက် အတွင်းမွေး)
(မြန်မာလို ပြာသိုလမွေး)

ယခုကာလအတွင်း ပြည်ပနှင့် ဆက်သွယ်လုပ်ကိုင်ထားသော စီးပွားရေးလုပ်ငန်းမှ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်တတ်မည်။ ကြီးကြီးမားမား အပြောင်းအလဲ(ကောင်းသော)ရှိမည်။ အိမ်၊ ခြံ၊ မြေ အရောင်းအဝယ်ကိစ္စများ အဆင်ပြေလိမ့်မည်။ မိသားစု အလှူအတန်းများ ပေးရလိမ့်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက သားသမီးအတွက် မင်္ဂလာကိစ္စများ ဆောင်ရွက်ပေးရလိမ့်မည်။ ဝန်ထမ်းဖြစ်ပါက ရာထူးတိုးခြင်း၊ လစာတိုးခြင်း၊ လက်ရှိဒေသမှ အခြားဒေသသို့ ပြောင်းရွှေ့လုပ်ကိုင်ရခြင်းမျိုးရှိမည်။ ငယ်ရွယ်သူများ အချစ်ရေး စန်းပွင့်မည်။ ရောက်ရာအရပ်တွင် ချစ်သူရည်းစား ရလိမ့်မည်။ စနေ သားသမီး (သို့) နာမည်တွင် စနေနံ (တ၊ ထ၊ ဒ၊ ဓ၊ န) ပါသူများအား သတိထား ဆက်ဆံပေါင်းသင်းသင့်သည်။ မလိုလားအပ်သော ဆိုးကျိုးများ ပေါ်လာတတ်မည်။ ပညာရေးတွင် အခက်အခဲလေးများနှင့် ကြုံရပြီးမှ အဆင်ပြေရတတ်မည်။ ကျန်းမာရေးတွင် ရင်ဘတ်အောင့်ခြင်း၊ အသက်ရှူမဝခြင်း ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်မည်၊ မကာရရာသီဖွားများ ထီထိုးပါက (၂၊ ၀၊ ၈၊ ၄) ဂဏန်းများပါသော ထီကိုထိုးပါ။



### AQUARIUS
### ကုံရာသီ

(ဇန်နဝါရီ - ၂၀ မှ ဖေဖော်ဝါရီ - ၁၉ ရက် အတွင်းမွေး)
(မြန်မာလို တပို့တွဲလမွေး)

စီးပွားရေးလုပ်ငန်းကို တစ်မျိုးတည်းလုပ်ကိုင်ခြင်းထက် နှစ်မျိုး၊ သုံးမျိုးပြိုင် လုပ်ကိုင်ခြင်းဖြင့် စီးပွားဝင်ငွေ အထူးကောင်းလိမ့်မည်။ မိမိကံဉာဏ်ရှိသလောက် လုပ်ငန်းများ ချဲ့ထွင်လုပ်ကိုင်ခြင်းဖြင့် ပိုမိုအောင်မြင်မည်။ ယခုကာလအတွင်း လောင်းကစားဆန်သော အလုပ်များမှ ငွေကြေးများ ရရှိတတ်မည်ဖြစ်သော်လည်း လက်ထဲတွင် ကြာကြာမခံဘဲ သုံ့အလိုလိုပြန်ထွက်သွားတတ်မည်။ ဝန်ထမ်းဖြစ်ပါက လက်ရှိလုပ်ငန်းဌာနမှ အခြားလုပ်ငန်းဌာနသို့ ပြောင်းလဲလုပ်ကိုင်လိုသော ဆန္ဒများ ပြင်းပြနေလိမ့်မည်။ အထက်လူကြီးများ၏ အကူအညီပေးမှုကြောင့် အစစ အဆင်ပြေလိမ့်မည်။ သင့်အိမ်တွင် ဆရာတော်၊ သံဃာတော်ကြီးများအား သိက္ခာထပ်ခြင်း၊ အလှူအတန်းပေးရတတ်ခြင်းများရှိမည်။ ပညာရေးလိုက်စားသူဖြစ်ပါက ပညာရေးဆိုင်ရာ ပြည်ပခရီးထွက်ရခြင်းများရှိမည်။ အချစ်ရေးတွင် ကံကောင်းမှုများ ရှိမည်။ ချစ်သူမရှိသေးသူများ ချစ်သူရမည်။ ချစ်သူရှိပြီးသူများ အချစ်ရေးကိစ္စများ အဆင်ပြေနေလိမ့်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ မူးခြင်း၊ မောခြင်း၊ ရုတ်တရက်မူးလဲခြင်းများ မကြာခဏ ဖြစ်တတ်မည်။ ကုံရာသီဖွားများ ထီထိုးမည်ဆိုပါက (၁၊ ၅၊ ၄၊ ၉) ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။



### PISCES
### မိန်ရာသီ

(ဖေဖော်ဝါရီ - ၂၁ မှ မတ် - ၂၀ ရက် အတွင်းမွေး)
(မြန်မာလို တပေါင်းလမွေး)

မိန်ရာသီဖွားများအနေဖြင့် အစားအသောက် အမျိုးမျိုး ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူဖြစ်ပါက ယခုကာလအတွင်း စီးပွားဝင်ငွေ အထူးကောင်းလိမ့်မည်။ လက်အောက်ငယ်သား(သို့)အလုပ်သမား ပြဿနာများ ပေါ်ပေါက်တတ်မည်။ လူ့အပြောင်းအလဲများ ဖြစ်တတ်ခြင်း၊ သင့်အိမ်တွင် လူအဝင်အထွက်များခြင်း ဖြစ်တတ်မည်။ အရာရာအပေါ် မေတ္တာစိတ်၊ သည်းခံစိတ်မွေးခြင်းဖြင့် အနိုင်ယူလိုက်ပါ။ ပြည်ပသွားရန် ကြိုးစားထားမှုများရှိပါက အကြောင်းတစ်ခုခုကြောင့် ပျက်သွားရတတ်သည်။ စာပေဆိုင်ရာလုပ်ငန်း လုပ်ကိုင်သူများ ငွေကြေးပြဿနာ ရှုပ်ထွေးမှုများဖြစ်တတ်မည်။ ယခုကာလအတွင်း မိမိ၏ အခက်အခဲများအား ကူညီဖြေရှင်းပေးမည့်သူ ပေါ်ပေါက်လာတတ်မည်။ အထူးသဖြင့် လိင်မတူသူများထံမှ အကူအညီပေးမှုများ ရရှိတတ်မည်။ ငယ်ရွယ်သူများ လူချစ်လူခင် ဖပါများတတ်၍ သွားလေရာ မျက်နှာပွင့်လန်းနေမည်။ လက်ဆောင်ပစ္စည်း သို့မဟုတ်



www.burmeseclassic.com

www.burmeseclassic.com

ငွေကြေးများ ဝင်ကိန်းရှိမည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အထူးညံ့မည်။ မိန်ရာသီဖွားများ ထိုထိုးမည်ဆိုပါက (၅၊ ၀၊ ၃၊ ၇ )ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။



## ARIES
## မိဿရာသီ

(မတ် - ၂၁ မှ ဧပြီ - ၂၀ ရက် အတွင်းမွေး)
(မြန်မာလို တန်ခူးလမွေး)

ပဲအမျိုးမျိုးနှင့် မုန့်မျိုးစုံရောင်းဝယ်ရေး၊ ရေနှင့်ရေထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူများ စီးပွားဝင်ငွေကောင်းနေမည်။ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပြည်တွင်း(သို့)ပြည်ပခရီးများ သွားရလိမ့်မည်။ ယခုကာလအတွင်း ပြောင်းရွှေ့ခြင်း၊ ခရီးသွားခြင်း၊ လုပ်ငန်းကိစ္စအကောင်အထည်ဖော်ခြင်းကို တနင်္ဂနွေနေ့တွင် စတင်လုပ်ကိုင်ခြင်း မပြုသင့်ပါ။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်ထောင်ဖက်၏ ဖောက်ပြန်မှုကို သတိရှိပါ။ အရင်ကထက်ပို၍ သူ့အပေါ် ကြင်နာယုယမှုများ ပေးသင့်သည်။ ငယ်ရွယ်သူများ အချစ်ရေးတွင် အေးချမ်းမှုရှိမည်။ ချစ်သူနှင့်အတူ အပျော်ခရီးများ သွားရလိမ့်မည်။ ပညာရေး လိုက်စားသူဖြစ်ပါက ပညာရေးဘက်တွင် အားနည်းနေပြီး အပျော်အပါးကို ပို၍ စိတ်ဝင်စားမှု များနေတတ်သည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အာရုံကြောအားနည်းခြင်း ဖြစ်တတ်မည်။ ဤကာလအတွင်း မိဿရာသီဖွားများ အဆိုးများမှ အကာအကွယ် ဖြစ်စေပြီး ကံကုသိုလ်ကောင်းစေရန်အတွက် 'ပုလဲ'ကို ဝတ်ဆင်ခြင်း (သို့) ဆောင်ထားခြင်း ပြုသင့်သည်။ မိဿရာသီဖွားများ ထီထိုးမည်ဆိုပါက (၅၊ ၁၊ ၀၊ ၄)ဂဏန်းများပါသောထီကို ထိုးပါ။



## TAURUS
## ပြိဿရာသီ

(ဧပြီ - ၂၁ မှ မေ - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို ကဆုန်လမွေး)

စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ ဆေးနှင့်ဆေးဝါးပစ္စည်းရောင်းချသူများ မိမိမျှော်မှန်းထားသည်ထက် ပိုမိုသောအမြတ်အစွန်းများ ရရှိနိုင်မည်။ ကျောက်မျက်ရတနာနှင့် ရွှေထည်ပစ္စည်း အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူဖြစ်က ရောင်းမှား ဝယ်မှားဖြစ်တတ်ခြင်း၊ အထင်မှား အမြင်မှားဖြစ်တတ်ပြီး ပြဿနာအမှုအခင်း ဖြစ်ရတတ်ခြင်းများရှိမည်။ ဝန်ထမ်းဖြစ်ပါကလည်း တာဝန်ယူ၊ အာမခံပေးခြင်း အလုပ်များကို အတတ်နိုင်ဆုံးရှောင်ပါ။ ယခုကာလအတွင်း သန္တာကျောက်ကို ဝတ်ဆင်(သို့)ဆောင်ထားခြင်းဖြင့် ကံကုသိုလ်ကောင်းမှုများကို ဖြစ်စေနိုင်သည်။ ငယ်ရွယ်သူများ အချစ်ရေးကံကောင်းမည်။ စေ့စပ်ကြောင်းလမ်းခြင်းကိစ္စ၊ မင်္ဂလာကိစ္စများ အထမြောက်အောင်မြင်လိမ့်မည်။ ပညာရေးလိုက်စားသူများ အစစအရာရာ အကူအညီပေးမည့်သူ ပေါ်ပေါက်လိမ့်မည်။ အလုပ်အကိုင် ရှာဖွေသူများ လတ်တလော အလုပ်တစ်ခု ရရှိတတ်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိမိအိမ်ထောင်ဖက်နှင့် ခွဲခွာနေရတတ်မှုများမှ လွတ်ကင်းပြီး အတူတကွပြန်လည်နေရတတ်မည်။ကျန်းမာရေးနှင့်ပတ်သက်၍ အသွားများ ယားယံခြင်း၊ သွေးမသန့်ခြင်းများ ဖြစ်တတ်မှုနှင့် ခြေ၊ လက်တို့တွင် မတော်တဆ ထိခိုက်ဒဏ်ရာ၊ သွေးထွက်သံယိုဖြစ်တတ်ခြင်းများ ရှိမည်။ ပြိဿရာသီဖွားများ ထီထိုးမည်ဆိုပါက (၆၊ ၄၊ ၀၊ ၉)ဂဏန်းများပါအောင် ထိုးပါ။



## GEMINI
## မေထုန်ရာသီ

(မေ - ၂၁ မှ ဇွန် - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို နယုန်လမွေး)

လက်ရှိလုပ်ကိုင်နေသော စီးပွားရေးလုပ်ငန်းမှလွဲ၍ ငွေကြေးမြောက်များစွာ ထည့်ဝင်လုပ်ကိုင်ရသော စီးပွားရေးလုပ်ငန်းများကို ထပ်မံ၍ မလုပ်ကိုင်သင့်သေးပါ။ နိုင်ငံခြားနှင့် ဆက်သွယ်ထားသောလုပ်ငန်းများ အဆင်ပြေချောမွေ့မှုရှိလိမ့်မည်။ ဝန်ထမ်းဖြစ်ပါက ပြင်ပစီးပွားရေးလုပ်ငန်းလုပ်ကိုင်ရန် စိတ်အားထက်သန်နေလိမ့်မည်။ သင့်ထံတွင် ငွေကြေး အကူအညီတောင်းခံမည့်သူများ ပေါ်လာလိမ့်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက သားကောင်း၊ သမီးကောင်း ထွန်းကားလိမ့်မည်။ ယခုကာလအတွင်း မင်္ဂလာသတင်းစကားများ ကြားရခြင်း၊ ငွေကုန်ကြေးကျ များရခြင်းများလည်း ရှိတတ်မည်။ ငယ်ရွယ်သူများ အချစ်ရေးကံ မကောင်းသေးပါ။ အချစ်ရေးကို စိတ်မဝင်စားသင့်သော ကာလဖြစ်သည်။ ချစ်သူရှိပြီးသူများ အကြောင်းအမျိုးမျိုးကြောင့် စိတ်ဆင်းရဲရတတ်မည်။ပညာရေးလိုက်စားသူများ ပညာရေးနှင့်ပတ်သက်ပြီး အစစအရာရာ အကူအညီပေးမည့်သူနှင့် တွေ့ရတတ်မည်။ မိမိဆန္ဒရှိသည်များ အကောင်အထည်ဖော်နိုင်ခွင့် ရရှိလိမ့်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ လည်ပင်းနာခြင်း၊ အသက်ရှူကျပ်ခြင်း၊ နားပြည်ယိုခြင်းများ ဖြစ်ပေါ်ခံစားရတတ်မည်။ မေထုန်ရာသီဖွားများ ထီထိုးခြင်း၊ ကံစမ်းခြင်းပြုမည်ဆိုပါက (၂၊ ၆၊ ၀၊၃) ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com



## CANCER
## ကရကဋ်ရာသီ

(ဇွန် - ၂၁ မှ ဇူလိုင် - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို ဝါဆိုလမွေး)

ယခုကာလအတွင်း လက်ရှိလုပ်ကိုင်နေသောလုပ်ငန်းမှ အခြားလုပ်ငန်းတစ်ခုသို့ ပြောင်းလဲလုပ်ကိုင်သင့်သည်။ ပြည်ပနှင့် ဆက်သွယ်လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းများလည်း ပေါ်ပေါက်လာမည်။ မိတ်ကောင်း, ဆွေကောင်းများ တိုးပွားမည်။ မည်သည့်အရေးကြီးလုပ်ငန်းကိစ္စအတွက်ကိုမဆို စနေသား ပုဂ္ဂိုလ်တစ်ဦးဦးနှင့် တိုင်ပင်လုပ်ကိုင်ခြင်းဖြင့် အဆင်ပြေ အကျိုးပေးမှုများ ခံစားရတတ်မည်။ ဝန်ထမ်းဖြစ်ပါက ဌာနဆိုင်ရာ အပြောင်းအရွှေ့ရှိမည်။ လာဘ်လာဘများ ဝင်မည်။ ကျန်းမာရေး အထူးဂရုစိုက်သင့်သည်။ အလုပ်ဒဏ်၊ ပင်ပန်းဒဏ်များ ခံစားရတတ်မည်။ အစာအဆိပ်ဖြစ်ခြင်း၊ သွေးအဆိပ်ဖြစ်တတ်ခြင်းများ ရှိမည်။ ပညာရေးနှင့်ပတ်သက်၍ မိမိမျှော်မှန်းသလောက် မဖြစ်တတ်ပါ။ စိတ်အနှောင့်အယှက်ဖြစ်စရာများလည်း တွေ့ရတတ်သည်။ ငယ်ရွယ်သူများ၏ အချစ်ရေးတွင် အချစ်မရှိသေးသူများ ချစ်သူရတတ်မည်။ စေ့စပ်ရန်၊ လက်ထပ်ရန် ရည်ရွယ်ထားသူများ လက်တွေ့အကောင်အထည်ဖော်နိုင်လိမ့်မည်။ ပြည်ပနေ ဆွေမျိုးများထံမှ သတင်းစကားများရရှိခြင်း၊ ပြည်ပသွားရန်အကြောင်းများပေါ်ပေါက်တတ်မည်။ ကရကဋ်ရာသီဖွားများ ထီထိုးမည်ဆိုပါက (၁၊ ၆၊ ၀၊ ၃) ဂဏန်းများပါသောထီကို ထိုးပါ။



## LEO
## သိဟ်ရာသီ

(ဇူလိုင် - ၂၁ မှ ဩဂုတ် - ၂၁ ရက်အတွင်းမွေး)
(မြန်မာလို ဝါခေါင်လမွေး)

စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ ယခုကာလအတွင်း တစ်ဦးတစ်ယောက်ထံတွင် ရှယ်ယာထည့်ဝင် လုပ်ကိုင်ခြင်း၊ အများနှင့်ပူးပေါင်းလုပ်ကိုင်ခြင်းမျိုးကို ရှောင်ပါ။ မိမိတွင် ဆုံးရှုံးနစ်နာမှုများသာ ဖြစ်ရတတ်မည်။ မိမိကိုယ်တိုင် ဦးဆောင်လုပ်ကိုင်မည်ဆိုပါက မည်သည့်လုပ်ငန်းမျိုးကိုမဆို လုပ်ကိုင်နိုင်မည်။ အထူးသဖြင့် အအေးနှင့် ဖျော်ရည်မျိုးစုံ ရောင်းဝယ်ရေးလုပ်ငန်းမျိုးဖြင့် ပိုမိုအကျိုးဖြစ်ထွန်းမှုများ ရှိမည်။ တစ်လအတွင်းရှိ အင်္ဂလိပ်လိုရက်များမှ (၁၊ ၆၊ ၇၊ ၁၀၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၉၊ ၂၄၊ ၂၅၊ ၂၉ ) ရက်များသည် သင့်အတွက် ကံကောင်းစေနိုင်သော ရက်များဖြစ်၍ အရေးကြီးကိစ္စများ ဆောင်ရွက်ခြင်း၊ ထီထိုးကံစမ်းခြင်းများအတွက် အထက်ပါရက်များနှင့် တိုက်ဆိုင်ပြီး ဆောင်ရွက်သင့်သည်။ ယခုကာလအတွင်း ကျောက်နီ (သို့) ပတ္တမြားကို မိမိနှင့်အတူ ဆောင်ထားပေးခြင်းဖြင့် လုပ်ငန်းကိစ္စများ ဆောင်ရွက်ရာ၌ ကံကောင်းခြင်းများ ဖြစ်စေနိုင်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက သားသမီးတစ်ဦးကြောင့် စိတ်ချမ်းသာပျော်ရွှင်ရမှုများ ရှိမည်။ အလုပ်အကိုင် ရှာဖွေသူများ အခက်အခဲအချို့ ရှိနိုင်မည်။ ဝန်ထမ်းဖြစ်ပါက ခရီးများ မကြာမကြာသွားနေရတတ်သည်။ ကျန်းမာရေးမှာ သွေးအားနည်း၊ လေအားနည်း၊ သွေးလေမမှန်၊ အပူအအေး မမျှခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်မည်။ ထီကို (၅၊ ၇၊ ၄၊ ၃)ဂဏန်းများဖြင့် ကံစမ်းနိုင်သည်။



## VIRGO
## ကန်ရာသီ

(ဩဂုတ် - ၂၂ မှ စက်တင်ဘာ - ၂၂ ရက်အတွင်းမွေး)
(မြန်မာလို တော်သလင်းလမွေး)

ယခုကာလအတွင်း ကန်ရာသီဖွားများ အနေဖြင့် စီးပွားဝင်ငွေ အနည်းငယ်ညံ့နေလိမ့်မည်။ ထို့အပြင် စီးပွားရေးနှင့်ပတ်သက်၍ အပြိုင်အဆိုင်၊ အတိုက်အခံများလည်း များပြားနေတတ်မည်။ အတိတ်ဘဝ၏ ကုသိုလ်ကောင်းမှုများ အကျိုးပေးခြင်းကို ခံစားရဦးမည်ဖြစ်၍ ဝါသနာပါသည်ဖြစ်စေ၊ ဝါသနာမပါသည် ဖြစ်စေ ထီထိုးခြင်း၊ ကံစမ်းခြင်းများကို ပြုပေးသင့်သည်။ တစ်လအတွင်းရှိ အင်္ဂလိပ်လိုရက်များမှ (၁၊ ၃၊ ၅၊ ၈၊ ၁၅၊ ၁၉၊ ၂၂၊ ၂၇) ရက်များသည် သင့်အတွက် ကံကုသိုလ် ကောင်းစေသောရက်များဖြစ်၍ အဆိုပါရက်များနှင့်တိုက်ဆိုင်ပြီး ကိစ္စအဝဝတို့ကို လုပ်ကိုင်ပါ။ ဝန်ထမ်းဖြစ်ပါက ဌာနအတွင်း အဆင်မပြေမှုများ ဖြစ်တတ်မည်။ တစ်ပါးသူ၏ သံသယဖြစ်ခြင်း၊ အထင်မြင်လွဲမှားခြင်းကိုလည်း ခံရတတ်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်တွင်းရေး အဆင်ပြေမည်။ တကွဲတပြားစီဖြစ်နေသော သားသမီးများနှင့် ပြန်လည်စည်းရုံး ပျော်ရွှင်ရမှုများရှိမည်။ အလုပ်အကိုင် ရှာဖွေသူများ မထင်မှတ်ဘဲ အလုပ်တစ်ခုရနိုင်မည်။ ငယ်ရွယ်သူများ မိမိချစ်သူနှင့်အတူ အပျော်ခရီးထွက်ရတတ်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အသည်းရောင် အသားဝါခြင်း၊ နှလုံးအားနည်းခြင်း စသည့်ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ ထီထိုးမည်ဆိုပါက (၉၊ ၇၊ ၀၊ ၃) ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com



## LIBRA
## တူရာသီ

(စက်တင်ဘာ - ၂၃ မှ အောက်တိုဘာ - ၂၂ ရက်အတွင်းမွေး)
(မြန်မာလို သီတင်းကျွတ်လမွေး)

ယခုကာလအတွင်း ငွေကြေးကိစ္စနှင့် အခြားကြီးစားထားသော ကိစ္စများ အဆင်ပြေမည်။ မိမိ၏ အရေးကြီးကိစ္စများကို ကြာသပတေးသား အကြီးအကဲပုဂ္ဂိုလ်နှင့် တိုင်ပင်ပြောဆို အကြံဉာဏ်ယူဆောင်ရွက်ခြင်းဖြင့် အဆင်ပြေအောင်မြင်မှု ပိုမိုရရှိနိုင်မည်။ အရာရာကို မိမိကသာ ဦးဆောင်လုပ်ကိုင်ရခြင်းရှိမည်။ အများ၏ ရိုသေလေးစားမှုကို ခံရတတ်မည်။ လိင်တူ၊ လိင်ကွဲများ၏ စိတ်ဝင်စားမှုကို ခံရတတ်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်တွင်းရေး အေးချမ်းသာယာမည်။ မိသားစု အလှူအတန်းကုသိုလ်များလည်း ပြုရတတ်မည်။ ရပ်ဝေးနေဆွေမျိုးများ သင့်အိမ်သို့ အလည်အပတ် ရောက်လာလိမ့်မည်။ ပညာသင်ကျောင်းသားဖြစ်ပါက ပညာရေးကံအသင့်အတင့်ရှိမည်။ ငယ်ရွယ်သူများ အချစ်အတွက် စွန့်စားရမှုများရှိမည်။ ပြဿနာကြီးငယ် ပေါ်ပေါက်တတ်မည်။ ချစ်သူနှင့် အနေဝေးရမှုများလည်း ဖြစ်တတ်မည်။ ဝန်ထမ်းဖြစ်ပါက မထင်မှတ်ဘဲ ကံကောင်းတတ်မည်။ ရာထူးတိုးခြင်း၊ လစာတိုးခြင်း၊ ဝင်ငွေတိုးခြင်း၊ အိုးအိမ်ပိုင်ဆိုင်ရခြင်းများရှိမည်။ ကျန်းမာရေးမှာ အာရုံကြောအားနည်းခြင်း၊ ထုံနာကျင်နာဖြစ်ခြင်းတို့အတွက် အထူးသတိထားပါ။ တူရာသီဖွားများ ထီထိုးမည်ဆိုပါက (၃၊ ၅၊ ၀၊ ၈) ဂဏန်းများ ပါပါစေ။



## SCORPIO
## ဗြိစ္ဆာရာသီ

(အောက်တိုဘာ - ၂၃ မှ နိုဝင်ဘာ - ၂၂ ရက်အတွင်းမွေး)
(မြန်မာလို တန်ဆောင်မုန်းလမွေး)

ယခုကာလအတွင်း ဗြိစ္ဆာရာသီဖွားများ အနေဖြင့် ဗုဒ္ဓဟူးသားသမီးများနှင့်ပတ်သက်၍ စိတ်အနှောင့်အယှက်ဖြစ်ရတတ်ခြင်း၊ ငွေကြေးအကုန်အကျ များရတတ်ခြင်းများရှိမည်။ စီးပွားရေးအနေဖြင့် ဆောက်လုပ်ရေးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူများ ဝင်ငွေအသင့်အတင့်ရှိတတ်မည်။ အထူးသဖြင့် စီးပွားရေးလုပ်ငန်းကို လိင်မတူသူများနှင့် ပူးပေါင်းလုပ်ကိုင်ခြင်းဖြင့် လုပ်ငန်းတိုးတက်အောင်မြင်မှုကို ရရှိနိုင်မည်။ ဗြိစ္ဆာရာသီဖွားများ ကံကုသိုလ်ကောင်းသော အချိန်အခါဖြစ်၍ အမွေအနှစ်များရရှိခြင်း ထီပေါက်ခြင်း၊ (သို့) ထီပေါက်သကဲ့သို့ ငွေကြေးအလုံးအရင်းနှင့် ဝင်တတ်ခြင်းများ ရှိမည်။ ကံကုသိုလ်များ ပိုမိုကောင်းပြီး အဆင်ပြေအောင်မြင်မှုများ ရရှိနိုင်ရန် ပယင်းကျောက်ကလေးကို ဝတ်ဆင်ခြင်း၊ ဆောင်ထားခြင်း ပြုသင့်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်ထောင်ရေး အဆင်ပြေမည်။ အိမ်ထောင်မရှိသေးသူများ အိမ်ထောင်ကျတတ်မည်။ အချစ်မရှိသေးသူများလည်း ချစ်သူရည်းစားရတတ်မည်။ ကျန်းမာရေးမှာ အရိုးအဆစ်များနာကျင်ကိုက်ခဲခြင်း၊ ဦးခေါင်းပိုင်းတွင် ပြင်းပြင်းထန်ထန် မတော်တဆ ထိခိုက်အနာတရ၊ သွေးထွက်သံယိုဖြစ်ပေါ်တတ်ခြင်းများ ရှိမည်။ ထီထိုးမည်ဆိုပါက (၁၊ ၇၊ ၀၊ ၅) ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။



## SAGITTARIUS
## ဓနုရာသီ

(နိုဝင်ဘာ - ၂၃ မှ ဒီဇင်ဘာ - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို နတ်တော်လမွေး)

ဓနုရာသီဖွားများအနေဖြင့် လက်ရှိစီးပွားရေးလုပ်ငန်းသည် ဝင်ငွေလျော့နည်းသော်လည်း လုပ်ငန်းသစ်တစ်ခုကို အခက်အခဲများကြားမှ အကောင်အထည်ဖော် လုပ်ကိုင်နိုင်မည်။ ပြည်ပသွားရန်ကိစ္စများ အားလုံးအဆင်ပြေနိုင်မည်။ ယခုကာလအတွင်း မြုပ်နေသော ငွေကြေးများ ပြန်လည်ပေါ်လာခြင်း၊ ရင်ဆိုင်နေရသော အမှုအခင်းများ အောင်မြင်ပြီးပြတ်သွားခြင်းရှိမည်။ ကံကုသိုလ်ကောင်းနေချိန်ဖြစ်၍ မိဘ ကျေးဇူးဆပ်နိုင်လိမ့်မည်။ ထီထိုးခြင်း၊ ကံစမ်းခြင်းများ ပြုလေ နိုင်သလောက် ကောင်းပါမည်။ တစ်လအတွင်းရှိ [illegible] လိုရက်များမှ (၃၊ ၈၊ ၁၄၊ ၁၇၊ ၂၂၊ ၂၆၊ ၂၈)ရက်များသည် သင့်အတွက် ကံကုသိုလ်ကောင်းစေသော ရက်များဖြစ်၍ ထိုရက်များနှင့်တိုက်ဆိုင်ပြီး လုပ်ငန်းကိစ္စတို့ကို လုပ်ကိုင် သင့်သည်။ ငယ်ရွယ်သူများ အချစ်ရေးတွင် ဝေခွဲရခက်နေ တတ်မည်။ မိမိထက်အသက်ကြီးသူ (သို့) အလွန်ငယ်သူ လူမျိုးကွာ၊ ဘာသာကွာသူတို့၏ စိတ်ဝင်စားခြင်း၊ လက်ထပ် ခွင့်တောင်းခံခြင်းများရှိမည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ် ထောင်ရေး သာယာမည်။ ကျန်းမာရေးမှာ ချောင်းဆိုးခြင်း အအေးမိခြင်းဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ ထီထိုး မည်ဆိုပါက (၇၊ ၁၊ ၈၊ ၀)ဂဏန်းများပါသော ထီကို ထိုးပါ။

**ဆရာဦးခန့်ကျော်**
(အဘိဓာန်ကျမ်းပြုပညာရှင်)

အမှတ်(၂၇)၊ ရွှေဘုန်းပွင့်ဘုရားဈေးတန်း၊ (၉)ရပ်ကွက်၊
ရေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၉-၅၁၉၈၂၄၀၊ ၀၉-၄၂၁၀၇၅၇၆၅၊ ၀၉-၇၉၅၂၈၆၇



www.burmeseclassic.com